အဘိဒ္ဓဇမဟာရဋ္ဌဂုရု

ရွှေကျင်နိကာယ ဓမ္မသေနာပတိ သမ္မုတိသံဃရာဇာ
သာသနာပိုင် ဝိသုဒ္ဓါရုံ သက်တော်ရှည်ဆရာတော်ကြီး၏

# ဩဝါဒဓမ္မကထာ

# စံကင်းဆရာတော်

# တရားစာ

သာသနာ - ၂၅၂၀၊ မြန်မာ - ၁၃၃၈၊ ခရစ် - ၁၉၇၆၊

အဘိဓဇ မဟာ ရဋ္ဌဂုရု

ရွှေကျင်နိကာယ ဓမ္မသေနာပတိ သမ္မုတိ သံဃရာဇာ

ကျေးဇူးရှင်

သာသနာပိုင် သက်တော်ရှည် စံကင်း ဆရာတော်ဘုရားကြီး၏

ဩဝါဒ ဓမ္မကထာ

# စံကင်း ဆရာတော် တရားစာ

☆ ကိုယ်တော်တိုင် နှုတ်တော်ပြွက် တရားများ

☆ ကိုယ်တော့်တိုင် နှုတ်လွတ်ပြော ဩဝါဒများနှင့်
စီစဉ်ရေးစေသော ဩဝါဒများ၊

☆ ကိုယ်တော်တိုင် ရေးသားသော ကဗျာ ဆုံးမစာများ။

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် (၇၉၉၂)

ကင်းလွတ်ခွင့်အမှတ် ............................... (၀၃၄၇၃)

ထုတ်ဝေသူ ဦးသုမန၊ သုံးထပ်ကျောင်း၊ ကျောင်းတော်ရာ ရွှေကျင်တိုက်၊ ဗဟန်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဦးအေး၊ (၀၁၆၉) မြဲ၊ ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်၊ အမှတ် ၅၂၊ ၂၅-လမ်း၊ ရန်ကုန်မြို့။

ဦးမြင့်မောင်။

ဘလောက် အမျိုးသား ဘလောက်တိုက်။

ဒုတိယအကြိမ်

၁၃၃၈-ခု၊ နတ်တော်လ၊ ၁၉၇၆-ခု၊ နိုဝင်ဘာလတွင် ဓမ္မဒါန ရံပုံငွေဖြင့် အုပ်ရေ (၂၅၀၀) ရိုက်နှိပ်သည်။



'အဘိဓဇ မဟာရဋ္ဌဂုရု'

ရွှေကျင်နိကာယ သမ္မုတိသံဃရာဇာ သာသနာပိုင်

သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး သက်တော် (၉၇)ဖူးမြင်ရပုံ

၁၃၃၄-ခုနှစ်၌ သက်တော် ၁၀၂-နှစ်အရွယ် လွန်တော်မူသည်။

ရန်ကုန်မြို့ ပြည်ကြီးမဏ္ဍိုင်၏ ဒုတိယအကြိမ်ရိုက်

# နိဒါန်း

---

ရွှေကျင်နိကာယ ဥက္ကဋ္ဌမဟာနာယက ဓမ္မသေနာပတိ သမ္မုတိသံဃရာဇာ အဘိဓ္ဓဇ မဟာရဋ္ဌဂုရု သာသနာပိုင် သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး ဟောကြားရေးသားတော်မူသော တရားများနှင့် ဆုံးမစာ ကဗျာ လင်္ကာရတု များကို ဩဝါဒဝမ္မကထာ အမည်ဖြင့် ၁၃၃၁(၁၉၇၀)ခုနှစ်က ပထမအကြိမ် မန္တလေး လှခင်အင်ဆန်း၌ ပုံနှိပ်ကာ ဓမ္မဒါနအဖြစ် ဖြန့်ဝေခဲ့ပါသည်။

သက်တော်ရာကျော် ရှည်တော်မူသည့် အလျောက် ပွားများလေ့လာအပ်သော မေတ္တာဓာတ်ဖြင့် ထုံမွှမ်းထားသော, ဆရာတော်ဘုရားကြီး၏ နှလုံးသားမှ ယိုစီး ထွက်ကျလာသော ထိုတရားနှင့်ဆုံးမစာများသည် နာကြားဖတ်ရှုရသူတို့၏ စိတ်နှလုံးကို အေးချမ်းစေနိုင်သည့် သန္တရသ များ အပြည့်အဝ ပါသည့်အတွက် နာကြား ဖတ်ရှုရသူတို့မှာ လွန်စွာအကျိုး များခဲ့ပါသည်။

ဆရာတော်ဘုရားကြီး၏ ဟောကြားပုံ နည်းစနစ်ကို အတုယူလျက် ပရိသတ် အလယ် ပွဲငယ် ပွဲကြီးတို့၌ ဆရာတော်ဘုရားကြီး ဟောကြားသည့် တရားကို ထပ်ဆင့် ဟောကြားခဲ့ရသည့် ဆရာတော်ကြီးများက "တိုတိုနှင့် လိုရင်းပါ၍ နားလည် သဘောပေါက်လွယ်ကြကြောင်း" ဝမ်းသာ အားရ ပြောကြားကြ ပါသည်။

ပရိသတ်အလယ် ဟောပြောမှုဝါသနာမရှိ၍ အေးအေးဆေးဆေး တရားဓမ္မ စာပေဖြင့် ပျော်မွေ့ကြသည့် ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များကမူ "ဆရာ တော့် တရားများ ဖတ်ရသည်မှာ ဆရာတော်ကိုယ်တိုင် အနားမှာလာ၍ မိန့် ကြားနေသလို ခံစားရကြောင်း" မိမိတို့၏ တွေ့ထိခံစားချက်များကို ထုတ်ဖော် ကြပါသည်။

တောလက်ကျေးရွာများ၌ သာသနာပြုနေကြသည့် ဆရာတော်များ ဘုန်း တော်ကြီးများကလည်း သာရေး နာရေးကိစ္စမှစ၍ ကလေးသူငယ်ဖတ်စာအထိ ဆရာတော်ကြီး၏ တရားများနှင့်ဆုံးမစာများ အသုံးဝင်လှကြောင်း ဝမ်းပန်း တသာ ပြောဆိုခဲ့ကြပါသည်။

ထို့ပြင် စာမတတ်သူ ပပျောက်ရေး အသုံးလုံးကျေ လုပ်ငန်းများ အရှိန်အဟုန်ဖြင့် နိုင်ငံနှင့်အဝှမ်း ဆောင်ရွက်နေကြချိန်ကလည်း လွန်ခဲ့သောနှစ်ပေါင်း သုံးလေးဆယ်က ဆရာတော် ဆောင်ရွက်ခဲ့သော အ-သုံးလုံးကျေ လုပ်ငန်းဆိုင်ရာ ကဗျာ-လင်္ကာ- သံပေါက်များကို စာနယ်ဇင်းများတွင် ဒေါ်ရေးဆရာများက ထုတ်နုတ် တင်ပြကြသဖြင့် ဆရာတော်၏ စာအုပ်ကို ပိုမို စိတ်ဝင်စားခဲ့ကြပါသည်။

မှန်ပါသည်၊ ဆရာတော်ဘုရားကြီး၏ စိတ်နှလုံးတော်တွင် သူတပါးအကျိုးကို လိုလား တောင့်တသော မေတ္တာဓာတ်နှင့် ကြီးပွားတိုးတက်စေလိုသော စေတနာဓာတ်တို့ ကိန်းဝပ်နေသည်ဖြစ်ရာ ယင်းတို့ကို အခြေခံ၍ ဖြစ်ပေါ်လာသော တရားများနှင့် ဆုံးမစာများသည်လည်း နာကြား ဖတ်ရှုရသူတို့အား ထူးခြားသော အကျိုးတရားတို့ကို ဖြစ်ထွန်းစေခဲ့ပါသည်။

ဤစာအုပ်၌ ပရိသတ်အလယ် ဟောကြားသည့်တရားများ၊ ပရိသတ်အလယ် ဖတ်ကြားစေသော တရားနှင့် ဆုံးမစာများအပြင် ပုဂ္ဂိုလ်တဦးချင်းထံပေးသော ပေးစာ အချို့လည်း ပါရှိပါသည်။ **အထူးအားဖြင့် ပထမအကြိမ်ရိုက် စာအုပ်၌ မပါသေးသည့် တရားအချို့လည်း** ယခု ဒုတိယအကြိမ် ရိုက်တွင် ထည့်သွင်း ဖော်ပြထားပါသည်။

ဆရာတော်ဘုရားကြီး သံဃာ့အလယ်၌ နောက်ဆုံးမိန့်ကြားခဲ့သည့် ဩဝါဒ မိန့်ခွန်းတော်ကိုလည်း ဖော်ပြထားပါသည်။ ယင်းဩဝါဒမိန့်ခွန်းသည် ဆရာတော်ဘုရားကြီး နေထိုင်မကောင်း ဖြစ်ပြီးခါစ နာလန်ထချိန်တွင် ဟောကြားခဲ့သည့် တရားလည်းဖြစ်၊ နောက်ဆုံးမိန့်ကြားချက်လည်း ဖြစ်သောကြောင့် အားလုံး သတိပြုကြရမည့်အချက်များပါရှိပါသည်၊ ခန္ဓာကိုယ်ကြီး၌ဇရာနှင့် ဗျာဓိတရားတို့ ဖိစီး နှိပ်စက်နေကြပုံ၊ ရဟန်းတော်များ အနေဖြင့် ကုသိုလ် များများရအောင် ကြိုးစားအားထုတ်တတ်ဖို့ အရေးကြီးပုံ၊ စာပေ ပရိယတ်အရေးကြီးပုံများ မိန့်ကြားထားသည်များမှာ ရှင်-လူအားလုံးအတွက် သတိပြုဖွယ်များ ဖြစ်ပါသည်။

မြန်မာနိုင်ငံ သာသနာဝင်၌ ထင်ရှားသော နိကာယကြီး၏ ဥုးစီး ဥုးကိုင် သာသနာပိုင်ဆရာတော်ကြီး ဖြစ်ရုံမျှမက ပြည်ထောင်စု၏ဆရာတော် (ရဋ္ဌဂုရု) ဖြစ်တော်မူသော ဆရာတော်ကြီး၏ အမြင်ကျယ်ကျယ် ခေတ်မှီမှီဖြင့် ဟောကြားရေးသား သာသနာပြုသွားပုံ၊ သွန်သင်ဆုံးမပုံများသည် ဟောရေး ပြောရေးနှင့် မကင်းကြသော သာသနာရေး ခေါင်းဆောင်များ လူထုခေါင်းဆောင် ပုဂ္ဂိုလ်များအတွက် နည်းယူဖွယ် ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး၏ အနှစ်တရာကျော် သက်တမ်းအတွင်း တွေ့ကြုံဖြတ်သန်းခဲ့ရသော နိုင်ငံရေး အဖြစ်အပျက်များ၊ သာသနာရေး ဆိုင်ရာ ဆောင်ရွက်ချက်များ စသည့် ဆရာတော်၏ အကြောင်းအရာ အဋ္ဌုပ္ပတ္တိ အပြည့် အစုံကိုမူ 'ဂုရုပ္ပတ္တိကထာ' အပည်ဖြင့် ပုံနှိပ်ထုတ်ဝေပြီးဖြစ်၍ ဤကျမ်း၏ နိဒါန်း၌ တင်ပြဖွယ်မလိုတော့ပေ၊ ယင်းစာအုပ်ကြီး၌ ဆရာတော်နှင့် စပ်နွယ်၍ သိအပ်သော သမိုင်းဆိုင်ရာ သာသနာဆိုင်ရာ အဖြစ်အပျက်များကို ပြည့်စုံစွာ တင်ပြထားပါသည်။

ပထမအကြိမ်ရိုက် ဩဝါဒဓမ္မကထာ စာအုပ် ၃၀၀၀-သည် ပုံနှိပ်ပြီး၍ ၃-လအတွင်း အုပ်ရေ ၂၅၀၀-ကျော် ကုန်သွားပါသည်၊ ဆရာတော်ဘုရားသည် သက်တော်(၁၀၂) နှစ်အရောက် ၁၃၃၄-ခု ပထမဝါဆို လပြည့်ကျော် ၁၀-ရက်နေ့တွင် လွန်တော်မူခဲ့ရာ လွန်တော်မူချိန်တွင် လက်ကျန်မရှိလောက်အောင် ကုန်သွားခဲ့ပါသည်။ ဒုတိယအကြိမ်ရိုက်သည့်အခါ စာမူတင်ရန် ၄-အုပ်ကိုပင် ခက်ခက်ခဲခဲ သိမ်းဆည်း ချန်ထားရလောက်အောင် ဆရာတော့် တရားစာကို နှစ်သက်ခဲ့ကြပါသည်။

ထိုသို့ စာအုပ်ကုန်သွားချိန်တွင် ဆရာတော့် အဋ္ဌုပ္ပတ္တိ စာအုပ်ကြီးကလည်း ထွက်ပေါ်လာပြန်ရာ ဆရာတော်၏ အကြောင်းအရာကို စေ့စေ့စုံစုံ ဖတ်ရှုကြည်ညိုကြရသော ရပ်နီး ရပ်ဝေးမှ ပုဂ္ဂိုလ်များက ဆရာတော်ဘုရားကြီးကို လွမ်းဆွတ် တ-သ သတိရကြကာ "ဆရာတော်ဘုရားကြီးရဲ့ တရားစာအုပ် မရနိုင်တော့ဘူးလား" စသည်ဖြင့် မန္တလေး မဟာဝိသုဒ္ဓါရုံ ဇေယမေဒနီ ဝါဆိုကျောင်းသို့ စာတတန် လူတတန်ဖြင့် မေးမြန်း စုံစမ်းကြပါသည်။

"ထပ်ရိုက်ရန် စီစဉ်နေပါသည်" ဟု ပြန်ကြားယင်း ရိုက်နှိပ်ရန်စီစဉ်ကြပါသည်၊ ပထမအကြိမ်ရိုက် စာအုပ်ကို မန္တလေးတွင် ရိုက်နှိပ်ခဲ့၍ ဒုတိယအကြိမ်တွင်မူ ရန်ကုန်မှာ ရိုက်နှိပ်လိုကြောင်း လိုအပ်သော ကိစ္စများ ကူညီဆောင်ရွက်ပေးစေ လိုကြောင်း (ဇေယမေဒနီဆရာတော်၏ ဆန္ဒအရ) စာချဘုန်းကြီး ဦးဩဒါတ သိရီဘိဝံသ ကိုယ်တိုင် ရန်ကုန် ကျောင်းတော်ရာ သုံးထပ်ကျောင်းသို့ လာရောက်၍ အကူအညီတောင်းကာ ရိုပ်နှိပ်ရေးကိစ္စကို တာဝန်လွှဲအပ်ခဲ့ပါသည်။

ယင်း တာဝန် လွှဲအပ်ချက်အရ ပြည့်ကြီးမဏ္ဍိုင် ပိဋကပုံနှိပ်တိုက် ပိုင်ရှင် ဒကာကြီး ဦးအေးနှင့် ညှိနှိုင်းကာ ဒုတိယအကြိမ်ရိုက်ရန် စီစဉ်ရပါသည်၊ ရိုက်နှိပ်ရန် စီစဉ်ကြသည့်အခါ စက္ကူရှားပါးမှု ပြဿနာနှင့် တွေ့ကြုံနေရသဖြင့် ရိုက်နှိပ်ရေးအတွက် အနည်းငယ် ကြန့်ကြာသွားရပြန်ပါသည်။

ဆရာတော့်တရားစာအုပ်ကို ရိုက်နှိပ်ရာ၌ ဖြစ်ကတတ်ဆန်း ရရာစက္ကူဖြင့် ရိုက်နှိပ်၍ မဖြစ်ပါ၊ ဆရာတော့်ဂုဏ်နှင့်လိုက်အောင် စက္ကူကောင်းကောင်း သန့်သန့်ဖြင့်သာ ရိုက်နှိပ်လို၍ စက္ကူကောင်းများရမည့်အချိန်ကို စောင့်ဆိုင်းယင်း တဖန် ကြန့်ကြာသွားခဲ့ပြန်ပါသည်။

ထိုသို့ စောင့်ဆိုင်းရင်း ကြန့်ကြာသွားခဲ့သော်လည်း ယခု တကယ်ရိုက်ဖြစ်သောအခါတွင် စက္ကူကိုမရွေးအားတော့ပါ၊ သပ်ယပ်ကျစ်လစ်သန့်ရှင်းမှုကိုသာ ပဓာနထား၍ ပြည်ကြီးမဏ္ဍိုင် ပုံနှိပ်တိုက်ပိုင်ရှင် ဦးအေးနှင့် အယ်ဒီတာလုပ်သားများ၏ စေတနာ- သတိ- ဝီရိယ တို့ကို ယုံကြည်လျက် သက်ဆိုင်ရာဌာနမှ ထုတ်ပေးသည့် စက္ကူဖြင့်သာ ရိုက်နှိပ်ရန် ဆုံးဖြတ်၍ စာအုပ်ကို မြန်မြန် အကောင်အထည် ဖော်လိုက်ရပါသည်။

ဆရာတော်ဘုရားကြီး၏ ထူးခြားသော တရားအရသာကို ရရှိခံစားနိုင်ကြကုန်သည်ဖြစ်၍ ဓမ္မရတိပုဂ္ဂိုလ်အဖြစ် တရားဖြင့်သာ မွေ့လျော်နိုင်ကြပါစေကုန်သတည်း။

အရှင်သုမနာဘိဝံသ (ဓမ္မာစရိယ)
သုံးထပ်ကျောင်း
ကျောင်းတော်ရာရွှေကျင်တိုက်
ဗဟန်း-ရန်ကုန်မြို့။
၁၃၃၈-ခု၊ တော်သလင်းလပြည့်နေ့။

မန္တလေးမြို့ လှခင်အင်ဆန်း ပုံနှိပ်တိုက်၏
ပထမအကြိမ်ရိုက်

# နိဒါန်း

---

၁၃၃၀-ခု၊ နတ်တော် လပြည့်ကျော် (လွန်ခဲ့သည့်နှစ်၂၃) သက်တော်ရှည် ပူဇော်ပွဲ ကျင်းပချိန်ကာလတွင် စစ်ကိုင်းမှ ရိုက်ထုတ်လိုက်သော "အဘိဓဇ မဟာရဋ္ဌဂုရု ရွှေကျင် နိကာယဥက္ကဋ္ဌ မဟာနာယက ကျေးဇူးရှင် သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး၏ ဩဝါဒ တရားများ" ဟူသော ကျမ်းစာအုပ် ထွက်ပေါ်လာပါသည်။ စာအုပ်ရေ (၁၀၀၀) ကို ဓမ္မဒါနအဖြစ် လှူဒါန်း၍ အရှင်နန္ဒ မာလာဘိဝံသ မဟာသုဗောဓာရုံတိုက်က နိဒါန်းရေးပြီးလျှင် ဝိပဿနာ ချောင် ဆရာလေး ဒေါ်ဘဒ္ဒဝါသီ၏ မှတ်တမ်းပြုသော ကျမ်းစာတစောင်အဖြစ် ရိုက်နှိပ်ထုတ်ဝေခဲ့ကြပါသည်။

ယင်း ဩဝါဒကျမ်းစာ၏ ရှေ့ပိုင်းနိဒါန်း၌ မန္တလေး ဝိသုဒ္ဓါရုံ ဇေယျာမေဒနီ ဓမ္မာစရိယ ဓမ္မကထိက များကလည်း "ဩဝါဒ မှတ်တမ်းများ စုဆောင်းနေ ကြပါသည်၊မကြာမီ ထုတ်ဝေပါလိမ့်မည်"ဟု ကြော်ငြာသဘောဖြင့် ဝမ်းမြောက် ဘွယ် စကားရပ်တခု (သတင်းကောင်း တပုဒ်) ဖော်ပြ ထားသည်ကို ဘတ်ရှု လိုက်ရပါသည်။

မှန်ပါသည်၊ မန္တလေး ဝိသုဒ္ဓါရုံ ဂုရုပဋ္ဌာက (ဆရာတော်ကြီး၏ အလုပ် အကျွေး တပည့်တပန်း ရဟန်းတော်များသည် အများထဲ စကား စပ်မိတိုင်း တဦးထဲ စိတ်ကူးမိတိုင်း စာအုပ် ထုတ်ဝေလိုခဲ့ကြသည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့် လှပါပြီ၊ စစ်ကိုင်းထက် အလျှင် ရှေးဦး ပထမ ကျပါလိမ့်မည်၊ သို့ရာတွင် ကာယကံကား မမြောက်ပါ၊ဝစီကံ,မနောကံ(ဆန္ဒ)သာ ထမြောက်ခဲ့ရပါသည်။

အကြောင်းမှာ ကျေးဇူးရှင် ဆရာတော်ကြီး၏ ကျန်းမာရေးကိုသာ ဦးတည် မူလ ပဓာနထားနေကြရ၍ ဩဝါဒ စာအုပ် ထုတ်ဝေရန်ကိစ္စ နောက်ကျခြင်း ဖြစ်ရသည်ဟု ဆိုနိုင်ပါသည်၊ တနည်းအားဖြင့် "ထုတ်ဝေ ဖြန့်ဖြူးခြင်း" လမ်းမ ပေါ်သို့ ရောက်ဖူးစ မရှိသေး၍ ကြန့်ကြာရသည်ဟုလည်း ပြောနိုင်ပါသည်။

ပို၍ ခိုင်လုံမည်ဖြစ်သော အကြောင်း တခုကား....ကျေးဇူးရှင်ဆရာတော်ကြီး ၏ အဌုပ္ပတ္တိ (ဂုရုပ္ပတ္တိကထာ) ဘဝဖြစ်စဉ် မှတ်တမ်း သာသနာ့ဝင် ကျမ်းစာ

တအုပ် ထွက်ပေါ်စေရန် တိုင်းပြည်အန္တိသမဂ္ဂသံဃာ့စပ်ရာတို့က တိုက်တွန်းကြသဖြင့်၎င်း၊ မိမိတို့ တာဝန် ဝတ္တရား ရှိသည်ဟု အသီးအသီး မှတ်ယူထားပြီးဖြစ်သဖြင့်၎င်း၊ ယင်း (စံကင်းဆရာတော်)စာအုပ်ကြီး ထွက်ပေါ်နိုင်ရန် စာပြု၊ စာစုအဖွဲ့ဝင် တပည့်များသည် ရေးယင်း၊ဘတ်ယင်းဆရာတော်ကြီး အနီးအနားကပ်၍ တင်ပြ ...င်း ပြင်ဆင်ယင်း ခြေတော်ရင်းမှာ လုပ်ဆောင်ရေးသားနေကြရသဖြင့် ဤ (ဩဝါဒ မဏ္ဍကထာ)စာအုပ် ရိုက်နှိပ်ရန် စီစဉ်ဖို့ကိစ္စ နှောင့်နှေးနေရပါသည်။

## အကြောင်းရင်း

ပြုဆိုအပ်ပြီး(စံကင်းဆရာတော်) ဂုရုပ္ပတ္တိကထာ ကျမ်းစာအုပ်ကြီး ရေးသား စီစဉ်နေသည့် ကြား မအားလပ်သော ကာလ အတွင်းမှာပင် ဤ စာအုပ်ကို ပထမ ရှေးဦး စီစဉ်ရိုက်နှိပ်လိုက်ခြင်းမှာ သက်ဆိုင်ရာ စပ်ရာ အများကလည်း "ဆရာတော်ကြီး၏တရားတွေ နာယူချင်တယ်၊ ဘတ်ချင်တယ်" စသည်ဖြင့် ဆန္ဒပြု တောင်းဆိုကြပါသည်၊ ကျေးဇူးရှင် ဆရာတော်ကြီး ကိုယ်တိုင်တော်ကလည်း အသံဖမ်းစက်ရှိ တရားတွေ ပြန်ဖွင့်ပြရာ၌၎င်း၊ ငယ်ငယ်ရေး၊ ကြီးမှရေး ဩဝါဒကထာ ဆုံးမစာ ကဗျာများ ပြန်လည် ဘတ်ပြရာ၌၎င်း မပျောက်ပျက်စေလိုသော ဆန္ဒဖြင့် "စာအုပ်ဖြစ်ရင် ကောင်းသားပဲ"ဟု အမိန့်တော်ရှိပါသည်၊ စာစုအဖွဲ့ဝင် တပည့်များ အားလုံးကလည်း ဤစာအုပ်ကို ပထမ ထုတ်ဝေရန် သဘောတူကြပါသည်။

ထိုသို့ဖြင့် ယခုအခါ ဆရာတော်ကြီး သက်တော် (၁၀၀)နှစ်အရွယ် သုဘာဝ ဒုလ္လဘမင်္ဂလာ ကောင်းမြတ်သော အချိန်အခါဝယ် ပျော်ရွှင် ကျေနပ်စရာ ထွက်ပေါ်လာရပါပြီ။

## အခဏ်းကြီး (၃)ခဏ်း

ဤ ဩဝါဒမဏ္ဍကထာ ကျမ်းစာ၌ အခဏ်းကြီး ၃-ခဏ်းခွဲခြား၍ စီစဉ်ထားပါသည်။

အခဏ်း (၁) ကိုယ်တော်တိုင် နှုတ်မြွက် ဟောတော်မူခဲ့သော တရားများ၊

အခဏ်း (၂) ကိုယ်တော်တိုင် နှုတ်လွှတ် ပြောကြားကာ စီစဉ် ရေးစေလျက် ပေးပို့စေခဲ့သော ဩဝါဒများ၊

အခဏ်း (၃) ကိုယ်တော်တိုင် ငယ်ငယ် ကာလ ရေးစီခဲ့သော သာသနာပြု ကဗျာ ဆုံးမစာများ။

## အခဏ်း (၁) ရှင်းလင်းချက်

ကျေးဇူးရှင် သက်တော်ရှည် ဆရာတော်ကြီးသည် ယင်ယင် ရဟန်း ဖြစ်စ အရွေပြင် မဟာဝိသုဒ္ဓါရုံတိုက်၌ နေထိုင် သီတင်းသုံးစဉ်ကပင် စာချ, စာပြယင်း ရဟန်းတော်တို့ ပြုလုပ်သင့် ပြုလုပ်ထိုက်သော တရားဟော အမှုအလုပ်ကိုလည်း လျှောက်ပတ်သော အခါတို့၌ ပဋိဘာန် ဉာဏ်စရှိခဲ့သည့်အတိုင်း သမာဓိ အပျက် မခံ သဒ္ဓါခေတ်သန့်သန့်ဖြင့် ရိုးရိုးမှန်မှန် ဟောပြောတော်မူခဲ့ပါသည်။

ဤကျမ်း၌ ပါဝင်သော နှုတ်မြွက်တရားတော်များကား ထိုထို ငယ်ငယ်က ဟောခဲ့သော တရားများ မဟုတ်ပါ၊ ရွှေကျင်နိကာယ ဥက္ကဋ္ဌ သာသနာပိုင် ဓမ္မသေနာပတိ သမ္မုတိသံဃရာဇာ ဖြစ်တော်မူသော အချိန်အခါ၌ ဟောတော်မူခဲ့သော တရားများလည်း မဟုတ်သေးပါ၊ "အဘိဓဇ မဟာရဋ္ဌဂုရု"ပြည်ထောင်စု ဆရာသခင် ကျေးဇူးရှင်သံဃာ့ဘုရင် ဖြစ်တော်မူစ အခါကာလက ဟောတော်မူသော တရားများပင်မဟုတ်သေးပါ ထိုနောက် ထိုနောက် ဆက်လက်၍ သက်ရှယ်တော် ၇၅-နှစ်လောက် အရွယ်တော် ရောက်မှ မဟာဝိသုဒ္ဓါရုံ ဇယမေဒနီဝါဆိုကျောင်း ကျောင်းဒကာ "ဦးသာဒင်" ကျောင်းအမ "ဒေါ်ကြင်"တို့က အသံဖမ်းစက် ယူလာပြီး တရား နာချင်လို့ပါဘုရား၊ တရား ဟောတော်မူပါဘုရား၊ အဆုံးအမ ဩဝါဒ ပေးသနားတော်မူပါ ဘုရား"ဟု လျှောက်ထား၍ ရွှေကျင်နိကာယဥက္ကဋ္ဌ သာသနာပိုင်ဆရာတော် အဆက်ဆက်တို့ သီတင်းသုံးရာ "မဟာဝိသုဒ္ဓါရုံ ထေရာသန" ( အလယ်တိုက်မကြီး၏ အရှေ့ထိပ် တိုက်ခန်း) ၌ အသံသွင်းယူ ပူဇော်ကြပါသည်၊ ဤ စာအုပ် အခဏ်း (၁)၌ အစဆုံး ဖော်ပြထားသော တိဏ္ဏော တာရေယျံ-ချီ ပါရမီ တရားတော်ပင် ဖြစ်ပါသည်။

ထိုနှစ် (မြန်မာ ၁၃၁၆-ခု )မှ စ၍ တပုဒ်စ နှစ်ပုဒ်စ အခွင့်သင့်သလို စက်ဖြင့် ကူးယူခဲ့ကြပါသည်၊ ထိုမှ နောက်တွင်ကား ဝေးတပည့် ဒကာ, ဒကာမ, ရဟန်းရှင်လူတို့၏ တောင့်တချက်အရ "ဗုဒ္ဓမြတ်စွာ၏ နှုတ်မြွက်ဒေသနာ ဓမ္မက္ခန္ဓာမှန်သမျှကို တရားဘဏ္ဍာစိုး အရှင် အာနန္ဒာမထေရ်က ဆောင်ယူ ထိန်းသိမ်း"ဘိသကဲ့သို့....ထို အရှင်အာနန္ဒာ မထေရ်မြတ်ကဲ့သို့ ပါရမီဉာဏ်ခေတ် မရင့်ကျက်မပြည့်ဝသေးသော တပည့်များသည် နှုတ်တက် မဆောင်နိုင်စေကာမူ အသံသွင်းစက်အကူအညီဖြင့် အခွင့်သင့်သလို သွင်းယူ စုဆောင်းကြရပါတော့သည်။

ထို့ကြောင့်လည်း နောင်အစဉ်အဆက် သာသနာဝင် သူတော်စင်တို့ "ဇိဝံမေ သုတံ"နိဒါန်းပျိုးကာ ထပ်ဆင့် ဟောပြသော အရှင်အာနန္ဒာထံ မှဗုဒ္ဓမြတ်စွာ၏ တရားများကို နာယူခွင့်ရကြသလို ဤ အကြောင်းပြစာတန်း နိဒါန်းစကား

ဖြင့် အစပျိုးထားသော ဆရာတော်ဘုရား၏ နှုတ်မြွက် တရားစုကိုလည်း ဓမ္မမိတ်ဆွေများ ဘတ်ရှုနာယူခွင့် ရကြခြင်းဖြစ်ပါသည်။

## ၁၅–နှစ်ကာလအတွင်း

၁၃၁၆–ခုနှစ်မှစ၍ ၁၃၃၁–ခုနှစ်အတွင်း ရဟန်းခံပွဲ, ရှင်ပြုပွဲ, ကျောင်းရေစက်ချ, ကထိနဓမ္မသဘင်ပွဲတိုင်းလို ပါဝင်လျက် ဆရာတော် ဟောပြောသော တရားပွဲပေါင်း မနည်းလှပါ၊ သက်ရှယ်တော်အားဖြင့် ၇၅-နှစ်မှ ယခု၉၉-နှစ်ပြည့် ကာလတိုင်အောင် ထို ငယ်နု ပျိုရွယ်သော ပုဂ္ဂိုလ်တစုတို့ လိုက်မမှီသော **သတိ**၊ တည်ကြည်သော **သဒ္ဓါဓာတ်**၊ ပြင့်မြတ်သော **မေတ္တာ, ကရုဏာ**၊ ခိုင်မာထက်မြက်သော **သမာဓိ, ပညာ**၊ လွန်စွာအားကောင်းသော **ဝီရိယ**တို့ဖြင့် စည်းဝေးတိုင်ပင်သောအခါ, သဘာပတိ အဖြစ် အုပ်ချုပ်၍ အစည်းအဝေးများ၌ မိန့်ခွန်းပေးအပ်သောအခါ, တပည့် ဒကာ ဒကာမတို့ ဆည်းကပ် ခစားရောက်လာသောအခါတို့၌ တန်ရာ တန်ရာ ဓမ္မရေးရာတို့ကို ဟောပြော ဆုံးမတော်မူခဲ့ပါသည်။

သို့သော် တပည့်များ၏ ဂန္ထဓုရ စာပေ ကျမ်းဂန် သင်အံ လေ့ကျက်မှုက တဘက်မှာ ရှိနေသေးသဖြင့်၎င်း, ထိုစဉ် ထိုအခါ၌ စာအုပ်ထုတ်ဝေရန် ရည်ရွယ်ချက် အတိအကျ မရှိသေးသဖြင့်၎င်း တရားပွဲတိုင်း၌ ဂရုတစိုက် မဖမ်းယူမိကြပဲ အကြောင်းအား လျော်စွာ အခန့်သင့်သလိုသာ တရားတော်များကို အသံသွင်းယူ စုဆောင်းခဲ့ကြပါသည်၊ ကံအားလျော်စွာပင် အသံသွင်း စုဆောင်းမိသော ထိုတရားစု (ဓမ္မက္ခန္ဓာ)များ မနည်းလှပါ၊ မနည်းလှ၍ပင် ယခုတင်ပြ ထုတ်ဝေရခြင်းဖြစ်ပါသည်။

နှုတ်မြွက်ဟော တရားပုဒ်ပေါင်း ၃၉–ပုဒ် ရှိထားပါသည်၊ ဝိသုဒ္ဓါရုံတိုက် ထုံးတမ်းစဉ်လာအရ အဘိတ်ညဉ့် တိုက်ကျွေး ဟောကြားသော ဩဝါဒ အချို့ အဝက်လည်း ပါပါသည်၊ ဒသမအကြိမ် မန္တလေး ရွှေကျင်ဂိုဏ်း သံဃာ့ အစည်းအဝေးကြီး၌ သဘာပတိ မိန့်ခွန်း ဩဝါဒ နှုတ်မြွက် တရားများလည်း ပါပါသည်။

## နှုတ်မြွက်အရသာ

တရားဘဏ္ဍာစိုး အရှင်အာနန္ဒာ မထေရ်သည် "ဗုဒ္ဓ မြတ်စွာ၏ တရားအစု (ဓမ္မက္ခန္ဓာ)တို့ကို ဆောင်ယူ ထိန်းသိမ်း၍ ထပ်ဆင့်ဟောပြရာ၌ ဒေသနာသောတ ဒေသနာ အလျှင် ဖြစ်သော ဝါကျအသွား ပုဒ်အနေအထား အတိုင်း ထပ်ဆင့်

ဖော်ပြ"သကဲ့သို့ နှုတ်မြွက်ဟော တရားများကို နှုတ်မြွက် ဟောတော်မူသည့် အတိုင်းသာ ကူးယူဖော်ပြထားပါသည်။

ထို့ကြောင့် မိမိ၏ အနီးအပါး၌ နေ၍ ဟောပြနေသည့်အလား ဆရာတော် ဘုရားကြီး၏ ရုပ်ပုံတော်ပါ ပေါ်လွင်၍ တကယ်ပင် ကြည်ကြည်ညိုညို စိတ်ပွား လျက် ဘတ်သွားပါက နှုတ်မြွက် တရား၏ ဓမ္မအရသာ တွေ့ကြရပါလိမ့်မည်၊ ထို့ပြင် နည်းယူလိုသော ဓမ္မကထိက, ဓမ္မမာမက ပုဂ္ဂိုလ်များ အတွက်လည်း တရားဟောနည်းဟု ဆိုအပ်သော ( ဩသာရ,ဏကထာ,ဝတ္ထု ) တရားစ၍ချိုပုံ, စကား အဓိပ္ပါယ်သွင်းပုံ, သက်ဆိုင်ရာ တည်ရာ ပုံစံ ထုတ်ပြပုံ အလုံးစုံသော ဟောနည်း ပြောနည်းများ ရရှိနိုင်ပါလိမ့်မည်။ တယောက်ထဲနေ,တယောက်ထဲ သွား, တယောက်ထဲစား, တယောက်ထဲ အိပ်ကာ ဘောစရိ တရားအားထုတ်ဆဲ ဖြစ်သော ယောဂါဝစရ ပုဂ္ဂိုလ်များအထိ ကျေးဇူး အပြည့်အဝ ရရှိအောင် ဤ တရားစာများက ဆွဲဆောင် ခေါ်ငင်သွားပါလိမ့်မည်။

ထို့ကြောင့်အရေးကြီးဆုံးဖြစ်သော မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့တိုင် ပေါက်ရောက် နိုင်ကြောင်း တရားကောင်းများချည်း ဖြစ်၍ စိတ်ဝင်စားစွာ ဘတ်ရှုကြရန်သာ တိုက်တွန်းလိုက်ရပါသည်။

## အခဏ်း(၂)ရှင်းလင်းချက်

ဆရာတော်ဘုရားကြီးထံ ဩဝါဒများ ပေးသနားရန် အရပ်ရပ် အနယ်နယ် စာပြန်ပွဲ စာမေးပွဲ, ကျောင်းတိုက်ပွဲများနှင့် သံဃာစည်ကား များပြားသော စာသင်တိုက်တို့မှ တောင်းခံကြပါသည်၊ ဩဝါဒတရားများ ရေးသားပေးခဲ့ သည်မှာ တော်တော်ကြာမြင့်ပုံရပါသည်၊ကိုယ်တော်တိုင်စာမရေးနိုင်ပဲ စာမမြင် ဖြစ်ခဲ့သော သက်တော်ရွယ် ၉၄-၉၅-နှစ်ဆီမှအစ ဝိသုဒ္ဓါရုံ ဂုရုပဋ္ဌာက (ဆရာတော် အလုပ်အကျွေးများက) သတိရ၍ စုဆောင်း သိမ်းဆည်းထားကြ ပါသည်၊ တသက်တာ ကာလပတ်လုံး မျက်စိ ကြည်လင်သည့်ကာလ၌ ဆည်းပူး ခဲ့သော သတိ,ဝီရိယ,သဒ္ဓါတို့ကြောင့် ဩဝါဒ ရေးသားသည့်အခါ အလွတ် ပြောပြတော်မူလျက် တပည့် ဦးပဥ္စင်းတပါးပါးက နီးနားမှာ ရေးရပါသည်၊ ရေးစေယင်းမှုကိုသာ တပိုဒ်စီ ဘတ်ပြ, အားလုံး ပြီးသွားသည့်အခါ ပြန်လည် ဘတ်ပြ, နှစ်ခြိုက် သဘောကျတော်မူမှ အတည်ပြုကာ ပေးပို့စေပါသည်။

နှုတ်လွှတ် မကျေနိုင်သည့်အခါ ရောက်မှသာ အချို့ဩဝါဒများ အတွက် ပါဠိစာအုပ် ကျမ်းစာအုပ်များကို ယူစေ ဘတ်စေလျက် ဆရာတော်ကြီးက

နှုတ်ရေး,ရေး၊ တပည့်အလုပ်အကျွေးက လက်ရေး, ရေး၊ (နှုတ်ရေး-လက်ရေး) ၂-မျိုး ပေါင်းစပ်ပြီး အတည်ပြု အချောသတ် ပေးပို့စေပါသည်၊ ပေးပို့ခဲ့ရာ နယ်စုံ, ဌာနစုံ ဖြစ်ပါသည်၊ ရေးသား ပေးပို့ပြီးသော ဩဝါဒတရားများ တော်တော်များများ စုံလင်လှပါသည်၊ ထို့ကြောင့် ယင်း အခန်း (၂)မှာလည်း “ငါ့အတွက် တရားစာအုပ် တအုပ်ပါတကား”ဟု စိတ်ထားရွှင်ပျ ပီတိသောမနဿ ဖြစ်ကြရလိမ့်မည် အမှန်သာပါတည်း။

## အခန်း (၃) ရှင်းလင်းချက်

ဆရာတော် ဆောင်ရွက်တော် မူခဲ့သော သာသနာပြု လုပ်ငန်းစဉ်အတိုင်း စီစဉ်ပါမူ ငယ်ငယ် သက်ရွယ် (၅၀-၆၀-၇၀) ပတ်ဝန်းကျင်၌ ကိုယ်တိုင်ရေးသားခဲ့သော ဆုံးမစာ ကဗျာများကို သက်ရွယ်တော် အလိုက်ဆိုရင် အခန်း (၁)၌ ထည့်သွင်းစီစဉ်ရမည် ဖြစ်ပါသည်၊ သို့သော် ဩဝါဒ ဓမ္မကထာ (ဟောတရား, ရေးတရားများ) ကိုသာ ပဓာနထား၍ စီစဉ် ထုတ်ဝေသော ဤစာအုပ်မှာ ကဗျာဆုံးမစာများကို နောက်ပိုင်းမှာ ထားကြဖို့သာ စာစုအဖွဲ့တို့ သဘောတူကြပါသည်။

**မှတ်ချက်။** ။ထေရုပ္ပတ္တိ (စံကင်းဆရာတော်)ကျမ်းစာအုပ်အတွက် ရေးသားဆဲ ဖြစ်ကြသော စာပြု စာစု ရဟန်းတော်များအဖွဲ့ အစည်းအဝေးကို ၁၃၃၁-ခု၊ တော်သလင်းလကွယ် အဘိတ်နေ့၌ ပြုလုပ်ခဲ့ကြပါသည်၊ ဤဩဝါဒ ဓမ္မကထာ စာအုပ်အလျင်အမြန် ရိုက်နှိပ်ရခြင်းသည် အခြေ အနေကို သုံးသပ်၍ ယင်း အစည်းအဝေးက ဆုံးဖြတ်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်၊ ထို အကြောင်းကို ကျေးဇူးရှင် ဆရာတော်ဘုရား လျှောက်ထားသည့်အခါ အလွန်ဝမ်းသာ ရွှင်ပျလျက် “ဟောတရား, ရေးတရား, ငယ်ငယ်ရေး ဆုံးမစာများဆိုတာ ဘုရားရှင် အလိုကျချည်းပါပဲ၊ မပျောက် မပျက်ရန် စီစဉ်ကြမယ် ဆိုရင် သိပ် ကောင်းတာပေါ့”ဟု မိန့်တော်မူပါသည်၊ယင်းအစည်းအဝေး၌ ဩဝါဒ ဓမ္မကထာကို **ပထမ ရိုက်နှိပ်ထုတ်ဝေရန်** စံကင်းဆရာတော် ထေရုပ္ပတ္တိ ကျမ်းစာအုပ်ကြီးကို **ဒုတိယရိုက်နှိပ်ထုတ်ဝေရန်** ဆုံးဖြတ်ချက် ချမှတ်ခဲ့ကြပါသည်။

ဤအခန်း(၃)၌ ဆရာတော်ငယ်ငယ်ကာလဝယ် သာသနာပြုလုပ်ငန်းများ စောက်ချမျဉ်းသား၍ သဒ္ဓါတရား အစစ်အမှန်, မေတ္တာကရုဏာ သန့်သန့်ဖြင့်သာ လုပ်ကိုင် ဆောင်ရွက်တော်မူခဲ့ရာ ထိုအခါ ကလေးငယ် ကျောင်းသား,

ကျောင်းသူအရွယ်တို့အတွက် မြန်မာသံပေါက် ကဗျာ၊ ရှစ်လုံးဖွဲ့ မြန်မာဂါထာ၊ လေးလုံးသွား၊ ကေပိုဒ်ရတု၊ ပိုဒ်စုံရတု၊ ရှူးရတု၊ သံချပ်၊ တေးထပ်ပါမကျန် တမျိုးစီ တီထွင်၍ စီစဉ်ရေးသားတော်မူကာ ဖတ်စာအနေ၊ မှတ်သားဘွယ်အနေ၊ ကျင့်ကြံဘွယ်အနေ၊ ဖြစ်ရစ်နေအောင် ဆွဲဆောင်ဟောကြားသော ဆုံးမစာကဗျာများ အဖြစ် အသုံးပြုခဲ့ကြပါသည်၊ ထိုဆုံးမစာတို့သည် အစဉ်လိုက်နာ၊ မှတ်သားဘွယ် ရာ ဓမ္မအရသာ၊ အနှစ်သာရတို့ဖြင့် ပြည့်နှက်လျှက်ရှိရကား ပျောက်ပျက်သင့်သော စာပေများ မဟုတ်ကြပါ၊ ထို့ကြောင့် ပြန်လည် လိုက်လံ စုဆောင်းခဲ့ကြရ သည်မှာ တော်တော်နှစ်ကြာမှ တော်တော်စုံလင်စွာ ရခဲ့ပါသည်။

ပါဠိဂါထာကို ရေးစီဖော်ပြလျှင် ပါဠိကျွမ်းကျင်လိမ္မာသော ပါဠိဌာနနှင့် ရဟန်းတော်များ လောက၌ အရာရောက်နိုင်၊ နားလည်နိုင်သကဲ့သို့ ပါဠိအစား မြန်မာဘာသာ မြန်မာစကားဖြင့် လေးလုံးသွား၊ ရှစ်လုံးသွား၊ သံပေါက်သွား စသည်အားဖြင့် ရေးစီ သီကုံးပြလျှင် ပါဠိ မကျွမ်းကျင်သော မြန်မာလူမျိုးတို့ အမှန် နားလည်ကြရမည်သာ ဖြစ်ကြောင်း ထင်ရှားနေပေသည်၊ ထို့ကြောင့်.... ဆရာတော်သည် လွယ်ကူစွာ နားလည်စေလိုသော ကောင်းမြတ်သောဆန္ဒဖြင့် ငယ်ငယ်ကာလ၌ မြန်မာကဗျာများကို မြန်မာ ကျောင်းသူ၊ ကျောင်းသား အစထား၍ လူကြီးများ အပါအဝင် ဘာသာယဉ်ကျေးမှု၊ လူမျိုးတိုးတက်မှု၊ စားဝတ်နေရေးချောင်ချိမှု၊ နောက်ဆုံး ဝဋ်ဆင်းရဲမှ လွတ်မြောက်စေမှုတို့ကို ရည်မှန်းလျက် အတ္တဟိတ ပရဟိတ လုပ်ငန်းများ မဆုတ်တန်း ကြိုးပမ်း အားထုတ်တော်မူခဲ့ပါသည်၊ ယင်း အခဏ်း (၃) ပါ ဆုံးမစာများဖြင့် ထိုလုပ် ဆောင်ချက်တို့ကိုရည်ရော် မှန်းဆကြည်ညို ကြရပါသည်၊ သို့တစေ—ဤနေရာမှာ ဤသို့သာ နေ၍ မရသော အကြောင်းအရာများ ရှိနေပါသည်၊ 'ဘယ် အထိ သမာဓိ ရှိ၍ ဘယ်လို ကြည်ညို စရာပါနည်း' ဆိုသော အချက် အလက် များစွာကိုချန်ထား၍ရမည် မထင်ပါ၊ အတိုချုံး၍ ကျဉ်းရုံး ဆက်ရပါဦးမည်။

## အံ့ဩဘွယ် သမာဓိ

ဤနေရာ၌ ဆရာတော် စောင့်စည်းမှုရှိပုံ၊ သမာဓိ (တည်ကြည်မှု) ရှိပုံကို အနည်းငယ် ရေးလိုပါသည်၊ ဤစာတန်းရေးသူသည် ၉-နှစ်သားအရွယ် က စ ဆရာတော်၏ခြေရင်း နောက်ပါးမှ မခွါမခွဲ အမြဲဆည်းကပ်လျက်နေထိုင်လာခဲ့သူ ဖြစ်ပါသည်၊ ကျောင်းသားဘဝတွင် ဇာတိ ရပ်ရွာ လင်းယဉ်ရွာ ဝတ်တက်ရုံ၊ ရှမ်းကုန်း၊ မိုးသောက်၊ ကုန်းကြီးရွာ ဝတ်တက်ရုံများသို့ ညဉ့်အချိန် အဖော် အဖြစ် ခေါ်သွား၏၊ ဝတ်တက်သူ စာရွတ်သူများကို အားပေး ဟောပြော၏၊

၉-နှစ်သား ကျောင်းသားကို သံပေါက်ရွတ်ပြစေ၏၊ ရတုလင်္ကာတို့ကိုဆိုစေ၏၊ ချက်ချင်း စာရွက်ထုတ်ပေး၍ တခါတည်းဆိုစေသော အကြိမ်အခါလည်း ရှိ၏၊ တခါတရံ ကျောင်းမှာ မသွားမီအချိန် စာရွက်ပေးလျက် "ကြည့်ထား"ဟုသာ မိန့်တော်မူ၏၊ "ဘယ်လိုရွတ်၊ ဘယ်မှာဖြတ်၊ ဘယ်နေရာရပ်"စသည် မိန့်တော်မူလေ့မရှိပါ၊ တဦး တယောက်ကို သင်ပြပေးသည် ဆိုပြ ပေးသည်ကိုလည်း မတွေ့ဘူး မကြားခဲ့ဘူးပါ၊ ရွာဦး,ရွာပြင်ဘက် ဝတ်တက်ရုံပေါ်မှာ သက်န်းရုံ သပွါယ်မှု မဖျက် အမျိုးသမီး, အမျိုးသား (လူသား)တို့ အတွက် စေတနာ သန့်သန့် သက်သက်ဖြင့် သာသနာပြု ပါရမီကုသိုလ်ရှင် အဖြစ် ဘဝမှန်ကို အရယူ တော်မူနိုင်သော ဩဝါဒရှင် ကဗျာရှင် ဆရာတော်ဖြစ်ပါသည်။

ဆရာတော်၏ပါရမီကုသိုလ်မြတ် လေ့ကျက် ဆည်းပူးအပ်ရာ ဌာနများသည် စာသင်ကျောင်းများ, ညဥ့် ဝတ်တက်ရုံ, ဓမ္မာရုံများ, သာမဏေကလေး ကျောင်းသားကလေးတို့ စုဝေးရာ ဘုန်းကြီးကျောင်းများ, အဘိတ်နေ့ ညဥ့် အခါ သံဃာ့ပရိသတ် စည်းဝေးရာ ဌာနများ ဖြစ်ပါသည်၊ ရေးစီပြီးသော လေးလုံးသွား လင်္ကာရတု, ရှစ်လုံးသွား မြန်မာဂါထာ,ပါဠိဂါထာ တပုဒ်ပုဒ်ကို ထုတ်ပေး၍ ဘတ်ရွတ်စေ၏၊ ထို့နောက် အဓိပ္ပါယ်ဖွင့်ဆို ရှင်းလင်း ဟောကြား တော်မူလေ့ရှိ၏၊ကဗျာ လင်္ကာများအတွက် **ရေးစီတော်မူရုံသာ ရေးစီ၍** ဘတ်ဆိုသောသူကို သဘောအတိုင်း ဆိုစေတော်မူလျက် တည်ကြည်သော သမာဓိဖြင့် ဤသို့သော ပါရမီ ကုသိုလ်ဖြင့်သာ အချိန်ကုန် ဆည်းပူးတော်မူခဲ့ပါသတည်း။

## "ကဗျာ"

ကဝီနံ ဣဒံ ကာဗျံ (ကဗျံ)ဟူ၍ သဒ္ဒါဆရာတို့ ဆိုသည့်အတိုင်း ပဋိဘာန် ဉာဏ်ရှိသော ပညာရှင်တို့ ဖွဲ့ဆို သီကုံးအပ်သော **ပါဠိဘာသာအားဖြင့်** ဂါထာ, စုဏ္ဏိယ, မြန်**မာဘာသာအားဖြင့်** သံပေါက်, ရတု, လေးလုံးစပ်, ရှစ်လုံးစပ် စသော အဖွဲ့အနွဲ့အမျိုးမျိုးနှင့် စကားပြေဟူသမျှကို ကဗျ (ကာဗျ)ဟု ဆိုရပါသည်၊ ထို ကဗျ (ကာဗျ)ကိုပင် ယခုအခါ ကဗျာဟု ခေါ်ဝေါ် သုံးနှုန်းကြပါသည်၊ လူအများ နားလည်သော သီချင်းလည်း ကဗျာပင် ဖြစ်သည်၊ ယင်း ကဗျာအမျိုးမျိုးကို တန်ဆာဆင် သွယ်တန်း စီကုံးရာဝယ် အလင်္ကာ ၂-မျိုးဖြင့် စီကုံး တန်ဆာဆင်အပ်သော ကဗျာကိုသာ "ကဝိတို့ဥစ္စာ"ကဗျာဟု ခေါ်ဆိုရပါသည်။

(အလင်္ကာ ၂-မျိုး ဟူသည်၊ သဒ္ဒါနည်းအရ မှန်ကန်လှပအောင် သွယ်တန်း စီကုံးခြင်း သဒ္ဒါလင်္ကာရ၊ အပြစ် ဒေါသ လွတ်မြောက်၍

ရသဂုဏ် ပေါ်လွင်အောင် အနက်အဓိပ္ပါယ်ဖြင့် တန်ဆာဆင် စီကုံးခြင်း အတ္ထာလင်္ကာရတို့တည်း)။

ထို့ကြောင့် ယနေ့အထိ ပရိယတ္တိ စာသင်တိုက်ကြီးများ၌ ပရိယတ္တိသာသနမှ အတွက် ဂန္ထမုရ စာပေကျမ်းဂန် သင်အံ လေ့ကျက်သူ သောတုဇန=စာသင်သား မှန်သမျှနှင့် စာပေအရသာကို သိရှိခံစားလိုသော သုတေသီ မှန်သမျှတို့ မလေ့လာပဲ နေလို့မရသော= မသင်မဖြစ်သော အလင်္ကာကျမ်း၌ "သဒ္ဒတ္ထာ ဗန္ဓနာမာဝ၊ တံသဇ္ဇိတ တဒါဝဋ္ဌိ- ထို သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့ဖြင့် တန်ဆာ ဆင်အပ်သော သဒ္ဒါအနက် အစဉ်သည်သာ ဗန္ဓ မည်ကြောင်း" အတည့်အကျ ညွှန်ပြထား၏၊ ယင်း အလင်္ကာကျမ်းပြ ဗန္ဓနှင့် ယခု သုံးနှုန်းသော ကဗျာသည် အတူတူပင်ဖြစ်၏၊ အချုပ်မှာ မြန်မာဘာသာဖြင့်ဖြစ်စေ, ပါဠိဘာသာဖြင့်ဖြစ်စေ၊ (သို့မဟုတ်)အခြားဘာသာဖြင့် ဖြစ်စေ၊ ဆန်းနည်း အလင်္ကာနည်း စနစ်အမှန် စည်းကမ်းမှန်အတိုင်း ဖွဲ့ဆိုသီကုံးအပ်သော စာပေ ဟူသမျှ ကဗျာပင် ဖြစ်ပါတော့သည်။

## ကျေးဇူးရှင့် ကဗျာ

ကျွန်ုပ်တို့ ကျေးဇူးရှင် စံကင်းဆရာတော်ဘုရား၏ ကဗျာများကို ကဗျာ ဆိုးမစာဟု တွဲစပ် သုံးနှုန်းထားပါသည်၊ မြန်မာကဗျာ, မြန်မာစာ, မြင့်တင် ရေးကို အလေးပေးမှုလည်း ဖြစ်၍ ကလေးသူငယ်, လူမမယ် ကျောင်းသား ကျောင်းသူများ၏ နှလုံး စိတ်တွင်းသို့ ထည့်သွင်း ပေးလိုက်သော ဘာသာ ယဉ်ကျေးမှု, ကုသိုလ်ရမှု, ကြီးပွားမှု, အောက်ဆုံးထစ်အားဖြင့် ဘတ်စာအနေ စာဘတ်စေဖို့နှင့် လိမ္မာဖို့ကို အဓိက ထား ရေးသားလိုပုံ ရပါသည်၊ ဤသို့ ရေးသားထားသည် ဖြစ်၍လည်း ယခုတင်ပြနေပါသည်။

ယင်းအခဏ်း (၃)မှာ ကျက်ကောင်း, ဘတ်ကောင်း, မှတ်ကောင်းသော ဆုံးမစာ ကဗျာများ တနုပြီး တခု တွေ့ပါလိမ့်မည်။

**နွားသနားပါအခဏ်း၌....**

၁။ ဤနွားခမြာ၊ ဝဋ်ကြွေးပါ၊ ကျင်နာဆင်းရဲပြင်း၊

၆။ သူလုပ်စပါး၊ သူ့အသား၊ ပေါင်းစားလူခပင်း။ စာမျက်နှာ(၂၀၀)

စာပြန်ပွဲ ပြုလုပ်ပေး၍ စာပြန်ပွဲ ရည်ရွယ်ချက် ထုတ်ဘော်ပြရာ- ယင်း **အခဏ်း၌....**

၃။ ဒါန သီလာ၊ ဘာဝနာ၊ လေ့လာ ကုသိုလ်ရ။

၄။ လို့လ ကံညှန်၊ ပြည့်စုံပြန်၊ အမှန်ဥစ္စာရ။ စာမျက်နှာ(၂၀၁)

**ရှစ်လုံးဘွဲ့ကဗျာဟူသည်မှာလည်း....**

၂။ ဘိဓမ္မတ္ထ၊ ဓမ္မစကြာ၊ ဆင့်ဆင့်တက်ပွား တရားရမှာ။
သူတော် ဓလေ့ သိမ်မွေ့မူရာ၊ ရိယာဇာတ် စိတ်ဓာတ် ညွတ်ကိုင်းပါ။
စာမျက်နှာ(၂၀၄)

ထိုထိုသို့သော (အ) သုံးလုံးကျေ သင်တန်း (အရေး, အဘတ်, အတွက်) ၃-မျိုးလုံးတတ်အောင် ရေးစီခဲ့သော ခေတ်ကြိုကဗျာများ၊ ထိုမှတပါးနိုင်ငံရေး, ညီညွတ်ရေးနှင့် တရားပြ သံပေါက်, နိဗ္ဗာန်ချမ်းသာ, ဓမ္မသံဝေဂ သံပေါက် မျိုးစုံ ကလေး လူကြီး အကုန် နားလည်မှု ရှိဖို့, သတိထားဖို့ ရေးစီတော်မူခဲ့ရာ လောကလူ့ရွာ သက်ရှည်ကျိုး နပ်၍ အလွန် တာဝန် ကြေပွန်တော်မူခဲ့သော ဆရာတော်ပါတကားဟု အံ့အားချီးမွမ်းဘွယ် ဘတ်ရှုကြရပါမည်။

**တိုင်းရင်းဖြစ်ကိုသာ အားပေးပါ**

ဆရာတော်သည် စာသင်ကျောင်းများမှ နေ၍ ရပ်ကွက်, နယ်, ဒေသန္တရ, မြို့, ဒိစတြိတ်အလုံး မျက်စိဖွင့်ပေးခဲ့သေးသည်လည်း ရှိ၏၊ တိုင်းရင်းဖြစ် အထည်ကို ဝတ်ရန်, ချွေတာ စားသောက်ရန်, အင်္ဂလိပ်ခေတ်ဖြစ်၍ လူမျိုးခြားတို့ အုပ်ချုပ်ပုံကို သတိထားရန် စသည်ဖြင့်လည်း ကလေးသူငယ်တို့၏ နှလုံးတွင်းရှိ စိတ်ဓာတ်- ယင်းစိတ်ဓာတ်မှ ထွက်ပေါ်သော အသံဓာတ်ဖြင့် တပ်လှန့်နှိုးဆော် မှုတွင်လည်း မကင်းစကောင်းသဖြင့် ပါဝင်ခွင့် ကြုံတော်မူရသေး၏။

၁။ သားမြေးရှိလျက်၊ စာသင်ဖျက်၊ သက်ကြီးရှက်စရာ။
၅။ သွားကြိုးပါးခွက်၊ အစားမက်၊ သက်ကြီးရှက်စရာ။
၆။ ဝံသာနုဖျက်၊ ထည်ကောင်းမက်၊ သက်ကြီးရှက်စရာ။ နှာ(၂၉၄)

မိန်းကလေးများ ရက်ကန်းအတတ်ကို တတ်မြောက်ရန် ကျောင်းမှာနေ တုန်းကထဲက ဆရာတော်က ကဗျာဖြင့် စိတ်ဓာတ် စစ်ဆင်ရေးပြုလျက် မည်သို့ စိတ်နှလုံးသွင်း ရှိထားရမည်ကိုလည်း ရေးစီ ပေးခဲ့ပြီး ဖြစ်၏၊ ထို့ကြောင့် လင်းယဉ်ဆရာညွှန်း ကျောင်းထွက် ဟူသမျှ ရာနှုန်း ၇၅- ယောက် ရက်ကန်း တတ်ကြ၏ဟု သိရ၏။

**အိမ်တွင်းမှု ရက်ကန်းအတတ်နှင့်ပတ်သက်၍-**

၃။ ဗိုင်းဝါလုပ်ရေး ရှုတ်ထွေးများဖြင်၊
ဖန့်ကြိတ်ဖတ်ထား တောင့်ငြား ဗိုင်းငင်၊

သေ့နယ် ဖိုးရောက် ရှည်ကောက်ပြင်ဆင်၊
စာ မကင်း ထည့်သွင်းရက်ကန်းတင်။ စာမျက်နှာ(၂၉၉)

ဤသို့ဖြင့် စာနှင့် ရက်ကန်း၊ စာနှင့်မိဘအလုပ်၊ စာနှင့် ထန်းတက်၊ စာနှင့် မောင်းထောင်း၊ စာနှင့် နွားကျောင်း၊ စာနှင့်ပင် စျေးရောင်းရအောင် ကဗျာများဖြင့် ဆုံးမတော်မူခဲ့ပါသည်။

> နိုင်ငံရေးကို မပြော, မရေးချင်သော်လဲ စားသင့်သမျှ စား၊ ဝတ်သင့်သမျှဝတ်၊ ပေးသင့်သမျှပေး၊ အရေးအရာ ထင်ထင် လူရာဝင်နိုင်ဖို့ သမ္ပဒါ ချို့ယွင်းက- ကြည့်မျှော်လို့ မြင်နိုင်မည် မဟုတ်၊ သမ္ပဒါ ရှိနေသော လူမျိုးခြားများကို ကြည့်ပါ၊ သမ္ပဒါနှင့်ပြည့်စုံသော အိမ်နီးချင်းများကို အားကျပါ။
>
> ဒို့အိမ်၌ ရှော်ား လေးတပင်မရှိလျှင် သမ္ပဒါလစ်လပ်လို့ဟုမှတ်ပါ၊ သမ္ပဒါ ရှိလျှင် ရွှေငွေ မရှားနိုင်ပါ၊ 'တပြား နှစ်ပြား စု၍ထား၊ ကုလားတိုက်ကြီးတယ်'ဟုဒို့ဗမာတို့ဆိုကြ၏၊ဒို့ဗမာပြည်ကမန်ကျည်းသီးကိုပင် တနှစ်လျှင် မဒရပ်သို့ ခြောက်သိန်း ပို့ပေးရ၏....စသည်-

လင်းယဉ် ၅-ရွာ ဉာတိ ဒကာများသို့စံကင်းမှ ပေးသော စာမျက်နှာ(၃၄၃) ၌ ရေးထားသော စာကို ကြည့်ရသောအခါ ဆရာတော် ဘုရားသည် သမ္ပဒါ စေတနာတော်ဖြင့် နိုင်ငံကို ပြုပြင်လိုသောစိတ်၊ ကျွန် နိုင်ငံရေးကို စီးပွားရေး အရ သတိရစေလိုသော ဆန္ဒ ပြင်းပြတော်မူကာ ကရုဏာ လှုံ့ဆော်လျက် ရေး သားထားပါသည်။

ထို့ကြောင့် နိုင်ငံ လွတ်လပ်ရေး စာ, စီးပွားရေး စာ, ပညာရေး စာ, ကုသိုလ်ရေး စာများနှင့် ဘဝ လွတ်မြောက်ရေး စာ ကဗျာများချည်း ဖြစ်၍ တပည့်များသည် ထိန်းသိမ်း စောင့်ရှောက်ရမည့် ဝတ္တရား ရှိသည့် အတိုင်း ကျေလည်စွာ သည်ပိုးဆောင်ရွက်သောအားဖြင့် စက်တင်ပုံရိုက်ရပါသည်၊ကျန် မှတ်သားဘွယ် သံဝေဂ ကဗျာ ကမ္မဋ္ဌာန်းစာများကိုလည်း အခဏ်း (၃) ရောက်လျှင် မကျော်မဖောက်ပဲ တောက်လျှောက် ဖတ်ရှုကြစေလိုပါသည်။

## ဆရာတော်၏ တောင့်တချက်

ဆရာတော်သည် ကဗျာဆုံးမစာ အမျိုးမျိုးကို ရေးစပ်တော်မူရာ၌ ဆရာတော်၏ ဆွေမျိုးဉာတိနှင့် ပြည်သူပြည်သားများကို ဆရာတော်ကဲ့သို့ စိတ်ထားမျိုး ထားစေလိုသည်၊ စိတ်ကောင်း ထားစေချင်ကာ စိတ် ပြင်စေလိုသည်၊ (အတ္တဟိတ-ပရဟိတ)ကိုယ့်အကျိုးသူ့အကျိုး ၂-မျိုးလုံးအတွက် ဆောင်ရွက်နိုင်သော လူတော်လူကောင်းများအဖြစ်ဖြင့် လူ့ပြည်မှာနေစေချင်တော်မူသည်။

"ရဟန်းတို့ အစွန်းနှစ်ဖက် မီးလောင်၍ အလည်၌ မစင် လူးသော သူသေကောင်ဖုတ် ထင်းမီးစသည် ရွာ၌လည်း သစ်သားဖြင့် ပြုအပ်သော ကိစ္စကို မပြီးစေနိုင်၊ တော၌လည်း သစ်သားဖြင့်ပြုအပ်သောကိစ္စကို မပြီးစေနိုင်သကဲ့သို့ အကြင် ပုဂ္ဂိုလ်သည် မိမိ အကျိုးစီးပွားအလို့ငှာလည်း မကျင့်၊ သူတပါး အကျိုး စီးပွား အလို့ငှာလည်း မကျင့်၊ ဤ ပုဂ္ဂိုလ်ကို သူသေကောင်ဖုတ် ထင်းမီးစနှင့် တူ၏ဟူ၍ ငါ (ဘုရား) ဆို၏။"

ဟု အင်္ဂုတ္တရနိကာယ စတုက္ကနိပါတ် ဆဝါလာတသုတ်၌ ဟောကြားတော်မူသည့် "**ဆဝါလာတ လူစား သူကောင်ဖုတ် ထင်းမီးစများ**"အဖြစ်မှ လူတိုင်းလူတိုင်း ကင်းဝေးစေရန် တောင့်တတော်မူသည်။ ဖြစ်နိုင်လျှင် (သို့မဟုတ်) ဖြစ်အောင် ကြိုးစားပြီးလျှင်....

"ကိုယ့်အကျိုးသာ ကျင့်၍ သူတပါး အကျိုးကို လျစ်လျူရှုသော ဒုတိယအမျိုးအစား၊

သူတပါး အကျိုးသာကျင့်၍ ကိုယ်ကျိုးအတွက် မပါသော တတိယ

လူတန်းစား" အဆင့်တို့ကို ကျော်တက် လွန်မြောက်၍–

စတုတ္ထ လူတန်းစားအမျိုးအစားဖြစ်သော ကိုယ့်အကျိုး သူ့အကျိုး ၂-မျိုးလုံးကို ပြုကျင့်ဆောင်ရွက်တတ်သော ပုဂ္ဂိုလ်များ ထွန်းကားလာစေရန် ဘုရားညွှန်ပြတော်မူသည့်အတိုင်း ဆရာတော် တောင့်တတော်မူပါသည်။

ထို့ကြောင့် ဆရာတော်၏ စာ ကဗျာများသည် အတ္တ, ပရဟိတ ၂-မျိုး သည်ပိုးရွက်ဆောင်နိုင်အောင် ရေးစီတော်မူထားပါသည်၊ ဆန်းနည်း အလင်္ကာနည်းတို့အရ မြန်မာဘာသာ ပါဠိဘာသာအားဖြင့် စုံနေအောင် အမျိုးမျိုး ရေးစပ်ခဲ့သမျှ ယင်း ၂-မျိုးသော အတ္တ, ပရအကျိုးကို ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်၊ ထိုသို့ဆောင်ရွက်ခဲ့သော ဆရာတော်၏ စေတနာဓာတ်, ဝီရိယဓာတ်ကပင် တပည့် များစွာကို ဆရာတော်ကဲ့သို့ အကျိုး ၂-မျိုး သည်ပိုးစေလိုခြင်းနှင့် နောက်ဆုံး ဝဋ္ဋဒုက္ခမှ ကင်းဝေးစေလိုခြင်းသာ ဖြစ်၍ တပည့်အပေါင်းကလည်း အကျိုး ၂-မျိုး ဆောင်ရွက် သည်ပိုးကာ ဝဋ္ဋဒုက္ခ ကင်းကွာသည့် ဝိမုတ္တိ နယ်ဘက်သို့ လက်ညှိုး ညွှန်ပြလျက် ရှိနေသည်ကိုသာ တွေ့မြင် ရိပ်စားမိကြသည့် အတိုင်း လိုက်နာ ကျင့်သုံးနိုင်ကြပါစေကုန်သတည်း။

ဦးအဋ္ဌိယပဏ္ဍိတ (သာသနဒ္ဓဇသိရိပဝရဓမ္မာစရိယ)<br>ဝိသုဒ္ဓါရုံ ဂဏဝါစက ဇယမေဒနီ ဝါဆိုကျောင်းဆရာတော်<br>မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေးမြို့။

# မာတိကာ

---

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


အခန်း (၁)

| | | |
|---|---|---|
| ၁။ | ပါရမီတရားတော် | ၁ |
| ၂။ | ကုသိုလ်အစစ်ပြတရားတော် | ၉ |
| ၃။ | ကုသိုလ်ပုည မကြောက်ကြလင့် တရားတော် | ၁၁ |
| ၄။ | အာဃာတ ပယ်ဖျောက်ရေး တရားတော် | ၁၅ |
| ၅။ | သီလ တရား | ၂၉ |
| ၆။ | ရဟန်းခံ တရား | ၃၆ |
| ၇။ | ရေလှူ တရားတော် | ၄၅ |
| ၈။ | ရဟန်းခံတရား (မိဘ ကျေးဇူးဆပ်ပုံ ပါသည်) | ၄၉ |
| ၉။ | သက်တော်ရှည် ပူဇော်ပွဲ တရား | ၅၉ |
| ၁၀။ | သံဃာ့ဂုဏ် ကထိန်တရား | ၆၉ |
| ၁၁။ | မင်္ဂလာတရား | ၇၅ |
| ၁၂။ | ကျောင်းရေစက်ချ တရား | ၈၆ |
| ၁၃။ | ကသိဘာရဒွါဇသုတ် တရားတော် | ၉၂ |
| ၁၄။ | သမိဒ္ဓိကျောင်း ပူဇော်ပွဲ(ကျောင်းတရား) | ၉၆ |
| ၁၅။ | အာဇာနည် တရားတော် | ၁၀၆ |
| ၁၆။ | ရှင်ပြုမင်္ဂလာ(စိတ်ကောင်းထားကြ) တရားတော် | ၁၁၀ |
| ၁၇။ | ရှင်ပြုတရား(ဒါန နိဗ္ဗာန်ရောက်ပုံ) | ၁၁၃ |
| ၁၈။ | ရှင်ပြုတရား (စေတနာဒါန်အကျိုးပြ) | ၁၁၆ |
| ၁၉။ | အမြတ်ဆုံး ချမ်းသာတရား | ၁၂၁ |
| ၂၀။ | ရဟန်းခံ ရေစက်ချတရား | ၁၂၄ |
| ၂၁။ | ပုဂ္ဂိုလ်လေးမျိုးတရား | ၁၂၇ |
| ၂၂။ | သာသနာရေးရာ တရားတော် | ၁၂၉ |
| ၂၃။ | သာသနာ့အာဇာနည်တရားတော် | ၁၃၃ |
| ၂၄။ | အမြိုက်ဆေးကျော် တရားတော် | ၁၄၅ |
| ၂၅။ | သင်္ခါရတရားတော် | ၁၄၉ |
| ၂၆။ | ဝါကျွတ် ကန်တော့ပွဲတရားတော် | ၁၅၂ |
| ၂၇။ | ရတနာသုံးပါးတရားတော် | ၁၅၈ |


B-(၈)

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၈။ | ဓမ္မစကြာ တရား | ၁၆၀ |
| ၂၉။ | သန့်ရှင်းရေးတရားတော် | ၁၆၅ |
| ၃၀။ | သာသနာ့စိတ်တရားတော် | ၁၇၅ |
| ၃၁။ | သံဝေဂ တရားတော် | ၁၇၇ |
| ၃၂။ | သူတော်ကောင်းတရား | ၁၈၅ |
| ၃၃။ | ပဲခူး အစည်းအဝေး ဩဝါဒမိန့်ခွန်းတော် | ၁၉၁ |
| ၃၄။ | မန္တလေး အစည်းအဝေး သဘာပတိတရား နှုတ်တော်မြွက် ဩဝါဒမိန့်ခွန်း(၁-၂-၃) | ၁၉၃ |
| ၃၅။ | ကန်တော့ရာ၌ ဆုပေးခြင်း | ၂၀၆ |
| ၃၆။ | အစည်းအဝေး နိဂုမ်းချုပ် ဩဝါဒ | ၂၀၇ |
| ၃၇။ | သီလကထာ | ၂၁၁ |
| ၃၈။ | ဝိနည်းပြန့်ပွဲ ဩဝါဒတရား | ၂၁၅ |
| ၃၉။ | လူထုသတင်းစာ ဩဝါဒတရား | ၂၁၇ |

## အခဏ်း (၂)

| | | |
|---|---|---|
| ၄၀။ | ဗန္ဓုလ မောင်စိန်ထံ ဩဝါဒ ပြန်စာ | ၂၂၁ |
| ၄၁။ | ဆီဒင်ပြည် ငြိမ်းချမ်းရေး ဩဝါဒ | ၂၂၃ |
| ၄၂။ | ခံညောင်ရွှေ ဩဝါဒများ (အမှတ် ၁-မှ ၁၃-ထိ) | ၂၂၅ |
| ၄၃။ | ပရဟိတ အဖွဲ့ချုပ်သို့ ဩဝါဒ | ၆၂ |
| ၄၄။ | ရေနံချောင်း ဩဝါဒ | ၂၆၆ |
| ၄၅။ | ပဲခူး ကြခတ်ဝိုင်း ဝိနည်းပြန့်ပွဲ ဩဝါဒတရား | ၂၆၀ |
| ၄၆။ | ဂန္ဓဂေါ ကန်တော့ရ ဩဝါဒ | ၂၇၁ |
| ၄၇။ | လင်းယဉ် မောင်မောင်အေးထံ | ၂၇၄ |
| ၄၈။ | လင်းယဉ်ရွာ ရှမ်းကုန်းရွာ( ဓမ္မစကြာပွဲ ဖတ်ရန်စာ) | ၂၇၅ |
| ၄၉။ | ဂန္ဓဂေါ ကန်တော့ရ အစည်းအဝေးသို့ | ၂၇၅ |

## အခဏ်း (၃)

| | | |
|---|---|---|
| ၅၀။ | ကဗျာဆိုးမစာများ | ၂၇၇ |
| ၅၁။ | နွားသနားပါ | ၂၈၀ |
| ၅၂။ | ဗြဟ္မဝိဟာရတရား | ၂၈၀ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၃။ | စာပြန်ပွဲရည်ရွယ်ချက် | ၂၀၁ |
| ၅၄။ | စဉ်းစားစရာ | ၂၀၂ |
| ၅၅။ | တပေါင်းလ | ၂၀၂ |
| ၅၆။ | ကြော်ငြာစာမောင်း | ၂၀၂ |
| ၅၇။ | ကြားညှပ်ဗကား | ၂၀၃ |
| ၅၈။ | ရှစ်လုံးဖွဲ့ကဗျာ ကလေးဗတိစာ | ၂၀၃ |
| ၅၉။ | တပေါင်းလဖွဲ့ | ၂၀၄ |
| ၆၀။ | ကေပိုဒ်ရတု | ၂၀၅ |
| ၆၁။ | သံပြိုင်ဆိုသံပေါက် | ၂၀၆ |
| ၆၂။ | တရားပြသံပေါက် | ၂၀၇ |
| ၆၃။ | အိုနာသေရေး ဒုက္ခဘေး | ၂၀၇ |
| ၆၄။ | နိဗ္ဗာန်ချမ်းသာ | ၂၀၇ |
| ၆၅။ | ဓမ္မသံဝေဂ | ၂၀၈ |
| ၆၆။ | ပွဲလမ်းသဘင် အပြစ် | ၂၀၉ |
| ၆၇။ | ဩဝါဒဆယ်ချက် | ၂၀၉ |
| ၆၈။ | ပိုဒ်စုံ ရတုများ | ၃၁၅ |
| ၆၉။ | ရွှေဘုံသာပွဲ | ၃၂၁ |
| ၇၀။ | အောင်ဩဘာစာ | ၃၂၂ |
| ၇၁။ | စာပြန်ပွဲ ပိုဒ်စုံရတုများ (တနည်း) | ၃၂၂ |
| ၇၂။ | ခွဲရေး တွဲရေး ညီညွတ်ရေး ဆုံးမစာ | ၃၂၄ |
| ၇၃။ | သစ္စာလေးပါး သံချပ်များ | ၃၂၅ |
| ၇၄။ | ရှင်ပြု ရှိုးရတုများ | ၃၂၆ |
| ၇၅။ | စာပြန်ပွဲအသင်းသူတို့၏ ဝတ္တရား | ၃၂၉ |
| ၇၆။ | ဝိသုဒ္ဓါရုံစာမေးပွဲပါဠိဇာတက ပဒေသာပင် | ၃၃၀ |
| ၇၇။ | ရှင်ပြုဩဘာစာ | ၃၃၁ |
| ၇၈။ | ရဟန်းခံ အနုမောဒနာစာတန်း | ၃၃၄ |
| ၇၉။ | ဝိသုဒ္ဓါရုံအထိမ်းအမှတ်ပွဲ ရတု | ၃၃၅ |
| ၈၀။ | ငယ်ငယ်ရေး ဆုတောင်းများ | ၃၃၆ |
| ၈၁။ | သုံးဆဲ့နှစ်ကောဋ္ဌာသ အမှန်း | ၃၄၀ |
| ၈၂။ | ပဋိစ္စသမုပ္ပါဒ် အမှန်း | ၃၄၂ |

မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၃။ | စံကင်းမှ ပေးသောစာ | ၃၄၃ |
| ၈၄။ | ရွှေအင်ပင်ဆရာတော် ထေ ရမနာလင်္ကာ | ၃၄၄ |
| ၈၅။ | ဝိနည်းပြန် အခမ်းအနားဖွင့်စာတန်း | ၃၄၅ |
| ၈၆။ | ဝိသုဒ္ဓါရုံ "ရှင်အဂ္ဂိယပဏ္ဍိတ " ရဟန်းခံ သြဘာစာ | ၃၄၅ |
| ၈၇။ | မန္တလေးမှ စံကင်းသို့ ပေးစာ | ၃၄၇ |
| ၈၈။ | ရှမ်းကုန်းရွာ ဝိနည်းစာပြန်ပွဲ ရွတ်ဘတ်သည့်စာ | ၃၄၇ |
| ၈၉။ | ဇင်ဘီဆရာတော်ချပေးသည့် ရတုပိုဒ်စုံ | ၃၄၈ |
| ၉၀။ | ဓမ္မစကြာပွဲတော် ပိုဒ်စုံရတု | ၃၄၉ |
| ၉၁။ | ဇင်ဘီဆရာတော်ဖွဲ့ (ရှမ်းကုန်း) | ၃၅၀ |
| ၉၂။ | ဆရာခင်၏ ရှင်ပြုမင်္ဂလာ သြဘာစာ | ၃၅၂ |
| ၉၃။ | ဥပသမ္ပဒါဘိသေက သြဘာစာ | ၃၅၂ |
| ၉၄။ | ထုတိဝေဒလ္လက ဂါထာများ | ၃၅၄ |
| ၉၅။ | တေးထပ် တပုဒ် | ၃၅၆ |
| ၉၆။ | အဘိဓမ္မာ ကေပိုဒ် | ၃၅၇ |
| ၉၇။ | ရွာနန်းရွာ ဓမ္မစကြာ စာပြန်ပွဲ | ၃၆၀ |
| ၉၈။ | ရွှေဘုံသာ ဘုန်းတော်ဖွဲ့ | ၃၆၁ |
| ၉၉။ | ရေလည်ဆရာတော် | ၃၆၄ |
| ၁၀၀။ | ဆန်စက်ဖွင့် မင်္ဂလာရတု | ၃၆၆ |
| ၁၀၁။ | ပရိတ်စာအုပ် | ၃၆၇ |
| ၁၀၂။ | ကမ္မဋ္ဌာန်းပွားနည်း | ၃၆၈ |
| ၁၀၃။ | စာတတ် မတတ် အကျိုးကဗျာ | ၃၆၈ |
| ၁၀၄။ | အဆိပ်ရေနှင့် လူ့ရန်သူ | ၃၆၉ |
| ၁၀၅။ | အမျှဝေလင်္ကာ | ၃၆၉ |
| ၁၀၆။ | ရွှေကျင်ဂိုဏ်းသံဃာများအား မိန့်ကြားသည့်သြဝါဒ | ၃၇၃ |
| ၁၀၇။ | ရာပြည့်အကြို စစ်ကိုင်းကန်တော့ပွဲတရား | ၃၇၂ |
| ၁၀၈။ | ပဲခူးရာပြည့် သြဝါဒမိန့်ခွန်းတော် | ၃၇၆ |
| ၁၀၉။ | ဝါဆိုဥုး အထူး သြဝါဒတရားတော် | ၃၇၉ |
| ၁၁၀။ | ပဋ္ဌာန်းပူဇော်ပွဲ တရား | ၃၈၃ |
| ၁၁၁။ | စာစုအဖွဲ့၏ နိဂုမ်း ဂါထာ | ၃၈၉ |


မာတိကာပြီးပြီ။

ဩဝါဒဓမ္မကထာ

# စံကင်းဆရာတော် တရားစာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## အခန်း (၁)

---

### ပါရမီ တရားတော်

### နှုတ်မြွက် ဟောတော်မူသော တရား အမှတ် (၁)

တိဏ္ဏော တာရေယျံ။

မုတ္တော မောစေယျံ။

ဗုဒ္ဓေါ ဗောဓေယျံ။

တိဏ္ဏော-ငါသည် သံသရာမှ နိဗ္ဗာန်သို့ အရောက် ကူးမြောက်သည် ဖြစ်အံ့။ ကူးမြောက်နိုင်သည်ဖြစ်အံ့။ တာရေယံ-သတ္တဝါတို့ကိုလည်း ငါကဲ့သို့ သံသရာရေယဉ်မှ နိဗ္ဗာန်အရောက် ကူးမြောက်စေတော်မူမည်။

မုတ္တော-သံသရာ ဝဋ်ဆင်းရဲမှငါသည် လွတ်သည်ဖြစ်အံ့။ မောစေယျံ-သတ္တဝါတို့ကိုလည်း ငါကဲ့သို့ ဝဋ်ဆင်းရဲမှ လွတ်စေမည်။

ဗုဒ္ဓေါ-ငါသည် သစ္စာ လေးပါးတရားကိုသိသည်ဖြစ်အံ့။ ဗောဓေယျံ-သတ္တဝါတို့ကိုလည်း ငါကဲ့သို့ သစ္စာလေးပါး တရားကို သိစေတော်မူမည်။

သုမေဓာ ဘဝက ကြံစည်တော်မူတယ်၊ သံသရာက လွတ်မြောက်လို့ နိဗ္ဗာန်ရောက်အောင်ကူးရတာဟာ လွယ်တာမဟုတ်ဘူး၊ အလွန်ခဲယဉ်းတယ်၊ ဘုရားရှင်လေးသင်္ချေနဲ့ ကမ္ဘာ တသိန်းထက်က သုမေဓာရသေ့ ဖြစ်စဉ်အခါက ဘုရား

ဖြစ်လိမ်မယ်လို့ ဗျာဒိတ်ပန်း ဆင်မြန်းသည်က စပြီ ပါရမီ ဖြည့်ရတာ၊ ဘုရား ဖြစ်ဖို့အကြောင်း ပါရမီတွေဖြည့်ရတာ သူတပါးတို့အား ပေးလှူရတဲ့ ဒါနပါရမီ, ဆောက်တည် ကျင့်သုံးရတဲ့ သီလပါရမီ စသည်ဖြင့် ပါရမီဆယ်ပါး အပြား သုံးဆယ် ရှိတယ်။

အစဆုံးဖြစ်တဲ့ ဒါနပါရမီ အကြံရလို့ လေးသင်္ချေနဲ့ ကမ္ဘာတသိန်း အတွင်း လှူဒါန်းတော်မူခဲ့ရတဲ့ ဒါနကုသိုလ်တွေ၊ဒါနဖြစ်အောင် ပါရမီ ဖြည့်ရတဲ့ ကိစ္စတွေ အလွန်များပြားတယ်၊ လှူချင်တဲ့စိတ်ကလဲ ဟို-သိဝိမင်းကြီး ဖြစ်စဉ်က—

**ယံကိဉ္စိ ဗာဟိယံ ဝတ္ထုံ၊ အဒိန္နံ မေ နဝိဇ္ဇတိ။**
**ယောပိ ယာစေယျ မံ စက္ခုံ၊ ဒဒေယျံ အဝိကမ္ပိတော။**

ယံကိဉ္စိ-အမှတ်မရှိသော။ ယံကိဉ္စိ-အလုံးစုံသော။ ဗာဟိယံ-အပ ဖြစ်သော။ ဝတ္ထုံ- ဝတ္ထုသည်။ မေ- ငါ့အား။ အဒိန္နံ- မလှူဘူးသည် မည်သည်။ နဝိဇ္ဇတိ- မရှိ။ ယော-အကြင်သူသည်။ မေ-ငါ၏။ စက္ခုမ္ပိ- မျက်စိကိုလည်း။ ယာစေယျ- တောင်းငြားအံ့။ အဝိကမ္ပိတော၊ မတုန်မလှုပ် မတွန့်မဆုတ်သည်ဖြစ်၍၊ ဒဒေယျံ- ပေးလှူအံ့။

ဒီလို ကြံစည်တော်မူတယ်၊ ကြံစည်တော်မူတဲ့အတိုင်း အလောင်းတော် သိဝိ မင်းကြီးရဲ့ အကြံကို သိကြားမင်းကြီး သိတော့ ပုဏ္ဏားယောင် ဆောင်ပြီးတော့ အလောင်းတော်မင်းမြတ်၏ မျက်စိကို လာပြီးတော့ အလှူခံတဲ့ အခါ မျက်စိ ကို ထုတ်ပြီးတော့ ပုဏ္ဏားကို လှူတယ်၊ သိကြားမင်းကလဲ ပါရမီပြည့်ဘက် အရှင် အန္ဓရဒ္ဒါ အလောင်းဘဲ၊ မျက်စိကို လှူမည်ဆိုတော့ သမားတော်များ ခေါ်ပြီး တော့ မျက်စိကို ထုတ်ခိုင်းတယ်၊ မျက်စဉ်းခပ် ဆေးခပ်ပြီးတော့ မျက်စိကို အပြင်ထွက်စေတယ်၊ ဆေးအစွမ်းကြောင့် မျက်လုံးတော် ချာချာလည်ပြီးတော့ အပြင်ထွက်လို့ မျက်ကြော မပြတ်ဘဲနဲ့ မျက်လုံး တွဲလွဲဖြစ်ပြီးတော့နေတယ်။

သမားတော်က "အရှင်မင်းမြတ် အင်မတန် ဆင်းရဲပင်ပန်းစွာ မျက်စိထုတ်တဲ့ အခါ ခံရပါတယ်၊ အခုနေ မလှူဘူးလို့ ပြန်ပြီး သွင်းပြီးတော့ ဆေးကုသမယ် ဆိုရင် ဒီမျက်လုံး ကောင်းသွားပါလိမ့်မယ်၊ အရှင်မင်းမြတ် စဉ်းစားတော်မူပါ" "သမားတော်—မျက်စိကိုသာ ထုတ်ပေး၊ ငါလှူမယ်"ဒီလိုပြောပြီး မျက်စိကြော ကိုဖြတ်ပြီး လှူလိုက်ရတယ်၊ အဲဒီလို အလောင်းတော် မျက်လုံးတော် လှူရတာ ကောင်းကင်ရှိတဲ့ ကြယ်တွေ တလုံးနှစ်လုံးရေတွက်လျှင် ဘုရားအလောင်းတော် လှူဘူးတဲ့ မျက်လုံးတွေက ကြယ်တွေထက် များဦးမယ်၊ ဒီလို ဒါနနဲ့စပ်လို့ ဒါန

ဥပပါရမီ၊ တခါတရံ အသက်ကိုစွန့်ပြီး လှူဒါန်းရတဲ့ ဒါနပရမတ္ထပါရမီ၊ ကိုယ်လက်အင်္ဂါ မစွန့်လွှတ်ဘဲ အသက်ကို မစွန့်လွှတ်ဘဲ သာမည လှူဒါန်းဘွယ်ဝတ္ထုတွေ လှူဒါန်းရတဲ့ ဒါနပါရမီ၊ ဒီပါရမီတွေဖြည့်လို့ နောင်အခါဘုရားဖြစ်တယ်။ ပါရမီဆယ်ပါးလုံးအကျယ်အားဖြင့် သုံးဆယ်လုံး ဖြည့်ကျင့်ရတာမလွယ်ဘူး။

သမုဒ္ဒရာ ဒီဘက်ကမ်းကနေပြီးတော့ ဟိုဘက်ကမ်းအရောက် လက်ပစ်ကူးရမယ်ဆိုရင် အလွန် ခဲယဉ်းတယ်၊ အသသာဆန္ဒ ဇွဲကောင်းကောင်းနဲ့ သမုဒ္ဒရာ တဘက်ကမ်း ရောက်အောင် ကူးမယ်လို့ ကူးလိုက်တဲ့ ပုဂ္ဂိုလ်ဟာ တဘက်ကမ်းသို့ အကြောင်းအားလျော်စွာ ရောက်ပြီးတော့ သွားလို့ တဘက်ကမ်း ရောက်ပြီးတော့ ချမ်းသာသလို ဘုရားအလောင်းတော် ပါရမီတွေ ဖြည့်ပြီးတော့ သံသရာ ရေယဉ်က ကူးလို့ နိဗ္ဗာန်ရောက်ဖို့ အလွန် ခဲယဉ်းစွာ ဖြည့်ကျင့်တော်မူရတယ်။

ကိုယ်တော်သာ နိဗ္ဗာန်ချမ်းသာ ခံစားဖို့တွင် မကဘဲ သတ္တဝါများကိုလဲ ငါကဲ့သို့ နိဗ္ဗာန်အရောက်ကူးစေမယ်၊ သံသရာဝဋ္ဋမြစ်က သံသရာ ရေအယဉ်က နိဗ္ဗာန် ရောက်အောင် ကူးမြောက်စေမယ်လို့ ကြံစည်တော်မူတဲ့ အတိုင်း တရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ် ၄၅–နှစ်တိုင်တိုင် ဟောကြားပြီးတော့၊ သတ္တဝါများကိုလဲဘဲ ကယ်ဆယ်တော်မူတယ်၊ သံသရာ ရေယဉ်က ကူးမြောက်ပြီး နိဗ္ဗာန်ရောက်စေတယ်၊ ကျန်ရှိပြီးတော့နေတဲ့ သူများလဲဘဲ နှစ်ပေါင်း (၅၀၀၀) မကာ ကြာအောင် သာသနာတော် တည်ရစ်စေလို့ ယခုထက်တိုင် ဘုရားတရားတော်တွေ မပျောက်မကွယ်ဘဲနဲ့ နာယူပြီးတော့ နိဗ္ဗာန်အရောက် ဘုရားနောက်တော် လိုက်မယ်လို့ ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိ ဖြစ်ကြတဲ့ လူ နတ် ဗြဟ္မာတွေ ဘုရား နောက်တော်က နိဗ္ဗာန်ရောက်ဖို့ သံသရာ တည်းဟူသော ပင်လယ်ကြီးမယ် လက်ပစ်ကူးနေကြရတာ မလွယ်လှဘူး။ တော်တော် အားစိုက်မှ ဘုရားရှင် အလိုတော်ကျ သံသရာ ရေယဉ်က ကူးမြောက်ပြီး နိဗ္ဗာန် ရောက်နိုင်ကြမယ်၊ ရောက်ဖို့မလွယ်လှဘူး။

နိဗ္ဗာန်ချမ်းသာ ရလိုပါ၏၊ မဂ်တရား, ဖိုလ်တရား, နိဗ္ဗာန်တရား ရလိုပါ၏လို့ ကိုယ်စီ ကိုယ်စီ ဆုတောင်းကြတယ်၊ ဆုတောင်းပေတယ်လို့ နိဗ္ဗာန် ရောက်အောင် ပါရမီမြောက် ကုသိုလ်တရားကို ပြုနိုင်သူ ရှားမယ်၊ နဲမယ်၊ သာမည နိဗ္ဗာန် ရပါလို၏ဆုတောင်း၊ နိဗ္ဗာန်ရောက်ကြောင်း ပါရမီဖြည့်ပြီး

ဖြစ်လို့ ဘုရားဆုပန်ပြီးတော့ နိဗ္ဗာန်ဆုတောင်းရင် ဘုရားအလောင်း ဆိုရပါ ရဲ့၊ ပစ္စေကဗုဒ္ဓါ ဆုပန်ပြီးတော့ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်း တရား အားထုတ်ဆုပန်ရင် ပစ္စေကဗုဒ္ဓါလောင်း ဆိုရပါရဲ့၊ သာဝကဉာဏ်ဖြင့် နိဗ္ဗာန် ရပါလို၏လို့ ရည်ရွယ်ပြီးတော့ ဆုတောင်းရင် သာဝကလောင်း ဆိုရပါရဲ့၊ သို့သော် ပါရမီ မပြည့်သေးလို့ရှိတာဖြင့် နိဗ္ဗာန် အလွယ်နဲ့ မရောက် နိုင်သေးဘူး။

ဘုရားရှင် ကိုယ်တော်မြတ်မှာ ပညာဓိကဖြစ်လို့ လေးသင်္ချေနဲ့ ကမ္ဘာတသိန်း၊ ပစ္စေကဗုဒ္ဓါ များမှာ နှစ်သင်္ချေနဲ့ ကမ္ဘာတသိန်း၊ သာဝကကြီး များမှာ တသင်္ချေနဲ့ ကမ္ဘာတသိန်း၊ ပကတိသာဝက ဆိုတဲ့ ပုဂ္ဂိုလ်များမှာကျတော့ တဘဝနဲ့လဲ ရောက်ပါရဲ့တဲ့၊ နှစ်ဘဝနဲ့လဲ ရောက်ပါရဲ့တဲ့၊ ဘဝနဲနဲနဲ့ ပါရမီ ဖြည့်ပြီးတော့ ရောက်နိုင်ပါရဲ့တဲ့၊ သို့သော် နိဗ္ဗာန်ရောက်နိုင်အောင် ထိထိ ရောက်ရောက်၊ ပါရမီဖြည့်ပြီးပေးမှ နိဗ္ဗာန်ရောက်လွယ်တယ်။

ဒီတော့ ဘုရားရှင်က နိဗ္ဗာန်ကိုငါကဲ့သို့ ရောက်စေမယ်၊ "ငါသည် သံသရာ က ကူးမြောက်သည်ဖြစ်အံ့၊ သတ္တဝါတွေကိုလဲဘဲ သံသရာမှ ကူးမြောက်စေ မယ်"ဆိုတာ ကူးမြောက်ကြလို့ တိုက်တွန်းတော်မူထားတယ်၊ သာမညကူးလို့ မလွယ်ဘူး၊ ဒါနနဲ့စပ်ပြန် လွတ်လွတ်ကျွတ်ကျွတ် စင်စင်ကြယ်ကြယ် လောကီ ကျိုးကိုမငဲ့ဘဲ ဝိဝဋ္ဋနိဿိတ နိဗ္ဗာန် တောင့်တပြီးတော့ လှူဒါန်းမှ ပါရမီ မြောက်တယ်၊ လောကီကျိုး ငဲ့ပြီး လှူဒါန်းသမျှ ပါရမီ မမြောက်ဘူး၊ နိဗ္ဗာန် ရောက်ကြောင်း ကောင်းမှု မဖြစ်နိုင်ဘူး၊ ယခုခေတ်မှာ ဆိုပါတော့၊ အလှူ အတန်း ဒါနနဲ့စပ်လို့ အလှူဘိတ်စာများ မယ်, တရားနာ ကြွကြပါ အစချီ တုန်းကတော့ "သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ" သံသရာ ဝဲဂယက်မှ လွတ်မြောက်ခြင်းအကျိုးငှါ တရားနာ ကြွကြပါ၊ နိဗ္ဗာန်သံတော့ ပါပါရဲ့၊ လုပ်ပုံ ကိုင်ပုံတွေကတော့ကို၊ အခြံအရံတွေကတော့ကို နိဗ္ဗာန်သန့်သန့်ကြီး မတောင့်တ ဘဲ လောကီပကာသနလိုက်လို့၊ ဒီတွင်မှ မကသေးဘဲ ပွဲတွေ, လမ်းတွေ, သဘင် တွေနဲ့ ဒီလို ပြင်ဆင်ပြီးတော့ လှူကြ တန်းကြတာ သိပ်ပြီးတော့ မသန့်ရှင်းဘူး၊ ဒို့မြန်မာပြည် မသန့်ရှင်းဘူး၊ ယိုးဒယားပြည် မသန့်ရှင်းဘူး၊ သီဟိုဠ်မှာတော့ သဘင် နဲတယ်လို့ ပြောကြတယ်၊ သို့သော် ဘယ်မှ သန့်ရှင်းတာကတော့ မရှိပါ ဘူး၊ ပုထုဇဉ်တွေဖြစ်တော့ သဘင်တွေနဲ့ တွဲတွဲ တွဲတွဲပြီးတော့ နေကြတယ်။

အကယ်၍ ဝိဝဋ္ဋနိဿိတနိဗ္ဗာန်ကို တိုက်ရိုက်အကျိုးပေးနိုင်တဲ့ သန့်ရှင်းတဲ့ ပါရမီ ဒါနကုသိုလ် ဖြစ်အောင် လုပ်တော့မယ်ဆိုရင် သုမေဓာရသေ့ကြီးတို့လို ပေါ့လေ,

ဘယ်သူ့ကိုမှ စာတွေဘာတွေနဲ့ ဘိတ်ကြားပြီးတော့ မနေပါဘူး၊ ရောက်လာတဲ့ သူတွေ အကုန်လုံး ပစ္စည်းဘဏ္ဍာတွေစွန့်၊ ရှိသမျှပစ္စည်းတွေ ဘိုးဘွားလက်ထက်က မိဖလက်ထက်က အစဉ်အဆက်တိုးပွားနေသမျှ "လိုချင်သူ လာယူတော့" လို့ ဒီလို စွန့်ကြဲပြီးတော့ တောထွက်သွားတယ်၊ ဘုရားရှင်လက်ထက်က ရှင်မဟာကဿပ ကြီး (လူမည်) ပိပ္ပလိလုလင် ဆိုတာလဲ ဒီလိုဘဲ စွန့်ပြီးတော့ တောထွက် သွားတယ်။

အဲဒီလို ပိပ္ပလိလုလင် ရှင်မဟာကဿပကြီးတို့လို ဒါနမှု ပြုနိုင်၊ သုမေဓာ သုခမိန် ဘုရားအလောင်းတော်ကြီးများ ကဲ့သို့ လွတ်လွတ် ကျွတ်ကျွတ် ဒါနမှု ပြုပြီးတော့ နိဗ္ဗာန် တောင့်တရင် တပါးသော လောကီ ပကာသနကို ငဲ့တဲ့ သူတွေထက် ပိုပြီးတော့ နိဗ္ဗာန် ရောက်လွယ်မယ်၊ ဒီလို ရောက်စေချင်လို့ ကိုယ်တော်တိုင်လဲ နိဗ္ဗာန်ရောက်၊ သတ္တဝါတွေကိုလဲ နိဗ္ဗာန်ရောက်စေမယ်လို့-

တိဏ္ဏော တာရေယျံ။

မုတ္တော မောစေယျံ။

ဗုဒ္ဓေါ ဗောဓေယျံ။

လို့ စကား သုံးခွန်းကို သုမေဓာ ရသေ့ ဘဝက ကျူးရင့်တယ်၊ မြွက်ဟတယ်၊ သတ္တဝါတို့အလယ်မှာ ပြောဆိုတယ်။

တိဏ္ဏော-ငါသည် သံသရာမှ နိဗ္ဗာန်သို့ အရောက် ကူးမြောက်နိုင်သည်ဖြစ်အံ့။ တာရေယျံ-သတ္တဝါ တို့ကိုလည်း ငါကဲ့သို့ သံသရာ ရေယဉ်မှ နိဗ္ဗာန်အရောက် ကူးမြောက်စေတော်မူမည်။

မုတ္တော- သံသရာ ဝဋ်ဆင်းရဲမှ ငါသည် လွတ်သည်ဖြစ်အံ့။ မောစေယျံ-သတ္တဝါတို့ကိုလဲ ငါကဲ့သို့ လွတ်စေတော်မူမည်။

ဗုဒ္ဓေါ- သစ္စာလေးပါး တရားကို ငါသည် သိသည်ဖြစ်အံ့၊ ဗောဓေယျံ-သတ္တဝါတို့ကိုလဲ သစ္စာလေးပါး တရားကို သိစေတော်မူမည်။ ဒီလိုကြံစည်ပြီး ပါရမီတွေဖြည့်တယ်။

ပါရမီတွေ မဖြည့်မီ ဒီပင်္ကရာဘုရားရှင်က ဗျာဒိတ်ပေးတော့ ဘုရားဖြစ်လိမ့် မယ်, ဘုရား ဖြစ်လိမ့်မယ်ဆိုတော့၊ ဒီလို ဘုရား ဖြစ်လိမ့်မယ်ဆိုရုံနဲ့ ဖြုံးကနဲ ဘုရား ဖြစ်ပြီးတော့ သွားမှာ မဟုတ်ဘူး၊ ဘုရား ဖြစ်ခြင်းရဲ့ အကြောင်း ရှိလိမ့်ဦးမယ်၊ ရသေ့ကြီးက ပညာဉာဏ်ကလဲ အလွန် ထက်သန်တော့ ဘုရား ဖြစ်ကြောင်း လိုက်ရှာတော့ ခုတင်က ပြောခဲ့တဲ့ ဒါနရှိမှ ဘုရား ဖြစ်မှာ

ဘဲ၊ ဒါန မပါရင် ဘုရား မဖြစ်နိုင်ဘူး၊ ဘုရား ဖြစ်ကြောင်း ဒါန အား ထုတ်မယ်။

ဒီနောက် ကြံစည်ပြန်တော့ သီလပါရမီ တွေ့တယ်၊ ဒီနောက်တခါ ကြံစည်တော့ နေက္ခမ္မ တွေ့တယ်၊ ဒီနောက်ကြံစည်တော့ ပညာတွေ့၊ ဒီနောက် တခါ ကြံစည်တော့ ဝီရိယတွေ့၊ ဒီနောက် ခန္တီတွေ့၊ ဒီနောက် ကြံစည်တော့ သစ္စာပါရမီတွေ့၊ ဒီနောက်တခါ ထပ်ပြီး ကြံစည်တော့ အဓိဋ္ဌာန်ပါရမီတွေ့၊ ဒီနောက် တခါ ကြံစည်တော့ မေတ္တာပါရမီတွေ့၊ ဒီနောက် ကြံစည်တော့ကို ဥပေက္ခာပါရမီတွေ့တယ်၊ ပါရမီဆယ်ပါး။

ဒါနပါရမီ တွေ့ပြီးတဲ့နောက် ဒါနပါရမီ သာမညပါရမီ ကိုလဲ ဖြည့်၊ ဒါန ဥပပါရမီကိုလဲဖြည့်၊ ဒါနပရမတ္ထ ပါရမီကိုလဲ ဖြည့်တယ်၊ ဒီနောက်ကို ဒီဒါနတခုနဲ့ နိဗ္ဗာန် မရောက်နိုင်သေးဘူး၊ ဘုရားဖြစ်ကြောင်း လိုက်ရှာပြန် တော့ သီလပါရမီကိုတွေ့၊ သီလပါရမီကိုလဲ ဖြည့်ခဲ့တယ်၊ ဒါန ပြည့်စုံတဲ့ပုဂ္ဂိုလ် ဖြစ်လို့ရှိရင် ဒါနဆိုတာ "ဒါနတော ဘောဂဝါ" လူ့ဘုံ လူဖြစ်လို့ရှိရင် ပစ္စည်းဥစ္စာ ပေါများတယ်၊ သူဌေးကြီး, သူကြွယ်ကြီး, ပဒေသရာဇ်, ကေရာဇ်, စကြာမင်း စသည်ဖြင့် လူ့ဘုံ ရသင့် ရထိုက်တဲ့ စည်းစိမ်ချမ်းသာ အများ ကြီး ရကြတာ ဒါနကြောင့် ရတာဘဲ၊ နတ်ဘုံမှာ နတ်တို့၏ စည်းစိမ်ချမ်းသာ ရကြတာ ဒါနကြောင့် ရတာဘဲ၊ ဒါန များများကြီး ပြုထားပြီး သီလ မပါ ဘူးဆိုရင် အပါယ် ကျသွားတတ်တယ်၊ အပါယ် ကျသွားရင် ဂတိဝိပတ္တိ ဖြစ်ပြီး တော့ နေလေတော့ ခုတင်က အားထုတ်ပြီး ထားခဲ့တဲ့ ဒါန ပေတယ်လို့ အပါယ်ဘုံ လာပြီး အကျိုးမပေးနိုင်ဘူး၊ သီလ ကျင့်သုံးမှ ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလ, သီလနှင့် ပြည့်စုံမှ လူ့ဘုံ နတ်ဘုံ သုဂတိဘုံ ဘဝ ရောက်နိုင်တယ်။

သုဂတိဘုံဘဝ ရောက်မှ ဒါနတွေက အကျိုးပေးနိုင်တယ်၊ ဒါကြောင့် နတ်ဘုံတွေတော့ ထားပါဦးတော့၊ လူ့ဘုံမှာ တွေ့ကြရ မြင်ကြရ ကြား ကြရ ပစ္စည်းဥစ္စာတွေနဲ့ ပြည့်လို့ ပေါများလို့ ချမ်းသာခြင်း ဟူသမျှတွေ ဒါနက အကျိုးပေးတယ်၊ ဒီ ဒါနတွေ အကျိုးပေးလို့ မနုဿသမ္ပတ္တိ လူတို့၏ စည်းစိမ် ခံစံခွင့် ရအောင် သီလက လူ့ဘုံ အကျိုးပေးတယ်၊ နတ်ဘုံလဲ ထို့အတူဘဲ၊ ဒါနနဲ့ သီလနဲ့ တွဲပြီးတော့ နိဗ္ဗာန်မရမီ ကောင်းတဲ့ သုဂတိဘဝ ရပြီးတော့ ချမ်းသာနိုင်တယ်၊ ဘုရားဖြစ်ခြင်းရဲ့အကြောင်း ဒီသာ မကသေးဘူး၊ ဒါနပြီး သီလ၊ သီလပြီး နေက္ခမ္မ၊ နေက္ခမ္မဆိုတာက တောထွက်တာ ခေါ်တယ်။

နေက္ခမ္မကျတော့ ဘုရားဖြစ်ကြောင်း၊ ဒါနနဲ့ သီလဆိုတာ နဲပြီးတော့နေသေးတယ်၊ ဘုရားဖြစ်ဖို့ အခြေလောက်သာ ရှိသေးတယ်။ တောထွက်ပြီးတော့ အထက်တန်း တရားတွေ အားထုတ်မှ သမထဝိပဿနာ ကမ္မဋ္ဌာန်းတွေ အားထုတ်မှ နိဗ္ဗာန်ရောက်နိုင်မယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်မယ်၊ ဒါဖြစ်လေတော့ကို တောထွက်ခြင်းဆိုတဲ့ နေက္ခမ္မပါရမီကိုလဲ ဖြည့်ဦးမှတော်မယ်လို့ နေက္ခမ္မပါရမီကို ဖြည့်ပြန်တယ်။

ဤကဲ့သို့စသည်ဖြင့် ပါရမီဆယ်ပါး အကုန်လုံး ကြည့်ရှုဆင်ခြင်ပြီးတော့ ပါရမီဆယ်ပါး အပြားသုံးဆယ်ကို ဖြည့်ကျင့်တယ်၊ လေးသင်္ချေနဲ့ ကမ္ဘာတသိန်းတိုင်တိုင်ကြာလို့ မလူဘူးတဲ့ အလှူမရှိ ဆောက်တည်ကျင့်သုံးတဲ့ သီလဆိုရင် ပုထုဇဉ်တို့ ကျင့်သုံးထိုက်သမျှ အကုန်လုံး အလောင်းတော် ဖြည့်ကျင့်တော်မူတယ်။

ပညာနှင့်စပ်ပြန်လဲ သမထဝိပဿနာ လောကီစျာန်တွေ အကုန်လုံး ရတယ်၊ ပါရမီဆယ်ပါး အပြားသုံးဆယ် တသံသရာလုံး ဗျာဒိတ် ရပြီးတဲ့နောက် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ငြိုငြိုငြင်ငြင် ပင်ပင်ပန်းပန်း ဖြည့်ကျင့်တော်မူခဲ့တယ်။

တခါတရံ ခုတင်ကပြောခဲ့တဲ့ သိဝိမင်းကြီးများလိုပေါ့လေ၊ မျက်စိဖောက်တယ် ဆိုတော့ မဆင်းရဲဘဲ မနေဘူး၊ ဆင်းရဲ ပင်ပန်းခံပြီးတော့ လှူဒါန်းရတယ်၊ တရံတခါ အသက်ဘဲအသေခံပြီးတော့ ပါရမီကိုဖြည့်ရတယ်၊ ဒီတော့ကို ဘုရားအလောင်းတော် ပါရမီဆယ်ပါးဖြည့်လို့ ဘုရားဖြစ်၊ ပစ္စေကဗုဒ္ဓါအလောင်းဆိုရင်လဲ ဒီပါရမီဆယ်ပါး ဖြည့်ရမှာဘဲ၊ သာဝက အလောင်းဆိုရင်လဲ ဒီပါရမီဆယ်ပါး ဖြည့်ရမှာဘဲ၊ကမ္ဘာအသင်္ချေ ကြာကြာကြီးဖြည့်ရတာနဲ့ သိပ်ပြီးတော့ မကြာဘဲ ဖြည့်ရတာဘဲထူးတယ်၊ အညံ့ဆုံးဖြစ်တဲ့ ပကတိ သာဝက များမှာ တဘဝနဲ့- နှစ်ဘဝနဲ့ ဘဝတိုတိုနဲ့ နိဗ္ဗာန်ရောက်ဖို့ ဆိုရင် ဒီပါရမီဆယ်ပါး ဖြည့်ရမှာဘဲ။

ဒီတော့ကို ယခု သာမည၊ နိဗ္ဗာန်ကို အလွယ်တကူနဲ့ ရောက်ချင်တဲ့လူများ ဆိုရင် ပါရမီဆယ်ပါး ဖြည့်ရမှာဘဲ၊ ပါရမီဆယ်ပါး ဖြည့်ရမှာ ဖြစ်တော့ ဖြည့်ကြရဲလားဆိုတော့ ပါရမီဆယ်ပါး ဆယ်ပါးလုံး စေ့အောင် မရေတွက်တတ်တဲ့လူက များလိမ့်မယ်၊ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရား ရပါလို၏ ဆုတောင်းတတ်တဲ့ လူကတော့ ပေါပါရဲ့၊ ပါရမီ ဆယ်ပါးလုံး စေ့အောင် ရေတွက်ပြစမ်းပါ ဆိုလို့ရှိရင် ဆယ်ပါး စေ့အောင် မရေတွက်နိုင်တဲ့ ပုဂ္ဂိုလ်က

များမယ်၊ တချို့တချို့ ကြားဘူးနားဝနဲ့ တပါးဘဲ နှစ်ပါးဘဲ ငါးပါးဘဲ ရှစ်ပါးဘဲ စသည်ဖြင့် အစဉ်အတိုင်း မဟုတ်သော်လဲ ပြောတတ်သလို ကိုယ်သိသမျှ ပါရမီတွေကို ထိထိရောက်ရောက် ဖြည့်ပြီးတော့သွားရင် အချို့လစ်လပ်နေတဲ့လူများ အများကြီး ရှိကြလိမ့်ဦးမယ်။

ဒါကြောင့် ယခု တရားနာကြရတဲ့ လူများပေါ့လေ၊ ရှေးကလဲ မိမိတို့ တတ်အားသမျှ ပါရမီ ဖြည့်ကျင့်ပြီးတော့နေကြတာဘဲ၊ သို့သော်လဲ နောင်ပိုပြီးတော့ သတိထားပြီးတော့ ပါရမီဆယ်ပါးအစ ဒါနတဲ့ ဒီ ဒါန ကုသိုလ်ကို ပါရမီမြောက် နိဗ္ဗာန် တောင့်တပြီးတော့ ဒါနကုသိုလ် ဖြစ်စေမယ် ဒါနပါရမီဖြည့်မယ်၊ သတိထားပြီးတော့ ပါရမီဆယ်ပါး တပါးအဝင်အပါဖြစ်တဲ့ ဒါနပါရမီပြုလို့၊ သီလပါရမီ ဖြည့်လို့ နေက္ခမ္မ ပါရမီပြုလို့ ပါရမီဆယ်ပါးလုံးပေါ့လေ၊သတိ ရရပြီးတော့ ပါရမီဖြည့်သွားလို့ရှိရင် မိမိတို့ တောင့်တတဲ့ နိဗ္ဗာန်ကို အမြန်ရနိုင်မယ်၊ အမြန်ရဖို့ ကိုယ်စီ ကိုယ်စီ ပါရမီကို ဖြည့်နိုင်ကြပါစေ။

(၁၃၁၆-ခု၊ ဥုးသံဒင်, ဒေါ်ကြင် ကြီးမှူးသော လူထု ပရိသတ် ဟောတော်မူသည်)။

# ကုသိုလ်အစစ်ပြတရားတော်

## နှုတ်မြွက်တရား အမှတ်(၂)

"သုသုခံ ဝတ နိဗ္ဗာနံ"နိဗ္ဗာနံ- နိဗ္ဗာန်သည်။ သုသုခံဝတ- အလွန် ချမ်းသာပေစွတကား။ နိဗ္ဗာန်ဆိုတဲ့ ချမ်းသာဟာ အလွန်ချမ်းသာတဲ့ ချမ်းသာဘဲ၊ ဘယ်ချမ်းသာမျိုးမဆို နိဗ္ဗာန်ကိုမှီတဲ့ ချမ်းသာ မရှိဘူး၊ လူ့ချမ်းသာ ချမ်းသာပါရဲ့၊ နတ်ချမ်းသာ ချမ်းသာပါရဲ့၊ ဗြဟ္မာချမ်းသာ ချမ်းသာပါရဲ့၊ သို့သော်လဲ နိဗ္ဗာန်ချမ်းသာလောက်တော့ မချမ်းသာပါဘူး။

နိဗ္ဗာန်ချမ်းသာဟာ အလွန်အကဲ အမြင့်မြတ်ဆုံးသော ချမ်းသာဘဲ၊ "နိဗ္ဗာနံ ပရမံ သုခံ" ဒီလိုလဲဘဲ ဘုရားရှင်ဟောတော်မူတယ်၊ နိဗ္ဗာနံ- နိဗ္ဗာန်သည်။ ပရမံသုခံ၊ အမြင့်မြတ်ဆုံး အလွန်ဆုံးသော ချမ်းသာကြီးပါပေတည်း။ ဒီတော့ကို အမြတ်ဆုံးသောချမ်းသာ၊ အကောင်းဆုံးသော အလွန်ဆုံးသော ချမ်းသာဟာ နိဗ္ဗာန်ဘဲ။

ထိုနိဗ္ဗာန် ချမ်းသာတယ်ဆိုလို့ သူတော်ကောင်းမှန်သမျှ လိုချင်ကြတယ်၊ အလွန် အမင်း လိုချင်ကြတယ်၊ သို့သော် လိုချင်တိုင်းရတာမဟုတ်ဘူး၊ လိုချင်တိုင်း မရနိုင်သေးဘူး၊ နိဗ္ဗာန်ရအောင် ဘယ့်နှယ်လုပ်မလဲ၊ ကုသိုလ်ကိုပြုမှ ကုသိုလ်ရပြီးတဲ့နောက်မှ နိဗ္ဗာန်ကိုရနိုင်တယ်။ ဒါဖြစ်လေတော့ကို နိဗ္ဗာန်လိုချင်ရင် ကုသိုလ်ရအောင် အမြဲအားထုတ်ရမယ်၊ ကုသိုလ်ရလျှင် နိဗ္ဗာန်ရရော။

ထိုကုသိုလ်က ဝဋ္ဋနိဿိတကုသိုလ်၊ ဝိဝဋ္ဋနိဿိတ ကုသိုလ်ဆိုပြီး ၂-ပါး ရှိပေတယ်, ကုသိုလ်လုပ်ပေတယ်လို့ နိဗ္ဗာန်မရဘဲနဲ့ သံသရာမှာ အကျိုးပေးနေတဲ့ ကုသိုလ်မျိုးကို ဝဋ္ဋနိဿိတ ကုသိုလ်မျိုးလို့ ခေါ်ရတယ်၊ သံသရာခရီးမှ လွန်မြောက်ပြီး နိဗ္ဗာန်တိုင်ရောက်အောင် အကျိုးပေးနိုင်တဲ့ ကုသိုလ်မျိုးကိုတော့ဝိဝဋ္ဋနိဿိတကုသိုလ်မျိုးလို့ ခေါ်ရတယ်၊ဒီတော့နိဗ္ဗာန်ရချင်လျှင်ကုသိုလ်ရအောင်လုပ် ဆိုတာ ဝိဝဋ္ဋနိဿိတကုသိုလ်မျိုးကို ဆိုလိုတယ်၊ လိုရင်းသိအောင်ဆိုရင် ဘယ်ကုသိုလ်မဆို၊ ဘယ်ကောင်းမှုမဆို ကောင်းမှုမှန်သမျှ နဲနဲ, များများ, ကြီးကြီး, ငယ်ငယ် ပြုသမျှ ဤကောင်းမှုကြောင့် နိဗ္ဗာန်ချမ်းသာကိုရပါလို၏,

လို့ ဆုတောင်းပြီး ပြုတဲ့ကုသိုလ်မျိုးကို ဝိဝဋ္ဋနိဿိတ ကုသိုလ်မျိုးလို့ ခေါ်တယ်။ ဒီ ဝိဝဋ္ဋ နိဿိတ ကုသိုလ်မျိုးရှိလျှင် နိဗ္ဗာန်ရရော။

ဒီတော့ကို နိဗ္ဗာန်ဟာ ချမ်းသာသတဲ့၊ အဲဒီချမ်းသာ တကာတို့ထက် အမြင့်မြတ်ဆုံး အသာလွန်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကိုရအောင် ကုသိုလ်ကို အရင်ရအောင် အားထုတ်ရမယ်၊ကုသိုလ်ရဘို့ရာဆိုတာလဲ အားမထုတ်တတ်ရင်လွယ်တာမဟုတ်ဘူး၊ တရံတခါ သာသနာပ ဖြစ်လို့ရှိလျှင် ကုသိုလ်ရအောင် အားထုတ်ပုံကိုမှ မသိကြ၊ အားမထုတ်ကြဘူး၊ သာသနာတော်နဲ့ ကြုံကြိုက်တဲ့ အချိန်အခါမှသာ ကုသိုလ်ရဘို့ အားထုတ်တတ်ကြ သိကြတယ်။

ကုသိုလ်ရဘို့ အကြောင်းကလဲ ရှိသေးတယ်၊ ဘာလဲဆိုတော့ ခန္တီဘဲ၊ ၃၇-ပါးသော မဂ်လာတရားတို့ကွင် တပါးအဝင်ဖြစ်တဲ့ ခန္တီတရားဘဲ အဲဒီ ခန္တီတရားရှိလျှင် ကုသိုလ်ရရော၊ ခန္တီမရှိ၊ မရှိလျှင် ကုသိုလ်မရနိုင်။ နားလည်တဲ့လူတွေချည်းဖြစ်ကြပါလိမ့်မယ်၊ ဒါကြောင့် ဘုရားရှင်က-

**သီလ သမာဓိပညာနံ၊ ခန္တိ ပဓာန ကာရဏာ၊**

**သဗ္ဗေပိ ကုသလာ ဓမ္မာ၊ ခန္တျာယတ္တာ ဝဍ္ဎရေ။**

လို့ ဟောတော်မူတယ်။

ခန္တိ- သည်းခံခြင်းသည်။ သီလသမာဓိပညာနံ- သီလသမာဓိပညာတို့၏။ ပဓာနကာရဏာ- အရင်းမူလ ပဓာနဖြစ်သော အကြောင်းပေတည်း။ သဗ္ဗေ- အလုံးစုံကုန်သော။ ကုသလာဓမ္မာပိ- ကုသိုလ်တရားတို့သည်လည်း။ ခန္တျာယတ္တာ- သည်းခံခြင်း ခန္တီတရားနှင့် စပ်ကုန်သော်သာလျှင်။ ဝဍ္ဎရေ- ပွားများတိုးပွားနိုင်ကုန်၏။

သည်းခံဆိုတဲ့ ခန္တီတရားရှိလျှင် ကုသိုလ်ရရော၊ သည်းခံဆိုတဲ့ ခန္တီတရားမရှိလျှင် ကုသိုလ်မရဘူး၊ ဒါကို မြဲမြဲမှတ်သား ကြရမယ်၊ ဒီတော့ သည်းခံနိုင်တဲ့ ခန္တီတရားနဲ့ ပြည့်စုံကြရမယ်၊ ခန္တီတရားနဲ့ ပြည့်စုံလျှင် ကုသိုလ်တွေရရော၊ကုသိုလ်တွေ တိုးပွားလာလျှင် အချမ်းသာဆုံး အမြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ကိုရရော။

ဒီတော့ အချမ်းသာဆုံး ဖြစ်တဲ့ နိဗ္ဗာန်ရခြင်းရဲ့ အကြောင်း ကောင်းမြတ်သော ပါရမီ ကုသိုလ်တွေရဘို့ ထို ကုသိုလ် ထမြောက် အောင်မြင် နိုင်

အောင် သည်းခံကြဘို့ ကိုယ်စီ ကိုယ်စီ အသီးအသီး နှလုံးသွင်းနိုင်ကြပါစေ သတည်း။

(ကျောင်းဒကာ ဦးသာဒင်–ဒေါ်ကြင်တို့၏ ဇေယမေဒနီကျောင်း ရေစက်ချပွဲ၌ သီလပေးသနား၍ ဩဝါဒတရား ဟောကြားသည်။)

ဆက်လက်ပြီး အနီးစခန်းဆရာတော် ဟောကြားသည်၊ ညဥ့်တရားပွဲများ အဖြစ် မဟာဝိဇ္ဇောဒယ ဆရာတော် တိပိဋကဓရ မင်းကွန်း ဆရာတော်တို့က ၂–ညဥ့် ဟောကြားပြီးဖြစ်သည်။

---

## ကုသိုလ်ပုည မကြောက်ကြလင့်တရား

### နှုတ်မြွက်တရား အမှတ်(၃)

"ပုညံ ဘိက္ခဝေ မာဘာယိတ္ထ" ဘိက္ခဝေ–ရဟန်းတို့။ ပုညံ–ကုသိုလ်ကို။ မာဘာယိတ္ထ–မကြောက်ကြကုန်လင့်။ ဘိက္ခဝေ–သံသရာဘေးကို ရှုလေ့ရှိကုန်သော သူတော်ကောင်းတို့။ ပုညံ–ကုသိုလ်ကို။ မာဘာယိတ္ထ–မကြောက်ကြကုန်လင့်။ ဒီပဲယင်း ဆရာတော်ဘုရားကြီးကဆိုလျှင် ဘိက္ခဝေ– ချစ်သားချစ်သမီးတို့။ ပုညံ–ကုသိုလ်ကို။ မာဘာယိတ္ထ–မကြောက်ကြကုန်လင့်။

ဘုရားရှင် ဟောတော်မူတယ်၊ ကုသိုလ်ကို ကြောက်တဲ့သူ ရှိသေးတယ်၊ ကုသိုလ်ပြုမှုကို ပျင်းရိတဲ့သူ၊ ကုသိုလ် ပြုရမှာကို ကြောက်တဲ့သူ လောကမှာ ရှိသေးတယ်။ ဘာ့ကြောင့်ပျင်းသလဲ၊ ကုသိုလ်ပြုရမှာ ဘာ့ကြောင့် ကြောက်သလဲ ဆိုတော့ လိုရင်းကိုတော့ မိမိသန္တာန်ဝယ် ဉာဏ်ပညာမရှိလို့၊ကုသိုလ်ကောင်းမှုကို ကောင်းမှန်း မသိလို့ ဖြစ်တယ်။

ကုသိုလ်ဆိုတာ ကာယကံကုသိုလ်၊ ဝစီကံ ကုသိုလ်၊ မနောကံ ကုသိုလ်။ ဒီကုသိုလ် ၃–မျိုး ရပြီဆိုလို့ရှိရင် သံသရာ ကျင်လည်တဲ့အခါလဲဘဲ လူ့ချမ်းသာ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ၊ လူ့ဘုံလဲဘဲ ချမ်းသာအမျိုးမျိုးရှိ၊ နတ်၊ဗြဟ္မာ

ဘုံလဲ ချမ်းသာ အမျိုးမျိုးရှိ။ ဒီချမ်းသာတွေကို ကုသိုလ်ကပေးလို့ ရကြတယ်။ လောကီချမ်းသာထက် လွန်မြတ်တဲ့ မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာ ဆိုတဲ့ လောကုတ္တရာချမ်းသာကိုလဲဘဲ ကုသိုလ်က ပေးတာဘဲ။ သို့သော် လောကီ ကျိုးကိုပေးတဲ့ ကုသိုလ်ကတမျိုး၊ လောကုတ္တရာကျိုးကိုပေးတဲ့ ကုသိုလ်ကတမျိုး၊ သိလွယ်အောင် ပြောကြပါစို့ရဲ့။

ဒါနဆိုတဲ့ အလှူ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်း လေးပါးကို သံဃာတော်များ လှူတဲ့အခါ ဤကောင်းမှုကြောင့် လူ့စည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာစည်းစိမ် တောင့်တလှူဒါန်းတဲ့ ကုသိုလ်မျိုးကို ဝဋ္ဋနိဿိတ ကုသိုလ်မျိုးလို့ ခေါ်တယ်၊ နိဗ္ဗာန်ရောက်အောင် အကျိုးမပေးနိုင်ဘူး၊ ဒါကုသိုလ် တမျိုး။

သင်္ကန်းတို့ ဆွမ်းတို့ ကျောင်းတို့ လှူတဲ့အခါ ဤကောင်းမှုကြောင့် ဘေးခပ်သိမ်းတို့၏ ကုန်ငြိမ်းရာ နိဗ္ဗာန် ချမ်းသာကို ရလိုပါတယ်၊ နိဗ္ဗာန် ချမ်းသာကို ရပါရစေ ဒီလို တောင့်တပြီး လှူဒါန်းလို့ ရှိရင် ထိုဒါနက ဘဲ နိဗ္ဗာန် တိုင်အောင် အကျိုးပေးမယ်။ ဒါကို ဝိဝဋ္ဋနိဿိတ ကုသိုလ်လို့ ခေါ်တယ်။

အဲဒီလို လောကီချမ်းသာ လောကုတ္တရာ ချမ်းသာကို ရမယ်မသိကြတော့, ကုသိုလ်ပြုရမှာ ကြောက်နေကြတယ်။

ဒါန ဆိုပါတော့ ကိုယ်ပိုင် ပစ္စည်း သူတပါး ပစ္စည်း သူတပါးပေးရတာ နှမြောစုံမက်ကြလို့ မပေးရက် မလှူရက်ကြဘူး၊ ဘုရားရှင်ကတော့ ဒါန ဆိုတာ ခုတင်က ပြောသလို လောကီ ချမ်းသာလဲဘဲ ရနိုင်တယ်၊ လောကုတ္တရာ ချမ်းသာလဲဘဲ ရနိုင်တယ်၊ ဤကဲ့သို့ ဒါန၏ အကျိုးကို ငါဘုရား မြင်သကဲ့သို့ လူတွေ နတ်တွေ သတ္တဝါတွေ မြင်သိကြလျှင် စားစရာ သောက်စရာ ကိုယ်တိုင် မစားမသောက်ဘဲနဲ့ သူတပါးကို ပေးလှူလိမ့်မယ်၊ လှူနိုင်မှာဘဲ၊ ဒီလို ဒါန၏အကျိုးကို မသိလို့ မလှူရက် မတန်းရက် မပေးရက် ကြဘူး၊ ဒီတော့ ဒါနပြုရမှာ ကြောက်ပြီးနေကြတယ်၊ လှူဒါန်းရမှာ ကြောက်ပြီး နေကြတယ်၊ ကိုယ့်မှာ ရှိတဲ့ ပစ္စည်းကလေး ယုတ်လျော့ပြီး ကုန်ခန်းသွားမှာ ကြောက်နေကြတယ်။

ကြောက်တဲ့သူနဲ့ မကြောက်တဲ့သူ ဘယ်သူက များသလဲ၊ ကြောက်တဲ့ သူတွေက များနေကြတယ်၊ ကြောက်တဲ့သူတွေ များတဲ့အဖြစ်ကို ဘုရားရှင် မြင်တော်မူတယ်၊ ဒီတော့ကို "ပုညံ ဘိက္ခဝေ မာဘာယိတ္ထ"လို့ ဘုရားရှင် ဟောယူတော်မူရတယ်။

ဘုရားရှင်ကဟောတော့ ကုသိုလ် မကြောက်ကြဘဲ လှူရဲတဲ့ ပုဂ္ဂိုလ်၊ ဒါန ကုသိုလ် မကြောက်တဲ့ လှူနိုင်တဲ့ ပုဂ္ဂိုလ်တွေ အများကြီး ပေါ်လာကြတယ်၊ သီလ ကုသိုလ်နှင့် စပ်လို့လဲ မပျင်း မကြောက်ဘဲ စောင့်ရှောက် ဆောက်တည် ကြတယ်။ အချို့ အချို့ ပုဂ္ဂိုလ်များ ကိုယ့်ပစ္စည်းမရှိဘူး၊ နောင်မှ ကြွေးဆပ်မယ် ဆိုပြီး ကြွေး ယူပြီး လှူဒါန်း ကြတယ်၊ အဲဒီလို စသည်ဖြင့် ဒါန၏ အကျိုး, သီလ၏ အကျိုး, သမထ ဝိပဿနာ ဘာဝနာ၏ အကျိုးကို မြင်ပြီဆိုလျှင် ရှိရင် ဒါနကုသိုလ် ပြုရမှာလဲ မကြောက်ပါဘူး၊ သီလကုသိုလ် ပြုရမှာလဲ မကြောက် ပါဘူး၊ ဘာဝနာ ကုသိုလ် ပြုရမှာလဲ မကြောက်ပါဘူး၊ ဘယ် ကုသိုလ် ပြုရမယ် ဆိုဆို ပျင်းလဲမပျင်းပါဘူး။

အဲသလို မပျင်းလို့ ဒါန, သီလ, ဘာဝနာ လေ့လာ ပွားများ အားထုတ် ပြီးတော့ ဘုရားရှင် တိုက်တွန်း တော်မူသည့် အတိုင်း ကုသိုလ်ကို မကြောက်ဘဲ အားထုတ်ပြီး သွားကြလို့ ကုသိုလ် အကျိုးပေးသဖြင့် လူ့ပြည်မှာ ချမ်းသာ နေကြတဲ့ လူတွေ၊ နတ်,ဗြဟ္မာပြည်မှာ ချမ်းသာပြီးနေကြတဲ့ နတ်တွေ ဗြဟ္မာ တွေ မရေမတွက်နိုင်အောင် များပြားတယ်။

အများသော သူကို မဆိုထားနဲ့၊ အများသော သူကို မပြောနဲ့ ကိုယ့်ကိုယ် ကို တွေးကြည့်၊ ငါ လူ့ဘဝ လူ ဖြစ် လာ ရ တာ ဘယ်သူက လူ ဖြစ် အောင် ဖန်ဆင်းပေးသလဲ၊ ဘယ်သူက လူဖြစ်အောင် လူ့ဘဝ ရောက်အောင် ပို့ပေး သလဲ၊ ဖန်ဆင်းတတ်တဲ့ ထာဝရပုဂ္ဂိုလ်က ဖန်ဆင်းပေးတာမဟုတ်ဘူး၊ ကိုယ့်ကို အလွန်ချစ်ခင်တဲ့ ဆရာသမားများက လူဖြစ်အောင် ပို့ပေးတာလဲ မဟုတ်ဘူး၊ မိဖက၊ သား သမီးက၊ ဆွေမျိုးများ မိတ်သင်္ဂဟများက လူ့ဘဝရောက်အောင် ပို့ပေးတာ မဟုတ်ဘူး၊ ကိုယ်တိုင် ရှေးဘဝက အား ထုတ် ခဲ့ တဲ့ ကုသိုလ်ပုည က လူဖြစ်အောင် ပို့ပေးတာဖြစ်တယ်။

ဒီတော့ကို ပုည ခေါ်တဲ့ ကုသိုလ်ဟာ အလွန် အား ကိုး လောက် တယ်၊ ယခု ကိုယ်တိုင် လူ့ဘဝ ရနေတာ ရှေးဘဝက ငါ ကိုယ် တိုင် ကုသိုလ် ပုညကို အားထုတ်ခဲ့လို့ ဖြစ်ပေတယ်။

လူ့ ဘ ဝ ရောက် တာ လဲဘဲ သာမည မထင်ရှားတဲ့ ယုတ်နိမ့်တဲ့ လူမျိုး မဟုတ်သေးဘဲနဲ့ မြင့် မြတ် လို့ ဘိုးဘွား မိဘက စပြီး ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိ လူမျိုးဖြစ်ရတာ အလွန် မြင့်မြတ်တဲ့ လူ့ဘဝဘဲ၊ ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိ ဖြစ် လို့ ဒါန ပြုရင်လဲ မဂ်ဖိုလ် နိဗ္ဗာန် တောင့်တလို့ ဝိဝဋ္ဋနိဿိတ ကုသိုလ် မျိုး ပြုနိုင်၊ သီလ ဆောက်တည်နိုင်၊ ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်းနိုင်၊ ဒီလို ပါရမီ

ကုသိုလ်တွေပြုလုပ် အားထုတ်နိုင်အောင် လူ့ဘဝ ရပြီးတော့နေတဲ့ ငါ့အဖြစ်ဟာ သာမညပုညကြောင့် ဖြစ်တာမဟုတ်ဘူး၊ ထိုကဲ့သို့ အဘိုးတန်လေတော့ ဘုရားရှင်က ကုသိုလ်ပြုရမှာ မကြောက်ကြနဲ့လို့ တိုက်တွန်းတော်မူပေတယ်။

ဘုရားရှင် တိုက်တွန်းတော်မူသည့်အတိုင်း ကုသိုလ်ပြုရမှာ ငါဘယ်တော့မှ မကြောက်ဘူး၊ ကုသိုလ်ပြုတယ်ဆိုတာက သိပ်ခက်လှတာမဟုတ်ပါဘူး၊ ဒါန သီလ ဘာဝနာ ၃-မျိုးထဲက ဒါန ဆိုတာ ကိုယ့်ပစ္စည်း ပေးရတာ၊ ဧည့်သည်လာတဲ့အခါ ရေတခွက် တိုက်လိုက်ရင် ကုသိုလ်ပါဘဲ၊ ကွမ်းတယာ ပေးလိုက်ရင် ကုသိုလ်ပါဘဲ၊ ဆေးတလိပ် ပေးလိုက်ရင် ကုသိုလ်ပါဘဲ၊ ဒါနကုသိုလ်ဖြစ်တာပါဘဲ။

သီလနဲ့စပ်ပြန်ရင်လဲဘဲ ငါးပါးသီလ ရှစ်ပါးသီလ ဒါတွေ ရှောင်ကြဉ်ဖို့ ဘာမှ မခဲယဉ်းပါဘူး၊ မခဲယဉ်းတဲ့ သီလတွေ နေ့စဉ် ရနေနိုင်ကြတာဘဲ။

ဘာဝနာ ဆိုပါတော့ မိဖ စကား နားထောင်တယ်၊ မိတ်သင်္ဂဟ သူတော်ကောင်းတို့၏ ကုသိုလ်စကား နားထောင်တယ်၊ ဆရာသမားတို့၏ အဆုံးအမ ဩဝါဒကို နာယူတယ်၊ တရား ဟောတယ်၊ တရားနာတယ် ဆိုရင် ဘာဝနာကုသိုလ်တွေ ဖြစ်နေတာဘဲ၊ သိပ်ပြီးတော့ မခက်လှဘူး၊ မသိရင်သာ မလုပ်ကြတာ၊ စိတ်က သိပြီးဆိုလို့ရှိရင် ကုသိုလ်တွေဟာ ပြုလို့အင်မတန်လွယ်တယ်၊ ဒီလို လွယ်ကူတဲ့ ကုသိုလ်တွေပေမဲ့ သာမည ပုဂ္ဂိုလ်များ ပြုနိုင်တာ မဟုတ်ဘူး၊ ယခု ငါတို့ ပြုရပေတယ်လို့ ကိုယ့်အဖြစ် ကိုယ်ကြည့်ပြီးတော့ ကုသိုလ်ပုည၏ကောင်းပုံကို သိနိုင်တယ်။

ဒါကြောင့် ဘုရားရှင် တိုက်တွန်းတော်မူသည့်အတိုင်း ကုသိုလ်ပြုရမည်ကို မကြောက်ကြနဲ့ ကုသိုလ်ကောင်းမှု ပြုရမည်ကို ကြောက်လျှင် ဘာကြောက်သလဲ၊ ဘာကြောက်သည်မည်သလဲ။

"ပုညံ ဘာယတော သုခံ ဘာယတိ" ပုညံ – ကုသိုလ် ပြုရမည်ကို။ ဘာယတော– ကြောက်သောသူအား။ သုခံ–လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို။ ဘာယတိ–ကြောက်သည်မည်၏။

ကုသိုလ်ပြုရမှာ ကြောက်တဲ့သူဟာ ယခု ငါ လူဖြစ်နေတယ်၊ နောက်ဘဝ လူချမ်းသာ မရချင်ဘူး၊ ကုသိုလ်ပြုရမှာ ကြောက်လို့ရှိရင် လူ့ဘဝ ကြောက်သည် မည်တယ်၊ လူ့ဘဝ ကြောက်လျှင် ဘယ်သွားမလဲ၊ တိရစ္ဆာန်

ဖြစ်သွားမယ်၊ ခွေးဖြစ်သွားမယ်၊ ဝက်ဖြစ်သွားမယ်၊ အပါယ်ဘုံကျသွားမယ်၊ အပါယ်လေးဘုံကို ကြိုက်ရာ ကျသွားမယ်၊ လူ့ချမ်းသာ ကြောက်သည် မည်တယ်၊ ဘယ်တော့မှ နတ်မဖြစ်နိုင်ဘူး၊ ဘယ်တော့မှ ဗြဟ္မာမဖြစ်နိုင်ဘူး၊ နတ်ချမ်းသာ ဗြဟ္မာချမ်းသာကို ကြောက် သည် မည် တယ်။ လူ့ချမ်းသာ ဗြဟ္မာချမ်းသာမှ မရနိုင်လို့ရှိရင် ကုသိုလ်ပုည ကြောက်တဲ့လူဟာ နိဗ္ဗာန် ဆိုတာနဲ့တော့ ဝေးချင်တိုင်းဝေး ကွာချင်တိုင်းကွာပြီး ဘယ်တော့မှ နိဗ္ဗာန်မရနိုင်ဘူး၊ သံသရာ့သစ်ငုတ် ''သံသာရ ခါဏုက'' ခေါ်တယ်၊ သံသရာမယ် သစ်ငုတ်ကြီး သဘွယ် ဖြစ် ပြီး ဘယ် တော့ မှ အကျွတ် တရား မရနိုင်တဲ့ သတ္တဝါမျိုး ဖြစ်ပြီး တော့သွားမယ်။

ဒါကြောင့် ကုသိုလ်ကောင်းမှု ပြုရမည်ကို မကြောက်ကြဘဲ ကုသိုလ်ကောင်းမှု ပြုရတဲ့အခါ ဝမ်းမြောက် ဝမ်းသာ သဒ္ဓါတရား များများနဲ့ ပြုနိုင်ကြ၊ ဒါန သီလ ဘာဝနာ သူတော်ကောင်းတရားကို လေ့လာပွားများ အားထုတ် နိုင်ကြပါစေကုန်သတည်း။

(၁၃၁၇-ခု၊ ရှင်လူပရိသတ်အား ဟောတော်မူသည်။)

---

### အာဃာတ ပ ပျောက်ရေး တရားတော်

### နှုတ်မြွက်တရား အမှတ် (၄)

အနာထာနဥ္စ သော နာထော၊ ဘယာနံ အဘယံ ကရော၊

ကာဥ္စ ဗဟူနံ ဆေတာ၊ သုခေတာ စက္ကဝတ္တကော။

စက္ကဝတ္တကော–တရားတည်းဟူသော စကြာရတနာကို လည်စေတော်မူနိုင်သော။ သောဘဂဝါ–ထိုမြတ်စွာဘုရားသည်။ အနာထာနံ–ကိုးကွယ်ရာ မရှိကြ ကုန် သော သူ တို့၏။ အနာထာနံ–ကိုးစားရာ မရှိကြ ကုန် သော သူ တို့၏။ အနာထာနံ–ကိုးကွယ်ရာ မှီခိုရာ မရှိကြ ကုန် သော သူ တို့ ၏။ နာထော–ကိုးစားရာ မှီခိုရာ ခိုကိုးရာ ဖြစ်တော်မူ၏။ ဘယာနံ–ဘေးရောက်၍ ဘေးသင့်၍

နေကြကုန်သော သူတို့ကို၊ အဘယံ ကရော– ဘေး မရောက် အောင် ပြု တော်မူ တတ်၏။ ဗဟူနံ– များ စွာ ကုန် သော သတ္တဝါ တို့၏။ ဗဟူနံ– လူနတ် ဗြဟ္မာ သတ္တဝါ တို့၏။ ကင်္ခ္ဂ– ယုံမှား သံသယကို လည်း။ ဆေတာ– ပယ် ဖြတ် တော် မူတတ်၏။ သုခေတာ– ဆင်းရဲသော သတ္တဝါများ အပေါင်းကိုလည်း ချမ်းသာ စေတော်မူနိုင်၏။

ဘုရားရှင် ဂုဏ်တော်နှင့်စပ်လို့ ဘုရားရှင် ကိုယ်တော်မြတ်ကို ကြည်ညိုစရာလဲ ကောင်းရဲ့၊ အားကိုးစရာ အားထားစရာလဲဘဲ ကောင်းရဲ့၊ အားကိုးချင်စရာ၊ အားထားချင်စရာဘဲ။ ဒီလို အားကိုးစရာ ကောင်းလေတော့ကို "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဗုဒ္ဓံ-မြတ်စွာဘုရားကို။ သရဏံ–ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ– မှီဝဲ ဆည်းကပ်ပါ၏။ ဒီလိုလူတွေက ဘုရားကို ကိုးကွယ်ကြ ဆည်းကပ်ကြ မှီခိုကြ အား ထားကြ၊ နတ်တွေ ဗြဟ္မာတွေက ထို့အတူ မှီခိုလေးစားကြ အားထားကြတယ်။

"ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ" မေ–ငါ၏။ သရဏံ–ကိုးကွယ်မှီခိုရာကား၊ ဗုဒ္ဓေါ– ဘု ရား တည်း။ အညံ– ဘုရားရှင်မှ တပါးသော၊ သရဏံ–အားထားရာ မှီခိုရာ ကိုး ကွယ် ရာ သည်။ နတ္ထိ–မရှိ။ ဒီလိုလဲဘဲ ရွတ် ဘတ် ပြီး ဘု ရား ရှင် ကို ကြည်ညိုကြ လေးစားကြ အားကိုးကြတယ်၊ လူတွေက အားထားကြတဲ့ ဘုရား၊ လူတွေ နတ်တွေ ဗြဟ္မာတွေက အားထားကြတဲ့ ဘုရား၊ အားကိုးကြတဲ့ ဘုရား။ ဘာ့ကြောင့် ဒီလိုအားကိုးကြသလဲ–

ဘုရားရှင်မှတပါး လူရော နတ်ရော ဗြဟ္မာရော ဆိုပါတော့၊ အပါယ်လေး ဘုံသားတွေတော့ မဆိုထားပါနဲ့တော့ သုဂတိဘုံဌာနလို့ဆိုရတဲ့ လူ့ဘုံ နတ်ဘုံ၊ ဗြဟ္မာဘုံတောင် သတ္တဝါတွေ အလွန်ဘေးရန်များတယ်၊ နတ်ဗြဟ္မာများတော့ ထားပါဦးတော့၊ လူ့ပြေဆိုလို့ရှိရင် နတ်ဗြဟ္မာတွေထက် ပိုပြီးတော့ ဘေးတွေ ရန်တွေ အန္တရာယ်တွေ များပြားတယ်၊ မိမိတို့ ယုံကြည် ထင်မှတ်ကြသည့်အတိုင်း တပည့်သား မြေးများက ဆရာ အားကိုးကြတာပေါ့၊ မိတ်သင်္ဂဟ အချင်းချင်း နီးစပ်ရာ အားကိုးရာအားထားစရာ အမျိုးမျိုး၊ ငယ်တဲ့လူက ကြီးတဲ့လူအားကိုး၊ ကြီးတဲ့ လူက ငယ်တဲ့လူအားကိုး၊ ဒီလို အားကိုးပြီး နေကြပေတယ်လို့ အမှန် မုချတော့ အားကိုးရာ အစစ်ကြီး မဖြစ်နိုင်ဘူး။

သားသမီးက မိဘ အား ကိုး တော့ မိဘက သား သ မီး များ ကို တစုံ တရာ ဘေး ရန် အန္တရာယ် မဖြစ်အောင် ကူညီ ထောက်ပံ့ နိုင်သလား ဆိုတော့

လွတ်လွတ်လပ်လပ်ကြီး မထောက်ပံ့နိုင်ဘူး၊ ကြီးမားတဲ့ အန္တရာယ်၊ ကြီးမားတဲ့ ဘေးရန်နဲ့ တွေ့ရင် သားသမီးတွေကို မိဖက စွန့်လွှတ်ရတယ်၊ ဘယ်လို နည်းနဲ့မှ မကယ်နိုင်ဘူး၊ မုချအမှန် ဘေးရန်ကင်းအောင် ကယ်နိုင်တာကတော့ ဘုရားဘဲ၊ ဘုရားကိုသာလျှင် အားကိုးကြရမယ်၊ ဘုရားရှင်မှ တပါး အားကိုးစရာ ငါ့မှာ မရှိဘူး၊ "ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ"ဆိုတဲ့အတိုင်း ဘုရားသာ အားကိုးရာ အစစ်ဘဲ၊အားကိုးရာအစစ် ဖြစ်တဲ့အတိုင်း တကဲ့အရေးနဲ့ကြုံလာရင် ဘုရားကိုသာ အားကိုးကြရတယ်။

သတ္တဝါတွေက ဒီလို ဘုရားရှင်ကို အားကိုးရမှန်း မသိကြဘူး၊ အားကိုးရမှန်း မသိတဲ့အပြင် ကိုယ့်မှာ ဘေးတွေရန်တွေ အန္တရာယ်တွေ ဘယ်ရွှေဘယ်မျှ ဝန်း ဝိုင်းပြီး နေတယ်ဆိုတာလဲ မသိကြဘူး၊ ဒီလို မသိတဲ့ သတ္တဝါတွေ အများကြီး ရှိတယ်၊ ကိုယ့်ကိုယ်ကို အားကိုးပြီးတော့ ဘယ်ရန်သူမှ မကြောက်သလို နေကြ တယ်၊ ဘေးကိုဘေးမှန်းမသိ၊ ရန်ကိုရန်မှန်းမသိ၊ မသိနိုင် မမြင်နိုင်ကြဘဲနဲ့ နေကြ တယ်၊ ဒီလို မသိနိုင် မမြင်နိုင်တာက "မောဟ"ဘဲ။

မောဟဖုံးလွှမ်းပြီး နေတော့ကို သတ္တဝါတွေ ဘယ်ရန်မှမမြင်ဘူး၊ အကယ်၍ သိတဲ့လူက ပြောလို့ ကြားဘူးလို့ ဘယ်ဟာ ရန်သူဘဲ၊ ဘယ်ဟာ ဘေးဘဲလို့ သိပေတယ်လို့ တော်ကြာ မေ့ပစ်တာ၊ ဘေးကို ဘေးမှန်း ရန်မှန်း ကြောက်ရမှန်း မသိဘူး၊ ဘာကြောင့် မသိလဲဆိုရင် မောဟကြောင့်ဘဲတဲ့။

**ဘဝေ ရမန္တိ မုဠှတ္တာ၊ လောကေ ဘူတံ အဒဿနာ။**
**သရဘာဝိယ အဂ္ဂိမှာ၊ သေက္ခာ ဟိဋ္ဌေန္တိ ဒဿနာ။**

လောကေ-လောက၌။ ဘူတံ-ဟုတ်တိုင်း မှန်စွာ။ အဒဿနာ- မမြင်ရကုန် သော သတ္တဝါတို့သည်။ အဂ္ဂိမှိ- မီး၌။ သရဘာ-ပိုးပရန်တို့သည်။ ရမန္တိဝိယ- ပျော်ပိုက်နိုင်ကြသကဲ့သို့။ ဘဝေ- ဘုံသုံးပါး၌။ မုဠှတ္တာ- မောဟဖြင့် တွေဝေ မိုက်မှား မမြင်သည့်အဖြစ်ကြောင့်။ ရမန္တိ- မွေ့လျော်နိုင်ကြကုန်၏။ ဒဿနာ- ဟုတ်တိုင်းမှန်စွာ သိမြင်နိုင်ကြကုန်သော။ အသေက္ခာ ပန-ရဟန္တာ အရှင်မြတ် တို့သည်ကား။ ဘဝေ-ဘုံသုံးပါး၌။ ဟိဋ္ဌေန္တိ- ကဲ့ရဲ့တော်မူနိုင်ကြကုန်၏။

ဒီလို ဆိုထားတာ ရှိတယ်၊ မောဟ အဝိဇ္ဇာ ဖုံးလွှမ်းတော့ ဘယ်ဘေးကိုမှ မမြင်ဘူး၊ ကြောက်ရမှန်း မသိဘူး၊ စိုးရိမ်ရမှန်း မသိဘူး၊ ပူပန်ရမှန်းမသိဘူး၊

အမှတ်တမဲ့ မေ့လျော့ပြီးတော့ ကိုယ် ကြိုက်သလို လောဘနဲ့ ပျော်နေကြ၊ ဒေါသနဲ့ ပျော်နေကြ၊ မောဟနဲ့ ပျော်နေကြတယ်။

ဘုရားရှင် သာသနာတော်နဲ့ ကြုံကြိုက်တဲ့ အခါမျိုးမှ ဘေးရန်တွေ အလွန်များပါကလားလို့ အမှန်သိတယ်၊ ဘေးရန်တွေမြင်၊ ဘေးရန်တွေ ကြောက်၍ ကိုးကွယ်ရာ လှည့်လှည့်ပြီး ရှာတော့ ဘုရားရှင်ကိုတွေ့၊ ဘုရားရှင်ကို မြင်တယ်၊ ဒီတော့မှ ဘုရားရှင်ကို "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ" ဒီလို နှုတ်က ရွတ်ဆိုပြီးတော့ ဘုရား အားကိုးကြ၊ ဘုရားဆည်းကပ်ကြ၊ ဒီဘေး ဒီရန်တွေ ဘုရားရှမ်မှ ကယ်ဆယ်နိုင်မှာဘဲလို့ မြင်ကြသိကြတယ်။

ဘုရားလဲဘဲ သတ္တဝါတွေရဲ့ ကိုးစားရာ၊တရားတော်လဲ ကိုးစားရာ၊သံဃာတော်လဲဘဲ ကိုးစားရာဘဲ၊ ရတနာသုံးပါး ပေါ်ပြီးလာတော့ သတ္တဝါတွေ အပုံကြီး သက်သာရာ ရကြတယ်၊ သာမည ဘေးရန်ကို မဆိုထားနဲ့၊ သံသရာ့ ဘေးရန် သံသရာ့ ဝဋ္ဋဒုက္ခကြီးမှကင်းလို့ နိဗ္ဗာန်တောင် ရောက်သွားကြတယ်၊ နိဗ္ဗာန်ဆိုတဲ့ ဘေးကင်းရာဌာနကြီး ရောက်ပြီးတော့ သွားနိုင်တယ်၊ အဲဒီလို ဘေးကင်းရာ နိဗ္ဗာန်ရောက်အောင် ကယ်ဆယ်နိုင်တဲ့ ပုဂ္ဂိုလ်၊ နိဗ္ဗာန် မရမီ သံသရာ ကျင်လည်တဲ့အခါ အခန့်မသင့်လို့ ဘေးနဲ့တွေ့၊ ရန်နဲ့တွေ့တော့ ဘေးကင်းလွတ်အောင် ကယ်ဆယ်နိုင်တာ "ဗုဒ္ဓ" ခေါ်တဲ့ ဘုရားဘဲရှိတယ်။ ဒါကြောင့်—

**အနာထာနဉ္စ သော နာထော၊**
**ဘယာနံ အဘယံ ကရော။**

သော ဘဂဝါ-ထိုမြတ်စွာဘုရားသည်။ အနာထာနံ-ကိုးကွယ်ရာ ကိုးစားရာ မှီခိုရာ မရှိကြကုန်သောသူတို့၏။ နာထော-ကိုးစားရာ မှီခိုရာ ခိုကိုးရာ ဖြစ်တော်မူ၏။ ဘယာနံ-ဘေးရောက်၍ ဘေးသင့်၍ နေကြကုန်သော သူတို့ကို၊ အဘယံ ကရော-ဘေးမရောက်အောင် ပြုတော်မူတတ်၏-လို့ ဆိုရတယ်။

သေချာ စဉ်းစားလို့ရှိရင် ဉာဏ်ရှိတဲ့ လူတော့ မြင်မှာပါဘဲ၊ သိမှာပါဘဲ၊ သာသနာတော်တွင်း ကြုံကြိုက်လို့ သာသနာကြည်ညိုတဲ့လူဆိုလို့ရှိရင် သိကြမှာဘဲ၊ သို့သော် အမှတ်တမဲ့ မေ့ပြီးတော့နေကြတယ်၊ အမှတ်တမဲ့ မမေ့ရအောင် အမြဲ သရဏဂုံတည်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ရလေအောင် နေ့စဉ်မပြတ်"ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ" မေ-ငါ၏။ သရဏံ- ကိုးကွယ်ရာကား။ ဗုဒ္ဓေါ- ဘုရားရှင်တည်း။ အညံ-ဘုရားရှင်မှတပါးသော။ သရဏံ-ကိုးစားရာသည်။ နတ္ထိ-မရှိ။ဒီလို အမြဲ

နှုတ်က ရွတ်ဆိုပြီးတော့ ဘုရားရှင်ကို အားကိုးရာကြီးလို့ စိတ်ထဲက ကြည်ညိုပြီး နေရမယ်။

ဘုရားရှင်ကို ကြည်ညိုတဲ့ စိတ် ရှိရင်လဲဘဲ ကိုယ့်သန္တာန်မယ် သူတော်ကောင်း တရားတွေ အများကြီး တိုးပြီးတော့ သွားနိုင်တယ်၊ ဘေးရန်တွေလဲ ကင်းနိုင်တယ်၊ ဘုရားရှင်နဲ့ တွေ့လို့ ဘေးကင်း ရန်ကင်းပြီး သွားတဲ့ အဖြစ်ကို ဘုရားရှင် လက်ထက်တော်ကပါဘဲ။

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှာ သီတင်းသုံး နေတော်မူသည့်အခိုက် တနေ့သောအခါ ဘုရားရှင်ကိုယ်တော်မြတ်ကလဲ ပရိသတ် လေးပါး တရားဟောပြီးတော့ နေတယ်၊ နေ့လည်အခါ တရားဟောပြီးနေခိုက် ထိုအခါ ဘယ်လို ဖြစ်ပြီးတော့လာသလဲ ဆိုတော့....သားသယ်အမေ တယောက် သားငယ်ကလေး ပွေ့ပိုက်ပြီးတော့ ပရိသတ်ထဲ ဝင်ပြေးလာတယ်၊ ကြောက်အား လန့်အားနဲ့ ကိုယ်တိုင်ဘဲ သေရတော့မလောက်၊ သားငယ်ကလေးကို ပစ်စွန့်ရ မလောက် ကြောက်လန့်တကြား ပြေးလာပြီးတော့ ဘုရားရှင် ရှေ့တော် အတင်း ဝင်ကာ "မြတ်စွာဘုရား ဤသားငယ်ကလေး မြတ်စွာဘုရားအား လှူဒါန်းပါ၏၊ ထို သားငယ်ကလေးရဲ့ ဘေးအန္တရာယ် တားဆီး ပေးတော်မူပါ၊ သားငယ်၏ ကိုးကွယ်ရာ အားထားရာ ဖြစ်တော်မူပါ" လို့ ဘုရားရှင် ခြေတော်ပေါ် သားငယ်ကလေး တင်ပြီးတော့ လျှောက်ထားတယ်။

ဘယ်လို ဘေးရန် ဖြစ်နေသလဲ ဆိုတော့ ဘီလူးမတယောက်က သားငယ် ကလေးကို စားဖို့ လိုက်ပြီးတော့လာတယ်၊ ကျောင်းတော် အနီး သမီးခင်ပွန်း နှစ်ယောက် ခရီးသွားရင်း ရောက်ပြီးလာကြတော့ မိန်းမက ရေးဦးစွာ ဇေတဝန် ကျောင်းတော် ရေကန်ထဲ ဆင်းပြီး ရေချိုးလို့ သားငယ်ကလေးကို သူ့ဖခင် လက်ထဲ ထားတယ်၊ သားသယ် အမေက ရေချိုးပြီးတော့ သားငယ်ကလေး ဖခင်က တခါဆင်းပြီးတော့ ရေချိုးပြန်တယ်။

ထိုအခါ ဘီလူးမတယောက် သားငယ်ကလေးကို စားမလို့ လာပြီးတော့ နေတယ်၊ သားသယ်အမေက ဘီလူးမမှန်းသိတော့ ကြောက်အားလန့်အားနဲ့ သူ့ ခင်ပွန်းသည်ကို ခေါ်တယ်၊ ခေါ်ရင်း ခင်ပွန်းသည်ယောကျ်ားမှ မလာသေးဘူး၊ ဘီလူးမက နီးပြီးတော့လာတော့ကို ပြေးမိပြေးရာ ကျောင်းထဲဝင်ပြေးပြီးတော့ ခုတင်က ပြောတဲ့အတိုင်း ဘုရားရှင်ခြေတော်ပေါ်မှာ သားငယ်ကလေး တင်ပြီး တော့ ကိုးကွယ်ရာရှာတယ်။

ကျောင်းတော်ဝင်သွားတော့ 'သုမန' ဆိုတဲ့ နတ်မင်းကြီးက ကျောင်းထဲ အဝင် မခံဘူး၊ ဘီလူးမကို တားထားတယ်၊ ကျောင်းထဲဝင်ပြီးတော့ မလိုက်နိုင်ဘူး၊ မလုနိုင်ဘူး၊ ဘုရားရှင်ကို လျှောက်ထားတော့မှ ဘုရားရှင်က ဘီလူးမကို အရှင် အာနန္ဒာကို အခေါ်ခိုင်းလို့ ဘီလူးမ ဘုရားရှင် ရှေ့တော်မှောက် ရောက်လာတယ်၊ ဘီလူးမရောက်လာတယ်ဆို သားသယ်အမေက ကြောက်လွန်းလို့ ဒီတော့ ဘုရား ရှင်က "မကြောက်နဲ့၊ မကြောက်နဲ့" လို့ မိန့်တော်မူပြီး အနားဘဲ ခေါ်ပြီးတော့ အထိုင်ခိုင်းတယ်။

ဘုရားရှင်က– ငါဘုရားနဲ့တွေ့လို့ သင်တို့ သက်သာခွင့် ရတယ်၊ ငါဘုရားနဲ့ မတွေ့ရင် သင်တို့ တဦးနဲ့ တဦး ရန်သူဖြစ်ပြီးတော့ ဘယ်လောက် သံသရာ ကျင်လည်ပြီး ဆင်းရဲနေကြမလဲဆိုတဲ့ အဓိပ္ပါယ် ဟောပြောလို့ ထိုဘီလူးမနဲ့ သားသယ်အမေတို့ အကြောင်းကို ပြန်ပြီးတော့ ဘုရားရှင် ဖြစ်တော်မူသည့် အတိုင်း သူတို့ ဘေးရန်က လွတ်အောင် ဟောပြောတော်မူလို့ တဦးနှင့်တဦး ရန်သူဖြစ်ပြီးတော့နေတယ်၊ ရန်သူအဖြစ်မှငြိမ်းကြ၊ရန်ငြိမ်းအောင် တဦးကိုတဦး မေတ္တာပွားကြ၊ တဦးနဲ့တဦး ရန်ငြိုးကို ပယ်ပျောက်အောင် ယောနိသော မနသိ ကာရ အသင့်အတင့် နှလုံးသွင်းပြီးတော့ ရန်ငြိုးကို ပယ်ဖျောက်ကြ၊ အရာ ခပ်သိမ်း ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဉာဏ်နဲ့ သုံးသပ်ပြီးတော့ ရန်ငြိုးကို ပယ် ဖျောက်ကြ။

သင်တို့ တယောက်နှင့် တယောက် ရန်သူဖြစ်ပြီးတော့ လာတယ်၊ ဘယ်လို ရန်သူဖြစ်ပြီးတော့ လာကြသလဲ ဆိုတော့၊ ထို သာဝတ္ထိပြည်မှာပင် အိမ်တအိမ်မှာ မိဖနှစ်ပါး သားယောကျာ်းကလေးနဲ့ နေကြတယ်၊ မကြာမီ ဖခင်ဖြစ်တဲ့လူက သေဆုံးသွားတော့ မိခင်ကြီးနဲ့ သားဘဲကျန်တယ်၊ သူတို့က တောင်သူနဲ့ တူပါရဲ့၊ တောင်သူကိစ္စ လယ်ယာလုပ်ကိုင်၊ သားက တောထဲသွားပြီးတော့ လယ်ယာလုပ် ကိုင် ထွန်ယက် စိုက်ပျိုးလို့၊အိမ်ပြန်လာတော့လဲဘဲ အမိက တော်တော် အိုနေလို့ အိမ်မှုကိစ္စတွေလဲ ဆောင်ရွက်ရ၊ အိမ်ကိစ္စ ဆောင်ရွက်ရ တောကိစ္စဆောင်ရွက်ရ၊ ဒီလို သူ့သားပင်ပန်းတာ မြင်တော့ကို အဖော်ရှာပေးမှ တော်မယ်၊ အိမ်သူ တယောက်ရအောင် ငါသား အဖော်ရှာပေးမယ်လို့ ပြောတော့ သားက အသက် ထက်ဆုံး သားမယား မမွေးမြူဘဲ မိခင်ကို လုပ်ကျွေးပါမယ်၊ အဖော် ရှာမပေး ပါနဲ့၊ မိန်းမအိမ်သူ ရှာမပေးပါနဲ့လို့ တောင်းပန်တယ်။

တောင်းပန်ပေမဲ့ အကြိမ်ကြိမ်ပြောတော့ အိမ်သူမယားတယောက် ရှာပေးမှု လက်ခံရတာပေါ့၊ မိခင်ကြီးက သားကြိုက်ရာ၊ သားညွှန်ရာ အမျိုးထဲက မိန်းမ

တယောက် ရှာပြီးတော့ သူတို့နှစ်ယောက် ထိမ်းမြားလက်ထပ်လို့ မိခင်အိုကြီးနဲ့ နေကြတယ်၊ သူတို့အကြောင်းဆိုလာတာက သို့ခင်ပွန်း နှစ်ယောက်မှာ သားသမီး မထွန်းကားဘူးတဲ့၊ ဒီတော့ သားသမီး မထွန်းကားတဲ့ အမျိုး အနွယ် တော်ကြာ အမျိုးအနွယ်ပြတ်ပြီးတော့ပျက်စီးတတ်တယ်၊ ဒီမိန်းမက သားသမီးမရရင်သားရတဲ့ သတို့သမီးတယောက် ရှာပြီးတော့ ထိမ်းမြားပေးဦးမယ်လို့မိခင်ကပြောတော့သား ယောကျ်ားက ငြင်း၊ မိခင်ကပြော၊ သားကငြင်း၊ဒီလို သားအမိ နှစ်ယောက် ငြင်းတာကို အိမ်သူဖြစ်တဲ့ ထိုသား၏ အိမ်သူမယားက ကြားတယ်၊ ကြားတော့ သူကိုယ်တိုင်ဘဲ သူသဘောကျရာ အိမ်သူတယောက် ရှာပေးလို့ရှိရင် အတူတကွ သင့်သင့်မြတ်မြတ် နေနိုင်မှာဘဲလို့ဆိုပြီး သူကဘဲ ရှာပေးတယ်။

မယားနှစ်ယောက် ရှိတဲ့သူမယ် မယားတယောက်က သားသမီး ထွန်းကား၊ မယား တယောက်က သားသမီးမရှိ၊ သားသမီးရှိတဲ့မယားက ထိုအိမ်ပေါ် လွှမ်းမိုးပြီး အစိုးရတတ်တယ်၊ အများက သူ့ကို အလေးပြုကြရတယ်။

ဒီတော့ကို နောက် မယားငယ်တယောက် ရှာပြီးတော့ ယူထားလို့ မယားကြီး မယားငယ်နှစ်ယောက် နေကြရာမယ် မယားငယ်မှာ ပဋိသန္ဓေ ရှိလာတယ်၊ အဲဒီအခါကျတော့ သားသမီးနဲ့ တင့်တင့်တယ်တယ်ဖြစ်မှာ ကြောင့်ကြတော့ ကိုယ်ဝန် ပျက်တဲ့ဆေးကို ယူပြီး မမွေးဖွားခင်က အကြီးဖြစ်တဲ့မိန်းမက ကိုယ်ဝန် ဖျက်ပစ်တယ်၊ ချစ်ခင်လေဟန် အမူအရာဆောင်ပြီးတော့ စားဘွယ်သောက်ဘွယ်ရာတွေ ကိုယ်တိုင်ပေး၊ နောက်တော့ အမှတ်တမဲ့ စားဘွယ်သောက်ဘွယ်မှာ အဆိပ်ခပ်ပြီးတော့ ကိုယ်ဝန်ကျတဲ့ဆေး ပေးတယ်၊ ကိုယ်ဝန် နုနုနယ်နယ်က ရောပြီးတော့ အဆိပ်ဆေး ပေးလိုက်တော့ ကိုယ်ဝန်လျောကျတယ်၊ တကြိမ်နှစ်ကြိမ် ပျက်စီးတယ်၊ နောက်တော့ သူ့အကြောင်းသိတော့ နောက်တကြိမ်ကျတော့ မပြောလို့ ကိုယ်ဝန် အရင့်အမာ ရှိလာတယ်၊ ကိုယ်ဝန် အရင့်အမာ ရှိလို့ မွေးဖွားခါနီးလောက်မှ သိတယ်။

တော်တော်ကြီးမှ သိတော့ကို ထိုကြီးမှပေမယ့် ဖျက်ဆီးမယ်ဆိုပြီးတော့ ဆေးပေးပြန်တယ်၊ ဒီတခါကျတော့ကို ဗြုံးကနဲ ကိုယ်ဝန်က ပျက်စီးမသွားဘဲနဲ့ ကိုယ်ဝန်က တော်တော် ကြီးနေတော့ ကျေမွပြီးတော့ ပျက်မကျဘူး၊ ဆေးကြောင့် ကလေးငယ် သေတော့ ကလေးငယ် အသေ မွေးဖွားရတာပေါ့၊ မွေးဖွားလို့ မရနိုင်တော့ သားငယ်လဲ သေ၊ မိခင်လဲ ဆုံးသွား သေသွားရတယ်၊ မသေမီ ငါ့သား သုံးယောက်ကိုလဲ အသေသတ်တယ်၊ ယခု သူ့ ပယောဂကြောင့် ငါလဲဘဲ သေရတော့မယ်၊ ငါသေလို့ ရှိရင် နောင်ဘဝ နောင် အခါကျ

၁၄၂၂၁

တော့ သင်၏ (ထိုရန်သူ မိန်းမ၏)သားသမီးနှင့်တကွ ထိုမိန်းမ၏ အသက်ဝိညာဉ်ကိုပါ သတ်ပြီးတော့ ငါစားသုံးနိုင်စေသတည်း စားရစေသတည်း၊ ဒီလို အဓိဋ္ဌာန်ဆုတောင်းပြီး သေသွားတယ်။

မယားငယ်က အရင်သေပြီး ဒီအိမ်မှာ ကြောင်ဖြစ်သတဲ့၊ မယားကြီးကလဲ သေပြီး ဒီအိမ်မှာ ကြက်မဖြစ်တယ်တဲ့၊ ကြက်မ၏ သားသွီးနှင့်တကွ ကြက်မကြီးကိုပါ ကြောင်က စားပစ်လိုက်သတဲ့၊ ကြက်မက ဆုတောင်းပြီးတော့ တခါ နောက်ဘဝ သင့်သားသွီးနှင့်တကွ သင့်ကို ငါစားရလို၏၊ နောက်ဘဝကျ ကြက်မက ကျားသစ်ဖြစ်၊ ကြောင်မက သမင်မ ဖြစ်ပြန်ရော၊ သမင်မ မွေးဖွားတဲ့ သားကလေးတွေစားပြီး သုံးကြိမ်လောက် ကျတော့ သားကလေးတွေလဲ သုံးဦးသေ၊ မိခင်သမင်မကြီးပါ သတ်စားလိုက်တယ်၊ သမင်မကြီးက တဘန်ဆုတောင်းပြန်တယ် ဘီလူးမ ဖြစ်ပြီးတော့ သင့်သားသွီးနှင့် တကွ သင့်ကိုပါ စားရစေတတည်းလို့-

အဲဒီစတုတ္ထဘဝ ဘီလူးမဖြစ်ပြီးတော့ သာဝတ္ထိပြည်သူ အစွန်အဖျားက ထိုသူငယ်မ ပဋိသန္ဓေ တည်ပြီးတော့ မွေးဖွား၊ မွေးဖွားတဲ့အခါ မီးနေ တိုက်ခန်းထဲဝင်ပြီးတော့ ဘီလူးမကစား၊ မိခင်က မွေးဖွားပြီး (၇)ရက်မှ မလည်သေးဘူး၊ ၂-ရက်၊ ၃-ရက် နေလား မသိဘူး၊သားငယ်ကလေးအနားကထား၊ မိခင်လဲ ရှိရှိ၊ မိတ်ဆွေ သူငယ်ချင်းမယောင် ဆောင်ပြီးဝင်လာ၊ မီးနေခန်းထဲ ရောက်လာပြီး ကလေးငယ်ကလဲ အရိုးနုနုဆိုတော့ မိခင်ကြီးရှေ့မှာဘဲ ဝါးဝါးစားလိုက်တာနဲ့ တူပါရဲ့၊ အဲဒီလိုမိတ်ဆွေမ အယောင်ဆောင်ပြီး အရိုးနုနု သွေးနုနု ကလေးငယ်ကို မိတ်ဆွေယောင် ဆောင်တဲ့ ဘီလူးမက ထိုလူမိန်းမရဲ့ကလေးငယ်ကို တကြိမ်မွေးစားလိုက်၊ နှစ်ကြိမ်မွေးပြန် ဒီလိုနဲ့ စားပြန်နဲ့ ခံနေရတယ်။

၃-ကြိမ် မြောက်တော့ သာဝတ္ထိမြို့နေအိမ်မှာ မနေဝံ့လို့ မိဖရပ်ဌာန်ပြန်ပြီး မီးဖွားမယ်ဆိုပြီး မိဖမျာဆီ ကလေးမီးဖွားတော့ ဘီလူးမ မလာတော့ဘူးတဲ့၊ ထိုအခါ ဘီလူးမ ဟာ ဝေဿဝဏ် နတ်မင်းကြီးရဲ့ အစေအပါးဖြစ်လေတော့ အနဝတတ် (အနောတတ္တ) ရေအိုင်မှ ရေကို တဥကျောင်းမှ တဥကျောင်းသို့ ပြောင်းခပ်ယူပေးရတဲ့ ဘီလူးထဲမှာ တဦးအပါအဝင် ဖြစ်နေတော့ ထိုဝေဿဝဏ် နတ်မင်းကြီးဆီ ရေခပ်သွားနေရခိုက်နဲ့ ကြုံနေတယ်။ တခါတခါ ရေခပ်ပေးရတာကလဲ ၄-၅-လတောင် ကြာတယ်လို့ ဆိုတယ်။ ၃-ကြိမ်မြောက် သားငယ်ကလေး မီးဖွားလို့ ဘေးရန်ကင်းနေ့တဲ့ မိခင် ဖခင်များဟာလဲ စိတ်ထဲပျော်လို့၊ ဒို ကလေးတော့ အန္တရာယ်လဲ ကင်းပါပြီဆိုပြီး

ဝမ်းမြောက်ဝမ်းသာ နာမကာရဏ နာမည်ပေး ကင်ပွန်းတပ်၊ ပုခက်တင် မင်္ဂလာပွဲများ ပြုလုပ်ပြီး မိဖများခွင့်ပန်လို့ နေရင်း သာဝတ္ထိမြို့သို့ ပြန်လာကြတော့ ဘီလူးမကလဲ ဟိုဟာမ ကလေးငယ် မွေးလောက်ပြီထင်ပြီး လိုက်အရှာမှာ ကလေးငယ်ကို ပွေ့ချီပြီးလာတဲ့ သားသယ်အမေကို တွေ့ပါရော။

ဇေတဝန်ကျောင်းနဲ့ ခပ်နီးနီး လမ်းမှာတွေ့ကြရတော့ ဘီလူးမမြင်တယ်ဆိုရင် အတင်း ကြောက်အားလန့်အားနဲ့ အော်အင်ပြီး ဘုရားရှိရာ ကျောင်းထဲ ပထမ အစနားက ပြောခဲ့သလို ဒီပုံ ဒီနည်းကြောင့် ကျောင်းထဲ ရောက်လာကြရော ဆိုပါတော့၊ မိခင် လူမိန်းမကလဲ ကြောက်လွန်းလို့ ကလေးငယ်ကို ဘုရားခြေရင်း အတင်းပို့ပြီး "ကယ်တော်မူပါ၊ အားရန်ကင်းအောင် ဆောင်ရွက်ပေးတော်မူပါ"လို့ လျှောက်တယ်၊ 'သုမန'နတ်မင်းကြီးက တားဆားလို့ ဘီလူးမ ရောက်လာပေမဲ့ သိပ်ကြောက်နေမှန်း သိတော်မူလို့ "မကြောက်နဲ့ မကြောက်နဲ့"ဆိုပြီး ဘီလူးမကို ရှင်အာနန္ဒာက ခေါ်လာ၊ အနားရောက်တော့ အသင်တို့ တဦးနဲ့ တဦး အာဃာတရန်ငြိုးထားလာကြလို့ ဒီလိုဖြစ်လာခဲ့ကြတယ်၊ အသင်တို့ဟာ ဤသာဝတ္ထိပြည်မှာပင် ယခု ဘီလူးမက အိမ်ရှင်ယောကျ်ားတယောက်ရဲ့ အိမ်ရှင်မငယ် (မယားငယ်ပေါ့လေ) သင်သားသယ်အမေက မယားကြီးအဖြစ်နဲ့ နေလာခဲ့ကြတယ်။ မယားငယ်ရဲ့ သားကို မယားကြီးက သတ်ပစ်ရာကစပြီ၊ တယောက်နဲ့ တယောက် အာဃာတ မပျောက်ကြလို့ နောက်ဘဝကျတော့ မယားကြီးက ကြက်မ၊ မယားငယ်က ကြောင်မ၊ ထိုမှ နောင်ဘဝ ရောက်လာပြန်တော့ ဘဝပြဿနာ မပြေလည်သေး၊ အချင်းချင်း အာဃာတ မပျောက်သေး၊ ဟိုတုန်းက မယားကြီး ဖြစ်တဲ့ ကြက်မက ကျားသစ်မ မယားငယ်ဖြစ်တဲ့ ကြောင်မက သမင်မ ဖြစ်လာပြန်တယ်၊ နိုင်ရာကလေးငယ်ကို မိခင်ရှေ့မှာ စားပြန် ဆုတောင်းပြန်နဲ့ အာဃာတ ထားထားလာလိုက်ကြတာ အခု ငါဘုရားနဲ့တွေ့လဲ ဒီဘဝမှာ အသင် မယားငယ်က ဘီလူးမ မယားကြီးက လူ့ဘဝ သားသယ်အမေ ဖြစ်ပြီး ကလေး အစားခံရတာ ၂-ကြိမ် ရှိသွားပြီ။

ဒါကြောင့် ဒီတော့ကို အသင်တို့ ဤဘဝ ဤအချိန် ဤကာလမှစပြီး တယောက်နဲ့ တယောက် ပြေလည်မှု အရယူ၍ အာဃာတ ပပျောက်ရေး မှုကို စိတ်တူကိုယ်တူ ကြည်ဖြူစွာ လက်ခံကြ၊ ငါဘုရားစကား နားထောင်ကြ၊ ငါဘုရားနှင့်သာ မတွေ့ရင် ရှေးဘဝများစွာ သံသရာအရေး မတွေးဝံ့လောက်

အောင် ကြောက်စရာတွေ တွေ့ရလိမ့်မယ်၊ ဒါကြောင့် ရန်ငြိုးမဖွဲ့ကြနဲ့၊ ငြိမ်းချမ်းရေး အရယူကြတဲ့-

**နဟိ ဝေရေန ဝေရာနိ၊ သမ္မန္တီဓ ကုဒါစနံ၊**
**အဝေရေန စ သမ္မန္တိ၊ ဧသ ဓမ္မော သနန္တနော။**

ဣဓ ဤလောက၌။ ဝေရာနိ- ရန်တို့သည်။ ဝေရေန- ရန်ငြိုးဖွဲ့သဖြင့်။ ကုဒါစနံ- တရံတခါမျှ။ နသမ္မန္တိ- မငြိမ်းချမ်းနိုင်ကုန်တဲ့-

တယောက်နဲ့တယောက်ဆဲကြတဲ့အခါ အပြန်အလှန် ဆဲနေမယ်ဆိုရင် ဘယ်တော့မှ မငြိမ်းနိုင် မပြီးနိုင်ဘူး၊ တယောက်က ခေါးနဲ့ခုတ်၊ ခံရတဲ့သူက တဘန် ပြန်ပြီးတော့ ခုတ်နေရင်၊ ပြန်သတ်နေရင်၊ ဘဝအပြန်ပြန် ဘယ်တော့မှ မငြိမ်း ချမ်းနိုင်ဘူးတဲ့၊ မြေနဲ့မြေပါကိုကြည့်၊ နိုင်ရာက သတ်နေတာဘဲ ဘာ့ကြောင့်လဲ၊ ရန်ငြိုးမပျောက်လို့၊ တဖွဲ့နဲ့တဖွဲ့၊တအုပ်စုနဲ့တအုပ်စု ဒီလိုဘဲ ရန်ငြိုးဖွဲ့ခြင်း၊လက်စား ချေခြင်း ကိစ္စတွေ လုပ်နေရင် မငြိမ်းနိုင်၊ မပျောက်နိုင်၊ ကမ္ဘာ့ရန်ကြီး ဖြစ်နေ တာဘဲ။

ကျီးနဲ့ ဇီးကွက်ကိုကြည့်၊ ဇီးကွက်ကို ခင်ပုတ်လို့လဲခေါ်တယ်၊ သူတို့ဟာ အမြဲတမ်း ရန်သူကြီး ဖြစ်နေရတာ အကြောင်းကတော့ ဒီလိုတဲ့-

**န မေ ရုစ္စတိ ဘဒ္ဒန္တေ၊ ဥလူကဿာဘိသေစနံ။**
**အကုဒ္ဓဿ မုခံ ပဿ၊ ကထံ ကုဒ္ဓေါ ကရိဿတိ။**

(ဟိုငယ်ငယ်က ရဘူးတဲ့ဂါထာ)

ကမ္ဘာဦးငှက်အပေါင်း စည်းဝေးတိုင်ပင်တဲ့ ငှက်ညီလာခံကြီး လုပ်ရာဝယ် ငှက်အများက ဇီးကွက်ခေါ်တဲ့ ခင်ပုတ်ငှက်ကိုဝိုင်းပြီး သမတမင်းအဖြစ် တင် မြှောက်ရန် ရွေးချယ်ကြတော့ "န မေ ရုစ္စတိ ဘဒ္ဒန္တေ"အစရှိတဲ့ ဂါထာကို ကျီးက ရွတ်တယ်၊ ကျီးက ဆိုတယ်တဲ့-

ဘဒ္ဒန္တေ- အိုငှက်များအပေါင်းတို့။ ဥလူကဿ- ဇီးကွက်ခေါ်တဲ့ ခင်ပုတ် ငှက်အား။ အဘိသေစနံ- သမ္မတအဖြစ် မင်းအဖြစ်ရောက်အောင် အဘိသိက် သွန်းလောင်းခြင်းကို။ မေ- ငါကျီးသည်။ နရုစ္စတိ- မနှစ်သက်။ အကုဒ္ဓဿ- အမျက်မထွက်၍ စိတ်မဆိုးသေးသော ဇီးကွက်၏။ မုခံ- မျက်နှာထားကို။ ပဿ-ကြည့်ရှုစမ်းကြလော့။ ကုဒ္ဓေါ-အမျက်ထွက်၍ စိတ်ဆိုးလာသည် ရှိသော်။ ကထံကရိဿတိ- အဘယ်သို့ပြုနိုင်ပါအံ့နည်း-လို့

ဆိုပြီး ကျီးက ပြင်းပြင်းထန်ထန် ကန့်ကွက်တယ်တဲ့။ ဒီလို ကန့်ကွက်ရာမှ စပြီး ဇီးကွက်က ကျီးကို အာဃာတဖြင့် ရန်ငြိုး ဖွဲ့ထားဆိုဘဲ၊ ဇီးကွက်ရဲ့ အပြစ်ကို အသေးစိတ် တင်ပြပြီး သဘောမတူကြောင်း ကန့်ကွက်ခဲ့လို့ဘဲ ညအခါ ကျီးတွေကို ဇီးကွက်က လိုက်သတ်စား၊ ကျီးကလဲ နေ့အချိန်ရောက်ရင် တွေ့ရာဇီးကွက်ကို လိုက်ရှာစားနဲ့ ခုထက်တိုင် ကမ္ဘာ့ရန်သူကြီးတွေ ဖြစ်သွားကြတယ်။

နောက်တခု ကြို့ပင်စောင့် ရုက္ခစိုးနဲ့ ဝံတကောင်လဲ တဦးနဲ့တဦး ရန်ငြိုးဖွဲ့လို့ ရန်သူတွေ ဖြစ်နေပုံကို ဘုရားရှင် ဟောပြ၊ ဒီလို ရန်ငြိုးဖွဲ့ခြင်းဟာ မကောင်းပုံ တဦးနှင့်တဦး အာဃာတ ပပျောက်ရေး၊ နားလည်မှု ရရှိရေးတို့ အရေးကြီးကြပုံကို ဘုရားရှင်က ဘီလူးမကို အဓိကထားပြီး ပရိသတ်အလည်မှာ-

**နဟိ ဝေရေန ဝေရာနိ၊ သမ္မန္တီဓ ကုဒါစနံ။**
**အဝေရေန စ သမ္မန္တိ၊ ဧသ ဓမ္မော သနန္တနော။**

လို့ ဘုရားရှင် ဟောတော်မူတယ်၊ ဘုရားရှင် ဟောတော်မူတဲ့ မြွေနှင့် မြွေပါ၊ ဇီးကွက်နဲ့ကျီး၊ ကြို့ပင်စောင့်နတ်နဲ့ ဝံတကောင်အကြောင်း ဇာတ်လမ်းကို နားထောင်လိုက်ရတဲ့ အချိန်က စပြီး သံဝေဂဉာဏ် အသိဉာဏ်ခေါ်တဲ့ ပညာတရား လက်ကိုင်ရသွားဟန်တူပါရဲ့၊ ထူးမြတ်သော မဂ်တရား ဖိုလ်တရား ရပြီး ဂါထာ အဆုံးမှာ သောတာပန် တည်သွားတယ်။

ဣဓ-ဤလောက၌။ ဝေရာနိ-ရန်တို့သည်။ ဝေရေန-ရန်ငြိုး ဖွဲ့သဖြင့်။ ကုဒါစနံ- တရံတခါမျှ။ နသမ္မန္တိ- မငြိမ်းချမ်းနိုင်ကုန်။ အဝေရေန စ-ရန်ငြိုး မဖွဲ့သဖြင့် သာလျှင်။ ဝေရာနိ- ရန်တို့သည်။ သမ္မန္တိ-ငြိမ်းချမ်း နိုင်ကုန်၏။ ဧသဓမ္မော-ဤသို့ ရန်ငြိုးဖွဲ့သဖြင့် ရန်မငြိမ်းနိုင်ခြင်း၊ ရန်ငြိုး မဖွဲ့သဖြင့်သာ ရန်ငြိမ်းနိုင်ခြင်း ဆိုတဲ့တရားသည်။ သနန္တနော- ရှေး၌ဖြစ်သော အစဉ်အလာပေတည်း။

ဤသို့ ဘုရားရှင်၏ တရားစကား နားထောင်ရသော ဘီလူးမ သောတာပန် တည်တော့ ဘုရားရှင်က သားသယ် အမေဆီက သားငယ်ကို ဘီလူးမ ရင်ခွင်ထဲ အထည့်ခိုင်း၊ ဘီလူးမက ပွေ့ချီပြီး သားငယ်ကလေးကို ကိုယ့်သား အရင်းကဲ့သို့ ချစ်ခင်စိတ်ဖြစ်ပြီး နမ်းစုတ်ပြတယ်၊ဘီလူးမနဲ့ သားသယ်အမေဟာ ညီအမအရင်းလို ချစ်ခင် ကြင်နာစွာ တဦးနဲ့တဦး သိပ်ထူးခြားပြီး နူးညံ့သိမ်မွေ့သွားကြတယ်။

ပထမ ဒုတိယ သားနှစ်ယောက်တုန်းက သားသယ်အမေရှေ့မှာ စားပြခဲ့သေး၊ ခု တတိယသားကျတော့ ဘုရားရှင်နဲ့ တွေ့ရတဲ့ ကျေးဇူးကြောင့် နမ်းစုတ်နိုင်သည်

အထိ အေးချမ်းသွားလိုက်ကြတာ၊ သောတာပန် ဆိုတော့လဲ သူတပါးအသက် မသတ်ခြင်းစတဲ့ အထက်တန်းလက္ခဏာကောင်းတွေနဲ့ ပြည့်စုံတော့ ကျေးဇူးတွေ များချင်တိုင်း များကုန်ကြတာပေါ့၊ ကျန် ပရိသတ်များလဲ ဤ အဖြစ်အပျက် တွေ့ရ၊ ဘုရားတရား နာကြားရသဖြင့် ကျေးဇူးများကုန်ကြတယ်။

ဒီဘီလူးမဟာ သူမရဲ့အကုသိုလ်ကံကလဲဘဲ အတော် ထူးဆန်းတယ်၊ ဝင့်ကြွေး ပါလာလို့ ဘယ်အခါမှ အစာဝအောင် မစားရဘူးတဲ့၊ ပုထုဇဉ်ဘဝ တွေ့ရာ စားရတုန်းကပင် မဝခဲ့တော့ အရိယာ သောတာပန်ဘဝ အခု ရောက်နေတော့ စားရေး, ဝမ်းရေးအတွက် အခက်ကြုံ ပူပန်နေလို့ ဘုရားရှင် ကိုယ်တော်တိုင်က သားသယ်အမေကိုဘဲ တာဝန်ပေး လုပ်ကျွေးစေဖို့ စားဦး စားဖျားကို ဘီလူးမ အား ကျွေးဖို့ အမိန့်တော်ရှိလိုက်တယ်။

ဘီလူးမဟာလဲ သားသယ် အမေက တောင်သူ လယ်သမား ဆိုတော့ ဘီလူးမ ကိုယ်တိုင် လယ်ဆင်း ယာခင်းသွား အလုပ်များကို ကူညီဝိုင်းဝန်း လုပ်ပေးသတဲ့၊ လူသားများ မလုပ်နိုင်တဲ့ မိုးနည်းတဲ့အခါ နိမ့်တဲ့မြေနေရာ၊ မိုး များတဲ့အခါ ကုန်းခေါင်ခေါင်မှာ ထွန်တယ်၊ စိုက်ပျိုးလုပ်ကိုင်ခြင်း၊အကြံပေး ခြင်းများကို ဆောင်ရွက်သတဲ့၊ အဲဒီလို ဆောင်ရွက် ညွှန်ကြားပေးတော့ ထို သားသယ်အမေ အိမ်မှာ မိုးခေါင်တဲ့ နှစ်ရော မိုးကောင်းတဲ့ နှစ်ရော ဘယ်အခါ ဖြစ်ဖြစ် စပါးရတာချည်းဘဲတဲ့။

ဒီတော့ အခြားလူတွေက ပြောကြတယ် "ဒို့မှာတော့ မိုးခေါင်လွန်းရင်လဲ စပါး မရကြဘူး၊ မိုးကောင်းလွန်းရင်လဲ မရကြဘူး၊ သင်တို့တော့ ဘာ့ကြောင့် ရကြသလဲ၊ မိုးခေါင်မယ်၊ မိုးကောင်းမယ်ဆိုတာ သိသလား" လို့ မေးကြတော့ "ငါတို့တော့ မသိပါဘူး၊ ငါတို့ရဲ့မိတ်ဆွေ ဖြစ်တဲ့ ဘီလူးမက သိလို့ သူညွှန်ကြား တဲ့အတိုင်း လိုက်နာလုပ်ကိုင်လို့ စပါးနှစ်တိုင်းရတာဘဲ၊ ငါတို့ အမြဲမပြတ် နေ့စဉ် ယာဂုထမင်း ပို့တာ မမြင်ကြဘူးလား၊ သင်တို့လဲ ပို့လျှင် ဒို့မိတ်ဆွေ ဘီလူးမက ကူညီညွှန်ကြားပေးလိမ့်မယ်" လို့ ပြောတော့ အားလုံး မြို့သူ မြို့သား တောင်သူ လယ်သမားတွေလဲ ဘီလူးမကို ပူဇော် ပ,သ သက္ကာရပြုကြတယ်။

ဘီလူးမကလဲဘဲ ပူဇော် ပ,သ သက္ကာရပြုကြတဲ့ တောင်သူ လယ်သမားတွေ အားလုံးကိုဘဲ ကူညီစောင့်ရှောက် ညွှန်ကြားလို့ အားလုံးဘဲ ဆန်ရေစပါး ပေါများပြည့်စုံပြီး ချမ်းသာကြတယ်၊ ဒါ ဘာ့ကြောင့်လဲဆိုရင် ဘုရားရှင်နဲ့ တွေ့လို့၊ ဘုရားရှင်ကို ကိုးကွယ်ရလို့ အားလုံး ချမ်းသာရာ ရကြ၊ အာဃာတ တွေ ပပျောက်ပြီး ငြိမ်းချမ်းရေး ရသွားကြရတယ်၊ ဘုရားရှင်ရဲ့ တန်ခိုး ပါဘဲ။

ဒါကြောင့်—

**အနာဃာနဋ္ဌ သော နာထော၊ ဘယာနံ အဘယံ ကရော။**
**ကာံဋ္ဌ ဗဟူနံ ဆေတာ၊ သုခေတာ စက္ကဝတ္တကော....**

လို့ ဤတရားအစမှာ ရွတ်ဆိုခဲ့တဲ့အတိုင်း ဘုရားရှင်သည်သာ ကိုးကွယ်ရာမဲ့သော သတ္တဝါတို့ရဲ့ ကိုးကွယ်ရာ အားထားရာအစစ်ဘဲ၊ ဘေးရောက်နေကြတဲ့ သတ္တဝါတို့ကိုလဲ ဘေးကင်းအောင် ပြုတော်မူနိုင်သော ဘုရားလို့ အသီးသီး ဘုရားရှင်ကို ပိုမိုအားကိုးလို့ ဗုဒ္ဓါနုဿတိ ဂုဏ်တော်ကို ကြည်ကြည်ယုံယုံ လေးလေးမြတ်မြတ်နဲ့ တဥုးနှင့်တဥုး တဖွဲ့နှင့်တဖွဲ့ ယောနိသော မနသိကာရ ထားလို့၊ အာဃာတတွေ ရှောင်ရှားပြီး ဘုရားရှင် တရားကိုသာ လိုက်စားကျင့်သုံးနိုင်ကြပါစေကုန်သတည်း။

တပည့်အလုပ်အကျွေးများက တောင်းပန် လျှောက်ထားသဖြင့် ဟောသော တရားဖြစ်သည်။

(၁၃၂၃-ခု၊ ကဆုန်လ ဟောသည်)

## သီလနှင့်တရား

### နှုတ်မြွက်တရား အမှတ်(၅)

**ခိလဗန္ဓေန ပါသာဒေါ၊ ကုလ္လော ဃောတ္တေန သုဋ္ဌုနာ၊**
**သန္တာရာ သမင်္ဂေါ သံဃော၊ စိရံ တိဋ္ဌတိ နိစ္စလော။**

ပါသာဒေါ- ရွှေငွေမြစိန်, ထိန်တညီးညီး, ပြာသာဒ်ကြီးသည်။ ခိလဗန္ဓေန- ကြီးကြီးငယ်ငယ်, သွယ်သွယ်မျှားလှ, သံမှိုစသောအဖွဲ့ဖြင့်။ နိစ္စလော- ပြင်းစွာခတ်လှိုင်း, လေမုန်တိုင်းကြောင့်၊ မယိမ်းမယိုင်, ကြံ့ကြံ့ခိုင်သည်ဖြစ်၍။ စိရံတိဋ္ဌတိ- အစွန့်ရှည်ကြာ တည်နိုင်စွာ၏။ ကုလ္လောစ- စပါးဆန်လှောင်, အကျိုးဆောင်သည့်, ဝါးဖောင် သစ်ဖောင်သည်လည်း။ ဃောတ္တေနသုဋ္ဌုနာ- မြဲမြဲဖွဲ့ချည် လွန်ကြိုးစသည့်ဖြင့်။ နိစ္စလော- ပြင်းစွာခတ်လှိုင်း လေမုန်တိုင်းကြောင့် လှုပ်ရှားမယိုင် ကြံ့ကြံ့ခိုင်သည်ဖြစ်၍။ စိရံတိဋ္ဌတိ- ကမ်းရောက်သည့်တိုင် ကြာမြင့်စွာ တည်နိုင်၏။ သမင်္ဂေါ သံဃော- သီလ သမာဓိ, စရိုထိုထို, မြတ်ကုသိုလ် ဂုဏ်အင်ကြောင့် အလွန်လျှင် ကြည်ညိုစလောက်ကြသော လဇ္ဇီ ပေသလ, သမဂ္ဂ သံဃာတော် အပေါင်းသည်။ သန္တာရာ သန္တာရေန- ချင်းတို့ချင်းချင်း မေတ္တာခင်း၍ ချစ်ခင်မြတ်နိုးခြင်း ပင်္ဂသန္တာရဖြင့်။ နိစ္စလော- မလိမ္မာသူ၊ အောက်ငယ်လူတို့ ညာန်ကူပြောကြား၊ ဂုံးစကားကြောင့် ဖောက်ပြားယောက်ယက် လှုပ်ယှက်ခြင်း မရှိသည်ဖြစ်၍။ စိရံတိဋ္ဌတိ- ရွှေငွေမြစိန်, ထိန်တညီးညီး ပြာသာဒ်ကြီး နှင်နှင် ထက်ဝန်းကျင် လူအပေါင်းတို့၏ ခိုအောင်း အားထားရာ ဖြစ်၍ စင်စစ် မြဲခိုင် တည်တံ့နိုင်လေသတည်း။

ဒီလို တရားစကားတွေ နာယူကြ၊ မှတ်သားကြ၊ ဘုရားဟောတော်မူတဲ့ တရားတွေ ကြားကြရသဖြင့် တရားတော်လာတိုင်း ကျင့်ကြံနိုင်လို့၊ ကျင့်ကြံပြီးတော့ ထိုကျင့်ကြံတဲ့ ကုသိုလ်တွေက အဆောက်အဦ ဖြစ်ပြီးတော့ ပါရမီပြည့်ပြီး နိဗ္ဗာန်ရောက်နိုင်ကြမယ်။

ဒါကြောင့် ငါတို့ယခု ရှစ်ဆယ်နဲ့ ကိုးနှစ် ရောက်စ ဖြစ်တယ်၊ ဒီတော့ ဒီအသက်အရွယ် ကျမှ၊ အသက်အရွယ် ကြီးလှမှ ပင်္ဂသန္တာရ ဆိုတဲ့ ဆရာတော်ကြီးများ ပေးခဲ့တဲ့နည်းလမ်း၊ ဘုရားရှင် ဟောတော်မူခဲ့တဲ့တရား ငါတို့လဲ ရယူ သင့်ပေတယ်လို့ ကိုယ့်ရှိသမျှ သက်နိုးစသည် လှူဒါန်း ပြီးတော့ အာမိသ ပင်္ဂသန္တာရပြုရ၊ ယခုလို ပြောဟောပြီးတော့ ဓမ္မပင်္ဂသန္တာရ ပြုရ

တယ်၊ သက်တော်ရှည်ပွဲနဲ့ စပ်လို့ လာပြီးတော့ ပြောကြ၊ မေးမြန်းကြ လျှောက်ထားကြ၊ ကိုယ်ကလဲ ပြောသင့်သမျှ ပြောရ၊ဒါတွေလဲဝစနပင်္ငသန္တာရတဲ။

ဒီကုသိုလ် အကြောင်း ပြုပြီးတော့ နောင် သံသရာမှာ အောက်ဖြစ်သော ကုသိုလ် အမှိ ပြုပြီးတော့ အကျိုးလဲဘဲ ခံစားရဘို့၊ နိဗ္ဗာန် တိုင်အောင် အကျိုးလဲဘဲ ရဖို့ ဒီအသက် အရွယ် ကျသည် တိုင်အောင် ဆည်းပူးနိုင် သေးတယ်လို့ ကိုယ့်ကိုယ်ကိုလဲ အာရုံပြု ဝမ်းမြောက်၊ ကိုယ့် အကြောင်းပြုပြီးတော့အများသော သူတွေလဲ ကုသိုလ် ရကြတယ်လို့ ဝမ်းမြောက် ဝမ်းသာလို့ ဒိဋ္ဌမျက်မြင် အားဖြင့် ဝမ်းမြောက်ကြရတဲ့သူတွေ အများကြီး၊ ကုသိုလ်ရကြတဲ့ သူတွေအများကြီး၊ခေတ်အားလျော်စွာ စာရွက်တွေရိုက်ပြီး ကြော်ငြာ သဘောနဲ့ အရပ်ရပ် ပေးပို့ပြီးတော့၊ အချို့ သတင်းစာက ထည့်ပြီးတော့ တွေ့ရာက မြင်ရာက ကြားသိရာက ဝမ်းမြောက် ဝမ်းသာပြီးတော့ အများကြီးဘဲ ကုသိုလ်ရကြမယ်။

ဒီလို အကြောင်းတွေ နိဗ္ဗာန်ရောက်ကြောင်း အကြောင်းတွေ ကိုယ်ရော အများရော သူများပါ ရကြတယ်လို့ ဝမ်းမြောက်မိ ဝမ်းသာမိတယ်၊ ရှေးရှေးသော ဆရာတော်ဘုရားကြီးတွေ ရှေ့ကျင်ဆရာတော်ဘုရားသာ မကပါဘူး ဘုရားရှင်လက်ထက်တော်ကစပြီး အာစရိယ ပရမ္ပရ ဆရာတော်ဘုရားကြီးတွေ အဆက်ဆက်တွေကိုသတိရကြည်ညိုလို့ဝမ်းမြောက်လို့ ဒီဆရာတော်ဘုရားကြီးတွေ ပြောဟောပြသခဲ့တဲ့ နည်းလမ်းတွေ ရပြီးတော့ မဂ်ရကြောင်း ဖိုလ်ရကြောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတွေ ကျင့်ရပေတယ်လို့ ကျေးဇူးတင်ပြီးတော့ ဆရာတော်ကြီးတွေ အာရုံ ပြုကြရကြည်ညိုကြရတယ်။

ပထမဆုံးအစက သြဝါဒဂါထာ ပေးတော်မူတဲ့ ရှေ့ကျင်ဆရာတော် ဘုရားကြီးမျာဆိုရင် မှီကြတဲ့သူတွေ ယခုနည်းသွားပြီ၊ ဒို့မှီလိုက်သေးလို့ သတိရပြီးတော့ လွမ်းဆွတ်မိတယ်၊ ဆရာတော် ဘုရားကြီးက ကြည်ညိုစရာတွေ အလွန်များတယ်၊ ရဟန်းများ စောင့်ထိန်းရမဲ့ သိက္ခာပုဒ်တွေ ရှိတယ်၊ ပါတိမောက္ခသံဝရ သီလတဲ့၊ စောင့်ထိန်းရမဲ့ သီလလို့ ဆိုလိုတယ်။

ရဟန်းတော်များ ဘယ်လိုကျင့်ရမယ်၊ ဘယ်လိုနေထိုင်ရမယ် ဘယ်လိုကြံစည်ရမယ်၊ ဘယ်အမှု ဘယ်လို မကျူးလွန်ရဘူး၊ ဒီလိုပညတ် ညွှန်ပြထားတယ်။

ရှေ့ကျောင်းဆရာတော်ဘုရားကြီးများ သိက္ခာပုဒ် လွန်ကျူးပြီးတော့ အများ ပြောနေကြတဲ့ အတိုင်းဆိုရင်အာပတ်အသင့်ခံတာမရှိဘူး၊အာပတ် မသင့်စေရဘူး၊ အလုံးစုံ ဖြူစင်သန့်ရှင်းပြီးတော့ သီလဝန္တအစစ်ကြီး ဖြစ်တော်မူတယ်၊ ဖျံလွန် တော်မူခါနီး အခါကာလ ကိုယ့်သီလကိုယ် အာရုံပြုပြီးတော့ ဝမ်းမြောက်လွန်း လို့ ဝမ်းသာလွန်းလို့ ငါတော့ဖြင့် သေရတော့မယ်လို့ အမှန် သိတဲ့ အချိန်မှာ ဒီပြင်စကားတွေ မပြောတော့ဘဲ....

**ပါတိမောက္ခံ ဝိသောဓေန္တော၊ အပ္ပေဝ ဇီဝိတံ ဇဟေ။**
**ပညတ္တံ လောကနာထေန၊ နဘိန္ဒေ သီလသံဝရံ။**

ဒီဂါထာကို တခေါက်ပြီး တခေါက် ဆက်ပြီးတော့ ရွတ်နေတာဘဲ။

**ပါတိမောက္ခံဝိသောဓေန္တော၊ အပ္ပေဝ ဇီဝိတံ ဇဟေ။**
**ပညတ္တံ လောကနာထေန၊ နဘိန္ဒေ သီလသံဝရံ။**

တခါတခါ ရပ်ပြီးတော့ ကြားရဲ့လား ဘိုးသူတော်၊ ကြားပါတယ်ဘုရား။ တော်ကြာရွတ်၊ တော်ကြာထပ်ရွတ်၊တော်ကြာထပ်ရွတ်၊တဖြေးဖြေး အသံက တိမ်သွားပြီးတော့ နောက်ဆုံးကျတော့ အသံ မကြားရဘူး၊ နှုတ်ခမ်းလေး လှုပ်လှုပ်ပြီးတော့ အတော်ကြာတော့ ဇီဝိန်ချုပ်ပြီးတော့ စံတော်မူသွားရတယ်။

ဆရာတော်ဘုရားကြီး ရွတ်တဲ့ဂါထာက– ပါတိမောက္ခံ–ပါတိမောက္ခသံဝရ သီလကို။ ဝိသောဓေန္တော– သုစ်သင်သော ရှင်းလင်းသော အပြစ်ကင်းအောင် နေလိုသော ရဟန်း သာမဏေသည်။ ဇီဝိတမ္ပိ–အသက်ကိုသော်လည်း။ အပ္ပေဝဇ ဟေ– စွန့်သော်လည်း စွန့်လိုက်ရာ၏။လောကနာထေန–မြတ်စွာဘုရားသခင်သည်။ ပညတ္တံ– ပညတ်တော်မူအပ်သော။သီလသံဝရံ–သီလစောင့်စည်းခြင်းကို။နဘိန္ဒေ– မချိုးမဖျက်ရာ။

အခိပ္ပါယ်ကတော့ စောင့်စည်းရမဲ့နေရာမယ် ရှေ့ကျောင်း ဆရာတော်ဘုရားကြီး များ ဩဝါဒအတိုင်းဆိုရင် ယခုလို နေလဲ့တဲ့အခါ ရေသောက်ချင်တယ်၊ ရေ ငတ်တယ်၊ ရေအိုးစင်တွေ့၊ ရေအိုးစင် လူကလဲ သောက်၊ ခလေးက သောက်၊ လူကြီးကသောက်၊ ဒီ ရေအိုးစင်မျိုး ရေမသောက်ရဘူး၊ ဒီရေထဲဘာပါလဲ ဘာမှ မပါပါဘူး၊ ရေချည်းဘဲ ကြည်လင်လိုက်တာ၊ သန့်ရှင်းလိုက်တာ၊ သို့ပေတယ်လို့ ဒီရေခွက်က အာမိသ မစင်ကြယ်တဲ့ ခလေးသူငယ်များ၊ လူများသောက်သွားတဲ့ ရေခွက်ဖြစ်လို့ ဒီရေခွက်နဲ့ ဘုန်းကြီးများ ခပ်ပြီးတော့ သောက်မယ်ဆိုရင်

ဆရာတော်ဘုရားကြီးများ အလိုမရှိဘူး၊ မသောက်စေချင်ဘူး၊ အကယ်၍ သောက်မယ် အာမိသကလဲ မစင်ဘူး၊ လက်ဖက်စားထားတဲ့လူတွေက ဒီရေခွက်နဲ့ သောက်၊ တော်ကြာ ဘုန်းကြီးက ဒီရေခွက်နဲ့ ခပ်ပြီးတော့ မရထပ်သောက်၊ လက်ဖက် အာမိသလေး မပြောပလောက်ပါဘူး၊ ဝမ်းထဲဝင်သွားရော၊ ဝိကာလ ဘောဇန ဖြစ်သွားရော၊ အဲဒီလို အာပတ်ကလေးမှ မသင့်စေရဘူး၊ ရှောင်ကြဉ် ရမယ်၊ ရေတော်လှချေရဲ၊ အလွန်ဘဲ သောက်ချင်တယ်၊ ဒီရေ မသောက်ရင်လဲ ဒီ လက်ဖက်နံ့လေး ကွမ်းနံ့လေး မပြောပလောက်ပါဘူး၊ အာပတ်သင့်ချင် သင့်ပါစေတော့၊ ရေသောက်မယ်၊ ဒီလို သိက္ခာပုဒ်ပညတ်တော်ကို မဖျက်ရဘူး။

ရှေးကျောင်း ဆရာတော်ဘုရားကြီးများ ဒီလိုသေပေစေတော့လို့ ဆိုပြီး စောင့် ထိန်းခဲ့ရတာတွေ ရှိဟန်တူရဲ၊ ဒါကြောင့် ဒီပါဠိကိုရွတ်ပြီးတော့ ပျံလွန်တော်မူ သွားတယ်။

ဒါကြောင့် ပညတ်တော်မူအပ်တဲ့ သိက္ခာပုဒ်တော်တွေ အလွန်စောင့်စည်းလို့ ရှေးကျောင်း ဆရာတော် ဘုရားကြီးများရဲ့ တပည့်သားမြေးများဆိုလို့ရှိရင် အကုန် လုံးက သီလဂုဏ် ကြည်ညိုကြ၊ သမာဓိဂုဏ် ကြည်ညိုကြ၊ ပညာဂုဏ် ကြည်ညို ကြရတယ်။

ဆရာတော်ဘုရားကြီး အဆုံးအမဩဝါဒကို အဟုတ် လိုက်နာတဲ့ တပည့် သားမြေးဆိုရင် ဘယ်ကိုရင် ဘယ်ဦးပဉ္ဇင်းမှ ဘယ်ရဟန်းမှ သိက္ခာပုဒ်ကျူးလွန် ပြီးတော့၊ အပျက်ခံပြီးတော့ နေထိုင်ကြတဲ့ ပုဂ္ဂိုလ်မရှိဘူး၊ ဆရာတော်ကြီး နည်းလမ်းအတိုင်း ကောင်းစွာနေကြတယ်၊ နားမထောင်တဲ့သူတွေ ရှိချင်ရှိမယ်၊ သို့သော် ပါတိမောက်ကိုတော့ အသက်ကိုသာ စွန့်ရမယ်၊ ပါတိမောက်ကိုတော့ မဖျက်ဆီးရဘူး၊ သီလကို မဖျက်ဆီးရဘူး၊ ယခုခေတ်မယ် လူတွေတောင်ဘဲ (၁၀)ပါးသီလ စောင့်ရင် "ဇာတရူပရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ" ဆိုတယ်၊ ဒီငွေနဲ့စပ်လို့ တချို့ မကင်းကြဘူး၊ အဓိပ္ပါယ် တချို့မယ် သိသိသာသာ တိုက်ရိုက်ဘဲ မစောင့်စည်းတာမြင်ရ၊ တချို့မယ် သံသယ ဖြစ်လောက်အောင် မြင်ရတွေ့ရတယ်၊ စောင့်စည်းရမယ်၊ မစောင့်စည်းရင်တော့ အပြစ်ဘဲ။

ဒီက ရန်ကုန် သွားချင်တယ်၊ ကပ္ပိယလဲမပါဘူး၊ ကိုယ်ချည်းဘဲ ရဟန်းချည်း ဘဲ သန့်သန့်၊ သာမဏေချည်းဘဲ သန့်သန့်သွားမယ်၊ ဘယ်လို လုပ်သွားမလဲ၊ မီးရထားခ၊ လမ်းကျ စားဖို့သောက်ဖို့ ဝယ်ခြမ်းပြီးတော့ စားဖို့ ငွေပါမှဖြစ်

မယ်၊ ရန်ကုန်လဲ သွားချင်တယ်၊ ဒီဟာမှမပါ မဖြစ်ဘူး၊ ကပ္ပိယမရှိ ဘယ့်နှယ်လုပ်မလဲ ကိုယ်တိုင် ယူသွားရလိမ့်မယ်၊ ရန်ကုန်သွားချင်အားကြီးတော့ လက်မှတ်ကို ကိုယ်တိုင်ယူ၊ လက်မှတ်ဝယ်၊ လမ်းလဲ ဝယ်စားချင်ရာစား၊ ရန်ကုန်ရောက်သွားရော။

ရန်ကုန်ရောက်တော့ ကပ္ပိယ ကျောင်းသား ဒကာ မပါဘဲ အာပတ်အသင့်ခံ အပြစ်တွေ များချင်တိုင်းများပြီး ဘုရားဆုံးမ သြဝါဒ လိုက်နာသူမဟုတ်တော့ဘူး၊ ဘုရားဆုံးမ သြဝါဒ လိုက်နာသူဖြစ်လို့ရှိရင် တဖြေးဖြေး ပြုပြင်ဖို့အလွန်ကောင်းတယ်၊ ပြုပြင်နိုင်ရမယ်၊ ရန်ကုန်ရောက်သွားလို့ ကိုယ့်အလိုပြည့်သွားတာ တခုတော့ရှိရဲ့၊ သို့သော်လဲဘဲ ငွေကြေးနဲ့ စပ်လို့ကိုယ့်မှာ အပြစ်ရှိနေတယ်၊အပြစ်မကင်းတော့ဘူး၊ သိက္ခာပုဒ် ကျူးလွန်ပြီးနေတယ်၊ရွှေကျင်ဆရာတော်ဘုရားကြီး သြဝါဒ လိုက်နာတဲ့သူမှန်ရင် ဒါရှောင်ကြဉ်ရမယ်၊ ဘုရားဆုံးမ သြဝါဒ လိုက်နာတဲ့သူဖြစ်လို့ရှိရင် ဒါရှောင်ကြဉ်ရမယ်။

တစုံတယောက်သော ဒါယကာက ရန်ကုန်ကနေပြီးတော့ ကြည်ညိုလွန်းလို့ ဘယ်နေ့ဘယ်ရက် အလှူခံကြွပါ၊ တရာတန်လှူပါ့မယ်၊ ငါးရာတန်လှူပါ့မယ်၊ တထောင်တန်လှူပါ့မယ်၊ ကပ္ပိယကျောင်းသားမပါဘဲနဲ့ ကိုယ့်ငွေ ကိုယ် ကိုင်ပြီးတော့ အလှူခံသွားရမယ်ဆိုရင် မသွားပါနဲ့တော့၊ တထောင်တန် ငါးရာတန်ပစ္စည်း မရချင်နေပါစေ၊ ဒီငွေ ကိုယ်တိုင်ကိုင်ပြီးတော့ ခရီးစရိတ်လုပ်ပြီးတော့ သွားဖို့မသင့်ဘူးလို့ သတိရပြီး မသွားဘဲနေရင် ကောင်းတယ်၊ သွားရင်တော့ ငွေအကြောင်းပြုပြီးတော့ အာပတ်သင့် အပြစ်ဖြစ်မယ်၊ ဟိုရောက်လို့ ရတဲ့ပစ္စည်းကတော့ တထောင်တန်ပါရဲ့၊ လမ်းခရီး လွန်ကျူးတဲ့ အပြစ်က ငရဲရောက်ချင် ရောက်သွားမယ်၊ ပြိတ္တာဖြစ်ချင် ဖြစ်သွားမယ်၊ အပါယ်လေးဘုံကျချင် ကျသွားမယ်၊ အမှန်အတိုင်းသာ ဒီအပြစ်ဖြစ်လို့ရှိရင် ဒီကဲ့သို့ ဆင်းရဲခြင်း ခံရမယ်လို့ သိလို့ ရှိရင် ရှောင်ကြဉ်ကြမှာ၊ အမှတ်တမဲ့ မရှောင်ကြဉ်ကြဘူး၊ ဒါကြောင့် ငွေကြေးနဲ့စပ်လို့....

ဘုရားရှင်လက်ထက်က လယ်တောတခုမှာ တောရွာတရွာမယ် ရွာထဲက သူခိုးက ငွေထုပ်ကို ထောင်ထုပ်လား မသိဘူး၊ အဲဒီအသပြာထုပ်ကို ခိုးပြီးတော့ အိမ်ကထွက်လာရော၊ လူတွေကသိလို့ လိုက်ကြရော၊ ဒီတော့ ငွေထုပ်က လေးလို့ ထင်ပါရဲ့၊ ငွေထုပ်ယူပြီးတော့ မပြေးနိုင်တော့ လယ်တောထဲ ပစ်ပြီးတော့ သူခိုးက ထွက်ပြေးရော၊ ညဥ့်ကာလ ဖြစ်တော့ ချပစ်ထားခဲ့တာလဲ

လူတွေက မတွေ့ကြတော့ ငွေထုတ်ဟာ လယ်တောထဲ ကျန်နေရစ်၊ သူခိုးလဲ မမိ၊ ကိုယ်စီကိုယ်စီ ကိုယ့်ရွာကိုယ့်အိမ် ပြန်ပြီးတော့ နေကြ၊ မနက်မှ ခြေရာခံပြီးတော့ လိုက်ကြ။

ရှာသားတွေ မလိုက်လာမီ ဘုရားရှင်က မြင်တော်မူလို့ ဒီလယ်တော ရှင်အာနန္ဒာနဲ့ ဆွမ်းခံအပြန်မှာ လယ်ရဲ့ကန်သင်းပေါ်က ရပ်ပြီး လက်ညှိုးညွှန်လို့ "ပဿသိ အာနန္ဒ၊ အာသီဝိသော." အာနန္ဒ-အာနန္ဒာ။ ပဿသိ-မြင်၏လော။ အာသီဝိသော- လျှင်သော အဆိပ်ရှိသော မြွေတည်း။ ငွေထုပ်ကို လက်ညှိုး ထိုးပြီးတော့ ချက်ချင်းလတ်တလော လျှင်မြန်သော အဆိပ်ရှိတဲ့ ကိုက်လိုက်ရင် သေတတ်တဲ့ မြွေကောင်ကြီး မြင်ရဲ့လား-အာနန္ဒာ။

ရှင်အာနန္ဒာက ပဿာမိ ဘန္တေ၊ ဃောရဝိသော" ဘန္တေ-မြတ်စွာဘုရား။ ပဿာမိ-မြင်ပါ၏။ ဃောရဝိသော- ကြမ်းသော အဆိပ်ရှိသော မြွေကြီးပါ ဘုရား။

ငွေထုပ်ကြီးကို ဘုရားရှင်က မြွေလုပ်ပြီးတော့ ပြောတယ်၊ ဒီ ငွေထုပ်ဟာ မြွေလို့ဆိုတယ်၊ ကိုင်မိရင် မြွေကိုက်ရင် သေတတ်သလို ဒီငွေကလူကို သေစေနိုင်တယ်၊ အပြစ်ဖြစ်စေနိုင်တယ်၊ အသုံးမတတ်ရင် အပ်တယ်ဆိုတဲ့ လူများတောင် ငွေအကြောင်းပြုပြီးတော့ ဒုက္ခရောက်ကြရတာ အများကြီးရှိသတဲ့၊ ရဟန်းများဆိုရင် ကိုင်မျှမကိုင်ကောင်းဘူး၊ ကောက်ပြီးမယူရဘူး၊ ကိုင်လဲ မကိုင်ကောင်းဘူး၊ သူများက လာလှူတောင် အလှူမခံရဘူး၊ ကပ္ပိယနဲ့ ဘာနဲ့ လွှဲပြီးတော့ အပ်တဲ့ နည်းလမ်းနဲ့သာ အလှူခံကြရတာ၊ အဲဒီလို အဆိပ်ပြင်းထန် ကြမ်းထမ်းတဲ့ မြွေဆိုးများကဲ့သို့ ဥပစာတင်ပြီးတော့ ပြောရတဲ့ ငွေရတနာ၊ ဒီလိုဟာကို ကိုင်ခံလို့ သုံးစွဲလို့ အပြစ်ခံပြီးတော့ နေရတာမျိုး သီလ မစင်ကြယ်ဘူး၊ ဒီလိုအပြစ်မျိုးကို ရှောင်ကြဉ်တယ်၊ ဒီထက် နုနယ်တဲ့ သေးသိမ်တဲ့ အပြစ်မှ အဖြစ်မခံဘူး၊ ရွှေကျင်ဆရာတော် ဘုရားကြီးများ သီလစောင့်စည်းပုံ အဆင့်ဆင့် ပြောကြ ကိုယ်တိုင်ကြားလိုက်ရ အပြစ်ကင်းတယ်လို့။

ဒါကြောင့် ယခုလို ပြောဟောရတာ ပထမ ရွှေကျင် ဆရာတော်ဘုရားကြီးနဲ့ စပ်လို့ ဓမ္မပဋိသန္ထာရ တမျိုးပါဘဲ၊ အပြစ်ရှိတဲ့ ဝတ္ထုကို အပြစ်ရှိမှန်း သိအောင် အပြစ်ကင်းဖို့ အပြစ်မရှိဖို့ ရှောင်ကြဉ် တတ်အောင် ဥုးပဥ္စင်းများ ကိုရင်များ သတိပြုရတာပေါ့၊လူများလဲဘဲ တရားသဖြင့် ကျင့်ကြံနိုင်အောင် ငွေအကြောင်း ပြုပြီးတော့ လောဘ မဖြစ်ရအောင် ဒေါသမဖြစ်ရအောင် ကြီးကျယ်တဲ့ လောဘ

မဖြစ်ရအောင်၊ ပစ္စည်းအကြောင်းပြုပြီးတော့ လောဘ မဖြစ်ရအောင်၊ ဒေါသ မဖြစ်ရအောင် ဘယ်သူမဆို ပစ္စည်းမရှိရင် မဖြစ်ဘူး၊ပစ္စည်း ရအောင် ရှာ၊ ရှာကထဲကိုကဘဲ ရသမျှ လှူဖို့ဘဲ၊ လှူမှာဘဲ၊ လှူဒါန်းရအောင် ကုသိုလ်ပြုရအောင် ဒို့အထဲက ကိုယ်စားရတာပေါ့။

ရှေးတုန်းက ဘုန်းကြီးတပါး ပြောသံကြားဘူးတယ်၊ကိုယ့်မယ် မွန်မြတ်တဲ့အစာ အာဟာရလေးရ၊ယိုဘူးလေးများ၊နို့ဆီဘူးကလေးများ တဘူးတလေရ၊မစားရက်ဘူးတဲ့ စားချင်ရက်နဲ့ မစားဘူးတဲ့၊သူ့စိတ်ကအာဂန္တုလာမှဖောက်မယ်၊အာဂန္တု လာမှ အတူတူ စားမယ်ဆိုတဲ့ စိတ်ကရှိ၊ တခါတခါ စားချင်လွန်းလို့ အာဂန္တု မျှော်ရသတဲ့၊ အာဂန္တု လာပြီဆိုမှ ဖောက်ပြီး အာဂန္တုလဲစား၊ ကိုယ်လဲစား၊ အဲဒီလိုစိတ်ထားမျိုးနဲ့ ပစ္စည်းတွေရ၊ လှူဖို့တန်းဖို့၊သူတပါးပေးကမ်းဖို့၊ ချီးမြှင့်ဖို့၊ ဒါနပါရမီ ဖြစ်ဖို့ရှာ၊ ဒီထဲက ကိုယ်လဲ စားချင်စားတာပေါ့။

အဲဒီလို အသပြာနဲ့စပ်လို့, ငွေနဲ့စပ်လို့, ပစ္စည်းဝတ္ထုနှင့်စပ်လို့, အပြစ်ကင်းအောင်၊ လောဘ မဖြစ်အောင်၊ ဒေါသ မဖြစ်အောင်၊ အကုသိုလ် မဖြစ်အောင် သတိထားမယ် ဆိုလို့ရှိရင် သမ္မာအာဇီဝ ဖြစ်လို့ လူများလဲဘဲ နိဗ္ဗာန် ရောက်ကြောင်း ပါရမီ ကုသိုလ်တွေ ရနိုင်တာဘဲ၊ ရဟန်းတော်များ ဆိုတော့ ငွေအကြောင်းပြုလို့ နိဗ္ဗာန်ယူဖို့ဆိုတာ နည်းလမ်းမရှိပါဘူး၊ ဒကာများက သဒ္ဓါတရားရှိလို့ ငွေလာလှူလျှင် ယင်းငွေ ကပ္ပိယဆီ အပ်၊ အရှင်ဘုရား ကပ္ပိယထံ တဆယ်တန် ပစ္စည်း အသုံးလိုလို့ရှိလျှင် တောင်းယူပါ၊ ငွေကို မလှူဘူး၊ ဒကာကလဲ ပစ္စည်းလှူတာဘဲ၊ သို့သော် သင်္ကန်းလှူချင်တာ သင်္ကန်းက မပါဘူး၊သင်္ကန်းဘိုးဘဲပါ၊ ကျောင်းသားထံ ငွေအပ်ပြီးတော့ အရှင် ဘုရား သင်္ကန်း အလိုရှိတဲ့အခါ ကျောင်းသားထံ တောင်းယူပါ လျှောက်ထားသွား၊ ဘုန်းကြီးက ငါ အလိုရှိရင် သင်္ကန်း ရလိမ့်မယ်၊ဒါဘဲ၊ဒီငွေယူပြီးတော့ သင်္ကန်းမှတပါး ဘယ်ဟာသုံးမယ်၊ ဘယ်ဟာဝယ်မယ်၊ ဘယ်လို နည်းနှင့်မှ ဘုန်းကြီးက မတတ်နိုင်ဘူး၊ အဲကပ္ပိယက သူ့ဘာသာသူ သုံးပစ်လဲ ဘယ်လိုနည်းနဲ့မှ ဘုန်းကြီးက ကပ္ပိယကို တရားမစွဲနိုင်ဘူး၊ ဘုန်းကြီးငွေလဲ မဟုတ်ဘူး၊ ကပ္ပိယငွေ ဖြစ်နေတယ်။

သို့သော် ငွေအရှင်က ဘုန်းကြီး မလှူလို့ရှိရင် ထိုငွေကို ပြန်တောင်းနိုင်တယ်၊ တရားစွဲမယ်ဆို စွဲနိုင်တယ်၊ ငွေနဲ့ ဘုန်းကြီးနဲ့ ဆိုတာကတော့ ဘယ်နည်းနဲ့မှ မအပ်ဘူး "ကေနစိ ပရိယာယေန" လို့ဆိုထားတယ်၊ ငွေကို ဘုန်းကြီးကိုယ်တိုင်

သုံးနိုင်အောင် နည်းလမ်းပရိယာယ်ရှာ၊ ဘယ်လို နည်းနဲ့မှ မရနိုင်ဘူး၊ ဘယ်လို နည်းနဲ့မှ မအပ်ဘူး၊ အဲခုလိုဟာတွေကို ကိုယ်တိုင် ခုတင်က ဩဝါဒပေးခဲ့တဲ့ ပင်္ဂသန္တာရကထာ ဩဝါဒပေးခဲ့တဲ့ ရွှေကျင်ဆရာတော်ဘုရားကြီးများ အလုံးစုံ ကင်းလွတ်အောင် ကျင့်ကြံပြီးတော့သွားတော်မူနိုင်ကြတယ်။

တပည့်အဆက်ဆက်လဲဘဲ ဤစည်းကမ်းတွေ လိုက်နာဖို့ ဥပဒေတွေ စည်းကမ်းတွေ နည်းလမ်းတွေ ပြောဟောလို့ရေးသားလို့ ခုတင်က ဂါထာ "သိဿကော ဝါဒကထာ" ထဲ ပါတယ် ထင်ပါရဲ့၊ ဆရာတော်ကြီးတွေ ကျေးဇူး အလွန် ကြီးပေတယ်၊ နောက်သားနောင်လာ ရဟန်းသံဃာတွေလဲဘဲ အလွန် ကျေးဇူး များ၊ ဆရာတော်ကြီးတွေ သတိရဖို့၊ ကြည်ညိုကြတဲ့ ဒကာဒကာမတွေလဲ အကုန် လုံး မမှီလိုက်ရသော်လဲ တွေးပြီးတော့ ကြည်ညိုရတယ်။

ဒါကြောင့် သက်တော်ရှည်ပွဲနဲ့ စပ်လို့ ရှေးဆရာတော် ဘုရားကြီးတွေ ကြည် ညို၊ ဆရာတော်ဘုရားကြီးတွေ နေထိုင်ပုံ အာရုံပြုပြီး ဝမ်းမြောက်၊ ဆရာတော် ဘုရားကြီးတွေ မှီခိုပြီးတော့ သာသနာကြီး ကြည်ညို၊ သာသနာတော်ကြီး တည် ထားတော်မူခဲ့တဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကိုလဲ ကြည်ညိုလို့၊ ခုလို ဘုရား ကြည်ညိုတတ်တဲ့ ဒကာဒကာမ ဖြစ်ရ၊ တရား ကြည်ညိုတတ်တဲ့ ဒကာဒကာမ ဖြစ်ရ၊ သံဃာ ကြည်ညိုတတ်တဲ့ ဒကာဒကာမ ဖြစ်ရ၊ ဘုရား တရား သံဃာ ကြည်ညိုတတ်တဲ့ ရဟန်း သာမဏေ ဖြစ်ရ၊ ငါတို့ ကျေးဇူး များပေတယ်၊ ဘုရား သာသနာတော်ကြီး အမှီ ပြုပြီးတော့ ကုသိုလ် ကောင်းမှု ပြုရ ပေတယ်၊ "အဟော မေ လာဘာ ဝတ ဗုဒ္ဓသာသနံ နိဿာယ မဟန္တံ ပုညံ ပသုတံ" မေ-ငါအား။ အဟော လာဘာဝတ- အော် အရတော်ပေစွ တကား။ ဗုဒ္ဓ သာသနံ- ဘုရားရှင် သာသနာတော်ကြီးကို။ နိဿာယ- အမှီပြု၍။ မဟန္တံ၊ နိဗ္ဗာန်တိုင်အောင် အကျိုးပေးနိုင်သဖြင့် မြင့်မြတ်သော မြင့်မြတ်လှစွာသော။ ပုညံ-ကောင်းမှုကို။ ပသုတံ- ဆည်းပူး ပွားများအပ်ပေသည်တကား။

ကိုယ့်အခြေအနေနဲ့ ကိုယ် အာရုံပြုလို့ ဝမ်းမြောက်လို့ ဝမ်းသာလို့၊ကိုယ် ပြုရ တဲ့ကုသိုလ်နဲ့ နိဗ္ဗာန်အမှန် ရလိမ့်မယ်လို့ သတိရပြီးတော့ ဝမ်းမြောက် ဝမ်းသာ ကိုယ်စီကိုယ်စီ သဒ္ဓါတရား တိုးပွားနိုင်ကြပါစေကုန်သတည်း။

(၁၃၂၀-ခု ဇယမေဒနီ ကျောင်းကြီးပေါ် သက်တော်ရှည် ပွဲ၌ ဟော တော်မူသည်။

## ရဟန်းခံ တရား

### နှုတ်မြွက် ဟောတော်မူသော တရား အမှတ် (၆)

**အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။**
**ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။**

ဗာလာနံ-သူမိုက်တို့ကို။ အသေဝနာစ-မမှီဝဲရခြင်းငှင်း။ ပဏ္ဍိတာနံ-ပညာရှိသောသူတို့ကို။ သေဝနာစ-မှီဝဲရခြင်းငှင်း။ ပူဇနေယျာနံ- ပူဇော်ထိုက်သောပုဂ္ဂိုလ်တို့ကို။ ပူဇာစ- ပူဇော်ရခြင်းငှင်း။ ဧတံ-ဤတရားသုံးပါးသည်။ ဥတ္တမံ-မြတ်သော။ မင်္ဂလံ-မင်္ဂလာတရားမည်၏။ (မင်္ဂလာတရားတော်)

တရားဟောပါ, ဩဝါဒပေးပါ, တိုက်တွန်းကြလို့ တရားဟောရ ဆိုတာပဲလှဲ့ ဓမ္မဒေသနာ ကုသိုလ်ရတာပါဘဲ၊ တရားနာတဲ့သူများ ဓမ္မဿဝနကုသိုလ်ရတာဘဲ၊ ကိုယ့်မှာ အသက်အရွယ် ကြီးသော်လဲ ဓမ္မဒေသနာကုသိုလ်ကို ရသင့်ရထိုက်သမျှ အရယူမယ်လို့ ဟောရ ပြောရမှာဖြစ်တော့ ဟောချင်ပြောချင်ပါရဲ့၊ · မပျင်းမရှိပါဘူး၊ သို့သော်လဲဘဲ ဟောဖို့ တရားက ခက်ပြီးတော့နေတယ်၊ ဟောဖို့တရားရဖို့ ကိုယ်တိုင်လဲ စာကို မကြည့်နိုင်ဘူး၊ သူတပါး အရွတ်အဖတ် ခိုင်းပြီးတော့ တရားရအောင်ဆိုလဲဘဲ တရား ရှာဖို့ကလဲ ခဲယဉ်းတယ်၊ ဉာဏ်တွေ ဘာတွေကလဲ လေးထိုင်းကုန်ပြီ၊နဂိုက ရဘူးတာတွေလဲ မေ့ကုန်ပြီ၊ ဒါဖြစ်လေတော့ ဟို အသက် ၈-နှစ် ၉-နှစ်အရွယ်က သင်ဘူးတဲ့ မင်္ဂလာတရား အစထားပြီးတော့ ဟောရတယ်၊ ၉-နှစ် အရွယ်လောက်က ထင်ပါရဲ့၊ မင်္ဂလသုတ် သင်ရတယ်၊ ယခု အသက် ၉၀-ကျော်မှာ ဒီတရား လာပြီးတော့ ဟောရတယ်။

အသေဝနာစ ဗာလာနံဆိုတဲ့ မင်္ဂလာတရားနဲ့ ပြည့်စုံကြပြီးဘဲ၊ "ပဏ္ဍိတာနဉ္စ သေဝနာ"ဆိုတဲ့ မင်္ဂလာတရားနဲ့ ပြည့်စုံကြပြီးဘဲ၊ ပူဇာစ ပူဇနေယျာနံ ဆိုတဲ့

မင်္ဂလာတရားနဲ့ပြည့်စုံကြပြီးဘဲ၊ အခြားသော မင်္ဂလာတရားတွေနဲ့ပါ အများကြီး ပြည့်စုံကြတာဘဲ၊ ထိုကဲ့သို့ ပြည့်စုံကြရာတွင် အထူးသဖြင့် ယနေ့ တိုက်ဆိုင်ပြီး တော့နေတာက "ပူဇာစပူဇနေယျာနံ"ဆိုတဲ့ မင်္ဂလာနဲ့ ပြည့်စုံတာဘဲ၊ ပူဇော် ထိုက်တဲ့သူကို ပူဇော်ကြရတယ်၊ ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်က ရတနာသုံးပါးဘဲ ဆိုပါတော့ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ဒီမှတပါး အသက် အရွယ်ကြီးတဲ့သူ၊ သရဏဂုံတည်တဲ့ သူတော်ကောင်းတွေ ဒါတွေ ပူဇော်ထိုက် တဲ့ ပုဂ္ဂိုလ်တွေဘဲ။

ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်တွေကို ပူဇော်တဲ့သူတွေကတော့ ယခုအလှူ့ရှင်များ ကုသိုလ်ရှင်များပေါ့၊ ပူဇော်ခြင်းဆိုတာက အာမိသပူဇာတဲ့ ဓမ္မပူဇာတဲ့ နှစ်မျိုး ရှိတယ်၊ ပူဇော်ထိုက်သောဘုရားရှင်ကို နံနက်စောစောက ဆွမ်းတော် ရေချမ်း တော် ကပ်ပြီးတော့ ဘုရားပူဇော်တယ်၊ ယခုလို တရားဟောကြ၊ တရားနာကြ တရားဟောဖြစ်၊ တရားနာဖြစ်အောင် တရားပွဲဆင်ပြီးတော့ အလှူ့ဒကာများက စီမံပေးတယ်၊ ဒါ ဓမ္မပူဇာဘဲ သိမ်ထဲမှာဝင်လို့ ရဟန်းလောင်းကို ပဉ္စင်းအဖြစ် သို့ ရောက်အောင် ဥပသမ္ပဒကံဆောင်ရွက်ပေး၊ ပရိတ်ရွတ်ပေး၊ ဒါတွေဟာ ဓမ္မပူဇာတွေဘဲ၊ သံဃာတော်များကို နံနက်စောစောက ဆွမ်းကပ်လို့ မနေ့ည ကဘဲ စတုမဓုတွေ ဘာတွေ ကပ်တယ်လို့ ကြားတယ်၊ အာမိသပူဇာဖြင့် ပူဇော် ကြတယ်လို့ ဆိုရတယ်။

ပူဇာစ ပူဇနေယျာနံဆိုတဲ့ ပူဇော်ခြင်းမင်္ဂလာတရားပွဲကြီး ယနေ့ဆင်နေတာ ဘဲ၊ ပစ္စည်းလေးပါး ပစ္စည်းဥစ္စာ အကုန်ခံပြီးတော့ သာသနာတော်ကိုပူဇော် တာက အာမိသပူဇာတဲ့၊ တရားဟောခြင်း၊ တရားနာခြင်း၊ ရဟန်းဘဝသို့ ရောက်အောင် ပို့ဆောင်ခြင်း စသည်ဖြင့် သာသနာတော်ကို ပူဇော်သမျှဟာ ဓမ္မပူဇာဘဲ၊ အဲဒီလို ပူဇော်ကြတယ်။

ထိုကဲ့သို့ ပူဇော်ရာ၌ အထူးသဖြင့် ထိုပူဇော်ပွဲ မင်္ဂလာပွဲမယ် စိတ်ဝင်စားပြီး တော့ နေကြမှာရှိတယ်၊ဘယ်လိုစိတ်ဝင်စားကြမလဲဆိုလို့ရှိလျှင် ဘုရားသာသနာ ချီးမြှောက်သောအားဖြင့် သာသနာပြုသောအားဖြင့် သာသနာတော်ထမ်း ရဟန်းအဖြစ်သို့ ရောက်အောင် ပို့တင်မယ်၊ ရဟန်းဒကာ ရဟန်းအမအဖြစ် ခံယူပြီးတော့ သာသနာချီးမြှောက်မယ်လို့ သာသနာပူဇော်မယ်လို့ ဒီလိုပူဇော် ခြင်း မင်္ဂလာပြုကြတယ်။

ဘုရားနှင့်စပ်လို့လဲ ပူဇော်ကြ၊ တရားနှင့် စပ်လို့လဲ ပူဇော်ကြ၊ သံဃာနှင့်စပ်လို့လဲ ပူဇော်ကြ၊ ထိုသံဃာထဲ အပါအဝင်ဖြစ်တဲ့ ရဟန်းလောင်း ယခု ရဟန်းသစ် ဖြစ်နေပါပြီ "အရှင် ဉာဏိန္ဒြိယတဲ့"၊ ရဟန်းမဖြစ်ခင်ကတော့ ရှင်ဉာဏိန္ဒြိယလို့ ခေါ်တယ်၊ သိမ်ထဲဝင်ပြီးတော့ သံဃာတော်များ ကမ္မဝါစာ ရွတ်ဖတ်လို့ ပဉ္စမဆုံးကမ္မဝါစာ 'ခေမေတိ ခရေယာမိ' လို့ မိအက္ခရာအဆုံးမှာ ရဟန်းဖြစ်သွားတယ်၊ ရှင်ဉာဏိန္ဒြိယက၊ ဦးဉာဏိန္ဒြိယ။

ခေမေတိ ခရေယာမိလို့ ဆိုလိုက်သည်နှင့် ကမ္မဝါစာဆုံးသည်နှင့်တပြိုင်နက် ရဟန်းဖြစ်သွားတယ်၊ ဦးပဥ္စင်းဖြစ်သွားတယ်၊ ဦးပဥ္စင်းဖြစ်သွားတော့ သူ့သန္တာန်မှာ ယခုတင်က ဒါယကာတွေ ငါးပါးသီလ ဆောက်တည်ရမယ် ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိလို့ သိက္ခာပုဒ်တခု ဆောက်တည်ပြီး ရသွားကြတယ်၊ ဒီဦးပဥ္စင်းလေးမှာ ခေမေတိ ခရေယာမိလို့ ဆိုလိုက်လျှင် သူ့သီလတွေ ဘုရားသာသနာတော်မှာ သီလပေါင်း ရေတွက်မယ်ဆိုလို့ရှိရင် ကုဋေ ကိုးထောင်ကျော်ရှိတယ်၊ ယခုတင်က ဆောက်တည်ကြတာကတော့ ငါးပါးဘဲ၊ သာသနာတော်မယ် ဘုရားပညတ်တော်မူလို့ ထားခဲ့တဲ့ ရဟန်းယောကျ်ားများ ရဟန်းမိန်းမများ၊ သာမဏေယောကျ်ားများ၊ သာမဏေမိန်းမများ၊ ဒါယကာယောကျ်ားများ၊ဒါယိကာမိန်းမများ ဆောက်တည်ကျင့်သုံးဖို့ ဘုရားရှင် ခွင့်ပြုပညတ်ခဲ့တဲ့သီလ ကုဋေကိုးထောင်ကျော်ရှိတယ်။

ထိုကုဋေ ကိုးထောင်ကျော်က ရဟန်းသစ် ကလေးမှာ သမာဒါန အဖြစ်ဖြင့် ကုဋေ ကိုးထောင်ကျော်ရပြီ။ ရဟန်းများနဲ့ မဆိုင်တဲ့ သီလ၊ ဘိက္ခုနီမများနဲ့ ဆိုင်တဲ့ သီလချန်ထား၊ မိဖရိုခိုးခြင်း အစရှိတဲ့လူများနဲ့ဆိုင်တဲ့ သီလချန်ထား၊ ကုဋေကိုးထောင်ကျော် အများကြီးရပြီ၊ အဲဒီသီလတွေကို ဒီရဟန်းသစ်ကလေး ဆောက်တည်ဖို့၊ ကျင့်သုံးဖို့၊ ကျင့်သုံးနိုင်အောင် ရဟန်းဒကာ၊ ရဟန်းအမများက ရဟန်းအဖြစ်သို့ ရောက်အောင် ပို့တင်၍ ပေးသည် ဖြစ်သောကြောင့် ဒီရဟန်းသစ်ကလေး အားထုတ်သမျှ ကုသိုလ်တွေ ဒကာ ဒကာမများလဲဘဲ ဒီကုသိုလ် တွေရတာဘဲ၊ ကုဋေကိုးထောင်ကျော် သီလတွေ ဒကာ, ဒကာမများ ကိုယ်တိုင် မဆောက်တည်နိုင်သော်လဲဘဲ ရဟန်းသစ်ကလေးရတဲ့ သီလကုသိုလ် အတွက် ကိုယ်ဘဲရနေပြီ၊ သံဃာပူဇော်တယ်၊ သာသနာပူဇော်တယ်၊ ဘုရားရှင် သာသနာတော်ကြီးကိုလဲ ချီးမြှောက် ပူဇော်ရာရောက်နေပြီ။

ဘယ်တိုက်၊ ဘယ်သိမ်၊ ဘယ်ဖြစ်ဖြစ်ပေါ့လေ၊ ရဟန်းခံပွဲ ဥပသမ္ပဒကံဆောင်ပွဲနှင့် ဆုံကြလျှင် ဒီကုသိုလ်မျိုး ရကြတာချည်းဘဲ၊ သို့သော် အမှတ်တမဲ့မို့

မသိနိုင်ကြဘူး၊ အချို့ မပြောဘဲ သိနေကြတဲ့ လူတွေလဲ ရှိမှာလဲ၊ ဒီလိုဟာတွေ သိရတော့ သာပြီးတော့ ဝမ်းမြောက်တယ်၊ စေတနာ သဒ္ဓါတရားတွေ ပိုပြီးတော့ လာလို့ ကုသိုလ်တွေထပ်ခါထပ်ခါ ပွားပြီးတော့လာပြန်တာပေါ့၊ အထူးသဖြင့် သဘာဝအတိုင်း ပြောပါရစေတော့၊ ကြွားချင် ဝါချင်လို့လဲ မဟုတ်ဘူး၊ ဘုရား သာသနာတော်ကြီးကို ရေကန် ဥပမာ ထားကြပါစို့၊ အလင်္ကာ ကျမ်းထဲမှာ "ကမလံ ကမလံ ကတ္တုံ" လို့၊ ကမလံ- ကြာသည်။ ကံ-ရေကို။ အလံကတ္တုံ၊ တန်းဆာဆင်ခြင်းငှာ။ ဟောတိ၊ ဖြစ်၏လို့ ဆိုထားတာရှိတယ်။

ဒီရဟန်းသစ်ကလေးဟာ ရေကန်အလယ်မှာ ပေါ်လာတဲ့ ကြာပွင့်ကြီးလို သာသနာတည်းဟူသော ရေကန်ကြီးအလယ်မှာ ရဟန်းသစ်ကလေးဟု ဆိုအပ်သော ကြာပွင့်ကြီးတခု ပေါ်လာတော့ သာသနာတော်ကြီး အလှန် ကြက်သရေ မင်္ဂလာ ရှိသွားတယ်၊ ရဟန်းသစ်ကလေး ပေါ်လာခြင်းသည် သာသနာတော်ကြီး ပိုပြီးတော့ တင့်တယ်အောင် ကြက်သရေမင်္ဂလာရှိအောင် ရဟန်းသစ်ကလေး ပေါ်လာရတယ်၊ ဒီသာသနာကြီးကို တင့်တယ်အောင် ရဟန်းသစ်ကလေးက တန်ဆာဆင်ပေးတာဘဲ၊ သာသနာတော်ကြီး ဆိုတော့ အလွန်ကျယ်ဝန်းပြီး နေတယ်။ အနီးဆုံး ပြောကြပါစို့။

ဤ မဟာဝိသုဒ္ဓါရုံ တိုက်ကြီးကို ရေကန်သဘွယ်ထားပါတော့၊ ရေကန်ကြီး သဘွယ်ဖြစ်တဲ့ မဟာဝိသုဒ္ဓါရုံတိုက်ကြီးကို တင့်တယ်အောင် ကြက်သရေမင်္ဂလာ ရှိအောင် တန်ဆာဆင်ပြီးတော့ပေးရတဲ့ ရဟန်းသစ် ဦးဇောတိကဓိဇ၊ အရှင်ဇောတိကဓိဇ ဆိုတဲ့ ကြာပန်းပွင့်ကြီး ပေါ်လာတာဘဲ၊ မနက်က ဘုရားဝတ်တက်တုန်းက သာမဏေတန်းက နေပြီး သူ ဘုရားဝတ်တက်ရတယ်၊ ယနေ့ည သူဘုရားဝတ် တက်မယ်ဆိုလျှင် ဒီဘုရားခန်း ရဟန်းများ အဆင့်အတန်းတက်ပြီးတော့ ရဟန်း ပြုသစ်စဖြစ်တော့ အောက်တန်းဆီက ထားပါတော့၊ နေ့စဉ်ရွတ်ကြတဲ့ ဘုရား ပါဠိတော်၊ ဘုရားတရားတော်၊ ပါတိမောက်တွေ ရွတ်ဘတ်တော့မည်ဆိုလျှင် ဒီနေ့ တနင်္ဂနွေနေ့ဆိုလျှင် အစဆိုက် နိဒါန်းကစပြီးတော့ ရွတ်ဘတ်တဲ့အထဲ သူ ပါတော့မယ် ပါတိမောက်၊ ဝိနည်းတရားတော်တွေ ရွတ်ဘတ်သရဇ္ဈာယ်ပြီး တော့ ဝိသုဒ္ဓါရုံတိုက်ကြီးကို တန်ဆာဆင်ပြီးပေးတော့မယ်၊ ဝိသုဒ္ဓါရုံတိုက်ကြီး ကို တင့်တယ်အောင် ကျက်သရေရှိအောင် တန်ဆာဆင်ပြီးတော့ နေကြတဲ့ ပုဂ္ဂိုလ်တွေကလဲ သူ့အရင်က ရောက်ပြီးနေကြတာ အများကြီးပါဘဲ။

ယခုနှစ်မှာ သူတို့ ပြောကြတာ ဓမ္မာစရိယက ငါးဆယ်ကျော်လောက် ရှိတယ်ဆိုထင်ပါရဲ့၊ ယခု ရဟန်းသစ်ကလေးကတော့ ဓမ္မာစရိယအဖြစ် မရောက်သေးဘူး၊ သို့သော် ဓမ္မာစရိယ ရောက်ဘို့စာသင်သားထဲ ဝင်နေပြီး၊ အကြီးတန်းအောင်ပြီလို့ ပြောကြတယ်၊ ပထမပြန် ငယ်, လတ်, ကြီး အောင်ပြီးပြီဆိုဘဲ၊ သာမဏေတန်းကလဲ လွန်ခဲ့တဲ့ ဘယ်လကလဲ နတ်တော်လကလား သာမဏေကျော်တန်းမယ်(၂)နံပါတ်က အောင်တယ်လို့ ဆိုတယ်၊ပရိယတ္တိသာသနာဘက်က အများကြီးတင့်တယ် ကျက်သရေမင်္ဂလာရှိပြီးတော့ နေတယ်၊ ဝိသုဒ္ဓါရုံဆိုတဲ့ သာသနာ့ဆိုင်ရာ ရေကန်ကြီးမယ်၊သာမဏေ အဖြစ်နှင့် ကြာပန်းကြီးဖြစ်လို့ ကြာပွင့်ကြီးဖြစ်လို့ အပုံကြီး တင့်တယ်ပြီးတော့နေတယ်၊သိတဲ့ ပုဂ္ဂိုလ်တွေက များပါလိမ့်မယ်၊ ဒါယကာ ဒါယိကာမများကတော့ မသိချင် အချို့ မသိဘဲ နေလိမ့်မယ်၊ ဒီရဟန်းသစ်ကလေး သာမဏေဖြစ်စဉ်က ပရိယတ္တိသာသနာမယ် ဘယ်လောက် ကျေးဇူး များလာသလဲ၊ သဒ္ဒါတဲ့ သင်္ဂြိုဟ်တဲ့ မာတိကာ ဓါတုကထာတဲ့ ယမိုက်တဲ့ ပဋ္ဌာန်းတဲ့ အဘိဓာန်တဲ့ ဆန်းတဲ့ အလင်္ကာတဲ့ ဒီပြင် ပုဒ်စစ်တဲ့ သဒ္ဒါစစ်တဲ့ စသည့်ဖြင့် အခြံအရံ ကျမ်းဂန်တွေနဲ့ သူလေ့ကျက်ထားတဲ့ စာအုပ်တွေ စုပေါင်းပြီး ထမ်းမယ်ဆိုလို့ရှိလျှင် သူ မနိုင်ပါဘူး၊ ဒီအခြေအနေကျအောင် ရဟန်းမဖြစ်ခင် သာမဏေဘဝက စုဆောင်းနိုင်တဲ့အခြေအနေ သိပ်ပြီးခက်တယ်၊ ပါရမီထူး မရှိတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ရှိလျှင် ၁၀-နှစ် အားထုတ်လို့မရဘူး၊ တသက်လုံး အားထုတ်လို့မရပါဘူး။

ဒီလို ကြီးကျယ်တဲ့ အခြေအနေ, မြင့်မြတ်တဲ့ အခြေအနေ ရောက်ပြီးတော့ သာမဏေအဖြစ်နှင့်တွင်မှ မကဘဲနှင့် ရဟန်းဘဝရောက်ပြီး "ဧဝမေတံ ဓာရယာမိ" ဆိုသည်နှင့် တပြိုင်နက် ရဟန်းဖြစ်ပြီးတော့ သီလတွေက တိုးသွားလိုက်တာ မနည်းပါဘူး၊ သူ့အတွက်လဲဘဲ တင့်တယ်၊ ရေကန်ကြီး အလယ် ကြာပန်းဟာ သူ့အတွက်လဲ တင့်တယ်၊ ရေကန်ကြီးတခုလုံးလဲဘဲ တင့်တယ်၊ သူ့အကြောင်း ပြုပြီးတော့ သူကိုယ်တိုင်လဲဘဲ ရဟန်းဘဝနဲ့ဘုရားသာသနာတော် တည်းဟူသော ရေကန်ကြီးမှာ အလွန် တင့်တယ်၊ အလွန်ကျက်သရေ မင်္ဂလာရှိတယ်၊ သူ့အကြောင်း ပြုပြီးတော့ တတိုက်လုံး ကျက်သရေ မင်္ဂလာရှိတယ်၊ ဆရာသမားအဆွေခင်ပွန်း သီတင်းသုံးဘော် ရွှေကျင်ဂိုဏ်းကြီးပါ ကျက်သရေမင်္ဂလာရှိတယ်၊ ဘုရားရှင်သာသနာတော်ကြီးမှာ ကျက်သရေမင်္ဂလာရှိတယ်၊ လူ့ပြေကျက်သရေ မင်္ဂလာရှိ၊ နတ်ပြေကျက်သရေမင်္ဂလာရှိ၊ ဗြဟ္မာ့ပြေ ကျက်သရေမင်္ဂလာရှိ၊ ကျက်သရေမင်္ဂလာကြီး အတင့်အတယ်ကြီး တိုးပြီးတော့သွားတယ်၊လူ့ပြေဖြစ်တဲ့

သာသနာရေးတွေကို နတ်တွေ ဗြဟ္မာတွေကလဲ အသိသားဘဲဟာကိုး၊ သမ္မာဒိဋ္ဌိ နတ်တွေက ဗြဟ္မာတွေက အများကြီးရှိတော့ နေ့စဉ်မြင်သိ၊ နေ့စဉ်ကောင်းတာ တွေ့လျှင် သာဓု ခေါ်နေကြတာ၊ ကြည်ညိုနေတာ၊ နေ့စဉ်ဝမ်းမြောက်ဝမ်းသာ ပြီးတော့ အနုမောဒနာ ပြုနေကြတာ၊ ဒါဖြစ်လေတော့ ယနေ့ "ပူဇာစ ပူဇ နေယျာနံ" မင်္ဂလာပွဲမှာ ဘုရား၊ တရားတော်တွေ ဘုရားမင်္ဂလာတွေ မင်္ဂလာ တရားတွေ တသာသနာလုံး ပျံ့နှံ့သွားတယ်၊ အထက် ဗြဟ္မာပြည်တိုင်အောင် ပျံ့နှံ့ပြီးတော့ ကျက်သရေမင်္ဂလာရှိတယ်။

ဤကဲ့သို့ ကျက်သရေမင်္ဂလာရှိအောင် တင့်တယ်အောင် တန်းဆာဆင်ခြင်း ကို ဘယ်သူကပြုသလဲ၊ ရဟန်းသစ်ကလေး အရှင်ဣန္ဒြိယ၊ ဦးဣန္ဒြိယက သာသနာ တော်ကြီးကို တန်ဆာဆင်ပေးလိုက်တာဘဲ၊ လူ့ဘုံနတ်ဘုံဗြဟ္မာဘုံလောကကြီး ကို တန်ဆာဆင်ပြီးတော့ ပေးလိုက်တာဘဲ၊ အလက်ာထဲမှာတော့ ဘုရားရှင်သည် လောကကို တန်းဆာဆင်ခြင်းငှာ ပေါ်လာတော်မူတယ်၊ ဘုရားရှင်ကိုယ်တော် မြတ်ကြီးကတော့ အတုမရှိ တန်းဆာ ဆင်နိုင်တာပေါ့၊ ဘုရားရှင်အောက် ဆက်သွယ်ပြီးတော့ အရှင် မဟာကဿပကြီးတို့ အရှင် ကောဏ္ဍညတို့ အရှင် သာရိပုတ္တရာ အရှင်မဟာ မောဂ္ဂလာန်တို့ ဘုရားအတူ ဘုရားအနီးအနားကနေပြီး တော့ လောကကြီးကို တန်းဆာဆင်ကြတာပေါ့၊သာသနာတော်ကြီး ကျက်သရေ မင်္ဂလာရှိအောင် ဆောင်ရွက်ကြတာပေါ့။

လပြည့်နေ့အခါကာလ လမင်းကြီးထွက်လာတော့ ဘုရားရှင်က လမင်းကြီး နဲ့ တူတာပေါ့၊ ကောင်းကင် ကျက်သရေရှိတယ်၊ ကြယ်တာရာတွေကတော့ ဘုရားရှင် တပည့်သားတွေနဲ့ တူတာပေါ့၊ ဘုရားရှင် ပရိနိဗ္ဗာန် ပြုပြီးသွားတဲ့ နောက် ဘုရားရှင် ချန်ထားလို့ အခါအားလျော်စွာ ပထမသံဂါယနာတင် အရှင် မဟာကဿပကြီးက လမင်းကြီးကဲ့သို့ ကြွင်းတဲ့သံဃာတွေက ကြယ်တွေကဲ့သို့ ဒုတိယ သံဂါယနာတင် အရှင်ယသ၊တတိယသံဂါယနာတင် အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ စသဖြင့် ကောင်းကင်ပြင်မယ် လမင်းကြီး တင့်တယ်သလို တပါး တပါးက ခေါင်းဆောင်ပြီး အခြံအရံကြယ်တွေနဲ့ ကောင်းကင် တန်းဆာဆင်ကြ သလို သာသနာ တန်းဆာဆင်ကြတယ်၊ ဝိသုဒ္ဓါရုံတိုက် ရွှေကျင်ဂိုဏ်းကြီးမှာ တော့ ရွှေကျင်ဆရာတော်ကြီးက စပြီးတော့ ရွှေကျင်ဂိုဏ်း ရွှေကျင်သာသနာ တော်ကြီး ပေါ်လာတယ်၊ ဘုရားသာသနာတော်ပါဘဲ၊ ဘုရားသာသနာတော် စောင့်ရှောက်တဲ့ဂိုဏ်း သံဃာဖြစ်လေတော့ ရွှေကျင်ဂိုဏ်း ရွှေကျင်သာသနာလို့ ခေါ်ရတယ်။

သာသနာတော်ရင်းကတော့ ဘုရားသာသနာတော်ပါဘဲ၊ အဲဒီလို ရွှေကျင်ဂိုဏ်း ကျက်သရေရှိအောင် ရွှေကျင်ဆရာတော်ဘုရားကြီးကစပြီး ပေါ်လာလို့ တပည့်သား မြေး အခြံအရံနဲ့ ရွှေကျင်ဆရာတော်ဘုရားကြီးများ ပေါ်လာစကတော့ ဤမဟာဝိသုဒ္ဓါရုံတိုက်ကြီးကို တည်ထောင်တဲ့ မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီးက ၁၇-နှစ်အရွယ်လောက်ဆိုထင်ပါရဲ့ ရွှေကျင်ဆရာတော်ကြီးနဲ့တွေ့၊ ဒီတော့ "သက်တော်ရှယ်စစ်၊ ဆဲ့ခွန်နှစ်က၊ ကြယ်ပြိုင်လည်သို့" ပရမတ္ထ သရုပ်ဘေဒနီ စာအုပ်ကြီးနိဒါန်းမှာ တွေ့ဘူးတယ်၊ ကောင်းကင် လမင်းကြီး အလွန်ကြက်သရေ မင်္ဂလာရှိတယ်၊ ထွန်းလင်းတောက်ပတယ်၊ ကြယ်တွေက ဝိုင်းပြီးတော့ လမင်းကြီးဟာ သာပြီး တင့်တယ်တယ်၊ ရွှေကျင်ဆရာတော်ဘုရားကြီးက ဂိုဏ်းကျက်သရေရှိလို့ လူအများကြည်ညိုဘွယ်ဆောင် (၁၇) နှစ်ရွယ်၌ ဝိသုဒ္ဓါရုံ ဆရာတော်လောင်းလျာ သာမဏေလေးက သာမဏေကျင့်ဝတ်နဲ့ ပရိယတ်၊ ပဋိပတ် ပညာတွေနဲ့ ရွှေကျင်ဆရာတော်ဘုရားကြီးအနား ဝိုင်းဝန်းပြီးတော့ ဒိပြင်သာမဏေတွေနဲ့ ရဟန်းတော်တွေနဲ့ ကြယ်အပေါင်းဝန်းရံတဲ့ လမင်းကြီးလို ရွှေကျင် ဆရာတော်ဘုရားကြီး အလွန် တင့်တယ်တယ်၊ ဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးလဲဘဲ ၁၇-နှစ်ရွယ်က သာသနာ့ ကြက်သရေဂုဏ် ဆောင်လာတယ်။

အဲဒီလို ကျက်သရေဆောင် ပုဂ္ဂိုလ်ကြီးတပါး မဟာဝိသုဒ္ဓါရုံတိုက်ကြီးမှာ တိုးလာလို့၊ သာသနာတိုးလာလို့ ယနေ့ "ပူဇာစ ပူဇနေယျာနံ"ဆိုတဲ့ မင်္ဂလာပွဲဟာ သေချာ တွေးပြီးတော့ သတိထားကြည့်၊ ကျက်သရေမင်္ဂလာရှိတယ်၊ ဘုရားပူဇော်တယ်၊ တရား ပူဇော်တယ်၊ သံဃာပူဇော်တယ်၊ ရဟန်းသစ်ကလေး ပူဇော်ရတယ်၊ ရဟန်းသစ်၏ ဂုဏ်ကျေးဇူးတွေ ကြည့်ပြီးတော့ ကြည်ညိုရတယ် ဆိုတာ ဒါတွေ ပူဇာဆိုတဲ့ မင်္ဂလာကုသိုလ်တွေ ဖြစ်တာ၊ မင်္ဂလာတရားတွေ ဖြစ်တာ၊ ထိုပူဇာသည် အဘယ်မျှ အဖိုးတန်သလဲဆိုလျှင်....

**စတုန္နံ ပိ စ ဒီပါနံ၊ ဠဿရံ ယောဓ ကာရယေ။**
**ကော်ဿာ ပူဇနာယေတံ၊ ကလံ နာဂ္ဃတိ သောဠသိံ**။

ပူဇာဆိုတဲ့ ကုသိုလ်ကိုရတဲ့ ရဟန်းဒကာ ရဟန်းအမများ ပူဇော်ခြင်းဆိုတဲ့ ကုသိုလ်မင်္ဂလာရနေတဲ့ ကိုယ်စီကိုယ်စီရနေတဲ့ ပူဇာတွေ ဘုရားပူဇာ၊ တရားပူဇာ၊ သံဃာပူဇာ၊ အာမိသပူဇာ၊ ဓမ္မပူဇာ၊ဒါတွေ အများကြီးဘဲ၊ ရေတွက်လို့လဲ မကုန်နိုင်ပါဘူး၊ ဒါတွေထဲက ပူဇော်ခြင်းတွေ များချင်တိုင်း များပြီး နေတဲ့အထဲက တပါး တခု နှုတ်၊ နှမ်းတွေ တတင်းလောက်ထဲက နှမ်းလေး တစေ့ နှုတ်ယူလိုက်တာလို ပူဇော်တွေ မရေတွက်နိုင်အောင် များပြီးနေတဲ့ ပူဇော်ခြင်းမင်္ဂလာ ကုသိုလ်တွေထဲက **ပရိကပ္ပ** ကြံဆသော အားဖြင့် ပူဇာလေး တခုနှုတ်၊ ပူဇာ

ဆိုတဲ့ ပူဇော်ခြင်း ကုသိုလ်လေးတခုနှုတ်၊ ဘုရားပူဇော်တဲ့ အထဲကဘဲ ဖြစ်ဖြစ်၊ တရားပူဇော်တဲ့ အထဲကဘဲ ဖြစ်ဖြစ်၊ သံဃာပူဇော်တဲ့အထဲကဘဲ ဖြစ်ဖြစ်၊ ဘုရားပူဇော်တာတွေလဲ အများကြီးပါဘဲ၊ ရတနာသုံးပါးပူဇော်တဲ့ ကုသိုလ်စေတနာတွေ၊ ရဟန်းသစ်ကလေး ကြည်ညိုတဲ့ပူဇော်ခြင်းအများထဲကဖြစ်ဖြစ် တခုတစိတ် သေးသေးငယ်ငယ်ကလေး တခုနှုတ်၊ ထိုနှုတ်ထားတဲ့ ပူဇော်ခြင်းကလေး တပါးတပုံ ပုံပြီးတော့။

ယော- အကြင်သူသည်။ ဣမ- ဤလောက၌။ စတုန္နံပိ ဒီပါနံ- ကျွန်းကြီးလေးကျွန်းလုံးတို့ကိုလည်း။ ဣဿရံ၊ အစိုးရခြင်းကို။ ကာရယေ- ပြုနိုင်ရာ၏။

ဘုန်းကံကြီးတဲ့ လူ စကြာမင်းကြီး ဖြစ်ပြီး လေးကျွန်းလုံး အစိုးရတဲ့ စကြာမင်းကြီး ဖြစ်တော့ ထိုစကြာမင်းကြီး၏ ကျက်သရေ ဂုဏ်သိရ်တို့၏ တန်ဘိုးကို အဖိုးဖြတ်မည်ဆိုလျှင် အဖိုးမဖြတ်နိုင်ဘူး၊ လေးကျွန်းလုံး အစိုးရတဲ့ စကြာမင်းကြီး၏ ကျက်သရေဂုဏ်သိရ် စည်းစိမ်ရတနာတို့၏ အဖိုးတန်ခြင်းနှင့် ယခုတင်က ပြောခဲ့တဲ့ စေတနာကဘဲ သာလွန်မယ်တဲ့၊ စကြာမင်းကြီး၏ စည်းစိမ် ဂုဏ်သိရ်တို့၏ အဖိုးတန်ခြင်းက စေတနာကလေး၏ အဖိုးကို မမှီနိုင်ဘူးတဲ့၊ စေတနာတချက် (စေတနာတချက်ဆိုတာ စိတ္တုပ္ပါဒ်တချက်ဘဲ ထားပါစို့)။ စိတ္တုပ္ပါဒ် တချက်ပါတဲ့ စေတနာကိုလိုက်လို့ မမှီနိုင်ဘူးတဲ့၊ ဒီစေတနာကို ၁၆-စိတ် စိတ်၊ ၂၅၆-စိတ် စိတ်၊ တစိတ်ထားပြီးတော့ ခုတင်က စကြာမင်းကြီး ဂုဏ်ကျက်သရေနဲ့ ကျက်သရေ စည်းစိမ်၏ တန်ဘိုးပြိုင်ကြစို့၊ ဒီတစိတ်ကိုလဲ မမှီနိုင်ဘူးတဲ့။

တံ-ထိုစကြာမင်းကြီး၏ စည်းစိမ်ရတနာ၏ အဖိုးတန်ခြင်းသည်။ ဧကိဿာ- တခုသော။ ပူဇနာယ- ပူဇော်ခြင်း၏။ ဝါ-ပူဇော်ခြင်း ကုသိုလ်စေတနာ၏။ သောဠသိံ ကလံ၊ ၁၆-စိတ် စိတ် တစိတ်ကို။ ဝါ၊ (၂၅၆)စိတ် စိတ် တစိတ် အဖိုးကို။ တစိတ်အဖိုးလောက်။ နအဂ္ဃတိ၊ အဘိုးမတန်ချေ။

ယခုပြုတဲ့ကုသိုလ် ပူဇာစ ပူဇနိယ မင်္ဂလာနဲ့ပြည့်စုံတဲ့ မင်္ဂလာ ကုသိုလ် ရတဲ့ ဒကာ, ဒကာမများရဲ့ စေတနာတွေဟာ များချင်တိုင်း များတယ်။ ဒီများချင်တိုင်း များတဲ့အထဲက ရဟန်းသစ်ကလေး ကြည်ညိုရတဲ့ ပူဇာကုသိုလ်ကလေးက တန်ဘိုးပိုင်းဖြတ်လို့ မရဘူးတဲ့၊ ဒီတော့ ရတနာသုံးပါးကြည်ညိုလို့၊ သာသနာတော်ကြီး ကြည်ညိုလို့ ဒီကုသိုလ်ကို အား မထုတ် ခင် အလှူအတန်း မပေးမီ ရှေးအဖို့က ကြံစည်ခဲ့တာ၊ ယခုကြံနေတဲ့ စိတ်တွေ နောင်လဲ တသက်လုံး သတိရလို့ရှိလျှင် နောင်ဘဝ ကူးပြီးတော့၊ ဇာတိဿရ ဉာဏ်တွေနဲ့ သိပြီးတော့ သတိရတိုင်း သတိရတိုင်း အပရာပရိယဝေဒနီယ စေတနာ ကုသိုလ်တွေက

သာပြီးတော့ များနေပါလိမ့်မယ်၊ သတိရတိုင်း ရပေမဲ့ ပူဇာကုသိုလ်တွေ အဖိုးများစွာ ထိုက်တန်တယ်လို့ စိတ်ထဲက ကြည်ညို သဒ္ဓါတရား တိုးပွားလို့၊ ဘုရားရှင်သာသနာတော်ကြီးနဲ့ ကြုံကြိုက်ရလို့၊ မဂ်ရကြောင်း၊ ဖိုလ်ရကြောင်း၊ နိဗ္ဗာန်ရောက်ကြောင်း၊ သံသရာကျင်လည်တဲ့အခါ၊ လူ့ချမ်းသာ၊ နတ်ချမ်းသာ လောကီချမ်းသာတွေရဘို့ ကုသိုလ်ပါရမီ၊ ကုသိုလ်ကောင်းမှုတွေကို ယနေ့ရပေတယ်လို့ ပူဇာစ ပူဇနေယျာနံ ဧတံမင်္ဂလမုတ္တမံ မင်္ဂလာတပါး၊ ကုသိုလ်ပွဲ မင်္ဂလာပွဲ ယနေ့ယခုပြုရတာ နိဗ္ဗာန်တိုင်အောင် အကျိုးပေးမဲ့ ကုသိုလ်ဘဲလို့ ယုံကြည် အားထားပြီး သဒ္ဓါတရား တိုးပွားနိုင်ကြပါစေကုန်သတည်း။

(သံတော်ဆင့် သာမဏေ ကျော် ရှင်ဣန္ဒြိယ ရဟန်းခံပွဲ၌ ဟောတော်မူသည်၊ ၁၃၂၀-ခု)

ရေလှူတရားတော်

## နှုတ်မြွက်တရား အမှတ်(၇)

ဘုရားဟောပါလို့ လျှောက်တော့ တရားဆိုတာ ဘုရားရှင် တရားပါဘဲ၊ ဘုရားရှင် တရားတွေ မပျောက်ကွယ်သေးလို့ ယခုတက်တိုင် ဘုရားစကားတော်တွေ ဘုရားတရားတော်တွေပြောဟောနေကြရ နာယူနေကြရတယ်။

**"သိဝံ ပတ္ထေထ ဘိက္ခဝေ၊ သိဝံ ပတ္ထေတွာန ဒါနံဒါတဗ္ဗံ၊**
**သီလံရက္ခိတဗ္ဗံ၊ ဘာဝနာ ဘာဝေတဗ္ဗာ"**

ဟောတော်မူခဲ့တယ်။ ဘိက္ခဝေ-ရဟန်းတို့။ သိဝံ-နိဗ္ဗာန်ကို။ ပတ္ထေထ-တောင့်တကြကုန်လော့။ သိဝံ- နိဗ္ဗာန်ကို။ ပတ္ထေတွာန- တောင့်တ၍။ ဒါနံ-အလှူဒါနကို။ ဒါတဗ္ဗံ-ပေးလှူအပ်၏။ သီလံ-သီလကို။ ရက္ခိတဗ္ဗံ၊ စောင့်ရှောက်အပ်၏။ ဘာဝနာ- (ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်းခြင်း)ဘာဝနာကို။ ဘာဝေတဗ္ဗာ- ပွားများအပ်၏၊၊

ဘုရားအဆုံးအမတော်နဲ့ အရိယာပညာရှိ သူတော်ကောင်းတို့ အဆုံးအမတော်က ဒါနဘဲ၊ သီလဘဲ၊ ဘာဝနာဘဲ၊ ကုသိုလ်ကောင်းမှုအားထုတ်ချင်တယ်၊ ဘာလုပ်ရမလဲလို့ဆိုလျှင် ဒါနလုပ်ရမယ်၊ သီလဆောက်တည်ရမယ်၊ ဘာဝနာအလုပ်လုပ်ရမယ်၊ ဒီသုံးမျိုးရှိတာဘဲ၊ ယခုနေ့တော့ကို သံဃာတော်များ ဆွမ်းကပ်လို့ အစဉ်ထာဝရသုံးစွဲဖို့ ရေစက်ကြီး ဆင်ပြင်ပြီးတော့ သံဃာတော်များချမ်းသာအောင် ရေလှူတာ ရေဒါနဘဲ။

ဒါနဆိုတာ ဒါနပါရမီလို့ ဘုရားအလောင်းတော်များဖြည့်ရတာလဲ ဒါနဘဲ၊ နိဗ္ဗာန်တောင့်တပြီး လှူဒါန်းလို့ရှိလျှင်နိ ဗ္ဗာန်ရနိုင်တာဘဲ၊ ထိုဒါနသည် စေတနာဒါန၊ ဝတ္ထုဒါန နှစ်မျိုးရှိတယ်၊ ဝတ္ထုဒါနဆိုတာက ဆွမ်းတို့ သင်္ကန်းတို့, ကျောင်းတို့, ဆေးတို့, ယခုလိုရေလှူတဲ့အခါ ရေတို့၊ ဒီလိုမျက်စိနဲ့ မြင်ရတွေ့ရတာကို ဝတ္ထုဒါနလို့ခေါ်တယ်၊ ထိုလှူဘွယ်ဝတ္ထုတွေကို ဆိုင်ရာပုဂ္ဂိုလ်ကိုဖြစ်စေ၊ သံဃာကိုဖြစ်စေ၊ စိတ်က ရည်မှန်းပြီးတော့ လှူဒါန်းပါ၏၊ ဆက်ကပ်ပါ၏၊ ကျွေးမွေးပါ၏။ ပေးကမ်းပါ၏ဆိုတဲ့ စိတ်စေတနာတွေကို စေတနာဒါန ခေါ်တယ်၊ ဒီလိုဝတ္ထုဒါန, စေတနာဒါနလို့ နှစ်မျိုးရှိတယ်။

ဒီတော့ ဝတ္ထုဒါနတော့ တတ်အားသမျှ အချို့ခပ်နဲနဲဘဲလှူ၊ အချို့များများကြီးလှူ၊ အချို့ပန်းကလေး တပွင့်တည်းလှူတယ်၊ ဟိုရှင်သာရိပုတ္တရာ အလောင်းတော်များ ပန်းမွေ့ရာကြီးခင်းလို့ ပန်းကိုတောင်ပုံကြီးလိုပုံပြီးတော့၊ ပန်းမဏ္ဍပ်ကြီး ဆောက်လို့ ဒီလို အများကြီး းလှူဒါန်းဒါလဲ ရှိတာဘဲ၊ နဲနဲလှူလဲ ဒါနဘဲ၊

များများလှူလဲဒါနဘဲ၊ ဒီလို လှူရာမယ်၊ ဝတ္ထု ဒါနထက် စေတနာဒါနတကောင်းစေရတယ်၊ စေတနာဒါန ကောင်းလျှင် နိဗ္ဗာန်ပေါက် အကျိုးပေးနိုင်တယ်၊ ဝတ္ထုက အနဲ့အများလိုရင်းမဟုတ်ဘူး၊ စေတနာ ထက်သန် စေတနာများလျှင် နိဗ္ဗာန်တောင့်တက နိဗ္ဗာန်ရနိုင်တယ်။

ဟို ၉၁-ကမ္ဘာလောက်က ဝိပဿီဘုရားပွင့်တော်မူတယ်၊ ဝိပဿီဘုရားရှင်လက်ထက်က အမျိုးကောင်းသားတဦး ရေလှူဘူးတယ်၊ ထိုက်သည့်အားလျော်စွာ ဘုရင်မင်းနှင့်တကွ အိမ်ရှေ့မင်းတို့၊ သူဌေးသူကြွယ်တို့၊ အမတ်ကြီးတွေ မြို့သူမြို့သားတွေ လှူကြတန်းကြတယ်၊ သူလဲဘဲ ဒါယကာတဦး အဖြစ်ဖြင့် သူကတော့ ရေများများကြီး လှူတယ်၊ သံဃာတော်များသုံးစွဲဖို့ ရေများများကြီး လှူတယ်၊ ဒါဒါနပါဘဲ၊ ထို့ပြင် လှူဘော်လှူဘက်ဖြစ်တဲ့ ကောင်းမှုရှင်တွေလဲ အသီးသီးနိဗ္ဗာန်ရကြမှာဘဲ၊ ရကြတာပါဘဲ။

အထူးအားဖြင့် ဒီ၉၁-ကမ္ဘာထက်က နိဗ္ဗာန်တောင့်တပြီး ရေလှူတဲ့ဒါယကာခု ငါတို့ ဂေါတမဘုရားရှင်လက်ထက်မှာ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ရတယ်၊ရဟန္တာဖြစ်လို့ ရဟန္တာအဖြစ်နဲ့ သံသရာဝဋ်မြစ်ပြတ်လို့ ဝဋ်တရား ကုန်ဆုံးလို့ မင်္ဂဖိုလ်နိဗ္ဗာန်ရောက်အောင် အလွန်ကြီးမြတ်တဲ့ လောကုတ္တရာအကျိုးထူးရတယ်၊ ဘာ့ကြောင့်ရပါလိမ့်မလဲလို့ ပြန်ပြီး ဆင်ခြင် ကြည့်တော့ အဲဒီ ဝိပဿီဘုရားရှင်လက်ထက်က ရေလှူရတဲ့ ဒါနဟာ နိဗ္ဗာန်ပေါက် အကျိုးပေးပါကလားဆို့သူတပါးကိုလဲ သိစေချင်လို့ ကိုယ်တိုင်က ပြောခဲ့တယ်။

**“ကေန ဝုတိတော ကပ္ပေ၊ ယံကမ္မ မ ကရိံ တဒါ။**
**ဒုဂ္ဂတိံ နာဘိ ဇာနာမိ၊ ဒက ဒါန ဿိဒံ ဖလံ။**

ဣတော-ဤဘဒ္ဒကမ္ဘာမှ။ကေနဝုတိကပ္ပေ-ကိုးဆဲ့တကမ္ဘာ၌။ ယံကမ္မံ-အကြင်ရေလှူသောအမှုသည်။ အတ္ထိ-ရှိ၏။ တဒါ-ထိုအခါ၌။ တံကမ္မံ- ထိုရေလှူခြင်းအမှုကို။အဟံ-ငါသည်။ အကရိံ-ပြုခဲ့ပြီ။ တတော-ထိုအခါ၌။ ပဋ္ဌာယ-စ၍။ ဒုဂ္ဂတိံ- အပါယ်ဂတိကို။ န နာဘိဇာနာမိ-မသိစဘူး၊ ဣဒံ-ဤ၉၁-ကမ္ဘာတိုင်တိုင် အပါယ်ဘုံသို့မကျဘဲ သုဂတိဘဝ၌သာ၊ ခံစား စံစား၍ နိဗ္ဗာန်တိုင်အောင်သောအကျိုး ကိုရခြင်းသည်။ ဒကဒါနဿ-ရေလှူရသောဒါန၏။ ဖလံ-အကျိုးတည်း။

ဒီလို သံသရာ ကျင်လည်တဲ့အခါ ချမ်းသာပြီး နိဗ္ဗာန်ပေါက် အကျိုးပေးတယ်၊ သိကြားမင်းကြီး အကြိမ် ၅၀-ဖြစ်ခဲ့ဘူးတယ်၊ စကြာမင်းကြီး အကြိမ် ၂၀-ဖြစ်ခဲ့ရဘူးတယ်၊ ဒီမှတပါး အပါယ်လေးဘုံ မရောက်ရဘူးတဲ့၊ လူ့ဘဝ,

နတ်ဘဝမှာသာ ကျင်လည်ပြီး ချမ်းသာ ခံစားရတယ်၊ အထူးသဖြင့် ရေလှူခဲ့တာဖြစ်တော့ ရေအကျိုးပေးတဲ့ အခါမှာ ဆန်းဆန်းပြားပြား အကျိုးပေးတယ်၊ ဆန်းကြယ်တယ်တဲ့၊ ဘယ်လို ဆန်းကြယ်သလဲဆိုတော့-

ပဗ္ဗတဂ္ဂေ ရုက္ခဂ္ဂေ ဝါ၊ အန္တလိက္ခေ စ ဘူမိယာ။
ယဒါ ဥဒက မိစ္ဆာမိ၊ ခိပ္ပံ ပဋိလဘာမဟံ။

ပဗ္ဗတဂ္ဂေဝါ- တောင်ထိပ်၌ရင်း။ ရုက္ခဂ္ဂေဝါ-သစ်ပင်ဖျား၌ရင်း။ ဘူမိယာ-မြေ၌ရင်း။ ယဒါ-အကြင်အခါ၌။ ဥဒကံ-ရေကို။ ဣစ္ဆာမိ- အလိုရှိ၏။တဒါ-ထိုသို့သော အခါ၌ အဟံ- ငါသည်။ ခိပ္ပံ-လျင်မြန်စွာ။ ပဋိလဘာမိ-ရေရ၏။

မန္တလေးတောင်လို တောင်ပေါ်ရောက်နေတယ်၊ ရေကလဲ ငတ်၊ ရှိလဲ မရှိဘူး၊ ရေသောက်ချင်တယ်လို့ တောင့်တလိုက်ရင် တခါထဲ ရေ ရပြီး သောက်ရတယ်၊ သစ်ပင်ပေါ် ရေအိုးစင် ဘယ်ရှိမလဲ၊ သစ်ပင်ပေါ်က ရေ တောင့်တလိုက်ရင် သစ်ပင်ပေါ်တွင် ရေ ရပြီး ရေသောက်ရတယ်၊ ယခုကာလ လေယာဉ်ပျံမျိုးလို ကောင်းကင် ရောက်နေ ရေ မရှိ၊ ကောင်းကင်ကနေ တောင့်တလိုက်လျှင် ရေ ရနိုင်တယ်၊ မြေပြင်ဖြစ်လျှင်တော့ ပြောစရာ မရှိဘူး၊ ရေရှားတဲ့ အရပ်မှာတောင် တောင့်တလျှင် ရေ ရနိုင်တယ်၊ ဒီလို အကျိုးပေးကို ကိုယ်တိုင် ရခဲ့တယ်၊ရေလှူတဲ့ ဒါနကြောင့် လူ့ ချမ်းသာ နတ် ချမ်းသာ ရတယ်၊ အထူးသဖြင့် ရေလှူခဲ့ရတဲ့ အကျိုးကို အထူး ရတယ်တဲ့၊ ဒီ ဂါထာကို ရွတ်ဖတ်ပြီး ကိုယ်တိုင်က ဟော ပြောတယ်။

ရေလှူရတဲ့ အကျိုးက (၁၀)ပါးရှိတယ်တဲ့။
သက်ရှည်, ဆင်းလှ၊ ချမ်းသာရ၊ ဗလ, ဉာဏ်ပညာ။

အသက် ရှည်ရတယ်၊ လူ့ပြေ ဖြစ်လျှင် အသက်တန်း စေ့မှ သေရတယ်၊ အဆင်းလှတယ်၊ ကိုယ်စိတ် ချမ်းသာရတယ်၊ ကာယ ဗလ ဆိုတဲ့ ခွန်အား ကြီးမားရတယ်၊ ဉာဏ ဗလ ဆိုတဲ့ ဉာဏ်ပညာ ထက်မြက်တယ်၊ ပေါင်းငါးမျိုး ပြီးတော့....

စင်ကြယ်, ခြွေသင်း၊ ကျော်စောခြင်း၊ လျင်ခြင်း, မွတ်သိတ်ကွာ- တဲ့၊ ဖြစ်ရာ ဘဝမှာ စင်စင်ကြယ်ကြယ် သန့်သန့်ရှင်းရှင်း ဖြစ်ရတယ်၊ အခြွေအရံ အသင်းအပင်း ပေါများတယ်၊ ကျော်စောခြင်း ဂုဏ်နှင့် ပြည့်စုံတယ်တဲ့၊ ပြီးတော့ လျင်ခြင်းဆိုတာက သွားတဲ့အခါ လာတဲ့အခါ လျင်လျင်မြန်မြန် ခွန်

အားဗလနဲ့ ပြည့်စုံတာပါဘဲ၊ မှတ်သိတ်ဆာလောင်တယ် မရှိဘူး၊ အမြဲ ရေငတ်ပြီးတော့ မနေရဘူး၊ အလိုရှိတဲ့အခါ တောင့်တ ရတာဘဲ၊ ပင်ကိုဗလ အားကြီးပြီးနေတော့ ရေအကျိုး ဆယ်ပါး အမြဲ ရစေနိုင်တယ်တဲ့၊ ဒီလို ရေအကျိုးဆယ်ပါး သံပေါက်နဲ့ ရေးပြီး မှတ်ထားတာ ရှိတယ်။

ဒါကြောင့် ယနေ့ ယခု လှူရတဲ့ဟာက နိဗ္ဗာန်ပေါက် အကျိုးပေးမယ်၊ သံသရာ ကျင်လည်တဲ့အခါလဲဘဲ ယခုတင်က ပြောသလို ရေအကျိုး ဆယ်ပါးရ၊ အထူးသဖြင့် တောင်ထိပ်ပေါ်က အလိုရှိလျှင် တောင်ထိပ်ပေါ်မှာ ရေပေါ်လာနိုင်မယ်၊ ဒါမျိုးကို ဒါနလို့ ခေါ်တယ်၊ ယခုတော့ ရေတွင်းမကဘဲ သံဃာတော်များ ဆွမ်းပါကျွေးလို့....

**အန္နံ သံဃဿ ဒတွာန၊**
**အဘိရူပေါ မဟိဒ္ဓိကော-တဲ့။**

ဆွမ်း အကျိုးကလဲ အဘိရူပ အလွန် အဆင်းလှ၊ မဟိဒ္ဓိကဲ တန်ခိုး ကြီးသတဲ့၊ ဝဏ္ဏသမ္ပန္နံ- အဆင်း ပြည့်စုံသတဲ့၊ ဗလဝန္တံ- ခွန်အား ကြီးမားသတဲ့၊ အဲဒီ ဆွမ်းကလဲ နိဗ္ဗာန်ပေါက် အကျိုး ပေးနိုင်တယ်၊ အဆုံးဘဝ နိဗ္ဗာန်ရနိုင်တယ်၊ နိဗ္ဗာန်ရောက်အောင် အကျိုး ပေးစွမ်းနိုင်တဲ့ ကုသိုလ်ဒါနမျိုးကို ပြုရပေတယ်လို့ စိတ်ထဲက ဝမ်းမြောက်ဝမ်းသာနဲ့ စေတနာ သဒ္ဓါတရားကို စေတနာဒါန၊ ပစ္စည်းဥစ္စာ အကုန်ခံပြီးတော့ လှူရတဲ့ဝတ္ထုကို ဝတ္ထုဒါနခေါ်တယ်၊ ထိုဒါနဖြင့် နိဗ္ဗာန် ရပေလိမ့်မယ်၊ သံသရာ ဝဋ္ဋမြစ်ပြတ်လို့ နိဗ္ဗာန် ရောက်ရမယ်၊ နိဗ္ဗာန် မရောက်မီလဲဘဲ အမှန်မုချ ချမ်းသာမှာဘဲလို့ ယုံကြည် စိတ်ချ သဒ္ဓါတရား တိုးပွါးပြီးတော့ ဝမ်းမြောက်ဝမ်းသာ 'အော်-တော်ပေစွ၊ တော်ပေစွ' ဘုရားရှင် သာသနာတော်နှင့် ကြုံကြိုက်ရသဖြင့် လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးကိုရခြင်း၏အကြောင်း ကောင်းမြတ်သော ပါရမီ ကုသိုလ်ထူးကို ဆည်းပူးပွားများရပေတယ်လို့ဝမ်းမြောက်ဝမ်းသာသဒ္ဓါတရားတိုးပွါးနိုင်ကြပါစေကုန်သတည်း။

မန္တလေး ပိုးကုန်သည် ဦးစုံ ဒေါ်မိတ် သားသမီးမြေးများ

ဒေါ်မြမေ ခေါင်းဆောင် လှူဒါန်းသော ရေစင်မော်တာ ရေစက်ချပွဲ၌ ဟောတော်မူသည်။(၁၃၂၃-ခု)

## နှုတ်မြွက်ဟော တရား အမှတ် (၈)

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊
ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ။

“မေ-ငါ့အား။ ဗုဒ္ဓေါ-ဘုရားရှင်သည်။ သရဏံ-ကိုးကွယ်ရာတည်း။ အညံ-ဘုရားရှင်မှ တပါးသော ကိုးကွယ်ရာသည်။ နတ္ထိ-မရှိ။ မေ-ငါ့အား။ ဓမ္မော-တရားတော်သည်။ သရဏံ-ကိုးကွယ်ရာတည်း။ အညံ-တရားတော်မှတပါးသော ကိုးကွယ်ရာသည်။ နတ္ထိ-မရှိ။ မေ-ငါ့အား။ သံဃော-သံဃာတော်သည်။ သရဏံ-ကိုးကွယ်ရာတည်း။ အညံ- သံဃာတော်မှ တပါးသော ကိုးကွယ်ရာသည်။ နတ္ထိ-မရှိ။

ဗုဒ္ဓဘာသာ,သမ္မာဒိဋ္ဌိဖြစ်တဲ့ လူမျိုးများမှာ သာသနာတော်တွင်း ကြုံကြိုက်ရလို့ ကိုးကွယ်ရာ၊ ကိုးစားရာ၊ အားကိုးစရာ ရှာမယ်ဆိုလို့ရှိလျှင် ရှေးဦးစွာ ဘုရားတွေ၊ ထို့နောက် တရားတွေ၊ သံဃာ တွေတယ်၊ ရတနာသုံးပါးဟာ ကိုးကွယ်ရာအစစ် အကောင်းဆုံးဘဲ၊ ဗုဒ္ဓဘာသာ ဘုရားကြည်ညိုတဲ့ ရတနာသုံးပါး ကြည်ညိုတဲ့ ဗုဒ္ဓဘာသာ ယုံကြည်တဲ့သူများဖြစ်ပြီးတော့ နေပေတယ်လို့ ငါအားကိုးစရာ ဘုရားဘဲ, တရားဘဲ, သံဃာဘဲလို့ ဒီလိုအမှတ်မဲ့ မသိဘဲဖြစ်နေတဲ့ လူတွေ ရှိချင် ရှိနေတတ်တယ်၊ အမှန်မှုချမယ်တော့ ရတနာသုံးပါးဟာ ဗုဒ္ဓဘာသာ မကပါဘူး၊ သတ္တဝါမှန်သမျှအားကိုးဘို့ အားထားစရာဘဲ။

ဘုရားရှင် ခွင့်တော်မူလို့ သတ္တဝါတွေ လူချမ်းသာရကြ၊ နတ်ချမ်းသာရကြ၊ ဗြဟ္မာချမ်းသာ ရကြ၊ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာဆိုတဲ့ လောကီစည်းစိမ်နဲ့ မတင်းတိမ်သေးလို့ လောကုတ္တရာချမ်းသာ အလိုရှိတယ်ဆိုလို့ရှိလျှင် ဘုရားရှင် ဟောတော်မူခဲ့သည့်အတိုင်း နိဗ္ဗာန်ရောက်ကြောင်း ပါရမီကုသိုလ်တရားတွေ အားထုတ်မယ်ဆိုလို့ရှိလျှင် နိဗ္ဗာန်ရောက်သွားကြတာဘဲ၊ နိဗ္ဗာန်ချမ်းသာရနိုင်တာဘဲ။

ဒါကြောင့် လောကီကျိုးပေးနိုင်တာ ဗုဒ္ဓဘုရား၊ လောကုတ္တရာကျိုးပေးနိုင်တာ ဗုဒ္ဓဘုရား၊ ဘုရားရှင်မှတပါး တရား, သံဃာ, ရတနာ သုံးပါး၊ အားကိုး

ကြရမယ်၊ရတနာသုံးပါးနှင့် စပ်တဲ့ ကုသိုလ် အားထုတ်ခြင်းသည် ရတနာသုံးပါး နဲ့ စပ်တဲ့ ရဟန်းခံရှင်ပြု အလှူအတန်း ပြုခြင်းသည် ရတနာသုံးပါးကို အားကိုးသည် မည်တယ်၊ ယနေ့ ရဟန်းခံကို ဥပသမ္ပဒကံ ခေါ်တယ်၊ မြန်မာလိုတော့ ရဟန်းခံပွဲ ခေါ်ကြတယ်။ သာမဏေဘဝက ရဟန်းဘဝ ရောက်အောင်လို့ သံဃာတော်များက ကမ္မဝါစာရွတ်ဖတ်ပြီးတော့ ရဟန်းဘောင် ရောက်အောင် ရဟန်းသံဃာအတွင်း သိမ်းသွင်းလိုက်ကြတယ်။ ကမ္မဝါစာ ဘတ်တဲ့အခါ "ဧဝမေတံ ဓာရယာမိ" ဆိုတဲ့ မိအက္ခရာလေးဟာ ကမ္မဝါစာ အဆုံးဘဲ၊ ထို (မိ) အက္ခရာ ဆုံးသည်နှင့် တပြိုင်နက် ရဟန်းဖြစ်သွားတယ်၊ ရဟန်းဖြစ်သွားလျှင် ဒီရဟန်းသစ်ကလေးမှာ သီလကုဋေ ကိုးထောင်ကျော် ဆောက်တည်ပြီး ဖြစ်သွားတယ်။

ဒီ သီလ ကုဋေ ကိုးထောင်ကျော်ကို လူတွေက တဘဝမကဘူး၊ ဆယ်ဘဝ အားထုတ်လို့ရတာမဟုတ်ဘူး၊ ဘဝအသခ်ျေအားထုတ်လို့ လူ့ဘဝနဲ့ဆိုလျှင် ရတာမဟုတ်ဘူး၊ ရဟန်းဖြစ်မှရတယ်၊ ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ ပစ္စယသန္နိဿိတသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ဒီ သီလလေးမျိုးလုံးလို လူတွေ အကုန်ရအောင် ဘယ်နည်းနဲ့မှ မပြုနိုင်ဘူး၊ လူတွင်သာ မဟုတ်ပါဘူး၊ နတ်လဲမရပါဘူး၊ သိကြားမင်းလဲမရပါဘူး၊ ဗြဟ္မာမင်းကြီးလဲ မရပါဘူး၊ ရဟန်းဖြစ်မှသာ ထိုကုဋေ ကိုးထောင်ကျော် သီလရလို့ ရဟန်းသစ်ကလေး ဖြစ်သွားရတာ ဘယ်လောက် အဘိုးတန်လဲ ဆိုတော့ အမှတ်တမဲ့တော့ မသိကြဘူး၊ ကိုယ်တိုင်သိဘို့လဲ ဉာဏ်မရှိကြဘူး၊ ဘုရားဟော တရားတော် ကြားကြလျှင်တော့ သိကြမှာဘဲ။

ဟို ဘုရားရှင် ပါရမီဖြည့်စဉ်ကာလက ဘဝပေါင်းများစွာ ပါရမီဖြည့်လာရတယ်၊ ဇာတ်ကြီး(၁၀)ဘွဲ့ထဲမှာ မဟာဇနကဇာတ်တော်မှာ ဘုရားအလောင်းတော် ဇနကမင်းကြီး ဖြစ်တယ်၊ဘုရင်အဖြစ်သို့ရောက်တယ်ဆိုတာလဲ ကြားဘူးတဲ့အတိုင်း အလွန် ခဲယဉ်းမှာဘဲ၊ ဇနကမင်းကြီးဟာ ဇနကမင်းကြီးမဖြစ်ခင် ထို ဇနကမင်းကြီး ပဋိသန္ဓေတည်နေစဉ် အခါကာလမှာ သူ့ဖခင်က ဘုရင်ကြီး၊ သူကလဲ ဇနကကဘဲ၊ သူ့ဘထွေးတော်က အိမ်ရှေ့မင်း၊ သူကလဲ ဇနကဘဲ၊ အရိဋ္ဌဇနက, ပေါလဇနကတဲ့၊ ညီအစ်ကိုချင်း မသင့်တင့်တော့ စစ်တိုက်ကြရော၊ ဘုရင်ရှုံးပြီး မိဘုရားကြီး ထွက်ပြေးရော ထိုအခါ အလောင်းတော် ဇနကမင်းက ပဋိသန္ဓေ အတွင်းဘဲ ရှိသေးတယ်၊ မမွေးဖွားရသေးဘူး၊ အဲဒီကစပြီး တရပ်တရွာ တမြို့တနိုင်ငံ ပြေးလွှားပြီးနေရာ ဒီတရပ်တရွာမှာပင် မွေးဖွားကြီးပြင်း ငယ်စဉ်

ကလေးတွေနှင့် ကစားတော့ အဖေမရှိတဲ့ ကောင်လေးဘာလေးနဲ့ သူ့ကိုဆိုကြတော့ သူ့အမေ မေး၊ မယ်တော်က ပြော၊ ပြောတော့ ငါ့ ခမည်းတော် ပိုင်ဆိုင်တဲ့ နိုင်ငံတော်သွားမယ်၊ မိဓိလာနိုင်ငံတော်ကြီး။

ပင်လယ်ကူးပြီးတော့သွား၊ သင်းဘောပျက်၊ ပြီးလွယ်အောင် ပြောရတာ နော် ကြားလဲ ကြားဘူးကြတာမို့ (၇) ရက်တိုင်တိုင် ပင်လယ်ထဲကူးပြီးတော့ နေရတယ်၊ ဒီတော့ နတ်သမီးက ကယ်တင်ပြီး ထိုမိဓိလာပြည် ဥယျာဉ်ရောက်လာတယ် ဆိုကြပါစို့၊ ဒီအခါ ဖုံတ် သွင်း ရထားလွှတ်၊ မိဓိလာပြည် ဖုတ်သွင်း ရထား ဆိုက်လာလို့ဘုရင်ဖြစ်၊ နှစ်ပေါင်း ဘယ်လောက်ကြာအောင် ထီးနန်း စည်းစိမ် ခံစားပြီးတော့ နေတယ်မသိဘူး၊ ဘုရင်ဖြစ်တော့ ကို ဘုရင်ဖြစ်ပြီးလို့ အဘိသိက်သွန်းလောင်းကြ၊ ရွှေကယားနဲ့ ရေထည့်ပြီးတော့ ဦးခေါင်းပေါ် ရေသွန်းလောင်းတာကို အဘိသိက် သွန်းလောင်းတာ ခေါ်တယ်၊ အဘိသိက် သွန်းလောင်း၊ ဘုရင်ဖြစ်၊ တိုင်းပြည် အုပ်ချုပ်၊ ဘုရားအလောင်းဖြစ်၊ ခေတ်ကလဲ ကောင်းတော့ကို ထိုအခိုက်မှာ ဘုရင်လုပ်ရတာ စကြာမင်းတမျှ ဘုန်းတန်ခိုး ကြီးပြီး အလွန်ကြီးကျယ်တဲ့ စည်းစိမ်ကို ခံစားရတယ်။

နောင် နှစ်ပေါင်း များစွာကြာတော့ တောထွက်၊ တောထွက်ခါနီး ဥယျာဉ်တော်သွားတော့ ဥယျာဉ်အဝင်ဝမှာ သရက်ပင်ကြီးတပင်က သီးပြီးတော့နေတယ်၊ သရက်ပင်ကြီးတပင်က အသီးမရှိဘူး၊ ဆင်တော်စီးပြီးလို့ ဥယျာဉ်တော် ဝင်သွားတော့ အသီးရှိတဲ့ သရက်ပင်အောက် ဝင်သွားလို့ လက်လှမ်းမှီတဲ့ သရက်သီးတလုံးကို ဘုရင်က ခူးပြီးတော့ ယူလိုက်တယ်၊ နောက် ဘုရင်သုံးဆောင်ပြီးပြီ ဆိုတော့ သည့်ပြင်လူတွေက ခူးပြီးတော့ စားကြတယ်၊ အစတော့ကို ဘုရင် မသုံးဆောင်ရသေးလို့၊ ဘုရင်ကို ရှေးဦးစွာ မဆက်သရသေးလို့ ဒီအပင်ကို ဘယ်သူမျှမခူးရဘူး၊ ဥယျာဉ်မှူးတွေက စောင့်ရှောက်ပြီး ထားကြတယ်၊ ဘုရင် ခူးသွားပြီး ဘုရင်သုံးဆောင်ပြီးပြီဆိုတော့ ဟိုလူကခူး၊ ဒီလူကခူးနဲ့ လွယ်လွယ်ရတဲ့ အသီးတွေ အကုန်ကုန်၊ ခက်ခဲတဲ့နေရာတွေ မတက်နိုင်ကြတော့ ခဲနဲ့ပစ်ကြ၊ ဒုတ်နဲ့ပစ်ကြ၊ ပစ်ခတ်ခူးကြလို့ အသီးတွင်မကဘူး၊ အရွက်တွေကလဲကြွေ၊ အခက်တွေနာ၊ အညွန့်တွေကကျိုး၊ ပျက်ပြတ်ပြီးတော့ သရက်ပင်ကြီးဟာ အနီးက အသီးမရှိတဲ့ အပင်လို ကြည့်လို့မကောင်းဘူး၊ မလှဘူး၊ ကျိုးပဲ့ပျက်စီးကုန်တယ်၊ ဥယျာဉ်တော်က ပြန်ထွက်လာတော့ ဒီသရက်ပင်ဟာ

အစတုန်းက အသီးခရော အရွက်ရော အလှန်တင့်တယ်တယ်၊ ဟိုတပင်ကတော့ အသီးမရှိလို့ ဒီအပင်လောက် မတင့်တယ်ဘူး၊ ခုပြန်ပြီး ထွက်လာတော့ အသီးရှိတဲ့သစ်ပင် အကုန်လုံးကျိုးပဲ့ပြီးတော့ ပျက်စီးကုန်ပြီး အသီးမရှိတဲ့ အပင်ကတော့ ဘာမှမပျက်စီးဘူး။

အသီးဖြစ်ခြင်းသည် ဘေးရန်ဖြစ်ခြင်း၏ အကြောင်းဘဲ၊ လူသတ္တဝါတွေလဲ ဒီလိုဘဲ၊ တိုင်းတော်, ပြည်တော်, အုပ်စိုးလို့ စည်းစိမ်များသမျှ ပစ္စည်းဥစ္စာပေါသမျှ သရက်ပင်အသီး ရှိတာလိုဘဲ၊ ဒီအသီးအကြောင်း ပြုပြီးတော့ ဘေးအန္တရာယ်ဖြစ်နိုင်တယ်၊ တပါးက လုယက်ဖျက်ဆီးမည့် ဘေးကို မဆိုထားနှင့်၊ ကိုယ့်သန္တာန်မယ် ဒီအာရုံတွေကို အာရုံပြုပြီးတော့ လောဘတွေဖြစ်ရ၊ သရက်သီးကြောင့် ပစ္စည်းဥစ္စာဟုဆိုအပ်သော အသီးကြောင့် အန္တရာယ်ဖြစ်တာဘဲလို့ ဘုံ (၇) ဆင့်ရှိ ပြာသာဒ်ပေါ် တယောက်ထဲတက်ပြီးတော့၊ သည့်အရင်ကလဲ့ တရားနှလုံးသွင်းပြီးတော့ ကမ္မဋ္ဌာန်းတွေ ဘာတွေ စီးဖြန်းနေဆဲပါဘဲ၊ ဒီနေ့ကျတော့ကို ရသေ့များဝတ်တဲ့ ပရိက္ခရာကို အကုန်ဝတ်စေပြီးတော့ ဘုံ(၇)ဆင့်ရှိတဲ့ ပြာသာဒ်ပေါ် တက်ပြီးရသေ့များဝတ်ဆင်တဲ့ လျှော်တေသင်္ကန်းကို ဝတ်ဆင်ပြီးတော့ ရသေ့များကိုင်ဆောင်တဲ့ တံခြူတို့၊ ခြင်းတောင်းတို့ စသည်ဖြင့် ပေါ့လေ၊ ပြီးတော့ ဆွမ်းခံဖို့ မြေသပိတ်တို့ပေါ့၊ ဒီလိုဟာတွေ ဆင်ပြီးတော့ သူ့ကိုယ်သူ ကြည့်တယ်၊ သူ့ကိုယ်သူ ကြည့်ပြီးတော့ ပျော်လိုက်တာ။ ပထမ ဘုရင်ဖြစ်စ အဘိသိက် သွန်းလောင်းစဉ် အခါက ပျော်ရွှင်ရသလို ရသေ့တို့၏ အဝက် တန်ဆာတွေကို ဝတ်လို့ မြေသပိတ်ကို လက်နဲ့ရင်ခွင်ပိုက်လိုက်ရတာ ဒုတိယ အဘိသိက် သွန်းခြင်းဘဲလို့။

**ဟိတွာ သတပလံ ကံသံ၊ သောဝဏ္ဏံ သတရာဇိကံ၊**
**အဂ္ဂဟိံ မတ္တိကံ ပတ္တံ၊ တံ ဒုတီယာဘိ သေစနံ။**

သတပလံ- အခြိန်ပိုတရာ ရှိသော။ သောဝဏ္ဏံ- ရွှေဖြင့်ပြီးသော။ သတရာဇိကံ- လှပအောင် ရေးခြစ်၍ထားသော အရေးအကြောင်းပင် တရာလောက်ရှိသော။ ကံသံ- ဘုရင်များ သုံးဆောင်သော စားတော်ရွှေခွက်ကို၊ ဟိတွာ- ပယ်စွန့်၍။ ¦

ပြာသာဒ်ထက်ကျတော့ ရွှေခွက်ငွေခွက်၊ ရွှေဇွန်းတွေ စားဖွယ်သောက်ဖွယ်တွေ ဘာတွေ ဘာမျှမရှိတော့ဘူး၊ ရသေ့များ အသုံးအဆောင် ဖြစ်တဲ့ အဝတ်သင်္ကန်းနဲ့ မြေသပိတ်ဘဲရှိတယ်၊ ဒါတွေ ပိုက်ပြီးတော့ သူ့ ကိုယ်သူ ကြည့်တယ်။

မတ္တိကံပတ္တံ၊ မြေသပိတ်ကို၊ အဟံ၊ ငါသည်၊ အဂ္ဂဟိံ၊ ဇဲ့ကိုင်ပိုက်မိပြီ၊ တော်၊ ဤသို့ မြေသပိတ်ကို ပိုက်ရခြင်းသည်၊ မေ၊ ငါ၏၊ ဒုတိယာဘိသေစနံ၊ နှစ်ကြိမ်မြောက် အဘိသိက်သွန်းခြင်းပေတည်း။

ဇနကမင်းကြီး မြေသပိတ်ပိုက်ပြီးတော့ ဥဒါန်းကျူးယူရအောင် ပျော်ရတယ်၊ ခုလိုရဟန်းမျိုး မဟုတ်သေးဘူး၊ ရသေ့။ ကနေ့ရဟန်းခံတဲ့ ဥုးပဋင်းသစ်လေးဟာ "ဝေမေတံ ဓာရယာမိ" ဟု ရဟန်းဖြစ်သည်နဲ့ တပြိုင်နက် ဘုရင်ကြီးဖြစ်သွားတာပပါ၊ နဂိုကဘုရင် မဖြစ်လေတော့၊ ပဌမဘုရင်တော့မဟုတ်ဘူး၊ ဒုတိယဘုရင်ဆိုရတာပေါ့၊ သာမဏေဘဝတုန်းက ပဌမဘုရင်ငယ်၊ ရဟန်းဖြစ်တော့ ဘုရင်ကြီး ဖြစ်သွားတာပဲတဲ့။

ဇနကမင်းကြီးများတော့ကို မိမိလာပြည်ကြီး နိုင်ငံကြီးအစိုးရတဲ့ ဘုရင်ကြီးအဖြစ် အဘိသိက်မြောက်သလောက် တန်ဘိုးထားပြီးတော့ "ရဟန်းအဖြစ်ကို ဒုတိယ အဘိသိက်သွန်းခြင်း" ဆိုပြီး ဒီလို ဥဒါန်းကျူးယူရ၊ အခုကာလတော့ ရဟန်းဘဝ ရသွားတယ်ဆိုယင် သာဓုတော့ ခေါ်ကြပါရဲ့၊ အဘိုးတန်မှန်းတော့ တယ်သိကြပုံ မပေါ်ဘူး၊ တချို့လဲ ဝမ်းမမြောက်တတ်ကြဘူး။ တချို့ဝမ်းမြောက်တတ်တဲ့ ပုဂ္ဂိုလ်လဲ ရှိမှာပါပဲ၊ ဒီတော့ကို ဝမ်းမြောက်တတ်အောင် ဘုရင်တို့၏စည်းစိမ်နဲ့ ရဟန်းအဖြစ်ကို နှိုင်းချိန်ကြည့်ပေါ့၊ မဟာဇနကမင်းကြီး ထီးနန်းစိုးပိုင်ရတဲ့ ဘုရင်၏စည်းစိမ်နဲ့ ရဟန်းဖြစ်သွားတဲ့ သူတို့ရဲ့ စည်းစိမ်ကို ပြန်ကြည့် မဟာဇနကမင်းကြီးကတော့ အတူတူပဲ၊ ဒုတိယာဘိ သေစနံ ၂-ကြိမ်မြောက် ဘိက်သိက်သွန်းခြင်းပဲ၊ ၂-ကြိမ်မြောက် ဘုရင်အဖြစ်ကို ရခြင်းပဲ၊ အတူသာထားတယ်။

အမြင့်အမြတ် ပြိုင်ကြစို့ဆိုရင် ဒုတိယာဘိသေစနံ ဒုတိယ အဘိက်သိက်က မြင့်မြတ်မယ်၊ သူတော်ကောင်းတရားကျင့်တဲ့ ဘိသိက်၊ ဒီလို ဘုရင်အဖြစ်ဖြင့် မြတ်တာလဲပဲ တွေးကြည့်ဖို့၊ ယခုအခါ ယခုခေတ်မယ် တောရွာများဆိုပါတော့ ရပ်ရွာလူကြီးလုပ်ဖို့ကိုပဲ ရွေးကြချယ်ကြ။ ဟိုလူကလုပ်ချင် ဒီလူကလုပ်ချင် သူကြီးဆိုရင် လုလိုက်ကြရတာ မပြောနဲ့တော့၊ တနေ့က ဘုတလင်နယ်မယ် အမတ်တယောက်လစ်လပ်လို့ အမတ်တယောက်ရွေးကြ၊ ဟိုရန်ကုန်က လူတွေကလဲလာ ကိုယ့်ဖက်ကလူအမတ်ဖြစ်ဖို့၊ မန္တလေးကလဲသွားကြ၊ မိတ္ထီလာနယ် ဟိုနယ် ဒီနယ် ကိုယ့်ဖက် သူ့ဖက်၊ ဟိုဖက် ဒီဖက်သွားကြ၊ ပ-မ-ညာ-တ တဲ့၊ ပ-ထ-စ တဲ့ ဖ-ဆ-ပ-လ

ဆိုလား ၃-ဖက် ၃-ဖွဲ့ပြိုင်လုကြ၊ ဒီမင်းတိုင်ပင်အမတ်ဖြစ်တော့ ဘာဖြစ်သွားသလဲ၊ ဘာစည်းစိမ်တိုးသွားသလဲ၊ ရှင်ဘုရင် ဖြစ်သွားသလား၊ ဘုရင်လဲ မဟုတ်သေးဘူး၊ လွှတ်တော်အစည်းအဝေး တက်ထိုင်ရရုံရှိ၊ လခတော့ ရဟန်ရှိရဲ၊ သိတ်အရေး မကြီးလှသေးပါဘူး-

သို့သော် မင်းတိုင်ပင်အမတ်ဆိုလို့ရှိရင် မြို့အုပ်တို့၊ ဝန်ထောက်တို့၊ အရေးပိုင်တို့၊ ဘာတို့ ညာတို့ အပေါ်မတော့ ရာထူးနဲ့ဆိုယင် သူတို့က ပိုင်ပုံရပါရဲ၊ ဒါပေမဲ့ ဒါကိုသိတ်လုယူနေကြတယ်၊ မြန်မာနိုင်ငံမယ် သမတကို ဘုရင်-သမတ ဘုရင်ဆိုတော့ ထီးနန်းအုပ်ချုပ်တဲ့ ရာဇဘုရင်ဖြစ်အောင် မဲနဲ့ရွေးကောက်-မဲချပြီး တယောက်ယောက်ကို ဘုရင်လုပ်ကြစို့ရဲလို့ ရွေးရမယ်ဆိုရင် ဘုရင်လုပ်ချင်တဲ့ သူတွေဘယ်လောက်များမလဲ၊ အင်းမတန် ဘုရင်လုပ်ချင်ကြမှာပဲ။

အဲဒီတော့ကို လောကမယ် စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာတဲ့ ဘုရင်အဖြစ်နဲ့ သာသနာဝင်ပြီး သာသနာဝယ် ရဟန်းပြုရမဲ့ ရဟန်းအဖြစ်ကို နှိုင်းချိန်ပြီးတော့ အလွန်ညာန်ကြီးတဲ့ မဟာဇနကမင်းကြီးများရဲ့ ညာန်မျိုးနဲ့ ကြည့်လိုက်ယင် အဘိုး တန်မှန်းသိလိမ့်မယ်၊ ရဟန်းအဖြစ်က အဘိုးတန်တယ်၊ ရဟန်းဖြစ်သည်နှင့်တပြိုင် နက် ခုနင်ကလူများ ဆောက်တည်တာ ငါးပါးသီလ၊ ဥုးပဥ္စင်းလေးရသွား တာ ကုဋေကိုးထောင်ကျော် သီလတွေတည်သွားတော့ မနေ့ညကလား အသံ သွင်းစက်က ကြားလိုက်ရ၊ မဟာဝိဇ္ဇောဒယ ဟောသွားတဲ့ **သုဝဏ္ဏသာမဇာတ်** မှာ "မာတာပိတရော ဘိက္ခဝေ ပုတ္တာနံ ဗဟုပကာရာ။ ဘိက္ခဝေ- ရဟန်းတို့။ မာတာပိတရော- မိဘတို့သည်။ ပုတ္တာနံ-သားသမီးတို့အား။ ဗဟုပကာရာ- ကျေး ဇူးများကုန်၏၊ များစွာကျေးဇူးရှိကုန်၏"။

မိဖရယ် သားသမီးရယ်ရှိကြ၊ လောကမှာ မိရယ် ဖရယ် သားရယ်ရှိကြရာ၊ မိဖတိုက် သားသမီးတို့၏ အပေါ် ကျေးဇူးများစွာပြုခဲ့ဘူးတော့- သားသမီးများ ဟာ မိဖများအပေါ် အလွန်ကျေးဇူးများကြတယ်၊ လောကမယ် ကျေးဇူးများ တဲ့သူလိုက်ရှာကြစို့ရဲ၊ အသီးအသီး ကိုယ်စီကိုယ်စီ ကျေးဇူးများသူ ရှာကြစို့ရဲ၊ အမေတွေ့ အဖေတွေ့ ကိုယ့်အမေ အဖေတွေ့ ကိုယ့်မိဖထက် ကျေးဇူးများတဲ့သူ ဘယ်မှမတွေ့ဘူး၊ ကိုယ့်ကျေးဇူးရှင်ပဲလို့ တွေ့တတ်ပါရဲ၊ မိဖလောက်တော့ မများ သေးဘူး၊ ကျေးဇူးကြီးတဲ့ မိဖများကို သားသမီးများက ကျေးဇူးဆပ်မယ်လို့၊ စွမ်းနိုင်သူ စွမ်းရည်သတ္တိရှိတဲ့ ဘုန်းတန်ခိုးရှိတဲ့သူ စွမ်းရည်သတ္တိရှိလို့ မိဘ ၂-ပါး အပေါ် ကျေးဇူးဆပ်လို့ရှိရင် မိခင်က ပိုပြီးကျေးဇူးများသတဲ့။

သီလချင်းတူလို့ မိခင်ကပိုပြီး ကျေးဇူးများတော့ မိခင်ကို လက်ယာပခုံးပေါ် တင်ပြီး ထမ်းထား၊ ဖခင်ကို ထက်ဝဲပခုံးပေါ် တင်ပြီး ထမ်းထား၊ ပခုံးပေါ်ပင် အဝတ်ပေး အစားကျွေး၊ ကျင်ကြီးကျင်ငယ် အပေါ့အလေးစွန့်ပြီး ကျေးဇူး ဆပ်တဲ့ သားကောင်း လူစွမ်းကောင်း ဘယ်လောက်ပဲ အခုလို ကျေးဇူးဆပ်ဆပ်၊ တနှစ်မဟုတ် ၂-နှစ်မဟုတ် နှစ်တရာတိုင်တိုင် ကျေးဇူးတရားသိလို့ ဆပ်ရမယ် ကျေးဇူးမကုန်ဘူးတဲ့ "မြင့်မိုရ်တောင်ဉ္စ မကကျူး ကျေးဇူးသခင်"ဆိုတာပဲဟာ မြင့်မိုရ်တောင်ကြီးလောက်မက ကျေးဇူးကြီးတယ်ဆိုတော့ မြင့်မိုရ်တောင်ကြီးက ယူဇနာ ရှစ်သောင်း လေးထောင် မြင့်တယ်၊ မြင့်မိုရ်တောင်ကြီးကတပုံ မိဘ ကျေးဇူးက တပုံ အဲဒီလို ၂-ပုံ ပုံပြီးထားလိုက်၊ ရှစ်သောင်း လေးထောင်မြင့်တဲ့ မြင့်မိုရ်တောင်ကြီးဟာ နိမ့်နေတယ်၊ မိဖကျေးဇူးက ပိုမြင့်နေတယ်တဲ့၊ မိဖဟာ ဒီလိုအထိ ကျေးဇူးများတယ် ကျေးဇူးသိပ်များ၊ လိမ္မာတဲ့ သားသမီးသည် တခြားမပြောပါနဲ့တော့ ကနေ့ရဟန်းဖြစ်တဲ့ ဦးပဉ္စင်းလေး "ဝေမေတံ ဓာရ ယာမိ"လို့ ကမ္မဝါစာဘတ် သိမ်က ထွက်လာကထဲက ကိုရင်မဟုတ် သာမဏေ မဟုတ်ဘူး၊ ဦးပဉ္စင်း ရဟန်းဖြစ်လာပြီး၊ ဒီဦးပဉ္စင်းကလေးရဲ့အမေဟာ ကိုယ့် ဦးပဉ္စင်း မြင်လိုက်ရတယ်ဆို၊ ဘယ်လောက် ကျေနပ်မလဲ ဝမ်းသာမလဲ, ဘယ် လောက် သဒ္ဓါတရား ဖြစ်မလဲဆိုတာ မပြောနိုင်ဘူး၊ အဲဒါ ဒီလို ကိုယ့်အမေ ကျေနပ်ဝမ်းသာ၊ သဒ္ဓါတရား ဖြစ်တာဟာ ဒါတွေ ဒီဦးပဉ္စင်းက ကျေးဇူးဆပ် တာ၊ ဒီအမေဟာ ခု ဦးပဉ္စင်းလေး အမေလေ အသက် ဘယ်လောက်ရှိမလဲ တသက်လုံး ဒီနေ့ဖြစ်တဲ့ကုသိုလ်မျိုး ဒီတခါပဲရဘူးသေး၊ တသက်လုံး ဒီကုသိုလ် ဒီစိတ်မျိုး ရဘူးမှာ မဟုတ်ပါဘူး၊ ခုဘဝ သိတ်ကံကောင်း ဟိုရှေးရှေး အရင့် အရင် ဘဝတွေတုန်းကလဲ ရခဲ့မှာမဟုတ်ပါဘူးလေ၊ မိထွေးတော် ဂေါတမီက-

ရညော မာတာ မဟေသိတိ၊ သုလဘာနာမ ဣတ္ထိနံ၊
ဗုဒ္ဓမာတာတိ ယံ နာမံ၊ ဧတံ ပရမဒုလ္လဘံ။

ရညော-မင်း၏။ မာတာ- အမိဟူ၍ရင်း။ ရညော- မင်း၏။ မဟေသိတိ- မိဖုရား ဟူ၍ရင်း။ ဣတ္ထိနံ- မိန်းမတို့အား။ သုလဘာနာမ- ရလွယ်သည်မည်၏။

ဘဝသံသရာ ကြာချင်တိုင်း ကြာပြီးနေကြရာ စကြာမင်းကြီး မယ်တော် ဖြစ်ခဲ့ဘူးတဲ့ဘဝတွေ မရေမတွက်နိုင်ဘူး၊ ခဏခဏ ရခဲ့ကြတယ်၊ 'သုလဘာ' ဆိုတာကိုး။ စကြာမင်းကြီး၏ မိဖုရားလဲ ဘဝမကြာ ရခဲ့တာလဲ နှမယ်မဟုတ်

ပေဘူး၊ ရလွယ်တဲ့ သုလဘာတဲ့၊ "ဗုဒ္ဓမာတာ တိ ယံနာမံ၊ တော ပရမဒုလ္လဘံ" ရခဲ့တာက၊ ဗုဒ္ဓမာတာတိ- ဘုရားမယ်တော်ဟူ၍။ ယံနာမံ- အကြင်အမည်သည်။ အတ္ထိ- ရှိ၏။ တော- ဤဘုရား မယ်တော် ဟူသော အမည်သည်။ ပရမဒုလ္လဘံ- အလွန်ရခဲ၏။ အမေရှင်းကတော့ မယ်တော်မာယာပါဘဲ။ အမေရှင်း မယ်တော် မာယာက ၇-ရက်လောက်အကြာ နတ်ရွာစံသွားလို့၊ မိထွေးတော် ဂေါတမီက၊ နို့ချိုကျွေးပြီး စောင့်ရှောက် မွေးမြူလာလို့၊ မိထွေးလို့ ခေါ်ရ၊ မိထွေးဆိုတာ အမေငယ်ခေါ်တာပေါ့၊ ဘုရားမယ်တော်ပဲ ဗုဒ္ဓမာတာပဲ၊ ဘုရားမယ်တော် အဖြစ်ကိုရခဲ့သလို ရဟန်းမယ်တော်အဖြစ်လဲရခဲ့တာပဲတဲ့၊ ဒီသာသနာဆိုပါတော့ ရဟန်းမယ်တော်တွေ များများနေ၊ ရဟန်းတွေ များသလောက်၊ ရဟန်း မယ်တော်တွေလဲ များရမှာပဲ၊ ဘုရားသာ မပွင့်ရင် ရဟန်းမယ်တော်အဖြစ်ကို မရနိုင်ဘူး။

ဝိဇ္ဇောဒယ ဟောတဲ့ တရားထဲလဲပါပါနေတာပါပဲ။ ဘုန်းကြီးအမေနဲ့ အရေး ပိုင် အမေ ဘယ်ဟာဖြစ်ချင်သလဲ ဘယ်ဟာက ကောင်းမလဲနဲ့ သူ့တရားလဲ နာရဘူးကြသားပဲ၊ အဲသလို "ဂါရဝေါစ နိဝါတောစ၊ သန္တုဋ္ဌီစ ကတညုတာ" ဆိုတဲ့ မင်္ဂလာတရားလာတဲ့အတိုင်း၊ ကတညုတ ကတဝေဒီ ဆိုတာကို ခုနင်က ဦးပဥ္စင်းကလေးက ငယ်ငယ်ကလေးကစပြီး အမေက ကျွေးမွေးပြုစုလာ ကိုယ်က ကျေးဇူးဆပ်လာ အတော်အတန်တော့ ကျေရော့မယ်၊ အကုန်လုံး မကျေနိုင် သေးဘူး၊ ခုလို ရဟန်းယောင်ပြုပြီးတော့ သီလ ကုဋ္ဌေကိုးထောင်ကျော် ထမ်း လိုက်တာ ခုကိုပဲ တော်တော်ကျေသွားပြီတဲ့၊ လူ့အဖြစ်နဲ့ ကျေးဇူးဆပ် တသက်လုံး ကျေးဇူး ဆပ်ရမှာ လူ့အဖြစ်နဲ့လဲ ဟောပြောပေးရင် ကျေးဇူး ဆပ်သည် မည်ပါသတဲ့၊ သို့သော် ရဟန်းအဖြစ် ကျေးဇူးဆပ်တာက လူ့ဘဝနဲ့ လဲ မတူ၊ သာမဏေဘဝနဲ့လဲမတူ၊ ရဟန်းဘဝ ကျေးဇူးဆပ်တာကတော့ ခုနင်က ဇနကမင်းကြီး လူ့ဘဝနှင့် ကျေးဇူးဆပ်ထာထက် ရဟန်းဘဝနဲ့ ကျေးဇူးဆပ် သလို ကိုယ့်အမေ အဖေအပေါ် ကျေးဇူးတွေ များစွာကျေလယ်လိမ့်မယ်တဲ့။

ဒါကြောင့် ခု ရဟန်းသစ်ကလေး အကြောင်းပြုပြီး ရဟန်းဒကာ ရဟန်း အမများ သံသရာမှာ ဘဝဘယ်လောက် တိုသွားမယ်၊ ဒီ အစည်းအဝေး လာရောက် ကုသိုလ်ယူကြတဲ့ ပရိသတ် ဆွေမျိုးတွေ သံသရာဘဝ ဘယ် လောက် တိုသွားမယ်ဆိုတာ ဘယ်သူမှ မပိုင်းခြားနိုင်ဘူး၊ ဒီကုသိုလ်မျိုးမရခင် တုန်းကတော့ ဘဝတရာ နေရဦးမယ်၊ တထောင်နေရဦးမယ်၊ တသောင်း

နေရဦးမယ်၊ ကမ္ဘာတရာ ကမ္ဘာတထောင် ကမ္ဘာတသောင်း နေရဦးမယ်၊ ခု ဒီကုသိုလ်ရထော့ တသောင်း မကြာတော့ဘူး၊ တထောင်လဲ မကြာတော့ဘူး၊ တရာလဲ မကြာတော့ဘူး၊ မကြာခင် နိဗ္ဗာန် ရနိုင်တယ်၊ ဘဝ တိုသွားမယ်၊ ဘဝ တရာ တထောင် တသောင်း မကြာတော့ဘူး၊ ကမ္ဘာနဲ့ဆိုတော့ ကမ္ဘာ တသောင်း မကြာတော့ဘူး၊ တထောင် ကမ္ဘာတရာ မကြာတော့ဘူး၊ ဆယ်ကမ္ဘာ နှစ်ကမ္ဘာ မကြာတော့ဘူး၊ ဒီကမ္ဘာမှာပင် ဒီကမ္ဘာ အတွင်းမှာပင် နိဗ္ဗာန် ရောက် ဘဝ တိုသွားနိုင်တယ်၊ ဘယ်လောက်မှ မကြာတော့ဘူး၊ အတိအကျ ဆိုတာကိုတော့ ဘုရားရှင်မှ သိမယ်၊ အပိုင်း အခြား အကန့် အသတ်ကို ဘယ်သူမှ မပိုင်းခြားနိုင်ဘူး၊ မကုန်နိုင်ဘူး။

ခု ရဟန်းဘဝနဲ့ဆိုတော့ စာသင်လိုက် သဒ္ဓါတရား ဖြစ်အောင် လုပ်လိုက် ဟောလိုက် ပြောလိုက်နဲ့ ကိုယ့် အမေ တော်တော်ကြာ သဒ္ဓါတရား ဖြစ်အောင် အများကြီး လုပ်ဦးမယ်၊ သိတ်ကောင်းတယ်တဲ့၊ ရဟန်းသိက္ခာ သီလ စင်ကြယ် လေ မိဖ ကျေးဇူး ပြေလေပဲတဲ့၊ အင်း-မိဖ မိဖ သိတ်ကျေးဇူးများတယ်၊ မိဖက ဆက်သွယ်ပြီး ဦးကြီး ဦးလေး အဒေါ် သားချင်း အကုန်ပါပဲ၊ ဆွမ်း တဇွန်း လောင်းတဲ့ သူလဲ တို့ရဟန်းများရဲ့ ကျေးဇူးရှင်ပါပဲ၊ ကျေးဇူး ပြန်ဆပ်ရမှာ ချည်းပဲတဲ့။

ဒီတော့ ဒီကဆရာတော်ကြီးကရဟန်းဖြစ်လာရင်ရှေးတုန်းကလဲဟောကြသား၊ ဓုတင် ဆောင်ကြ ကောင်းကောင်းနေကြ စာအံကြ ဘာဝနာ ပွားကြ-နဲ့ ဟော ရတယ်၊ ရဟန်း ကျင့်ဝတ် မချွတ်အောင်ကျင့်ကြလို့ ပြောရတယ်၊ ရဟန်း ကျင့်ဝတ် တကယ် ကျင့်ရင် ပစ္စည်းလေးပါးဆွမ်းဒကာများက ဆွမ်းတုံ့ ပူဇော်၊ပူဇော် ဆိုတာ ချီးမြှောက်တာပါပဲ ဒီက ကျင့်ပေး ရဟန်းများက ကျင့်ပေး၊ ပစ္စည်း လေးပါး ဒကာတွေ ကုသိုလ် အများကြီး ဖြစ်တာပဲ၊ ရဟန်းအဖြစ်နဲ့ ကိုယ်တိုင် ပြန်ပြီးတော့ ကျေးဇူးဆပ်တာပါပဲ၊ ကျွေးဘူး မွေးဘူးစသည် လှူဒါန်းဘူးတဲ့ ဒကာ ဒကာမတွေ အပေါ် ကျေးဇူးဆပ်တာဟာ ကိုယ်က ကျင့်ပေးနေတာပဲ၊ ကိုယ်ကျင့်မှု ပြည့်စုံဖို့ပဲတဲ့၊ တစုံတရာ အကျိုး ဆောင်ရွက်ပေးဘူးတဲ့သူ မှန်သမျှ ကျေးဇူးရှင်ချည်းပဲ၊ ကျေးဇူးရှင်ကို ဒီလို ကိုယ်က ကျင့်ပေးနေတာနဲ့ အကုန်လုံး ကျေးဇူးဆပ်ပြီး ဖြစ်တယ်လို့ ဆိုရမယ်တဲ့။

သို့သော်လဲ အကဲခတ်တတ်ရမယ်၊ ပျော်လိုက်တာ ရဟန်းခံရ၊ ကုသိုလ်ရ၊ကနေ့ ငါ သိတ်ပျော်တယ်လို့ဆိုရင် ဒါကို အကဲခတ်ပြီး ငါ ဒီကမ္ဘာအတွင်း ဘဝ တိုတိုနဲ့ နိဗ္ဗာန် ရောက်မှာပဲ၊သဒ္ဓါတရားတွေက ဖြစ်လိုက်တာ၊ပျော်လိုက်တာ သဒ္ဓါဆိုဘာ

ပျော်တာပဲကိုး၊ ဒီတော့ ဒီရဟန်းကလေး အကြောင်းပြုပြီး လူတွေ အများကြီး ဘဝ တိုသွားတယ် ဆိုရင် ဒီ လူတွေ ကို ဒီဆွေမျိုးတွေ ဒီ ရဟန်းကလေးက ကျေးဇူး ဆပ်တာပဲတဲ့၊ မိဖ ကျေးဇူးလဲ ကျေရော၊ ပစ္စည်းလေးပါး ဒကာဒကာမ တွေရဲ့ ကျေးဇူးတွေလဲ ကျေသွားရော၊ ဒီ အခြေအနေက ပိုလွန်ပြီးတော့ ပရိယတ် တရားတွေ သင်၊ ပရိယတ်ဘက်က စာပေကျမ်းဂန်တွေ ပေါက်အောင်သင်၊ တတ်မြောက်လို့၊ ပတိပတ်ဘက်ကလဲ သမထတို့ ဝိပဿနာတို့၊ ဓုတင်တွေ ဘာတွေ ကျင့်သွားဦးမယ်ဆိုလို့ရှိရင် ခုတင်က သူကိုယ်တိုင်လဲ ဘဝသံသရာ တိုချင်တိုင်း တိုဦးမယ်၊ သူ့ကို ကြည်ညိုတဲ့ လူတွေလဲ အကုန် ဘဝသံသရာ တိုမှာချည်းပဲ တဲ့၊ ခုဘဝတွင်လဲနိဗ္ဗာန်ရောက်ချင်လဲ ရောက်သွားဦးမှာ၊ (မှတ်စရာဆိုပါတော့။)

ဒီပဲ့ယင်း ဆရာတော်ကြီး တရားဟောနေ ကြည်ညိုလိုက်ကြတာ၊ တို့အရွေ တိုက် ရမည်းသင်းဘုန်းကြီး၊ ဟို ရှေး ဘုန်းကြီးကြီး ရိုးရိုးနဲ့ "ကောင်းလိုက် တာ၊ ကိုယ်တော် ကောင်းလိုက်တာ တပည့်တော်များ သောတာပန်တောင် တည်သွားလိမ့်မယ် ထင်ရ" အဲဒီလို ကိုယ်ကြည်ညိုပြီ ဆိုရင် သဒ္ဓါတရား ကောင်းလာတော့ ဒီဘဝတွင် အရိယာ ဖြစ်ချင် ဖြစ်နိုင်တာ၊ ပါရမီက မသိကြ လို့ ဖြည့်ဆည်းပူးလာတဲ့ ပါရမီ ပြည့်ဝလို့ရှိရင် အချက်ကောင်းကလေးနဲ့ တွေ့ တော့ ပြုံးကနဲ သောတာပန် တည် အရိယာ ဖြစ်နိုင်တယ်တဲ့၊ ဒါ့ကြောင့် ကျေးဇူးတွေပွား ကျေးဇူးတွေများပြီး များနိုင်သမျှ များပြီး ယနေ့ ရဟန်းမင်း အဖြစ်နဲ့ အဘိသိက် သွန်းတဲ့နေ့၊ ရဟန်းသစ်ကလေးကလဲ ဝမ်းသာလို့ ပျော်လို့၊ တို့ဖြင့် ည သန်းခေါင် ကျော်ပါတယ်၊ ဝမ်းသာလွန်း ပျော်လွန်းလို့ နာရီပြန် တချက်လောက်ပါပဲ၊ များသောအားဖြင့် ပျော်တဲ့စိတ် ကုသိုလ်စိတ်တွေ များ ပါတယ်၊ တရားတွေ ဟောကြ ပြောကြ တို့ကိုယ်တိုင် နာရ၊ ပျော်စရာပဲတဲ့။

ယခု ဒီရေစက်ချပွဲမှာ တို့ကိုယ်တိုင် ဟောပြောပါ ဆိုတော့ ဘာ ဟောရ မယ် စိတ်ထဲ ပေါ်လာတာ ဟောရတာပဲ၊ ကုသိုလ်စိတ်နဲ့ တလုံးဖြစ်ဖြစ် နှစ်လုံး ဖြစ်ဖြစ်၊ တပိုဒ် ဟောဟော နှစ်ပိုဒ်ပြောပြော၊ ကုသိုလ်စိတ် ထပ်တလဲလဲ ဖြစ်ဖို့ အရေးကြီးတာပဲ၊ နားထောင်တဲ့ ပုဂ္ဂိုလ်ကလဲ ကုသိုလ်စိတ် ရှေ့ပြေးပြီး သဘော ကျအောင် နားထောင်ကြရ၊ သဘောကျပြီး နာယူမှတ်သားရရင် အားလုံး ယနေ့ ပြုလုပ် ဆောင်ရွက်နေကြတဲ့ လုပ်ဆောင်မှု၊ ဒီအမှုတွေဟာ နိဗ္ဗာန် ရောက်ကြောင်းချည်းပဲတဲ့။

ခုလို နိဗ္ဗာန် ရောက်ကြောင်း တရားကောင်းအကျင့် အလုပ်တွေ ကျင့်ကြံ ပြုလုပ်ရပေတယ်လို့ ဝမ်းမြောက်ဝမ်းသာဖြစ်လို့ သဒ္ဓါတရားတွေ ပွားလို့ ပါရမီ

ကုသိုလ် အဆောက်အဉီတွေ ဆောက်လုပ်ရပေတယ်လို့ များများကြီး သတိရ ပျော်ကြဖို့နဲ့ ငါတို့ ခုလို အားထုတ်ရပေတယ်လို့ ကိုယ်စီကိုယ်စီ ဝမ်းမြောက် ဝမ်းသာ သဒ္ဓါတရား တိုးတက်ပြီး....

ယခုကဲ့သို့ ဘုရားသာသနာတော်ကြီး အသက်ထက်ဆုံး ချီးမြောက်ရပါလို၏ ဟူ၍ ကိုယ်စီကိုယ်စီ ဆုတောင်းကြစေကုန်သတည်း။

(ဇယမေဒနီ ရှင်သိဒ္ဓိဝရ ရဟန်းခံပွဲ၌ ဟောတော်မူသည်။ ၁၃၂၃-ခု)

---

## သက်တော်ရှည် ပူဇော်ပွဲတရား

### နှုတ်မြွက်ဟောတော်မူသောတရား အမှတ်(၉)

(က) မနော ပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခ မနွေတိ၊ စက္ကံဝ ဝဟတော ပဒံ။

(ခ) မနော ပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ သုခ မနွေတိ၊ ဆာယာဝ အနုပါယိနီ။

(ဓမ္မပဒ ပါဠိတော်)

ဘုရားရှင်ကိုယ်တော်တိုင် ဟောတော်မူတဲ့ ဓမ္မပဒပါဠိတော်၊အဓိပ္ပါယ်မတော် သတ္တဝါတို့ဟာ သတ္တဝါတို့ရဲ့ သန္တာန်မှာ ဘုန်းကြီးတွေ မနက်က ကမ္မဋ္ဌာန်း ဘာဝနာ ပွားများရွတ်သွားကြတဲ့ သီလရှင်တွေ လူတွေအားလုံး ပြောနေကြတဲ့

ရုပ်–နာမ်–ရုပ်နာမ်နဲ့၊ အဲဒီ ရုပ်နာမ်ပဲရှိတယ်၊ သတ္တဝါမှန်သမျှ ရုပ်နာမ်မှတပါး အခြားဘာမျှမရှိဘူး၊ ရုပ်နာမ်ပဲရှိ၊ ဟိုအသညသတ်ဘုံ ဗြဟ္မာကြီးတွေမတော့ ရုပ်သာရှိ၊ နာမ်မရှိဘူး၊ အရူပဘုံ ဗြဟ္မာကြီးတွေကျပြန်တော့ နာမ်သာရှိ၊ ရုပ်မရှိဘူး၊ ဒီပြင်တော့ ပဥ္စဝေါကာရ ဘုံက အပါယ်လေးဘုံရော၊ လူ့ဘုံ နတ်ဘုံရော၊ အောက်ဗြဟ္မာတွေရော ရုပ်နာမ် ၂–မျိုး ၂–ပါးပဲ ရှိတယ်၊ ဒီရုပ်နာမ် ၂–ပါးကိုပြောတော့ ရုပ်ဆိုတဲ့စကား၊ နာမ်ဆိုတဲ့စကား၊ အက္ခရာ (၂)လုံးထဲနဲ့ ပီးသွားတာ ဘုရားရှင်ပွင့်တော်မူပြီး ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ကျအောင် ဟောရတာ ဒီရုပ်နာမ်ပဲ၊ ရုပ်နာမ်အပြင် ပိုပြီး ဟောထာ ဘာမျှမရှိဘူး။

ပညတ်ကယ်လိုတော့ရှိ၊ တရားကိုယ် မရှိပါဘူး၊ ဒါတော့ သတ္တဝါတွေက ပညတ်ကို အဟုတ်ထင်မှတ်ပြီး ပညတ်ခေါ်ဝေါ် သုံးစွဲနေတာ မရှိတာ မရှိမှန်း သိရုံလောက် ဘုရားထဲ့ဟောတားတာ ဘာမျှမရှိတာပညတ်၊ အဟုတ်အမှန်ရှိတာတော့ (ပရမတ်) ရုပ်နာမ် ၂–ခုပဲရှိတယ်၊ ရုပ်နာမ် ၂–ခုထဲက နာမ်ဘက်ကနေ ကြည့်တော့စိတ်(မနောပုဗ္ဗင်္ဂမာ ဓမ္မာ)ဓမ္မာ–နာမ်တရားတို့သည်။ မနောပုဗ္ဗင်္ဂမာ-စိတ်သာလျှင် ရှေ့သွား ရှိကုန်၏။ နာမ်ဆိုတဲ့အထဲက စိတ်ရယ်၊ စေတသိက်ရယ် ၂ –မျိုးခွဲရသေး အများကတော့ဖြင့် စိတ်ပဲ အကုန်သိကြတာပဲ၊ စိတ် ဆိုလိုက်ရင် စေတသိက်လဲ အကုန်ပါ သိသွားကြမှာ စိတ် = စေတသိက်တဲ့၊ စိတ်က ဝိညာဏက္ခန္ဓာ၊ စေတသိက်က ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ၃–ပါး ဖွဲ့ရ၊ နာမ်ဆိုတာ အဲဒါပဲ၊ နာမ်ဆိုတဲ့ စကားတလုံးက စိတ်စေတသိက် ၂–မျိုးတွဲလာတယ်၊ စိတ်စေတသိက်ဆိုပြန်တော့ ခန္ဓာအားဖြင့် ၄–ပါးဖြစ်လာတယ်၊ နာမ် ခန္ဓာ ၄–ပါးရ၊ အများသိနေကြတဲ့ စေတနာတို့ သဒ္ဓါတို့ ဘာတို့ ဆိုတာတွေ စေတသိက်တွေ၊ စေတနာ ဆိုရင်လဲ စိတ် ပါတာပါပဲ၊ စိတ်ကတော့ စေတသိက်အပေါ်မှာ ရှေ့သွားလို့ ဟောဆိုထားပါတယ်၊ စေတနာဆိုရင် သဒ္ဓါဆိုရင် စိတ်လဲ ပါလာတာပဲ၊ စေတသိက်နဲ့စိတ် ရောရော ဖြစ်လာရတယ်၊ စိတ်ချည်းသန့်သန့် မဖြစ်နိုင်ဘူး၊ စေတသိက်နဲ့ရောရော ဖြစ်လာရတယ်၊ စေတသိက်မှာ မကောင်း စေတသိက် ကောင်း စေတသိက် အမျိုးမျိုး ရှိနေတာကိုး၊ ဒါကြောင့် စိတ်ကောင်းရှိတယ်၊ စိတ်ကောင်းမရှိဘူး ဆိုရမှာ ဟိုစေတသိက်က ကောင်းရင် စိတ်လဲ ကောင်းတာပဲ၊ စေတသိက်က မကောင်းရင် စိတ်လဲ မကောင်းဘူး၊ ပင်ကိုကတော့ စိတ်ဟာ စိတ်ပဲ ရိုးရိုး စိတ်ပဲ (ဥပမာ)လောဘ စေတသိက်နဲ့ တွဲဖြစ်လာထဲ့စိတ်ဟာ မကောင်းတဲ့စိတ်ပဲ၊ စိတ်မကောင်းဘူးဆိုတာ အဲဒါခေါ်တာပဲ၊ သဒ္ဓါတို့ အလောဘတို့ဆိုတဲ့ စေတသိက် အကောင်းနဲ့တွဲပေါ်လာတဲ့ စိတ်ကျတော့ ကောင်းလာပြန်တယ် စိတ်ဆိုဟာ ခေါ်တော့တမျိုးထဲပဲ၊

စေတသိက်နဲ့ ရောဖြစ်ရတော့ သူ့ရဲ့တွဲဖက်ကောင်းရင် သူလဲ ကောင်းလာတာပဲ၊ တွဲဖက်မကောင်းရင် သူလဲ မကောင်းဖြစ်ရတယ်တဲ့၊ အဲဒီစိတ်ကို နာမ်ခေါ်တယ်၊ ပင်ကိုရင်း အမည်ကတော့ စိတ်ပဲ၊ တွဲဖက် စေတသိက်တွေ ကောင်းမကောင်း ကြည့်ပြီး စိတ်ကောင်း စိတ်မကောင်း ကွဲပြားလာရတဲ့ နာမ်တရား။

ထိုစိတ် (နာမ်)၏ တည်ရာ ရုပ်ခန္ဓာကြီး ရုပ်ကောင်ကြီးကို ရုပ်လို့ ခေါ်တယ်၊ အခုဘုရားရှင် ဟောတော်မူတဲ့တရားတွေက ရုပ်မပါဘူး၊ နာမ်ဘက်က ဟောတာ၊ စိတ်ဟာ ပဓာန၊ မီးရထားကြီး မောင်းပြီး ဝတ်ပြီးသွားရင် ခေါင်းတွဲကြီး၊ ဒီခေါင်းတွဲကြီး ရှေ့ကသွားရင် နောက် လူစီးတဲ့ ကုန်တွဲတွေ အကုန်ပါပြီး နောက်က ပါလိုက်လာ၊ လူတွေက ဘယ်ဘူတာ ဆင်းမယ်၊ ကုန်တွေကို ဘယ်ဘူတာ ချမယ်၊ ခေါင်းတွဲက သူတို့ အလိုလိုက်ပြီး ရပ်ပေးရ၊ ဒီလူတွေ အလိုရှိတဲ့ဘူတာ ရောက်အောင် သူတို့ စီးလာတဲ့တွဲက အခန်းက၊ ဘယ်နှယ်မှ မတတ်နိုင်ဘူး၊ ကုန်တွေ လိုရာဘူတာ ချရအောင် ကုန်တင်လာတဲ့ တွဲကဖြင့် ဘယ်လိုမှ မတတ်နိုင်ဘူး၊ ခေါင်းတွဲကသာ ရပ်ပေးရ၊ ခေါင်းတွဲကြီး သူ့ချည်းသွားရင် ဘယ်နေရာရပ်ဖို့ နားဖို့ ဒီလောက် အပိုင်းအခြား လုပ်စရာမရှိဘူး၊ လူတွေ ကုန်တွေ ပါလာတော့ ပိုင်းခြား သတ်မှတ်ပြီး ဘယ်ရပ်မယ် ဘယ်ချမယ် ကန့်သတ်မှု ရှိရတယ်၊ ခေါင်းတွဲကြီးလိုပဲ စိတ်ဟာ သူ့ချည်း သက်သက်ဆိုရင် အကန့်အသတ် ဘာရယ် ညာရယ် မရှိပါဘူး၊ နောက်က တွဲတွေနဲ့ ပေါင်းစု ဆွဲဆောင်လာရလို့ ခေါင်းတွဲကြီး ရပ်လိုက် သွားလိုက် လုပ်နေရတာကိုး စိတ်ဟာလဲ စေတသိက်နဲ့ တွဲနေရလို့ အကောင်း အဆိုး အမျိုးမျိုးဖြင့် ကန့်သတ်ချက် ပိုင်းခြားချက်တွေ ပေါ်လာရ။

ဒီတော့ကို ခေါင်းယဉ်ကြီး ပဓာနဖြစ်တာလို စိတ်သာလျှင် ပဓာနပဲတဲ့၊ စိတ်နောက်ကို စေတသိက်တွေ အမျိုးမျိုးပါလာတော့ ဒီစိတ်ဟာလဲ အမျိုးမျိုး ဖြစ်ရတယ်တဲ့၊ ဒီစိတ်ဟာ စေတသိက်တင်သာ မကပါဘူး၊ ရုပ်ကိုလဲပဲ ဆွဲခေါ်သွားတယ်။ ခေါ်နေတာပဲ (စိတ္တေန နီယျတေ လောကော) လောကော– သတ္တလောကကို။ စိတ္တေန–စိတ်သည်။ နီယျတေ ဆောင်အပ်၏။ စိတ်ဆောင်ရာ ပါပြီးတော့ နေကြတယ်။ အမှတ်တမဲ့နဲ့ ဟိုအရပ်သွားချင် ဒီအရပ်သွားချင် ဘယ်သွားချင် ဘုရားဖူးသွားချင် စိတ်ကချည်း ဆွဲဆောင် ခေါ်သွားနေတာ ပဲလို့ ဒါလောက်ကလေးပင် ထင်ကြလိမ့်မယ်၊ မဟုတ်ဘူး ဘယ်ကျအောင် ဆွဲခေါ်သွားနိုင်သလဲဆိုရင် မကောင်းတဲ့ဖက်က ဟို အောက်အဝီစိကျအောင် ဆွဲဆောင်သွားနိုင်တယ်၊ ကောင်းတဲ့ဖက်က ဆွဲပြန်ရင်လဲ ဟိုအထက် နေဝသညာ

နာသညာယတန ဗြဟ္မာ့ဘုံကြီးတွေ အထိ ဗြဟ္မာကြီးတွေ ဖြစ်အောင် ခေါ်ဆောင်နိုင်တယ်၊ မကောင်းတဲ့ဖက်က တိရိစ္ဆာန် ဖြစ်အောင် ပြိတ္တာဖြစ်အောင် အသူရကာယ်ဖြစ်အောင် အဝီစိအထိ ပေါ့လေ။ ဆောင်ခေါ်နိုင်တယ်။'

ဒီစိတ် ဒီနာမ်၊ အဲဒီတော့ကို ဒီစိတ်ကပဲ ကောင်းအောင်လုပ်မယ်၊ စိတ်နဲ့ဘဲ ကောင်းကောင်းပြောမယ်၊ ကြံစည်တဲ့စိတ်ကလဲ ကောင်းတာတွေ ကြံစည်မယ်၊ သတ္တဝါတွေဟာ စိတ်ကပဲပြုပြင်နေတယ်၊ စိတ်ကိုပဲ သတိထားပြီး ကောင်းအောင်လုပ် ကောင်းစွာပြော ကောင်းတာကြံရင် (ပြောသာပြောရ သတ္တဝါဆိုတာလဲ မရှိပါဘူး၊ စိတ်ဆိုတဲ့ နာမ်နဲ့ရုပ် ၂-မျိုးသာရှိတာ) ကောင်းတဲ့စိတ်က ကောင်းရာပို့၊ မကောင်းတဲ့စိတ်က မကောင်းရာပို့ (အတ္တာဟိ အတ္တနော နာထော) အတ္တာဟိ အတ္တာဝေ- မိမိကိုယ်သည်သာလျှင်။ အတ္တနော- မိမိ၏။ နာထော- ကိုးကွယ်ရာဖြစ်၏။

အတ္တာဟိ- မိမိသည်ပင်လျှင်ဆိုတာ ဘယ်သူလဲ၊ ခုတင်က ပြောတဲ့ ရုပ်နာမ်။ အတ္တနော- မိမိ၏ဆိုတာလဲ ဘာလဲ၊ ဒီရုပ်နာမ်ပဲ၊ နာထော- ကိုးကွယ်ဖြစ်တဲ့၊ ဒီရုပ်နာမ်၊ မိမိကိုယ်ပဲ ငါပဲဖြစ်ရမယ်၊ ဒီကိုယ်ပဲခေါ်နေကြတာ။

အတ္တာဟိအတ္တနော နာထော၊ ဘုရားစကားနော်၊ အကယ်၍ တစုံတယောက်က လာမေးမယ်၊ ကောင်းရာသုဂတိဘုံ ဘဝစည်းစိမ် ခံစားရအောင် နတ်ဖြစ်ရအောင် ဗြဟ္မာဖြစ်ရအောင် နောက်ဆုံး သံသရာ ဝဋ်မြစ်ပြတ်လို့ နိဗ္ဗာန်ရောက်ရအောင် ဘယ်သူ့ကို အားကိုးမလဲလို့ တယောက်ယောက်က လာမေးတယ်ဆိုပါတော့၊ အမှတ်မဲ့မတော့ ဘုရားအားကိုးရမလိုလို၊ အမေအဖေ အားကိုးရမလိုလို၊ ဟိုလူ့ အားကိုးရမလိုလို၊ ဒီလူ့ အားကိုးရမလိုလို၊ ခု ဘုရားဒေသနာတော်အရ ဘယ်သူမှ အားကိုးရာ မဟုတ်ဘူးတဲ့ ကိုယ့်ကိုယ်ကိုယ်သာ အားကိုးရမှာတဲ့။

နောက်ထပ် ဘုရားရှင်က ဘာဟောပြန်သလဲဆိုရင် "တုမှေဟိ ကိစ္စံ အာတပ္ပံ၊ အက္ခာတာရော တထာဂတာ"တဲ့။

သိတ်နေရာကျတာနော်၊ ဘုရားဟောတာ သိတ်ကောင်းတာပဲတဲ့၊ တုမှေဟိ- သင်တို့သည်။ ကိစ္စံ-မိမိကိစ္စ ကိုယ့်ကိစ္စတို့။ အာတပ္ပံ- ပူပန်စေတတ် အားထုတ်အပ်၏။ တထာဂတာ-ငါတို့ဘုရားရှင်တို့သည်။ အက္ခာတာရော- ဟောပြောပြသ ညွှန်ပြရုံမျှတို့သာတည်း။ ပြောရုံသာ ပြောတတ်ကုန်၏။

လူ တယောက်က သက်တော်ထင်ရှားဘုရားကို သွားလျှောက်ထား ဆိုပါ တော့၊ ဘုရား တပည့်တော်ကိုတာဝတိံသာ ရောက်အောင် ပို့ပေးပါ ဆိုရင် ဘယ်နည်းနဲ့မှ ဘုရားကဖြင့် မပို့နိုင်ဘူး၊ နတ်ပြည် ရောက်ရာ ရောက်ကြောင်း ဘယ်လိုလုပ် ဘယ်လိုပြော ဘယ်လိုကြံ စသဖြင့် ပြောဟောရုံသာ ပြောတတ် ဟောတတ်လိမ့်မယ်တဲ့၊ တာဝတိံသာ နတ်သား သွားဖြစ်ချင်တယ်၊ နတ်သမီး ဖြစ်ချင်တယ်၊ မပို့နိုင်ဘူးတဲ့၊ နတ်သား နတ်သမီးဖြစ်ဖို့ရာ သူတော်ကောင်း တရား အားထုတ်၊ ဒါန လှူဒါန်းပေးကမ်း။ သီလ ငါးပါးသီလ, ရှစ်ပါးသီလ, ပါတိ မောက်သီလ ထိန်းသိမ်းစောင့်ရှောက်။ ဘာဝနာ၊ သမထ ဝိပဿနာ ဘာဝနာ တရား အားထုတ်-လို့ ဟောရုံသာ ဟောရမှာပဲ၊ ဒီတော့ကို ဘုရားရှင်က နည်း လမ်းသာ ပေးနိုင်တယ်၊ ကိုယ်တိုင်က ရောက်အောင် ရော့ ယူတော့ သွားပေ တော့လို့ မပြုနိုင်ဘူး၊ ဟောရုံ ညွှန်ပြရုံ နည်းလမ်းသာ ပေးနိုင်တော့ (အတ္တာ ဟိ အတ္တနော နာထော) ဆိုတာ လူတိုင်း သဘောကျရမှာပဲ၊ ကိုယ့်ကိုယ်ကို သာ ကိုယ်အားကိုးရမှာ၊ကိုယ့်ကိုယ်ကို ကိုယ်စီမံရမှာဆိုတာ ဘုရားရှင် ဟောတော် မူတဲ့တရား အလွန် သဘောကျစရာ ကောင်းပါလား-လို့။

လောကဥပမာအားဖြင့် ထင်ရှားအောင် ပြောကြပါစို့ရဲ့၊ ခုတလော သတင်း စာ ကိုရင်ကလေးတွေ အနားလာ ဘတ်ကြ၊ ပြောရဦးမယ်၊ ထင်ရှားအောင် ဘာပွဲညာပွဲ နိုင်ငံခြားက ခေါ်သင်ယူရတယ်၊ ငွေကြေး အကုန် အကျ ခံပြီး အားကစားတဲ့ ဘာတဲ့ ညာတဲ့၊ ရန်ကုန်မှာ ပွဲကြီးလုပ် ပြိုင်နေကြတာ သိကြမှာ ပေါ့၊ နဂို မူလကတော့ ဆရာတွေက သင်ပေးထားတာပဲ၊ နည်းစံနစ်ပေးထား တာပဲ၊တကယ် ပြိုင်ကြစို့လို့ဆိုတော့ အဲဒီ ဆရာဟာ စည်းအပြင်ဘက်က နေရ တာ၊ ကဲလေ ဘောလုံး ဆိုပါတော့၊ တဖက် ဂိုးထဲဝင်အောင် ဒီဘောလုံးကြီး ဘယ်ဆရာကလာသွင်းကန်ပို့ ပေးတာလဲ ကိုယ့်ဘာသာ ကိုယ့်အစွမ်းနဲ့ ဟိုတဖက် ဂိုးထဲ ရောက်အောင် သွင်းနိုင် ကန်ပို့နိုင်မှ ကိုယ်ကနိုင်မှာ၊ကိုယ်တိုင်ဂိုးထဲ ရောက် အောင် ကန်သွင်းနိုင်တဲ့လူကို လူကောင်းလို့ ခေါ်ကြရတာ၊ ဘောလုံး ကန်လို့ နိုင်အောင် ဘယ်သူ့ကို အားကိုးရမှာလဲ၊ ဆရာကို အားကိုးရမှာလား၊ အင်း ဆရာက သင်ပေး နည်းပေးရုံပဲတဲ့၊ ဘာဖြစ်ဖြစ် ဘယ်ကစားမှု ဘာအမှုဖြစ်ဖြစ် ဆရာက သင်ပေရုံပွဲ၊ ကိုယ်တိုင်က ကြိုးစားမှ အောင်မြင်မှု ရတာ၊ ဒီမှတပါး ကိုယ်မမာတဲ့အခါ ဆေးဆရာတွေ ဆရာဝန်တွေ မိဖဆွေမျိုးများက ဆရာပင့်၊ ဘယ်ဆေးကလေးစားပါ၊ ဘယ်အာဟာရလေး မျိုပါ၊ ဘာလုပ်ပါ စသည်ဖြင့် ဆွေမျိုးကလဲ ပြောရုံ ပြောနိုင်တာ၊ ဆရာဝန်ကလဲ ဆေးပေးရုံ ပေးနိုင်တာ၊ ဆေးထိုးစရာ အပ်သာ သူမှာ ပါလာတာ၊ အမှန်ကတော့ လူမမာ ကိုယ်တိုင်

က စားဦးမှ၊ နောက်ဆုံးတော့ ကိုယ်တိုင်က ဒီဆေးလေး သောက်လိုက်ဦးမှပဲ ဆေးလေး တခွက်သောက်လိုက်ရင် ငါချမ်းသာမှာပဲ၊ သက်သာမှာပဲ၊ ဆေးထိုးခံမှပဲလို့ ဝေဒနာရှင်ကိုယ်တိုင်က ရောဂါပျောက်တဲ့ခဲတ်စာ ဆေးဝါး စားမှပဲ ပျောက်နိုင်တယ်၊ အခန့်မသင့်လို့ ဖျားတဲ့အခါဆရာဝန်ကလဲ ဘာဘာညာညာ သင်ပေး ပြောပေးလို့ ဘယ်လို နေပါ ထိုင်ပါစားပါနဲ့ စသည်ဖြင့် သင်ပေးရုံပဲ၊ ညွှန်ကြားရုံပဲ။

သားသမီး အခန့်မသင့်လို့ဖျားနေရင် မိဖက ပြောပေးနေရ၊ မိဖ မကျန်းမာပြန်ရင် သားသမီးက မိဖနည်းတူ ပြောပေးနေရ၊ ကိုယ့်ကိုယ်ကို အားကိုးပြီ၊ ဆေးပေးမှုကို နားလည်မှု ယူတတ်လို့ ကိုယ်တိုင် ရောဂါပျောက်ကြောင်း ဆေးစားမှပဲ ကိုယ့်ရောဂါ ပျောက်ကင်းနိုင်တယ်တဲ့၊ ဘေးက ဘယ်လောက် တိုက်တွန်း တိုက်တွန်း အကြိမ်တရာ တိုက်တွန်း သူကိုယ်တိုင်က ဒီဆေးဒီခဲတ်စာ စားမှပဲ ပျောက်မှာ အမှန်ပဲလို့၊ ဘာဖြစ်ဖြစ် အစစ အရာရာ ဘေးပတ်ဝန်းကျင် ဆိုတာ ဒီရောဂါ ဝေဒနာကို ယူပစ်ပေးချင်လို့ ဖြစ်တာ မဟုတ်ဘူး၊ ကိုယ်တိုင် ကိုယ့်ကိုယ်ကိုပဲ အားကိုးရတာချည်းပဲတဲ့၊ ကိုယ်တိုင်က အားထုတ်ပြီး ဆေးစား ခဲတ်စာ စားမှ၊ ကိုယ်တိုင်ကြိုးစားပြီး ပြုပြင်မှ ရောဂါပျောက်သွားတော့ ငါ့ရောဂါ ဘသူ့ကြောင့် ပျောက်သလဲ၊ ငါ့ကြောင့် ပျောက်တာပဲတဲ့။

သို့သော်လဲ ဘေးပတ်ဝန်းကျင် မိဖ ဆွေမျိုးက ပြောပေးလို့ ဆရာဝန် ဆေးဆရာတွေက သင်ပေးလို့ နည်းပြလို့ နောက်ဆုံးမယ် အကျိုး ထိရောက်အောင် အကျိုးပြီးအောင် ဆောင်ရွက်ရာမတော့ ကိုယ့်အကျိုးပြီးအောင်ကိုယ်ဆောင်ရွက်ရတာပဲ၊ အဲဒီ ဆောင်ရွက်တတ်တဲ့ စိတ်ကို "မနော သေဋ္ဌာ မနောမယာ" ကောင်းတဲ့ နေရာမလဲ သူပဲ၊ ဒီစိတ်ပဲတဲ့။

အခြံအရံ ဆိုတာက စေတသိက်တွေဆိုတော့ မကောင်းတဲ့ ဘက်က် လောဘတို့ ဒေါသတို့ မောဟတို့ ခြံရံလာရင် ဒီစိတ်ကပဲ မကောင်းတဲ့ ဖက်ကို ဆွဲသွားတာပဲ၊ တမျိုးစီ ဖြစ်နေကြတာ အလောဘ အဒေါသ အမောဟ ဆိုတာက ကောင်းတဲ့ဖက်ကစိတ်နဲ့ တွဲပြီးတော့ ကုသိုလ်ကောင်းမှုဖြစ်တယ်၊ ဒီကောင်းမှုတွေက လူ့ဘဝ ရအောင် နောင် နိဗ္ဗာန်အထိ ကောင်းတဲ့ဖက်ကနေ ဒီကောင်းတဲ့ စိတ်ကပဲ ဆွဲဆောင်သွားတာပဲတဲ့။

မကောင်းတဲ့ စိတ်က ဆွဲရင် အောက် အပါယ်ဘုံ၊ ကောင်းတဲ့ စိတ်ကဆွဲရင် အထက် ဘုံကနေပြီး နိဗ္ဗာန်အထိ ဘဝသံသရာ ကျင်လည်ပြီးနေကြတဲ့ သတ္တဝါတွေဟာ ကောင်းတဲ့စိတ် မကောင်းတဲ့စိတ် ဘယ်ဒင်းက များမလဲ၊ မကောင်းတဲ့ စိတ်ရှိသူက များလိမ့်မယ်တဲ့၊ အဝီစိငရဲမှာ နတ်ပြည်ထက်များသတဲ့၊ လူ့ပြည်ထက်လဲ ပိုများသတဲ့၊ အဲဒါတွေ မကောင်းတဲ့စိတ် ခေါင်းတဲ့ကြီးက ဆောင်သွားတာပဲ။

ဒါကြောင့် ကောင်းတဲ့စိတ် ကိုယ့်သန္တာန် အဖြစ်များအောင် ဘုရားရှင်က ဟောကြားတော်မူလို့ အဆက်ဆက် သံဃာတွေ လူတွေက ဟောကြားလို့ ကောင်းတဲ့ဘက် လိုက်နေကြရ၊ ကောင်းတဲ့စိတ် မွေးမှပဲလို့ သိကြရ၊ ပူဇော်ပွဲတွေ လုပ်တယ်ဆို သက်တော်ရှည်ပွဲတွေ လုပ်တယ်ဆို မနေ့က ဒို့ ပူဇော်ပွဲ လာလိုက်တာ မနဲပါဘူး၊ အဲဒီလို ပရိသတ်များစွာ လာကြရာမှာ သူတို့စိတ်ဓာတ်က လာချင်တဲ့ စိတ်ရှိလို့ ကောင်းတဲ့ စိတ်က ပဓာန ခေါင်းဆောင်ပြီး လာကြတယ်ဆိုရင် စေတနာပါလာ၊ မေတ္တာပါလာ၊ စေတနာက နှိုးဆော်၊ မေတ္တာက နှိုးဆော်လို့ စေတနာနဲ့ မေတ္တာဆိုတဲ့ အဒေါသတို့ကို ခေါင်းဆောင်ပြီး စိတ်က ဆွဲခေါ်တာပဲတဲ့၊ မေတ္တာဆိုတဲ့ အဒေါသ က များများ နှိုးဆော်ဟန်တူရဲ့၊ ဒီစေတသိက်ရဲ့ သဘောက ကြည်ညိုလေးစားပြီး ချစ်ခင်တဲ့တရား၊ မေတ္တာဓာတ်ရှိရင် မေတ္တာရဲ့ စေခိုင်းရာကို လူကောင်ကြီး ပါသွားရ၊ ပါလာရတာ၊ ကိုယ့်အိမ်မယ်၊ အသီးအသီး ကိုယ့်ကျောင်းမယ်၊ ကိုယ့်မြို့ ကိုယ့်ရွာမယ် ကိုယ့်ကိစ္စအသီးသီးနဲ့ အလုပ်ကိစ္စ ရှိကြသား၊ ရဟန်းတော်များဆိုရင် ပရိယတ် ပတိပတ်နဲ့၊ သီလရှင်တွေ ထို့အတူ ပရိယတ် ပတိပတ်နဲ့၊ လူတွေကျတော့ ပိုပြီးတော့ အလုပ်ကိစ္စရှုပ် အိမ်ထောင်မှုများပြား ဘာပြုလို့ ဒီဆရာတော်ကြီးဆီ ဒီနေရာရောက်အောင် လာကြသလဲဆိုတော့ အရင်းခံ အဒေါသ စေတသိက်ဆိုတဲ့ မေတ္တာတရားပဲ၊ တွေးပြီးတော့ ကြည့်ရတာ၊ မင်းပြစ်မင်းဒဏ်ကြောင့်လဲ မဟုတ်ဘူး၊ အပြစ်တင်မှာ ကြောက်လို့ ဒဏ်ခပ်မှာကြောက်လို့လဲ မဟုတ်ဘူး၊ မလာတဲ့ သူတွေ အများကြီး လာချင်ရက်နဲ့ အလုပ်ကိစ္စ မအားမလပ်လို့ မလာကြတာ ပြည့်လို့၊ သူတို့ မလာတဲ့သူတွေ ဘာအပြစ်ရှိသလဲ ဘာအပြစ်မှမရှိပါဘူး၊ လာတဲ့သူ မလာတဲ့သူ အတူတူပါပဲ။

သို့ပေမဲ့ မေတ္တာက တိုက်တွန်းတဲ့ သူတွေကျတော့ ဘယ်ထောက် အလုပ်များများ၊ မလာပဲမနေနိုင်ဘူး၊ လှူကြတန်းကြ၊ ဒီကျ ဆရာတော် ဖူး သံဃာတွေဖူး၊ တရားနာကြ၊ တချို့မယ် ပျော်ကြ ရွှင်ကြတဲ့ အပြင် ဝတ္ထုပစ္စည်း

ဘာလူလူ မလူလူ အရေးမကြီးလှဘူး၊ အတွင်းပစ္စည်းခေါ်တဲ့ လာတဲ့သူတွေ သန္တာန်မှာ နှိုးဆော်နေတဲ့ ်မေတ္တာစေတသိက် ဝင်အောင်းနေတာက သူတို့မှာ အလွန်ကျေးဇူးများနေပြီ မျှားနေပါလားလို့ ဒို့စိတ်ထဲက သဘောကျဝမ်းသာရ။

မေတ္တာဆိုတဲ့ ဒီတရားကို "ဗြဟ္မဝိဟာရ" တရား ခေါ်တယ်၊ မေတ္တာတဲ့ ကရုဏာတဲ့၊ မုဒိတာတဲ့၊ ဥပေက္ခာတဲ့၊ ဒါကြောင့် သူတို့ ဟိုက ဒီက လာကြ ရောက်ကြ ပျော်ပျော် ရွှင်ရွှင်နဲ့ချည်းလို့ သိရတော့ သက်တော်ရှည်ပွဲ- သက်တော်ရှည်ပွဲလို့ ပြောနေကြတယ်၊ ဒီပွဲတွေဟာ အမှန်ကတော့ မေတ္တာပွဲကြီးပဲ- ဒို့စိတ်ထဲက အောက်မေ့၊ သူတို့ပျော်တော့ ဒို့လဲ ပျော်ပြီး ဒါတွေ အားလုံး စေတနာကို ပဓာနပြုလို့ မေတ္တာကိုပဓာနပြုလို့ ဒီပွဲကြီး ပြီးမြောက်အောင် ကူညီကြ ဆောင်ရွက်ကြ သွားကြ, လာကြ ကိုယ့်ကိစ္စ နေ့စဉ် ဆောင်ရွက်နေဆဲဖြစ်တဲ့ မိမိတို့ ကိစ္စကို အသာထားပြီး ဒီပွဲကြီးပြီးမြောက်အောင် ဆောင်ရွက်အားထုတ်ကြတဲ့ ကုသိုလ်တွေလို့ ဒီ ကုသိုလ်တွေကြောင့်ပဲ နိဗ္ဗာန် ရောက်နိုင်၊ နိဗ္ဗာန် ရောက်ကြောင်း ဖြစ်တဲ့ ဒီလိုကုသိုလ်တွေ ရကြရလို့၊ ဒီကုသိုလ်ကြောင့် နိဗ္ဗာန်ရပါစေလို့ ကိုယ့်အတွက်လဲ ထမြောက် အောင်မြင်၊ ဆရာတော်ဘုရားကြီးဖြစ်တဲ့ ဒို့ကိုလဲ ပျော်ရွှင်အောင် ကူညီမှုပြုကြရတဲ့အထဲ ရှေးဦးစွာ ဆရာတော်ဘုရားကြီးအပေါ်ထားကြတဲ့ မေတ္တာဟာ အလွန် အဘိုးတန်တယ်လို့ သိကြတဲ့အတိုင်း ဒီမေတ္တာကိုပဲ နေ့စဉ် ပွားသွားလို့ရှိရင် ကိုယ်လဲချမ်းသာ သူလဲချမ်းသာ ကိုယ်တိုင်ရမဲ့ အကျိုးကတော့ အသက်ရှည်တာတို့, သမာဓိ ကြီးတာတို့, ပညာဉာဏ် ကြီးတာတို့၊ အကျိုး အများကြီး ရနိုင်တာတဲ့၊ ကိုယ်တိုင်က မေတ္တာအမြဲပွားနေဘို့ အလွန်ကောင်းကြောင်း ဒီပွဲမှာ ဒီတရားတခု သတိရသွားရင် အမြဲအေးချမ်း ငြိမ်သက်ပြီး ဒီမေတ္တာ ဘာဝနာအလုပ် အားထုတ်ကြဘို့ ခုပြောနေရတာပဲ။

အထူးအားဖြင့် ဒီမန္တလေး တက္ကသိုလ် ကောလိပ်မှ ကျောင်းသူကလေး သုံးယောက် သတင်းစာထဲပါလို့ ဒီပွဲကြီး လုပ်နေတာသိရလို့ တခါမှ မရောက်ဘူးပဲ လာကြတယ် ဆိုထင်ပါရဲ့၊ ခုတင်က အနားရောက်လာဒါလဲ [အဒေါ်သခေါ် မေတ္တာက တိုက်တွန်းလိုက်တာပဲလို့ သူတို့အပေါ် ကိုယ်က ပြန်ပြီး မေတ္တာဆိုတဲ့ ဗြဟ္မဝိဟာရ တရားထားရတာပေါ့၊ ကရုဏာရှိရတာပေါ့။ မုဒိတာလဲ ပါတာပါဘဲ၊ဥပေက္ခာဆိုတာလျစ်လျူရှု၍အသာငြိမ်နေဘို့ကဘယ်လိုမှမတတ်နိုင်ရှောက တရားတွေ မထားနိုင်မှသာ ထားရမဲ့နောက်ဆုံး တရားကိုး။

ဒီတော့ ဒို့က သူတို့ကို ကျောင်းသူကလေးတွေ ဆိုတော့ ဒီအရွယ် ဒီလို ရတနာ သုံးပါးနဲ့စပ် သတိတရ အနေနဲ့ လာဖော် ဆည်းကပ်ဖော်ရတော့ ပို ဝမ်းသာပြီး ဒီဂါထာကလေး သုံးပုဒ် ပေးထားရတယ်၊ ဒါ ကျက်မှတ်ပွားများ ရင် ဘာဝနာလဲဖြစ်၊ သူတို့သန္တာန်မှာ အမြဲ စက်ခေါင်းမီးရထားကြီး ကောင်း နေသလို ပဓာန စိတ်ဓာတ်ကလေးတွေ ကောင်းနေဘို့ ကျက်ပြီး ရွတ်ကြလို့ ပြော ရတယ်။

(က) ယေ စ ဗုဒ္ဓါ အတီတာ စ၊ ယေ စ ဗုဒ္ဓါ အနာဂတာ။
ပစ္စုပ္ပန္နာ စ ယေ ဗုဒ္ဓါ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

(ခ) ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိ မာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။

(ဂ) အဋ္ဌာန မေတံ ဘိက္ခဝေ အနဝကာသော ယံ ပရူပက္ကမေန တထာ-
ဂတံ ဇီဝိတာ ဝေါရောပေယျ၊ အနုပက္ကမေန ဘိက္ခဝေ တထာဂတာ
ပရိနိဗ္ဗာယန္တိ။ ။

အဲ-အဲဒီ ပါဠိ သုံးပုဒ် ကျက်ပြီး ရွတ်ကြ၊ ဘာဝနာအဖြစ် ပွားများကြလို့ တိုက်တွန်းထားတာ၊ ဒို့ အစအဆုံး ဂါထာက ကလေးတုန်းကထဲက ရနေတာ၊ ငယ်ငယ် ကိုရင်ကလေးဘဝမှာ ဒို့ ငယ်ဆရာ ဘုန်းတော်ကြီးက ပထမ ရွှေကျင် ဆရာတော်ကြီးနဲ့ ညီအစ်ကို တော်စပ်တယ်၊ ဒို့ ငယ်ဆရာ ဘုန်းကြီးကလဲ စာပေ လဲ ဝါသနာ ပါတယ်၊ အနေအထိုင် ကိုယ်ကျင့်တရားလဲ ရှေးခေတ်မှာကိုပဲ အလွန်ကျော်စောထင်ပေါ်ခဲ့ပါတယ်။

ပုရပိုက်နဲ့ ရေးမှတ်ထားတဲ့ စာတွေ အများကြီးပဲ၊ ဒို့က ဘုန်းကြီး မရှိတဲ့ အခါ ဟိုလှန် ဒီလှန် ကြည့်တော့ အဲဒီ "ယေစ ဗုဒ္ဓါ" ဆိုတဲ့ ဂါထာ တွေ့တော့ ကျက်ထားလိုက်တာ၊ ငယ်ငယ်တုန်းကတော့ အဓိပ္ပါယ်တောင် ကောင်းကောင်း မသိပါဘူး၊ ဦးပဥ္စင်းတွေက တစ္ဆေ မခြောက်နိုင်ဘူး၊ တစ္ဆေ ပြေးတဲ့ ဂါထာ ဆို တာနဲ့ နေ့တိုင်း ခဏခဏ ရွတ်လာတာ၊ ဒါကြောင့် ကျေနေတာ။

နောက်ဆုံး ပါဠိတော်ကြီးက "စူဠဝါပါဠိ အန္တရာယ်ကင်း" ဒေသနာတော် ကြီး၊ တော်တော် ကြီးလာပါပြီ၊ "ရေပန်းဆရာတော်ကြီး"က သင်ပေးသွားတာ၊ ဒါလဲ အဲဒီတုန်းကတော့ တစ္ဆေ ကြောက်တာနဲ့ ရွတ်ခဲ့ရတာ၊ အဓိပ္ပါယ်ကတော့ ကြီးကြီးလာမှ ပိုပို သိလာတာပါပဲ၊ အလယ် ဂါထာကလဲ ဘုရားရှင် ကိုယ်တော်

တိုင် ဟောသွားတဲ့ ဂါထာကြီးပဲ၊ "**သဗ္ဗမင်္ဂလဂါထာ**"လို့ ခေါ်တယ်၊ ဒီ ပရိသတ်ထဲ ကောလိပ် တက္ကသိုလ်က ကျောင်းသူတွေလဲ ပါလိမ့် ရှိလိမ့်ဦးမယ် ထင်တယ်၊ မှတ်ထားကြပေါ့၊ ရွတ်ကြ၊ နာနာရွတ်ကြ၊ ကျက်သရေ ဂုဏ်သိရိလဲ ရှိတယ်၊ စိတ်ကောင်း လူကောင်း ဖြစ်လာနိုင်တယ်။

ဒို့တော တစ္ဆေ ကြောက်လို့ ရွတ်ရ၊ စစ်အတွင်း ဗုံးဒဏ် ဘာဒဏ် ကြောက်လို့ ရွတ်ရ၊ တခါတခါ ဒါတွေ သိတ်ရွတ်လာလို့ ဒီလိုအသက်ရှည်နေတာ ထင် ပါရဲ့လို့ အောက်မေ့မိတယ်၊ အားကိုးမိတယ်၊ ဒို့နဲ့ စပ်သမျှ အတူနေကြတဲ့ ရဟန်း သာမဏေ ဒကာ ဒကာမတွေ ရတဲ့သူ များပါတယ်၊ ဘုရား ကြည်ညိုရ၊ တရား ကြည်ညိုရ၊ သံဃာ ကြည်ညိုရ၊ အန္တရာယ် ကင်းဘို့ချည်းပဲ၊ အန္တရာယ် ကင်းဆို တာလဲ အန္တရာယ်ပြုနိုင်တဲ့ သတ္တဝါကို ကိုယ်ကလဲ မေတ္တာ ပို့ရတယ်၊ ဒီ ပါဠိ ဂါထာတွေ ရွတ်ဘတ်မယ်ကြံရင် အစပထမ မေတ္တာ အရင် ပို့လိုက်ဦး၊ ဘာပဲ ဖြစ်ဖြစ် အန္တရာယ်ကင်း အနှောင့်အယှက် ကင်းတယ် ဆိုတာ အရင်းခံကတော့ ကိုယ့်ရဲ့မေတ္တာပါပဲ၊ မေတ္တာအရေးကြီးတာပါပဲ၊ ဒါ့ကြောင့် ကျန်းမာဘို့စိတ်ထဲ ချမ်းသာဘို့ ကိုယ်စီကိုယ်စီ မေတ္တာတရားကိုပဲ ပဓာန ထားပြီး သူတော်ကောင်း တရားကို ပွားများအားထုတ်နိုင်ကြပါစေကုန်သတည်း။

(၁၃၂၃-ခု နတ်တော် လပြည့်ကျော် ၆-ရက် 'မွေးနေ့' သက်တော်ရှည် ပူဇော်ပွဲ၌ ဟောကြားတော် မူသည်။

# သံဃာ့ဂုဏ် ကထိန်တရား

## နှုတ်မြွက်ဟော တရား အမှတ် (၁၀)

ဒို့ကို ဩဝါဒ ပေးပါလို့ လျှောက်တော့ ဩဝါဒ ဆိုတာက ဘုရား ဩဝါဒပဲ၊ ဘုရားရှင် ဩဝါဒ ဒို့က တဆင့် ဆက်ပြီးတော့ ဘုရားရှင်ဩဝါဒကို ပြောရမှာဘဲ၊ ဩဝါဒဆိုတာ ကိုယ်တိုင်သိပြီးတော့ ပြောရတဲ့ ဩဝါဒမျိုး ပုထုဇဉ်များမှာ မရှိဘူး၊ ဘုရားရှင် ပေးခဲ့တဲ့ ဩဝါဒ တဆင့် ပြောရတဲ့ ဩဝါဒဘဲ၊ ဒီတော့ ဘုန်းကြီး ဩဝါဒ ဆိုပေတဲ့ ဘုရားရှင် ဩဝါဒဘဲလို့ မှတ်ရမယ်။

ဩဝါဒ အမျိုးမျိုးရှိရာတွင် ဩဝါဒ အဆုံးအမ အမျိုးမျိုး ရှိရာတွင် ယခုလို အခါမယ် ကထိန်ဒါနနဲ့ စပ်လို့ ကထိန်နဲ့ စပ်တာတွေ အများကြီး သိသင့်တယ်၊ ကထိန်သင်္ကန်း ကပ်ကြတယ်၊ ကထိန်သင်္ကန်း ကပ်တာနဲ့စပ်လို့ သိစရာတွေ အများကြီးဘဲ၊ သိလဲသိကြတာ များပါလိမ့်မယ်၊ ပိုပြီးတော့ အရေးကြီးတာက “ဣမံ ကထိနစီဝရံ သံဃဿ ဒေမ” သံဃာအား လှူပါ၏၊ ဒီလို ဆိုတော့ သံဃာဆိုတာ သူသူငါငါ အကုန်လုံး သိနေတာဘဲ၊ ပိုပြီးတော့ သိဘို့ ဒီနေရာ အရေးကြီးတယ်၊ ကထိန်ဒါန ကထိန်ကုသိုလ် ပြုတဲ့အခါ သံဃာဆိုတဲ့ မဂဓဘာသာ မြန်မာလိုလဲဘဲ သံဃာလို့ ပြန်ကြတာဘဲ၊ အဓိပ္ပါယ်ကတော့ အပေါင်းလို့ ခေါ်တယ်၊ ဘုရားရှင်ရဲ့တပည့်သား ရဟန်းသံဃာတော်အပေါင်းကို သံဃာခေါ်တယ်၊ သံဃာဆိုရင် ယခုထင်ရှား ရှိနေတဲ့ ရဟန်းတော်တွေ အကုန်ပါတယ်၊ ရှေးရှေးက သာသနာမှာ=လူ့ပြည် သာသနာမှာ ရဟန်း ဖြစ်သွားဘူးကြတဲ့ ပုဂ္ဂိုလ်ကြီးတွေ အကုန်ပါတယ်၊ သံဃာ ဆိုတဲ့ အထဲမှာ ရှင်မဟာကဿပကြီးတို့၊ ရှင်သာရိပုတ္တရာတို့၊ ရှင်မောဂ္ဂလာန်တို့ ဒီလို သံဃာတော်တွေ အကုန်ပါတယ်၊ ဒီလိုအကုန်လုံး အချို့မသိကြသေးဘူး၊ အချို့သိကြတယ်၊ သိသော်လဲ အမှတ်တမဲ့ မေ့ချင် မေ့နေမယ်၊ နောက်တော့ မမေ့အောင် သံဃာဆိုတဲ့ စကားလုံးဟာ ဘုရား တပည့်သား ရဟန်းတော် အကုန်လုံး ပါတယ်၊ ဒါကို သံဃာ ခေါ်တယ်၊ ဒီလို သိရမယ်။

ဒီသံဃာက ဘယ်လို ဂုဏ်ကျေးဇူးနဲ့ ပြည့်စုံသလဲ၊ သံဃာ့ဂုဏ်တော် ကလဲ အများကြီးဘဲ၊ သို့သော် နောက်ဆုံး သံဃာ့ဂုဏ်တော်ကိုဘဲ၊ ပြောပါရစေတော့၊ “အနုတ္တရံ ပုညက္ခေတ္တံ လောကဿ” လောကဿ-သတ္တလောက၏။ သတ္တဝါအများ၏။ အနုတ္တရံ-အတုမရှိသော။ ပုညက္ခေတ္တံ- ကောင်းမှုကုသိုလ် မျိုးချရာ

လယ်မြေသဘွယ် ဖြစ်၏။ ဒါ-သံဃာ့ဂုဏ်တော်ဘဲ၊ ကိုယ် သိထားတဲ့ သံဃာတွေဟာ ဘယ်လို ဂုဏ်ကျေးဇူး ရှိလဲ၊ မျိုးစေ့ ကြဲချရာ မြေနဲ့ တူတယ်၊ စပါးစိုက်ပျိုးရာ လယ်ပေါ့၊ ဝါတို့ နှမ်းတို့ စိုက်ပျိုးရလျှင် ယာပေါ့၊ ပဲအမျိုးမျိုးစိုက်ပျိုးရလျှင် ကိုင်းကျွန်းပေါ့၊ မြေတပြင်လုံး ညှန်နဲ့ဖြန့်ကြည့်လိုက်၊ ကျောက်အတိပြည့်နေတဲ့ တောင်ကြီးများကို ချန်ထား၊ သဲကန္တာရကြီးများကို ချန်ထား၊ ပင်လယ်လို ဘာလို ရေတွေလွှမ်းနေတဲ့ အောက်က ရှိတဲ့ မြေကို ချန်ထား၊ ဒီမှကြွင်းတဲ့ အရပ်မှာရှိတဲ့ မြေတွေဟာ အသီးအနှံ စိုက်ပျိုးလို့ ဖြစ်တဲ့ မြေချည်းဘဲ၊ လူ့ပြည်ရှိတဲ့ လူတွေ မြေပေါ်မှာရှိတဲ့ သတ္တဝါတွေ ဒီမြေ အမှီပြုပြီး နေကြရတယ်၊ ဒီမြေ ဘယ်လောက် အဘိုးတန်သလဲ။

ဒို့ မြေအဘိုးတန်တာ သိအောင်လို့ ကျောင်းသားကလေးတွေ ပြောဘူးတယ် မြေကြီးနဲ့ ရွှေနဲ့ ဘယ်သင်း ကောင်းလဲလို့၊ ရွှေကောင်းတာပေါ့ ဘုရား၊ မြေနဲ့ ရွှေ ပေးရင် ဘာယူမှာလဲ၊ ရွှေ ယူမှာပေါ့ ဘုရား၊(ရွှေတော့ လူတိုင်းကြိုက်ကြတာကိုး)၊ ဘယ်သူက အဘိုးတန်လဲကွ၊ ရွှေက အဘိုးတန်တာပေါ့ ဘုရား၊ ဒီလို ပြောကြတယ် ကျောင်းသားလေးတွေက၊ ဒီတော့ မြေကြီးက ဘယ်လို အသုံးပြုလို့ ရတယ်၊ ရွှေက ဘယ်လို အသုံးပြုလို့ ရတယ်၊ ခွဲပြောလိုက်တော့မှ မြေအဘိုးတန်မှန်း သိကြတယ်။

မင်းတို့ ရွှေပုံကြီးပေါ် စပါးစိုက်လို့ ဖြစ်တာ မဟုတ်ဘူး၊ မြေပေါ်မှာမှ စပါးစိုက်လို့ ဖြစ်တာ၊ စပါးပေါ်မှ ထမင်းစားရတာ၊ ရွှေပုံကြီးပေါ် အိပ်နေ၊ စပါးစိုက်စရာလဲမရှိဘူး၊ ရွှေရှိတာ ဘာစားမလဲ၊ မြေပေါ်ကတော့ စပါး စိုက်လို့ ဖြစ်တယ်၊ဆန်တွေ ပေါ်လာ ထမင်းစားရတယ်၊ ဆန်စားရလို့အသက်ရှင်နေကြရတာ၊မြေနဲ့ရွှေ ဘယ်က အဘိုးတန်လဲ၊ ခုကျမှ မြေက အဘိုးတန်ပါတယ် ဘုရားလို့ ဖြစ်လာကြတယ်၊ အဘိုးတန်လို့သာပေါ့၊ အနုတ္တရံ-အတုမရှိသော။ ပုညက္ခေတ္တံ-ကောင်းမှု မျိုးစေ့ ကြဲချရာ လယ်မြေကောင်းသဘွယ်ဖြစ်၏” လို့ ဆိုထားတာဘဲ၊ ကောင်းမှု ကုသိုလ် ပြုကြမယ်ဆိုရင် သံဃာတော်ဟာ မြေကြီးလိုဘဲ၊ အပွင့်အသီးနှင့်တကွ ခုတင်က ပြောတဲ့ ဆန်စပါး အလိုရှိရင် လယ်ထဲ စိုက်ပျိုး၊ နှမ်းတို့ ဝါတို့ အလိုရှိရင် ယာထဲစိုက်ပျိုး၊ ပဲမျိုးအလိုရှိရင် မြေထဲ စိုက်ပျိုး၊ ငရုပ်ကြက်သွန်စသည် ဘာဖြစ်ဖြစ်အကုန်လုံးပေါ့လေ၊ ညှန်နဲ့ ချဲ့ပြီးတော့ သစ်တောကြီးတွေ ဘာကြီးတွေ လူ့ပြည် သုံးဆောင် သမျှဟာ မြေပေါ်က ပေါက်တာ အလွန်

ကျေးဇူးများက အလွန်ကောင်းတယ်၊ အဘိုးထိုက် အဘိုးတန်တွေ အများကြီး မြေပေါ်က ထွက်တယ်၊ ဒီမြေထဲ မျိုးစေ့ ချလိုက်ပြီဆိုရင် မနုဿသမ္ပတ္တိ လူ့ ချမ်းသာ ဆိုတဲ့ အသီး ပေါ်လာတာဘဲ၊ ဒေဝသမ္ပတ္တိ ဗလသမ္ပတ္တိ နိဗ္ဗာနသမ္ပတ္တိ ဒီအသီးတွေလဲ ပေါ်လာတာဘဲ၊ ဒါကြောင့် သံဃာတော်ဟာ 'အနုတ္တရံ-အတုမရှိ သော။ ပုညက္ခေတ္တံ- ကောင်းမှုမျိုး စိုက်ပျိုးရာ လယ်ယာ မြေကောင်း သဖွယ် ဖြစ်၏'လို့ ဆိုတယ်၊ ဒီဂုဏ် တခုနဲ့ဘဲ ဒို့ ပုထုဇဉ်တွေ သံဃာကို အားကိုးလောက် တယ်၊ ဘုန်းကြီး ဖြစ်လို့ သံဃာဘက်က နေပြီး ဟောရတာ မဟုတ်ဘူး၊ ဒို့ ဘုန်းကြီးလဲဘဲ ဒီသံဃာ အားကိုးရတာဘဲ၊ သံဃာမရှိရင် ဘုန်းကြီး တပါးထဲ မနေနိုင်ဘူး။

"သံဃေ ဝသေယျ ရက္ခိတော"တဲ့၊ သံဃေ-သံဃာ့ အလယ်၌။ ရက္ခိတော- သံဃာသည် စောင့်ရှောက်အပ်သည် ဖြစ်၍။ ဝသေယျ-နေရာ၏။ သံဃာက ခုတင် က မြေဩဇာ ကောင်းတဲ့ မြေနဲ့တူရုံမကဘူး၊ အသီးအနှံအပွင့် ပေးတတ်တဲ့မြေနဲ့ တူရုံတင် မကဘူး၊ သံဃာ့တန်ခိုး ခိုလှုံပြီးတော့ သံဃာထဲ နေရတာ အလွန် ချမ်းသာတယ်၊ အဲဒီလို စသည်ဖြင့် သံဃာတော်များက လယ်မြေယာနဲ့ တူတယ်၊ အတုမရှိတဲ့ မြေနဲ့ တူတယ်၊ မြေဆိုသော်လဲ သဲကန္တာရလိုဟာ ဘာမှ အဘိုး မတန်ဘူး၊ စိုက်ပျိုးလို့ အသီးအနှံအမျိုးမျိုး ရနိုင်တဲ့ မြေကောင်းကြီးနဲ့တူတယ်။

ဘုရားရှင် ပါရမီတွေ ဖြည့်ပြီးတော့ ဘုရားဖြစ်သွားတယ်၊ ဘယ်က စခဲ့သလဲ နိဗ္ဗာန်သီး သီးသွားတယ်၊ သဗ္ဗညုတ ဉာဏ် ရသွားတယ်၊ ဘယ်က စခဲ့သလဲ၊ သံဃာက စပြီးတော့ စိုက်ပျိုးခဲ့တဲ့ မျိုးစေ့က အပင်ပေါက် အသီး သီးပြီးတော့ ဘုရားဖြစ်သွားတယ် ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်၊ ရဟန္တာ ဖြစ်သွားတယ်၊အရိ ယာ ဖြစ်သွားရတာဘဲ၊ သံဃာနဲ့ စပ်လို့ သံဃာရေ သံဃာ့ ဂုဏ်ကျေးဇူးရေ သိတန်သလောက် သိရောဆိုကြပါစို့၊ အချိန်ကာလ သိတ်မရလို့ ဒီလောက်ပင် များ လှပါပြီ၊ ကောင်းလှပါပြီ။

သံဃာ မှီပြီးတော့ ဒီသံဃာ လှူလဲ ဒါန သံဃိကဒါန၊ သံဃိကဒါနဆိုတာ ပုဂ္ဂိုလ် အရာအထောင် ရည်မှန်းပြီး လှူတာထက်မက ကျေးဇူးများတယ်၊ သက်န်း လှူပေတယ်လို့ ပုဂ္ဂလိက သက်န်းအလှူထက် သံဃိကဒါန သက်န်းအလှူက မြတ် တယ်၊ ဒီလိုဟာလဲ သိကြတာဘဲ၊ ကထိန်အလှူဆိုတာ သံဃိကဒါနဘဲ၊ အဲဒီတော့ ကို ယနေ့ ပူကြရတဲ့ ကထိန်ဒါန ကထိန်ကုသိုလ် ပြုကြရမှာ စေတနာ သုံးတန် ထားပြီး၊ ကိုယ့်စေတနာ သုံးတန် ကိုယ်အကဲခပ်ရမယ်။

"ပုဗ္ဗေဝ ဒါနာ သုမနော"ဒါနာ-အလှူမှ လှူဆဲမှ၊ ပုဗ္ဗေဝ-မလှူမီရှေးအဘို့ ၌သာလျှင်။ သုမနော- ကောင်းသောစိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ယနေ့လှူတဲ့

နေ့မို့ ပစ္စုပ္ပန်ရောက်နေပြီ၊ ပစ္စုပ္ပန်နေ့ မရောက်မီ ရှေးအဘို့က ရက်တွေ လတွေ နှစ်တွေ နာရီတွေ အချိန်တွေ မိနစ်တွေက ရှေးအဘို့ ကြိုတင်ပြီး ဘယ်တော့ ဘာလုပ်မယ်၊ စိတ်ကဖြစ်ကြတာဘဲ၊ ကိုယ်စီကိုယ်စီ စိတ်ဖြစ်တဲ့အခါမှ သုမန စိတ်ကောင်းရှိရမယ်၊ စိတ်ကောင်းဆိုတာ နံနဲ့တော့ကျဉ်းတယ်၊ အကျယ်ချဲ့မယ် ဆိုရင်လဲ သိပ်ကျယ်တာဘဲ၊ လိုရင်းတော့ စိတ်ထဲမယ် သဒ္ဓါ ပါရမယ်၊ သီလ ပါရမယ်၊ သုတ,စာဂ ပါရမယ်၊ စေတနာ ပါရမယ်၊ အလောဘ ပါရမယ်၊ အဒေါသ ပါရမယ်၊ အမောဟပါရမယ် စေတနာကောင်းတွေ ပညာပြခန်းတဲ့ စိတ္တုပ္ပါဒ်မျိုးကို စိတ်ကောင်း ခေါ်ရတယ်၊ "သုမနာ- ကောင်းသောစိတ်ရှိ၍။ ဝါ-ပျော်၍" ကထိန်လှူတယ်ဆို ဝါတွင်းဆီက ကြိုတင်ပြီး တချို့ ဝါတွင်းမက ဘူး၊ နောက်နှစ်ကျဘာဆိုတာ စိတ်ကူးကြံစည်ပြီး ပျော်ရွှင်နေကြတယ်၊ ကထိန် ဆိုတာ များသောအားဖြင့် ပုဗ္ဗေဝ ဒါနာ သုမနော–ဆိုတဲ့အတိုင်း စိတ်ကောင်း နဲ့တော့ အတော်ပြည့်စုံပုံရတယ်၊ ပြည့်စုံကြပုံပေါ်တယ်၊ ဘယ်တော့ ကထိန် ခင်းမယ်၊ ဘယ်တော့ လှူမယ် ကြိုတင်ပြီး၊ တချို့က ဘယ်လောက် စုဆောင်း ထားတယ်၊ ဘယ်သူက ဘယ်လောက် ထည့်တယ်၊ ကြိုတင် စုဆောင်းပြီး မန္တလေးသံဃာလှူမယ်၊စစ်ကိုင်း သံဃာလှူမယ် စသည် မဲ ချမယ်၊ ဘယ်တိုက်တာ လှူမယ်နဲ့ ရှေးအဘို့က ကြံစည်သမျှ စိတ်တွေ စိတ်ကောင်းတွေ ဒီလို ဖြစ်သွား ရင် ဒီဒါနဟာ နိဗ္ဗာန်ပေါက်အကျိုးပေးမဲ့ဒါနဘဲ။

**ပုဗ္ဗေဝ ဒါနာ သုမနော၊**
**ဒဒံ စိတ္တံ ပသာဒယေ။**

ဒဒံ ဒဒန္တော- လှူဆဲ (ယခုလို ရေစက်ချပြီးတော့ လှူဆဲ) အခါကာလ လှူဆဲ ပုဂ္ဂိုလ်သည်။ စိတ္တံ- စိတ်ကို။ ပသာဒယေ- ကြည်လင် စေရာ၏။ စိတ် ကြည်လင်နေတာ ပျော်နေ ရွှင်နေတာ သဒ္ဓါတရား ပါနေတာ ပြောတယ်၊ နိဗ္ဗာန် တောင့်တပြီး လှူတဲ့စိတ်က ပညာကလဲ ပြခန်းတယ်၊ စိတ်တချက် ဖြစ်လို့ရှိရင် သဒ္ဓါ,သတိ စေတသိက်ကောင်းတွေနဲ့ တွဲပြီး ဖြစ်တာ၊ ပညာက အုပ်ပြီးတော့ဖြစ်တဲ့ စိတ္တုပ္ပါဒ်တချက်၊ သဒ္ဓါဆိုတဲ့ စေတသိက် ပါလာတယ်၊ ဒီ သဒ္ဓါ ဆိုတာက "ပသာဒယေ၊ ကြည်လင် သန့်ရှင်း ရွှင်ပျဘို့ သဒ္ဓါတရားက သူနဲ့ တွဲတဲ့စိတ်ကလေးက ဟဒယဝတ္ထုကို မှီဖြစ်တာ၊ နှလုံးသားထဲကို သွေးတွေ က ဝင်၊ နှလုံးသားထဲ ဝင်၊ နှလုံးသားထဲက သွေးတွေထွက်၊ သဒ္ဓါတရား များများ ဖြစ်တဲ့အခါ ဒီသွေးတွေက ဝါထိန်၊ နနွင်းလို ရွှေအဆင်းလို ဝါ ဝင်းပြီး နေတာဘဲတဲ့၊ ဒီလိုဟာမျိုးကို လှူတဲ့အခါ စိတ်ကို ကြည်လင်စေရမယ် လို့ ဆိုတယ်။

ဒီတော့ကို ကိုယ်လှူရတဲ့ အလှူ ဒီနေ့ထမြောက်ပြီ၊ ရေစက်ချလို့ နိဗ္ဗာန်ရောက်ကြောင်း ပါရမီ ကုသိုလ် ဖြစ်ပြီ၊ ရှက်ဆောင်ကြ လုပ်ကိုင်ကြတာတွေ၊ ပျော်ကြရှင်ကြနဲ့ သဒ္ဓါတရား မဖြစ်ဘဲ မနေနိုင်ဘူးပေါ့၊ အခန့်မသင့်လို့ တချို့လဲ နဲ့နဲ့ ချော်ချင် ချော်သွားမယ်၊ မချော်ရအောင် နဲ့နဲ့သတိပြုကြရမယ်၊ သဒ္ဓါရှိရမယ်၊ ပီတိဆိုတာလဲပါ၊ ပျော်လိုက်တာ၊ နှစ်သက်လိုက်တာ၊ ဝမ်းမြောက်လိုက်တာ၊ ကြက်သီးထ, ခေါင်းကြီးလို့ လှူတဲ့အခါကာလမယ်၊ အလောဘဆိုတာလဲပါ၊ ဘယ်လောက် အဘိုးတန်တဲ့ သင်္ကန်းဖြစ်တော့ ဆရာတော်များလက် ကပ်လိုက်ရ ပျော်လိုက်တာ၊ ရဟန်းတော်များလက် ကပ်လိုက်ရ ပျော်လိုက်တာ၊ ကိုရင်ကလေးလက် ဆက်လိုက်ရ ကပ်လိုက်ရ ပျော်လိုက်တာ၊ အဘိုးတန်လို့ နှစ်မြို့နေတဲ့စိတ်၊ တွန့်တိုနေတဲ့စိတ် မရှိပါဘူး၊ ဝမ်းမြောက်ဝမ်းသာ ပီတိနဲ့ နှစ်သက် ပြီးတော့ အလောဘ ဆိုတဲ့ လောဘကင်းပြီးတော့ ဒီစိတ်ကလဲ ပါနေတာဘဲ၊ အဒေါသဆိုလဲ ခုတင်က နဝင်္ဂသီလ ဆောက်တည်ထားကော့ ထိုမေတ္တာကထုံပြီး မွှမ်းမံပြီး ဖြစ်လို့ အဒေါသဖြစ်၊ အချင်းချင်း ချစ်ခင်၊ သံဃာတော်တွေ ကြည်ညိုနှစ်သက်ချစ်ခင်တဲ့ ဒီမေတ္တာဟာ အဒေါသတဲ့၊ အမောဟဆိုတဲ့ ပညာက နိဗ္ဗာန်တောင့်တလို့ ဘယ် ပကာသနကိုမှ မလိုက်ဘဲ၊ ဘယ် အပျော်မှမလိုက်ဘဲ သက်သက်နိဗ္ဗာန် တောင့်တလို့ ဘယ်သူ့စည်းစိမ်မှ မတောင့်တဘူး၊ ဤ ကောင်းမှုဖြင့် နိဗ္ဗာန်ရပါလို၏၊ ခုမနက် သင်္ကန်းကပ်တုန်း ဒကာတယောက်က "နိဗ္ဗာနပစ္စယော ဟောတု" လို့ ဆုတောင်းလိုက်တယ်၊ အဲဒါမျိုးကို အမောဟ ခေါ်တာဘဲ။

အဲသလိုစသည်ဖြင့် လှူတဲ့အခါကာလမယ် စိတ်တွေကြည်လင်လို့ သဒ္ဓါတရားနဲ့ စေတနာနဲ့၊ ပီတိနဲ့ အလောဘနဲ့ အဒေါသနဲ့ အမောဟနဲ့ ဝေဒနာဆိုတာကလဲ သောမနဿဝေဒနာတဲ့ ပျော်လို့၊ ဝိသာခါတို့ ကျောင်းလှူတော့ လက်မြှောက် ကသလို သောမနဿအားကြီး ပီတိအားကြီးပြီးတော့ တချို့ ဒါနရှင်များဆိုရင် မတ်ရပ်ထ က,လိုက်သေးတယ်၊ အဲဒီဟာမျိုးကို လှူဆဲကာလမယ် စိတ်ကို ကြည်လင်စေရမယ်လို့ဆိုတယ်။

မလှူမီ ရှေးအဘို့ကလဲ ဝမ်းမြောက်ဝမ်းသာ သဒ္ဓါတရားနဲ့ သုမနဖြစ်၊ လှူဆဲလဲဘဲ စိတ်ကြည်စေ "ဒတွာ အတ္တမနော ဟောတိ" ရေစက်ချပြီး အမျှဝေလို့ ပြီးမြောက်တော့ ပျော်လိုက်တာ၊ သတိရတိုင်း သတိရတိုင်း ပျော်လို့မပြီးနိုင်ဘူး၊ သတိရလို့ရှိရင် နောက်ဘဝတောင် သတိရပျော်တုန်းရှိသေး၊ အလောင်းတော်များ ဒီလိုချည့်ပေါ့၊ ရှေးရှေးက ကိုယ်တိုင် ပြုလာခဲ့တဲ့ ကုသိုလ်တွေကို သတိ

ရပြီး ဘဝအဆက်ဆက် ပျော်ပျော်နေတယ်၊ သတိရတိုင်း ဘယ်နေ့ဘယ်အချိန် က်ထိန်အလှူကြီး ယခုကာလ ခေါ်နေကြတဲ့ စံပြကထိန်ဆိုလား၊ အကောင်းဆုံး ကထိန် ခေါ်တာလား စံပြ အကောင်းဆုံးဆိုတာ ဘယ်နေရာက ဘာ ပါလို့ အကောင်းဆုံးလို့ ပြောပြပါဆိုလို့ရှိရင် အမျိုးမျိုး ထွက်လာလိမ့်မယ်။ ဆရာ တော်ပဲ ပြောပြပါတော့ဘုရားလို့ ဒို့ကိုမေးလို့ရှိရင် ခုတင်ကပြောသလို စေတနာ သုံးချက်နဲ့ "ဒဒံ စိတ္တံ ပသာဒယေ"တို့ ဘာတို့ ဖြစ်သွားတာ စံပြကထိန် ခေါ်ရ မှာ လှူပြီးတဲ့နောက်၊ ဒတွာ–လှူပြီး၍။ အတ္တမနော– ဝမ်းမြောက်သောစိတ်ရှိ သည်။ အတ္တမနော– မိမိစိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ မိမိစိတ် ဆိုတာ ဝမ်း မြောက်ဝမ်းသာ ခုတင်က ပြောတဲ့ သဒ္ဓါစသည် ထုံမွမ်းပြီးတော့ဖြစ်တဲ့ကုသိုလ် စိတ်မျိုးကို အတ္တမနလို့ ခေါ်တယ်၊ကိုယ့်အကျိုးခံစားရမှာ၊ သူတပါးစိတ် မဟုတ် ဘူး၊ ကိုယ့်စိတ် ကိုယ့်အကျိုးပေးမဲ့စိတ် "သော ပုညဿ သမ္ပဒါ" သော၊ ဤ စေတနာသုံးချက် ကောင်းခြင်းသည်။ ပုညဿ–ပူဆဲဖြစ်သော ကုသိုလ်ဒါန၏။ သမ္ပဒါ၊ တောင့်တသမျှ အကျိုးတွေ့ရမည်ဖြစ်၍ ပြည့်စုံခြင်းသည်။ ဟောတိ– ဖြစ်၏။ တောင့်တတိုင်း အကုန်လုံး ပြီးတယ်၊ ဒီထက်ကောင်းတဲ့ ဒါနမျိုးပြုချင် ပါသေးတယ် ဆိုလိုက်ရှာ၊ မရဘူး၊ စေတနာ သုံးချက် ပြည့်စုံပြီးတော့ လှူဒါန်း ရတဲ့ ဒါနကုသိုလ်မျိုးဟာ အကောင်းဆုံး ဒါနကုသိုလ်တဲ့။

ဒီလိုကောင်းလွန်းလို့ ဒါနနဲ့စပ်ပြီး အများကြီး ဟောကြတာပေါ့၊ ဒါနနဲ့ စပ်ပြီး နိဗ္ဗာန်ရောက်နိုင်တာဘဲ၊ ဒါနပါရမီ အစဆုံး ဘုရားရှင် ဟောတော်မူ တာဘဲ၊ ဒီဒါနဟာ လူလူချင်း ပေးလှူတဲ့ ဒါန၊ ပုဂ္ဂိုလ် ပေးလှူတဲ့ဒါန၊ ကထိန် ဒါနဆိုတဲ့ သံဃာကိုလှူတဲ့ဒါနဖြစ်တော့ အနုတ္တရံ–နု ဉတ္တရံ–အတုမရှိလို့ဆိုတယ်၊ ဒါနပြုရာ ဌာနချင်း ပြိုင်ကြစို့ရဲ့။ ပုဂ္ဂိုလ်လှူတဲ့ဒါနနဲ့ သံဃာလှူတဲ့ဒါနနဲ့ ပြိုင်ကြ စို့ရဲ့၊ ပုဂ္ဂိုလ်လှူတဲ့ဒါနနဲ့ သံဃာလှူတဲ့ဒါနပြိုင်ကြစို့ဆိုရင် သံဃာကိုလှူကြရတာက အတုမရှိသော ဒါန၊မျိုးကြဲချရာ ဒါနဖြစ်လို့ ဒါနရှင်တို့ရဲ့ အလှူခံပုဂ္ဂိုလ် အတုမရှိ ဘူးတဲ့၊ အနုတ္တရံဆိုတာကိုး။

ဒီလိုဟာတွေ မြင်ပြီးနေတော့ကို ပုဗ္ဗစေတနာလဲကောင်း၊ မုဉ္စစေတနာ (အလယ်စေတနာ) ကလဲ ကောင်း၊ အပရ စေတနာဆိုတဲ့ (နောက်စေတနာ ကတော့ တဘဝလုံး တသက်လုံး နောက်ဘဝ ဇာတိဿရဉာန်များ ရလို့ နတ်ပြည် ဗြဟ္မာ့ပြည်များဖြစ်သွားလို့ရှိရင် သတိရပြီးတော့ နိဗ္ဗာန် ရောက်သည် တိုင်အောင် သတိရပြီးတော့ ပျော်လို့ မဆုံးနိုင်ဘူး၊ အပရ စေတနာ ဒါန ကုသိုလ်မျိုးတွေက

သာပြီးတော့ များဦးမယ်၊ အဲဒီလိုစေတနာသုံးတန် ပြခဲ့ပြီးတော့ လှူဒါန်းရတဲ့ ကုသိုလ်လို့ ဝမ်းမြောက် ဝမ်းသာ သဒ္ဓါတရား တိုးပွားလို့ ဘယ်တော့မှ မမေ့နိုင်အောင် ကိုယ်ပြုတဲ့ ကုသိုလ် ဒါနကို စာဂါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းနိုင်ကြပါစေကုန်သတည်း။

(မန္တလေး ပွဲစားကုန်သည် အသင်းမှ ခင်းကျင်း လှူဒါန်းသော မဟာဝိသုဒ္ဓါရုံကထိန မဟာသဘင်၌ ဆရာတော်ကြီး ကိုယ်တော်တိုင် ဟောတော်မူသော တရား ဖြစ်သည်။ ၁၃၂၂ -ခု။

---

## မင်္ဂလာ တရား

နှုတ်မြွက် ဟောတော်မူသော တရားအမှတ် (၁၁)

လင်းယဉ် ၅-ရွာ မင်္ဂလာ စာပြန်ပွဲ၌ ဖွင့်ပြဟောတော်မူသော (အသံသွင်း) ဩဝါဒ မင်္ဂလာ တရား။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ယခု ရွတ်ဆိုလိုက်တဲ့ နမော တဿ ဂါထာဟာ ရှာလှမ်းပြီး တရား ခပ်တိုတို ဟောရမှာဖြစ်လို့ ခုဟောမဲ့ တရားအချီးပဏာမပါဘဲ၊ ဟောရမဲ့တရားက မင်္ဂလာတရား၊ စာပြန်ပွဲ လုပ်ဆောင်ကြတဲ့ အမှုဆောင် ရဟန်းတော်တွေကလဲ မင်္ဂလာတရား ဟောပါ၊ ရပ်ရွာကလူတွေ၊ ဆွေမျိုး လူကြီး လူငယ်တွေ မင်္ဂလာတရား သိစေလိုပါတယ်လို့ တောင်းပန်ကြ၊ လျှောက်ထားကြတယ်။

ခပ်တိုတိုနဲ့ မင်္ဂလာ စကား တရားဟောဘို့ သတိပြုပြီး အာရုံစိုက် နားထောင်ကြ။ မင်္ဂလာ တရားက ၃၈-ပါး ရှိတယ်၊ ထိုမင်္ဂလာတရား ၃၈-ပါးထဲမယ် "ပတိရူပဒေသဝါသ" ဆိုတာ တပါး အပါအဝင်ဘဲ၊ အဲဒီ မင်္ဂလာတရား ဘုရားရှင် ဟောကြားတော်မူစဉ်က နတ်တွေ တရား ရကြတာ မရေမတွက်နိုင်ဘူးတဲ့၊ တချို့ နတ်တွေ သောတာပန်တဲ့ ဘာတဲ့ ညာတဲ့၊အရိယာတွေ ဖြစ်လို့ ကျွတ်တန်းဝင်ကြတာ တရာ မက၊ တထောင်မက မရေတွက်နိုင်ဘူးတဲ့၊ ဒါ့ကြောင့် မရေမတွက်နိုင်လို့ ပြောကြတာ။

ပတိရူပ ဒေသဝါသ ဆိုတာ ပတိရူပကို ရှေးဦးစွာ သိဘို့လိုတယ်၊ ပတိရူပ ဆိုတာ သင့်လျော်လျောက်ပတ်တာကို ခေါ်တယ်။

ဒေသက အရပ်၊ ပတိရူပ ဆိုတော့ သင့်လျော်လျောက်ပတ် ကောင်းမြတ်တဲ့ အရပ်ဌာနကို ဆိုလိုတယ်၊ ဝါသနဲ့ ပေါင်းတော့ ဝါသဆိုတာ နေခြင်းတဲ့၊ ဒီတော့ "**ပတိရူပဒေသဝါသ**"ကို မင်္ဂလာ တပါးဟု ဆိုရာမယ် သင့်လျော်လျောက်ပတ် ကောင်းမြတ်တဲ့ အရပ်ဌာနမှာ နေရခြင်းဆိုတဲ့ အဓိပ္ပါယ် ရတယ်၊ ကောင်းတဲ့ အရပ်မှာ နေရခြင်းဟာ မင်္ဂလာ-တဲ့။

ဒီ မင်္ဂလာကို နဂိုက သိပြီးသားဘဲ ဆိုပါတော့၊ သို့သော် ငါဟာ ငါတို့ဟာ ဒီ ပတိရူပဒေသဝါသ မင်္ဂလာနဲ့ ပြည့်စုံရဲ့လား၊ မပြည့်စုံဘူးလား၊ ဒီ ငါတို့ရပ်ရွာဟာ ပတိရူပဒေသ ဟုတ်ရဲ့လား၊မဟုတ်ဘူးလားဆိုတာ၊ဝါသ ဆိုတဲ့ယခု နေမှုထိုင်မှုဟာ မင်္ဂလာဖြစ်မဖြစ် စိစစ်ကြရလိမ့်မယ်၊ငါတို့ ယခု နေတဲ့ **လင်းယဉ်,မိုးသောက်, ရှမ်းကုန်း,ကုန်းကြီး, ရွာသစ်**၊ ဒီ ၅-ရွာဟာ သင့်လျော် လျောက်ပတ် ကောင်းမြတ်တဲ့ ဒေသ မှန်ရဲ့လား ဟုတ်ရဲ့လား စစ်တမ်း ထုတ်ကြည့်မယ် ဆိုရင် အရင်က လဲ ပြောဘူးပါတယ်၊ ဒီနယ် ဒီရွာတွေဟာ သာသနာ ဖြစ်ထွန်း စည်ကားနေတာ တခုနဲ့ဘဲ ပတိရူပဒေသလို့ ဆိုနိုင်ပါတယ်၊ ဒီလို သဘောကျတယ်၊ ယခု ဤနယ် ဤမြေတွေမှာ ဘုရားစေတီတွေ အရပ် လေးမျက်နှာပတ်ဝန်းကျင်မှာပြည့်နေတာ ဘယ်တုန်းက တည်ထားကြတာလဲ၊ ခုခေတ် လူတွေ ဘယ်သူမှ မပြောနိုင်ဘူး၊ ဘယ် လောက်ကြာမှန်းလဲမသိကြဘူး၊ ကြာချင်တိုင်းကြာနေသလောက် ဘုရား ရောက် နေတော့ ဘုရား သီတင်းသုံးရာ အရပ် ဖြစ်နေတယ်ဆိုတာ ထောက်ကြည့်ရင် ဒီ အရပ်မျိုး ပတိရူပ ဒေသ ခေါ်နိုင်တာဘဲ။

ဘုရား စေတီ ပုထိုး တည်ထား ကိုးကွယ်ပြီး အဆက်ဆက် နေထိုင်လာကြတာ ဆိုတော့ ဘုရားရှင် သီတင်းသုံးရာ အရပ်ဖြစ်လို့ ဘုရားဟော့တရား

တော်လဲရှိမှာဘဲ၊ဘုရားတပည့်သားတော် ရဟန်းသံဃာတော်တွေလဲ ရှိနေတာဘဲ၊ လူပုဂ္ဂိုလ်ထဲက သီလစောင့်ထိန်းကြ၊ တရားဘာဝနာ ပွားများကြ၊ သူတော်ကောင်းတွေ အဖြစ်နဲ့ သရဏဂုံ တည်ကြ၊ ယောကျာ်း၊မိန်းမ သူတော်ကောင်းတွေ ရှိနေတာနဲ့လဲ ဒီအရပ်ဟာ ပတိရူပဒေသ သင့်တင့်လျောက်ပတ်တဲ့ အရပ်ဌာနဘဲတဲ့၊ ဒီလိုအမှန်ယူရမယ်။

**ဂါမေ ဝါ ယဒိ ဝါ ရညေ၊ နိန္နေ ဝါ ယဒိ ဝါ ထလေ၊**
**ယတ္ထ အရဟန္တော ဝိဟရန္တိ၊ တံ ဘူမိရာမဏေယျကံ။**

ဓမ္မပဒ ပါဠိတော်မှာ ဟောတယ်၊ ဂါမေဝါ-ရွာ၌သော်ငင်း။ အရညေဝါ- တောအရပ်၌သော်ငင်း။ နိန္နေဝါ- မြေနိမ့်အရပ်၌ငင်း။ ထလေဝါ- ကုန်း၌သော်ငင်း။ ယတ္ထ-အကြင်အရပ်၌။ အရဟန္တော-ရဟန္တာတို့သည်။ ဝိဟရန္တိ- သီတင်းသုံး နေထိုင်ကြကုန်၏။ တံ-ထိုအရပ် ထိုမြေသည်။ ဘူမိရာမဏေယျကံ-မွေ့လျော်ဖွယ် မြေအရပ်မည်၏။ မွေ့လျော်ဖွယ် ရှိသည်သာတည်း။

ပကတိ အနေအားဖြင့် ဒီမြေ ဒီရွာဟာ မြေသြဇာ မကောင်းဘူး မြေကြမ်း မြေညံ့ဘဲ ဖြစ်နေတယ်ဆိုပါတော့၊ ရဟန္တာတို့ သီတင်းသုံးရာ ရဟန္တာအရှင်မြတ်များ ကျက်စားရာဆိုရင် မွေ့လျော်ရာအရပ်ဘဲ၊မွေ့လျော်ဖွယ် ကောင်းတဲ့အရပ်ဘဲတဲ့၊ ဘုရားသီတင်းမသုံးမိ စေတီပုထိုး အမျိုးမျိုးနဲ့ ဘုရားရှင်မရောက်မီတုန်းကတော့ ပတိရူပဒေသ ဟုတ်ချင်မှ ဟုတ်မယ်၊ ခုတော့ ဘယ်တုန်းဘယ်အခါက ရှိနေတယ်လို့လို မသိနိုင်တဲ့ ဘုရားတွေ စေတီအိုတွေ စေတီတော်ကြီးတွေကြည့်ရတာ သာသနာ ထွန်းကားရာ အရပ်မို့ သင့်တင့်လျောက်ပတ်သော အရပ်လို့....

ဘုရားဟောတော်မူတဲ့ တရားတော်အရ ကြမ်းထမ်းတဲ့ မြေပင်ဖြစ်သော်လဲ ခုလို စေတီမြတ် ဘုရားရှင် အရိယာ ရဟန္တာ သီတင်းသုံးတော်မူတဲ့အရပ်ဆိုရင် မွေ့လျော်ဖွယ် ပတိရူပ ဒေသလို့ ဆိုရ၊ ဒါ့ကြောင့် ပင်ကိုသဘောအတိုင်း ပင်ကို မျက်စိနဲ့ကြည့်ပြီး ဒီနေရာ ရှုမြော်ခင်း ကောင်းတယ် မွေ့လျော်ဘွယ်ဘဲ၊ ပင်ကို မျက်စိနဲ့ကြည့်၊ ဆုံးဖြတ်ကြတာ မွေ့လျော်ဘွယ် မကောင်းဘူး ဆိုပြီး ဘယ်လောက်ဘဲ ဒီလို ဆုံးဖြတ်ပြောနေကြပေမယ့် ဘုရားမရှိဘူး တရားမရှိဘူး သံဃာမရှိဘူး၊ သာသနာမရှိဘူးဆိုတဲ့နေရာ မြေသြဇာကောင်းလို့ ဘယ်လောက်ပျော်စရာကောင်း ရှုမြော်ခင်းကောင်းနေသော်လဲ ရတနာသုံးပါးမရှိ သာသနာ

မရှိရင် မွေ့လျော်ဘွယ် မဟုတ်ဘူးတဲ့၊ ခုနင်က ဓမ္မပဒပါဠိတော်မှာ ရှင်ရေဝတ နေတဲ့အရပ်ကို ဘုရားရှင် ဟောထားတာ ရွားတောကြီးတဲ့၊ မြေညီဇာညံ့ပြီး ရှုတ်ရှက်ခတ် ချောက်သွေ့နေတဲ့ မြေနေရာ ဘာမှမကောင်းဘူးတဲ့။

သို့သော် အဲဒီရွားတောကြီးကို ရှင်ရေဝတရဟန္တာနေတဲ့အရပ်မို့ မွေ့လျော်ဘွယ်ကောင်းသောအရပ်လို့ဘုရားရှင်ဆုံးဖြတ်ထားတော့ ဒို့ လင်းယဉ်မိုးသောက် ဒီရွာတွေဟာ ရှေးတုန်းကလဲ ပြောဘူးပါတယ်၊ စေတီဘုရားသာ မကပါဘူး၊ ကျောင်းကြီးတွေ ရှေးကျောင်းကြီးတွေ ခုထိရှိသေး၊ အစဉ်အဆက်က စပြီး ကိုးကွယ် ဆည်းကပ်လာကြ၊ လှူကြတန်းကျ၊ သီလတရား စောင့်ထိန်းကြ၊ ဥပုသ်စောင့် ကျောင်းတက် ပုတီးစိပ် ဝတ်တက် ဝတ်ကပ် လုပ်လာကြတာ ဘယ်လောက် ထင်ရှားသလဲ၊ ဘုရားပွဲ တရားပွဲ သံဃာပွဲဆိုတာလဲ လစဉ်နှစ်စဉ်ဆိုတော့ အကြိမ်ပေါင်းများစွာ ရက်ပေါင်းများစွာ ကြာချင်တိုင်းကြာလာတာ ဒီထဲက ဟိုရှေးက မရှိဘူးသေး မပေါ်ဘူးသေးတဲ့ ခုကျောက်တိုင်ပွဲတဲ့၊ ဒီဆရာတော်ကြီး မွေးဖွားတဲ့နေရာမယ် **"ဝိဇာယနမင်္ဂလာကုန်းမြေ"**ဆိုပြီး ဝန်ဆောင် သံဃာတွေက လေ့လာသတ်မှတ်လို့ ကျောက်တိုင်ကြီး စိုက်ထူထား ဓာတ်တော်တွေ ကိန်းဝပ်စမ္ပာယ်တော်မူရန် တည်ထား ပူဇော်ထားသတဲ့။

ဒီက ဒို့ကာယကံရှင်ကတော့ မျက်စိကလဲ မမြင်ရ ရွာလဲ မရောက်တော့ကို ခု ဒီ မန္တလေးကနေပြီး အသံသွင်းစက် တိတ်ကြိုးခွေကနေပြီး တရားစကား ဟောပြောရတာဘဲရှိ၊ ဒို့ကိုယ်တိုင်ရွာရောက်ရ မရောက်ရ အရေးမဟုတ်ဘူး၊ ဆွေမျိုး ဒကာ ဒကာမတွေ ကုသိုလ်ရဘို့ ကုသိုလ် များများစုဆောင်းမှုက အရေးကြီးတော့ ဒီလိုကုသိုလ်တွေ သူတို့ အကျိုးများအောင် တိုးပွားရွက်ဆောင်နေကြတယ်လို့ ဝမ်းသာမိ၊ ဝမ်းမြောက်မိတာအမှန်ဘဲ။

ထိုမှတပါးရွာထဲမယ် ဝတ်တက်ရုံရှိတယ်၊ ဝတ်တက်ဝတ်ကပ်ရာမှာ ဓမ္မစကြာ, ပရိတ်, အနတ္တလက္ခဏသုတ် ရွတ်ကြတယ်လို့ ကြားရတယ်၊ မေတ္တာ ပို့ကြ ကမ္မဋ္ဌာန်းဘာဝနာပွားကြတော့ ဒီအရပ်ကို ပတိရူပဒေသလို့ဆိုရတာအမှန်ပေါ့၊ ဒီလို ဒေသမျိုးကို နေထိုင် ရောက်ရှိခြင်းဟာ"ပတိရူပဒေသဝါသမင်္ဂလာ"ဘဲတဲ့၊ နောက်ပြီး စာသင်ကျောင်းမှာ သူငယ် သူငယ်မတွေ စာသင်ကြ အံကြ သာသနာတွင်းနဲ့ ဆက်သွယ်နေတော့ သူတို့ မင်္ဂလသုတ် ဘတ်ကြ အံကြ နှုတ်လွတ်ရကြတော့ ဒို့ကဘဲ ဒီကလေးတွေ ခုလိုဆုချရ၊ ဒို့လဲ ဝမ်းသာနေရတာဘဲ၊ ဒါကြောင့် ပတိရူပဒေသဝါသဆိုတဲ့ ဒီမင်္ဂလာနဲ့တော့ ပြည့်စုံနေပြီ၊ မင်္ဂလာတရားတော့ ရှိနေကြပြီတဲ့။

ဒီတော့ ဒီလို မင်္ဂလာတရားနဲ့ ပြည့်စုံတဲ့အတွက်ကြောင့် ဒီရွာသူ ရွာသားတွေ ဒကာဒကာမတွေ အကုန်လုံး လူ့ပြည်ရောက်ရတော့မှာလား၊ နတ်ပြည်အမှန် ရောက်ရတော့မှာလား မေးစရာ ရှိနေတယ်၊ မင်္ဂလာ ဆိုတာ ကောင်းကျိုး ချမ်းသာကို ပေးတာ၊ မကောင်းတာကို ပယ်ဖြတ်တာဆိုတော့ ဒီ ကောင်းကျိုး တရားက တကယ် ပေးမှာလား၊ ဒီရွာက လူတွေ ဒီမင်္ဂလာနဲ့ ပြည့်စုံလို့ လူတော် လူကောင်းတွေ ဖြစ်ပြီဆိုပြီး လူ့ပြည် နတ်ပြည် ရောက်ရတော့မှာလား ဆိုတော့ ခပ်ခက်ခက်ဘဲတဲ့။

ပတိရူပ ဒေသဝါသ ဆိုတာ တရွာလုံးအတွက်ပြိုပြီး စကား မဆိုရဘူး၊ ဒီ မင်္ဂလာ တရားဟာ တရွာလုံးကို ပြောတာ မဟုတ်ဘူး၊ ကိုယ့်အတွက် တယောက် အတွက် ကိုယ့်မင်္ဂလာ ဖြစ်ဖို့ အရေးကြီးတာ၊ ဒီလူ သူတော်ကောင်း ဖြစ်ရင် ဒီလူ ဒီမင်္ဂလာနဲ့ ပြည့်စုံတာဘဲ၊ ကိုယ်က သူတော်ကောင်း ဖြစ်မှ ပတိရူပဒေသဝါသ ဖြစ်ရမှာ၊ ဒါကြောင့် ဒီရွာက လူတွေ လူပြည် နတ်ပြည် ရောက်ဖို့ ဆုံးဖြတ်ချက် ချနိုင်ပါ့မလားဆိုတော့ ခပ်ခက်ခက် ကျနေမယ်လို့ ပြောရတာ။

ဘုရားလိုဏ်ခေါင်းထဲ ဝင်ပြီး ဘုရားရှေ့ ထိုင်နေတဲ့ တိရစ္ဆာန်ငှက်၊ အဲဒီငှက် ရိုက်နှက်ညှဉ်းဆဲတဲ့လူ၊ အဲဒါကြည့်၊ ဘုရားနား ကပ်နေပေမယ့် ရောက်နေပေမယ့် အကျိုး မတန်ဘူးတဲ့။

အရပ်က ကောင်းပြီး လူက မကောင်းပြန်ရင် ဒီလူဒီပုဂ္ဂိုလ်ဟာ ဘာမှ အကျိုး မတန်ဘူးတဲ့၊ အရပ်ဒေသ ကောင်းသလောက် ငါကောင်းရဲ့လား၊ငါဟာ စိတ် ချရပါ့မလားလို့ အရပ်ကောင်းရောက်နေတဲ့ လူဟာ စဉ်းစားကြ၊ ဒါကိုကြပ်ကြပ် မှတ်ကြ၊ ကိုယ်က တဆင့်ပြန်ပြီး ကိုယ့်ထက်ကြီးသူ ကိုယ့်အောက် ငယ်သူတွေ ပြောကြ ဟောကြ၊ကိုယ့်ထက် ကြီးနေပေမဲ့ အရာရာ ပြောပုံဆိုပုံစကားပြောပုံက စ နေရာ မကျရင်၊ ကုသိုလ် မရရင် အကုသိုလ် ဒုစရိုက် ဖြစ်နေရင် ပြောပေးကြ ရတယ်၊ ပြောကြရမယ်။

ဘုရားရှင် ပေါတုန်းက နတ်တွေ မရောက်နိုင်အောင် ကျွတ်တန်းဝင် အရိယာ ဖြစ်သွားကြသလို ဒီဘဝ အရိယာ မဖြစ်သေးလို့ နိဗ္ဗာန် မျက်မှောက် မပြု နိုင်သေးသော်လဲ ဒို့ ဒီဘဝမှာ ပတိရူပဒေသနဲ့ ပြည့်စုံပါလျက်သားနဲ့ လူ မကောင်းရင် ငရဲ ရောက်မှာ စိုးရတယ်၊ ပြိတ္တာ ဖြစ်မှာကို ကြောက်ကြရမယ်၊ ငရဲ မရောက်အောင် ပြိတ္တာ မဖြစ်ရအောင် မင်္ဂလာတရားကို ကြပ်ကြပ် စောင့်

ရှောက်မှ ကိုယ့်ကိုယ်ကို ယုံကြည်ရမယ်၊ ကိုယ့်ဆွေမျိုးအတွက်စိတ်ချကြရမယ်၊ ငရဲပြိတ္တာ တိရစ္ဆာန်ဘုံဘဝတွေ မရောက်ရလေအောင် ကောင်းစွာ သတိ ထားကြရမယ်တဲ့၊ ခု ဒါကြောင့်မို့ ဘဲ ဒို့ဆရာတော်ကြီးက မနေအားဘဲ ရွာမှာ ဖွင့်ပြဘို့အသံသွင်းစက်ကလဲ အနားလာ ချထားတော့ ဒို့ရဲ့ ကျောက်တိုင် ရွှေမှာ ပရိသတ်ဆွေမျိုးများစွာအား စောင့်ရှောက်ရ၊ ဟောပြောရတာ ဝမ်းလဲသာပါရဲ့၊ မလိမ္မာမှာ မိုက်နေမှာလဲ စိုးရိမ်ရ သနားရတော့ ကိုယ့်ကိုယ်ကို ယုံကြည်မှု ရှိအောင်စိတ်ချရအောင် နေကြ၊ သတိထားကြ။ မင်္ဂလာ အရပ် မင်္ဂလာ ဌာန ဖြစ်သလောက် ကိုယ်က ကောင်းအောင် နေကြလို့ ဆုံးမရတာပေါ့၊ ရပ်သူ ရွာသားတွေ အပါယ်ဘေးက လွတ်ဘို့ ကြာပါပြီ၊ ဒို့ ဟောပြော လုပ်လာတာ စာပြန်ပွဲတွေ တရားပွဲတွေ ပထမ ဆရာညွှန်း စာသင်ကျောင်း ထောင်ပေးပြီး၊ ကလေးတွေကစ လိမ္မာအောင် ယဉ်ကျေးအောင် ဒို့ လိုရင်းမတော့ ဒီပုဂ္ဂိုလ်တွေ အားလုံး မင်္ဂလာနဲ့ ပြည့်စုံပြီး အပါယ် လေးပါး မရောက်ဘို့ ဒို့ ပြုပြင်ပြီးလာတာ၊ ဒို့ ငယ်ငယ်တုန်းက လွန်ခဲ့တဲ့ အနှစ် ၃၀-၃၀-ကျော်ဆီက ကလေးမလေးတွေ ဒို့ ဆုံးမထားတော့ ရန်ဖြစ်ရင် နှုတ်က ဆဲကို မဆဲတော့ဘူးတဲ့။ တချို့ မခံနိုင်လို့ ကုတ်ကြ ဖဲ့ကြတဲ့၊ ဝစီကံ ဒုစရိုက်ကို နားလယ်ကြ၊ တော်တော်လိမ္မာလာကြပြီလို့ အောက်မေ့ ဝမ်းသာရတယ်။

ခု ဒီက အသက် ရှစ်ဆယ်လောက်က စပြီး ရွာ မရောက်တော့ဘူး၊ အသက်ကြီး မျက်စိက မမြင်တော့ ဒီကနေ ဟောရ ပြောရ၊ ဆုံးမစာတွေ ရေးပေးရာကနေ ခု ဒီလို ဟောပြောဘို့ ကြုံလာပြန်တော့ ဟောရ ပြောရ ဒို့ အတွက် သံဃာတော်တွေ ဆရာတော်တွေက ပြုပြင်ပေးနေတာပါလားလို့ သိရှိ ဝမ်းမြောက်ကြရင် အားလုံး ရွာသူ ရွာသားတွေ လူဖြစ်ရကျိုးနပ်လိမ့်မယ်လို့ သတိပြုကြရမယ်၊ ဒို့ ပြုလာတဲ့ သာသနာဟာ ခု ဆရာညွှန်းကလဲ မရှိပြန်တော့ ဆရာသိန်း ဆိုတဲ့ ကျောင်းဆရာက ပေါ်လာပြန်၊ သိတ် ကံကောင်းတဲ့ ရွာဘဲလို့ စိတ်ချမ်းသာရ၊ ခေတ်အားလျော်စွာ ဂဏန်းသင်္ချာတွေပါ တတ်မြောက်ကြတယ် ကြားရပြန်၊ သိတ်ကောင်းတယ်တဲ့။

ဆရာသိန်းက အစိုးရနဲ့ တွဲဘက်ပြီး စာသင်ကျောင်းထောင်လို့ ရပ်ရွာလူကြီးတွေ ကျောင်းဘုန်းကြီးတွေ အကူအညီနဲ့ သင်ကြားနေတယ် ကြားရပါရဲ့၊ ဒို့ မလာနိုင်ပေမယ့် ဒို့ ဖြစ်စေချင်တဲ့အတိုင်း မင်္ဂလာ စာပြန်ပွဲ ဓမ္မစကြာ စာပြန်ပွဲ အဘိဓမ္မာ စာမေးပွဲကြီးတွေ လုပ်ကြ တော်တော် ကံကောင်းသေးတဲ့ ရွာတွေဘဲလို့ အောက်မေ့ ဝမ်းသာရတယ်။ ဟို ရှေးက ကျောင်းသုံတွေက ကြီးကြီးလာတော့ သူတို့က ဟိုတုန်းကလို စာတွေ မစွမ်းနိုင် မဘတ်နိုင် ဝတ်တက် မှန်အောင်

မလိုက်နိုင် "ဃရာဝါသော ဗဟုကိစ္စော" ဆိုတဲ့ အတိုင်း အိမ်ကိစ္စက တခုမက နှစ်ခုမက၊ တချိန်ထဲနဲ့ တခါတခါ ၉-ခု ၁၀-ခုဆိုပြီး၊ ပေါ်ချင်ရင် ပေါ်လာတာဖြစ်တော့၊ ကိစ္စတွေကများ၊ မအားမလပ်နဲ့ စာကောင်းကောင်း မရွတ်နိုင်ကြတာ ဖြစ်ရမှာပေါ့။

ဒီတော့ ရှေးကျောင်းသူ ကျောင်းသားတွေက ဆရာသိန်းကျောင်းကို အားပေးပြီး ကိုယ့်သား၊ ကိုယ့်သမီးတွေ အပ်နှံလို့၊ ကိုယ်က လူကြီးဖြစ်လာ အား ပေး ကူညီရမဲ့အလှည့် ရောက်ထာတယ် ဆိုတာ သဘောကျကြရမယ်၊ ရှေးကထက်ပိုပြီး ကောင်းတာက မြေပုံတွေ နားလယ်လို့၊ ဂဏန်းသင်္ချာ အတွက်အချက် တတ်မြောက်လို့ အခြေအနေတမျိုး ပိုတိုးတက်နိုင်တယ်၊ လောကီ ချမ်းသာရေးဘက်က တက်လမ်းပွင့်ပြီး မျက်စိပွင့် နားပွင့်ဖို့ ဒီအစိုးရ၊ စာသင် ကျောင်းက ပေးလိမ့်မယ်တဲ့၊ ဘာသာရေး ဘက်ကလဲ အစိုးရက၊ မင်္ဂလာစာပြန်ပွဲ စာမေးပွဲတွေ လုပ်ပေးလို့ လင်းယဉ်ကျောင်းကဲ့ သွားဖြေကြတယ်၊ ဝင်ကြတယ်ဆိုတော့ နှစ်ဘက် နှစ်လမ်း တိုးတက်ပွင့်လင်း နေတာတွေ ချကြုံကြိုက်နေကြရ၊ ကံကောင်းလို့ပဲလို့ သိကြ သတိပြုကြရမယ်။

မင်္ဂလာ စာမေးပွဲ၊ ဗုဒ္ဓဘာသာ စာမေးပွဲတွေလဲ ဖြေဆိုကြရတော့ ဘာသာရေးဘက်ကလဲ မယုတ်ပါဘူး။

ဒါတွေအကုန် စစ်တမ်းထုတ်ကြည့်တော့ ဒီနေရာ ဒီမြေ ဒီနယ်ဟာ ပတိရူပ ဒေသဖြစ်တယ်၊ ဒီလူတွေ ဟာလဲ ပတိရူပ ဒေသဝါသ မင်္ဂလာ ရရှိနေတယ်လို့ ဆုံးဖြတ်ချက်ချမိတယ်။

သို့သော် သင့်တင့်လျောက်ပတ် ကောင်းမြတ်တဲ့ နေရာအရပ် နေရပြီးတော့ ကိုယ်က သောက်နေမယ်၊ မိုက်နေမယ်၊ ကြမ်းနေမယ်၊ ထင်ရာပြောမယ်၊ ထင်ရာ လုပ်မယ် မလိမ္မာဘူး သူတော်ကောင်းတရား အားမထုတ်ဘူး၊ ဒီမင်္ဂလာဟာ ကိုယ့်အတွက်မှာတော့ အမင်္ဂလာ အကုသိုလ်ဖြစ်သွားပြီး ငရဲရောက်မှာ သေချာလို့ လူ့ပြေ နတ်ပြေ မလား မကပ်ရမှာ သေချာသွားတော့ သိတ် ဝမ်းနဲစရာ စိတ်ဆင်းရဲစရာ ကောင်းတယ်၊ ပြောရဦးမယ်၊ ဒို့ရွာ ဘာတဲ့ ညာတဲ့ ဘယ်လိုတဲ့ဆိုပြီး မကောင်းသတင်း ကြားရရင် စိတ်ဆင်းရဲတယ်၊ အခြား သည့်ပြင် သည့်ပြင်ဆီက မကောင်းသတင်းကြားရ သိတ်မထောင်းသာလှဘူး၊ ကြိုက်တော့ မကြိုက်ပါဘူး၊ မနှစ်သက်ပါဘူး၊ ကိုယ့်ရွာ ကိုယ့်ဆီက မကောင်းသတင်း ကြားရတဲ့ အခါကျတော့ ပိုလာတယ်၊ စိတ်ဆင်းရဲတယ်၊ လောက အလယ်မှာလဲ

မျက်နှာမလှဘူး၊ ရုက်စရာနာမည်ဆိုးတဲ့ ရွာတဲ့ဟာ ဆိုရင် ဒို့ ရဟန်းတော်တွေ ဘက်ကလဲ မကောင်းဘူး၊ မသာယာဘူးတဲ့။

ဒီ မင်္ဂလသုတ်မှာဘဲ မင်္ဂလာတရား သုံးဆဲ့ရှစ်ပါးထဲက ဒီဂါထာနဲ့ ဆက်ပြီး နောက်ပိုင်းက ဟောထားတဲ့ "အတ္တသမ္မာပဏိဓိ" ဆိုတာရှိ၊ မိမိကိုယ်ကို ကောင်းစွာထားရမယ်၊ မိမိကိုယ်စိတ်ကို ကောင်းစွာ ထားရမယ်၊ ဒီခန္ဓာ ကိုယ် ကလေးဟာ သွားချင်ရာသွား၊ ရပ်ချင်ရာရပ်၊ ထိုင်ချင်ရာထိုင်၊ မတော်တဲ့နေရာ ရပ်မိမယ်၊ ထိုင်မိမယ်၊ သွားမိမယ်၊ မတော်တဲ့နေရာ အိပ်မိမယ်ဆိုရင်၊ အတ္တ သမ္မာပဏိဓိ မဖြစ်ဘူး၊ မတော်တဲ့ စကားပြောမိဆိုမိ၊ မတော်တဲ့ အကြံအစည် နှလုံးက ကြံစည်မိ၊ ဘယ်နည်းနှင့်မှ ဒီမင်္ဂလာမဖြစ်ဘူး၊ မဖြစ်နိုင်ဘူးတဲ့။

လိုရင်းကျကျ ပြီးလွယ်အောင် ပြောကြပါစို့ရဲ့၊ ခန္ဓာကိုယ်က လုပ်တိုင်း လှုပ်ရှားမှုပြုတိုင်း၊ ပြောဆိုတိုင်း၊ ကြံစည်တိုင်းဟာ၊ ကုသိုလ်ကြီးရနေဖို့၊ ကုသိုလ် ရစရာချည်းဘဲ။

လှုပ်ရှားပြောဆို ကြံစည်နေဖို့ဘဲတဲ့၊ မနောကံဆိုကဲ့ စိတ်ကြံစည်မှုဟာ ပဓာန အရေးကြီးဆုံးဘဲ၊ စိတ်က ကြံစည်တိုင်း ကုသိုလ်ရသွားပစေ၊ စိတ်က ကြံစည်လို့ ကုသိုလ်ရရင် ကိုယ်မှုနှုတ်မှုကလဲ ကုသိုလ်ရစရာချည်း လုပ်လျက် ပြောဆိုနေ တော့တာဘဲ၊ ဘုရား ဘုရား ဆိုပြီး ဗုဒ္ဓ, ဗုဒ္ဓလို့ ရွတ်နေရင်၊

**ဗုဒ္ဓေါတိ ကိတ္တယန္တဿ၊ ကာယေ ဘဝတိ ယာ ပီတိ။**
**ဝရမေဝ ဟိ သာ ပီတိ၊ ကသိဏာနပိ ဇမ္ဗုဒီပဿ။**

ဘုရားကြည်ညိုတဲ့စိတ်နဲ့ ဗုဒ္ဓလို့ ရွတ်လိုက်ရရင် ဘုရားကြည်ညို လာတယ်၊ ကြည်ညိုရင်း ကြည်ညိုရင်းနဲ့ နှစ်သက်ခြင်း (ပီတိ) ပါသွားပြီး အဲဒီဖြစ်ရတဲ့ ပီတိဟာ ဇမ္ဗူဒိပ် တကျွန်းလုံး အစိုးရခြင်းထက် အဘိုးတန်တယ်တဲ့၊ "စိတ်ထား တတ်မြတ်" ဆိုတာ ဒါမျိုးပေါ့၊ ဘုရားကြည်ညို တရားကြည်ညို၊ သံဃာကြည် ညိုလို့ ရတနာသုံးပါးဘက် စိတ်က ကိုင်းညွတ်ပြီး မိမိရဲ့စိတ်ဟာ ဘယ်မှ မရောက်ဘဲ ဒီထဲဝင်စားပြီး ကိုယ်လှုဘူးတဲ့ ဒါနကုသိုလ်တွေ၊ ပြန်အောက်မေ့ လိုက်၊ စာဂါနုဿတိ ကမ္မဋ္ဌာန်း ဘာဝနာကုသိုလ်တောင် ထပ်ဆင့်တိုးလာသေး။

ကိုယ့်သီလကိုယ် ပြန်အောက်မေ့လို့၊ စင်ကြယ်ရဲ့လား၊ စင်ကြယ်ရဲ့လား၊ အောက်မေ့ သီလာနုဿတိ ဘာဝနာကုသိုလ်တွေတိုးပြီး တဆင့်တက် ရလာပြန်၊

ကိုယ်တိုင် ညဉ့်ဘုရားဝတ်တက်ဘို့ ဝတ်တက်ရုံအဖော်တွေနဲ့လိုက်၊စာတွေ ရွတ်ကြ၊ ဘတ်ကြ၊ မေတ္တာပို့ကြ၊ စသည် ဒီအမှုတွေ ပြုလုပ်သမျှ (အတ္တသမ္မာပဏိဓိ) ကိုယ့်ကိုယ်ကို ကောင်းစွာထားခြင်း ကိုယ်စိတ်ကို ကောင်းစွာ ထားခြင်းဆိုတဲ့ ဒီမင်္ဂလာ ဘယ့်နှယ်နည်းမှမရဘဲမနေနိုင်ဘူး ဒီမင်္ဂလာ ကုသိုလ် ရနေမှာဘဲတဲ့။

အော်-အတ္တသမ္မာ ပဏိဓိဆိုတာ စိတ်ကောင်းထားတတ်တဲ့သူ ဆိုပါကလား၊ အင်း ငါစိတ်ကောင်းရှဲလား၊ ငါ့စိတ် ကောင်းကောင်းထားတတ်ရဲလား ဆိုတာ ကိုယ့်ကိုယ်ကို ကြံတွေး စီစစ်ကြည့်ရမယ်၊ ကိုယ့်နားနေတဲ့ ဘေးလူအပေါ် သူစိတ်ကောင်း ထားရဲလား ကြံကြည့်ပြောပေး၊ ပြင်ပေး ကိုယ့်သားကိုယ့်သမီး ကိုယ်က ပြင်ပေးရမှာ၊ ကိုယ်တိုင်လဲပြင်၊ ပတ်ဝန်းကျင် ကိုယ့်မိသားစုကိုလဲ ပြင်ပေး၊ ကြာရင် တရွာလုံး အကုန် အပါယ်မကျဘို့ စိတ်ချသွားကြရလိမ့်မယ်၊ မိန်းမ (၂) ယောက် ရန်ဖြစ်၊ ဒီမိန်းမ (၂) ယောက်လုံး စိတ်ကောင်း မရှိနိုင်ဘူး၊ ယောကျ်ားတွေ ထန်းရည် စားသောက်လာ ထန်းရေမူး အရက်မူးလာ ဆူကြ, ပူကြ၊ ပြောချင်ရာ ပြောနေ၊ ဒီထန်းရေသမားဟာ စိတ်ကောင်းရှိ ဘယ်ဟုတ်မလဲ၊ အတ္တသမ္မာ ပဏိဓိ မင်္ဂလာ ပျက်နေပြီတဲ့၊

တပါးသူက အကဲခပ်ရင်လဲ ဒီလူ, ဒီယောကျ်ား ဒီမိန်းမ အတ္တ သမ္မာ ပဏိဓိ မင်္ဂလာမရှိဘူးလို့ သိနေပြီး၊ ကိုယ့်ရဲ့ ကိုယ်ပိုင် အတ္တသမ္မာ ပဏိဓိမင်္ဂလာ တရား ပျက်နေတာ ကိုယ်အသိဆုံးပါဘဲလေ၊ ထန်းရေ သောက်ချင်တယ်ဆိုရင် ဒီ မင်္ဂလာပျက်သွားပြီ၊ ရန်ဖြစ်ချင်တဲ့စိတ် ပေါ်လာရင်၊ ဒါပျက်သွားပြီ၊ မရှိဘူး၊ သူများဟာ ခိုးမယ်ကြံရင်လဲ၊ ပစ္စည်းရှင်က မသိပါဘူး၊ကိုယ်တိုင်က ကြံကထဲက ငါ အတ္တသမ္မာပဏိဓိ မင်္ဂလာပျက်ပြီး ငါဟာ အမင်္ဂလာ အကုသိုလ်ကောင်ပါလားဆိုတာ သူအရင်ဆုံးသိ၊ မင်္ဂလာဆိုတာ ကုသိုလ်ကောင်းကျိုး ချမ်းသာရရှိမှု၊ အမင်္ဂလာဆိုတာ အကုသိုလ် မကောင်းကျိုး ဆင်းရဲရရှိမှု၊ ဒီတော့ မင်္ဂလာပျက်ရင် အမင်္ဂလာ ဖြစ်ရတော့၊ အမင်္ဂလာ ဖြစ်ရင် အမင်္ဂလာ အကုသိုလ်တရားက ငရဲချမယ်၊ တိရစ္ဆာန်ဘုံ ပို့မယ်၊ ပြိတ္တာ အသူရကာယ်ဘုံ သွားစေမယ်၊ မကောင်းကျိုးပေးလိမ့်မယ်တဲ့။

မင်္ဂလာ ကုသိုလ်ရှင်ကျတော့၊ လူ့ပြည်ရောက်၊ နတ်ပြည်ရောက်၊ ဗြဟ္မာပြည် ရောက်၊ နောက်ဆုံး နိဗ္ဗာန်ချမ်းသာရဘို့ အခြေခံ မလုပ်မဖြစ်တဲ့ ဒီမင်္ဂလာ တရားတွေ သိတ်အရေးကြီးတယ်လို့ ဟောရ-ပြောရတာ။

မင်္ဂလာ မဖြစ်လို့ အမင်္ဂလာ ဖြစ်နေရင် ငရဲရောက်၊ တိရစ္ဆာန်ဖြစ်၊ ပြိတ္တာ အသူရကာယ် ဖြစ်မယ်ဆိုရင် အမင်္ဂလာ ဖြစ်အောင် ဘယ်သူမှ မလုပ်ဘူး၊

သူတော်ကောင်းမှန်ရင် ငရဲတိရစ္ဆာန် ကြောက်ကြတာချည်းပဲ၊ ဘုရားတရားယုံကြည်တဲ့သူမှန်သမျှ မင်္ဂလာကုသိုလ်ရအောင်လုပ်ကြရမှာချည်းပဲ မင်္ဂလာတရားနဲ့ မပြည့်စုံပြည့်စုံအောင် နေကြရမယ်၊ မင်္ဂလာတရားဆိုတာ သိတ်ပြီးတော့ကောင်းတာတဲ့၊ တရားကကောင်းပါရဲ့ တရားနောက် လူတွေ မလိုက်နိုင်တာကခက်ပြီးတော့ နေ့ကြတယ်၊ လူတွေသာပြောရ၊ လူလို့သာ အမည်တပ်ရ၊ လူဆိုတဲ့အထဲ ဘုန်းကြီးလဲ ပါတာဘဲ၊ ဘုန်းကြီးလဲ ခပ်ခက်ခက်ဘဲ၊ တချို့ဘုန်းကြီးတွေမင်္ဂလာတရားနဲ့ မပြည့်စုံတာ အများကြီးရှိတယ်၊ အတ္တသမ္မာပဏိဓိ မင်္ဂလာနဲ့မပြည့်စုံတဲ့ ဘုန်းကြီးတွေ လိုက်ရှာစမ်းပါဆိုရင် အများကြီးတွေ့အုံးမှာ၊ မင်္ဂလာတရားနဲ့ ပြည့်ဘို့၊ ဆုတ်ကပ်လဲ ရောက်လာလို့၊ တနိုင်ငံလုံး တကမ္ဘာလုံးခြုံပြီးပြောရမယ် ဆိုရင် မင်္ဂလာနဲ့ မပြည့်စုံတာတွေတွေ့ရ၊ အများကြီးတွေ့နေရတော့သိတ်ခဲယဉ်းနေတာ။

အစဉ်အဆက် ဘိုးဘွား, ဘီဘင်ကစပြီး ပတိရူပ ဒေသဝါသ မင်္ဂလာဖြစ်နေတာ၊ အတွေးအခေါ်ကောင်းလို့ ဉာဏ်ရှိတဲ့ လူတွေ ဒီနားရောက်လာ စေတီတန်းကြီး မြင်တာနဲ့ အင်မတန်ကောင်းတဲ့ အရပ်လို့သိကြ၊ တချို့ နှုတ်ကတောင်ထွက် ပြောဆိုချီးကျူးသွားကြတာရှိ။

ဘုရားတန်းက စေတီတွေ ခုမှ နဲ့နဲ့ပျက်နေလို့ မိုးသောက်ကျောင်းဘက်က စေတီတွေ အကဲခပ်စရာတွေ၊ နောက်ဖူးတဲ့ သူတိုင်း ရှေးရှေးတုန်းက အလွန်သာသနာ ကြီးမားတဲ့ အရပ်၊အလွန်ကောင်းတဲ့အရပ်ဘဲလို့ သိကြရတယ်၊ ခုလဲဘဲကောင်းဆဲ ကြီးပွားဆဲဘဲ ဆိုတာ လူမြင်ရင် သိကြမှာဘဲ၊ တချို့လဲ ဆရာတော်ကြီးရွာ တပည့်တော်တို့ ရောက်လာ အောက်ဆီ ဘယ်ဆီက လူတွေ ပြန်လာကြ ပြောကြ၊ လျှောက်ကြပါရဲ့၊ ချီးကျူးကြပါရဲ့၊ ပတိရူပ ဒေသဝါသဆိုတဲ့အရပ်ဒေသကောင်း နေရတဲ့ မင်္ဂလာအပြင် ကိုယ်စိတ်နှုတ် ကောင်းစွာထားတတ်တဲ့၊ အတ္တသမ္မာ ပဏိဓိ မင်္ဂလာနဲ့ ပြည့်စုံတဲ့လူတွေ ဒို့ရွာ တော်တော်များသေးတယ်လို့ ဒို့ကလဲ ဒီအထင်ရှိတုန်းပါဘဲ။

ဟိုဆရာညွှင်းရှိတုန်းက “**ဝတ်တက်စာအံ၊ ဆူဆူညံ၊အသံ ဆိတ်မစဲ**”ကလေးမတွေ ဆိုကြ၊ ကြွေးကျော်ကြတာတွေကြောင့် စစ်ကိုင်းနေတုန်းကလဲ(ပန်းချီရွာ)ဆီကလူတွေ လျှောက်ဘူးတယ်၊ စစ်ကိုင်းနယ်တော့ လင်းယဉ် ဘောက်သောက်ဆီ တော်တယ်ဘုရား ဘာညာနဲ့ လျှောက်ဘူးတယ်၊ ဒီတော့ မင်္ဂလသုတ်

မင်္ဂလာ တရားထဲက အဲဒီ အပုဒ်မှာ နှစ်ပါးပြီးသွားပြီ၊ ကျန်နေကဲ့ ပုဗ္ဗေစ ကတ ပုညတာ ဆိုတဲ့ ဒီမင်္ဂလာ တခု ကျန်နေတယ်၊ ဒါကတော့ ဒီလို နေရာ ဒီလူတွေ ရောက်လာရတာ ကံကောင်းလို့ ဆိုတာ ပြောပြီးပြီဘဲ၊ ရှေးဘဝက ပြုလုပ်ခဲ့ဘူးတဲ့ ကောင်းမှုကုသိုလ် ရှိခဲ့ဘူးတယ် ဆိုတဲ့ ဒီမင်္ဂလာ၊ ကိုယ်အကောင်း ပြည့်စုံခြင်း နား၊ မျက်စိ, ခြေလက် ကိုယ်အင်္ဂါ ပြည့်စုံခြင်း ဆိုဘာတွေ ရှေးဘဝက ပြုလာခဲ့တဲ့ ကောင်းမှု၏အဖြစ်ဆိုတဲ့ ဒီဖြစ်ရပ်ဟာ မင်္ဂလာ တခုဘဲတဲ့။

ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာတာ လှူနိုင် ပေးနိုင်တာ အခြံအရံ ပေါများ တာ အားလုံး ဒီမင်္ဂလာနဲ့ အလိုလို ပြည့်စုံနေတာဘဲတဲ့။

ဒီပုညဆိုတဲ့ ကောင်းမှုကလဲ (ရှေးကောင်းမှု ခုကောင်းမှု) နှစ်မျိုးလုံး ယူနိုင် ရင် ပြည့်စုံခြင်း ဆိုတဲ့ သမ္ပတ္တိနဲ့ ကျက်သရေမင်္ဂလာ သိရိဆိုတာ တသဘောတဲ အတူတူပါဘဲ၊ သိရိ ကျက်သရေဂုဏ်၊ ပြည့်စုံမှု သမ္ပတ္တိဂုဏ် တဆက်ထဲဘဲ။

ပစ္စည်း ဥစ္စာ ပေါများ စာသင်ကြား စာပေ တတ်မြောက် တရားနာ ကုသိုလ် ရေးတွေ လုပ်ဆိုတာ သမ္ပတ္တိဘဲ၊ ဒီသမ္ပတ္တိရှိတော့ သိရိဂုဏ် ရလာတာဘဲ ရောက် လာတာဘဲ။

ဒါ့ကြောင့် ခု ကောင်းမှုရှိရမယ် ဆိုတာ ကျက်သရေ ရှိဘို့, သိရိဂုဏ် တိုး တက်ဖို့ ဆိုတော့ ဒီမင်္ဂလာ တရားတွေဟာ တပါးနဲ့ တပါး ဆက်သွယ် လွန်းတင် နေတယ်ဆိုတာ ထင်ရှားတယ်။

ဒါကြောင့် ဒို့ ခုနင်က အတ္တသမ္မာပဏိဓိက ပဓာန အရေးကြီးလို့ ကိုယ့်စိတ် ကိုယ့်နှုတ်, ကိုယ့်ကိုယ် ယဉ်ကျေးကောင်းမြတ်ဘို့၊ ကောင်းကောင်း ထားတတ်ဖို့ ပြောခဲ့ပြီ။ ဘာဘဲ ဖြစ်ဖြစ် မင်္ဂလာ တရား ဆိုရင် တခုမက, နှစ်ခု မက, ဆယ်ခု မက, သုံးဆဲ့ရှစ်ပါးလုံး လိုက်စား ကျင့်ကြံရမှာချည်းဘဲ၊ ဒီတရားတွေဟာ သူတော်ကောင်း တရားတွေချည်းဘဲလို့ သဘောကျနိုင်ကြရမယ်၊ သဘောကျစေ ချင်တယ်။

ကဲကဲ တော်တော်လဲ ကြာပါပြီ၊ မင်္ဂလာတရား ကောင်းလွန်းလို့ ထိုထိုမင်္ဂလာ တရား သုံးဆဲ့ရှစ်ပါးတို့ကို သိသလောက်, သိသလောက် ငါကျင့်ပြီး နေသွားမယ်၊ မသိတာလဲ သိအောင် လုပ်မယ်လို့ ဒီလို စိတ်ထားပြီး ဘုရားတရား သံဃာ၊ အထူး အားဖြင့် ကိုယ့်အတွက် ဒီမင်္ဂလာတရားတွေ ယုံယုံကြည်ကြည်နဲ့ ဆရာတော်ဘုရား ကြီးက အခု မင်္ဂလာတရားဟောနေတယ်၊ ဆရာတော် စကား နားထောင်သော

အားဖြင့် မင်္ဂလာ တရားနဲ့ ပြည့်စုံအောင် နေသွားမယ်လို့ မင်္ဂလာကုသိုလ် မင်္ဂလာ တရားနှင့် ကိုယ်စီကိုယ်စီ ပြည့်စုံအောင် ကျင့်ကြံ ကြိုးကုတ် အားထုတ်နိုင်ကြပါ စေကုန်သတည်း။

(လင်းယဉ်၊ မိုးသောက်၊ ရွာသစ် ကုန်းကြီး ၊ ရှမ်းကုန်း-ငါးရွာ ကျောင်းသူ ကျောင်းသား ကလေး လူကြီး နာယူ မှတ်သားရန် သုံးချိန် သုံးခါ ဖွင့်ပြခဲ့ပါ သည်။ ၁၃၂၂-ခု)။

---

## ကျောင်းရေစက်ချ တရား

### နှုတ်မြွက်ဟောတရား အမှတ်(၁၂)

ဘုံ သုံးပါး၊ သတ္တဝါတို့၏နေရာ ဘုံ၃-ပါး၊ ၃၁ ဘုံကို မီးလောင်ပြီးတော့ နေတဲ့ ဘုံ၃-ပါး ဟူ၍ မှတ်ရမယ်၊ စိတ်ထဲက ထင်ရမယ်၊ မီးတပြောင်ပြောင် တောက်လောင်နေတဲ့ ဘုံ ၃-ပါးမှ လွတ်ငြိမ်းပြီးတော့ မီးကင်းရာဖြစ်တဲ့ နိဗ္ဗာန် ကို စိတ်က ရည်ရွယ်ပြီးတော့ ကုသိုလ်ကောင်းမှု ပြုရမယ်၊ မီးဆိုတာ ပူလောင်လို့ အလွန် ကြောက်စရာ ကောင်းတာ၊ ယခု လူ့ဘုံ လောက မြန်မာပြည်ဆိုပါတော့ နွေအခါ မီးလောင်ကြတာ အိမ်ပေါင်းဘယ်လောက်၊ ပစ္စည်းပေါင်းဘယ်လောက် ကုန်ဆုံးပြီးတော့ သွားတယ်၊ သတင်းစာထဲမှာ တွေ့ရတယ်၊ အလွန်ကြီးကျယ်တဲ့ ဘေးရန် တခု၊ ဘုရားရှင် ဟောတော်မူတဲ့ ပါဠိတော်များမှာ-

**အာဒိတ္တသ္မိံ အဂါရသ္မိံ၊ ယံ နီဟရတိ ဘာဇနံ။**
**တံ တဿ ဟောတိ အတ္ထာယ၊ နော စ ယံ တတ္ထ ဍယှတိ။**

အဂါရသ္မိံ- အိမ်ကို။အာဒိတ္တသ္မိံ- မီးလောင်သည်ရှိသော်။ မီးလောင်အပ် သည်ရှိသော်။ တတ္ထ-ထိုအိမ်၌။ယံ-ဘာဇနံ-အကြင် အသုံးအဆောင်ပစ္စည်းဥစ္စာ

သည်။ အတ္တိ- ရှိ၏။ တံ- ထိုပစ္စည်းဥစ္စာကို။ ယံဘာဇနံ၊ အကြင်ပစ္စည်းဥစ္စာကို နီဟရတိ- ထုတ်ဆောင်၏။ တံ-ထိုမီးမလောင်မီ ထုတ်ဆောင်အပ်သော ပစ္စည်း ဥစ္စာသည်။ တဿ - ထို အိမ်ရှင်၏။ အတ္ထာယ- အကျိုးငှာ။ ဟောတိ- ဖြစ်၏။ ယံပန- အကြင် ပစ္စည်းဥစ္စာ အသုံးအဆောင်သည်ကား။ တတ္ထ- ထိုအိမ်၌။ ဍယှတိ-မီးလောင်အပ်၏။ တံ ထိုပစ္စည်းဥစ္စာသည်။တဿ၊ထိုအိမ်ရှင်၏။မ႕တ္ထာယ အကျိုးစီးပွားအလို့ငှာ။ နောဟောတိ-မဖြစ်နိုင်။

"ဥပမာယ မိဓေကစ္စေ။ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ" ဣဓ- ဤလောက၌။ ပဏ္ဍိတာ-ပညာရှိသော သူတို့သည်။ ဥပမာယ-နှိုင်းယှဉ်စရာ ဥပမာဖြင့်။ အတ္ထံ- အနက်အဓိပ္ပါယ်ကို။ ဇာနန္တိ-သိကြကုန်၏။

ဥပမာ ဥပမေယျနဲ့ ယှဉ်ပြီးတော့ ဟောလိုလို ဘုရားရှင်က ရှေးဦးစွာ ဥပမာ ထားတော်မူတယ်၊ အိမ်ကို ကျောင်းကို မီးလောင်တဲ့အခါ ထိုအိမ်၌ ရှိသမျှသော ပစ္စည်းဥစ္စာ အသုံးအဆောင် မီးထဲ ပါပြီးတော့ မသွားရအောင် အိမ်ထဲက အိမ့်ပြင်ထုတ်ကြယူကြ၊ သယ်ပိုးကြ၊ မီးလောင်သွားလို့ လောင်ကျွမ်း သွားလို့ အိမ်ထဲက ထုတ်ပြီးသမျှ ထုတ်နိုင်သမျှ ပစ္စည်းဘဏ္ဍာ ဥစ္စာဟာ၊ အိမ့်ရှင် နောက်အခါ သုံးဆောင်ဘို့ အကျိုးရှိတယ်၊ မနိုင်နိုင်လို့ မီးထဲ ပါသွားတဲ့ ပစ္စည်းတွေ အိမ်ရှင် အကျိုးမရှိ၊မီးလောင်စာအဖြစ် ကုန်ဆုံးပြီးတော့သွားတယ်။

ဒီတော့ကို အချို့များ မျက်မြင် ဒိဋ္ဌ မြင်ကြ တွေ့ကြ၊ အချို့ ကြားကြ၊ လောက ဖြစ်တတ်တဲ့သဘော၊ ပြီးတော့မှ....

**ဧဝံ အာဒိတ္တကော လောကော၊ ဇရာယ မရဏေနစ။**
**နီဟရထေဝ ဒါနေန၊ ဒိန္နံ ဟောတိ သုနီဟတံ။**

တဂါထာဆက်ဟောတော်မူတယ်။ ဇရာယစ- အိုခြင်းမီးဖြင့်၎င်း။ မရဏေ နစ၊ သေခြင်းမီးဖြင့်၎င်း။ ဇရာယ မရဏေနစ-ဒီ (စ)ကလေးပါလို့ ကျမ်းဂန် ဘာဒ္ဒါ နည်းအား ဖြင့်။ အညေ ဟိ စ- တပါးသော ရာဂဂ္ဂိ အစရှိသေစ မီးတို့ဖြင့်၎င်း။ လောကော-သတ္တလောကသည်။ အာဒိတ္တကော အာဒိတ္တကော ဧဝ၊ လောင်ကျွမ်း၍နေသည်သာလျှင်တည်း။

နီဟရထေဝ ဒါနေန- ဒိန္နံဟောတိ သုနီဟတံ။ ထတ္တ- ထိုသို့လောင်ရာ၌။ ဒါနေန- အလှူဒါနဖြင့်။ ဒါနေန- အလှူဒါန စေတနာဖြင့်၊ နီဟရထေဝ- မီးမလောင်ခင် ထုတ်ဆောင်ရာ၏။ ဒိန္နံ-ဒါနစေတနာဖြင့် ထုက်ဆောင်ယူအပ် ပြီးသော။ ခန္ဓာကိုယ်နှင့်တကွသော ပစ္စည်းဥစ္စာသည်။ သုနီဟတံ- ကောင်းစွာ ထုတ်ဆောင်သည် မည်သည်။ ဟောတိ၊ ဖြစ်၏။

ယခုတင်က ဥပမာပြလို့ အိမ်ကို, ကျောင်းကို မီးလောင်တယ်၊ သတ္တလောက ကိုလဲ အိုခြင်း မီး၊ သေခြင်း မီး, စသည်ဖြင့် မီးလောင်ပြီးတော့ နေတယ်၊ မီးအလောင်ခံရတဲ့ သတ္တ လောကကြီး မလဲဘဲ၊ ခန္ဓာကိုယ်နဲ့တကွ ကိုယ်ပိုင် ပစ္စည်းရယ်လို့ အများကြီးရှိတယ်၊ ခန္ဓာကိုယ် ကိုယ်ကောင်ကြီး မီးမလောင် ရအောင် ကိုယ်ပိုင်ပစ္စည်း မီးမလောင်ရအောင် ၎င်းပစ္စည်းတွေကို မီးထဲပါ မသွားရအောင် အပြင်သို့ ထုတ်ဆောင်ရမယ်၊ နီဟရထေဝ ဒါနေနန "မီး မလောင်အောင် ထုတ်ဆောင်တဲ့နည်းက ဒါနဘဲ၊ အလှူဒါနဘဲ၊ဒါနစေတနာဘဲ၊ ဒါနစေတနာ ပြုလုပ်လို့ရှိရင် ထိုဒါနစေတနာနှင့် စေတနာတည်းဟူသော ရေဖြင့် ပက်ဖျန်းလိုက်လို့ မီးတွေ ငြိမ်းသွားတယ် ဒါနစေတနာနဲ့ ရွက်ဆောင်လိုက်လို့ မီးမလောင်ဘဲ၊မီးကင်းရာဖြစ်တဲ့ နိဗ္ဗာန်ရောက်သွားတယ်၊ နိဗ္ဗာန်မရောက်မီလဲဘဲ၊ လှူဒါန်းပြီးပြီးသမျှ ဒါနစေတနာ၊ ဒါနဖြင့် ကုန်ဆုံးသွားတဲ့၊ ပစ္စည်းဥစ္စာ ရတနာ တွေဟာ မီးစာဘဲ ပါမသွားဘဲနဲ့ ထုတ်ဆောင်ပြီး ဖြစ်သွားတယ်။

(ဒိန္နံ ဟောတိ သုနီဟတံ)ဒိန္နံ- လှူအပ်ပြီးသောပစ္စည်း ဥစ္စာသည်။သုနီဟတံ- မီးထဲသို့ မပါရအောင် ကောင်းစွာ ထုတ်ဆောင်ခြင်း မည်သည်။ ဟောတိ၊ ဖြစ်၏။ အိမ်မီးလောင်ရာ ပစ္စည်းဥစ္စာထုတ်ဆောင်သလို၊ လောကကြီး မီးလောင် နေတာ မီးထဲက နောင်အကျိုးရှိဘို့ ထုတ်ဆောင်ရမယ်၊ မီးထဲ ပါမသွားအောင် ဘယ်လိုထုတ်ဆောင်ရမလဲ၊ လှူဒါန်းပြီးတော့....

**"ဒိန္နံ ဟောတိ သုနီဟတံ၊**
**နီဟရ ထေဝ ဒါနေန"**

ဒါနကုသိုလ်ဖြင့် ထုတ်ဆောင်ရမယ်၊ "**ဒိန္နံသုခဖလံ ဟောတိ၊ နာဒိန္နံ ဟောတိ တံ တထာ**" ဒိန္နံ-လှူအပ်ပြီးသော။ လှူ၍ ကုန်ခန်းသော လှူ၍ကုန်ပြီးသော ပစ္စည်း ဥစ္စာသည်။ သုခဖလံ-ကောင်းသော အကျိုးကို ဆောင်ရွက်နိုင်သည်။ ဟောတိ-ဖြစ်၏။ အဒိန္နံ-မလှူအပ်သေးသော။ တံ-ထိုပစ္စည်းဥစ္စာ ဟူသမျှသည်။ တထာ-ထို လှူဒါန်း၍ပြီးသော ပစ္စည်းဥစ္စာများကဲ့သို့။ တဿ၊ ထိုအလှူရှင် ၏။ အတ္တာယ၊ အကျိုး စီးပွားအလို့ငှာ။ နောဟောတိ- မဖြစ်နိုင်။ ပစ္စည်းဥစ္စာ၊ ကိုယ်ပိုင်ဥစ္စာတွေ တချို့လှူတယ်၊ လှူပြီးဟူသမျှ ချမ်းသာကျိုးကို တသံသရာလုံး ဆောင်လိမ့်မယ်၊ နိဗ္ဗာန်တိုင်အောင် အကျိုးရှိလိမ့်မယ်၊ အကျိုးစီးပွား ဆောင် ရွက်လိမ့်မယ်၊ မလှူသေးဘူး၊ ကိုယ်ပိုင်ပစ္စည်းတွေ၊ ကျန်ပြီးတော့ ရှိပြီးတော့နေ သေးတယ်၊ ဒီပစ္စည်းတွေကတော့ တသံသရာလုံး နိဗ္ဗာန်တိုင်အောင် အကျိုး စီးပွားကို ဆောင်မဲ့ပစ္စည်းတွေမဟုတ်ဘူး။

**ဒိန္နံ သုဝဖလံ ဟောတိ၊ နာဒိန္နံ ဟောတိ တံ တထာ။**

**စောရာ ဟရန္တိ ရာဇာနော၊ အဂ္ဂိ ဍဟတိ နဿတိ။**

အကြောင်းသင့်လို့ ရှိရင် မလှူရသေးတဲ့ ပစ္စည်းဥစ္စာဟူသမျှ။ စောရာ- ခိုးသူ ဒါးပြတို့သည်။ ဟရန္တိ- ခိုးယူတိုက်ခိုက် ယူဆောင်ကြကုန်၏။ ရာဇာနော-မင်း ဆိုး မင်းညစ်တို့သည်လည်း။ ဟရန္တိ-မတရားသဖြင့် ယူဆောင်ကြကုန်၏။ အဂ္ဂိ- မီးသည်။ ဍဟတိ- လောင်တတ်၏။ နဿတိ- တနည်းနည်းနှင့် ပျောက်ပျက် တတ်၏။

မလှူရသေးတဲ့ ကိုယ်ပိုင် ပစ္စည်းတွေ ဖြစ်တတ်တဲ့ သဘော အကြောင်းသင့်လို့ ရှိရင် သူခိုးများ ခိုးစဉ် ကုန်ဆုံးသွားတတ်တယ်၊ မင်းဆိုး ရာဇာများက ဖက်တပ် ပြီးတော့ ယူသွားတတ်တယ်၊ မီးလောင်တတ်တယ်၊ တနည်းနည်းနဲ့ ပျောက်ပျက် ပြီးတော့ သွားတတ်တယ်၊ ပြီးတော့ကို-

"အထ အန္တေန ဇဟတိ၊ သရီရံ သ ပရိဂ္ဂဟံ" အထ-ထိုသို့မဟုတ်ဘဲ။ သပရိဂ္ဂဟံ- အခြံအရံ ပစ္စည်းဥစ္စာနှင့် တကွသော။ သရီရံ၊ မိမိကိုယ်ခန္ဓာသည်။ အန္တေန- သေမင်းယုတ်ဖြင့်။ ဇဟတိ-အကုန်လုံးကို စွန့်ပစ်ရ၏။

ယခုတင်က ဂါထာက ဟောခဲ့တဲ့အတိုင်း သူခိုးစသည် ဖျက်ဆီးလို့ လုယူလို့ မပျက်စီးသော်လဲဘဲ လောက ဓမ္မတာအားဖြင့် အသက်တန်း စေ့လို့ အသက် သေဆုံးလို့ စုတိရတဲ့ အခါကျတော့ မိမိခန္ဓာကိုယ်နှင့် တကွ ကိုယ်ပိုင် ပစ္စည်းမှန် သမျှ အကုန်လုံး စွန့်ပြီး သွားရတော့တာဘဲ၊ ကိုယ်ပိုင် မဟုတ်တော့ အကုန်လုံး ပျက်စီးပြီးတော့ သွားတာဘဲ။

**"တေဒညာယ မေဓာဝီ၊ ဘုဉ္ဇေထစ ဒဒေထစ"**

မေဓာဝီ-ပညာရှိသော အမျိုးကောင်း သားသမီးသည်။ တံ-ဤသို့သော အဖြစ်အပျက်ကို။ အညာယ-ဉာဏ်ဖြင့် သိ၍။ ဘုဉ္ဇေထစ-စားလည်း စားသုံးရာ၏။ ဒဒေထစ -လှူလည်း လှူဒါန်းရာ၏။

ဘုရား ဟောတော်မူတဲ့အတိုင်း တွေးပြီးတော့ သိပြီး ဘုရားဟောတာ အမှန် ချည်းဘဲ၊ ဒီလို ဉာန်နဲ့ သိသွားတဲ့ မေဓာဝီဆိုတဲ့ ပညာရှိ ပုဂ္ဂိုလ်သည် ကိုယ်ပိုင် ပစ္စည်းကို စားသုံးလို့ စားရမှာ မစားရက်၊ မသောက်ရက်၊ ဒီလိုလဲ မရှိရဘူး (ဘုဉ္ဇေထစ)စားလည်း စားသုံးကြရာ၏။ (ဒဒေထစ) ပေးကမ်း စွန့်ကြဲလှူဒါန်း လည်း လှူဒါန်းရာ၏။ ဘုရားလှူမှ အလှူဒါန မဟုတ်၊ သံဃာ လှူမှ အလှူ ဒါန မဟုတ်ဘူး၊လူလူချင်းလဲ ပေးကမ်းစွန့်ကြဲဒါလဲ ဒါနဘဲ၊အယုတ်သဖြင့် တိရစ္ဆာန် တွေ ကျွေးမွေးလဲ ဒါနဘဲ၊ ဒီဒါနတွေ ခုတင်က ပြောထားတဲ့ ကိုယ်ပိုင် ပစ္စည်း

မဆုံးနိုင်ဘူး၊ ဒါ့ကြောင့် ဘုဉ္ဇထစ–စားလည်း စားသုံးရာ၏။ ဒဒေထစ၊ လှူလည်း လှူဒါန်းရာ၏။ ဒီလို ဘုရားရှင် ဟောကြားတော်မူခဲ့တယ်။

**ဒတွာ စ ဘုတွာ စ ယထာနုဘာဝံ၊ အနိန္ဒိတော သဂ္ဂမုပေတိ ဌာနံ။**

နောက်နားက ဒီစကားတော်လေး ပါသွားတယ်၊ဘုရားဟောတာ၊ပဏ္ဍိတော- ပညာ ရှိသော အမျိုးကောင်းသားသည်။ အတ္တနော- မိမိ၏။ ဘဏ္ဍံ- ပစ္စည်းဥစ္စာကို။ ဒတွာ စ- ပေးကမ်း လှူဒါန်းပြီး၍ရင်း။ ဘုတွာ စ- စားသုံးပြီး၍ရင်း။ ယထာနုဘာဝံ- ပစ္စည်းဥစ္စာ သဒ္ဓါတရား စွမ်းပကားအား လျော်စွာ။ အနိန္ဒိတော–ကိုယ့်ကိုယ်ကိုလဲဘဲ မကဲ့ရှဲ၊မပြစ်တင်၊ပညာရှိသူတော်ကောင်းတို့လဲဘဲ မကဲ့ရှဲမပြစ်တင်၊ ချီးမွမ်း အံ့သြကြသည် ဖြစ်၍။ သဂ္ဂံ-အလွန်ကောင်းမြတ်သော။ ဌာနံ-လူ့ရွာ နတ်ရွာ နိဗ္ဗာန်အရပ်သို့။ဉပေတိ–ရောက်နိုင်၏။

ဒါနပြုလို့ လှူဒါန်းလို့ အလှူဒါန မြောက်ပြီးသွားလို့ ရှိရင် ကိုယ့်ကိုယ်ကိုယ်လဲဘဲ ဘာလှူရတယ်၊ ညာလှူရတယ်၊ ဝမ်းမြောက် ဝမ်းသာလို့ ကိုယ့်ကိုယ်ကို အပြစ်မတင်ဘူး၊ ကိုယ့်ကိုယ်ကို ချီးမွမ်းလို့ အံ့သြလို့ ဒါန၏ အကျိုးကို မြင်သိတဲ့ ပညာရှိ အပေါင်းကလဲ ချီးမွမ် အံ့သြလို့ အပြစ် မတင်ဘူး၊ အပြစ်တင်ခြင်း မခံရဘဲ ချီးမွမ်းခြင်း ခံရပြီးတော့ ထို ဒါနရှင်သည်။ သဂ္ဂံ-သုအဂ္ဂံ အလွန်မြတ်သော။ လူ့ရွာ, နတ်ရွာ, နိဗ္ဗာန်ဌာနသို့။ ဉပေတိ- ကပ်ရောက်ရ၏။

ဘုရားရှင် ဟောကြားတော်မူတယ် တရား နဲ့နဲဟောမယ် ဆိုလို့ စာဖတ်ခိုင်း၊ ဒီ စာဖတ်ခိုင်းရင်းနဲ့ **သဂါထာဝဂ္ဂ ဒေဝတာသံယုတ် ပါဠိတော်** တဲ့၊ ရှေးက ဆရာတော်ကြီး၏ တပည့်ကြီးတပါး အပါအဝင် ဖြစ်တဲ့ “**မောင်းထောင် ဆရာတော် ဝိသုဒ္ဓါရုံဆရာတော် ရေးတဲ့ မဓုရောဝါဒကထာ**”ကို ဖတ်ပြ ခိုင်းရသေးတယ်။ ဒီပါဠိတွေ ပါလာ သေးတယ်၊ ဒီပါဠိ တွေ့လို့ ပြောရ၊ ဒီပါဠိ တွေ့လို့ပြောတော့ကို ဒီဘုရားဟော ပါဠိနဲ့ ယခုကျောင်းလှူကြတဲ့ လူများနဲ့ အခြေအနေ ဆက်ဆံလို့ သွယ်ဝိုက်လို့ တူပြီးနေတယ်။

ဘုရားအလိုတော်ကျဖြစ်ပြီး နေကြတယ်၊ကုသိုလ်ပြုတယ်ဆိုတာ ဝမ်းမြောက် ဝမ်းသာ သဒ္ဓါတရားနဲ့တိုးပွားလို့, ရှင်လန်းလို့, ဝမ်းသာလို့၊ ဒီတော့ သောမနဿတွေဖြစ်လို့၊ နှစ်သက်တဲ့ပီတိတွေ, ဝမ်းမြောက် ဝမ်းသာ, သောမနဿတွေ, ပီတိတွေဖြစ်လို့ သွားတယ်တဲ့၊ ကုသိုလ်မျိုးက၊ လောကီအကျိုးလဲ ထက်ထက်သန်သန်ကြီး အကျိုးပေးတယ်တဲ့၊ နိဗ္ဗာန်လဲ မြန်မြန်ရောက်နိုင်တယ်၊ ဝမ်းမြောက်စရာ, ဝမ်းသာစရာဘဲလို့ ဒီပါဠိတော်နဲ့ ယခုကျောင်းလှူပွဲနဲ့ သင့်လျော်သားဘဲလို့

အောက်မေ့ပြီးတော့ ဒါကို ဟောရ ပြောရတယ်၊ ကျောင်းလှူကြတယ်၊သံဃာ့ ပရိသတ်ကို ကျွေးမွေး ကြရတယ်၊ ဒီစေတနာဖြင့် အမှန်မုချ တောင့်တတိုင်း ပြည့်စုံမယ်"ဒါနံသဗ္ဗတ္ထသာဓကံ" ပုံဘုရားရှင်ဟောသေးတာဘဲ။ဒါနံ-ဒါနသည်။ သဗ္ဗတ္ထသာဓကံ-အလိုရှိတိုင်းသောအကျိုးကို ပြီးစီးစေနိုင်၏။

နိဗ္ဗာန်လိုချင်လို့ရှိရင် နိဗ္ဗာန်ရစေတယ်၊နိဗ္ဗာန်လိုချင်လို့ရှိရင် သာဝကဉာဏ်နဲ့လဲ ရနိုင်တယ်၊ ပစ္စေကဗောဓိဉာဏ်နဲ့လဲ ရနိုင်တယ်၊ သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်ပြီးတော့ နိဗ္ဗာန်လဲရနိုင်တယ်တဲ့၊ အဓိပ္ပါယ်က ဒါနံ သဗ္ဗတ္ထသာဓကံပါဘဲ၊ လောကီကျိုး ဆိုတော့ ဘာမှပြောစရာ မရှိဘူး၊တောင့်တတိုင်း ပြည့်စုံမှာဘဲ၊ ဘေးရန်အန္တရာယ် ကင်းမှာဘဲ၊ ကောင်းကျိုးချမ်းသာမင်္ဂလာနဲ့ပြည့်စုံမှာဘဲ၊ ဒီနည်းသုခဖလံ၊ဆိုတာလဲ ပါတာဘဲ၊ ခုတင်က ဤကဲ့သို့ လောကီလောကုတ္တရာ ၂-ပြာသော ကောင်းကျိုး ချမ်းသာကို ရလိမ့်မယ်လို့ ဝမ်းမြောက်, ဝမ်းသာ သဒ္ဒါ-တရား တိုးပွားပြီးတော့ စာဂါနုဿတိ ဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများနိုင်ကြသည်ဖြစ်ပါစေ။

ဆိုင်းတန်းရပ် ခေါင်းအုံးမွှေရာကုန်သည် ဇယမေဒနီကျောင်းဒကာ ဦးသာဒင် ကျောင်းအမ-ဒေါ်ကြင်တို့ ဆောက်လုပ်လှူဒါန်းသော သက်တော်ရှည်ကျောင်း ရေစက်ချ အခမ်းအနား (ကျောင်းလှူတ် ပူဇော်ပွဲ)၌ ဟောကြားအပ်သော တရားတော်ဖြစ်ပါသည်)

## ကသိဘာရဒွါဇသုတ် တရားတော်

### နှုတ်မြွက်ဟောတရားအမှတ်(၁၃)

ဩဝါဒပေးပါဆိုလို့ ဩဝါဒပေးရတယ်၊ ဩဝါဒ ပေးတာဟာ တရားဟောတာပါဘဲ၊ ဒီတရားလဲ ဘုရားရှင်ဆီက တဆင့်ကြားရတာပါဘဲ၊ ဘုရားရှင်ဟောကြားတော်မူတဲ့ တရားတော်ကို တဆင့်ပြောပြတဲ့ ဓမ္မကထိက ပုဂ္ဂိုလ်၊ တရားဟောပုဂ္ဂိုလ်၊ အခုကာလတော့ ဓမ္မကထိကပုဂ္ဂိုလ် အများကြီးဘဲရှိတယ်၊ ယခုပြောမှာဖြစ်တဲ့ "**မေမြို့–ဆရာတော်**"လဲ တရားဟော ဓမ္မကထိကပါဘဲ၊ ဒီအပြင်လဲ ဓမ္မကထိက အကျော်တွေ အများကြီး ရှိတာပါဘဲ၊ ဒို့တတွေကတော့ ကိုယ်ကလဲနာ, ကိုယ်ကလဲ ဟောဃေးရတယ်၊ အစီအစဉ်က တမျိုးဖြစ်နေတယ်၊ ဓမ္မကထိကအကျော်တွေက ဆရာတော်ဘုရားကြီး, ဆရာတော်ဘုရားကြီးဆိုပြီး အသက်သာခံကြတယ်၊ သူတို့က အပြောအဟော ပိုပြီးတော့ ကောင်းတယ်၊ သို့သော် တောင့်တလို့၊ ရိုသေလို့၊ လေးစားလို့၊ ဩဝါဒကို နာယူလိုသောဆန္ဒအလွန် အားကြီးလှ၍ တောင်းပန်ကြသဖြင့် နည်းနည်းပါးပါး ကိုယ်တတ်နိုင်သမျှ ဩဝါဒပေး၊ တရားဟောရမှာဘဲ၊ တနေ့က မကြာမီက ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးကြီးဖြစ်လို့ ပရိသတ်တွေလာကြ၊ ဒီတုန်းကလဲ ပြောရတာဘဲ၊ ရွှေကျင်ဂိုဏ်းကြီးဆိုတာ ယခု ထင်ရှားသိပြီးနေကြတဲ့ ပုဂ္ဂိုလ်တွေ၊ ရှေးကထဲက, သိနေကြတဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊ ဒီ အစည်းအဝေးကြီး လုပ်တော့ ပိုပြီးတော့သိကြ။

အစည်းအဝေးကြီး ပြီးတဲ့နောက် သက်တော်ရှည်ပွဲ လုပ်ပြန်တော့ ရွှေကျင်ဂိုဏ်းကြီးနဲ့ မကင်းနိုင်ဘူး၊ ဝိသုဒ္ဓါရုံနဲ့ မကင်းနိုင်ဘူး၊ရွှေကျင်ဂိုဏ်းနဲ့စပ်တဲ့စကားဝိသုဒ္ဓါရုံနဲ့စပ်တဲ့စကား, အနည်းငယ် ထည့်ပြော ချင်တာပါဘဲ၊ ဝိသုဒ္ဓါရုံနဲ့စပ်တဲ့စကား ပြောပါရစေတော့၊ရွှေကျင်ဂိုဏ်း အဝင်အပါဖြစ်တဲ့"**ဝိသုဒ္ဓါရုံတိုက်ကြီး**"ဟာ နှစ်ပေါင်း ၆၀–လောက်လား ကျော်သွားပြီ၊ ပထမ မဟာဝိသုဒ္ဓါရုံဆရာတော် ဘုရားကြီး ရှိစဉ်ကစပြီး၊ ဓမ္မကထိက အကျော်တွေ, စာချအကျော်တွေနဲ့ မန္တလေးမြို့မယ် ထင်ရှားတယ်၊ ဘုရားသာသနာပြုပြီးတော့, သာသနာ့တာဝန် ဆောင်ရွက်ကြတယ်၊ ယခုထက်တိုင်ဘဲ၊ ယခုနှစ် အစည်းအဝေးကြီးမှာ ရန်ကုန်မြို့က လာပြီးတော့ ဆွမ်းကျွေးတယ်၊ ဒီတိုက်က ထွက်သွားတဲ့ ဓမ္မကထိကအကျော်,စာချပုဂ္ဂိုလ်အကျော်၊ ရန်ကုန်ကျောင်းတိုက်တည်လို့၊ဟိုမှာလဲ"**ရန်ကုန်ဝိသုဒ္ဓါရုံတိုက်**"လို့ ခေါ်ကြတာဘဲ၊ ထင်ရှားတာဘဲ၊ ဝိသုဒ္ဓါရုံနဲ့စပ်ပြီး ဒီလာဆွမ်းကျွေး၊ ဝိသုဒ္ဓါရုံနာမည် ရန်ကုန်မြို့မှာလဲဘဲ အမြဲနှလုံးသွင်း သတိရအောက်မေ့နေကြတာဘဲ။

ညောင်ရွှေက၊ ပြည်မြို့က၊ ညောင်ရွှေကဆို ဒီတိုက်က ထွက်သွားတာ၊ ပြည်မြို့ကဆိုလဲ ဒီတိုက်က ဆရာတော်ဘဲ၊ ဒီတိုက်ကထွက်သွားတဲ့ စာချအကျော်တွေဘဲ၊ သူတို့က ဦးစီးပြီး လာကျွေးကြလှူကြ၊ ပုလိပ်ကတဲ့, မန္တလေးကတဲ့, ကျွေးကြ,မွေးကြ၊ အရပ်စုံကပါဘဲ ဒီအစည်းအဝေးကြီးမှာ ဒီတိုက်နဲ့ဆက်သွယ်ပြီး လာလှူကြ၊ တန်းကြ၊ ဒီဝိသုဒ္ဓါရုံတိုက်ကြီးရဲ့ ဂုဏ်ဘဲ ဆိုပါတော့ ရွှေကျင်ဂိုဏ်းကြီးရဲ့ ဂုဏ်ဘဲဆိုပါတော့၊ ရှေးပုဉ်း, ရှေးကံ ကြီးမားလို့ဘဲတဲ့။

ရဟန်းတော် သာမဏေတွေ ခေတ်အားလျော်စွာ အံ့ဩလောက်တဲ့ အလှူပွဲကြီး၊ စည်းဝေးပွဲကြီး၊ ဘွဲ့မှမ်းကျွေးပွဲကြီး ပေါ်လာတယ်၊ ထိုပုဉ်းကံကြီးကို သူတို့ဘာလို့ရတာလဲ၊ တောင်သူလယ်သမား၊ ယာသမား၊ တောင်သူလဲ လူပါဘဲ၊ မိုးကျလာပြီ ဆိုမှဖြင့် မျိုးစေ့ကြဲချပြီး ထိုမျိုးစေ့နဲ့ဘဲ တောင်သူလယ်သမားတွေ ချမ်းသာကြ၊ သူတို့စိုက်တဲ့စပါး တနိုင်ငံလုံးသုံးစွဲကြ၊ တနိုင်ငံလုံးသုံးစွဲလို့ မကုန်တော့ နိုင်ငံခြားပို့ကြရ၊ ရောင်းကြရ။

ထို တောင်သူလယ်သမားတွေ စိုက်ပျိုးလို့ အသီးအနှံ ရခြင်းရဲ့ အကြောင်းရှာကြည့်ဘော့ကို၊ ကိုယ်စီကိုယ်စီ စိုက်ပျိုးကြတဲ့ မျိုးစေ့ပါဘဲ၊ မိုးနဲ့ အခန့်သင့်လို့ အသီးအနှံတွေရ၊ ခံစားကြရ၊ ဝိသုဒ္ဓါရုံတိုက် အစည်းအဝေးရောက် ဆရာတော်များ၊ သံဃာတော်များ, မွန်မြတ်တဲ့ခဲဘွယ်ဘောဇဉ်များ သုံးဆောင်လို့၊ ထိုက်သည့်အားလျော်စွာ လှူဘွယ်ဝတ္ထုများ ရလို့၊ ရလိုက်တဲ့ ပုဉ်းကံကို ဘယ်သူက ပေးတာလဲ၊ ဘယ်သူကလှူတာလဲလို့ အကြောင်းကိုရှာလိုက်တော့ ကိုယ်စီကိုယ်စီ ကိုယ့်သန္တာန်မှာရှိတဲ့ သဒ္ဓါတရားဘဲ။

ကိုရင်လေးတပါး ထိုက်သည့်အားလျော်စွာ ဆိုပါတော့ သင်္ကန်းလေးတထည်ရတယ်၊ ဒီသင်္ကန်းလေးဘာလို့ရသလဲ၊အတိတ်ကခေါ်တဲ့သဒ္ဓါတရားသည် ကိုရင်လေး သင်္ကန်းရခြင်း ရှေးကံရဲ့အကြောင်းဘဲ။

လယ်သမားတယောက် စပါးအများကြီးရတယ်၊ ဘာလို့ရသလဲ၊ အကြောင်းကိုရှာလိုက်တော့ မျိုးစေ့ဘဲ၊ သဒ္ဓါကြောင့်ရတာဘဲ၊ဘုရားရှင်ကိုယ်တော်မြတ်ကြီးဘာ့ကြောင့် လှူဘွယ်ဝတ္ထုတွေ အများကြီးရသလဲ၊ သဒ္ဓါဗီဇ၊ သဒ္ဓါတည်းဟူသော မျိုးစေ့ကြောင့်ရတယ်၊ သဒ္ဓါတည်းဟူသော မျိုးစေ့ကြောင့် ဘုရားရှင် လှူဘွယ်ဝတ္ထုတွေ ပေါ်လာတယ်၊ ဘုရားရှင် လက်ထက်တော်က "**ကာသိဘာရဒွါဇ**" ဆိုတဲ့ ပုဏ္ဏား လယ်သမားကြီး တဦး ရှိ၊ ထိုအခါကာလ အရိယာဖြစ်ချိန်ရောက်လို့ ဘုရားရှင်ကိုယ်တော်တိုင် လယ်ကွက်ထဲသွား တရားဟောတယ်။

ထိုအခါကာလ လယ်သမားရဲ့ လယ်လုပ်ကိရိယာနဲ့စပ်လို့ လယ်သမားတို့၏ မင်္ဂလာပွဲကြီးရှိတယ်၊ ဒီပွဲကို ဘုရားရှင်သွားပြီး ဆွမ်းရပ်၊ လယ်သမားပုဏ္ဏားကြီးက၊ ရှင်ကြီးရဟန်း၊ ကျွန်ုပ်သည် ဒီစပါးတွေကို လယ်လုပ်ပြီးမှ ရတာပါ၊ ရှင်ကြီးလဲဘဲ ဒီလိုစားရအောင် လယ်စိုက်ပါလားလို့ ဒီလို ပြောတယ်၊ ပုဏ္ဏားကြီး၊ ငါလဲ အမြဲစိုက်ပျိုးနေတာပါဘဲလို့ မိန့်တော်မူတယ်၊ ဘုရားရှင်ကိုယ်တိုင် စိုက်ပျိုးနေပါတယ်ဆိုတော့ လယ်သမားကြီးက သူလဲလယ်ထွန်တာမမြင်ပါဘူး၊ လယ်လုပ် ကိရိယာလဲ မမြင်ပါဘူး။ ဘာဖြစ်လို့ ဒီလို ပြောပါလိမ့်မလဲ တွေးပြီး ဘုရားရှင်ကို လျှောက်တော့ လယ်လုပ်ကိရိယာတွေကို ဥပမာပြုပြီး။ ဘုရားရှင်က—

**သဒ္ဓါဗီဇံ တပေါ ဝုဋ္ဌိ၊ ပညာ မေ ယုဂ နင်္ဂလံ။**
**ဟိရီ ဤသာ မနောယောတ္တံ၊ သတိ မေ ဖာလ ပါစနံ။**

သဒ္ဓါ-သဒ္ဓါတရားသည်။ ဗီဇံ-မျိုးစေ့မည်၏။ မေ-ငါဘုရား၏။ တပေါ-ဣန္ဒြိယသံဝရသီလသည်။ ဝုဋ္ဌိ-မိုးရေဘည်း။ မေ-ငါဘုရား၏။ ပညာ-ဝိပဿနာပညာ, မဂ်ပညာသည်။ ယုဂနင်္ဂလံ-ထမ်းပိုး ထွန်တုံး မည်၏။ မေ-ငါဘုရား၏။ ဟိရီ-ဟိရီဩတ္တပ္ပတရားသည်။ ဤသာ-ထွန်သန်တည်း။ မေ-ငါဘုရား၏။မနော-စိတ်သည်။ ယောတ္တံ-ကြိုးတည်း။ မေ-ငါဘုရား၏။ သတိ-သတိသည်။ ဖာလ ပါစနံ-ထွန်သွား, နှင်တံမည်၏။

ပညာအရ ဘုရားရှင် သန္တာန်မှာရှိတဲ့ အရဟတ္တမဂ် ပညာကို ယူရမယ်၊ တပေါ- အရကတော့ ဣန္ဒြေ စောင့်စည်းခြင်းကို ယူရမယ်၊ ဣန္ဒြိယသံဝရသီလပေါ့။

ဘုရားရှင် ဟောတဲ့အတိုင်း သဒ္ဓါတရားက မျိုးစေ့ပေါ့။ (တပ) အရ ဒီပြင်ဟာလဲ တပခေါ်ရပါရဲ့၊ ဝီရိယလဲ (တပ) ခေါ်ရပါရဲ့၊ အဋ္ဌကထာ ဋီကာတွေကတော့ ဖွင့်ပါရဲ့၊ ဟိရိဩတ္တပ္ပတို့လဲရှိရဲ့၊ သတိတရားလဲရှိရဲ့၊ ဘုရားရှင် သန္တာန်မှာ ရှိတဲ့ သတိတရားမျိုးကတော့ မဟာကြိယာစိတ်နဲ့ ယှဉ်တဲ့ သတိ တရားမျိုးဖြစ်တယ်၊ ဒီလို ကိုယ်စီ ကိုယ်စီရှိကြလို့ ဘုရားရှင် သာသနာမှာ ဘုရားရှင်နဲ့ စပ်လို့၊ ဘုရားရှင်ရဲ့ တပည့်သာဝကနဲ့စပ်လို့ ပစ္စည်း၄-ပါး ပေါများကြတယ်၊ ယခုခေတ်မှာလဲဘဲ သဒ္ဓါတို့, တပ,ကို ပညာတို့ ဟိရိဩတ္တပ္ပ, သတိတို့ ကိုယ်စီ ကိုယ်စီ ကိုယ့်သန္တာန်မှာ ရှိတဲ့ တရားတွေက ကိုယ့်ကို အကျိုးပေးမယ်၊ ဒီဘဝတွင်လဲ အကျိုးပေးနိုင်တယ်၊ ဘဝသံသရာမှာလဲ အကျိုးပေးနိုင်တယ်။

ပစ္စည်း ၄-ပါးနဲ့စပ်လို့ လှူတဲ့ ပုဂ္ဂိုလ်မှာတော့ ဒါနကုသိုလ် ရတာပေါ့။ အလှူခံပုဂ္ဂိုလ်မှာတော့ ပစ္စည်း ၄-ပါးနဲ့ပြည့်စုံတာပေါ့၊ မျိုးစေ့ဆိုတာ၊ စပါးသာ မကပါဘူး၊ ပဲသာ မကပါဘူး၊ မြေပေါ် ပေါက်လာတဲ့ သစ်ပင်မှန်သမျှ မျိုးစေ့က ပေါက်ဖွားလာတာချည့်ပါဘဲ၊ လူသတ္တဝါတွေ၊ တိရစ္ဆာန်သတ္တဝါတွေ အများသုံးစွဲနေကြတဲ့ အသီးအနှံတွေဟာ မျိုးစေ့က ပေါက်ဖွားလာတာဘဲ၊ ထိုမျိုးစေ့ကြောင့် အသီးတွေ့၊ အနှံတွေ့၊ အမြစ်တွေ ပေါ်ပေါက်လာသလို ကိုယ်စီကိုယ်စီ ကိုယ့်သန္တာန်မှာရှိတဲ့ သဒ္ဓါတည်းဟူသော မျိုးစေ့ကြောင့် ဘဝသံသရာမှာ သုံးစွဲ၍ မကုန်နိုင်အောင် အကျိုးတွေ ပေါ်ပေါက်လာတယ်။

တော်ကြာ မဂ်ညာန်ဖိုလ်ညာန် စတဲ့ ဘဝသံသရာဖြတ်တဲ့ အကျိုးတွေ နိဗ္ဗာန်တိုင်အောင်သော အကျိုးတွေကို ရကြဦးမှာဘဲ၊ ဒီလိုကုသိုလ်တွေ သာသနာလုံးဆိုင်ရာ အစည်းအဝေးတွေ လုပ်တာဟာ၊ နိဗ္ဗာန်ကို ရောက်ကြောင်းတရားတွေ ရှာဖွေကြတာဘဲ၊ အခုဘဝမှာလဲ ကုသိုလ်ကို ဒီနေ့ ဆည်းပူးရပြီ၊ ရှေးဘဝတွေကလဲ ဆည်းပူးခဲ့ပြီ၊ ဒီကုသိုလ်အပေါင်းတွေဟာ နိဗ္ဗာန်အမြန်ရဖို့ အကြောင်းတွေဘဲလို့ ဝမ်းမြောက် ဝမ်းသာ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားကို ကြိုးစား အားထုတ်နိုင်ကြပါစေကုန်သတည်း။

မန္တလေး၊ မဟာဝိသုဒ္ဓါရုံ ဘက်တော်ရှည်ပွဲ၌ ဟောကြားတော်မူသည်၊

(၁၃၂၅-ခု)

**အသောကာသမိဒ္ဓိ အုတ်ကျောင်းပူဇော်ပွဲ**

(ကျောင်းတရား)

နှုတ်မြွက်ဟောတော်မူသောတရား အမှတ်(၁၄)

**ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။**

လောကေ–လောက၌။ သဗ္ဗပါဏိနံ- အလုံးစုံသော သတ္တဝါတို့၏။ ဟိတာယ- အကျိုးစီးပွားအလို့ငှာ။ ဗုဒ္ဓေါ မြတ်စွာဘုရားသည်။ သမုပ္ပန္နော- ကောင်းစွာ ပွင့်ပေါ်တော်မူလာရပေ၏။

**ဗဟူနံ ဝတ အတ္ထာယ၊ ဥပ္ပဇ္ဇန္တိ တထာဂတာ။**

ဗဟူနံ- များစွာကုန်သော လူနတ်ပြဟ္မာ သတ္တဝါတို့၏။ အတ္ထာယ- အကျိုး ငှာ။ တထာဂတာ- ဘုရားရှင်တို့သည်။ ဥပ္ပဇ္ဇန္တိဝတ၊ ဖြစ်ထွန်းပေါ်ပေါက်လာ ပေကုန်စွတကား။

လောကမယ် ဘုရားရှင်တို့မည်သည် အခါခပ်သိမ်းရှိရတာမဟုတ်ဘူး၊ဘုရားဆု ပန်လို့ပါရမီ အများကြီးဖြည့်၊အချို့ ဘုရားရှင်များ လေးသင်္ချေနဲ့ ကမ္ဘာတသိန်း၊ အချို့ဘုရားရှင်များ ရှစ်သင်္ချေနဲ့ ကမ္ဘာတသိန်း၊ အချို့ဘုရားရှင်များ တဆဲ့ခြောက် သင်္ချေနဲ့ကမ္ဘာတသိန်းပါရမီဖြည့်ပြီးမှ ဘုရားဖြစ်ရတယ်၊ဘုရား ဖြစ်ရတာလွယ်တာ မဟုတ်ဘူး၊ ထိုကဲ့သို့ ခဲခဲယဉ်းယဉ်း သင်္ချေပေါင်းများစွာ, ကမ္ဘာပေါင်း များစွာ ကမ္ဘာသင်္ချေပေါင်း များစွာ ပါရမီ ဖြည့်ပြီးတော့မှ ဘုရား ဖြစ်လာတော်မူ ရတယ်၊ ကိုယ်တော်တိုင် အကျိုးမဟုတ်ဘူး၊ ခပ်သိမ်းသော သံသရာ ကျင်လည် လို့ အိုခြင်းမစဲ,နာခြင်းမစဲ, သေခြင်းမစဲ,ပဋိသန္ဓေနေခြင်းမစဲ အပါယ်လေးပါး လားရခြင်းမစဲ ဆင်းရဲမင်ပန်းပြီးတော့ နေကြရတဲ့ သတ္တဝါတွေရဲ့ အကျိုးငှာ ဘုရားရှင် ပွင့်တော်မူလာတယ်၊ ဒါ–ကိုယ်စိကိုယ်စိ သဘောကျဘို့ကောင်းတယ်၊ စာကဲတော့ ဗဟူနံ-လို့ ဆိုတာဘဲ၊ သို့သော် ကိုယ်စိကိုယ်စိ မှတ်ဖို့ကတော့ ဘုရား ရှင် ပွင့်တော်မူတာ ငါ့အကျိုးစီးပွား ရဖို့ ဘုရားရှင် ပွင့်တော်မူတာဘဲ၊ ငါ့ အတွက် ဘုရား ရှင် ပွင့်တော်မူလာတာဘဲလို့၊ ဒီလို ယုံကြည်ပြီးတော့၊ ဘုရား ရှင်ကို အားကိုးရ၊ အားထားရ၊ ဘုရားရှင်ပွင့်တော်မူလာတယ်ဆိုရင် ဘယ် လောက် ကျေးဇူးများကြသလဲ ကြားဘူးကြတဲ့ အတိုင်းပေါ့၊ သက်တော် ထင်ရှား ဘုရားရှင်လက်ထက်က ဝိသာခါဆိုတဲ့အမျိုးသမီးကြီးဟာ(၇)နှစ်အရွယ်

ကဘဲ သောတာပန် တည်သတဲ့၊ သောတာပန် ဆိုလို့ရှိရင် အရိယာ ဖြစ်သွားတာပေါ့၊ သောတာပန်ပြီး သကဒါဂါမ်၊ သကဒါဂါမ်ပြီး အနာဂါမ်၊ အနာဂါမ်ပြီး ရဟန္တာ ဖြစ်သွားရင် ဒီဘဝမယ် နောက်ဆုံးဘဝ စုတေသည်၏ အခြားမဲ့ နိဗ္ဗာန်ရောက်လို့ သံသရာမယ် မကျင်လည်ရတော့ဘူး။

အဲခုလို (၇)နှစ် အရွယ်က သောတာပန် အရိယာ သာဝိကာမ ဖြစ်သွားအောင် ကျေးဇူးများတယ်၊ ပုဗ္ဗာရုံ ကျောင်းတော်ကြီး ထိုဝိသာခါ အမျိုးသမီးကြီးက ဆောက်လုပ်လှူဒါန်းတယ်။

ပစ္စည်း ဥစ္စာတွေ ကုန်လိုက်တာ (၂၇) ကုဋေတဲ့၊ နှစ်ဆယ်နဲ့ ခုနစ်ကုဋေ ကုန်တယ်၊ ၂၇-ကုဋေကုန်တဲ့ ပစ္စည်းတွေကို စွန့်လွှတ်ပြီးတော့ ပုဗ္ဗာရုံကျောင်းတော်ကြီးဆောက်တယ်၊ ပစ္စည်းတွေကုန်လိုက်တာ ပစ္စည်းတွေ ကုန်လိုက်တာလို့ ပစ္စည်းတွေအာရုံမပြုပါဘူး၊ ကျောင်းတော်ကြီး ပြီးသွားတော့ ကျောင်းတော်ကြီးမြင်လို့ ဘုရားရှင်နှင့်တကွ သံဃာတော်တွေ သီတင်းသုံးမယ့် ကျောင်းတော်ကြီး ပြီးမြောက်သွားပြီလို့ ကျောင်းကြီးကြည့်ပြီးပျော်လို့ ကျောင်းကြီးလှည့်ပြီး က,လိုက်တာ၊ က,လို့ ပျော်လို့ ရွှင်လို့ ကပွဲကြီး လုပ်ပြီးတော့ ကျောင်းသာခု ခေါ်ပွဲကြီးလုပ်တယ်။

ဇေတဝန်ကျောင်းဒါယကာ အနာထပိဏ် သူဌေးကြီးဆိုတာလဲဘဲ ဘုရားကျောင်း ဒကာကြီးဖြစ်လို့ ဇေတဝန် ကျောင်းတော်ကြီး ဆောက်လို့ ဘုရားရှင်ကို လှူဒါန်းတော်မူတယ်၊ ဘုရားရှင်လဲ သီတင်းသုံးလို့ ရဟန္တာတွေ ရဟန်းတော်တွေ, သာမဏေတွေလဲ သီတင်းသုံးတာဘဲ၊ ဘုရား သက်တော်ထင်ရှားရှိစဉ်က အနာထပိဏ် သူဌေးကြီးဆောက်တဲ့ ဇေတဝန်ကျောင်းမယ် ဘုရားရှင် သီတင်းဝါကပ် အနေအများဆုံးဘဲ၊ (၅၄)ကုဋေကုန်သတဲ့၊ ပစ္စည်းဥစ္စာတွေကလဲ အတော်အကုန်ခံလိုက်တာဘဲ၊ ဝမ်းမြောက်လိုက်တာ ဝမ်းသာလိုက်တာ၊ ကိစ္စအထူး မရှိစေကာမူ တနေ့ ၃-ခေါက်လောက် ဇေတဝန်ကျောင်း ရောက်တယ်။

ကျောင်းကြီး ကြည့်ကြည့်ပြီးတော့ ပျော်၊ ဇေတဝန် ကျောင်းတော်ဆိုတာကလဲ ဘုရားရှင် သီတင်းသုံးတော်မူပြီး နံနက်က စပြီးတော့ စားဘွယ် သောက်ရဲလာပြီး လှူကြတဲ့ မြို့သူ-မြို့သားတွေအပြည့်၊ မွန်းလွဲသွားတဲ့အခါကျ ရေချမ်းနဲ့ ပန်းနဲ့ လှူဘွယ်ဝတ္ထုနဲ့ အဖျော်ယမကာနဲ့ ဘုရားရှင်နဲ့ သံဃာတော်များအား လှူဒါန်းလို့ မြို့ရွာထဲက လူထုပရိသတ်အပြည့် လာကြတယ်။

**ဗဟူနံ ဝတ အတ္ထာယ**–ဆိုသည့်အတိုင်း ဘုရားရှင်ကလဲ ထိုသူတို့၏ အကျိုး ငှာ လှူဒါန်းတဲ့ လှူဘွယ်ဝတ္ထုကို အလှူခံ၊ ထိုသူတို့နဲ့ ထိုက်တန်တဲ့ တရားကို ပြော ဟော၊ တနေ့လုံး မနက်ခင်းက ပုရေဘတ္တကိစ္စ၊ နေလွဲတဲ့အခါ–ပစ္ဆာဘတ္တကိစ္စ၊ ဒီကိစ္စ ၂-ခုကို မယစ်မလပ် ဘုရားရှင် ဟောပြောအလှူခံ၊အများ အကျိုးဆောင် ရွက်လို့ တနေ့ကုန်သွားတယ်၊ နေဝင်သွားတဲ့ အခါကျတော့ တညကို အခု ကာလ နာရီမျိုးနဲ့ ဆိုပါတော့၊ တည ၃-ပိုင်းပိုင်း၊ ပထမ ၄-နာရီမှာ ရဟန်း တော်များ တရားဟော၊ ဒုတိယ လောက်မယ် နတ်တွေ ဗြဟ္မာတွေ တရားဟော၊ တတိယ ၄-နာရီ အပိုင်းလောက်မယ်တော့ကို အစ ပထမ ဖလသမာပတ်ဝင်စား၊ နောင် ဒုတိယ ကျိန်းစက်တော်မူတယ်၊ နေမထွက်မီ အာရုံမတက်မီ တတိယအဖို့ မှာတော့ ဘယ်သတ္တဝါ ချွတ်ရပါ့မလဲလို့ ကြည့်ရှုတော်မူတယ်။

**ဘိက္ခူနံ ပထမေ ယာမေ၊ ပါယေသိ အမတံ ပါနံ၊**

**ဇာတိကွေတ္တာဂ ဒေဝါနံ၊ ကခ်ေဆွဒေါ သ မဇ္ဈိမေ။**

သ–သဘောဂဝါ- ထိုမြတ်စွာ ဘုရားသည်။ ပထမေ ယာမေ- ည၌ ၃-ယာမ် တို့တွင် ပထမ ၄-နာရီ ပထမယာမ်၌။ ဘိက္ခူနံ- ရဟန်းတို့အား။ အမတံပါနံ- အမြိုက်နိဗ္ဗာန် အဖျော်ရည်ကို။ ပါယေသိ- သောက်စေတော်မူ၏။ သ သော ဘဂဝါ- ထိုမြတ်စွာဘုရားသည်။ မဇ္ဈိမေ- ည၌သန်းခေါင်ယံ ၄-နာရီ အချိန်၌။ ဇာတိကွေတ္တာဂ ဒေဝါနံ- ဇာတိခေတ်မှ လာကြကုန်သော၊ စကြဝဠာကုဋေ တသိန်းမှ လာကြကုန်သော နတ် ဗြဟ္မာအပေါင်းတို့၏။ ကခ်ေဆွဒေါ- ယုံမှား သံသယကို ပယ်ဖျောက်ခြင်းကို ပြုတော်မူ၏။

ပစ္ဆိမေပိ- နောက် ၄-နာရီ ပစ္ဆိမယာမ်၌လည်း။ တိဓာကတေ- ၃-ပိုင်းပိုင်း ပြီးသည် ရှိသော်။ အာဒေါ- အစပိုင်း၌။ ဖလသုခံ- အရဟတ္တဖိုလ်ချမ်းသာကို။ အာဝေဒေသိ- ခံစားတော်မူ၏။ ပစ္ဆိမေ-အလယ်အဖို့၌။ သေယျံ- ကျိန်းစက် ခြင်းကို။ အကာ-ပြုတော်မူ၏။

အန္တေ- အဆုံး ဖြစ်သော အဖို့၌။ ဝေနေယျလောကနံ- ကျွတ်ထိုက်သော သတ္တလောကကို ကြည့်ရှုတော်မူခြင်းကို။ အကာ- ပြုတော်မူ၏။

ဒီတော့ နေ့ရော ညရော ညကို ၉-ပိုင်း၊ နေ့ကို ၉-ပိုင်း ၁၈-ပိုင်း၊ ၁၈–ပိုင်း ထဲမယ် တပိုင်းလောက်သာ အိပ်ခွင့်ရ၊ ကျိန်းခွင့် ရတယ်၊ ၁၇-ပိုင်းလောက်မယ်

သတ္တဝါတွေအတွက် သက်တော်ထင်ရှား ဘုရားရှင် ကိုယ်တော်မြတ် ဆောင်ရွက်ပြီး နေတော်မူတယ်။

အဲခုလို နေ့ရောညပါ ဇေတဝန်ကျောင်းတော်ကြီးမှာ ဘုရားရှင် သတ္တဝါတွေရဲ့ အကျိုးစီးပွားအလို့ငှာ ပြောဟောပြသ ဆုံးမဩဝါဒ ပေးပြီး၊ သတ္တဝါတွေ အကျိုးစီးပွား ဆောင်ရွက်နေတာကို သက်တော်ထင်ရှား ဘုရားရှင် ကိုယ်တော်လဲဘဲ အနာထပိဏ်သူဌေးကြီးက မြင်ရတွေ့ရ၊ ရှင်သာရိပုတ္တရာ, ရှင်မဟာမောဂ္ဂလာန် စသည် ရဟန္တာကြီးတွေ တရံတခါ ပုထုဇဉ်ရဟန်းတွေ, သာမဏေတွေ အမြဲသီတင်းသုံးပြီးနေတာ မြင်ရတော့၊ ရဟန်းသာမဏေတွေ ကြည့်ရှုပြီး အားရနှစ်သက်၊ ဘုရားရှင် ကြည့်ရှုပြီး အားရနှစ်သက်၊ လာလာသမျှ ဘုရားရှင်ထံ ဆည်းကပ်ကြတဲ့ ပရိသတ်အပေါင်းကိုလဲ ကြည့်ရှုပြီးတော့ အားရနှစ်သက်၊ သူ ဆောက်ထားတဲ့ ဇေတဝန်ကျောင်းတော်ကြီးကိုလဲ အမြဲကြည့်ပြီးတော့ အားရနှစ်သက် ဝမ်းမြောက်တယ်၊ ဝမ်းသာတယ်၊ အသက်အတိုင်းနေလို့ သေပြီးသွားတော့ နတ်သား သွားဖြစ်တယ်၊ အနာထပိဏ် သူဌေးကြီး၊ နတ်ပြည်ရောက်ရင် သူနေတဲ့အိမ်၊ သား, သမီး, မြေး, မြစ်, ဆွေမျိုးများဆီမသွားပါဘူး။ နတ်ဖြစ်ဖြစ်ချင်း ဇေတဝန်ကျောင်းတော်ကြီး ရောက်လာပြီးတော့—

**ဣဒံ ဟိဒံ ဇေတဝနံ၊ ဣသိ သံဃနိသေဝိတံ။**

**အာဝုဋ္ဌံ ဓမ္မရာဇေန- ပီတိ သဉ္ဇနနံ မမ။**

လှူပြည်တုန်းက အားရနှစ်သက် ပျော်ရွှင်လို့ မဆုံးနိုင် ဖြစ်ခဲ့တဲ့ ဇေတဝန်ကျောင်းတော်ကြီး ကြည့်ပြီး နတ်ဖြစ်တဲ့အခါ ဇေတဝန် ကျောင်းတော်ကြီး တခါလာပြီးတော့ ဝမ်းသာလို့ ဒီဂါထာရွတ်ပြီး ဥဒါန်းကျူးပြန်တယ်။

ဣသိသံဃနိသေဝိတံ- သူတော်ကောင်းတရားကို ရှာမှီးကြကုန်သော ရဟန်းသံဃာတို့၏ အမြဲနေထိုင်ရာဖြစ်သော။ ဓမ္မရာဇေန- တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ အာဝုဋ္ဌံ- အမြဲသီတင်းသုံးရာဖြစ်သော။ ဣဒံတော် ဇေတဝနံ- ဤဇေတဝန်ကျောင်းတော်ကြီးသည်။ (ဝါ) ဤငါကိုယ်တိုင် ဆောက်၍လှူဒါန်းခဲ့သော ဇေတဝန် ကျောင်းတော်ကြီးသည်။ မမ- ဇေတဝန်ကျောင်းဒကာဖြစ်သော ငါနတ်သား၏၊ ပီတိ သဉ္ဇနနံ- နှစ်သက် ဝမ်းမြောက်ခြင်းကို ဖြစ်နိုင်ပေစွတကား။

ပျော်လို့မပြီးနိုင်၊ အားရလို့ မပြီးနိုင်၊ နှစ်သက်လို့ မပြီးနိုင်ဘူး၊ လူ့ဘဝတုန်းက နှစ်သက်လို့မဝလို့ လူ့ဘဝကစုတေ နတ်ပြည်ရောက်သွား၊ နတ်သား ဖြစ်ငှတော့လဲ ဇေတဝန်ကျောင်းတော်ကြီးလာပြီး, ဒီဂါထာနဲ့ ဥဒါန်းကျူးပြီး ပျော်ရွှင်တဲ့ အဓိပ္ပါယ်ပြောဆိုတယ်၊ ဒီလိုပျော်ရွှင်တဲ့စိတ်မျိုး ကုသိုလ်စိတ္တုပ္ပါဒ်တွေ သတ္တဝါများသန္တာန်မယ် ဖြစ်စေတာကို **"ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ"** ဒီစိတ်မျိုးဖြစ်တာ ဘုရားရှင် ပွင့်တော်မူလာလို့ ဒီစိတ်မျိုးဖြစ်တယ်၊ အလွန် ကျေးဇူးများတဲ့ စိတ်မျိုး၊ ဒီစိတ်ကဘဲ အပါယ်လေးပါး လွတ်အောင် ဆောင်ကျဉ်းပြီးတော့ ပေးမယ်၊ ဒီစိတ်ခေတ်ကဘဲ လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည် လောက စည်းစိမ်ကျိုးပေးမယ်။

ဒီလိုစိတ်မျိုးကဘဲ ပျော်ရွှင်တဲ့စိတ်မျိုး၊ ကုသိုလ်ပြုရာ၌ ပျော်ရွှင်တဲ့စိတ်မျိုး၊ သံသရာဝဋ်ရှိမြစ်ပြတ်ပြီး နိဗ္ဗာန်တိုင်အောင် အကျိုးပေးမယ်။

ဝိသာခါ သူဌေးကတော်ကြီးဆို ယခု နိမ္မာနရတိဘုံ နတ်ဖြစ်ပြီးနေတယ်၊ အရိယာ နတ်ကြီးဖြစ်နေတယ်၊ ဒီကနေပြီးတော့ နတ်သက်ကုန်တဲ့အခါ၊ သုဒ္ဓါဝါသ ၅-ဘုံအစဖြစ်တဲ့ အဝိဟာဘုံပြောင်းမယ်၊ အဝိဟာဘုံပြီးတော့ အတပ္ပါ, သုဒဿာ, သုဒဿီ, အကနိဋ္ဌ, သုဒ္ဓါဝါသ ၅-ဘုံ ဘုံစဉ်စံပြီး၊ အထက်ဆုံးဖြစ်တဲ့ အကနိဋ္ဌဘုံကျမှ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုမယ်။

ဘုရားရှင် ပွင့်တော်မူလာတာ ဝိသာခါတယောက်အတွက် ဘယ်လောက် ကျေးဇူးများသလဲ၊ အနာထပိဏ် သူဌေး တယောက် အတွက် ဘယ်လောက် ကျေးဇူးများသလဲ၊ ဒီမှတပါး ကျမ်းဂန် လာတဲ့အတိုင်း ရှောက်ပြီး ကြည့်မယ် ပြောမယ်ဆိုရင်၊ ပြောလို့ မကုန်နိုင်အောင် ၂၄-သင်္ချေဆိုလား အကျွတ်တရား ရကြတယ်၊ ဓမ္မစကြာတရား ဟောတဲ့အခါ ဗြဟ္မာပေါင်း (၁၈) ကုဋေလောက် အကျွတ်တရား ရသွားကြတယ်၊ အဲ့ခုလိုသတ္တဝါ အကျိုးစီးပွားဆောင်ဖို့ ဘုရားရှင်ကိုယ်တော်မြတ် ပွင့်လာရခြင်းဟာ အလွန် ကျေးဇူး များတယ်၊ ခုနင်က ပြောခဲ့တဲ့အတိုင်း ဗုဒ္ဓကိစ္စ ငါးပါး ဆောင်ရွက်ရာ ဇေတဝန်ကျောင်းတော် တခုသောည သန်းကောင်ယံ အခါမှာ နတ်သား တယောက် လာ ရောက် လျှောက်ထားတယ်တဲ့-

**"ကိံဒဒေါ ဗလဒေါ ဟောတိ"** ဘန္တေ- မြတ်စွာဘုရား။ ကိံဒဒေါ- အဘယ်ကို လှူသည်ရှိသော်။ ဗလဒေါ- ခွန်အားကို ပေးလှူသည် မည်သည်။ ဟောတိ- ဖြစ်ပါသနည်း။

(၁-အချက်) ဘုရားရှင်က "အန္နဒေါ ဗလဒေါ ဟောတိ"လို့ ဖြေတယ်၊ ဒေဝပုတ္တ- နတ်သား။ အန္နဒေါ- ဆွမ်းခဲဘွယ် ဘောဇဉ်ကို ပေးလှူသည်ရှိသော်။ ဗလဒေါ-ခွန်အားကို ပေးလှူသည် မည်သည်။ ဟောတိ-ဖြစ်၏။

ပကတိအားဖြင့် အစားအသောက် စားသောက်ပြီး နေရတဲ့သူဟာ ခွန်အား ဗလ ကြီးမားတယ်၊ အကယ်၍ ထမင်းတထပ်လောက် မစားရ, နှစ်ထပ်လောက် မစားရဘူးဆိုရင် ထိုင်ရာက မထနိုင်ကြပေဘူးတဲ့၊ ခွန်အားဗလ ကုန်ပြီးသွားတယ်။

ဒီတော့ကို လူတို့၏ ခွန်အားဗလ အစာအာဟာရ စားနေတာ အားရှိတယ်၊ ခွန်အားဗလလှူသည်မည်တာဘဲတဲ့၊ အသက်ကိုလှူသည် မည်တာဘဲ၊ ဒီတော့ကို အစာအာဟာရ လှူတဲ့ပုဂ္ဂိုလ်ဟာ ခွန်အားဗလ လှူသည်မည်တယ်လို့ ဘုရားရှင်က ဖြေတော်မူတယ်တဲ့။

ဒုတိယ မေးခွန်းကတော့ "ကိံ ဒဒေါ ဝဏ္ဏဒေါ ဟောတိ" ဘန္တေ- အရှင်မြတ်ဘုရား။ ကိံ ဒဒေါ- အဘယ်ကို လှူသည်ရှိသော်။ ဝဏ္ဏဒေါ- အဆင်းကို လှူသည်မည်သည်။ ဟောတိ ဖြစ်ပါသနည်း။

ဘုရားရှင်က "ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါ" ဒေဝပုတ္တ- နတ်သား။ ဝတ္ထဒေါ-အဝတ်ပုဆိုးကို လှူသည်ရှိသော်။ ဝဏ္ဏဒေါ၊ အဆင်းကို လှူသည်မည်သည်။ ဟောတိ-ဖြစ်၏။

လူများဆိုပါတော့၊ ယောကျ်ား မိန်းမ နဂို အရုပ် အဆင်းက ဘယ်လိုပင် လှပတင့်တယ်နေစေကာမူ ဆင်ယင်ဝတ်စားတဲ့ အဝတ်တန်းဆာက မကောင်းဘူးဆိုရင် အရုပ်အဆင်း မလှ မပ ဖြစ်သွားမယ်၊ မတင့်မတယ် ဖြစ်သွားမယ်၊ အသင့်အတင့် ရုပ်အဆင်းက အလွန် မလှပသော်လဲ အသင့်အတင့်ရှိတဲ့ ပုဂ္ဂိုလ်ပိုး, ဖဲ, ကတ္တီပါစသည် အရောင်အဆင်း လှပတဲ့ အဝတ်အစား ဝတ်လိုက်မယ် ဆိုလို့ရှိရင် ပကတိ ပင်ကိုရုပ်ဟာ တိုးပြီး လှပ တင့်တယ်ပြီးသွားတယ်။

ဒါကြောင့် အဝတ်သင်္ကန်းများ, အဝတ်ပုဆိုးများ, အထည်အလိပ်များ လှူတဲ့ ပုဂ္ဂိုလ် အဆင်းလှပခြင်း လှူသည်မည်တယ်၊ ဘုရားရှင် ဒီလို ဟောကြားတော်မူတယ်။

နောက် တတိယ မေးခွန်းက "ကိံ ဒဒေါ သုခဒေါ ဟောတိ"ဘန္တေ-မြတ်စွာဘုရား။ ကိံ ဒဒေါ- အဘယ်ကို လှူသည်ရှိသော်။သုခဒေါ-ချမ်းသာကို လှူသည် မည်သည်။ ဟောတိ၊ ဖြစ်ပါသနည်း။

အဘယ် ဝတ္ထုကိုလှူဒါန်းလို့ရှိရင် ထိုအလှူခံရတဲ့ ပုဂ္ဂိုလ်ချမ်းသာခြင်းရသွားတယ်လို့ ဆိုရပါသလဲ မြတ်စွာဘုရားလို့ လျှောက်တယ်၊ ဘုရားရှင်က- **"ယာနဒေါ သုခဒေါ ဟောတိ"** ဒေဝပုတ္တ- နတ်သား။ ယာနဒေါ-ယာဉ်ကို လှူသည် ရှိသော်။ သုခဒေါ- ချမ်းသာကို လှူသည်မည်သည်။ ဟောတိ-ဖြစ်၏။

ယာဉ်ဆိုတာ ဆင်ယာဉ်, မြင်းယာဉ်, ရထားယာဉ်, မြင့်မြတ်တဲ့ မင်းသုံးမင်းဆောင် ဒီလိုဟာတွေက ရဟန်းတော်များနဲ့ မအပ်ဘူး၊ ရဟန်းတော်များနဲ့ အပ်တဲ့ ယာဉ်ကျတော့ ထီး,ဘိနပ်, တောင်ဝှေးတဲ့၊ တံတားတဲ့,လှေတဲ့,လမ်းသုတ်သင်ခြင်း စသည် လမ်းမယ်သွားလို့ လွယ်အောင် ပြုပြင်ခြင်းဟာ ယာဉ်ခေါ်တယ်တဲ့။

အဲခုလို ယာဉ်ရထားနဲ့ သွားရတယ်ဆိုရင် ခရီးသွားတဲ့ ပုဂ္ဂိုလ်များချမ်းသာတယ်ဆိုတာ သိသာတာပေါ့၊ ဘိနပ်မစီးပဲ အခုနေအခါ သွားမယ် ဆိုရင် ဘယ်လောက် ဆင်းရဲလိမ့်မလဲ၊ အလှူဒကာက ဘိနပ်လှူထားလိုက်လို့၊ ဘိနပ်စီးပြီး သွားရတယ်ဆိုရင် အပူသက်သာလို့သိတ်ပြီးချမ်းသာတယ်၊ ယာဉ်ကိုလှူတယ်ဆိုရင် ချမ်းသာသုခကို လှူသည်မည်တယ်လို့ ဘုရားရှင်က ဟောတော်မူတယ်။

နောက် စတုတ္ထ အချက်ကတော့- **"ကိံ ဒဒေါ စက္ခုဒေါ ဟောတိ"** ဘန္တေ- မြတ်စွာဘုရား။ ကိံ ဒဒေါ- အဘယ်ကိုလှူသည်ရှိသော်။ စက္ခုဒေါ- မျက်စိကို ပေးလှူသည်မည်သည်။ ဟောတိ၊ ဖြစ်ပါသနည်း။

ဒီလို မေးလျှောက်တဲ့အခါ **"ဒီပဒေါ ဟောတိ စက္ခုဒေါ"** ဒေဝပုတ္တ- နတ်သား။ ဒီပဒေါ-ဆီမီးကိုပေးလှူသည်ရှိသော်။ စက္ခုဒေါ- မျက်စိကိုပေးလှူသည်မည်သည်။ ဟောတိ-ဖြစ်၏။

ဆီမီးတို့, ဖရောင်းတိုင်တို့ အခုကာလလို ဓာတ်မီးတို့ပေါ့၊ ညဉ့်အခါကာလကျလို့ မှောင်မိုက်သွားမယ်ဆိုရင် ဘာမှမမြင်ရဘူး၊ မီးထွန်းပေးလိုက်တယ်ဆိုရင် အကုန်မြင်ရပြီး မျက်စိကို ပေးလှူသည်မည်တယ်။

စတုတ္ထ ပုစ္ဆာ ဆီမီးအရောင်အလင်း လှူတဲ့ ပုဂ္ဂိုလ် မျက်စိကို ပေးလှူသည်မည်တယ်။

အရှင်အနုရုဒ္ဓါ မထေရ်မြတ်များကဲ့သို့ ဒိဗ္ဗစက္ခုအဘိညာဉ်နှင့် ပြည့်စုံခြင်း၏ အကြောင်းလဲ ဖြစ်နိုင်တယ်။

ပဉ္စမပုစ္ဆာကတော့၊ "ကော စ သဗ္ဗဒဒေါ ဟောတိ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော" ဘန္တေ-မြတ်စွာဘုရား။ ကော-အဘယ်ကိုလှူသောသူသည်။ သဗ္ဗဒဒေါ-အလုံးစုံဆိုအပ်ခဲ့ပြီးသော ရှေလေးမျိုးပါ လှူသည်မည်သည်။ ဟောတိ၊ ဖြစ်ပါသနည်း။

ပုစ္ဆိတော- မေးလျှောက်အပ်သော အရှင်ဘုရားသည်။ မေ- တပည့်တော်အား။ တံ-ထိုအမေးပုစ္ဆာ ပြဿနာကို။ အက္ခာဟိ၊ ဖြေကြားတော်မူပါဘုရား။ ငါးမျိုး မေးတယ်။

ဘုရားရှင်က "သော စ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ၊ ယော-သဒ္ဓါတရားရှိသော အမျိုးကောင်းသားသမီးသည်။ ဥပဿယံ-ကျောင်းကို။ ဒဒါတိ၊ လှူ၏။ သော၊ ထိုသူသည်။ သဗ္ဗဒဒေါ၊ အလုံးစုံကိုလှူသည်မည်သည်။ ဟောတိ၊ ဖြစ်၏။

ကျောင်းလှူတဲ့ ပုဂ္ဂိုလ်မယ်တော့ကို ကျောင်းလဲ လှူပြီးဖြစ်တာပဲ၊ ခွန်အားဗလကိုလဲ လှူပြီးဖြစ်တာပဲ၊ အဆင်းသဏ္ဍာန်ကိုလဲ လှူပြီးဖြစ်တာပဲ၊ ချမ်းသာသုခကိုလဲ လှူပြီး ဖြစ်တာပဲ၊ မျက်စိကိုလဲ လှူပြီးဖြစ်တာပဲ။

အစာအာဟာရ မစားရလို့ မောပန်းလို့ အကြောင်းမသင့်လို့၊ အစာအာဟာရ ပြတ်လို့၊ အချိန်လွန်လို့၊ မောပန်းနေတဲ့သူဟာ ကျောင်းအရိပ်ထဲ ဝင်ပြီးတော့ ခနခေတ္တ အပန်းဖြေလိုက်တယ် ဆိုရင် တခါထဲ အားရှိပြီးသွားတယ်၊ ပြင်ဘက်သွားလာနေတဲ့အခါ နေပူကြောင့် တကိုယ်လုံး အဆင်းသဏ္ဍာန် ပျက်ပြီး ကျောင်းထဲ ဝင်ခိုလိုက်တယ်ဆိုရင် အပူဒဏ်တွေပျောက်၊ ချွေးယွင်းဖောက်ပြန်နေတဲ့ ရုပ်အဆင်းတွေဟာ ပျောက်ကွယ်ပြီးတော့ ပကတိအတိုင်း ဖြစ်ပြီးတော့ လှပတင့်တယ်သွားတယ်။

ပြီးတော့ကို စိတ် ချမ်းသာခြင်း ရဖို့ ဆိုထာကလဲ ကျောင်းထဲနေရင် အမြဲချမ်းသာနေတယ်၊ ပြီးတော့ နောက်ဆုံး ဖြစ်တဲ့ မျက်စိနဲ့ စပ်လို့ ပြင်ဘက်နေတဲ့သူဟာ နေပူထဲရောက်လို့ နေပူရိုက်လို့၊ မျက်စိအခိုးသင့်လို့၊ မျက်စိဝေပြီးတော့ မျက်စိပြာပြီးတော့ အပန်းဖြေလိုက်လို့ရှိရင် တော်ကြာ မျက်စိ ကြည်လင်ပြီးတော့ အလင်းရောင်တွေ ကောင်းမွန်စွာ မြင်နိုင်တယ်။

ဤလေးမျိုးပါ လှူသည်မည်တယ်၊ ပုစ္ဆာငါးချက် ဘုရားရှင် ဖြေကြားတော်မူတယ်၊ နတ်သား သဘော ကျပြီးတော့ သေရာ ကင်းတဲ့၊ သေခြင်း

ကင်းတဲ့ နိဗ္ဗာန်ကို ဒီနတ်သားက သတိမရလို့လား မသိလို့လားမသိ၊ မေးခြင်း လျှောက်ထားခြင်းမရှိဘူး၊ ဘုရားရှင်က အပိုဖြေလိုက်တယ်။

**"အမတံ ဒဒေါစ သော ဟောတိ၊ ယော ဓမ္မ မနုသာသတိ"**ဖြေ–ကြိမ်မြောက် ဘုရားရှင်က အဖြေပေးဖို့ က်တယ်၊ မမေးပဲနဲ့ အဖြေသိဖို့ ထပ်ပြီးဟောလိုက် တာဘဲ။

ယော– အကြင်သူသည်။ ဓမ္မံ တရားတော်ကို။ အနုသာသတိ- ပြောဟော ဆုံးမ၏။ သော-ထိုတရားဟောပြောသော ဓမ္မကထိကပုဂ္ဂိုလ်သည်၊အမတံဒဒေါ- မှသေခြင်းကိုပေးသည်။ ဟောတိ ဖြစ်၏။

တရားဟောတဲ့ ပုဂ္ဂိုလ်များအားရှိဖို့၊ တရားဟောဆိုတာ ယခုလိုပြောတာ မျိုးလဲ တရားဟောတာပါပဲ၊ စာချ ပုဂ္ဂိုလ်များ၊ ပါဠိတော်တွေ ပို့ချနေ, အဋ္ဌကထာတွေ ပို့ချနေ, ဓမ္မက္ခန္ဓာ ရှစ်သောင်း-လေးထောင်၊ ပိဋကတ်သုံးပုံတဲ့၊ နိကာယ်ငါးရပ်တဲ့၊ အင်္ဂါကိုးတန်တဲ့၊ ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင်တဲ့၊ စာချပုဂ္ဂိုလ်တယောက် ပို့ချလိုက်လို့ တတ်မြောက်ပြီးသွားတဲ့ ပုဂ္ဂိုလ်တွေ တရာလဲရှိနိုင်တယ်၊ ၂-ရာလဲရှိမယ်၊ ၁-ထောင်လဲရှိမယ်၊ ၂–ထောင်လဲ ရှိမယ်၊ ဒီက အဆင့်ဆင့်ပွားပြီး သွားမယ်ဆိုလို့ရှိရင် ဒို့ရွှေကျင်ဂိုဏ်းကြီးမယ် ရှေးက တော့ ထားပါတော့ ဘုရားရှင်လက်ထက်က စ,လာတာပါဘဲ၊ သို့သော်လဲဘဲ နီးကပ်ရာ ချုပ်ပြီး ပြောရမယ်ဆိုလို့ရှိရင် ရွှေကျင် ဆရာတော်လက်ထက်က ရွှေကျင်ဂိုဏ်းရယ်လို့ ထင်ရှားလာခဲ့တယ်၊ ရွှေကျင်ဂိုဏ်းကြီး၌ ရွှေကျင်ဆရာတော် ဘုရားကြီး ဟောပြောလို့ ကြီးပွားတဲ့ ရဟန်းသာမဏေပေါင်း ဘယ်လောက် များမလဲ၊ တဂိုဏ်းလုံး ဆိုကြပါစို့၊ ယခု သံဃာတသောင်းကျော် ၂-သောင်း လောက်ရှိတယ်၊ နှစ်ပေါင်း ၆၀ကျော်၊ ၇၀-ကျော်လောက်ရှိသွားပြီ၊ ရွှေကျင် ဆရာတော်ကြီး ပျံလွန်တော်မူသွားတာ၊ ရွှေကျင်ဆရာတော်ဘုရားကြီးလက်ထက် ကစပြီး ရွှေကျင်ဂိုဏ်း ရွှေကျင်ဆရာတော်ဘုရားကြီးဩဝါဒကိုခံယူလို့ ရွှေကျင် ဆရာတော် အနီးအပါး ကပ်ရောက်ပြီး စာပေကျမ်းဂန်သင်အံလို့ တတ်မြောက် လို့ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးများလိုပေါ့ ဒီ တိုက်ကြီးကို စ, တည်ထောင်တဲ့ မဟာ ဝိသုဒ္ဓါရုံ ဆရာတော်ကြီးများလို၊ မောင်းထောင် ဆရာတော်ကြီးများ လို ဆရာတော်တွေ အများအပြား၊ တဆိပ်ရ ဆရာတော်တွေလဲ အများကြီး ထွက်ပါတယ်၊ ဒီနားက မြတောင်ဆရာတော်ကြီးများဆိုလဲ ရွှေကျင်တိုက်က ကြီးပွားတာပဲ၊ ဒီလို ကျမ်းဂန် တတ်မြောက်ပြီးတော့ အဆင့်ဆင့်ပို့ကြ၊ ချကြ သင်ကြားပေးကြလို့၊ စာချပုဂ္ဂိုလ်တွေ ယခုထက်တိုင် ရေတွက်လို့မကုန်နိုင်အောင် အလွန်များပြားလှပြီ။

ဒီ ပုဂ္ဂိုလ်တွေဟာလဲဘဲ၊ **အမတံ ဒဒေါစ သော ဟောတိ၊ ယော ဓမ္မ မနုသာသတိ** - ထဲ ပါတာဘဲတဲ့၊ တရားဟောတဲ့ ပုဂ္ဂိုလ်လဲဘဲ မဇ္ဈသတဲ့တရား လှူသည် မည်တာဘဲ၊ စာချပုဂ္ဂိုလ်လဲ မသေတဲ့တရား ပေးလှူသည် မည်တာဘဲ၊ စာချဖို့ တိုက်တွန်းတဲ့ပုဂ္ဂိုလ် ယခု မန္တလေးမြို့ ပရိယတ္တိသာသနဟိတ အသင်း လို့၊ ရန်ကုန်မြို့က စေတိယင်္ဂဏအသင်းများလိုပေါ့လေ၊ ဒီမှတပါး ကျောင်း တိုက်ကြီး ဒါယကာအမည်ခံလို့ ကျောင်းဒါယကာ အမည်ခံလို့ ကျောင်းအမ အမည်ခံလို့ ကျောင်းပေါ်မှာ စာချပုဂ္ဂိုလ်၊ စာချဆရာတော်တွေ ပင့်ပြီးတော့ တရားဟောတော်မူပါ၊ စာချတော်မူပါ၊ တရားနှလုံးသွင်းတော်မူပါ၊ တရား အားထုတ်တော်မူပါလို့ နှုတ်ကဖွင့်ပြီးတော့ မတိုက်တွန်းသော်လဲဘဲ သူတို့စိတ် ဓာတ်က ဒီလို သာသနာတော်ကြီး ထမ်းဆောင် နိုင်ကြပါစေလို့ စေတနာ စိတ်ထဲက တောင့်တချက်နဲ့ မျှော်မှန်းပြီးတော့ တိုက်တာအရာမျာတဲ့ ပုဂ္ဂိုလ် တွေလဲဘဲ တရားဟော တိုက်တွန်းတဲ့ ပုဂ္ဂိုလ်တွေဘဲ၊ စာချအောင် တိုက်တွန်းတဲ့ ပုဂ္ဂိုလ်တွေဘဲ၊ သူတို့လဲ " အမတံ ဒဒေါစ သော ဟောတိ၊ ယော ဓမ္မမနုသာ သတိ " ထဲပါနိုင်တယ်။

နတ်သားမေးလျှောက်တဲ့ ပုစ္ဆာဂါးချက်ထဲမယ် ပဌမအမေး " **သောစ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ** " ကျောင်းလှူတဲ့ ပုဂ္ဂိုလ် 'သဗ္ဗဒဒ' ခေါ်တယ်၊ ဒီလေးမျိုးလဲရရဲ့ (အမတဒါန) မသေခြင်း လှူဒါန်းတဲ့ နောက်စကားနဲ့လဲ နောက်အလှူကိုလဲ သဗ္ဗဒဒထဲ ထည့်ယူမယ်ဆိုလို့ရှိရင် ဒီလိုလဲ ယူထိုက်တာဘဲ၊ ယူသင့်တဲ့ အဓိပ္ပါယ်တွေလဲ ပါတာဘဲ၊ တရားဟောတဲ့ ပုဂ္ဂိုလ် (သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ) ဆိုလို့ အမြတ်ဆုံး ဖြစ်တဲ့ ဓမ္မဒါန တရားဟောတဲ့ သူလဲ ထိုဓမ္မဒါနမျိုး ရတာဘဲ၊ တရားဟောရန် တိုက်တွန်းတဲ့ ပုဂ္ဂိုလ်လဲ ထိုဓမ္မ ဒါနမျိုး ရတယ်၊ ဒီလို ယူထိုက်တယ်၊ ယူသင့်တယ် ယူနိုင်တာဘဲ။

အဲခုလို ဇေတဝန် ကျောင်းတော်မှာ နတ်သားလျှောက်လို့ ဘုရားရှင် ဟော ကြားတော်မူတယ်၊ ဒီ ဒေသနာနဲ့ စပ်လို့ ယခု ကျောင်းလှူပွဲပြုကြတဲ့ သူများ ပေါ့လေ၊ ကျောင်းလှူပွဲနဲ့ စပ်လို့ နိဗ္ဗာန်ရောက်ကြောင်း ကုသိုလ်တွေ ငါတို့ ပွားများရပေတယ်လို့ အနာထပိဏ် သူဌေးကြီးများ ဥဒါန်းကျူးပြီး ယူရသလို ဝိသာခါ သူဌေးကတော်ကြီးများ ဝမ်းမြောက် ဝမ်းသာ ကခုန်ပြီး ပျော်ရွှင်ပြီး ဝမ်းမြောက်ရသလို ဝမ်းသာရသလို–

ဤကုသိုလ်ကြောင့် သံသရာဝဋ်မြစ် ပြတ်ပြီးတော့ နိဗ္ဗာန်တိုင်အောင်သော အကျိုး ရပေလိမ့်မယ်လို့ ယုံကြည်အားထားလို့ ကိုယ်စီ ကိုယ်စီအများဘဲ သဒ္ဓါ

တရား တိုးပွားလို့ သူတော်ကောင်းတရားကို ပွားများအားထုတ် နိုင်ကြပါစေ ကုန်သတည်း။

၁၃၂၀-ခု၊ မန္တလေး ဝါးတန်းရပ် ဒေါ်ကြင်စိန်၊ မအကြင်တို့ ဆောက် လုပ်လှူဒါန်းသော "**မဟာဝိသုဒ္ဓါရုံ အသောကသမိဒ္ဓိ အင်္ဂကျောင်းကြီး**" ရေစက်ချ အခမ်း အနား ကျောင်းသာခုခေါ်ပွဲ ကျင်းပရာ၌ ဆရာတော်ကြီး ကိုယ်တော်တိုင် နှုတ်မြွက်ဟောတော်မူသော အနုမောဒနာ တရားဖြစ်ပါသည်။

---

## အာဃာတနည်းတရား

### နှုတ်မြွက်ဟောတရား အမှတ် (၁၅)

(ကျေးဇူးရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး၏ သတိတရ အထိမ်း အမှတ်ပွဲသဘင်ကို ဝါဆိုလဆန်း ၈-ရက်နေ့တိုင်း မဟာဝိသုဒ္ဓါရုံ ပိဋကတိုက် စံကျောင်းတော်၌ နှစ်စဉ် ပြုလုပ်ခဲ့ရာ "၁၃၂၃-ခု၊ ဝါဆိုလဆန်း ၈-ရက်" နေ့ ဟော တရားတပုဒ်ကို ရရှိထားပါသည်၊ အခြားနှစ်များ၌ တိတ်ကြုံးခွေဖြင့် မကူး ယူမိကြပါ။)

အချိန်ကျပလား၊ အချိန်ကျရင် ဒို့အလှည့် ရောက်လာတော့ နဲနဲပြောပါ့ မယ်၊ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးကို မမှီလိုက်ကြတဲ့ ပုဂ္ဂိုလ်တော် တော်များ၊ မှီလိုက်သေးတဲ့ ပုဂ္ဂိုလ် တော်တော်နဲသွားပြီ၊ တနေ့ကတွက်ကြည့် တော့ ဒီတိုက်ထဲမှာ ဆရာတော်ဘုရားကြီး ဖူးတွေ့လိုက်ရ၊ မှီလိုက်တဲ့ ပုဂ္ဂိုလ် (၇)ပါးလောက်ဘဲ ရှိတော့။ မမှီတဲ့ ပုဂ္ဂိုလ်များတယ်၊ ဆရာတော်ဘုရားကြီး ဟာ (၁၂၀၀) ပြည့်နှစ် ဖွားမြင်တော်မူတယ်၊ ပျံလွန်တော်မူတော့၊ (၁၂၇၈) ခုနှစ်မှာ ပျံလွန်တော်မူတယ်၊ ရှေ့ပိုင်းကျလို့ ဆရာတော်ဘုရားကြီး၏ အကြောင်း အရာ သိကြ၊ မြင်ကြ၊ မှီလိုက်ကြတဲ့ ပုဂ္ဂိုလ်များက ဆရာတော်ကြီး၏ ဂုဏ်

မကျေးဇူး ပြောလို့ မပြီးနိုင်, ဂုဏ်ကျေးဇူးအလွန်များတဲ့ပုဂ္ဂိုလ်ကြီးဘဲ၊ ပြောလို့ မကုန်နိုင်အောင် တဆင့်စကား အများကြီး ကြားရဘူးတယ်။

ဆရာတော်ဘုရားကြီး ပျံတော်မူတာ ၄၅-နှစ်ရှိသွားပြီ၊ အထိမ်းအမှတ်ပွဲလုပ်တာက နောက်တနှစ်မှ လုပ်တာဆိုတော့ (၄၄)ကြိမ်နဲ့တူရဲ့။

ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို ပြောရတဲ့လူကလဲ ပြောလို့အားမရနိုင်ဘူး။ ပြောချင်နေတာဘဲ၊ ကြားရတဲ့လူကလဲ ကြားလို့အားမရနိုင်ဘူး။ ကြားချင်နေတာဘဲ၊ နားထောင်ချင်နေတာဘဲ၊ အာစရိယဂုဏော အနန္တောတဲ့၊ အလွန်ရိုးနေတဲ့ပါဠိဘဲ၊ သို့သော် ဆရာသမားတို့၏ ဂုဏ်ကျေးဇူးဟာ ရေတွက်၍ မကုန်နိုင် အလွန်များတယ်၊ များသလောက် တပည့်များမယ် ကျေးဇူးခံရသလား ဆိုတော့- တချို့တချို့ ပုဂ္ဂိုလ် ကျေးဇူးများများကြီး ခံစားရတယ်၊ တချို့တချို့ ပုဂ္ဂိုလ်မှာ နည်းနည်းဘဲ ခံစားရတယ်၊ တချို့တချို့ပုဂ္ဂိုလ်မှာ ဆရာရယ်, တပည့်ရယ် ပြောရရုံလေးဘဲ၊ ဘာမှနည်းလမ်းမရလိုက်ဘူး၊ ဒီလိုဟာကလဲ ရှိနေသေးတာဘဲ၊ ဒီတော့ကို အာစရိယဂုဏော အနန္တောဆိုတဲ့အတိုင်း အထိမ်းအမှတ်ပြုကြတယ်၊ အထိမ်းအမှတ်ပြုတယ်ဆိုတာ ဆရာတော်ဘုရားကြီး ကျေးဇူးဆပ်တာဘဲ၊ ဆရာတော်ဘုရားကြီးရဲ့ အလွန်များပြားတဲ့ ဂုဏ်ကျေးဇူးတွေ၊ တော်ကြာ သူတို့ဂါထာဖတ်တဲ့အခါ ပါ,ပါလိမ့်မယ်၊ ဆရာတော်ဘုရားကြီးရဲ့ အလွန်များပြားတဲ့ ဂုဏ်ကျေးဇူးတွေနဲ့စပ်လို့၊ ဒါတွေကျေးဇူးပြန်ဆပ်မယ်၊ နည်းနည်းရတဲ့ သူကလဲ ကျေးဇူးဆပ်, များများရလိုက်တဲ့သူကလဲ ကျေးဇူးဆပ်၊ ဆရာတော်ဘုရားကြီး မမှီလိုက်တဲ့ ပုဂ္ဂိုလ်များကလဲ အဆင့်ဆင့်ပြောကြလို့ ကြားဘူးကြ၊ အထိမ်းအမှတ်ပွဲနဲ့ ဆရာတော်ဘုရားကြီး ကျေးဇူးဆပ်ကြ၊ ဒီလိုဆပ်ရုံနဲ့ ကျေနပ်ပြီလား, မကျေနပ်ရဘူး၊ ဆရာတော်ဘုရားကြီး ဆုံးမဩဝါဒ များများကြီးရတဲ့ ပုဂ္ဂိုလ်က များများဆပ်၊ ကိုယ်သိသမျှ ဆရာတော်ဘုရားကြီး ဘယ်လိုဟောခဲ့တယ် သိတင်းနေ့တိုင်း ဖတ်နေတယ်၊ ဆရာတော်ဘုရားကြီး ဩဝါဒများများ လိုက်နာသူဟာ ဆရာတော်ဘုရားကြီး ကျေးဇူးများများ ဆပ်သည်မည်တယ်၊ ဒီလိုပုဂ္ဂိုလ်ဟာ အလွန်ရခဲတယ်။

"**ဒုလ္လဘော ပုရိသာဇညော၊ န သော သဗ္ဗတ္ထ ဇာယတိ**" ပုရိသာဇညော၊ ယောကျ်ားအာဇာနည် ပုဂ္ဂိုလ်သည်။ ဒုလ္လဘော - အလွန်ရခဲ၏။ သော- ထိုအာဇာနည်ပုဂ္ဂိုလ်သည်။ သဗ္ဗတ္ထ- အလုံးစုံသောအမျိုး၌။ သဗ္ဗတ္ထ- အလုံးစုံသော အရပ်၌။ နဇာယတိ- မဖြစ်။

အခုခေတ်မှာတော့ အာဇာနည်ပုဂ္ဂိုလ်တွေ ပေါပါရဲ့၊ ကျမ်းဂန်နဲ့ညီတဲ့ အာဇာနည်ပုဂ္ဂိုလ်တော့ ဟုတ်ပုံမရပါဘူး၊ စစ်တိုက်ရာ သေနတ်မှန်သေသွားတဲ့ စကားပြောကောင်းတဲ့ ပုဂ္ဂိုလ်ကို အာဇာနည်လုပ်နေကြတာဘဲ၊ ဘယ်လိုစကား ပြောကောင်းတယ်ဆိုပေမဲ့ သူတို့စကားတွေ ကြားရတာ ကုသိုလ်ဖြစ်ဘို့ကနဲနဲ၊ ဒေါသတွေ ဖြစ်ဖို့၊ မာနတွေဖြစ်ဘို့က များတယ်၊ မနေ့က အာဇာနည်နေ့ ခေါ် တာပါဘဲ၊ သတင်းစာတွေက ရေးကြတယ်၊ အာဇာနည် ပါဘဲလို့၊ သူတို့ဟာ တွေဖတ်လိုက်ရင်၊ သတင်းစာထဲပါတာတွေ ဖတ်လိုက်ရင်. ဒေါသဖြစ်ဖို့၊ စစ်တိုက် ဖို့ မခံချင်ဖို့ "ယောနိသော မနသိကာရ" မရှိရင် အကုသိုလ်ဖြစ်ဖို့များတယ်၊ ဒီလို အကုသိုလ်တွေ ဖြစ်အောင်ပြောတဲ့ ပုဂ္ဂိုလ်ကိုလဲ အာဇာနည် ခေါ်ချင်ခေါ် နေကြတာဘဲ။

ကျမ်းဂန်နဲ့ညီတဲ့ အာဇာနည်မျိုး မဟုတ်ပါဘူး၊ ဒုလ္လဘောလို့ ဘုရားရှင်က ဟောတာဘဲ၊ ယခုခေတ် အာဇာနည်မျိုးဆိုရင်ဖြင့် ဒုလ္လဘော မဟုတ်ပါဘူး၊ သုလဘော-ဖြစ်နေတယ်၊ ဟိုကဖြင့် အာဇာနည်၊ ဒီကဖြင့် အာဇာနည် ခေါ်ကြ ပါရဲ့၊ အကျိုးတမျိုး ကြည့်ပြီး စိတ်ဓာတ် မြင့်တက်သွားအောင် ခေါ်ကြတာ ဘဲ၊ တကယ် အစစ်မတော့ကို အလွန်ရခဲတယ်။

**"ယတ္ထ သော ဇာယတိ ဓီရော၊ တံ ကုလံ သုခ မေဓတိ"**။ အာဇာနည် ပုဂ္ဂိုလ် ဖြစ်လာတဲ့ အရပ်၊ အာဇာနည်ပုဂ္ဂိုလ် ပေါ်လာတဲ့အမျိုး၊ ထိုအမျိုးဇာတ်ဟာ အလွန်ကြီးပွားရတယ်၊ ရွှေကျင်ဆရာတော်ဘုရားကြီး တည်းဟူသော အာဇာ နည်ပုဂ္ဂိုလ်ကြီး ပေါ်ပေါက်လို့ ရွှေကျင်ဂိုဏ်းကြီး ဘယ်လောက် ကျက်သရေရှိ သလဲ၊ ဘယ်လောက်ဂုဏ်သရေရှိသလဲ၊ ရွှေကျင် ဆရာတော်ဘုရားကြီးနောက် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ပေါ်လာ၊ ရွှေကျင်ဂိုဏ်းကြီး ဘယ်လောက် ကျက်သရေမင်္ဂလာရှိလဲ၊ ထိုဆရာတော်ကြီးတွေ ပေါ်လာလို့ သာသနာတော်မယ် ဓမ္မကထိကကြီးတွေ ဖြစ်လို့၊ စာချပုဂ္ဂိုလ်ကြီးတွေဖြစ်လို့၊ သာသနာပြု ပုဂ္ဂိုလ်ကြီး တွေ အများကြီး ပေါ်လာတယ်။

ဓမ္မကထိကပုဂ္ဂိုလ်တွေ အများကြီးပေါ်လာတယ်၊ တောအရပ်နေပြီးတော့ သမထ ဝိပဿနာတွေ အားထုတ်ပြီး ထိုဆရာတော်ဘုရားကြီးတွေလို နေမယ်လို့ အားထုတ်တဲ့ ဆရာတော်ဘုရားကြီးတွေရဲ့ တပည့်တွေလဲ အများကြီး ပေါ်လာ တယ်။

ယတ္တ-အကြင်ဂိုဏ်း၌။ ဓိရော- ပညာဉာဏ် ရှိသော။ သော-ထို ဆရာတော် တည်းဟူသော ပုဂ္ဂိုလ်ကြီးသည်။ ဇာယတိ-ဖြစ်၏။ တံကုလံ-ထို ဂိုဏ်းဂဏသည်။ သုခံ- ချမ်းသာစွာ။ ဧဓတိ- ကြီးပွား၏။

အဲဒီလို ဆရာတော်ဘုရားကြီးတွေကို ကျေးဇူးရှင်ကြီး တွေဘဲ၊ ကျေးဇူး ဆပ်မယ် ဆိုပြီး အထိမ်းအမှတ်ပွဲတွေပြု၊ ဆရာတော်ဘုရားကြီး လိုလား တောင့်တတဲ့ ပရိယတ်, ပတိပတ်ပေါ့လေ၊ "ရဟန်းကိစ္စ, နှစ်ဓူရ၌, လုံ့လအားသည်း"တဲ့။

ရဟန်းကိစ္စဟာ ပရိယတ်တဲ့, ပတိပတ်တဲ့ ၂-မျိုး ရှိတယ်၊ ဒီ ၂-မျိုးကို လုံ့လ အားသည်းရမယ်လို့ ဆိုတယ်၊ အားကြီးသော ဝီရိယဖြင့် စာပေ ကျမ်းဂန်ကို လေ့လာရမယ်၊ လိုက်စားရမယ်၊ ဝိပဿနာဓုရကို လေ့လာရမယ် လိုက်စားရမယ်၊ ဒီဩဝါဒ ရလို့ ဒီဩဝါဒအတိုင်း လိုက်နာတဲ့ ပုဂ္ဂိုလ်ဟာ နောင် ကြီးပြင်းရင် ဒီ ဆရာတော်ဘုရားများလို သာသနာပြု အဓိပတိဆရာတော်ကြီး အဖြစ်သို့ ရောက် သွားနိုင်တယ်၊ ကျေးဇူး ပြုနိုင်တယ်၊ ဒီ ဆရာတော်ဘုရားကြီးတွေက ဩဝါဒ တွေ သူတို့ မရှိတဲ့နောက် လိုက်နာဖို့ ပေးသွားတယ်၊ ဆုံးမစာတွေ ရေးပြီး ထားခဲ့တယ်၊ လိုက်နာနိုင်ရင် အလွန် ကျေးဇူးများတယ်။

ဒါကြောင့် ဆရာတော်ဘုရားကြီးကဘာတွေများဟောပါလိမ့်မလဲ၊ ဟောခဲ့ တာတွေကတော့ အများကြီးပါဘဲ၊ သို့သော်လဲဘဲ(ရဟန်းကိစ္စ, နှစ်ဓူရ၌, လုံ့လ အားသည်း) ဆိုတဲ့ ဒီဩဝါဒလောက်ကို ရရင်ဘဲ ထို ဆရာတော်ဘုရားကြီးတွေ လို အဖြစ်မျိုး ရောက်သွားနိုင်တယ်၊ သုခံ ဧဓတိ၊ ချမ်းသာစွာ ကြီးပွားနိုင်တယ်၊ ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒ လိုက်နာသဖြင့် ဘုရားသာသနာတော်မှာ ဆရာ တော်ဘုရားကြီး ဩဝါဒ အကြောင်းပြုပြီး အထက်တန်းကျအောင် လိုက်နာနိုင် သမျှ လိုက်နာပြီး သူတော်ကောင်းတရားကို ပေါ့လေ၊ ကိုယ်စီကိုယ်စီ ပွားများ အားထုတ်နိုင်ပါစေသတည်း။ (၁၃၂၃-ခု)

## ရှင်ပြုမင်္ဂလာ

## (စိတ်ကောင်းထားကြတရားတော်)

### နှုတ်မြွက်ဟောတော်မူသောတရား အမှတ်(၁၆)

တရားကတော့ မနေ့က တရားလိုဘဲ၊ရှေ့ဆောင်လမ်းပြကောင်းရင် နောက်က ပုဂ္ဂိုလ်တွေ အကုန်လုံး ကောင်းလိုက်လာမှာဘဲ၊ ရှေ့ဆောင်လမ်းပြ ပုဂ္ဂိုလ်က မကောင်းရင် နောက်က ပုဂ္ဂိုလ်တွေ မကောင်းဘူး၊ ပကတိလူတွေ၊ ရဟန်းတော်တွေတင် မကဘူး၊ တယောက်ထဲမှာလဲ ရှေ့စိတ်က ကောင်းရင် နောက်စိတ်က လဲ ကောင်းပြီး, ပါလိုက်သွားမယ်ဆိုရင် ကောင်းတယ်၊ ရှင်လောင်းကလေး၊ ပေါ်လာကထဲက ရှေးဦးစွာပထမဆုံး ရှင်ပြုချင်တဲ့စိတ်ကလေး ဖြစ်ရမယ်၊ အဲဒီစိတ်ဟာ စိတ်ကောင်းဘဲ၊ နောက်ထပ်ရှင်ပြုမယ်, ရှင်ပြုမယ်ဆိုတဲ့စိတ်တွေ အဲဒီစိတ်တွေ အကြိမ်ပေါင်း ဘယ်လောက်များမလဲ၊ အကြိမ်ပေါင်း တထောင်မက ဘူး၊ တသောင်းမကဘူး၊ ရှင်ပြုချိန် အရွယ်မရောက်ခင် ရှင်ပြုမယ်, ရှင်ပြုမယ်, ရှင်ပြုချင်တဲ့စိတ် နောက်ကို ဆိုတဲ့ နောက်စိတ်က လိုက်လိုက်ပြီး၊ တခါထဲ ရှင်ပြုဖြစ်သွား သိတ်ကောင်းတယ်၊ဒီကောင်းမှုကြောင့် နိဗ္ဗာန်ရရပါလို၏၊ဒီနေ့လဲ ဆုတောင်း၊ နက်ဖန်လဲ ဆုတောင်း၊ တဘဝလုံးဆုတောင်း၊ ဒီစိတ်ကလေး နောက်ကို နောက်စိတ်က တခါထဲ ထပ်လိုက်သွားတယ်၊ မကောင်းတဲ့စိတ်လဲ ထို့အတူဘဲ။

ရှေ့စိတ်နောက်, နောက်စိတ်က တခါထဲ လိုက်ဖြစ်သွားတယ်၊ ဒီဘဝလဲ မကောင်းဘူး၊ နောက်ဘဝလဲ မကောင်းဘူး ၊ တသံသရာလုံး မကောင်းဘူး၊ နိဗ္ဗာန်ကို ဘယ်တော့မှ မရဘူးတဲ့၊ ရောက်မှာမဟုတ်တဲ့ "သံသရာ့သစ်ငုတ်"ဆိုတဲ့ သတ္တဝါမျိုးက ရှိသေးသတဲ့၊ နိဗ္ဗာန်ဘယ်တော့မှ မရဘူးတဲ့၊ သူတို့ ဟိုဟေဠိမာဇဋ္ဌ ဆိုတဲ့ မြေကြီးအောက်မှာ ရေရှိသေးသတဲ့၊ ရေတွေအောက်က လေတွေရှိသတဲ့၊ လေတွေ အောက်မှာ ကောင်းကင်ရှိသတဲ့၊ ကောင်းကင်အောက်မှာတော့ ဘာမှ မရှိဘူး၊ အောက်ကောင်းကင် ခေါ်တာပေါ့လေ၊ အထက် ကောင်းကင်ကတော့ ကို အောက်နိမ့်နိမ့်လာမယ်ဆိုရင် နားစရာမြေကြီးရှိတယ်၊ အောက်ကောင်းကင် ကျတော့ကို နားစရာမရှိဘူး၊ငှက်တွေဘာတွေဆို နားစရာမရှိဘူး၊ အဲဒီလို သံသရာ ကြီးထဲ ဝဲလယ်ပြီး နားစရာဘယ်တော့မှ မရှိဘူး၊ နိဗ္ဗာန် ဘယ်တော့မှ မရောက် နိုင်ဘူး၊ ဒီပုဂ္ဂိုလ်မျိုးလဲ ရှိသေးသတဲ့၊ ဒါဘာလဲဆိုတော့ ရှေ့စိတ် မကောင်းတဲ့

နောက်ကို နောက်စိတ်က လိုက်လိုက်ပြီး နေတယ်၊ ပုထုဇဉ်တွေ ဖြစ်တော့ကို တခါတရံ မကောင်းတဲ့စိတ် ပေါ်တယ် ဒီမကောင်းတဲ့စိတ်နောက်ကို မလိုက်နဲ့၊ ဒီစိတ် မကောင်းဘူး ဖြတ်ပစ်လိုက်၊ ကောင်းတဲ့စိတ်ကလေး ပေါ်လာရင်၊ ဒီစိတ် ကောင်းတယ်၊ ဒီ စိတ်နောက် လိုက်မယ်ဆိုပြီး လိုက်ရင်ဖြင့် ဘယ်တော့မှ အပါယ်မကျဘူး။

"စိတ္တေန နီယတေ လောကော" လို့ ဆိုတယ်၊ စိတ္တေန- စိတ်သည်။ လောကော- လူကို။ နီယတေ- ဆောင်အပ်၏။ လောကော- သတ္တလောကကို။ နီယတေ ဆောင်အပ်၏။

ရွာက အခုလာတဲ့ လူတွေကို ဘာနဲ့လာသလဲ မေးရင် ကားနဲ့ လာတယ်လို့ ဖြေချင် ဖြေကြမယ်၊ အမှန်တိုင်းဆိုတော့ စိတ်က ဆောင်လာတာဘဲ၊ လာချင်တဲ့ စိတ်က ဆောင်လို့ ဒီကိုရောက်လာတာဘဲ၊ ဒီက နက်ဖြန် ပြန်ကြစို့ဆိုရင် ပြန်ချင်တဲ့ စိတ်က ရွာရောက်အောင် ပို့မှာဘဲ၊ မပြန်ချင်သေးတဲ့သူ ရွာမရောက်သေးဘူး၊ မန္တလေးဘဲ ရှိဦးမှာဘဲ။

လူ့ပြည် လူဖြစ်နေတဲ့ပုဂ္ဂိုလ်ကို ဘဝါဘဝက လာတဲ့ ကုသိုလ်စိတ်က ပို့တာ၊ နတ်ပြည် ဗြဟ္မာပြည်မယ် ချမ်းသာလိုက်တာ ဘယ်သူက ပို့သလဲ၊ သူတို့စိတ်က ပို့တယ်၊ သူတို့ ကုသိုလ်စိတ်ပေါ့လေ၊ အပါယ် ၄-ဘုံမယ် သတ္တဝါတွေ ဆင်းရဲ လိုက်တာ သူတို့ကို ဘယ်သူက ပို့သလဲ၊ သူတို့ မကောင်းတဲ့ စိတ်က ပို့တယ်၊ စိတ္တေန နီယတေ လောကော တဲ့။

ဒီတော့ကို ဘယ်သူ့မှ မေးမနေနဲ့၊ ပညာရှိတွေ မေးမနေနဲ့၊ ကိုယ့်စိတ်ကို ကိုယ်သိတယ်၊ ငါစိတ်ကောင်းရင် ကောင်းရာ ရောက်မှာဘဲ၊ မကောင်းရင် မကောင်းရာ သွားရမှာဘဲ၊ တရားအထူးကို နားလည်ရမယ်၊ ဟာ ဒီစိတ် မကောင်းဘူး၊ ဒီစိတ်နောက်မလိုက်နဲ့၊ ဒီစိတ်ကောင်းတယ်၊ ဒီစိတ်နောက် လိုက်၊ လှူချင်တဲ့လူဟာ ရတာလှူချင်တာဘဲ။

ဝေဿန္တရာ မင်းကြီးဟာ မွေးမွေးချင်း "မိခင် ကျွန်ုပ် လှူချင်ပါတယ်၊ လှူစရာပေးပါ တောင်းတယ်၊ ငွေတထောင်ထုပ်ကို သူ့လက်ပေါ် တင်ပေးလိုက်မှ အတောင်းရပ်သွားတယ်" ဝေဿန္တရာမင်းကြီး မွေးကထဲက လှူချင်တယ်၊ သူက ပါရမီဖြည့်လာတာ နောက်ဆုံးဘဝ ရောက်နေပြီဘဲ၊သူ့ဘဝက နတ်ပြည်က ဆင်းရင် ဘုရားဖြစ်တော့မှာ၊ တသံသရာလုံး ဒီကောင်းတဲ့စိတ်ကလေးနောက်

ကို လိုက်လိုက်လာ၊ ဒါတော့ကို ကြားဘူးကြမှာပေါ့နော်၊ ခေါင်းတွေ သူများ က လိုချင်ပါတယ်ဆို ဒီခေါင်းဖြတ်လှူတာဘဲ၊ ဒီခေါင်းတွေပုံထားရင် မြင့်မိုရ် တောင်ထက်မြင့်တယ်၊ သူ့အသားတွေ လှူရတာ မြေကြီးထက် များသလို၊ သူ့ မျက်လုံးတွေ လှူရတာ ကြယ်တွေထက် များတယ်။ အဲဒါ ရှေ့ဆုံးက စိတ်က ကောင်းတော့ကို နောက်စိတ်က လိုက်သွား၊ နောက်ဆုံးတော့ကို ဘုရားဖြစ် သွားတယ်။

"စိတ္တေန နီယတေ လောကော"တဲ့၊ မှတ်မိကြရဲ့လား၊ မြန်မာလိုတော့ စိတ် သည် လူကို ဆွဲဆောင်တယ်၊ စိတ်ကောင်းသည် ကောင်းရာ ရောက်အောင်ပို့တယ်၊ စိတ်မကောင်းလို့ရှိရင် မကောင်းရာ ရောက်မှာ အမှန်ဘဲ၊ တချို့စိတ်မကောင်းတဲ့ လူများတော့ ဗြုံးကနဲ မကောင်းရာမရောက်ပါဘဲလား ဆိုတော့ကို၊ စောင့်နေ တာ၊ သူက ခွင့် မသာသေးလို့ တဘက်က ကုသိုလ်စိတ်က၊ တဘက်က အကုသိုလ် စိတ်က၊ ဘဝဟောင်းက ကုသိုလ်စိတ်ကောင်းတွေ လူတိုင်းမှာ အများကြီး ရှိနေတယ်၊ ဘဝဟောင်းက အကုသိုလ်စိတ်တွေ အများကြီးရှိနေတယ်၊ သူတို့ လုနေကြတာဘဲ၊ တရံတခါ ကုသိုလ်စိတ်က နိုင်သွားတော့ ကောင်းကျိုးခံစား ရတယ်၊ လူဖြစ် နတ်ဖြစ်၊ လူ့ဘဝမလဲ့ ကံကောင်းတဲ့ လူက သိပ်ချမ်းသာတယ်၊ ကံညံ့ပါတဲ့လူက ဆင်းရဲတယ်၊ စိတ်က သတ္တဝါတွေ ဆောင်နေတာဘဲ၊စိတ်ကို ပဓာနထားတယ်၊ ကံခေါ်တာပါဘဲ၊ ကံကောင်းတဲ့လူ နိဗ္ဗာန်အမြန်ရောက်မယ်၊ ကံညံ့တဲ့လူ နိဗ္ဗာန် မရောက်နိုင်ဘူးလို့ ဒီစိတ်ကို ကောင်းတဲ့စိတ်နောက် အမြဲ လိုက်မယ်၊ ဆရာသမားကလဲ ကောင်းတဲ့စိတ်နဲ့ ဆုံးမကြတာဘဲ၊ မိဘကလဲ ကောင်းတဲ့စိတ်နဲ့ ဆုံးမကြတာဘဲ၊ ဒီသဘော ပိုက်ထားရမယ်၊ အဲဒီဟာ အမြဲ မှတ်ပြီးတော့ စိတ်ကောင်းအောင် ကိုယ်စီကိုယ်စီ နှလုံးသွင်းနိုင်ကြပါစေ သတည်း။

ဦးဘိုးရင် မိသားစု ကြီးမှူးသော (လင်းယဉ်) ရှမ်းကုန်းရွာမှဉာတိများ၏ ရှင်ပြု ပဗ္ဗဇ္ဇ မင်္ဂလာပွဲတွင် ကိုယ်တော်တိုင် ဟောကြား တော်မူ သည်။
(၁၃၂၈-ခု)

—o—

## ရှင်ပြုတရား

## (ဒါန နိဗ္ဗာန် ရောက်ပုံ)

### နှုတ်မြွက်ဟောတော်မူသောတရား အမှတ်(၁၇)

ယနေ့ရှင်ပြုပွဲ၊ ကိုရင်ကလေးတွေ သုံးပါးဝတ်လို့ သာမဏေဘဝ ရောက်သွားကြပြီ၊ သာမဏေဘဝရောက်အောင် ဒီ အမျိုးသား၃–ယောက်....

**“ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ”**ဆရာမျာ:က သင်ပေးတဲ့အတိုင်း သူတို့ ဆိုတတ်တယ်၊ သံသာရဝဋ္ဋဒုက္ခတော· သံသရာဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ· ကင်းလွတ်ပါရခြင်းအကျိုးငှာ။ ပဗ္ဗဇ္ဇံ· ရှင်သာမဏေအဖြစ်ကို။ ယာစာမိ–တောင်းပါ၏။ လိုရင်းတော့ကို သံသရာဝဋ်မှ ထွက်မြောက်ပါရခြင်းငှာ သာမဏေအဖြစ်ကို တောင်းပန်ပါ၏ ဆိုလိုတာပါဘဲ၊ သံသရာထဲ မနေချင်ဘူး၊ သံသရာထဲ မပျော်ဘူး၊ ဒီလိုမသိပေမဲ့ တချို့ကိုရင်လေးတွေတော့ အဓိပ္ပါယ် သိမှာပါဘဲ၊ သံသရာထဲနေရတာ မကောင်းဘူး၊ သံသရာက လွတ်ချင်ပါတယ်၊ တပည့်တော်တို့ သံသရာဝဋ်က လွတ်အောင် ရှင်ပြုပေးပါ၊ ဆရာများက ရှင်ပြုပြီး သရဏဂုံတွေ ဆောက်တည်လို့ ရှင်သာမဏေဖြစ်သွားတယ်၊ ဘာဖြစ်လို့ ရှင်ပြုသလဲဆိုရင် သံသရာဝဋ်ကလွတ်ပြီးနိဗ္ဗာန်လိုချင်လို့ ရှင်ပြုတယ်၊ အမှန်အတိုင်း ပြောမယ်ဆိုရင် ဒီအတိုင်းပြောရမှာဘဲ၊ သံသရာက လွတ်မြောက်ပြီဆိုတော့ကို သံသရာဆိုတာ ဘာမှန်း ကိုရင်လေးတွေ သိချင်မှသိမယ်၊ ကိုရင်လေးတွေသာ မဟုတ်ဘူး၊ ခပ်ကြီးကြီး ကိုရင်တွေတောင်မှဘဲ သိချင်မှသိမယ်၊ သံသရာဆိုတာ ကတော့ လူဖြစ်လိုက်၊နတ်ဖြစ်လိုက်နဲ့ တဘဝက တဘဝ ပြောင်းပြီး ဖြစ်နေတာကို သံသရာခေါ်တာဘဲ၊ ဒီလိုလဲဘဲ ပြောချင်ပြောနေကြမယ်။

**ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတု အာယတနာန စ။**
**အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။**

သံသရာဆိုတာ ခန္ဓာ ၅–ပါး တခုပြီးတခု ဆက်ပြီး ဖြစ်နေတာကို သံသရာခေါ်တယ်၊ အာယတန ၁၂–ပါး တခုပြီးတခု ဆက်ပြီး ဖြစ်နေတာကို သံသရာခေါ်တယ်၊ ဓာတ် ၁၈–ပါး တခုပြီးတခုဆက်ပြီး မပြတ်ဖြစ်နေတာကို သံသရာခေါ်တယ်။

ဒီတော့ ဒီသံသရာဆိုတာ ဘာလဲဆိုတော့ ဒီခန္ဓာကိုယ်ကြီးဟာ သံသရာဘဲ၊ ကိုယ်ကောင်ကြီးထဲမှာ ရုပ်တွေ ဖြစ်နေ, နာမ်တွေ ဖြစ်နေ၊ တခုပြီး တခု

ဆက်လက် ဖြစ်နေတယ်၊ ရုပ်တွေကတော့ အများကြီးပါဘဲ၊ ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇ လေးမျိုး မပြတ်ဖြစ်နေတာကို ဒါ သံသရာ ခေါ်တယ်၊ ဒီဘဝ သေသွားပြီး နောက်ဘဝ ရောက်သွားလဲ ပဋိသန္ဓေက စပြီးတော့ တဘဝ လုံးဖြစ်နေဦးမှာဘဲ၊ ခန္ဓာ ငါးပါး, အာယတန တဆယ့်နှစ်ပါး, ဓာတ်တဆယ့်ရှစ်ပါး မပြတ်ဖြစ်နေတယ်၊တချို့ ဘုံခန္ဓာ ငါးပါး၊တချို့ ဘုံ ခန္ဓာလေးပါး၊ တချို့ ဘုံ အသညသတ်များလို ဘုံမယ် ခန္ဓာ တပါးထဲနဲ့ သံသရာစက် လည်ပြီးတော့ နေတယ်၊ သံသရာစက် လည်နေသမျှ ကာလပတ်လုံး ဇာတိဒုက္ခ, ဇရာဒုက္ခ, ဗျာဓိဒုက္ခ, မရဏဒုက္ခ မရေမတွက်နိုင်တဲ့ ဘေးတွေ, ရန်တွေ သံသရာခေါ်တဲ့ ခန္ဓာပေါ် လာပြီး ကျရောက်၊ မသေမချင်း ကံအားလျော်စွာ သံသရာပေါ် လာကျတဲ့၊ ခန္ဓာပေါ် လာကျတဲ့၊ သတ္တဝါကြီးပေါ် လာကျတဲ့ ဘေးဒုက္ခတွေ ခံစားနေရတယ်၊ ဒါတွေ သံသရာဒုက္ခတဲ့၊ သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ၊ သာမဏေလေးသာ မဟုတ်ပါဘူး၊လူတိုင်းလူတိုင်း သံသရာ ဝဋ္ဋဒုက္ခကြီး ကြောက် ပြီးတော့ နိဗ္ဗာန် ရောက်ဖို့ ဒါနကုသိုလ် ပြုကြ, သီလကုသိုလ် ဆောက်တည်ကြ, ဘာဝနာ ကုသိုလ် ပွားများကြ၊ ယနေ့ဆိုလျှင် ဒါနပွဲကြီးပေါ့။

**"ဒါနံ ပါထေယျ မုတ္တမံ၊ ဒါနံ သဗ္ဗတ္ထ သာဓကံ"**ဒါနံ–ဒါနသည်။ ဝါ-ပေးလှူခြင်းသည်။ ဥတ္တမံ–မြတ်သော။ပါထေယ့်-ရိက္ခာမည်၏။

သံသရာမှာ တဘဝနှင့် တဘဝ ခရီးသွားနေရတယ်၊ သံသရာခရီးသည်တွေတဲ့၊ ခရီးသည်တွေဘဲ၊ လူဖြစ်လိုက်, နတ်ဖြစ်လိုက်, ဗြဟ္မာ ဖြစ်လိုက်၊ တရံတခါ အခန့် မသင့်လျှင် အပါယ်ဘုံ ကျလိုက်၊ နိဗ္ဗာန်မရောက်သေးသမျှ ဘဝပေါင်း မရေတွက် နိုင်အောင်, ကမ္ဘာပေါင်း မရေတွက်နိုင်အောင် အသင်္ချေ အနန္တ သံသရာခရီး သွားနေကြ၊ ဒါန ပါတဲ့ပုဂ္ဂိုလ် ခရီးရိက္ခာဘဲ၊ ဘယ်ဘဝမှ ဒါနရိက္ခာ ရှိထားတဲ့ ပုဂ္ဂိုလ် မဆင်းရဲဘူး။ ခရီးရိက္ခာ ရှိနေတယ်၊ ယခု လောလောဆယ် ရန်ကုန် ခရီး သွားမည့်ပုဂ္ဂိုလ် ရန်ကုန်သွားလောက်တဲ့ ရိက္ခာ ရှိထားလျှင် ဘာမှ မခဲယဉ်းဘူး၊ အလွယ်တကူ ရောက်သွားမယ်၊ ဝယ်ချင်တာ ဝယ်နိုင်, သုံးချင်တာ သုံးနိုင်၊ ဒါနသည် တသံသရာလုံး နိဗ္ဗာန် မရောက်မချင်း သုံးစွဲသွားရမယ့် အကောင်းမြတ် ဆုံး ဖြစ်တဲ့ ခရီးရိက္ခာဘဲ။

ဒါနံ သဗ္ဗတ္ထ သာဓကံ။ ဒါနံ-ဒါနသည်။ သဗ္ဗတ္ထ သာဓကံ–အလုံးစုံသော အကျိုးကို ပြီးစေ၏။ အကျိုးဆိုတာ ကောင်းကျိုးခေါ်တယ်၊ လူ့ချမ်းသာခေါ် တယ်၊ နတ်ချမ်းသာ ခေါ်တယ်၊ လောကီ ချမ်းသာ ခေါ်တယ်၊ လောကုတ္တရာ ချမ်းသာခေါ်တယ်၊ဒါတွေ အကျိုးတွေ၊ ကောင်းသမျှဟာ အလုံးစုံသောအကျိုး

ကို ပြီးသွားနိုင်တယ်၊ ဒါနနဲ့ အခြေတည်ပြီးတော့ လူချမ်းသာရနိုင်တယ်၊ နတ်ချမ်းသာ ရနိုင်တယ်၊ နိဗ္ဗာန်ချမ်းသာ ရနိုင်တယ်။

သဗ္ဗတ္ထသာဓကံ-ကိုယ်အလိုရှိအပ်သော အကျိုးကို အလုံးစုံအကုန်လုံးပြီးတယ်၊ လို့ ဆိုတော့ကို ဒါနနဲ့ နိဗ္ဗာန် မရောက်နိုင်ပါဘူး၊ ဒါနနဲ့ လူချမ်းသာ နတ်ချမ်းသာ မရနိုင်ပါဘူးတဲ့ ဘယ်သူမှ မငြင်းနိုင်ဘူး။

သူက အခြေတည်ပြီးတော့ သူ့ချည်းတော့ မဟုတ်ဘူးပေါ့လေ၊ ဒါန, သီလ, ဘာဝနာ သုံးမျိုး စုံပြီးတော့ သွားတယ်၊ ဒါနကုသိုလ်မပါဘဲနဲ့ သည့်ပြင်ဟာတွေ မဖြစ်ဘူး၊ ဒါန ပါမှ စုံပြီးတော့ သွားတယ်၊ဒီတော့- ဒါနံ-ဒါနသည်။ သဗ္ဗတ္ထသာဓကံ-အလုံးစုံသော အကျိုးကို ပြီးစေနိုင်တယ်၊ ဒီလို အာမိသ ဒါန, ဓမ္မဒါန စသည်ဖြင့် ဒါန၏ အကျိုးတရားတွေဟာ အလုံးစုံအလှန်များပြားတယ်၊ ဒီယနေ့ ပြုတဲ့ ကုသိုလ်ဟာလဲ အလုံးစုံ အာမိသဒါနလဲ ပါတယ်၊ ဓမ္မဒါနလဲ ပါတယ်၊ ဒါကြောင့် အလှူ့ရှင်ဖြစ်တဲ့ သူများကလည်း နိဗ္ဗာန်ပေါက် အကျိုး ပေးနိုင်တဲ့ ကုသိုလ်ထူးကို ပြုရတယ်၊ လာရောက်တဲ့သူများကလည်း အလှူရှင်က အမျှဝေလို့ သံသရာ ချမ်းသာဖို့၊ သံသရာ ကျင်လည်တဲ့အခါ ချမ်းသာဖို့၊ အဘိုးတန်တဲ့ ကုသိုလ်ထူးကို ဆည်းပူးရပေတယ်လို့ ဝမ်းမြောက်ဝမ်းသာ သဒ္ဓါတရားဖြင့်သံသရာ ချမ်းသာကြောင်း နိဗ္ဗာန် ရောက်ကြောင်းဖြစ်တဲ့ ဒါနကုသိုလ်ကို ကိုယ်စီ ကိုယ်စီ တတ်အားသမျှ စွမ်းအားရှိသမျှ ဆောင်ရွက်လို့ သူတော်ကောင်းတရားကို ပွားများ အားထုတ်နိုင်ကြပါစေကုန်သတည်း။

မန္တလေး နဘဲကြူးရပ် ဦးအုန်းခင် ဒေါ်ကြင်-တို့ သားရှင်ပြု မင်္ဂလာဆင်ယင် ကျင်းပရာ မဟာဝိသုဒ္ဓါရုံတိုက် ပွဲသဘင်ကြီး၌ ဟောကြားတော်မူသည်။ (၁၃၂၇-ခု)

## ရှင်ပြု တရား

## (ဒါန စေတနာ အကျိုးပြ)

နှုတ်မြွက် ဟောကြားတော်မူသော တရားအမှတ် (၁၈)

သုမင်္ဂလ-ဒုမင်္ဂလ မြန်မာပြည် ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားလို့ တရားပွဲတွေ မြို့တိုင်းမြို့တိုင်း ရွာတိုင်းရွာတိုင်း ကျောင်းတိုင်း ကျောင်းတိုင်းဆိုပါတော့၊ နေ့စဉ်နဲ့အမျှ တရားပွဲတွေ ဖြစ်နေတယ်၊ ဘုရားပွင့်တော်မူသည်က စပြီး လောကမယ် တရားပွဲ စဖြစ်ပေါ်လာတယ်၊ ဘုရားမပွင့်မီကတော့ တရားပွဲ ရှိပုံမပေါ်ဘူး၊ မတရားပွဲတွေ များမှာဘဲ။

"ယဒါ ဧသော်ဘိ·သမ္ဗောဓိံ" ဆိုတဲ့ အတိုင်း ယခု ဘယ်နှစ်ရက်လဲ၊ ၁၁-ရက်လား၊ အော် ၁၂-ရက် ရှိသွားပြီ။ တော်ကြာ လပြည့်နေ့ဖြစ်၊ ကဆုန်လပြည့်နေ့ ဘုရားပွင့်တော်မူတယ်၊ ဘုရားဖြစ်တော်မူတယ်။

ဘုရားဖြစ်တော်မူသည်က စပြီး "လောကေ ဇာတော မဟုဿဝေါ" လို့ ပြည်မယ် တရားပွဲတွေ ဖြစ်ပေါ်လာတယ်၊ လောကေ-လောက၌။ မဟုဿဝေါ-ကြီးစွာသော တရာပွဲလမ်း သဘင်ကြီးသည်။ ဇာတော-ဖြစ်ပေါ်လာ၏။ စံကင်းမှာလဲဘဲ အကြိမ်ပေါင်းများစွာ တရား နာဘူးကြမှာပေါ့၊ ဒီနေ့ ဟောရမယ့် တရားကတော့ အလှူပွဲ ဆိုတော့ ဒါန ဟောရမှာပေါ့၊ သီလလဲ ပါတာပေါ့၊ ဘာဝနာလဲ ပါတာပေါ့၊ ဒါနကို ပြုတဲ့ ဒါနရှင် အလှူရှင် အလှူ့ဒကာ အလှူ့အမတွေ ဒါန သိအောင် လုပ်ရတယ်၊ နာတော့ နာဘူးပါရဲ့၊ ဒါနဆိုတာဘာလဲ ဆိုတော့ မပြောတတ်ဘဲ ရှိတတ်တယ်၊ ဒါနဆိုတာ နှစ်မျိုး ခွဲရတယ်၊ လှူဘွယ်ဝတ္ထုတွေကို ဒါန ခေါ်တယ်၊ ဆွမ်းကျွေးတယ် ဆိုရင် စားဘွယ် သောက်ဘွယ် အလှူဝတ္ထုတွေဟာ ဒါန ခေါ်တယ်၊ ဆွမ်း, သင်္ကန်း, ကျောင်း,ဆေး, ပစ္စည်းလေးပါး လှူမယ်ဆိုရင်လှူဘွယ်ဝတ္ထုတွေဟာ ဒါနခေါ်တယ်၊ "ဒါတဗ္ဗန္တိ ဒါနံ" ဒါတဗ္ဗံ-ပေးလှူအပ်၏။ ဣတိ-ထိုကြောင့်။ ဒါနံ- ဒါန မည်၏။

ကိုယ်က ပေးစရာ ရှိရင် ဆေးလိပ်ကလေး တလိပ် ဆိုပါတော့၊ ဒီဒါန ဤကဲ့သို့ စသည်ဖြင့် သူတပါးပေးဖို့မှန်သမျှ သူတပါး ပေးဖို့ပစ္စည်းဥစ္စာကို ဒါနခေါ်တယ်၊ဘာကြောင့်လဲ ဆိုတော့ သူတပါးအား ပေးလှူအပ်သောကြောင့် ဒါန၊ ဒါတော့သိကြသွားဘဲ၊သူတပါးကို ပေးချင်၊ လှူချင်တဲ့ စိတ်ထဲမှာ ပါတဲ့ စေတနာဆိုတာ ခေါ်တတ်သာဘဲ၊ ပြောတတ်သွားဘဲ၊ စေတနာကိုလဲ ဒါန ခေါ်တယ် အဲ့ဒီ စေတနာ ဒါန ခေါ်တာကိုတော့ တချို့မသိကြပဲ နေတတ် တယ်၊

"ဒဒီယတိ ဣမိနာတိ ဒါနံ" ဆိုပါတော့ အနိုးအနာ: ဆိုတော့၊ ဣမိနာ-ဤ စေတနာဖြင့်။ ဒဒီယတိ-ပေးလှူအပ်၏။ ဣတိ-ဤသို့ ပေးလှူကြောင်း ဖြစ်သော ကြောင့်။ ဒါနံ-ဒါနမည်၏။

ဒါနကို စေတနာ ခေါ်တယ်၊လှူချင်တဲ့စေတနာ၊ သိလွယ်အောင်ဆိုကြပါစို့၊ မန္တလေး သွားပြီး လှူမယ်လို့ လှူချင်တဲ့ စိတ်တွေ ဖြစ်နေတာ ဘယ်လောက် ကြာပြီလဲ၊ အဲဒီစိတ်ထဲမှာ စေတနာဆိုတာ ပါတယ်၊ အဲဒီ စေတနာကို ဒါန ခေါ်တယ်၊ လှူဘွယ်ဝတ္ထုကို ဒါန၊ လှူချင်တဲ့စေတနာလေးကို ဒါန၊ ၂-မျိုး ရှိတယ်၊ လှူဘွယ်ဝတ္ထုက နဲသည်ဖြစ်စေ များသည်ဖြစ်စေ အရေးမကြီးလှဘူး၊ စေတနာကသာ အရေးကြီးတယ်၊ စေတနာထက်သန်ရင် ထက်သန်သလောက် အကျိုးပေးများတယ်၊ အကျိုးခံစားရတတ်တယ်၊ လှူတော့ကို တချို့ ပစ္စည်း ဥစ္စာ နဲနဲလှူတာပါပဲ၊ အချို့အများကြီးလှူတယ် လှူဘွယ်ဝတ္ထုပစ္စည်း ဒါနက တော့ကို ကိုယ်တတ်နိုင်သလောက် လှူရတာ နဲနဲ များများ၊ အဲဒီမယ် အလှူ ဝတ္ထုက နဲသည်ဖြစ်စေ စေတနာက ထက်သန်ပို့ရှိရင် အကျိုးရတဲ့အခါ များ တတ်တယ်။ အလှူဝတ္ထုကလဲ များတယ်၊စေတနာကလဲ များတယ်ဆိုရင် သာပြီး တော့ အကျိုးများတယ်။

ဒီစေတနာလေးက လှူဘွယ်ဝတ္ထု ကနေ့လှူလိုက်တဲ့ ဆွမ်းဆိုရင် ပျောက် သွားတာ ပျက်သွားတာ၊ သူက ဘာမှ လုပ်ဖော်မရဘူး၊ လှူဘွယ်ဝတ္ထုကသာ ပျောက်သွားတာ။ ကိုယ့်သန္တာန်မှာရှိတဲ့ စေတနာလေးကတော့ မပျောက်ဘူး၊ နိဗ္ဗာန်ရောက်မှ နိဗ္ဗာန်ရမှ အကျိုးပေးခွင့် မရှိတော့တာ၊ နိဗ္ဗာန်ရောက်ပြီးတော့ အကျိုးမပေးဘူး၊ တသံသရာလုံး အကျိုးပေးနေမယ်၊ ဒီစေတနာလဲ အားကိုး ရတာ၊ လှူဘွယ်ဝတ္ထုကို ဒါန ခေါ်တယ်၊ စေတနာကို ဒါနခေါ်တယ်၊ဒီလောက် တော့ စာမသင်ဘူးပေမဲ့ သိမှာပါပဲ။ လှူဘွယ်ဝတ္ထုတော့ မျက်စိနဲ့ မြင်ရလို့ ထင်ထင်ရှားရှားကြီး သိနိုင်တယ်၊ စေတနာကို ဒါနခေါ်တယ်ဆိုတာကတော့ မျက်စိနဲ့ မမြင်ရဘူး၊ ဉာဏ်မျက်စိနဲ့မှ မြင်ရတယ်။

ကိုယ့်သန္တာန်မယ် လှူချင်တဲ့ စေတနာလေး ပေါ်လာယင် ဒီစေတနာပေါ့၊ ဒါလေးကို ဒါနခေါ်တယ်၊ အဲဒီစေတနာလေးက ဒီဒါနလေးက ယခုပစ္စုပ္ပန်ဘဝ မှာလဲအကျိုးပေးတာပဲ၊ နောင်ဘဝ ကူးသွားတဲ့ အခါမှာလဲ အကျိုးပေးမှာဘဲ။

ပစ္စုပ္ပန် ဘယ်လို အကျိုးပေးသလဲဆိုရင် ပေးတဲ့လူကို အများချစ်ခင်သတဲ့၊ သူတပါး အချစ်အခင်ခံရတယ်၊ လူလူချင်း မဆိုထားနဲ့တော့ သူတို့ကျွေးခဲ့မယ်ဆိုရင် နွားကစ လူကိုချစ်တယ်၊ ခွေးကစ သူတို့ကို ပေးမယ်ဆိုရင် လူချစ်တယ်၊ ပေးတဲ့သူချစ်တယ်၊ သူတပါးတို့၏ ချစ်ခင်နှစ်သက်ခြင်းကို ခံယူရတယ်တဲ့၊ ကိုယ့်ကို သူများကချစ်တာကြိုက်သလား၊သူများက မုန်းတာ ကြိုက်သလားဆိုရင် ဘယ်သူမဆို အများကဝိုင်းပြီး ချစ်နေတာကိုကြိုက်မှာလဲ၊ အများက ချစ်နေတယ်ဆိုရင် ကိုယ့်မယ် ဘေးရန်လဲ မရှိပါဘူး၊ အန္တရာယ်လဲမရှိပါဘူး၊ စိတ်ချပြီးတော့ နေရတယ်၊သူတပါးချစ်ဖို့ သူတပါးချစ်စေလိုလို့ရှိရင်ခုနက စေတနာလေးကောင်းကောင်းနဲ့ အလှူဝတ္ထုကို ပေးလိုက်တယ်ဆိုရင် သူများက ချစ်တယ်တဲ့၊ အဲဒီဟာ ဒါနရှင် ယခုလှူပြီးတဲ့နောက် ရတဲ့အကျိုးဘဲတဲ့။

ဒီတွင် မကဘူး အလှူရှင်ဆိုလို့ရှိရင် ပေးလှူတတ်တဲ့ ပုဂ္ဂိုလ်ဆိုရင် သူတော်သူမြတ်များက ချဉ်းကပ်သတဲ့၊ ဘုရားရှင် လက်ထက်တော်အခါက ဘုရားရှင်နဲ့တကွ အရှင် မဟာကဿပကြီးတို့လို အရှင်သာရိပုတ္တရာကြီးတို့လို သမာပတ်ဝင်စားပြီးတော့ ဘယ်သူ့ကို ချီးမြှောက်ရပါမလဲလို့ ကြည့်လိုက်လို့ရှိရင် စေတနာကောင်းတဲ့သူကိုရှာပြီး၊ အဲဒီသွား အလှူခံတယ်။

အမိပွါယ်— စံကင်းသူ, စံကင်းသားတွေဆိုလို့ စံကင်း ပြောပါရစေတော့- ရဟန္တာများ ကြွလာလို့ ဘယ်အိမ်မယ် ဆွမ်းခံရပါမလဲလို့ ကြည့်လိုက်ရင် စေတနာကောင်းတဲ့အိမ် ဝင်ဆွမ်းခံရမှာဘဲ၊ ဒါနရှင်များနဲ့ သူတော်ကောင်းများဟာ များသောအားဖြင့် တွေ့ကြုံရတယ်- ဘုရားအစရှိသော သူတော်ကောင်းတို့၏ အချီးအမြှောက်ခံရတယ်၊ ပစ္စုပ္ပန်အကျိုးဘဲ။

နောက်ပြီးတော့ကို လှူနိုင်ပါပေရှဲ ကျွေးနိုင်ပါပေရှဲ ပေးကမ်းနိုင်ပါပေရှဲလို့သိတဲ့ သူများက အံ့ဩကြတယ်၊ ချီးမွမ်း ကြတယ်၊ ကောင်းတဲ့ သတင်းကျော်စောပြီးသွားတယ်တဲ့၊ အခု ယနေ့ ဒီက လှူတယ်ဆိုလို့ရှိရင် ဒီလူတွေက မသိလို့၊ နတ်တွေကတော့ သာဓုခေါ်ကုန်ပြီ၊ စေတနာကောင်းကောင်းနဲ့၊ သဒ္ဓါတရား ကောင်းကောင်းနဲ့၊ ထက်ထက်သန်သန်နဲ့ ပျော်ပြီးတော့ စိတ်ထားကောင်းနဲ့လှူတဲ့ စိတ်ဓာတ်ကို နတ်တွေသိတယ်တဲ့။

ပျော်လို့ သာဓုခေါ်ကုန်ကြပြီ၊ နတ်ပြည် (၆)ထပ်က သမ္မာဒေဝနတ်တွေက သာဓုခေါ်ကုန်ကြပြီ၊ ဒီတွင်မကဘူး ဗြဟ္မာတွေကလဲ သာဓုခေါ်ကုန်ကြပြီ၊ ဒီက အမျှမပေးခင်, မဝေခင်ကထဲက သူတို့က သိကုန်၊ သာဓုခေါ်

ကုန်ကြပြီ၊ ဒီလို သူတော်ကောင်းကြီးကို လူတွေက ဖြုံးကနဲ မသိကြဘူး၊ တဖြေးဖြေး သတင်းစာတို့ ဘာတို့ ထည့်ပြီး ကြော်ငြာလိုက်မှ တော်တော် ခပ်နှံ့နှံ့သိသွားကြရတယ်၊ ဒီတော့ကို ကောင်းတဲ့သတင်း ကျော်စောခြင်း ပျံ့နှံ့တယ်လို့ အလှူရှင် ရတဲ့အကျိုး ၃-မျိုးရှိသွားပြီ။ သူများချစ်ခင်တယ်၊ သူတော် သူမြတ်တို့ အရောက်လာ၊ ထိုအိမ် ထိုသူ့ထံ ရောက်လွယ်တယ်၊ ကောင်းသတင်းကျော်စောတယ်။

သူတော်ကောင်းပရိသတ်မှာ ရဲရဲကြီး ဝင်ဝံ့တယ်၊ ချဉ်းကပ်ဝံ့တယ်၊မလှူချင် မတန်းချင်တဲ့သူ့ သူတပါး ဘာမှမပေးရက်တဲ့သူဆိုရင် လူစုလူဝေးရှိရာ သူတော် ကောင်း လူကြီးလူကောင်း ပရိသတ်မှာမဝင်ရဲဘူး။

ဒါနဆိုလို့ရှိရင် ကျောင်းတကာကြီးလာပြီ၊ ဘုရားတကာကြီးလာပြီ ဆိုပြီး ပရိသတ်က ကြိုနေတာကိုး၊ အလှူ့တကာကြီးလာပြီ၊ အလှူ့အမကြီးလာပြီဆိုပြီး ကြိုနေတာဘဲ၊ ကိုယ်က အလှူ့ဒကာ အလှူ့အမကြီးဖြစ်နေတော့ကို ကြီးကျယ် တဲ့ ပရိသတ်ထဲ ရဲရဲဝံ့ဝံ့ ဝင်ရတယ်၊ ဝင်ဝံ့တယ်၊ ဝင်လို့ တင့်တယ်တယ်၊ ဒါတွေဟာ ပစ္စုပ္ပန်အကျိုး။

ထိုဒါနရှင် ကွယ်လွန် သွားလို့ရှိရင် နတ်ပြည် ရောက်တယ်၊ နတ်သားဖြစ်ရ တယ်၊ နတ်သမီး ဖြစ်ရတယ်၊ ရှင်မဟာမောဂ္ဂလာန် နတ်ပြည်ကြွသွားလို့ နတ် သမီး တယောက် တွေ့တော့ ဆန်းဆန်းကြယ်ကြယ် စည်းစိမ်ချမ်းသာ ဘုံဗိမာန် နဲ့ ခံစားပြီးတော့ နတ်စည်းစိမ်ဆိုတာ မမြင်ဘူးပေလို့ ဒီ ဘဝ မမြင်ဘူးပေတယ် လို့ ကြီးကျယ် ခမ်းနားတယ်ဆိုတာ သိကြတာဘဲ၊ "ဘာ့ကြောင့် နတ်သမီး ဖြစ်ရသလဲ?"မေးတော့– နံနံလေး သူများ ပေးဘူးလို့ နတ်သမီး ဖြစ်ရတယ်လို့ လျှောက်တယ်တဲ့။

"သစ္စံ ဘဏေ နကုဇ္ဈေယျ၊ ဒဇ္ဇေ အပ္ပမ္ပိ ယာစိတော"ယာစိတော၊သူတပါး တို့က တောင်းခံလာသည်ရှိသော်၊ အယာစိတောပိ၊သူတပါးတို့ မတောင်းခံဘဲ သော်လည်း။ အပ္ပမ္ပိ၊ အနည်းငယ်ကိုသော်လည်း။ ဒဇ္ဇေ၊ ပေးလှူရာ၏။ ကိုယ့်မယ် လှူဘွယ်ဝတ္ထု ရှိရင် နံနံလေး ဖြစ်စေ ပေးရမယ်တဲ့၊ ဒါတွေဟာ နတ်ပြည်ရောက် ကြောင်းချည်းပဲတဲ့၊ အဲဒီ နတ်သမီးက များများမလှူပါဘူး၊ နံနံပါးပါး လှူတာ ဘဲ၊ အခု ဒီက အင်္ဂုတ္တိုရ်လာတဲ့ အလှူကျိုး ငါးပါးထဲမယ် ပဥ္စမမြောက် အကျိုးနဲ့ အတူတူဘဲ၊ အင်္ဂုတ္တိုရ်ပါဠိတော်မယ်–

အများ ချစ်အပ်၊ သူမြတ်တို့ ချဉ်း၊ ကောင်းသတင်းကြွယ်၊ ပွဲလယ်ဝင်ရဲ၊ ခန္ဓာစဲသော်၊ ရောက်မြဲနတ်ထံ၊ ဤငါးတန်၊ ရရန်လှူကျိုးတွေ”လို့ ဟောထား တယ်။

သေရင် နတ်ပြည် ရောက်နိုင်တယ်၊ ဒီ အကျိုးကို စေတနာ ဒါနက အကျိုး ပေးမှာ၊ ဒီတင်မကဘူး....

အန္နံ သံဃဿ ဒတွာန၊ မနက်က သံဃာတွေ ဆွမ်းလှူရတာ၊ **အဘိရူပေါ မဟိဒ္ဓိကော**၊ အဆင်းလှတယ်၊ တန်ခိုးကြီးတယ်၊ **အင်္ဂပစ္စင်္ဂသမ္ပန္နော**- အင်္ဂါကြီး ငယ်နဲ့ ပြည့်စုံတယ်။ **ဗလဝန္တော**- အားကောင်းတယ်၊ **ဝိသာရဒေါ**- ရဲရင့်တယ်၊ ဒီအကျိုးတွေကိုလဲ ရတယ်၊ “**သံသရန္တော အမိတဘောဂံ လဘန္တိ**”၊ သံသရာ၌ ကျင်လည်ရသည့်ရှိသော် ဘယ်လောက် ရွှေတွေများတယ်၊ ငွေတွေ များတယ်လို့ ရေတွက်လို့ မကုန်နိုင်တဲ့ အကျိုးတွေ ခံစားရတယ်၊နောင်အခါ နိဗ္ဗာန်ရနိုင်တယ်၊ လောကီအကျိုးတွေကိုလဲ ခံစားရလိမ့်မယ်၊ လောကုတ္တရာအကျိုး နိဗ္ဗာန်ကိုလဲ ရလိမ့်မယ်လို့ ယုံကြည်ပြီး ဝမ်းသာရတယ်၊ အားထားရတယ်၊ ရှင်ပြုတယ်ဆိုတော့ ဓမ္မဒါနဖြစ်သွား၊ တရားနာတယ်ဆိုတော့ ဓမ္မသဝနကုသိုလ် ဖြစ်သွားတော့ သာပြီးတော့ အကျိုးခံစားရလိမ့်မယ်။

ဤကောင်းမှုကြောင့် အာမိသဒါန ကုသိုလ်ကြောင့်,ဓမ္မဒါန ကုသိုလ်ကြောင့် ယခုဘဝလဲ အကျိုး ခံစားရလိမ့်မယ်လို့၊ နောင်အခါ နိဗ္ဗာန်တိုင်အောင်သော တမလွန် သံသရာအကျိုးလဲ ရလိမ့်မယ်လို့ ယုံကြည်ပြီးတော့၊ ကိုယ့်ကုသိုလ်ကို အောက်မေ့လို့ ဝမ်းမြောက်ဝမ်းသာ သဒ္ဓါတရား တိုးပွားနိုင်ကြပါစေကုန် သတည်း။

မန္တလေးမြို့ စံကင်းရွာ ဦးဘချော, ဒေါ်ကြင်ငွေ သမီး - မခင်သန်း, မခင်သောင်း, မခင်သိန်း, ခင်စန်းငြိမ်း-တို့၊ သားရှင်ပြု မင်္ဂလာပွဲ ကျင်းပရာ မဟာဝိသုဒ္ဓါရုံ ဒါန ပွဲကြီး၌ ဟောကြားတော်မူသည်။ (၁၃၂၉-ခု)။

## အပြတ်ဆုံး ချမ်းသာတရား

### နှုတ်မြွက်ဟောတော်မူသောတရား အမှတ် (၁၉)

ဗြိုးကနဲ တရားဟောပါဆိုလို့ တရားလိုက်ရှာရတာလဲ နဂိုက ရပြီးတာ ခပ်နဲနဲရယ်၊ " နိဗ္ဗာနံ ပရမံ သုခံ "တဲ့ နိဗ္ဗာနံ- နိဗ္ဗာန်သည်။ ပရမံ- မြတ်လှစွာသော။ သုခံ-ချမ်းသာမည်၏။ နိဗ္ဗာန်ဆိုတဲ့ စကား ကြားတော့ကြားဘူးကြသား၊ သိတော့ မသိဘူး၊ နိဗ္ဗာန်ဆိုတာ နိဗ္ဗာန်ရောက်မှ နိဗ္ဗာန်ကို သိတယ်။

ပုထုဇဉ်တွေက နိဗ္ဗာန်ကို မသိဘူး၊ နိဗ္ဗာန်ဆိုတာကိုတော့ ကြားဘူးသားဘဲ၊ နိဗ္ဗာန်ဆိုတာ ကောင်းသလား, ဆိုးသလား၊ 'နိဗ္ဗာနံ ပရမံ သုခံ' တဲ့ဘုရားရှင်က ဟောတယ်၊ နိဗ္ဗာနံ-နိဗ္ဗာန်သည်။ ပရမံ-အမြတ်ဆုံးသော။ သုခံ-ချမ်းသာမည်၏။ ချမ်းသာက လူချမ်းသာလဲ ရှိတာဘဲ၊ နတ်ချမ်းသာလဲ ရှိတာဘဲ၊ ဗြဟ္မာ ချမ်းသာလဲ ရှိတာဘဲ၊ နတ်ပြည်, ဗြဟ္မာ့ပြည်တော့ ကိုယ်က လူဖြစ်နေလို့ ဘယ်လို ချမ်းသာတယ် မသိဘူး၊ သူများဟောလို့ ဘုရားဟောလို့ ကျမ်းဂန်ပါလို့ ချမ်းသာတယ်ဆိုတာ သိရတာ၊ လူ့ပြည် ချမ်းသာတာကတော့ သိကြတယ်၊ အချို့ အချို့ အများကြီး ချမ်းသာတယ်၊ အချို့အချို့ နဲနဲချမ်းသာတယ်၊ စာထဲပါတဲ့ မန္ဓာတ်မင်းများလို၊ စကြာမင်းများလို စည်းစိမ်ကြီးတဲ့ စကြာမင်းများဟာ လူ့ပြည်မှာ သူတို့အချမ်းသာဆုံး၊ လေးကျွန်းလုံးကို အစိုးရလို့ စကြာရတနာ စီးပြီးတော့ လေးကျွန်းလုံးလှည့်ပြီးတော့ လေးကျွန်းလုံး အုပ်ချုပ်တယ်၊ လူချမ်းသာဟာ အများဆုံး, အမြင့်ဆုံး, အမြတ်ဆုံး, အကောင်းဆုံး, အသာဆုံးဘဲ၊ လူချမ်းသာလဲ ကောင်းပါရဲ့၊ နတ်ချမ်းသာလဲ ကောင်းပါရဲ့၊ ဗြဟ္မာ ချမ်းသာလဲ ကောင်းပါရဲ့၊ သို့သော်လဲဘဲ နိဗ္ဗာန် ချမ်းသာတော့ မမှီဘူး၊ လူ, နတ်, ဗြဟ္မာ တို့၏ ချမ်းသာကိုတော့ ဝေဒယိတသုခလို့ ခေါ်တယ်၊ သုခဆိုတာ ချမ်းသာတာ သုခ၊ နိဗ္ဗာန်ကျတော့ကို သန္တိသုခ ခေါ်တယ်၊ သုခ ၂-မျိုး၊ ဝေဒယိတသုခ တော့ကို မျက်စိနဲ့ မြင်ရလို့, ချမ်းသာတယ်၊ နားနဲ့ကြားရလို့ ချမ်းသာတယ်၊ နှာခေါင်းကရှူလို့ ချမ်းသာတယ်၊ စားရ သောက်ရလို့ ချမ်းသာတယ်၊ ခန္ဓာ ကိုယ်နဲ့ တွေ့ထိ၊ ပိုး, ဖဲ, ကတ္တီပါ ဝတ်ရုံရလို့ ချမ်းသာတယ်၊ ဒါတွေကို ဝေဒယိတသုခလို့ ခေါ်တယ်၊ နိဗ္ဗာန်ရဲ့ သန္တိသုခကိုတော့ ကိုယ်တိုင် မတွေ့ကြရ သေးလို့ မသိကြသေးဘူး၊ သို့သော် လောကီ သန္တိသုခ လောကုတ္တရာနိဗ္ဗာန် သန္တိသုခလို့ နှစ်မျိုးရှိတယ်။

နိဗ္ဗာန်သိသူတဦးက ပြောလဲ မပြောတတ်ဘူး၊ ပြောတတ်တဲ့ ပုဂ္ဂိုလ်က ပြောလဲ ပုထုဇဉ်တွေက အဟုတ် မသိကြဘူး၊ လောကီ သန္တိသုခ ဆိုတာက တော့ကို နှံနှံရိပ်မိတယ်၊ လူတယောက်မယ် အကြောင်းမသင့်လို့၊ အခန့် မသင့်လို့၊ အကုသိုလ်က နှိပ်စက်လို့၊ ရောဂါဝေဒနာကြီးဖြစ်တယ်၊နူနာကြီး စွဲနေတယ် ဆင်းရဲလိုက်တာ နေ့နေ့ညည မအိပ်ရဘူး, အော်နေရတယ်၊ ရောဂါဝေဒနာ ကြီးကျယ်ပေမယ့် စားချိန်တိုင်ရင် စားချင်သေးတာဘဲ။

စားစရာလဲ ဘာမှ မရှိဘူး၊ မွဲလိုက်တာ စားစရာလဲ ဘာမှမရှိဘူး၊ သုံးစရာ ပစ္စည်းဥစ္စာလဲ ဘာမှမရှိဘူး၊ ဆင်းရဲလိုက်တာ ဆင်းရဲတဲ့အပြင် ရောဂါဝေဒ နာကြီးက စွဲကပ်ပြီးနေတယ်၊ထိုကဲ့သို့ ရောဂါဝေဒနာ ကြီးကျယ်နေတဲ့ သူဆင်းရဲ တယောက်ကို တန်ခိုးကြီးတဲ့ နတ်မင်းကြီးက သိကြားမင်းကြီးက လာပြီးတော့ သင့်မယ် စားစရာ သုံးစွဲစရာ ပစ္စည်းကလဲ ဘာမှ မရှိဘူး၊ ရောဂါဝေဒနာကလဲ နူနာကြီးစွဲနေလို့ နေ့ရော ညရော အော်နေရတယ်၊ ဆင်းရဲလိုက်တာ မင်း ငါ မ,စမယ်၊ သို့သော် ပစ္စည်းဥစ္စာ ပေါများဖို့က တနည်း၊ ရောဂါဝေဒနာ ပျောက် ဖို့က တနည်း၊ ဒီနှစ်မျိုးရှိတယ်၊ ပစ္စည်းဥစ္စာ ပေါများတာက ဝေဒယိတသုခ၊ စားချင်တာ ဝယ်စားနိုင်တယ်။ ရောဂါဝေဒနာ ပျောက်ဖို့ ဆိုတာကတော့ သန္တိသုခ။

အဲဒီ ရောဂါဝေဒနာပျောက်ခြင်းနဲ့ ပစ္စည်းဥစ္စာပေါများခြင်း၊ တခုခု သင် တောင်းပါ၊ ၂-ခုလုံးတော့ မပေးနိုင်ဘူး၊ ကိုယ်ကြိုက်တာတောင်းတော့ ရောဂါ ဝေဒနာ ပျောက်ဖို့ တောင်းတယ်တဲ့- ပစ္စည်းဥစ္စာတော့ ရှားပါးမယ် ရှားပါး ပါစေတော့၊ ရောဂါဝေဒနာပျောက်လို့ရှိရင် နောင်ဖြစ်သလို ရှာဖွေစားမယ်၊ ပစ္စည်းဥစ္စာရမှာ၊ အဲဒီလိုပစ္စည်းဥစ္စာ မတောင့်တ မလိုချင်ဘူးဆိုတာ ဝေဒယိတ သုခ ပယ်တာဘဲ၊ သူ့စိတ်က ရောဂါ ဝေဒနာ ပျောက်တာ လိုချင်ပါတယ် ဆိုတာ သန္တိသုခ တောင့်တတာဘဲ၊ ရောဂါဝေဒနာ နူနာတွေ စွဲပြီးတော့နေတဲ့ လူတယောက်ဟာ ဘုရင်ကြီးဖြစ်နေပေမယ်လို့ သာမှ အသုံးမကျဘူး၊ နန်းတော် အိမ်တော်ထဲမှာ အော်နေရတယ်၊ ဘာမှ မစားနိုင်၊ သန္တိသုခ မရလို့ ရောဂါ ဝေဒနာတွေ စွဲနေတော့ကာ ဆင်းရဲတယ်၊ ရောဂါဝေဒနာ ကင်းပျောက်ပြီး တော့ သွားတော့လောကီ သန္တိသုခ- ခေါ်တယ်၊ အဲဒီလို နိဗ္ဗာန်ကျတော့ သန္တိသုခနဲ့ လောကုတ္တရာ သန္တိသုခ၊ ဒီထက်ပိုပြီး ချမ်းသာတယ်၊ ဒါ့ကြောင့် လောကီသန္တိသုခ လူချမ်းသာ, လောကီဝေဒယိတသုခ လူချမ်းသာ, နတ်ချမ်း သာ,ဗြဟ္မာချမ်းသာ၊ထို့ထက်ပိုပြီးတော့ နိဗ္ဗာန်ချမ်းသာဟာ မြတ်တယ်ကောင်း

တယ်၊ '**နိဗ္ဗာနံ ပရမံ သုခံ**' နိဗ္ဗာန်ဟာ အကောင်းဆုံး ချမ်းသာဘဲ၊ ချမ်းသာဆိုတာကတော့ ကလေးလေးကစသိကယ်၊ ချမ်းသာတယ် နိဗ္ဗာန်ချမ်းသာဆိုတာ အကောင်းဆုံးဘဲ၊ အကောင်းဆုံး ဖြစ်တဲ့ နိဗ္ဗာန် ချမ်းသာကြီးဖြစ်လေတော့ကို '**သိဝံ ပတ္တေထ ဘိက္ခဝေ**' ဘုရားရှင်ကပဲ တိုက်တွန်းတယ်၊ သုခဆိုတာနဲ့ သိဝဆိုတာဟာ အတူတူဘဲ၊ ဘိက္ခဝေ ရဟန်းတို့။ သိဝံ-နိဗ္ဗာန်ချမ်းသာကို။ **ပတ္တေထ** တောင့်တကြကုန်။ **သိဝံ** နိဗ္ဗာန်ချမ်းသာကို။ ပတ္တေတွာ-တောင့်တပြီး၍။ ဒါနံ-ဒါနကို။ ဒါတဗ္ဗံ-ပေးအပ်၏။ သီလံ-သီလကို။ ရက္ခိတဗ္ဗံ- စောင့်ရှောက်အပ်၏။ ဘာဝနံ- ဘာဝနာကို။ ဘာဝေတဗ္ဗာ- ပွါးများအပ်၏။

ကုသိုလ်ဟာလဲ သုံးမျိုးရှိတယ်၊ ဒါနကုသိုလ်, သီလကုသိုလ်, ဘာဝနာကုသိုလ်၊ အခုလာကြပြီး လှူကြတန်းကြတာက ဒါနကုသိုလ်ပဲ့ ခေါ်တယ်၊ အခု ဆောက်တည်တာက သီလကုသိုလ် ခေါ်တယ်၊ ဘုရားပူးရတာတို့၊ ဩကာသ ဆိုပြီးတော့ ရွတ်ရတာတို့၊ ဘာဝနာတွေ ပြီးတော့ အနိစ္စ, ဒုက္ခ, အနတ္တ ဘာဝနာတွေ၊ ဒီသုံးမျိုးဖြစ်ရပါလို၏၊ နတ်မင်းကြီး ဗြဟ္မာမင်းကြီး ဖြစ်ရပါလို၏-လို့ မတောင့်တကြနဲ့၊ သိဝံ ပတ္တေထ - **နိဗ္ဗာန်**ကို တောင့်တကြ၊ တောင့်တကြ၊ ဒါကြောင့် ယခုတဘဝလုံး အသက်ရှိတဲ့လူ၊ ငယ်ရွယ်တဲ့သူ ဆိုပါတော့ အခုသက်ရွယ် ကြီးသွားပြီ၊ သာသနာနဲ့ စပ်တဲ့အလုပ် လုပ်နေရမယ်၊ ဒါန, ကုသိုလ်လုပ်လုပ်၊ သီလ, ကုသိုလ်လုပ်လုပ်၊ ဘာဝနာ ကုသိုလ်လုပ်လုပ်၊ 'နိဗ္ဗာနံ ပရမံ သုခံ' ဆိုတဲ့ အချမ်းသာဆုံး ဖြစ်တဲ့ နိဗ္ဗာန်ကိုတောင့်တပြီးတော့ကို ခုလို အားထုတ်ပြီး ထုတ်ရမယ်၊ ယခု ဥပမာအားဖြင့် လောက ကြီးပွါးအောင် အလုပ်အမျိုးမျိုးပေါ့လေ၊ လယ်ထွန်တဲ့ သူလဲ ဘာလုပ်ဖို့ လယ်ထွန်တာလဲ စားရသောက်ရ သုံးစွဲရအောင် လယ်ထွန်တာဘဲ။

ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ ဒီအာရုံ ၅-ပါး အလိုရှိတာ ဝယ်ယူပြီး စားသုံးနိုင်အောင်လို့ **ဘာဘဲလုပ်လုပ်** လူ့ပြည်ရှိတဲ့လူဟာ လူ့ချမ်းသာကို အလိုရှိပြီး တနိုင်ငံလုံးရှိတဲ့ လူတွေလုပ်တဲ့ဟာ လိုရာကိုတောင့်တတာ ပစ္စည်းဥစ္စာရဖို့၊ ပစ္စည်းဥစ္စာရမှ ချမ်းသာမယ်၊ ဒါကို သာသနာနဲ့စပ်ရင် ရဟန်းတော်ဘဲ ဖြစ်ဖြစ်၊ ဘုရင်ဘဲဖြစ်ဖြစ်၊ ဒါန ကုသိုလ်, သီလ ကုသိုလ်, ဘာဝနာကုသိုလ် ဒီသုံးမျိုးသာ ရှိတာဘဲ၊ ဘာ့ကြောင့် ဒီသုံးမျိုးကို အားထုတ်ကြသလဲ၊ ဘုရားရှင် တိုက်တွန်းတော်မူတဲ့အတိုင်း၊ "**သိဝံ ပတ္တေထ ဘိက္ခဝေ၊ သိဝံ ပတ္ထေတွာန ဒါနံ ဒါတဗ္ဗံ၊ သီလံ ရက္ခိတဗ္ဗံ၊ ဘာဝနာ ဘာဝေတဗ္ဗာ**" တိုက်တွန်း

တော် မူချက်အတိုင်း နိဗ္ဗာန်ချမ်းသာကို လိုချင်လို့၊ ဒါနပြုတယ်၊ သီလဆောက်တည်တယ်၊ သမထ ဝိပဿနာ ဘာဝနာ စီးဖြန်းတယ်။ နောင်လဲဘဲ အသက်ရှည်သမျှ ဒါန, သီလ, ဘာဝနာ ကုသိုလ်တွေပြုကြဦးပေါ့လေ၊ ထိုကုသိုလ်တွေလဲဘဲ နိဗ္ဗာန်ကိုတောင့်တပြီးတော့ကို ပြုရမှာဘဲ၊ မှတ်မိအောင် စာပေ ကျမ်းဂန်သင်အံ သရဇ္ဈာယ်တဲ့ ပုဂ္ဂိုလ်များလို **"နိဗ္ဗာနံ ပရမံ သုခံ၊ နိဗ္ဗာနံ ပရမံ သုခံ"** နိဗ္ဗာန်ဟာ အကောင်းဆုံးချမ်းသာ၊ နိဗ္ဗာန်ဟာ အကောင်းဆုံးချမ်းသာ၊ ဒါနှုတ်ကရွတ်ပြီးတော့ ကုသိုလ်ကို မလုပ်သေးပေမယ်လို့ နိဗ္ဗာန်ချမ်းသာကို စိတ်ထဲစွဲပြီး ဒီလိုလေ့လာပြီးတော့ ကုသိုလ်များများ အားထုတ်သင့်တယ်။ (ပုတီးစိပ်သလို 'နိဗ္ဗာနံ ပရမံ သုခံ' လို့ ရွတ်ပြီးပွားနေပါ) ကိုယ်စီကိုယ်စီ ဘာကုသိုလ်ဘဲ လုပ်လုပ်၊ ဘာကုသိုလ်ဘဲ ဆောက်တည်ဆောက်တည် ကျင့်သုံးကျင့်သုံး၊ နိဗ္ဗာန်ကိုတောင့်တပြီးတော့ သူတော်ကောင်းတရားကို ပွားများအားထုတ်နိုင်ကြပါစေကုန်သတည်း။

မန္တလေးမြို့, ကျောင်းဆရာကြီး ဦးသန်းဖေ၊ ဇနီး ဒေါ်စိန်စိန် မိသားစုတို့၏ ရှင်ပြု, သီလရှင်ဝတ် မင်္ဂလာပွဲ၌ ဟောကြားသည်။ (၁၃၃၀-ခု၊ မဟာဝိသုဒ္ဓါရုံ)

—o—

## ရဟန်းခံ ရေစက်ချ တရား

နှုတ်မြွက်ဟောကြားတော်မူသော တရားအမှတ် (၂၀)

**ကောဝ ဘိက္ခဝေ ကုလေ ဇာယမာနော ဗဟုနော ဇနဿ အတ္ထာယ ဟိတာယ သုခါယ သံဝတ္တတိ။**

ဘိက္ခဝေ-ရဟန်းတို့၊ ကော-တယောက်သော အမျိုးကောင်းသားသည်။ ကုလေ-အမျိုး၌။ ဇာယမာနော- ဖြစ်ပေါ်လာသည်ရှိသော်။ ဗဟုနော- များစွာသော။ ဇနဿ-သတ္တဝါအပေါင်း၏။ အတ္ထာယ-အကျိုးငှာ။ ဟိတာယ-အစီးအပွားအလို့ငှာ။ သုခါယ-ချမ်းသာခြင်းငှာ။ သံဝတ္တတိ- ဖြစ်၏။

ဘုရားရှင် ကိုယ်တော်တိုင်က ဟောတာ၊ ရဟန်းပရိသတ်ကို ဟောတယ်၊ လောကမယ် သူတော်ကောင်း တယောက် ပေါ်ပေါက်လာလို့ရှိရင် ဒီ သူတော်ကောင်းတယောက်ကို အမှီပြုပြီး လူရော,နတ်ရော,ဗြဟ္မာရော၊ လူနတ် တိရစ္ဆာန်၊ တချို့ ပြိတ္တာ ကျအောင် ချမ်းသာ ပေးနိုင်တယ်၊ ဘုရားရှင် အကြောင်းပြုပြီး ငရဲမီးတွေ ငြိမ်းတာ ရှိသေးတယ်၊ လောကမယ် အထွဋ်ဆုံး, အမြတ်ဆုံး အလွန်ကဲဆုံးသော ဘုရားရှင် တဆူ ပွင့်တော်မူလာတယ် ဆိုရင် သုံးဆဲ့တဘုံ ရှိတဲ့ သတ္တဝါတွေ များသောအားဖြင့် လူပြည်, နတ်ပြည်, ဗြဟ္မာ့ပြည် ရှိကြတဲ့ သတ္တဝါတွေ ချမ်းသာလိုက်ကြတာ၊ လောကီ စည်းစိမ်ချမ်းသာထက် ပိုပြီးတော့ လောကုတ္တရာ နိဗ္ဗာန်တိုင်အောင် ချမ်းသာ ရပြီးလို့ ကျေးဇူး အလွန်များကြတယ်။

ဒီလို ဆင့်ကဲ ဆင့်ကဲဘုရားရှင်တဆူကို အကြောင်းပြုပြီးလို့ အများချမ်းသာကြတယ်၊ ပစ္စေကဗုဒ္ဓါ ဘုရားတဆူကို အကြောင်းပြုပြီး အများ ချမ်းသာကြတယ်၊ အရှင်သာရိပုတ္တရာ အစရှိသော အရှင် မဟာကဿပ အစရှိသော ရဟန္တာ ပုဂ္ဂိုလ်ကြီးတွေ တပါးတပါး အကြောင်းပြုပြီး အများချမ်းသာကြတယ်၊

ဒီက ဆုတ်ဆုတ်ပြီး လာတော့ ပုထုဇဉ်တွေထဲမှာလဲ သူတော်ကောင်း တယောက် ပေါ်ပေါက်လာပြီ ဆိုရင် အများ ချမ်းသာနိုင်တယ်၊ အသေအချာတွေးကြည့်တော့ ဟုတ်လဲ ဟုတ်တာဘဲ၊ လူပြည်ရှိနေကြတဲ့ မြင်နေကြတဲ့လူတွေ ကြည့်စမ်းပါလား၊ ပြီးတော့ကို အများ မဟုတ်ဘဲနဲ့ ကိုယ့်ကိုယ်ကိုယ် ကြည့်စမ်းပါလား၊ ယောကျ်ား ဖြစ်စေ မိန်းမဖြစ်စေ ဆင်ခြင် စဉ်းစားတတ်တဲ့ အရွယ် ရောက်လာရင် သူများအကျိုးနဲ့ ကိုယ့်အကျိုး ဆောင်ရွက်ရတာ ဘယ်ဒင်းများသလဲဆိုရင် သူများအကျိုး ဆောင်ရတာ များတာချည်းဘဲ၊ ရဟန်းဖြစ်တဲ့ သူများမယ် ရဟန်းဖြစ်ခါစ,က ဉာဏ်ရှိတဲ့သူ ဖြစ်လို့ ရှိရင် ကိုယ်တိုင်ကလဲ ဆရာသမားထံ စာသင်လို့၊ ကိုယ်ကလဲဘဲ ကိုယ့်အောက်ငယ်တဲ့ သူများကို စာပေ ချပို့လို့ ဩဒါတတို့ ဆိုလို့ရှိရင် ရဟန်း မဖြစ်မီက သူများကို စာချနေရပြီ၊ နောက်ကို အသက်ရှည်သမျှ ကာလပတ်လုံး၊ ဒီက နောက်ကိုကိုယ်က တက်ရတာနဲ့ သူများချပို့ရတာနဲ့ သူများအကျိုးဆောင်ပြီးတော့ သူတယောက်အတွက် ရဟန်းပေါင်းများစွာ ချမ်းသာကြရဦးမယ်၊ သာမဏေပေါင်း များစွာ ချမ်းသာကြရဦးမယ်၊ လူပေါင်းများစွာ ဆွေတွေ မျိုးတွေ, မိဖတွေ, သူနေထိုင်ရာရောက်ရာအရပ်မယ် ပြောဟော ပြသလို့ သူတပါး အကျိုးတွေ အများကြီး ဆောင်ရွက်သွားဦးမယ်။

ဘုန်းတော် ဖြစ်လို့ ရှိရင် လူများမယ် ပစ္စည်းဥစ္စာ ရှိတဲ့ သူများဆိုရင် ရွှေငွေ ဘဏ္ဍာ ဥစ္စာ စပါး သူတပါးအတွက် လုပ်ပေးရတာတွေ အများကြီး ရှိတယ်၊ တအိမ်ထောင်ထဲ ဆိုရင် အမိအဖ နှစ်ပါးရှိ၊ အဖလုပ်တဲ့သူက သူ့အတွက် သူ့ အိမ် သူ့အိမ်သားအတွက် အများကြီး ဆောင်ရွက်ရတယ်၊ သား သမီးတွေ အတွက် အများကြီး ဆောင်ရွက်ရတယ်။

ဒီတော့–ဘိက္ခဝေ–ရဟန်းတို့။ ဧကော– တယောက်သော သူတော်ကောင်း ပုဂ္ဂိုလ်သည်။ သူတပါး အကျိုး ဆောင်ရင် သူတော်ကောင်း ပေါ့၊ ကနေ့ ပရိသတ်တွေ များလိုက်တာ လာလိုက်ကြတာ၊ ကနေ့ လူတွေ ကုသိုလ် များလိုက် ကြတာ၊ စားဘွယ် သောက်ဘွယ်တွေ စားသုံးပြီး ရဟန်းတော်တွေနဲ့တကွ မြိန်မြိန် ရှက်ရှက်ဘုဉ်းပေး သုံးဆောင်လိုက်ကြတာ စားကြသောက်ကြချမ်းသာလိုက်ကြ တာ၊ လူပေါင်းများစွာ ရဟန်းတော်တွေရော့, သာမဏေတွေရော့,ဒွေ့သည်တွေ ရော၊ ယနေ့ ရဟန်းခံပွဲနဲ့ ပတ်သက်ပြီး လာလိုက်ကြတဲ့ ပရိသတ်တွေ အများကြီး ချမ်းသာလိုက်ကြတာ၊ ဒီ ချမ်းသာကို ဘယ်သူက ပေးသလဲ ဆိုရင် ဒီရဟန်း သစ်က ပေးတယ်ဆိုရင် မလွဲဘူး၊ ရဟန်းအမများက ပေးတယ်ဆိုရင်လဲ မလွဲဘူး အဲခုလို ဟာကိုဧကောဘိက္ခဝေ ကုလေဇာယမာနော ဘယ်အမျိုးဖြစ်ဖြစ် သူတော် ကောင်းတယောက် ပေါ်ပေါက်လာပြီဆိုရင် အများ ချမ်းသာတယ်။

အများအကျိုး ဆောင်လို့ရှိရင် ကိုယ့်အကျိုးလဲ ချမ်းသာမှာဘဲ၊ ကိုယ်တိုင် လဲဘဲ ချမ်းသာမယ်၊အဲဒါဖြစ်လေတော့ကို ကိုယ်စီကိုယ်စီစွမ်းအားရှိသမျှ ကုသိုလ် ရဖို့ သူတပါးအတွက်လဲ ကိုယ့်အကြောင်းပြုပြီး သူများ ကုသိုလ်ရဖို့ ကုသိုလ် စိတ် ဖြစ်ပြီးတော့ ချမ်းသာတဲ့ အဘိုးတန်ဖြစ်တဲ့ ချမ်းသာမျိုးကို ကိုယ့်အကြောင်း ပြုပြီး အများ ရကြပေတယ်လို့ ရဟန်းအမများရော့, မိဖ ဖြစ်တဲ့ ဆွေမျိုးတွေ ရော, ရဟန်းသစ်ရောပေါ့လေ၊ အင်း ဒီက ဝါဆိုကျောင်းဘုန်းကြီးများ ဆိုရင် လဲ ဝါတွင်းက စပြီးတော့ ဆောင်ရွက်နေရတာ အဲဒီလို ဝေယျာဝစ္စ ဆောင် ရွက်နေရတဲ့ အကုန်လုံး ဆောင်ရွက်သမျှ ပုဂ္ဂိုလ်များပါ၊ "ဧကော ဘိက္ခဝေ ဇာယမာနော"ထဲပါတာဘဲ၊ အများ ချမ်းသာလို့ရှိရင် ကိုယ်လဲ ဘဝတိုင်း ဒီလို ချမ်းသာမျိုး ရဖို့ နိဗ္ဗာန်ရောက်ကြောင်း နိဗ္ဗာန်ချမ်းသာ ရကြောင်း ကုသိုလ်တွေ ကို အားထုတ်နေတာ ဖြစ်တော့ကို အကောင်းဆုံး ဖြစ်တဲ့ နိဗ္ဗာန်ရအောင် ငါတို့ ဆောင်ရွက်တယ်လို့ ကိုယ်စီကိုယ်စီ ဝမ်းမြောက် ဝမ်းသာလို့ သဒ္ဓါတရားဖြစ်စေ ရမယ်လို့ ထိုကောင်းမှုကြောင့် နိဗ္ဗာန်ကို အမြန် ရရပါလို၏လို့ ဆုတောင်းလို့,

ကိုယ့်ကုသိုလ် အမျှဝေလို့ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုပါရမီ ပြုရပေတယ်လို့ ဝမ်းမြောက်ဝမ်းသာ သဒ္ဓါတရား ဖြစ်ပွားနိုင်ကြပါစေသော်။

သစ်လွင် ရဟန်းတော် ဦးဩဒါတကိုဤပွဲ၌ပင် ချက်ချင်း ဆက်လက် ဟောစေတော်မူ၍ ရဟန်းသစ် ဟောတော်မူသည်။

ပန္တလေး စာတိုက်တန်း ဒေါ်အေးတင့်, ဒေါ်အေးဆင့် တို့က ပစ္စည်းလေးပါး ဒါယိကာ ခံယူ၍ သိမ်ဝင်အခမ်းအနား၌ ဟောကြားတော်မူအပ်သော တရား ဖြစ်ပါသည်။ (၁၃၂၇-ခု တပို့တွဲလဆန်း ၈-ရက်)။

---

## ပုဂ္ဂိုလ် ၄—မျိုး တရား

### နှုတ်မြွက်ဟောတော်မူသောတရား အမှတ်(၂၃)

ဤစာအုပ်အတွက် သက်တော်ရှည်ပွဲ နောက်ဆုံးသည် (၉၉)နှစ်ရောက် မွေးနေ့မင်္ဂလာ ပူဇော်ပွဲ ဖြစ်ပါသည်၊ ယင်း နတ်တော် လပြည့်ကျော် ၆-ရက် ၁၃၃၀-ခု၊ ပူဇော်ပွဲ၌ ကြွလာတော်မူသော ပြည်မြို့ "ဗာရာဏသီ ဆရာတော်" "မန္တလေး ဝိဇိတာရုံ ဆရာတော်" တို့ကို သန္ဓေသကထာ ပြောကြားရန် အမိန့်ပေး၍ ဘော်ပြလတ္တံ့ အတိုင်း အနုမောဒနာ နှုတ်မြွက် ဩဝါဒ တိုတိုကလေးပင် တိုက်ကျွေးတော်မူပါသည်။

သံသရာ ကျင်လည်နေသော သတ္တဝါတွေ—

ဇောတိ ဇောတိ ပရာယဏ၊ ဇောတိ တမ ပရာယဏ၊

တမော ဇောတိ ပရာယဏ၊ တမော တမ ပရာယဏ——

လို့ လေးမျိုး ရှိတယ်။

သံသရာ ကျင်လည်နေကြရတဲ့ သတ္တဝါတွေ ခွဲလိုက်လို့ရှိရင် ပုဂ္ဂိုလ်လေးမျိုးထဲဘဲ ရတယ်၊ လေးမျိုးထဲက ယခု လူ့ဘုံ လူဖြစ်နေတဲ့ သူတွေ ကောင်းမကောင်းဆိုတဲ့ ဇောတိမျိုး တမမျိုးဆိုပြီး အမျိုးမျိုးရှိနေကြတယ်။ လေးမျိုးထဲက အခု အစည်းအဝေးရောက်လာတဲ့ ရဟန်းရှင်လူ ပရိသတ်တွေများစွာရှိရမယ်၊ ရှေးဘဝက ကောင်းမှုကုသိုလ်ပြုခဲ့တဲ့ ယခုဘဝ ဇောတိပုဂ္ဂိုလ်တွေကောင်းတဲ့ပုဂ္ဂိုလ်တွေ ဖြစ်နေကြတယ်၊ ရှေးဘဝ ကုသိုလ်ကံက အကျိုးပေးလို့ လူ့ဘဝ လူကောင်းဖြစ်နေကြတယ်၊ သုဂတိဘဝမယ်၊ ယခုဘဝကောင်း နောက်ဘဝကောင်း၊ နောက်ဘဝကောင်း၊ နောက်ဘဝကောင်း အကောင်းဆက်သွားလို့ရှိရင် တော်ကြာ နိဗ္ဗာန်ရောက် အကောင်းဆုံး နိဗ္ဗာန်ရောက်မယ်၊ ဤသို့ နိဗ္ဗာန်ရောက်အောင် နိဗ္ဗာန်တောင့်တပြီးတော့ အဆက်ဆက် ကောင်းကျိုးပေးချမ်းသာနိုင်မဲ့ ကောင်းမှုပါရမီကို သူတော်ကောင်းများပြုကြသလို ယခုလဲဘဲ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုကုသိုလ်ပြုတယ်လို့ ကိုယ်စီကိုယ်စီ ကိုယ်တတ်နိုင်တဲ့ဘက်က နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုတွေရနေကြပြီ။

မြန်မာစကားမယ် "**ရှေးကကောင်းလို့၊ ခုကောင်းကြွယ်၊ ယခုကောင်း၊ နောင်ကောင်းပါလိမ့်မယ်**" ဆိုတာရှိတယ်။ ဒီတော့ယခုလူ့ဘုံ လူ့ဘဝ လူဖြစ်နေကြတယ်၊ လူဖြစ်နေရုံတွင်မကဘူး ရဟန်းသာမဏေ ဖြစ်နေကြရ၊ သီလရှင်ဖြစ်နေကြရ၊ ဘုရားဒကာ၊ ဘုရားအမ၊ ကျောင်းဒကာ၊ ကျောင်းအမ၊ အလှူ့ဒကာ၊ အလှူ့အမ ဖြစ်နေကြရတယ်။ လူတွေ ဒကာ၊ ဒကာမတွေ ကုသိုလ်တွေအားထုတ်ကြ၊ နိဗ္ဗာန်တောင့်တပြီး ကုသိုလ်တွေ ပြုကြတယ်။ ယခုဘဝကောင်းနေကြတယ်၊ ဒီဘဝကောင်းကျိုးမျိုး သံသရာမှာရတို့ အလွန်ခဲယဉ်းတယ်၊ အခုလဲ ကောင်းနေကြပြီ၊ ရှေးဘဝက ကောင်းလို့ ခုကောင်းတယ်၊ ယခုကောင်းနေပြန်တော့ နောက် နိဗ္ဗာန်တိုင်အောင် နောင်ကောင်းပါလိမ့်မယ်၊ ယခုကောင်းပြီးတော့ နောက်နိဗ္ဗာန်ကျအောင် နောင်ကောင်းဘို့ "**ဒါနံ ဒါတဗ္ဗံ၊ သီလံ ရက္ခိတဗ္ဗံ ဘာဝနာ ဘာဝေတဗ္ဗာ**" ဆိုတဲ့ ဒါနသီလ ဘာဝနာ သူတော်ကောင်းတရားကို များများအားထုတ် နိုင်ကြစေကုန်သတည်း။

(၁၃၃၀-ခု၊ နတ်တော်လပြည့်ကျော် ၆-ရက်၊သက်တော်ရှည်ပွဲ။)

## နှုတ်မြွက်ဟောကြားတော်မူသော တရားအမှတ်(၂၂)

(ဆရာတော်ဘုရားကြီးသည် ဥပဥ္စင္ဆ, အဂ္ဂမဟာပဏ္ဍိတ မြောင်းမြ ဆရာတော်ဘုရားကို ရှေးရှေးစဉ်ဆက် ထုံးနည်းမပျက်ရန် အဘိတ်နေ့ည၌ ဘုရားဝတ်တက်ပြီး၊ (ရက်တပတ် တကြိမ်ကျ အမှန်)ဩဝါဒတရားဟော ဖို့ လွှဲအပ်တိုက်တွန်းတော်မူပြီး ဖြစ်ပါသည်၊ မြောင်းမြ ဆရာတော် ဒေသစာရီကြွချီတော်မူသည့် ဝါပကာလများတွင် လပြည့်အဘိတ်နေ့ ညဉ့်စဉ် ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် နှုတ်မြွက်ဩဝါဒပေး၍၊ ဇမ္ဗူမော် ဆရာတော်, ပိုက်ကျုံးဆရာတော်, အသောကာရုံ ဆရာတော် များကို ကျန်အဘိတ် ၃-ညဉ့် တာဝန် ပေးထားသဖြင့် မည်သည့် အဘိတ်ညဉ့် တရက်တာမျှ တရားပွဲမရှိ မဖြစ်ခဲ့ပါ၊ ယခု ဆရာတော်ဘုရား ကြီး၏ အဘိတ်ညဉ့် ဩဝါဒမွေများကို အနည်းအကျဉ်း ရယူနိုင်သမျှ ကိုသာ ဤကျမ်းစာမှာ ထည့်သွင်းလိုက်ရပါသည်)။

"ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော"ဆိုတဲ့ အတိုင်း ယခုလို တွေ့ဆုံဖို့ရာ ခဲယဉ်းလှတဲ့ ဘုရားရှင် သာသနာတော်ကြီးနှင့်တွေ့ဆုံ ရရှိပြီးနေကြတယ်၊ကမ္ဘာတွေ အသင်္ချေ မရေတွက်နိုင်အောင် များပေမဲ့ ဘုရားပွင့်တဲ့ ကမ္ဘာက နည်းတယ်၊ ဘုရားမပွင့် တဲ့ သုညကမ္ဘာတွေက များတယ်။

ဘုရားရှင် ပွင့်လာပြန်တော့လဲ ဘုရားရှင် သာသနာကို ကြည်ညိုသူတွေက နည်းပြီး သာသနာ့ တန်ဘိုး မသိကြတဲ့အတွက် မကြည်ညိုသူတွေဘက်က များ တယ်၊ဒီကမ္ဘာကြီးမှာ ဘုရားရှင်သာသနာ မရှိခဲ့ရင် လူနှင့်တိရစ္ဆာန်တို့ဟာ ဘာမျှ မခြားနားဘဲ အတူတူပင် ဖြစ်နေကြပေလိမ့်မယ်၊ ဒါကြောင့် သာသနာ့တန်ဘိုး တွေ သိပြီး သာသနာ့ အကျိုးကို လိုလားသူတိုင်းပင်—

"**သာသနဿစ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ**" ဘုရားရှင် သာသနာ တော်ကြီးနှင့်တကွ ဒီကမ္ဘာလောကကြီးပါ အမြဲတမ်း တိုးတက်ကြီးပွားပါစေ လို့ သာသနာ့အတွက် ဆုတောင်းနေကြတယ်၊ ဘုရားရှင် သာသနာတော်ကြီး မပျက်စီးစေလိုကြ၊ ပျက်စီးသွားမှာ စိုးရိမ်နေကြတယ်။ ဒါပေမဲ့ အဋ္ဌကထာ

ဆရာကြီးများ ပြဆိုထားခဲ့တဲ့အထိုင်းဆိုရင် နှစ်ပေါင်း ငါးထောင် အနက်၊ တဝက်လောက်သာ ကျန်တော့တယ်၊ သာသနာ ငါးထောင် ပြည့်သွားရင် သာသနာကွယ်သွားမယ်လို့ ဆိုကြတယ်။

ယခုခေတ် သာသနာတော် နောက်ပိုင်းမှာ သာသနာကွယ်ဖို့ အကြောင်း အမျိုးမျိုးတွေနဲ့ တွေ့ကြုံနေကြရတယ်၊ သာသနာကွယ်တယ် ဆိုတာ ဟာလဲဘဲ အခြားမဟုတ်၊ သာသနာနောက်ပိုင်းမှာ ရဟန်းတော်တွေ့ လူတွေက ဘုရားရှင် စကား နားမထောင်၊ မလိုက်နာ၊ မကျင့်သုံးတော့တာကိုဘဲ သာသနာကွယ်တယ် လို့ ဆိုရမယ်။

မကြာမီ သတင်းစာထဲမှာ "သောင်းကျန်းသူတွေ ဘုရားရုပ်ပွားတော်ကို ဖျက်ဆီးကြ သာသနာတော်ကို စော်ကားကြတယ်"လို့ ပါလာတယ်၊ သောင်း ကျန်းသူများက ဘုရားသာသနာ စော်ကားကြတဲ့အတွက် သာသနာ့ရန်သူတွေ များလာတယ်လို့ ဆိုကြတယ်။

ဒါပေမဲ့ သာသနာ့ ရန်သူအစစ်ဟာ ဘယ်သူလဲလို့ ရှာကြည့်ရင် သောင်း ကျန်းသူတွေထက် ကြောက်စရာကောင်းတဲ့ သာသနာ့ရန်သူတွေ ရှိသေးတယ်၊ သောင်းကျန်းသူတွေက သာသနာ ဖျက်ဆီးတယ်ဆိုပေမဲ့ **မန္တလေးမြို့ကြီး**နဲ့ အဝေးကြီး ရှိသေးတယ်၊ **ဝိသုဒ္ဓါရုံတိုက်ကြီး**နဲ့ အဝေးကြီးရှိသေးတယ်၊သာသနာ ဖျက်ဆီးသူ သောင်းကျန်းသူတွေက ဘယ်လိုဖျက်စေကာမူ ကိုယ့်သန္တာန်မှာရှိတဲ့ ဘုရားရှင် အဆုံးအမ အတိုင်း လိုက်နာ ကျင့်ကြံနေတဲ့ ကိုယ့်သာသနာကိုတော့ မဖျက်ဆီးနိုင်ကြပါဘူး။

ကိုယ့်သန္တာန်မှာရှိတဲ့ ကိုယ့်သာသနာကို ကိုယ်သာလျှင် ဖျက်နိုင်ကြပါတယ်၊ အဝေးက ရန်သူတွေက ဘယ်လိုပင် နှောက်ယှက် ဖျက်ဆီးစေကာမူ သာသနာ့ စိတ်ဓာတ် အာဇာနည် စိတ်ဓာတ်ရှိလျှင် ဘယ်သူမျှမဖျက်နိုင်၊ မိစ္ဆာနတ်များက တောင် မဖျက်နိုင်။

သဒ္ဓါတရားရှိသူ သာသနာ လေးစားစောင့်ထိန်းသူများမှာတော့—

**"ပါတိမောက္ခံ ဝိသောဓေန္တော၊ အပ္ပေဝ ဇီဝိတံ ဇဟေ၊**

**ပညတ္တံ လောကနာထေန၊ နဘိန္ဒေ သီလသံဝရံ။**

ဆိုတဲ့ဂါထာအတိုင်းဘဲ၊ အသက်ပင် သေစေကာမူ ဘုရားရှင်ပညတ်ထားတဲ့ ကိုယ့်သီလလို ဘယ်တော့မှ အပျက်မခံဘူး။

ပါတိမောက္ခသံဝရခေါ်တဲ့ ကိုယ့်သီလ ကိုယ့်သာသနာကို ကိုယ်တိုင် အသက်ပေးပြီး လုံခြုံအောင် စောင့်ထိန်းနိုင်ရင် ဘယ်ရန်သူမျှ မဖျက်ဆီးနိုင်၊ ကိုယ့်သန္တာန်မှာရှိတဲ့ ဘုရားရှင် သာသနာ ဘယ်သူ ဖျက်မလဲဆိုရင် ကိုယ်သာလျှင် ဖျက်ဆီးနိုင်ကြတယ်၊ ကိုယ့်သီလ ကိုယ့်သာသနာကို ကိုယ်သာလျှင် ဖျက်ဆီးနိုင်ကြတယ်၊ တောတွင်း သောင်းကျန်းသူတွေက မဖျက်နိုင်၊ ကိုယ့်ရန်သူဟာ ဘယ်သူလဲလို့ လိုက်ရှာရင် ကိုယ့်ကိုယ်ကိုဘဲ တွေ့ရမယ်၊သာသနာဖျက်မဲ့သူဟာ ကိုယ်ပါဘဲ၊ တောတွင်းက သာသနာဖျက်မှာ စိုးရိမ်တာထက် ကိုယ့်သာသနာ ကိုယ်ပင်ဖျက်မှာကို ပိုပြီး စိုးရိမ်ရတယ်၊ သောင်းကျန်းသူတွေက သာသနာဖျက်စေကာမူ မိမိကို အပါယ်လေးပါး ကျသွားအောင် ဆွဲပြီးမချနိုင်ဘူး။

ကိုယ့်သာသနာ, ကိုယ့်သီလ ကိုယ်ဖျက်မှသာ ကိုယ်တိုင် အပါယ်လေးပါး ကျရတယ်၊ သာသနာ့ရန်သူလိုက်ရှာတဲ့အခါမှာ ကိုယ်ရဲ့ အဝေး, ဘေးမှာ မရှာပါဘဲ သာသနာ့ရန်သူဟာ ငါဘဲ၊ သာသနာဖျက်ဆီးမှာ ငါဘဲလို့၊ အမြင်မှန်ရပါမူ့ သတိရပါမူ၊ ကိုယ့်ကိုယ်ကို မဖျက်ဆီးမိအောင်၊ ကိုယ့်သာသနာ ကိုယ်မဖျက်မိအောင် သတိထားမိမယ်၊ ပါရမီ မပြည့်သေးလို့ အရိယာ မဖြစ်စေကာမူ သီလလောက် လုံခြုံရင် စူဠသောတာပန်ဖြစ်ပြီး အပါယ် မလားနိုင်တော့ဘူး၊ သာသနာ့ရန်သူတွေ တားဆီးရင် ကိုယ်က စပြီး တားဆီးနိုင်ရင် ကောင်းတယ်၊ ကိုယ့်သာသနာ ကိုယ်မဖျက်မိလေအောင် ကိုယ်နဲ့စပ်ပြီး အကုသိုလ်အပြစ်မဖြစ်ရလေအောင် စောင့်ထိန်းပြီး မိမိကိုယ်ကို မိမိရဲ့ မိတ်ဆွေ အဖြစ်နဲ့ နိဗ္ဗာန်ရောက်အောင် ခေါ်ဆောင်နိုင်ရမယ်၊ ဒီလို မဟုတ်ပါဘဲ ကိုယ့် သာသနာ, ကိုယ့်သီလ ကိုယ်ဖျက်မိပါက ကိုယ်ကပင် မိမိကို အပါယ်ရောက်အောင် ပို့လိမ့်မယ်။

**န ဟိ ဓမ္မော အဓမ္မော စ၊ ဥဘော သမ ဝိပါကိနော၊**

**အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂ္ဂတိံ ။**

လို့ ဘုရားရှင် ဟောတော်မူတဲ့အတိုင်း အကုသိုလ်က ငရဲ ထိအောင် ပို့ဆောင်ပြီး ကုသိုလ်က နိဗ္ဗာန်တိုင်အောင် ပို့ဆောင်ပေးနိုင်တယ်။

ကိုယ့်သန္တာန်မှာ ကုသိုလ်နဲ့ အကုသိုလ် ဘယ်ဟာက များသလဲလို့ စဉ်းစားရမယ်၊ တကယ်လို့ အကုသိုလ်က များနေမယ်ဆိုရင် ဆွေမျိုးမိဘတွေ မကယ်နိုင်ဘူး၊ ငရဲ ရောက်ရမှာ အမှန်ဘဲ၊ ငရဲက ပြန်တက်လာရင်လဲ ရောက်ရာဘဝမှာ အောက်တန်းစား ဖြစ်ရဦးမယ်။

ကုသိုလ်ဘက်က များရင် အပါယ်လေးပါးက လွတ်ပြီး ဘဝတိုင်း ဘဝတိုင်း အထက်တန်းစားဖြစ်ရမယ်။ နောက်ဆုံး နိဗ္ဗာန်ထိ ရောက်ရမယ်။

ယခုလို ဝိသုဒ္ဓါရုံ ရွှေကျောင်တိုက်ထဲ ရောက်လာလို့မှ ကုသိုလ်ရအောင် မယူနိုင်ဘူးဆိုရင် ဝမ်းနည်းစရာ အကောင်းဆုံးဘဲ၊ ဘဝအရှုံးဆုံးဘဲလို့မှတ်ရမယ်။

ယခုလို တိုက်ထဲ လာနေပြီးဘုရား၊ တရား၊ သံဃာ၊ မကြည်ညိုတတ်က အကုသိုလ်များမယ်၊ အကုသိုလ်များရင် ငရဲလားရမယ်၊ ဘုရားသာသနာနဲ့တွေ့တဲ့အခါ ဘုရားကိုပင် ရှိခိုးရမှန်းမသိ၊ ဘုရားဝတ်တက်မှ မလိုက်ချင်ရင် အကုသိုလ်ဘက်က များနေမှာ အမှန်ဘဲ၊ ဘုရား ဝတ်တက်လိုက်ရင် နေ့စဉ် ကုသိုလ်ဘက်က များနေမယ်၊ ဘုရားကိုမကြည်ညိုက တရားကိုလဲကြည်ညိုမယ်မဟုတ်၊ တရားကိုမကြည်ညိုက သံဃာကိုလဲ ကြည်ညိုတော့မယ်မဟုတ်၊ ရတနာသုံးပါး မကြည်ညိုသူဖြစ်နေရင်လဲ ဘဝကူးတဲ့အခါ အားကိုးစရာ မရှိဘဲ ငရဲလားရမယ်၊ ဘဝတိုင်း ဘဝတိုင်း အောက်တန်းကျရမယ်။

သာသနာကြည်ညိုပြီး သာသနာ့အလုပ်တွေကို ကြိုးစားအားထုတ် ပြုလုပ်ပါက သာသနာ တွေ့ရကျိုးနပ်မယ်၊ အချမ်းသာဆုံး နိဗ္ဗာန်ထိ ရောက်နိုင်မယ်၊ ကိုယ်တိုင်က ကုသိုလ်လုပ်နေပါက ကိုယ်နဲ့စပ်တဲ့ ကိုယ့်မိဖ ကိုယ့်ဆွေမျိုးတွေပါ ကုသိုလ်ရကြမယ်၊ နတ်တွေပါ ကျေးဇူးများမယ်၊ လူ့ပြည်က ကုသိုလ်တခုလုပ်က နတ်ပြည်(၆)ထပ်က သာဓုခေါ်နေကြတယ်၊ဒါ့ကြောင့် ဘုရားဝတ်တက်ကစပြီး ကိုယ်နှင့်စပ်သမျှ ကုသိုလ်ရအောင် သာသနာရေးကိစ္စများပါ လျော့မထားဘဲ မိမိကိုယ်ကို သာသနာ့ရန်သူ မဖြစ်ရလေအောင် ကိုယ့်သာသနာကို ကိုယ်တိုင် စောင့်ထိန်း စောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။

(၁၃၂၉-ခု၊ ပြာသိုလဆန်း ၁၄-ရက်အဘိတ်ညဥ့်)

—o—

## သာသနာ့ အာဒါနည် တရားတော်

## နှုတ်မြွက်ဟောတော်မူသောတရား အမှတ်(၂၃)

**အနေကေသုပိ ကပ္ပေသု ဓမ္မဒေသကဿ ပုဂ္ဂလဿ**
**ဒုလ္လဘတာယ သဒ္ဓမ္မဿဝနမ္ပိ ကိစ္ဆံ။**

(ဓမ္မ၊ ဋ္ဌ၊ ၂၊ ၁၅၂)

အနေကေသုပိ ကပ္ပေသု- မရေမတွက် နိုင်အောင် များလှစွာသော ကပ် ကမ္ဘာ တို့၌လည်း။ ဓမ္မဒေသကဿ ပုဂ္ဂလဿ-တရား ဟောတတ်သောပုဂ္ဂိုလ်၏။ ဝါ- တရားဟောပြ ဓမ္မကထိက ပုဂ္ဂိုလ်၏။ ဒုလ္လဘတာယ-ရခဲသည်၏ အဖြစ် ကြောင့်။ သဒ္ဓမ္မဿဝနမ္ပိ-တရားကို ကြားနာရခြင်းသည်လည်း။ ကိစ္ဆံ- အလွန် တရာပင် ငြိုငြင်ခဲယဉ်းလှပေ၏။

ဘုရားသာသနာတော်မှာ အရေးအကြီးဆုံးက တရားဟောဖို့ တရားနာယူ ဖို့နှင့် တရားတော်အတိုင်း လိုက်နာကျင့်ကြံဖို့ပင် ဖြစ်တယ်၊ တရားဟောဖို့ဆို တာကလဲ လွယ်ကူသည့် ကိစ္စမဟုတ်၊ ကမ္ဘာတွေ မရေမတွက်နိုင်အောင် ဈား နေပေမယ့် တရားဟောတတ်, ညွှန်ပြတတ်သူ ဓမ္မကထိကပုဂ္ဂိုလ် ရှာမရသဖြင့်၊ တရားနာယူဖို့ရန်ကလဲ ခဲယဉ်းပြန်တယ်၊ လောကမှာ ဘုရား ပွင့်တော်မူမှသာ တရားများ ပေါ်ပေါက်လာရတယ်၊ ဘုရားသာသနာ မရောက်မီ ဘုရား အလောင်းမတော်များက တရားဟောပြကြ၊ ဘုရားသာသနာမရှိလျှင် ဗြဟ္မာများ ပင် တရားမဟောတတ်၊ ဘုရားသာသနာတည်း ဟူသော အလင်းရောင်မရှိစဉ် အခါက လောကကြီးတခုလုံးကို အမိုက်မှောင်တွေပိတ်ဖုံးပြီး တရားဆိုတာ ဘာကိုမျှ မသိကြရ၊ မမြင်ကြရဘဲ အန္ဓပုထုဇဉ်တွေသာ ဖြစ်နေကြရတယ်။

**ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ၊ ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ။**
**တေသံ သဘာဝဓမ္မာနံ၊ နာမမတ္တံ န နာယတိ။**

( ဝိ၊ ၅၊ ၁၅၇ )

ဗုဒ္ဓစန္ဒေ- ဘုရားရှင်တည်းဟူသော လမင်းကြီးသည်၊ အနုပ္ပန္နေ-မပွင့်ပေါ်ခဲ့ သည်ရှိသော်။ ဗုဒ္ဓါဒိစ္စေ- ဘုရားရှင်တည်းဟူသော နေမင်းကြီးသည်၊ အနုဂ္ဂတေ- မထွန်းလင်း မထွက်ပေါ်ခဲ့သည်ရှိသော်— တေသံ သဘာဝဓမ္မာနံ- ထိုအနိစ္စ

အစရှိသော အခြင်းအရာ လက္ခဏာတို့ဖြင့် တူမျှကြကုန်သော သင်္ခတတရားတို့၏။ နာမမတ္တမှ်-နာမည်မျှကိုပင်လည်း၊ န နာယတိ-မသိမြင်နိုင်ပါပေသတည်း။

ဒီက မ္ဘာလောကအတွင်းမှာ ဘုရားရှင်တည်းဟူသော လမင်းကြီး ဘုရားရှင်တည်းဟူသော နေမင်းကြီးသာ မပေါ်ခဲ့ဘူးဆိုရင်၊ အဝိဇ္ဇာမောဟ မှောင်ထုကြီးဖုံးနေပြီး လုံးလုံးပင် မမြင်ရဘဲ၊ အသိညာန်ရောင်, ပညာရောင်တွေ, ဖြစ်ခွင့်ရနိုင်ကြမယ်မဟုတ်ပါ၊ အနိစ္စ, ဒုက္ခ, အနတ္တ, ဆိုတဲ့ တရားတွေ ရုပ်နာမ်ဆိုတဲ့ တရားတွေကို အမှန်အတိုင်း သိမြင်ဖို့ရာဝေးစွ နာမည်မျှပင် သိနိုင်ကြမည် မဟုတ်ပါပေ။

ယခု သာသနာခေတ်အခါ အတွင်းမှာတော့ ဘုရားရှင်နဲ့ တူတဲ့ နေမင်း, လမင်းတွေ ပွင့်လင်းနေချိန်ဖြစ်တော့၊ မောဟအမိုက်မှောင်တွေ ကင်းစင်နေပြီး၊ အနိစ္စတရား, ဒုက္ခ, အနတ္တ, တရားတွေသိ၊ အမှန်အတိုင်း သစ္စာညာန်ရောင်ဖြင့် သိမြင် နိုင်ကြတယ်၊ တရားဟော ဓမ္မကထိက တွေကလဲ ပေါတယ်၊ တရားနာတဲ့ သူတွေကလဲ ကြိုးကြိုး, စားစား နာယူနေနိုင်ကြတာ ဝမ်းသာစရာကြီးပါဘဲ။

ဓမ္မသုန္ဒရ မင်းကြီး လက်ထက်က တရားနာချင်လွန်းလို့ အသပြာငွေတထောင် ထုပ်ကို ဆင်တော်ပေါ်တင်ပြီး **"ဘုရားရှင်ဟောပြတဲ့ တရားတပုဒ်, တဂါထာ, တပါဒမျှကို ဟောကြားနိုင်မည့်သူရှိပါက ငွေအသပြာတထောင် ပေးပါမယ်"**လို့ တိုင်းပြည် လှည့်ကာ မောင်းကြေးနင်းခတ်ပေမယ့် တရားဟောတတ်သူ မရှိလို့ နန်းတော်သို့ ပြန်ယူခဲ့ရတယ်။

တထောင်မက, ခုနစ်ထောင်တိတိပေးပြီး တရားဟောမည့်သူ ရှာကြံပါသော်လည်း မတွေ့ဘဲ နောက်ဆုံး ထီးနန်းစွန့်ခွါပြီး တရားဟောမည့်သူ ရှာတဲ့အခါ သိကြားမင်းက ဘီလူးကြီးဟန်ဆောင်ပြီး မင်းကြီးရဲ့ အလိုကို စမ်းသပ်တယ်၊ ဘီလူးကြီးက မိမိတရား ဟောတတ်ပေမယ့် အစာမရှိလို့ မဟောနိုင်ပါ၊ သင်ရဲ့ အသားကို စားပြီးမှ တရားဟောနိုင်ပါမယ်လို့ ပြောတယ်၊ ဒါနဲ့မင်းကြီးက တရားလဲနာရအောင် မိမိအသားကိုလည်း ဘီလူးကြီး လှူရအောင် ဆိုပြီး အသူတရာလောက် နက်လှတဲ့ ချောက်ကြီးထဲသို့ ခုန်ဆင်းမယ်၊ ဘီလူးကြီးက အောက်ကနေပြီး ခံတွင်းကို ဖွင့်ဟကာ တရားဟောပေတော့လို့ ပြောတယ်၊ တရားနာချင်လွန်းလို့ အသက်ကိုစွန့်ပြီး အသူတရာလောက်နက်တဲ့ ချောက်ကြီး

ထဲ ခုန်ဆင်းလိုက်တဲ့အခါ၊ သိကြားမင်းရဲ့ တန်ခိုးကြောင့် မနာမကျင် အသာပင် ကျလာတယ်၊ သိကြားမင်းကလဲ ဘီလူးယောင်ဖျောက်ပြီး ဓမ္မသုန္ဒရမင်းကြီးကို နတ်ပြည်ပင့်ဆောင်ပြီး တရားဟောပြတယ်။

ဓမ္မသုန္ဒရ မင်းကြီးဟာ တရားဟောမည့်သူကို အသက်စွန့်ပြီး ရှာကြံခဲ့ရတယ်၊ တရားနာယူမည့်သူရှိပေမယ့် တရားဟောပြမည့်သူ မရှိဘူး၊ တရားဟောပြမည့်သူ ရှိပြန်ပါတော့လဲ သံသရာငြီးငွေ့အောင် နိဗ္ဗာန်လိုချင်လာအောင် သူတပါး နားလည်အောင် ဟောတတ်ဖို့က ခဲယဉ်းပြန်တယ်၊ တရားဟောပြီး သူတပါး နားမလည်ပါက တရားနာရသူမှာ ကျေးဇူးမများဘူး၊ တရားဟောတတ်ဖို့ရန် ခဲယဉ်းသလိုဘဲ တရားနာတတ်ဖို့ကလဲ ခဲယဉ်းပါတယ်၊ ဘုရားရှင်တွေ ပွင့်တိုင်း တရားတွေ ဟောတော်မူကြတယ်။ ဘုရားရှင်တို့ရဲ့ တရားဟော မကောင်းလို့ မဟုတ်၊ ကိုယ်က တရားမနာတတ်လို့ တရားမရကြ နိဗ္ဗာန်မရခဲ့ကြတာ ဖြစ်တယ်။

တရားတပွဲတပွဲမှာ တရားဟောသူထက် တရားနာသူက ပိုခက်တယ်၊ တရားဟောသူက သုတ္တန်ဖြစ်စေ, ရုပ်နာမ်ဖြစ်စေ, ဇာတ်ဝတ္ထုဖြစ်စေ ဟောပြကြရာ တရားနာသူက အားလုံး အစအဆုံး မှတ်မိဖို့ရာ ခဲယဉ်းတယ်၊ ကိုယ်ကြိုက်သည့် အဓိပ္ပါယ်တပုဒ်, နှစ်ပုဒ်လောက်ကိုသာ နာယူမှတ်သားကာ ပြန်ခဲ့ကြရတယ်၊ တရားနာသူချင်းတူပေမယ့် ကုသိုလ်ရတာချင်းမတူကြ တရားနာတတ်သူက ပိုပြီး ကုသိုလ်ရပြီး တရားမနာတတ်သူက ကုသိုလ်ရနည်းတယ်။ တရား နားလည်ပြန်တော့လဲ နားလည်သည့်အတိုင်း ကျင့်ဖို့ကလဲပို ခဲယဉ်းတယ်။ တရားဟောသူကလဲ သူတပါး နားလည်ဖို့ထက် နားထောင်ကောင်းဖို့ ဂရုစိုက်တတ်ကြတယ်၊ ကိုယ်ဟောသည့် တရားကို ကိုယ်တိုင် ကျင့်ဖို့ရန် သတိမရတတ်ကြဘူး။

သမ္မတ္တိပြည့်စုံလို့ ယခုလို ဝိသုဒ္ဓါရုံတိုက်ကြီး ရောက်လာရတာ တရားဟောတတ်ကြ တရားနာတတ်ကြရတယ်၊ ဤလိုဘဝမျိုး ရခဲ့ဘူးကြလေသလား မသိ၊ ဤလိုဘဝမျိုးရဖို့ရန် သိပ်ပြီးခဲယဉ်းတယ်၊ ဤလို ဝိသုဒ္ဓါရုံတိုက်မှာ နေကြရတဲ့ အတွက် ပရိယတ်, ပတိပတ် အဘက်ဘက်က ပြည့်စုံပြီး **"သာသနာ့အာဇာနည်"**တွေ ဖြစ်လာနိုင်ကြတယ်၊ နေ့လည်က သတင်းစာထဲမှာ "ပဲခူးမြို့ ကြခတ်ဝိုင်းက သာသနာ့ အာဇာနည် ၂-ပါး" ထွန်းကား ပေါ်ပေါက်လာကြောင်း သတင်းကောင်း ပါလာလို့ ဝမ်းသာပြီး သာဓုခေါ်မိတယ်။

**ဒုလ္လဘော ပုရိသာဇညော၊ န သော သဗ္ဗတ္ထ ဇာယတိ၊**
**ယတ္ထ သော ဇာယတိ ဓီရော၊ တံကုလံ သုခ မေဓတိ။**

(ဓမ္မ၊ ၄၊ ၂၊ ၁၆၁)

ပုရိသာဇညော- အာဇာနည် ယောကျ်ားကို။ ဒုလ္လဘော-ရခဲ၏။ သော- ထိုအာဇာနည် ပုဂ္ဂိုလ်သည်။ သဗ္ဗတ္ထ- ခပ်သိမ်းသော အရပ်ဌာန၌။ န ဇာယတိ- မဖြစ်နိုင်ပါပေ။ ယတ္ထ-အကြင်အရပ်၌။ သောနရော- ထိုအာဇာနည် ပညာရှိ ပုဂ္ဂိုလ်သည်။ ဇာယတိ- ဖြစ်ပေါ်ခဲ့၏။ တံကုလံ- ထိုအာဇာနည် ယောကျ်ား ပေါက်ဖွားရာ အမျိုးအနွယ်သည်။ သုခံ-လောကီ လောကုတ္တရာ ချမ်းသာကို။ ဧဓတိ- ရရှိနိုင်ပေသတည်း။

အာဇာနည်ပုဂ္ဂိုလ်မျိုးကား အရပ်ဒေသတိုင်းရှိကြတာ မဟုတ်၊ အာဇာနည် ယောကျ်ားပေါက်ဖွားရာဖြစ်တဲ့ အရပ်ဒေသရှိ တမျိုးလုံး တဆွေလုံး အာဇာနည်ပုဂ္ဂိုလ်ကို အမှီပြုရပြီး လောကီရေ လောကုတ္တရာပါ ချမ်းသာ အမျိုးမျိုးတွေ ရရှိနိုင်ကြတယ်။

ယတ္ထ-အရ.... အကြင် ဝိသုဒ္ဓါရုံတိုက်ကြီး၌ဟု ဆိုက ဖြစ်နိုင်တယ်၊ အဋ္ဌကထာအလို အာဇာနည် လူပုဂ္ဂိုလ်ဆိုလျှင် ပစ္စန္တရာဇ်အရပ်မှာ မဖြစ်နိုင်၊ မဇ္ဈိမဒေသ ခတ္တိယ ဗြာဟ္မဏမျိုးတို့မှာသာ ဖြစ်နိုင်တယ်လို့ ဆိုတယ်။

ထိုအဋ္ဌကထာအလို မြန်မာပြည်မှာ အာဇာနည်ပုဂ္ဂိုလ် မဖြစ်နိုင်ဟု ဆိုရမလို ဖြစ်ပေမယ့် ဖြစ်နိုင်ပါတယ်၊ မန္တလေးမြို့မှာ အာဇာနည်တွေ များလွန်းလို့ "**အာဇာနည်**"လမ်းလို့ပင် ခေါ်ကြတယ် မဟုတ်လား၊ ယခုခေတ်နှင့်ဆီလျော်တဲ့ ကိုယ့်အမျိုး, ဘာသာ, သာသနာ ကောင်းစားအောင် ဆောင်ရွက်နိုင်မည့် အာဇာနည်ပုဂ္ဂိုလ်တွေ ထွက်ပေါ်အောင် ကြိုးစားသင့်ကြတယ်။

ဝိသုဒ္ဓါရုံ တိုက်ကြီးကလဲ ရဟန်းအာဇာနည် ကိုရင်အာဇာနည်တွေ ပေါ်ပေါက်အောင် ကြိုးစားသင့်ကြတယ်။

အာဇာနည် ဖြစ်ပြီးပုဂ္ဂိုလ်တွေလဲ အများကြီး ရှိပါလိမ့်မယ် သာသနာ့ အာဇာနည် ဖြစ်ပါမှ သာသနာပြုနိုင်ကြတယ်။

"**ကော ဘိက္ခဝေ သပ္ပုရိသော ကုလေ ဇာယမာနော် ဗဟုနော ဇနဿ အတ္ထာယ ဟိတာယ သုခါယ သံဝတ္တတိ**" ဘိက္ခဝေ- အိုရဟန်းတို့။ ကော- တယောက်သော။ သပ္ပုရိသော- သူတော်ကောင်းသည်။ ကုလေ-အမျိုးအနွယ်

ထဲ၌။ ဇာယမာနော- ဖြစ်ထွန်း ပေါ်ပေါက်လာသည် ရှိသော်။ ဗဟုနော- များစွာသော။ ဇနဿ- လူအပေါင်း၏။ အတ္ထာယ-အကျိုးငှာ။ ဟိတာယ- အစီးအပွား အလို့ငှါ။ သုခါယ-ချမ်းသာစေရန် အလို့ငှာ။ သံဝတ္တတိ-ဖြစ်ပါပေသတည်း။

သူတော်ကောင်းတဦး အာဇာနည်ပုဂ္ဂိုလ်ထူး တယောက် ပေါ်ပေါက်လာပါက လူအများ ချမ်းသာရတယ်၊ထို့အတူပင် မသူတော်တယောက် ပေါ်ပေါက်လာပြန်ရင်လဲ လူအများ ဆင်းရဲရတယ်၊ သပ္ပုရိသဆိုတဲ့ လူတော်လူကောင်း ဆိုတာလဲဘဲ အာဇာနည်မျိုးပင်ဖြစ်တယ်၊ တချို့ သပ္ပုရိသကျတော့လဲ ရဟန္တာတွေ ဖြစ်တယ်၊ရဟန္တာ မဖြစ်တောင် တချို့ ပရိယတ် ပတိပတ်ကျင့်က သပ္ပုရိသ ဖြစ်ကြတယ်။

"ဧကော ဘိက္ခဝေ သပ္ပုရိသော ဝိသုဒ္ဓါရာမေ"

ဟု ဆိုရလောက်အောင် ကြိုးစားကြရမယ်။

မထေရ်ကြီးတွေက ကိုယ်တိုင်လဲ သပ္ပုရိသဖြစ်အောင် ကျင့်ပြီး မထေရ်ငယ် ကိုရင်ငယ်တွေကိုလဲဘဲ သပ္ပုရိသ ဖြစ်အောင် ဆုံးမ ဟောပြောသင့်ကြတယ်၊ ယနေ့ထက် နက်ဖြန် ပို၍ စိတ်ကောင်းဖြစ်အောင် မွေးသင့်တယ်၊ ပုထုဇဉ် ဖြစ်လေတော့ စိတ်ကောင်းဝင်အောင် သပ္ပုရိသ ဖြစ်အောင် ပြုပြင် ကြိုးစားကြရတယ်၊ စိတ်ကောင်းတွေ မွေးပြီး သပ္ပုရိသ ဖြစ်ပါမှ သာသနာတော်နှင့် တွေ့ရကျိုး နပ်ကြမယ်။

ဤတိုက်တာတွင် မထေရ်ကြီးတွေကစပြီး ကိုရင်ငယ်တိုင်အောင် စိတ်ကောင်းတွေ မွေး၍ သပ္ပုရိသ သာသနာ့အာဇာနည်ပုဂ္ဂိုလ်တွေ ဖြစ်အောင် ထွန်းကားအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

(၁၃၂၉-ခု၊ တပေါင်းလဆန်း ၁၄-ရက် အဘိတ်နေ့ညဥ့်)

## နှုတ်တော်မြွက် ဓမ္မဒါန တရား

(၁၃၂၃-ခု)

တရားဟောတယ်ဆိုတာ အနုမောဒနာတဲ့၊ တရားအနုမောဒနာပြုရ၊အစိပ္ပါယ်ကတော့ အလှူပွဲမှာ ရဟန်းတော်များ ပင့်လို့ ဘိတ်လို့ ရဟန်းတော်များလှူတန်း၊ သာသနာ ချီးမြှောက်တော့ကို ရဟန်းတော်များက ဝမ်းမြောက်စကား ဝမ်းသာစကား မြွက်ဆိုတာကို အနုမောဒနာလို့ ဆိုရ, ခေါ်ရတယ်။ ယခုနေ့လို ဆိုပါတော့- ရဟန်းခံပွဲ ကျင်းပ၊ ဥပသမ္ပဒမင်္ဂလာ ဆင်ယင်ကျင်းပကြရ၊ သာသနာတော်ကြီး မှီရတာ သိပ်ကောင်းတာဘဲ၊ ခုလို ဆောင်ရွက်ရပျော်စရာဘဲ၊ ရွှင်စရာဘဲ၊ ဘုရားရှင်သာသနာ မှီရလို့ ဒို့ပျော်ရတယ်၊ ရွှင်ရတယ်လို့ ဆိုပြီး ဒီစိတ် ဖြစ်ကြရ။

ဘုရားအာရုံပြု၊ တရားအာရုံပြု၊ သံဃာအာရုံပြုလို့ လှူကြ, တန်းကြ, သီလဆောက်တည်ကြ, ဝမ်းမြောက်စရာ ဝမ်းသာစရာ ကုသိုလ်တွေ ပြုကြတော့ ဒီလိုကုသိုလ်၏ အခြေအနေ ဝမ်းမြောက် ရွှင်လန်းဘွယ် ပြောဆိုတာမျိုးကို ဝမ်းမြောက်ဝမ်းသာ အခါကာလမျိုးမှာ ဘုရားရှင် သာသနာတော်နှင့် ကြုံကြိုက်လို့ ခုဘဝ ချမ်းသာခြင်း၏အကြောင်း သံသရာဘဝ အဆက်ဆက် ချမ်းသာခြင်း၏ အကြောင်း သံသရာဝဋ်မြစ်ပြတ်ပြီး နိဗ္ဗာန်ရခြင်း၏ အကြောင်းဆိုလို့ရှိရင် ပုညကြိယာ(၁၀)ပါးတဲ့-

ကုသိုလ်ပြုဖို့ (၁၀)မျိုး ဖြစ်တယ်၊ ဒီထက်ဒီထက်ပိုပြီး အကျဉ်းချုပ်လိုက်ဦးမယ်ဆိုရင် "ဒါနတဲ့, သီလတဲ့, ဘာဝနာတဲ့" အများသိနေကြတဲ့ အတိုင်း ဒ်သုံးမျိုးဘဲ ရှိတာဘဲ။

### ဒါနကုသိုလ် တမျိုးရှိ-
### သီလကုသိုလ် တမျိုးရှိ-
### ဘာဝနာကုသိုလ် တမျိုးရှိ-

ဒါနကို အမျိုးမျိုး ဝေဘန်ပြန်ရင် များချင်တိုင်း များပြီး အမျိုးပေါင်းမကုန်နိုင်၊ သီလဝေဘန်လိုက်ပြန် များချင်တိုင်းများ၊ ဘာဝနာ ထို့အတူ များတာဘဲတဲ့။

သမထတဲ့ ဝိပဿနာတဲ့ အကျယ်ချဲ့လိုက်ရင် အများကြီး များတာဘဲ၊ ဒီလို အကျယ်ချဲ့လိုက်ရင် ပိဋကတ် ၃-ပုံဖြစ်သွားတာဘဲ၊ ပိဋကတ် ၃-ပုံက တခါ

ဓမ္မက္ခန္ဓာ (၈၄၀၀၀)ဖြစ်သွားရော၊ ဒါကုန်ပလားဆိုရင် ခု ၈၄၀၀၀)ဟာလဲ အကျဉ်းချုပ်၊ ဒီအကျဉ်းချုပ်က တခါပြန်ပြီး ပိဋကတ် ၃-ပုံကို ပြန်ကြည့်၊ ပိဋကတ် ၃-ပုံထဲက အဘိဓမ္မာပိဋကတ် ဆိုပါတော့၊ အဲဒီအကြီးဆုံး အဘိဓမ္မာပိဋကတ်ကို ပြန်ကြည့်၊ အဘိဓမ္မာပိဋကတ်ထဲပါတဲ့ ပဋ္ဌာန်း ကျမ်းကြီး ဆိုတာရှိ၊ ဒီ ပဋ္ဌာန်းကျမ်းကြီးကို ဘုရားရှင် ဟောဥုးမယ်ဆိုရင် ဟောလို့ မဆုံး နိုင်ဘူး၊ မပြီးနိုင်ဘူးတဲ့၊ အသက်ထက်ဆုံးပြောဟောနေ မဆုံးနိုင်၊ ဘုရားရှင် ဟောလို့ မဆုံးနိုင်လို့ အလွန်ကျယ်ဝန်းတဲ့ ကျမ်းကြီးကို ပဋ္ဌာန်းကျမ်းခေါ် တယ်၊ ဒီလို ကျယ်ဝန်းလှတဲ့ ပဋ္ဌာန်းကျမ်းကြီး တခုနဲ့ဘဲ မဆုံးနိုင်လို့ တခါ ပြန်ကျဉ်းကြည့်တော့ ပိဋကတ် ၃-ပုံ၊ နားလည်ဖို့ ပြောရတာဖြစ်တော့ အကျဉ်း ဆုံး ဒါန, သီလ, ဘာဝနာ ဒီ ကုသိုလ် ၃-မျိုး မှတ်ထားရင်လဲ ပြီးနိုင်တာဘဲ၊ ပိဋကတ် ပူဇော်ရာ ဓမ္မက္ခန္ဓာ ၈၄၀၀၀-ပူဇော်ရာ ရောက်တယ်၊ (ဒါ,သီ,ဘာ) ၃-မျိုးသာ မှတ်ထားကြ။

ကနေ့ပွဲကတော့ကို ဒါနပွဲဆိုကြပါစို့၊ ဆွမ်း, သင်္ကန်း, ကျောင်း, ကုဋ္ဌင် တို့ ဘာတို့ဆို ကျောင်းထဲပါတာပေါ့၊ ဆေးဆိုတာလဲ အာဟာရထဲမယ် သင့်လျော် အောင် ဒါလေးက အစာကြေအောင် ကပ်ဥုးမှာဘဲ၊ ထည့်ဥုးမှာဘဲ၊ဆေးသဘော ကပ်လိုက်ပြန်တော့ မကောင်းစကောင်းနည်းဖြင့် ဆေးလဲ ပါဟာပါဘဲ၊ ပစ္စည်း လေးပါး စုံနေပါပြီလို့ဆိုရ၊ ထိုပစ္စည်း လေးပါးထဲမှာ ပါတဲ့ ဒါနပွဲထဲမှာ ဒါနဆိုတဲ့အမျိုးက—

အာမိသ ဒါန, ဓမ္မဒါန နှစ်မျိုးလဲခွဲပြန်၊ ဒီနှစ်ခု၊ ဒီနှစ်မျိုး မှတ်ထား၊ အာမိသ ဒါနဆိုတာ ခုပြောခဲ့တဲ့ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, ပစ္စည်း လေးပါး လှူဒါန်းတဲ့ ဒါနကို အာမိသ ဒါန ခေါ်တယ်၊ ပစ္စည်းလေးပါး အလှူကို အာမိသဒါန၊ တိုတိုဘဲမှတ်ထားကြ။

ဓမ္မဒါနကတော့ တရားကိုခေါ်တယ်၊မြင်ရတာမဟုတ်ဘူး၊ ကနေ့ သာမဏေ တပါးကို ရဟန်းဘောင်ရောက်အောင် ပို့ဆောင်လို့ ကမ္မဝါဘတ် သိမ်ဝင် ရဟန်းခွင်အရောက် ဘိက္ခုအဖြစ် ရောက်အောင် ပို့ဆောင်ကာ ချီးမြှောက်တော့ ဘိက္ခုဖြစ်သွားတယ်၊ ရဟန်း အမကြီးနှင့် တူတူမတွေ ဓမ္မဒါန ရသွားတယ်၊ တရားဟောရတာ ဓမ္မဒါန၊ တရားနာရတာ ဓမ္မဒါန၊ ဥပသမ္ပဒကံဆောင် ချီး မြှောက်ပေးရတာ ဓမ္မဒါန ခေါ်တယ်။

ဒီတော့ မှတ်ရမှာက ပစ္စည်းလေးပါးလှူတဲ့အာမိသ ဒါနနဲ့ သာသနာနုဂ္ဂဟ, သာသနဒါယဇ္ဇ ရဟန်းခံပေးရတဲ့ ဓမ္မဒါန၊ ဒီနှစ်မျိုးကို ခွဲပြရတယ်၊ ပစ္စည်းလေး ပါး လှူတာမျိုးတော့၊ ကိုယ်တိုင် မွေးစကစ, ဆိုပါတော့ လှူနေကြတာ သိကြ

ပါပြီ၊ လှူတဲ့အခါ အထိုက်အလျောက် သဒ္ဓါတရားနဲ့၊ စေတနာနဲ့၊ ပညာနဲ့ နိဗ္ဗာန်တောင့်တပြီး လှူဒါန်းတတ်ကြပါရဲ့၊ ခုလဲ ဒီလိုလှူကြတာပါဘဲ။

ဓမ္မဒါန ဆိုတာကိုတော့ ခုကြားရပြီ၊ ရှေးကလဲ ကြားဘူးကြမှာပါဘဲ၊ ရဟန်းခံပေးတာ–ဘိက္ခုအဖြစ်ရောက်အောင်ပို့တာ ဓမ္မဒါန၊ တရားဟော တရားနာ၊စာရွတ်၊စာဖတ်၊ ဓမ္မစကြာ ရွတ်ကြ၊ဖတ်ကြ ဓမ္မဒါနခေါ်တယ်၊ သာသနာ ချီးမြှောက်တာ တရားပွဲပြုလုပ်ပေးတာ ဓမ္မဒါနခေါ်တယ်၊ "တရားနာကြွတော် မူကြပါ" လို့ ဘိတ်ကြားလိုက်တော့ တရားနာ လာကြတယ်၊ ဓမ္မက္ခန္ဓာတရား တွေ နာကြရတော့ မူလ ဒီလိုခေါ်င်တဲ့ စေတနာကို ဓမ္မဒါနခေါ်တယ်။

ဘုရားရှင်လက်ထက်က မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော် သီတင်းသုံးတော်မူခိုက် အခါတပါး တာဝတိံသာ နတ်ပြည်မှာ နတ်သားတွေ အချင်းချင်း စကားအမျိုးမျိုးပြောကြ, အချင်းချင်း မေးကြ,မြန်းကြ ပုစ္ဆာလေးမျိုး ထွက်တယ်။

ဒါနဆိုတာ သူတပါးကို ပေးတာ, ကမ်းတာ၊ ဘာပေး, ညာပေး, ဟိုဟာ ပေး, ဒီဟာပေး၊ ပေးတာကို ဒါနဆိုတော့ အကောင်းဆုံးပေးခြင်းဟာ ဘာလဲ ဒီလိုစကားမျိုးထွက်၊

ပြီးတော့ အရသာစားသောက်တဲ့အခါ ဘယ်အရသာ အကောင်းဆုံးလဲ၊ လျှာအရသာ နားအရသာ မျက်စိဖြစ်ရင်မျက်စိအရသာ ဆိုပါတော့၊ အရသာ အမျိုးမျိုးထဲက ဘာ အကောင်းဆုံးလဲ, ဘယ်အရသာဟာ အဖိုးတန်ဆုံးလဲ။

ပြီးတော့ တရံတခါ စိတ်ထဲကချည်း တွေးပြီးတော့ စိတ်ကောင်းတဲ့အခါ ကြံစည်မိတဲ့အခါ တွေးတဲ့အခါ သတိရတဲ့အခါ မွေ့လျော်ခြင်း အမျိုးမျိုး ရှိတယ်၊ ရွှေ အကြောင်းပြုလို့၊ ငွေ အကြောင်းပြုလို့၊ နွား အကြောင်းပြုလို့၊ ဆင်, မြင်းအကြောင်းပြုလို့ ဆွေမျိုးဉာတကာ အကြောင်းပြုလို့ တွေးပြီးမွေ့ လျော်နေမှုဟာအမျိုးမျိုး ရှိတယ်၊ ဒီလို မွေ့လျော်ခြင်းထဲမှာလဲ ဘယ်မွေ့ လျော်ခြင်းဟာ အကောင်းဆုံးလဲ- (၃)မျိုးရှိသွားပြီ၊ တဦးနဲ့တဦး နတ်တွေ အမျိုးမျိုး ပြောကြ ဆိုကြတယ်၊ တယောက်ပြောတာလဲ တယောက်က မနှစ် သက်ဘူး၊ သဘောမကျဘူးတဲ့၊ တသဘောထဲ ကြိုက်ညီသွားအောင် ဘယ်သူမှ မရှိဘူး၊စကြဝဠာ တခုထဲ မဟုတ်ဘူး၊ နတ်တွေ စကြဝဠာ တိုက်တသောင်းက အကုန်လာပြီး ဆိုကြ တင်ကြ ပြောကြတယ်။

စကြဝဠာတသောင်းက နတ်တွေ စည်းဝေးပြောနေတာ မပြီးနိုင်ဘဲ စကား ဆိုနေကြတာ, မရတာ, အတည်တကျ မရနိုင်ဘဲ ဖြစ်နေတာ ၁၂-နှစ်တိုင် ကြာ သတဲ့၊မင်္ဂလာသုတ်လိုပေါ့လေ၊ ၁၂-နှစ်တိုင်ညှိလို့မရအမျိုးမျိုးအမြင်ထွက်နေတော့ ဒီအတိုင်းတော့ မဖြစ်သေးဘူး၊ ဘုရားပွင့်ရာ စကြဝဠာမှာရှိတဲ့ နတ်တွေက ပညာ ရှိတယ်၊ အဲဒီတိုက် သွားကြစို့ရဲ့လို့ ဒီစကြဝဠာ လာပြီး ပေါင်းတယ်တဲ့၊ စတု မဟာရာဇ် နတ်မင်းကြီးတွေဆီသွား၊ သိကြားမင်းကြီးထံသွား၊ နတ်မင်းကြီးတွေ လဲ မဆုံးဖြတ်နိုင်၊ သိကြားမင်းလဲ မဆုံးဖြတ်နိုင်လို့ မြတ်စွာ ဘုရားထံ သွား လျှောက်ကြ၊ မြတ်စွာဘုရားရှင်က ဇေတဝန်ကျောင်းတော် သိတင်းသုံးခိုက် နတ် အများသွား လျှောက်ကြတယ် ဆိုပါတော့။

နတ်များက နေ့လယ်မလာဘူး၊ညဉ့်အခါလာကြ၊ညဉ့်အခါလဲ ညဉ့်ဦး မလာ ကြဘူး၊ ညတညကို ၃-ပိုင်း ပိုင်းပြီး အလယ်ပိုင်းမှာ နတ်တွေ လာကြရ၊ ဘုရား ရှင် နေ့စဉ် ဆောင်ရွက်တဲ့ ဗုဒ္ဓကိစ္စ ဆိုတာလဲ နေ့မအား ညမအား ဟောပြော ရွက်ဆောင်တော်မူခဲ့ရာ ညဉ့်အခါ ၃-ပိုင်း ပိုင်းတဲ့ အထဲမှာ ပထမပိုင်း ပထမ ယာမ်မှာ ရဟန်းတွေ တရားဟော၊ မဇ္ဈိမယာမ် အလယ်ပိုင်းမှာ နတ်တွေ တရား ဟောသတဲ့၊ အဲဒီလို အလယ်ပိုင်း ညအချိန်မှာ နတ်တွေရောက်လာပြီး မေး လျှောက်ကြ။

စကြဝဠာကိုက တခုနှစ်ခု ရေတွက်ရင် တသောင်းတဲ့၊ စကြဝဠာ တခုလျှင် နတ်သား တယောက်ကျစီ လာတယ်ဆိုပါတော့၊ နတ်သား တသောင်းဘဲ၊ ခုတော့ နတ်သားအရေအတွက် မရှိဘူးဆိုသဖြင့်၊နတ်သားတွေဘယ်လောက် များ မယ်ဆိုတာ မပြောနိုင်၊ မရေတွက်နိုင်ဘူးတဲ့၊ သိကြားမင်းနှင့်တကွ များစွာသော နတ်အပေါင်းလို့ ဆိုတယ်၊ ကုဋေကုဋာ များချင်တိုင်း များနေမယ်တဲ့၊ နတ်ဆို တော့လဲ တန်ခိုး ဣဒ္ဓိပါဒ်ရှိတော့ ခန္ဓာကိုယ်ကို သေးငယ်အောင် ဖန်ဆင်းပြီး ဇေတဝန်ကျောင်းတော် လာရောက်ကြလို့ နတ်ပရိသတ် များလှပါလား–ဘာ အကြောင်းရှိလဲ၊ လျှောက်ထားဖွယ်ရှိပါတယ်ဘုရား။

(က) ဒါန ဆိုတာ ဘယ်ဒါန အကောင်းဆုံးပါလဲ....။

(ခ) အရသာထဲမယ် ဘယ်အရသာ အကောင်ဆုံးပါလဲ....။

(ဂ) မွေ့လျော်ခြင်းအပေါင်းတို့တွင်ဘယ်မွေ့လျော်မှုသည် အကောင်း ဆုံးပါလဲ....။

(ဃ) တပ်နှစ်သက်ခြင်း တဏှာလောဘ ကင်းသွားတာကို ဘာ့ကြောင့် ကောင်းတယ်ဟု ဆိုရပါသလဲ....။

၄-မျိုး လျှောက်တယ်၊ ဒီတော့ ဘုရားရှင်က **"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"** ဓမ္မပဒ ပါဠိတော် ကြားဘူးကြမှာဘဲနော်၊ ဘုရားဟော မှတ်ကြ။

ဓမ္မဒါနံ-ဓမ္မဒါနသည်။ ခုနင်က ပြောတဲ့ အာမိသဒါန်, ဓမ္မဒါန နှစ်မျိုးတွင် ဓမ္မဒါန ဆိုတဲ့ တရားအလှူသည်။ သဗ္ဗဒါနံ အာမိသဒါနဆိုတဲ့ဆွမ်းသင်္ကန်း အစရှိသော အကုန်လုံး ဒါနအလှူ ဟူသမျှကို။ ဇိနာတိ- အောင်နိုင်၏၊ မြင့်မြတ်၏၊ အကောင်းဆုံးအမြတ်ဆုံး အလွန်ဆုံးဖြစ်၏။

လိုရင်းတော့ ဒါနချင်း ပြိုင်တာပါဘဲ၊ ဒါနချင်းပြိုင်လို့ အာမိသဒါနနဲ့ ဓမ္မဒါန ပြိုင်တော့ကို အာမိသဒါနဟာလဲ နိဗ္ဗာန်ပေါက် အကျိုး ပေးတာပါဘဲ၊ သံသရာမှာလဲ အကျိုးပေးတာပါဘဲ၊ **"အန္နံ သံဃဿ ဒတွာ အဘိရူပေ"** စသည် ဟောထားတဲ့အတိုင်း အဆင်းလှတာကို "မဟိဒ္ဓိကော၊ အင်္ဂပစ္စင်္ဂသမ္ပန္နော၊ ဝိသာရဒေါ" တန်ခိုးကြီးခြင်း နဲ့ အဆင်းကိုယ်အင်္ဂါပြည့်စုံလှပသတဲ့၊ ရဲရင့်သတဲ့။

အကျိုးတွေ ပေးလိုက်တာ စုံလို့ပါဘဲ၊ **"ဗလဝဏ္ဏော အမိတဘောဂံ လဘန္တိ"** ခွန်အားကြီးတယ်၊ ရောက်ရာအရပ်, ရောက်ရာ ဘဝမယ် ပစ္စည်းဥစ္စာ ပေါတယ်တဲ့၊ သုံးစွဲလို့ မကုန်နိုင်တဲ့ စည်းစိမ်ဥစ္စာနဲ့ ပြည့်စုံသတဲ့၊ သံဃာကို ဆွမ်းလှူတဲ့ ကုသိုလ်အကျိုး၊ ဒါတွင် မရပ်သေးဘဲ အဆုံးကျတော့ နိဗ္ဗာန်ထိ ရနိုင်တယ်၊ သံဃာကို လှူရတဲ့ အကျိုး မနဲဘူးနော်၊ ဆွမ်း၏အာမိသဒါန ဒီလို ဟောထားတယ်။

ဒီတော့ကို ခုလောက် အကျိုးများတဲ့ အာမိသဒါနထက် ဓမ္မဒါန မြတ်တယ် ဆိုပြီး "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"လို့ ဘုရားရှင် ဟောတော်မူတယ်၊ အဋ္ဌကထာ ဆရာက အကယ်၍ ဖြစ်စကောင်းလို့ရှိရင် ပရိကပ္ပ ခေါ်တဲ့ စိတ်ထဲက ကြံဆပြော တဲ့ စကားမျိုး ဖြစ်စကောင်းလို့ရှိရင်တဲ့ ဒီစကြဝဠာတိုက်ကြီး အပြည့်ဘုရားရှင်လဲ ပါရဲ့၊ ပစ္စေကဗုဒ္ဓါလဲ ပါရဲ့၊ ခီဏာသဝ ရဟန္တာတွေလဲ ပါရဲ့၊ ဟို-အကနိဋ္ဌဘုံက ဗြဟ္မာကြီးတွေလဲ ပါရဲ့၊ အထက်ကောင်းကင်အရောက်ထိ အပြည့်၊ ဟို-ဗြဟ္မာ့ဘုံ အရောက် ဘုရားအဆူပေါင်း မရေတွက်နိုင်၊ ပစ္စေကဗုဒ္ဓါ ရဟန္တာ အဆူပေါင်း မရေတွက်နိုင် ပြည့်နေတယ်။

ထိုပုဂ္ဂိုလ်တွေ စေ့စေ့အောင် ဘုရားတွေ ရဟန္တာတွေ သင်္ကန်းတစုံစီ လှူ၊ အကောင်းဆုံး သင်္ကန်း တစုံစီ လှူ၊ အဋ္ဌကထာကတော့ "ကဒလီ ဂဗ္ဘသဒိသော" ငှက်ပျောညွန့်ဖူး ငှက်ပျောတုံးကို အဖတ်တွေခွါပြီးတော့ "ကဒလိဂဗ္ဘ သဒိသာနိ စိဝရာနိ ဒဒေယျ"ဟု ဆိုထားတယ်၊ အတွင်းဆုံးကျတာကို အညွန့် အဖတ်၊ အပြင်ကျတော့ အရွက်ဖြစ်ရမှာ ဆိုထားတော့ အတွင်းမှာရှိတဲ့ နုနေတဲ့ အညွန့် အဖတ်ကလေးများဟာ အရောင်အဆင်းကလဲ သိပ်ကောင်း၊ နူးနူးညံ့ညံ့ ပျော့ပျော့ပျောင်းပျောင်းနဲ့တူတဲ့ ကတ္တိပါခေါ်တဲ့ အဝတ်အထည်တွေ သင်္ကန်း ချုပ်ပြီး သင်္ကန်းတစုံစီဘဲ လှူတယ်ထားဦး၊ အဲဒါ စီဝရဒါန, အာမိသဒါန၊ ဒီလောက် များပြားတဲ့ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာအဆူပေါင်း ကုဋေကုဋာ မရေတွက်နိုင်အောင် လှူတဲ့ သင်္ကန်းအလှူဟာ သိပ်ကောင်းတဲ့အလှူဘဲလို့ သာဓု အနုမောဒနာပြုရ၊ ဒီထက်တိုးပြီး တဂါထာလောက်ရွတ်ပြီး အနုမောဒနာပြုရ၊ အဲ-အဲဒါ ဓမ္မဒါနတဲ့၊ သူက တရားနဲ့စပ်တော့ သိဂ်အဖိုးတန်သွားတယ်၊အဲဒါကို မြေဒါနခေါ်တယ်။

ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာပုဂ္ဂိုလ် တို့ကိုပင် မွန်မြတ်သော ဘောဇဉ် အာဟာရတွေ သပိတ်တွေထဲ အပြည့်ထည့်ပြီး စေ့စေ့အောင်လှူ၊ စတုမဓုတို့, ထောပတ်တို့, ပျားရည်တို့ ဆေးပစ္စည်းတွေ သပိတ်ထဲအပြည့်ထည့်လှူ၊ ခုနင်က ပြောခဲ့တဲ့ သင်္ကန်းအလှူ, ဆွမ်းအလှူ, ဆေးအလှူ စုံနေအောင်လှူ၊ ဒီထက်လဲ ဓမ္မဒါနက မြတ်တာဘဲ၊ ကျောင်းအလှူ အနာထပိဏ်သူဌေးကြီး ဇေတဝန် ကျောင်းကြီး လှူထားတာ ၅၄-ကုဋေ ကုန်တယ်တဲ့၊ အနာထပိဏ်သူဌေးကြီး ဇေတဝန်ကျောင်းကြီး လှူထားတဲ့အလှူဒါနထက်လဲ ဓမ္မဒါနက မြတ်တာဘဲတဲ့။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊ တရားပွဲမယ် တရားဟောတဲ့ပုဂ္ဂိုလ် ဓမ္မဒါန ရ၊ တရားရွတ်ဖတ် သရဇ္ဈာယ်ကြ ဓမ္မဒါနဖြစ်တယ်တဲ့၊ တရားနာတဲ့သူတွေ တရားနာ ကြွကြပါလို့ ဘိတ်မန္တကပြုသူတွေ ဓမ္မဒါန ရကြတယ်၊ ဓမ္မဒါန မြောက်အောင် ဘိတ်ကြားရင် ဒီကုသိုလ်ရကြမယ်၊ ယနေ့ ရဟန်းခံပွဲဆိုပါ တော့၊ ဒီကိုရင်ကို ရဟန်းခံပေးလို့ ရဟန်းအဖြစ် ရောက်အောင် ပို့တင်ကြတာ၊ ဘာလုပ်ဖို့ ပို့တင်ကြတာလဲ၊ လယ်လုပ်ဖို့လား၊ ကုန်ရောင်းဖို့လား၊ ဘာလုပ်ရ အောင် ရဟန်းဘောင် ပို့ဆောင်သလဲ၊ ဘာကိုဆောင်ရွက်စေလိုလို့လဲ။

ဘုရား သာသနာမှာ စာပေ ကျမ်းဂန် သင်အံ လေ့ကျက်ဖို့ ဓမ္မက္ခန္ဓာ (၈၄၀၀၀)သင်ဖို့, ဖတ်ဖို့, ပို့ဆောင်ရ၊ ဒီပြင် ဘာအကျိုးမှ မရည်ရွယ်၊ ဘာကိုမှ ပြုလုပ်ဆောင်ရွက်ရန် မဟုတ်ဘူး၊ သာသနာ့ဖက် သက်သက် ချီးမြှောက် တင်ပို့

လိုက်ကြတာဟာ ပရိယတ်သင်ကြားဖို့၊ ပဋိပတ် ကျင့်ကြံဖို့ဆိုတော့ လောကီကြောင်းအတွက် မဟုတ်ဘဲ စာသင်သား တရားအားထုတ်ဘို့နဲ့ ဒီရဟန်းတော်ကလေးက တခါသူ့ လောက်မတတ်တဲ့ပုဂ္ဂိုလ်ချပ့ို သင်ပေးပြီ၊ သူကတခါ စာချဘုန်းကြီးဖြစ်၊ ဒီလိုနဲ့ ငါ့ဦးပဉ္စင်းကလေး စာသင်,စာတက်, စာချ, အမှု ပြုပြီး သာသနာ့ဘောင် နေထိုင်ကျင့်သုံးလို့ပါလားလို့ ရဟန်းဒကာမကြီး စိတ်ခေတ်က ရှိနေရင်, ရှိလဲ ရှိမှာပါဘဲ၊ အဲဒါ ဓမ္မဒါန တရားအလှူဘဲတဲ့။

အကောင်းဆုံး ဓမ္မဒါန ကုသိုလ်ဖြစ်နေပြီတဲ့၊ ဒါ့ကြောင့် ဒီဘဝမယ် ရှေးတုန်းက တခါမျှ မရဘူးသေးတဲ့ "သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ" အလုံးစုံသော ဒါနတို့တွင် အကောင်းဆုံး ဖြစ်တဲ့ ဓမ္မဒါန ငါရပေတယ်၊ ရနေတယ်လို့ ဝမ်းမြောက် ဝမ်းသာ အပရစေတနာပွားပြီး ကန္နေ့ ငါသည် အာမိသဒါနလဲ ပြုရပေတယ်၊ ဓမ္မဒါန ကုသိုလ်လဲ ပြုရပေတယ် လို့ ဝမ်းသာ မဆုံး ရွှင်ပြုံး ကျေနပ်လို့ ငါပြုတဲ့ ကုသိုလ်မှန်သမျှ နိဗ္ဗာန်ရောက်ကြောင်း အလုပ်ကောင်း အမှုကောင်းတွေဘဲလို့ စိတ်ထဲ ကျေနပ်သော ပီတိဖြင့် ဥပသမ္ပဒကံဆောင် မင်္ဂလာကုသိုလ်ရှင်အဖြစ်ဖြင့် ဓမ္မဒါနကုသိုလ်-ရယူနိုင်ပါပေတယ်လို့ ဝမ်းမြောက် ဝမ်းသာစွာ ဤကုသိုလ်တို့ဖြင့်, "နိဗ္ဗာန်ရောက်ရပါလို၏"လို့ ဆုတောင်းပြီး နိဗ္ဗာန်အမြန် ရောက်ကြောင်း ကုသိုလ်ကောင်းမှု ကြိုးစားပြုစု၍ သဒ္ဓါတရား တိုးပွားနိုင်ကြပါစေကုန်သတည်း။

'ဦးသိရိဟိတေသက' ရဟန်းခံပွဲ၌ ဟောကြားပါသည်။

—— ၀ ——

## အမြိုက်ဆေးကျော် တရားတော်

## နှုတ်မြွက် ဟောတော်မူသော တရား အမှတ် (၂၄)

**ဗျာဓိတံ ဇနတံ ဒိသွာ၊ အမတာပဏံ ပသာရယိ၊**
**ကမ္မေန တံ ကိဏိတွာန၊ အမတံ အာဒေထ ဘိက္ခဝေါ။**

(မိလိန္ဒ၊ ၃၁၉)

ဘိက္ခဝေ-အိုရဟန်းတို့။ အဟံ-ငါဘုရားသည်၊ ဗျာဓိတံ-မကျန်းမမာ နာ၍ နေသော။ ဇနတံ-ဝေနေယျသတ္တဝါ အပေါင်းကို။ ဒိသွာ-မြင်တော်မူ၍။ အမတာပဏံ-အမြိုက်နိဗ္ဗာန်တည်းဟူသော ဆေးဆိုင်ကြီးကို။ ပသာရယိ-ဖြန့်ခင်း၍ ထားတော်မူခဲ့ပေပြီ။ တုမှေ- သင် ချစ်သားတို့သည်။ ကမ္မေန-ကုသိုလ်ကံ တည်းဟူသော အဖိုး အခဖြင့်။ တံ-ထိုနိဗ္ဗာန် အမြိုက်ဆေးကို။ ကိဏိတွာန-ဝယ်ယူကြကုန်ပြီးလျှင်။ အမတံ-အမြိုက်ဆေးကို။ အာဒေထ-အစဉ်အမြဲမှီဝဲ စားသုံးကြပါကုန်လော့။

ဘုရားရှင်ရဲ့ ရွှေဉာဏ်တော်ဖြင့် ကြည့်လိုက်လျှင် တလောကလုံးမှာရှိကြတဲ့ ကိလေသာ ရောဂါ ဝေဒနာတွေကြောင့် တသေထဲ သေနေကြရပြီး ဇာတိ, ဇရာ,ဗျာဓိ,မရဏဘေးတွေ သင့်နေကြတဲ့ လူတွေ, နတ်တွေ, ဗြဟ္မာတွေကို မြင်တော်မူတယ်၊ အဲဒီအနာရောဂါတွေပျောက်ဘို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး က အမြိုက်နိဗ္ဗာန်လို့ ခေါ်တဲ့ ဆေးဆိုင်ကြီးကို ခင်းကျင်းထားတော်မူတယ်၊ အဲဒီ ဆေးဆိုင်ကြီးကိုဝေဒနာရောဂါ ပျောက်လိုတဲ့ ဗြဟ္မာ,နတ်,လူ မည်သူမဆို ဝယ်ယူသုံးစွဲနိုင်တယ်၊ လောကမှာ ကိုယ်လိုတဲ့ ပစ္စည်းတခုကို အဖိုး အခ ပိုက်ဆံ ကြေးငွေ ပေးပြီး ဝယ်ကြရသလို ဘုရားရှင်ရဲ့ နိဗ္ဗာန် ဆေးဆိုင်ကြီးမှာတော့ ကုသိုလ်ကံလို့ခေါ်တဲ့အဖိုးအခပေးပြီး ဝယ်ယူမှုရမယ်၊ဘုရားရှင်ကလဲ ကိလေသာ ရောဂါကြောင့်အိုနာသေရေး ဒုက္ခဘေးတွေနဲ့ အမြဲတွေ့ကြုံနေကြရတဲ့ သတ္တဝါ တွေကို သနားတော်မူသဖြင့်နိဗ္ဗာန်အမြိုက်ဆေးတော်ကြီးကို အမြဲသုံးဆောင်ကြ ပါလို့ တိုက်တွန်းတော်မူတယ်။

ဒါန,သီလ,ဘာဝနာ ကုသိုလ်အလုပ်တွေကို အားထုတ်နေတဲ့ အခါတိုင်း ဒီကိလေသာ ရောဂါဝေဒနာတွေပျောက်ဖို့ ဆေးသောက်နေကြတာနဲ့ တူတယ်။ ဘုရားရှင်ကိုယ်တော်မြတ် ၄၅-ဝါကာလပတ်လုံး တရားဟောပြတော်မူတာလဲဘာ အမြိုက်နိဗ္ဗာန်ဆေးကြီးကို သောက်ကြပါလို့ တိုက်တွန်းတော်မူနေတာဘဲ။

**ဗောဓနေယျံ ဇနံ ဒိသွာ၊ သတသဟဿေပိ ယောဇနေ။**

**ခဏေန ဥပဂန္တွာန၊ ဗောဓေတိ တံ မဟာမုနိ။**

(ဗုဒ္ဓဝံ။ ၄၊ ၁၄၈)

မဟာမုနိ- ဘုရားရှင်သည်။ သတသဟဿေပိ ယောဇနေ- ယူဇနာတသိန်း ဝေးကွာသော်လည်း။ ဗောဓနေယျံ-ကျွတ်ထိုက်သော။ဇနံ-ဝေနေယျသတ္တဝါကို။ ဒိသွာ- မြင်တော်မူသည် ရှိသော်။ ခဏေန- တခဏချင်းဖြင့်။ တံ-ထိုသူထံသို့။ ဥပဂန္တွာန-ကြွတော်မူ၍။ ဗောဓေတိ-မဂ်ရောက် ဖိုလ်ဝင်သိမြင်တော်မူစေ၏။

ယခုခေတ်အခါမှာ ကရုဏာ မေတ္တာ ပြည့်ဝတဲ့ ဆရာဝန် ဆေးဆရာတဦးဟာ ဝေဒနာ ပြင်းထန်စွာ ခံစားနေရတဲ့ လူနာတဦးထံ အမြန်သွားရောက်ကုသတာလိုဘဲ ဘုရားရှင်တည်းဟူသော သမားတော်ကြီးကလဲ ကိလေသာရောဂါ ဝေဒနာခံစားနေတဲ့ ကျွတ်ထိုက်တဲ့ ဝေနေယျသတ္တဝါ လူနာတဦးကို ရှုတော်ဖြင့် မြင်တော်မူလျှင် ယူဇနာတသိန်း ကွာဝေးနေစေကာမူ အမြန်ကြွသွားတော်မူလေ့ရှိတယ်။

ဘုရားရှင် လက်ထက်တော်က ဘုရားရှင်ရဲ့ အမြိုက် နိဗ္ဗာန် ဆေးဆိုင်ကြီးမှ ဝယ်ယူပြီးသုံးစွဲကြလို့ ကိလေသာဝေဒနာတွေပျောက်ပြီး နိဗ္ဗာန်ရောက်ကြရသူတွေ မရေမတွက်နိုင်အောင် များလှတယ်။

ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည့်နောက်မှာလဲ ကျန် ရစ် ခဲ့ ကြတဲ့ ဝေနေယျတွေ သုံးဆောင်ကြဖို့၊ သောက်ကြဖို့ အမြိုက်နိဗ္ဗာန် ဆေးဆိုင်ကြီးကို ခင်းထားဆဲ ရှိသေးတယ်၊ ကိလေသာ ရောဂါတွေ ပျောက်နိုင်ကြသေးတယ်၊ နိဗ္ဗာန်ရောက်နိုင်ဖို့ အခွင့်အရေးတွေ ရှိသေးတယ်။

ယခု ရွှေကျောင်ဂိုဏ်းထဲမှာ ဝိသုဒ္ဓါရုံတိုက်ကြီးထဲမှာ ဘာကြောင့် လာနေကြသလဲ၊ ဘယ်လိုရည်ရွယ်ချက်နဲ့ ရဟန်းသာမဏေ ပြုလုပ်နေကြသလဲလို့ မေးလျှင် ကိလေသာ ရောဂါဝေဒနာတွေ ပျောက်ပြီး နိဗ္ဗာန်ရောက်ချင်ကြလို့ဘဲ။ နိဗ္ဗာန်ရောက်ဖို့ ရည်ရွယ်ချက်ကြောင့် ရဟန်းသာမဏေ လုပ်နေကြတာပါလို့ အားလုံးဖြေကြမှာဘဲ။

နိဗ္ဗာန်ရောက်ရမှာလဲ သီလအဆင့်မှ ပထမဆုံး ဖြည့်ကျင့်မှ နိဗ္ဗာန်ရောက်နိုင်မယ်၊ ဒါကြောင့် သီလအရေးအကြီးဆုံးဘဲ။

သီလံ ယာဝ ဇရာ သာဓု၊ သဒ္ဓါ သာဓု ပတိဋ္ဌိတာ။
ပညာ နရာနံ ရတနံ၊ ပုညံ စောရေဟိ ဒုဟရံ။
(သံ၊ ၁။ ၃၃။)

သီလံ-သီလသည်။ ယာဝဇရာ-အိုသည် တိုင်အောင်။ သာဓု-ကောင်း၏။ သဒ္ဓါ-သဒ္ဓါတရားသည်။ ပတိဋ္ဌိတာ- စိတ်အစဉ်၌ တည်မူ။ သာဓု- ကောင်း၏။ ပညာ-ပညာသည်။ နရာနံ-လူတို့၏။ ရတနံ-ရတနာမည်၏။ ပုညံ-ကောင်းမှုကို။ စောရေဟိ-ခိုးသူတို့သည်။ ဒုဟရံ-မခိုးယူနိုင်ပေ။

ရဟန်း သာမဏေ လူတွေ အလိုက် ကိုယ့်ဆိုင်ရာ သီလရှိမှ ကောင်းတယ်၊ ဘုရားရှင်လက်ထက်က ၊တ်သားတယောက် ဘုရားရှင်ထံမှောက်၊ လာရောက်ပြီး အမေးပုစ္ဆာပြဿနာ လာမေးတယ်။

အဘယ် တရားဟာ အိုသည့်တိုင်အောင် ကောင်းပါသလဲ။

အဘယ် တရားဟာ စိတ်သန္တာန် အစဉ်၌ အမြဲတည်ပါမူ ကောင်းပါသလဲ။

လူတို့ရဲ့ အမြတ်ဆုံး ရတနာဟာ အဘယ်ရတနာပါလဲ။

အဘယ် ဥစ္စာကို ခိုးသူတို့ မလုယူနိုင်ပါသလဲဘုရား—

ဟု လျှောက်ထားတယ်။

ထိုအခါ ဘုရားရှင်က—

ငယ်သည်ကစ အရွယ်အိုသည့် အခါတိုင်အောင် ကောင်းတာ သီလဘဲ၊ လူတိုင်းလူတိုင်း စိတ်သန္တာန် အစဉ်၌ အမြဲတည်ရှိလျှင် ကောင်းတဲ့ တရားက သဒ္ဓါတရားဘဲ။

လူတို့ရဲ့ အမြတ်ဆုံး ရတနာက ပညာဘဲ။

ခိုးသူ ခားပြတွေ မယူနိုင်တဲ့ ဥစ္စာဟာ ကုသိုလ်ကောင်းမှုခေါ်တဲ့ ကိုယ်ပိုင်ဥစ္စာ ဖြစ်တယ်။

လို့ ဘုရားရှင် ဖြေကြားတော်မူတယ်။

ကဿပဘုရားရှင် လက်ထက်က 'ကပိလ'ရဟန်းကြီး ပိဋကတ်သုံးပုံနှုတ်ငုံဆောင်နိုင်အောင် ပညာတတ်ပေမယ့် သီလမရှိလို့ အပါယ်လားရတယ်။

ဒါ့ကြောင့် "သီလမေ၀ သုဘာသေယျော" သီလက ပညာထက် သာ၍ ကောင်းသည်ဟု ဆိုကြတယ်။ သီလဟာ သာသနာတော်မှာ အစဆုံး ကျင့်ရမည့် တရားဘဲ၊ ဒီလို သီလ လုံခြုံအောင် ဖြည့်ကျင့်ဖို့ရန်ကလဲ သာသနာတော်မှာ

ယုံကြည်မှု၊ ကံ၊ ကံ၏ အကျိုးကို ယုံကြည်မှု၊ သဒ္ဓါတရားရှိမှ ဖြစ်နိုင်တယ်။ ဒါကြောင့် သဒ္ဓါတရားဟာလဲ လူတိုင်းလူတိုင်းရဲ့ စိတ်သန္တာန်အစဉ်မှာ အမြဲ တည်ရှိဖို့ ကောင်းတဲ့တရားဘဲ။

သဒ္ဓါတရားရှိမှ သီလကို ဖြည့်ကျင့်နိုင်တယ်၊ သီလရှိမှသာ သမာဓိ ရနိုင်တယ်၊ သမာဓိ ရှိမှသာ ပညာတရား ဖြစ်ပေါ်လာနိုင်တယ်။

ပညာဟာ လူတွေရဲ့ အမြတ်ဆုံး ရတနာပါဘဲ၊ "**ပညာပသတ္ထာ လောကသ္မိံ၊ ပညာသဒ္ဓမ္မဋ္ဌိတိယာ**" ဆိုတဲ့အတိုင်း လောကမှာ ပညာဟာ ချီးမွမ်းထိုက်ဆုံးဘဲ၊ ပညာဟာ သာသနာတည်ခြင်းရဲ့ အကြောင်းရင်းပါဘဲ၊ ပညာဆိုပေမယ့် လောကီ ပညာတွေကို ဒီနေရာ ဆိုလိုတာ မဟုတ်၊ နိဗ္ဗာန် ရောက်ကြောင်း ကိုယ်မှာတည် တဲ့ ပညာသာလျှင် အမြတ်ဆုံးဘဲ။

ခေးပြခိုးသူတွေ မခိုးယူနိုင်တဲ့ ဥစ္စာဟာ ကုသိုလ်ဥစ္စာပါဘဲ၊ ထို ကုသိုလ်ကံ ဥစ္စာရှိမှ နိဗ္ဗာန် အမြိုက်ချမ်းသာကို ဝယ်နိုင်ကြမယ်၊ ဒါကြောင့် ကုသိုလ်ကံ ဥစ္စာလို့ ခေါ်တဲ့အဘိုးအခဖြင့် နိဗ္ဗာဆေးဆိုင်ကြီးမှာ ကိလေသာ ဝေဒနာတွေ ပျောက်ကြောင်း တရားဆေးကောင်းများကို ကိုယ်စီကိုယ်စီ ဝယ်ယူသုံးစွဲနိုင်ကြ ပြီး နိဗ္ဗာန်ချမ်းသာကို ခံစားသုံးဆောင်နိုင်ကြပါစေကုန်သတည်း။

(၁၃၃၀-ခု၊ နတ်တော်လဆန်း ၁၄-ရက်၊ အဘိတ်နေ့ညဥ့်)

—၀—

## သဗ္ဗါရုတရားတော်

### နှုတ်မြွက်ဟောတော်မူသောတရား အမှတ်(၂၅)

**အနန္တာဒိနဝေါ ကာယော၊ ဝိသရုက္ခသမူပမော။**

**အာဝါသော သဗ္ဗရောဂါနံ၊ ပုဥ္ဇော ဒုက္ခဿ ကေဝလော။**

**(အပ၊ ၂။ ၁၁၇)။**

အယံ ကာယော-အလျှားတလံ အနံ့တထွာ ဤ ခန္ဓာကြီးသည်။ အနန္တာဒိနဝေါ-ရေတွက်မရ များလှသောင်းသောင်း မကောင်းသော အပြစ်တွေရှိ၏။ ဝိသရုက္ခသမူပမော-အချိန်မရွေး သေစေနိုင်သည့် အဆိပ်ပင်ကြီးနှင့် တူ၏။ သဗ္ဗရောဂါနံ-ကိုးဆဲ့ခြောက်ဖြာ ဘေးရောဂါတို့၏။ အာဝါသော- အမြဲပိုရာ တည်နေရာ ဌာနကြီး ဖြစ်၏။ ကေဝလော- ချမ်းသာ မဖက် ဆင်းရဲ သက်သက်သာ ဖြစ်သော။ ဒုက္ခဿ- ဆင်းရဲအမျိုးပျိုး၏။ ပုဥ္ဇော-ရေတွက် မကုန် အစုအပုံမျှ ဖြစ်ပေ၏။

ဘုရား အစရှိသော အရိယာ အပေါင်း သူတော်ကောင်းတို့ရဲ့ ဉာဏ်အမြင် အားဖြင့် ဤခန္ဓာကိုယ်ကြီးကိုကြည့်လျှင် အားလုံး ဒုက္ခတွေချည်း မြင်နေတာဘဲ၊ အပြစ်တွေ တခုမက နှစ်ခုမက ရေတွက်မရအောင်ပင် များလှတယ်၊ ပုထုဇဉ်တွေရဲ့ အမြင်အားဖြင့်ကြည့်လျှင် မောဟအမိုက်မှောင်တွေ ဖုံးကွယ်နေလို့ အမှန်အတိုင်း အပြစ်တွေမမြင်ဘဲ ဒီခန္ဓာကိုယ်ကြီးကို သာယာစရာချစ်ခင်စရာ ထင်နေကြတယ်၊ ကိုယ့်ရဲ့ခန္ဓာကိုယ်မှ တပါး အခြားသူများရဲ့ ခန္ဓာကိုယ်တွေကိုလဲ အပြစ် မမြင်ဘဲ ချစ်ခင်စွဲလမ်းနေတတ်ကြတယ်၊ အမှန်ကတော့ ဒီခန္ဓာကိုယ်ကြီးဟာ ချစ်ခင်စရာ သာယာစရာ ကောင်းတာ ဘာမျှမရှိ၊ အပြစ်တွေသာ ရှိနေတယ်။

အဝေးကနေ ကြည့်လျှင် အသီးမြင်လျှင်လဲ စားချင်စရာ၊ အပွင့်အရွက် မြင်လျှင်လဲ စားချင်စရာ အဆင်း အရောင် အသွေးနှင့် ပြည့်စုံနေတယ်၊ ခူးလှုပါ့၊ စားလှုပါလို့ ဖိတ်ခေါ်နေသလို နံ့ပျံ့ စိမ်းလန်းနေတယ်၊ အဆိပ်ပင်မှန်း မသိလို့ အသီးအပွင့် အကိုင်းအခက် အရွက် တခုခုကို စားမိမယ် ဆိုလျှင် ရုတ်တရက် သေသွားစေနိုင်တယ်၊ ထို့အတူ ဒီခန္ဓာကိုယ်ကြီးဟာလဲ အဆိပ်ပင်ကြီးလိုဘဲ၊ ဒီခန္ဓာကိုယ်ကို အပြစ် မမြင်လို့ ချစ်ခင် စွဲလန်းနေပေမယ့် ဒီခန္ဓာ ကိုယ်မှာရှိတဲ့ အစိတ်အင်္ဂါ အားလုံးတို့မှာ ဘယ်နေရာမှာ မဆို ရောဂါဖြစ်ပြီး ရုတ်တရက် သေဆုံးသွားနိုင်တာဘဲ။

၉၆-ပါး ရောဂါဝေဒနာတို့ရဲ့ နေရာအိမ်ကြီးသဖွယ် ဖြစ်နေတယ်၊ ဆေးရုံကြီးမှာ သွားကြည့်လျှင် အမျိုး အမည်တွေ မသိနိုင်လောက်အောင် ဆန်းပြား

များလှန်းလှတဲ့ ရောဂါတွေ အမျိုးမျိုး ခံစား နေကြရတယ်၊ အဲဒီ ရောဂါ အားလုံးတွေဟာ တုံးပေါ်က, တိုင်ပေါ်က အလိုအလျောက် ပေါ်ပေါက်လာကြတာ မဟုတ်ဘူး၊ ဒီခန္ဓာကိုယ်ကြီးက ပေါက်ဖွား လာကြတာဘဲ။

တခါတခါ ကိုယ့်ကိုယ်ကို နေကောင်းတယ်၊ ကျန်းမာတယ် ထင်နေရပေမယ့် အမှန်ကတော့ ဒီခန္ဓာကိုယ်တွင်းမှာ ရောဂါတွေ အမြဲ ဖြစ်နေတာဘဲ၊ ရောဂါဝေဒနာ ကင်းစင်တဲ့ ခန္ဓာကိုယ်ရယ်လို့ မရှိနိုင်ဘူး၊ ရောဂါကြီးတာနှင့် သေးတာဘဲ ကွာခြားနေတယ်၊ ဒီခန္ဓာကိုယ်ကြီး ရောဂါ မဖြစ်အောင် ကာကွယ်ကြရ၊ ရောဂါ ဖြစ်ပြန်တော့လဲ ဆေးကုသကြရတယ်၊ နေ့စဉ်လဲဘဲ ဒီခန္ဓာ ကိုယ်ကြီးကို အရေးတယူ မွေးမြူကြရတယ်၊ မတရားသဖြင့် မွေးမိခဲ့ကြလျှင်လဲဘဲ အပါယ်ငရဲ ရောက်ကြရပြန်တယ်၊ ဒီခန္ဓာကိုယ်ကြီးနှင့်စပ်ပြီး ဘေးရန်ဒုက္ခတွေ များလှတယ်။ ဘေးရန်တွေကလဲ အမြဲဝိုင်းနေတယ် ၊ဘယ်လိုပင် စောင့်ရှောက်ပေမယ့် ဘေးရန် မရောက်အောင်, မအိုအောင်, မနာအောင်, မသေ မပျောက်ရအောင် ဘယ်သူမျှ မစောင့်ရှောက်နိုင်ကြဘူး။

ခန္ဓာကိုယ်မှာ ရုပ်ပိုင်းဆိုင်ရာကသာ ရောဂါဝေဒနာတွေ ဖြစ်နေတာ မဟုတ်သေးဘူး၊ နာမ်ပိုင်းဆိုင်ရာကလဲ အမြဲ ကိလေသာ ရောဂါ ဝေဒနာတွေဖြစ်နေတာဘဲ၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်ခေါ်တဲ့ ခန္ဓာကိုယ်ရဲ့ တံခါးပေါက် ခြောက်ပေါက်ကလဲ လောဘမီး, ဒေါသမီး, မောဟမီးတွေ အမြဲတောက်လောင်နေကြတယ်၊ ဇာတိမီး, ဇရာမီး အစရှိတဲ့ တဆယ့်တသီး ဒုက္ခမီးတွေကလဲ အမြဲ တောက်လောင်နေတယ်၊ ဒီခန္ဓာကိုယ်ကြီးမှာ ချမ်းသာစရာ ဘယ်နေရာမျှ ရှာမရနိုင်ဘူး၊ အားလုံးဒုက္ခတွေချည်းပဲ ခန္ဓာကိုယ်တခုလုံး ဒုက္ခတုံး ဒုက္ခခဲ ဒုက္ခအစုအပုံမျှသာ ဖြစ်တယ်။

"**သင်္ခါရာ ဒုက္ခာ**"ဆိုတဲ့အတိုင်း ကံ, စိတ်, ဥတု, အာဟာရအကြောင်းတရား ၄-ပါးကြောင့် ဖြစ်ပေါ်လာရတဲ့ သင်္ခါရတွေဟာ ဒုက္ခတွေချည်းပါဘဲ၊ ဒါကြောင့် သင်္ခါရကို ငြီးငွေ့ဖို့လိုတယ်၊ ဒီရုပ်နာမ် ဒီခန္ဓာကိုယ်ကြီးကို ငြီးငွေ့ဖို့လိုတယ်။ သင်္ခါရဘယ်မှာရှာရမလဲ၊ တခြားမှာ ရှာမနေရဘူး၊ ခန္ဓာကိုယ်ပေါ်မှာ ရှာရမယ်၊ ဒီခန္ဓာကိုယ်ကြီး တခုလုံး သင်္ခါရချည်းဘဲ။

နိဗ္ဗာန်မှတပါး သက်ရှိသက်မဲ့ အားလုံးတို့ဟာ သင်္ခါရချည်းပါဘဲ၊ အဲဒီသင်္ခါရကို အမှန်အတိုင်း ဉာဏ်ဖြင့် ဆင်ခြင်ပြီး အပြစ်မြင်အောင် ရှုရမယ်၊ သင်္ခါရတွေနှင့်ယှဉ်တွဲပြီး အမြဲအတူနေရပေမယ့် သင်္ခါရမှန်းမသိကြလို့သားချစ်ရ, သမီးချစ်ရ သူရောကိုယ်ပါ အပြစ်မမြင်ကြလို့ ချစ်ခင်နေကြတယ်၊ တကယ် ဖြစ်ပျက်တတ်တဲ့ သင်္ခါရမှန်း သိကြလျှင် ဘယ်သူကိုမျှ ချစ်ခင်နိုင်မယ်မဟုတ်ဘူး၊

ကမ႓ာႀကီးတခုလုံး ျပဲတဲ့ အရာ၀တၳဳဟူ၍ ဘာမွ် မ႐ွိဘူး၊ အတိတ္က ႐ုပ္နာမ္ ေတြ အားလုံး ခ်ဳပ္ပ်က္ကုန္ႀကၿပီ၊ ပစၥဳပၸန္မွာ ႐ွိသဲ့ ႐ုပ္နာမ္ အားလုံးဟာလဲ ခ်ဳပ္ပ်က္ဆဲဘဲ၊ အနာဂတ္ လာလတၱံ႕ ႐ုပ္နာမ္ေတြလဲဘဲ ခ်ဳပ္ပ်က္ႀကလိမ့္မယ္။

၀ိသုဒၶါ႐ုံတိုက္ႀကီး တည္ေထာင္ခါစ ၁၂၆၄-ခုႏွစ္က သံဃာေတာ္ ၁၀၀- ေက်ာ္ ႐ွိခဲ့တယ္။ အခု ၀ိသုဒၶါ႐ုံဆရာေတာ္ႀကီးကစၿပီး အားလုံး မ႐ွိႀကေတာ့ ဘူး၊ ဒီက ဒိ႒တေယာက္ထဲသာ က်န္ေတာ့တယ္၊ သခၤါရကို ေႀကာက္ႀကရမယ္ ဆိုေပမယ့္ မေႀကာက္ႀကဘူး၊ ဘယ္လို ဓမၼကထိကေတြ ေဟာႀက ေျပာႀကေပမယ့္ သခၤါရကို မေႀကာက္ႀကဘူး၊ ဘုရား႐ွင္ ေဟာတာေတာင္ မရေတာ့ ဘယ္သူ ေဟာလို႔ ရေတာ့မလဲ၊ ပညာဉာဏ္ႏွင့္ အမွန္အတိုင္း သိျမင္မွ ေႀကာက္ႀကမွာဘဲ၊ မ်က္ဉာဏ္ပညာျဖင့္ သခၤါရ မျမင္သမွ် ဘယ္ေတာ့မွ သခၤါရ ေႀကာက္ႀကမယ္ မဟုတ္ဘူး၊ သခၤါရ မေႀကာက္သမွ် နိဗၺာန္ကို မေရာက္ႏိုင္ႀကဘူး၊ နိဗၺာန္ မေရာက္သမွ် သံသရာထဲမွာ ႐ုပ္နာမ္ခႏၶာေတြ ထပ္ခါထပ္ခါ ရ႐ွိေနၿပီး အိုလို႔ မဆုံး၊ နာလို႔မဆုံး၊ ေသလို႔မဆုံး၊ ဒုကၡေတြ မဆုံးႏိုင္ဘဲ ျဖစ္ေနႀကမယ္။

ပညာျဖင့္ ဆင္ျခင္လို႔ သခၤါရကို ျမင္လာၿပီဆိုလွ်င္ "ေသ မေဂၢါ ၀ိသုဒၶိယာ" ဆိုတဲ့အတိုင္း နိဗၺာန္ေရာက္ဖို႔ လမ္းစ ျမင္ႀကရမယ္၊ နိဗၺာန္ကို ျမင္ရေအာင္ သခၤါရအျပစ္ေတြကို ျမင္ေအာင္ႀကည့္ရမယ္၊ ဒီ႐ုပ္နာမ္ ဒီခႏၶာကိုယ္ႀကီးရဲ႕အျပစ္ ကို ျမင္ေအာင္ ႐ႈႀကရမယ္၊ ရင္၀မွာ လွံစူးေနေပမယ့္ အဲဒီ လွံကို မႏႈတ္ေသးဘဲ သခၤါရ ၿငီးေငြ႕ေအာင္ အားထုတ္ႀကရမယ္၊ ဦးေခါင္းကို မီးေလာင္ေနေပမဲ့ မီးကို မၿငိမ္းေသးဘဲ သခၤါရကို ၿငီးေငြ႕ေအာင္ တရား အားထုတ္ႀကရမယ္၊ ဒါေႀကာင့္ အသီးသီး ႐ုပ္နာမ္ဓမၼသခၤါရတို႔ကို အမွန္အတိုင္းျမင္ေအာင္ ဆင္ျခင္ ပြားမ်ား တရား အားထုတ္ႀကၿပီးလွ်င္ သခၤါရအားလုံး၊ ဒုကၡအားလုံးတို႔၏ ခ်ဳပ္ဆုံးရာ၊ ကုန္ဆုံးရာမွန္ နိဗၺာန္ခ်မ္းသာႀကီးကို ရယူ ခံစားႏိုင္ ႀကပါေစကုန္ သတည္း။

(၁၃၃၀-ခု၊ တာကူးလဆန္း ၁၄-ရက္ေန႔)

## ဝါကျွတ်ကန်တော့ပွဲ

### နှုတ်မြွက်ဟောတော်မူသောတရား အမှတ်(၂၆)

သီတင်းကျွတ်လဖြစ်လို့ ဝါလကျွတ်တဲ့အခါ အစဉ်အလာ ထုံးစံ အတိုင်း ဆရာ သမား ကန် တော့ကြ၊ အမိ, အဘ, ကန်တော့ကြ၊ သက်ကြီး ဝါကြီး ကန်တော့ ကြ၊ ပူဇော်ကြ၊ ကုသိုလ် ကောင်းမှု အမျိုးမျိုး ပြုကြ၊ ဘုရား ရှင် ပွင့်တော်မူသည်ကစ၊ ဘုရားရှင် လက်ထက်တော်ကစပြီး၊ ယခု ထက် တိုင် ကုသိုလ်ပွဲကြီး၊ ကန်တော့ပွဲကြီး၊ ပူဇော်ပွဲကြီးဖြစ်နေတာနဲ့တူရဲ့၊ ရှေးရှေးက ပူဇော်ကြ၊ ကန်တော့ကြ၊ တရားဟောကြ၊ တရားနာကြတဲ့ ပုဂ္ဂိုလ် များ မတော့ကို ဟောတဲ့ ပုဂ္ဂိုလ်တွေကလဲ ဘုရားရှင်က စလို့အထွဋ်အထိပ် အမြင့်အမြတ်အရိယာ, ဘုရား, ရဟန္တာကြီးတွေ။ ဒီလိုအခါ ကြုံကြိုက်ကြ၊ တရားနာတဲ့ သူတွေကလဲ ပါရမီတွေ ဘဝပေါင်းများစွာ, ကမ္ဘာပေါင်းများစွာက ဖြည့်ကျင့်ပြီးလာလို့ ပါရမီတွေရင့်သန်လို့ တရားနဲ့တွေ့ရင်, ချက်ချင်းဘဲ အရိယာ ဖြစ်ပြီးသွားတော့ မယ့် အရိယာလောင်း ရဟန္တာလောင်း သူတော်ကောင်းတွေဖြစ်လို့ ရေကန်ထဲ ရှိတဲ့ ပဒုမ္မာ ကြာငုံကြီးဟာ ပွင့်ခါနီး နံနက်အခါ နေရောင်ကိုရရင် ငုံနေတဲ့ ပဒုမ္မာကြီး ဖြုံးကနဲပွင့်၊ ကားကားစွင့်စွင့် လန်းလန်းဆန်းဆန်း ပွင့်ရသလို။

ဘုရားရှင်၏ တရားနာလိုက်ကြရ၊ ရဟန္တာတို့တရား နာလိုက်ကြရ၊ တခါထဲ တရားတပွဲတထိုင်ထဲပင် သောတာပန်ဖြစ်သွားသူ၊ သကဒါဂါမိ ဖြစ်သောသူ၊ အနာဂါမိမင်ဖိုလ် ရသွားသူ၊ ရဟန္တာတွေ ဖြစ်သွားတဲ့သူတွေ အများကြီး ရှိကြတယ်။ ထိုကအစဉ် ဆက်ပြီး တဖြေးဖြေး ယခု နောက်ပိုင်း ကျလာ တော့ကို ဟောပြောတဲ့ပုဂ္ဂိုလ်တွေက အရာရာက ရော့ပြီးတော့ လာကြတယ်။ ဆုံးမဩဝါဒပေးတဲ့ ဆရာတွေကလဲ၊ အရာရာက သူတော်ကောင်း တရားဘက်က ရော့ပြီးလာကြ၊ နဲပြီးလာကြတယ်။ တရားနာတဲ့လူ၊ အဆုံးအမ ဩဝါဒခံတဲ့လူ၊ ကန်တော့တဲ့ သူတွေကလဲဘဲ တရားတွေ ရော့ပြီး လာကြတယ်။ ပါရမီဖြည့်လာကြတာ၊ ဆရာလုပ်တဲ့သူကလဲ ပါရမီ ဘယ်လောက် ပြည့်နေတယ်ဆိုတာ မသိရဘူး။ တရားနာတဲ့သူတွေကလဲ ပါရမီ ဘယ်လောက် ပြည့်နေတယ်ဆိုတာ မသိရဘူး။

ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိလူမျိုး ဖြစ်နေကြလို့ ဘုရားရှင် ဟောကြားတဲ့ တရားတော်၊ သာသနာတော် ယုံကြည်ပြီးနေကြလို့ ပါရမီတော့ အတော်ဖြည့်ခဲ့ကြပြီး ဖြစ်တဲ့ သူတွေနဲ့တူရဲ့၊ နိဗ္ဗာန် ရောက်လောက်အောင် ယခုဘဝ နိဗ္ဗာန်ရောက် လောက်အောင် ပါရမီမပြည့်သေးတဲ့သူတွေ ယခုဘဝနိဗ္ဗာန် မရောက်နိုင်ကြဘူး။

ယခုဘဝတွင် နိဗ္ဗာန်ရောက်လောက်တဲ့ ပုဂ္ဂိုလ်တချို့ကလဲ ယခု ခေတ်မယ် မရှိနိုင်ဘူး၊ အရိယာဖြစ်တဲ့ပုဂ္ဂိုလ် မရှိနိုင်ဘူး။ ဒီဘဝ တချို့ကလဲ သောတာပန်တွေ သကဒါဂါမ်တွေ အနာဂါမ်တွေ ယခုရှိနေတယ်၊ တချို့က ရဟန္တာတွေကိုဘဲ ရှိသေးတယ်လို့ ပြောနေကြတယ်။ သို့သော် ခုနင်က ပြောခဲ့တဲ့အတိုင်း ဆရာလုပ်တဲ့သူကလဲဘဲ ဉာဏ်နဲ့ပြီးလာလို့ အမှန်မသိနိုင်ဘူး၊ တပည့်လုပ်တဲ့ သူတွေကလဲ ဉာဏ်နဲ့ပြီး ဉာဏ်ဆုတ်ယုတ်ပြီးလာလို့ နောက်ပိုင်းမယ် အမှန်မသိနိုင်ဘူး၊ အတွေးအဆနဲ့ ပြောကြ ဟောကြရတယ်။

သဘာဝ အတိုင်းကတော့ကို သူ့ခေတ်နဲ့သူ၊ သူ့ အလိုအလျောက် ဖြစ်ပြီးတော့နေတာဘဲ၊ တက်ကပ်အခါကာလက တရားတွေ တဆင့်ထက် တဆင့် တက်တက်ပြီး ပွါးများနေတာဘဲ၊ ဆုတ်ကပ် အခါကာလ ကျတော့ ဆုတ်ဆုတ်ပြီးနေတာဘဲ။ ယခုနေအခါ မနေ့က ဟိုက လာကန်တော့၊ ဒီကလာကန်တော့၊ ပြောထိုက်တဲ့ဟာ နဲနဲပါးပါး ပြောရတယ်။ ပြောစရာက များများမရှိတော့ ဘာပြောရသလဲဆိုတော့ တပည့်တော်တို့ ယခုခေတ်လူတွေ ဘာအရေးကြီးဆုံးလဲ ဆိုတော့ စိတ်ကောင်း၊ မိတ်ဆွေကောင်း ဒီ(၂)မျိုးလိုတယ်။ လောက ကြီးပွါးရေး၊ လောက ကြီးပွါးရေးထက် တိုးတက် ပြီး တော့ အရိယာဖြစ်လို့ လောကုတ္တရာ ကြီးပွါးရေးကျအောင် ရောက်လိုတဲ့သူ ဆန္ဒရှိတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ်တိုင်စိတ်ကောင်းရှိရမယ်။ မိတ်ဆွေကောင်းရှိရမယ်။ စိတ်ကောင်း ရှိလို့ရှိရင် တောင့်တတဲ့အတိုင်း တဖြေးဖြေး တိုးတိုးသွားမယ်။ နောက်ဆုံး ရဟန္တာကြီးဖြစ်ပြီး နိဗ္ဗာန်ရောက်နိုင်တယ်။ မိတ် ဆွေ ကောင်း ရှိ တဲ့ ပုဂ္ဂိုလ် ဟာ လဲ ထို့ အ တူ ဘဲ။ တဖြေးဖြေး တိုးတက်ပြီးတော့ နိဗ္ဗာန်တိုင်အောင် ခံစားသွားရမှာဘဲ။

ယခုခေတ်မယ် မိတ်ဆွေကောင်းအများကြီးရှိတယ်။ ပြောတတ်ဟောတတ်၊ လိမ္မာယဉ်ကျေးအောင် ဆုံးမသွန်သင်ပေးမယ့် ဆရာကောင်း၊ မိတ်ဆွေကောင်းတွေ အများကြီးရှိတယ်။ လက်ငင်းဒိဋ္ဌတွေပြီးတော့ ပြောဟောတတ်တဲ့ ပုဂ္ဂိုလ်တွေမျှမက အာစရိယပရမ္ပရ – ဆရာအဆက်ဆက်၊ ဒို့ရွှေကျင်ဂိုဏ်းကြီးဆိုရင် ရွှေကျင် ဆရာတော်ဘုရားကြီးများ ဟောကြားပြီး ထားခဲ့တဲ့တရားတွေ၊ စည်းကမ်းတွေ၊ နည်းလမ်းတွေ၊ ဥပဒေတွေ၊ ဝိသုဒ္ဓါရုံဆရာတော်ကြီးများ ဟောကြားထားခဲ့တဲ့ တရားတွေ၊ စည်းကမ်းတွေ၊ နည်းလမ်းတွေ၊ ဥပဒေတွေ၊ "စစ်ကိုင်းတောင်ရိုးဆိုရင် မဟာဂန္ဓာရုံ ဆရာတော်ကြီး"များ ဟောပြထားတဲ့ စည်းကမ်းတွေ၊ နည်းလမ်းတွေ ယခုထက်တိုင် လိုက်နာပြီးတော့ နည်းယူပြီးတော့ လိုက်နာကျင့်ကြံကြတယ်၊ မဟာဂန္ဓာရုံ ဆရာတော်ကြီးများ၊ ဝိပဿနာ ဆရာတော်

ကြီးများ၊ ဒီပဲရင်းဆရာတော်ကြီးများ၊ ဝိသုဒ္ဓါရုံဆရာတော်ကြီး၊ ရွှေကျင်ဆရာတော်ဘုရားကြီးများ မရှိပေတယ်လို့ အခု ထင်ရှားရှိနေကြသော သူတို့၏ကလျာဏမိတ္တ မိတ်ဆွေကောင်းကြီးတွေဘဲ၊ သက်တော်ထင်ရှား ရှိရင်လဲဘဲ ဒီတရားဟောမှာဘဲ၊ ဒီစကားပြောမှာဘဲ၊ဒီလို ဆုံးမမှာဘဲ သူတို့ထားခဲ့တဲ့ စည်းကမ်း ဥပဒေတွေကလဲဒီတိုင်းဘဲ ရှိနေတော့ကို ထိုကလျာဏမိတ္တမိတ်ဆွေကောင်းကြီးတွေ ဆရာကောင်းကြီးတွေ နည်းလမ်း ယူပြီးနေရတော့၊ ကိုယ်၏ မိတ်ဆွေကိုယ်၏ကလျာဏမိတ္တ မှီခိုအားထားရာတွေဘဲ။

ဒီထက် တိုးပြီးတော့ အထက်ကိုပြန်ကြည့်မယ်ဆိုလို့ရှိရင် ဘုရားရှင်လဲ ယခုရှိနေသေးတာဘဲ၊ သက်တော်ထင်ရှားသာ မဟုတ်တာ၊ဘုရားအဆုံးအမဖြစ်တော်မူတဲ့ ပိဋကတ်သုံးပုံတွေက ထင်ရှား ရှိနေလေတော့ ဒီပိဋကတ်သုံးပုံတွေ သင်ယူပြီးတော့လိုက်နာကျင့်ကြံနေကြရတယ်၊ကလျာဏမိတ္တ ဖြစ်တော်မူတဲ့ဘုရားရှင်၏ နည်းလမ်းတွေ ကလျာမိတ္တဖြစ်တဲ့ ဘုရားစကားတွေ လိုက်နာကျင့်ကြံနေရတော့ ဒီတရားစကားတွေလိုက်နာ ကျင့်ကြံနေကြတဲ့သူတွေရဲ့ မိတ်ဆွေဟာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးပေဘဲ။

ဒါဖြစ်လေတော့ကို ဗဟိဒ္ဓမှာ ကလျာဏမိတ္တ မိတ်ကောင်း ထင်ရှားရှိပြီးနေကြတယ်၊ ပိုပြီးခက်တာက စိတ်ကောင်းရှိဖို့ဆိုတာ ခက်ကြတယ်လို့ စိတ်ထဲကအောက်မေ့မိတယ်၊ ဝေဘန်မိတယ်၊ ကလျာဏမိတ္တဆိုတာ ခက်တဲ့အခါတော့ ခက်ပါတယ်၊ အခုခေတ်မယ်တော့ သိတ်မခက်သေးဘူး၊ စိတ်ကောင်းကတော့ကို ရှေးခေတ်ကလဲ ခပ်ခက်ခက်၊ ယခုခေတ်မယ်လဲ ခပ်ခက်ခက်၊နောင်လဲ ပိုပြီးတော့ ခက်မှာဘဲ။ ဘာကြောင့်လဲဆိုရင် သတ္တဝါတွေက....

**ဘဝေ ရမန္တိ မုဋ္ဌတ္တာ၊ လောကေဘူတံ အဒဿနာ။**

**သလဘာဝိယ အဂ္ဂိမှာ၊ သေဒါဟိဋ္ဌေန္တိ ဒဿနာ။**

ဆိုတဲ့အတိုင်း ညအခါ မီးထဲလာတဲ့ ပိုးဖလံကောင်တွေဟာ မီးထဲ ဆင်းဆင်းပြီး သေကြတယ်။ သူတို့က မသေခင်၊ မီးပူလောင် မခံရခင်က သိပ်ပြီး ပျော်တယ်။ မီးကြီးထဲ, မီးပူထဲကျတော့ နာတော့ နာပါရဲ့၊ ကြာကြာကြီး ပူနေရဆွေးနေရလောက်အောင် အချိန်မရဘဲ ချက်ချင်း သေကြရတယ်။ ရှေးကအကောင် ကျပြီးသေတာကို မြင်ကြသား တွေ့ကြသားဘဲ၊ နောက် အကောင်တွေက ပျော်ရွှင်ပြီး မီးထဲ ဆင်းကြတာဘဲ။ ဒါတောင်မှ ပုထုဇဉ်တွေဟာ ကိုယ်ရောက်ရာဘဝ, ရရာဘဝမယ် ပျော်ကြတယ်။

"ဘဝေ ရမန္တိ ပုဋ္ဌတ္တာ" ဘဝေ- ဘဝ၌။ ရမန္တိ- ပျော်ပိုက်ကြကုန်၏။ အကုန်လုံး ပျော်နေကြတယ်။ နတ်တွေကလဲ နတ်ဘုံ၊ လူတွေကလဲ လူ့ဘုံ၊ ပျော်နေကြတာဘဲ။ တိရစ္ဆာန်တွေကလဲ တိရစ္ဆာန်ဘုံ ပျော်ကြတာဘဲ။ သူတို့က တရံတခါ ဆင်းရဲဒုက္ခ တွေ့တဲ့အခါ ပင်ပန်းတဲ့အခါ ငြီးငွေ့ကြတယ်၊ များသောအားဖြင့် ပျော်နေကြတယ်၊ ဘာကြောင့် ပျော်နေကြသလဲ၊ "လောကေ ဘူတံ အဒဿနာ" လောကအပြစ်ကို မမြင်လို့ ဟုတ်မှန်သော ဘေးရန်ကို မမြင်လို့ ပျော်နေကြတယ်၊ ပုထုဇဉ်တို့သဘာဝ။

အဲခုလို ရောက်ရာဘုံဘဝမယ် လူ့ဘုံဆိုပါတော့၊ ပဋိသန္ဓေ နေလိုက်တယ်ဆိုရင် ပဋိသန္ဓေနောင် ဘဝင် ၁၅-ချက်, ၁၆-ချက်လောက် စိတ္တုပ္ပါဒ်တွေဖြစ်၊ နောက် မနောဒွါရာဝဇ္ဇန်းဖြစ်၊ ဒီနောက် ကိုယ့်ဘဝကို ကိုယ်နှစ်သက်တဲ့ ဘဝနိကန္တိက လောဘဇော ဖြစ်တယ်။

လူပြည်ဖြစ်တဲ့ သူတွေလဲ ပဋိသန္ဓေစိတ်တို့ ဘဝင်စိတ်တို့၊ မနောဒွါရာဝဇ္ဇန်း စိတ်ဆိုတာတော့ အဗျာကတ ထဲက ဘဝနိကန္တိက လောဘဇောဆိုတဲ့ စိတ်လေးကတော့ အကုသိုလ် လောဘပြဋ္ဌာန်းတဲ့ လောဘမူစိတ် ဖြစ်သွားတယ်၊ ဒီစိတ်ကလေးဟာ လောဘ ဖြစ်တယ်ဆိုရင် သူ့ဘဝသူ ဘဝနိကန္တိက လောဘဇောဆိုတဲ့ ကိုယ့်ဘဝကိုယ် နှစ်သက်တယ်၊ လူ့ဘဝတွင် မကဘူး၊ တိရစ္ဆာန် ဘဝ အတူတူ၊ ပြိတ္တာဘဝ အတူတူ၊ ငရဲကျနေတဲ့ ပုဂ္ဂိုလ် ဖြစ်နေပေမယ့် ဒီ ဘဝနိကန္တိက ဇောတော့ ဖြစ်သေးတာဘဲတဲ့၊ ကိုယ် ရောက်တဲ့ ဘဝ နှစ်သက်တဲ့ စိတ်၊ ပျော်ရွှင်တဲ့ စိတ်လေး၊ နှစ်သက်တဲ့စိတ်လေး၊ ခုနင်က ပြောခဲ့တဲ့ ပိုးကောင်လေးတွေသေရမယ့် ဘဝ မမြင်ရတော့ ပျော်သလို ကိုယ်ရောက်ရမယ့် ဘဝ ဘာဖြစ်ရမယ် ဆိုတာ မသိတော့ အစဆုံး လောဘနဲ့ ပျော်ပြီးတော့ ဘဝသစ် ရောက်ကြရတယ်၊ ပဋိသန္ဓေနောင် ရှေးဦးအစဆုံးကပျော်ပြီး လာတယ်၊ နောင် ကြီးလေ ပိုပျော်လေ ကြီးလေ ပိုပျော်လေ လောဘနဲ့ ပျော်ကြတာဘဲ၊ ဒီစိတ်တွေဟာ မကောင်းတဲ့ စိတ်ချည်းဘဲ၊ သူတွင် ဆိုရင် တော်ပါသေးရဲ့၊ တော်ကြာ ဒေါသက ပါလာ၊ မောဟက ပါလာ၊ မောဟက နောက်မှ ဖြစ်တာ မဟုတ်ဘူး၊ လောဘ ဖြစ်ပြန်ရင်လဲ မောဟက တွဲပါတယ်၊ ဒေါသဖြစ်ပြန်ရင်လဲ တွဲပါတာဘဲ၊ အဲ ခုလို သတ္တဝါတွေက ကိုယ်ဖြစ်ရာ ဘဝမယ် ပျော်ကြတယ်။

တောရွာကလူတွေ ဒီရွာကလူ ဟိုရွာ သွားနေပါဆိုရင် မသွားချင်ကြဘူး၊ ကိုယ့်ရွာ ကိုယ်ပျော်နေကြတယ်၊ အိမ်တွေ အရပ်တွေမှာလဲ ဒီအိမ်ကနေ ဟိုအိမ်

ပြောင်းနေ၊ဒီအရပ်ကနေဟိုအရပ်ပြောင်းနေပါဆို မပြောင်းချင်ကြဘူး၊ကိုယ့်အိမ် ကိုယ့်အရပ်မှာဘဲ ပျော်နေကြတယ်၊ ကိုယ့်**နေရာ**ဌာန ကိုယ်ပျော်နေကြတယ်။

အခုလို ဘာကြောင့် ပျော်နိုင်ကြသလဲ ဆိုတော့ "**လောကေ ဘူတံ အဒဿနာ**"တဲ့၊ ဟုတ်မှန်တဲ့ အပြစ်ကို မမြင်ကြလို့ ပျော်ရွှင်ကြတယ်။ပျော်လို့ ပျော်ရုံတွင် မကဘူး၊ ကိုယ့်အိမ်အကောင်းဆုံးဘဲ။ ကိုယ့်ကျောင်း အကောင်းဆုံးဘဲ။ ကိုယ့်နေရာ အကောင်းဆုံးဘဲ၊ ကိုယ်လုပ်တဲ့အလုပ် အကောင်းဆုံးဘဲ၊ ကိုယ်ကြံတဲ့ အကြံ အကောင်းဆုံးဘဲ။ ကိုယ်အကောင်းဆုံးဘဲဆိုတဲ့ စိတ်ဓာတ်ကလဲ ပုထုဇဉ်တွေမှာ ရှိနေကြတာဘဲ။ ဒါခုနင်က စိတ်ကောင်းနဲ့ စပ်ပြီး စိတ်ကောင်းရှိဖို့ ခံယဦးတာ ပြောရ၊ ပုထုဇဉ်တို့သဘာဝ "**ပုထုဇ္ဇနော ဥမ္မတ္တကော**" ဆိုတဲ့ အတိုင်း အရူးတွေချည်း ဖြစ်နေကြတယ်။

လူတယောက် ခရီးသွားယင်း ဇရပ်ပျက်ပေါ်မယ် အရူးတယောက်ကအိပ်နေ တယ်တဲ့၊ ရွှေသက်နှင်းခြုံပြီးတော့။ ဘယ်က ရလာတယ် မဆိုနိုင်ဘူး၊ အရူးဆိုတော့ ယူချင်ရာက ယူလာမှာ။ လူကောင်း တယောက်က မြင်လို့ဖြတ်သွားတော့ (အိပ်တဲ့သူ အရူးက အိပ်ပျော်တာမဟုတ်တော့) "**အော်ဒီ အရူးနှယ် ရွှေသက်နှင်းကြီးခြုံလို့ သည်ပြင် အရူးထက်ထူးပြီး ရူးမှရူးပေတယ်**"လို့ အရူးကို အပြစ်တင်ပြီးတော့ နှုတ်က ထွက်သွားတယ်၊ အရူးက ရွှေသက်နှင်း ဖွင့်ကြည့်ပြီး တော့ "**အော်-ဒီလိုချည်း တယောက် တယောက် ထင်ကြတာဘဲ**"လို့ ပြန်ပြောလိုက်သတဲ့။

သူ့ကိုယ်သူ အရူးမှန်းမသိဘူး၊ သူ့အထင်ကတော့ ဟို လမ်းသွားနေတဲ့သူ အရူးထင်မှာဘဲ၊ ဒီလိုဘဲ တယောက် တယောက် ထင်ကြတာဘဲ၊ 'ပုထုဇ္ဇနော ဥမ္မတ္တကော' ဆိုလို့ ကိုယ်ကသာ လူကောင်း၊ ဟိုတယောက်က အရူးဘဲ၊ ဒီလို အရူးနဲ့ လူကောင်း တွေ့တဲ့နေရာမှာ ထင်သလို အရူးကလဲ သူက လူကောင်း၊ ဟိုလူက အရူးထင်သလို ပုထုဇဉ်တွေ အထင်အမြင်တွေ မှားပြီးတော့ လောဘနောက်လိုက်နေကြ၊ ဒေါသနောက် လိုက်နေကြ၊ မောဟနောက် လိုက်နေကြ၊ မာန်မာနနောက် လိုက်နေကြ၊ ဘုရားရှင်သာသနာနဲ့ တွေ့လို့ ဘုရားရှင်တရား နှလုံးသွင်းတဲ့ အခါကျတော့ ကိုယ်မှာလိုတဲ့ အချက် သိမှာဘဲ၊ ကိုယ့်မှာ ပါရမီ မပြည့်သေးဘူး၊ ပညာဘက်က လိုသေးတယ်၊ သဒ္ဓါဘက်က လိုသေးတယ်၊ သီလဘက်က လိုသေးတယ်၊ လောဘနှိမ်နင်း ဖို့ လိုသေး တယ်၊ ဒေါသ နှိမ်နင်းဖို့ လိုသေးတယ်၊ အကုသိုလ် နှိမ်နင်းဖို့ လိုသေးတယ်၊ ဒီလိုဟာတွေ သိလာရတယ်၊ ဒီလိုပုဂ္ဂိုလ် လူကောင်းလို့ ဆိုရတာဘဲ။

ပညာကင်းလို့ မိုက်မဲနေတဲ့သူ၊ ကိုယ့်ကိုယ်ကို မိုက်မှန်း သိနေရင် တော်ကြာ ပညာရှိ ဖြစ်သွားတာဘဲတဲ့၊ ကိုယ့်ကိုယ်ကို မိုက်နေတာကို မိုက်မှန်း မသိဘဲ အထက်တန်းစား လူလိမ္မာ ထင်မှတ်နေတဲ့သူ၊ ဘယ်တော့မှ လူလိမ္မာမဖြစ်နိုင်ဘူး။ စိတ်အပြောင်းအလဲက ခက်တယ်။ အချိုပြောင်းလဲသွားပြီးတော့၊ ဗာလ ဆိုတာ မိုက်တဲ့လူ ဗာလ၊ ကလေးလေးတွေ သူငယ်ကိုလဲ ဗာလ ခေါ်ရတာဘဲ။ သူကဘာမှ နားမလယ် သေးဘဲကိုး။ အတော်ကြီးလာတဲ့ အခါကျတော့ကို မွေးဖွားလာတုန်းက ဗာလခေါ်ရတဲ့သူ အတော်ကြီးလာတဲ့အခါ သူ့ကိုဗာလ မခေါ်ရတော့ဘူး၊ သူ့အသိဉာဏ်တွေက များလာတော့ ကို ပညာရှိလူလိမ္မာ ဖြစ်သွားရတယ်၊ လူကြီးလူကောင်း ဖြစ်သွားတယ်။

ဒါကြောင့် ခုနင်က ဆုပေးတဲ့အခါ ဘာဖြစ်ပါစေ၊ ဘာရပါစေလို့ ဆိုပေမယ့်၊ ရေ့ဘယူတော့လို့ အဟုတ်ရအောင် ပေးနိုင်တာမဟုတ်ဘူး။ ရနိုင်ကြပါစေ လို့ ဆုတောင်းတဲ့ မေတ္တာသဘော ပြောရတာဘဲ။

လောကီအပြစ်ကင်းတဲ့ ကောင်းကျိုးတွေ လိုချင်တယ်။ အလုံးစုံ အပြစ်ကင်းတဲ့ လောကုတ္တရာ ကောင်းကျိုးတွေ လိုချင်တယ် ဆိုလို့ရှိရင်၊ ကိုယ်တိုင် ကိုယ့်စိတ်ကို ပြုပြင်ပြီးတော့ ပါရမီတဲရားတွေ ဖြည့်ကျင့်ပြီး သွားမှ အကောင်းဆုံး ဖြစ်တဲ့ လောကုတ္တရာကျိုးလဲ ရနိုင်မယ်။ လောကုတ္တရာအကျိုး မရမီ သံသရာ၌ ကျင်လည်ရတဲ့အခါ ကုသိုလ်၏ အကျိုးဖြစ်တဲ့ အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာခြင်းဆိုတဲ့ အကျိုးတွေ ကျက် သရေ ဂုဏ်သိရ် ကြီး မား တဲ့ အကျိုးတွေ၊ လောကီ အပြစ်ကင်းတဲ့ အကျိုးတွေရနိုင်မယ်။

ဒါကြောင့် စစ်ကိုင်းက ဒီရောက်အောင်လာတာ သာမညနဲ့ ရောက်နိုင်ကြတာမဟုတ်ဘူး။ အကျဉ်းချုပ်အားဖြင့် ဆရာတော် လာကန်တော့လို့ ဆုံးမ ဩဝါဒပြောဟောတဲ့ အခါမယ်၊ **စိတ်ကောင်းရှိရမယ်၊ မိတ်ကောင်းရှိရမယ်၊** နဂိုရ်ကလဲ ရှိတန်သမျှ ရှိနေကြတာဘဲ၊ ပိုပြီးတော့ နိဗ္ဗာန်ပေါက် အကျိုးပေးနိုင်မယ့်စိတ်ကောင်း၊ နိဗ္ဗာန်အရ ညွှန်ပြနိုင်မယ့် ဆရာကောင်း, သမားကောင်း, မိတ်ဆွေကောင်း, စာကောင်း, ပေကောင်းပေါ့လေ၊ ဘုရားရှင်က ပြထားတယ်၊ ဘုရားရှင်က ပြထားတယ်လို့ ဘုရားစကား နားမထောင်ရင် ဘုရားရှင်ဟာ ကိုယ်၏ ကလျာဏမိတ္တ မိတ်ဆွေကောင်းမဖြစ်နိုင်ဘူး၊ ဘုရားစကားနားထောင်မှ ဘုရားရှင်လဲ ကိုယ့်မိတ်ဆွေကောင်းဖြစ်မယ်။

ဒါကြောင့် ကိုယ်စီ ကိုယ်စီ စိတ်ကောင်း, မိတ်ကောင်း အမြဲရှိအောင် နှလုံးသွင်းပြီး သူတော်ကောင်းတရားကို ပွားများအားထုတ်နိုင်ကြပါစေသော်။

စစ်ကိုင်းတောင်ရိုး၊ ဝိပဿနာချောင်၊ ရဟန်း သံဃာများ၊ သီလရှင်ယောဂီများ၊ သီတင်းကျွတ် ကန်တော့ လာရာ၌ ဟောတော်မူသော နှုတ်မြွက်တရားဖြစ်ပါသည်။

(၁၃၂၄-ခု)

---

**ရတနာသုံးပါး တရား**

ကဆုန်လပြည့် ဗုဒ္ဓနေ့ နှုတ်တော်မြွက်တရားတော် အမှတ်(၂၇)

**၁၃၂၇-ခုနှစ်။**

(နေ့ထူး နေ့မြတ် ဖြစ်သော ကဆုန် လပြည့်နေ့၌၊ "**သတင်းစာတွင် ထည့်သွင်း ဖော်ပြရန် တရားတပုဒ် ရေးသား ချီးမြှင့် တော်မူပါ ဟု (လူထုအယ်ဒီတာ)က လျှောက်ထား**သဖြင့် ရတနာ ၃-ပါးနှင့်စပ်သော နှလုံးသွင်းဆင်ခြင်ဘွယ်ရာစကား နှုတ်မြွက်ဟောကာ ရေးသား ပေးပို့စေတော်မူသည်)။

**နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ၊**

ဤပဏာမစကားကို သတင်းစာ ကြည့်ရှုသူတို့ အဖန်ဖန်အထပ်ထပ် ကြည့်ရှု၍ ဘာဝနာ ဖြစ်မြောက်အောင် နှလုံးသွင်းဆင်ခြင်သင့်၏။ ဗုဒ္ဓ၊ဓမ္မ၊သံဃဟူသော အမြတ်ဆုံး ရတနာသုံးပါးတို့တွင် ဘုရားရတနာသည် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့၌၊ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

ယခု ၁၃၂၇-နှစ်တွင်၊ ဘုရားရတနာ ဖြစ်ပေါ်လာသော နှစ်ပေါင်း (၂၅၅၄)နှစ်ရှိပြီ၊ သို့ဖြစ်ရာ ကာလနှင့်လပြည့် ဗုဒ္ဓနေ့ပေါင်း (၂၅၅၄)ကြိမ်ရှိခဲ့ပြီ။

**ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။**

လောကေ-လောက၌၊ သဗ္ဗပါဏိနံ၊ ခပ်သိမ်းသော သတ္တဝါတို့၏။ ဟိတာယ-အစီးအပွားအလို့ငှာ။ ဗုဒ္ဓေါ-ဘုရားရှင်သည်။ သမုပ္ပန္နော-ကောင်းစွာ ဖြစ်ပေါ်၍ လာပေ၏။

ဘုရားရှင် ပွင့်တော်မူသည်မှစ၍ ဘုံသုံးပါး၌ဘုရားရှင်ကို ကြည်ညို လေးစားကြသော လူနတ်ဗြဟ္မာ သတ္တဝါအများတို့သည် "ဗုဒ္ဓေါ ဗုဒ္ဓေါ" ဟူ၍၎င်း။ နမော ဗုဒ္ဓဿ" ဟူ၍၎င်း၊ မြန်မာဘာသာအားဖြင့် (ဘုရား ဘုရား)ဟူ၍၎င်း။ (ဘုရားရှင်အား ရှိခိုးပါ၏)ဟူ၍၎င်း၊ စိတ်၌ ကြည်နူးလိုးသွင်းခြင်း၊ အသံထွက်အောင် နှုတ်မြွက် ရွတ်ဆိုခြင်းတို့ဖြင့် ကြိမ်ဖန်များစွာ နေ့ရက် လနှစ် များစွာ ဗုဒ္ဓါနုဿတိ ဘာဝနာကို အထပ်ထပ် အခါခါ ပွားများမိကြ၏။

အင်္ဂုတ္တိုရ်ပါဠိတော်၌- ရဟန်းတို့ ပွားများအပ် အဖန်ဖန် အလေ့အလာပြုအပ်သော တခုသောတရားသည် စင်စစ်အားဖြင့် ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းငှာ၊ တပ်မက်မှုကင်းခြင်းငှာ၊ ရာဂစသည်တို့ချုပ်ခြင်းငှာ၊ ကိလေသာတို့ ငြိမ်းအေးစေခြင်းငှာ၊ လက္ခဏာယဉ်သို့ တင်၍ အထူးသိခြင်းငှာ၊ သစ္စာ လေးပါးကို ထိုးထွင်း၍ သိခြင်းငှာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်၏။

**တခုသော တရားဟူသည် အဘယ်နည်း**

မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို အဖန်ဖန် အောက်မေ့ခြင်း ဗုဒ္ဓါနုဿတိ တရားတည်း၊ ရဟန်းတို့ ပွားများအပ်၊ အဖန်ဖန် အလေ့အလာ ပြုအပ်သော ဤတခုသော ဗုဒ္ဓါနုဿတိ တရားသည် စင်စစ်အားဖြင့် ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းငှာ၊ တပ်မက်မှု ကင်းခြင်းငှာ၊ ရာဂ စသည်တို့ ချုပ်ခြင်းငှာ၊ ကိလေသာကို ငြိမ်းအေးစေခြင်းငှာ၊ လက္ခဏာယဉ်သို့တင်၍ အထူးသိခြင်းငှာ၊ သစ္စာလေးပါးကို ထိုးထွင်း၍ သိခြင်းငှာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်၏ဟု မိန့်တော်မူသည်။

**ဗုဒ္ဓါနုဿတိဘာဝနာ၏ အကျိုးပေးပုံ**

လောက၌ သတ္တဝါများတို့၏ အစီးအပွားအလို့ငှာ ဘုရားရှင် ပွင့်တော်မူလာသည်ဆိုရာ၌ သတ္တဝါများ အကျိုးများပုံကို အင်္ဂုတ္တိုရ်ပါဠိတော်ဖြင့် ဆင်ခြင်ကြည့်ရှုလျှင်၊ အံ့သြဘွယ် ချီးမွမ်းဘွယ် မဆုံးနိုင်အောင် ထင်မြင်၍ ဘုရားရှင်ကို ကြည်ညိုလေးစား အားထားလာကြလိမ့်မည်။

**တရားရတနာ။** ။တရားရတနာသည်လည်း....

**ယဒါ ဧသောဘိသမ္ဗောဓိံ၊ သမ္ဗုဒ္ဓေါ မုနိပုင်္ဂဝေါ။**

**တဒါ ပဘုတိ ဓမ္မဿ၊ လောကေ ဇာတော မဟုဿဝေါ။**

ယဒါ-အကြင်အခါ၌။ ဧသော မုနိပုင်္ဂဝေါ-မုနိထွဋ်ထား, ဤမြတ်စွာဘုရားသည်။ အဘိသမ္ဗောဓိံ-သဗ္ဗညုတဉာဏ်သို့။ သမ္ဗုဒ္ဓေါ၊ ကောင်းစွာ ရောက်တော်မူပြီ။ တဒါ-ထိုအခါမှ။ ပဘုတိ၊ စ၍။ လောကေ- လောကသုံးပါး၌။ ဓမ္မဿ၊ သုံးဆဲ့ခုနစ်ပါးသော ဗောဓိပက္ခိယ တရား၏။ မဟုဿဝေါ- ကြီးစွာသော တိုးတက်ခြင်းသည်။ ဇာတော-ကောင်းစွာ ဖြစ်ပေါ်လာပေပြီ။

ဆိုသည့်အတိုင်း၊ ဘုရားရတနာနှင့်အတူ၊ ၁၀၃-ခု၊ ကဆုန်လပြည့်နေ့၌ပင် ဖြစ်ပေါ်ထင်ရှားတော်မူပေသည်။ ဘုံသုံးပါး၌ တရားတော် ထင်ရှားပေါ်လာသည်မှစ၍ တရားတော်ကို ကြည်ညို လေးစားကြကုန်သော၊ လူ,နတ်, ဗြဟ္မာ သတ္တဝါအများတို့သည် **"ဓမ္မော ဓမ္မော"**ဟူ၍ရင်း၊ **"နမော ဓမ္မဿ"**ဟူ၍ရင်း၊ မြန်မာဘာသာအားဖြင့် **"တရားတော်, တရားတော်"**ဟူ၍ရင်း။ **"တရားတော်အားရှိခိုးပါ၏"**ဟူ၍ရင်း။ စိတ်၌ ကြံစည် နှုတ်ဖြင့်သံပြိုင်ခြင်း၊ အသံထွက်အောင် နှုတ်မြွက်ဆိုခြင်းတို့ဖြင့် ကြိမ်ဖန် များစွာ ဓမ္မာနုဿတိ ဘာဝနာ ပွားများမိကြ၏။ ဓမ္မာနုဿတိ ဘာဝနာ၏ နိဗ္ဗာန်တိုင်မြောက်၊ အကျိုးရောက်ပုံကို ဗုဒ္ဓါနုဿတိ ဘာဝနာကဲ့သို့ပင် အင်္ဂုတ္တရပါဠိတော်၌ ဘုရားရှင် ဟောတော်မူပေသည်။

**သံဃာရတနာ။** ။သံဃာရတနာကား၊ ၁၀၃-ခု၊ ဝါဆိုလ၊ ဓမ္မစကြာတရားထင်ရှားဖြစ်ပေါ်တော်မူအပြီးတွင်မှ အရှင်ကောဏ္ဍည စသော ပဉ္စဝဂ္ဂီ ရဟန်းတော်များမှစ၍ လောက၌ဖြစ်ပေါ်လာ၏။

ထို သံဃာ့ဂုဏ်ကို အာရုံပြု၍ ပွားများသော သံဃာနုဿတိဘာဝနာသည်လည်း၊ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ ဘာဝနာကဲ့သို့ပင် အကျိုးများကြောင်းကို အင်္ဂုတ္တရပါဠိတော်၌ပင် ဘုရားရှင်ဟောတော်မူပေသည်။

ထို့ပြင် ဤကဲ့သို့ ကြည်ညိုဘွယ် ဂုဏ်အထူးနှင့် ပြည့်စုံသော ဘုရား, တရား, ရတနာနှစ်ပါးတို့၏ အကျိုးများကြောင်းကို သိရခြင်းစသော နိဗ္ဗာန်တိုင်မြောက် အကျိုး သက်ရောက်ခြင်း တို့ကား၊ သံဃာရတနာနှင့် ဆက်စပ်လျက်ရှိပေသည်။ ပထမသံဂါယနာတင် အရှင်မဟာကဿပစသော သံဃာရတနာသာ မရှိပါက ဒုတိယသံဂါယနာတင် အရှင်ယသ စသော မထေရ်တို့ သိဘွယ် ကျင့်ဘွယ်

အသွယ်သွယ်တို့နှင့် ပြည့်စုံသော ဒေသနာ ဓမ္မတို့ကို မသိနိုင်တော့ပြီ၊ မကျင့်နိုင်တော့ပြီ၊ ထို ဒေသနာ၏ အရှင်ဖြစ်သော ဘုရားရှင်၏ ဂုဏ်ကျေးဇူးတို့ကိုလည်း သိခွင့် မရတော့ပြီ။ ဤကဲ့သို့ ဖြစ်ပါက အရှင်ယသ စသော ဒုတိယ သံဂါယနာတင် အရှင်မြတ်တို့၏ မင်္ဂလာ ဖိုလ်ဉာဏ်တို့ ပေါ်ခွင့်မရ၊ သံသာဟူ၍ပင် ခေါ်ရတော့မည် မဟုတ်ပေ၊ ကာလာသောကမင်း စသူ လူအပေါင်းတို့၏ နိဗ္ဗာန်တိုင် မြောက် ပေါက်ရောက်နိုင်သော ကုသိုလ်တို့ ဖြစ်ခွင့် မရကြတော့ချေ။ ယခုကဲ့သို့လည်း ဗုဒ္ဓနေ့စသည် ပြုလုပ်ခွင့်မရ၊ ကုသိုလ်ထုပ် မစိုက်မြုပ်နိုင်ကြတော့ပေ။

ဤသို့လျှင် ဘုရားတရား ရတနာနှစ်ပါးတို့၏ အကျိုး များကြောင်းကို သိရခြင်းစသော နိဗ္ဗာန်တိုင်အောင်အကျိုးတို့ကား ပထမသံဂါယနာတင် အရှင်မဟာကဿပ အစ ယခုလက်ရှိ သမုတိသံဃာများ တိုင်အောင်သော သံဃာများနှင့် ဆက်စပ်နေရကား ဗုဒ္ဓဓမ္မရတနာများထက်ပင် သံဃာရတနာသည် သတ္တဝါများအတွက် အကျိုးများလှပေသည်ဟု သဘောကျ၍ သံဃာနုဿတိဘာဝနာ ပွားများနိုင်ကြပါစေကုန်သတည်း။

၁၃၂၇–ခု ကဆုန်လပြည့်နေ့၊ လူထုသတင်းစာ အထူးထုတ်မှ။

---

## ဓမ္မစကြာ တရား

နှုတ်တော်မြွက် ဝါဆိုလပြည့် ဓမ္မစကြာ တရားတော် အမှတ်(၂၀)

၁၃၂၇-ခုနှစ်

ဝါဆိုလပြည့် ဒီနေ့ဟာဖြင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့—

ပဋိသန္ဓေယူတော်မူသည့်နေ့၊

တောထွက်တော်မူသည့်နေ့၊

ဓမ္မစကြာတရားကို ဟောတော်မူသည့်နေ့၊

ရေမီးအစုံအစုံ တန်ခိုး ပြာဋိဟာ ပြတော်မူသည့်နေ့၊

**တာဝတိံသာ နတ်ပြည်မှာ အဘိဓမ္မာ တရားတော်ကို စတင်ဟောကြားတော်မူသည့် နေ့–**

ဖြစ်သည့်အတွက် အလွန်ထူးခြားမြင့်မြတ်သည့် နေ့ထူးနေ့မြတ်ကြီး ဖြစ်ပေတယ်။

မဟာသက္ကရာဇ်၁၀၃–ခုနှစ် ယခုလို ဝါဆိုလပြည့်နေ့မှာ အရှေ့လောကဓာတ်က ကမ္ဘာ့ တန်းဆာ လစန်းရတနာကြီးကလဲ ထွက်ပေါ်စ ဆဲဆဲ၊ အနောက်လောကဓာတ်မှ ရောင်ခြည်တထောင် အလင်းဆောင်သည့် နေမင်းကြီးကလဲ ဝင်လုနီးဆဲဆဲ၊ ရာသီ ဥတုအနေအားဖြင့်လဲ နွေရာသီ ကုန်ဆုံး ပြီး၍ မိုးဥတုရာသီ ဝင်ရောက်ခါစ ဖြစ်သည့်အတွက်၊ ရွက်ဟောင်းတွေ ကြွေပြီး၍ ရွက်သစ်တွေ ဝေကာ စိမ်းလန်းစိုပြေသည့် ဗာရာဏသီပြည် ဣသိပတနမိဂဒါဝုန်တောကြီးအတွင်း၊ သာယာ ဆိတ်ငြိမ်နေသည့် နေဝင် လထွက် အချိန်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတ အင်္ဂါရှစ်ဖော်အသံတော်ဖြင့် “**ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ**” အစရှိသည်ဖြင့် ဘုရားရှင် ကိုယ်တော်မြတ်၏ ဗုဒ္ဓဝါဒလမ်းစဉ်ကို ကျေညာ ထုတ်ဖော်လျက် ပဉ္စဝဂ္ဂီ ငါးဦးတို့ကို တရားအထူးဟောကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့၊ သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်လိုတဲ့ ပုဂ္ဂိုလ်ဟာ အဘို့အစွန်း နှစ်ပါးကို မမှီဝဲသင့်ဘူး မလိုက်သင့်ဘူး၊ အဲဒီအဖို့အစွန်း နှစ်ပါးဆိုတာ ဘာလဲဆိုလျှင်“**ကာမေသု ကာမသုခလ္လိက**” လကျ်ာဝါဒ လမ်းစဉ်နှင့်“**အတ္တကိလမထ**” လက်ဝဲဝါဒ လမ်းစဉ်” ဖြစ်ပေတယ်၊ အဲဒီ နှစ်မျိုးထဲတွင် ကာမဂုဏ် တရားတွေအပေါ်မှာ ကာမဂုဏ် ချမ်းသာကိုကပ်ငြိပြီး အဖန်တလဲလဲ အားထုတ်မှု လကျ်ာဝါဒလမ်းစဉ်ဟာ ယုတ်ညံ့တဲ့ ရွာသူတွေရဲ့ လုပ်ငန်းစဉ် ဖြစ်တယ်။ ပုထုဇဉ်တွေရဲ့ အလေ့ဆိုးလဲ ဖြစ်တယ်၊ အရိယာတွေရဲ့ အကျင့်မဟုတ်ပါ၊လောကုတ္တရာ အကျိုးစီးပွားနဲ့စပ်တဲ့တရားမျိုးလဲ မဟုတ်ပါ။

နောက်....ဝတ်စားနေရေး ခေါင်းပါးခြိုးခြံစွာကျင့်ပြီး မစားမသောက်ဘဲ မိမိကိုယ်ကို ပင်ပန်းအောင် အဖန်တလဲလဲ အားထုတ်ခြင်းဆိုတဲ့ အတ္တကိလမထ လက်ဝဲဝါဒ လမ်းစဉ်ဟာလဲ ဆင်းရဲရုံသာ ဖြစ်တယ်၊ အရိယာတွေရဲ့ အကျင့်မဟုတ်၊ သာသနာပ, တိတ္ထိယတို့ရဲ့ အလုပ် ဖြစ်ပါတယ်။ ဘာတခုမျှ အကျိုးစီးပွား မဖြစ်ထွန်းနိုင်ပါ။ ရဟန်းတို့ အဲဒီ ပြဆိုခဲ့တဲ့ ဝါဒလမ်းစဉ် နှစ်မျိုးလုံးသို့ မလိုက်ဘဲ၊ မရောက်စေဘဲ **လက်ဝဲမပါ လကျ်ာမကျ မဇ္ဈိမ ပဋိပဒါ အလယ်အလတ် ဝါဒလမ်းစဉ်** ကို၊ ငါဘုရား သိမြင်တော်မူခဲ့တယ်။ အဲဒီ ငါဘုရားရဲ့ ဝါဒ လမ်းစဉ်ကတော့ ပညာမျက်စိကိုလဲ ပွင့်လင်းစေတယ်။ အသိဉာဏ်ကိုလဲ

တိုးပွားစေတယ်။ ကိလေသာအပူတွေ ငြိမ်းအေးဖို့ရာ အကူးသိမြင်ဖို့ရာ၊ သစ္စာလေးပါး အမှန်တရားကို ထိုးထွင်းသိမြင်ဖို့ရာ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုဖို့ရာ ဖြစ်ပါတယ်။ "ရဟန်းတို့၊ ငါဘုရား သခင်ရဲ့ မဇ္ဈိမ ပဋိပဒါ အလယ် အလတ် ဝါဒလမ်းစဉ်ဆိုတာ ဘယ်ဟာတွေလဲဆိုလျှင် ကောင်းစွာသိမြင်မှု၊ ကောင်းစွာ ကြံစည်မှု၊ ကောင်းစွာပြောမှု၊ ကောင်းစွာ ပြုလုပ်မှု၊ ကောင်းစွာအသက်မွေးမှု၊ ကောင်းစွာအားထုတ်မှု၊ ကောင်းစွာအမှတ်ရမှု၊ ကောင်းစွာ တည်ကြည်မှု အင်္ဂါ ရှစ်ပါးနဲ့ ပြည့်စုံတဲ့ နိဗ္ဗာန်ရောက်ကြောင်း အကျင့်လမ်းစဉ်ဖြစ်ပေတယ်" ။

အဲဒီဘုရားရှင်ရဲ့ မဇ္ဈိမပဋိပဒါ ဗုဒ္ဓဝါဒလမ်းစဉ်အတိုင်း လိုက်နာ အားထုတ် ကျင့်ကြံပါလျှင် မိမိရဲ့သန္တာန်တွင်းရှိတဲ့ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါးနဲ့ တကွ အပြင်ပရှိ လောကီအာရုံ ကာမဂုဏ်တွေဟာ အမှန်မမြဲ၊ ဆင်းရဲဒုက္ခ၊ အစိုးမရဟု ဒုက္ခသစ္စာ ဆင်းရဲအမှန်တရားကို အမှန်အတိုင်းသိမြင်လာတဲ့ အသိဉာဏ် မဂ္ဂသစ္စာ ဖြစ်ပေါ်လာပြီးလျှင် ထို ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ဆင်းရဲအမှန်တရားကို အမှန်အတိုင်း သိမြင်လာတဲ့ အသိဉာဏ် မဂ္ဂသစ္စာ ဖြစ်ပေါ်လာပြီးလျှင် ထိုခန္ဓာ ငါးပါး ရုပ်နာမ်နှစ်ပါး ဆင်းရဲမှုတရားတွေကို ချမ်းသာ ထင်ပြီးလျှင်၊ တွယ်တာ လိုချင်တတ်တဲ့ တဏှာလောဘ၊ သမုဒယသစ္စာ တရားဟာ အလိုလို ဖြစ်ပြီး၊ ဒုက္ခချုပ်ငြိမ်းရာ နိရောဓသစ္စာနိဗ္ဗာန်ကို ကေန်မုချ ရရှိနိုင်ပေတယ်။

ဤကဲ့သို့၊ ဘုရားရှင်သည် တရားစကြာ ရတနာကြီးကို လည်စေတော်မူလျက် သစ္စာလေးပါး အမှန်တရားတို့ကို ဤ ဝါဆိုလပြည့် နေ့မှာ ဟောကြားတော် မူခဲ့တဲ့အတွက်၊ ဤဓမ္မစကြာနေ့ဟာ ဘုရားသခင်ရဲ့ သာသနာတော်ကြီး စတင် ပြန့်ပွား ထွန်းကားလာသည့်နေ့ဟု ဆိုထိုက်လှပါပေတယ်၊ ဘုရားရှင် သာသနာ တော်ကြီးနှင့် တွေ့ဆုံကြုံဆဲ အခါကာလဝယ်၊ လောဘ,ဒေါသ မောဟ အစရှိတဲ့ ကိလေသာအပူတွေ ငြိမ်းအေးရန်အလို့ငှာ သစ္စာလေးတန် တရားမှန်ကို ကိုယ်တိုင် သိမြင်ပြီးလျှင် မဂ်ဉာဏ်,ဖိုလ်ဉာဏ်, နိဗ္ဗာန် တရားထူးများ ကိုယ်ပိုင် ရရှိအောင် အားထုတ်သင့်ကြပါပေတယ်။ သို့မှသာလျှင် ဘုရားရှင် သာသနာတော်ကြီးနဲ့ တွေ့ရကျိုးနပ်ကြပေမယ်။

ယခုခေတ်အခါ သာသနာ(၂၅၀၉)နှစ်ထောင့် ငါးရာကိုးနှစ် ရောက်ပြီ ဖြစ်၍ သာသနာ နောက်ပိုင်း ခေတ်, ကလိယုဂ် ဆုပ်ကပ် ခေတ်ဆိုးကြီး ဖြစ်တဲ့အတွက် ကမ္ဘာ့ လူဦးရေ လေးပုံပုံ တပုံသာလျှင် တရားနှင့် ပြည့်စုံ ၍၊ ကျန် သုံးပုံမှာ သူတော်ကောင်းတရားနှင့် ကင်း ကွာ နေ ကြ ပေ တယ်၊ ယခု သာသနာ နောက်ပိုင်း အချိန်တွင်၊ ဘုရားရှင်ရဲ့ အဆုံးအမ ဩဝါဒ

သာသနာ့ အလင်းရောင် ဓာတ်အား နည်းပါး လာသည် နှင့် အမျှ တဘက်မှ မိစ္ဆာဝါဒ လောဘ, ဒေါသ, မောဟ အမှောင်ထုကြီး ဤကမ္ဘာပေါ်မှာ လွှမ်းမိုးလာနေပေတယ်။

ကမ္ဘာပေါ်ရှိသတ္တဝါတွေရဲ့ သန္တာန်မှာ လောဘတရား ကြီးမားလာသဖြင့်၊ ဆန်ရေစပါး ရှားပါးလျက် အစာငတ်မွတ်ခြင်းဘေး " **ဒုဗ္ဘိက္ခန္တရကပ်** " ဆိုက်ရောက်ခြင်း၊ ဒေါသတရား ထွန်းကားသဖြင့် ကမ္ဘာဖျက်လက်နက် အမျိုးမျိုး ထွန်းကား ဖြစ်ပေါ်လာလျက် အချင်းချင်း သတ်ဖြတ်မှု စစ်မက်ဖြစ်ပွါးမှု လက်နက်ဘေး "**သတ္ထန္တရကပ်**"ဆိုက်ရောက်ခြင်း၊ မောဟတရား လွန်ကဲကြီးမား လာသဖြင့် ရောဂါဝေဒနာအမျိုးမျိုး ဆန်းပြားလာလျက် ရောဂါဘေးရောက် သေပျောက်ခြင်း " **ရောဂန္တရကပ်၊**"ကျရောက်ခြင်း ဘေးဆိုးကြီးများနဲ့ ရင်ဆိုင် တွေ့ကြုံ နေကြရပေတယ်။ နောက်ဆုံး လောဘထွန်းကားတဲ့ ဤကမ္ဘာကြီးကို မီးဖျက်၍ရှင်း၊ ဒေါသလွန်ကဲ လွှမ်းမိုးလျှင် ရေဖျက်၍ရှင်း၊ မောဟလွန်ကဲ ကြီးမားလျှင် လေဖျက်၍ရှင်း ဤကမ္ဘာကြီးပျက်စီးသွားရပေမယ်။

ယခုခေတ်ကာလမှာ လက်တွေ့စမ်းသပ်၍ သိမြင်နိုင်တဲ့ ရုပ်လောက၏ တိုးတက်ကြီးပွား ချမ်းသာရေးကိုပင် အားပေးလိုက်စားသူ များပြားလျက် လက်တွေ့ စမ်းသပ်၍ မရနိုင်၊ မျက်စိဖြင့် မမြင်အပ် မမြင်နိုင်သည့် နာမ်လောကဘက်မှ တိုးတက် ကောင်းမွန်လာအောင် ပြုပြင်သူများ အလွန်ရှားပါးနေပေတယ်။ ကမ္ဘာသူ ကမ္ဘာသားတို့၏ အတွင်းသန္တာန်၌ လောဘ၊ ဒေါသ၊ မောဟ တရားဆိုးကြီးများ ထွန်းကား လွှမ်းမိုးနေသမျှ ကာလပတ်လုံး၊ နာမ်လောကဘက်မှ မတိုးတက် မကောင်းမွန်သမျှ ကာလပတ်လုံး၊ ရုပ်လောက၏ တိုးတက်ကြီးပွား ချမ်းသာရေးကို မည်မျှပင်ကြိုးစား အားထုတ်စေကာမူ အဆုံးတိုင် အောင်မြင်မှု မရနိုင်သည့်ပြင်၊ နာမ်လောကဘက်မှ တိုးတက်မှုမပါဝင်သည့် ထို ရုပ်လောက၏ တိုးတက်မှုသည်ပင်လျှင် ဤ ကမ္ဘာကြီးပျက်စီးဘို့ အကြောင်း တရားများ ဖြစ်ပွားလာနိုင်ပေတယ်။

ထို့ကြောင့် ဘုရားရှင် ဟောကြားတော်မူခဲ့သည့် " **လက်ဝဲမပါ၊ လကျာ်မကျ၊ မဇ္ဈိမပဋိပဒါ ဗုဒ္ဓဝါဒလမ်းစဉ်** " အတိုင်း ကျင့်ကြံ အားထုတ်ပြီးလျှင် မိမိ၏ အကြီးဆုံးရန်သူ၊ ကမ္ဘာကြီးတခုလုံး၏ အကြီး ဆုံး ရန် သူ ဖြစ် သည့်၊ လောဘ, ဒေါသ, မောဟ, ကိလေသာရန်သူများကို သီလ, သမာဓိ, ပညာလက်နက်တို့ဖြင့် တိုက်ဖျက်ပြီးလျှင်၊ ကပ်ကြီးသုံးပါး ကင်းဝေးလျက် ကမ္ဘာ့ ငြိမ်း

ချမ်းရေးတွင် မက၊ ထာဝရငြိမ်းချမ်းရေး ဖြစ်သည့် နိဗ္ဗာန်ချမ်းသာကြီးကို၊ ကိုယ်စီကိုယ်စီ ခံစားရရှိ ချမ်းသာနိုင်ကြစေရန်၊ ကုသိုလ်တရား ပွားများနိုင်ကြပါစေကုန်သတည်း။

၁၃၂၇-ခု၊ ဝါခေါင်လပြည့်နေ့၊ လူထုသတင်းစာ အထူးထုတ်မှ။

— ၀ —

## သာသနာသန့်ရှင်းရေး ပုဂ္ဂိုလ်သန့်ရှင်းရေးတရား။

## နှုတ်မြွက်ဟောတော်မူသောတရား အမှတ်(၂၉)

၁၃၂၆-ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁-ရက်နေ့ ညဉ့် မိနစ် (၄၀) ကြာမျှ တပည့်သံဃာ ထေရ်ကြီး၊ ထေရ်ငယ်များအား "သက်တော်ရှည်ပူဇော်ပွဲ အကြိုညဝါဒ" တရား ဟောကြားတော်မူသည်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ယခုနှစ် နတ်တော်လပြည့်ကျော် ၁-ရက်၊ နတ်တော်လပြည့်ကျော် ၆-ရက်သို့ ဝင်တဲ့ရက်ချုပ်ထဲမှာ မှတ်ထား'တယ်။ ၆-ရက်နေ့မှ နှစ်စဉ်မွေးနေ့ အထိမ်းအမှတ်၊ အစကတော့ မွေးနေ့ပူဇော်ပွဲ နောက်ပိုင်းကျတော့ အချို့က သက်တော်ရှည်ပွဲလို့ ခေါ်ကြတယ်။

နှစ်တိုင်းတော့ ၆-ရက်နေ့မှာ နဲနဲပါးပါး ပြောဟောပြီးတော့ သက်တော်ရှည်ပွဲကြီးပြီးသွားဒါဘဲ၊ ယခုနှစ်တော့ အာမိသဒါန, ဓမ္မဒါန၊ အာမိသပူဇာ ဓမ္မပူဇာ၊ ဒီလို အခြေအနေမျိုးလဲ ဖြစ်သွားအောင် အတူတကွ နေထိုင်ကြတဲ့

ဆရာတပည့် သီတင်းသုံးဘော်များတို့နှင့် အာမိသပဋိသန္ထာရ၊ ဓမ္မပဋိသန္ထာရ (၂)မျိုးနှင့် ပြည့်စုံပြီးတော့ ၆-ရက်နေ့မတိုင်မီ၊ ၁-ရက်နေ့ကစပြီးတော့ နေ့စဉ် တရားပွဲလုပ်ပြီး သွားရကောင်းရဲ့ စိတ်ကူးရ၊ ဝိသုဒ္ဓါရုံတိုက်ကြီးထဲမှာ ဓမ္မကထိက ပုဂ္ဂိုလ် ၄-ပါးရှိတယ်၊ တပါး တရက်စီဆိုလို့ရှိရင် (၄)ရက်း(၅)ရက်ခနေ့ဆိုတော့ လူတွေလဲ လုပ်ကြကိုင်ကြ၊ ရှုတ်ရှုတ်ထွေးထွေးနှင့် တရားပွဲလုပ်လို့ သိပ်မကောင်း လှဘူး ကြံစည်မိတယ်၊ ပြီးတော့ ဓမ္မကထိကတွေကလဲ မအားလပ်၊ ဟိုသွား ဒီသွားနဲ့(၄)ရက်လုံး ဓမ္မကထိကက ၄-ပါးလုံးစုံအောင် မရနိုင်ဘူး၊ ဘယ်သူ့ ခိုင်းမယ်ခိုင်းမယ်နဲ့ ကိုယ်တိုင်အဟောဖြစ်ပြီးသွားတယ်။

ကြံစည်တဲ့အတိုင်း စိတ်ကူးတဲ့အတိုင်း မဖြစ်ဘဲနဲ့ တမျိုးတမည် ဖြစ်ပြီး သွား တတ်တယ်။ **"အစိန္တိတမ္ပိ ဘဝတိ၊ စိန္တိတမ္ပိ ဝိနဿတိ"** ယခုလို ကိုယ်တိုင်ဟောမယ် လို့ မကြံဘဲနဲ့ ကိုယ်တိုင် ဟောဖြစ်ပြီးတော့ နေရတယ်။ အစိန္တိတမ္ပိ ဘဝတိ၊ ကိုယ်တိုင် အကြံအစည်မရှိဘဲနဲ့ ဒီလို ဖြစ်ပြီးတော့ လာရတယ်၊ တမျိုးတော့ ကောင်းဒါပါဘဲ။ အာမိသဒါန, ဓမ္မဒါန, အာမိသပူဇာဆိုတဲ့ အဖြစ်မျိုးကို ယခုနှစ် ကိုယ်တိုင်ရတာဘဲ။ ဓမ္မဆိုတာက ဒီဘုရားသာသနာတော် ဘုရားရှင်ပွင့် မှ ဓမ္မဆိုတဲ့ တရားမျိုး လူတွေ ပြောတတ်တာနဲ့တူတယ်။ ရှေးကတော့ **"ကုသလာ ဓမ္မာ၊ အကုသလာဓမ္မာ"** စသည်ဖြင့် ဘုရားဟော ပါဠိတော်တွေကို ဓမ္မ အခြေ အနေမျိုးနဲ့ ပြောတတ်ပုံမရဘူး။

ဘုရားအလောင်းတော်ကြီးများဖြင့် တချို့ ပြောချင် ပြောတတ်မယ်၊ များ သောအားဖြင့် မပြောတတ်တာက များလိမ့်မယ်၊ ထိုဓမ္မက ဘယ်တုန်းက ပေါ်လာသလဲ။

**ယဒါ ဧသော အဘိသမ္ဗောဓိံ၊ သမ္ပတ္တော မုနိပုင်္ဂဝေါ၊**
**တဒါ ပဘုတိ ဓမ္မဿ၊ လောကေ ဇာတော မဟုဿဝေါ။**

ယဒါ-အကြင်အခါ၌။ မုနိပုင်္ဂဝေါ-မုနိငါးပါးတို့ထက် အမြတ်ဆုံးဖြစ်တော်မူသော။ ဧသော-ထိုဘုရားရှင်သည်။ အဘိသမ္ဗောဓိံ-သစ္စာလေးပါးကိုသိသော ဘုရားအဖြစ်သို့။ သမ္ပတ္တော-ရောက်တော်မူပြီ။ တဒါ-ထိုဘုရားရှင် ဘုရားအဖြစ်သို့ ရောက်သည်မှ။ ပဘုတိ-စ၍။ လောကေ-လောက၌။ ဝါ-လူ့ဘုံ, နတ်ဘုံ ဗြဟ္မာဘုံ လောကဓာတ်၌။ ဓမ္မဿ-တရားတော်၏။ မဟုဿဝေါ-မြတ်သော သဘင်သည်။ ဝါ-မြတ်သော ပွဲလမ်းသဘင်ကြီးသည်။ ဇာတော-ဖြစ်ပေါ်လာ၏။

ဘုရားရှင်ပွင့်တော်မူတာက နှစ်ပေါင်း ရေတွက်လိုက်မယ်ဆိုလို့ရှိရင်( ၂၅၅၃) သာသနာတော် သကရာဇ်က ၂၅၀၀)နှစ်ဆိုတာကိုး၊ ဘုရားရှင် ပွင့်တော်မူတာ ၄၅-ဝါနှင့်ပေါင်းလိုက်တော့(၂၅၅၃)နှစ် ရှိသွားပြီ ၂၅၅၃)နှစ်လောက်က၊ ဗောဓိပင်နှင့် ရွှေပလ္လင် သမ္ဗာသမ္ဗုဒ္ဓ ဘုရားအဖြစ်သို့ ရောက်စဉ်ကစပြီးတော့၊ လောကမယ် ဓမ္မသဘင်ကြီးဖြစ်၊ ဓမ္မ၏ ကြီးကျယ်သော သဘင်ကြီး ဖြစ်လာတာဘဲ၊ မြတ်သော ပွဲကြီး ဖြစ်လာတာဘဲ ကြာလှပြီ၊ နှစ်ပေါင်း (၂၅၅၃)နှစ် ကြာသွားပြီ၊ မြန်မာပြည်မှာတော့ ဘုရားရှင် ပွင့်တော်မူစက မမှီပေါ်သေးဟန် မတူဘူး။ တတိယ သံဂါယနာ တင်ပြီးတဲ့ နောက်မှ "ကိုးတိုင်း, ကိုးဌာန သာသနာပြု စေလွှတ်တယ်ဆိုမှ မြန်မာပြည် သာသနာရောက်တယ်"၊သာသနာတော် ဘုရား အဆုံးအမ ဩဝါဒ၊သာသနာတော်ဓမ္မ မရောက်ခင်က မြန်မာပြည်ရှိတဲ့လူတွေ ဘယ်လိုနေကြမလဲ၊ ဘုရားမှန်းမသိ, တရားမှန်းလဲမသိ,သံဃာမှန်းလဲ မသိ, ကုသိုလ်မှန်းလဲ မသိ၊ ဘာသာဘာဝ သူတို့ မြန်မာပြည် ရှေးလူတို့၏ အလေ့အကျင့်အားလျော်စွာ နေကြမှာဘဲ၊ ဒီတော့ ဘုရားသာသနာတော်ကြီးနဲ့ စပ်ပြီးတော့ ကြည့်လိုက်မယ်ဆိုလို့ရှိရင် ရိုင်းချင်တိုင်း ရိုင်းနေမှာဘဲ၊ကြမ်းချင်တိုင်း ကြမ်းပြီးတော့နေကြမှာဘဲ။

ဘုရားရှင် သာသနာရောက်လာ၊ ဘုရား,တရားတော် ထွန်းလင်း တောက်ပပြီး လာတော့၊ ဘုရားကြည်ညိုရမှန်း သိ၊ တရား ကြည်ညိုရမှန်း သိ၊ သံဃာကြည်ညိုရမှန်းသိလို့ သရဏဂုံသုံးပါး ဆောက်တည်လို့ သရဏဂုံတည် ပုဂ္ဂိုလ်တွေဖြစ်၊ ရဟန်းတော်တွေပေါ်လာ၊သာမဏေတွေပေါ်လာ၊ရဟန်းပညာရှိတွေပေါ်လာ၊ သာမဏေ ပညာရှိတွေပေါ်လာ၊လူပညာရှိတွေ ပေါ်လာ၊ဟောကြ, ပြောကြ၊ ဘုရားရှင် သာသနာတော်နှင့် စပ်လို့၊ ဓမ္မနှင့်စပ်လို့၊ မြန်မာပြည်က မြန်မာလူမျိုးတွေ သာသနာ အမှီပြုပြီးတော့ စတုမဟာရာဇ် နတ်တွေ မရေတွက်နိုင်အောင် များပြားတယ်၊ တာဝတိံသာ နတ်တွေ များပြားတယ်၊ နတ်ပြည် ခြောက်ထပ်မယ် နတ်သားတွေ အများကြီး ရှိလိမ့်မယ်။ ဗြဟ္မာ့ပြည်ရောက်တဲ့ ပုဂ္ဂိုလ်ကတော့ဖြင့် နတ်ပြည်လောက် များချင်မှများမယ်၊ သဘောအားဖြင့်တော့ကို သာသနာတော်နှင့် တွေ့ကြုံရသဖြင့် ဗြဟ္မာ့ပြည် ရောက်နိုင်တဲ့ပုဂ္ဂိုလ်တွေလဲဘဲ အများကြီးထွက်ဖို့၊ ဘုံ သုံးပါး မကျင်လည်ဘဲနှင့် အရိယာဖြစ်သွားတဲ့ ပုဂ္ဂိုလ်တွေလဲဘဲ အများကြီးဖြစ်ဖို့၊ ဒါတော့ နောက်ပိုင်းကျလို့ အမှန်ထော့ မပြောနိုင်ဘူး။

သီဟိုဠ်ကျွန်းမျာ:း ဆိုလို့ရှိရင် ရဟန္တာတွေ များလွန်းလို့ စပါးဖျာပေါ် ထည့်ပြီး နေလှန်းထားတဲ့စပါးရှင် မာတုဂါမများဟာ နေပူလျက်နဲ့ ရဟန္တာ တွေက ကောင်းကင်က ပျံသွားတယ်၊ဟိုကပျံသွား၊ ဒီကပျံသွားတော့ နေမပူရလို့ စပါးမသွေ့ မခြောက်နိုင်ဘူး။ ရဟန္တာတွေ ကောင်းကင်က ပျံလွန်းလို့ စပါး လှန်းတဲ့ မာတုဂါမများ ညည်းညူရတယ်၊ ဒီလောက် များတယ် သီဟိုဠ်ကျွန်း ကတော့။ မြန်မာပြည်လဲဘဲ သီဟိုဠ်ကျွန်းမမှီသည့် တိုင်အောင် ရှေးရှေးက အဝေးကြီးမဟုတ်သေးဘဲနဲ့ သီးလုံးဆရာတော် ဘုရားကြီးများဆိုရင် အရိယာ ရဟန္တာကြီးလို့ ကျော်စော ထင်ရှားလို့ ဒီအနီးလေးတွင် ဆက်လို့ **"သီးလုံး ဆရာတော်ဘုရားကြီးနှင့် ရွှေကျင်ဆရာတော်ဘုရားကြီး"** တပည့် သားမြေးဆိုလို့ ရှိရင် အမှန်အားဖြင့် သောတာပန်ဘဲ၊သကဒါဂါမ်ဘဲ၊အနာဂါမ်ဘဲ၊ ရဟန္တာဘဲ မပြောရဲသော်လဲ အရိယာတမျှ ရဟန္တာကြီးတွေတမျှ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်၊ ပညာတော့ထားတော့၊ သီလဂုဏ်၊ သမာဓိဂုဏ်တွေက ရဟန္တာကြီး တွေတမျှ ရဟန္တာကြီးတွေအောက် မကျလောက်အောင် ကိုယ်မှီသမျှ ရွှေကျင် ဆရာတော်ဘုရားကြီးလဲ မှီလိုက်ရတာဘဲ။

**"ဝိသုဒ္ဓါရုံ ဆရာတော်ဘုရား"** ကြီးလဲ မှီလိုက်ရတာဘဲ၊ **ရန်ကုန် ကျောင်း တော်ရာ ဆရာတော်ဘုရားကြီး"**လဲ မှီလိုက်ရတာဘဲ။ နောက်ဆုံး ကျော်ပြီး တော့ ဆိုပါတော့ **"စစ်ကိုင်းတောင်ရိုး တောင်ဗီလာဆရာတော်"**လို့ နောက်ဆုံး အမည်ခံယူသွားတဲ့ ဆရာတော်ကြီးများ၊ တချို့ စာတတ်ပုဂ္ဂိုလ်ကြီးတွေက သူတော်ကောင်းကြီးတွေက ပြောကြသတဲ့၊ ရှေးရှေးက ဆရာတော်ကြီးတွေ, ရှေးရှေးက ရဟန္တာကြီးတွေက ဒို့မမြင်ရဘူး၊ရဟန္တာကြီးများ ဘယ်လိုနေမလဲလို့ ရဟန္တာကြီးများ ဘယ်လိုနေပုံ ထိုင်ပုံကို မျက်စိနှင့်မြင်ရ ဘယ်လို နေပါ့မလဲလို့ ကြည့်ချင်လို့ရှိရင် **"တောင်ဗီလာဆရာတော်ကိုသာ ကြည့်"** ဒီအတိုင်း နေမှာဘဲ ဒီလို သူတော်ကောင်းများ အကြည်ညို ခံယူပြီးတော့ သွားရတဲ့ တောင်ဗီလာ ဆရာတော်ကြီးများရှိတယ်၊ မှီလိုက်ရ ဘာမှမကြာသေးဘူး၊ ဂျပန်အရေးတော် ကျမှ ပျံတော်မူသွားရ၊ အဲဒီလို ဘုရားရှင် သာသနာတော်နှင့်စပ်လို့ မြန်မာပြည် ကျေးဇူးများလိုက်တာ သိပ်ပြီးတော့ ကျေးဇူးများတယ်။

ရှေး ဆရာတော်ကြီးတွေ ကြည်ညိုဘွယ်တွေပေါ့၊ တရားပွဲ ပေါ်လာတော့ သံဃာပွဲလဲ ပေါ်လာ၊ ဘုရားပွဲ, တရားပွဲ, သံဃာပွဲ, ရတနာသုံးပါး စည်ကား လာတာဘဲ၊ ယခုလို ဟောပြောပြီးတော့နေနိုင်တာလဲ ဘုရားရှင်သာသနာတော်

နှင့် တွေ့ကြုံလို့ ယခု တရားပွဲဖြစ်နေတာဘဲ၊ တရားနာရတဲ့သူတွေလဲ ဘုရားရှင် သာသနာတော်နှင့် တွေ့ကြုံလို့ ယခုလို တရားနာရတာဘဲ၊ ဘေးကနေ ကြည့်မယ် ဆိုလို့ရှိရင် ရဟန်းသာမဏေ လေးငါးဆယ်လောက်နဲ့ ယခုလို ပြောဟောနေတာ ပျင်းတဲ့လူကဖြင့် ပျင်းစရာကြီးဘဲလို့ ဒီလို ထင်မြင်နေမှာ၊ခြောက်တိခြောက်သွေ့ နှင့် တရားပွဲလို့မှ မခေါ်လောက်ပါဘူးလို့ ဒီလို ထင်ချင် ထင်နေမှာ၊ ပြောချင် ပြောနေမှာဘဲ၊ အမှန်စင်စစ်ကတော့ကို ပြောဟောတဲ့သူ ရတဲ့ကုသိုလ်တွေကလဲ မရေတွက်နိုင်ပါဘူး၊ နာယူတဲ့ပုဂ္ဂိုလ်တွေ ရတဲ့ ကုသိုလ်တွေကလဲ မရေတွက်နိုင် ပါဘူး၊တပါး, နှစ်ပါး, သုံးပါး, လေးပါးနဲ့ မဟုတ်ပါဘူး၊ ကုသိုလ်စိတ္တုပ္ပါဒ် တွေ နှမ်းလို, ပဲလို, စပါးလို အရေအတွက် ထားပြီးတော့ ခြင်မယ်ဆိုလို့ရှိရင် တင်းတောင်းနဲ့ ဘယ်နှစ်တင်း ရမယ်၊ တင်းပေါင်း များစွာရနိုင်တဲ့ ကုသိုလ်တွေ ဖြစ်တာပါဘဲ၊ သာသနာတော် ကျေးဇူးများ၊ တရားပေါ်လာလို့ ကျေးဇူးများ တဲ့ အကြောင်း ပြောရတာ။

"ဓမ္မေ အဿဝန္တာယ ပရိဟာယန္တိ"ဆိုတာလဲရှိ၊ ဓမ္မေ-တရားတော်ကို။ အဿဝန္တာယ- မနာကြားရသည့် အဖြစ်ကြောင့်။ ဓမ္မာ- တရားတော်မှ။ ပရိဟာယန္တိ-ဆုတ်ယုတ်ကြကုန်၏။ ကိုယ်ဉာဏ်မှီသမျှ ကိုယ့်မျက်စိနှင့် မြင်ရသမျှ နားနှင့် ကြားရသမျှ စိတ်ထဲကတွေးပြီးတော့ သိနိုင်သမျှ၊ မြင်ရကြားရ သိနိုင် သမျှ အကောင်း, အဆိုးတွေ လိုက်ပြီးတော့ ကြည့်ကောင်းသမျှ တရားကြောင့် ကောင်းတာချည်းဘဲ၊ မကောင်းသမျှ တရားကင်းလို့ မကောင်းတာချည်းဘဲ၊ အပါယ်လေးဘုံထဲကျနေတဲ့ သတ္တဝါတွေ များချင်တိုင်းများနေ၊ သဒ္ဓမ္မတရား ကင်းပြီးတော့ ကျနေကြတာဘဲ၊ ယခု သူ့ဘုံတွင် မြန်မာပြည်တွင် ဆိုပါတော့ မြန်မာပြည်တွင် လူတွေနေကြ၊ ရဟန်းတော်တွေ နေကြ၊ သာမဏေတွေ နေကြ၊ ကောင်းတာတွေလဲရှိ၊ မကောင်းတာတွေလဲရှိ၊ မကောင်းတဲ့သူတွေဟာ တရား ကင်းပြီးတော့ နေကြလို့၊ ကောင်းတဲ့သူတွေဟာ တရားကြောင့်ကောင်းပြီးနေကြ တာဘဲ၊ ယခုဘဝမယ် တရားကင်းတဲ့သူတွေဟာ ယခုဘဝလဲ မကောင်းဘူး၊ နောင် သံသရာလဲ ကောင်းဖို့ မဟုတ်ဘူး။

"အဓမ္မော နိရယံ နေတိ"ဆိုတာကိုး။ အဓမ္မော- မသူတော်တရားသည်။ နိရယံ-ငရဲသို့။ (ဝါ) အပါယ်လေးဘုံသို့။ နေတိ-ပို့ဆောင်တတ်၏။ တရား ကင်းနေတဲ့ လူတွေဟာ အပါယ်ကို မုချ သွားရမှာဘဲ၊ အဲဒါ ဖြစ်တော့ကို လောကမယ် ဘုရား ပွင့်တော်မူလာရခြင်း, တရား ပေါ်လာခြင်း, သံဃာ ပေါ်လာခြင်းဟာ သတ္တဝါတွေ အလွန်ကျေးဇူးများတယ်၊ "ဗုဒ္ဓေါလောကေ

**သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ”** လောကေ လောကဥ္ဇ။ သဗ္ဗပါဏိနံ-ခပ်သိမ်းသော သတ္တဝါတို့၏။ ဟိတာယ- အကျိုး စီးပွား အလို့ငှာ။ ဗုဒ္ဓေါ-ဘုရားရှင်သည်။ သမုပ္ပန္နော- ကောင်းစွာပွင့်တော်မူလာ၏။

“**ဝမ္မော လောကေ သမုပ္ပန္နော သုခါယ သဗ္ဗပါဏိနံ**” တရားတော်လဲဘဲ သတ္တဝါတွေချမ်းသာဖို့ပေါ်လာဒါဘဲ၊ ချမ်းသာဒါဟာ ဘယ်လောက်ချမ်းသာမှာလဲ၊ သန္တိသုခဆိုတဲ့ နိဗ္ဗာန်ကျအောင် ချမ်းသာရမှာဘဲ၊ ထိုဓမ္မကင်းလို့ရှိလျှင် အဝီစိကျအောင် ဆင်းရဲဒုက္ခနှင့်တွေ့ရမှာ၊ နိဗ္ဗာန် မရောက်ဘဲ သံသရာကျင်လည်နေရတဲ့ **ဝဋ္ဋခါဏုက** ဆိုတဲ့ ပုဂ္ဂိုလ်မျိုးဖြစ်နေရမယ်၊ ဘယ်တော့မှ နိဗ္ဗာန်မရောက်မယ့်သတ္တဝါတွေ ရှိနေသေးတယ်၊ ‘‘**ဝဋ္ဋခါဏုက-သံသရာ သစ်ငုတ်ကြီး**’’ဖြစ်ပြီးတော့နေမယ်။

ဒါကြောင့် ဘုရားဖြစ်ပေါ်လာခြင်း၊ တရားဖြစ်ပေါ်လာခြင်းဟာ သတ္တဝါတွေ အလွန်ကျေးဇူးများတယ်၊ အလွန်ချမ်းသာကြတယ်၊ သံဃာတော်ဆိုတာလဲဘဲ “**အနုတ္တရံ ပုညက္ခေတ္တံ**”ဆိုတာကိုး။ အနုတ္တရံ-အတုမရှိသော။ ပုညက္ခေတ္တံ-ကောင်းမှုတည်းဟူသော မျိုးစေ့၏ စိုက်ပျိုးရာ လယ်ယာ မြေကောင်း သဘွယ်ဖြစ်၏။

မြန်မာပြည် ဆိုလို့ရှိရင် များသောအားဖြင့် တောင်ယာလုပ်ကိုင်ပြီးတော့ ကောက်ပဲသီးနှံ အမှီပြုပြီးတော့နေကြတဲ့ သူတွေများတယ်၊ မြေသြဇာကောင်းတဲ့ မြေပေါ်မှာ စိုက်ပျိုးလိုက်တော့ကို သီးနှံတွေ အများကြီးရ။ သံဃာတွေဟာ ထိုမြေလိုဘဲ၊ ကောင်းသောမြေနှင့်တူတယ်၊ စပါးအလိုရှိတဲ့သူ ကောင်းသောမြေပေါ် စပါးစိုက်ပျိုးလိုက်တော့ အလိုရှိတဲ့စပါးတွေရ၊ ချမ်းသာရ၊ သံဃာတော်တွေ မြန်မာပြည်ရှိလို့ မြန်မာပြည် သံဃာတော်အမှီပြုပြီးတော့နေကြတဲ့ ဒါယကာ ဒါယိကာမတွေ၊ သံဃာအချင်းချင်း၊ ရဟန်းအချင်းချင်း၊ သာမဏေအချင်းချင်း ဒီသံဃာတော်များ အမှီပြုပြီးတော့ လူချမ်းသာ၊ နတ်ချမ်းသာ၊နိဗ္ဗာန်ချမ်းသာ၊ ဒီချမ်းသာတွေရမှာဘဲ၊လိုရင်းတော့ နိဗ္ဗာန်လိုချင်တဲ့ပုဂ္ဂိုလ် ဒီသံဃာကပေးမှာဘဲ၊ နိဗ္ဗာန်မရောက်မီ သုဂတိဘဝရောက်ဖို့ ဒီသံဃာက ပို့မှာဘဲ, ပေးမှာဘဲ၊ ဆက်သွယ်ပြီးတော့ ဒီလိုကျေးဇူးများတယ်၊ အလွန် ကျေးဇူးများတဲ့ ဘုရားရှင်သာသနာတော်ကြီး အလွန်ကျေးဇူးများတဲ့ ဘုရားရတနာ၊ တရားရတနာ၊သံဃာရတနာ၊ ဒီလိုချည်းဘဲ ပြည့်စုံလုံလောက်လို့ သမ္ပတ္တိသဘောနှင့် အမြဲ **တည်**

မနေဘူး၊ သမ္ပတ္တိဟူသမျှ ဝိပတ္တိ အဆုံးရောက်ရတယ်၊ သမ္ပတ္တိက ပြည့်စုံခြင်း၊ ဝိပတ္တိက ပျက်စီးခြင်း။

မြန်မာပြည် သာသနာတော်ကြီး စည်ကားလို့ နှစ်ပေါင်း များစွာကြာ၊ တဖြေးဖြေး ဒီသာသနာတော်ကြီး ပျောက်ကွယ်ရဦးမယ်၊ ဘယ်တော့ ပျောက်ကွယ်မလဲ၊ လုံးလုံးသာသနာမှုန်း၊ ဘုရားမှုန်း၊ တရားမှုန်း၊ သံဃာမှုန်းမသိအောင် ကွယ်ပြီးတော့သွားတဲ့အခါ ရှိဦးမယ်၊ ခုတော့ ဖြုန်းကနဲတော့ မပျောက်ဘူး၊ သို့သော် နဲနဲတော့ ရှေးသာသနာတော့ မမှီဘူး၊ ရှေးတုန်းက ကောင်းတယ်၊ ခုမကောင်းဘူး၊ မကောင်းတော့လို့ "**သာသနာသန့်ရှင်းအောင် ယခုသာသနာသန့်ရှင်းရေးတဲ့**၊ သာသနာက ရှုပ်ထွေးနေ၊ ညစ်ပတ်နေ၊ သာသနာသန့်ရှင်းအောင် စင်ကြယ်အောင် လုပ်ကြစို့ရဲ့၊ ဘာလေးညာလေးနဲ့ ပေါ်လာတယ်။ စိတ်ကအောက်မေ့တယ်၊ မြန်မာစကား သုံးထားတာက သာသနာသန့်ရှင်းရေး သုံးထားတယ်၊ ဒီစကားသိပ်ပြီးမှားတယ်၊ သာသနာက သူ့ဟာသူ သန့်ရှင်းနေတာ၊ ဘာမှဖြစ်တာ မဟုတ်ဘူး၊ လူတွေက မကောင်းလို့ လူတွေညစ်ပတ်လို့ လူညစ်ပတ်တယ် လူမသန့်ရှင်းဘူး၊ ရဟန်းညစ်ပတ်တယ်၊ ရဟန်းမသန့်ရှင်းဘူး၊ သာမဏေ ညစ်ပတ်တယ်၊ သာမဏေ မသန့်ရှင်းဘူး။

ရဟန်းသန့်ရှင်းအောင်၊ သာမဏေသန့်ရှင်းအောင်၊ သံဃာသန့်ရှင်းအောင်၊ လူသန့်ရှင်းအောင်၊ ပုဂ္ဂိုလ်တွေသာ သန့်ရှင်းအောင် လုပ်ဖို့ ကောင်းတယ်၊ သာသနာသန့်ရှင်းအောင် လုပ်ဖို့မလိုဘူး၊ သာသနာဟာ အပြစ်မရှိဘဲနဲ့ သာသနာသန့်ရှင်းအောင် လုပ်ရမလား၊ ဒီလိုစိတ်က တွေးမိတယ်။ သာသနာအပြစ်မဟုတ်ဘဲနဲ့ သာသနာ အပြစ်တင်ပြီးတော့ သာသနာ ညစ်နွမ်းနေတယ်၊ ဘုရားရှင်လက်ထက်ကလဲ ဒီသာသနာဘဲ၊ ခုလဲ ဒီသာသနာဘဲ၊ သာသနာဝင်တဲ့ ပုဂ္ဂိုလ်တွေက သာသနာကိုမုန်းတဲ့ပုဂ္ဂိုလ်တွေက သာသနာကိုစိုးရိမ်နေပေမယ့် ဒီသာသနာဟာ ဘာမျှဖြစ်မသွားပါဘူး၊ သူ့ဟာသူ သာသနာဘဲ၊ သာသနာမှီပြီးတော့ သာသနာ့နည်းလမ်းအတိုင်း မလိုက်တဲ့ပုဂ္ဂိုလ်တွေက ညစ်နွမ်းပြီးနေတယ်၊ မသန့်ရှင်းဘဲဖြစ်ပြီးတော့နေတယ်၊ သူတို့ကိုသာ သန့်ရှင်းအောင် စင်ကြယ်အောင် လုပ်ဖို့ရှိဒါဘဲ အောက်မေ့တယ်။

သို့သော် မကောင်းရာမကောင်းကြောင်း ဖြစ်လေတော့ကို၊ ဌာနီ ဌာန သာသနာသန့်ရှင်းဆိုရ၊ ဌာနဖြစ်တဲ့ သာသနာမဟုတ်ဘဲနဲ့ ဌာနီဖြစ်တဲ့ သာသနာသန့်ရှင်းဖို့ဆိုတဲ့ စကားပါဘဲ၊ ဒီလိုလုပ်ပြီးတော့ ယူရမှာဘဲ၊ ဒီတော့ကို သာသနာတော် ရှေးခေတ်လိုမကောင်း၊ နောက်ပိုင်းကျတော့ သာသနာတော်

ကို ကောင်းစွာ ကျင့်တဲ့သူကလဲ နဲသွားပြီ၊ သာသနာ ကြည်ညိုတဲ့ လူတွေကလဲ နဲသွားပြီ၊ အတော်အသင့် ကျင့်မယ်ဆိုတဲ့ သူတွေကလဲ ကျင့်နေတာဘဲ၊ မကြိုက် သူတွေကလဲ အများကြီးပေါ်လာပြီ၊ သာသနာတော်ဆိုတာက၊ သံသရာမယ် တရံတခါမှ ပေါ်လာတာကို ဒီသာသနာ ဘုရားသာသနာ မကြိုက်တဲ့ သူတွေ အင်မတန် များတာကိုး။ ဘုရားရှင် ဖြစ်တော်မူတယ်ဆို ဘုရားနှင့်တကွ ဘုရားရှင် သာသနာတော် မုန်းလို့ မာရ်နတ်က လာတိုက်ဖျက်တာဘဲ၊ နောက်လဲဘဲ ဘုရား ရှင် သက်တော်ထင်ရှား ရှိသမျှ ဘေးက လိုက်ပြီးတော့ ဘုရားသတ်မယ်လို့ မာရ် နတ်က အမြဲလိုက်နေတာဘဲ။

တရားကောင်းကောင်းကျင့်တဲ့သူကျ မာရ်နတ်ကမုန်းပြီး သူ့အသင်းအပင်း တွေကလဲ အကုန်မုန်းလို့ နတ်တွေကလဲမုန်းလို့၊ မိစ္ဆာဒိဋ္ဌိယူတဲ့ သူတွေကလဲမုန်း၊ ဘုရားသာသနာဆို မိစ္ဆာဒိဋ္ဌိတွေက အကုန်မုန်းကြတာဘဲ၊ အကုန်အပြစ်ပြော တာဘဲ၊ အဲဒီလိုဖြစ်တော့ကို ဘုရားရှင်သာသနာ ကောင်းတယ် ဆိုပေတယ်လို့ ဘေးရန်တွေက အလွန်များ၊ ယခု နောက်ပိုင်းကျတော့၊ ရှေ့ပိုင်းတုန်းကတော့ကို ဘေးရန်များပေမယ့် ဘုရားရှင် သက်တော်ထင်ရှားရှိလို့ သာသနာမထိခိုက်နိုင် ဘူး၊ ရဟန္တာကြီးတွေက ဘုန်းတန်ခိုးကြီးလို့ သာသနာ ပြုံးကနဲ မထိခိုက်နိုင် ဘူး၊ ယခု နောက်ပိုင်းကျတော့ ဘုန်းရှင် ကံရှင်တွေက မရှိကြတော့ နောက် ပိုင်းပုဂ္ဂိုလ်တွေက ရှေးပုဂ္ဂိုလ်တွေလို ဘုန်းတန်ခိုးမကြီးတော့ကို သာသနာ ဖျက်ဆီးမယ့် ရန်သူတွေအတော်များပြီးတော့လာပြီ၊ ဘေးကနေပြီး ဖျက်ဆီး မယ့် ပုဂ္ဂိုလ်က အမျိုးမျိုး၊ ကိုယ့်သာသနာကို ဖျက်ဆီးတဲ့ ပုဂ္ဂိုလ်က အမျိုးမျိုး၊ ဒီလို ဖြစ်ပြီးတော့လာပြီ၊ ဒီခါတော့ကို သတိရှိတဲ့ပုဂ္ဂိုလ်၊ ပညာဉာဏ် ဆင်ခြင် စဉ်းစားတဲ့ပုဂ္ဂိုလ်၊ ဘုရားသာသနာ ကြည်ညိုတဲ့ပုဂ္ဂိုလ်၊ ဘယ်လိုနှလုံးသွင်းမလဲ၊ ဘယ့်နှယ် နှလုံးသွင်းရမလဲ **"ကိုယ့်အတွက်လဲ သာသနာမပျက်ရဘူး၊ သူတပါး က နောက်ယှက်သော်လဲဘဲ သာသနာ မပျက်ရဘူး"** သာသနာကို မြန်မာပြည် နှင့် အပြည့် သာသနာရှိတယ်ဆိုပါတော့၊ ကိုယ်တယောက်ထဲက အပြည့် သာသ နာကို ကိုယ်က စောင့်ထိန်းရမှာ မဟုတ်ပါဘူး။

ကိုယ့်နားရှိတဲ့ သာသနာကို ကိုယ်စောင့်ထိန်းရမယ်၊ ကိုယ့်ခန္ဓာကိုယ်ထဲမှာ ရှိတဲ့ သာသနာကို ကိုယ် စောင့်ထိန်းရတယ်၊ ကိုယ့်နားရှိတဲ့ သာသနာကို ကိုယ် စောင့်ထိန်းလို့ရှိရင် ကိုယ့် အနီးအနားဖြစ်တဲ့ ဆရာသမား တပည့်သားမြေး၊ မိတ်သင်္ဂဟ, သီတင်းသုံးဘော်တွေ အချင်းချင်း တဦးနဲ့တဦး သတိပေးလို့ ပြောဟောလို့ ဆုံးမလို့ သင်ကြားလို့ ဒီလို သာသနာစောင့်ရှောက်သွားလို့ရှိရင် ဆိုင်ရာဆိုင်ရာ မန္တလေးက ပုဂ္ဂိုလ်များက မန္တလေးက သာသနာကို စောင့်

ရှောက်သွားလို့၊ ရန်ကုန်က ပုဂ္ဂိုလ်က ရန်ကုန်က သာသနာကို စောင့်ရှောက်သွားလို့ရှိရင် သာသနာတော်ကြီးလဲဘဲ ပကွယ်မပျောက်နိုင်ပါဘူး၊ သာသနာစောင့်ပုဂ္ဂိုလ်များလဲ တုန်လှုပ်စရာမလိုပါဘူး။

**သေလော ယထာ ဧကဃနော၊ ဝါတေန န သမီရတိ၊**

**ဧဝံ နိန္ဒာ ပသံသာသု၊ န သမိဉ္ဇန္တိ ပဏ္ဍိတာ။**

ဘုရားဟောအတိုင်းဘဲ၊ အလွန်ထူတဲ့တောင်ကြီး လေမုန်တိုင်းကြီး တိုက်ခတ်သော်လဲမပြိုမပျက်မတုန်လှုပ်ဘူးတဲ့- ဧကဃနော- တခဲနက်သော၊ သေလော- ကျောက်တောင်သည်၊ ဝါတေန-အရပ် လေးမျက်နှာမှ လာသောလေကြောင့်၊ နသမီရတိယထာ- မတုန်မလှုပ်နိုင်သကဲ့သို့၊ (ဒါက ရှေ့နှစ်ပါဒ ဥပမာဝါကျစကားပေါ့၊ ဥပမေယျပဏ္ဍိတတို့အတွက်ကတော့ (ဧဝံနိန္ဒာပသံသာသု၊ နသမိဉ္ဇန္တိပဏ္ဍိတာ) လို့ နောက်နှစ်ပါဒဆက်ပြီး ဟောတော်မူတယ်၊) ဧဝံ၊ ဤတောင်ကြီးအတူ၊ ပဏ္ဍိတာ၊ ပညာရှိတို့သည် နိန္ဒာပသံသာသု၊ ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းတို့ကြောင့်၊ နသမိဉ္ဇန္တိ၊ မလှုပ်ကြကုန်။

သာသနာ ဖျက်ဆီးမယ့်လူတွေက လေပြင်းမုန်တိုင်းလို လောကဓံတရား (၈)ပါးထဲက နိန္ဒာ,ပသံသာ နှစ်ပါးသာလာတယ်၊ လေပြင်းမုန်တိုင်းလို အမြဲတိုက်ခတ်ပြီးတော့ သာသနာစောင့်ထိန်းတဲ့ တောင်ကြီးကို တခါထဲအမြဲ တိုက်ဖြိုနေတာဘဲ၊ ပကတိ လေပြင်းမုန်တိုင်းကြီး ဧကဃနဖြစ်တဲ့ တောင်ကြီးကို ဘယ်လိုဘဲတိုက်တော့ အရပ်ထက်ဝန်းကျင်က ဘယ်လိုဘဲလာတော့ တောင်ကြီးမတုန်လှုပ်ပါဘူး၊ ဘာကြောင့်လဲ၊ သူက ကျောက်အတိပြီးလို့ တခုနှင့် တခု မာကျောလို့ ယိမ်းယိုင်ခြင်း တုန်လှုပ်ခြင်းသဘောကိုက ရှိမှမရှိဘဲကိုး၊ လေတိုက်လို့ တဆံခြည်မျှ မရွေ့ဘူး၊ ပြင်းချင်တိုင်းပြင်း လေဟာ၊ ကြီးချင်တိုင်းကြီး တဆံခြည်မျှမရွေ့ဘူး၊ တခဲနက် ကျောက်အတိပြီးနေတဲ့ဟာ အဲဒါလိုဘဲ ပဏ္ဍိတခေါ်တဲ့ ဘုရားကြည်ညိုတဲ့ ဘုရား-တရားယုံကြည်တဲ့ သူတော်ကောင်းတရား ကျင့်နေတဲ့ ပညာရှိဆိုတာ လောကဓံလေမုန်တိုင်းကြောင့် မတုန်လှုပ်နိုင်ဘူး။ နဂိုကဒီလိုမှ လောကဓံသည်းခံလို့ မတုန်လှုပ်နိုင်တဲ့ ပုဂ္ဂိုလ်ဆိုလို့ရှိလျှင် သူ့ ဘာမှရန်သူမရှိဘူး၊ လေပြင်းမုန်တိုင်းကြောင့်မရွေ့မရွား မတုန်လှုပ်တဲ့တောင်ကြီးဟာ ဘယ်သူမှ ရန်မပြုနိုင်ဘူး၊ တောင်ကြီးတခုလုံး ပြိုပျက်သွားအောင် ကြီးကျယ်သော မြင်မိုရ်တောင်ကြီး ပျက်အောင် ပကတိလူတွေ မဖြိုနိုင်ဘူး၊ ကမ္ဘာပျက်မှ ပျက်တာ၊ အဲဒါလို လောကဓံ (၈)ပါကြောင့် မတုန်လှုပ်ရဘူး၊ မတုန်လှုပ်နိုင်အောင် စောင့်စည်းနေလို့ရှိရင်ဖြင့် ကိုယ်တိုင်လဲ သူတော်ကောင်း တရားမပျက်

ဘူး၊ ဒီ သာသနာလဲ သန့်ရှင်းနေဖို့မလိုဘူး၊အရှင်ဘဒ္ဒိယ မထေရ်အကြောင်းပြု၍ ဓမ္မပဒပါဠိတော်မှာ ဟောတော်မူတယ်။

ဒါကြောင့် နိဗ္ဗာန် ရောက်ကြောင်းဖြစ်တဲ့ သံသရာချမ်းသာကြောင်းဖြစ်တဲ့ သူတော်ကောင်းတရားကျင့် သူတော်ကောင်းတရား အေးအေးလူလူ ဖြောင့်ဖြောင့် တန်းတန်း ကောင်းစွာ ကျင့်ပြီးတော့ နေချင်လို့ရတဲ့ခေတ်မျိုး မဟုတ်ဘူး၊ လောကဓမ် လေမုန်တိုင်းတွေက အရပ်ထက်ဝန်းကျင်က တိုက်ခတ်ပြီးတော့နေတယ်၊ နိန္ဒာ,ပသံသာ စသည့် လောကဓမ် (၈)ပါးတွေက သုခ, ဒုက္ခ, စသည့် လောကဓမ် (၈) ပါးတွေ အမြဲတိုက်ခတ်ပြီးနေတယ်။

ဒီဘေးရန် ဒီလောကဓမ် လေမုန်တိုင်းလဲ သည်းခံပြီးတော့ သူတော်ကောင်းတရား မပျက်အောင် နေထိုင်မယ်ဆိုလို့ရှိရင် သာသနာသန့်ရှင်းဖို့၊ ကိုယ့်အတွက် သာသနာသန့်ရှင်းဖို့လဲမလိုပါ၊ အများအတွက် သာသနာ သန့်ရှင်းဖို့လဲ မလိုပါဘူး၊ သေသွားလို့ရှိလျှင် ယခုဘဝကောင်းလို့ရှိလျှင် ယခုဘဝ နိဗ္ဗာန်ရဖို့ပါရမီ မပြည့်သေးလို့ရှိလျှင် ဒီသာသနာ့ရောက် နောက် ဘုရားသာသနာတော် တွေ့၊ နောက်မယ် မိမိဆုတောင်းသည့်အတိုင်း နောင်အခါ ဗောဓိ (၃)မျိုးတွင် တမျိုးမျိုးနှင့် နိဗ္ဗာန်ရောက်မှာဘဲ၊ နိဗ္ဗာန် တောင့်တလို့ သံသရာကျင်လည်တဲ့ အခါလဲ အပါယ်(၄)ဘုံမှ ကင်းလွတ်လို့ သုဂတိဘုံမှာ ကျင်လည်လို့ အထိုက်အလျောက် လောကီစည်းစိမ် ခံစားလို့ စံစားလို့ ကိုယ်စိတ်(၂)ပါး ချမ်းသာဖို့ ဒီလိုကျင့်ကြံနေကြတာဘဲ။

တရားနာကြရတာ ဒီဟာတွေ တောင့်တလို့ဘဲ၊ တရားဟောကြရတာ ဒီဟာတွေ တောင့်တလို့ဘဲ၊ ခု(၆)ရက်နေ့ သက်တော်ရှည်ပွဲ လုပ်ဆိုတာလဲ လိုရင်းပဓာနတော့ ဒီဟာတွေ တောင့်တလို့ဘဲ၊လူချမ်းသာ နတ်ချမ်းသာ အပြစ်ကင်းတဲ့ လောကီစည်းစိမ် နိဗ္ဗာန်မရသေးမီပေါ့လေ၊ လိုရင်းကတော့ နိဗ္ဗာန်လိုရင်းပါဘဲ၊ နိဗ္ဗာန်မရမီတော့ အပါယ်တော့ မကျချင်ဘူး၊ သုဂတိဘဝရောက်တဲ့အခါလဲဘဲ ကိုယ်စိတ်(၂)ပါး အေးအေးချမ်းချမ်းနှင့် နေချင်တယ်၊ ဒီလိုနိဗ္ဗာန် မြန်မြန် ချမ်းသာဖို့ နိဗ္ဗာန်မရောက်မီ သံသရာထဲ မဆင်းရဲရအောင် ဆိုပြီးတော့ ရတနာ (၃)ပါးနှင့်စပ်လို့ သူတော်ကောင်းတရား အားထုတ် ကြရတယ်၊ ကိုယ်တိုင်သိပြီး လိုက်ပြီးတော့နေတဲ့ ဓမ္မဟာလဲ အလွန်အဘိုး တန်ပါတယ်၊ ကိုယ်တိုင် ပါဝင်ပြီး ဆောင်ရွက်နေတဲ့ သာသနာဟာလဲ အလွန်အဘိုး တန်ပါတယ်၊ ယခု တရားနာနေကြတဲ့ သာသနာ့ကိစ္စ— ဓမ္မကိစ္စ ဘုရား အလိုတော်ကျ ဘဲလို့

ဝမ်းမြောက် ဝမ်းသာ သဒ္ဒါတရား ပွားများ စုဆောင်းပြီးတော့ နိဗ္ဗာန် မြန်မြန် ရောက်နိုင်အောင် သူတော်ကောင်းတရားကို ပွားများ အားထုတ် နိုင်ကြပါစေ ကုန်သတည်း။

(၁၃၂၆-ခုနှစ်)

—၀—

သာသနာစိတ် တရား

နှုတ်မြွက်ဟောကြားတော်မူသော တရားအမှတ် (၃၀)

စိရံ တိဋ္ဌတု သဒ္ဓမ္မော။

သဒ္ဓမ္မော– သူတော်ကောင်းတရား ဘုရားသာသနာတော်ကြီးသည်။ စိရံ- ကြာမြင့်စွာ။ တိဋ္ဌတု-တည်တော်မူပါစေသတည်း။

များသောအားဖြင့် ထိုထိုစာအုပ်ထဲမယ် မြင်ကြရ တွေ့ကြရတယ်။

သာသနဿ စ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။

ဘုရားရှင် သာသနာတော်ကြီးသည် တိုးတက် ပွားများပါစေသတည်း၊ ခုအခြေအနေထက်ပိုပြီး သာသနာတော်ကြီး ထွန်းလင်းတောက်ပ စည်ကား ပါစေသတည်းလို့ စသည်ဖြင့် လူသူတော်ကောင်းတွေ၊ ဟိုအထက်က နတ်ပြည် ၆-ထပ် ဗြဟ္မာ့ရပ်တွေမှာလဲ သာသနာ ကြည်ညိုတဲ့ နတ်ဗြဟ္မာတွေ ဒီလိုဘဲ ဆုတောင်းနေကြမှာထင်ရဲ၊ သာသနာတော်ရဲ့ ဂုဏ်ကျေးဇူးသိတဲ့ ပုဂ္ဂိုလ်တွေက သာသနာကြီး မဆုတ်ယုတ်စေလိုဘူး၊ တိုးပွားစေလိုတယ်၊ သာသနာတော်ကြီး ပျောက်ကွယ်မသွားစေလိုဘူး၊ သာသနာတော်ကြီး ကြာကြာကြီး နှစ်ပေါင်း များစွာ ရှည်ပြီး နေစေလိုတယ်။

ဉာဏ်ကြီးတဲ့ပုဂ္ဂိုလ် ဉာဏ်များများကြီးကျယ်တဲ့ ပုဂ္ဂိုလ်က သာသနာတော်ကြီး ပိုပြီး ရှည်ကြာစေလိုမှာဘဲ၊ သာသနာတော်ကြီး ဂုဏ်ရောင်ထွန်းပြောင် စေလို

မှာဘဲ၊ သာမည ပုဂ္ဂိုလ်ဆိုပါတော့၊ ယခု နောက်ပိုင်းကျတော့ ဟိုက ဒီက **“စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဇိနသာသနံ စိရံ တိဋ္ဌတု”** ဆိုပြီး သာသနာတည်ဖို့ဟာကို နှုတ်ပါးစပ်တိုင်းက ပြောဆိုပြီး တောင့်တနေကြတယ်။

ဘာ့ကြောင့် ဒီ သာသနာ တည်စေ့လိုကြသလဲ၊ တောင့်တကြသလဲ၊ ဒီ သာသနာ ဘာ့ကြောင့်လေးစားကြသလဲဆိုရင် စာပေကျမ်းဂန်သွားကြည့်မနေပါနဲ့၊ သူများပြောတာ နားထောင်မနေပါနဲ့၊ ကိုယ်ရရှိပြီးဖြစ်တဲ့ ဉာဏ်ကလေးနဲ့ တွေးပြီး ကြည့်စမ်းပါ၊ ကိုယ့်ဉာဏ်ကလေးနဲ့ တွေးကြည့်လိုက်ရင် သံသရာဝဋ်ချမြစ် ပြတ်ပြီးနေတဲ့ မရေမတွက်နိုင်တဲ့ ရဟန္တာတွေ၊ ရဟန္တာထေရီမတွေ၊ ပစ္စေက ဗုဒ္ဓါတွေ၊ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တွေ နိဗ္ဗာန်ရောက်ပြီး သွားကြတာ သာသနာ အမှီပြုပြီး ရောက်သွားကြတာဘဲ။

လူ့ဘုံကစပြီး နတ်ဘုံ ဗြဟ္မာ့ဘုံ တိုင်အောင် အသက်ထင်ရှား ရှိပြီးတော့ ကိုယ်လဲချမ်းသာတယ်၊ စိတ်လဲချမ်းသာတယ်၊ လူ့ဘုံမယ် ပျော်ရွှင်ပြီးနေလိုက် ကြတာ အတွေ့အမြင်ပေါ့၊ နတ်ပြည်ကျ ဒီထက်ပျော်ကြမှာပေါ့။ ဗြဟ္မာ့ပြည် ရောက်တော့ ဒီထက်ပိုပြီး ပျော်ကြမှာပေါ့၊ သူတော်ကောင်းတရားနဲ့ အများ ကြီးပျော်နေကြတာပေါ့၊ သူတို့ဘာ့ကြောင့် ပျော်နိုင်ကြသလဲဆိုရင် ဒီသာသနာ မှီရလို့ ပျော်နေနိုင်ကြတာ၊ အောက်ကိုကြည့်လိုက်ဦး ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်၊ အပါယ် လေးဘုံ၊ ကိုယ်မျက်မြင် ဖြစ်နေကြတဲ့ တိရစ္ဆာန်၊ ဘုရားဟောတော်မူထားလို့ သိရတဲ့ ပြိတ္တာတို့ အသုရကာယ်တို့ အစိစိရောက် အောင် ဘယ်လောက် ဆင်းရဲနေကြသလဲ၊ သာသနာ မမှီခိုရလို့၊ သာသနာကို မကြည်ညိုတတ်ကြလို့၊ သာသနာအပြစ်တင်ခဲ့ကြလို့၊ သာသနာ ဖျက်ဆီးခဲ့ကြလို့ အပါယ်လေးဘုံကျပြီး ဆင်းရဲနေကြတယ်။

ကိုယ့်ကိုယ်ကို ကိုယ်ဆုံးဖြတ်၊ ငါသာသနာ ကြည်ညိုရဲ့လား၊ ကြည်ညိုပါရဲ့၊ သာသနာကြည်ညိုလို့ရှိရင် လူဖြစ်မယ်၊ နတ်ဖြစ်မယ်၊ ဒီထက် ကြည်ညိုလို့ရှိရင် ဗြဟ္မာဖြစ်မယ်၊ ဒါထက်ပိုများသွားလို့ရှိရင် နိဗ္ဗာန်ရောက်မယ်၊ ငါသည် သာသ နာမကြည်ညိုဘူးဆိုရင် ဒီဘဝက သေလို့ရှိရင် ခွေးဖြစ်မယ်၊ ဝက်ဖြစ်မယ်၊ တိရစ္ဆာန်ဖြစ်မယ်၊ အပါယ်လေးဘုံကျသွားမယ်။

ဒါကြောင့် သာသနာရှိရင် သတ္တဝါတွေ ရှိသလောက် ကျေးဇူးများတယ်၊ သာသနာမရှိရင် သာသနာမကြည်ညိုတတ်ရင် သာသနာ မမှီခိုရင်သတ္တဝါတွေ သာသနာနဲ့ဝေးသမျှ ဆင်းရဲပြီးတော့ သွားကြတယ်၊ အဝေးကြီးလဲ သွားမတွေး

ကြနဲ့၊ ဒီဘဝတွင် လူလိမ္မာနဲ့လူမိုက် ၂ ယောက် နှိုင်းယှဉ်ကြည့်၊ လိမ္မာတဲ့သူက သာသနာ့အကျိုးခံစားရတယ်၊ မိုက်တဲ့သူက သာသနာ့အကျိုးကို မခံစားရဘူး စသည်ဖြင့် ကိုယ်ဉာဏ်ရှိသမျှ ဆင်ခြင် တွေးတောပြီးတော့ အားကိုးထိုက်တဲ့ သာသနာကြီးဘဲလို့.... သာသနာမရှိလို့ရှိရင် ဒီလိုပွဲကြီး ဘယ်လုပ်ရပါလိမ့်မလဲ၊ ရှိလဲရှိမှာ မဟုတ်ပါဘူး၊ လုပ်လဲ မလုပ်ချင်ပါဘူး၊ ခုလုပ်နေတာ မုန်းတဲ့သူက ဘယ်လောက်မုန်းနေမယ် မသိဘူး၊ သာသနာမကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေက ဘယ်လောက်ရွံနေမယ် မသိဘူး၊ မိစ္ဆာနတ်တွေက သာသနာဖျက်ချင်တဲ့စိတ်နဲ့ တချို့နေရာဖျက်တယ်လို့ ပျက်တယ်လို့ နတ်မိစ္ဆာတွေ ဖျက်လို့ သာသနာကိစ္စ မပြီးမြောက်ဘူးလို့ ကြားရတယ်၊ ဒီလိုဟာခတွေရှိတတ်တယ်။

ဒါကြောင့် ယခုပွဲဖြစ်ဖြစ် အခြားပွဲဖြစ်ဖြစ် သာသနာကို လက်မလွှတ်ဘဲ သတိထားပြီးတော့ သာသနာဟာ ငါ၏ ကိုးကွယ်ရာဘဲလို့ ကိုယ်စီ ကိုယ်စီ သာသနာကို ကိုးစားနိုင်ကြ ပါစေကုန်သတည်း။

(၁၃၂၆-ခု၊ သက်တော်ရှည်ပွဲ)

---

## သံဝေဂ တရားတော်။

### နှုတ်မြွက်ဟောတော်မူသောတရား အမှတ်(၃၁)

ဝါဆိုမယ် ဝါကပ်မယ် ဆိုလို့ရှိရင် ဒီဝါတွင်း ရဟန္တာ ဖြစ်စေရမယ်လို့ တရားအားထုတ်မယ်လို့ အချို့ အချို့ ပုဂ္ဂိုလ်များ တရားအားထုတ်ဖို့ကောင်းတဲ့ နေရာဌာန တောကျောင်းတွေ လိုက်ရှာကြရတယ်၊ အချို့တပါးထဲ တချို့နှစ်ပါး သုံးပါးစသည် တရားအားထုတ်ဖို့ ကောင်းတဲ့နေရာ ကျောင်းလိုက်ရှာပြီးတော့ ဒီဝါတွင်း ရဟန္တာဖြစ်အောင် အားထုတ်ကြတယ် ရှေးတုန်းက။

ယခုခေတ်လဲ ဒီလိုဟာ ရှိတဲ့နေရာ ရှိဦးမယ်လို့၊ အချို့ အချို့ သာသနာ နောက်ပိုင်းကျလာတော့ကို၊ ယခုချက်ချင်း ယခုဘဝမယ် ရဟန္တာဖြစ်ဖို့ ဆိုပြီးတော့ ဒီလိုပုဂ္ဂိုလ်ကနဲတယ်၊ သာသနာကိုကြည်ညိုတော့ ကြည်ညိုကြရဲ့ ကြည်ညိုပေမယ်လို့ ယခုဘဝ ရဟန္တာဖြစ်အောင်ဆိုတဲ့ ဒီထိအောင် သဒ္ဓါတရားရောက်တဲ့ ပုဂ္ဂိုလ်ကနဲတယ်။

သာသနာ ကြည်ညိုသဖြင့် ဘုရားဟောတော်မူတဲ့ တရားတွေ သိရအောင် ပရိယတ္တိ သာသနာဘက်က အားထုတ်တဲ့ ပုဂ္ဂိုလ်တွေများတယ်၊ ဒါလဲကောင်း တာပါဘဲ။

ဒီဝါတွင်းမယ်၊ ဘယ်စာ ရအောင် အားထုတ်မယ်၊ ဝိနည်းဘက်က တတ် မြောက်အောင် အားထုတ်မယ်၊ အဘိဓမ္မာဘက်က တတ်အောင် အားထုတ်မယ်၊ ဒီလိုစသဖြင့် စိတ်ကူးပြီးတော့ ဝါတွင်း တရားအားထုတ်ဖို့ စာပေ ကျမ်းဂန် တတ်မြောက်အောင် သင်ကြားဖို့၊ ဒီလို စိတ်မျိုးနဲ့ ဝါဆိုကြရ၊ ဝါကပ်ကြရ၊ အကောင်းဆုံးကတော့ကို၊ ယခုဘဝမယ် နိဗ္ဗာန်ရအောင် တရားအားထုတ်မယ် လို့၊ ဒီလိုစိတ်ဓာတ်မျိုးနဲ့ ရဟန်းတရား အားထုတ်ဖို့၊ ရဟန်းတရား အားထုတ်ဖို့ ကောင်းတဲ့ နေရာရှာဖို့၊ ဒါကတော့ အကောင်းဆုံးပေါ့၊ သို့သော် အောက် တန်း အောက်ထစ် အောက်ဆုံးတန်းက စာသင်ဖို့ ရှင်ပြုကြ၊ ဝါဆိုဥုးရဟန်း ခံကြ၊ ထိုထိုမြို့ရွာ ထိုက်သည် အားလျော်စွာ စာသင်ကြ ဝါပ ထက်တော့ ပိုပြီးတော့ အားထုတ်ကြတယ်။

သို့သော် စာသင်ရုံနဲ့တော့ လမ်းမဆုံးသေးဘူး၊ ရဟန္တာဖြစ်လို့ နိဗ္ဗာန်ရမှ လမ်းဆုံးမယ်လို့ ဒီလိုသဒ္ဒါတရားက ယခုမရှိသေးသော်လဲ အကြောင်း သင့်တဲ့ အခါ ရဟန်းတရား အားထုတ်ဖို့ သင့်တယ်၊ ကမ္မဋ္ဌာန်း စီးဖြန်းလို့ ဒီလို စိတ်ဓာတ် မျိုးနဲ့ စာသင်သွားကြမယ် ဆိုရင်၊ နောက်ပိုင်း ကျလာတော့ကို ကိုယ်စီကိုယ်စီ ကလဲ သဒ္ဓါတရားနဲ့လာကြတယ်၊ ပြောဟော ပြသမယ့် ပုဂ္ဂိုလ်ကလဲမရှိ၊ ဘုရား ရှင်ကလဲ သက်တော် ထင်ရှား မရှိတော့၊ ရဟန္တာကြီးတွေကလဲမရှိ၊ ပုထုဇဉ်တွေ ကလဲဘဲ ရဟန္တာကဲ့သို့ သီလ, သမာဓိ, ပညာ, ရဟန္တာရောင်ပြေးနေတဲ့ ဆရာ တော်ကြီးတွေကလဲ ခုကာလ မရှိ၊ အမှန်အတိုင်းပြောရမယ် ဆိုလို့ရှိရင် ရှေးရှေး ရဟန်းတော်များလို ဆရာတော်ကြီးများလို ကိုးကွယ်ရာ အားထားရာ ကိုးစား ရာ ယခု ခေတ်မယ် ရှားပြီး နေကြတော့တယ်၊ နဲပြီးနေကြတယ်၊ ဘုရားရှင် လက်ထက်ကတော့–

**အနာထာနဥ္စ ယော နာထော၊ ဘယာနံ အဘယံ ကရော။**
**ကဉ္စ ဗဟူနံ ဆေတာ၊ သုခေတာ စက္ကဝတ္တကော။**

(ဒီဂါထာက ဒီပဲရင်းဆရာတော်ကြီး စီကုံးတဲ့ဂါထာ)

စက္ကဝတ္တကော–စကြာရတနာကို လည်စေတော်မူတတ်သော။ယောဘဂဝါ– အကြင်မြတ်စွာဘုရားသည်။ အနာထာနံ–ကိုးကွယ်ရာ အားထားရာ ကိုးစားရာ မရှိကုန်သော သတ္တဝါတို့၏။ နာထော–ကိုးစားရာဖြစ်၏။

ကလေးသူငယ်လေးများ အမေ အဖေ အားကိုးတာလို၊ များသောအားဖြင့် အမေ အားကိုးတာလို ကြောက်စရာရှိလဲ အမေ့ဆီပြေး၊ ကြောက်စရာရှိ အမေ့ လှမ်းခေါ်လိုက်တာဘဲ၊ အော်လိုက်တာဘဲ၊ အမေ သိတ်အားကိုးတယ်၊ အဖေ သိတ်အားကိုးတယ်၊လူ့,နတ်,ဗြဟ္မာ,သတ္တဝါတွေလဲ အဟုတ်အားကိုးရာ ရှာလိုက် မယ်ဆိုရင် ဘုရားဘဲ၊ ဘုရားမှတပါး အားကိုးစရာ မရှိဘူး၊ “ ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ” ဆိုတာကိုး၊ ဒါကို ဆိုတာဘဲ။

အနာထာနဉ္စ ယော နာထော၊ ယော ဘဂဝါ- အကြင် မြတ်စွာဘုရား သည်။ အနာထာနံ-အားကိုးရာ အားထားရာ မရှိကြကုန်သော သတ္တဝါတို့၏။ နာထော-အားကိုးရာ အားထားစရာဖြစ်၏။ ဘယာနံ- ဘေးရောက်နေကြသော သတ္တဝါတို့ကို။ အဘယံကရော-ဘေးမရောက်အောင် ပြုတတ်၏။ ဗဟူနံ- များ စွာကုန်သော သတ္တဝါတို့၏။ ကင်္ခဉ္စ- ယုံမှားခြင်းကိုလည်း။ ဆေတာ- ပယ် ဖျောက်တတ်၏။ သုခိတော- ကိုယ်တော်မြတ်က ချမ်းသာတော်မူသည် ဖြစ်၍။ သုခေတာ-သတ္တဝါတို့ကိုလည်း ချမ်းသာစေတော်မူနိုင်၏။

ဘုရားရှင် လက်ထက်ကတော့ ဘုရားရှင် အားကိုးလို့ ရဟန္တာကြီးတွေ အား ကိုးလို့ အားကိုးစရာတွေ သိတ်များ၊ ယခုခေတ်မှာတော့ ရှေးကလောက်မရှိဘူး၊ သို့သော် သာသနာတော်ကြီး အလုံးစုံ ကွယ်ပျောက်သွားရင် ဒါထက်ပိုပြီးဆိုး မယ်၊ ယခုဆို သိတ်မဆိုးကြသေးပါဘူး၊ ယခုဆိုရင် သက်တော်ထင်ရှား ဘုရား ရှိသလို မထူးပါဘူး၊ အားကိုးစရာတွေ ပေါပါသေးရဲ့၊ ဘုရားရှင်ကိုယ်တော်မြတ် သတ္တဝါတွေရဲ့ အားကိုးစရာ ဖြစ်ပုံဘေးသင့်နေတဲ့ သတ္တဝါတွေ ဘေးမရောက် အောင်ပြုပုံ သက်တော်ထင်ရှား ဘုရားရှင်လက်ထက်က ဝတ္ထုတခုဖြစ်တယ်။

ဇေတဝန်ကျောင်းတော်အနီး ဥယျာဉ်ကြီးတခု ရှိတယ်တဲ့၊ ဥယျာဉ်ဟောင်း ကြီး ဥယျာဉ်အိုကြီး တခုရှိတယ်တဲ့၊ တခြားဥယျာဉ်များ သာဝတ္ထိပြည်မှာ ဥယျာဉ်အများကြီး ရှိပုံပေါ်တယ်၊ ဇေတဝန်ဆိုတာလဲ ဇေတမင်းသား ဥယျာဉ် ကျောင်းဆောက်တာနဲ့ ဇေတဝန်ခေါ်ရတာဘဲ၊ ဘုရားရှင် ပွင့်တော်မူတော့ ကျောင်းဖြစ်၊ နဂိုကတော့ ဥယျာဉ်ကြီးဘဲ၊ ဒီလို ဥယျာဉ်တွေ အများကြီးရှိပုံ ပေါ်ရဲ့၊ ဥယျာဉ်တခုကတော့ အပြုအပြင်နဲ့လို့ ပိုင်ရှင်များက အကြောင်းမသင့် လို့ မပြုပြင်နိုင်ဘူးတဲ့၊ ဥယျာဉ် ဟောင်း ကြီး ဥယျာဉ်အိုကြီး ဖြစ်နေတယ်၊ မပြုပြင်တော့ကို လူသူလေးပါး အရောက်အပေါက် နဲ့လို့ နေ့အခါ ပေတယ်လို့

ဆိတ်ငြိမ်ပြီးနေတော့ ထိုဥယျာဉ်ထဲ သစ်ပင်အိုကြီးအနီးမှာ ရဟန်းတော်တပါး နေရာထိုင်တထည်ခင်းပြီးတော့ ရဟန်းတရား အားထုတ်နေတယ်၊ ထိုရဟန်းရှေ့ မလှမ်းမကမ်းမှာ **နဂရသောဘိနီ**– ဆိုတဲ့ မိန်းမပေါ် ဝတ်ကောင်း စားလှနဲ့ မိန်းမ တယောက်ကလဲ ရှိတယ်၊ ရဟန်းနဲ့ မလှမ်းမကမ်း ထိုမိန်းမက။

ရဟန်းတော်ကတော့ ဥယျာဉ်ထဲ လာပြီးတော့ ရဟန်းတရား အားထုတ်ဖို့၊ ရဟန်းတရား အားထုတ်လို့ ကမ္မဋ္ဌာန်းတရား စီးဖြန်းနေတယ်၊ ဒီမိန်းမကတော့ မိမိနဲ့ ခင်မင်တဲ့ယောကျ်ားများနှင့် တိုင်ပင်ပြီးတော့ ယောကျ်ားများနဲ့ ချိန်းချက်ပြီးတော့ သူက အရင်ရောက်၊ သူနဲ့ အချိန်းအချက် ဖြစ်တဲ့ ယောကျ်ားက မရောက်လာတော့ ဟိုနေရာ တွေ့နိုးနိုး၊ ဒီနေရာ တွေ့နိုးနိုး သူနဲ့ အချိန်းအချက် ပြုထားတဲ့ ယောကျ်ားကို လိုက်ရှာရင်း ဥယျာဉ်အိုကြီးဆိုတော့ အဝေးက မြင်ပုံမရပါဘူး၊ ရဟန်းတော် ကမ္မဋ္ဌာန်းစီးဖြန်းနေတဲ့အနား ဖြုံးကနဲ ရောက်သွားမှ မြင်တယ်၊သူတို့ မိန်းမဆိုတာ များသောအားဖြင့် သူတို့အလိုလိုက်အောင် လူယောကျ်ားကိုလဲ ဖြားယောင်းတာပဲ၊ ရဟန်းယောကျ်ားကိုလဲ ဖြားယောင်းတာဘဲ၊ ထိုရဟန်းကို သူ့အလိုပါအောင် ထိုမိန်းမက ဖြားယောင်း သွေးဆောင်တယ်၊ တရားဖြင့် စက္ခုဖြေချပြီးတော့ ရဟန်းတရားအားထုတ်တဲ့၊ ငုံ့ပြီး တရားအားထုတ်နေတဲ့ ရဟန်းမြင်အောင် သူကအသံပေးတယ်၊ နောက်ပြီးတော့ ပြုံးရွှင်ရယ်မော သူ့အလိုလိုက်အောင် ရဟန်းကို ဖြားယောင်းတယ်၊ သို့သော် ထိုကိုယ်ဝတ်မြတ်က နဂိုကဘဲ အသုဘကမ္မဋ္ဌာန်း စီးဖြန်းပြီးနေတဲ့ ပုဂ္ဂိုလ်နဲ့ တူပါရဲ့၊ သူ့အလိုကို မလိုက်တဲ့အပြင် တရားသံဝေဂ ဖြစ်တယ်၊ **“တရား အားထုတ်ပြီး နေပါတယ်၊ ဘယ့်နှယ်မိန်းမနဲ့ လာတွေ့နေရပါသလဲ”**လို့ ကြောက်ရွံ့ပြီး ရန်သူကြီးလို မှတ်ပြီးတော့ သံဝေဂ ဖြစ်တယ်။

ထိုအခါမယ် ဟိုကြည့်ဒီကြည့်၊ ရဟန်းကလဲ ဘေးလွတ်အောင် ကြံရင်း ဟိုကြည့်ဒီကြည့်၊ မိန်းမကလဲ လူသူလေးပါး မလာရင် ဒီရဟန်း ဖျက်ဆီးမယ်လို့ ဟိုကြည့်ဒီကြည့်၊ လူသူမရှိရင် ပျက်အောင် ဖျက်မယ်၊ ဒီလို ကြည့်နေတုန်း အထက်က ခတ်မီးလုံးကြီးများ ထွန်းလိုက်သလို၊ မြေကြီးမှာ လင်းထိန်ပြီးတော့ ဝင်းကနဲ နှစ်ယောက်စလုံးက မြင်ရတယ်၊ ဘယ်လို အရောင် ပါလိမ့်မလဲလို့ ကြည့်နေတုန်း အရောင်ရှောက်ပြီးကြည့်တော့ ဇေတဝန်ကျောင်းတော် ဂန္ဓကုဋိ ဘိုက်တော်ထဲက ဘုရားရှင် သီတင်းသုံးပြီးတော့ နေတာကို မြင်ရတယ်၊ မြင်ရုံတွင် မကဘူး၊ ဘုရားရှင်က....

"ရမဏီယာနိ အရညာနိ၊ ယတ္ထ န ရမတီ ဇနော၊
ဝီတရာဂါ ရမိဿန္တိ၊ န တေ ကာမ ဂဝေသိနော။

လို့ ဒီဂါထာကို ဘုရားရှင်က ဇေတဝန် ကျောင်းတော်က နေပြီး ရွတ်တာ ရဟန်းလဲကြား၊ထိုမာတုဂါမ သူလဲကြားမှာပါဘဲ၊ထိုမာတုဂါမမှာတော့ ဘာမှ အသုံးမကျဘူး၊ ရဟန်းတော်မှာတော့ ထိုစကား ကြားလိုက်တော့ တခြားဘာမှ သတိမရတော့ဘူး၊ ဘုရားရှင်ကြည်ညို တရားသဘော ဆင်ခြင်ပြီးတော့ ဆဠာသိည ရဟန္တာဖြစ်၊ ကောင်းကင်က ပျံပြီးတော့ ဇေတဝန်ကျောင်းတော်ကြွသွားတယ်တဲ့၊ ဒကာမတော့ သူ့ဖာသာ ကျန်နေရစ်တယ်။

အရညာနိ- တောတို့သည်။ ရမဏီယာနိ သူတော်ကောင်းရဟန်းများ၏ မွေ့လျော်ရာဖြစ်ကုန်၏။ ဇနော-ပုထုဇဉ်သတ္တဝါသည်။ န ရမတိ-မမွေ့လျော်။ ဝီတရာဂါ-ရာဂကင်းကုန်သော ရဟန္တာပုဂ္ဂိုလ်တို့သည်။ ရမိဿန္တိ- မွေ့လျော်ကြကုန်၏။ ဟိ-မှန်၏။ တေ-ထိုရဟန္တာပုဂ္ဂိုလ်တို့သည်။ န ကာမ ဂဝေသိနော- ကာမဂုဏ်ကို မရှာမှီးကြကုန်။

ရဟန္တာတွေ ဖြစ်တော့ကို ကာမဂုဏ်ကို ဘေးရန် သဘောထားပြီးတော့ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတွေကို မရရအောင် ရှာလိုတဲ့စိတ် မရှိတော့ဘူး၊ လောဘ ကင်းကုန်တယ်၊ တဏှာရာဂ ကင်းကုန်တယ်၊ ဒီလိုဟာတွေတော့ ရဟန္တာများ မရှာမှီးကြဘူး။

အဲဒီသစ်ပင်ရင်းမယ် တရားအားထုတ်နေတဲ့ရဟန်းတော်ဟာ ဘုရားရှင်သာ မရှိရင် သူက ပုထုဇဉ်သာ ရှိသေးတာကိုး၊ ဒကာမအလိုပါပြီး ဘေးတွေ့ချင် တွေ့သွားမယ်၊ "အနာထာနဋ္ဌ ယော နာထော၊ အနာထာနံ- ကိုးစားရာမရှိကုန်သော ထိုရဟန်းကဲ့သို့သော သတ္တဝါတို့၏။ နာထော-ကိုးကွယ်အားထားရာ ဖြစ်၏" ဘုရားရှင်ဟာ ထိုရဟန်းအတွက် နဲနဲကိုးကွယ်ရာ မဟုတ်ဘူး၊ သံသရာဘေးက လွတ်ပြီးတော့ နောက်ကို သံသရာမယ်၊ သတ္တဝါ တယောက်မဖြစ်တော့ဘူး၊ ရဟန္တာကြီး ဖြစ်ပြီးတော့ ပရိနိဗ္ဗာန်ပြုသွားတယ်၊ ဘေးကင်းပြီးသွားတယ်။

အဲဒီလို ဘုရားရှင် လက်ထက်လိုဘဲ ဒီလိုသံသရာကို ငြီးငွေ့လို့ နိဗ္ဗာန်ကို လိုချင်တဲ့သူဖြစ်လို့ရှိရင် တောကျောင်းမှာနေပြီးတော့ ရဟန်းတရား အားထုတ်သင့်တယ်၊ ရဟန်းတရားဆိုတာ သီလ, သမာဓိ, ပညာပါဘဲ၊ ရဟန်းတရား အားထုတ်လို့ရှိရင် ယခုဘဝတွင်ဘဲ နိဗ္ဗာန်ရချင် ရသွားမယ်၊ နိဗ္ဗာန်မရဘူး

ဆိုရင် နိဗ္ဗာန်ရောက်ကြောင်း ပါရမီတွေရင့်သန်လို့ နောင် ဒုတိယဘဝ, တတိယဘဝ, ယခုဘုရားရှင် သာသနာထဲမှာဘဲ ဒီလိုနိဗ္ဗာန် ရသွားချင် ရသွားမယ်၊ ပကတိ သာဝကဆိုရင် ဘဝများများကြီး ပါရမီဖြည့်ကျင့်ရမယ်၊ နဲနဲလေး ပါရမီဖြည့်ပြီး ဘဝတိုတိုနဲ့ နိဗ္ဗာန်ရနိုင်တယ်။

နိဗ္ဗာန်မရသေးလို့ရှိရင် လူဖြစ်ပြန်လဲ လူ့ဘုံဘေးနဲ့၊ နတ်,ဗြဟ္မာ ဖြစ်ပြန်ရင်လဲ နတ်,ဗြဟ္မာဘုံဘေးနဲ့၊ အပါယ်ဘုံတော့ ပြောစရာမရှိဘူး၊ လူတွေလဲဘေးနဲ့၊ ရဟန်းသာမဏေတွေလဲဘေးနဲ့၊ အမြဲကပ်နေတဲ့ အခြားဘေးတွေထား၊အမြဲကပ်နေတဲ့ လောဘ, ဒေါသ, မောဟ၊ ဒါတွေ ကိုယ့်သန္တာန်မှာ ဖြစ်နေရင်ဘေးဘဲ၊ သူက သတ္တဝါကို ညှဉ်းဆဲမယ့်အပါယ်ကျအောင်၊ အဝီစိကျအောင် ညှဉ်းဆဲမယ့် ဘေးဟာ တခြားမဟုတ်ဘူး။ ကိုယ့်သန္တာန်မှာဖြစ်တဲ့ လောဘဘေး, ဒေါသဘေး, မောဟဘေး၊ ကိုယ့်စိတ်ထဲနေတာဘဲ၊ ဒီဘေးကို ကိုယ့်ဖြစ်လို့ ကိုယ်လဲ မရှောင်ကွင်းနိုင်ဘူး၊ မရှောင်ကွင်းနိုင်တဲ့အပြင် ဒီဘေးကို ကိုယ်တိုင် လိုက်ရှာပြီး နေကြတယ်၊ ဘေး ဘေးမှန်းမသိဘဲနဲ့။

ဟို ရှေးတုန်းကဆိုပါတော့၊ ခပ်ငယ်ငယ်က ကြားဘူးတာ၊ သတင်းစာတွေ ဘာတွေပေါ်မှပါဘဲ၊ သတင်းစာထဲ တွေ့ဘူးတယ်ထင်ပါရဲ့၊ မန္တလေးလာပြီး စာသင်ကြ၊ စာသင်သားတွေ အောက်ကရော အထက်ကရော၊ အရပ်ထက်ဝန်းကျင်ကပေါ့လေ၊ အောက်ပြေက် ရဟန်းလေးတပါး မန္တလေး လာပြီး စာသင်နေတယ်တဲ့၊ စာသင်လို့ သီတင်းကျွတ်လား ဝါဆိုဉူးလား မသိပါဘူး၊ ကိုယ့်အရပ်ပြန်မယ်လို့ မီးရထားနဲ့ မီးရထားရုံရောက်၊ သူ့ဆွမ်းခံအိမ်ကလိုက်ပို့ကြ၊ ဆွမ်းလောင်းတဲ့ များသောအားဖြင့် ဒကာမတွေက လိုက်ပို့ကြတယ်၊ ဆွမ်းလောင်းတဲ့ အိမ်က ဒကာမကြီးလဲပါရဲ့၊ သမီးလေးတွေကလဲ ပါရဲ့၊ မီး ရ ထား လိုက် ပို့ မီးရထားပေါ် ရောက်၊ ဉူးဇင်းကို မီး ရ ထားနား ကျအောင် လိုက်ပို့ ကြ တယ်၊ ဉူးဇင်းက မီးရထားပေါ်က၊ ဆွမ်းဒကာမတွေက မီးရထားအောက်က၊ စကား တပြောပြောနဲ့၊ မီးရထားက ထွက်ပြီးသွားလို့ ရိပ်ရိပ် ရိပ်ရိပ်၊ အစတော့ ရိပ်ရိပ် ရိပ်ရိပ်နဲ့ တဖြေးဖြေးသွားပြီးတော့ သူ့လိုက်ပို့တဲ့ ဒကာမ ၄-၅ ယောက်ထဲက ဆွမ်းခံအိမ်က အမျိုးသမီးငယ်တယောက် ခပ်ဖြေးဖြေးလေး လိုက်ပြီး၊ ဉူးဇင်း ဉူးဇင်းနဲ့ ခေါ်သတဲ့၊ ဉူးဇင်းက ကြည့်လိုက်တော့ ဉူးဇင်းကတော့ ဘာမှ မပြောဘူး၊ ကလေးမလေးက ဘာတဲ့ .မေ့တောင်နေပါပြီ၊ ပြောမယ်ကျမှ သူပြောမယ့် စကားလေး မေ့နေတယ်၊ "ဆွဲမြည့ာ" တဲ့၊ ကလေးမလေးက ဉူးဇင်းဉူးဇင်းတဲ့၊ ဉူးဇင်းက ပြန်ပြီး ကြည့်လိုက်တော့ " ဆွဲမြည့ာ ဘုရား

ဆွဲပြည့ာ "တဲ့၊ ဒါနဲ့ ရထားက မြန်မြန်ထွက်သွားတော့ နောက်ပြောတဲ့ဟာတွေ တော့ မကြားတော့ဘူးတဲ့–

ဆွဲမြည့ာ ဘုရာ့ ဆွဲမြည့ာ လောက်ဘဲ မှတ်မိတယ်၊ ဒီဥုးဇင်းက အောက် ပြန်ပြီး အညာပြန်မလာတော့ဘူး၊ ဝါကိုဥုးနဲ့ တူပါရဲ့ အောက် ဝါဆိုတယ်၊ စကားစပ်မိစပ်ရာ ဟိုပြော ဒီပြော မန္တလေး အကြောင်း ပြောကြတော့ မန္တလေးက ပြန်လာတော့ မီးရထားရုံမှာ ဖြစ်ပုံပြော၊ ဒီ ဆွဲမြည့ာ ဆိုတာ ဘာဆိုကာမှန်းမသိပါဘူး ကိုယ်တော်၊ ဒီ ကလေးမလေးက စသည် ဥုးဇင်းချင်း ပြောကြတော့ကို သဖြန်ဆိုလား သီချင်းဆိုလား ရှိတယ်နဲ့တူပါတယ်။

"ဆွဲပြည့ာ, ခွဲရမှာ တမေ လွမ်းပါရဲ့,
နေကျွမ်း ရွှေပဒုံသို့, ရင်အုံမှာနွေး "ဆိုလား–

လောက ဖြစ်တတ်တာပြောရတယ်၊ ကောင်းတော့ မကောင်းပါဘူး၊သံဝေဂ ယူဖို့ပါဘဲ၊ ကလေးဆိုတော့ ကလေးစကား ပြောတာပေါ့၊ လိုရင်းတော့ကို ကလေးမလေးက ဥုးဇင်းနဲ့ ခွဲရတော့မှာဘဲ၊ လွမ်းပါတယ်လို့ ဆိုလိုက်တာဘဲ၊ သီချင်းရှိလို့ ဒီသီချင်းအစ ဆိုလိုက်တာ၊ တခြားကျတော့ သီချင်းအဓိပ္ပါယ် ဥုးဇင်းကသိတော့ သူကပြန်ပြီးတော့ သွားပြန်တယ်၊ လွမ်းတော့ အောက်အရပ် မနေနိုင်ဘူး။ မန္တလေး ပြန်လာတယ်၊ တိုတို ပြောရရင် နောက်ဆုံးကျတော့ လင်မယားနှစ်ယောက် ဈေးထဲဈေးရောင်းနေရ တယ်တဲ့။

ကိုးကွယ်ရာ မဲ့ ဖြစ်လို့ ပျက်စီးရတာ၊ အားကိုးစရာ သူ့မယ် ဘာမှမရှိဘူး၊ သူ့ကို တရားဟောမယ့် ဆရာသမားတွေလဲ မတွေ့ရ၊ ဘုရားရှင်လဲ မတွေ့ရဘူး၊ သတိပေးမယ့် မိတ်ဆွေကောင်းနဲ့ မတွေ့ရတော့ ပျက်စီးပြီးတော့ သွားတယ်၊ ခုနင်က ဥယျာဉ်ဟောင်းကြီးထဲ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တော့ သိတ်ကောင်း တာ၊ ဘုရားရှင်က ရောင်ခြည်တော်တွေ လွှတ်ပြီးတော့ တောအရပ်ကြီးဟာ မွေ့လျော်ဘွယ် ကောင်းတယ်၊ တရားအားထုတ်ဖို့ရာ ကောင်းတယ်၊ ရာဂ မကင်း တဲ့ ပုထုဇဉ်တွေတော့ မမွေ့လျော်ကြဘူး၊ "ဝီတရာဂါ ရမိဿန္တိ" ရဟန္တာမှ တောအရပ် ပျော်နိုင်တယ်။

ဣဋ္ဌာရုံ ကင်းတဲ့အရပ် ပုထုဇဉ်တွေက မုန်းတယ်၊ ဣဋ္ဌာရုံ ပေါ တဲ့ အရပ် ပုထုဇဉ်တွေ ပျော်တယ်၊ သူတော်ကောင်းတွေကတော့ကို ဣဋ္ဌာရုံကင်းလေ

ပျော်လေ၊ ဣဋ္ဌာရုံရှိတဲ့ အရပ်ကိုလဲ ဣဋ္ဌာရုံလို့ သူတို့ မထင်မှတ်ပါဘူး၊ ရုပ်ရယ် နာမ်ရယ်လို့၊ ရုပ်ကို ရုပ်မှန်းမသိ၊အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောကို မလွန်နိုင်တဲ့ ရုပ်တရား၊ အနိစ္စသဘော, ဒုက္ခ သဘော, အနတ္တသဘောကို မလွန်နိုင်တဲ့ နာမ်တရား ဘာမှ နှစ်သက်စရာ မရှိဘူး၊ ဘာမှ သူ့ ခင်မင်စရာ မရှိဘူး၊ ဒီလိုလဲ နှလုံးသွင်းနိုင်တာဘဲ။

ဒါကြောင့် သာသနာတော်ကြီး ဘုရားသာသနာတော်ကြီး ထင်ရှား ရှိနေလို့ ဘုရားရှင် ပရိနိဗ္ဗာန် ပြုသွားပေတယ်လို့ တရားတော်တွေ ရှိလို့ သက်တော်ထင်ရှားရှိတဲ့ ဘုရားတရားတော်တွေ အားကိုးပြီး နေလို့ရှိရင် သက်တော် ထင်ရှား ဖြစ်တဲ့ ဘုရားရှင်ဆိုရင် မထူးပါဘူး၊ ဘုရားစကား ယုံကြည်မယ်ဆိုလို့ရှိရင် ယခုလဲ အားထားစရာ ရှိတာပါဘဲ၊ ယခုထက်တိုင် ဘုရား စကားတော်တွေ မကွယ်ပျောက်တော့ကို တရားကျင့်ပြီးတော့ သူတော်ကောင်းကြီးမတွေပေါ့။

ဝိသုဒ္ဓါရုံ ဆရာတော်များ ဆိုရင် တနေ့က ဦးပဝရ ဆိုတာ ပြောသွားသေး ငယ်ငယ်တုန်းက မသိဘူး၊ ဆရာတော်ကြီးပြောတဲ့ စကားလုံးတွေ ရဟန္တာသံတွေ၊ ရဟန္တာစကားတွေ အများကြီး ကြားရတယ်၊ ယခုမှ တွေးပြီးကြည့်သို့၊ အဲလေ အနာဂါမ်တို့၊ အနာဂါမ် ပြောတဲ့ စကားတွေ အများကြီး ပါတယ်၊ ၊ဝိသုဒ္ဓါရုံ ဆရာတော်ကြီး ပြောတဲ့ စကားတွေ အနာဂါမ်သံတွေ အများကြီး ပါတယ်၊ အနာဂါမ်လို့တော့ ဝန်ခံ မပြောပါဘူး၊ပြောတဲ့ စကားလုံးတွေ အနာဂါမ်တွေ အရိယာတွေ ပြောတဲ့ စကားလုံးတွေ အများကြီး တွေ့ရတယ်၊ အရိယာ မဟုတ်သေးသော်လဲ အရိယာကဲ့သို့ သီလကောင်း, သမာဓိကောင်း, ပညာကောင်း, သတိကောင်းတယ်၊ အရိယာ ဖြစ်ချင် ဖြစ်နေမှာ၊ ငါ အရိယာဘဲလို့ မပြော စကောင်းလို့သာ မပြောဘဲနဲ့သာ ပျံလွန်တော်မူသွားပြီး အရိယာကဲ့သို့ သမာဓိ ရှိတဲ့ပုဂ္ဂိုလ် ဒီဆရာတော်ကြီး ဆုံးမဩဝါဒ တည်ပြီးနေတော့ ဒီ ဝိသုဒ္ဓါရုံတိုက် အထိုက်အလျောက် ယခုရှိတဲ့ စာချပုဂ္ဂိုလ်တွေ ဓမ္မကထိကတွေ ဘာတွေဆိုလဲဘဲ သူတို့စကားတွေက ဝိသုဒ္ဓါရုံဆရာတော်ကြီး စကားတွေ စကားလုံးတွေ ပြော နေတာ အများကြီး၊ လိုရင်းတော့ ဘုရားစကားပြောတော့ ဘုရားရှင် အတူတူ အတိုင်းပါဘဲ၊ နားလည်တဲ့သူက ဘုရားရှင် ဟောတာ နားမလည်သေးတော့ ဘုရားစကားမှန်းမသိကြတာ။

ဘုရားရှင် ဟောတော်မူတဲ့အတိုင်း ဉာန်ကို ချဲ့ထွင်ပြီးတော့ ဘုရား စကားတွေ နေ့တိုင်း ကြားနေကြရ၊ ဘုရား စကားတွေ နေ့တိုင်း သင်နေကြရတယ်၊ ဘုရားဟောတဲ့ တရားတွေ နေ့တိုင်း နာပြီး နေကြရတယ်၊ ဒီတော့ကို ဘုရား

စကား နားထောင်လို့ရှိရင် ဒို့ဘုရားကိုယ်တော်မြတ်ကြီးဟာငါ၏ ကိုးစားရာဘဲလို့ ဘေးမကင်းတဲ့ငါ၏ ဘေးကင်းအောင် ပြုနိုင်လို့ ဆရာကောင်းကြီးဘဲလို့ ဘုရားရှင် ယုံကြည်လို့ ဘုရားရှင်မှ ဆက်သွယ်ပြီးလာတဲ့ အာစရိယပရမ္ပရ ဆရာသမားတို့၏ စကားကို ယုံကြည်လို့ ကိုယ်စိကိုယ်စိ အားကိုးရာ ရှိကြတယ်လို့ စိတ်ယဲက အား ထားပြီးတော့ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားကို တဝါတွင်းလုံး ကိုယ်စိကိုယ်စိ အားထုတ်နိုင်ကြပါစေကုန်သတည်း။

၁၃၃၁-ခု ဒုတိယ ဝါဆိုလဆန်း ၁၄-ရက်

(ဝါဆို၍) လပြည့် အဘိတ်ည၌။

—၀—

## သူတော်ကောင်းတရားတော်

### နှုတ်မြွက်ဟောတော်မူသော တရားအမှတ်(၃၂)

ဝါတွင်းသုံးလ အဘိတ်နေ့တိုင်း မြောင်းမြဆရာတော် ရှိတုန်းကတော့ ဒို့ဝင် မပြောဘူး။ ပြောဖို့ တာဝန်လဲ ယူမထားဘူး။ ခုတော့ မြောင်းမြ ဆရာတော် မရှိတော့ လပြည့် အဘိတ်နေ့ ကိုယ့်အလှည့် ကျနေတယ်။ များများလဲ မပြော နိုင်ဘူး။ သူများကို ပြောပါဆိုတော့လဲ တယ် မပြောချင်ကြဘူး။ ကနေ့ ဒီ နေရာ ဝင်ပြီးတော့ နဲနဲဘဲ ပြောမယ်။

သံသရာသမား နိဗ္ဗာန် မရောက်သေးလို့ သံသရာမှာ ကျင်လည်ပြီးတော့ လူ ဖြစ်လိုက် နတ်ဖြစ်လိုက် ပြဟ္မာ ဖြစ်လိုက်၊ တခါတရံ အပါယ်လေးဘုံကျလိုက်၊ ဘဝပေါင်း မရေတွက်နိုင်လောက်အောင် သံသရာ ကျင်လည်ပြီးတော့၊ နောက် ဆုံးနိဗ္ဗာန် ရမှ သံသရာက လွတ်လို့ ဝဋ်ဘဝ ငြိမ်းသွားတယ်၊ နိဗ္ဗာန်မရသေးလို့ ရှိရင် ပြဟ္မာကြီး ဖြစ်နေပေမယ့် သံသရာခရီးသွား မကောင်းသေးဘူး၊ ဒီနောက်

လူတို့, နတ်တို့ ဖြစ်နေလဲ့ မကောင်းသေးဘူး၊ အပါယ်လေးဘုံ ရောက်သွားရင် သာ မကောင်းသေး၊ သံသရာသမားဆိုရင် ဘဝတိုင်း ဘဝတိုင်း ဇာတိဒုက္ခနဲ့ တွေ့ရ, ဇရာဒုက္ခနဲ့တွေ့ရ, ဗျာဓိဒုက္ခနဲ့တွေ့ရ, မရဏဒုက္ခနဲ့တွေ့ရ မျှားသောအား ဖြင့် ဇာတိ ဇရာ မရဏက မလွတ်ဘူး၊ ဗျာဓိကတော့ နဲနဲ တချို့သက်သာတယ်၊ ဘဝတိုင်း ဘဝတိုင်းတွေ့ရမည့် ဒုက္ခတွေဘဲ။

သံသရာကျင်လည်ပြီးနေရရင် တဘဝပြီး တဘဝ ဆက်ပြီးနေရဦးမှာ တဘဝ ပြီး တဘဝဆက်ပြီး နေရတဲ့ ဘဝမယ် လူဘဲဖြစ်ဖြစ်, နတ်ဘဲဖြစ်ဖြစ်, ဘာဘဲ ဖြစ်ဖြစ် ဘဝသစ်ရောက်တဲ့ သတ္တဝါအတွက် ဘာလိုသလဲ၊ အရေးတကြီး ရှေး ဦး စွာ တွေ့ဖို့ကြုံဖို့ ဘာလိုသလဲ၊ ဘာတွေ့ဖို့ အရေးကြီးသလဲဆိုရင်၊ သတ္တဝါတွေ အကုန်လုံးအတွက် မစဉ်းစားနဲ့၊ ကိုယ်တယောက်အတွက် စဉ်းစား၊ ယခုဘဝက တော့ လူဖြစ်လို့ မွေးဘွားပြီး လူ့ကလေးဘဝကနေပြီး ကြီးကြီးလာ၊ ဒီအသက် အရွယ် ရောက်လာရတယ်၊ လူ့ဘဝရောက်စက တွေ့ဖို့ ဘာ အရေးကြီးသလဲ၊ နတ်ဖြစ်နေမယ်၊ ဗြဟ္မာကြီးဖြစ်နေမယ်၊ အယုတ်သဖြင့် တိရစ္ဆာန်ဖြစ်နေမယ် ဆိုရင် ရောက်တဲ့ ဘဝ ဘာအရေးကြီးသလဲ ဆိုတော့ သူတော်ကောင်းနဲ့ တွေ့ဖို့ အရေးကြီးတယ်တဲ့၊ မိဘသူတော်ကောင်းနဲ့, ဆွေမျိုး သူတော်ကောင်းနဲ့, မိတ် ဆွေ သူတော်ကောင်းနဲ့, ဆရာသမား သူတော်ကောင်းနဲ့၊ သူတော်ကောင်းနဲ့ တွေ့ဖို့ အရေးကြီးတယ်၊ သူတော်ကောင်းနဲ့ တွေ့ရင် ဒီ တဘဝလုံး ကောင်းသွား မယ်၊ ဒီဘဝတွင်မကဘူး နောင်သံသရာ ဆက်ပြီးတော့ တော်တော်ကောင်းသွား မယ်၊ ဆက်ကာ ဆက်ကာ သူတော်ကောင်းနဲ့ တွေ့သွားရင် နိဗ္ဗာန်ကျအောင် ကောင်းသွားမယ်။

သူတော်ကောင်း အရေးကြီးတယ် သန္တတဲ့။ **အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ**-အရ ပဏ္ဍိတလဲ့ ခေါ်တယ်၊ ပညာရှိသူတော်ကောင်းနဲ့ တွေ့ဖို့ အရေးကြီးတယ်၊ လူ့ပြည်မှာ ကလေးပေါက်စလေးမွေးလာခါစ မြင်ဘူး တွေ့ဘူးကြသားဘဲ၊ ဒီကလေးပေါက်စလေးဟာ မွေးစကတော့ သူ့ကိုယ်တိုင်က ပညာရှိရယ် ဘာရယ်လို့မသိဘူး၊ မသိတတ်ပေမယ်လို့ သူတော်ကောင်း ပညာရှိနဲ့ တွေ့ဖို့လိုတာဘဲ။

ဆရာဝန် ဆရာမ ပညာရှိနဲ့တွေ့ရင် မွေးဖွား ရတာကိုဘဲ ချမ်းသာတယ် သိတ်မဆင်းရဲဘူး၊ "**ဂဗ္ဘောက္ကန္တိက မူလကဒုက္ခ**" ဆင်းရဲတော့ ဆင်းရဲကြတာ

ချည်းဘဲ၊ ဆင်းရဲပေမယ့် ပညာရှိနဲ့တွေ့ရင် ဆင်းရဲ နဲနဲသက်သာတယ်၊ ဒုက္ခ နဲနဲ သက်သာတယ်၊ ဒေဝဒူတဆိုတဲ့ ကလေးငယ် ကလေးဟာ၊ မွေးစက နောက် အသက်အရွယ် ကြီးလေကြီးလေ သူတော်ကောင်းပညာရှိနဲ့ တွေ့ဖို့ အရေးကြီး လေဘဲ၊ ဒါကြောင့် ကိုယ်က လိမ္မာပြီးလာလို့ရှိရင် သူတော်ကောင်းတွေ့အောင် ရှာရမယ်၊ ဒါကို " သဗ္ဘိရေဝ သမာသေထ " လို့ ဘုရားရှင် ဆုံးမတော်မူတယ်၊ သဗ္ဘိရေဝ၊ သူတော်ကောင်းတို့နှင့်သာ၊ သမာသေထ၊ ပေါင်းဖော်ရာ၏။

သူတော်ကောင်းနဲ့ ပေါင်းဖော်ပါ၊ စကားကတော့ ကျဉ်းကျဉ်းပါဘဲ၊ အဓိပ္ပါယ်က သိတ်ကျယ်ဝန်းတယ်၊ ဝိသုဒ္ဓါရာမတိုက်ကြီး ရောက်လာကြတာ ကိုယ့်မြို့ ကိုယ့်ရွာ ကိုယ့်ဌာနက ဒီဌာနရောက်လာကြတာ ဘာလုပ်ဖို့ လာကြ တာလဲ၊ သူတော်ကောင်း အရှာလာတာ၊ "သဗ္ဘိရေဝ သမာသေထ" ဆိုလို့ သူတော်ကောင်း လိုက်ရှာလို့၊ စာတတ်တဲ့ ပုဂ္ဂိုလ်တွေ လိုက်ရှာလို့၊ စာသင်လို့ ကိုယ်တိုင်ပညာရှိကြီး ဖြစ်သွားဖို့ အရေးကြီးတယ်၊ သဗ္ဘိရေဝ၊ သူတော်ကောင်း တို့နှင့်သာလျှင်၊ သမာသေထ၊ ပေါင်းဖော်ရာ၏။

တဘဝလုံးသူတော်ကောင်းနဲ့ တွေ့အောင် သူတော်ကောင်းနဲ့ လွတ်မနေရ ဘူး၊ သူ တော် ကောင်း ရအောင် ရှာရမယ်၊ သူတော်ကောင်း ပညာရှိနဲ့ တွေ့ အောင် ပိုပြီး ရှာရမယ်၊ ဒီဘဝတွင်မကဘူး နောက်ဘဝ ရှာရမယ်၊ ဟို နောက် ဘဝလဲ ရှာရမယ်၊ နိဗ္ဗာန်ရတဲ့ ဘဝကျမှ ပညာရှိ မလိုတော့ဘူး၊ ကိုယ်တိုင်က ရဟန္တာကြီးဖြစ်လို့၊ ဘုရားပစ္စေက ဗုဒ္ဓါဖြစ်လို့၊ သန္တိသုခ ရလို့၊ ဒီထက်ကောင်း တဲ့ နေရာရောက်အောင် ညွှန်ပြဆုံးမမယ့်ဆရာ မလိုတော့ဘူး၊ ဘုရားရဟန္တာ မဖြစ်သေးရင် ဘဝတိုင်း သူတော်ကောင်းတွေ့အောင် တော့ ရှာရမယ်၊ ဒါကို "သဗ္ဘိရေဝ သမာသေထ"လို့ခေါ်တယ်။ အချို့ ရကြတယ်၊ အချို့ မရကြဘူး၊ အချို့သူတော်ကောင်း ရှာရမှန်းကို မသိဘူး၊ အချို့က မသူတော်ကို သူတော် မှတ်ပြီး ရှာနေကြ၊ လမ်းလွဲနေကြ၊ လမ်းမှားနေကြတာတွေ ရှိတယ်။

**သဗ္ဘိရေဝ သမာသေထ၊ သဗ္ဘိကုဗ္ဗေထ သန္ထဝံ၊**

**သတံ သဒ္ဓမ္မမညာယ၊ သေယျော ဟောတိ န ပါပိယော။**

သူတော်ကောင်းနဲ့ ပေါင်းဖော်ရမယ်၊ သူတော်ကောင်းနဲ့ ပေါင်းဖော် ရလို့ရှိရင် သူတော်ကောင်းတရားကို သိလာရတယ်၊ နဲနဲသိ နဲနဲကောင်း၊ များ များသိ များများကောင်း၊ သေယျော ဟောတိ နပါပိယော၊ သူတော်ကောင်း တရား သိရတော့မြတ်တယ်၊ မယုတ်ဘူး၊ အရိယာမဖြစ်သေးပေမယ့်၊ ပုထုဇဉ်

အဖြစ်နဲ့ဘဲ အရိယာရောင်ပြေးလို့၊ ကလျာဏ ပုထုဇဉ်ဖြစ်သွားတယ်ဆိုရင် စူဠသောတာပန်လို့ခေါ်ရပြီ၊ စူဠသောတာပန် ကလျာဏပုထုဇဉ်အခြေမှ မရောက်သေးဘူးဆိုလို့ ရှိရင် ထို ပုဂ္ဂိုလ်မယ် "**သဒ္ဓိရေဝ သမာသေထ**" ဆိုတဲ့ သူတော်ကောင်း ပညာရှိ မရသေးဘူး၊ မတွေ့သေးဘူး၊ ကိုယ်တိုင်က ကလျာဏပုထုဇဉ်ဖြစ်သွားပြီဆိုရင် သူ့မယ် မိတ်ဆွေကောင်း သူတော်ကောင်း ရှိသွား၍၊ ဆရာကောင်း သမားကောင်း ရှိပြီး ပညာရှိတွေ့ပြီလို့ဆိုရမယ်။

**သဗ္ဘိရေဝ သမာသေထ၊ သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ၊**

**သတံ သဒ္ဓမ္မမညာယ၊ သေယျော ဟောတိ န ပါပိယော။**

ဒီ ဂါထာဟာ **သုတ သောမဇာတ်** ထဲ ပါထင်ပါရဲ့၊ '**သတာရဟာဂါထာ**' တဲ့ နန္ဒပုဏ္ဏားလိုက်ပြီးတော့ဟောတယ်၊ ဒီဂါထာ ဟော လိုက် တဲ့ အတွက် ငွေတရာ ပူဇော်ရတယ်၊နောက် သုတသောမ မင်းကြီးက ကြည်ညိုလွန်းလို့ အသက်နဲ့ ပူဇော်ချင်၊ တိုင်းပြည်နဲ့ ပူဇော်ချင်လို့ ဒီလာဘ်သပ္ပကာတော့ လက်မခံဘူးတဲ့၊ တရာတော့ နဲနေတယ်၊ တရာမက တန်တယ်၊ ငွေတထောင် ပူဇော်တယ်၊ '**သဟဿာရဟာဂါထာ**'ခေါ်တယ်တဲ့။

ယခုဘဝ ချမ်းသာဖို့, သံသရာ ချမ်းသာဖို့, နိဗ္ဗာန် မြန်မြန်ရောက်ဖို့ အဟုတ် နိဗ္ဗာန်ကို လိုချင်တယ်၊ အမှန်သံသရာဒုက္ခကို ရွံမုန်းတယ်ဆိုရင် ချမ်းသာချင်တယ်ဆိုရင် ဒီဂါထာနဲ့ဘဲ သဘောကျပြီးတော့ ချမ်းသာရှာဖို့ ကောင်းတယ်၊ သူတော်ကောင်းနဲ့ မတွေ့သမျှ နိဗ္ဗာန် ဘယ်တော့မှ မရနိုင်ဘူး၊ တွေ့တော့ တွေ့ပါရဲ့၊ တွေ့ပေတယ်လို့ သူတော်ကောင်းနည်းကို မရသေးရင် သူတော်ကောင်းနဲ့ တွေ့သည် မမည်ဘူး။

ဝိသုဒ္ဓါရုံတိုက် ရှေးရှေးက ဆရာတော်ကြီးတွေ အဆက်ဆက် အုပ်ချုပ်လို့ ဆုံးမဩဝါဒပေးလို့ စာပေကျမ်းဂန်ပို့ချလို့ ယခုထက်တိုင် ဆိုပါတော့၊ စာတတ်ပုဂ္ဂိုလ်တွေ, ကျမ်းဂန်တတ်မြောက်တဲ့ပုဂ္ဂိုလ်တွေ ချပို့ပြီးတော့ ဒီထဲ လာပြီး နေကြတယ်၊ လာသမျှပုဂ္ဂိုလ် ဆရာတော်ကြီးတွေ၊ သူတော်ကောင်းတွေနဲ့ တွေ့လာ၊ ပညာရှိတွေနဲ့ တွေ့လာ၊စာတတ်ပုဂ္ဂိုလ်တွေနဲ့ တွေ့လာရတယ်၊ အလိမ္မာဉာဏ်ကို မရရင် မတွေ့ဘူးလို့ ဆိုရမှာဘဲ၊ သဒ္ဒါတတ်ပါရဲ့၊ သင်္ဂြိုဟ်တတ်ပါရဲ့၊ ဝိနည်းတတ်ပါရဲ့၊ အဘိဓမ္မာတတ်ပါရဲ့– ကိုယ်ကျင့်တရား မပြည့်စုံသေးဘူးဆိုရင် ထိုပုဂ္ဂိုလ်ကို 'သဗ္ဘိရေဝ သမာသေထ'နဲ့ မပြည့်စုံသေးဘူး၊ သူတော်ကောင်းနဲ့ ပေါင်းသင်း ဆက်ဆံ ရတဲ့ ကျေးဇူး မရသေးဘူး၊ အလိမ္မာဉာဏ် မရသေးဘူးလို့ ဆိုရမှာဘဲ။

ဘာ့ကြောင့်လဲဆိုတော့ ရဟန်းဖြစ်လျက် ရဟန်းသိက္ခာပုဒ် မစောင့်စည်းဘူး၊ ဂိုဏ်းစည်းမျဉ်း မလိုက်ဘူး၊ တိုက်တာ စည်းမျဉ်းမလိုက်ဘူး၊ ယခုခေတ်မယ် များသောအားဖြင့် တနေ့က မြောင်းမြ ဆရာတော်ကတောင် ပြောသွားသေး၊ လဖက်ရည်တွေ ည–သောက်ကြတာတွေတဲ့.... ကိုယ့်တိုက်ထဲ ည– လဘက်ရည်တွေ မသောက်အောင် ကိုယ့်ဂိုဏ်းဂဏထဲ ည-လဖက်ရည်တွေ မသောက်အောင် သတိပေးဖို့ ပြောဟောဖို့ ကောင်းတယ်လို့ သတိပေး တိုက်တွန်း ပြောသွားတယ်တဲ့၊ ရှေး ဆရာတော်ကြီးတွေရဲ့ စည်းကမ်း နည်းလမ်းတွေ၊ ဝိနည်းကိုယ်တိုင် မတတ်ပေမဲ့ ဆရာတော်ကြီးတွေရဲ့ နည်းလမ်းအတိုင်း လိုက်သွားမယ်ဆိုရင် ဝိနည်းကျမ်းဂန် လမ်းမှန်ကျပြီး သွားမှာဘဲ။

ဒီထက်တိုးပြီးတော့ကို ရွှေငွေပစ္စည်းတဲ့၊ ငွေစက္ကူတွေ အခုကာလ အတော် ရှုပ်တယ်၊ ပိဋကသုံးပုံ တတ်နေပေမယ်လို့၊ ငွေစက္ကူမှ မရှောင်ကြဉ်ဘူးဆိုရင် ကပိလ ရဟန်းတို့ဆိုတာ ကြားဘူးကြမှာပေါ့လေ၊ ကဿပဘုရားရှင်လက်ထက်။

ပိဋကသုံးပုံ တတ်နေပေမဲ့ ငွေစက္ကူတွေက ခါးပိုက်ထဲမှာ ပါနေတယ်ဆိုရင် ပိဋက သုံးပုံဆောင် ပုဂ္ဂိုလ်ကြီး အပါယ်ကျဉ်းမှာလဲ၊ ဒီတော့ကို သဗ္ဘိရေဝ သမာသေထ သူတော်ကောင်းနဲ့ တွေ့ပေမဲ့ တွေ့ရာ မရောက်ဘူး။

ဒါ့ကြောင့် ဆရာသမား, ဘုရားရှင် ကိုယ်တော်တိုင် ရောက်အောင်ပေါ့လေ, အဆင့်ဆင့် အစဉ်အဆက် ဘုရားအလိုတော်ကျ စည်းကမ်း နည်းလမ်းတွေ လိုက်နာကြလို့၊ ဝိနည်းသိက္ခာပုဒ်တွေကျင့်ကြံပြီး သွားမယ်ဆိုလို့ရှိရင် '**သဗ္ဘိရေဝ သမာသေထ**'ဆိုရမှာဘဲ၊ တိုက်ထဲ ရောက်လာလို့ သူတော်ကောင်းတွေစကား လိုက်နာမယ်ဆိုရင် ဒီဘဝလဲ သူတော်ကောင်းကြီး ဖြစ်လို့၊ နောက်ဘဝလဲ သူတော်ကောင်းကြီးဖြစ်လို့၊တဘဝထက် တဘဝ တိုးတိုးပြီးတော့ နိဗ္ဗာန်အမြန် ရလွယ်မယ်၊ ဒါ့ကြောင့်–

**သဗ္ဘိရေဝ　သမာသေထ၊　သဗ္ဘိ　ကုဗ္ဗေထ　သန္ထဝံ။**
**သတံ　သဒ္ဓမ္မ မညာယ၊　သေယျော ဟောတိ　နပါပိယော။**

ရတဲ့ပုဂ္ဂိုလ်တွေလဲ တော်တော် များကြပါလိမ့်မယ်၊ မရသေးတဲ့ ပုဂ္ဂိုလ် တွေ ကျက် မှတ် ပြီး တော့ ဘု ရား ရှင် သာသနာတော် ကြီး နဲ့ ကြုံကြိုက်လို့

လှူဘာဝရလို့၊ ရဟန်းသာမဏေဖြစ်လို့၊ ဒုလ္လဘတွေ အများကြီး ကြုံနေတဲ့အထဲမယ် "**သဗ္ဗိရေဝ သမာသေထ**" ဂါထာအတိုင်း သူတော်ကောင်းနဲ့ ပေါင်းသင်းပြီးတော့၊ ကိုယ်တိုင် သူတော်ကောင်း ဖြစ်သွားအောင်၊ သိတ်အရေးကြီးတယ်လို့ သဘောကျပြီးတော့၊ သူတော်ကောင်းကို အမှန်ဆည်းကပ်တတ်အောင်၊ ကိုယ်တိုင် သူတော်ကောင်း ဖြစ်အောင်၊ ကိုယ်စီကိုယ်စီ သူတော်ကောင်း ဖြစ်ပြီးတော့၊ နိဗ္ဗာန် ရောက်ကြောင်း ကောင်းမြတ်သော ပါရမီ သူတော်ကောင်း တရားများကို ပွားများအားထုတ် နိုင်ကြသည် ဖြစ်စေကုန်သတည်း။

(၁၃၃၁-ခု၊ တန်ဆောင်မုန်းလ)

မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်

ရွှေကျင်နိကာယဥက္ကဋ္ဌ

မဟာနာယက, ဝိသုဒ္ဓါရုံ စာချ်ဆရာတော်ဘုရားကြီး၏

"ဩဝါဒမိန့်ခွန်းတော်"

သုံးနှစ် တကြိမ် စည်းဝေးမြဲဖြစ်သော ရွှေကျင်ဂိုဏ်း သံဃာ့ အစည်းအဝေးကြီးကို ယခုနှစ် ပဲခူးမြို့၌ စည်းဝေးကြမည်ဖြစ်ရာ၊ အစည်းအဝေး မတိုင်မီကပင် ကြိုတင်ဝမ်းမြောက်မိပေသည်။

ဝမ်းမြောက်ခြင်း အကြောင်းမှာ—

"ဒိဿဒဿီ စိရံ ကာလံ၊ ပတိဋ္ဌာပေသိ သာသနံ"

ဟူသော သီလက္ခန္ဓဋ္ဌကထာသစ်ပဏာမ စကားအရ၊ အရှည်ကို မြင်သိတော်မူသော ဘုရားရှင်သည် ကြာမြင့်စွာကာလပတ်လုံး သာသနာတော်ကို တည်စေတော်မူလို၏ ဟု ဆိုသဖြင့်၊ သာသနာတော်နှင့်စပ်၍ ယခု စည်းဝေးဆောင်ရွက်ကြမည့် သာသနာရေးကိစ္စကို ဘုရားရှင်ကိုယ်တော်တိုင်ပင် သိမြင်တော်မူပြီး ဖြစ်သည်ဟု ယုံကြည်ထင်မြင် အားရပျော်ရွှင်မိသည်။

ဘုရားရှင် တည်ထားတော်မူခဲ့သော သာသနာတော်ကို သဒ္ဓါတရား ရှိသည့်အလျောက် တဦးတယောက်ထည်းသော်လည်း စောင့်ရှောက် ပြုစုကြသည်။ သံဃာယနာတင်ခြင်း စသည်ဖြင့် ရဟန်းရှင်လူအများ ဖွဲ့စည်း၍လည်း စောင့်ရှောက်ပြုစုကြကုန်ရသည်။

ဤကဲ့သို့ စောင့်ရှောက်ပြုစုရိုး အစဉ်အလာအတိုင်း ရှေးရှေးသောဆရာတော်ဘုရားကြီးတို့၏ ဥပဒေစည်းမျဉ်းအမိန့်ကို ယူသုံးနာခံလျက် သာသနာတော် စည်ပင်ပြန့်ပွား ကြီးပွားတိုးတက်ရန် အချင်းချင်း တိုင်ပင်ညှိနှိုင်း၍ အစည်းအဝေးရောက် ဆရာတော်သံဃာတော်တို့ သဘောတူ ညီညွတ်စွာ ဆောင်ရွက်ပြုလုပ်ကြစေလိုသည်။

ဆောင်ရွက်ပြုလုပ် ပြီးသည်ရှိသော် အစည်းအဝေးမှတ်တမ်း ပြဋ္ဌာန်းချက်တို့ကို တွေ့မြင်ဘတ်ရှုကြရသော ရွှေကျင်ဂိုဏ်းသံဃာတော်တို့နှင့် သိန်းသန်းမကသော ဗုဒ္ဓဘာသာ သူတော်ကောင်းတို့ ဝမ်းမြောက် ဝမ်းသာ သာဓုအနုမောဒနာပြုကြလိမ့်မည် ဖြစ်ပေသည်။

ဤသို့လျှင် သာသနာတော် ကြီးပွားကြောင်း သူတော်ကောင်းတို့ ဝမ်းမြောက်ဝမ်းသာရေးကို ရှေးရှုတော်မူကြလျက် အစည်းအဝေးပြုလုပ်ရန် စီမံနည်းပြု တည်ထောင်တော်မူခဲ့သော ရှေးရှေး ဆရာတော်ကြီးများကိုလည်း-

**အာဒိံ ကတွာ မုပဉ္ဈာယံ၊ နေရဉ္ဇာမ ဂုဏာကရံ၊**
**သိရသာ ဟံ နမဿာမိ၊ ပုဗ္ဗာစေရ ပရာပရံ။**

ဟူသော ကျေးဇူးရှင် မဟာဝိသုဒ္ဓါရာမဆရာတော် ဘုရားကြီး၏ '**အာစရိယပရမ္ပရဝန္ဒနာဂါထာ**'ကို မြွက်ဆိုကြူးရင့်၍ အခွင့်ကြုံကြိုက်သောအခါ ကျေးဇူးအထူးတင်ကာ သဒ္ဓါမြတ်နိုး ရှိခိုးပူဇော်သင့်ကြပေကြောင်းကို သတိပေးစကားရေးသား သိစေအပ်သည် ရွှေကျင်ဂိုဏ်းဝင်သံဃာတော်အရှင်မြတ်တို့။

အစည်းအဝေးသို့ ကိုယ်တိုင် လိုက်ချင်လျက် မလိုက်နိုင်၊ စာများများ ရေးချင်လျက် မရေးနိုင်၊ စေတနာ အားကြီးလှသဖြင့် အနည်းငယ်ရေးလိုက်သည်။

**ဝိသုဒ္ဓါရုံ စံကင်းဆရာတော်**

၁၃၁၀-ခု၊ တပို့တွဲလဆုတ် ၁-ရက်၊
သက်တော် (၈၇)နှစ်၊ သိက္ခာတော် (၆၇)။

—o—

## ရွှေကျင်နိကာယ ဒသမအကြိမ်

## ၁၃၂၅-ခု၊ နတ်တော်လဆန်း ၃-ရက်၊ အစည်းအဝေး ပထမနေ့

## သဘာပတိ သက်တော်ရှည် စံကင်းဆရာတော်ကြီး၏

## နှုတ်တော်မြွက် ဩဝါဒ မိန့်ခွန်း (၁)

ဩဝါဒပေးတယ်၊ ဩဝါဒမိန့်ခွန်းကို ထုတ်ဆိုတယ်၊ စိတ်ထဲပေါ်လာတယ်၊ ဘယ်လိုလဲဆိုတော့ စားပွဲဝိုင်းကြီး၊ စားပွဲရှုံကြီးဆိုပါတော့၊ မိတ်ဆွေတွေ့ ရဟန်းတော်များဖြစ်လို့ရှိလျှင် သမဂ္ဂ သိတင်းသုံးဖော်တွေ ပင့်ဖိတ်ပြီးတော့၊ စုံလင်လှစွာသော ကောင်းမွန်လှစွာသော စားဘွယ်၊ သောက်ဘွယ်တွေ ဝိုင်းဖွဲ့ပြီးတော့ စားကြတယ်၊ အကြီးဆုံးက ဖိတ်ကြားလို့ ဝိုင်းဖွဲ့ပြီးတော့ စားကြလို့ အကြီးဆုံးပုဂ္ဂိုလ်က ဤစားဘွယ် အလွန်ကောင်းပါတယ်၊ ဟို-တိုးပေးလိုက် ဒီတိုးပေးလိုက်၊ အချိုလေး သိတ်ကောင်းပါတယ်၊ အချဉ်လေး သိပ်ကောင်းပါတယ်၊ ဟိုပေးလိုက် ဒီပေးလိုက်၊ လူတို့၏စားပွဲမလဲ ထို့အတူဘဲ ဟိုတိုးပေးလိုက်၊ ဒီတိုးပေးလိုက်၊ ပေးတဲ့သူကလဲ စားဘူးသွားဘဲ၊ ဘေးကပုဂ္ဂိုလ်က သူလဲ စားဘူးသွားဘဲ၊ အချို့ဆို ကိုယ်တိုင်လဲစားရဲ့ ကိုယ့်မိတ်ဆွေတွေလဲ စားစေချင်လို့ ဒီဟာတွေ မြည်းပါဦး၊ သုံးဆောင်ပါဦး၊ ရဟန်းတော်များ ဘုဉ်းပေးပါဦး၊ ဝေငှတယ် ပေးကမ်းတယ်။

အဲ-အခုလို စားဘွယ်သောက်ရန်တွေကို ဝိုင်းဖွဲ့ပြီးတော့ ဝေငှပြီးတော့ စားသုံးကြသလို ယခုသံဃာတော်များ အစည်းအဝေးမှာလဲဘဲ စားဘွယ် သောက်ရန်တွေ စုံပြီးတော့နေတဲ့ သာသနာတော်ကြီး၊ စားဘွယ်သောက်ရန်စုံပြီးတော့နေတဲ့ ရွှေကျင်ဂိုဏ်းကြီး၊ စားဘွယ် သောက်ရန်တွေ ဆိုတာဘာလဲ၊ ဘုရားရှင် ဩဝါဒ အဆုံးအမတရားတွေ စားဘွယ်သောက်ရန် ဥပမာထား၊ သုတ္တန်ဝိနည်း အဘိဓမ္မာ၊ ယခုကြွလာတဲ့ ပုဂ္ဂိုလ်တွေကလဲဘဲ ဝိနည်းစားဘွယ်တွေ သူတို့ဝမ်းထဲ ပြည့်လို့၊ သူများပေးဖို့ပြည့်လို့၊ အဘိဓမ္မာစားဘွယ် သုတ္တန်စားဘွယ်တွေ သူတို့ ဝမ်းထဲပြည့်လို့၊ သူတို့ဉာဏ်ထဲပြည့်လို့ သူတို့ပြည့်တဲ့ အပြင် သူတို့က ပေးလို့ မကုန်နိုင်ဘူး။

ဒီစည်းဝေးတဲ့ အခါကျတော့ မထေရ်ကြီး ဖြစ်တဲ့သူက အကြီးဆုံးကပေးရမဲ့ ဩဝါဒဖြစ်လို့ အကြီးဆုံးကသာ ထုတ်ပြီးတော့ ဩဝါဒပေးရတယ်၊ စားပါဦး၊ သုံးပါဦး ဒါန သဘောလေး ကောင်းလိုက်တာ၊ သီလသဘောလေး

ကောင်းလိုက်တာ၊ ဘာဝနာသဘောလေး ကောင်းလိုက်တာ၊ မှတ်သားပါဦး၊ နာယူပါဦး၊ ချစ်လွန်းလို့ပါ၊ ခင်လွန်းလို့ပါ အားကိုးလွန်းလို့ပါ၊ ယုံကြည်လွန်းလို့ပါ၊ သာသနာရေးအတွက် အားထားလွန်းလို့ပါ၊ မှတ်သားပါဦး၊ နာယူပါဦးလို့ ပြောရတယ်၊ ပြောဖို့သူတို့မယ် အပုံကြီးဘဲ၊ သူတို့မယ် ပြောစရာတွေ အပုံကြီးဘဲ၊ ဒါနခဏ်း၊ သီလခဏ်း ပြောဖို့၊ ဘာဝနာခဏ်းပြောဖို့ အပုံကြီးဘဲ ရှိတယ်။

သို့ပေမယ်လို့ ဥက္ကဋ္ဌက ဩဝါဒပေးတယ်ဆိုတာ သူ့ဉာဏ်လဲ မဟုတ်ဘူး၊ ဘုရားရှင် ပေးထားတဲ့ဩဝါဒ၊ ဒါလေး ကိုယ်တော်သိဘူးသလား၊ မှတ်ဘူးသလား၊ မှတ်ပါဦး မနေ့က ရွှေမန်းလွင် ရထားအဆင်း ရောက်ရောက်ချင်း နှုတ်ဆက်တရားဟောရာမှာ မတ္တာသုခ ပရိစ္စာဂါ၊ ပဿေ စေ ဝိပုလံ သုခံ၊ နှစ်ပါဒသာ ရွတ်နိုင်တယ်၊ ပြီးတော့ ဆုံးအောင်မရွတ်ရဘူး။

**မတ္တာသုခ ပရိစ္စာဂါ၊ ပဿေ စေ ဝိပုလံ သုခံ၊**
**စဇေ မတ္တာ သုခံ ဓီရော၊ သမ္ပဿံ ဝိပုလံ သုခံ။**

ကောင်းလိုက်တာဘုရား၊ ဆရာတော်ကြီးက နှစ်ပါဒရွတ်၊ ဟိုကျတော့ သူတို့က လေးပါဒ ရွတ်ပြီးတော့ ပြောကြတယ်၊ ဒီတော့ကို ကိုယ်က ဒီဟာလေး ကောင်းပါတယ်လို့ သူတို့ကသူတို့တတ်ပြီးပေမယ့်ဒီကဝင်ပြီးပြောတော့၊ပြောပြန်တော့ ကျေးဇူးတင်တယ်၊ အဲဒါလိုဘဲ ဩဝါဒဆိုတာ ဘုရားရှင် ဩဝါဒ၊ ကိုယ်စီ ကိုယ်စီ ရှိနေကြတယ်လို့ ဧည့်သည်ထူးတွေ လာကြတဲ့ အာဂန္တုကိုယ်တော်တွေကို၊ ကိုယ်သိတာလေးပြောရ၊ ထမင်း နေ့တိုင်း စားနေကြတာပေါ့၊ ကိုယ့်ဆီလာတဲ့ ဧည့်သည် ထမင်းခူးကျွေးရတာ သူတို့ဆီ မရှိလို့မှ မဟုတ်ဘဲ၊ မျှကြရတာဘဲ၊ ဒီလိုဩဝါဒမျိုးကို—

**ဩဝဒေယျာ နုသာသေယျ၊ အသဗ္ဘာစ နိဝါရယေ။**
**သတံ ဟိ သော ပိယော ဟောတိ၊ အသတံ ဟောတိ အပိယော။**

ယခုကြွလာကြတဲ့ ဆရာတော်တွေ ဆရာကောင်းတပည့် ဆရာကောင်းတို့၏ နည်းကိုယူပြီး ကြီးပွားလာတာဖြစ်တော့၊ ပုဂ္ဂိုလ်ဖြစ်လေတော့၊ သတံ ဟိ သော ပိယော ဟောတိ–အရ 'သန္တ'ပုဂ္ဂိုလ်၊ 'သန္တတရ' ပုဂ္ဂိုလ်၊ 'သန္တတမ'ပုဂ္ဂိုလ်၊ မုန်းတဲ့သူ ဘာ ဟောလိုက်ဟောလိုက် ချစ်လိုက်ကြတာ သန္တတွေဖြစ်နေ၊မချစ်ဘဲ နေပါ့မလား၊ သန္တတွေဖြစ်နေ၊ ဘုရားရှင် လက်ထက်တော်က သန္တတရ၊ သန္တတမဖြစ်တဲ့ အရှင်ရာဟုလာက သဲကို လက်ခုပ်နဲ့ ကျုံးပြီးတော့ ငါ့ကိုဩဝါဒ

ပေးမဲ့ပုဂ္ဂိုလ် သဲတွာပွင့်တပါး၊ သဲတပွင့်တပါး၊ လက်ခုပ် တကျုံးလောက်ရှိတဲ့ ဆရာတွေရရင် ကောင်းလေစွ ဤဂို နှလုံးထားရှိတယ်၊ ဘုရားရှင် သားတော်ရင်းလဲဖြစ်၊ တရားတော်တွေကပြည့်ဝလို့၊ ဒီတော့ သောတာပန်တောင် ဖြစ်သေး မဖြစ်သေးဘူးလား မဆိုနိုင်ဘူး၊ အရိယာမဖြစ်သေးပေမဲ့ နီးနီးလေးရှိ၊ဒီလို သဒ္ဓါ၊ သန္တတရ၊ သန္တတမ ပုဂ္ဂိုလ် သူတော်ကောင်းတွင်မက၊ ကောင်းသည်ထက်ကောင်းတဲ့ သူတော်ကောင်းကြီးတွေ ဖြစ်လာတော့ နဲ့နဲ့ပေးလိုက်တဲ့ ဩဝါဒ ဝမ်းမြောက်လိုက်ကြတာ၊ ဝမ်းသာလိုက်ကြတာ၊ တသက်လုံးကြောမှမအုံးနိုင်တဲ့ ဩဝါဒလေးပါဘဲ ဘုရား အံ့ဩ ချီးမွမ်းပြီးတော့ ခံယူကြတယ်၊ သိပ်ပြီးတော့ ကောင်းတာဘဲ။

အဲ-မနေ့က အဆက်ကလေးက အစည်းအဝေးကြီးမှာ အစည်းအဝေးကြီးက ကြီးကျယ်လွန်းလို့ အနိဋ္ဌာရုံရှိလဲ တွေ့ချင် တွေ့နေပါမယ်၊ မတော်တဆ မတွေ့ပါနဲ့လို့ ဆုတောင်းပါရဲ့၊ အနိဋ္ဌာရုံဆိုတာ ဘာလဲလို့ ဆိုတော့ ကြည့်လို့ မကောင်းတာ၊ မျက်စိနဲ့မြင်ရ ရူပါရုံကြည့်လို့ မကောင်းတာ၊ အနိဋ္ဌာရုံမြင်ရင် သာမညပုဂ္ဂိုလ်ဆိုရင် စိတ်ဆိုးပြီးတော့ ဒေါသဇော စောသွား၊ ဒီဒေါသဆိုတာ ဒေါသမီး ခေါ်တယ်၊ မကောင်းတာ မြင်လိုက် စိတ်ဆိုး ဒေါသ မီးလောင်၊ မကောင်းတာကို ကိုယ်တော် ရဟန်းအချင်းချင်း ဖြစ်လို့ရှိရင် ဘာတွေ ဘာတွေ မြင်ရ ဟိုတပါးပြောလိုက်၊ မေးထိုး ကူးသွားပြီး အိမ်တအိမ် မီးရှို့က နဲနဲရယ်၊ နှစ်အိမ်ပြိုင် တောက်လိုက်ရင်သွားရော တရပ်လုံးပြိုင် တောက်လိုက်ရင် သွားရော၊ တမြို့လုံးပြိုင် တောက်လိုက်ယင် သွားရော။

မြတောင်တိုက်တော်ကြီး မီးလောင်တုန်းက ဒို့ ဟိုမိုင်နှစ်ဆယ်လောက် ရှိတဲ့ ရွာက မီးအလင်းရောင်မြင်ရ၊စစ်ကိုင်းတောင်ရိုးကြီး ကျော်ပြီးတော့ အဆောက်အဦကြီးတဲ့ ကျောင်းကြီး၊ အိမ်ကြီးတွေ လောင်လိုက်တဲ့ မီးရှိန်ဟာ အရောင်ကြီးတယ်၊ မီးရှိန်ကြီးတယ်၊ အဲဒါ ဖြစ်လေတော့ အချို့က ဆူဆူညံညံ မကြားလိုက်ရ ပါဘူးဘုရားလို့ ကိုယ်က အနိဋ္ဌာရုံ ဖြစ်လို့ရှိရင် ကိုယ့်မယ် မီးလောင်၊ ဘယ်သူမှ မပြောနဲ့ ကျိတ်ပြီးသည်းခံကြပါ၊ မနေ့က ပြောလိုက်၊ သဒ္ဒါရုံစပ်ပြကြ၊ ထို့အတူပဲ မကောင်းတဲ့အသံ ကြားရရင် စိတ်ဆိုးတယ် ဒေါသမီးတောက်တယ်၊ တခြားမသိပါစေနဲ့ တယောက်ထဲ ကျိတ်ပြီးတော့ခံပါ။မနေ့က ဒီလိုပြောလိုက်တယ်၊ ဒါမနေ့က အဆက်ဘဲ။ ပြီးတော့ မနေ့က အဆက်ဘဲဆိုပါတော့၊ မနေ့က ပထမပြောတာက သာမညချမ်းသာစွန့်ပြီးတော့ နိဗ္ဗာန်ချမ်းသာ တောင့်တပြီးလာတဲ့ နိဗ္ဗာန်ချမ်းသာရအောင် အားထုတ်ကြပါလို့၊ ဤ အစည်းအဝေးကြီးလာကြတာ နိဗ္ဗာန်ချမ်းသာ တောင့်တပြီးလာတဲ့ နိဗ္ဗာန်ရအောင် တိုင်ပင်နှီးနှော

ကြတဲ့ အစည်းအဝေးကြီးဘဲ၊မနေ့က အဆက်ကလေးနဲ့ ဩဝါဒနဲ့ ဒီကတာခဏ်း ပြီးပြီဘဲဆိုကြပါစို့။

ယနေ့ သီးခြား ဩဝါဒက မနေ့က စကားနဲ့ဘဲ ဆက်ခဲ့ပါရစေတော့။ ယခုတင်က ပြုပါရုံမြင်လိုက်လို့ ဒေါသဖြစ်တဲ့ပုဂ္ဂိုလ်စိတ်ဆိုး ကိုယ်တိုင်လဲ ဒီဟာ နောက်မပြောဘူး၊ ဆက်လက်မစဉ်းစားဘူး၊ သူတပါးလဲ မပြောလို့ စိတ်မဆိုး အောင်၊ နောက်ထပ်ငြိမ်ပြီးတော့ စိတ်မဆိုးအောင်၊ နှလုံးသွင်းပြီး သွားနိုင်တဲ့ ပုဂ္ဂိုလ်၊ သူတပါးကို မပြောဘဲ အောင့်အည်းနေနိုင်တဲ့ပုဂ္ဂိုလ်၊ ဘယ်လိုလူမှ နေနိုင်သလဲ၊ ခန္တီ-သည်းခံနိုင်တဲ့ပုဂ္ဂိုလ်မှ နေနိုင်တယ်၊သည်းမခံနိုင်လို့ရှိလျှင်ဖြင့် ကိုယ်တိုင်လဲဘဲ စိတ်ထဲက တနွေးနွေးနဲ့ ကြံနေတာဘဲ၊ တခါတခါ အသံထွက် အောင် တယောက်ထဲ ပြောပြီးနေတာဘဲ၊ အရက်မူးတယောက် ထန်းရေမူး တယောက် ဘယ်သူမှဗိုလ်မထားဘူးဟ၊ ဘယ်သူမှဗိုလ်မထားဘူးဟ၊အရက်မူးပြီး ရူးပြီးတော့ ဒေါသ ထ၊ကြည့်လိုက်တော့ သူတယောက်ထဲ၊တယောက်ထဲပေမယ့် လို့ ဒေါသဆိုတာ တောက်ချင်တိုင်းတောက်တာ၊ သည်းမခံလို့။ သည်းခံလိုက်လို့ ရှိလျှင် ငြိမ်သွားတာပါ၊ သည်းခံတော့ ဘာအကျိုးရှိသလဲ၊ သည်းခံလိုက်တဲ့ ပုဂ္ဂိုလ် "**သီလ သမာဓိ ပညာနံ၊ ခန္တိပဓာန ဂကရဏာ**" လူတွေလဲ ပါတယ် နော်၊ ရဟန်းတော်များ ဖြစ်လို့ရှိလျှင် အဓိပ္ပါယ် ပြောနေစရာ မလိုပါဘူး၊ သို့သော်လဲဘဲ ဘုရားရှင်တရားတော်ကို ထပ်ပြီးတော့ နာယူကြရတာပေါ့။

**သီလ သမာဓိ ပညာနံ၊ ခန္တိပဓာန ကာရဏာ။**

ခန္တိ-သည်းခံခြင်းသည်။ သီလသမာဓိပညာနံ- သီလ သမာဓိ ပညာတို့၏။ ပဓာနကာရဏာ- လိုရင်းအကြောင်းရင်းတည်း။

ယခု အများသောသူတို့ စိတ်ထဲမယ် သိပြီး, တတ်ပြီး ရွှေကျင်ဆရာတော် ဘုရားကြီး သီလဂုဏ်နဲ့ ပြည့်စုံပါပေတယ်၊ မမှီလိုက်သော်လဲ ခဏခဏ ကြားနေ ရတယ်၊ ရွှေကျင်ဆရာတော်ဘုရားကြီး သမာဓိရှိပါပေတယ်၊ ပညာလဲ ကြီးပါ တယ်၊ ဒီရွှေကျင်ဆရာတော်ဘုရားကြီး ဘာ့ကြောင့် သီလဂုဏ်နဲ့ ပြည့်စုံသလဲ၊ ခန္တီရှိလို့ သည်းခံလို့ အောက် ရာမညတိုင်း **ဆရာတော် ဦးသီလကြီး** သီလ, သမာဓိ, ပညာနဲ့ ပြည့်စုံပါပေတယ်၊ ဒီသီလ, သမာဓိ, ပညာ သူ့အကြောင်း ကင်းပြီးတော့ ရနေတာ မဟုတ်ဘူး၊ ပထမ သူ့မှာ ခန္တီ ဆိုတဲ့ သည်းခံတဲ့စိတ်က ရှိနေတယ်။

သီလ,သမာဓိ,ပညာနံ၊ ခန္တိပဓာနကာရဏာ ကို အနည်းငယ်မျှ ညန်ချွတ်ထွင် ပြီး ပြောမယ်ဆိုရင် ခန္တီမရှိတဲ့ပုဂ္ဂိုလ်ဟာ ဘယ်တော့မှ သီလမရှိဘူး၊သည်းမခံတဲ့

ပုဂ္ဂိုလ် ဘယ်တော့မှ သမာဓိ မရှိဘူး, ပညာ မရှိဘူး, ယခုတင်က စကားနဲ့ ဆက်ပြီး ပြောကြစို့ ဆိုလို့ရှိရင် ကိုယ်မကောင်းတာလေးကို သူတပါး မပြောတဲ့ ပုဂ္ဂိုလ်၊ ဘေးရန်မရှိဘူး၊ သူတပါး ပြောပယ်ဆိုလို့ရှိရင် ဒီဘေးရန် မဆုံးနိုင်ဘူး၊ ဘုန်းကြီးအိုကြီး ဖြစ်နေပေမယ်လို့ သတင်းစာလေး ဘာလေး ဖတ်ရပါတယ်၊ ဟိုလူက ပြော ဒီလူက ပြောနဲ့ ဒီခေတ် ခေတ် မကောင်းဘူး၊ ဘယ် ဆူလို့တဲ့ ဘယ်ပူလို့တဲ့၊ ဘယ်နိုင်ငံက–ဘဲ့ ဖြစ်ကာကလေးကို တယောက်ထဲသည်းမခံနိုင်လို့ ကြားတာလေးကို တယောက်ထဲသည်းမခံနိုင်လို့ဖြစ်ရ၊ ကမ္ဘာကြီးဆူပွက်နေတယ်၊ ဒီထက် တိုးပြီး ပြောလိုက်ဦးမယ်၊ အဝီစိငရဲမှာ သတ္တဝါတွေ ပိတ်နေတာ, သိပ်နေတာ ဒီလို ကျနေတာဘဲ၊ ဉာဏ်ကြီးရှင်တွေ တိုးချဲ့ပြီးသိလို့ နောက်(ပါဒ) ကလဲကောင်းတာဘဲ။

သီလ သမာဓိ ပညာနံ၊ ခန္တိပဓာနကာရဏာ၊

သဗ္ဗေပိ ကုသလာ ဓမ္မာ၊ ခန္တျာယတ္တာဝ ဝဍ္ဎရေ။

သဗ္ဗေပိကုသလာ ဓမ္မာ- အရ ရှိရှိသမျှ ဘယ်ကုသိုလ်မဆို သည်းခံခြင်းနှင့် စပ်၍သာလျှင် ကြီးပွားရတယ်၊ ဒီအစည်းအဝေးကြီးမှာ ငြိမ်လို့ ကြည်ညိုဘွယ် ကောင်းလိုက်တာ ကုသိုလ်တွေ၊ ရလိုက်ကြတာ ကုသိုလ်တွေ၊ ယနေ့ရတဲ့ ကုသိုလ် တွေကို နှမ်းစေ့လောက် ပမာဏ ထားပြီး ချိန်ကြည့်မယ် ဆိုရင် ဆယ်တင်းမက ဘူး၊ တင်းတရာ မကဘူး၊ ဖြစ်လိုက်ကြတဲ့ ကုသိုလ်တွေ၊ ဒီကုသိုလ်တွေ ဘာ ကြောင့် ရသလဲ၊ ခန္တီကြောင့် ရတယ်၊ ဒီထက် တိုးပြီးတော့ ခန္တီသုံးသွားမယ် ဆို လို့ရှိရင် သာမှ မကြာဘူး နိဗ္ဗာန်ရောက်မှာ၊ အတိတ်ကိုပြန်ကြည့်ကြစို့၊ အတိတ် က ယခုထက်တိုင်အောင် ရောက်နေတဲ့ အိုလိုက် နာလိုက် ဘေးတွေ တွေ့နေတာ၊ ခန္တီ မရှိလို့ ကြာနေတာ၊ ကုသိုလ်ဟူသမျှ သည်းခံခြင်းနဲ့စပ်တာဘဲ၊ ရှေ့နှစ်ပါဒ ထဲကတော့ သီလ သမာဓိ ပညာ၊ သဗ္ဗေပိ ကုသလာ ဓမ္မာ လို့ ဆိုထားတော့ ဒါန် တွေကလဲ ပါလာရော့ပေါ့၊ ငွေလေး တကျပ်လောက် ရှိရင် ငွေ တကျပ်ဘိုးကို ဝယ်စားတော့ တကျပ်ဘိုး ကောင်းကောင်း စားရတယ်၊ သူတပါးကို လှူလိုက် ရင် ကိုယ်မစားဘူး၊ ကိုယ် မစားဘဲ သူတပါးလှူတာကို သည်းခံတာ ခေါ်တာ ဘဲ၊ ယခု အစည်းအဝေးကြီးမယ် ဆွမ်းဒါယကာတွေ ကားဒါယကာတွေ စက် ဒါယကာတွေ သူတို့ပိုင်ဆိုင်တဲ့ ပစ္စည်းလေးကို ငါမသုံးပါဘူးဟဲ့လို့ သည်းခံပြီး တော့ လှူဒါန်းကြတယ်။

ဒါ–ဒါနမှုဘဲ၊ သည်းခံနိုင်လို့ လှူကြတယ်၊ ဒါနမှု, သီလမှု, ဘာဝနာမှု သည်းခံနိုင်လို့ ဖြစ်တာဘဲ၊ အကျဉ်းဆုံး ဆိုပါတော့ ချုံးပြီးတော့ ပြောမယ်၊

ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူကြတဲ့ ဘုရားရှင်တွေ သည်ခံနိုင်လို့ ဘုရားဖြစ်တာဘဲ၊ အဝီစိငရဲအပါယ်လေးဘုံ ပြည့်နေတဲ့ သတ္တဝါတွေဟာ သည်းမခံနိုင်လို့ ဖြစ်ကြတာ၊ နောက်ဆိုရင် ဒီထက် ဆိုးဦးမယ်၊ သံသရာ ရှည်ချင်တိုင်းရှည် သံသရာကြာချင်တိုင်း ကြာ၊ ဘယ်တော့မှ နိဗ္ဗာန် မရမယ့် သံသာရခါဏုက သံသာရာ့သစ်ငုတ်တွေ ဖြစ်နေတဲ့ (ခပ်ကြမ်းကြမ်း ပြောကြပါစို့)၊ ဒီသတ္တဝါ ကောင်တွေဟာ သည်းမခံနိုင်လို့ ဒီလို သံသရာ့သစ်ငုတ်တွေ ဖြစ်နေတာ၊ဒီလိုဆို လို့ရှိရင် ယခု အစည်းအဝေးကြီး၌သော်၎င်း၊ ကိုယ့်မြို့ ကိုယ့်ရပ် ကိုယ့်ရွာကို ပြန်ရောက်တဲ့ အခါ၌သော်၎င်း နေ့စဉ်နှင့်အမျှ အသက်ထက်ဆုံး ဇာတိဿရဉာဏ် ရလို့ရှိလျှင် နောင် ဘဝ အဆက်ဆက်တိုင်အောင် သည်းခံခြင်းတရားနှင့် ပြည့်စုံပြီးတော့ နိဗ္ဗာန် ရောက်ကြောင်း သူတော်ကောင်း တရားကို များများကြီး ပွားများအားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

မန္တလေး မြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
၁၃၂၅-ခု၊

## နတ်တော်လဆန်း (၄)ရက် အစည်းအဝေးဒုတိယနေ့

## သဘာပတိ သက်တော်ရှည် စကင်းဆရာတော်ကြီး၏

## နှုတ်တော်မြွက် ဩဝါဒမိန့်ခွန်း (၂)

အများသိကြတဲ့အတိုင်း စာလဲမကြည့်နိုင်ဘူး၊ ပါဠိတော် ဂါထာလေး ဘာလေး ကိုရင်လေးတွေကို အဖတ်ခိုင်း၊ ကိုရင်လေးတွေက ရသွား၊ ကိုယ်က မရဘူး၊ ယခုအစည်းအဝေးကြီးမယ် ကြွလာတဲ့ သီတင်းသုံးဘော် ရဟန်းတော်များ ဩဝါဒပေးလို့ အချို့ကကြိုက်ကြတယ်၊ အံ့ဩကြတယ်၊ ချီးမွမ်းကြတယ်၊ အံ့ဩချီးမွမ်းလို့ ဒီတွင် ရပ်မထားနဲ့၊ ဆရာတော်ကြီး ကြည့်ပြီးတော့၊ ဒို့ ဤလို အိုရူးမှာဘဲလို့ ဩဝါဒပေးတဲ့ ဆရာတော်ကြီး ဩဝါဒတွေက ကောင်းလှန်းလို့၊ ကြည်ညိုလှန်းလို့၊ သဒ္ဓါတရား ဖြစ်ပြီးတော့ ကုသိုလ်တွေ ပွားတဲ့အထဲက ဤလို ဒို့အိုရူးမှာဘဲဆိုတာ မပြောဘဲနဲ့ ဒီက ဓမ္မလက်ဆောင် ပေးလိုက်ပါတယ်။

ယခုတင်က ပြောသလို စာကျက်လို့ မရနိုင်ဘူး၊ စာလဲ မကြည့်နိုင်ဘူး၊ ဟိုရှေးက ရဘူးတာလေး အခန့်သင့်လို့ ပေါ်လာ၊ ပေါ်လာတာလေး ပြန်ပြောရတယ်၊ တမြန်နေ့က နှုတ်ဆက်ပွဲတုန်းက မတ္တာသုခ ပရိစ္စာဂါ ကို ဒီလာရင်း လမ်းမှာ သတိရပြီးတော့ ပေါ်လာပြီး ဒါလေးပြောရတာ၊ ဘာပြောရပါမလဲ၊ ဘာပြောရပါမလဲ၊ ဟိုတွေးဒီတွေး ပြောစရာ ရှာမရနိုင်ဘူး၊ ကံအားလျော်စွာ မတ္တာသုခပရိစ္စာဂါ လာရင်းလမ်းမှာ ပေါ်လာ၊ ပေါ်လာလို့ ဘုရားတရားတော် ဘုရားရှင်ဟောတဲ့ ဂါထာတော်၊ ဒါလေး ပြောဟောလိုက်တော့ သိပ်ပြီးတော့ အဆင်ပြေတယ်၊ ကြိုက်တဲ့သူ နှစ်သက်တဲ့သူပေါများတယ်၊ ရှေ့လာပြီးတော့ ချီးမွမ်းအံ့ဩကြ၊ ဒီက ဝမ်းမြောက်အောင် ပြောကြသလား မဆိုနိုင်ဘူး။

ယနေ့ ဩဝါဒ ဆက်ကြပြန်တော့ မနေ့က ပြောတဲ့အတိုင်း စားပွဲရုံကြီးလို မနေ့က ပြောတဲ့အတိုင်း လူများအိမ်မယ် ဧည့်သည် ရောက်လာတော့ အချို့ ဧည့်သည်မယ် တရက်နဲ့ ပြန်သွား၊ ထမင်း တထပ် ကျွေးလိုက်ရ၊ နောက်တရက် မပြန်ဘဲ ဆက်နေတော့ နောက်တရက် ထပ်ကျွေးရ၊ ဒီလိုဘဲ ယခုကြွလာတဲ့ မိတ်ဆွေများက၊ တရက်နဲ့ပြန်တာ မဟုတ်ဘူး၊ နှစ်ရက်နဲ့ပြန်တာ မဟုတ်ဘူး၊ သုံးရက်, လေးရက် နေကြမှာဖြစ်တော့ ဧည့်သည်ကို အိမ်သည်က ကိုယ့်အိမ်မှာ

တည်းနေသမျှ ပဏ္ဍိတ ဘောဇဉ်ဆိုတဲ့ ခဲဘွယ် ဘောဇဉ် ကောင်းမွန်စွာ ကျွေးမွေး၊ သူတို့ ကျွေးမွေးရာမှာတော့ ယနေ့ တမျိုး မနက်ဖန်တမျိုး ပြောင်းလဲပြီး ချက်နိုင် ပြုတ်နိုင် ခဲဘွယ်တွေလဲ အမျိုးမျိုးပြောင်းရွှေ့နိုင်တယ်။

ယခု ဒီက ပြောတဲ့ ဩဝါဒစားဘွယ်ကတော့ မပြောင်းနိုင်ဘူး။ မနေ့က ပြောတာလဲ ဘုရားရှင် ဩဝါဒ ဒီဘုရားဘဲ၊ ယနေ့ ပြောမှာလဲ ဘုရားရှင် ဩဝါဒ ဒီ တရားဘဲ၊ ဒါနတမျိုး, သီလတမျိုး, ဘာဝနာတမျိုး ဒီလိုပြောင်းမယ်ဆိုလဲ ပြောင်းနိုင်ပါရဲ့။ ဘုရားစကားတော်, ဘုရားတရားတော်, ဖြစ်လေတော့ကို မနေ့က တရားကမကောင်းဘူး၊ ယနေ့ တရားမှကောင်းတယ်၊ ဒီလို မဆိုနဲ့၊ မနေ့က တရားက ကောင်းတယ်၊ ယနေ့တရားက မကောင်းဘူး ဒီလို မဆိုနိုင်ဘူး၊ ယခုတင်ကပြောတဲ့ စားဘွယ် သောက်ရန် ခဲဘွယ်ဘောဇဉ်မှာ ကောင်းသည်ထက် ကောင်းအောင် ညှော်ခံကျွေးမွေးသော်လဲဘဲ စားသုံးတဲ့ ညှော်သည်က နေထိုင် မကောင်းဘူး၊ ခံတွင်းလေးပါးမညီမျှဘူး၊ သလိပ် သည်းခြေတဲ့ သွေးတဲ့ လေတဲ့ တခုခု ချို့ယွင်းပြီးတော့ နေမယ်ဆိုလို့ ရှိရင် သူများ ကောင်းသမျှ သူ မကောင်းဖြစ်နေတာဘဲ၊ သူ့ ခံတွင်းခံက ညံ့ပြီးတော့နေတော့ သူများ ကောင်းကောင်းကြီး စား ငါလဲစားမယ်လို့ စားမိလို့ရှိလျှင် မကောင်းကောင်းကောင်း စားမှာဘဲဆိုရင် အခန့်မသင့် ဒီ အစာကြောင့် ဘေးရန်ဖြစ်သွားမယ်။

ဘုရားရှင် ဩဝါဒကထာ ဓမ္မဒေသနာတော် တွေကတော့ ဘယ်သူနဲ့မှ မသင့်တာမရှိဘူး သင့်တာချည်းဘဲ၊ မစားချင်မှ၊ မသုံးချင်မှ၊ မနာချင်မကြားချင်မှ၊ မကျင့်ချင် မကြံချင်မှဘဲ၊ ဘုရားစကားတော် ဘုရားတရားတော် မကြံချင် မကျင့်ချင်တဲ့ သူကသာ မကောင်းဘူး ပြောချင်ပြောမယ်၊ ကျင့်ချင်တဲ့ သူဖြစ်လို့ရှိလျှင် ဘယ်တရားဖြစ်ဖြစ် ကောင်းတာဘဲ၊ သဗ္ဗေသင်္ခါရာ အနိစ္စာ ဆိုတဲ့စကားနဲ့ ကျွတ်တန်း ဝင်သွားကြတဲ့ သဗ္ဗေသင်္ခါရာ ဒုက္ခာ၊ သဗ္ဗေဓမ္မာ အနတ္တာ နဲ့ ကျွတ်တန်းဝင်သွားကြတဲ့ သူတွေ အများရှိ၊ မင်္ဂလာတရားတော်နဲ့ ကုဋေတသိန်းဆိုလား၊ နတ်ပြဟ္မာတွေ သောတာပန် စသည် ရေတွက်ပိုင်းခြား၍ မကုန်နိုင်ဘူး၊ အသင်္ချေဂဏန်းမှတ်တမ်း လွန်သွားတယ်၊ ဘုရားတရားတော်၊ ဘုရားရှင်၏ စကားတော်၊ ဘုရားရှင်၏ ဩဝါဒ ခဲဘွယ်ဥစ္စာနဲ့ ဥပမာနှိုင်းပြီးတော့ ပြတဲ့တရားတော် အဖိုးတန်တယ်၊ မနေ့ကတော့ နောက်ပိုင်းမယ် ခန္တီတရား ဆုံးသွားတယ်။

သီလသမာဓိပညာနံ၊ ခန္တိပဓာန ကာရဏာ၊
သဗ္ဗေပိ ကုသလာဓမ္မာ၊ ခန္တျာယတ္တာဝ ဝဍ္ဎရေ။

လောကဘက်က ကောင်းသမျှ နိဗ္ဗာန်တိုင်အောင် လောကီ လောကုတ္တရာ ကောင်းသမျှ ခန္တီပဓာန ကာရဏာ၊ ဒီလို ဆိုနိုင်တယ်နော်၊ခန္တီမပါဘဲ အကောင်း မဆိုနိုင်ဘူး၊ ခန္တီကင်းသွားလို့ရှိလျှင်ဖြင့် ခန္တီမရှိရင် ဘယ်သွားမလဲ၊ ဒေါသဘက် သွားမှာပေါ့၊ ဒေါသဘက် သွားလို့ရှိလျှင်၊ ခန္တီကင်းသွားလို့ရှိလျှင် မကောင်း သမျှ အပြစ်တွေ ထိုပုဂ္ဂိုလ်သန္တာန်မှာ ကျရောက်မှာဘဲ၊ ဒေါသသည် မီးနှင့် တူတယ်တဲ့၊ ထိုမီးသည် ခန္တီ သည်းခံခြင်း၊ စွဲမြဲနေတဲ့သူမှာ ဒေါသမီး မလောင် နိုင်ဘူးတဲ့၊ ကုသိုလ်တရား တိုးပွားရုံသာ မကဘူး၊ ခန္တီလက်စွဲရှိတဲ့သူ ဘေးမရှိ ဘူး၊ ရန်မရှိဘူး၊ အန္တရာယ်မရှိဘူး။

ခမာဝဂ္ဂကရေတဿ၊ ဒုဇ္ဇနော ကိံ ကရိဿတိ။

ခမာခဂ္ဂကရေဟာဿ- သည်းခံခြင်း တည်းဟူသော သံလျက်ကို လက်စွဲလျက် ရှိသော သူအား။ ဒုဇ္ဇနော- မကောင်းသော သူသည်။ (သူယုတ်မာသည်)။ ကိံ ကရိဿတိ-ဘယ်လိုပြုနိုင်အံ့နည်း။

ခန္တီရှိတဲ့သူကို သူယုတ်မာ,ဆိုးညစ်တဲ့သူက ဘယ်လိုမှ မလုပ်နိုင်ဘူး၊ ခန္တီဝါဒီ ရသေ့ကြီး ကလာဗုမင်းကြီးက နှိပ်စက်လို့ သေသွားပါပကော၊ ဘာ ခန္တီ အကျိုး ရှိလဲ၊ ဒီတွင် လိုက်ကြည့်လို့ရှိရင် ဟုတ်ပါရဲ့၊ သည်းခံတဲ့ရှင်ရသေ့ကြီး သည်းခံတာ အကောင်း လုပ်နေ မှတ်ကရော့ဟဲ့ သေသွားပြီ၊ ဘဝဟောင်းက အပြစ်ရှိတော့ ခန္တီက သတ်တာ မဟုတ်ပါဘူး၊ ဘဝဟောင်းက အကုသိုလ်က သတ်သွားတာ၊ သူသည်းခံတဲ့ ပါရမီကတော့ နိဗ္ဗာန်ပေါက်အောင် အကျိုးပေးသွားမှာဘဲ၊ ယခု ပြောခဲ့တဲ့ "ခမာခဂ္ဂကရေတဿ၊ ဒုဇ္ဇနော ကိံ ကရိဿတိ" ဆိုတာကတော့ ဘဝဟောင်းက အကုသိုလ်ကြီးမားတဲ့ ပုဂ္ဂိုလ်မျိုး မတတ်နိုင်ပါဘူး၊ အကုသိုလ် နည်းပါးတဲ့ ပုဂ္ဂိုလ်များသာ တတ်နိုင်တယ်။

အ တိဏေ ပတိတော အဂ္ဂိ၊ သယမေဝ ပဋိဿတိ။

အ တိဏေ- မြက် အမှိုက်လောင်စာ မရှိရာ အရပ်၌။ ပတိတော-ကျသော။ အဂ္ဂိ-မီးသည်။ သယမေဝ-အလိုလို ဘာသာ အလျောက်။ ပဋိဿတိ-ငြိမ်းအေး လတ္တံ့။

ဘယ်သူကဘဲ အပြစ်ရှာရှာ၊ ဘယ်သူက ဘယ်လို နှိပ်စက်နှိပ်စက်၊ ညှဉ်းပန်းညှဉ်းပန်း၊ သည်းခံနေမဲ့သူ လက်နက် ဒုတ် ဒါးနဲ့ ခုခံခြင်း မရှိဘဲ၊ ဘာသာအလျောက် တဘက်သားက အမျက်ပြေပြီးတော့ ငြိမ်းအေးပြီးတော့ သွားနိုင်ပါတယ်၊ မီးသည် လောင်စာ ရှိလို့ရှိလျှင် လူ့ပြည်က ဗြဟ္မာ့ပြည် ကျအောင်ဝါးတို့ သစ်တို့ သစ်သားတို့ အမှိုက် လောင်စာတွေရှိမယ်ဆို လောင်စာရှိသမျှ ဗြဟ္မာ့ပြည်ကျအောင် ပုံထားတဲ့ လောင်စာတွေအကုန်လောင်သွားမှာဘဲ၊ ဒေါသလဲ ထို့အတူပါဘဲ၊ မီးလို မီးကဲ့သို့ လောင်ကျွမ်းစေနိုင်တယ်၊ သို့သော် ခမာခဂ္ဂကရေတဿ၊ သည်းခံခြင်း လက်နက်ကိုအသုံးအစွဲ ပြုထားမယ်ဆိုလို့ရှိရင် ဘယ်လိုဘဲ ဒုဇ္ဇနနှိပ်စက် ညှဉ်းပန်းသော်လဲဘဲ ခန္တီတရားနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်မှာ မဆင်းရဲနိုင်ပါဘူး၊ ဒီလို ဘေးရန် အန္တရာယ် ကာကွယ်နိုင်တဲ့ အကျိုးလဲ ရှိနိုင်တယ်လို့ပြီးတော့ကို—

**အက္ကောဓေန ဇိနေ ကောဓံ။**

စိတ်မဆိုးတဲ့ သူက စိတ်ဆိုးတဲ့ သူကို အောင်နိုင်တယ်တဲ့၊ လူနှစ်ယောက်ရန်ဖြစ်ကြ၊ တယောက်က ဦးလို့ ဒုတ်နဲ့ခေါင်းရိုက်လိုက် ခေါင်းကွဲပြီးတော့သွား၊ စံကင်းနေတုန်းကဲ တခါခွတ္တဘူးတယ်၊ တပည့်တယောက် တပည့်ကြီးတယောက် စိတ်ကထက်လို့ တယောက်နဲ့တယောက် မတဲ့ပြီဆိုမှဖြင့် လက်သီးကြီး ဆုပ်ပြီးတော့ ဘာလဲ ဘာလဲ ထိုးမယ်လို့ ကြိတ်မယ်လို့ ဒီလိုလုပ်တတ်တယ်၊ ကျောင်းလာတဲ့အခါ ဒီလိုဆိုဟုတ်လား၊ သူက ဘာမျှမပြောဘူး၊ ကိုင်းမင်းနဲ့တယောက်ယောက်နဲ့မတဲ့လို့ တယောက်က ဒုတ်ဆွဲရိုက်လိုက်ပါပြီကွယ်၊ အရိုက်ခံရတဲ့သူမယ်ခေါင်းပေါက်သွားပါပြီ၊ သွေးတွေ သံတွေနဲ့ အများက ဝိုင်းဖျဉ်လို့ ခေါင်းပေါက် သွားတဲ့သူက ပြန်မရိုက်ရဘူး ရိုက်တဲ့ သူနဲ့ ခေါင်းကွဲတဲ့ သူ ဘယ်သူနာလဲဟေ့၊ သူက စိတ်သာ ဆိုးတတ်တာ၊ ဗဟုဿုတတော့ မျှားသား၊ နာတော့ ရိုက်တဲ့သူက နာတာပေါ့ ဘုရား၊ မင်း ဒီလို သိရက်သားနဲ့ ဘာလို့လုပ်သလဲ၊ လက်သီး လက်မောင်း တန်းပြီးတော့ ရှေ့တိုးတိုးသွားရတယ်၊ နောက် ဆိုးတဲ့အခါကျပြီဆိုလျှင် ဆရာတော် သတိရပြီး နောက်ဆုတ်ဆုတ် သွားရတယ်ပြောတယ်။

အဲဒါခုလို သည်းခံလို့ ထိပ်ကွဲပြီးတော့ နေတဲ့သူနဲ့ ရိုက်တဲ့သူနဲ့ ဘယ်သူကနာသလဲဆိုလျှင် ရိုက်တဲ့သူက နောက်ဘယ်လောက် ခံရမှန်းမသိဘူး၊ အရိုက်ခံရသူကတော့ ယခုတကြိမ်ထဲ ဒီရန်ဖြစ်မှု အကြောင်းပြုပြီးတော့ နောက်အရိုက်ခံရတော့မှာ မဟုတ်ဘူး၊ ဒါမျိုး **အက္ကောဓေန ဇိနေ ကောဓံ** ခေါ်တယ်၊ ဤကဲ့သို့ စသည်ဖြင့် မနေ့က ပြောသလိုပါပဲ၊ ဗဟုဿုတ သူတော်ကောင်းတွေ

သန္တ, သန္တတရ, သန္တတမ ဆိုတာလို ဗဟုသုတနဲ့ စပ်ပြီးလဲဘဲ ကိုယ်စီကိုယ်စီ ဗဟုသုတ အကြားအမြင် များကြပြီး ပုဂ္ဂိုလ်တွေ ဖြစ်သောကြောင့် နဲနဲလေး ပြောဟောပေတယ်လို့ အများကြီး အသုံးပြုပြီးတော့ သွားနိုင်တာ ဖြစ်တော့ ခန္တီစသည် ဘုရားအလောင်းတော်များ ကျင့်ကြံတဲ့ ပါရမီဆယ်မျိုး ကိုယ် နှစ်သက်ရာ အလေးဂရုပြုရာက စပြီးတော့ ဘုရားလောင်းလဲ ပါရမီ ဆယ်ပါး ဖြည့်ရမှာဘဲ ပစ္စေကဗုဒ္ဓါလောင်းလဲ ပါရမီဆယ်ပါး ဖြည့်ရမှာဘဲ၊ သာဝက လောင်းလဲ ပါရမီဆယ်ပါး ဖြည့်ရမှာလဲ၊ ယခုလို ဘဝမျိုးက စပြီး နိဗ္ဗာန် တောင့်တပြီးတော့ ပါရမီဖြည့်နိုင်မယ်ဆိုလို့ရှိရင်၊ သာဝကလောင်းများ ဖြစ်လို့ ရှိရင် ဘဝတိုတိုနှင့် နိဗ္ဗာန်ရနိုင်တယ်။ ယခုအခြေအနေ, ယခုအချိန်, ယခုနာရီ, ယခုထိုင်နေတုန်း ပါရမီအကဲဖြတ်လျှင် နောက်ကို ဘဝ တရာလောက်ရှိလျှင် ရဟန္တာဖြစ်နိုင်တယ် ဆိုကြပါစို့၊ ယခု သတိရပြီးတော့ ရှေ့ရက်တွေ, ရှေ့နှစ်တွေ ထက် ပိုပြီးတော့ ပါရမီ ကြိုးစားဖြည့်မယ် ဆိုလို့ရှိလျှင် ဆယ်ဘဝလောက်, ဘဝ ငါးဆယ်လောက် သံသရာခရီး တိုချင် တိုသွားမှာ၊ တဘဝ နှစ်ဘဝနဲ့ နိဗ္ဗာန်ရောက်ချင်ရောက်သွားမှာ၊ နဂိုက ပါရမီ ဘယ်လောက် ဖြည့်ကြတယ် မသိဘူး၊ ပါရမီ အများကြီးဖြည့်တဲ့သူ ရှိလို့ရှိရင် ဒီ ဘဝတွင် နိဗ္ဗာန် အာရုံပြုချင် ပြုသွားနိုင်မှာ။

ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးများ ယခုဘဝတွင် နိဗ္ဗာန် ရပါလို၏၊ ယခု ဘဝ နိဗ္ဗာန်မရလို့ရှိလျှင်၊ ဒုတိယ, တတိယ ဘဝ ဤဘုရားသာသနာ၊ ဒီလို ဆင့်ကဲဆင့်ကဲ ဆုတောင်းသွားတယ်၊ ကိုယ့်ပါရမီ ကိုယ်သိကြတာ မဟုတ်ဘူး၊ ရှေးအဖို့ လွန်ခဲ့တဲ့အခါက ပါရမီ မသိကြဘူး၊ နောက်အတွက်တော့ ပါရမီ ဖြည့်မဖြည့်တော့ စဉ်းစားသွားရင် ကိုယ့်ဉာဏ်ထဲတော့ မြင်မှာဘဲ, ထင်မှာဘဲ၊ လှူချင်တဲ့သူ, သဒ္ဓါတရားရှိတဲ့ ပုဂ္ဂိုလ်, ဒါနပါရမီများများဖြည့်တာဘဲ၊ နှမြောတွန့်တို မလှူလိုတဲ့ ပုဂ္ဂိုလ်ဒါနပါရမီ ဘယ်တော့မှ မဖြည့်ဘူး၊ သီလ စသည် ပေါ့လေ၊ ပါရမီ ဆယ်ပါး၊ အဲဒီတော့ ကိုယ့်ကိုယ်ကို အကဲခပ်နိုင်တယ်၊ ကိုယ့် စိတ်ဓာတ်ကို ကြည့်ပြီးတော့ သံသရာ ဘယ်လောက် ကြာဦးမှာလဲ အကဲခပ် နိုင်တယ်။

ငါတော့ မကြာပါဘူး၊ ဒီဘဝတွင် နိဗ္ဗာန်ရောက်ချင် ရောက်မှာပါ၊ သို့ မဟုတ် ဒုတိယ ဘဝ, တတိယ ဘဝ ဘဝတိုတိုနဲ့ နိဗ္ဗာန် ရောက်ရမှာဘဲလို့ ကိုယ့်ကိုယ်ကို အကဲခပ်နိုင်အောင် ရှေး ရှေ့ကျင်ဆရာတော်ဘုရားကြီးများ၏ နည်းလမ်း ဟို–ဘုရားရှင်ကျအောင် မဆက်ပါနှင့်ဦး၊ ဝိသုဒ္ဓါရုံဆရာတော်ဘုရား ကြီး၏ နည်း, ဦးသီလဆရာတော်ကြီး၏နည်း, ဒီပဲရင်းဆရာတော်ဘုရားကြီး၏

နည်း, အလုံဆရာတော်ဘုရားကြီး၏ နည်းလမ်း စသည် ပေါ့လေ၊ နည်းလမ်း စည်းကမ်းတွေ လိုက်နာသွားမယ်ဆိုလို့ရှိလျှင် ဘဝတိုမယ်၊ နိဗ္ဗာန် အမြန်ရမယ်၊ ဒီအစည်းအဝေးကြီး နိဗ္ဗာန်အမြန်လိုချင်လို့ လာကြရတာ၊နိဗ္ဗာန် အမြန်ရောက်ဖို့ နည်းလမ်း ၄ါတို့ ရပြီ၊ ကိုယ်စီ ကိုယ်စီ စိတ်၌ စွဲလမ်း ထင်မှတ်ပြီးတော့ နိဗ္ဗာန် ရောက်ကြောင်း သူတော်ကောင်းတရားကို ပွားများ အားထုတ်တော်မူနိုင်ကြ ပါစေသော်။

---

## ၁၃၂၅-ခု၊ နတ်တော်လဆန်း (၅)ရက် အစည်းအဝေး တတိယနေ့

## သဘာပတိ သက်တော်ရှည် စံကင်းဆရာတော်ကြီး၏

## နှုတ်တော်မြွက် ဩဝါဒမိန့်ခွန်း (၃)

ရှေးဆရာတော်ဘုရားကြီးများ စီစဉ်ထားခဲ့တာက သုံးနှစ် တကြိမ် တခမ်း အနားဖွင့် အစည်းအဝေးဖွင့် မင်္ဂလာစကား ကြားရတော့ နှစ်တိုင်း နှစ်တိုင်း နှစ်စဉ် လုပ်ချင်လာတယ်၊ လုပ်ချင်တယ်။

ဒီလိုတိုင်ပင်ပြီးတော့ ဘုရားရှင် သာသနာတော်ကြီးကို စောင့်ရှောက်ပြုစုကြ လို့ ခေတ်အလိုက် ရွှေကျင်ဂိုဏ်းသာသနာတော်ကြီးဟာ သိပ်ပြီးတော့ မညှိုးမှိန် လှသေးဘူး၊ ရှေးရှေးဆရာတော်ဘုရားကြီးတို့၏ ဖြစ်စဉ်ကို အောက်မေ့လိုက်မယ် ဆိုလျှင် အပုံကြီး နိမ့်ကျလာပြီး ငယ်ငယ်က မင်းတုန်းဘုရင်ကြီး လက်ထက် တွေလိုက် မြင်လိုက်ရသေးတဲ့ အခါတုန်းက ဘာမှ မသိပေတယ်လို့ အတော် ကြီးလာတော့ တွေ့ဘူး မြင်ဘူးတာတွေ သတိရတော့ နောက်ပိုင်းက အပုံကြီး ကွာပြီးနေတယ်။

ဒီတော့ကို ကိုယ့်သာသနာတော်ကြီး ရွှေကျင်ဂိုဏ်း သာသနာတော်ကြီး မဆုတ်မယုတ်ရအောင် ထွန်းလင်း တောက်ပအောင်လို့ ဘုရားရှင်သာသနာ တော်ကြီး မဆုတ်မယုတ်ရအောင် ကြွရောက်လာကြတဲ့ အာဂန္တုက အရှင် ဘုရားများလဲ ကိုယ်စိတ် အပင်ပန်း ခံပြီးတော့လာရတဲ့ အကြောင်းကြောင့် သာသနာတော်ကြီး ထွန်းလင်းတောက်ပပါစေ၊ ဒွေ့ခံပုဂ္ဂိုလ်များကလဲ ကိုယ် စိတ်အပင်ပန်းခံပြီးတော့ ဆောင်ရွက်ကြလို့ ဤကောင်းမှုကြောင့် ဘုရားရှင် သာသနာတော်ကြီး ထွန်းလင်းတောက်ပပါစေ။

ထွန်းလင်းတောက်ပတဲ့ နိမိတ်အရောင်ကလဲဘဲ ရွှေကျင်နိကာယ သာသနာဝင်ဆိုတဲ့ စာအုပ်ကြီးကို နိမိတ်တော့ ပြသား၊ သာသနာရောင် တိုးပြီးတော့ လာလိမ့်မယ်ထင်တယ်၊ တိုးသည်ထက်တိုးအောင် ကိုယ်တိုင် ကိုယ်၏ ပင်ပန်းခြင်း၊ စိတ်၏ ပင်ပန်းခြင်းခံပြီးတော့ ဆောင်ရွက်ရတဲ့ ကုသိုလ်ကံကြောင့်၊ ဘုရားရှင်သာသနာ့တော်ကြီး ထွန်းလင်းတောက်ပပါစေ၊ ရွှေကျင်ဂိုဏ်း သာသနာတော်ကြီး ထွန်းလင်းတောက်ပပါစေ ဆုတောင်းပါတယ်၊ သံဃာတော်များလဲ ထို့အတူ ဆုတောင်းကြပါ၊ ဆုတောင်းဖို့ ဆုတောင်းချင်အောင် ဂါထာလေး အရွတ်ခိုင်းပြီးတော့ ဒီက တာဝန် ဒိုတာဝန် သိမ်းပါရစေ၊ နောက်ဆုံး နိဂုမ်းရောက်မှ ပြောပါရစေတော့။

## သာသနာရေးဂါထာ

**သာသနံ ဟာယတိ ဒါနိ၊ အဘယံ အာသိ သ ဘယံ၊**

**ဝိသုဒ္ဓံ နိမ္မလံ ဟောတံ၊ ဝုနတံ စက္က ကဏ္ဍကံ။**

သာသနံ– ရှင်တော်ဘုရား တည်ထားခဲ့ရာ သုံးပြာသတ်မှတ် သာသနာတော်မြတ်ကြီးသည်ကား။ ဒါနိ– သာသနာ့နောက်ဆွယ်တွင် ဘာသာတွေ ပျောက်ကွယ်၍ ကြောက်စဘွယ်ဖြစ်လာ ဤယနေ့ ခေတ်အခါ၌။ ဟာယတိ– သာသနာ့တန်ခိုးရှိန် မဖြိုးထိန်ဘဲ ညှိုးမှိန်ခါ ကွယ်ခမန်း တကယ်တန်း ဆုတ်ယုတ်၍ လာခဲ့ပါပေ၏။ ဟာယတိ– မွန်းလွဲနေသွင် တောင်ရေယာဉ်သို့ တသွင်သွင်ကျဆင်းယိုယွင်း၍ လာခဲ့ပါပေ၏။ ဒါနိ–ကလိယုဂ်ဆုတ်ခေတ်ရောက်လစ်ကြုံလာ ဤယခုအခါ၌။ အဘယံ–သာသနာစက်ရှိန် လက်ထိန်ခဲ့ရာ ရှေးအခါက ဘေးဘယာကင်းစင် ချစ်ရှင်မြတ်စွာ သာသနာသည်။ သ ဘယံ-သောင်းကျန်းညစ်ဆိုး ခေတ်ဝါဒအမျိုးမျိုးက လွှမ်းမိုးတော်လှန် ဘေးရန်တွေ အဖုံဖုံ ဝိုင်းအုံ၍ လာသည်။ အာသိ-အစဉ်တွေးဆ မအေးရဘဲ မုချမသွေ ဖြစ်ခဲ့ပါပေ၏။ ဝိသုဒ္ဓံ– စ,လယ်အဆုံး အပြစ်သုဉ်း၍ စိန်တုံး တရထည် ဂုဏ်ရည်သစ်လွင် ချစ်ရှင်မြတ်စွာ သာသနာသည်။ နိမ္မလံ–အတွင်း အပြင် စန်းရောင်သွင်သို့ ဖြူစင်ဖွေးဖွေး ညစ်ကြေးမတင် သန့်ရှင်းစင်သည်။ ဟောတံ – ဟောတု– သာသနာ့ကံ မြန်မာ့ကံကြောင့် အမှန်မသွေ ဖြစ်ပါစေသတည်း။ စက္ကကဏ္ဍကံ–သာသနာ့ရန်စွယ် ဓမ္မန္တရာယ်ခပင်းဆူးငြောင့်တံသင်းကို။ ဝုနတံ-ဝုနတု– ကျူပင်ခုတ်က ကျူငုတ်မကျန် တော်လှန်ဖျက်ချေ နှိမ်နင်းနိုင်ပါစေသတည်း။

—o—

## ၁၃၂၅-ခု၊ နတ်တော်လဆန်း(၅)ရက် အစည်းအဝေးကြီး အပြီး သံဃာ (၇၀၀) ကျော်နှင့် လူပရိသတ်အပေါင်းတို့က စံကင်းဆရာတော် ဘုရားကြီးအား ပူဇော်ကန်တော့ကြရာ၌ ဆုပေးခြင်း

အရိုအသေ အလေးအမြတ်ပြု၍၊ရှိခိုးပူဇော်ကန်တော့ရသော ပူဇဝန္တ သက္ကစ္စ ဂါရဝ မင်္ဂလာကုသိုလ် စေတနာ၊ လူ့ဘဝကိုရခြင်း၊ ဘုရားရှင် သာသနာတော်နှင့် တွေ့ကြုံရခြင်း၊ ရဟန်းဘဝကိုရခြင်း၊ သာမဏေဘဝကိုရခြင်း၊ သဒ္ဓါတရားနှင့် ပြည့်စုံရခြင်း၊ သူတော်ကောင်းတရားကို ကြားနာရခြင်း အစရှိသော အလွန်မြင့်မြတ်သော အခါကောင်း အခွင့်ကောင်းတို့ကို ရကြသည့် အားလျော်စွာ၊ နေ့စဉ်နှင့်အမျှ လေ့လာပွားများ အားထုတ်ရသော ပရိယတ်၊ ပတိပတ် အစရှိသော ဒါန, သီလ, ဘာဝနာ အစရှိသော ကိုယ်စီကိုယ်စီ ရေတွက် ပိုင်းခြား၍ မကုန်နိုင်၊ ကိုယ်ပိုင်ရရှိ၍ နေကြသော အလွန်များစွာသော ကုသိုလ်ကံ စေတနာတို့ကြောင့်၊ ဒိဋ္ဌဓမ္မ ယခုဘဝ ယခုအချိန်အခါ၌ပင်လျှင် ဘေးဒဏ် ရန်မာန် အန္တရာယ်ခပ်သိမ်း အလုံးစုံကင်းငြိမ်း၍ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ ချမ်းသာခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဘုန်းတန်ခိုး အာနုဘော် ကြီးခြင်း၊ မရဘူးသော ကျက်သရေဂုဏ်သိရီ စည်းစိမ်ဥစ္စာ ရတနာ ရွှေငွေ ဆန်ရေစပါး သူတော်ကောင်းတရားတို့ကို ရရှိခြင်း၊ ရရှိဘူး ရရှိပြီးသော ကျက်သရေဂုဏ်သိရီ စည်းစိမ်ဥစ္စာ ရတနာရွှေငွေ ဆန်ရေစပါး၊ သူတော်ကောင်းတရားတို့ မပျက်မစီး တိုးပွားခြင်း အစရှိသော အပြစ်ကင်းသော လောကီအကျိုး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟုဆိုအပ်သော အကောင်းဆုံးသော လောကုတ္တရာအကျိုး ဤနှစ်ပါးသော အကျိုးတို့ကို ရခြင်း၏ အကြောင်း၊ ကောင်းမြတ်သော ပါရမီကုသိုလ်တရားတို့ကို ပွားများအားထုတ်နိုင်ကြသည်ဖြစ်ပါစေ။

အမှာ။ ။အခြားတဦးချင်း၊ နှစ်ဦးချင်း၊ ကန်တော့သည့်အခါ၌လည်း ယင်းဆုပေးဖြင့်သာ လိုက်လျှောစွာ ပေးဆိုတော်မူလေ့ရှိပါသည်။ (စာတည်း)

## သာသနာ့ပိုင် သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး

## အစည်းအဝေးကြီး အပြီးသတ် နိဂုမ်းချုပ်

## နှုတ်တော်မြွက် ဩဝါဒမိန့်ခွန်း

လူ့ဘုံမှာ လူဘဲဖြစ်နေကြစေ၊နတ်ဘုံမှာနတ်ဘဲဖြစ်နေကြစေ၊ အထူးအားဖြင့် ဗြဟ္မာ့ဘုံမှာ ဗြဟ္မာကြီးတွေဘဲ ဖြစ်နေကြစေ၊ ပုထုဇဉ်မှုသမျှ အကောင်းအဆိုး နှစ်မျိုး မကင်းနိုင်ကြဘူး၊ တခါတရံ ကောင်းလို့ တခါတရံဆိုးလို့ အပါယ်ဘုံ တော့ မပြောနဲ့တော့ အဆိုးတွေများ၊ အကောင်းတွေ များတာက ဘာလဲ၊ သဒ္ဓါ, သီလ, သုတ, စာဂ စသည့် သူတော်ကောင်း တရား ခန္ဓာကိုယ်စိတ် အတွင်းမှာ ကိန်းအောင်းပြီးတော့ နေတာ ကောင်းတဲ့အခါဘဲ၊ ဣဋ္ဌာရုံ ကောင်း တဲ့ အာရုံတွေနဲ့ တွေ့ပြီးတော့ နေတဲ့အခါ အကောင်းဆိုရမှာဘဲ၊ အနိဋ္ဌာရုံတွေနဲ့ တွေ့နေလျှင် မကောင်းဘူး၊ လောဘ, ဒေါသ, မောဟ, မာန,ဒိဋ္ဌိ, ဝိစိကိစ္ဆာ၊ တထောင့်ငါးရာ ကိလေသာတွေ များလိုက်တာနော်၊မကောင်းတဲ့ဘက်က ကိလေသာဆိုတာ ညစ်နွမ်းတာ ခေါ်တာ၊ ညစ်နေတယ်၊ နွမ်းနေတယ်၊ ဟောင်းနေတယ်၊စက်ဆုပ် ရွံရှာဘွယ် ဖြစ်ပြီးတော့ နေတာမျိုး ကိလေသာ၊ များလိုက်တဲ့ ကိလေသာတွေ ပုထုဇဉ်ချင်း မင်းနဲ့ ငါနဲ့ ကိလေသာ အများ ပြိုင်ကြစို့ ဆိုလို့ရှိရင် အတူတူပါဘဲ၊ တထောင့်ငါးရာ ကိလေသာ။

သို့သော် တခါတရံမှာ နဲနဲ ဖြစ်တဲ့သူ ကိလေသာ နဲတယ်ဆိုတာ နေ့မပြတ် ညမပြတ် ဖြစ်တဲ့သူ၊ အချိန်နာရီ မလပ် လောဘ၊ လောဘပြီး ဒေါသ၊ ဒေါသ ပြီး မောဟ၊လောဘတို့ ဒေါသတို့ထက် မောဟက သာတယ် ဆိုရမှာဘဲ၊ မောဟနဲ့ တွဲလို့ပါဘဲ၊ သိတဲ့သူတွေက များပါတယ်၊ ဤလို ကိလေသာတွေနဲ့ ညစ်နွမ်းပြီး တော့ နေကြရတဲ့ ပုထုဇဉ်တွေ ဤလိုဟာမျိုး မကောင်း ခေါ်တယ်၊ ကိုယ်လဲ အတူတူ၊ သူတပါးလဲ အတူတူ၊ ပုထုဇဉ် ဖြစ်လို့ ရှိလျှင် အတူတူ ဖြစ်တဲ့ ပုထုဇဉ် ချင်းဖြစ်သော်လဲဘဲ သတ္တဝါဆိုတာ အကုန်လုံး သိကြပါတယ်၊ တချို့ ပုံခပ်ရိုင်း ရိုင်းဘဲ၊ ကိုယ့်ဟာကိုယ် မမြင်ဘူး၊ သူတပါးဟာသာ မြင်တယ် ဆိုတာမျိုး၊ ကိုယ့်ကိုယ်ကို ကြည့်တော့ အကုန် သိပါရဲ့၊ ဆိုးချင်တိုင်းဆိုး၊ ညစ်ချင်တိုင်း ညစ်နေတာ၊ ကိုယ့်ကိုယ်ကိုတော့ လွယ်လပ်ခွင့်ပေးထားတယ်၊ သက်သာခွင့် ပေး ထားတယ်၊ကိုယ့်ကိုယ်ကိုတော့ အပြစ်မတင်ချင်ဘူး၊သူတပါးကျတော့ မကောင်း

သျှင် သိပ် အပြစ်တင်ဩ၊ ကောင်းလျှင်တော့ ကြည်ညိုကြပါရဲ၊ ချစ်ခင်ကြပါ၍၊ နှစ်သက်ကြပါရဲ၊ အဲဒီလို နှစ်မျိုး ရှိရာတွင်– အဘိုးတန်တယ် မှတ်ကြပါ။

**ဂုဏဒေါ်သေဟိ ကိဏ္ဏာဿ၊ ဂုဏံ၀ ပဿယေ သရေ။**

**သေ၀ါလာဒိ ံ ပ၀ါဟေတွာ၊ ပိဝေ ပိပါသကော ယထာ။**

ဂုဏဒေါ်သေဟိ– ဂုဏ် အပြစ်တို့ဖြင့်။ (အကောင်း အဆိုးတို့ဖြင့် ဆိုလိုတာပေါ့) ကိဏ္ဏာဿ–ရောပြွမ်းရှိနေသော ပုထုဇဉ်၏။ ဂုဏံ၀–ဂုဏ်ကိုသာလျှင်။ ပဿယေ၊ ကြည့်ရာ၏၊ ရှုရာ၏၊ ဆင်ခြင်ရာ၏၊ နှလုံးသွင်းရာ၏။ ပိပါသကော– ရေငတ်သောသူသည်။ သရေ–အိုင်၌။ သေ၀ါလာဒိံ–မှော်အစရှိသည်ကို။ ပ၀ါဟေတွာ–ပယ်ရှားမျှောဖယ်၍။ ပိဝေယထာ–ရေကို သောက်သကဲ့သို့တည်း။

အင်း–ဓမ္မကထိက မဟုတ်တော့ သာဓု ခေါ်အောင် ချမပေးတတ်ဘူး၊ သို့သော် သာဓုခေါ်ကြစမ်းပါ၊ ပိဝေယထာ–ရေကိုသောက်သကဲ့သို့တည်း။

"သာဓု-သာဓု-သာဓု"

(သံဃာပရိသတ်ကြီးက အားရ နှစ်သက် သာဓုခေါ်ကြသည်)

သိပ်ကောင်းတဲ့ဟာ၊ ယနေ့ဆွမ်းကျွေးတာ ဘယ်အရပ်ကလဲ၊ ပလိပ်က မဟုတ်လား၊ ရဟန်း သုံး၀ါလောက်က ပလိပ်ကို ရောက်သွားတယ်၊ ပလိပ်ဆိုတာ ဘယ်ဆိ နေမှန်း မသိပါဘူး၊ သီပေါမဟာဒေဝီ ဆရာတော်ဘုရားကြီးနေတဲ့ ကျောင်းကလေး၊ မနက်ကဘဲ ဒကာတယောက် ပြောသွားတယ်၊ သရက်ပင်တွေနဲ့ အများကြီး သရက်သီးတွေ သီးပါတယ်ဘုရား၊ ဘာညာနဲ့ ပြောသွားတယ်။

မဟာဒေဝီ ဆရာတော်ဘုရားကြီးတဲ့၊ ဇာတိက သီပေါမြို့က ကမ္ဗောဇ လူမျိုးပါဘဲ၊ စိတ်နှလုံးနူးညံ့သိမ်မွေ့တယ်၊ သဒ္ဓါရှိတယ်၊ အများကြည်ညိုဘွယ် ဆောင်တယ်၊ ရဟန်း သုံး၀ါလောက် ရောက်ရှိတဲ့အခါ သလ္လာပ သလ္လာပ ပြောတာနဲ့ စပ်ပြီး ဒီ ဂါထာလေး ပြောတယ်၊ ဒီဂါထာ ဘယ်က ဂါထာမှန်း မသိပါဘူး၊ မဟာဒေဝီ သီပေါ ဆရာတော်ဘုရားကြီး သင်ပြီးတော့ ပေးလိုက်တဲ့ ရဟန်း သုံး၀ါလောက်က ရတဲ့ ဂါထာတပုဒ်ပါဘဲ။

တောလမ်းခရီး ခရီးသွားတဲ့သူ နွေလို ရေရှားတဲ့အခါ ရေငတ်လာရော၊ ရေရှားတော့ကို တောဆိုတာ ရေအိုးစင်လဲ ရှိတာ မဟုတ်ဘူး၊ ရေတွင်း ရေကန်နဲ့

ကောင်းကောင်းမွန်မွန်လဲ ရှိတာ မဟုတ်ဘူး၊ ရေကန်လေး ဘာလေး နွေအခါ ဖြစ်တော့ ရေကလဲ ခပ်နဲနဲ ဖြစ်တော့ အမှိုက်သရိုက်တွေ များ ၂ အမှိုက်သရိုက် တွေ ဖယ်ပြီးတော့ အမှိုက် ကြားထဲက အောက်က ကြည်လင်တဲ့ ရေကို ယူပြီး တော့သောက်ကြရတယ်၊ ထိုနည်းအတိုင်းပါဘဲ ဘယ်ပုထုဇဉ် မြင်မြင် ကိုယ့်ကိုယ် ကိုပြန်ကြည့်ကြည့်၊ သူတပါးမြင်မြင် ကိုယ်မြင်သမျှ ပုထုဇဉ်တွေ အပြစ်ကင်း နေတဲ့ ပုထုဇဉ် တယောက်မျှ မရှိဘူး၊ အသခ်ျေ အနန္တ ဘယ်သွားရှာရှာ၊ ဗြဟ္မာ့ ပြည်တက်ရှာရှာ ရဟန္တာမှ တပါး အပြစ်ကင်းတဲ့ ပုဂ္ဂိုလ် မရှိဘူး၊ သောတာပန် မကင်းသေးဘူး၊ သကဒါဂါမိ မကင်းသေးဘူး၊ အနာဂါမိ မကင်းသေးဘူး၊ ကိလေသာ ကျန်နေသေးတာ၊ ဘယ်ပုဂ္ဂိုလ် ကင်းတယ် ဆိုနိုင်ပလဲ၊ နဲတော့ သိပ်နဲပါပြီ၊ ရဟန္တာနီးပါးပါဘဲ။

အဲ ယခုလို ရရာတွင် အပြစ်တွေ များချင်တိုင်း များပေစေ၊ အပြစ်တွေ နဲနဲ ရှိချင် ရှိပေစေ၊ ဒီအပြစ်တွေကို မကြည့်ပါနဲ့တဲ့၊ မြင်လို့ရှိလျှင် ဖျောက်ပစ်လိုက် ပါ၊ ဒီအပြစ်ကို အစတုန်းက ပြောခဲ့သလို ကိုယ်က မြင်နေ သူတပါးကို မပြော ပါနဲ့တဲ့၊ အပြစ်ကို မကြည့်ဘဲနဲ့ နှလုံး မသွင်းဘဲနဲ့ ဂုဏ်ကိုသာ ရှာပြီးတော့ ကြည့် ပါ၊ ရှုပါ၊ နှလုံးသွင်းပါ၊ ဆင်ခြင်ပါ၊ အာရုံပြုပါ၊ ကြည်ညိုပါတဲ့၊ ဒီဂါထာ အတိုင်း လိုက်နာနိုင်မယ် ဆိုလို့ရှိရင် သိပ်ပြီးတော့ ကောင်းတာဘဲ၊ တနေ့က ပြောတဲ့ သန္တ, သန္တတရ, သန္တတမ သူတော်ကောင်း၊ ထူးသောသူတော်ကောင်း အလွန်အကျူး ထူးသော သူတော်ကောင်းကြီး ဖြစ်သွားတာဘဲ။

န ပရေသံ ဝိလောမာနိ၊ န ပရေသံ ကတာ ကတံ။
အတ္တနောဝ အဝေက္ခေယျ၊ ကတာနိ အကတာနိ စ။

ဒါကတော့ ဓမ္မပဒ ပါဠိတော်၊ ယခုတင်က ပြောတဲ့ ဂုဏ်, အပြစ် ရှိရာတွင် အပြစ်တွေက များနေခိုက် ပုထုဇဉ်တယောက်ဖြစ်လျှင် ဒီအပြစ်တွေ ကြည့်မနေ ပါနဲ့၊ အကောင်းအဆိုး ရောရောနေတဲ့ သူတပါးကို ကြည့်မနေပါနဲ့တဲ့၊ ကိုယ့် ကိုယ်ကို ပြန်ပြီးတော့ ကြည့်ပါ၊ ပကတိမျက်စိနဲ့ ကြည့်ပါ၊ ဉာဏ်မျက်စိနဲ့ကြည့်ပါ။

''အတ္တနောဝ အဝေက္ခေယျ၊ ကတာနိ အကတာနိစ။

ဒီဂါထာကလဲ သိပ်ကောင်းတာ၊ ဓမ္မပဒ ပါဠိတော် ဘုရားဟော ဆိုတော့ အကောင်းဆုံး ဒီနှစ်ပါဒလောက် ရပြီးတော့ နှလုံးသွင်းတတ်, ဆင်ခြင်တတ်လို့ ရှိလျှင် အခါခပ်သိမ်း ကလျာဏ ပုထုဇဉ်ဖြစ်၊ ပါရမီကုသိုလ်တွေ အများကြီး

ပြည့်၊ ကိုယ့်ကိုယ်ကို ကြည့်ပြီးတော့ နေ့စဉ်နှင့်အမျှ ဝမ်းမြောက် ဝမ်းသာလို့၊ ဤလိုမှ မဟုတ်ဘဲနဲ့ လောဘအလိုလိုက်၊ ဒေါသအလိုလိုက်၊ မောဟအလိုလိုက်၊ မာန အလိုလိုက်၊ အကုသိုလ်တွေ ကိုယ့်သန္တာန်မှာ အများကြီး ဖြစ်နေတာ သိရက်သားနဲ့ ကိုယ့်ကိုယ်ကို အလိုလိုက်ပြီးတော့ အပြစ်မတင်ဘဲနဲ့ နေမယ်ဆိုလို့ ရှိလျှင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ရောက်မယ်၊ လူဘုံ လူဖြစ်လာ သော်လဲ ယုတ်နိမ့်တဲ့ အတန်းအစားထဲက နေရမယ်၊ ဤမှတပါး လောဘအိုး၊ ဒေါသအိုး၊ မောဟအိုး ဆိုရတယ်။

(၁) သူတော်ကောင်းတွေနဲ့ ပေါင်းတဲ့ ဆရာကောင်း သမားကောင်းတွေနဲ့ တွေ့တဲ့အခါ၊ ဤအခါကျတော့ ငါ့နှယ်နော်၊ ငါ့နှယ်နော် နောင်တ ပူပန်ခြင်း ဖြစ်လာတယ်။ ဒီအခါကျတော့ **အတ္တာနုဝါဒဘေးတဲ့**။

(၂) ဒါကတော့ မကောင်းမှု ပြုတဲ့သူ ဆိုလို့ရှိလျှင် သိတတ်တဲ့သူက ကဲ့ရဲ့ပြစ် တင် စွပ်စွဲကြမှာဘဲ၊ **ပရာနုဝါဒဘေးတဲ့**။

(၃) ယခုဘဝမယ် သေတော့ မသေပါဘူး၊ သူတပါးရဲ့ ဒုတ်လက်နက် အမျိုးမျိုးနဲ့ အရိုက်အနှက် အပစ်အခတ် ဆိုပါတော့၊ နာကျင် လောက်အောင် ဘေးဒုက္ခနဲ့ တွေ့ရတယ်။ ဆေးရုံ တင်ပြီးတော့ ဆေး ကုနေ ကြရတာတွေ သတင်းစာထဲ နေ့စဉ် ပါပါရဲ့၊ **ဒဏ္ဍဘေး** ခေါ်တယ်။

(၄) **ဒုဂ္ဂတိဘေး** ဆိုတာ အပါယ်ဘုံ ကျသွားတတ်တာ။

အဲဒီတော့ ဘေးလေးမျိုးကလဲတွေလို့၊ မကောင်းတဲ့ သူကို ဘေးတွေစိုင်းနေ တာဘဲ၊ ဒီဘေးတွေက လွတ်အောင် ယခုတင်က ပြောတဲ့ မိမိကိုယ်ကို ကောင်း မကောင်း ဆင်ခြင်၊ မကောင်းတာ ပယ်ရှား ကောင်းအောင်နေ၊ သူတပါးအာရုံ ပြုတဲ့အခါ ဂုဏ်ကို ရနိုင်သမျှ ရှာပြီးတော့ ကြည်ညိုလို့၊ ဝမ်းမြောက်လို့၊ ဝမ်းသာ လို့၊ အဇ္ဈတ္တမယ် **ယောနိသောမနသိကာရ** ဟု ဆိုအပ်သော စိတ်ကောင်း၊ ဗဟိဒ္ဓ မယ် ကလျာဏမိတ္တဟု ဆိုအပ်သော မိတ်ကောင်း၊ အတွင်းအပြင် စိတ်ကောင်း မိတ်ကောင်း ပြည့်စုံကြသည်ဖြစ်၍ နိဗ္ဗာန်သို့အမြန် ရောက်ကြောင်း သူတော် ကောင်းတရားကို ပွားများအားထုတ်နိုင်ကြသည် ဖြစ်ပါစေ။

ကျေးဇူးတော်ရှင်၊ ရွှေကျင်သာသနာပိုင်
"အဘိဓ္ဓဇမဟာရဋ္ဌဂုရု"
သက်တော်ရှည် စံကင်းဆရာတော် ဘုရားကြီး၏
သာရဏီယောဝါဒ ဝမ္မဒေသနာ သီလကထာ
(၁၃၂၉-ခု၊ နတ်တော်လ)

သီလံ ရက္ခေယျ မေဓာဝီ၊ ပတ္ထယာနော တယော သုခေ။

ပသံသံ ဝိတ္တိလာဘဉ္စ၊ ပစ္စ သဂ္ဂေ ပမောဒနံ။

ပသံသဉ္စ-ကျော်စောသတင်း ချီးမွမ်းခြင်း ဂုဏ်ကိုရင်း၊ဝိတ္တိလာဘဉ္စ-စည်းစိမ်ဥစ္စာ ချမ်းသာရခြင်းကိုရင်း။ပစ္စ-တမလွန်ကာလ နေခင်ဘဝ၌။ သဂ္ဂေ-ချမ်းသာပြည့်စုံ နတ်ပြည်ဘုံ၌။ ပမောဒနဉ္စ- ဝမ်းမြောက် ရွှင်ပျော် မွေ့လျော်ရခြင်းကိုရင်း။ တယော-သုံးပါးကုန်သော။သုခေ-ချမ်းသာတို့ကို။ ပတ္ထယာနော-လိုလားတောင့်တသော။ မေဓာဝီ-ကြောင်းကျိုး မြင်သိ ပညာရှိသည်။ သီလံ-ကိုယ်ကျင့်ဝမ္မမြတ်သီလကို။ ရက္ခေယျ-မကျိုးလွင့်ဘဲ အသက်နှင့်လဲ၍ အမြဲစောင့်ရှောက်ရာသတည်း။

ဤကမ္ဘာ လောကအတွင်း ရှိကြသော သတ္တဝါမှ်သမျှတို့သည်။ ချမ်းသာခြင်း သုခကို လိုချင်တောင့်တ နှစ်သက်ကြ၏။ ပုဂ္ဂိုလ် အစားစား၊ လူမျိုးအစားစား ကွဲပြားနေကြသော်လည်း သတ္တဝါအားလုံးတို့၏ တူညီသော တခုတည်းသော ဆန္ဒမှာ ချမ်းသာကို တောင့်တခြင်းပင် ဖြစ်၏၊ ချမ်းသာတခု ရရှိမှုအတွက် မိမိ၏ကိုယ်စွမ်း,ဉာဏ်စွမ်းရှိသမျှ နေ့ည၌မနား ကြိုးစား အားထုတ်နေကြရ၏။

ချမ်းသာကို လိုချင်၍ ချမ်းသာကို ရှာဖွေနေကြသော်လည်း ချမ်းသာခြင်း၏ အကြောင်းရင်း မူလ ပဓာနဖြစ်သော သီလ မရှိသည့်အတွက် ချမ်းသာကို မရရှိနိုင်ကြဘဲ၊ ဆင်းရဲနှင့်သာ တွေ့ကြုံနေကြရ၏။ ချမ်းသာဆိုသည်မှာ။

(၁) ဝေဒယိတသုခ ခံစားမှု ချမ်းသာ။

(၂) သန္တိသုခ- ငြိမ်းအေးမှု ချမ်းသာ ဟူ၍ ၂-မျိုး ရှိ၏၊ ထိုချမ်းသာ ၂-မျိုးလုံးကိုပင် အခြေခံမူလ သီလမပါဘဲ မရရှိနိုင်ကြပေ။

ဘုရားရှင်သည် "ဗ္ဂတိဂုတ် ပါဠိတော် သုခပတ္ထနာသုတ်"၌-

(က) ကျော်စောသတင်း ချီးမွမ်းခြင်းဂုဏ်။

(ခ) စည်းစိမ်ဥစ္စာ။

(ဂ) တမလွန် ဘဝ၌ နတ်ပြည် ချမ်းသာ၊ ဤချမ်းသာ သုံးမျိုးကို လိုချင်တောင့်တသောသူသည် သီလကို စောင့်ရှောက်ရမည်ဟု ဟောတော်မူခဲ့၏။

**(၁) ပသံသာမေ အာဂစ္ဆတူတိ သီလံ ရက္ခေယျ ပဏ္ဍိတော။**

ကျော်စောသတင်း ချီးမွမ်းခြင်းဂုဏ်သည် ငါ့ထံသို့ ရောက်လာပါစေဟု၊ အလိုရှိသူ ပညာရှိသည် သီလကို စောင့်ရှောက်ရာ၏။

ရဟန်း ရှင် လူ မည်သူမဆို ပုဂ္ဂိုလ် အားလုံးတို့သည် ကျော်စောသတင်း ချီးမွမ်းခြင်းဂုဏ်ကို အလွန် လိုလား မက်မောကြ၏၊ ထိုဂုဏ် ရရှိရေးအတွက် မိမိကျင့်သုံးရမည့်သီလကို ဖျက်ဆီးမိကြသဖြင့် **'ဂုဏ်မက်လျှင် ဂုဏ်ပျက်တတ်သည်'** ဆိုသည့်အတိုင်း မိမိရရှိပြီးသော ဂုဏ်များပါ ပျက်စီးတတ်ကြရ၏။

**"ပုနစပရံ ဘိက္ခဝေ သီလဝတော သီလသမ္ပန္နဿ ကလျာဏော ကိတ္တိ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ။**

ဟူ၍ အင်္ဂုတ္တရ ပါဠိတော်၌ ဘုရားရှင် ဟောတော်မူသည်နှင့်အညီ သီလရှိသော ပုဂ္ဂိုလ်အား ကောင်းသောသတင်း ကျော်စောခြင်းဂုဏ်သည် အလိုလို ဖြစ်ပေါ်လာနိုင်ပေ၏။

**(၂) ဘောဂါ မေ ဥပ္ပဇ္ဇန္တူတိ သီလံ ရက္ခေယျ ပဏ္ဍိတော။**

စည်းစိမ်ဥစ္စာ ချမ်းသာခြင်းတို့သည် ငါ့အား ဖြစ်ပေါ်လာပါစေကုန်သတည်းဟု အလိုရှိသူပညာရှိသည် သီလကိုစောင့်ရှောက်ရာ၏။

ဤကမ္ဘာလောက၌ တိုင်းပြည်အသီးသီး ရှိကြသော လူအမျိုးမျိုးတို့သည် နည်းအဖုံဖုံ ဝါဒအမျိုးမျိုးတို့ဖြင့် စည်းစိမ်ဥစ္စာ ချမ်းသာ တိုးပွားရေးအတွက်

ဆောင်ရွက်အားထုတ်နေကြ၏။ ရုပ်လောကဘက်မှ အမျိုးမျိုး တိုးတက်အောင် ဆောင်ရွက်နေကြသော်လည်း၊ နာမ်လောက ဘက်မှ ကိုယ်ကျင့်သီလ စာရိတ္တ မကျိုင် ယိမ်းယိုင်ပျက်စီးနေကြသဖြင့် လှော်ရင်းနစ်သည့် လှေကဲ့သို့ ချမ်းသာမှု မရရှိနိုင်ကြဘဲ ဆင်းရဲဒုက္ခအမျိုးမျိုးနှင့်သာ ရင်ဆိုင်နေကြရ၏။

ကလိယုဂ် ဆုတ်ကပ်ကာလ၌၊ ကိုယ်ကျင့်သီလဘက်မှ အင်အားနည်းလာကြ သည်နှင့်အမျှ လောဘ၊ ဒေါသ၊ မောဟတရားများ ပိုမိုထွန်းကားလာကြ၏။

> တတ္ထ လောဘုဿဒါယ ပဇာယ ဒုဗ္ဘိက္ခန္တရကပ္ပေါ ဟောတိ၊ မောဟုဿဒါယ ရောဂန္တရကပ္ပေါ၊ ဒေါသုဿဒါယ သတ္ထန္တရ ကပ္ပေါ-

ဟု သုတ်ပါထေယျ အဋ္ဌကထာ လာသည်နှင့်အညီ

(က) လောဘထွန်းကားလာသဖြင့် ဆန်ရေစပါး ရှားပါး၍ အစားအစာ ငတ်မွတ်ခြင်းဘေး၊ ဒုဗ္ဘိက္ခန္တရကပ်။

(ခ) ဒေါသလွန်ကဲသဖြင့် အချင်းချင်းသတ်ဖြတ်ကြသည့် လက်နက်ဘေး သင့်ခြင်း၊ သတ္ထန္တရကပ်။

(ဂ) မောဟလွန်ကဲသဖြင့် ရောဂါအမျိုးမျိုး ကပ်ရောက်ခြင်း ရောဂန္တရ ကပ်ဟု ဆိုအပ်သော ကပ်ကြီးသုံးပါး ကျရောက်ရ၏။

ထို့အပြင် လောဘကြောင့် မီးဘေး၊ ဒေါသကြောင့် ရေဘေး၊ မောဟ ကြောင့် လေဘေးများ သင့်ရ၏။ နောက်ဆုံးအချိန်တွင် လောဘလွန်ကဲသော ကမ္ဘာကြီးကို မီးဖျက်၍ငင်း၊ ဒေါသလွန်ကဲလျှင် ရေဖျက်၍ငင်း၊ မောဟ လွန်ကဲလျှင် လေဖျက်၍ငင်း၊ ကမ္ဘာကြီးပါ ပျက်စီးရလေ၏။

> ဣဓ ဘိက္ခဝေ သီလဝါ သီလသမ္ပန္နော အပ္ပမာဒါဓိကရဏံ မဟန္တံ ဘောဂက္ခန္ဓံ အဓိဂစ္ဆတိ။

ဟု ဘုရားရှင် ဟောတော်မူသည်နှင့်အညီ သီလရှိ၍ သီလနှင့်ပြည့်စုံသောသူမှာ ပြဆိုအပ်ပြီးသော ဘေးဒုက္ခအမျိုးမျိုးတို့မှ လွတ်မြောက်ပြီးလျှင်၊ သီလကို စောင့်သုံးရာ၌ မမေ့မလျော့ခြင်း အပ္ပမာဒတရားကို အခြေခံထား၍ စည်းစိမ် ဥစ္စာ များစွာကို ရရှိခံစားနိုင်ကြ၏။

**(၃) ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ လောကံ ဥပ္ပဇ္ဇိဿာမိတိ၊ သီလံ ရက္ခေယျ ပဏ္ဍိတော။**

ခန္ဓာကိုယ်ပျက်စီးပြီး၍ သေသည်မှ နောက်ကာလ၌ နတ်ပြည် လောကသို့ ဖြစ်ရ ရောက်ရလိမ့်မယ်ဟု အလိုရှိသော ပညာရှိသည် သီလကို စောင့်ရှောက်ရာ၏။

ဤဘဝတွင် လူ့ပြည် စည်းစိမ် ချမ်းသာကိုသာ မက နောင်တမလွန်ဘဝ၌လည်း ဤလူ့ဘဝစည်းစိမ်ထက် ပိုလွန်ချမ်းသာသော နည်ပြည်ချမ်းသာကိုလည်း လိုချင်တောင့်တကြ၏။ နတ်ပြည်ရောက်ကြောင်း ဆုတောင်းကြ၏။ သို့သော် ကိုယ်ကျင့်သီလမရှိကြသဖြင့် နတ်ပြည်ချမ်းသာကို မရရှိနိုင်ကြဘဲ အပါယ်ငရဲ ဝဋ်ဆင်းရဲနှင့်သာ တွေ့ကြုံနေကြရ၏။

**သဂ္ဂါရောဟဏသောပါဏံ၊ အညံ သီလသမံ ကုတော၊**

**ဒွါရံ ဝါ ပန နိဗ္ဗာန၊ နဂရဿ ပဝေသနေ။**

**ဝိသုဒ္ဓိမဂ် အဋ္ဌကထာ** လာသည်နှင့် အညီ နတ်ပြည်သို့ တက်ရာတွင် သီလ တည်းဟူသော စောင်းတန်းလှေခါးဖြင့် တက်ကြရ၏။ သီလနှင့် တူသော အခြားသော နတ်ပြည်တက်ရန် စောင်းတန်းလှေခါးမည်သည်မရှိ၊နိဗ္ဗာန်မြို့တော်ကြီးသို့ ဝင်ရာ၌လည်း သီလတည်းဟူသော တံခါးမှသာလျှင် ဝင်ရောက်နိုင်ကြ၏။ သီလမှတပါး အခြားသောနိဗ္ဗာန်မြို့တော်သို့ဝင်ရန် တံခါးပေါက်မည်သည် မရှိနိုင်ပေ၊ သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်ကား၊ လူ့ပြည်ချမ်းသာ, နတ်ပြည် ချမ်းသာဟူသော ဝေဒယိတသုခ လောကီချမ်းသာမျိုးကို မဆိုထားဘဲ၊လောကီ ချမ်းသာထက် မနှိုင်းယှဉ်နိုင်လောက်အောင် သာလွန်ထူးမြတ်သော သန္တိသုခ နိဗ္ဗာန်ချမ်းသာကြီးကိုပင် ရရှိနိုင်ပါပေ၏။

ထို့ကြောင့် ပစ္စက္ခဘဝ၌ပင်လျှင် ကပ်ကြီးသုံးပါးတို့မှ လွန်မြောက်လျက် အသက်ရှည်စွာနေရခြင်း၊ ကျော်စောသတင်း ဂုဏ်ကို ရခြင်း၊ စည်းစိမ် ဥစ္စာ ချမ်းသာကိုရခြင်း၊ နောင်တမလွန်ဘဝ၌ နတ်ပြည် စည်းစိမ် ချမ်းသာကိုရခြင်း စသော လောကီချမ်းသာနှင့် အဆုံးဘဝ ၌လည်း အချမ်းသာဆုံး သန္တိသုခ

နိဗ္ဗာန်ချမ်းသာကို ရရှိလိုကြသော ပညာရှိအပေါင်း သူတော်ကောင်းတို့သည် မိမိနှင့်တကွ မိမိနှင့်စပ်ဆိုင်ရာ ကလေးသူငယ်များ တိုင်အောင် မကျန်ရစေဘဲ၊ ချမ်းသာခြင်း၏ အရင်းမူလ ပဓာနဖြစ်သော သီလတရားကို ကြိုးစား အားထုတ်နိုင်ကြပါစေကုန်သတည်း။

သက်တော် (၉၀) သိက္ခာတော် (၇၀)ရောက်ရှိတော်မူသော မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ သာသနာပိုင် စံကင်းဆရာတော် ဘုရားကြီး၏ သက်တော်ရှည်ပူဇော်ပွဲကျင်းပရာ၌ ဓမ္မဒါန ဝေငှခဲ့ပါသည်။

—၀—

(၁၃၂၄-ခု)

ဝိနည်းပြန့်ပွဲ ဩဝါဒတရားတော်

လွန်ခဲ့သော ဝါဆိုလဆန်း၁၄-ရက်နေ့က၊ သံဃာတော်တို့အား ပြောဟောသော ဩဝါဒ တရားစကား၌၊ကုသိုလ်ကံက ချမ်းသာကိုပေးသည်၊ အကုသိုလ်ကံက ဆင်းရဲကိုပေးသည်။ ကံမှ တပါး ဆင်းရဲချမ်းသာကို ပေးတတ်သူမရှိဟု ပါရှိသည်။

ထိုကံ နှစ်မျိုးတို့သည် သတ္တဝါတို့၏ သန္တာန်၌ အမြဲရှိနေ၍ အခွင့်သာတိုင်း ကောင်းကျိုး မကောင်းကျိုးကို ပေးနေကြသည်။ သတ္တဝါတို့ ကိုယ်စီကိုယ်စီ ဆည်းပူးစုဆောင်း၍ ရှိနေကြသော စေတနာကံဟောင်းတို့သည် အလွန်များပြားကုန်၏။ ထို ကံဟောင်းတို့ကို အဘယ်မျှ များပြားလိမ့်မည်နည်းဟု စဉ်းစားနိုင်းချိန်ရန်မှာ"သဲလုံးကုဋေတသန်းရှိ သဲပွင့်တို့ထက်ပင် အရေအတွက် များပြားလိမ့်မည်"ဟု ပညာရှိတို့ ပြောဟောကြသည်ကို တောက်ချင့်၍ စဉ်းစားနိုင်သည်။

ထိုစေတနာတို့သည် နိဗ္ဗာန်သို့ မရောက်သေးဘဲ သံသရာ၌ ကျင်လည်၍နေရသော ၎င်းကံရှင်အား အခွင့်ရတိုင်း အကျိုးကိုပေးနေကြမည်၊ ဘုရားရှင်၏ တရားဒေသနာတော်ကို အသင့်အတင့် တတ်သိနားလည်သူတိုင်းပင် စေတနာကံဟောင်းတို့၏ အကျိုးပေးပုံကို သိကြပေမည်။

ပုပ္ပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ ဟု ဆိုအပ်သော အာရုံ၆-ပါးကို မြင်ရ,ကြားရ နံရ,စားရ,ထိရ,တွေးတောရသောအခါ အနိဋ္ဌာရုံ ဖြစ်အံ့ အကုသိုလ်ကံ၏အကျိုး၊ ဣဋ္ဌာရုံဖြစ်အံ့ ကုသိုလ်ကံ၏အကျိုးဟု သိကြရမည်။ အနိဋ္ဌာရုံနှင့် ဣဋ္ဌာရုံတို့တွင် အချိုကား သိမ်မွေ့နူးညံ့၏။ အချိုကား သေးငယ်၏၊ အချိုကား ကြီးမား၏။

ကံဟောင်းတို့ အကျိုးပေးရာ၌ ကံသစ်နှင့်တွဲဘက်၍ အကျိုးပေးတတ်သည်လည်း ရှိသည်။ ကံသစ်ကြောင့် အကျိုးမပေးဘဲ နေတတ်သည်လည်း ရှိသည်။ ကုသိုလ်ကံဟောင်း ကုသိုလ်ကံသစ်တွဲ၍ ကောင်းကျိုး ကြီးမားစွာ ပေးတတ်သည်၊ အကုသိုလ်ကံဟောင်း အကုသိုလ် ကံသစ် တွဲ၍ မကောင်းကျိုး ကြီးမားစွာပေးတတ်သည်၊ အကုသိုလ်ကံဟောင်းကို ကုသိုလ်ကံသစ်က အကျိုး မပေးအောင် တားမြစ်နိုင်သည်၊ ကုသိုလ်ကံဟောင်းကို အကုသိုလ် ကံသစ်က အကျိုးမပေးရအောင် တားမြစ်နိုင်သည်။

ယခုဘဝ၌ ကုသိုလ်ကံသစ်များစွာဖြစ်ဖို့ အားထုတ်သင့်ကြသည်၊ ဝါဆိုလကို "ထူးမြတ်သော **လ မြတ်ဝါဆို**"ဟု သမုတ်ခေါ်ဆိုကြ၍၊ကုသိုလ်တရားတို့ကို ပွားများ အားထုတ်ကြခြင်းသည် ကုသိုလ်ကံသစ်ရဖို့ ဆည်းပူး ကြခြင်းပင် ဖြစ်သည်။

ဤ ဝိသုဒ္ဓါရုံ ကျောင်းတိုက်၌ ရှေး ဆရာတော်ဘုရားကြီးတို့၏ စည်းမျဉ်း ဥပဒေအရ ဝါဆိုလဆန်း ၁၀-ရက်မှစ၍၊ လဆန်း ၁၄-ရက်နေ့အထိ ပဒ်ပါဠိ အက္ခရာမှန်ကန်၍ အရပ်အဆိုင်း ညီညွတ်စေခြင်းငှာ ညှိနှိုင်းတိုက်ဆိုင် ရွတ်ဆိုကြခြင်း၊ လပြည့်ကျော် (၂)ရက်နေ့မှစ၍ (၄)ရက်နေ့အထိ ဝိနည်းတရားတော်နှင့်တကွ ပရိတ် မေတ္တာဘာဝနာ ပွားများနည်း ညဉ့်ရွတ်စဉ်၊ နံနက်ရွတ်စဉ်တို့ကိုပါ သံဃာတော် (၃၇၀) ကျော်တို့ လေးစုခွဲ၍ နှုတ်လွတ်အရ ပြန်ဆိုကြခြင်းသည် ကုသိုလ်ကံသစ် ရအောင် ပြုလုပ်ဆောင်ရွက်ကြခြင်းပင် ဖြစ်ပေသည်။

ယနေ့မှစ၍ ဝါတွင်း ဝါပ လတိုင်း ရက်တိုင်း ညဉ့်နံနက်မပြတ် ဘုရားရှင်၏ ရှေတော်၌ ကုသိုလ်ကံသစ် ရရှိရန် ရွတ်ဘတ်သရဇ္ဈာယ် ကြရမည်ပင် ဖြစ်သည်။

ငါတို့သည် ကလျာဏကမ္မဟုဆိုအပ်သော ကောင်းသောကံ၏ ကောင်းသော အမွေခံဖြစ်ကြသဖြင့် လောကီ၊ လောကုတ္တရာ၊ နိဗ္ဗာန် တိုင်အောင်သော ချမ်းသာကို အမှန်မုချ ရကြရပေမည်ဟူ၍ ယုံကြည် အားထားလျက် ဝမ်းမြောက် ဝမ်းသာ သဒ္ဓါတရား ပွားများနိုင်ကြ ပါစေကုန်သတည်း။

လူထုသတင်းစာ (၂၀-၇-၆၂)နေ့ထုတ်မှ ကူးယူဘော်ပြသည်။

## ( ၁၃၂၄-၃ )

## ဩဝါဒ တရားတော်

ယခုနှစ် ဝါဆိုလနှင့် စပ်၍ ပြောဟောခဲ့ရသော တရားစကားတို့တွင်သတ္တဝါတို့၏ သန္တာန်၌ အမြဲမပြတ် ဖြစ်ပေါ်၍ နေကြသော ကုသိုလ် အကုသိုလ်ကံနှစ်မျိုးကိုရင်း၊ ကံတို့၏ အကျိုးဖြစ်ပုံကိုရင်း ထည့်သွင်း ပြသခဲ့သည်။

အကြောင်းကံ နှစ်ပါးတို့တွင် အကုသိုလ်ကံ ဖြစ်ရာ၌ အလွန် သေးငယ်သော အကုသိုလ်ကံပင် ဖြစ်သော်ငြားလည်း၊ အလွန် ကြောက်မက်ဖွယ်ကောင်းသည်၊ ကြောက်မက်ဖွယ်ကောင်းသည်ကို သတ္တဝါတို့ မြင်နိုင်သိနိုင်ခဲ၏၊ အချို့သူတို့ကား ကြောက်မက်ဖွယ်ဟူ၍ပင် မမှတ်ကြ၊ ထိုသို့ မမှတ်ခြင်းသည် ပရမတ္ထသဘောအားဖြင့် မိစ္ဆာဒိဋ္ဌိ စေတသိက်ကြောင့်ပင် ဖြစ်၏။ ထိုစေတသိက်သည် အမှန်ကို မသိ၊ အမှားကိုသာ သိမြင်သည်၊ မိစ္ဆာဒိဋ္ဌိ၏ ဖြစ်ချက်ကို....

> ယထာဟိ မုဂ္ဂမာသပ္ပမာဏာပိ ပါသာဏသက္ခရာ ဥဒကေ ပတိတာ ဥပရိ ပဝတ္တမာနာနံ နတ္ထိ၊ ကေန္တံ့ ဟေဋ္ဌာဝ ပတတိ၊ ဧဝမေဝ အန္တမသော သက္ကာယဒိဋ္ဌိပိ သဂ္ဂံ ဥပနေတုံ သမတ္ထာနာမ နတ္ထိ၊ အပါယေသုယေဝ နိမုဇ္ဇာပေတိ။

ဟူသော ဤအဋ္ဌကထာစကားဖြင့် သိအပ်၏။

ဟိ တံ ပါကဋံကရောမိ- ထိုစကားကို ထင်ရှားပြဦးအံ့။ မုဂ္ဂမာသပ္ပမာဏာပိ- ပဲနောက် ပဲကြီး ပမာဏမျှ ရှိသော်လည်း။ ပါသာဏသက္ခရာ- ကျောက်ခဲကျောက်စရစ်သည်။ ဥဒကေ-ရေ၌။ ပတိတာ- ကျလတ်သည်ရှိသော်။ ဥပရိ- ရေပေါ်၌။ ပဝတ္တမာနာနာမ- ပေါ်လောပေါ်သည် မည်သည်။ နတ္ထိ- မရှိ။ ကေန္တံ-စင်စစ်။ ဟေဋ္ဌာဝ- အောက်သို့သာလျှင်။ ပတတိယထာ- ကျသကဲ့သို့။ ဧဝမေဝ- ဤအတူသာလျှင်။ အန္တမသော-အယုတ်ဆုံး အားဖြင့်။ သက္ကာယဒိဋ္ဌိပိ- သက္ကာယ ဒိဋ္ဌိသည်လည်း။ သဂ္ဂံ-နတ်ရွာသို့။ ဥပနေတုံ- ဆောင်ခြင်းငှာ။ သမတ္ထာနာမ- စွမ်းနိုင်သော ဒိဋ္ဌိမည်သည်။ နတ္ထိ-မရှိ။ အပါယေသုယေဝ- အပါယ်ဘုံတို့၌သာလျှင်။ နိမုဇ္ဇာပေတိ- နစ်မြုပ်စေ၏။

ဤ အဋ္ဌကထာ၌ ဆိုသော သက္ကာယဒိဋ္ဌိမျိုးသည်ကား ဗုဒ္ဓဘာသာ ခေါ်ဆို၍ နေကြသော ပုဂ္ဂိုလ်သတ္တဝါတို့၌ပင် မပြတ်မပြတ် ဖြစ်နေတတ်၏။ ထို့

ထက်အာနိသင် ကြီးမားသော နိယတမိစ္ဆာဒိဋ္ဌိတို့သည်ကား ပိုမိုအားကြီးစွာပင် ကြောက်ရွံ့ထိုက်ပေသည်။ နိယတ မိစ္ဆာဒိဋ္ဌိတို့ ကြောက်ရွံ့ဖွယ် အပြစ်ကြီးလေးပုံကို ဤ ဆိုလတံ့သော အဋ္ဌကထာစကားဖြင့် သိအပ်၏။

> ပဉ္စဟိ အာနန္တရိယ ကမ္မာနိ မဟာသာဝဇ္ဇာနိနာမ၊ တေဟိပိ မိစ္ဆာဒိဋ္ဌိယေဝ မဟာသာဝဇ္ဇတရာတိ အဓိပ္ပါယော၊ ကသ္မာ၊ တေသံ ဟိ ပရိစ္ဆေဒေါ အတ္ထိ၊ စတ္တာရိ ဟိ အာနန္တရိယ ကမ္မာနိ နိရယေ၊ နိဗ္ဗတ္တာပေန္တီတိ ဝုတ္တာနိ၊ သံဃဘေဒကမ္မံပိ နိရယေ ကပ္ပဋ္ဌိတိကမေဝ ဟောတိ၊ ဧဝမေတေသံ ပရိစ္ဆေဒေါ အတ္ထိ၊ ကောဋိ ပညာယတိ၊ နိယတမိစ္ဆာဒိဋ္ဌိယာ ပန ပရိစ္ဆေဒေါ နတ္ထိ၊ သာဟိ၊ ဝဋ္ဋဿ မူလံ၊ တာယ သမန္နာဂတဿ ဘဝတော ဝုဋ္ဌာနံ နတ္ထိ၊ ယေ တဿ သော တဗ္ဗံ မညန္တိ၊ တေပိ ဝိပ္ပတိပါဒေတိ၊ တာယ သမန္နာဂတဿ နေဝ သဂ္ဂေါ အတ္ထိ၊ န မဂ္ဂေါ ကပ္ပဝိနာသေ မဟာဇနေ ဗြဟ္မလောကေ နိဗ္ဗတ္တန္တေ နိယတမိစ္ဆာဒိဋ္ဌိကော တတ္ထ အနိဗ္ဗတ္တိတွာ ပိဋ္ဌိစက္ကဝါဠေ နိဗ္ဗတ္တတိ။

ဟိသစ္စံ-မှန်၏။ ပဉ္စဟိ-ငါးပါးကုန်သော။ အာနန္တရိယကမ္မာနိ-အာနန္တရိယ ကံတို့သည်။ မဟာသာဝဇ္ဇာနိနာမ- အပြစ်ကြီးသော ကံမည်ကုန်၏။ တေဟိပိ- ထိုကံတို့ထက်လည်း။ မိစ္ဆာဒိဋ္ဌိယေဝ- မိစ္ဆာဒိဋ္ဌိသည်သာလျှင်။ မဟာသာဝဇ္ဇတရာ- အလွန်ကြီးမားသော အပြစ်ရှိ၏။ ဣတိအယံ- ဤသည်ကား။ အဓိပ္ပါယော- အလိုတည်း။ ကသ္မာ- အဘယ့်ကြောင့် နည်းဟူမူ။ ဟိယသ္မာ-အကြင့်ကြောင့်။ တေသံ-ထိုအာနန္တရိယကံ ငါးပါးတို့၏။ ပရိစ္ဆေဒေါ- အပိုင်းအခြားသည်။ အတ္ထိ-ရှိ၏။ ဟိဝိတ္ထာရေမိ- ချဲ့ဦးအံ့။ စတ္တာရိ- လေးပါးကုန်သော။ အာနန္တရိယကမ္မာနိ-အာနန္တရိယကံတို့ကို။ နိရယေ-ငရဲ၌။ နိဗ္ဗတ္တာပေန္တီတိ- ဖြစ်စေတတ်ကုန်၏ ဟူ၍။ ဝုတ္တာနိ-ဆိုအပ်ကုန်၏။ သံဃဘေဒကမ္မံပိ- သံဃဘေဒကံသည်လည်း။ နိရယေ-ငရဲ၌။ ကပ္ပဋ္ဌိတိကမေဝ- အာယုကပ်ပတ်လုံးမျှသာ။ ဝါ- အသင်္ချေယျကပ်ပတ်လုံးမျှသာ တည်စေတတ်သည်။ ဟောတိ-ဖြစ်၏။ ဧဝံ- ဤသို့။ ဧတေသံ- ထိုအာနန္တရိယကံတို့၏။ ပရိစ္ဆေဒေါ- အပိုင်းအခြားသည်။ အတ္ထိ-ရှိ၏။ ကောဋိ- အဆုံးအစွန်သည်။ ပညာယတိ- ထင်၏။ နိယတမိစ္ဆာဒိဋ္ဌိယာပန- နိယတမိစ္ဆာဒိဋ္ဌိ ကံ၏ကား။ ပရိစ္ဆေဒေါ- အပိုင်းအခြားသည်။ နတ္ထိ-မရှိ။ ဟိသစ္စံ- မှန်၏။ သာ- ထိုနိယတမိစ္ဆာဒိဋ္ဌိသည်။ ဝဋ္ဋဿ- ဝဋ်ဆင်းရဲ၏။ မူလံ- အမြစ်အရင်းတည်း။ တာယ- ထိုနိယတမိစ္ဆာဒိဋ္ဌိနှင့်။ သမန္နာဂတဿ- ပြည့်စုံသောသူအား။ ဝါ- ပြည့်စုံသောသူ၏၊ ဘဝတော- ဘဝမှ။ ဝုဋ္ဌာနံ-

ထမြောက်ခြင်းသည်။ နတ္ထိ- မရှိ။ ယေ- အကြင်သူတို့သည်။ တဿ- ထိုတိတ္ထိဆရာ၏ စကားကို။ သောတဗ္ဗံ- လိုက်နာသင့်၏ဟူ၍။ မညန္တိ- ထင်ရောက် မှောက်မှား ကုန်၏။ တေပိ - ထိုသူတို့ကိုလည်း။ ဝိပ္ပတိပါဒေတိ- အကျင့်မှောက်မှား ပျက်ပြား ချွတ်ယွင်းစေ၏။ တာယ- ထိုနိယတမိစ္ဆာဒိဋ္ဌိအယူနှင့်။ သမန္နာဂတဿ- ပြည့်စုံသောသူအား။ ဝါ-သူ၏။ သဂ္ဂေါ- သုဂတိသည်။ နေဝအတ္ထိ-မရှိ။ မဂ္ဂေါ- မဂ်ရခြင်းသည်။ နအတ္ထိ- မရှိ။ ကပ္ပဝိနာသေ- ကမ္ဘာပျက်သောအခါ၌။ မဟာဇနေ- သတ္တဝါအများသည်။ ဗြဟ္မလောကေ- ဗြဟ္မာ့ဘုံ၌။ နိဗ္ဗတ္တန္တေ- ဖြစ်ကြလတ်သော်၊ နိယတမိစ္ဆာဒိဋ္ဌိကော- နိယတမိစ္ဆာ အယူရှိသူသည်။ တတ္ထ-ထိုဗြဟ္မာ့ဘုံ၌။ အနိဗ္ဗတ္တိတွာ-မဖြစ်ရမူ၍။ ပိဋ္ဌိ စက္ကဝါဠေ - မီး, ရေ, လေ မရောက်သော နောက်ဘေး စကြဝဠာ၌။ နိဗ္ဗတ္တတိ-ဖြစ်ရ၏။

ဤသို့လျှင် အကုသိုလ်ကံဘက်က အဖြစ်များလျက်ရှိနေလျှင် အကုသိုလ်ကံ၏ မကောင်းကျိုးတို့ကို ရယူခံစားကြရလိမ့်မည်ဖြစ်၍ ကုသိုလ်ကံသစ် အဖြစ်များကြစေရန် ထပ်မံတိုက်တွန်းသောအားဖြင့် ဩဝါဒစကား မိန့်ကြားသိစေအပ်သည်။

(သတင်းစာတွင် ထည့်သွင်းသည်ဖြစ်၍ သတင်းစာဖတ်သူတို့သည် အထပ်ထပ် ကြည့်ရှုဖတ်ဆိုလျက် အကုသိုလ်ကံ၏ ဖြစ်ချက်ကို လေးလေးနက်နက် စဉ်းစားကြောက်ရွံ့ခြင်းများသဖြင့် အကုသိုလ်ကံတရားကို ရှောင်ရှား ပယ်ကြဉ်နိုင်ကြပါစေကုန် သတည်း။)

လူထုသတင်းစာ (၃၁-၇-၆၂)

# အခတ်း (၂)

## ဩဝါဒ ပေးစာ

၁၃၂၀-ခု၊ နယုန်လဆန်း(၁၂)ရက်နေ့စွဲ (၁၉၅၉၊ ဂျွန် ၁၇ ) ရန်ကုန်မြို့ သာသနာရေးဌာနမှ- ဩဝါဒပေးသနားတော်မူရန် သံဃာယမကင်း မရှင်းမလင်း ဖြစ်နေပါ၍ စသည်ဖြင့် ကရုဏာရှေ့ထားတော်မူရန် လျှောက်ထားမေးမြန်း၏။

(၁) နတ်များအား ဗလိနတ်စာကျွေးခြင်း ဟူသော အာမိသဒါန နှင့် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်း ဘောဇဉ်တို့ ဖြင့် လှူဒါန်း ပူဇော်၍ နတ်တို့အား အမျှပေးဝေခြင်း ဟူသော ဓမ္မဒါနတို့တွင် မည်သည့် ဒါနက နတ်များအတွက် ပိုမို၍ အကျိုးကျေးဇူး ခံစားရပါမည်နည်း။

(၂) ထို အာမိသဒါနနှင့် ဓမ္မဒါန်တို့ ပြုလုပ်ရာ တွင် တိုင်းသူ ပြည်သား များအတွက် မည်သည့်ဒါနက ပိုမို၍ အကျိုးကျေးဇူး ခံစားရပါမည်နည်း။

ဗန္ဓုလမောင်စိန်
သာသနာ့ ညွှန်ကြားရေးဝန်
၁၇-၆-၅၉

**မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ်**
**အဘိဓ္ဓဇမဟာရဋ္ဌဂုရု**
**စံကင်းဆရာတော်၏ ပြန်ကြားစာ**

၁။ (က) နတ်များအား ဗလိနတ်စားကျွေးခြင်း ဟူသော အာမိသဒါန နှင့်ပတ်သက်၍ သဘာဝယုတ္တိဖြင့် ကြည့်ရသော် နတ်များတိုက်ရိုက် သုံးဆောင် ခံစားရခြင်း သဘောကျကျေနပ်ခြင်း နှစ်သက်ဝမ်းမြောက်ခြင်း ဟုဆိုအပ်သော "ပီတိပါမောဇ္ဇ"ဖြစ်ခြင်း အကျိုးရှိနိုင်သည်။

(ခ) ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းဘောဇဉ် တို့ဖြင့် ကျွေးမွေး လှူဒါန်းပူဇော်၍ နတ်တို့အား အမျှပေးဝေခြင်းဟူသော ဓမ္မဒါနနှင့် ပတ်သက်၍ အာဂမသဘာဝ ယုတ္တိသာဓကတို့ဖြင့် ပြရသော်—

**အတ္တနော သန္တာနေ နိဗ္ဗတ္တဿ ပုညဿ ပရေဟိ သာဓာရဏ ဘာဝံ ပစ္စာသိသနစေတနာ ပတ္တိဒါနံ နာမ။**

ဟူသော အဘိဓမ္မတ္ထ ဋီကာ အရပ်ရပ်တို့၌ လာသည်နှင့် အညီ မိမိသန္တာန်၌ ဖြစ်သော ကုသိုလ်ကောင်းမှုကို (သူတပါး) သတ္တဝါအများတို့နှင့် ဆက်ဆံ ရောရှက် ထောင့်တချက် ကောင်းလှသော စေတနာတရားသည် ပတ္တိဒါနမည် ရကား ထိုပတ္တိဒါန ဓမ္မဒါနကြောင့် သာဓုခေါ်မှု ပတ္တာနုမောဒနာ ပြုသော နတ်တို့သည်သာ အမြဲမကွာ ဘာဝနာကုသိုလ် စိတ္တုပ္ပါဒ်တို့ ဖြစ်ရမြဲဓမ္မတာ ကြောင့် ကောင်းမြတ်လှတော့၏။

သို့ရာတွင် (က) (ခ) နတ် ၂-မျိုးလုံးအတွက် (ပဋိဂ္ဂါဟက)ခံယူတတ်သော နတ်ဖြစ်မှသာ ဆိုအပ်ပြီးသော အကျိုးတို့ရရှိ၏။

ထိုသို့ ရရှိခြင်းအကျိုး ၂-မျိုးတွင် အဘယ်အကျိုး ရရှိခြင်းက ပိုမို၍ အကျိုး ကျေးဇူး ခံစားရပါမည်နည်းဆိုလျှင် ဘာဝနာကုသိုလ် စိတ္တုပ္ပါဒ်သည် သမာဓိ သုခဖြစ်ရကား....

"**ဒွေမာနိ ဘိက္ခဝေ သုခါနိ၊ ကတမာနိ ဒွေ သမာဓိသုခဉ္စ အသမာဓိ သုခဉ္စ**" စသော "**အင်္ဂုတ္တရပါဠိ**" အရ သမာဓိ သုခသည်သာ အမြတ်ဆုံး အမွန်ဆုံးဖြစ်၍ ဘာဝနာကုသိုလ် စိတ္တုပ္ပါဒ် ဖြစ်စေသော အမျှ ပေးဝေခြင်း

ပဏ္ဍိတဒါန (ဓမ္မဒါန) သည်သာ ပင်္ဂလိဂါဟက နတ်များအတွက် ပိုမို၍ အကျိုး ကျေးဇူးခံစားရပေမည်။

အာမိသပူဇာ ဓမ္မပူဇာ ၂-မျိုးဖြင့် ယှဉ်စပ် ကြည့်ရှုနိုက်လည်း ဓမ္မပူဇာသည် သာ တေဂ္ဂဖြစ်၏ဟု ဘုရားရှင်ဟောတော်မူသည်။

(၂) ဒါနရှင် တိုင်းသူပြည်သားများအတွက်ကား နောင်လာနောက်သား အစဉ်အဆက်မပျက် အယူမှန် အမြင်မှန် အချက်မှန် ကျန်စေခြင်း ဟု ဆိုအပ် သော **"သမ္မာဒိဋ္ဌိနုဂတိ"** ဖြစ်စေရန်နှင့် နတ်တို့၏ စောင်မကြည့်ရှုခြင်းကို ပဓာနမထားဘဲ မည်သည့်ဒါနဘဲပြုပြု **"ဝိဝဋ္ဋနိဿိတ ပါရမီကုသိုလ်ဒါန"** ဖြစ်ရန်သာ တိုက်တွန်းလိုသည်။ ပိုမို၍ အကျိုးကျေးဇူး ခံစားရမည်ဖြစ်ကြောင်း ဩဝါဒပေးလိုက်သည်။

(ပုံ) စံကင်းဆရာတော်
(၁၃၂၁-ခု၊ နယုန်လဆန်း ၁၂-ရက်)

—၀—

ပြည်ထောင်စု မြန်မာနိုင်ငံတော်
မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊
ရွှေကျောင်းနိကာယ ဗဟိုဌာန

အဘိဓ္ဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီးထံမှ

၁၃၂၀–ခု၊ ပထမဝါဆိုလဆုတ် ၉–ရက်။

၁၉၅၈–ခု၊ ဇူလိုင်လ ၉–ရက်။

ဆီွဒင်ပြည် စတော့ဟုမ်းမြို့
ကမ္ဘာ့ငြိမ်းချမ်းရေး ညီလာခံအဖွဲ့ကြီးသို့

ဗုဒ္ဓဘာသာ မြန်မာဘုန်းကြီး တပါးအနေဖြင့် ဤညီလာခံ လူထုကြီးသို့ ငြိမ်းချမ်းရေးစာလွှာကို ရေးသားပေးပို့လိုက်သည်။

ဗုဒ္ဓဘာသာ တရားတော်အရ ဗြဟ္မဝိဟာရတရား လေးပါးကို ညီလာခံလူထုကြီးမှ တဆင့် ကမ္ဘာလုံး ပြန့်လွင့်စေ၍ သိစေ လိုက်နာစေလိုသည်ဖြစ်ကြောင်း။

မိမိနှင့်တကွ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါများအပေါ်၌ ချမ်းသာကို အလိုရှိခြင်း, ဆင်းရဲကို စက်ဆုပ်ခြင်း, အသက်ရှည်လိုခြင်း, မသေလိုခြင်းသဘောမျိုး ဖြစ်အောင် သွေးဆောင်မွေးမြူခြင်း, အကျိုးလိုလားခြင်း– "မေတ္တာ"

ဆင်းရဲသော သတ္တဝါတို့ကို မြင်–ကြား အောက်မေ့၍ သနားခြင်း– "ကရုဏာ"

ချမ်းသာသော သတ္တဝါကို မြင်–ကြား အောက်မေ့၍ ဝမ်းသာခြင်း– "မုဒိတာ"

ဆိုအပ်ပြီးသော မေတ္တာ– ကရုဏာ– မုဒိတာတို့ မဖြစ်ပေါ်ခိုက် ငြိမ်သက်တည်တံ့နေခြင်းဟု ဆိုအပ်သော "ဥပေက္ခာ"။

ထိုတရားလေးပါးကိုသာ သတ္တဝါများလက်ကိုင်ထား၍ ကျင့်သုံးသွားလာ ဆက်ဆံပေါင်းသင်းနေကြပါမူ ဤအဖွဲ့ကြီးနှင့် ဤညီလာခံကြီးကိုပင် ဖွဲ့စည်းကျင်းပနေကြရန် လိုဘဲ အလွန်ထူးကဲစွာ ချမ်းသာနေကြပေမည်။

ထိုတရားလေးပါးကို ညီညွတ်စွာ ကျင့်သုံးကြရန် အတွက် ထိုအဖွဲ့ကြီးကို ဖွဲ့စည်းခြင်း, ဤညီလာခံကြီးကို ကျင်းပခြင်းဖြင့်– ဆင်ရဲခံနေကြရသည်ဟုလည်း အပြန်အလှန် ယူဆရပေမည်။

လူသတ္တဝါနှင့်တကွ သက်ရှိ–သက်မဲ့ အရာဝတ္ထု အစုစု အစားစားတို့သည် ထာဝစဉ်ပြုပြင်အပ်သော "ပြုပြင်ခံ" ဝတ္ထုပစ္စည်းတို့ ဖြစ်သောကြောင့် ပြုပြင်တိုင်းစီမံတိုင်း ဖြစ်မြောက်အောင်မြင်ခြင်းသို့ ရောက်ကြ၏။

ဖြစ်မြောက်အောင်မြင်ခြင်းသို့ ရောက်သမျှ ဝတ္ထုပစ္စည်းတို့သည်လည်း ပြုပြင်အပ်သော "ပြုပြင်ခံ" ဝတ္ထုပစ္စည်းတို့ဖြစ်သောကြောင့်ပင် ပျက်စီးချုပ်ပျောက်ခြင်းသို့ ရောက်ရမည်အမှန်တည်းဟု ဆင်ခြင်သင့်လှ၏။

ရှေ့ပိုင်း– နောက်ပိုင်းခွဲလျှင် ရှေ့ပိုင်းဖြစ်ခြင်း၊ နောက်ပိုင်း ပျက်ခြင်းဟူသော (ဖြစ်–ပျက်) သဘောအစုံကို ဆင်ခြင်မှုမပြုဘဲ ရှေ့ပိုင်းဖြစ်ခြင်းသဘောကိုသာ ကြည့်ရှုသုံးသပ်၍ ထပ်တလည်းလည်း တပ်မက်လိုချင်ခြင်း **လောဘမီး**–၊ စိတ်ဆိုးခြင်း စိတ်မကောင်းခြင်း **ဒေါသမီး**၊ မလိမ်မာ မသိတတ်ခြင်း **မောဟမီး** တို့သည် ဣမ္ဗာသူကမ္ဘာသား သတ္တဝါအများ၌ ပြင်းထန်စွာ လောင်ကျွမ်းနေကြသည် ဖြစ်သောကြောင့် ထိုမီး (၃) မျိုးတို့ အဝင်အပါ (ဖြစ်–ပျက်) ပစ္စည်းတို့ကို တားဆီးပိတ်ပင်တတ်သော "**ဥပသမ ခေါ် ငြိမ်းချမ်းရေး တရားတော်**" သည်သာ အချမ်းသာဆုံး ပါတကားဟု စဉ်းစားဆင်ခြင်စေလို၍–

ဖော်ပြလတ္တံ့သော ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ ဒေသနာတခုကို လက်ဆောင်ပြုလိုက်ရပေကြောင်း။

**အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော၊**
**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။**

(ပုံ) **စံကင်းဆရာတော်၊**
အဘိဓဇမဟာရဋ္ဌဂုရု၊
ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယက၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်၊

—၀—

## ညောင်ရွှေမြို့၊ ကန်ကြီးပရိယတ္တိစာသင်တိုက်၊ စာပြန်ပွဲနှင့် ကျောင်းတိုက်အထိမ်းအမှတ်ပွဲအတွက် ဩဝါဒ

## တရားအမှတ် (၁)

(က) သာရဉ္စ သာရတော ဉတွာ၊ အသာရဉ္စ အသာရတော၊
တေ သာရ မဓိ ဂစ္ဆန္တိ၊ သမ္မာသင်္ကပ္ပ ဂေါစရာ။
(ဓမ္မပဒ ပါဠိတော်)

(ခ) သီလံ ယာဝ ဇရာ သာဓု၊ သဒ္ဓါ သာဓု ပတိဋ္ဌိတာ၊
ပညာ နရာနံ ရတနံ၊ ပုညံ စောရေဟိ ဒုဟရံ။
(သဂါထာဝဂ္ဂသံယုတ်၊ ဇရာသုတ်ပါဠိတော်)

အနှစ်သာရပြည့်ဝသော သူတော်ကောင်းတရားကိုလည်း အနှစ်သာရပြည့်ဝသောအားဖြင့် သိမြင်ကာ၊ အနှစ်မရှိ အကာအတိဖြစ်သော တိတ္ထိတို့၏ တရားကိုလည်း အနှစ်မရှိ အကာအတိအားဖြင့် သိမြင်ကြ၍၊ သမ္မာသင်္ကပ္ပ၏ ကျက်စားရာ ဖြစ်ကုန်သော ပုဂ္ဂိုလ်တို့သည် သီလ, သမာဓိ အစရှိသော ဂုဏ်အနှစ်ကို ရရှိနိုင်ကြသည် ဟူသော ဒေသနာတော်နှင့် အညီ၊ ကောင်းမြတ်သော အကြံအစည် သမ္မာသင်္ကပ္ပ အလီလီဖြင့် သာသနာတော် အဓွန့်ရှည်စေရန် ရည်သန်သော စိတ်ရှိ၍ ပရိယတ္တိ အခြေခံ ထက်မြက်ရန် အကြောင်းရင်း ကောင်းခြင်းသိုက်မြိုက် စာသင်တိုက် ဖွင့်လှစ်ခြင်းသည် လိုရင်း အနှစ်သာရမှန်သမျှကို၊ ရဘို့ရန်အကြောင်း ကောင်းမြတ်လှပေသည်၊ ယင်းစာသင်တိုက်တာကို ကြီးပွါးရာ ကြီးပွါးကြောင်းဟု ပေါင်းစုဖြာဖြာ သံဃာတော်များကလည်း ပရိယတ္တိ,ပတိပတ္တိဟု ဆိုအပ်သော ဂန္ထဓုရ-ဝိပဿနာဓုရအားဖြင့်ရင်း၊ ဒါယကာ,ဒါယိကာမများကလည်း ဆွမ်း,သင်္ကန်း,ကျောင်း, ဆေး, ပစ္စည်းလေးပါးတို့ဖြင့်ရင်း၊ အားပေးချီးမြှောက်ကြကြောင်း ကြားသိရ၍ အလွန်ဝမ်းမြောက်လှပေသည့်၊ နောင်အနာဂတ်အခါ သာသနာအတွက် ဆက်လက်တည်တံ့ အရှည်ခန့်လိမ့်မည်ဟုလည်း ယုံကြည် ဝမ်းမြောက်မိပေသည်။

ကောင်းမွန်သော စိတ်ထားဖြင့် အားပေးချီးမြှောက် ပစ္စည်း လေးပါး ထောက်ပံ့ကြသော ဒါယကာ, ဒါယိကာမများ အတွက် လေးချက်သော တရားကို ဘုရားဟောအရ ညွှန်၍ပြမည်။

**သီလ** သည်၊ ငယ်ရွယ်စဉ်က အိုချိန်ကျအောင်၊ ကောင်းသောတရားမည်၏၊ **သဒ္ဓါ** သည်၊ ကိုယ့်သန္တာန်မှာ အမြဲတည်စေတို့ ကောင်းသောတရား မည်၏၊ **ပညာ** သည်၊ လူတို့၏ ကောင်းမွန်သောရတနာမည်၏၊ **ကောင်းမှု** သည် သူခိုး မခိုးနိုင်သော တရားကောင်းမည်၏၊ ထိုလေးပါးတို့တွင် သီလသည် ငါးပါး သီလ၊ ရှစ်ပါးသီလ စသည်ရှိရာ ငါးပါးသီလကို ခါးဝတ်အထည်ကဲ့သို့ မြဲစေ ရမည်။

"**သီလဝတော ဘိက္ခဝေ ကိံ နာမ ကမ္မံ န သိဇ္ဈတိ**" သံသရာ ဘေးကို ရှုလေ့ရှိကုန်သော သူတော်ကောင်းတို့၊ သီလရှိကုန်သော ပုဂ္ဂိုလ်တို့၏ အဘယ် မည်သော အမှုကိစ္စသည် မပြီးဘဲရှိအံ့နည်း၊ သီလရှိသောပုဂ္ဂိုလ်တို့၏ အမှုကိစ္စ ဟူသမျှသည် ပြီးသည်သာ၊ ပြည့်စုံသည်သာဖြစ်၏ ဟု မြတ်စွာဘုရား ဟော ကြားတော်မူသည်ကို နားလည်စေရာသည်။

ဘုရား တရား သံဃာ ရတနာသုံးပါးကို ကြည်ညိုခြင်း၊ ကံ ကံ၏အကျိုးကို ယုံကြည်ခြင်းသည် သဒ္ဓါမည်၏၊ ထိုသဒ္ဓါနှင့် ပြည့်စုံသောသူသည် သာသနာ အဓွန့်ရှည်စေရန် ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့နိုင်သည်၊ သဒ္ဓါရှိသူအား ကုသိုလ် အမြဲပွားသည်။

အသိဉာဏ်ကိုပညာဟု ခေါ်သည်၊ ဘုရား တပည့်သား သံဃာတော်များကို ကိုးကွယ် ဆည်းကပ်သဖြင့် တရားဒေသနာတော်ကို ကြားနာရ၍ အသိဉာဏ် တိုးပွားကာ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း ကောင်းစွာသော ကိုယ်ကျင့်တရားများ နှင့် ပြည့်စုံနိုင်သည်။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်း လေးပါး တို့ကို လှူဒါန်းခြင်း သံဃာတော်များ၏ ကိစ္စ ကြီးငယ်ကို ဆောင်ရွက်ခြင်း၊ သမထ ဝိပဿနာများကို ကြိုးစားအားထုတ်ခြင်း စသည်သည် ကောင်းမှုမည်၏၊ ထို ကောင်းမှုကို မည်သည့် သူခိုး ဓားပြမှ မခိုးနိုင် မတိုက်နိုင်၊ ကောင်းမှုသည် ကောင်းမှုရှင်၏နောက်သို့ အရိပ်ပမာလိုက်ကာ မြတ်သော လူချမ်းသာ, နတ် ချမ်းသာမှ စ၍ နိဗ္ဗာန်ချမ်းသာတိုင်အောင် ပေးစွမ်းနိုင်သည်။ ဤသို့ ပြဆိုအပ် ခဲ့ပြီးသော သီလ,သဒ္ဓါ,ပညာ,ကောင်းမှု လေးခုသော သာဓုဓမ္မနှင့် ပြည့်စုံနိုင်ကြ ရာသည်။

သာဂါရာ အနာဂါရာစ၊ ဥဘော အညောညနိဿိတာ၊
အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမံ မနုတ္တရံ။

ဒါယကာဒါယိကာမများနှင့် ဆရာတော်များ အချင်းချင်း ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ မေတ္တာညီမျှ အမှီရကြမှသာလျှင် ယောဂ လေးတန် ကုန်ရာမှန် သည့် နိဗ္ဗာန်ကြငှန်း ဘေးမဲ့နန်းသို့ ရောက်စေခြင်းအလို့ငှာ ပရိယတ္တိသဒ္ဓမ္မ, ပဋိပတ္တိသဒ္ဓမ္မ, ပဋိဝေဓသဒ္ဓမ္မ တည်းဟူသော 'သဒ္ဓမ္မသုံးဖြာ'' သာသနာတော် မြတ်ကြီးကို ပြီးမြောက်အောင် ချီးမြှောက်နိုင်ကြပေသည် ဟူသော ဒေသနာ တော်နှင့်အညီ ချီးမြှောက်နိုင်ကြပါစေ။

ကန်ကြီးပရိယတ္တိစာသင်တိုက်၌ သီတင်းသုံးနေထိုင်ကြသော သံဃာတော်များ နှင့်တကွ ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမအားလုံး ဘေးရန် ကင်းကြပါ စေ၊ စိတ်ချမ်းသာကြပါစေ၊ ကိုယ်ကျန်းမာကြပါစေ၊ မိမိကိုယ်ကို ချမ်းသာ အောင် ဆောင်ရွက်နိုင်ကြပါစေဟု မေတ္တာတရားပွားများ ပို့သလိုက်ရပေ သတည်း။

(ပုံ) စံကင်းဆရာတော်
အဘိဓဇမဟာရဋ္ဌဂုရု
(၁၃၁၆-ခု)

—၀—

## ညောင်ရွှေ ဩဝါဒ

### တရားအမှတ် (၂)

**သုခေါ ဗုဒ္ဓါန မုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မ ဒေသနာ။**
**သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ။**

ဗုဒ္ဓါနံ- ဘုရားရှင် တို့၏။ ဥပ္ပါဒေါ- လောကသုံးပါး၌ ထင်ရှားကဲ့တင့်၊ ပွင့်တော်မူလာခြင်းသည်။ သုခေါ- သတ္တဝါအပေါင်းကို သံသရာတည်းဟူသော ဧရိးခဲမှ ဆွဲထုတ် ကယ်တင်တော် မူတတ်သည်၏ အဖြစ်ကြောင့် ချမ်းသာအစစ် အမြတ်ဆုံး ဖြစ်ပါပေ၏။ သဒ္ဓမ္မဒေသနာ- သဒ္ဓမ္မသုံးပါး သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည်။ သုခါ၊ ဇာတိ စသား၊ မီးဆယ့်တပါးတို့မှ ထင်ရှားကေန် ငြိမ်းအေးရာမှန်သည်၏အဖြစ်ကြောင့် ချမ်းသာအစစ် အမြတ်ဆုံး ဖြစ်ပါပေ၏။ သံဃဿ-ဗုဒ္ဓရှင်ချစ် ဓမ္မရာဇ်၏ ရင်နှစ်မျက်ဖျော် သံဃာတော်၏။ သာမဂ္ဂီ- ကိုယ်စိတ်နှစ်ဖြာ တူမျှစွာဖြင့် ညီညာဖျဖျ ပေါင်းဆုံရခြင်းသည်။ သုခါ- သာသနာ တည်ကြောင်း အရှည်ကောင်းသဖြင့် ချမ်းသာ အစစ် အမြတ်ဆုံး ဖြစ်ပါပေ၏။ သမဂ္ဂါနံ- အယူသီလ တူညီမျှကြကုန်သော ပုဂ္ဂိုလ်တို့၏။ တပေါ-အကျင့်ဓမ္မ ဟူသမျှသည်။ သုခေါ- နိဗ္ဗာန် ရောက်ကြောင်း လမ်းကောင်းကေန် စင်စစ် မှန်သဖြင့် ချမ်းသာအစစ် အမြတ်ဆုံး ဖြစ်ပါပေ၏။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့၏ ချမ်းသာရေး တခုကို ရှေးရှုတော်မူပြီးလျှင် **တိဏ္ဏောတာရေယျံ၊ ဗုဒ္ဓေါ ဗောဓေယျံ၊ မုတ္တောမောစေယျံ** ဟူ၍—

(၁) ငါသည် သံသရာတည်းဟူသော သမုဒ္ဒရာတဘက်ကမ်းသို့ တက်လှမ်းတော်မူခဲ့သည်ရှိသော် ဝေနေယျသတ္တဝါအများတို့ကိုလည်း သံသရာတဖက်တမ်းသို့ တက်လှမ်းနိုင်စေမည်။

(၂) ငါသည် သစ္စာလေးပါးမြတ်တရားကို ထင်ရှားကေန် အမှန် သိမြင်တော်မူခဲ့သည်ရှိသော် သတ္တဝါ အများကိုလည်း သိမြင်နိုင်စေမည်။

(၃) ငါသည် သံသရာတည်းဟူသော ဝဋ္ဋနှောင်အိမ်မှ လွတ်မြောက်တော်မူခဲ့သည်ရှိသော် သတ္တဝါအများတို့ကိုလည်း လွတ်မြောက်စေမည်။

ဤကဲ့သို့ ရည်သန်ချက် အဓိဋ္ဌာန်သုံးခုဖြင့် မနေမနား ဘုရားစင်စစ် ဖြစ်တော်မူရန် အလို့ငှာ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီဆယ်ပါး အပြားသုံးဆယ် ငါးသွယ်စာဂ၊ စရိယသုံးတန်၊ ဖြည့်ကျင့်ဘွယ် လမ်းစဉ်အမှန်တို့ကို ရွှေဉာဏ်တော်သဗ္ဗညု ရရှိတော်မူသည့် အချိန်တိုင်အောင် ကြိုးစား ဖြည့်ကျင့်တော်မူခဲ့ပြီးနောက် လောကသုံးပါးတွင် ဘုရား အဖြစ်သို့ ရောက်ရှိတော်မူခဲ့လေသည်။ ထိုဘုရားရှင်ကို အမှီပြုကြရသည့် သတ္တဝါအနန္တ ဝေနေယျ အများတို့သည်လည်း သစ္စာလေးပါး ထင်ရှားသိမြင်ကြရသဖြင့် သံသရာတည်းဟူသော ခရီးခဲကန္တာရမှ ကူးမြောက်ကြရသည့်အတွက် ဘုရားရှင် ပွင့်တော်မူလာခြင်းသည်၊ လောကတွင် အချမ်းသာဆုံး အမြတ်ဆုံး မင်္ဂလာကြီး ဖြစ်ပေသည်။

“ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော” ဟူသည်နှင့်အညီ၊ အလွန်တရာ ကြုံရခဲလှစွာသော ဗုဒ္ဓုပ္ပါဒ နဝမက္ခဏ အခွင့်ကောင်း အခါကောင်းကြီးနှင့် ကုသိုလ်ကံ ထောက်ပင့်သဖြင့် ရောက်ခွင့်ဆုံခွင့် ကြုံခွင့် ရရှိကြရသဖြင့် ဤကဲ့သို့ ထူးကဲမွန်မြတ်သော ပရိယတ္တိ သာသနာနုဂ္ဂဟ ကုသိုလ်ပွဲကြီးများ စာပြန်ပွဲကြီးများ ပြုလုပ်နိုင်ကြပေသည်။

ဤစာပြန်ပွဲကြီးကို အစွဲပြု၍ စာပြန်ဆိုကြသော ရဟန်းတော်များနှင့် တကွ သာသနာပြု ဒါယကာ တစုတို့ပါ ထူးကဲသော ကုသိုလ်များ ရကြ၍ သံသရာတည်းဟူသော တဖက်ကမ်းသို့ တက်လှမ်းနိုင်ကြသဖြင့် ဤ စာပြန်ပွဲကြီးသည် ဗုဒ္ဓုပ္ပါဒသုခနှင့် ပြည့်ဝသည်ဟုဆိုနိုင်ပါပေသည်။

ထိုမှတပါး ဘုရားရှင် ပွင့်တော်မူပြီး လေးဆယ့်ငါးဝါ ကာလပတ်လုံး ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်၊ များပြောင်လှစွာ၊ တရားဒေသနာကို ဟောကြားတော်မူခဲ့သည့်အတွက် ဘုရားရှင်၏ ရွှေလက်ထက်တော်အခါက ဘုရားရှင်၏ သာဝကအပေါင်း အရိယာ သူတော်ကောင်းတို့သည် အသီးအသီး နိဗ္ဗာနဓာတ် ချမ်းသာမြတ်ကို ခံစားကြရပေသည်၊ ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည့်နောက်မှာလည်း ဘုရားရှင်၏ ကိုယ်စား ထားတော်မူခဲ့သော တရားဒေသနာ ဓမ္မက္ခန္ဓာတော်တွေကို အရှင်မဟာကဿပ အစရှိသော သံဂါယနာတင် ထေရ်အရှင်တို့သည် အစဉ်မပျက်ရအောင် အဆက်ဆက်က စောင့်ရှောက်တော်မူလာခဲ့ ကြရာ နှစ်ပေါင်း နှစ်ထောင်ငါးရာတိုင်တိုင် ခိုင်မာ တည်တံ့ ပြန့်ပွားထွန်းကားလာလျက် ယနေ့ “ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိ

**စာသင်တိုက်**”၌ ကျင်းပပြုလုပ်အပ်သော “ဝိနယာနုဂ္ဂဟ”စာပြန်ပွဲကြီးထိအောင် ထွန်းပြောင် တိုးတက်ခဲ့ပေသည်၊ ဤကဲ့သို့စာပြန်ပွဲ၌“**သဓမ္မဿ ဝနံ အတိဒုလ္လဘံ**” အရ အလွန်တရာ ကြားနာခဲလှစွာသော ဘုရားရှင် တရားဒေသနာတော်များကို ကြားနာကြည်ညိုကြရသဖြင့် ဇာတိစသား မီးဆယ့်တပါးတို့၏ ထင်ရှားကေန် ငြိမ်းအေးရာမှန်သည့် ပြည်နိဗ္ဗာန်ဟု ဆိုအပ်သော ကမ္ဘာ့ငြိမ်းချမ်းရေးအစစ် သုခနှစ်ကို ရရှိနိုင်သောကြောင့် “**သဒ္ဓမ္မဒေသနာ သုခ**”နှင့်လည်း ပြည့်ဝသည် ဟု ဆိုထိုက်လှပါပေသည်။

ထိုမှတပါး သံဃာတော်များသည် တပါးနှင့်တပါး ဝိဝါဒမကွဲပြားဘဲ၊ ဘုရားရှင်၏ ဒေသနာတော်များကို နှုတ်စဉ်နှင့်အမျှ သင်အံလေ့လာကြလျက် ကိုယ်စိတ်နှစ်ဖြာ ကာယသာမဂ္ဂီ-စိတ္တသာမဂ္ဂီ ပြည့်စုံညီ၍ တခဲပါင်းတည်း ပြန်ဆိုတော်မူကြသဖြင့် “**သံဃသာမဂ္ဂီ သုခ**”နှင့်လည်း ပြည့်ဝလျက် ရှိပါပေ သည်။

ထိုနောက် သာသနာတော်၏ စည်ပင်တိုးပွား အကျိုးများ၍ အရှည်တည် တံ့ရေးကို ရှေးရှုကြကာ သမ္မာဆန္ဒ တူညီမျှကြလျက် စာပြန်ပွဲတွင် အောင် မြင်အောင် ဆောင်ရွက်ကြကုန်သော သံဃာတော်များနှင့် စာပြန်ပွဲ ပြီး မြောက်၊ ခရီးရောက်အောင် ချီးမြှောက် ထောက်ပင့်ကြကုန်သော ဒါယကာ, ဒါယိကာမအပေါင်း သူတော်ကောင်းတို့သည် မိမိတို့၏ ဆိုင်ရာ တာဝန်များ ကို ကြေပွန်အောင် စည်းလုံးညီညွတ်စွာ သာသနာတော်ကို ပြုစုစောင့်ရှောက် အောင်မြင်လာကြသဖြင့် “**သမဂ္ဂါနံ တပေါ သုခေါ**” အရ ညီညွတ်ရေး၏ ခိုင်မြဲသော ချမ်းသာသုခကို ပြည့်ဝအောင် ခံစားနိုင်ကြပေသည်။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော ဘုရားရှင် ဟောကြားတော်မူသည့် လောက၌ ထူးကဲမွန်မြတ်လှသော ချမ်းသာလေးမျိုး သုခလေးချက်ကို တပြိုင်နက် ရရှိ နိုင်သည်၊ ဤကဲ့သို့ စာပြန်ပွဲကြီးကို တွေ့မြင် ကြည်ညိုကြရကုန်သော ပုဂ္ဂိုလ် အပေါင်းတို့သည် နှစ်ထောင်းအားရကြပေမည်၊ ဘုရားရှင် ကိုယ်တော်မြတ် ကြီးသည်ပင်လျှင် အနာဂတ်ကာလ၌အပိတ်အပင် အတားအဆီး မရှိနိုင်သည့် အနာဂတံသ ဉာဏ်တော်ကြီးဖြင့် ဤ အချိန်အခါမှာ ဤ“**ညောင်ရွှေမြို့ ၌ ကန်ကြီး ပရိယတ္တိ စာသင်တိုက်ကြီး**” တည်ထောင်၍ ဤကဲ့သို့ ခမ်းနား ကြီးကျယ်သော “**ဝိနယာနုဂ္ဂဟ စာပြန်ပွဲ**” ကျင်းပ ပြုလုပ်ကြလိမ့်မည်ဟု ကြိုတင် သိမြင်တော်မူပြီးကာ ဝမ်းမြောက်တော် မူပြီး ဖြစ်ပေလိမ့်မည်၊

အကယ်၍ ဘုရားရှင် ကိုယ်တော်မြတ် ကြီးသော သက်တော် ထင်ရှား ရှိပါက ဤကဲ့သို့ ထူးကဲလှစွာသော စာပြန်ပွဲကြီးများကို ကိုယ်တော်တိုင် ကြွရောက်၍ ချီးမြှောက်တော်မူမည်မှာ မလွဲပေတည်း။

ရွှေကျင်ဂိုဏ်း၏ သမုဋ္ဌာပက ဖြစ်တော်မူကြသော ရွှေကျင်ဆရာတော်, မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရား အစရှိသော ရွှေကျင်ဆရာတော် အသီးသီးတို့ကလည်း မိမိတို့၏ ဂိုဏ်းစည်းမျဉ်း ဥပဒေထုတ်ပြန်စဉ်အခါကပင် ဤကဲ့သို့ "ဝိနယာနုဂ္ဂဟ" စာပြန်ပွဲကြီးများ ဖြစ်ပေါ်လာလိမ့်မည်ဟု ယုံကြည်တော်မူကြကာ မျက်မှောက် ဒိဋ္ဌ တွေ့မြင်ရသကဲ့သို့ ဝမ်းမြောက်တော်မူကြပေလိမ့်မည်၊ ယခုလက်ရှိ ရွှေကျင်နိကာယ ဂဏပါလက ဆရာတော်ကြီးများနှင့်တကွ အားလုံးသော လူနတ်ပြဟ္မာ အပေါင်းတို့သည် အသီးသီး ဝမ်းမြောက် ကြည်နူးလျက် ရှိကြပေသည်။

အဘယ့်ကြောင့် ဤကဲ့သို့ ဝမ်းမြောက်ဘွယ်ရာ ဖြစ်ပေသနည်းဟူမူ....

**ပဓုဋ္ဌမှိစ သုတ္တန္တေ၊ အဘိဓမ္မေ စ တာဝဒေ၊**
**ဝိနယေ အဝိနဋ္ဌမှိ၊ ပုန တိဋ္ဌတိ သာသနံ။**

အရ- ဘုရားရှင်၏ သာသနာတော်မှာ သုတ္တန် အဘိဓမ္မာ နှစ်ပြားသော ဒေသနာတော်ကြီးများ မေ့ပျောက်ပျက်စီး၍ သွားသော်လည်း ဝိနည်းဒေသနာတော်ကြီးတခု တည်မြဲလျက်ရှိပါက သာသနာတော်ကြီး တည်မြဲနိုင်ပေသည်။ ဝိနည်းသည် သာသနာတော်၏အသက်ပင် ဖြစ်ပေသည်။ ထို့ကြောင့် "ဝိနယော **နာမ သာသနဿ အာယု၊ ဝိနယေ ဌိတေ သာသနံ ဌိတံ**"ဟု မိန့်ဆိုကြပေသည်။

ဝိနည်း ဆိုသည်မှာ ဘုရားရှင်၏ အဆုံးအမတော်ပင်တည်း။ ဘုရားရှင်၏ အဆုံးအမတော်ကိုပင် သာသနာဟု ခေါ်ဆို၏၊ ဝိနည်းနှင့် သာသနာမှာ ရဟန်းတော်များ၌သာ ရှိသည်မဟုတ်၊ လူပုဂ္ဂိုလ်များ၌လည်း လူပုဂ္ဂိုလ်များ အလိုက် ငါးပါးသီလ အစရှိသော လူ့ဝိနည်း လူ့ကျင့်ဝတ် လူ၏ ယဉ်ကျေးမှုများ ရှိကြပေသည်။ လူဖြစ်စေ ရဟန်းဖြစ်စေ အကြင်ပုဂ္ဂိုလ်သည် ဘုရားရှင်၏ အဆုံးအမ ဩဝါဒအတိုင်း လိုက်နာ ကျင့်သုံး၏။ ထိုပုဂ္ဂိုလ်၏ သန္တာန်၌ သာသနာ တည်ရှိနိုင်၏။

အကြင်ပုဂ္ဂိုလ်သည် ဘုရားရှင်၏ အဆုံးအမ ဩဝါဒကို မလိုက်နာ မကျင့်သုံး၊ ထိုပုဂ္ဂိုလ်၏သန္တာန်၌ ဘုရားရှင်၏သာသနာတော် ခေတ်အတွင်းပင် ဖြစ်စေကာမူ သာသနာကွယ်ပ၍နေပေ၏။

လူများလည်း လူပုဂ္ဂိုလ်များအလိုက်၊ ရဟန်းတော်များလည်း ရဟန်းတော်များ အလိုက်၊ ထိုက်သည့် အားလျော်စွာ ဘုရားရှင်၏ အဆုံးအမ ဩဝါဒကို လိုက်နာ ကျင့်သုံးကြမှသာလျှင် သာသနာတော် အရှည်ခိုင်မြဲနိုင်ပေလိမ့်မည်၊ ဘုရားရှင်၏ အဆုံးအမတော်များကို ယနေ့ အားလုံး မစောင့်ထိန်း မလိုက်နာကြပါလျှင် ယနေ့ပင် သာသနာတော်ကြီး ကွယ်ပျောက်သွားနိုင်သည်ကို သတိမူ သင့်ပေသည်။

ရဟန်းရော- လူပါ တလောကလုံးပင် တညီတညွတ်တည်း ဘုရားရှင်၏ သာသနာတော် အဆုံးအမတော်ကို မကျိုး မပေါက်ရအောင် စောင့်ရှောက်သွားမည်ဆိုပါက သာသနာတော် အနှစ်ငါးထောင်မက တည်ရှိသွားနိုင်ပေသည်။ ထို့ကြောင့် ဝိနယေ ဌိတေအရ ဝိနည်းတည်သည်ဆိုသည်မှာ ဝိနည်းကျမ်းစာများကို သင်ထားရုံမျှ အာဂုံ ဆောင်ထားရုံမျှဖြင့် ဝိနည်းတည်သည် မမည်နိုင်သေးပေ၊ ဝိနည်းတရားတော်များကို သိသားသည့်အတိုင်း ကျင့်ကြံကြမှသာလျှင် သာသနာတည်သည် မည်သောကြောင့်—

**ပါတိမောက္ခံ ဝိသောဓေန္တော၊ အပ္ပေဝ ဇီဝိတံ ဇဟေ၊**

**ပညတ္တံ လောကနာထေန၊ နဘိန္ဒေ သီလသံဝရံ။**

အရ—မိမိ၏ အသက်ထက် သာသနာတော်၏ အသက်ဟု ဆိုအပ်သောဝိနည်းတရားတော်ကိုပင် ချစ်ခင် မြတ်နိုး ကြိုးစားကာ ဖြည့်ကျင့်ကြ၍ သီလဝိသုဒ္ဓိစသော ဝိသုဒ္ဓိခုနစ်ပါး အစဉ်အတိုင်း တိုးပွားကြပြီးလျှင် နိဗ္ဗာနဓာတ်ဟု ဆိုအပ်သော ဝိမုတ္တိရသ-အရသာသုခထူးကို ကြည်နူးစွာ ခံစားသုံးဆောင်နိုင်ကြစေရန် ဩဝါဒစကား မိန့်ကြားသိစေလိုက်သည်။

(ပုံ) စံကင်းဆရာတော်

အဘိဓဇမဟာရဋ္ဌဂုရု

(၁၃၁၇-ခု)

——o——

# "ညောင်ရွှေဩဝါဒ"

## တရားအမှတ် (၃)

**သုတ္တန္တေသု အသန္တေသု၊ ပမုဋ္ဌေ ဝိနယမှိစ၊**
**တမော ဘဝိဿတိ လောကော၊ သူရိယေ အတ္ထင်္ဂတေ ယထာ။**

ဤသို့ "အင်္ဂုတ္တရအဋ္ဌကထာ"မှာ ပြဆိုသည်နှင့် လျော်ညီစွာ ဘုရားရှင်၏ ကိုယ်တော်စား တည်ထားတော်မူခဲ့သော "သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ" သုံးဖြာသော "သာသနာ့အလင်းရောင်" တို့သည်၊ ဤကမ္ဘာ လောကမှာ အကယ်၍သာ ကွယ်ပျောက် ဆိတ်သုဉ်းသွားခဲ့ပါမူ၊ လောကကြီးတခုလုံးသည် "အဝိဇ္ဇာမှောင်" ပိတ်ဖုံးသွားပေမည်။

လောက၌ နေမင်း၏အလင်းရောင် ကွယ်ပျောက်သောအချိန်မှာ ကမ္ဘာသူ၊ ကမ္ဘာသား သတ္တဝါအများတို့သည်၊ မိမိတို့အလိုရှိအပ်သော အမှုကိစ္စမျိုးကို မပြုမလုပ်နိုင်၊ ထိုထို အရပ်ဒေသသို့ မသွားရောက်နိုင်ကြသကဲ့သို့၊ "သာသနာ့ အလင်းရောင်"ကွယ်ပျောက်သော အခါ၌လည်း မိမိတို့အလိုရှိအပ်သော ကုသိုလ်ကိစ္စအဝဝကို အားထုတ်ခွင့် မရကြတော့ဘဲ၊ နိဗ္ဗာန်ကို မဆိုထားဘိ ကောင်းရာ သုဂတိဘုံသို့ သွားရောက် ခိုလှုံဖို့ ဝေးကြပေတော့မည်။

ယခုအချိန်မှာကား 'သာသနာ့အလင်းရောင်'မကွယ်မပျောက် ထွန်းတောက် သောအချိန်နှင့် ကြုံကြိုက်သဖြင့် "ညောင်ရွှေမြို့ ကန်ကြီး ပရိယတ္တိ စာသင်တိုက်ကြီး"မှာ စာပြန်ပွဲကြီးများ ကျင်းပ၍ "သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ"သုံးဖြာသော သာသနာ့ အလင်းရောင် ဝင်းပြောင် တောက်ပလျက် သာသနာ့ ကြက်သရေ၊ မြို့ကြက်သရေ၊ ကမ္ဘာ့ကြက်သရေကို ဆောင်နိုင်သဖြင့် ယခု ပစ္စုပ္ပန် နှင့် အနာဂတ် သာသနာ ရှည်ကြာစွာ တည်တန့်ရေးအတွက် အားပေးဂုဏ်ယူစရာ ကောင်းလှပါပေသည်။

"အနာဂတေ လဇ္ဇီ ရက္ခိဿတိ သာသနံ"ဟူ၍၊ ရှေးရှေးသံဂါယနာတင် မဟာထေရ်ကြီးများက "နောင်အနာဂတ်ကာလ၌ သာသနာတော်မြတ်ကြီးကို လဇ္ဇီသူမွန် သီလဝန်ပုဂ္ဂိုလ်များ စောင့်ရှောက်နိုင်ပေလတ္တံ့"ဟု သုံးကြိမ်တိုင်တိုင် မြွက်ကြားတော် မူခဲ့ကြသည်နှင့်အညီ ယခုကဲ့သို့ လဇ္ဇီသူမွန် သီလဝန်ဖြစ်တော်မူကြသော"သာသန မာမက–သာသန ပါလက"ပုဂ္ဂိုလ်များ၏ ကြိုးစား ဆောင်ရွက် အားထုတ်မှုကြောင့် ယနေ့တိုင်အောင် သာသနာတော်ကြီး၏ "အလင်းရောင်" မကွယ်မပျောက် ထွန်းတောက်တည်ရှိလာခဲ့ပေသည်။

ဘုရားရှင် သာသနာ ရှည်ကြာတည်တံ့ ခိုင်ခံ့ခြင်းကို အလိုရှိတော်မူကြကုန်သော "အရှင်မဟာကဿပ" အစရှိကုန်သော မထေရ်မြတ်ကြီးတို့သည် "ပရိယတ္တိ သဒ္ဓမ္မ"ဟု ဆိုအပ်သော ပိဋကသုံးပုံ ဗုဒ္ဓဝစနကို သံဂါယနာ တင်တော် မူကြကုန်လျက် သာသနာ့အလင်းရောင် မကွယ်ပျောက်ရအောင် စောင့်ရှောက်ခဲ့ကြကုန်ပြီ၊ မဂဓပြည့်ရှင် "ဘုရင်အဇာတသတ်" အစရှိကုန်သော သာသနာ့ဒါယကာ မင်းအပေါင်းတို့ကလည်း သာသနာကြီးပွားရေးကိုရှေ့ရှု၍ အစွမ်းကုန် အားပေး ချီးမြှင့်ခဲ့ကြကုန်ပြီ။

ဒုတိယ သံဂါယနာတင်ပြီးသည်၏ အဆုံး၌ "**သဗ္ဗကာမိ**" အစရှိကုန်သော မထေရ်ကြီးတို့သည် အနာဂတ်သာသနာ စောင့်ရှောက်ရန်အတွက် ဗြဟ္မာပြည် တိုင်အောင် သွားရောက်၍ တိဿဗြဟ္မာမင်းကြီးအား လူ့ပြည်သို့ ဆင်း၍ သာသနာစောင့်ရှောက်ဖို့ရန် တောင်းပန်ကြရလေသည်။

ထိုတိဿဗြဟ္မာမင်းကြီးကလည်း သာသနာရေးအတွက် အားတက် ရွှင်လန်း ဝမ်းမြောက်စွာ အထက်ဗြဟ္မာဘုံသို့ တက်ရောက်နိုင်စွမ်း ရှိသော်လည်း အေးချမ်း သာယာသော ဗြဟ္မာဘုံကို စွန့်ခွာ၍ လူ့ပြည်သို့ သက်ဆင်းခါ "**မောဂ္ဂလိပုတ္တ တိဿမထေရ်**"၏အဖြစ်ဖြင့် "တတိယ သံဂါယနာ"တင်တော်မူကာ သာသနာ ကို စောင့်ရှောက်ခဲ့လေသည်။

ရှေးရှေးရဟန္တာ အရှင်မြတ်ကြီးတို့နှင့် သာသနာ့ဒါယကာ မင်းကောင်း မင်းမြတ်တို့သည် သာသနာအတွက် အဆက်ဆက် ဆောင်ရွက် စောင့်ရှောက် တော် မူလာကြသကဲ့သို့ ထို့အတူ ယခု ညောင်ရွှေမြို့"ကန်ကြီး ပရိယတ္တိစာသင် တိုက်"ရှိ သံဃာတော်များနှင့် သာသနာရေးကို အားပေး ကူညီနေကြသည့် ဒါယကာ-ဒါယိကာမ တစုတို့သည်လည်း သာသနာ့အလင်းရောင် ထွန်းပြောင် ရေးအတွက် ဆောင်ရွက် အားထုတ်နေကြသည်ကို အထူး ချီးကျူးအပ်လှပေ တော့သည်။

ဘုရားရှင်၏ သာသနာတော်ကြီးသည် "ရေကန်ကြီး"သဘွယ် ဖြစ်ပေ၏။

**ပရိယတ္တိသည် ရေကန်၏ကန်ဘောင်ရိုးနှင့် တူ၏။**

**ပဋိပတ္တိသည် ကြည်လင်အေးမြသော ရေနှင့်တူ၏။**

**ပဋိဝေဓသည် လှပသာယာသော ကြာနှင့် တူ၏။**

ကန်ဘောင်ရိုးကို ခိုင်မာအောင်ပြုပြင် စောင့်ရှောက်လိုက်သည်နှင့် တပြိုင်နက် ရေကန်တွင်းရှိ ရေနှင့်ကြာကို စောင့်ရှောက်သည်မည်သကဲ့သို့ "ပရိယတ္တိယေဝ သာသနဿ မူလံ"ဟူသည်နှင့်အညီ သာသနာ၏ အရင်းမူလဖြစ်သော"ပရိယတ္တိ ဓမ္မ"ကို စောင့်ရှောက် အားထုတ်လိုက်သည်နှင့် တပြိုင်နက် ကြွင်းကျန်သော ပဋိပတ္တိ၊ ပဋိဝေဓ သာသနာနှစ်ပါးကိုလည်း ချီးမြှောက် စောင့်ရှောက်သည် မည်တော့သည်သာလျှင်တည်း။

ဥပမာ တနည်းအားဖြင့် ပြရသော်—

**ပရိယတ္တိသည် ဆေးကျမ်းစာနှင့် တူ၏။**

**ပဋိပတ္တိသည် ရောဂါပျောက်ကင်းအောင် ဆေးမှီဝဲသည်နှင့် တူ၏။**

**ပဋိဝေဓသည် ရောဂါပျောက်ကင်းသည်နှင့် တူ၏။**

မှန်ကန်သော ဆေးကျမ်း၌ လာသော ဆေးစစ် ဆေးမှန်ကို မှီဝဲမှသာလျှင် ရောဂါပျောက်ကင်းနိုင်သကဲ့သို့ "ပရိယတ္တိအသိဉာဏ်ဖြင့်"မှန်ကန်သော "ပဋိ ပတ္တိ ကျင့်စဉ်များကို ကျင့်ကြံမှသာလျှင်"ပဋိဝေဓ"ဟုဆိုအပ်သော ကိလေသာ ရောဂါ ပျောက်ကင်းသဖြင့်"မဂ်-ဖိုလ်-နိဗ္ဗာန်-ပဋိဝေဓတရားမှန်"ကို ရရှိနိုင်ရ ကား ပရိယတ္တိသာသနာသည် သာသနာတော် ၃-ရပ်၏ အရင်းမူလ ပဓာန ဖြစ်ကြောင်း ထင်ရှားလှပေ၏။ အကယ်၍ ပရိယတ္တိတည်းဟူသော ဆေးစာ ကိုသာ ကျက်မှတ် နားလည်နေ၍ ပဋိပတ္တိ တည်းဟူသော ဆေးကို မှီဝဲ သုံးဆောင်မှုမရှိခဲ့ပါလျှင် ပဋိဝေဓဟု ဆိုအပ်သော ကိလေသာရောဂါဆိုးကြီး များ ပျောက်ကင်းမှုရရှိလိမ့်မည် မဟုတ်ပေ။ ကိလေသာတည်းဟူသော ရောဂါ ဆိုးကြီးများ ကင်းပမှု ပဋိဝေဓတရားထူးများ ရရှိစေရန် ပရိယတ္တိဟုဆိုအပ်သော ဆေးကျမ်း နားလည်ရုံမျှနှင့် အားရ တင်းတိမ် မနေကြဘဲ ဆေးမှီဝဲသုံးဆောင် သည်နှင့် တူသော "ပဋိပတ္တိသမထဝိပဿနာ" တရားများကို အားထုတ်သင့်လှ ပေသည်။

ထို့ကြောင့် ဘုရားရှင်သည် စတုက္ကအင်္ဂုတ္တရနိကာယ ဒုတိယ ဝလာဟက သုတ်တွင်—

(၁) ပရိယတ်ကိုသာ သင်ကြား၍ သစ္စာလေးပါးတရားကို သိမြင်အောင် မကျင့်သောသူသည် ခြိမ်းသာခြိမ်း၍ မရွာသောမိုးနှင့် တူ၏။

(၂) သစ္စာလေးပါးတရားကို သိမြင်အောင် ကျင့်၍ ပရိယတ်ကို မသင်သော သူသည် ရွာသာရွာ၍ မခြိမ်းသောမိုးနှင့် တူ၏။

(၃) ပရိယတ်ကိုလည်း သင်၍ သစ္စာလေးပါး တရားကို သိအောင် ကျင့်သော သူသည် ရွာလည်းရွာ ခြိမ်းလည်းခြိမ်းသော မိုးနှင့် တူ၏။

(၄) ပရိယတ် ကိုလည်း မသင်၊ သစ္စာလေးပါး တရားကိုလည်း သိအောင် မကျင့်သော သူသည် မရွာလည်း မရွာ မခြိမ်းလည်းမခြိမ်းသော မိုးနှင့်တူ၏ဟု ဟောတော်မူခဲ့၏။

ထို့ကြောင့် နိဂုံးချုပ်အနေအားဖြင့် တိုက်တွန်းလိုသည်မှာ၊ ထိုပုဂ္ဂိုလ် ၄-မျိုးတို့တွင် ခြိမ်းလည်း ခြိမ်း ရွာလည်း ရွာသော မိုးကြီးနှင့် တူသော အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်အောင် "ပရိယတ်၊ ပဋိပတ်" နှစ်ရပ် စွယ်စုံ ကျင့်ကြံအားထုတ်၍ "ပဋိဝေဓ" ဟု ဆိုအပ်သော မဂ်ဖိုလ်နိဗ္ဗာန် "ငြိမ်းချမ်းရေး" အစစ် အမှန်ကို ရရှိခံစားနိုင်ကြစေရန် "ဩဝါဒ စကား" မိန့်ကြား သိစေလိုက်သည်။

**(ပုံ) စံကင်းဆရာတော်**
အဘိဓဇမဟာရဋ္ဌဂုရု
၁၃၁၈-ခု၊

—o—

"ညောင်ရွှေဩဝါဒ"

တရားအမှတ် (၄)

ကျေးဇူးရှင် ရွှေကျင်နိကာယ ဓမ္မသေနာပတိ သမ္မုတိသံဃရာဇာ
ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာနှင့်
နဝမရွှေကျင် (စံကင်း)ဆရာတော်ဘုရားကြီး၏

**ဥယျောဇန ကထာ**

(၁) ခိလဗန္ဓေန ပါသာဒေါ၊ ကုလ္လော ယောတ္တေန သုဋ္ဌုနာ။
သန္ဓာရာ သမဂ္ဂေါ သံဃော၊ စိရံ တိဋ္ဌတိ နိစ္စလော။

ပါသာဒေါ-ရွှေ၊ ငွေ၊ မြ၊ စိန် ထိန် တညီးညီး ပြာသာဒ်ကြီးသည်။ ခိလဗန္ဓေန- ကြီးကြီးငယ်ငယ် သွယ်သွယ်များလှ သံမှိုစသောအဖွဲ့ဖြင့်။ နိစ္စလော- ပြင်းစွာ ခတ်လှိုင်း လေမုန် တိုင်းကြောင့် မကိုင်း မယိုင် ကြံ့ ကြံ့ ခိုင် သည် ဖြစ်၍။

စိရံတိဋ္ဌတိ- အစွန့်ရှည်ကြာတည်နိုင်စွာ၏။ ကုလ္လေသဝ-စပါးဆန်ကျော့်ေ အကျိုး ဆောင်သည့် ဝါးဖောင် သစ်ဖောင်သည်လည်း။ ယောတ္တေန သုဋ္ဌုနာ-မြဲမြံ ဖွဲ့ချည် လွန်ကြိုးစသည်ဖြင့်။ နိစ္စလော- ပြင်းစွာခတ်လှိုင်း လေမုန်တိုင်းကြောင့် လှုပ်ရှားမှုယိုင် ကြံ့ကြံ့ခိုင်သည် ဖြစ်၍။ စိရံတိဋ္ဌတိ- ကမ်းရောက်သည်တိုင် ကြာမြင့်စွာ တည်နိုင်၏။ သမဂ္ဂေါသံဃော။ သီလ,သမာဓိ စရိုက်ထိုထို မြတ်ကုသိုလ် ဂုဏ်အင်ကြောင့် အလွန်လျှင် ကြည်ညိုစလောက်ကြသော လဇ္ဇီပေသလ သိက္ခာ ကာမ သမဂ္ဂသံဃာတော် အပေါင်းသည်။သန္တာရာသန္တာရေန ချင်းဘို့ချင်းချင်း မေတ္တာခင်း၍ ချစ်ခင်မြတ်နိုးခြင်း ပဋိသန္ထာရဖြင့်။ နိစ္စလော- မလိမ္မာသူ အောက်ငယ်သူတို့ ညာ်ကူပြောကြား ဂုံးစကားကြောင့် ဖောက်ပြားယောက်ယက် လှုပ်လျက်ခြင်းမရှိသည်ဖြစ်၍။ စိရံတိဋ္ဌတိ-ရွှေငွေမြစိန် ထိန်တညီးညီး ပြာသာဒ် ကြီးနှင်နှင် ထက်ဝန်းကျင် လူအပေါင်းတို့၏ ခိုအောင်း အားထားရာ ဖြစ်၍ စင်စစ်မြဲခိုင် တည်တံ့နိုင်လေသတည်း။

(၂) နာယကော ပါကဋ္ဌော ထေရော၊ ပညဝါ သတိမာ ဟိယော၊
　　ဩဝါဒံ တုဋ္ဌစိတ္တေန၊ သာမူ စရန္တု သုဗ္ဗစာ။

ဟိ- ခိလဗန္ဓနဩဝါဒကို ဟောပြ မြွက်ဖော် ပထမ ရွှေကျင်ဆရာတော် ဘုရားကြီး၏ အံ့ချီးအဟော် မြတ်ဂုဏ်တော်နှင့် ဟောဖော် မြွက်ဟ ဩဝါဒကို ကျင့်ကြံစေရန် စိတ် အကြံဖြင့် လျော်ကန် သင့်စွာ တိုက်တွန်းပါအံ့၊ ယော ထေရော၊ လွန်ကြိုးမယ်န ပမာပြု၍ ပဋိသန္ထာရတရား ဩဝါဒစကားကို ဟော ကြားတော်မူပေသော အကြင် ဆရာတော်ဘုရားကြီးသည်။ နာယကောစ- အဘိသိက်ခံ မတ်ပေါင်း ရံသည့် ထီးစံ နန်းပိုင် ဥကိုင် သခင် ဘုရင်မင်းတုံး ကျင့်သုံးတော်မှန် ပူဇော်ခံ၍ တည်ဘန် ဆင်းလတ် ဂိုဏ်းမြတ်နေ့သွင် ဒို့ရွှေကျင်၏ ဦးကင်အစ နာယကကြီးလည်း ဖြစ်တော်မူပါပေ၏။ ပါကဋ္ဌောစ- ယိုးဒယား, သီဟိုဠ် ထိုထိုဘေ့ချက် မြေကနက်၌ အဘက်ဘက် ထင်ရှားသဖြင့် အမြင်အားဖြင့် လည်း ကျော်ကြားတော်မူခဲ့ပါပေ၏။ ပညဝါစ- ထူးမြတ်တဲ့ ဉာဏ်အမြင်မှာ သမ္ဗောဓိတဖြာမီး၍ ပညာကြီးရှင် တကယ့်တကယ်လည်း သိမြင် ကျွမ်းကျင်တော် မူပါပေ၏။ သတိမာစ-အပ္ပမာဒေန သမ္ပာဒ၌ နေ့ည ပျော်မွေ့သဖြင့် မေ့တယ် လျော့တယ် ပေါ့တယ်မရှိ ဓိတိသခင် သတိအရှင်လည်း ဖြစ်တော်မူပါပေ၏။ တဿ- ဧကရာဇ်ဘုရင် ဦးတင်ခစား ထိုကျေးဇူးရှင် ပထမရွှေကျင်ဆရာတော် ဘုရားကြီး၏။ ဩဝါဒံ၊ ဓမ္မ,အာမိသ,ဝစနဟု သုံးဝလွန်ကြိုး သုံးမျိုးမယ်န, ပမာပြုသည့် ပဋိသန္ထာရတရား ဩဝါဒစကားကို။ တုဋ္ဌစိတ္တေန-သဒ္ဓါဇောဖက်

မနေ့ာစွက်၍ ဟောချက် မှတ်သား နှစ်သက် ရှင်လန်းသော စိတ်ထားဖြင့်။ သုဗ္ဗစာ– ပြောတိုင်းနာလို ဆိုတိုင်းနာယူ ကြည်ဖြူ စိတ်ကြိုက် စရိုက် မနှော သောဝစဿတာ ဂုဏ်သဘော ရှိတော်မူကြပါပေကုန်သော။ သာဓု- ရွှေကျင် နှယ်မျိုး မညှိုးစေရ အာစရဖြင့် ကျ,န သိပ်သည်း ကျင့်ဝိနည်းကို စောင့်စည်း တော်မူကြပေကုန်သော သူတော်ကောင်းအပေါင်းတို့သည်။ စရန္တု ဓမ္မ အာမိသ ဝစန-ဟု သုံးဝလွန်ကြိုး သုံးမျိုးမယ်န သန္တာရဖြင့် ပြည့်ဝစုံပေ ဖြည့်ကျင့်နိုင် ကြပါစေကုန်သတည်း။

ကျေးဇူးရှင် စံကင်း ဆရာတော်ဘုရားကြီး၏ ညွှန်ပြချက် အရ ယခုနှစ် ဂါထာ ၂-ပုဒ် ရေးပို့လိုက်ရပါသည်။

အကျိုးဆောင်

မန္တလေး။

(၁၃၁၉-ခု)

—၀—

## "ဉောင်ရွှေဩဝါဒ"

### တရားအမှတ် (၅)

၁။ စက္ခုနာ သံဝရော သာဓု၊ သာဓု သောတေန သံဝရော၊
ဃာနေန သံဝရော သာဓု၊ သာဓု ဇိဝှါယ သံဝရော။

၂။ ကာယေန သံဝရော သာဓု၊ သာဓု ဝါစာယ သံဝရော။
မနသာ သံဝရော သာဓု၊ သာဓု သဗ္ဗတ္ထ သံဝရော။
သဗ္ဗတ္ထ သံဝုတော ဘိက္ခု၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

ဤဒေသနာတော်ကို ဘုရားရှင် ကိုယ်တော်မြတ် သာဝတ္ထိပြည် ဇေတဝန် ကျောင်းမှာ သီတင်းသုံးတော်မူစဉ် အခါက ရဟန်းတော်(၅) ပါးတို့သည် စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယဟု ဒွါရ(၅)ခုရှိသည်တွင် တခုစီ–တခုစီ ကိုသာ စောင့်စည်း ထိန်းသိမ်း၍ နေကြသတဲ့၊ ထိုသို့ နေကြရာ တနေ့သော အခါ အချင်းချင်း စုဝေး တွေ့ဆုံ ကြသဖြင့် "အဟံ ဒုရက္ခံ ရက္ခာမိ၊ အဟံ

ဒုရက္ခရက္ခာမိ” “တပည့်တော်ဟာ သူတပါးစောင့်ရှောက်နိုင်ခဲ့တဲ့ ဒွါရကို စောင့် ရှောက်နေပါတယ်၊ တပည့်တော်ဟာ သူတပါး စောင့်ရှောက်နိုင်ခဲ့တဲ့ ဒွါရကို စောင့်ရှောက်နေပါတယ်” ဤသို့ အချင်းချင်း အငြင်းပွားကြပြီးနောက် ဘုရား ရှင်ထံတော်သို့ သွားရောက် မေးလျှောက်က မှန်ကန် တိကျသော အကြောင်း ကို သိကြရကုန်အံ့ဟု သဘောတူ တိုင်ပင်ကြကာ ဘုရားရှင်ထံတော်သို့ ကပ်ရောက် ကြပြီးလျှင်.....

> မယံ ဘန္တေ စက္ခုဒွါရာဒီနိ ရက္ခန္တာ အတ္တနော အတ္တနော ရက္ခနဒွါရ-မေဝ ဒုရက္ခန္တိ မညာမ၊ ကောနု ခေါ အမှေသု ဒုရက္ခံ ရက္ခတိ။

မြတ်စွာဘုရား စက္ခုဒွါရ စသည်တို့ကို စောက်ရှောကြကုန်သော ဘုရား တပည့်တော်တို့သည် မိမိမိမိတို့၏ စောင့်ရှောက်တဲ့ ဒွါရတို့သာ စောင့်ရှောက်ဖို့ အချက် အလွန်အမင်းခက်လှသည်ဟု မှတ်ထင်ယူဆကြပါကုန်သည်ဘုရား၊ ဘုရား တပည့်တော်တို့တွင် အဘယ် ရဟန်းသည်သာ စောင့်ရှောက်နိုင်ခဲ့တဲ့ ဒွါရကို စောင့်ရှောက်သည် မည်ပါသနည်းဘုရားဟု လျှောက်ကြသောအခါ ဘုရားရှင် က“ သဗ္ဗာနိ ပေတာနိ ဘိက္ခဝေ ဒုရက္ခာနေဝ”ချစ်သား ရဟန်းတို့ စက္ခုစသော ဒွါရ ငါးပါးလုံးတို့ပင် စောင့်ရှောက်ဖို့ အချက်အလွန်ခက်လှကုန်သည်သာတည်း၊ ချစ်သား ရဟန်းတို့ ရှင်ရဟန်းဖြစ်သောသူအား အကြင်အခါ စက္ခုဒွါရ၌ ရူပါ ရုံ ထိခိုက်လာ၏။ ထိုအခါ ဠဋ္ဌဖြစ်သော အာရုံ၌ နှစ်သက်မှု မရှိဘဲ အနိဋ္ဌဖြစ် သော ရူပါရုံ၌လည်း ပြစ်မှားမှုမရှိဘဲ စောင့်ရှောက် ထိန်းသိမ်း သွားနိုင်ပါက ကောင်းမြတ်လှပေ၏၊ သောတဒွါရ စသည်၌ ထိခိုက်လာသော သဒ္ဒါရုံစသည်၌ လည်း နှစ်သက်မှု ပြစ်မှားမှုမရှိဘဲ စောင့်ရှောက်ထိန်းသိမ်းသွားနိုင်ပါက ကောင်း မြတ်လှ၏၊ ထိုမှတပါး နှုတ်ဖြင့် စောင့်စည်းမှု စိတ်ဖြင့် စောင့်စည်းမှု ပြုစုထိန်း သိမ်းနိုင်လျှင်ငင်း၊ စက္ခုဒွါရစသော ဒွါရငါခုလုံးတို့၌ စောင့်စည်းမှု ချုပ်တည်း မှု ရှိလျှင်ငင်း အကောင်ဆုံးပင် ဖြစ်ပေသည်၊

ထိုဒွါရ ငါးပါးလုံးတို့၌ အာရုံ ငါးပါး ကာမဂုဏ်တရားဆိုးတွေ ထိုး ဖောက် ဖျက်ဆီးမှု မပြုနိုင်အောင် စောင့်ရှောက် ထိန်းသိမ်းနိုင်သော ရှင်ရဟန်း သည်သာ အလုံးစုံသော သံသရာ ဝဋ္ဋဒုက္ခ အမြစ်အရင်းမှ လွတ်ကင်း ထွက် မြောက်၍ နိဗ္ဗာန်ချမ်းသာသို့ ဆိုက်ရောက်နိုင်ပေသည်ဟု ရဟန်း ငါးပါးလုံး၏ စောင့်စည်းမှုကို သာဓု ခေါ်ကာ အညီအမျှ ဖြေကြားတော်မူကာ “စက္ခုနာ သံဝရော သာဓု” စသော ဖော်ပြပါ ဒေသနာတော်မြတ်ကို ဟောကြားတော် မူလေသည်၊ ဒေသနာတော် အဆုံးမှာ ရဟန်းတော် ငါးပါးလုံး သောတာပန် တည်တော်မူသွားကြတယ်တဲ့။

ယခု ပြဆိုခဲ့တဲ့ ဗုဒ္ဓ ဒေသနာတော်နှင့် အညီ ကန်ကြီး ပရိယတ္တိ စသင်တိုက်ကြီး အတွင်းမှာ ဤနေ့ ဤရက် ဤအချိန်မှာ ဆိုလျှင် နှစ်စဉ်မပျက် သံဃာတော်များဘက်က ဝိနည်းတရားတွေ ပြန်ဆိုပူဇော်ကြ၊ ဒကာ ဒကာမများဘက်ကလဲ တရားတွေ နာယူ ပန်ဆင်ကြ၊ လှူဒါန်း ကျွေးမွေးကြ၊ သာသနာ့ရေးကိစ္စ အဝဝတွေကို တာဝန်ကျေစွာ ထမ်းဆောင် ပြုလုပ်ကြ၊ ပရိယတ္တိသာသနဟိတကာရီ အသင်း ဝိသာခါအသင်းအဖွဲ့တွေ့, ဓမ္မစကြာ အသင်းအဖွဲ့တွေကလဲမိမိတို့ဆိုင်ရာဆိုင်ရာ တာဝန် ကျေစွာ ပြုလုပ်နေကြ, ထမ်းဆောင်နေကြသဖြင့် အာရုံငါးပါး အကုသိုလ် တရားဆိုးတွေ ဝင်ရောက် ဖျက်ဆီးမှု မပြုတော့ဘဲ ကုသိုလ်ကောင်းမှု တရားစုတွေ အလွန်ကြံ့ခိုင်ကြပြီးလျှင် ယခုလို သာသနာတော်ကြီးတိုးပွား လာအောင် ကြိုးစားနေကြသည်ဟု ကြားရ သိရ၍ ဆရာတော်မှာ ဝမ်းသာလို့, အားရလို့, ပျော်ရွှင်လို့ မဆုံးနိုင်တော့ပေ၊ သို့ကလို ဆက်လက်ပြီးနောင်အနာဂတ်မှာလည်း ကန်ကြီး သာသနာ ဘုရားရှင် သာသနာတော်ကြီးတိုးတက် စည်ပင် ပြန့်ပွားလာအောင် ဆရာရော ဒကာပါ "သဒ္ဓါ, ခန္တီ, ဝီရိယ, သတိ, ဉာဏဆိုတဲ့ တရားငါးခု လက်ကိုင်ပြုကြ၍ ဗုဒ္ဓသာသနာ ခရီးအစဉ်မှာ တွင်တွင်ကြီး သွားလာနိုင်ကြပါစေကုန်သတည်း။

(ပုံ)စံကင်းဆရာတော်

(၁၃၂၀-ခု)

—o—

ညောင်ရွှေ ဩဝါဒ

တရားအမှတ် (၆)

**၁။ နဟိ ဓမ္မော အဓမ္မောစ၊ ဥဘော သမဝိပါကိနော။**

**အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂ္ဂတိံ။**

ဓမ္မောစ-ကုသိုလ် တရားသည်၎င်း။ အဓမ္မောစ-အကုသိုလ် တရားသည်၎င်း။ ဥဘော- နှစ်ပါးသော တရားတို့သည်။ သမဝိပါကိနော- တူသော အကျိုးရှိကုန်သည်။ နဟိ ဟောန္တိ- မဖြစ်ကုန်သည် သာလျှင်တည်း။ အဓမ္မော-

အကုသိုလ်တရားသည်။ နိရယံ–ငရဲသို့။ နေတိ–ဆောင်ပို့၏။ ဓမ္မော–ကုသိုလ်တရားသည်။ သုဂတိံ – လူနတ်နိဗ္ဗာန်သို့။ ပါပေတိ - ရောက်စေ၏။

ဤ ဒေသနာတော်နှင့်အညီ ဓမ္မ ဟူသော ကုသိုလ်ကိုင်း၊ အဓမ္မ ဟူသော အကုသိုလ်ကိုင်း၊ သေသေချာချာ စွဲစွဲမြဲမြဲ သိထားသင့်၏။ သိထားရပေမည်။ ဓမ္မ, အဓမ္မဟူသော ကုသိုလ် အကုသိုလ်တို့သည် သတ္တဝါတို့ သန္တာန်၌ ဖြစ်ကုန်၏။ ငါ၏သန္တာန်၌ ဖြစ်ကုန်၏။ ငါ၏သန္တာန်၌ ကုသိုလ်ဓမ္မ အဖြစ်များသလော၊ အကုသိုလ်အဓမ္မ အဖြစ်များသလော၊ ကုသိုလ်ဓမ္မ အဖြစ်များအံ့၊ ကုသိုလ် ဓမ္မ ဆောင်ပို့ရာ လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝ နိဗ္ဗာန်ကျအောင် သုဂတိဌာနသို့ ငါရောက်ရပေမည်။ အကုသိုလ် အဓမ္မ အဖြစ်များအံ့၊ အကုသိုလ်အဓမ္မ ဆောင်ပို့ရာ ငရဲ,တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ် ဘုံဌာနသို့ ရောက်ရပေလတံ့။ ပုထုဇဉ်သတ္တဝါတို့သည် များသောအားဖြင့် တရား သဘာဝကို လေးလေးနက်နက် ကျကျနန မစဉ်းစား မဆင်ခြင်ဘဲ ပေါ့လျော့စွာ နေတတ်ကြကုန်၏။ ပေါ့လျော့ထိုင်းမှိုင်းသည့်အတွက် အကုသိုလ် ဓမ္မမရှောင်မရှား လိုက်မှားမိကြသဖြင့် အပါယ်ဘုံ၌ များများကြီး ဖြစ်ကြရကုန်၏။ ယူဇနာ တသောင်း ကျယ်သော 'မဟာအဝီစိငရဲကြီး' ငရဲခံနေကြရသောသူတွေ အပြည့်အကြပ် ရှိနေကြကုန်သတဲ့။

၂။ ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပဂတိံ ဂတာ။
ဘဝဂ္ဂတ္တမ္ပိ သမ္ပတ္တာ၊ ပုန အာယန္တိ ဒုဂ္ဂတိံ ။

ပုညတေဇေန–ကောင်းမှု အရှိန်သည်။ ဥက္ခိတ္တာ–မြှောက်တင်အပ်ကုန်သည် ဖြစ်၍။ ကာမရူပဂတိံ-ကာမသုဂတိဘဝ ရူပသုဂတိဘဝသို့။ ဂတာ– ရောက်ကြကုန်သော။ ဘဝဂ္ဂတ္တမ္ပိ–ဘဝ၏အထွဋ် အဖျားဆုံးဖြစ်သော အရူပဘုံသို့သော်လည်း။ သမ္ပတ္တာ–ရောက်ကြကုန်သော ပုထုဇဉ်တို့သည်။ ပုန–တဖန်။ ဒုဂ္ဂတိံ– အပါယ် ဒုဂ္ဂတိဘုံသို့။ အာယန္တိ– လာရောက်ကြရကုန်၏။

ဤဒေသနာတော်နှင့်အညီ ငါတို့သည် ရှေးဘဝက ဓမ္မ ကုသိုလ်ပုညသည် မြှောက်တင်အပ်သည်ဖြစ်၍ ယခုအခါ လူ့ဘဝကိုရခြင်း၊ ဘုရားရှင် သာသနာတော်နှင့် တွေ့ကြုံရခြင်း၊ သဒ္ဓါတရားနှင့် ပြည့်စုံရခြင်း၊ သူတော်ကောင်းတို့၏ တရားစကားကို ကြားနာရခြင်းဟူသော အခွင့်ကောင်းတို့ကို ရကြသည့်ပြင် ဘုရားပွဲ တရားပွဲ သံဃာပွဲ ယခုလို ဝိနည်းစာပြန်ပွဲ ကျောင်းတိုက် အထိမ်းအမှတ်ပွဲ၊ ဒါန, သီလ, ဘာဝနာပွဲ အစရှိသော လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရခြင်း၏အကြောင်း "ကောင်းမှုပုည"ဟူသော ကုသိုလ်ဓမ္မကို လေ့လာပွားများအားထုတ်နိုင်ကြပေသည်။

ထိုကောင်းမှုပုညကုသိုလ်ဓမ္မတို့သည်၊ ဘယ်အခါမှ အရှိန်အဟုန်ဘော် မဆုတ် မကျဘဲ မြင့်သည်ထက် မြင့် ပွားသည်ထက် ပွား၍ မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသော လောကုတ္တရာချမ်းသာသို့ ရောက်အောင် ပင့်ခေါ်မြှောက် ပို့တင်လိမ့်မည်ဟု ကိုယ်စီ ကိုယ်စီ ယုံကြည် လေးစား အားထားဝမ်းသာ သင့်ကြပေသတည်း။

ဆရာတော်ဘုရားကြီး ကိုယ်တိုင် နှုတ်အမိန့် မြွက်ကာ ရေးသားစေ၍ ချီးမြှင့်ပေးသနားတော် မူလိုက်သည်။

"တပည့်များ"

(၁၃၂၃-ခု)

—o—

## ညောင်ရွှေ ဩဝါဒ

### တရားအမှတ် (၇)

ယခုအခါ ဘုရားသာသနာတော်ကြီးနှင့် တွေ့ကြုံကြရသဖြင့် ရှင်ပြု ရဟန်းခံ စာပြန်ပွဲ စသည့် ကုသိုလ်ကောင်းမှု အမျိုးမျိုးတို့ကို စွမ်းအားရှိသမျှ ပြုလုပ် ဆောင်ရွက်ကြကုန်၏ ။

ပစ္စုပ္ပန်သံသရာ လောကီလောကုတ္တရာအကျိုးတို့ကို မျှော်ကိုး တောင့်တ၍ သဒ္ဓါ ပညာ စေတနာ ထက်သန် ဖြောင့်မှန်သော အမှုမျိုး ဖြစ်ကြသဖြင့် ဝမ်းမြောက်ဝမ်းသာဘွယ် အလွန်ကောင်းကြပေကုန်၏။

ကုသိုလ် ကောင်းမှု ပြုရာတို့၌ ဩဝါဒတရား ပေးသနားတော်မူပါဟု လျှောက်ထားကြသဖြင့် တရံတခါ ကိုယ်တိုင် ဟောပြောရ တရံတခါ စာရေး ပေးလိုက်ရ၏၊ ယခုနှစ် ညောင်ရွှေ ကန်ကြီးကျောင်းတိုက်၌ ပြုလုပ်ကြသော (**ကန်ကြီးပရိယတ္တိ စာသင်တိုက် အထိမ်းအမှတ်နေ့**) ပွဲကြီးနှင့် စပ်၍ ဩဝါဒ မိန့်ခွန်းတရား သနားချီးမြှောက်ပါဟု "**ဝန်ဆောင် ဆရာတော် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံ**"က တောင်းပန်လျှောက်ထားသဖြင့် ဩဝါဒတရား ရေးသား ပေးပို့လိုက်သည်။

ထိုဩဝါဒကား "အပ္ပမာဒေန သမ္ပာဒေထ"ဟူသည်ပင်တည်း။

ယခုဆရာတော်ပေးလိုက်သော ဩဝါဒစကားသည် ဘုရားရှင်၏ဩဝါဒပင် ဖြစ်၏၊ ဘုရားရှင် ကိုယ်တော်မြတ်သည်၊ ထိုဩဝါဒကို နေ့စဉ် နေ့တိုင်း ပေး သနားတော်မူ၏။

ဤစာကို ဖတ်ကြည့်ရသူ နာကြား ရသူ တို့သည် မိမိတို့၏ စိတ်တွင်း၌ တွေးဆကြံစည်ကြ၍ ဘုရားရှင်ကို ရှေးကထက်ပိုမို၍ ကြည်ညို အားထားကြ ရမည်၊ ဘုရားရှင် ကိုယ်တော်မြတ်သည်ဘုရားဖြစ်ပြီး၍ ၄၅-ဝါ၊ ၄၅-နှစ်တွင် ပရိနိဗ္ဗာန် ပြုတော်မူသည် "အပ္ပမာဒေန သမ္ပာဒေထ"ဟူသော ဩဝါဒကို နေ့စဉ်နေ့တိုင်း ပေးသနားတော်မူလျှင် အကြိမ်ပေါင်း မည်မျှရှိမည်နည်း။

တရံတခါ၌ တနေ့လျှင် နှစ်ကြိမ်, သုံးကြိမ်, လေးကြိမ်, ငါးကြိမ် စသည် ဩဝါဒပေးတော်မူရမည်၊ သို့ဖြစ်လျှင် အကြိမ်ပေါင်းများစွာ မရေမတွက်နိုင် အောင် အထပ်ထပ်အခါခါ ပေးသနားတော်မူရသော ဩဝါဒပင်ဖြစ်ပေသည်။ ပရိနိဗ္ဗာန်ပြုခါနီး ဘုရားရှင်၏ ပစ္ဆိမဝစန နောက်ဆုံးဩဝါဒစကားသည်လည်း "အပ္ပမာဒေန သမ္ပာဒေထ"ပင် ဖြစ်ပေ၏။ ဤပစ္ဆိမ ဝစန ဩဝါဒကိုလည်း ကျနသေချာစွာ စဉ်းစားလျှင် အလွန်ပင် လိုက်နာသင့်ပေသည်။ သက်တော် (၈၀)ရှိသော ဤဘဝ၌ အဆုံးစကားတော်ပင်ဖြစ်၏။ တသံသရာလုံး၌ အဆုံး စွန်သော စကားတော်ပင် ဖြစ်၏၊ အကယ်၍ ပရိနိဗ္ဗာန် မစံတော်မူရသေးလျှင် ထို"အပ္ပမာဒေန သမ္ပာဒေထ"ဟူသော ဩဝါဒစကားနှင့် ဝိနည်း အဘိဓမ္မာ သုတ္တန်ဒေသနာတို့ကို ထပ်မံ မြွက်ကြား ဩဝါဒပေးသနားတော် မူဦးမည်ပင် ဖြစ်၏။

ဓမ္မတာဖြစ်သော အနိစ္စတရားကို မလွန်ဆန်နိုင်သဖြင့် များစွာသော တရား စကားတို့ကို ဟောကြားခွင့်မရ၊ ပိဋကတ်သုံးပုံကို အုပ်ခြုံ၍ အလုံးစုံသော အနက်အဓိပ္ပါယ်ကို ရယူဖော်ပြနိုင်သော ဤ"အပ္ပမာဒေန သမ္ပာဒေထ"ဟူသော အကျဉ်းစကားမျှကိုသာ မိန့်ဟ မြွက်ကြား ဩဝါဒပေးထားတော်မူခဲ့ပေသည်။

သက်ရှယ်ကြီးရင့် မမာမကျန်း ဖြစ်သော မိဘတို့သည် မိမိတို့၏အသက် အရှယ်နှင့် ရောဂါအန္တရာယ်ကို တွေးဆ၍ "ငါကား ဘဝတပါးသို့ ပြောင်း သွားရတော့မည်"ဟု ကြံစည် သိမြင်သောအခါ ချစ်ခင်လှစွာသော သား, သမီးတို့အား မိမိတို့၏အနီးအပါးသို့ ခေါ်ယူ၍ လောကကြောင်း ဓမ္မကြောင်း ကောင်းဆိုးရှိသမျှ အဝဝသော ကိစ္စတို့ကို စေ့စေ့ငငဖော်ပြ မှာထားကြသော အခါ မိဘတို့၏ အဆုံးစွန် မှာထားခဲ့သော စကားကို လိမ္မာသော သားသမီး

အများတို့မှတ်သားလိုက်နာကြကုန်သကဲ့သို့ သတ္တဝါအများတို့ အပေါ်၌ မေတ္တာ ကရုဏာ အများဆုံး ဖြစ်သော ဘုရားရှင်၏ စကားတော်ကို မှတ်သား လိုက် နာသင့်ကြပေသည်။

(ထိုဩဝါဒကို မြန်မာအနက်ပြန်ဆိုမှု)

"အပ္ပမာဒေန–မမေ့မလျော့ မပေါ့မတန် နိဗ္ဗာန်လမ်းမ ဖြောင့်တန်းလှသော အပ္ပမာဒ သတိတရားဖြင့်။ တုမှေ–သင်ချစ်သား–ချစ်သမီးတို့သည်။ သမ္ပာဒေထ– ကိုယ်စီကိုယ်င ပြည့်စုံကြစေကုန်လော့"ဟူ၍ ပြန်ဆိုရသည်။

အဓိပ္ပါယ်မှာ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှု ကုသိုလ်တို့၌ မမေ့မလျော့ သော သတိကို အပ္ပမာဒဟူ၍ သိရမည်၊ ထိုအပ္ပမာဒခေါ် သတိနှင့် အမြဲမပြတ် ပြည့်စုံကြရမည်ဟု ဆိုလိုပေသည်။

ထိုသတိနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို အပ္ပမာဒ ပုဂ္ဂိုလ်ဟု ခေါ်ဆိုနိုင်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ သတိကင်းလွတ်နေသူကိုကား ပမာဒပုဂ္ဂိုလ်ဟု ခေါ်ဆိုရ၏။

သံသရာ၌ ကျင်လည်နေကြသော သတ္တဝါအများတို့ကို အကျဉ်းအားဖြင့် ခွဲခြားရေတွက်မူ အပ္ပမာဒပုဂ္ဂိုလ်တမျိုး ပမာဒပုဂ္ဂိုလ်တမျိုးဟူ၍ နှစ်မျိုးသာ ရ၏။ ထို(၂)မျိုးတို့တွင် ပမာဒပုဂ္ဂိုလ်ကို သူသေကောင် ဟူ၍၎င်း၊ ငရဲကောင်, တိရစ္ဆာန်ကောင်, ပြိတ္တာကောင်, အသုရကာယ်ကောင် ဟူ၍၎င်း တင်စား ခေါ်ဆိုရ၏။

ယင်ရှယ်သူ များနှင့် အသိဉာဏ် နည်းပါးသော သူတို့ မှတ်သားသိသာရန် အနည်းငယ် ဖော်ပြအံ့။

ယခုခေတ်ဘုရားပွဲတော်ကြီးတို့၌ များသော အားဖြင့် သဘင်ပွဲလမ်းနှင့် လှူဒါန်းဘွယ် အဖုံဖုံတို့ကို ပြည့်စုံ များပြားစွာ စီမံ ဆောင်ရွက်ကြကုန်၏။ လောဘ ဒေါသ ခြုံလွှမ်း၍ ပွဲလမ်းဖက်၌ရှိနေသူတို့ကို ပမာဒ ပုဂ္ဂိုလ်တို့ ဟူ၍ သိမှတ်ရမည်။ ဘုရားရှင် ကို ရည်မှန်း၍ လှူဒါန်း ပူဇော်ကာ သဒ္ဓါ စသည် ထုံမွှမ်း၍နေသူတို့ကို အပ္ပမာဒပုဂ္ဂိုလ်တို့ ဟု သိမှတ်ရမည်။

ထို့ထက် ပို၍ အကျဉ်းချုပ် ပြောဆိုရလျှင် လောဘ, ဒေါသ, မောဟ သမားတို့ကို ပမာဒပုဂ္ဂိုလ်၊ အလောဘ အဒေါသ အမောဟ သမားတို့ကို အပ္ပမာဒပုဂ္ဂိုလ်ဟူ၍ သိမြင် မှတ်သားကြကုန်ရာသည်။

ဆရာတော်၏ဩဝါဒ တရားစကားကို ကြည့်ရှု နာကြားရသော အပ္ပမာဒ ပုဂ္ဂိုလ်အဝင် သူတော်စင် အပေါင်းတို့သည် "ဝယဓမ္မာ သင်္ခါရာ" ဟူသော ပစ္ဆိမဗုဒ္ဓဝစနကို ထည့်စွက် တွေးဆ ဟောပြ ဆင်ခြင်ကြ၍ 'ကလျာဏပုထုဇဉ်' ဖြစ်နိုင်ကြပါစေကုန်သတည်း။

မှတ်ချက်။ ။ဤ ဩဝါဒ စကားကို သက်တော် ၉၂-နှစ် ရရှိတော်မူသော ကျေးဇူးရှင် သက်တော်ရှည် ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် နှုတ်တော်ဖြင့် မြွက်ဟကာ ရေးသားစေ၍ ချီးမြှင့်ပေးသနားတော်မူလိုက်သည်။

တပည့်များ

(၁၃၂၂-ခု)

—၀—

## ညောင်ရွှေ ဩဝါဒ

## တရားအမှတ်(၈)

ညောင်ရွှေမြို့ ကန်ကြီး ပရိယတ္တိစာသင်တိုက်ကြီး၏ နှစ်စဉ် နှစ်စဉ် ကျင်းပ ဆင်ယင်သော စာပြန်ပွဲ အတိမ်းအမှတ်ပွဲကြီး သည် ဘုရားရှင် သာသနာတော်နှင့် စပ်၍ မြင့်မြတ်ကြီးကျယ်သော တရားပွဲတော်ကြီးပင် ဖြစ်၏၊ တရားပွဲတော် ကြီးဟူသည်လည်း ဒါနပွဲ, သီလပွဲ, ဘာဝနာပွဲပင် ဖြစ်တော့၏၊ ဘုရားရှင်ကို ကြည်ညို လေးစား၍ ဘုရားရှင် အဆုံးအမ၌ တည်နေလျက် နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှု ပါရမီ ကုသိုလ်ကိုပြုလိုသောသူတော်ကောင်းတို့သည် ဒါန, သီလ, ဘာဝနာမှ တပါးအခြားပြုလုပ်ဘွယ် မရှိ။

ဒါန, သီလ, ဘာဝနာကိုပင် စွမ်းအားရှိသမျှ ဆောင်ရွက် အားထုတ်ပြုလုပ် ကြရာသည်၊ ထိုသို့ ပြုလုပ်ကြရာ၌ ယမန်နှစ်က ရေးသား ပေးပို့လိုက်သော အပ္ပမာဒတရားကို အမြဲ မပြတ် ဖြစ်ပွားစေကြရမည်၊ အပ္ပမာဒ ဟူသော သတိ လွတ်ကင်းလျှင် ပြုလုပ်ဆောင်ရွက်ကြသော ဒါန သီလ ဘာဝနာတို့သည် အား အင်နည်းသေးငယ် ပျက်ယွင်း၍ ကောင်းမြတ်သော အကျိုးကို ပေးခြင်းငှာ မစွမ်း နိုင်ကြကုန်၊ ပါရမီ ကုသိုလ်ကို ပြုလုပ်ကြရာ၌ တဦးတယောက်တည်းသော်၎င်း အများ စုပေါင်း၍သော်၎င်း ပြုလုပ်ကြမြဲဖြစ်သည်၊ ထိုသို့ ပြုလုပ်ကြရာတွင် မိမိ

ပြုလုပ် ဆောင်ရွက်ပုံကိုသာ နှလုံးသွင်း ဆင်ခြင်ကြရမည်၊ တပါးသူတို့၏ ပြုလုပ် ဆောင်ရွက်ပုံကို အလေးဂရု ပြုလျက် မကြည့်ရှု မဆင်ခြင်ရာ၊ မြတ်စွာဘုရားသည် ဓမ္မပဒ ပါဠိတော်၌—

**န ပရေသံ ဝိလောမေန၊ န ပရေသံ ကတာကတံ။**

**အတ္တနောဝ အဝေက္ခေယျ၊ ကတာနိ အကတာနိစ။**

ဟူ၍ ဟောတော်မူသည်။

ပရေသံ- သူတပါးတို့၏။ ဝိ လောမာနိ- မလျော်သော အမှုတို့ကို။ န အဝေက္ခေယျ-မရှု မဆင်ခြင်ရာ။ ပရေသံ-သူတပါးတို့၏။ ကတ ာကတံ-ကောင်းသောအမှု မကောင်းသောအမှု ပြုမပြုကို။ န အဝေက္ခေယျ- မရှု မဆင်ခြင်ရာ။ အတ္တနောဝ-မိမိ၏သာလျှင်။ ကတာနိစ-ဤကောင်းမှုတို့ကိုပြုမိလေကုန်၏လော ဟူ၍၎င်း။ အကတာနိစ- မပြုမိလေကုန်၏လော ဟူ၍၎င်း။ အဝေက္ခေယျ- ရှုဆင်ခြင်ရာ၏။

ယခုအခါ လူများအပေါင်းသည် မိမိ၏ ကိစ္စထက် သူတပါးတို့၏ ကိစ္စကို အလေးဂရု ပြု၍ ပြောဆို နေထိုင်တတ်ကြသည်၊ အထူးသဖြင့် အချို့အချို့သော အသင်းအဖွဲ့ အစည်းအဝေးတို့၌၎င်း၊ သတင်းစာများ၌၎င်း ကိုယ်နှင့် မဆိုင်သော ကိုယ့်နယ် ကိုယ့်ပြည်နှင့်မဆိုင်သော ကောင်းဆိုးဖြစ်ပျက်မှုတို့ကို အလေးဂရုပြုလျက် အားကြိုးမာန်တက် သုစရိုက် ပျက်ကွက် ဒုစရိုက် စွက်ဖက်လျက်ပင် နှစ်နှစ်သက်သက် ပြောဆို ရေးသားကြ၏၊ ဘုရားရှင် အလိုတော်မကျ၊ လောကဓမ္မ ကြီးပွားကြောင်း မဟုတ်သည်တို့ကို အထူးဆင်ခြင်၍ ရှောင်ကြဉ်သင့်သမျှတို့ကို ရှောင်ကြဉ်ကြမှ သင့်လျော်ကြပေမည်။

လောကီဘုံသား သတ္တဝါအများတို့၌ အထိုက်အလျောက် ဂုဏ်ကျေးဇူးလည်း ရှိတတ်၏၊ ဂုဏ်ကျေးဇူး ပါးရှား၍ အပြစ်ဒေါသ အများလည်း ရှိတတ်၏၊ ထိုသို့ ဂုဏ်အပြစ် ရောပြွမ်း၍ ရှိနေသောသူတို့ကို တွေ့မြင်သောအခါ ဤဆိုလတ္တံ့သော ဂါထာကို လေ့ကျက်မှတ်သား၍ တရားလာတိုင်း လိုက်နာ ပြုကျင့်သင့်ပေသည်။

**ဂုဏဒေါသေဟိ ကိဏ္ဏဿ၊ ဂုဏံဝ ပဿယေ သရေ။**

**သေဝါလာဒိံ ပဝါဟေတွာ၊ ပိဝေ ပိပါသကော ယထာ။**

ဂုဏဒေါသေဟိ- ဂုဏ်အပြစ်တို့ဖြင့်။ ကိဏ္ဏဿ- ရောပြွမ်း၍နေသောသူ၏။ ဂုဏံဝ- ဂုဏ်ကိုသာလျှင်။ ပဿယေ- ရှုကြည့်ရာ၏။ ပိပါသကော- ရေငတ်မွတ်

သောသူသည်။ သရေ-အိုင်၌။ သေဝါလာဒိ မှော်အစရှိသည်ကို။ ပဝါ ဟေတွာ- လျှောဖယ် ပယ်ရှား၍။ ပိဂေယထာ ရေကိုသာ သောက်သကဲ့သို့ တည်း။

ဤဩဝါဒအတိုင်း ဤဩဝါဒဂါထာလာအဓိပ္ပါယ်တို့ကို ကြည့်ရှုမှတ်သားသူတပါးတို့၏ အပြစ်ကို မဆင်ခြင် မကြည့်ရှု၊ မပြောဆိုဘဲ ဂုဏ်ကျေးဇူးတို့ကိုသာလျှင် ဆင်ခြင် ကြည့်ရှု ပြောကြား၍ ဘုရားရှင်တပည့်သား ဗုဒ္ဓဘာသာ သူတော်ကောင်းများ ဖြစ်ကြသည့်အတိုင်း ကိုယ့်သန္တာန်၌မဂ်ရောက် ဖိုလ်ရောက် နိဗ္ဗာန်ပေါက် အကျိုးများနိုင်သော သူတော်ကောင်း တရားတို့ကို ပွားများအားထုတ် နိုင်ကြပါစေကုန်သတည်း။

မှတ်ချက်။ ။ဆရာတော် ဘုရားကြီး နှုတ်ဖြင့် အလွတ် ဟောပြောပြသလျက်၊ ခြေတော်ရင်း၌ပင် ရေးသားပေးပို့လိုက်ပါသည်။

(တပည့်များ
(၁၃၂၃-ခု)

—o—

## ညောင်ရွှေဩဝါဒ
## တရားအမှတ် ( ၉ )

ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက်၌ နှစ်စဉ် ကျင်းပပြုလုပ်မြဲဖြစ်သော (၁၇) ကြိမ်မြောက် ကျောင်းတိုက် ပွဲတော်ကြီး၌ ဩဝါဒတရားစကားရေးသား ပေးပို့ရန် တောင်းပန်လျှောက်ထားမြဲ အတိုင်း လျှောက်ထားကြပြန်ရာ မန္တလေးမြို့၌ ရွှေကျင်ဂိုဏ်းလုံး ဆိုင်ရာ သံဃာ့ အစည်းအဝေးကြီး အောင်မြင်ပြီးစီးခိုက် ဂဏသမုဋ္ဌာပက ရွှေကျင်ဆရာတော်ဘုရားကြီးကို • အထူးသတိရ၍ လိုက်လိုက်လှဲလှဲ ကြည်ညိုဆဲအခါ ဖြစ်နေသောကြောင့် ရွှေကျင်ဆရာတော်ဘုရားကြီး ရေးသား စီရင်တော်မူအပ်သော "ဂမ္ဘီရာ ဂမ္ဘီရမဟာနိဗ္ဗုတဒီပနီကျမ်း" လာ နိဗ္ဗာန်၏ မြင့်မြတ်သော ဂုဏ်တော်တို့ကိုပါ သတိရသဖြင့် နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးကို အများ သိနားလည် ကြည်ညိုကြစေရန် ဩဝါဒကထာ အဖြစ်ဖြင့် ရေးသား ပေးပို့လိုက်သည်။

ဓမ္မပဒပါဠိတော်၌လည်း **"နိဗ္ဗာနံ ပရမံ သုခံ"**ဟူသော ပါဠိတော်ကို ပရမံ သုခံ- လွန်ကဲသော ချမ်းသာကား။ နိဗ္ဗာနံ-နိဗ္ဗာန်တည်းဟူ၍ "သင်္ဂဇာ ဆရာတော် ဘုရားကြီး,အနက်မြန်မာ ပြန်ဆိုတော်မူသည်။

ဤဆိုလတ့ံသည်ကား၊ဂမ္ဘီရာ ဂမ္ဘီရ မဟာနိဗ္ဗုတ ဒီပနီကျမ်းကြီး၌ရေးသား ပါဝင်သော **"သဠာယတန သံယုတ် ပါဠိတော်"**လာ နိဗ္ဗာန်ဟော ပရိယာယ် သဒ္ဒါတို့ကို ရွှေကျင် ဆရာတော်ဘုရားကြီး အနက်မြန်မာ ပြန်ဆိုတော်မူသည့် အတိုင်း ရေးကူး၍ထည့်ပေးလိုက်ခြင်း ဖြစ်၏။

အသင်္ခတံ အနတံ အနာသဝံ၊ သစ္စဥ္စ ပါရံ နိပုဏံ သုဒုဒ္ဒသံ၊
အဇဇ္ဇရန္တံ ဓုဝံ အပလောကိတံ၊ အနိဒဿနံ နိပ္ပပဉ္စ သန္တံ
အမတံပဏီတဥ္စ သိဝဥ္စ ခေမံ၊တဏှာက္ခယော အစ္ဆရိယဥ္စ အဗ္ဘုတံ၊
အနီတိကံ အနီတိကဓမ္မံ၊ နိဗ္ဗာန မေတံ သုဂတေန ဒေသိတံ၊
အဗျာပဇ္ဈော ဝိရာဂေါစ၊သုဒ္ဓိ မုတ္တိ အနာလယော၊
ဒီပေါ လေဏဥ္စ တာဏဥ္စ သရဏဥ္စ ပရာယဏန္တိ။

(သဠာယတန သံယုတ်ပါဠိတော်၊ ဠ။ ချုပ်။)

အသင်္ခတံ- မူလရင်းက သင်္ခတပင်ဖြစ်သော်လည်း အလွန် သိမ်မွေ့ လှသဖြင့် သင်္ခတဟု သိကြောင်း မှတ်ကြောင်း လက္ခဏာမှ ကင်း၍နေထသော။အနတံ- ဒုက္ခစိုက်ပျိုးတဏှာမျိုးတို့ မတိုးမညွှတ်မလာနိုင်ရာလည်းဖြစ်ထသော။အနာသဝံ- ငရဲပြိတ္တာ. ဘေးရောကို ခါခါ ဖြစ်စေတတ်သည် ဖြစ်၍ ကြောက်အပ်လှစွာ တဏှာဒိဋ္ဌိစသော အာသဝေါညစ်ဆိုး တရားမျိုးတို့ မတိုက်ချိုးနိုင်ရာ ဖြစ်ထသော။ သစ္စဥ္စ- နိဗ္ဗာန်ဟူသော အမည်နာမ စကားမျှသာမဟုတ် နိဗ္ဗာန်ဟူသော အမည်ရှိသည်အားလျော်စွာ ငြိမ်းအေးခြင်း ပရမတ္ထသဘောအားဖြင့် တကယ် အမှန်ကြီး မှန်သည်လည်း ဖြစ်ထသော။ ပါရံ- ခန္ဓာကိုယ်ဆိုး ဒုက္ခအိုး၏ပြင်ဘက် ဝဋ်ဆင်းရဲရေအယဉ်မှ ထွက်မြောက်ရာ ကမ်းဆိပ်ကြီးလည်း ဖြစ်ထသော။နိပုဏံ၊ အထည်ဒြပ် ဥပါဒ်မထင်ဖြစ်၍ အလွန်သိမ်မွေ့စွာထသော။ သုဒုဒ္ဒသံ- ပညာဉာဏ် ဖြင့်သော်လည်း နှိုင်းချင့် ထောက်ဆ သိမြင်ရနိုင်စရာ လွန်စွာ ခဲယဉ်းထသော။ အဇဇ္ဇရန္တံ၊ ငြိမ်းအေးခြင်းသဘောအားဖြင့် ပေါ်လာပြီးနောက် ဘယ်လောက် ပင် ကြာသော်လည်း ဘယ်သည့်ကာလမျှ ရင့်အိုပျက်စီးခြင်းလည်း မရှိနိုင်

ထသော၊ (ဇဇ္ဇရသဒ္ဒါ ဆွေးပြည့် ရင့်အိုခြင်းအနက်၊ အန္တသဒ္ဒါ ပျက်စီးခြင်း အနက် ဟု ခွဲ၍မှတ်) တနည်းကား၊ အဇဇ္ဇရံ- ငြိမ်းအေးခြင်း သီတိဘာဝ, သဘာဝအားဖြင့် ပေါ်လာပြီးနောက် ကမ္ဘာပျက်မီး ကမ္ဘာပျက် လေကြီး ရေကြီးတို့ဖြင့်သော်လည်း ဘောက်ပြန် တုန်လှုပ်ခြင်းမရှိ ပကတိမြဲမြံစွာ တည်နေ ထသော။ (အန္တပုဒ်မှာ တဗ္ဘာဝတ္တ) အပလောကိနံ- ငြိမ်းအေးခြင်းသဘော ဖြစ်ပေါ်လာပြီးနောက် ဘယ်သည့်ကာလမှ အဘယ်တစုံတခုကြောင့် ပျက်စီး ခြင်း မရှိထသော။ အနိဒဿနံ- နတ်မျက်စိဖြင့်သော်လည်း စက္ခုဝိညာဉ်ဖြင့် မမြင်စကောင်းထသော။ နိပ္ပပဉ္စံ- အိုပြန်နာရ သေရဆင်းရဲ ဘောက်လဲဝါါ သံသရာကို ချဲ့ထွင်တတ်သူ တဏှာ မာန ဒိဋ္ဌိတို့ မပူမလာနိုင်ရာ ဖြစ်ထသော။ သန္တံ-တဆယ့်တသိး မီးကြီး ငြိမ်းအေးရာလည်း ဖြစ်ထသော။ အမတံ-မိမိထံ တည်ရောက်လာသူ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့၏ မအို့မသေ အမြဲတည်စံနေရာ ဖြစ်ထ သော။ ပဏီတံ- မြင်ရရောက်ရသူတို့ မရောင့်ရဲနိုင်ဘွယ် တကယ် မွန်မြတ်တော် မူထသော။ သိဝဥ္စ-ကြီးမြတ်သော ဂုဏ်ကျက်သရေ ရှိတော်မူထသော။ ခေမံ- ဘေးခပ်သိမ်း ကုန်ငြိမ်း ကင်းဝေးရာလည်း ဖြစ်ထသော။ တဏှာက္ခယော၊ ဘေးကိုပြုတတ် ကြောက်အပ်လှစွာ ခြောက်တဏှာတို့ကို ကုန်ရာကုန်ကြောင်း ဖြစ်ထသော။ အစ္ဆရိယံ- ဒါန သီလ ဘာဝနာ စသော အကြောင်းတရားတို့နှင့် မကင်းသော်လည်း ယင်းအကြောင်းတို့ကြောင့်ဖြစ်ပုံ သခ်တနိမိတ် အရိပ်မထွက် ယင်း သခ်တပုံဟန်နှင့် အလွန် ဝေးကွာ လွန်စွာ ထူးမြတ်သည်ဖြစ်၍ အလွန် အံ့ဘွယ်သရဲ အံ့ဩစလောက် ဖြစ်တော်မူပေထသော။ အဗ္ဘုတံ၊ တရံတဆစ်မျှ မဖြစ်ဘူးသေးဘဲ တခါထဲသာ ဖြစ်လာပြီးနောက် မပျောက်မပျက် အမြဲ တည်နေသည်လည်းဖြစ်ထသော။ အနီတိကံ- အလုံးစုံ ဆင်းရဲ ဘေးဒဏ် ဟူသမျှ ဘယ်ဟာတခုမျှ မရှိထသော။ အနီတိကဓမ္မံ- ဆင်းရဲရှိသော သဘောမျိုးမှ ဆန့်ကျဲင်ဘက်ကြီးဖြစ်၍နေထသော။ တေံ တော့ဒိသံ၊ ဤသို့ သဘောရှိသော တရားထူးတရားမြတ်ကို။ နိဗ္ဗာနံ-နိဗ္ဗာန်ဟူ၍။ သုဂတေန- မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောကြားတော်မူအပ်ပြီ။

သောဓမ္မော· ထိုနိဗ္ဗာန်တရားသည်။ အဗျာပဇ္ဇောစ- ဘေးရန် တွက်တာ ဘယ်ဟာတခု ကြောင့်ကြစရာ မရှိသည်လည်း ဖြစ်၏။ ဝိရာဂေါစ၊ ဘေးရန် ဖြစ်ကြောင်း ရာဂ အပေါင်းမှ ကောင်းကောင်းကြီး ကင်းဝေးရာလည်း ဖြစ်၏။ သုဒ္ဓိစ၊ ဘေးရန် လာဘွယ် အသွယ်သွယ်သော အညစ်အကြေးမှ ကင်းဝေး စင်ကြယ်သည်လည်း ဖြစ်၏။ မုတ္တိစ- ဘေးရန်ထူထပ် ဘုံသုံးရပ်တို့မှ လုလုကြီး လွတ်ရာလည်း ဖြစ်၏။ အနာလယံ- အလိုလိုဝ အလုံးစုံလှသဖြင့်

ဘယ်ဟာတခုမျှ မတောင့်တ ရာလည်း ဖြစ်၏။ ဒိပံ- ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ ပုန်းအောင်းရာ တည်ရာ ကျွန်းကြီးသဘွယ်လည်း ဖြစ်၏။ လေဏံ၊ ပရိနိဗ္ဗုတပုဂ္ဂိုလ်တို့၏ ဘေးမှ လွတ်ကြောင်း ပုန်းအောင်း ခိုနေရာလည်း မှန်၏။ တာဏံ-ခိုမိဋ္ဌ တည်ရောက်လာသူ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့အား ဘေးမလာရအောင် တကယ် စောင့်ရှောက်နိုင်သည်လည်း ဖြစ်၏။ သရဏဉ္စ-မိမိထံ ခိုမှီးလာသူ ပရိနိဗ္ဗုတ ပုဂ္ဂိုလ်၌ ဘေး မဆိုက်ရအောင် ဘေးတကာကို ကောင်းစွာ ဖျက်ဆီးတတ်သည် လည်း ဖြစ်၏။ ပရာယဏံ- ပရိနိဗ္ဗုတ ပုဂ္ဂိုလ်တို့၏ အလွန်အကဲ တည်နေရာ လည်းလျှောင်းရာလည်းဖြစ်၏။ ဝါ၊ ဘေးကို ကြောက်သူ ပုဂ္ဂိုလ်ဖြူတို့၏ တကယ် ဘေးမှ လွတ်ကြောင်း ကောင်းကောင်းကြီး လည်းလျှောင်း တည်နေရာလည်း စင်စစ်မှန်၏။

ဤကား သဒ္ဓါတရား လျှင်လျှား ထက်မြက်ကြသူ ပုဂ္ဂိုလ်ဖြူတို့ နှုတ်တက် အာဂုံ ဆောင်ရွက်၍ နိဗ္ဗာန်ဂုဏ်ကို အလွန်ယုံကြည် နှစ်သက်ကြစေခြင်းငှာ၊ ယင်းသို့ ယုံကြည် သဖြင့်လည်း ယင်းနိဗ္ဗာန်ကို မြန်မြန်ရအောင် အားထုတ် နိုင်ကြစေခြင်းငှာ ၎င်း အဋ္ဌကထာကို မှီးသဖြင့်လည်း ကောင်းကောင်းကြီး ထုတ်ဆောင် ရေးသားအပ်သော ယခင် အသခ်တ သံယုတ် ပါဠိတော်အနက် တည်း။

ဤ ရွှေကျင်ဆရာတော်ဘုရားကြီး အနက်မြန်မာ ပြန်ဆိုအပ်သော နိဗ္ဗာန်၏ ဂုဏ်ထူးတို့ကို ကြည်နူးရွှင်လန်း ဝမ်းပန်းတသာ အခါခါ ဆင်ခြင် စဉ်းစား၍၊ ဒါန, သီလ, ဘာဝနာ တရားတို့ကို လေ့လာ ပွားများ ကြိုးစားအားထုတ်သောအခါ လျှင်မြန် ဆောစွာ နိဗ္ဗာန် ချမ်းသာကို ရလိုကြောင်းဖြင့် ဆုတောင်းနိုင်ကြပါစေကုန်သတည်း။

(၁၃၂၅-ခု)

—ဝ—

## ညောင်ရွှေဩဝါဒ

## တရားအမှတ် (၁၀)

ယာဝတာ ဗုဒ္ဓဘဏိတံ၊ နဝင်္ဂ သတ္ထုသာသနံ၊
ဝိနယောဂဓံ တံ သဗ္ဗံ၊ ဝိနယောမူလ ပဿိနော။

ယာဝတာ-အကြင်မျှလောက်သော ကာလပတ်သုံး။ ဗုဒ္ဓဘဏိတံ-ရှင်တော်မြတ်ဘုရား ဟောကြားတော်မူအပ်ခဲ့သော။ နဝင်္ဂ- သုတ္တ, ဂေယျ, စသည်ထင်ရှား အင်္ဂါကိုးပါးရှိသော။ သတ္ထုသာသနံ- ဘုရားရှင် သာသနာတော်ကြီးသည်။ အတ္ထိ-ထင်ရှားမသွေ ရှိပါပေ၏။ ဝိနယောမူလ ပဿိနော- ဝိနည်းလျှင်မူလပဓာနဟု ကျနထင်ထင် သိမြင်တော်မူငြား မြတ်ဘုရား၏။ တံသဗ္ဗံ- ထိုသဗ္ဗမ္ပိသုံးဖြာ ဘုရားရှင်သာသနာ အားလုံးသည်။ ဝိနယောဂဓံ- ဝိနည်း၌ပင် အကျုံးဝင်သည်။ ဟောတိ- စင်စစ်မဒွေ ဖြစ်ပါပေသတည်း။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး (၄၅)ဝါ ကာလကြာအောင် ဟောကြားထားခဲ့သည့် သုတ္တဂေယျ,စသည့်ကိုးတန်, ဂုဏ်ပေါင်းလျှံသည့် သာသနာစစ် သာသနာမှန် တွေ့ကြုံခွင့်ရကြတဲ့ လူတွေ, နတ်တွေ, ဗြဟ္မာတွေဟာ အလွန်ကံကောင်းကြပါပေတယ်၊ သာသနာတော်နှင့် တွေ့ရတဲ့ အတွက် အလွန်အားတက် ဂုဏ်ယူစရာ ကောင်းပါပေတယ်။

ဘုရားရှင် ကိုယ်စား ထားတော်မူခဲ့တဲ့ သဗ္ဗမ္ပိသုံးဖြာ သာသနာတော်အားလုံးကို သိမ်းကျုံးလိုက်လျှင် "ဝိနည်းထဲမှာပင် အကျုံးဝင်သွားတယ်။ ဝိနည်းသာလျှင် သာသနာတော်ရဲ့ အရင်းမူလ ပဓာနဖြစ်တယ်"လို့ ဥပါလိထေရအပဒါန် ပါဠိတော်မှာ ဟောကြားတော်မူသည့် အတိုင်း ဝိနည်း သာလျှင် သာသနာတော်ရဲ့ အသက်ဖြစ်တဲ့အတွက် သာသနာတော်ကြီး မပျက်စီးမကွယ်ပျောက် ရလေအောင်၊ သာသနာတော်ကြီး မပျက်မသွေ အသက် ရှည်ရလေအောင်၊ ညောင်ရွှေမြို့ ကန်ကြီး ပရိယတ္တိ စာသင်တိုက်ကြီးအတွင်းမှာ ဟာခုလိုဝိနည်း စာပြန်ပွဲတော်ကြီး နှစ်စဉ် နှစ်စဉ် ကျင်းပကြရသည်မှာ အလွန်တရာဝမ်းသာစရာ ဝမ်းမြောက်စရာ ကောင်းပါတယ်။

ဒီစာပြန်ပွဲကြီးမှာ သံဃာတော်တွေဘက်က မိမိတို့ စွမ်းနိုင်သမျှ ဝိနည်းတရားတော်တွေ လေ့ကျက် ပြန်ဆိုပြီး သာသနာ့တာဝန် ကြေပွန်အောင်ထမ်းဆောင်ကြသလို၊ သာသနာတော်အကျိုး လိုလားကြတဲ့ သာသနာ့

ဒကာ, ဒကာမအများကလဲဘဲ ပစ္စည်းလေးပါးတို့ဖြင့် မလိုရအောင် ထောက်ပံ့လှူဒါန်းကြတာဟာ သာသနာ တည်ကြောင်း အလွန်ကောင်းမွန်တဲ့ သာသနာပြုကုသိုလ်ကောင်းမှုတွေ ဖြစ်ကြတယ်။

ယခုလိုသာ ဆရာနှင့် ဒါယကာလက်တွဲပြီး ဝိနည်းစာတော်ပြန်ပွဲကြီး နှစ်စဉ်မပျက်ဘဲ သားမြေးစဉ်ဆက် ဆောင်ရွက်၍ သာသနာ အားပေး သွားနိုင်ကြမယ်ဆိုလျှင် ဘုရားရှင် သာသနာတော်ကြီး မပျက်စီးဘဲ နှစ်ပေါင်း (၅၀၀၀) မက တည်နိုင်ပါလိမ့်မယ်။

ညောင်ရွှေမြို့ ကန်ကြီး ပရိယတ္တိ ကျောင်းတိုက်ကြီးမှာ ဝိနည်းပြန်ပွဲကြီး အောင်မြင်စွာ ကျင်းပပြုလုပ်နေတာကို မြင်ကြရ၊ ကြားကြရ၊ ကြည်ညိုကြရသည့် သာသနာ့အကျိုး လိုလားကြတဲ့ ကမ္ဘာသူကမ္ဘာသား အားလုံးတွေဟာ ပျော်မဆုံး မော်မဆုံး ဝမ်းသာလို့မဆုံး ဂုဏ်ယူလို့မဆုံး ဖြစ်ကြရမှာ အမှန်ပါဘဲ။

ဤကမ္ဘာ လူ့ပြည်တွင်မက နတ်ပြည်, ဗြဟ္မာပြည်မှာရှိကြတဲ့ နတ်တွေ,ဗြဟ္မာတွေလဲဘဲ ဤစာပြန်ပွဲ ဂုဏ်သတင်းကို သာသနာတော်စောင့် နတ်များမှတဆင့် ကြားသိရတဲ့အတွက် သာသနာအတွက် စိတ်အားတက်ပြီး ဝမ်းမြောက်နှမော်သာစုခေါ်ကြမှာ မလွဲပါပေ။

ဘာ့ကြောင့် ဤမျှလောက် တကမ္ဘာလုံး တလောကလုံး, ဤစာပြန်ပွဲကြီး အကြောင်းပြုပြီး ဝမ်းသာမဆုံး ဂုဏ်ယူလို့မဆုံး ဖြစ်ကြရသလဲဆိုလျှင်....

ဘုရားရှင်ဟောကြားခဲ့တဲ့ ဝိနည်းတရားတော်တွေတည်မှသာ ဤကမ္ဘာပေါ်မှာ ဘုရားရှင် သာသနာ တည်နိုင်တယ်။ ဘုရားရှင်သာသနာတည်နေမှသာလျှင် သာသနာကိုကြည်ညို၍ သာသနာကိုမှီခိုရပြီးလျှင် လောကမှာ တွေ့ကြုံနေကြရတဲ့ ဘေးဆိုး ရန်ဆိုး အန္တရာယ်အမျိုးမျိုး ဆင်းရဲအမျိုးမျိုးတို့မှ လွန်မြောက်ပြီး လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတွင်မက အချမ်းသာဆုံး နိဗ္ဗာန်ချမ်းသာထိအောင် ခံစားစံစားနိုင်ကြရပေတယ်။

အကယ်၍သာ ဤကမ္ဘာပေါ်မှာ ဤဘုရားရှင်သာသနာ ကွယ်ပျောက်သွားမည်ဆိုပါက ကမ္ဘာကြီးတခုလုံး မိစ္ဆာမှောင်, အဝိဇ္ဇာမှောင်တွေ လွှမ်းမိုးသွားပြီး ဘေးဆိုးရန်ဆိုး အန္တရာယ်အမျိုးမျိုး ဆင်းရဲ ဒုက္ခ အမျိုးမျိုးတွေ ကျရောက်ပြီး သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ခွင့် အသိပညာ အလင်းရောင် ရနိုင်ကြမည်မဟုတ်ပေ။

ယခုခေတ် သာသနာ နောက်ပိုင်းမှာ သာသနာ့ အလင်းရောင် ခေတ်တွေ အားနည်းလာသည်နှင့်အမျှ တဘက်မှ မိစ္ဆာဝါဒ အမှောင်ခေတ်တွေ ကမ္ဘာကြီး တခုလုံးပိတ်ဖုံးလွှမ်းမိုးလာသဖြင့် ယနေ့ကမ္ဘာကြီးမှာ လောဘ, ဒေါသ, မောဟ လွှန်ကဲ လာလျက် ရှေးကထက် ပိုပြီး ဘေးရန် အန္တရာယ်တွေ ဆင်းရဲအမျိုးမျိုး တွေ တွေ့ကြုံပြီး လာကြရပါတယ်၊ယခု လောကနှင့် အပါယ် လေးပါးမှာ ခံစား နေကြရတဲ့ သူတွေဟာ သာသနာတော်နှင့် တွေ့ခွင့် မရခဲ့လို့ သာသနာ့တန်ဘိုး မသိဘဲ သာသနာ မကြည်ညို၊ သာသနာ မမိုခိုခဲ့ကြရလို့ ဒုက္ခတွေ တွေ့ကြုံနေကြရ ပေတယ်။

ထို့ကြောင့် ဤကမ္ဘာ လောကကြီးမှာ ဆင်းရဲအမျိုးမျိုး ဖယ်ရှားလျက်၊ ချမ်းသာသုခ အပြည့်အဝပေးစွမ်းနိုင်တဲ့ ဘုရားရှင်သာသနာတော်ကြီးမပျက်မစီး တဆက်တည်း တည်နိုင်ဘို့ရာဟာ အရေးအကြီးဆုံး ဖြစ်ပါတယ်။

သာသနာတော်ကြီး တည်တံ့ခိုင်မာ အဓွန့်ရှည်ကြာ တည်နေဖို့ အရေးကြီး သည်နှင့် အမျှ ဘုရားရှင် ဟောကြားခဲ့သည့် ဝိနည်း တရားတော်တွေ တည်ဖို့ အရေး အကြီးဆုံး ဖြစ်ပါတယ်။

သတ္ထုကပ္ပံ သုဝိနယံ၊ ဓာရေမိ ယဒယေန တံ။
နမဿမာနော ဝိနယံ၊ ဝိဟရိဿာမိ သဗ္ဗဒါ။

ဟု ဝိနည်းဘက်တွင် တေဒဂ်ဘွဲ့ရ ဥပါလိမထေရ် အဓိဋ္ဌာန်ပြုသကဲ့သို့ ယခု ဝိနည်း စာတော်ပြန်ပွဲ လာရောက်ကြတဲ့ သံဃာတော်တွေဟာလဲ ဥပါလိမထေရ်ထိုး နှလုံးမူလျက်-

အဟံ-ငါသည်။ သတ္ထုကပ္ပံ- သက်တော်ထင်ရှား ဘုရားရှင်နှင့် အလားတူ သော။ သုဝိနယံ- ယဉ်ကျေးမှု အမြုတေ မြတ်ဝိနည်း ဥပဒေကို။ ယဒယေန-စိတ် ကောင်း ထုံစိမ် နှလုံးအိမ်ဖြင့်။ ဓာရေမိ-အမြဲမပြတ် ရွတ်ဖတ် ဆောင်ရွက်ပါအံ့။ ဝိနယံ-ဝိနည်း ပိဋကတ် တရားမြတ်ကို။နမဿမာနော- ရိုသေမြတ်နိုး ရှိခိုးလျက်။ သဗ္ဗဒါ- နေ့ညဥ့်မစဲ အမြဲသာလျှင်။ ဝိဟရိဿာမိ- မပြတ်ရှင်ပြုံး ကျင့်သုံးလိုက် နာ နထိုင်ပါတော့အံ့သတည်း....ဟု အသီးအသီးအဓိဋ္ဌာန်ပြုလျက် ဝိနည်းတော် ကို အမြဲလေ့လာ ပြန်ဆိုရှဲ ဝိနည်းတော်အတိုင်း လိုက်နာ ကျင့်သုံး ပြီးလျှင် အချမ်းသာဆုံး အမြတ်ဆုံး နိဗ္ဗာန်ချမ်းသာကို ခံစားကြစေရန် ဩဝါဒတရား မိန့်ကြားလိုက်ရပေသတည်း။

—o—

## ညောင်ရွှေ ဩဝါဒ

## တရား အမှတ် (၁၁)

**ဗုဒ္ဓေါ ဓမ္မော စ သံဃော စ၊ အနိစ္စံ ဒုက္ခလက္ခဏံ။**

**အနတ္တာ မေ ဆ ဝါစာဝ၊ သာရာ ဟိ ပိဋကတ္တယေ၊**

ဗုဒ္ဓေါစ–သစ္စာ လေးပါး ပိုင်းခြားသိမြင် ဘုရားရှင်ရှင်း။ ဓမ္မောစ–မဂ်လေးတန် ဖိုလ်လေးတန်. နိဗ္ဗာန် ပရိယတ် ဆယ်ပါးသော တရားတော်မြတ်ရှင်း။ သံဃောစ- မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန် အရိယာ မြတ်သံဃာရှင်း။ အနိစ္စံ- မမြဲကေန် ရုပ်နှင့် နာမ်တို့၏ ဖောက်ပြန် ပျက်စီးခြင်း အနိစ္စ လက္ခဏာရှင်း။ ဒုက္ခလက္ခဏံ-အဖြစ်အပျက်ဘေးဒဏ်ချက်တို့ဖြင့်အနှိပ်စက် ခံရခြင်း ဒုက္ခလက္ခဏာရှင်း။ အနတ္တလက္ခဏံ–သတ္တဝါပုဂ္ဂိုလ် အတ္တဆိုသည့် အထည်ကိုယ် ရှာမရ အနှစ်သာရ- မရှိခြင်း အနတ္တလက္ခဏာရှင်း။ ဣမေ ဆ ဝါစာဝ- ဤ စကား ခြောက်ခွန်းတို့ သည်သာလျှင်။ ပိဋကတ္တယေ- ပိဋက သုံးပုံအလုံးစုံ၌။ ဟိ–မလွဲကေန် စင်စစ်မှန် သဖြင့်။ သာရာ- လိုရင်းအစစ် အနှစ်သာရတို့ပင်တည်း။

ဘုရားရှင် ကိုယ်တော်မြတ် ဟောကြားတော်မူအပ်သော ပိဋကသုံးပုံ အလုံးစုံတို့ကို အကျဉ်းချုံး၍ လိုရင်းအစစ် အနှစ်သာရ ညွှန်ပြရလျှင် ဘုရား တရား, သံဃာ ရတနာ မြတ်သုံးပါးနှင့် အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေးသုံးပါး၊ ဤ အနှစ်သာရ ခြောက်ပါးသာလျှင် ရှိပေသည်။

ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက်၌ ရတနာမြတ်သုံးပါးတို့နှင့် စပ်၍ နှစ်စဉ် ကျင်းပအပ်သော ဤ ကျောင်းတိုက်နေ့နှင့် ဝိနယာနုဂ္ဂဟ စာပြန်ပွဲကြီးသည် ဘုရားရှင် သာသနာ ကြာမြင့်စွာ တည်ခြင်း၏ အကြောင်းရင်း မူလ ပဓာန သာသနာ့ လုပ်ငန်းကိစ္စဖြစ်၍ တကမ္ဘာလုံးတွင် အသာဆုံး အမြတ်ဆုံး အနှစ်သာရ အရှိဆုံး မင်္ဂလာ အရှိဆုံး သာသနာ့ အောင်ပွဲကြီးဟု ဆိုထိုက်လှပါပေသည်။

**အဂ္ဂေ ခေါ ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။**

ဤ ပါဠိတော်အရ ဗုဒ္ဓမြတ်စွာ သာသနာ တည်ကြောင်း အကောင်းဆုံး အမြတ်ဆုံး မင်္ဂလာအရှိဆုံးဖြစ်သော ဤ သာသနာ့ အောင်ပွဲကြီးတွင် ပါဝင်လျက် အမြတ်ဆုံး ရတနာ သုံးပါးတို့ကို သဒ္ဓါပိုမို ကြည်ညို လှူဒါန်း ပူဇော်ကြကုန်သော သာသနာ့ဒါယကာ သာသနာ့ ဒါယိကာမ ဗုဒ္ဓဘာသာအမျိုးသား

အမျိုးသို့တို့သည် အမြတ်ဆုံး ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်အကျိုးထူး တရားများကို မချွမသွေ ရရှိနိုင်ကြပေသည်။

ရန်သူမျိုးငါးပါးတို့နှင့် ဆက်ဆံသည်၏အဖြစ်ကြောင့် အနှစ်သာရမရှိသော ပစ္စည်းဥစ္စာ၏ အနှစ်သာရကား အလှူ ဒါန ပင်တည်း၊ ၉၆-ပါးရောဂါများ တို့နှင့် ဆက်ဆံသည်၏ အဖြစ်ကြောင့် အနှစ်သာရ မရှိသော ဤ ကိုယ်ခန္ဓာ၏ အနှစ်သာရကား သီလရှိကုန်သောသူတို့၌ ရှိခိုးပူဇော်ခြင်းစသောအမှုကို ပြုခြင်း ပင်တည်း။

မမြဲသော အနိစ္စတရားတို့သည် လွှမ်းမိုးနှိပ်စက်အပ်သည်၏ အဖြစ်တို့ကြောင့် အနှစ်သာရ မရှိသော ရုပ်နာမ်နှစ်ချက် မိမိအသက်၏ အနှစ်သာရသည်ကား၊ အနိစ္စ အစရှိသည်၏အစွမ်းအားဖြင့် ဝိပဿနာတရား ပွားများစီးဖြန်း ကမ္မဋ္ဌာန်း အားထုတ်ခြင်းပင်တည်း ဟု ဒသကနိပါတ် ကဏှဇာတ် အဋ္ဌကထာလာသည့် အတိုင်း အနှစ်မပါ အကာအတိ ဖြစ်သော ဤကိုယ်ခန္ဓာနှင့်ပစ္စည်းဥစ္စာတို့မှ ဒါန သီလ, ဘာဝနာ အနှစ်သာရ တရားတို့ကို ကြိုးစား၍ ထုတ်ယူသင့်ကြပေ သည်။ .

**အသာရေ သာရမတိနော၊ သာရေစ သာရဒဿိနော။**
**တေ သာရံ နာဓိဂစ္ဆန္တိ၊ မိစ္ဆာသင်္ကပ္ပ ဂေါစရာ။**

ဘုရားဟောဒေသနာနှင့်အညီ—

မကောင်းမှုအကုသိုလ်ဒုစရိုက်များ တနေ့တခြား ပိုမိုများပြား ထွန်းကားလာ သော ကလိယုဂ်ဆုတ်ကပ်အခါ၌ အနှစ်သာရမရှိသည့် မိစ္ဆာဒိဋ္ဌိဝါဒ မှားယွင်း သော အယူအဆ အမျှော်အမြင် အတွေးအခေါ်ရှိကြလျက် တဘဝ တခဏမျှ ခံစားရသည့် လောကီကိစ္စ လုပ်ငန်းတို့ကို အဟုတ်တန်း အနှစ်သာရရှိသည်, ကောင်းသည်, ဂုဏ်ရှိသည်ဟု အထင်ကြီးတတ်ကြ၏။ ဗုဒ္ဓဘာသာ သမ္မာဒိဋ္ဌိ လူမျိုးတို့၏ ကိုးကွယ်အားထားရာ အနှစ်သာရအစစ် ဖြစ်သော ရတနာသုံးပါး နှင့် ဒါန သီလ ဘာဝနာတရားတို့ကိုကား အနှစ်သာရမရှိ ဂုဏ်မရှိ ဟု အထင် အမြင် သေးတတ်ကြကုန်၏။

ထိုသို့မှားယွင်းဖောက်ပြန် အမြင်မှန်မရ၊ မမှန်သော အကြံအစည် အတွေး အခေါ် အမျှော် အမြင် ရှိကြကုန်သော ပုထုဇဉ်သား လူမိုက်များသည် အထက်တန်းဖြစ်သော သီလ၊ သမာဓိ၊ ပညာ နိဗ္ဗာန် ချမ်းသာ အမြတ်ဆုံး အနှစ်သာရတို့ကို မရရှိနိုင်ကြဘဲ သံသရာဝဋ်ဆင်းရဲတို့၌ ထပ်တလဲလဲ ဒုက္ခခံစား နေကြရပေသည်။

ထို့ကြောင့် တွေ့ကြုံခဲလှစွာသော ဘုရားရှင် သာသနာတော်ကြီးနှင့်တွေ့ ကြုံရဆဲ အခါကောင်းကြီးတွင် အနှစ် မပါ အကာအတိ ဖြစ်သော လောကီ ကိစ္စတို့ဖြင့်သာ အချည်းနှီး အချိန်မကုန်ကြစေဘဲ သံသရာ ဝဋ်ဆင်းရဲမှ လွန် မြောက်၍ အမြတ်ဆုံး နိဗ္ဗာန် ချမ်းသာသုခ အနှစ်သာရကို ရရှိနိုင်ကြစေရန် ရတနာသုံးပါး တို့၏ ဂုဏ်ကို ယုံကြည် အားထားလျက် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး အနှစ်သာရတရားတို့ကို ကြိုးစား၍ ပွားများအားထုတ်နိုင် ကြပါစေကုန်သတည်း။

(၁၃.၂၆-ခု)

—o—

ညောင်ရွှေဩဝါဒ

တရားအမှတ် (၁၂)

**ဣမေစ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ၊ အ သုညော လောကော အရဟန္တေဟိ အဿ။**

သုဘဒ္ဒ- ချစ်သားသုဘဒ္ဒ။ ဣမေဘိက္ခူ- ဤရဟန်းတော်တို့သည်။ သမ္မာ- ကောင်းစွာ။ ဝိဟရေယျုံ- နေကုန်ငြားအံ့။ လောကော-လောကကြီးသည်။ အရဟန္တေဟိ-ရဟန္တာပုဂ္ဂိုလ်တို့မှ။ အသုညော၊ မကင်းဆိတ်သည်။ အဿ၊ ဖြစ် ရာ၏။ (မဟာပရိနိဗ္ဗာနသုတ်)။

ဤစကားကို ဘုရားရှင်သည်၊ ပရိနိဗ္ဗာန်စံတော်မူခါနီး မေးလျှောက် လာ သော သုဘဒ္ဒပရိဗိုဇ်အား မိန့်ကြားတော်မူခဲ့ခြင်းဖြစ်၏။ ဤစကား၏ ဆိုလိုရင်း အဓိပ္ပါယ်မှာ၊ ရဟန်းတော်များ ကောင်းမွန်စွာ နေထိုင်ကြပါက ကမ္ဘာလောက ကြီး၌ ရဟန္တာများ ထာဝစဉ်တည်ရှိနေပေမည်ဟု ဆိုလိုရင်းဖြစ်၏။

ဤ စကားကိုထောက်လျှင် လောက၌ ကောင်းမွန်စွာ နေထိုင်မှုသည် အလွန် အရေးကြီးကြောင်း သိသာ၏။ ကောင်းမွန်စွာ နေထိုင်ခြင်း ဟူသည် မှာလည်း 'တခြားမဟုတ်၊ ဘုရားရှင် ပညတ်ထားသော စောင့်ထိန်းအပ်သည့် စည်းကမ်း ဥပဒေများ နှင့် လိုက်နာ ကျင့်ကြံသင့်သော ကျင့်ဝတ်များကို

လေးလေးစားစား စောင့်ထိမ်းလိုက်နာသော ပုဂ္ဂိုလ်သည် လောကီ ချမ်းသာကို မဆိုထားဘိ အလွန်သိမ်မွေ့ နက်နဲ ခက်ခဲ၍ အလွန် ချမ်းသာလှသော နိဗ္ဗာန် ချမ်းသာကြီးကိုပင် ရယူနိုင်ကြောင်း ဟောပြပြီး ဘုရားရှင်၏ စကားတော်ကို ထောက်ဆ၍ သိနိုင်ပေသည်။

တိုကဲ့သို့စောင့်ထိန်းလိုက်နာသင့်သော စည်းကမ်း ဥပဒေများနှင့် ကျင့်ဝတ်များကို စောင့်ထိန်း လိုက်နာခြင်းသည် လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားကို ရရှိစေနိုင်သောမင်္ဂလာတပါး ဖြစ်ကြောင်း မင်္ဂလသုတ်ဝယ် **"ဝိနယော စ သုသိက္ခိတော"** ဟူ၍ ဘုရားရှင် ညွှန်ပြခဲ့ခြင်း ဖြစ်ပေသည်။

ဤကမ္ဘာ လောကကြီးတွင် ကမ္ဘာဦးမှစ၍ အဆက်ဆက် ထိန်းသိမ်းစောင့် ရှောက်လာခဲ့ကြသော လူ့စည်းကမ်းများနှင့် လိုက်နာ ပြုလုပ်သင့်သော မိဘ ကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ တပည့်ကျင့်ဝတ်စသည့် လူ့ကျင့် ဝတ်များ ရှိကြ၏. ၎င်း စည်းကမ်း ဥပဒေများနှင့် ကျင့်ဝတ်များသည် အကွပ် အညှပ်နှင့်တူ၏၊ အကွပ်အညှပ်ရှိသော အရာဝတ္ထုသည် ထို၍ တိမ်းပါး မရွေ့ရှား ဘဲ အမြဲခိုင်ခံ့ တည်တံ့ သကဲ့သို့ ၎င်းကျင့်ဝတ်စည်းကမ်းများကို လိုက်နာစောင့် ရှောက်သော ပုဂ္ဂိုလ် တဦးတယောက်သည်၎င်း၊ ပုဂ္ဂိုလ် အများစုသည်၎င်း၊ ကမ္ဘာလောကကြီးသည်၎င်း သာယာ ဝပြော၍ တိုးတက် စည်ကား ကြီးပွား ချမ်းသာပေလိမ့်မည်၊ အကယ်၍ ချိုဖောက်ကြလျှင်ကား **"အကွပ် မရှိသော ကြမ်း ပရမ်းပတာပျက်"** ဟူသကဲ့သို့ လျင်မြန်စွာပျက်စီး၍ သတ္တဝါများ ဆင်းရဲ ဒုက္ခ ရောက်ရှိတတ်ကြပေသည်။

ဘုရားရှင် သာသနာတော်၌လည်း ထိန်းသိမ်း စောင့်ရှောက် လိုက်နာသင့် သော စည်းကမ်းဥပဒေများ ကျင့်ဝတ်များ ရှိ၏၊ ၎င်းစည်းကမ်း ဥပဒေများ ကား လူများအတွက် ငါးပါးသီလ, ရှစ်ပါးသီလ စသည်နှင့် အရှင် ရဟန်းတော် များအတွက် အကျဉ်းအားဖြင့် (၂၂၇)သွယ် အကျယ် အားဖြင့် ကုဋေ တိုးထောင်ကျော် ရှိသည့်အပြင် ဓုတင် ၁၃-ပါး စသည်ဖြင့်လည်း ကျင့်ဝတ် (ပတိပတ်)များ များစွာရှိ၏။

တိုသိက္ခာပုဒ်များနှင့် ကျင့်ဝတ်များကို အကျဉ်းချုံးလိုက်လျှင်—

သာဓိကမိဒံ ဘိက္ခဝေ ဒိယဍ္ဍံ သိက္ခာပဒသတံ အန္ဝဒ္ဓမာသံ ဥဒ္ဒေသံ

အာဂစ္ဆတိ၊ ယတ္ထ အတ္တကာမာ ကုလပုတ္တာ သိက္ခန္တိ၊ တိဿော

ဣမာ ဘိက္ခဝေ သိက္ခာ၊ ယတ္တေတံ သဗ္ဗံ သမောဓာနံ ဂစ္ဆတိ၊ ကတမာ တိဿော အဓိသီလသိက္ခာ အဓိစိတ္တသိက္ခာ အဓိပညာ သိက္ခာ—

ဟူ၍ တိက အင်္ဂုတ္တိုရ်ပါဠိတော်၌ ဘုရားရှင် ဟောတော်မူသည်နှင့် အညီ အဓိ သီလသိက္ခာ, အဓိစိတ္တသိက္ခာ, အဓိပညာ သိက္ခာဟူ၍ သိက္ခာ သုံးပါးသာ ရှိ၏။ ယင်းသိက္ခာ သုံးပါးကို စောင့်ထိန်း လိုက်နာလျှင် အထက်ပါ သိက္ခာပုဒ်များ ကို ထိန်းသိမ်းစောင့်ရှောက်ပြီး ဖြစ်တော့၏။ ယင်းသိက္ခာသုံးပါးကို စောင့်ထိန်း လိုက်နာသော ပုဂ္ဂိုလ်ကို ကောင်းကောင်း နေထိုင်သူဟု ခေါ်ဆိုနိုင်သည်။

ထိုသို့ ထိန်းသိမ်းစောင့်ရှောက် လိုက်နာသည် ဆိုရာ၌လည်း မိမိ တယောက် တည်း စောင့်ရှောက် လိုက်နာရုံမျှဖြင့် ကောင်းကောင်း နေသည်ဟု မဆိုနိုင် သေး၊ သူတပါးကိုလည်း၊ စောင့်ရှောက် လိုက်နာအောင် အားပေး တိုက်တွန်း၍ နည်းညွှန်လမ်းပြမှုကိုလည်း ပေးနိုင်မှသာ ကောင်းကောင်းနေသူဟု ခေါ်ဆိုနိုင် ကြောင်း ယင်း မဟာပရိနိဗ္ဗာနသုတ် အဖွင့်၌ အဋ္ဌကထာ ဆရာ မိန့်တော် မူပေသည်။

ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်သည် မိမိ တယောက်တည်း ကလျာဏပုထုဇဉ် ဖြစ် ရုံဖြင့် တင်းတိမ် အားရမှု ဖြစ်မနေဘဲ သူတပါးကိုလည်း ကလျာဏ ပုထုဇဉ် ဖြစ် အောင် တိုက်တွန်း အားပေး၍ နည်းလမ်းညွှန်ပြ ပေးရပေမည်၊ ထို့အတူ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်သော ပုဂ္ဂိုလ်သည် မိမိ တယောက်တည်း သောတာပန် စသည် ဖြစ်နေရုံမျှဖြင့် အားရ ကျေနပ်မှု ရှိမနေ သေးဘဲ သူတပါးကိုလည်း မိမိကဲ့သို့ သောတာပန် ဖြစ်အောင် တိုက်တွန်းအား ပေး နည်းပေးလမ်းညွှန် ပြုရပေမည်၊ သို့မှသာ ဘုရားရှင်၏ အလိုတော်ကျ ကောင်းကောင်းနေထိုင်သူဟု ခေါ်ဆိုနိုင်ပေမည်။

သို့ဖြစ်သောကြောင့် မိမိ ကိုယ်တိုင်လည်း ကျင့်ကြံအားထုတ်၍ သူတပါးကို လည်းအားပေး တိုက်တွန်းသင့်ပေသည်၊ အကယ်၍ မိမိသန္တာန်၌သီလ, သမာဓိ, ပညာတရားများ မပြည့်စုံသေးပါက ငါကောင်းကောင်း မနေလိုပါလားဟု ဆင် ခြင်စဉ်းစား၍ ထိုတရားများ မိမိသန္တာန်၌ ပြည့်စုံလာအောင်ကြိုးစား အားထုတ် ကြရပေမည်၊ သို့မှသာ ဘုရားစကားတော်ကို လေးစားလိုက်နာသော ဘုရား

တပည့်တား ဖြစ်ကြ၍ ဘုရားရှင်၏ မဂ်ဖိုလ် နိဗ္ဗာန်တည်းဟူသော လောကုတ္တရာ အမွေအနှစ်ကို ခံယူ ရရှိနိုင်ကြပေမည်။

သို့ဖြစ်၍ ၎င်း အမွေအနှစ်များ၎ကို ရရှိခံစားနိုင်ရန် သီလ, သမာဓိ, ပညာ သိက္ခာ သုံးပါးတို့ကို ပြည့်စုံအောင် အားထုတ်၍ ဘုရားရှင်၏ အမွေအနှစ် ဖြစ်သော မဂ်ဖိုလ် နိဗ္ဗာန် ချမ်းသာများကို ရယူ ခံစားနိုင်ကြ ပါစေကုန်သတည်း။

(၁၃၃၀-ခု)

---

## ညောင်ရွှေ ဩဝါဒ

## တရားအမှတ် (၁၃)

### နှုတ်မြွက် ဩဝါဒ ဖြစ်ပါသည်။

တပည့်များက "ဆရာတော်ဘုရား သက်တော်ရှယ်တော် ကြီးပါပြီ၊ အဖွား အမျှော် ကန်တော့သာ ခံယူတော်မူပါ၊ ဩဝါဒ ပေးတော်မမူပါနဲ့၊ ပင်ပန်း တော်မူနေပါမယ်ဘုရား"ဟု လျှောက်ထား တောင်းပန်ကြသော်လဲ-

ကိုယ်ကလဲ နဲနဲတော့ ပြောချင်တယ်၊ အတ္တသမံ ပေမံ နတ္ထိ။ အတ္တသမံ- မိမိနှင့်တူသော ပေမံ- ချစ်အပ်သောသူသည်။ နတ္ထိ-မရှိ။ ကိုယ့်ကိုယ်ကို အချစ် ဆုံးဘဲ၊ ကိုယ့်လောက် ချစ်တဲ့သူ လောကမယ် ရှာမရဘူး၊ ကိုယ့်ကိုယ်ကို အချစ် ဆုံး။ ဒီစကားကို ဒီပါဠိကို ဒို့ ငယ်ငယ်ကထဲက ရတယ်၊ လောကနီတိ သင်ဘူးလို့ ဒီအဓိပ္ပါယ် ငယ်ငယ်ကထဲက သိနေတယ်၊ ငယ်ငယ်ကထဲက သိတဲ့ကိုယ့်ကိုယ်ကို

အချစ်ဆုံးဆိုတဲ့ စကားလုံးဟာ ယခု အသက်(၁၀၀)ရောက်နေပြီ–တရာရောက်ဆို ကနေ့ပါဘဲ။

ကိုယ့်ကိုယ်ကို အချစ်ဆုံးဆိုတဲ့ စကားလုံးနဲ့တွဲပြီး ကိုယ့်ကိုယ်ကို အမုန်းရဆုံး ဆိုတဲ့ စကားလုံးတလုံး ကနေ့ ဉာဏ်မယ်ထင်လာတယ်။

လောကမယ် ချစ်စရာလိုက်ရှာရင် ကိုယ့်ကိုယ်ကို အချစ်ဆုံးဆိုတာတွေ့ရမယ်၊ မုန်းစရာ လိုက်ရှာလို့ရှိရင် လောကမယ် ကိုယ့်ကိုယ်ကို မုန်းစရာအကောင်းဆုံးဘဲ။

မုန်းစရာ အကောင်းဆုံး ဆိုတဲ့သဘော ကနေ့မှမြင်တယ်၊ အနှစ်တရာရှိပြီ၊ ကြားကာလမယ် မမြင်ဘဲဖြစ်နေတယ်၊ သတိမရဘူး၊ ဘာ့ကြောင့် ဒီကနေ့ဉာဏ် မယ် ပေါ်လာသလဲဆိုတော့– သက်တော်ရှည်ပွဲဆိုပြီး အများက ဝိုင်းဝန်းပြီး ကာယကံမေတ္တာ, ဝစီကံမေတ္တာ, မနောကံမေတ္တာ ဩြော် ဒီလိုများ ရှိကြသေး တယ်နော်၊ ငါ့အပေါ် မေတ္တာရှိတဲ့သူတွေ များကြပါသေးတယ်လို့ ဝမ်းမြောက် ဝမ်းသာတယ်။

ဒီ အခြေအနေမျိုး ရောက်လာအောင် ခုနင်က ပြောခဲ့တဲ့ ကုသိုလ်ကောင်းမှု တွေ ပြုလာတဲ့ ငါ, ချစ်စရာအလွန်ကောင်းတဲ့ ငါပါလား....၊ ကိုယ့်ကိုယ်ကိုချစ်၊ ကိုယ်ကောင်းစားတော့ ကိုယ့်ကိုယ်ကို ချစ်ကြတာဘဲ၊ မကောင်းပေတဲ့ ချစ်ကြ တာဘဲ၊ ခုတော့ အကောင်းချစ် ပေါ့လေ–ပညတ်အားဖြင့်–

ဒီအထဲမယ် စကားပြောချင်ရက်နဲ့မပြောရဘူး၊သူများနဲ့ သင့်လျော်တဲ့စကား ပြောချင်ပေမယ့် မပြောရဘူး၊ နေမကောင်းတာက တမျိုး၊ အိပ်မပျော်တာက တမျိုး၊ရောဂါတွေဘေးတွေရန်တွေကများ၊ဒီဘေးရန်တွေ ဘယ်သူကပေးသလဲ– ကိုယ်တိုင်ပြုလာတဲ့ အကုသိုလ်တွေကြောင့် ကိုယ့်မှာ ဆင်းရဲ ပင်ပန်းရတယ်၊ ကိုယ့်မယ် စကားပြောချင်လို့ မပြောရဘူး၊ တရားဟောချင်လို့ မဟောရဘူး၊ ဒီလို အကျိုးပေးတွေက ညှဲ့နေတယ်၊ အကုသိုလ်တွေ ပြုလာတဲ့ငါ–၊ မုန်းစရာ အကောင်းဆုံးဘဲ၊ အတ္တသမံ အပ္ပိယံ နတ္ထိ၊ အတ္တသမံ– မိမိနှင့်တူသော။ အပ္ပိယံ– မုန်းအပ်သောသူသည်။ နတ္ထိ–မရှိ။တိုးပြီးကြည့်လိုက်တော့ အပယ်ဘုံချနေတာ သူ့ကိုယ်သူ အပယ်ချနေတာဘဲ။ အပါကျတဲ့သူ မုန်းစရာ လိုက်ရှာမယ်ဆိုရင် သူ့ကိုယ်သူ တွေ့ရမှာဘဲ၊ ဒီတော့ ဒီစကားလေးဟာလဲ တရားတလုံးဘဲ၊ ဟို....

အနန္တာဒီနဝေါ ကာယော၊ ဝိသရုက္ခသမူပမော၊
အာဝါသော သဗ္ဗရောဂါနံ၊ ပုဉ္ဇော ဒုက္ခဿ ကေဝလော။

ဆိုတဲ့ စကားမျိုးနဲ့ ကြည့်ရင်တော့ ချစ်စရာ မရှိပါဘူး၊ ကုသိုလ်ကောင်းမှု ပြုလာလို့ ရောဂါကင်းတယ်၊ အနာကင်းတယ်၊ ကျန်းမာတယ်၊ ချမ်းသာတယ်၊ အသက်ရှည်တယ်ဆိုတော့ ကုသိုလ်ပြုလာတဲ့ဂါ ဆိုတော့ ချစ်မယ်ဆိုချစ်သင့်ပါ်။

ဒါကြောင့် ချစ်သင့်တဲ့အလုပ်ကိုလုပ်ပြီး ကိုယ့်ကိုယ်ကိုချစ်ကြ၊ မုန်းသင့်တဲ့ အလုပ်ကို လုပ်မိရင်လဲ ကိုယ့်ကိုယ်ကိုမုန်းကြ။

ချစ်စရာအကောင်းဆုံးလဲ ငါဘဲ၊ မုန်းစရာအကောင်းဆုံးလဲ ငါဘဲ ဆိုတဲ့ စကားနှစ်လုံးကို မြဲမြဲမှတ်ပြီးတော့ မုန်းဘွယ်အမှုကို ရှောင်ကြဉ်ပါလို့- စကား ဒီနေ့ ပြောချင်တယ်။

ကိုယ့်ကိုယ်ကို ချစ်အောင်လုပ်မယ်၊ ကိုယ့်ကိုယ်ကို မုန်းအောင် မုန်းဘွယ် မလုပ်ဘဲနဲ့ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားကိုပွားများအားထုတ် နိုင်ကြပါစေကုန်သတည်း။

ညောင်ရွှေမြို့မှာရှိကြတဲ့ တပည့်၊သံဃာ၊ဒကာဒကာမတို့ကိုလဲ မိမိရဲ့သက်တော် ရှည်မွေးနေ့ကဟောပြခဲ့တဲ့ဩဝါဒကိုပင် ရေးသားစေ၍ ဩဝါဒစကား မိန့်ကြား လိုက်ရသည်၊ ကန်ကြီးပရိယတ္တိ သာသနာတော်ကို ဆရာဒကာ ညီညွတ်စွာဖြင့် ကိုယ့်တာဝန်အသီးသီးကို ထမ်းကြလျက် တိုးတက်ကြီးပွားအောင် ကြိုးစားနိုင် ကြစေကုန်သတည်း။

(၁၃၃၂-ခုနှတ်တော်လပြည့်ကျော် ၆-ရက်)

မှတ်ချက်။ ။မန္တလေး ရာပြည့်ပူဇော်ပွဲ၌ ညဥ့်တရားပွဲ အဂ္ဂမဟာ ပဏ္ဍိတ 'အနီးစခန်းဆရာတော်'၊ နေ့တရားပွဲ အဂ္ဂမဟာပဏ္ဍိတ 'အရှင် ဇနကာဘိဝံသ ဆရာတော်'တို့ကို တရားဟောစေပြီး ဖြစ်သော်လည်း အနည်းငယ် နေမကောင်းခိုက်မှာပင် ဆရာတော်ကြီးသည် ဤသို့ ဟောပြောတော်မူရာတွင် ရှင်၊လူ၊ ပရိသတ် အံ့ဩ ဝမ်းမြောက်စွာ တခဲနက် သာဓုခေါ်ကြပါသည်၊ နေမကောင်းရင်း ဟောရသည့် တရား ဖြစ်၍ ယင်းတရားကိုလည်း ဤကျမ်းစာ၌ ပါစေတော်မူသည်။

(စာတည်း)။

## ရန်ကုန်မြို့ ကမာရွတ် ကျောင်းကျောင်း ပရဟိတ အဖွဲ့ချုပ်သို့

## ပေးသနားတော်မူသော

## ဩဝါဒကထာ

**ကိံ မေ ဧကေန တိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ၊**

**သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကံ။**

ထာမဒဿိနာ- အားအစွမ်းကို မြင်ခြင်း သဘော ရှိသော။ ပုရိသေန- ယောကျ်ားမြတ်သည်။ သတာ- ကေန်စင်စစ် ဖြစ်ပါလျက်။ ဧကေန-တယောက် အထီးတည်း။ ဟုတွာ- ဖြစ်၍။ တိဏ္ဏေန- သံသရာ တည်းဟူသော သမုဒ္ဒရာ ရေအယဉ်မှ နိဗ္ဗာန်တည်းဟူသော တမ်းထက်သို့လှမ်းတက်ကူးမြောက်သဖြင့်။မေ- ငါ့အား။ ကိံ- အဘယ်အကျိုးရှိအံ့နည်း။ တသ္မာ- ထို့ကြောင့်။အဟံ-ငါသည်။ သဗ္ဗညုတံ-ဘုရား အဖြစ်သို့။ ပါပုဏိတွာ- ရောက်၍။ သဒေဝကံ- နတ်နှင့်တကွ သော လူအပေါင်းကို။ သန္တာရေဿံ- သံသရာ တည်းဟူသော သမုဒ္ဒရာ ရေအယဉ်မှ နိဗ္ဗာန်ပြည်ခွင် ကမ်းထက်သို့ လှမ်းတက် ကယ်တင်ပေအံ့သတည်း။

လူနတ်ပြဟ္မာ သတ္တဝါအများတို့၏ အားထား ကိုးကွယ်ရာသခင် ဘုရားရှင် သည် သုမေဓာ ရသေ့ဘဝ၌ ဒီပင်္ကရာမြတ်စွာဘုရား၏ ထံပါးတော် ခြေရင်း တွင် ဝပ်စင်းတုပ်ကွ၊ နိယတဗျာဒိတ်ပန်းကို ဆွတ်လှမ်း ပန်ဆင် တော်မူစဉ်အခါ လက်တော်ထဲသို့ ရောက်လုဆဲ ဖြစ်သော ထူးကဲ မွန်မြတ်သည့် အရဟတ္တဖိုလ် နိဗ္ဗာန်ချမ်းသာကို စွန့်လွှတ်တော်မူပြီးလျှင် အတ္တဟိတ –မိမိတဦးတည်း ကြီးပွား ချမ်းသာမှု တခုကို မငဲ့ကွက်မူ၍ ကမ္ဘာသူ ကမ္ဘာသား လူအများတို့၏ ကြီးပွား ချမ်းသာမှုကို လိုလားတော်မူသော ပရဟိတစိတ်ဓာတ် မြင့်မြတ်သော ရည်ရွယ် ချက်ဖြင့် သံသရာတည်းဟူသော သမုဒ္ဒရာ ဝဲဩဃ ရေအယဉ့်ထဲ၌ ထပ်တလဲလဲ နစ်မြုပ်နေကြသည့် ဒုက္ခိတ သတ္တဝါအပေါင်းကို နိဗ္ဗာန်ကမ်းထက်သို့ လှမ်းတက် ကယ်တင်တော်မူရန်အလို့ငှာ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး၊ ပါရမီဆယ်ပါး အပြားသုံးဆယ်၊ ငါးသွယ်စာဂ၊ စရိယသုံးတန်၊ ကျင့်လမ်းမှန် တို့ကို၊ နက်ဖြန်ခါ ဘုရားဖြစ်မည့်ကဲ့သို့ အားသစ် ကြိုးစားတော်မူပြီးလျှင် သဗ္ဗညုစင်စစ် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူသော အခါကာလ၌လည်း

(၄၅)ဝါ ကာလ ကြာအောင် ဝေနေယျသတ္တဝါအများ ချမ်းသာပွားပို့ တရားရေအေး၊ အမြိုက်ဆေးကို တိုက်ကျွေးတော်မူလျက် ဖြဟ္မာနတ်လူ သုံးဘုံသူတို့တွင် ပည်သူတဦး တယောက်မျှ ပြုလုပ်ခြင်းငှာ မစွမ်းနိုင်သော ပရဟိတလုပ်ငန်းများကို ကြီးပမ်းအားထုတ် ပြုလုပ်တော်မူခဲ့ပေသည်။

ထိုသုံးလောကထွဋ်တင် ဘုရားရှင်သည် ပဉ္စဝဂ္ဂီ ငါးဦး အမှူးရှိသော ခြောက်ကျိပ် တပါး ရဟန္တာ အရှင်မြတ်များကိုလည်း (**စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ**) မိန့်ခွန်းတော်သံ ကျူးရင့်လျက် "အို... ရဟန်းတို့၊ ကမ္ဘာသူ ကမ္ဘာသား လူအများတို့၏ အကျိုး စီးပွားချမ်းသာအလို့ငှာ လောကကို အစဉ့်စောင့်ရှောက်ရန်အလို့ငှာ လူနတ်အများတို့၏ အကျိုး စီးပွားချမ်းသာ အလို့ငှာ ဒေသစာရီလှည့်လည်၍ သာသနာ ပြုကြလေ" ဟု လူအများ ကြီးပွားချမ်းသာရေး၊ ပရဟိတလုပ်ငန်းစဉ်ဖြင့် စတင်၍ သာသနာပြုတော်မူခဲ့ပါပေသည်။

ထိုသို့ ဘုရားရှင်လက်တော်မှစ၍ မထေရ် အဆက်ဆက်၊ ဆရာတပည့် အဆက်ဆက်တို့သည် ပရိယတ္တိ ပဋိပတ္တိ၊ သင်ပြပို့ချမှု၊ တရားဓမ္မ ဟောပြောမှု စသော ပရဟိတလုပ်ငန်းတို့ဖြင့်သာ သာသနာပြုတော်မူလာကြသဖြင့် ယနေ့ ရက်အခါကျအောင် ဘုရားရှင်သာသနာတော်ကြီး မပျက်မစီး တဆက်တည်း အရှည်ခန့်၍ တည်တံ့ခိုင်မြဲလာခဲ့ပေသည်။

ပရဟိတသူတပါးအကျိုးကို သည်ပိုးရွက်ဆောင်နိုင်ခြင်း၏ အကြောင်းရင်း မူလ ပဓာန တရား နှစ်ပါးမှာ သတ္တဝါအများ၏ ကောင်းကျိုး စီးပွားကို လိုလားသော မေတ္တာတရားနှင့် သတ္တဝါအများကို သနားငဲ့ညှာခြင်း ကရုဏာ ပင် ဖြစ်ပေသည်။ ထိုမေတ္တာတရား ကရုဏာတရားနှစ်ပါးတို့နှင့် ပြည့်စုံစေလျက် ပရဟိတ သူတပါးအကျိုးကို ဆောင်ရွက်ပါလျှင် 'သူတပါးအကျိုး ဆောင် ကိုယ့်အကျိုးအောင်' ဆိုသကဲ့သို့ သူတပါးအကျိုး အောင်မြင်မှုကိစ္စ ပြီးစီးရုံမျှမက မိမိအကျိုးကိစ္စပါ ထမြောက် အောင်မြင်နိုင်ပေသည်။

ပရဟိတ သူတပါးအကျိုး ဆောင်ရွက်ရာ၌ (၁)ဒိဋ္ဌဓမ္မိက— ပစ္စုပ္ပန်အကျိုး (၂)သမ္ပရာယိက—တမလွန်အကျိုးဟူ၍ နှစ်မျိုးရှိရာတွင် ယခုခေတ်ကာလဝယ် အပါယ်လေးပါးမှ လွတ်မြောက်မှု၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်မှု တမလွန် အကျိုးထက် ယခုလက်ငင်းခံစားရသည့် ပစ္စုပ္ပန်လောကီအကျိုးကို ဒါယကာ များ ပိုမိုလိုလားကြသည့် အားလျော်စွာ၊ သာသနာ့ဝန်ထမ်း ရဟန်းတော်

များကလည်း ဒါယကာများ၏ အကြိုက်လိုက်၍ ပစ္စုပ္ပန် လောကီကျိုးများကို ပြုလုပ်ဆောင်ရွက်ပေးတတ်ကြသဖြင့် ဝိနည်းတော်နှင့်ဆန့်ကျင်သော ကုလဒူသန အနေသန မိစ္ဆာဇီဝဖြစ်သည့် ပရဟိတ အမှုကိစ္စမျိုး မပါဝင်ရအောင် အထူး သတိပြုသင့်ပေသည်။

ကျောင်းသား အရွယ် ကလေး သူငယ်များအား လောကီ လောကုတ္တရာ ပညာရပ်များကို တတ်မြောက်လိမ္မာ ယဉ်ကျေးအောင် သင်ပေးမှုမှာ ရဟန်း တော်များနှင့် သင့်လျော်သော ပရဟိတ လုပ်ငန်း ဖြစ်ပေသည်။ ကလေး သူငယ်များအား ပညာ သင်ပေးမှု ပရဟိတ လုပ်ငန်းကို နိုင်ငံခြားသား ဘာသာခြား သာသနာပြု ပုဂ္ဂိုလ်များက ဆောင်ရွက်ပေးနေကြသဖြင့် ယခု အခါ နိုင်ငံခြား, ဘာသာခြား သာသနာပြု ကျောင်းများမှာ ကျောင်းသား တပည့်ဦးရေ များပြားနေသည်နှင့်အမျှ ဗုဒ္ဓဘာသာ ရဟန်းတော်များ ကျောင်းသားတပည့် မရှိလောက်အောင် နည်းပါး ဆုတ်ယုတ်နေသည်ကို အစဉ် မပြတ် သတိပြုအပ်ပါပေသည်။

ဗုဒ္ဓဘာသာ ရဟန်းတော်များ ကျောင်းတွင် ကျောင်းသားတပည့် မရှိလျှင် ထိုကျောင်းသားဘဝမှ တဆင့်တက်လာရသော ရှင်သာမဏေများ မရှိနိုင်တော့ ပေ၊ ရှင်သာမဏေ မရှိလျှင်လည်း ရဟန်းတော်များ ဆရာတော်ကြီးများ ရှိနိုင်တော့မည် မဟုတ်ဘဲ၊ နောက်ဆုံး သာသနာတော်ကြီးပင် ဆိတ်သုဉ်း ကွယ်ပျောက် သွားနိုင်ပါပေသည်။

ထို့ကြောင့် သာသနာတော်၏ မူလ ပင်ရင်း စိုက်ပျိုးခင်းနှင့်တူသော ကျောင်းသား သူငယ်များကို လောကီ လောကုတ္တရာ၊ ပညာသင်ပေး ယဉ်ကျေး စေမှု သာသနာပြု ပရဟိတ လုပ်ငန်းဖြင့် ကြိုးပမ်းတည်ထောင် စိုက်ပျိုးပြီးကာ၊ သာသနာတော်တည်းဟူသော ဥယျာဉ်တော်ကြီးကို စည်ထွား ကြီးပွားအောင် ပြုပြင် စောင့်ရှောက်သင့်ကြပေသည်။

ဤကဲ့သို့ သာသနာ့ဝန်ထမ်း ရဟန်းတော်များက လောကဓမ္မ နှစ်ဌာန၌ ပရဟိတ လူအများ ကြီးပွားချမ်းသာရေးကို အားပေး ညွှန်ပြ ဆုံးမလျက် လူ ဒါယကာများဘက်မှလည်း ပစ္စည်း လေးပါးတို့ဖြင့် သာသနာတော် ကြီးပွား အောင် ချီးမြှောက် စောင့်ရှောက် ထောက်ပင့်ကြမှသာလျှင်–

**သာဂါရာ အနာဂါရာစ၊ ဥဘော အညောည နိဿိတာ။**

**အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမံ အနုတ္တရံ။**

ဟူသော ပါဠိတော်နှင့် အညီ "ကိုင်းကျွန်းမှီ-ကျွန်းကိုင်းမှီ" ဆိုသကဲ့သို့၊ သာသနာ့ဝန်ထမ်း၊ ရဟန်းတော်များနှင့် သာသနာပြုဒါယကာ၊ ဤနှစ်ပြာတို့သည် တဦးအကျိုး တဦးလိုလား နှစ်သက်ဆောင်ရွက်လျက် အချင်းချင်းကြည်ညိုမှီခို အားထားကြကုန်သည်ဖြစ်၍ လောကီချမ်းသာ သုခတို့နှင့် ပြည့်ဝခံစားနိုင်ကြရုံမျှမက၊ ယောဂ လေးတန်၊ ကုန်ရာ မှန်သည့်၊ နိဗ္ဗာန်ချမ်းသာ သုခတိုင်အောင်၊ မုချကေန် ခံစား၍ နှစ်သက် ရွှင်လန်း ဝမ်းမြောက်နိုင်ကြမည် ဖြစ်ကြောင်း ဩဝါဒတရားစကား မိန့်ကြားလိုက်ပေသည်။

(ပုံ) စံကင်းဆရာတော် (သာသနာပိုင်)
ရွှေကျင်နိကာယဉက္ကဋ္ဌ မဟာနာယက
"အဘိဓဇမဟာရဋ္ဌဂုရု"
မဟာဝိသုဒ္ဓါရုံတိုက်သစ်-မန္တလေးမြို့။

၁၃၂၄-ခု၊ ပြာသိုလပြည့်ကျော် (၁)ရက်၊ ပရဟိတ အကျိုးဆောင် ဆရာတော် "ဦးဉာဏိန္ဒ"၏ တောင်းခံချက်အရ ပေးသနားတော်မူသည်။

(စာစုအဖွဲ့)

ဆက်ကပ်ရန်

**စံကင်းဆရာတော်ဘုရား**

မဟာဝိသုဒ္ဓါရုံတိုက်သစ်

မန္တလေးမြို့။

တပည့်ဝီရိယ လေးစားစွာ လျှောက်ထား အပ်ပါသည်ဘုရား။ ခေတ်အခြေအနေတို့အရ အနုဿာဝဏ တဆင့်ကြား သတင်းများအရနှင့် ယခုခေတ် လူတို့လုပ်ဟန်များအရ သာသနာ့ရေးအတွက် အလွန်စိတ်မအေး ဖြစ်နေကြောင်းပါဘုရား၊ ခေတ်ပေါင်းကြာညောင်းစွာ ဆရာတော်အပေါင်း မြောက်မြားစွာ အားစိုက်ခွန်စိုက် တည်ထောင်လာခဲ့သော ရဟန်းသံဃာတည်းဟူသော သာသနာ့ဝန်ဆောင်, ပိဋကတ်တည်းဟူသော ဗုဒ္ဓလမ်းစဉ်သည် ယိုင်ယိမ်း ပြိုလဲမှုကြီးများနှင့် ကြုံတွေ့ရတော့မည်လား-ဟု သံသယ ဖြစ်နေပါသည် ဘုရား။

အထက်ပါ အကြောင်းများကြောင့် ဆရာတော်ဘုရား၏ ဩဝါဒကထာ ခေတ်သာသနာ အကြောင်းနှင့် ပတ်သက်၍ ရှုမြင်ချက်လွှာကို လိုလား တောင့်တမိပါသည်ဘုရား. ဥုးတိုက်လျှောက်ထား တောင်းပန်လိုသည်မှာ ဆရာတော်ဘုရား၏ အေးချမ်းသောနှလုံးတော်မှ စိမ့်ဆင်းလာသော ဩဝါဒတော်သည် တပည့်၏ ပူဆွေးသောနှလုံးကို အေးမြစေလိမ့်မည်ဟု ယုံကြည်စောင့်မျှော်လျက် ရှိပါသည်ဘုရား။

ဆရာတော်ဘုရား ကျန်းမာရွှင်လန်းစွာဖြင့် သက်တော်ရာကျော် ရှည်ပါစေဘုရား။

တပည့် "ဝီရိယ"

ရွှေတောင်တိုက်၊ နဂရသိရိကျောင်းတော်။

ရေနံချောင်းမြို့။

—၀—

## ရေနံချောင်းသို့ ပြန်ကြားစာ

(၁၃၂၆–ခု၊ တပေါင်းလဆန်း ၁၀–ရက်)

ဘုရားရှင်သာသနာတော်သည် ပုဂ္ဂိုလ်အမျိုးမျိုး ခေတ်အခါ အမျိုးမျိုးကို လိုက်၍ မြင့်တက်သည့်အခါ မြင့်တက်ခဲ့ရသကဲ့သို့ နိမ့်ကျသည့်အခါ နိမ့်ကျခဲ့ရ၏။ လိုက်နာကျင့်သုံးသူ ပုဂ္ဂိုလ်တို့၏ သဒ္ဓါတရား အားပေးချီးမြှောက်သူ အစိုးရနှင့် ပြည်သူတို့၏ သဒ္ဓါတရားအလိုက်ပင် ဖြစ်ရ၏၊ သာသနာတော်ကို ဘုရားရှင်လက်ထက်တော်ကစ၍ သဒ္ဓါတရားဖြင့် စောင့်ရှောက်ခဲ့ကြရ၏၊ သဒ္ဓါတရားဖြင့်ပင် ယူဆောင်ခဲ့ကြ၏။

ယခုပစ္စက္ခ တွေ့မြင် ဖူးမြှော်ရသော သံဃာတော်များ, နာကြားရသော တရားတော်များ, ထိုမှတပါး ကြီးကျယ်ခမ်းနားသော သာသနာ့အဆောက်အဦးကြီးများလည်း သဒ္ဓါတရားကြောင့်သာ ဖူးတွေ့ကြရ နာကြားကြရ ကြည်ညိုခွင့်ရကြရ၏။

ထို့ကြောင့် သဒ္ဓါတရားအရေးကြီး၏၊ အထူးသဖြင့် မိမိသန္တာန်၌ သဒ္ဓါတရား မပျက်ဖို့ အရေးကြီး၏၊ သဒ္ဓါတရားပျက်မသွားရန် ဗုဒ္ဓဘာသိတ ဒေသနာတော် များ ကြည့်ရှုပေးရ၏၊ စာချရ၏၊ စာသင်ရ၏၊ စာကြည့်ရ၏၊ ပရိယတ်ကိုပင် အရင်းခံ အားကိုးရ၏။

သဒ္ဓါတရားရှိလျှင် သံဃာရတနာကို တွေ့နိုင်၏၊ တရားရတနာကိုလည်း တွေ့နိုင်၏၊ ဘုရားရတနာ အားလုံးတွေ့နိုင်၏၊ ရဟန်းသံဃာ ရှင်ပရိယတ်ရှိဖို့ထက် မိမိသန္တာန်မှာ သဒ္ဓါတရားရှိဖို့က ပိုအရေးကြီး၏၊ သဒ္ဓါတရားမရှိလျှင် ရတနာ သုံးပါးလုံး တွေ့နိုင်မည်မဟုတ်ပေ၊ ဘုရားရှင်လက်ထက်ကပင် ဘုရားမတွေ့သူ၊ တရားမတွေ့သူ၊ သံဃာမတွေ့ခဲ့သူတွေရှိ၏၊ သာသနာ့ အဆောက်အဦကြီးတွေ ပျက်စီးသော်လည်း သဒ္ဓါတရားမပျက်စီးက နောက်ထပ် အသစ်ပေါ်ရမည်သာ ဖြစ်၏၊လောက၌ အသစ်ဖြစ်ပေါ် ထွန်းကားနေခြင်းကို သမ္ဘတ္တိခေါ်၏၊ ဖြစ်ပေါ် လာသော သမ္ဘတ္တိဟူသမျှ ဝိပတ္တိသို့ ရောက်မည်ဧကန်ဟုလည်း ရှုပွားထားကြရ၏။

ရဟန်းသံဃာများနှင့် သမ္မာဒိဋ္ဌိ အယူရှိကြသော ဗုဒ္ဓဘာသာ ဒကာ၊ ဒကာမ တိုင်းက မိမိ၏ သဒ္ဓါတရားကို မိမိကိုယ်တိုင် စောင့်ရှောက် နိုင်ကြပါလျှင် သာသနာတော်ကို မည်သူတဦးတယောက်ကမျှ မဖျက်ဆီးနိုင်ဘဲ တည်တံ့မြဲ တည်တံ့နေပေလိမ့်မည်၊ ယခုခေတ် မြန်မာနိုင်ငံအနေဖြင့် ဗုဒ္ဓဘာသာဝင်တို့ သန္တာန်၌ သဒ္ဓါတရားအနည်းအများရှိနေဆဲပင်ဖြစ်၏။ထို့ကြောင့်သာသနာတော် ကွယ်ပျောက်သွားလိမ့်မည်ဟု မထင်မြင်အပ်ပေ၊ ဥုးဝီရိယနှင့်တကွ ဆောင်ရွက် နေသော ဂဏဝါစက စာချပုဂ္ဂိုလ်များသည် သဒ္ဓါတရား ကောင်းကောင်းဖြင့် မှန်မှန်စာချမှု ပြုနေလျှင် မိမိ၏ သဒ္ဓါတရားလည်းမပျက်၊ သူတပါး၏ သဒ္ဓါတရား ကိုလည်း စောင့်ရှောက်ပေးရာ ကျရောက်သဖြင့် "သကိစ္စ မနုယုဥ္ဇေယျ= ကိုယ့် အလုပ်ကိုသာ ကိုအားထုတ်ရာ၏" ဟူသည် နှင့်အညီ ကိုယ့်တာဝန်ကိုယ်သာ ကိုယ့်သဒ္ဓါတရားဖြင့် ဆောင်ရွက်သွားကြရပေမည် ဖြစ်သတည်း။

(ပုံ) စံကင်းဆရာတော်
မန္တလေးမြို့။

—o—

## ၁၃၃၀-ခုနှစ်၊ (၉၈) ကြိမ်မြောက်
## ပဲခူးခရိုင် အရညဝါသီ၊ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ
## ကြခတ်ဝိုင်း ကျောင်းတိုက်၊ ဝိနည်းစာပြန်ပွဲတော်ကြီးတွင်
## မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ်၊ သက်တော် (၉၈)နှစ်ရှိ
## ကျေးဇူးတော်ရှင် ရွှေကျင်သာသနာပိုင် အဘိဓ္ဓဇ မဟာရဋ္ဌဂုရု
## သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး
## မိန့်ကြားတော်မူအပ်သော ဩဝါဒကထာ

**သုသုခံ ဝတ ဇီဝါမ၊ ဥဿုကေသု အနုဿုကာ၊**
**ဥဿုကေသု မနုဿေသု၊ ဝိဟရာမ အနုဿုကာ။**

ဥဿုကေသု- ငါးပါးကာမဂုဏ်၊ အာရုံပွားစီး၊ ရှာမှီးတောင့်တ၊ ကြောင့်ကြ ပြုလုပ်အားထုတ်၍ နေကြကုန်သော သူတို့၌။ အနုဿုကာ- လောကီအတွက် မဆောင်ရွက်ပဲ၊ ဆက်လက်သာသနာ၊ ငါးထောင်ကြာအောင်၊ ကောင်းစွာ ပြုလုပ်၊ အားထုတ်ကြကုန်သည်ဖြစ်၍၊ မယံ- သာသနာတည်ကြောင်း အရှည် ကောင်းဖို့၊ စုပေါင်းဆင်နွှဲ၊ စာပြန်ပွဲကို၊ အမြဲပြုလုပ်၊ အကျွန်ုပ်တို့သည်၊ သုသုခံ- လောကီမသန်း၊ အလွန်ပင် အေးချမ်းသာယာစွာ၊ ဇီဝါမဝတ၊ သာသနာ့ အတွက်၊ အဘက်ဘက်မှ၊ ဆောင်ရွက်မသွေ၊ အသက်ရှည်၍ နေကြပါကုန်သည် တကား။ မနုဿေသု၊ ဒုက္ခကိုပင်၊ သုခထင်သည့်၊ အမြင်တိုတောင်း၊ လူအပေါင်း တို့သည်၊ ဥဿုကေသု၊ တဘဝ တခဏ၊ ခံစားကြဖို့၊ ဒုက္ခရှုပ်ထွေး လောကီရေးကို အားပေးဆောင်ရွက်၍ နေကြကုန်စဉ်၊ မယံ၊ ပစ္စုပ္ပန်သံသရာ လွန်ချမ်းသာဖို့၊ ကောင်းစွာအားထုတ်၊ အကျွန်ုပ်တို့သည်၊ အနုဿုကာ၊ လောကီဒုက္ခ မရှုတ်ရဘဲ၊ ဗုဒ္ဓသာသနာ၊ ဤကမ္ဘာဝယ်၊ ရှည်ကြာမြင့်ရေး၊ အားပေး ဆောင်ရွက်ကြရ ကုန်သည်ဖြစ်၍၊ ဝိဟရာမ၊ နိဗ္ဗာန်စခန်း စိတ်ကြံမှန်းလျက်၊ ရွှင်လန်းဝမ်းသာ ချမ်းသာစွာ နေကြရပါပေကုန်စွ တကား။

ပဲခူးမြို့၊ ကြခတ်ဝိုင်း ကျောင်းတိုက်ကြီး၌ (၉၈)ကြိမ်မြောက် ကျင်းပပြုလုပ် အပ်သော၊ ပဲခူးခရိုင်အရညဝါသီ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ ဤဝိနည်းစာတော် ပြန်ပွဲကြီး၏ ဂုဏ်သတင်းကို ကြားသိရသဖြင့် ဘုရားရှင် သာသနာတော်ကြီး အတွက် စိတ်အားတက်ကာ လွန်စွာပင် ဝမ်းသာဂုဏ်ယူမိပေသည်။ မိမိသာမက ဗုဒ္ဓမြတ်စွာ သာသနာတော်ကို ကြည်ညိုလေးစား အားထား မှီခိုနေကြသည့်

ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ သူတော်စင်အပေါင်းတို့နှင့်တကွ နတ်ပြည်၊ဗြဟ္မာပြည်မှာရှိကြသော ဗုဒ္ဓဘာသာ နတ် သိကြား ဗြဟ္မာတွေကပါ ဝမ်းသာနုမောဒ်သာဓုခေါ်ကြမည်မှာ မလွဲပေ။

ဤစာပြန်ပွဲကြီးသည် ၁၂၃၂ -ခု၊ ဘုန်းတော်ကြီး ဦးသီလတို့၏ လက်ထက်တော်မှစ၍ ယနေ့ရက် အခါထိအောင် (၉၈) ကြိမ် တိုင်တိုင်၊ မြဲခိုင်ထင်ရှားကျော်ကြားခဲ့သဖြင့်၊ မြန်မာပြည်တွင် ရှေးကျင်ဂိုဏ်းဝိနည်း စာပြန်ပွဲတော်ထဲ၌ အသက်တန်း အရှည်ဆုံး ထင်ရှား ကျော်ကြားဆုံး ဖြစ်ရုံမျှမက ကမ္ဘာ့ကျက်သရေဆောင် မြန်မာ့ကျက်သရေဆောင် သာသနာ့ကျက်သရေဆောင် စာပြန်ပွဲကြီးဟု ခေါ်ဆို ချီးကျူးထိုက်ပါပေသည်။

ယခုခေတ် အခါကာလတွင် လောကီရေးရာနှင့်သာ သက်ဆိုင်၍ လောကကြီးပွားကြောင်း စုပေါင်းလုပ်ကိုင် ဆောင်ရွက်ကြသည့် လောကီပွဲလမ်းသဘင်မျိုးတို့ကိုသာလျှင် မကြာမကြာကြားရ၊ တွေ့ကြုံနေကြရပြီးလျှင် ဤလိုသာသနာရေးအတွက် စုပေါင်းဆောင်ရွက် လုပ်ကိုင်ကြသော၊ ဗုဒ္ဓသာသနာ့ ပွဲတော်ကြီးမျိုးကိုမူကား လွန်စွာပင် ကြားရခဲ၊ ကြုံရခဲလှပေသည်။

ဤကမ္ဘာလောက အတွင်း၌ မှီတင်း နေထိုင်ကြသည့်သက်ရှိသတ္တဝါ အားလုံးတို့သည် နေ့စဉ်နှင့်အမျှ ချမ်းသာကို လိုချင်တောင့်တကြသဖြင့် တဘဝ တခဏမျှ ခံစားသုံးစွဲကြရမည့် မိမိတို့၏ စားဝတ်နေရေး ပြည့်စုံမှုအတွက် နေ့မအားညဉ့်မအား ကြိုးစားအားထုတ်၍ နေကြပေသည်။

သို့သော် ချမ်းသာရှာနည်း လမ်းစဉ် လွဲမှားနေကြသဖြင့် ချမ်းသာသုခ မရရှိနိုင်ကြဘဲ ဒုက္ခဆင်းရဲ အမျိုးမျိုးတွေနှင့်သာ ထပ်ခါထပ်ခါ တွေ့ကြုံနေကြရလျက် ဘဝတွေဆုံးရှုံး၊ အိုနာသေရေး၊ ဒုက္ခတွေ လမ်းမဆုံးနိုင်ဘဲ ရှိခဲ့ကြရပေသည်။

"လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော"ဆိုသည့်အတိုင်း ရုပ်နာမ်တို့၏ဖြစ်မှုပျက်မှုသဘောတရားကိုပင် လောကဟု ခေါ်ဆိုရကား၊ မီးပုံကြီးအတွင်း၌ အအေးဓာတ်ကို ရှာဖွေ၍ မရနိုင်သကဲ့သို့ ဖြစ်မှုပျက်မှုမကင်းဘဲ လောဘ, ဒေါသစသည့် လောင်မီး,ညီးညီးပြောင်ပြောင် တောက်လောင်မစဲ ဤလောကထဲ၌ အဘယ်မှာလျှင် ချမ်းသာမှု အအေးဓာတ်ကို ရရှိနိုင်ပါမည်နည်း၊ ထိုလောကမှ ထွက်မြောက်ရာ လောကုတ္တရာနယ်၌သာလျှင် ချမ်းသာစစ် ချမ်းသာမှန်ကို ဒါန, သီလ, ဘာဝနာလမ်းစဉ်ဖြင့် အမှန်ပင် ရရှိခံစားနိုင်ကြပေသည်။

ဒုက္ခကိုပင် သုခထင်၍ လိုချင်မက်မော၊ ရမက်ဇောဖြင့် လောကီအာရုံ ကာမဂုဏ်လိုက်စား (ကမ္ဘာသူ ကမ္ဘာသား) ပုထုဇဉ် အမိုက်များတို့သည်၊ တဘဝ တခဏ ခံစားကြရမည့် ဒုက္ခ ရှုတ်ထွေး လောကီရေး များကိုသာ အားပေး ဆောင်ရွက်၍ နေကြကုန်စဉ်၊ ဤပဲခူးမြို့ ကြခတ်ဝိုင်း ကျောင်းတိုက် အတွင်း၌ ဝိနည်း စာပြန်ပွဲ ပြုလုပ်၍နေကြကုန်သော ဝိနည်းပြန် သံဃာတော် များနှင့်တကွ ပစ္စည်းလေးပါး ထောက်ပံ့ကြသည့် ဒါယကာ, ဒါယိကာမ အပေါင်း သူတော်ကောင်းတို့သည်ကား။

ထိုသူများကဲ့သို့ ယခုအချိန်တွင် လောကီရေးအတွက် သက်သက်ဆောင်ရွက် နေကြရသည်မဟုတ်ဘဲ "**ဝိနယော နာမ သာသနဿ အာယု၊ ဝိနယေ ဋ္ဌိတေ သာသနံ ဋ္ဌိတံ**" ကျမ်းဂန်လာသည့်အတိုင်း သာသနာတော်၏ အသက်သဖွယ် ဖြစ်သော ဝိနည်းတရားများကို ကြိုးစားပြန်ဆိုကြပြီးလျှင် သာသနာ တည်ရေး အားပေး ဆောင်ရွက်၍ နေကြပေသည်မှာ ဂုဏ်ယူစရာ ကောင်းလှပါပေသည်။ ဤကဲ့သို့ လောကီမသန်း၊ အေးချမ်းသာယာစွာဖြင့် သာသနာရေး အားပေးဆောင်ရွက် ကြရသဖြင့် အသက်ရှည်ရကျိုး နပ်ကြရပေသည်ဟု မိမိတို့ ပြုလုပ်ထားသော မပျက်စီးဘဲ ခိုင်မြဲလှသည့် ကုသိုလ် ရတနာထုပ်ကြီးများကို ကြည့်ကာကြည့်ကာ နိဗ္ဗာန်ချမ်းသာကို မြှော်ကိုးပြီးလျှင် အမျိုးမျိုး ဝမ်းသာစရာ ကောင်းပါပေ သည်၊ ထို့ကြောင့် တွေ့ခဲကြုံခဲဆုံခဲလှစွာသော ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး နှင့် တွေ့ကြုံနေရဆဲ အခါတွင် ဆရာဒကာ သာသနာကို နှစ်ဖြာပေါင်းရုံး အကောင်းဆုံး တိုးတက်အောင် နှစ်စဉ် မပျက် ဆောင်ရွက်နိုင်ကြကုန်ပြီးလျှင် ဆရာရော ဒကာပါ သံသရာ ဝဋ်ဒုက္ခမှ မုချ ထွက်မြောက်၍ အချမ်းသာဆုံး၊ နိဗ္ဗာန်ချမ်းသာကြီးကို အသီးသီး ခံစားခိုင်ကြပါစေသတည်း။

—o—

## ဂန္ဓာရုံကန်တော်ရသို့ ပေးပို့သော
## အဘိဓ္ဓဇမဟာရဋ္ဌဂုရု
## ရွှေကျင်သာသနာပိုင် ကျေးဇူးရှင် သက်တော်ရှည်
## စံကင်း ဆရာတော်ဘုရားကြီး၏
## ဩဝါဒကထာ

(က) ကောဓမက္ခဂရု ဘိက္ခု၊ လာဘသက္ကာရဂါရဝေါ၊
သုခေတ္တေ ပူတိဗီဇံဝ၊ သဒ္ဓမ္မေန ဝိရူဟတိ။

(ခ) ယေစ သဒ္ဓမ္မဂရုနော၊ ဝိဟံသု ဝိဟရန္တိ စ၊
တေဝေ ဓမ္မေ ဝိရူဟန္တိ၊ သ္နေဟာန္ဝယမိ ဝေါသဓာ။

(က) အမျက်ထွက်ခြင်း ကျေးဇူးကို ချေဖျက်ခြင်း၌ အလေးထားသော လာဘ်သပ္ပကာ၌ အရေးစိုက်သောရဟန်းသည် လယ်မြေကောင်း၌ "မျိုးစေ့ပုပ် အလား' သာသနာတော်မှာ တိုးတက်ကြီးပွား မစည်ကားနိုင်ပေ။

(ခ) အကြင် ရဟန်းတို့သည် သူတော်ကောင်းတရား လေးစားကြကာ နေလည်း နေခဲ့ကြ၏၊ ယခုလည်း နေကြဆဲပင်၊ (နောင်လည်း နေလတံ့ ဖြစ်ကုန်၏၊) ထိုရဟန်းတို့သည် မြေဆီ ရေဆီ ကြာရှည်စိမ့်ဝင် နွယ်သစ်ပင် များအလား သာသနာတော်မှာ စင်စစ် ပေါက်ရောက် ကြီးပွား စည်ကား နိုင်ကြပေသည်။

အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ်ဝယ် သာသနာတော်၌ တိုးတက်ကြီးပွား ရေးအတွက် လမ်းညွှန်ပြလျက်ရှိသော ဗုဒ္ဓအရှင်မြတ်၏ ဤဩဝါဒဂါထာ ၂-ပုဒ်ကို 'ကောဓဂရုသုတ်" အမည်ဖြင့် သံဂါယနာတင်အရှင်တို့ မှတ်တမ်းတင် ထားလျက်ရှိပေသည်။ ဗုဒ္ဓအရှင်မြတ်သည် ကြီးမားလှသည့် ကရုဏာဓာတ်ဖြင့် သတ္တဝါတို့ ကြီးပွားရေးကိုသာ အစဉ်မျှော်တွေးလျက် ရှိ၏၊ အမြင်ကျယ်စွာ သဗ္ဗညုတ ဉာဏ်တော်ကြီးဖြင့် သတ္တဝါတို့၏ ကြီးပွားရေးကိုသာ နည်းပေးလမ်းပြ ပြုလုပ်တော်မူလျက်ရှိ၏။

ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ကြီးပွားလိုကြသည်ချည်းပင်၊ ကြီးပွားအောင် လုပ်နေကြသည်ချည်းပင်၊ သို့သော်ပုဂ္ဂိုလ်တိုင်း မကြီးပွားကြပေ၊ ကြီးပွားအောင် လုပ်ကြပါလျက် မကြီးပွားခြင်း၌ အကြောင်းရှာသော် နည်းလမ်းမမှန်သော

ကြောင့် ဖြစ်ပေသည်။ နည်းလမ်းမမှန်ခြင်းမှာလည်း နည်းလမ်းမှန်ကို ဆုံးဖြတ်နိုင်သော အသိဉာဏ်ကို မရခြင်းကြောင့်တည်း။

ကြီးပွားရေးအတွက် အနည်းငယ် နည်းလမ်းမှန်ကန်က နဲနဲကြီးပွားသည်၊ အတော်အသင့် နည်းလမ်းမှန်ကန်ပါက အတော်အသင့် ကြီးပွားသည်၊ ဗုဒ္ဓအရှင်မြတ်မှ တပါးသော ပုဂ္ဂိုလ်များသည် အတော် အတန် ကြီးပွားအောင်ကား နည်းပေးလမ်းပြ ပြုလုပ်နိုင်ကြပေသည်၊ သို့သော် မဂ်,ဖိုလ်, နိဗ္ဗာန်အထိ အကြီးပွားဆုံးဖြင့် ကြီးပွားအောင်ကား ဗုဒ္ဓအရှင်မြတ်တပါးသော အပြည့်အစုံညွှန်ပြနိုင်ပေသည်။

သို့အတွက် အကြီးပွားဆုံးဖြင့် ကြီးပွားလိုသောပုဂ္ဂိုလ်တိုင်း ဗုဒ္ဓအရှင်မြတ်၏ ညွှန်ပြချက်အတိုင်း လိုက်နာကျင့်သုံးကြရမည် ဖြစ်ပေသည်။

ရှင်တော်ဘုရားသည် လမ်းညွှန်ပြရာ၌ ကျွမ်းကျင်တော် မူလေ့၏၊ လောက၌ ပကတိလမ်းကို ညွှန်ပြရာတွင် လိမ္မာသောသူသည်ရှောင်ကြဉ်ရမည့်လမ်းကို ပထမ ညွှန်ပြပြီး လိုက်ရမည့်လမ်းကို နောက်မှညွှန်ပြလေ့ရှိသည်၊ ဤအတူပင် ရှင်တော်ဘုရားသည် ကြီးပွားရေး၏ ဆန့်ကျင်ဘက်များကို ပထမ ညွှန်ပြတော်မူ၍ ကြီးပွားရေး အကြောင်းမှန်တို့ကို ဒုတိယ ညွှန်ပြတော်မူသည်။ "အမျက်ဒေါသ ထွက်ခြင်း ကျေးဇူးတရား ချေမှုန်ဖျက်ဆီးခြင်း။ တို့၌ အလေးထားသော, လာဘ်သပ္ပကာ၌ အရေးစိုက်သောရဟန်းသည် သာသနာ၌ ပေါက်ရောက်ကြီးပွား မစည်ကားနိုင်"ဟု ညွှန်ပြတော်မူသဖြင့် သာသနာတော်၌ ကြီးပွားလိုသော ရှင်လူများသည် အမျက်ဒေါသ ထွက်ခြင်း၊ ကျေးဇူးတရားချေမှုန် ဖျက်ဆီးခြင်း ကျေးဇူးကန်းခြင်း၊ လာဘ်သပ္ပကာ၌ အရေးစိုက်ခြင်းတို့ကို ရှောင်ကြဉ်ရမည် ဖြစ်ပေသည်။

"ခုရော နောင်ပါ သူတော်ကောင်းတရား လေးစားနေထိုင်ကြသော ရဟန်းများသည် သာသနာတော်၌ ပေါက်ရောက်စည်ကား ကြီးပွားနိုင်ကြပေသည်" ဟု ညွှန်ပြတော်မူသဖြင့် သာသနာတော်၌ ကြီးပွားလိုသော ရှင်လူအများသည် သူတော်ကောင်းတရားကို လေးစားကြရမည်ဖြစ်ပေသည်၊ သူတော်ကောင်းတရားဟူသည်မှာလည်း ရှင်တော်ဘုရား ဟောကြားထားသည့် ဓမ္မဝိနယများပင်တည်း။

မန္တလေး၏ အနောက်စူးစူးအရပ်၌ ထင်ရှားစွာတည်ရှိနေသော ကန်တောရသာသနာ၊ ယောနယ်သာသနာ၊ ရွှေကျင်သာသနာ၊ ဘုရားသာသနာ ကြီးပွားရေး ဆောင်ရွက်နေကြသည့် လက်ရှိ ကန်တောရနာယကဆရာတော်, တိုက်အုပ်

တိုက်ကြပ်, ကျော်ဘုန်းကြီး, စာချဘုန်းကြီး အမှူးရှိသော သာသနာပြု ပုဂ္ဂိုလ်အတွက် မန္တလေးမှနေ၍ မေတ္တာပို့ကာ သမ္မာဆန္ဒများကို အမြဲပြုလျက် ရှိသည့်အလျှောက်ရှေးဆရာတော်ကြီးတို့၏ စည်းကမ်းအဆက်အနွယ် မပျက်ပြယ် စေဘဲ (ကောဓဂရုသုတ်) ဖြင့် ဗုဒ္ဓအရှင်မြတ်ဘုရား ညွှန်ကြားပြသထားတော် မူသည့်အတိုင်း ကြီးပွားရေး ဆန့်ကျင်ဘက်တို့ကို တော်လှန်၊ ကြီးပွားရေး အကြောင်းမှန်တို့ကို လက်ခံလျက် ထက်သန်သည့်စိတ်ဓာတ် ဖြတ်လတ်သည့်ပညာ အစဉ်မကွာသော သတိတရားတို့ဖြင့် မှန်ကန်စွာ လိုက်နာကျင်သုံးနိုင်ကြသည်မှာ ပထမ ရွှေကျင်ဆရာတော်၊ ပထမ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားတို့၏ သိဿာ နုသိဿ တပည့်အစဉ်အဆက် အပါအဝင် ယောနယ်တခွင်၌ အစဉ်ထာဝရ သာသနာစောင့် ဂိုဏ်းစောင့်အဖြစ် စည်းမပျက် နည်းမပျောက်ရအောင် ထိးထိး မားမားဖြင့် ကြိုးစား ဆောင်ရွက်တော်မူသွားသော ရှေး ကန်တောရ ဆရာ တော်ကြီးများ, သက်တော် (၉၀)ကျော် ရွှေကျင်နိကာယ ရတ္တညူ မဟာ နာယက ဆရာတော်ကြီး၏ နယပဒေသ ဆုံးမဩဝါဒကို နာခံလိုက်ကြရသော တပည့်ကောင်း သမဂ္ဂ သံဃာဗြဟ္မစာရီ အပေါင်းအစုဖြစ်၍သာ တည်တံ့ တိုးတက် လျက်ရှိသည်ဟု ယုံကြည်ကြစေလိုသည်။

ယင်းသို့ ယုံကြည်သည်အားလျော်စွာ မိမိအတွက် သူတပါးအတွက် သံသရာ တလျှောက် အကျိုးသက်ရောက် ဖြစ်ထွန်းနိုင်သည့် ပရိယတ် သာသနာကြီးပွား ရေး၊ ပတိပတ်သာသနာ တိုးတက်ထွန်းကားရေး လုပ်ငန်းတို့ကို မဆုတ်တမ်း ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

၁၃၃၁-ခု၊ ကဆုန်လဆန်း
၁၂-ရက်ပေးသည်။

လင်းယဉ်တပည့် မောင်အေးမောင်ထံ။

**အဓိသီလာဓိစိတ္တာနံ၊ အဓိပညာယ သိက္ခနာ၊**

**အတ္ထကိစ္စံတိ ဝိညေယျာ၊ နာညာကာမ ဂဝေသနာ။**

လူပြည်လူ့ရွာတွင် လူတို့၏ကိစ္စကား အလွန်များပြားလှ၏၊ များပြားသော ကိစ္စတို့တွင် ပစ္စည်းဉစ္စာ ရတနာ ရွှေ၊ ငွေ၊ ဆန်ရေ၊ စပါး၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း စသော သဝိညာဏက၊ အဝိညာဏက ပစ္စည်း ဉစ္စာရဖို့ရန် ကိစ္စကိုသာ အထူး အာရုံပြု၍ မိမိကိစ္စအဖြစ်ဖြင့် ပြုလုပ် ဆောင်ရွက်နေကြ၏။ သီလ၊ သမာဓိ၊ ပညာ ကိစ္စ သုံးမျိုးအတွက် ကိုယ့်ကိစ္စ အမှတ်ပြု၍ ဆောင်ရွက်ကြသူ အလွန် နည်းပါး၏၊ သီလ၊ သမာဓိ၊ ပညာတို့သည် ကိုယ့်ကိစ္စ ပါတကားဟု မသိသော လူတို့က များပြား၏။

> အအိပ်အစား၊ အပျော်ပါးကား၊ လူနွား တိရစ္ဆာန်၊ သဏ္ဌာန်၊ မျှသာ၊ ခြားကြက္ခာ၏၊ လူမှာသီလ၊ အာစာရနှင့်၊ ဉာနကျေးဇူး ဂုဏ်သာထူး၏။ **(မဃဒေဝလင်္ကာ)**။

အမေရိကန်၊ ဥရောပ၊ အာဖရိက၊ အာရှတိုက်ကြီး လေးတိုက်ရှိ လူတို့ကိုကြည့်၊ အပါယ် လေးဘုံ၌ အပြည့် နေသော အောက်ဘုံသား တို့ကိုမျှော်၊ နတ်ပြဟ္မာ ဖြစ်သော်လည်း မိစ္ဆာဒိဋ္ဌိ စွဲလမ်း နေသော သူတို့ပင် ရှိကြသေး၏။ အယူမှန်၊ မှား၊ တရားရှိ၊ မရှိတို့ကို အထူး သတိပြု သင့်ကြ၏။

၁၃၃၁-ခု၊ ပထမဝါဆိုလဆန်း ၁၂-ရက်နေ့က ရသော မောင် အေးမောင်၏ စာကို ကြားသိရသဖြင့် ဝမ်းမြောက် ဝမ်းသာ ဤစာကို ရေးပေးလိုက်သည်။

**မန္တလေးမြို့**
**စံကင်းဆရာတော်ကြီး**
(၁၃၃၁-ခု၊ ပ-ဝါဆိုလဆန်း ၁၄-ရက်)

## လင်းယဉ် ရှမ်းကုန်း မဟာဝိဟာရကျောင်းကြီး

## ဝါဆိုလပြည့် **စမ္ပဝကြော်ငြာစွဲ၊ ဗဓိပြန်စာ**

ဆရာတော် သိစေအပ်ပါသည်၊ ဇာတိရပ်ရွာနေ ရဟန်းရှင်လူ ရပ်သူ ရွာသား သီတင်းသုံးဘော် သူတော်ကောင်းအများတို့....

လူနတ်အများ၊ သုံးဘုံသား၊ ခရီးသွားအတူ။
ရောက်ရာရောက်ရာ၊ ကြုံတွေ့ပါ၊ သွားခါ လမ်းမတူ။
နိဗ္ဗာန်ကျမှ၊ သွားကိစ္စ၊ ပြီးကြအေးချမ်းတူ။

ဟူသကဲ့သို့ လောက၌ လူအပေါင်းတို့၏ များပြားသော ကိစ္စ အတွက် အလိုရှိရာ အရပ်သို့ သွားလာနေကြသကဲ့သို့ ဆရာတော်၏ ဆွေမျိုးဉာတိ တပည့်ဖြစ်ကြသော သဗြဟ္မစာရီတို့ သီတင်းသုံးဘော် အားလုံးတို့သည် သံသရာမှ လွတ်၍ နိဗ္ဗာန်သို့ ရောက်အောင် သွားလာနေထိုင်ကြခြင်း ဖြစ်သည်။ နိဗ္ဗာန်သို့ သွားရာ၌ အလိုရှိအပ်သော နိဗ္ဗာန်သို့ အမြန်ရောက်ရန်၊ နိဗ္ဗာန်သို့ သွားလာရင်း သံသရာခရီး၌ မဆင်းရဲ မပင်ပန်းရန်၊ ဒါန, သီလ, ဘာဝနာ, သူတော်ကောင်း တရားတို့ကို အားထုတ်သင့်ကြသည်၊ အားထုတ်ပြုလုပ်ပြီး ဖြစ်သော သူတော်ကောင်း တရားတို့အတွက် ထပ်မံ သတိရ၍ ဝမ်းမြောက်ဝမ်းသာ သဒ္ဓါတရား တိုးပွားစေရာသည်။

မိမိသူတပါးအတွက် သတိကြီးစွာရှိကြစေ....

ဝိသုဒ္ဓါရုံ
သက်တော်ရှည်ဆရာတော်
၁၃၃၁-ခုနှစ်၊ ပထမ ဝါဆိုလဆန်း၁၃-ရက်။

---

## ဂန့်ဂေါမြို့၊ ကန်တောရကျောင်းတိုက်၊ မြို့နယ်ရွှေကျင်နိကာယဌာနအသီးသီးမှ

## မြို့နယ်လုံးဆိုင်ရာ ရွှေကျင်ဂိုဏ်း သံဃာ့အစည်းအဝေးလာ

## သီတင်းသုံးဘော် သံဃာတော်များသို့။

(၁၃၃၁-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀-ရက်)

အကျိုးတော်ဆောင် 'ဦးကေလာသ'ထံမှ စာတော်ပြန်မွဲနှင့် တွဲဘက်၍ ဝိနယဓမ္မ ဘာသာစုံရေးဖြေ စာမေးပွဲကို ယခုနှစ်မှစ၍ ကျင်းပပြုလုပ်ပါ

မည်၊ သံဃာ့ အစည်းအဝေးကြီး ပင့်ခေါ်ထားပါသည်၊ မန္တလေးဆရာတော်ကြီး၏ ဩဝါဒ အနုသာသနီ စကားများ နာခံလိုပါသည်၊ ပေးသနားတော်မူပါဟု တောင်းခံစာ ရောက်လာသည်၊ ယင်း တောင်းခံစာ ရောက်လာသည် ဆိုလျှင် စိတ်အစဉ် အေးမြ၏၊ ချမ်းသာရ၏၊ ဝမ်းသာရ၏။

ဆရာတော်မှာ အသက်အရွယ်ကြီးပြင်း အိုမင်းလှပြီဖြစ်၍ ကိုယ်တိုင်ပါဝင်မဆောင်ရွက်နိုင်သော်လည်း ဂန္ဓဝေါ မြို့နယ် သတင်းမျိုးကဲ့သို့ သတင်းပုံဒ်မျိုးသာ များများ ကြားချင်လျက် နားစွင့်လျက်ရှိ၏။

ပြုလုပ်နေကျ စာပြန်ပွဲမျိုးကို အားမရသေးဘဲ ယခုနှစ်လို ထူးထူးခြားခြား ရေးဖြေ စာမေးပွဲကိုပါ တွဲဘက်ကျင်းပ ပြုလုပ်မည်ဟူသော အကြံသစ် ဉာဏ်သစ် ပေါ်ပေါက်လာကြခြင်းသည် သာသနာ့စိတ်နှင့် သတိသမ္ပဇည တရား မပြတ်ပွား နေကြ၍သာ တိုးတက်ပြုလုပ်ကြသည်ဟု ယုံကြည်မိပေသည်။

ထို့ကြောင့် သာသနာ့စိတ် ရှိတော်မူကြသော ဂန္ဓဝေါမြို့နယ် ဂိုဏ်းဂဏ သံဃာများအတွက် များစွာ အားတက်မိပါသည်၊ သာသနာတော် အတွက် အပွေါ်သံ့ကျ(ကြောင့်ကြမဲ့) မနေကြမူ၍ ပြုလုပ် ဆောင်ရွက်တော်မူကြသဖြင့် အောင်မြင်ပါစေ ဆောင်ရွက်နိုင်ကြပါစေ ဟုလည်း ရေရွတ်မိကာဆန္ဒပြုလိုက်ရပေသည်။

ယခုလိုသာသနာကြီးပွားရေးအမှုမျိုး ပြုလုပ်ခြင်းသည် သုခါဝဟ (ချမ်းသာကို ဆောင်ခြင်း)ပင် ဖြစ်ကြောင်း သတိပေးလိုပေသည်၊

ဘုရားရှင်က—

**သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထ ကာမ နိပါတိနံ။**
**စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။**

ဟု ဓမ္မပဒ ပါဠိ သုတ္တန်ပိဋကဌ် ဟောတော်မူခဲ့သည်။

သုဒုဒ္ဒသံ–အလွန် မြင်နိုင်ခဲစွာ ထသော။ သုနိပုဏံ–အလွန် သိမ်မွေ့လှစွာထသော။ ယတ္ထကာမနိပါတိနံ–အလိုရှိရာ အာရုံသို့ ပြေးခုန် ကျရောက်လေ့ ရှိထသော။ စိတ္တံ–စိတ်ကို။ မေဓာဝီ–ပညာရှိ အမျိုးသား အမျိုးသမီးသည်၊ ရက္ခေထ–နိစ္စမသေ့ စောင့်ရှောက်ပေရာ၏။ ဂုတ္တံ–စောင့်ရှောက်သဖြင့် လုံခြုံအပ်ပြီးသော။ စိတ္တံ-စိတ်သည်။ သုခါဝဟံ- လူ့ချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန် ချမ်းသာကို ပို့ဆောင်တတ်၏။

ပရိယတ္တိသဒ္ဓမ္မ စသော သဒ္ဓမ္မ သုံးသွယ်ဖြင့်တင့်တယ် ကျေနပ်ကြရမည် ဖြစ်သော သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့သည် အမျိုးမျိုး ကြံဖန်၍ အပြန်အလှန် စဉ်းစားကြည့်လိုက်လျှင် အရေးအကြီးဆုံးမူလ အရင်းခံဖြစ်သောပရိယတ္တိသဒ္ဓမ္မအတွက် ဥဂ္ဂဟကိစ္စဟု ဆိုအပ်သော သင်ယူလေ့ကျက်မှု၊ ပရိပုစ္ဆာကိစ္စဟုဆိုအပ်သော မေးမြန်းမှု၊ သဝဏကိစ္စ ဟု ဆိုအပ်သော စာတက် နာယူမှု၊ ဓာရဏကိစ္စဟု ဆိုအပ်သော နှုတ်လွတ် ပြန်ဆိုမှု၊ ပစ္စဝေက္ခဏာကိစ္စဟု ဆိုအပ်သော ဆင်ခြင် ပွားများမှုတို့ ပြုလုပ်ရမည်သာ ဖြစ်၍၊ ယင်းကိစ္စ ပြုလုပ်ရာတွင် အလွန်မြင့်နိုင်ခဲ သိနိုင်ခဲ၍ သိမ်မွေ့ နူးညံ့သော အာရုံ ငါးပါး၌ လောဘ၊ ဒေါသ၊ မောဟ စသည်တို့ဖြင့်သာ၍ အချိန်ကုန်လွန်သော စိတ်ကို ဘော်ပြအပ်ပြီးသော သဒ္ဓမ္မတရားတို့ဖြင့် စောင့်ရှောက်သည်မည်၏။

ပရိယတ္တိသဒ္ဓမ္မတရား သာမဏေကလေး တပါး၌ ဖြစ်ပွားနေသည် ဆိုပါတော့၊ ထိုသာမဏေကလေး သန္တာန်ဝယ် သဒ္ဓါ၊ ဉာဏ်၊ သတိ၊ ဝီရိယ မပြတ်ရှိနေရမည်ဖြစ်၍ စိတ်ကို စောင့်ရှောက်ပြီး ဖြစ်နေတော့၏။ ထိုသို့ စောင့်ရှောက်ပြီး ဖြစ်နေသဖြင့် ပညာရှိပုဂ္ဂိုလ်အစစ်၊ ဆရာကောင်းတပည့်၊ ဘုရားသားတော်အဖြစ် ပီပီသသပင် ခံယူချက် ရရှိသွားပြီ ဖြစ်သောကြောင့် အမှန်မုချ ချမ်းသာသုံးမျိုးရရှိပေတော့မည်ဟုတဆင့်တက်၍ ဆက်လက် စဉ်းစားသင့်ကြ၏။

အကောင်းဆုံး အချမ်းသာဆုံး ဖြစ်သော နိဗ္ဗာန်ချမ်းသာကို ရွက်ဆောင်တတ်သော တရားသည် လုံခြုံရေးကောင်းသော စိတ်တရား ဖြစ်ရကား ပရိယတ္တိဝိနယဓမ္မ စာမေးပွဲကြီးသည် စိတ် လုံခြုံရေးအတွက် (စိတ်ကောင်း စိတ်မြတ်တည်ကြည်ရေးအတွက်)ပြုလုပ်ကြခြင်းဖြစ်သည်ဟုလည်း ယူဆကြရပေမည်။

ထို့ကြောင့် ဤလုပ်ဆောင်မှုမျိုးကို အကျိုးသက်ရောက်မှုအပေါ် ဦးတည်မှုချလျက် တိုင်ပင် ညီညွတ်စွာ ခြေနိုင်လက်နိုင် "အပြစ်ကင်း၍ သန့်ရှင်းနိုင်သမျှ သန့်ရှင်းစွာ" စီစဉ်ပြုလုပ်ကြစေလိုကြောင်း ဩဝါဒ သတိပေးစကား အနေဖြင့် ရေးသား ပေးပို့လိုက်သတည်း။

(ပုံ) သက်တော်ရှည် စံကင်းဆရာတော်

ရွှေကျင်နိကာယ သာသနာပိုင်

"အဘိဓ္ဓဇ မဟာရဋ္ဌဂုရု"

မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေးမြို့။

—၀—

# အခန်း(၃)

## ကျေးဇူးရှင် သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီး၏

## ကဗျာဆုံးမစာများ

စစ်ကိုင်းမြို့နယ် စစ်ကိုင်းမြို့မြောက်(ယခုဆားတောင် ရဲဌာနာပိုင်) လင်းယဉ်ရွာတွင် ဖွားရာဇာတိ ရှိတော်မူသော ခနေ့ဖြူမြို့အရှေ့ဘက်ကမ်း (ရောဝတီခရိုင်) စံကင်းရွာကြီး ဓမ္မာရုံကျောင်း၌ သီတင်းသုံး သာသနာ့ ပြုတော်မူခဲ့၍ (စံကင်းဆရာတော်)ဟုရဟန်းရှင်လူ ပြည်သူအများ၏ ကြည်ညို လေးစားမှုကို ခံယူလျက် သက်တော် တရာကျော်အထိ **သက်တော်ရှည်ဆရာတော်ကြီး** အဖြစ်ဖြင့် ထင်ရှားကျော်စောတော်မူခဲ့ ဖြစ်သော ရွှေကျင်နိကာယ ဓမ္မသေနာပတိ သမ္မုတိ သံဃရာဇာ ကျေးဇူးရှင် **သာသနာပိုင် အဘိဓ္ဓဇ မဟာရဋ္ဌဂုရု စံကင်း ဆရာတော်ဘုရားကြီး** ၏ သက်ရှယ်တော် ၅၀-ကျော် ၆၀-နှစ် ပတ်ဝန်းကျင်၌ ကိုယ်တိုင် ရေးကာ သြဝါဒ ပေးခဲ့သော ဆုံးမစာ ကဗျာများစွာကို ဖြန့်ဖြူးစေလိုသော ဆန္ဒ သမာနာစရိယ (မိသားစု)စိတ်ဓာတ်ဖြင့် သမဂ္ဂ ရဟန်းတော်ချင်းချင်းနှင့် ဆွေရင်းဉာတိတို့ကပါ တိုက်တွန်းကြသဖြင့် ပုံရိုက်အဖြစ်သို့ ရောက်ခဲ့ရပါသည်။

ယင်းသက်ရှယ်တော် ၆၀-ကျော်မှ၊အောက် ၅၀-ရှယ် ပတ်ဝန်းကျင် ဖြစ်သော ၁၂၇၅-ခု ဂ၆-ခုနှစ် ဆီလောက်က စ၍ သာသနာပြု လုပ်ငန်းများ ပရဟိတ တာဝန်များ အားသွန်ခွန်စိုက် စိတ်လိုက်ကိုယ်ပါ ရွက်ဆောင်ရာကာလ ဝယ် ကျောင်းသား ကျောင်းသူ ကလေးငယ် များက စ၍ သံပေါက်, ရတု, ကဗျာပြုလျက် လူထု ကြီး-ငယ်ဟူသမျှ ဘာသာယဉ်ကျေးမှုဘက်၊ သာသနာထွန်းကားမှုဘက်(လောကုတ္တရာနယ်ဘက်)သို့ ခပ်သွက်သွက်ပင် ရိုက်သွင်းတော်မူခဲ့ပါသည်၊ ပုံလောင်းတော်မူခဲ့ပါသည်။

မိမိဇာတိ ရပ်ရွာ၌ အထူးတလည် ပုံစံသစ်ဖြင့် စာသင်ကျောင်း တကျောင်းကိုပါ တည်ထောင်၍ "**ညီတော်စပ်သူ ဆရာညွှင်း**"ကို စာသင်ပေးစေလျက်၊ လင်းယဉ်ရွာ၊ မိုးသောက်ရွာ၊ ကုန်းကြီးရွာ၊ ရှမ်းကုန်းရွာ၊ မြောက်ရွာသစ်၊ ကြခတ်ရွာ၊ ဝက်လက်နယ် ရွာနန်းရွာ၊ ဝက်လက်အရှေ့မင်းရွာ၊ မိညိုကုန်း၊ အင်းဘဲကြီး၊ ဝက်လက်အနောက်ပင်းဆည်း၊ မုဆိုးခြုံ စသည်များသို့ ဆုံးမစာ,

ကဗျာ, ဩဝါဒ ပေးသနားတော်မူရှိမျှမက ကိုယ်တော်တိုင် နှုတ်တော်မြွက် တရားဒေသနာများကိုလည်း ပွဲကြီးပွဲငယ် ဟောခဲ့ဘူးပါတည်။

အောက်ပြည် ခနေ့ဖြူမြို့ စံကင်းရွာ၌ ကိုယ်တိုင်နှုတ်မြွက် ဟောကြားတော်မူရာမှ မန္တလေး၌ ပြန်လည်သီတင်းသုံးတော်မူစဉ် စာပေး စာရေးတော်မူရင်း တခါတခါ "ကဗျာဆုံးမစာများ"ပါဝင်ခဲ့ပါသည်။

ရေးပြီး ဆုံးမစာ ကဗျာ လင်္ကာ သံပေါက် ရတုများ အကုန် စုဆောင်းလို့ မရသေးပါ၊ အချို့စာများ နယ်သိတ်လှမ်းနေ၍ရင်း၊ ဗလာစာအုပ် စာရွက်က ပျောက်ပျက် ကျေမွသွား၍ရင်း ဖြစ်ပါသည်။ တချို့မှာ စာအုပ်ထဲမှ မှတ်စုထဲ မတွေ့ရဘဲ သက်ခြောက်ဆယ် ဒကာကြီး(များသောအားဖြင့် ဒကာမကြီးများ) ထံမှ နှုတ်လွတ်ပြန်စာကို စပ်စုကူးယူခဲ့၍ ဆရာတော်ကြီးနိုးနားချဉ်းကပ်ပြန်ဖတ်ပြကာ မြင်ဆင်ခဲ့ရပါသည်၊ အားလုံး အကုန်အစင် ဘတ်ပြပြီးဖြစ်မှ အတည်ပြုပါသည်။

ဆရာတော်ကြီး သာသနာပြုရာ ဒေသစာရီ လှည့်တော်မူရာ ဤရပ် ဤရွာ လှမ်းဘွယ်ရာ လေ့လာရာ ဒေသန္တရများ အကြောင်းနှင့် သာသနာပြု ခရီးစဉ် အားလုံးကို ဆရာတော်ကြီး၏ ဘဝ ဖြစ်စဉ် "အတ္ထုပ္ပတ္တိကျမ်းစာ" ထွက်ပေါ်လာက ထပ်မံ ဘတ်ရှု လေ့လာမှု ပြုနိုင်ကြပါစေ။

(စာစုံအဖွဲ့ဝင်)
တပည့်ရဟန်းတော်များ

အတ္ထုပ္ပတ္တိကျမ်းစာ 'ဂုရုပ္ပတ္တိကထာ' ထွက်ပေါ်နေပြီးဖြစ်ပါသည်။

အယ်ဒီတာ
ပြည်ကြီးမဏ္ဍိုင်
၁၉၇၆-ခု၊ ဩဂုတ်လ။

## နွားသနားပါ

၁။ ဤနွားခမျာ၊ ဝဋ်ကြွေးပါ၊ ကျင်နာဆင်းရဲပြင်း။
၂။ မြေပြင်အလုံး၊ ထွန်လှည်းရုန်း၊ မဆုံးလယ်ယာခင်း။
၃။ လူတို့အကြိုက်၊ လိုတိုင်းလိုက်၊ မောဟိုက်လွန်အမင်း။
၄။ ခိုင်းရာစေရာ၊ လုပ်ရရှာ၊ ခါခါရိုက်နှက်ညှဉ်း။
၅။ အိုမင်းယိမ်းယိုင်၊ မလုပ်နိုင်၊ စက်တိုင်ချိုလူသွင်း။
၆။ သူလုပ်စပါး၊ သူ့အသား၊ ပေါင်းစားလူခပင်း။
၇။ သနားညှာတာ၊ လွတ်ကင်းကွာ၊ မိစ္ဆာပုံမယွင်း။
၈။ ကရုဏာသော၊ မေတ္တာသော၊ ဆိုပြောလူချင်းချင်း။
၉။ အပြောတမျိုး၊ လုပ်တမျိုး၊ ကျင့်ဆိုးထင်အလင်း။
၁၀။ မှီရာကျွဲနွား၊ မွေးမြူထား၊ သနားစိတ်ဖြောင့်စင်း။

## ဗြဟ္မဝိဟာရတရား

၁။ မေတ္တာကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရား။
၂။ ဗြဟ္မစိုရ်မည်၊ ကိုယ်၌တည်၊ ပွားစည်အမျိုးသား။
၃။ များသတ္တဝါ၊ ဘေးရန်ကွာ၊ ချမ်းသာကြစေသား။
၄။ ကိုယ်တူပမာ၊ ထားပြီးခါ၊ မေတ္တာအစဉ်ပွား။
၅။ ဘေးရန်မကင်း၊ ဆင်းရဲခြင်း၊ အပြင်းခံစံစား။
၆။ ထိုသတ္တဝါ၊ တွေ့ကြုံပါ၊ ကရုဏာဖြင့်သနား။
၇။ ရှေးကံအဟုန်၊ လွန်ပြည့်စုံ၊ ဖုံဖုံသုခများ။
၈။ ချမ်းသာမြဲရှိ၊ တည်စေဘိ၊ မုဒိတာတရား။
၉။ မြတ်ယုတ်မကွာ၊ သတ္တဝါ၊ ညီညာအမျှထား။
၁၀။ မမုန်းမချစ်၊ လစ်လျူဖြစ်၊ ဥပေက္ခာတရား။
၁၁။ တမိသားချင်း၊ စိတ်မှာသွင်း၊ ရွာတွင်းလူအများ။
၁၂။ ဗြဟ္မစိုရ်မိုး၊ ထစ်ချုန်းကြိုး၊ သွန်းဖြိုးလပ်မအား။
၁၃။ ကမ္ဘာပြုခါ၊ မိုးသို့ရွာ၊ ချမ်းသာကြစေသား။
၁၄။ ဗြဟ္မစိုရ်ခေါ်၊ မိန့်ခွန်းနော်၊ ကပ်ကျော်ဤတရား။
၁၅။ သတ္တ,ရောဂ၊ ဒုဗ္ဘိက္ခ၊ လွတ်ရမှန်မမှား။
၁၆။ လက်နက်အနာ၊ မွတ်သိတ်ဆာ၊ မှတ်ပါဓိပ္ပါယ်သွား။
၁၇။ ကပ်ကြီးသုံးသွယ်၊ အန္တရာယ်၊ ကြောက်ဖွယ်အလွန်များ။
၁၈။ ထိတ်လန့်ဘွယ်ဆို၊ ဘေးထိုထို၊ ဗြဟ္မစိုရ်နှင့်တား။

၁၉။ ဒွေးနှောဒွိင်ကော်၊ သင်္ကရာဇ်၊ အဖြစ်လွန်တူးပြား (၁၂၉၂)
၂၀။ တိတ်နိမိတ်ကြီး၊ အသီးသီး၊ ဝေးနီးရပ်တပါး။
၂၁။ ကြိမ်ပေါင်းများစွာ၊ ဖြစ်ပေါ်လာ၊ ကမ္ဘာတင်ဟာရှား။
၂၂။ ပညာရှိသူ၊ ကြောင့်ကြပူ၊ စဉ်ဖြူနှလုံးထား။
၂၃။ သတိရစေ၊ တိုက်တွန်းပေ၊ ထွေထွေမိန့်မှာကြား။
၂၄။ ဆင်းရဲကင်းကွာ၊ များသူငါ၊ ချမ်းသာရစေကြွား။
၂၅။ ဓမ္မလက်ဆောင်၊ နေလရောင်၊ ပြောင်ပြောင်တက်စေသား။

ငြိမ်း၊ စိန်၊ ကြည်၊ စော၊ ပေါ်၊ပေါ်၊ ဆယ်၊တင်၊
ကျော့၊ အေး၊ တင့်၊ သန်း၊ လှ၊ ဂျမ်း၊ ညွန့်၊ခင်၊
ရွေးယဉ်သူများ၊ လျှာပါးနှုတ်ရှင်၊
ဤစာကား ဉာဏ်ဒါးမှုမထင်။

ရှစ်လုံးဖွဲ့ကဗျာကို အမျိုးသမီး ကျောင်းသူ ကလေးများ၏ အမည် အတိုကောက်ကို နိဂုမ်းအနေဖြင့် ရေးစပ်ပေးလိုက်ခြင်း ဖြစ်ပါသည်။

(၁၂၉၂-ခု၊ ဝါခေါင်လ ရေးပေးတော်မူသည်)။

## စာပြန်ပွဲ ရည်ရွယ်ချက်

၁။ ကုသိုလ်ဥစ္စာ၊ ဉာဏ်ပညာ၊ တဖြာပျားသုတ။
၂။ လေးမျိုးရတနာ၊ ရှိစေရာ၊ လိမ္မာကြံတွေးဆ။
၃။ ဒါနသီလာ၊ ဘာဝနာ လေ့လာကုသိုလ်ရ။
၄။ လုံ့လ ကံဉာဏ်၊ ပြည့်စုံပြန်၊ အမှန်ဥစ္စာရ။
၅။ တိတ်ပစ္စုပ္ပန်၊ ကြောင်းနှစ်တန်၊ လျော်ကန်ပညာရ။
၆။ ပညာရှိအား၊ ဆည်းကပ်ငြား၊ မမှားများသုတ။
၇။ ကုသိုလ်မပါ၊ အရာရာ၊ ယုတ်မာ အောက်တန်းကျ။
၈။ စီးပွား ဥစ္စာ၊ မရှိပါ၊ မျက်နှာ ပုံမလှ။
၉။ ပညာမဲ့ငြား၊ လူငနွား၊ မိုက်မှားအပြစ်ရ။
၁၀။ သုတ မကြွယ်၊ သူများလယ်၊ မဖွယ် နှုတ်လျှာအ။
၁၁။ ကုသိုလ်ဥစ္စာ၊ ပညာသုတ၊ ပြည့်ဝစေချင်၊ စာသသင်၊ ဆင်ယင် ကျင်းပပြ။

## စဉ်းစားစရာ

၁။ ပထမလျှင်၊ အရွယ်တွင်၊ ပညာရအောင်ရှာ။
၂။ ဒုတိယကား၊ မြတ်စီးပွား၊ ကြိုးစားရှာကုန်ပါ။
၃။ တတိယမူ၊ တရားယူ၊ စင်ဖြူစေကြောင်းသာ။
၄။ အရွယ်သုံးပါး၊ ကိစ္စများ၊ ပိုင်းခြား သိအပ်စွာ။
၅။ ထိုသို့သိရှောင်း၊ ဘဝပေါင်း၊ ကောင်းလိမ့်မဆုံးသာ။
၆။ ပညာစီးပွား၊ မြတ်တရား၊ ပါးရှားအချို့မှာ။
၇။ ယခု မကောင်း၊ နောင် မကောင်း၊ နှစ်ကြောင်း ပါယ်လေးရွာ။
၈။ သံသရာကြော၊ နှစ်မြုပ်မျော၊ အမော မဆုံးသာ။
၉။ မိဘတို့မှား၊ သွီးသား၊ အများဖြစ်ချက်နာ။
၁၀။ တိုက်ရိုက်မရိုး၊ သိလိမ့်နိုး၊ **လက်ညှိုးညွှန်သည့်စာ**။

## "တပေါင်းလ"

၁။ ဟေမန်ခါနှောင်း၊ ပျော်ဘွယ်ကောင်း၊ တပေါင်းလအခါ။
၂။ ဂိမှာန်နွေပြောင်း၊ ပျော်ဘွယ်ကောင်း၊ တပေါင်းလအခါ။
၃။ ရွက်ယော်ကြွေဟောင်း၊ ပျော်ဘွယ်ကောင်း၊ တပေါင်းလအခါ။
၄။ ရွက်သစ်နုလောင်း၊ ပျော်ဘွယ်ကောင်း၊ တပေါင်းလအခါ။
၅။ ပါရမီစုဆောင်း၊ ပျော်ဘွယ်ကောင်း၊ တပေါင်းလအခါ။
၆။ ပညာပွားကြောင်း၊ ပျော်ဘွယ်ကောင်း၊ တပေါင်းလအခါ။
၇။ စာသင်သူပေါင်း၊ ပျော်ဘွယ်ကောင်း၊ တပေါင်းလအခါ။
၈။ စာပွဲခြိမ့်ညောင်း၊ ပျော်ဘွယ်ကောင်း၊ တပေါင်းလအခါ။
၉။ ဆုတော်သောင်းပြောင်း၊ ပျော်ဘွယ်ကောင်း၊ တပေါင်းလအခါ။

## ကြော်ငြာစာမေ်ာင်း

၁။ ရက်လနှစ်ကြာ၊ လှည့်ရောက်လာ၊ ချိန်ခါလတပေါင်း။
၂။ ဆဲ့နှစ်လမှာ၊ ပျော်ဘွယ်ရာ၊ ချိန်ခါလတပေါင်း။
၃။ ကျောင်းသူများစွာ၊ ရွှင်ဝမ်းသာ၊ ချိန်ခါလတပေါင်း။
၄။ စာပေညာ၊ တိုးပွားရာ၊ ချိန်ခါလတပေါင်း။
၅။ စာတတ်သူသာ၊ ထင်ရှားမှာ၊ ချိန်ခါလတပေါင်း။
၆။ မိဘများပါ၊ အားတက်ရာ၊ ချိန်ခါလတပေါင်း။
၇။ စာပွဲဆင်ရာ၊ ခြိမ့်ခြိမ့်ညာ၊ ချိန်ခါလတပေါင်း။

၈။ တနှစ်ထက်မှာ၊ တနှစ်သာ၊ ချိန်ခါလတပေါင်း။
၉။ ဆုထူးများစွာ၊ ပေးလိမ့်မှာ၊ ချိန်ခါလတပေါင်း။
၁၀။ သမီး လိမ္မာ၊ ကျောင်းထားပါ၊ ဤစာကြော်ငြာမောင်း။

"ကြားညှပ်စကား"

၅-ရွာအုပ်စု လင်းယဉ် စသည့် ယင်းတစ်လျောက် သူကြီးတပိုင် ရွာငယ်ကလေးများ ဆားဖိုကလေးများသည် စစ်ကိုင်းနယ် အဝင်အပါ ရွှေဘိုသွားမီးရထားသံလမ်းမှ ၄-မိုင်ခန့်၊ ဆားတောင် ရွှေဘိုကားလမ်းမှ ၅-မိုင် ဝေးကွာပါသည်။ တောလက်ကျေးရွာ အစွန်အဖျား ကျလုသော ရွာများ ဖြစ်၍ ဆရာတော်ကြီးသည် မိမိဇာတိရပ်ရွာ အခြေအနေကို အကဲခပ် ကြည့်ရှုမိရာ မိန်းကလေးများ လုံးဝစာမတတ် အသိဉာဏ် မရကြဖြစ်နေသည်ကို မရှုစိမ့်နိုင်သဖြင့် "လက်သမားဆရာကြီး ဦးညွှင်း" (ဆရာညွှင်း)ကို တိုက်တွန်းခဲ့ရ၏။ စာသင်ကျောင်း ဆောက်ပေး၏၊ စာသင်စေ၏။

တပေါင်းလတိုင်း နှစ်စဉ် စာပြန်ပွဲပြုလုပ်၍ ပစ္စည်းဝေငှ ဆုချပါသည်။ မိန်းကလေးကျောင်းသူ သန့်သန့် ဦးရေ(၅၀)မှ တက်၍ တက်၍ (၁၀၀)ကျော် အထိ တိုးပွား သင်ကြားစေခဲ့ပါသည်။ ဆရာညွှင်း (လွတ်လပ်ရေးခေတ်) ကွယ်လွန်ပြီးနောက်တွင် ၁၃၁၂-ခု၊ (၁၉၅၂-ခု)နှစ်မှစ၍ အတန်းအောင် သင်တန်းဆင်း ဆရာများ (ဆရာသိန်းက အစ) ဘိတ်မန် တောင်းပန် သင်စေရာမှ၊ အစိုးရ မူလတန်းကျောင်းကြီးအဖြစ် တိုးတက် မြင့်မား တည်ရှိနေရကား....ယခုအခါ ကျောင်းသား, ကျောင်းသူ (၃၀၀)ခန့် စာရင်းပေါက်ရှိလျက် တော်တော်လူလားမြောက်နေပြီဟု ဆိုရမည်လားမသိပါ။

(၁၃၃၁-ခု)

ဝန်ဆောင်-ဦးအဂ္ဂိယ

ရှစ်လုံးဖွဲ့ကဗျာ ကလေးဖတ်စာ

၁။ ငယ်မူ ရုပ်သွေး၊ နှုတ်ရေး ခရာ၊
က, ကာ, ကက်,ကင်း၊ ကျက်ရင်းမာန်ပ ၊
မင်္ဂလသုတ်၊ ချိုနှုတ်သံသာ၊
ဘာသာရေး ယဉ်ကျေး သိလိမ္မာ။

၂။ သိမ္မွတ္ထ၊ မွစကြာ၊
ဆင့္ဆင့္တက္ပြား တရားရမွာ၊
သူတော်ဝလေ့၊ သိမ်မွေ့မှုရာ၊
ရိယာဇာတ် စိတ်ခေတ် ညွတ်ကိုင်းပါ။

၃။ လူ၏ဘဝ အရတော်စွာ၊
သာသနာတွင်း ပက်ပင်းကြုံလာ၊
မိဘဘိုးဘွား တရားမကွာ၊
ခွင့်သာလှ သင်ကြကျမ်းဂန်စာ။

၄။ အချို့သူများ တရားကင်းကွာ၊
ကိုယ်နှုတ် ဟော့ရမ်း၊ ကြမ်းထမ်းခက်မာ၊
ငယ်စဉ်ကာလ ဆရာ့သြဝါ။
နည်းမရ ဘဝဖြစ်ချက်နာ။

၅။ ဆွေညာ မိဘ ကြီးလှ ဂုဏ်အင်၊
ဆရာ့ ကျေးဇူး အထူးထင်မြင်၊
စာပေသင်ရေး အားပေးတီထွင်၊
ဘဝဟောင်း ကံကောင်းမြောက်ပင့်တင်။

"တပေါင်းလ ဂ–လုံးဖွဲ့"

၁။ ဟေမာန်နှင်းဥ ကင်းနုပါးလွှာ၊
ဂိမ္မာန် နွေဦး ရှင်မြူးတေဇာ၊
ဥတုနှစ်ရပ် ပေါင်းစပ်ရှက်ဖြာ၊
ပျော်ဘွယ်ကောင်း တပေါင်းလအခါ။

၂။ ရွက်ယော် နွေပြော့၊ ကြွေပေါ့ ရင့်ဝါ၊
နုပရစ်ဖူး ဆင့်ကူးခိုင်ညှာ၊
ခြုံနွယ်ပင်မြင့် ဖူးပွင့်မာလာ၊
ပျော်ဘွယ်ကောင်း တပေါင်းလအခါ။

၃။ ပါရမီမျိုး စိုက်ပျိုးဖွေရှာ၊
ဓိဋ္ဌာန်ဆုတောင်း ပွားကြောင်းပညာ၊
သင်အံလေ့ကျက် ဆောင်ရွက် ညီညာ၊
ပျော်ဘွယ်ကောင်း တပေါင်းလအခါ။

၄။ ပညာဆုပေါင်း သောင်းပြောင်း ဝေဆာ၊
ပြူးရှင်နှလုံး ချိုပြုံးမျက်နှာ၊
ညှန်ရည် တူတွဲ စာပွဲ ဒြိမ့်ညာ၊
ပျော်ဘို့ကောင်း တပေါင်းလအခါ။

၅။ လှပြည် ထက်နတ် မြင့်မြတ် ပြဟွာ၊
နိဗ္ဗာန် ဖိုလ်မဂ် လှပ်းတက် စရာ၊
ရွှေယဉ် ရှာဥုး ဆုထူးပန်ထွာ၊
ပျော်ဘို့ကောင်း တပေါင်းလအခါ။

ကျောင်းဆရာ ဆရာညွှင်းက အဆစ်ထည့်၍

ရေးသော စာ ၄-ပိုဒ်

(က) ရွှေယဉ်ရှာဥုး ကျောင်းတော်မှာ၊
ချိန်ခါလတပေါင်း ပျော်ဘို့ကောင်း။

(ခ) စာပွဲဝင်ကြ များသိဿ၊
ချိန်ခါလတပေါင်း ပျော်ဘို့ကောင်း။

(ဂ) စာပွဲမျှော်ရှု ပေါင်းများစွာ။
ချိန်ခါလတပေါင်း ပျော်ဘို့ကောင်း။

(ဃ) ပညာဆုများ ဝေငှပါ၊
ချိန်ခါလတပေါင်း ပျော်ဘို့ကောင်း။

## ကေပိုဒ်ရတု

ထောင်ပေါင်းဆယ်လီ၊ ဂဏန်းချီသည့်၊ ကိန်းညီယှဉ်နာ၊ ကျွန်းလကျ်ာ၌။ ဗုဒ္ဓါမြေ၊ သရဏဟု၊ သံဃာ့ရတနာ၊ဖြစ်ပေါ်လာ၍၊ သာသနာဥက္ကဋ္ဌ၊တည်ထွန်းအပ်သည့်၊ မြင့်မြတ်အခြေ၊ မြန်ရပ်မြေ၏၊ ကျက်သရေမျိုး၊ ဂုဏ်တန်ခိုးကား၊ မြေမိုးမဆန့်၊ ပြန့်ကြီး ပြန့်ခဲ့၊ အကန့် အကန့်၊ နယ် သီးသန့်မူ၊ ဝန်းသမိုင်းတင်၊ ရာဇဝင်နှင့်၊ မျက်မြင် ခရိုင်၊ လှည့်ဝိုက်ပိုင်သည့်၊ မဏ္ဍိုင်ဇေယျ၊ မြို့ပူရတည့်၊ ပါကဋ္ဌဂိုဏ်း၊ ရေလျှင်ဝိုင်းသည့်၊ စစ်ကိုင်းနယ်နမိတ်၊ ဒီစတြိတ်ဝင်၊ရွာများတွင်ကား၊ ဉမင်ဂူလိုဏ်၊ ရှုတိုင်းမြိုင်၍၊ ခန့်ခိုင်တည်ထား၊ စေတီများတို့၊ အံ့အားသင့်လောက်၊ မှိုနှယ်ပေါက်၏၊ မြင့်မောက်သိက္ခာ၊ အရိယာ၏၊ နွယ်ပါအဝင်၊ မြတ်သခင်တို့၊ ကြည်ရှင်ကိန်းအောင်း၊ နေရာကျောင်းမှာ၊ နှစ်ထောင်း ကြည်ဘွယ်၊ အသွယ်သွယ်တည့်၊ ရှာဝယ်နေသူ၊ အများလူတို့၊ စင်ဖြူနှလုံး၊ သူတော်ထုံးဖြင့်၊ ကျဖ့်သုံး ဃိက္ခာ၊ မြဲလေ့လာ၏၊ ကြေညာ ထွင်းဖောက်၊ သတင်း

ပေါက်သည့်၊ မိုးသောက်, လင်းယဉ်၊ ရွှာမြတ်ပင်တည်း၊ အစဉ်သာယာ၊ ထို နှစ်ရွာ၌၊ မင်္ဂလာမျိုး၊ တိုးတက်တိုး၍၊ ကောင်းကျိုး ဆင့်ဆင့်၊ မြင့်ထက်မြင့် အောင်၊ ချီးမြှင့်သဘင်၊ **စာပွဲ ဆင်လျက်၊ ပန်းပင် နုသွေး၊ မြေချို ကြွေး၍၊ ရေအေး သီတာ၊ သွန်းလောင်းပါသို့၊** ပညာရှာမှီး၊ မျိုးသမီးဟု၊ မကြီးနုငယ်၊ စာသင်မယ်တို့၊ အရွယ်မြင့်ခါ၊ သိလိမ္မာဘို့၊ ပညာတုမြတ်၊ ချိုအေး ဓာတ်ကို၊ မလပ်ရစေ၊ ပေးငှဝေသည်.... မျိုးဆွေရွှာလုံး တင့်ကြောင်း တည်း။

## သံပြိုင်ဆို သံပေါက်

၁။ ဇမ္ဗူဒီပါ၊ ကျွန်းလက်ျာ၊ ယူဇနာတသောင်းပေ။
၂။ သုံးရတနာ၊ ဖြစ်ပေါ်လာ၊ ကမ္ဘာကြက်သရေ။
၃။ သာသနာ့တည်၊ မြန်မာပြည်၊ ပြန့်လည် သတင်းဝေ။
၄။ နယ်သီးသန့်ကာ၊ ခွဲဝေဖြာ၊ **ဇေယျာပူရမြေ။**
၅။ ရေးရာဇဝင်၊ သမိုင်းတင်၊ မျက်မြင်ထင်ရှားပေ။
၆။ စစ်ကိုင်းနယ်ပါ၊ အရွာရွာ၊ သချာများမြောင်လေ။
၇။ **လင်းယဉ်, မိုးသောက်** သတင်းပေါက်၊ မြင့်မောက်တင့်အခြေ။
၈။ စေတီဘုရား၊ ပူဇော်သား၊ များပြားဆူရေရေ။
၉။ အရိယာနွယ်ဝင်၊ မြတ်သခင်၊ ကြည်ရှင်ကိန်းအောင်းနေ့။
၁၀။ ကျောင်းကြီး ကျောင်းငယ်၊ အသွယ်သွယ်၊ စိတ်ဝယ် ကြည်နူးစေ။
၁၁။ ရွာသူရွာသား၊ ကျင့်တရား၊ ကြိုးစားမြဲမသွေ။
၁၂။ စင်ဖြူနှလုံး၊ သူတော်ထုံး၊ ယူသုံးအောင်ဆုချွေ။
၁၃။ သင်းပင်းခြွေရံ၊ အမွေခံ၊ ရှေးကံအကျိုးပေ။
၁၄။ သားနှင့်သမီး၊ ချစ်မညီး၊ ထန်သည်းမေတ္တာရေ။
၁၅။ ရင်သွေးဟူက၊ ချစ်မဝ၊ ဓမ္မသဘာဝေ။
၁၆။ ပန်းပင်ငယ်မျ၊ လွန်ယုယ၊ နိစ္စပြုစုလေ။
၁၇။ စာပေသင်ကြား၊ ဝတ္တရား၊ နှစ်ပါးဖေ,အမေ။
၁၈။ ပညာတန်ခိုး၊ နောင်မညှိုး၊ ချစ်ကြိုးနှပ်ပါစေ။
၁၉။ စာပွဲသဘင်၊ ကျင်းပဆင်၊ စာသင်ကျောင်းသူတွေ။
၂၀။ မျိုးဆွေရွာလုံး၊ တင့်မဆုံး၊ မှတ်ထုံးနောင်မကျေ။
၂၁။ ပညာဆုံးမြတ်၊ ချိုအေးဓာတ်၊ မလပ်ပေးငှဝေ။
၂၂။ ရည်ရွယ်တောင့်တ၊ ကျိုးဖလ၊ သုခအထွေထွေ၊
၂၃။ မဂ္ဂင်ဖောင်မှီး၊ ကိုယ်စီ စီး၊ အောင်ကြီးအောင်ကြစေ။

## တရားပြသံပေါက်

၁။ သုံးလူ့မြတ်စွာ၊ စိန္တေယျာ၊ ပိုးမှာဟောတော်မူ။
၂။ သေခြင်းတရား၊ လေ့လာပွား၊ အများစုံတော်မူ။
၃။ မျက်မြင်ဒိဋ္ဌ၊ တွေ့ကြုံရ၊ ဘဝရှေ့ပြောင်းသူ။
၄။ မသွားလိုဘဲ၊ အံကြိတ်ခဲ၊ ထန်းသိတကူသူ။
၅။ အကြံမရ၊ လက်မှိုင်ချ၊ သောကတပူပူ။
၆။ ဆွေရောမျိုးစုံ၊ အကြံကုန်၊ လိုက်ခုန်သည်းအားကူ။
၇။ ဆရာမပိုင်၊ ဆေးမနိုင်၊ ဆုပ်ကိုင် နောင်မကူ။
၈။ ရွှေစင်ကိုယ်လေး၊ တံစိုးပေး၊ အငှားသူမယူ။
၉။ လက်နက်မျိုးမျိုး၊ စစ်ဆင်ထိုး၊ နိုင်ရိုးမရှိဟူ။
၁၀။ သေမင်းခေါ်ရာ၊ လိုက်ရရှာ၊ သုံးဖြာဘုံနေသူ။

## အိုနာသေရေး ဒုက္ခဘေး

၁။ မနာမီက၊ တရားကျ၊ နေ့ည မမေ့ရာ။
၂။ မအိုမီက၊ တရားကျ၊ နေ့ညမမေ့ရာ။
၃။ မသေမီက၊ တရားကျ၊ နေ့ည ပမေ့ရာ။
၄။ အမှုကိစ္စ၊ ပေါများလှ၊ ဘဝလူတို့ရှာ။
၅။ နေ့မှာမအား၊ ညမအား၊ တရားလက်လွှတ်ကြွာ။
၆။ ကိစ္စကြားတွင်၊ ရှုဆင်ခြင်၊ သိမြင်ဉာဏ်ပညာ။
၇။ သံဝေစိတ်ဓာတ်၊ စွဲယူမှတ်၊ ပြောင့်မတ်စေကြပါ။
၈။ မြူးရွှင်ပျော်ပါး၊ တဟားဟား၊ လမ်းမှားသတိကွာ။
၉။ နောင်တပူပန်၊ မရှိရန်၊ နည်းမှန်တရားသာ။
၁၀။ နိဗ္ဗာန်ရောက်မှ၊ အေးသည်ပ၊ မုချဓမ္မတာ။

## နိဗ္ဗာန်ချမ်းသာ

၁။ ကာမရူပါ၊ အရူပါ၊ သာချာမှတ်ပိုင်းခြား။
၂။ ဝဋ္ဋသံသရာ၊ ကြဉ်လည်ပါ၊ ဒို့ ရွာသူ အများ။
၁။ ခရီးသွားသူ၊ ပမာတူ၊ အမှုမကွဲပြား။
၄။ ရောက်ရာရောက်ရာ၊ တွေ့ကြုံပါ၊ သွားခါလမ်းတပါး။
၅။ တရားသဘော၊ နေ့စဉ်ပြော၊ စိတ်ဇောပြောင့်မှန်ထား။
၆။ မြင်မြင်သမျှ၊ အနိစ္စ၊ စိတ်ကလေ့လာပွား။
၇။ ဆင်းရဲဒုက္ခ၊ စိုးမရ၊ ကြံဆသတိထား။

၈။ သုံးဆယ့်တဘုံ၊ ဖြစ်ရတုံ၊ တွေ့ကြုံ ဘေးရန်များ။

၉။ နိဗ္ဗာန်ပြည်မှ၊ ချမ်းအေးမြ၊ သောကမီးမပွား။

၁၀။ ချမ်းသာပိုင်ပိုင်၊ ရစေနိုင်၊ လက်ကိုင်မြတ်တရား။

## ဓမ္မသံဝေဂ

(က) ထက်နတ်ပြည်နန်း၊ ကြွချည်မြန်း၊ ရဟန်းခမည်းတော်။

(ခ) ဘုရားတကာ၊ ကျောင်းတကာ၊ သဒ္ဓါကြီးသူနော်။

(ဂ) သံဃာတော်တွက်၊ ရှေးဦးထွက်၊ ဆောင်ရွက်ကိစ္စပေါ်။

(ဃ) ရပ်မှူ ရွာမှူး၊ ရှေ့ဆောင်ပြုး၊ ဂရုစိုက် နှိုးဆော်။

(င) ကြီးငယ်အများ၊ လွန်ကိုးစား၊ တရားသင့်လျော်။

(စ) အနုအကြမ်း၊ နှစ်ဘက်လမ်း၊ အစွမ်းသတ္တိကျော်။

(ဆ) မရဏဘေး၊ အရှုံးပေး၊ လွတ်ရေးကြံမပေါ်။

(ဇ) ကံကုန်ဉာဏ်ကုန်၊ အစွမ်းကုန်၊ လေဟုန်မီးသို့နော်။

(ဈ) ဘုံသုံးဆယ့်တစ်၊ ဤစံနစ်၊ အသစ်နည်းမခေါ်။

(ည) ဘုရားရှင်မှ၊ နိဗ္ဗာန်ကြွ၊ ဓမ္မသံဝေဖော်။

## အထူးသတိပေး

၁။ ရတနာသုံးရပ်၊ မြဲဆည်းကပ်၊ မလပ်စေရဘူး။

၂။ ပရိတ်မေတ္တာ၊ ဘာဝနာ၊ လေ့လာကြံစိတ်ကူး။

၃။ ဝတ်တက် ဝတ်ကပ်၊ ကြေးစည်ခတ်၊ ရွာရပ်ဂုဏ်ပြန့်ပြူး။

၄။ သာဓုခေါ်သံ၊ တညံညံ၊ နတ်ထံကျော်လွန်ကြူး။

၅။ သက်ရှယ်မရွေး၊ ပညာရေး၊ မြတ်လေးဆွတ်ယူခူး။

၆။ သီလမြဲစေ၊ အသုံးချေ၊ ရှာဖွေစုဆည်းပူး။

၇။ ပြဟ္မစိုရ်သုံး၊ ညီ စည်းလုံး၊ လွတ်ရုံးရှောင် အထူး။

၈။ မာနကိုကြဉ်၊ မျိုးနွယ်စဉ်၊ ချစ်ခင်စောင့်ရှောက်ဦး။

၉။ ဒုစရိုက်မုန်း၊ သု(သုစရိုက်)ကိုသုံး၊ နှလုံးရှင်ကြည်နူး။

၁၀။ နိဗ္ဗာန်လမ်းစ၊ ဖော်ညွှန်ပြ၊ နေ့ညမေ့သင့်ဘူး။

## ပွဲလမ်းသဘင်အပြစ်

(က) ပွဲလမ်းသဘင်၊ ကြည့်ပျော်ရှင်၊ လေးလုံ အပေါ်ယံလမ်း။

(ခ) ဥစ္စာကုန်ထွက်၊ အိပ်စားပျက်၊ နေ့ရက်ဆက် စိတ်ညှစ်ငြိမ်း။

(ဂ) သဘင်ပွဲလမ်း စခမ်းပျော်ရှင်၊
ဥစ္စာကုန်ထွက် အိပ်ပျက်သည့်ပြင်၊
နေ့စဉ်ရက်ဆက် စိတ်လက်မရှင်၊
ပါယ်လေးပါး ရောက်ကြောင်းမှတ်ဘိုအင်။

**ဝိသာခါအား ဆုံးမသော ဩဝါဒဆယ်ချက်**

၁။ အိမ်တွင်းကမီး ထိန်ညီးလျှပြောင်၊
အိမ်ပြင်ထုတ်ရေး ကင်းဝေးစေ နှောင်၊
ယောက္ခမ (နှစ်) လင်ချစ်ဂုဏ်ရောင်၊
ကျေးဇူးမဲ့ ကဲ့ရဲ့ မပြောရှောင်။

၂။ အိမ်ပြင်ကမီး ထိန်ညီးလျှံဝါ၊
ကိုယ်အိမ်အတွင်း မသွင်းသင့်ပါ၊
တပါးသူတို့ ပြစ်ဘိုတင်လာ၊
လင် မိဘ ကိုယ်က မပြောရာ။

၃။ ပေးသူ ကိုမှ ပေးရပါမယ်၊
စကားကွယ်ဝှက် သိပ်ခက်မလွယ်၊
တောင်းပန်ချေးငှား ယူသွားသွယ်သွယ်၊
ပြန်၍အပ် နောက်ထပ်ပေးဘို့ရှယ်။

၄။ သူမပေးက မပေးရမှာ၊
မိပ္ပါယ်နက်နဲ ခက်ခဲလှပါ၊
တောင်းပန်ချေးငှား ယူသွားပြီးခါ၊
ပြန်မအပ် နောက်ထပ် မပေးရာ။

၅။ ပေး,မပေးဘဲ အမြဲပေးပါ၊
ဩဝါမိန့်ခွန်း ပြည့်ွန်းသေချာ၊
လှူခံတရိုး ဆွေမျိုးသဟာ၊
လူဆင်းရဲ စွန့်ကြဲလှူဘိုရာ။

၆။ ချမ်းသာအေးမြ ထိုင်ရမည်အင်၊
ကြမ်းစကားမျှ ဆိုးမပဲ့ပြင်၊
ယောက္ခမများ လင်သားရှေ့တွင်၊
ထကြွခွင့် မသင့် နေထိုင်လျှင်။

၇။ ချမ်းသာအေးမြ စားရမည်ပင်၊
ဆိုးမ ပုံလဲ နားထဲ မဝင်၊
ယောက္ခမများ လင်သားအလျှင်၊
မစားရ နောက်မှ စားစေချင်။

၈။ ချမ်းသာအေးမြ အိပ်ရပေမည်၊
စကားတရပ် နောက်ထပ်ပြန်သည်၊
မိန်းမမြတ်ဝတ် မချွတ်တည်ကြည်၊
အချိန်ကျ နောက်မှ အိပ်ဘို့ရည်။

၉။ အိမ်တွင်းကနတ် မပြတ်ဖူးမြင်၊
လက်စုံတည်မိုး ရှိခိုးဦးတင်၊
ယောက္ခမနတ် လင်မြတ်သခင်၊
မိုးနတ်လား ညွတ်တွား စွဲထင်မြင်။

၁၀။ မီးကို မြတ်လေး လုပ်ကျွေးပူဇော်၊
မရှင်း ထွေးရှုတ် သရုပ်မပေါ်၊
အရှင် သုံးပါး ခစားရှုမျှော်၊
မီးတဝ မြွေမျှ ရိုသေနော်။

၁၁။ မေတ္တာကမြေး ယဉ်ကျေးလိမ္မာ
ဓနဥ္စယ သေဋ္ဌ သည်းချာ၊
ခွန်နှစ်ရွယ်သက် ဖိုလ်မင် သောတာ၊
ဂုဏ်ကြွယ်ဝ ရှင်မ ဝိသာခါ။

၁၂။ ကြီးကျယ်ခမ်းနား ထိမ်းမြားသဘင်၊
မင်္ဂလာပွဲ ဆင်နွှဲပြီးလျှင်၊
ဩဝါ ဆယ်ချက် မိန့်မြွက်ထင်ထင်၊
ဘ သူဌေး ယဉ်ကျေးရန်ဘို့သင်။

## ရတု ပိုဒ်စုံ ၄-လုံးဖွဲ့

၁။ ဖြစ်တိုင်းသချော, ဓမ္မတာဖြင့်၊ အခါနာရီ၊ နေ့ရက်ချိန်၍၊ ကိတိပြောင်းရွှေ့၊ အချိန်စေ့က၊ ကြိမ်တွေ့ဒိဌ၊ ပစ္စက္ခပါ၊ ကာလဝတ္တမာန်၊ ပစ္စုပ္ပန်ကို၊ ကျော်လွန်ခုန်ထွက်၊ အစဉ်ဆက်၍၊ နေ့ရက်အများ၊ လ,က စားလျက်၊ လ,ကား နှစ်စာ၊ လှည့်ရစ်ခါဖြင့်၊ သချာ ထပ်ထပ်၊ မဟာကပ်သို့၊ ထိစပ်စေကြောင်း၊ ဝေါဟာပြောင်း၍နှစ်နှောင်းလွန်ကျူး၊ နှစ်သစ်ကူးသည်-ခါကူး (ကြုံသကြံ) ဘုရား။

### ရှစ် လုံးဖွဲ့

(က) ရုပ်နာမ် နှစ်ပါး ထင်ရှား ရှိသည်၊
ပညတ်တရား နှစ်သားမတည်၊
နေ့,ရက်,လ,နှစ် ဟောင်းသစ်အမည်၊
ပညတ်မျိုး ဟုတ်နိုး မှတ်ယုံကြည်။

(ခ) ကာလ ပညတ် ဆက်စပ်ပြောင်းတည်၊
နေ့,လ, နက္ခတ် ရုပ်ခတ် လက်သည်၊
ဖြစ်, တည်, ချုပ်ပျက် ခတ်စက်လှည့်လည်၊
အခါထူး နှစ်ကူးရှေးအမည်။

## ရတုပိုဒ်စုံ ၄-လုံးဖွဲ့

စစ်ကိုင်းဇေယျာ, မြို့မဟာ၏၊ ဒိသာမြောက်နယ်၊ အုံ့ညြဘွယ်ဟု၊ ပေါယယ်များဖြင့်၊ ရာဇဝင်၌၊ သသက်ရတ်၊ ယုန်ရေးမှတ်သို့၊ မင်းမြတ်သခ်ယာ၊ မိမာတာ၏၊ ရိုးရာမပျက်၊ နွယ်အဆက်တို့၊ ဆင်းသက်မွေးရာ၊ ရွှေယဉ်ရွာ၌၊ သဒ္ဓါဆင့်လောင်း၊ စာသင်ကျောင်းဝယ်၊ ကံကောင်းစိရင်၊ စာပွဲဝင်၍၊ မှတ်သင်အားသည်း၊ မျိုးသမီးတို့၊ ထံနီးကြည်နူး၊ ကန်တော့ဘူးသည်… ကြားပူးငုံသခင့်,ဟန် ဘုရား။

### ရှစ် လုံးဖွဲ့

(က) ဇာတ်ရှယ် ရုပ်ဆင်း စိုးမင်းဂုဏ်သိရ်၊
ရွှေ, ငွေ, စပါး မြေ, နွား စည်းစိမ်၊
လျှပ်စစ် တလက် ဖြစ်ပျက်ကြိမ်ကြိမ်၊
နတ်ဖျားယောင်း မကောင်း အိပ်မက်လိမ်။

(ခ) စာသင်ရခြင်း ကံရင်းဖြူပေ၊
ခုဘဝမျိုး အဘိုးသခင်၊
ဘုန်းဘုရားအား ညွတ်တွားရှိသေ၊
ကံဆင့်လောင်း မျိုးကောင်းသမီးတွေ။

ရတုပိုဒ်စုံ ၄-လုံးဖွဲ့

၃။ ရစ်ဆိုင်းဝေဖြာ၊ သဿဇာတည်း၊ မဟာသဘင်၊ ပွဲတိုင်းဝင်သား၊ စိမ်းရှင်ညွန့်လန်း၊ သပြေပန်းနှင့်၊ တင့်ဆန်းသစ်ဖြိုး၊ ရေပြည့်အိုးကို၊ မြတ်နိုးသဒ္ဓါ၊ စေတနာဖြင့်၊ ညီညာလှူရ၊ ကုသလကြောင့်၊ သိပ္ပပညာ၊ တတ်သင့်ရာ၌၊ လိမ္မာနိုင်ညွှ၊ တရားသိလျက်၊ ဗောဓိပွင့်ဖူး၊ ပန်းဆွတ်ခူးသည်....ရာထူးစုံလင်ရန်ဘုရား။

ရှစ်လုံးဖွဲ့

(က) သဒ္ဓါတက်လွှမ်း ဉာန်စွမ်းတည်တည်၊
စေတနာမျှ ဆန္ဒညီညီ၊
သပြေပန်းနှင့် ရေချမ်းကြည်ကြည်၊
လှူပုံကောင်း ဆုတောင်း အလီလီ။

(ခ) အရှင့်ဂုဏ်ရေး ရန်ဘေးကင်းပေ၊
သနားကြည့်ရှု ဓမ္မုပဒေ၊
ဩဝါဒဇင်ပန်း ဆင်မြန်းမသွေ၊
မေတ္တာခေတ် မပြတ်ခိုရစေ။

ရှင်ပြုမင်္ဂလာ ရတု ကော်ပိုဒ်

အံ့ဘွယ်ရှစ်ဖြာ၊ သာသနာ့သို့၊ ဖန်ဝါဆင်မြန်း၊ ဝတ်သက်နှီးနှင့်၊ ရှင်လန်းခိုဝင်၊ မောင်အရှင်ကို၊ လျှောက်တင်ရန်ကြောင်း၊ ခွင့်ပန်တောင်း၍၊ နှစ်ထောင်းဝမ်းသာ၊ လျှောက်ထားပါအံ့၊ သိက္ခာကျင့်ဝတ်၊ တပါးတတ်က၊ လူနတ်ဦးခိုက်၊ ပူဇော်ထိုက်သည်၊ အမြိုက်မေ့စား၊ သာကီဘွားဟု၊ မြတ်ဖျားရင်နှစ်၊ သားတော်ဖြစ်၍၊ ရှင်ချစ်မြတ်စွာ၊ သာသနာ၌၊ နှစ်ဖြာစူရ၊ ကျင့်သီလနှင့်၊ ဓမ္မမွှေလျော်၊ မောင်ရင် ပျော်က၊ နှစ်ဖော် မိဘ၊ ညီနှမနှင့်၊ အိမ်က လူများ၊ ကုသိုလ်ပွားလိမ့်၊ တရားညီစွာ၊ မောင့်ဆရာ၏၊ မိန့်မှာဟောပြ၊ ဩဝါဒကို၊ နိစ္စကြည်ဖြူ၊ မှတ်နာယူက၊ နိဗ္ဗူပြည်ကြီး၊ မောင်လျှင်နီးလိမ့်၊ ပူမီးပမာ၊ ကိလေသာ၏၊ လောင်စာစုပုံ၊ ငါးအာရုံကို၊ မစုံမမက်၊ မောင်စွန့်ထွက်၍၊ ကိုယ့်တွက်သူကျိုး၊ ဆောင်သည်ပိုးလျက်၊ တင့်ဖြိုးရောင်ဝါ၊ သာသနာကို၊ တည်ပါစေကြောင်း၊ ဆုမွန်တောင်းသည်၊ ရှည်ကြောင်းမြင့်ရေး ကြံစိတ်တွေး။

## ရှင်ပြုမင်္ဂလာ ကဗျာ

၁။ သက်နီး သပိတ် ပရိက္ခရာ၊
သာကီနွယ်ဇာတ် မြင့်မြတ်ဘဏ္ဍာ၊
လူတွင်ပုံခြား မြတ်ဖျား သီးချာ၊
အောင်နိမိတ်- ဘိသိက် မင်္ဂလာ။

၂။ ရောင်ဝါတင့်ဖြိုး တန်ခိုးတေဇာ၊
မြင့်ရှည် နှစ်ပေါင်း တည်ကြောင်းသာသနာ၊
ဖန်ဝါတင့်ဆီး ရင့်ကြီးသိက္ခာ၊
ရှုမခန်း တုမှန်း အရိယာ။

၃။ ရာဟုလာသား ညီဘွား မင်းနန်၊
မဟိန္ဒထုံး ယူသုံး နည်းမှန်၊
ကေသီ ပယ်လို့ ဆုသီးဆင်ပန်၊
မြင့်ရာဘက် မှန်းတက် စိတ်အားသန်။

၄။ က, ခုန် မှုတ် တီး မငြီး ရွှင်ပျော်၊
ချစ်ဆွေတသင်း သီချင်း ကျော်ကျော်၊
မြူးတူးပျော်ပါး ကစားမွှေလျော်၊
သူငယ်ထုံး ချုံမှုန်းပေတော့နော်။

၅။ လူမှုလူရေး ရှုတ်ထွေး တွင်းပြင်၊
ကျဉ်းကြပ် ခက်ခဲ ဆင်းရဲ ငြိုငြင်၊
ဘေးရန် မြောက်မြား ရှောင်ရှားပယ်ကြဉ်၊
သာသနာဘက် တသက်ပျော်လိမ့်ထင်။

၆။ သိက္ခာသီလ ပြည့်ဝမသွေ၊
ပညာတိုးပွား ထင်ရှားဂုဏ်ရေ၊
ဆုံးသမ္ဘာရင့် ကြီးမြင့်အခြေ၊
ကြုံသမျှ ဆန္ဒ ပြည့်ပါစေ။

၇။ ကျေးဇူး ကြီးလှ မိဘနှစ်ဖြာ၊
နှမ ညီရင်း သားချင်းဆွေညာ၊

ဆရာသမား စိတ်ထားညီညာ၊
အောင်စေမှု အောင်ဆုပတ္တနာ။
အောင်ဆုတောင်း အောင်ကြောင်းမင်္ဂလာ။
အောင်စည်တီး အောင်ကြီးအောင်ပေါ့ဘုရား။

(၁၂၈၈-ခု၊ ဝါဆိုဥုး ဝါဆိုလအခါ ရှင်ပြုမင်္ဂလာ စသည့်၌ ရွတ်ဆိုရန် ကျောင်းသူကလေးများအား ရေးပေးတော်မူသည်)။

**သက်ရှယ်ကြီးသူ တတိမူ**

၁။ သားမြေး ရှိလျက်၊ **စာသင်ဖျက်**၊ သက်ကြီးရှက်စရာ။
၂။ သူငယ်, ကလက်၊ မပြောရက်၊ သက်ကြီးရှက်စရာ။
၃။ ရပ်ရွာ ဆူပွက်၊ လေ့အကျက်၊ သက်ကြီးရှက်စရာ။
၄။ **ဆံပင် ဖြူလျက်**၊ ပွဲ စုံမက်၊ သက်ကြီးရှက်စရာ။
၅။ သွားကြိုး ပါးခွက်၊ အစားမက်၊ သက်ကြီးရှက်စရာ။
၆။ **ဝံသာနုဖျက်**၊ ထည်ကောင်းမက်၊ သက်ကြီးရှက်စရာ။
၇။ ပြုဘွယ် ရှိလျက်၊ ခိုကပ်တွက်၊ သက်ကြီးရှက်စရာ။
၈။ ရောင်ရမ်းနှုတ်ထွက်၊ အကြမ်းဖက်၊ သက်ကြီးရှက်စရာ။
၉။ နေဝင့်နေထွက်၊ ပျော် အိပ်စက်၊ သက်ကြီးရှက်စရာ။
၁၀။ **ဝတ်ရှိ ရှိလျက်၊ ဝတ် မတက်**၊ သက်ကြီးရှက်စရာ။
၁၁။ မှန်အောင် မကျက်၊ စာကိုဖျက်၊ သက်ကြီးရှက်စရာ။
၁၂။ ဘုရားနီးလျက်၊ စားသောက်ဖက်၊ သက်ကြီးရှက်စရာ။
၁၃။ သံဃာနီးလျက်၊ စားသောက်ဖက်၊ သက်ကြီးရှက်စရာ။
၁၄။ ကျွမ်းဝင်ရောယှက်၊နှုတ်ပေါ့ပျက်၊ သက်ကြီးရှက်စရာ။
၁၅။ ဒူး ပေါင် ခြေလက်၊ နံ့ဟန်ပျက်၊ သက်ကြီးရှက်စရာ။
၁၆။ ဂါရဝ ဖျက်၊ ခြုံ တဘက်၊ သက်ကြီးရှက်စရာ။
၁၇။ ဒါ,သီကို ဖျက်၊ ဘာ, ရောင်စွက်၊ သက်ကြီးရှက်စရာ။
၁၈။ စကားဆုတ်တက်၊ စည်းကမ်းပျက်၊ သက်ကြီးရှက်စရာ။
၁၉။ ဥပုသ် နေ့ရက်၊ ညစာ ချက်၊ သက်ကြီးရှက်စရာ။
၂၀။ ဆင်ခြေ ဆင်လက်၊ ထင်ရာ မြွက်၊ သက်ကြီးရှက်စရာ။

(သင်ပုန်းကြီး မကုန်မီ သူငယ်တန်းဘတ်စာအနေဖြင့် ဆိုကြရ၏)
(၁၂၈၅-ခု)

## သတိ ပြုစရာ

၁။ မန္ဒသာ၊ ဆယ်နှစ်မှာ၊ လိပ္ပာဟသိဂျား။
၂။ သက်နှစ်ဆယ်သော်။ ခိဋ္ဌာဝေါ၊ အဖျော်အရှုပ်များ။
၃။ အဆင်းလှကြွယ်၊ နှစ် သုံးဆယ်၊ အရွယ် ဝဏ္ဏထား။
၄။ ဗလဒသ၊ လေးဆယ် ကျ၊ ကောင်းလှ ကြီးခွန်အား။
၅။ အသက် ငါးဆယ်၊ ပညာရွယ်၊ ဉာဏ်စွယ်ထက်သန်ပွား။
၆။ လုံးစုံ ယုတ်ဘိ၊ ခြောက်ဆယ် ရှိ၊ ဟာနိရွယ်သမား။
၇။ ပဗ္ဘာရဝယ်၊ ခုနစ်ဆယ်၊ မဘွယ် ကိုင်းရှိုင်း စား။
၈။ ရှစ်ဆယ် အသက်၊ ဝင်္ကဖက်၊ ကုန်းချက်သာ၍များ။
၉။ တွေဝေ မှိုင်းထူ၊ ကိုးဆယ် ဟူ၊ မောမူဟ တရား။
၁၀။ သယနဝယ်၊ ကျော်ကိုးဆယ်၊ အိပ်ရွယ် လျောင်းစက်များ။
၁၂။ အရွယ် ဒသ၊ ဝေဘန် ပြ၊ ကြံဆ မှတ် မမှား။

(သက်ရွယ်ကြီးသူ ဒကာ ဒကာမများကို ဝတ်တက်ရန် ဝတ်ရုံကျောင်းတခုကိုလည်း ဆောက်လုပ် လှူဒါန်း၍ မယ်တော်ကြီးအဖွားထပ် "ဒေါ်မင်းထပ်"က ဝတ်ရုံကျောင်းအပ အဖြစ် ခံယူကာ ညဥ့်စဥ် ဝတ်တက်စေသည်။ နောက်ထပ် ဝတ်တက်ရုံကို ဆရာညွှန်းက ဒကာ ခံသည်၊ ယခုခေတ် ယနေ့တိုင်အောင် ဝတ်ရုံတွင် လင်းယဥ်သား လင်းယဥ်သူ ဝတ်တက်လျက်ရှိ၏၊ ဤ သတိပေးစာများကို ဝတ်တက်ရုံ၌ ကလေးများ ဆိုစေ၏)။

## လင်းယဥ်ဝတ်တက်ရုံ

၁။ ရောရစ်ဝိုင်း စစ်ကိုင်း ဇေယျာ၊
နယ်မြေအတွင်း သတင်း ဝေဖြာ၊
ရွှေယဥ် ရွာဦး ပြန့်ပြူး သာယာ၊
ဝတ်ရုံကျောင်း စုပေါင်း ညီအညာ။

၂။ ဆွမ်းပိဏ္ဍပါတ် မြိန်မြတ်ရသာ၊
ပရမတ် မျိုး မြတ်နိုး သဒ္ဓါ၊
မြတ်ဘုရားနှင့် တရား သံဃာ၊
နိဗ္ဗူ မှန်း လှူဒါန်း ပူဇော်ပါ။

၃။ ပူဇော်ပါရ ပုည ထွေထွေ၊
ကုသိုလ် ဉက္ကဋ္ဌ မြင့်မြတ်လှပေ၊
ဤအကြောင်းကြောင့် ခါနှောင်းဝဋ်ရေ၊
လက်စငြိမ်း ဇာတ်သိမ်းပါရစေ။

၄။ ကုသိုလ်အားသေး ဝဋ်ဘေးမကွာ၊
ရပ်ပြစ်ရှစ်ပါး ရှောင်ရှားဝေးကွာ၊
လူ့ဘုံ ထက်နတ် မျိုးဇာတ် မြင့်ရာ၊
ချမ်းသာအေး မြတ်လေးသာသနာ။

၅။ ကုသိုလ်ဘာဂ ရကြပါစေ၊
မိဘ နှစ်ပါး သိကြား, နတ်တွေ၊
သုံးဘုံပျော်ပါး အများဝေနေ၊
ချမ်းသာကြောင်း ဆုတောင်းအမျှဝေ။

၆။ သရဏသုံး သက်လုံးထုံစွာ၊
သီလခေတ်ပန်း ဆင်မြန်းပန်ထွာ၊
ဒေသနာစက် ချိုမြက်သံသာ၊
မေတ္တာမိုး သွန်းဖြိုး ခြိမ့်ခြိမ့်ရွာ။

၇။ ရေကြည်ထည့်လောင်း တကောင်းဘွယ်ရာ၊
ခိုင်ညွှာတင့်ထူး ပွင့်ဖူးမာလာ၊
ဖယောင်းဆီမီး ထိန်ညီးရောင်ဝါ၊
ခေမာမြို့ ရောက်ဘို့ပူဇော်ပါ။

၈။ ဇေယျာပူရ ဌာနကျိုက်သရေ၊
ညို့ညို့မှိုင်းမှိုင်း စစ်ကိုင်းနယ်မြေ၊
**စောယွန်းမင်းလှ မိဘရပ်မြေ၊**
ရွှေယဉ်စံ့ ပထမ သည်ကနေ။

## ကလေးများဆို ရှစ်လုံးဖွဲ့ ကဗျာများ

၁။ လောကီ လောကုတ် ကိုယ်နှုတ် စိတ်ပါ၊
သံသာ ပစ္စုပ် အချုပ် လိမ္မာ၊
စာပေ သင်ရေး အားပေး ညီညာ၊
**စာမှာရှိ အသိအလိမ္မာ။**

၂။ မိ ဘ နှစ်ဦး ညွှတ်နူး ကြည်သာ၊
သား သမီး အား သနား ကြင်နာ၊
လိမ္မာဘို့ရေး ထောက်တွေး ညှာတာ၊
ငယ်စဉ်က သင်ရ တတ် ပညာ။

၃။ စာ မသင်ရ မိဘ ငြူစူ၊
သားနှင့် သမီး အနီး ရန်သူ၊
ဒိဋ္ဌ လက်ငင်း လူချင်း မတူ၊
ဝဋ်ရှ စခမ်း ပင်ပန်း တလူလူ၊

၄။ ကိုယ်ကျင့် သီလ နိစ္စ စင်ဖြူ၊
စာ မတတ်လဲ ရောက်မြဲ နိဗ္ဗူ၊
နှုတ် လျှာနုပ်ပါး စကား ကပ်သူ၊
စာမပြ သီလ ဘယ်သို့ယူ။

၅။ ဗုဒ္ဓဘုရား ဟောကြား ထုတ်ဆောင်၊
ဓမ္မက္ခန်ပေါင်း ရှစ်သောင်း လေးထောင်၊
မသင် မပြ ကာလ နောက်နောင်၊
အရှိန်သေး မှိန်မှေး မိုက်လိမ့် မှောင်။

၆။ လကွယ် နေ့ရက် ညဥ့်နက် သန်းခေါင်၊
ရှက်ကာပိတ်ဆီး တောကြီးမိုက်မှောင်၊
မိုးလုံး တိမ်တိုက် မကြိုက် လျှပ်ရောင်၊
အင်လေးပါး မိုက်အားကြီးသည့် မှောင်။

၆။ မသင်, မသိ မရှိလိမ္မာ၊
ကိုယ်နှုတ် ဟောရှမ်း ကြောကြမ်း ခက်မာ၊
ဒုစရိုက်စွဲ မိုက်မဲကြမှာ၊
မှောင်လေးမျိုး တပိုး တက်၍သာ။

၇။ မျက်စိလည်းမွဲ လမ်းလွဲ မဲ မှောင်၊
ပျင်းရိ အားနွဲ ကင်းမဲ့ ရွှေဆောင်၊
ခြသေ့ သစ်ကျား ပြောင်များ ဆင်ပြောင်၊
ပဋ္ဌ ခရီး ပူမီး ုအမြဲလောင်။

၉။ မလိမ္မာဘဲ ဘယ်နဲ လွတ်အောင်၊
ချစ်သူတို့လဲ ကယ်ဘဲ သွေရှောင်၊
ကြံစည် မရ ဒုက္ခ များမြောင်၊
လိမ္မာမှ ရောက်ရ ဘေးမဲ့သောင်။

၁၀။ ဘေးမဲ့သောင်ရောက် ကူးမြောက်စေလို၊
ကရုဏာမိုး သွန်းဖြိုးမောက်မို၊
မေတ္တာရေချမ်း စိမ့်စမ်းရွှမ်းစို၊
သံပြိုင်ကြွေး ရင်လေးကဗျာဆို။

(ဆရာတော်ဘုရားကြီး သက်ရှယ် ၅၀-ကျော်တွင် စာသင်ကျောင်း မိန်းမလေးများ ရှစ်လုံးဖွဲ့ ရလွယ် နှုတ်တက်လွယ်သဖြင့် ရေးပေးတော်မူရာ ဤသို့လည်း မိဘနှင့်သားသမီး ဆက်သွယ် လမ်းကြောင်းပြု ကဗျာစာတန်းများလည်း ရှိခဲ့သည်ဟူသတတ်)။

## အတွင်းယဉ်ကျေးမှု

၁။ ကျောင်းသားချင်းချင်း မာန်သွင်းချုပ်ချယ်၊
ဆောင့်အောင့် ကြမ်းထမ်း ညစ်ညမ်းရှိဘွယ်၊
မျက်စောင်းမေးငေါ့ နှုတ်ဆော့ ဖီဖယ်၊
မာယာ ယုတ် စက်ဆုတ် အကုန် ပယ်။

၂။ ချိုသာအေးမြ ရှင်ပြ ပြုံးရယ်၊
သိမ်မွေ့နူးညံ့ တည်ခန့် တင့်တယ်၊
သာယာငြိမ်သက်ႈခင်မက် စင်ကြယ်၊
မေတ္တာပန်း ပွင့်လန်းစေရမယ်။

(လက်သန်း) ခနငွေကြေး၊ ရှာဖွေရေး၌၊ မြော်တွေးချိန်ဆ၊ ခက်ခဲလှ၏၊ ရရှိသော ခါ၊ သုံးစွဲရာလည်း၊ နေရာ အလျောက်၊ အကျိုး ရောက်အောင်၊ နိုင်းထောက် သုံးစွဲ၊ လွယ်ခက် ခဲ၏။

## အိမ်တွင်း မိန်းမ အလုပ်ကိုလည်း တတ်မြောက်စေ

၁။ မိုင်းဝါ လုပ်ရေး ရှုပ်ထွေး များဖြင်၊
ဖန်, ကြိတ်, ဖတ်ထား တောင့်ပြြား မိုင်းငင်၊
သေ့, နယ်, ဖိ, ရောက်ရှည်ကောက် ပြင်ဆင်၊
စာမကောင်း ထည့်သွင်း ရက်ကန်းတင်။

၂။ လက်ခတ် တလှုပ် စာပုဒ် လီလီ၊
လွန်းပြန် တစိုက် စာပိုဒ် ချက်ညီ၊
နှပ်, ရသွားရွှေ မမေ့ စာဆီ၊
"နယ်" တလှမ်း စာကျမ်း ကုန်ခဲ့ပြီ။

၃။ လက်,ခြေ မအား ရက်သားညီညာ၊
ရေစာ ဆွတ်ကျေး မနှေး မြန်စွာ၊
ခက်လက် ခြုံများ ကျေးပြား ရိက်ခါ၊
စာနှင့် ရော သဘော တူရိယာ။

၄။ ရစာတမျိုး ရောင်ကြိုးတကိုင်၊
'လိပ်' တခါသွင်း စာချင်း မဆိုင်၊
စာသင်ကျောင်းနှင့် တူတောင်း ယှဉ်ပြိုင်၊
ရှုမခန်း ရက်ကန်းစင်ထက်တိုင်၊

၅။ ရက်ကန်း အတတ် 'ဆက် ဖြတ်'တတန်၊
နေ့ရက် နည်းများ မှတ်သား မမှန်၊
စာပြန်ရေးနှင့် ရောထွေး ဖန်ဖန်၊
လပ် မအား ရပ်နား မရှိရန်။

## (အဘိဓမ္မာ ကလေးချော့)
## "ဓမ္မစကြာ ကလေးချော့နည်း တမျိုး"

၁။ ယေဥ်ပေါ်ထက် မာန်မျက်ဆူအော်၊
သားငယ်ရွှေသွေး စက်မွေးမပျော်၊....
....မောင်ငယ်ရွှေသွေးစက်မွေးမပျော်....
....သမီးရွှေသွေး စက်မွေး မပျော်....
....ညီမ ရွှေသွေး စက်မွေး မပျော်....
ဘိဓမ္မတ္ထ နှုတ်ရကျူးကျော်၊
ဓမ္မစက် ဆိုမြွက် မြူချော့နှော်။

၂။ ဆန်စပါးထွက် မောင်းချက် သံသာ၊
ဘန်း ဆန်ကာ နှော ဆန်ကော စိုင်း ပြာ၊
စာနှုတ်ထွက်နှင့် မပျက်ညီညာ၊
မောင်းထောင်းယင်း အပျင်းဖြေဘို့ရာ။

၃။ ထင်းခွေ, ရေခပ် ရှာရပ် ဘာသာ၊
ဟင်းရွက် ဟင်းသီး ရှာမှီးသူငါ၊
မျိုးနွယ် သဘော တောင် တော လယ် ယာ၊
မြေပြင်စပ် မလပ် စာရွတ်ခါ။

၄။ ဈေးဝယ် ဈေးရောင်း စိတ်ကောင်းစင်ခို၊
ရွာလယ် လမ်းမ လာကြ သင်္ဂြိုဟ်၊
ထင်ရောင်နှုတ်သွား ဆိုမှားမည်လို၊
စာမှာစွဲ အမြဲစိတ်ကြည်ညို၊

၅။ ထန်းပင်, ပင်မြင့် စာနှင့် ကြွေးကြော်၊
ခေတ်ခါအထူး ကြုံဘူးရနော်၊
ထန်းရေ, ထန်းလျက် ကျိုချက်ကြသော်၊
စာသံထောက် မွှေနှောက် 'ဗလို' ဆော်။

(၁၂၉၂-ခုနှစ်ဆီဌ် မန္တလေး ရွှေအင်ပင် ဆရာတော်သည် လင်းယဉ် မိုးသောက် တိုက်နယ် လူများ အတွက် သင်္ဂြိုဟ်စာပြန်ပွဲ

နှစ်, ခပ်များများ ချီးမြှောက် ပြုလုပ်တော်မူ၏။ စံကင်းဆရာတော် ဘုရားက မိန်းခလေး ကျောင်းသူများကို စာပြန်ပွဲ များစွာပြန်ဆို စေ, ဝင်စေတော်မူခဲ့၍ ယင်း ဆုံးမစာများကို ပူးတွဲ ဆိုစေ၏)။

"ဓမ္မစကြာနေ့"

၁။ ဓမ္မစကြာ၊ ပွဲတော်ခါ၊ သံသာရွတ်ပြန်ဆို။

၂။ ကြီးငယ်ယှဉ်တွဲ၊ စာပြန်ပွဲ၊ ဝင်နွှဲပြန်ဆိုလို့။

၃။ ပါဠိအနက်၊ ဆောင်လေ့ကျက်၊ နှုတ်တက် ယွင်းမယို။

၄။ ကျွန်မတို့ရွာ၊ သာထက်သာ၊ ကျော်ညာ သတင်းပို။

၅။ သဒ္ဒါခေတ်ခိုင်၊ ရွာချင်းဆိုင်၊ ယှဉ်ပြိုင် လ,ဝါဆို။

၆။ တောင်သူကိစ္စ၊ ဆောင်ရွက်ကြ၊ ဘဝ ဤတကိုယ်။

၇။ သမ္မာဇီဝ၊ ကောင်းမွန်လှ၊ ကယ်မ ရှေးကုသိုလ်။

၈။ ရှေးက ကံဟောင်း၊ ကံသစ်လောင်း၊ စုပေါင်း အကျိုးပို။

၉။ လုပ်ဆောင်မပျက်၊ စာလေ့ကျက်၊ အချက်နောင်,ဘိုကို။

၁၀။ တရားလက်ကိုင်၊ ရွာချင်းပြိုင်၊ ရှုံးနိုင် လ,ဝါဆို။

စာပွဲ မင်္ဂလာ၊ ခြိမ့်ခြိမ့် ညာသား၊ ဤခါနေ့မှ၊ ပြန်တွေးဆမူ၊ လွမ်းစကြွယ်ကြွယ်၊ အားကျဘွယ်ရှင့်၊ ရှစ်ဆယ်နှင့် ခြောက်၊ ကောဇာမြောက်က၊ ချီးမြှောက်စ,ထွင်၊ စာသသင်ကို၊ နွှဲဆင်ခဲ့ရာ၊ သာထက်သာ၍၊ ဆင့်ခါတိုးပွား၊ များလက် များလျက်၊ စွမ်းအားရင့်ပြီး၊ မျိုးသမီးတို့၊ တတ်သီး လိမ္မာ၊ စာပညာကြောင့်၊ ရပ်ရွာဂုဏ်ရည်၊ နယ်တိုင်းလည်၍၊ သင်းကြည်ရနံ့၊ ရပ်တိုင်းနှံ့အောင်၊ ချီးအံ့မကုန်၊ ပျံ့မွေးထုံသည်.. လှုပ်တုန်ရှစ်နယ် ကျော်ကြားတည်း။

(ဝါဆိုလ ဓမ္မစကြာနေ့ (လပြည့်နေ့) ဤဓမ္မစကြာ စာပြန်ပွဲတို့ကား ကျေးဇူးရှင် စံကင်း ဆရာတော်က . ဆော်သြပြုလုပ်၏၊ ယခုထက်တိုင် (လင်းယဉ် ဆရာတော် ဦးပဏ္ဍိတ)ကို ဆက်လက် ပြုလုပ်စေလျက် ရှိ၏။) ၁၃၃၂-ခု။

## အစဉ်း စာပြန်ပွဲနှစ်

၁။ စာပွဲခြိမ့်ညောင်း၊ လတပေါင်း၊ ခါကောင်းမင်္ဂလာ။
၂။ ဤခါနေ့က၊ ပြန်တွေးဆ၊ လွမ်းစကြွယ်ဘို့ရာ။
၃။ ရှစ်ဆယ်နှင့်ခြောက်၊ ကောဇာမြောက်၊ချီးမြှောက်လက်ဦးစွာ။
၄။ သဘင်စာပွဲ၊ နှစ်စဉ်နွဲ၊ လွန်ကဲ သာတက်သာ။
၅။ ပညာရင့်ပြီး၊ မျိုးသမီး၊ တတ်သီး အလိမ္မာ။
၆။ သင်းကြည်ရနံ့၊ ရပ်တိုင်းနှံ့၊ ချီးအံ့မကုန်ပါ။
၇။ ဉာဏ်ရှိသူများ၊ ကြံစဉ်းစား၊ ရှင်အားတက်ဘို့ရာ။
၈။ မိဘသခင်၊ ကျေးဇူးရှင်၊ စာသင် ခွင့်ပြုရှာ။
၉။ ဆယ်ပြန်အသက်၊ ကျေးဇူးမြွက်၊ ပေးဆက် မကျေပါ။
၁၀။ သည်မိဘမျိုး၊ လွန်မြတ်နိုး၊ ရှိခိုး ဖန်ခါခါ။

၁၂၉၇-ခု။

## ကလေး, လူကြီး အားလုံးဆို သံပေါက်များ

၁။ အေးစေ,မြစေ၊ တွေ့တာရေ၊ သုံးလေရပ်ရွာလုံး။
၂။ မွေးကြိုင်ပြိုင်နွံ့၊ မေတ္တာနံ့၊ သင်းပျံ့နယ်မဆုံး။
၃။ မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတိုင်းရှုံး။
၄။ ကိုယ်စီဆင်မြန်း၊ မေတ္တာပန်း၊ ရှင်လန်းချိုပြုံးပြုံး။
၅။ စိတ်ထားမြင့်မြတ်၊ မေတ္တာဓာတ်၊ လူနတ်အချစ်ဆုံး။
၆။ တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
၇။ တဦးမေတ္တာ၊ တဦးမှာ၊ ရှည်ကြာ ရှုံ့မမုန်း။
၈။ နှစ်ရွာ တရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး။
၉။ မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
၁၀။ ဆရာ့ဝန်တာ၊ ဆုံးမပါ၊ မေတ္တာစိတ်နှလုံး။
၁၁။ ဒို့ရွာသူပေါင်း၊ အေးမြကြောင်း၊ ဆုတောင်းစာစီကုံး။
၁၂။ နဖူးလက်တင်၊ ကြံဆင်ခြင်၊ ပျော်ရှင်မှတ်ယူသုံး။

## အဘိဓမ္မတ္ထ သင်ကြားကြ

၁။ ဟောမန်ခါတွင်း မှုံနှင်းဝေဝေ၊
အေးမြစိမ့်ချမ်း ဆွတ်ဖြန်းလေပြေ၊
သန်းခေါင်ညဥ့်နက် စာကျက်ကြပေ၊
ပျော်ဘိုကောင်း ခါဆောင်းဤရွာမြေ။

၂။ ခေတ်ခါအလိုက် သိုက်မြိုက် ပျော်ရှင်၊
နေ့ရောညဥ့်ရော သောသောညံပင်၊
ပါဠိအနက် လေ့ကျက်စာသင်၊
ကုရုတိုင်း တုနိုင်းပြိုင်မည့်သွင်။

၃။ ပတိရူပ ဒေသရပ်ရွာ၊
ရှေးကံချီးမြှင့် ထောက်ပင့်ခွင့်သာ၊
ပဏ္ဍိစက် မပျက်မကွာ၊
သူတော်ကောင်း ပေါင်းတွေ့စက်လေးဖြာ။

၄။ နှစ်စဥ်အမြဲ စာပွဲဆင်ယင်၊
ကောင်းဆိုးတရား ပိုင်းခြား ပြသင်၊
ရွာသူရွာသား ကြီးမားစေချင်၊
မေတ္တာစေတ် မြင့်မြတ် ထေရ်အရှင်။

၅။ မေတ္တာစေတ်ရင်း လက်ငင်းကျိုးထင်၊
ကြီးငယ်အများ တရား ဖြူစင်၊
ပရမတ်နှင့် ပညတ်သိမြင်၊
ဂုဏ်ရနံ့ သင်းပျံ့နယ်တခွင်။

၆။ ဘိဓမ္မာကျမ်း နည်းလမ်းဖုံဖုံ၊
ဆန်းကြယ်နက်နဲ ခက်ခဲများစုံ၊
သဗ္ဗညုထူး ပျော်မြူးအာရုံ၊
မြတ်ဘုရား ဟောကြား ဝတီ ဘုံ။

၇။ ဘိဓမ္မတ္ထ ကျမ်းက ဆန်းကြယ်၊
သဘောသရုပ် ကွယ်မြုပ်မိပွါယ်၊
သာမန်လူစား မှတ်သားမလွယ်၊
ပင်လယ်တွင်း သက်ဆင်း ယုန်သူငယ်။

၈။ နုနယ်ငယ်သေး ကျောက်သွေးခိုဝင်၊
ကျောင်းသူအများ ညာန်အားမရှင်၊
ပရိသတ်ထဲ မရဲစိတ်တွင်၊
ဖိုအသဲ ဝင်နွဲ့ စာသဘင်။

၉။ အက္ခရာပုဒ်, ပိုယုတ်မမှန်၊
ဖြတ်, ရပ်ပိုင်းခြား လွဲမှားရပြန်၊
သမုဒ်သွင်ပဲ နက်နဲကျမ်းဂန်၊
လက်ပစ်နွဲ့ ခက်ခဲ ကျောင်းသူညာန်။

၁၀။ ညာန်စွမ်းအဆင့် စာဖြင့်စုသော်၊
ရတနာသုံး လွှတ်ရုံးပူဇော်၊
ဆရာတော်များ သက်အားရာကျော်၊
ရှည်စေကြောင်း ဆုတောင်းသာဓုခေါ်။

(၁၂၉၇-ခု)

---

## မိုးသောက် ရွာဖွဲ့

၁။ သာသနာခေတ်ကောင်း ကြုံတောင်း ကြုံလာ၊
ဂုဏ်ရည်ဖြိုးမောက် မိုးသောက် ဤရွာ၊
ပညာရှိတို့ ထုတိမင်္ဂလာ၊
အံ့မပြီး ကျော်ကြီး ကျော်ခဲ့တာ။

၂။ ချိန်ခါအခွင့် မမြင့်မကြာ၊
ရပ်ရွာအလုံး ခြိမ့်အုံးညီညာ၊
သင်္ဂြိုဟ်မည်ဆန်း လက်သန်း၄ကထာ၊
မဆုတ်ဆိုင်း နှုတ်တိုင်းဆောင်လိမ့်မှာ။

၃။ စိတ်,စေတသိက် ရုပ်,နိဗ် လေးမည်၊
ပရမတ်စစ် ခေတ်နှစ် မတည်၊
ပညတ် စကား တင်စား လျှည့်လှည်၊
ဒိဋ္ဌိစွဲ မမြဲရအောင်ဖြည်။

၄။ အိုနာသေခြင်း မကင်းသန္ဓေ၊
အပါယ်ဆင်းရဲ ရမြဲအမွေ၊
ဘေးရန်ကုန်ခန်း ပြည်နန်းရပ်မြေ၊
စာကိုကျက် နှစ်ဘက် လမ်းသီစေ။

၅။ ကံမဲ့ ဉာဏ်မဲ့ နုံနဲ့စိတ်ကိုယ်၊
ဘဝဆုထူး လွန်ကျူးငြင်ငြို၊
ကိုယ်တိုင်စာပွဲ မနွဲ့ဝင်လို၊
သဒ္ဓါမြှိုနှံ့ ထောက်ပင့်တူကြည်ညို။

၆။ သံသရာထဲ တဝဲလည်လည်၊
ရွှေဆောင်လမ်းပြ မရ တာရှည်၊
ဉာဏ်ဖြင့်မျှောက်မှား တရားမတည်၊
ဆင်ခြင်တွေး၍ပူဆွေး သင့်တော့သည်။

၇။ သာသနာကြီး ခိုမှီးရလေ၊
ဆရာတော်မြတ် မားမတ်ရွှေနေ၊
ယခုဘဝ အရတော်ချေ၊
ပညတ်ခဲ ထုခွဲကြပါလေ။

၈။ ပညတ်အခဲ ထုခွဲကြရန်၊
သင်္ဂြိုဟ်သရုပ် တင်းပုတ်အမှန်၊
ပေါက်တူး၊ တူးရွှင်း ခရင်း ဓား လှံ၊
အမြောက်ဗုံး အသုံး မကျပြန်။

၉။ ဇာနည်ထေရ်မြတ် မိန့်မှတ်သချာ၊
မေတ္တာနှံ့ရ သင်းဂျုံ့သြဝါ၊
တေဇာနက်လေး မြိုက်ဆေးရသာ၊
ရပ်ရွာလုံး စားသုံး ပျော်ရွှင်စွာ။

၁၀။ ကြက်သရေထွား ဆင့်ပွားစေချင်၊
ရွှေဇာနတ်ပန်း တင့်ဆန်းပေါ်လွင်၊
ကက္ကရသို့ မှတ်ရှုထင်မြင်၊
ဘုန်းကံမြင့် အသင့်ပန်ယူဆင်။

(သင်္ဂြိုဟ်စာပြန်ပွဲရွတ်ဆိုရန် ဘော်ပြပြီး ရှစ်လုံးဖွဲ့တို့ကို ၁၂၉၇-ခု၊ ရေးသည်)

B-39

## ဝိဇ္ဇာအမျိုးမျိုး

၁။ (ဝိဇ္ဇာလမ်း) သင်္ဂြိုဟ်ကိုးပိုင်း ဒိုင်းဒိုင်းပြေးသင်၊
ပါဠိအနက် နှုတ်သွက်ပြီပြင်၊
သရုပ်သဘော ပြောဟောတွင်တွင်၊
'ဝိဇ္ဇာ'လမ်း ညွှန်စွမ်း ဆုံးအောင်ထွင်။

၂။ (ဝိဇ္ဇာခိုရ်ငယ်) ဝိဇ္ဇာခိုရ်မျိုး တန်ခိုးကြီးကျယ်၊
နှုရစ့်ပိုင်းခြား မျှားပြား သွယ်သွယ်၊
စားသောက် ဟေးဟား ပျော်ပါးလှုလယ်၊
မကွှာပ်တွင်း စာညင်း ဝိဇ္ဇာငယ်၊

၃။ (ဝိဇ္ဇာခိုရ်ကြီး) အင်္ဂုဂိက သီလဖြူစင်၊
လူသူ တိတ်ဆိတ် တောင်ရိပ် မြိုင်ခွင်၊
ရုပ်နာမ်သဘော တွေးတော ဆင်ခြင်၊
ဖော်မမှီး အကြီးဝိဇ္ဇာရှင်။

၄။ (ဝိဇ္ဇာကြမ်း) နှင်ဒါမာန်ညှိုး နှုတ်ဆိုးချုပ်ချယ်၊
ဗိုလ်မထားတမ်း လာစမ်းချိုးမယ်၊
မိုးသံဟိန်းသို့ ခြောက်ခြိမ်းစာကြွယ်၊
ဝိဇ္ဇာကြမ်း စာလမ်းမျက်စိလယ်။

၅။ (ဝိဇ္ဇာကြွား) ပါဠိ ပြောက်ကျား ဝိုးဝါးနက်မြင်၊
ဆယ်ချိုးတချိုး ဟုတ်နိုးရောင်ထင်၊
သဘောသရုပ် ထွေးရှုပ်ချည်ခင်၊
ဝိဇ္ဇာကြွား စကားကြီးကျယ်ဆင်။

၆။ (ခေါင်းညိတ်ဝိဇ္ဇာ) ပညာမဖက် သက်သက်သဒ္ဓါ၊
သူတပါးပြော အံ့ဩဝမ်းသာ၊
လေးသစ်တဝါး ညာကြွားစရာ၊
စာသံတိတ် ခေါင်းညိတ်မောင်ဝိဇ္ဇာ။

၇။ (ဝိဇ္ဇာငေး) ကြည်ညိုဝမ်းမြောက် နိုင်းထောက်မလွယ်၊
တရားစာပွဲ ယှဉ်တွဲနောက်ဆွယ်၊
ပါးစပ်ကို ဟ နှုတ်အာ သဖွယ်၊
ဝိဇ္ဇာငေး မှိုင်တွေး လူမလယ်။

၈။ (ဝိဇ္ဇာပြာရှပ်) ငါးရက်တစျေး မီးဝေးချိပ်မာ၊
နေ့ဝင်စပါး လှမ်းငြားပမာ၊
ပွဲခါနီးမှ ရေးကြီးသုတ်ပြာ၊
စာသိုကပ် ပြာရှပ်မောင်ဝိဇ္ဇာ။

၉။ (ဝိဇ္ဇာ့သာမည) သာသနာကြီး ခိုမှီးရိပ်နေ၊
ဆရာမိဘ နည်းပြသင်စေ၊
ဝိဇ္ဇာဓိုရ်ကား ပေါများပါပေ၊
ရေ မဆုံး ရှာလုံးဝိဇ္ဇာတွေ။

၁၀။ (မင်္ဂဝိဇ္ဇာဖိုလ်ဝိဇ္ဇာ) ဝိဇ္ဇာဆိုက တော်ကြသည်သာ၊
နုရာမှဆင့် ရင့်သို့ပြင်ပါ၊
မင်္ဂဖိုလ်ကျမှ စိတ်ချရမှာ၊
လောကီဝိဇ် အဆိပ်ပျားရောရာ။

(မိုးညှင်းသောက် (ဘောက်သောက်)ရွာ သင်္ဂြိုဟ် စာပြန်ပွဲကို နှစ်စဉ် တပို့တွဲလ ကျင်းပမြဲ ကျင်းပရာ "ရွှေအင်ပင်ဆရာတော်"က ကလေး သူငယ်ကစ နားလည်မှု ရရှိအောင် သင်္ဂြိုဟ် အဘိဓမ္မာနှင့် စပ်သော ဆုံးမစာများ ရေးသားချီးမြှင့်ဘို့ တောင်းပန်ရာ စံကင်းဆရာတော် သည် "ဝိဇ္ဇာရှစ်လုံးဖွဲ့ ဆုံးမစာများ" ရိုက်နှိပ်ဝေငှသည်အထိ လူငယ်, လူကြီး သဘော ပေါက်အောင် ရေးပေးတော်မူခဲ့သည်။) ၁၂၉၇-ခု၊

တပေါင်းလ မင်္ဂလာ စာပြန်ပွဲ

၁။ မင်္ဂလာစာပွဲ ဆင်နွှဲပြန်ပြီ၊
ခြိမ့်ခြိမ့်ဆူညောင်း သောင်းပြောင်းညံစီ၊
ပညာသင်ဘက် ရွယ်သက်ညီညီ၊
ညာသံပေး နုထွေး ကုမ္မာရီ။

၂။ ပါရမီထူး ဆည်းပူးကြရာ၊
လွမ်းစကြွယ်ရေး ကြံတွေးခါခါ၊
ရှစ်ဆယ်နှင့်ခြောက် နှစ်မြောက်ကောဇာ၊
သဘင်ပွဲ ဆင်နွဲ စည်းစွာ။

၃။ တဆယ်ကျော်နှစ် အားသစ်ဆက်ခါ၊
ဆင့်ကာတိုးပွား များပြားပညာ၊
မျိုးသမီးတို့ တတ်သိးလိမ္မာ၊
ရင်းမူလ သည်က အခြေပါ။

၄။ အခြေအစ မူလရင်းတည်၊
ဂုဏ်သတင်းကောင်း ဤကျောင်းမှန်သည်၊
ကံညာန်မွေးလို့ အားသေး မစည်၊
ဆိုင်သူဝတ် ယွင်းချွတ် ကျေ မလည်။

၅။ လွန်ပြီးသမျှ လွန်ကြပါစေ၊
နောက်နောင်အရေး ကြံတွေးစေ့ရေ၊
ရပ်ရွာအတွက် တိုးတက်အခြေ၊
ငယ်သူများ အပ်ထား ပညာမွေ။

၆။ ညာန်မြင်ကြီးလှ မိဘမျိုးဆွေ၊
ပညာသင်ရေး ခွင့်ပေးကြပေ၊
ဆယ်ပြန်အသက် ပေးဆက်တို့ချေ၊
မြတ်ကျေးဇူး အထူးကုန်မကျေ။

၇။ သည်မိဘမျိုး ရှိခိုး ရိုသေ၊
သံသရာထဲ မကွဲတူနေ၊
နိဗ္ဗာန်သောင်ဦး တူကူးရစေ၊
မိဋ္ဌာန်ပြု တောင်းဆု ပဏ္ဏာချွေ၊

၈။ သားသမီးထွေး ကလေးငယ်စဉ်၊
ဆင်ခြေများပြား မထားကျောင်းတွင်
အိမ်မှုသီးသီး ပြီးစီးလိမ့်ထင်၊
ကြံစဉ်းစား လွဲမှား အမှန်ပင်။

၉။ ခွင့်သာကြုံကြိုက် တိုက်ရိုက်ထုတ်ဖော်၊
သွန်သင်လမ်းပြ ဆုံးမနှိုးဆော်၊
မသိရောင်ဝေး မှိုင်မေ့အိပ်ပျော်၊
နှောင်ဘုရားစောင့်စား, လေထင့်နော်။

၁၀။ ဥစ္စာအတတ် မြင့်မြတ်ကုသိုလ်၊
သုံးဖြာအကျိုး ပွားတိုးစေလို၊
ငယ်ရွယ်စဉ်က သင်ပြစာကို၊
သိစေခြင်း တင်းတင်းကဗျာဆို။

(၁၂၉၇-ခု)

ဝါဆိုလ ဓမ္မစကြာပွဲ၌ ရွတ်ဆိုရန်ကဗျာ

၁။ သာသနာခေတ်တွင်း လက်ငင်းတွေ့ဆုံ၊
မျိုးနွယ်မြင့်မြတ် လူဇာတ်ပြည့်စုံ၊
သဒ္ဓါခေတ်ပန်း ပွင့်လန်းမွှေးထုံ၊
ယူမမှား တရား နာခွင့်ကြုံ။

၂။ ပဗ္ဗဇ္ဇခန်း ရဟန်းနှင့်ရှင်၊
ဒုလ္လဘစၥ် အပြစ် မထင်၊
တူယောင် မနှော သဘော ဖြူစင်၊
လေးပါးမျိုး ရကျိုး ဆုံးမမြင်။

၃။ သင့်လျော်တင့်အပ် ရွာရပ်နေမှီ၊
ရှေးကုသိုလ်ထူး ဆည်းပူးခဲ့ပြီ၊
ကိုယ်စိတ်နှစ်ပါး တရားပြည့်ညီ၊
သူတော်ကောင်း တူပေါင်း စက်လေးလီ။

၄။ သမ္မတ္တိစက် မပျက်လှည့်လည်၊
သံသရာစက် ချိုးဖျက်ရမည်၊
မဂ္ဂင်ဖောင်စက် စီးတက်ဘို့ရည်၊
ဓမ္မစက် နှုတ်မြွက် သံစည်စည်။

၅။ ပြည် ဗာရာဏ တော၁ဝ မြို့ခွင်၊
ကောဏ္ဍဉ်ထေရ်မှူး ငါဦး အရှင်၊
ဗြဟ္မာ နတ်ပေါင်း ခညောင်း ကြည်ရှင်၊
မြတ်တရား ဟောကြား လက်ဦးတင်။

၆။ ဒေသနာစက် မိန့်မြွက်လေသော်၊
ဗြဟ္မာဘုံရောက် ဝမ်းမြောက် ကြွေးကြော်၊
မကြုံစဖူး အထူး ဖြစ်ပေါ်၊
မိုးမြေဟီး ကောင်းချီး သာဓုခေါ်။

၇။ လောကဓာတ်ပေါင်း တသောင်းသချာ၊
စကြာဝဠာတိုက် တုန်ရိုက်ကြော်ငြာ၊
နိမ့်မြင့် တက်သက် ပခက်ပမာ၊
အံ့မပြီး မည်ဟီး သွက်သွက်ခါ။

၈။ ပါရမီထူး ငါဦး ပုဂ္ဂိုလ်၊
စက်သမ္မတ္တိ ရရှိ ပြည့်မို၊
ဝဋ်နွံယ်ပယ်ရှား ရငြား မဂ်ဖိုလ်၊
ဖောင်တော်ကြီး တက်စီး လ,ဝါဆို။

၉။ လ,ဝါဆိုပွဲ အမြဲ ဆင်ယင်၊
သစ္စာငုံဖူး ဆွတ်ဦး ပန်ဆင်၊
ရပ်ရွာ အားလုံး ဆူ အုံး ကြည်ရွှင်၊
ဓမ္မလမ်း အားစွမ်း တူမမြင်။

၁၀။ ရွာသူ ရွာသား အများ ညီညာ၊
သီလ ဆင်မြန်း တင်လှမ်း သိက္ခာ၊
နှစ်စဉ် ကျင်းပ အားရစရာ၊
ဤ စာပွဲ အကဲ သာထက်,သာ။

(၁၂၉၈-ခု ဝါဆိုလဆန်း ၁၅-ရက်၊ လင်းယဉ် မိုးသော့က် ရှမ်းကုန်း ကုန်းကြီး ရွာသစ် ၅-ရွာ သူကြီးတပိုင် အကုန် သက် ဆိုင်သော စာပြန်ပွဲကြီးများ **တပို့တွဲလ-သင်္ကြိုဟ်၊ တပေါင်းလ မင်္ဂလာ စာပြန်, ဝါဆိုလ ဓမ္မစကြာစာပြန်ပွဲကြီး** ၃-ပွဲကို နှစ်စဉ် ပြုလုပ် ကျင်းပတော် မူကြသည်၊ ဆရာတော်ကြီးများသည်

ဆုလာဘ်များ ပေးသနားတော်မူကြသည်၊ ဆုံးမစာများ ရေး ပေးတော်မူသည်၊ ကဗျာဖြင့်လှူ ဆော်ခဲ့သည်။

---

မန္တလေး ဒေးဝန်းရပ်အတွက် ရေး

ဘာသာရေး ဆုံးမစာများ

၁။ လောင်းတော်ညွန့်ဖူး ရှည်ကြူး ကမ္ဘာ၊
ဝေနေယျအား သနားကြင်နာ၊
ခန္ဓာအသက် မကွက် မညှာ၊
ကိုယ်သာပန်း မနွမ်း စိတ်တော်မှာ။

၂။ သခ်ျ လေးရပ် သိန်းကပ် မြင့်ရှည်၊
ကျင့်ဘွယ် ကုန်လုံး သိမ်းကျုံးဆောက်တည်၊
သာမန်လူများ စွန့်စားကြံစည်၊
မတွေးဝံ့ ကြောက်ရွံ့ တုန်လှုပ်မည်။

၃။ သက်ရှယ်ရှစ်နှစ် ပျိုမြစ်နုနယ်၊
ဝေသန် မင်းဧော အံ့ဩလောက်ဖွယ်၊
ပိုင်, နိုင်, စေ သုံး ကိုယ်လုံး အပ်မယ်၊
ကျွန်စာရင်း တင်သွင်း လှူဘို့ရှယ်။

၄။ သိဝိမင်းကြီး အံ့ချီးဘွယ်ရာ၊
မျက်လုံးတော်ခွာတ် မြင့်မြတ်အင်္ဂါ၊
ဆုတ်ဆိုင်း မတွန့် ပေးစွန့်မည်သာ၊
ကြံစည်ရက် မပျက် ထုတ်လှူပါ။

၅။ သည်းခံကျင့်လေ့ ရသေ့ ခန္တီ၊
ဓမ္မပါလ တူစွ ထပ်ညီ၊
လက်, ခြေ, နှာ, နား ဖြတ်ထားစေပြီ။
ယုတ်မာမင်း မာန်သွင်းဖျက်မမှီ။

၆။ ယုန်သူတော်ထုံး 'ကပ်လုံး' အံ့ဘွယ်၊
ပုံသွင်မင်ဆေး တင်ရေး(လ)ဝယ်၊
တကိုယ်လုံးသား သုံးစားစေမယ်၊
မီးပုံတွင်း ခုန်ဆင်း ဝင်ဘူးတယ်။

၇။ ပါရမီတွက် စဉ်ဆက် ဖြည့်ပုံ၊
ရေတွက်ပိုင်းခြား မှတ်သား မကုန်၊
ရည်ရွယ် တောင့်တ ဆန္ဒတော်စုံ၊
နတ်လူတို့ ဆောင်ပို့ နိဗ္ဗာန်ဘုံ။

၈။ နိဗ္ဗာန် ရောက်ကြောင်း လမ်းကောင်းကိုရှာ၊
ဓမ္မစကပ် အမြဲ ယုံပါ၊
ကျောင်းတော်သူများ မှတ်သားလိုက်နာ၊
ပျော်ရွှင်မြူး ဝါဉီး ပွဲတော်ခါ။

၉။ ပစ္စုပ္ပန်ကျိုး ဖွံ့ဖြိုး ပွားစည်၊
တမလွန်တွက် မြင့်တက်စေမည်၊
မင်္ဂလာဉ်ပုံစီး ခရီးဖြောင့်တည်၊
ကျိုးသုံးဝ ညွှန်ပြ ဆရာထေရ်။

၁၀။ သုံးသွယ်အကျိုး အားကိုးဘွယ်တွင်၊
ရက်တွင်း, ချက်ချင်း, လက်ငင်း ခုမြင်၊
စာဆို, စာရ, စာက ပြိုင်လျှင်၊
ကျောင်းသူများ လက်ဖျား ခါဘို့ပြင်။

**အားပေး သံပေါက်**

၁။ ဇမ္ဗူဒီပါ၊ ကျွန်းလက်ျာ၊ ယူဇနာ တသောင်းပေ။
၂။ မြန်မာပြည်ကြီး၊ အံ့မပြီး၊ တသီးဖိုးထိုက်မြေ။
၃။ လူတို့သုံးရာ၊ ရတနာ၊ လွန်စွာ ပြည့်စုံစေ။
၄။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရောင်ဝါ ထွန်းဝေဝေ။
၅။ နေပြည်တော်နန်း၊ မြို့တော်မန်း၊ ပွင့်လန်း ထူးအခြေ။
၆။ မြို့ရွာ ထူထပ်၊ အရပ်ရပ်၊ နှံ့စပ် ဂုဏ်သရေ။
၇။ သာသနာဘက် ဂုဏ်သိန်ထွက်၊ ဆန်းတက် လ,နှင့် နေ။
၈။ မြို့သူမြို့သား၊ သဒ္ဓါပွား၊ တရား ကျင့်မသွေ။
၉။ ဒေးဝန်းရပ်ပင်၊ ခုမျက်မြင်၊ ပြ, တင် ညွှန်း သက်သေ။
၁၀။ ဘုရားကိစ္စ၊ ကြိုးလုံ့လ၊ နေ့ည ဆောင်ရွက်ပေ။
၁၁။ ကြီးငယ်စုရုံး၊ ခြိမ့်ခြိမ့်အုံး၊ ယူသုံး အမြိုက်ရေ။
၁၂။ ပျော်ရွှင် အားရ၊ နည်းငယ်မျှ၊ ဖော်ပြ **"မောင် စံ ရွှေ။"**

(၁၂၉၉-ခု)

## ကျောင်းသား မောင်စံရွှေ

၁။ ဒေးဝန်းရပ်တွင်၊ သူဇော်စင်၊ ပျော်ရွှင်ကုသိုလ်ရေး။
၂။ ဝင့်သံသရာ၊ လွတ်ကြောင်းရှာ၊ ညီညာ ကြံစိတ်တွေး။
၃။ ညာန်ရှိ ညာန်ကောင်း၊ တူစုံပေါင်း၊ မြတ်လောင်းတော်တို့သွေး။
၄။ ဒါနအရာ၊ အထုံပါ၊ သဒ္ဓါ ယုံမြတ်လေး။
၅။ ဖြူစင်သီလ၊ ဆောက်တည်ကြ၊ ထွန်းပ လွန်ယဉ်ကျေး။
၆။ ဘာဝနာမှု၊ တိုင်းကုရူ၊ အတုယူနည်းပေး။
၇။ သူတော်ဥစ္စာ၊ ရတနာ၊ များစွာကြွယ်ဝဌေး။
၈။ ဝတ်ကပ် ဝတ်တက်၊စဉ်မပျက်၊ နှစ်သက် ရှယ်မရွေး။
၉။ ပရိတ်မေတ္တာ၊ သံသာသာ၊ ကျေညာ ရန့်မွှေး။
၁၀။ ခါကောင်းကြုံလာ၊ မန်းသေလာ၊ ပေါင်းကာ စုတဝေး။
၁၁။ စိန္တေမြတ်ရှင်၊ ရှိဦးတင်၊ ဖြူစင် ပူဇော်ရေး။
၁၂။ ဝမ်းမြောက်ပါစေ၊ မောင်စံရွှေ၊ ရှိသေသတိပေး။

(၁၂၉၉-ခု ဒုတိယ ဝါဆိုလဆန်း ၁၀-ရက် ဒေးဝန်းရပ်နေ မောင်ငြိမ်-မလှဌေး (သားဖြစ်သူ) "မောင်စံရွှေ"ကလေးငယ် ဘဝ ကျောင်းသားအဖြစ် လာနေရာ ဒေးဝန်း ဓမ္မာရုံ၌ ဆိုပြရန် ရေးတော်မူခဲ့သည်။)

## ဘုန်းကြီးပျံ သံဝေဂဓမ္မ

ပထမ.... ၁။ တောမိုရဟန်း ကျင့်ခန်း များမြောင်၊
ရှင့်ဂုဏ်သတင်း ပွင့်လင်းထွန်းပြောင်၊
မိန့်မြွက်တရား နာကြားရအောင်၊
နတ်အပေါင်း ခွင့်တောင်း ပင့်ယူဆောင်။

၂။ ကောဇာတွက်ဖြောင့် တထောင့်နှစ်ရာ၊
ကိုးဆယ်နှင့်ကိုး နှစ်ဆိုးကြုံလာ၊
ဝါဆို ဆန်းသက် ဆဲ့တရက်မှာ၊
ဝတီ လှမ်း ကြွမြန်းသျှင်ဆရာ။

၃။ ဝမ်းသာကြည်နူး ရှင်မြူးပျော်ပျော်၊
ရွှေဘော်နတ်ပေါင်း ခြိမ့်ညောင်းကြွေးကြော်၊
နာယူတရား ခံစားဖူးမြှော်၊
ခြောက်ဘုံညိမ့် သိမ့်သိမ့် တုန်လိမ့်နော်။

၄။ အရှင်ပျော်ဟောင်း ဤကျောင်း,ဤနယ်၊
ကျန်သူပူဆွေး ရေဝေး ကြာနှယ်၊
မှီရာကွာကွင်း စိတ်တွင်းညှိုးငယ်၊
ထင်ယောင်ယမ်း မြည်တမ်း လွမ်းဟုန်ကြွယ်။

၅။ ယခင်ကာလ သင်ပြ ပိုင်ပိုင်၊
တရားစည်းကမ်း နည်းလမ်း လက်ကိုင်၊
ပူရှိန်ငွေ့ကြောင့် ပျောက်မေ့ တွေမှိုင်၊
လွမ်းနာသဲ ကြေကွဲ မဆုံးနိုင်....ပါဘုရား။

ဒုတိယ.... ၁။ ပဒဆယ်လက် ပေါင်းရှက်ဖူးမြင်၊
ရိုသေ ခ,ညောင်း ညွှတ်ပြောင်းဦးတင်၊
သင့်လျော်ဖြစ်ရေး ကြံတွေးဆင်ခြင်၊
ခွင့်ပန်ကြား လျှောက်ထားပါအံ့အရှင်။

၂။ သိက္ခာသုံးပါး တရားကျင့်ပေ၊
ဓုတင်စိတ်ဇော မြိုင်တောမှီနေ၊
ဗုဒ္ဓကိုထုံး ယူသုံးမသွေ၊
စေ့ရေတွေး ပူဆွေး လွမ်းမိုးစွေ။

၃။ လောကီ လောကုတ် ပစ္စုပ်သံသရာ။
ကိုယ့်,သူတပါး ကျိုးများအံ့ငှာ။
လမ်းမှန် နည်းပေး ယဉ်ကျေး လိမ္မာ၊
လူအများ မိန့်ကြား ချိုသာယာ။

၄။ ဗိုလ်ခြေများလျှင်း သေမင်းယုတ်မာ၊
လူနှယ်လူချင်း စစ်ခင်းလှဲ့ပါ၊
ရှာသူရှာသား (ဒုတ်,ဒါး) ဆောင်ကာ၊
ဆရာရင်း အတင်းယူလိုက်မှာ။

၅။ မတူအားပြော စိတ်ရှော့ခွေယိုင်၊
ကြီးငယ်စုရုံး အားလုံးကြံမှိုင်၊
မျက်ရည်စို့ရွှဲ လှိုက်လှဲမနိုင်၊
ညှာအသည်း နာကြည်း အရှုံးတိုင်....ပါဘုရား။

တတိယ....၁။ သုံးဘုံလှည့်သွား အများသတ္တဝါ၊
ကြီးငယ်ဘဝ ဒုက္ခမကွာ၊
သန္ဓေအစ အိုရ,သေနာ၊
ဓမ္မစက် မိန့်မြွက် သေအချာ။

၂။ သူငါအများ စကားဆိုရန်၊
ယုံမှားတွေးချင့် မသင့်ပယ်ချန်၊
မြတ်ဘုရားမှ ကြွသွားနိဗ္ဗာန်၊
သံသာဝဋ် မလွတ် မြဲအမှန်။

၃။ ကာလစစ်တွက် သျှပ်ပြက်တကြေ၊
အနိစ္စခန်း သိန်းသန်းကုဋေ၊
အထည်မမြဲ ပျက်စဲရချေ၊
ပရမတ် ဉာဏ်ဓာတ် နည်းယူလေ။

၄။ ဉာဏ်, သံဝေ, ကင်း နုဖျင်းလူရည်၊
မောဟလွှမ်းဖုံး မိုက်လုံးမြဲတည်၊
ငါပင် ငါဟဲ့ ငါဘဲကြုံမည်၊
ဟိတ်ဟန်ခင်း သေမင်းရယ်လိမ့်မည်။

၅။ ဆည်းနှင်းတိမ်ရုပ် ပျောက်ချုပ်ယိမ်းယိုင်၊
ခန္ဓာ ရေပွက် ဖြစ်ပျက်မခိုင်၊
ပယ်နှိမ် (သောက) ဓမ္မပိုင်နိုင်၊
သံဝေပွား တည်ထား နှလုံးစိုင်....ပါဘုရား။

(သက်ဆိုင်ရာ ဘုန်းကြီးပုံမျှားစွာတို့၌လည်း အကျိုးဖြစ်ထွန်းရန် (သို့မဟုတ်) သံဝေဂ ပွားများရန် ရည်သန်လျက် ဆုံးမစာ ဩဝါဒ များ, ရေးပေးလေ့ ရှိရာ အကုန် ရှာဖွေ မရဘဲ ဖြစ်နေသေး၏၊ ယင်း ဆုံးမကဗျာများ ၁၂၉၉-ခု ရေး၏။)

---

## ပိုဒ်စုံရတုများ

၁၂၉၂-ခု၊ ဆရာတော်ကြီး သက်ရှယ်တော် ခြောက်ဆယ်ကျော်စ အခါ မေတ္တာ ကရုဏာ ပို၍ပို၍ ကြီးမားလာသည့် အတိုင်း ကျောင်းသူ ကလေးငယ်

များမှတဆင့် လူကြီး ဘိုးဘွားတိုင်, ဆုံးမစာ အမျိုးမျိုးဖြင့် သာသနာ ပြုတော်မူရာမှ—

၁။ ကုန်းစီ မှတ်ရာ—(ချီ) ချိန်နှေ့ဝင်လေး မဂ် ဖွင့်ကြောင်းတည်း(ချ)
ထုံးညီ ဖတ်စာ—(ချီ) ထိန်ပြောင်ဖွေးလက် ပွင့်ကြောင်းတည်း(ချ)
သုံးလီမြတ်စွာ—(ချီ) သိန်ရောင်ရွှေးထက် မြင့်ကြောင်းတည်း(ချ)
(အချီအချညီ ပဒညီ ပိုဒ်စုံရတုရေး၍ ၃-ယောက်ခွဲ ဆိုစေတော်မူပါသည်)။

၂။ နတ်တူရွှေကိုယ်-(ချီ) ကျိုးရောက်ယှင်းစဉ် မူခြားတည်း (ချ)
မှတ်ယူစေလို— (ချီ) မိုးသောက်လင်းယဉ် သူများတည်း(ချ)
တတ်သူဖြေဆို— (ချီ) စိုးကြောက် တွင်းယှဉ် ပူပွားထည်း(ချ)
(ယင်းပိုဒ်စုံ ရတုကိုလည်း ၃-ယောက်ခွဲ ဆိုပြန်စေသည်)။

၃။ အိုးဆူနတ်ရွာ —(ချီ) ပီသမမှား မှတ်လွယ်တည်း(ချ)။
သုံးလူမြတ်စွာ—(ချီ) ညီမအများ တတ်ဖွယ်တည်း(ချ)။
ထုံးမူမှတ်ရာ — (ချီ) ပီယစကား မြတ်နွယ်တည်း(ချ)။
(ယင်းပိုဒ်စုံကိုလည်း ၃-ယောက်ခွဲ၍ ဆိုပြန်စေသည်)။

ထို၌ကျောင်းသူ ၉-ယောက်တို့သည် ခုသက်တရာတိုင်ရောက် သက်တော်ရှည် သာသနာ့ပိုင် ဆရာတော်ကြီးထံ လာရောက် (တချို့၅၀-နှစ်ကျော်ပြီ) ဖူးမျှော်ယင်း စာဖြင့်ပူဇော်ကြ၏၊ တချို့သက်ရှိဘ၀ဖြင့် ကိုယ်တိုင် လာရောင် မပူဇော်နိုင်ကြပြီ၊ ရွေးဖြစ်ဟောင်း အောက်မေ့ဖွယ်နှင့် သံဝေဂဖြစ်ဘွယ်ပါပေ။

၁။ ကုံးစီမှတ်ရာ၊ ပွဲတော်ခါ၌၊ ရတနာ၀င်၊ ဘော်ငွေလွှင်မှာ၊ စိန်တင်ချယ်တပ်၊ ဂဟေစပ်၍၊ ဒြပ်တင့်တယ်၊ "**ငွေစိန်မယ်က**" ကြီးငယ်မဟူ၊ များဗိုလ်လူကို၊ စင်ဖြူနှလုံး၊ စွဲယူသုံးဘို့၊ ရွေးထုံးကဗျာ၊ ရတုစာဖြင့်၊ သာယာသံချို၊ လျှောက်တင်ဆိုအံ့၊ မဂ်ဖိုလ်တိုင်ထိ၊ နိဗ္ဗာန်သို့၊ သိ၍၊ အရိယာ၀င်၊ မြတ်သခင်တို့၊ ပျော်ရှင်ပါကြ၊ **ပတိဝေဓ သာသနာ**၊ သိက္ခာခုတင်၊ မဂ်လမ်း ထွင်၍၊ တပင်ထွက်သွား၊ တပင်နားလျက်၊ မြိုင်ဖျားဌာန၊ ဝိဝေကဝယ်၊ သမထရင့်၊ တိုးတက်ဆင့်၍၊ ဖြည့်ကျင့်လေဘိ၊ **ပတိပတ္တိ သာသနာ**၊ သုံးဖြာသတ်မှတ်၊ ပိဋကတ်ကို၊ သိတတ်စေရန်၊ ခွဲဝေဘန်၍၊ ဂန္ထန္တရ၊ အဝဝကို၊ သင်ပြလေ့ကျက်၊ နှုတ်ဝယ်

ကက်အောင်၊ ဆောင်ရွက်လေဘိ၊ ပရိယတ္တိသာသနာ၊ ကြာရေကန်ဘောင်၊ ပမာဆောင်လျက်၊ ကန်ဘောင်ရှိက၊ ရေတည်ရ၏။ ရေရှိမှကြာ၊ စည်ပင်ရာဘို၊ ကျမ်းလာမိန့်မြွက်၊ ဓမ္မစက်နှင့်၊ လိုက်ဖက်ညီစွာ၊ သာသနာ၏၊ တည်ရာ များ မြောင်၊ ရှာလုံး ဆောင်သည်.... ချိန်နေဝင်လေးမင် ဖွင့်ကြောင်းတည်း။

ရွတ်ဆိုသူ–မငွေစိန်
(မိုးသော်က် ကျောင်းသူ)

၂။ ထုံးညီဖတ်စာ၊ အလင်္ကာဟု၊ ကဗျာရတု၊ ဆိုသေတ္တုဖြင့်၊ ဂရုအဥ္ဇလိ၊ လက်စုံညီကို၊ တင်ချီစုပေါင်း၊ မိမယ်သောင်း က၊ ညွှတ်ပြောင်းခါခါ၊ ခွန်းပန်ထွာ၍၊ သံဝါချိုလွင်၊ လျှောက်ကြားတင်အံ့၊ လှေပြင်စခန်း၊ ဝေဟင်နန်း၌၊ လစန်းစကြာ၊ ခြည်ရောင်ဝါဖြင့်၊ ကမ္ဘာမြေနေ၊ များဗိုလ်ခြေကို၊ ထွန်းဝေရောင်ဆင်း၊ ခေတ်အလင်းနှင့်၊ ကိုယ်တွင်း ကိုယ်ပ၊ ချမ်းသာရဘို့၊ အေးမြ စေမူ၊ ထောက်ပံ့ပြုဘို့၊ ဉာဏ်နုသေးသွယ်၊ စာသင်ငယ်ကို၊ မိပွါယ်ဖော်ပြ၊ ဆိုဆုံးမ၍၊ ဩဝါဒခင်း၊ ဆုတော်နှင်းလျက်၊ အလင်းဉာဏ်ရ၊ ပသာဒနှင့်၊ သုခပီတိ၊ ကိုယ်စီရှိ၏၊ ကြံသိဆင်ခြင်၊ ထေရ်အရှင်ကား၊ စာသင်မယ်များ၊ လ မင်း ထားလော့၊ ရွာသားရွာသူ၊ မိုးနှယ်တူ၍၊ ကြည်ဖြူသဒ္ဓါ၊ ပွဲတော်မှာလျှင်၊ ညီညာလှူရေး၊ ဉာဏ်အားပေး၏၊ ကလေး အလို၊ မငြင်ငြိုရ၊ ပင်ကို စရိုက်၊ သူ့ အကြိုက်ကို၊ ပါလိုက်ညွှာတာ၊ မြတ်ဆရာကား၊ လိမ္မာတတ်ရေး၊ သင်ကြားပေး၍၊ မြတ်လေး ထိုက်အောင်၊ ဂုဏ်ထူးဆောင်သည်....ထိန်ခပြောင် ဖွေးလက် ပွင့်ကြောင်းတည်း။

ရွတ်ဆိုသူ–မသောင်း
(ရွာသစ် ကျောင်းသူ)

၃။ သုံးလီမြတ်စွာ၊ ရတနာနှင့်၊ဆရာ မိဘ၊ ဘိုးဘွား စ၍၊ ဝယဝုဍ္ဍ၊ ဂုဏ်ထူး ရှိသည့်၊ များဘိထင်ထင်၊ စာသဘင်သို့၊ ရှုမြင်အံ့ငှာ၊ ကြွရောက်လာသည်၊ ဆွေညာမျိုးပေါင်း၊ သူတော်ကောင်းကို၊ ဦးခေါင်းနှိမ်ချ၊ ဂျမ်းခင်မ က၊ တုပ်ကွမာန်လျှော့၊ ကြိမ်ညွှတ်ပြော့သို့၊ ကန်တော့ပြီးခါ စာလင်္ကာဖြင့်၊ လိမ္မာ ဉာဏ်ရှိ၊ စွမ်းသတ္တိနှင့်၊ လျှောက်သိတင်အံ့၊ မြန်မာ့ပုံပြင်၊ ရာဇဝင်နှင့်၊ကျောက်တင် စာမှတ်၊ သမိုင်းမြတ်ဝယ်၊ ပိုင်းဖြတ်စီစဉ်၊ ရွာလင်းယဉ်နှင့်၊ တွဲယှဉ်ဂုဏ်တူ၊ မိုးသောက် ဟူ၍၊ လူလူ ရှင်ရှင်၊ မြန်တိုင်း ခွင်မှာ၊ ပေါ်ထင်ပျံ့သင်း၊ ဂုဏ်သိရ် လင်းခဲ့၊ လက်ငင်းကြုံလစ်၊ ခုနောင်ခေတ်မှာ၊ ပျိုမျစ်နုနယ်၊ မိန်းမငယ်ပင်၊ အံ့ဘွယ်ထူးမြတ်၊ ပရိယတ်နှင့်၊ ပိဋကတ်စာစောင်၊ ကိုယ်စီဆောင်၍၊ တိမ်တောင်

ကိုနင်း၊ ရဲမန်ကျင်းလျက်၊ နတ်မြင်းလှည့်ပိုင်း၊ အပြင်းစိုင်းသို့၊ မဆိုင်းနှုတ်လျှင်၊ စာသဘင်မှာ၊ ရှင်ရှင် ပျပျ၊ ရွတ်ဆိုကြ၍၊ မိဘမျိုးဆွေ၊ ကြက်သရေကို၊ အခြေကြီးအောင်၊ ကူပင့်ဆောင်သည်.... .သိန်ရောင် ရွှေးထက် မြင့်ကြောင်းတည်း။ ရွတ်ဆိုသူ-မဂျမ်း

(လင်းယဉ်ကျောင်းသူ)

၁။ နတ်တူရွှေကိုယ်၊ ဆန်းလှပျို၍၊ စိတ်လိုသမျှ၊ပြည့်စုံရသည်၊ ခနငွေကြေး၊ ကိုလုံငွေးလျက်၊ စဉ်ရှေးနွယ်ဇာတ်၊ လွန်မြင့်မြတ်လဲ၊ အတတ်ပညာ၊ ကိုယ်ကျင့်ကွာက၊ အကာပြည့်ထွား၊ လက်ပန်သားကို၊ တလားပျဉ်နုပ်၊ သေတ္တာလုပ်၍၊ အပုတ်ထည့်နှံ၊ ရွှေမွမ်းမံသို့၊ ပေါ်ယံတင့်တယ်၊ ရှိရှာဘွယ်ဟု၊ သူငယ်က,စ၊ သိကုန်ကြ၏၊ လောက ခေတ်ပျက်၊ ဝိပ္ပတ်စက်မှာ၊ အတတ်လွန်ရှား၊ အဆင်းများ၍၊ တရားမကွာ၊ ပေါဉစ္စာနှင့်၊ ပညာရပ်ဇာတ်၊ ပြည့်စုံလတ်မှ၊ ဖြောင့်မတ်ခရီး၊ နိဗ္ဗာန်နီးလိမ့်၊ မြို့ကြီးမကျ၊ ပစ္စန္တဟု၊ ဌာနငယ်စွာ၊ အချို့ရွာ၌၊ ဘာသာအရေး၊အားမပေးဘဲ စာဝေးစာလွတ်၊ အနေချုတ်သို့၊ကျင့်ဝတ်မပျက်၊ နေထိုင်လျက်နှင့်၊ ငါးရက်တဈေး၊ ပုံတပြေးသို့၊ နုံ့နှေးသည်သာ၊ အချို့ရွာမှာ၊ သဒ္ဓါမထုံ၊ ဝတ်တက်ရုံ၌၊ မျှဖုံထူထပ်၊ အမှိုက်စပ်အောင်၊ ချဉ်းကပ်နှစ်ကူး၊မရောက်ဖူးတည်း၊ အထူးမြင်စေ၊ တင် တင်ရွှေ-က၊ နှစ်ထွေ လက်မြှောက်၊ ဦးတင်လျှောက်သည်....ကျိုးရောက်ယွင်းစင်မှုခြားတည်း။

ရွတ်ဆိုသူ-မတင်ရွှေ

(ရှမ်းကုန်းကျောင်းသူ)

၁။ မှတ်ယူစေလို၊ လက်ာဆို၍၊ နှုတ်ချိုရှင်လန်း၊ **မိသန်း သန်း**-က၊ ရည်မှန်းကြံဆ၊ မတွေးရပဲ၊ ဒိဋ္ဌမျက်မှောက်၊ ရွေးယူကောက်၍၊ သင့်လျှောက်သမျှ၊ ထုတ်ဖော်ပြလျက်၊ ဗုဒ္ဓဘာသာ၊ မြန်ရိုးရာ၏၊ ပညာပြည့်ဖြိုး၊ စာတတ်ကျိုးကို၊ မြတ်နိုးကဲလွန်၊ ဟုတ်တိုင်းညွန်အံ့၊ လယ်ထွန်ဝန်ရှုန်း၊ တကုံးကုံးလျှင်၊ စေသုံးသည့်နွား၊ ခမြာများနှင့်၊ စာကားမတတ်၊ လူပြုန်းဇာတ်ကို၊ သမာသ်ဒွန်တွဲ၊ အတူပဲဟု၊ စိတ်ဇွဲမာန်ဝင့်၊ မဆိုသင့်လဲ၊ ကိုယ်ကျင့်မပေါ်၊ ဘယ်နည်းကွာလိမ့်၊ ကညာ့ဖြူရွ၊ ဆင်းသိဂ်လဲ၊ မှုချအတူ၊ သံဝေယူလော့၊ ညီမူစုံနွဲ၊ ယခုပွဲတွင်၊ သူကဲတယောက်၊ စာရင်းကောက်၍၊ တင်မြှောက်ဘွယ်တောင်း၊ အစွမ်းကောင်းတို့၊ ကျိုးကြောင်းသဘော၊ ဆိုအပြော်မှာ၊ ချောမောသာယာ၊ ဓိပ္ပါယ်ပေါ်၏၊ ကဗျာရတု၊ သံပေါက်စုလို၊ ဆိုမှုစပ်ဆိုင်၊ စည်းဝါးပိုင်အောင်၊ အပြိုင်ယှဉ်တွဲ၊ ကိုယ်စီ

ဇွဲနှင့်၊ အံ့အဲဘွယ်ကြီး၊ မျိုးသမီးတို့၊ တတ်သီးလိမ္မာ၊ ရွတ်ဆိုပါ၏၊ နောင်ခါရှယ် ရောက်၊ ကြံတိုင်းမြောက်မည်၊ မိုးသောက် လင်းယဉ်သူများတည်း။

ရွတ်ဆိုသူ-မသန်း (ကုန်းကြီးကျောင်းသူ)

၃။ တတ်သူဖြေဆို၊ မေးမြန်းလို၏၊ မဂ်ဖိုလ်ရခြင်း၊ အကြောင်းရင်းကို၊ ထင်လင်းမှချ၊ တုတ်ဖော်ပြလော့၊ ဖြဟ့်ဘွဲ့နတ်ထံ၊ ရောက်ဘို့ရန်ကို၊ ကျမ်းဂန်အရ၊ လမ်းညွှန်ချရှင့်၊ ဘဝ လူပြည်၊ ပြန် လှည့်လည်ဘို့၊ ယုံကြည်ဘွယ်ကား၊ ဘယ် တရားနည်း၊ လေးပါး ပါယ်ညစ်၊ သွားရောက် ဖြစ်အောင်၊ ချပစ်လက်သည်း၊ ဇာနည် ပဏ္ဍိတ်၊ ဖြစ်ကြောင်းဟိတ်ကို၊ မဆိတ်နှုတ်သံ၊ ဖြေဘို့ကြံပါ၊ လောကဓံ ရေး၊ မလွတ်သေးက၊ ထောက်တွေး မျှော်လင့်၊ ဘယ်သို့ ကျင့်မည်၊ ကိုယ်နှင့် သူများ၊ ဘယ်သူအားကို၊ ကိုးစားစိတ်ချ၊ ယုံကြည်ရလိမ့်၊ ကလျာဏမှန်၊ ပူထုဇန် တို့၊ ကျင့်ရန်တရား၊ မှတ်ပိုင်းခြားသင့်၊ သိထားပါလို၊ အန္ဓဆိုသည့်၊ ထိုပုထုဇန်၊ ခွဲဝေဘန်လော့၊ နှစ်တန်လူတွဲ၊ ယုတ်မြတ်ခွဲမူ၊ မလွဲဘယ်မှာ၊ သင် လိုက်ပါလိမ့်၊ ဆယ်ဖြာအမေး၊ မပြေသေးက၊ အရေးစိုက်ယူ၊ ကြောင့်ကြပူ၍၊ ဆံဖူးသွားကျိုး၊ ဖွားအဘိုးပင်၊ ငှုလျှိုးသူ့ထံ၊ တပည့်ခံလော့၊ တွေးကြံဆင်ခြင်၊ အုံးတခင်က၊ ရှည်မြင်နိုင်းထောက်၊ အထူးလျှောက်သည်....စိုးကြောက်တွင်းယှဉ် ပူပွားတည်း။

ရွတ်ဆိုသူ=မအုံးခင်။
(လင်းယဉ် ကျောင်းသူ)

၁။ အုံးဆူနတ်ရွာ၊ ထက်ပြဟ္မာနှင့်၊ ကမ္ဘာအပေါင်း၊ တိုက်တသောင်းမှာ၊ ကျိုးကြောင်းမျှော်ရှု၊ ခေါ်သာစုဖြင့်၊ ယခုနေ့မှာ၊ ရွှေယဉ်ရွာ၌၊ ပညာ ပွဲကြီး၊ ခြိမ့်ခြိမ့်ညီးမျှ၊ အံ့ချီးဘွယ်ပင်၊ စီမံပြင်၍၊ ဆင်ယင်သားနား၊ ပြုတကားဟု၊ ပြောကြားကောင်းတင်း၊ အဆိုသွင်းလျက်၊ မကင်းထောက်ခံ၊ မိန့်ခွန်းသံနှင့်၊ ဆူညံမြူးရွှင်၊ မှတ်တမ်းတင်လိမ့်၊ ပါရဂ်တ၊ နိဗ္ဗာန်ကြွမည့်၊ သုံးဝလောင်းလျာ၊ ပွဲတော်ခါ၌၊ ဝင်ပါရောစွက်၊ သဒ္ဒါဖက်၍၊ ပန္နက်ပန်ချူ၊ ဆုထူးယူဘို့၊ ဘော်ဖြူ တန္တူ၊ စန်းဋ္ဌနှုမှာ၊ ရေးထုခပ်နှိပ်၊ ယုန်တံဆိပ်သို့၊ မလိမ့်သဘော၊ ဘုရားဟော သည်၊ ဗုဒ္ဓေါဝေံ၊ သွင်းဆက်ဆံလျက်၊ ဓမ္မံရက္ခ၊ သူတို့မျှလို၊ ဓမ္မအပြန်၊ စောင့်ရှိုး မှန်၍၊ နိဗ္ဗာန်တံခါး၊ ဝင်ရောက်သွားဘို့၊ ကိုးစားစရာ၊ လက်မှတ်သာဟု၊ သေ ချာတွေးချင့်၊ ယုံကြည်သင့်၏၊ အခွင့်ကြုံခါ၊ ရှင်ဝမ်းသာလျက်၊ ပညာအရေး၊ စွမ်းအားပေးဘို့၊ မြတ်လေးရှိသေ၊ အလှရွှေ-က စေ့ရေမြွက်ဟ၊ အကျဉ်းပြ သည်.... ပီသမမှား မှတ်လွယ်တည်း။

ရွတ်ဆိုသူ-မလှရွှေ (ရှမ်းကုန်း ကျောင်းသူ)

၂။ သုံးလူမြတ်စွာ၊ စိန္တေယျာ၏၊ မိန့်မှာဟောပြ၊ ဓမ္မောဇကို၊ ဆန္ဒ သဒ္ဓါ၊ စေတနာနှင့်၊ ပညာလက်လှမ်း၊ သတိစွမ်းဖြင့်၊ နည်းလမ်း ဖွေရှာ၊ မြတ်ဆရာ၏၊ နှစ်ဖြာ ခြေရင်း၊ ခဝပ်စင်းလျက်၊ ထန်ပြင်း လုံ့လ၊ သင်ယူကြသည့်၊ ညီမငယ် ပေါင်း၊ အမျိုးကောင်းတို့၊ ဖြစ်နှောင်းရှေးခါ၊ သံသရာက၊ သမ္ဘာရ စု၊ တူညီပြု သည့်၊ ကောင်းမှုရေစက်၊ ဆုပန်ချက်ကြောင့်၊ ပေါင်းဖက်တူတွဲ၊ တကျောင်းထဲ မှာ၊ အမြဲမကွာ၊ ချစ်မေတ္တာနှင့်၊ လိမ္မာနူတ်ကိုယ်၊ စိတ်အလိုမှာ၊ ကြည်ညိုဘွယ် ရေး၊ လွန်ယဉ်ကျေး၍၊ ကလေးအလိုက်၊ သုစရိုက်ကို၊ မှတ်ထိုက်ညီညာ၊ ကျင့် သိက္ခာနှင့်၊ သရာသင်ပြ၊ စာနည်းကျ၍၊ သိကြစေအောင်၊ သတိဆောင်လော့၊ ခုနှောင်ခါပင်၊ ကြားအမြင်နှင့်၊ လူရှင်ပေါယယ်၊ အများလယ်မှာ၊ တင့်တယ်ဘို့ လျှင်၊ ရှုဆင်ခြင်၍၊ မျက်မြင်ရူပ၊ ကိုယ်ကာယနှင့်၊ နူတ်ကမြွက်ချို၊ စကားဆို သည်၊ လွန်ပိုယုတ်မှား၊ ကြဉ်ပယ်ထားလျက်၊ စိတ်သွား စင်ကြယ်၊ ဖူးဖြောင့် သွယ်ဘို့၊ **'လှ မယ် အံမ'** နည်းလမ်းပြသည်....ညီမအများ တတ်ဘွယ်တည်း။

ရွတ်ဆိုသူ–မလှမယ်

(လင်းယဉ်ကျောင်းသူ)

၃။ ထုံးမူမှတ်ရာ၊ ရှေးစဉ်လာက၊ ပညာရှိဇာတ်၊ မိန်းမမြတ်ဟု၊ သကာတ် ဂုဏ်ထူး၊ ကြော်ကြားဘူးသို့၊ အထူးအံ့ရာ၊ ဤနယ်ရွာ၌၊ ခေတ်ခါအလျောက်၊ ထွန်းပေါ်ပေါက်၍၊ ရှေ့နောက်ဆင်ခြင်၊ ပညာရှင်ဟု၊ ဉာန်မြင်မသေး၊ ကြီးမြင့် ရေးကို၊ အားပေးရည်ရွယ်၊ မလှမယ်က၊သွယ်သွယ်ဝဝ၊ သွန်သင်ပြ၍၊ဆုံးမစကား၊ ဆိုမြွက်ကြားခဲ့၊ အများစုပေါင်း၊ စာသင်ကျောင်းမှာ၊ ခြိမ့်ညောင်းသံသာ၊ သူ့ ထက်ငါလျှင်၊ ပညာရှာမှိုး၊ မျိုးသမီးဘို့၊ ဖြစ်ပြီးမဝေး၊ ဟိုခါရှေးက၊ နုသွေး ပျိုမျစ်၊ ဆယ့်ခြောက်နှစ်မှာ၊ မင်းဖြစ်ပါရ၊ **အသခ်ယဟု၊ ဇေယျာဘုရင်၊ မွေး မိခင်က၊ လင်းယဉ်မိုးသောက်၊** ဂုဏ်ပိုမောက်ဘို့၊ မြင့်ထောက်ပင့်ကူ၊ ဤရှုသူ တည်း၊ ရှေးမှုဆုတောင်း၊ တခုကောင်းနှင့်၊ အကြောင်းကိုသာ၊ မဆိုရာဘူး၊ လိမ္မာဉာန်ရှိ၊ မြဲသတိနှင့်၊ ဝီရိ,သီလ၊ ကျင့်စာရလဲ၊ အများထက်ချွန်၊ ကဲသာလွန် လိမ့်၊ သူမွန်ဩဝါ၊ ယူလိုက်နာဘို့၊**အုံးမှာတင်ချယ်**၊စာသင်မယ်က၊ ဓိပ္ပါယ်ဖွင့်ရ၊ ထပ်ဆင့်ပြသည်....ပီယစကားမြတ်နွယ်တည်း။

ရွတ်ဆိုသူ မအုံးတင်(ခေါ်) မသောင်းမေ

(လင်းယဉ် ကျောင်းသူ)

(၁၂၉၂-ခုနှစ် ဝါဆို လပြည့် ဓမ္မစကြာပွဲကို လင်းယဉ်မြောက်ကျောင်း ကုန်းကြီး, ရွာသစ်၊ ရွှေဘုံသာကျောင်းတိုက်၌ ကျင်းပရာ လူပေါင်း (၁၀၀)ဘရာ တိတိ၊ ဓမ္မစကြာပါဠိ အနက်ပြန်ဆိုကြသည့်ပွဲတွင် အောက်ဘော်ပြလတ္တံ့ ပိုဒ်စုံဖြင့် တရားဆေး တိုက်ကျွေးတော်မူ၏)။

## "ရွှေဘုံသာပွဲ"

၁။ ကျောင်းရွှေဘုံသာ၊ ပျော်မွေ့ရာတည်း၊ မဟာ စေဘီ၊ ကုန်းမြေညီမှာ၊ ယှဉ်မှီလှည့်ဝိုင်း၊ ရံ တံတိုင်းနှင့်၊ စံနိုင်းစရာ၊ ဝတီ သာကာ၊ စူဠာမဏိ၊ ပုံတူရှိလိမ့်၊ ထင်မိကံကောင်း၊ သိမ်တန်ဆောင်းနှင့်၊ တင့်ကြောင်းကြွခိုင်၊ တံခွန်တိုင်မှာ၊ ဝေမြိုင်မားမား၊ မြတ်ဘုရားကို၊ ထူးခြားကျက်သရေ၊ တိုးတက်စေ၏၊ ခါနွေမိုးဆောင်း၊ ရတု ပြောင်းလည်း၊ ကန်ချောင်း ရေတည်၊ ပင်မျိုး စည်လျက်၊ မှိုင်းရည် ပြိုင်ထပ်၊ ရိပ်ချင်း စပ်မျှ၊ တောရပ် ရဂုံ၊ မ ဘာဝုန်သို့၊ ခိုလှုံ သူပေါင်း၊ ငြိမ်းချမ်းကောင်းတည်း၊ ဆောင်ကျောင်း ဗိမာန်၊ ခေတ်ခါ ဆန်၍၊ ဘုံပြန်ဆင့်ဆင့်၊ စွင့် ရရင့်နှင့်၊ တက်လှွင့်မည့် ဟန်၊ ဝေဇယန်ကို၊ တူတန်ဘွယ်မူ၊ ပျက်ရယ်ပြိုထင့်၊ သာစုလင်္ကီ၊ တရားညီလျက်၊ တည်းမှီသဖြင့်၊ သာလွန် တင့်သည်.... နတ်ခွင့် သရေကွာဘူးတည်း။

၂။ ကောင်းစေကြုံလာ၊ ရှေးသမ္ဘာတည်း၊ မဟာထေရ်ရှင်၊ မြတ်သခင်၏၊ ဖြူစင်သန့်ရှင်း၊ မွှေးပြန့်သင်းသည့်၊ သတင်းသိက္ခာ၊ ဂုဏ် တေဇာနှင့်၊ မဟာနေရုံ၊ တည်တံ့ ပုံသို့၊ အာရုံ လေဆိုး၊ ဘေးရန်မျိုးကြောင့်၊ ပျက်ကျိုးမရှိ၊ သမာဓိမှာ၊ ဇာတိခံ့ခိုင်၊ မယိမ်းယိုင်တည့်၊ မဏ္ဍိုင်လှည့်ဝန်း၊ ယုဂန်စွန်းမှ၊ ပေါ်ထွန်းတက်စ၊ နေနှင့်လ, သို့၊ တောက်ပ ဉာဏ်ရောင်၊ ထိန်လင်းပြောင်ခဲ့၊ တိတ်, နောင်, ခုဖြစ်၊ သုံးပါးခေတ်၌၊ မဟာဗျာညဉ်၊ သမ္ဗဇဉ်ဖြင့်၊ အစဉ်လေ့လာ၊ ဝေနေယျာကို၊ ကြင်နာသနား၊ မေတ္တာပွား၏၊ ရပ်သားရွာသူ၊ အများသူတို့၊ ကြည်ဖြူသဒ္ဓါ၊ ပူဇော်ရာတည်း၊ ကျေညာ ပွင့်လင်း၊ ဂုဏ်သတင်းကား၊ ထုံသင်းနံ့ဖြာ၊ ထင်ရှားပါ၏၊ သိက္ခာရွှယ်ရင့်၊ ပိုမိုဆင့်သည်....မြတ်မြင့်အခြေ သာထူးတည်း။

၃။ ပေါင်းဆွေစုံစွာ၊ မျှားညီညာတည်း၊ ခေတ်ခါမဟန်၊ မိုးလေ ထန်၍၊ စားဆန်စပါး၊ ရွှေငွေရှားလျက်၊ စီမံကားနိုင်သူ၊ ပွက်ပွက်ဆူအောင်၊ အပူတပြင်း၊ နှိပ်စက်ညှဉ်း၍၊ ရပ်ဆင်းမလှ၊ စိတ်သောကနှင့်၊ နေ့ည ဆင်းရဲ၊ မီးပုံထဲတွင်၊ ထူးကဲကြုံလာ၊ ငါ်သာမဟုတ်၊ ငြိမ်းမချုပ်၍၊ နာမ်ရုပ် ခန္ဓာ၊ မကောင်းပါက၊ သတ္တဝါများ၊ တွေ့ကြိမ် ငြားတည့်၊ တရား သဘော၊ ကိုယ်စီ စောလျက်၊ စိတ်

ဇော ကြည်ရွှင်၊ သုံးလူ့ရှင်၏၊ သိမြင်ဉာဏ်ထူး၊ ပွင့်တော်ဦးက၊ ရင့်ကြူးမြွက်ဟ၊ စီစဉ်ပြသည့်၊ ဓမ္မစကြာ၊ ဒေသနာကို၊ နှုတ်မှာရွရွ၊ ပြန်ဆိုကြလျက်၊ ကာလထပ်ဆင့်၊ စာပွဲ ဖွင့်သည်.... မှတ်လင့်မသေ့ဝါဦးတည်း။

(၁၉၉၂-ခု၊ ဝါဆိုလပြည့်နေ့၊ ရွှေဘုံသာကျောင်း ကျင်းပ၏၊ ရွတ်ဆိုသူမမှတ်မိ)။

**အောင်ဩဘာစာ**

| | |
|---|---|
| အောင်ကျောင်းဟိတ်ကြုံ- | အောင်မျိုးစုံ၍ |
| အောင်ဂုဏ်မြင့်ကြွား- | အောင်ထွန်းဖျားကို |
| အောင်ပြေးမိစ္ဆာ- | အောင်သဒ္ဓါဖြင့်၂ |
| အောင်စွာမြတ်နိုး | အောင်ညွတ်ကျိုး၍ |
| အောင်မျိုးစွဲမင် | အောင်ပွဲယှဉ်လျက် |
| အောင်မြင်သမျှ | အောင်ပွဲရသည့် |
| အောင်ကြသွယ်သွယ် | အောင်သူမယ်ကို |
| အောင်ဘွယ်အတိတ် | အောင်နိမိတ်နှင့် |
| အောင်ဘိသိက်သွင်း | အောင်ဆုနှင်း၍ |
| အောင်ခြင်းမိဋ္ဌာန် | အောင်ဆုပန်ကြ |
| အောင်ရန်ဥသုံ | အောင်ကုံလုံ၍ |
| အောင်ဘုံသီဝ- | အောင်စွာရလျက် |
| အောင်ကြစေဇော | အောင်ဩဘာဖြင့် |
| အောင်စွာရွတ်ဆို | အောင်ရိပ်ခို၍ |
| အောင်လိုသူများ | အောင်တရားဖြင့် |
| အောင်အားထုတ်မှီး | အောင်ပွဲပြီးသည် |
| အောင်ကြီး အောင်ခြင်း | အောင်စေသောဝ်။ |

(စာပြန်ပွဲ သာသနာရေးပွဲတို့၌ နိဂုမ်းသံပိုင်းအဖြစ် ရွတ်ဆိုရန် ရေးပေးတော်မူသည်။ ရေးသားနှစ် မမှတ်မိ။)

**စာပြန်ပွဲပိုဒ်စုံရတုများ။ (တနည်း)**

၁။ ဘဒ္ဒမည်သာ၊ ဤကမ္ဘာ၌၊ ရွှေကြာငါးဆင့်၊ စဉ်တိုင်းပွင့်သို့၊ မြင့်မြတ်ခါကြုံ၊ လူတို့ဘုံဝယ်၊ သံ့ဂုံ့ပ့မ၊ ဝိသေသဖြင့်၊ နာမတံဆိပ်၊ ဘွဲ့ထူး နှိပ်၍၊ ဖြူရိပ်ဝန်တင့်၊ ဖိုလ်ထီး ပွင့်လျက်၊ နန်းမြင့်နိဗ္ဗူ၊ ပိုင်စိုးယူရှင့်၊ နောင်မူတဖြစ်၊

တသိန်းခေတ်ဝယ်၊ ဝဋ်မြစ်ပယ်ခွါ၊ မေတ္တေယျာဟု၊ သစ္စာလေးအင်၊ မှန်သိမြင်သည့်၊ ရှစ်ပင်သဃမ္ဘူ၊ ပွင့်တော်မူလိမ့်၊ နတ်လူစီးပွါး၊ အကျိုးများဘို့၊ ထင်ရှားပေါ်ရ၊ နဝမဟု၊ ခဏကောင်းစွာ၊ သာသနာဝယ်၊ ခန္ဓာယတန၊ ဓာတ်သစ္စနှင့်၊ နာမရူပံ၊ စိတ်တွင်ကြံ၍၊ အဟံ, မမ၊ သက္ကာယကို၊ ပယ်ချရိတ်ဖြတ်၊ ပရမတ်နှင့်၊ ပညတ် သဘော၊ မရောနှောဘဲ၊ လူသောနတ်ပင်၊ ဘယ်သို့ထင်လဲ၊ အမြင်တမျိုး၊ တဉာန်တိုး၍၊ ကြောင်းကျိုးတိတိ၊ ဟုတ်တိုင်းသိလိမ့်၊ ဘ,မိဗိုရာ၊ နုနယ်စွာသည့်၊ မန္တာသက၊ ငယ်ကစ၍၊ ကျနပြုပြင်၊ စာကိုသင်မှ၊ နောင်လျှင်ကြီးမား၊ ဉာဏ်စည်ကားမူ၊ တရားပိုင်နိုင်၊ မယိမ်းယိုင်ဘဲ၊ ခိုင်ခိုင်အယူ၊ သတင်းဖြူလျက်၊ လူသူလေးစား၊ ရိုသေဗြွားလိမ့်၊ ဉာဏ်သွား မျှော်မြင်၊ ဆရာရှင်က၊ လင်းယဉ်ရှာဥုး၊ သာပြန့်ပြူးသည့်၊ ကြည်နူးဘွယ်ရာ၊ ကျောင်းတော်သာ၌၊ မဟာသဘင်၊ စာပွဲဆင်၍၊ ပျော်ရွှင်အားရ၊ စာသင်ကြလျက်၊ ဓမ္မအခြေ၊ လိမ္မာစေသည်....သရေတိုးတက် မြင့်ရန်တည်း။

၂။ သဒ္ဒါကြည်စွာ၊ ချိုအေးသာလျက်၊ သံဝါရင့်ညောင်း၊ ဘယ်ညာပြောင်း၍၊ နတ်စောင်းညှင်းညှင်း၊ စည်းဝါးကျင်းသို့၊ ရင်တွင်းစိတ်ညို့၊ ပီတိပျှိုအောင်၊ နှစ်မြို့ဘွယ်ကို၊ မြွက်ကြားဆိုအံ့၊ ရှေးဟိုအတိတ်၊ ကြောင်းရင်းဟိတ်ဟု၊ နိမိတ်ကမ္ဘ၊ ဇနကကို၊ ဥပထမ်မြှင့်၊ ကောင်းစွာပင့်၍၊ မြတ်မြင့်နွယ်ရိုး၊ ဖွား အဖိုးနှင့်၊ မိမျိုးဘ, ဆက်၊ သမ္မာဘက်မှ၊ ဆင်းသက်ဖြစ်လာ၊ ဤအခါဝယ်၊ ဤရွာ သူများ၊ ဤရွာသားတို့၊ တရားပြည့်ဝ၊ ရတော်စွတည်း၊ မိဘ, ဆရာ၊ ဥာတကာနှင့်၊ ရပ်ရွာဥုးစီး၊ ရွာသူကြီးတို့၊ ထံနီးမှီခို၊ များလူဗိုလ်ကို၊ မိန့်ဆိုသင်ပြ၊ တရားချ၍၊ ပါပညစ်ကျူ၊ မကောင်းမှုမှ၊ ူရင့်နုခွဲဝေ၊ လွတ်ကင်းစေ၏၊ အခြေသေးသွယ်၊ လွန်နုံနယ်သည်၊ ငယ်ရွယ်သူများ၊ သမီးသားကို၊ တိုးပွါးပညာ၊ သိလိမ္မာဘို့၊ ဆရာ့ထံရင်း၊ ပို့အပ်နှင်း၍၊ မကင်းဆန္ဒ၊ စွမ်းလုံ့လဖြင့်၊ နေ့ညမသွေ၊ စာသင်စေ၏၊ မိုးမြေတုန်ဟီး၊ ပွဲတင်တီးမျှ၊ အံ့ချီးမစဲ၊ စာပြန်ပွဲကို၊ ဖြစ်ခဲစွာပင်၊ ကျင်းပဆင်၏၊ တီထွင်လေ့ကျက်၊ သဒ္ဒါဘက်၍၊ ဝတ်တက်စာအံ၊ စာလုံးညံလျက်၊ အသံနိမိတ်၊ ကင်းမဆိတ်တည်း၊ ဗိုလ်ဟိတ်ချင့်စာ၊ ဆင်ခြင်ပါမူ၊ ဤရွာဤရပ်၊ မြဲတင့်အပ်တည့်၊ ဒြပ်သိက္ခာ၊ ပြည့်စုံစွာသည့်၊ ဆရာမြတ်ပေ၊ စ, အခြေသည်.... မသွေ ကျိုးဆက် ရင့်သန်တည်း။

၃။ အဒ္ဓခြည်ဝါ၊ ထက်ဝက်သာ၍၊ သော်တာ စန်းဏ္ဍန်၊ ပုဏ္ဏမိန်၏၊ ရောင်ရှိန်ပြည့်ဝန်း၊ ယုဂန်စွန်းမှ၊ ပေါ်ထွန်းတက်ခါ၊ လက်လက်သာက၊ ကမ္ဘာမြေနေ၊ များဗိုလ်ခြေတို့၊ ရွှန်းဝေတင့်ဆန်း၊ သစ်ပင်ပန်းတို့၊ ရွှင်လန်း

ချမ်းမြ၊ ပွားသုခနှင့်၊ ဆန္ဒကုံလုံ၊ လိုပြည့်စုံ၍၊ အာရုံခေတ်ရင်း၊ ရွှေလမင်းကို၊ ကောင်းတင်းစကား၊ ဆိုမြွက်ကြားလျက်၊ အများထင်မြင်၊ ကျေးဇူးတင်၏၊ ပဘက်ရာ၊ နေစကြာကို၊ ပမာထို့တူ၊ အရေးယူလျက်၊ မည်သူမဆို၊ အားကိုးလို၏၊ ဗဟို ရောင်ဆိုင်၊ တောင်မဏ္ဍိုင်ကို၊ ယှဉ်ပြိုင်လှည့်သွား၊ လ နေလားသို့၊ ဘုရား လ,မင်း၊ ထွက်ပေါ်ခြင်းနှင့်၊ နေမင်းဘုရား၊ ပွင့်တော်ငြား၍၊ တရား လမ်းမှန်၊ ဓမ္မက္ခန်ကို၊ ကေန်တိတိ၊ ဉာန်မျက်စိဖြင့်၊ မြင်သိကြပေ၊ လက်ချိုး ရေသော်၊ ကုဋေအရိယာ၊ မကသာခဲ့၊ ခုခါနောက်ပွား၊ လူအများတို့၊ စိတ်ထားဖေါက်ပြန်၊ ကိလေရန်ကြောင့်၊ ကြွင်းကျန်ဝဋ္ဋတွင်း၊ မိုက်မှောင် ဆင်းလျက်၊ အလင်းမရ၊ ဆင်းရဲကြ၍၊ မောဟတိမ်လွှမ်း၊ ထင်ရာရမ်း၍၊ တစမ်း ဝါးဝါး၊ သွားတိုင်းမှားသို့၊ ငါးပါးအာရုံ၊ ကာမ,မြုံတွင်၊ ခင်စုံမက်မက်၊ ကြောက်,မရှက်ဘဲ၊ အိမ်ဝက် ပိုးမျိုး၊ ရွှံ့,မီးတိုးသို့၊ ဟုတ်နိုး မှားမိုက်၊ အပျော်လိုက်၏၊ စရိုက်ကောင်းစွာ၊ ကျောင်းဆရာကား၊ သမ္မာကျင့်ဝတ်၊ ယွင်းမ ချွတ်,ရ၊ ဓမ္မအမွေ၊ ခွဲယူစေသည်....အခြေဖြိုးလျက် ခွင့်မှန်တည်း။

( စရိုက် ကောင်းစွာ၊ ပေါင်းများစွာကား’ စကြာဓမ္မ၊ ရွတ်ဆိုကြ၏၊ ဓမ္မ အမွေ၊ ခွဲယူစေသည်.... အခြေ တိုးတက် ရင့်စေသောဝ်။ ။ဓမ္မစကြာပွဲ၌ ဤသို့ ပြင်ဆင် ရွတ်ဆိုရ၏။)

(၁၂၉၀-ခု)။

## ခွဲရေး တွဲရေး ညီညွတ်ရေး ဆုံးမစာ

## (လင်းယဉ်သို့ ပေးစာ)

အခွဲအတွဲ၊ သဲအမဲဖြင့်၊ မစဲနှေ့ညး၊ ဆူပူကြ၏၊ ခွဲမှဘဲလျော်၊ တွဲမှ တော်မည်၊ အာဘော်မျိုးမျိုး၊ နှုတ်သံဆိုးနှင့်၊ ရန်ညိုးမာန်တင်း၊ မြန်မာချင်းကို၊ အပြင်းပြစ်ချ၊ ခြိမ်းချောက်ကြ၏၊ ဗြဟ္မဝိဟာ၊ ဝင်အပါတည့်၊ မေတ္တာကင်းဆိတ်၊ ဒေါသဟိတ်ကြောင့်၊ ကောင်းစိတ်ကောင်းဉာန်၊ ယွင်းဖောက် ပြန်လျက်၊ ဒိုမြန်တိုင်းကြီး၊ ဂြိုဟ်ဆိုးစီးသို့၊ တုန်ဟီးရုတ်ရုတ်၊ တိုင်းလုံးလှုပ်၏၊ အဟုတ်အမှန်၊ ပင်ကို ဉာန်ဖြင့်၊ ကေန် သိလျှင်း၊ ပြစ် မကင်းတည်း၊ ရှာလင်း, မိုးသောက်၊ နယ် တလျှောက်လည်း၊ ထွင်းပေါက် ခြားသီး၊ မြန်ပြည်ကြီးမှ၊ ·အပြီးမက္ခာ၊ ဝင်အပါမို့၊ ပညာ သတိ၊ ရှိကြီး ရှိဘို့၊ ကဝိ ဇာခိုရ်၊ ရွေးထက် လို၏၊ အဆို အပြော၊ သူ့,အဟောဖြင့်၊ဟုတ်လောဟုတ်နိုး၊ ဉာန်နောက် ပိုးကား၊ ကောင်းဆိုး ဝေဘန်၊ ဘယ်နည်း မှန်လိမ့်၊ ဟိတ်ဟန်မောက်ကြွား၊ လေလုံးထွားလျက်၊

စကား ဗွက်ကြမ်း၊ ထင်ရာရမ်း၍၊ ကမ်းလပ်းမရှယ်၊ ယောင်သုံးဆယ်နှင့်၊ မဖွယ်ချိုသူ၊ ငါသို့ယူဟု၊ နည်းမူမကျ၊ ဆိုပြောပြ၏၊ ငို့ဘ ဆရာ၊ လူလေညာတို့၊ မုသာ မကင်း၊ သဗ္ဗပ် သွင်း၍၊ အဖျင်းစကား၊ ပြောလှည့်ငြားလည်း၊ မှန်မှားထောက်ချင့်၊ ပြည့်ရှာခွင့်ကို၊ ယုံသင့်မှ ယုံ၊ လွဲမပုံနှင့်၊ လုံးစုံရှာသား၊ မကွဲပြားပဲ၊ တရားဖြောင့်စင်း၊ သူကြီးမင်းနှင့်၊ စိတ်တွင်း ကိုးစား၊ ဘုန်းဘုရားတို့၊ တသားတည်းသာ၊ ပေါင်းညီညာမှ၊ ရှည်ကြာ ကာလ၊ ချမ်းသာကြမည်.... ဆန္ဒကောင်းရာ တူစေသော်ဝ်။

အင်္ဂလိပ် လူမျိုးတို့ အုပ်ချုပ်စဉ် ၁၂၉၃–ခု၊ မြန်မာပြည် အခွဲ့အတွဲ ကိစ္စ ပြဿနာ ပေါ်ပေါက်လာရာမှ ဆုံးမစာ တပုဒ် ဖြစ်၏။

---

## သစ္စာ လေးပါး သံချပ်များ

စစ်ကိုင်း မြောက်, ဆားတောင်ရွာကြီး အရှေ့ လင်းယဉ် ၅–ရွာ၏ အနောက်မြောက် ကုန်းမြင့်ပေါ်၌ ကျန်စစ်သား တည်ထား ပူဇော်ခဲ့သော "သစ္စာရွှေဂူစေတီ" ဘုရားပွဲတော်ကြီးတွင် လင်းယဉ်(ရွှေယဉ်) သူငယ်အဖွဲ့တို့ တီးစိုင်းမှ ပေါ်ထွက်လာသော သစ္စာသံချပ်များ။

(ဆရာတော်ကြီး ငယ်ငယ် ဦးပဥ္စင်းဘဝ၌ ရေးစပ်ခဲ့သည်၊ ရေးသားနှစ် မမှတ်မိ)။

၁။ လူနတ်အများ ပူဇော်ရာ၊ ရွှေဂူသစ္စာ လောကထွင့်ဖျား၊
၂။ တောင်တော်ဦးမှာ ကြည်နူးဘွယ်၊ လေးရပ်ရှစ်နယ် ဖူးရထင်ရှား၊
၃။ နှစ်စဉ်မပျက် ပွဲကြီးဆင်၊ စေတီယင်မှာ ကျင်းပညွှတ်တွား၊
၄။ ရွှေဂူဘုရား ပွဲတော်မှာ လေးသစ္စာနဲ့ နွဲလိုက်ကြစို့၊
၅။ သစ္စာတရား ဓိပ္ပါယ်ကို၊ က,အဆိုနဲ့ သိစိမ့် မမှား၊
၆။ သစ္စာလေးရပ် ကိုယ်စီသင်၊ သရုပ်မြင်တဲ့ ရွှေယဉ်သားပဲ၊
၇။ ဘဝသုံးပါး ဝဋ္ဋခန္ဓာ၊ ဒုက္ခသစ္စာ ဆင်းရဲ အချုပ်၊
၈။ ဒုက္ခမျိုးမျိုး စီရင်ဖန်၊ လောဘမူမှန် သမုဒယ၊
၉။ ဆင်းရဲခပ်သိမ်း ငြိမ်းချုပ်ကွာ၊ အမြတ်သစ္စာ၊ နိရောဓဘဲ၊
၁၀။ နိရောဓသို့ ရောက်ကြောင်းမှာ၊ မဂ္ဂသစ္စာ ကုသိုလ်တရား၊
၁၁။ ပိုင်းခြား ယှဉ်မှု မျက်မှောက် ထင်၊ ပွားများ သိမြင် ကိစ္စခြားနား။
၁၂။ တဆယ့် ခြောက်ပါး ကိစ္စမှာ၊ မဂ် လေးဖြာနှင့် ဆင့်ဆင့် မြောက်ပွား၊

၁၃။ အဆို့အက စိတ်ကောင်း ဝင်၊ ရှစ်ပါး မဂ္ဂင် ကင်းမလွတ်ဘူး၊
၁၄။ ကမ္မ ဆိုမှု ဉာဏ် မက္ခာ၊ ကုသိုလ်မဟာ တိဟိတ်တမျိုး၊
၁၅။ လောဘ ဒေါသ မြူမတင်၊ မောဟစင်တဲ့ ဥက္ကဋ္ဌဇော၊
၁၆။ ပီတိသုခ အမြဲပါ၊ နှစ်သက်ဝမ်းသာ ဇောစိတ်အထူး၊
၁၇။ သဒ္ဓါထက်လို့ စိတ်ဖြူစင်၊ မဏိမျက်ရှင် နှိုင်းတော့မလွဲ၊
၁၈။ ရွာပြိုင်ပွဲမှာ အကဲသာ၊ ဗုဒ္ဓပူဇာ ဖြစ်ဘို့စိတ်ထား၊
၁၉။ ဆို့အကနှင့် ကန်တော့ဆင်၊ သစ္စာရှင်ကို ဦးခညွတ်တွား၊
၂၀။ က့ယင်း ဆိုယင်း တရားပါ၊ ယဉ်ပွေ့မူရာ ဘယ်ရပ်သားလဲ၊
၂၁။ ကြီးငယ်အများ ရွာလုံး ယဉ်၊ တရားယှဉ်တဲ့ ရွှေယဉ်သားဘဲ။
၂၂။ အယဉ်မှုကို တုမယ်လာ ရွှေယဉ်ရွာ ကို ဝေးကရှောင်ကြ၊
၂၃။ လောကီ လောကုတ် ယဉ်ဘို့ရာ၊ ရွှေယဉ်ရွာဟာ ခေါင်က အချုပ်၊
၂၄။ ကိုယ်မှု နှုတ်မှု နှစ်ပါး ယဉ်၊ စိတ် အစဉ်မှာ နူးညံ့ ပြေ့ပြောင်း၊
၂၅။ သောတာပန်နဲ့ အရိယာ၊ ကျင့်ဆဲသိက္ခာ ဆိုသင့်ပါရဲ၊
၂၆။ ရွှေဂူပွဲမှာ ဆုထူးပန်၊ မဂ်ဖိုလ်နိဗ္ဗာန် ရဘို့မဝေး။

---

**ရှင်ပြုမင်္ဂလာ ရတုကဗျာ။**

**ရှီးရတု (က)**

၁။ ရွှေယဉ်ရွာဦး သာပြန့်ဖြူးသည့် တင့်ထူးကြက်သရေ….၊ ပင်ခြေအုပ်ဆိုင်း ဝန်းရံပိုင်းသည် ညို့မှိုင်း ကုန်းတော်မြေ တည်း….။

၂။ ရှုကြည့်လေက ထွေထွေအံ့ဘွယ်ရာ….၊ နိမ့်မြင့်ယှဉ်စပ် ဤမြေရပ်မှာ သုံးထပ် ဆင့် အလှသွားတည်း….၊

၃။ ရှေးအခါလျှင် ကမ္ဘာစ့တည်ရင်း….၊ သုဒ္ဓဝါသာ ဘုံပြဟ္မာသည် ကြွလာတည်ဖန်ဆင်းထင့်. ..၊

၄။ မှန်မယွင်းဟု ထင်လင်း ဆိုသင့်ဘွယ်….၊ သာသနာ စည်ကား တိုးတက် ပွားသည် များပြားလွန်ကြီးကျယ်ခဲ့….၊

၅။ အံ့သြဘွယ်ပ ဆက်သွယ် ဆုရေရေ….၊ ကုန်းတော် မြေမြင့် အသရေတင့် အောင် ရှင်ပင့်စေတီပေတည်း….၊

၆။ ရွှေရပ်မြေတွင် တည်နေ ကျောင်းတော်ကြီး….၊ ပြာသာဒ် ဘုံဆောင် ဆင့်ကဲ မြောင်သည် များမြောင် ရှုမညီးဘူး….၊

၇။ ဘုန်းဂုဏ်ကြီးသည့် ထေရ်သခင်....၊ ကျောင်းနယ် အုပ်စိုး လွှမ်းချုပ် မိုးသည့် တန်ခိုးထင်ပေါ်လွင်၏....၊

၈။ တရားမြင်သည့် လူရှင်များထိုထို....၊ သဒ္ဓါမြတ်နိုး ရိုညွတ်ကြိုးသည် အားကိုး လွန်ကြည်ညို၏....၊

၉။ ပြဟ္မစိုရ်နှင့် စိတ်ကိုမြဲမကွာ....၊ နီးဝေးမခြား လူအများကို ရင်သား ပုံပမာသို....၊

၁၀။ တည်သဒ္ဓါနှင့် ရှည်ကြာဝတ် ပြည့်စုံ....၊ ကိုယ်ကျိုး သူကျိုး ဆောင် သည်ပိုးသည် ကျင့်ရိုးသိက္ခာလုံ၏....၊

၁၁။ (အချ) ဘုန်းဂုဏ် တင့်ဖြိုးဝေတည့်လေး....၊ နီးဝေးနေသူ များဗိုလ်လူ ကို ကြည်ဖြူအုပ်စိုး ပေတည့်လေး....၊

## ရှိုးရတု နိဂုံး (အချီး)

၁၂။ သစ်သမ္ဘာ မေတ္တာပွား, တရားကျင့် မြဲမကွာ၊ ဓမ္မက္ခန်, မှန်အခြေပ၊ ရံခြွေရေ နယ်တခွင်၌၊ စကြာရှင် ပမာချုပ်၊ ထိန်းအုပ်ရှည်ကြာ၊ ထေရ် မဟာ ပြည်ရွာကမြတ်နိုး၊ လှည့်ဝိုင်းကာ ကြည့်တိုင်း လွန်သာယာလို့ သာသနာ ထိန်ထိန်ညီးသည့်၊ ရွှေယဉ်ရွာ ကျောင်းတော်ကြီးကို၊ မှီးခန့်ပိုင်စိုး။

## ရှိုးရတု (ခ)

၁။ ကျောင်းကြီး သခင် မြတ်အရှင်၏ ဂုဏ်အင်ပေါင်း များစွာ....၊ ဆိုသင့် ဆိုထိုက် ခါကြုံကြိုက်သည် နားစိုက်မှတ်ယူပါလော့....၊

၂။ မျိုးဘာသာနှင့် ပညာဂုဏ်အရောင်....၊ သာသနာ့ တည်ကြောင်း နည်းလမ်းကောင်းကို စုပေါင်း မြဲရွက်ဆောင်၏။

၃။ နှစ်များမြောင် လွန်ပြီးခါ....၊ နေ့ညဥ့်မပြတ် လှည့်လည် ပတ်အောင် မလပ် သင် ပညာနှင့်၊

၄။ မြတ်ဆရာကြောင့် လိမ္မာ ကြီးပွားသူ....၊ ရာပေါင်း ထောင် ပေါင်း ရေတွက်ရှောင်းမူ သိန်းသောင်းမကဟူ၏၊

၅။ ခုခါမူ ပိုသဒ္ဓါ....၊ ကရုဏာဆင့် မေတ္တာပွင့်သည် မြတ်မြင့်ကြီးပညာနှင့်၊

၆။ သာသနာနှင့် ဘာသာကျက်သရေ....၊ ပညာအမျိုး ဂုဏ်သိရ် တိုးသည် တင့်ဖြိုးမိုးသီးကြီး စေသို့၊

၇။ နောင်မသေ့လျှင် သက်သေတင် ဥဒါန်း....၊ ကုဋေသချာ နှစ်ပေါင်းကြာအောင် ဘယ်ခါ ကုန်မခန်းသို့၊

၈။ နိဗ္ဗူမှန်း၍ လှူဒါန်း ဆုယူပန်....၊ ပါရမီထူး ဖြည့်ဆည်းပူးသည် ကြည်နူး ဗုဒ္ဓကျွံသို့၊

၉။ နတ်သင်္ချမှုနှင့် စင်ဖြူလှ တင့်တယ်....၊ သမ္ဘာရင့်ညောင်း မောင်ရင်လောင်းမှာ ကံကောင်း လွန်ကြီးကျယ်ပေ့၊

၁၀။ အံ့သြဘွယ်က လေးသွယ် သမုဒ်သင်....၊ သာသနာ စက် မြင့်ရာဘက်သို့ လှမ်းတက် ယနေ့ ဝင်လိမ့်၊

၁၁။ (အချ) အောင်မြင်ကောင်း ဟိတ်ဆုံတည့်လေး....၊ ရှင်ပြုမင်္ဂလာ ပြည့်စုံစွာသည်....ချိန်ခါသိဒ္ဓိ ကြုံတည့်လေး....။

ရှိုးရတု နိဂုမ်း (အချိုး)

၁၂။ မင်္ဂလာ ပြောင်ဟိတ်နှင့် အောင်နိမိတ်ခါကြုံ၊ ဖန်ဝတ်လှာ ရွှေရောင်ဆင်းနှင့်၊ ရှင်လောင်းမောင် လဲ့လဲ့ဝင်း တို့ကို၊ သာကီနွယ် အရောက်သွင်းတော့မယ် မင်းရာဟုပုံ။ လှူမျိုးရယ်စုံ ဖုံဖုံပ လွန်ကဲ။ အရိယာနွယ်တော်ဝင် ထေရ်သံဃာနှင့်၊ ရပ်ရွာပေါ် ခြိမ့်ခြိမ့်အုံးသာပ.... ထေဝမနာ, သြဘာမဆုံးနိုင်ဘူ့ ဘုန်းဘုရားပွဲ။

ပေါ်ပြအပ်ပြီး ရှိုးရတုများ ကိုလည်း သက်ရှယ် ယဉ်ယဉ်မှာပင် ဆရာတော်ကြီးသည် သာသနာ စည်ပင်ဝမ်းမြောက်ရေးအတွက် ဘုန်းကြီး ကျောင်းသားများ ရေးစပ်ပေးခဲ့သည်။

လင်းယဉ်, ရှမ်းကုန်းကျောင်းကြီး သူငယ်ကျောင်းသားများ၊ ကုန်းကြီး, ရွာသစ်, ရွှေဘုံသာ ကျောင်းသားများ၊ ကြခတ် ကျောင်းသားသူငယ်များ နှစ်ပေါင်းများစွာ ရှင်ပြု အလှူပွဲများ၌ ဤရှိုးထိုးရတုများ ဆိုကြသည်။

## စာပြန်ပွဲ အသင်းသူတို့၏ ဝတ္တရား။

၁။ ရွှေယဉ်ရှာဘူး ပြန်ပြူးရိပ်ခွင်၊
ညာန်မြင်ကြီးမား တည်ထားကျောင်းတွင်၊
ပညာသင်ဘူး ဂုဏ်ထူးပန်ဆင်၊
မျိုးသမီး သင်းကြီးအဖွဲ့ဝင်။

၂။ အသင်းဝင်များ လိုက်စားကျင့်ဘွယ်၊
ပရိယတ်လမ်း စာကျမ်းသွယ်သွယ်၊
သာသနာသုံးရပ် ဆက်စပ်တင့်တယ်၊
အရှည်ခံ့ တည်တံ့စေဘို့ရှယ်။

၃။ ကျမ်းစာအမျိုးမျိုး သင်ရိုးစသည်၊
ညာန်စွမ်းမယုတ် အားထုတ်ရမည်၊
ဓမ္မခန်ပေါင်း ကိန်းအောင်းပွားစည်၊
နှုတ်သျှာများ တရားကိုယ်စီတည်။

၄။ ဤရွှာ ဤရပ် မှီကပ်သန္ဓေ၊
ပါရမီပြည့်ကြောင်း ဆုတောင်းဘက်တွေ၊
ညာန်ရှယ်ယေ်ကြ ညီမ ထွေထွေ၊
ကြောင်းကျိုးညွှန်း တိုက်တွန်းစာသင်စေ။

၅။ သင်သူချင်းချင်း ပိုသွင်းမေတ္တာ၊
တရားမလွှတ် ကျင့်ဝတ်မြဲစွာ၊
ရေမြင့် ကြာမြင့် ဆိုသင့်ပမာ၊
သက်ရှယ်ရင့် လန်းပွင့်စာပညာ။

၆။ ဆရာသမား ဟောကြားသွန်သင်၊
စာပေသင်ပြ နန္ဒဂုဏ်ရှင်၊
ကျေးဇူးတော်ရပ် တုန့်ဆပ်သည့်သွင်၊
ကျောင်းသူသင်း မငြင်း ကြည်ညိုဝင်။

၇။ နှစ်စဉ်စာပွဲ အမြဲဆင်ယင်၊
ကိုယ်တိုင်ဝင်ရောက် ချီးမြှောက်ခစချင်၊
မျိုးသမီးသင်း ထိန်းလင်းဂုဏ်အင်၊
ပညာခတ် နာဂတ်မှတ်တမ်းတင်။

၈။ ရာဇဝင်ဇာတ် နိပါတ်ကျမ်းဂန်၊
မိန့်မှာအတိတ် ဗျာဒိတ်ဆုပန်၊
လောင်းလျာအမျိုးမျိုး ကျင့်ရိုးလမ်းမှန်၊
အသင်းဖွင့် မှည့်ရင့်ဗောဓိ ဉာဏ်။

၉။ သာသနာရေး မြတ်လေးကြီးကျယ်၊
လူ့ရှင်ရဟန်း ရှင်လန်းတင့်တယ်၊
သူ့အောက်မယုတ် အားထုတ်သွယ်သွယ်၊
ချီးမွမ်းအပ် ဒို့ရပ် ဒို့ရွာနယ်။

၁၂၉၇-ခု၊ တန်ကူး လပြည့်ကျော် ၃-ရက် ရေးစပ်သည်။ လင်းယဉ် ၅-ရွာ ဆရာညွှင်းကျောင်းသူ ကလေးများ သံပြိုင် သံကျယ် ညီညာ ရွတ်ဆို ကြရသည်၊ တရွာမှ တရွာဆက်၍ ကြခတ်ရွာ၊ ဝက်လက် မင်းရွာ၊ မိညိုကုန်းစသည်.... ထိုနှစ်ဆီ၌ ယင်းကဗျာသံများ ကြားခဲ့ဘူးသတတ်။

**ဝိသုဒ္ဓါရုံ စာမေးပွဲ ဘွဲ့နှင်းသဘင်၌ လှူဒါန်းသော**

**ပါဠိဇောတက ပဒေသာပင်။**

၁။ ဝိသုဒ္ဓါရုံ၊ တိုက်ရွှေဘုံ၏၊ အာဂုမ်ပြန်ပွဲ၊ ဆင်နွှဲပူကြ၊ ရေးဖြေကြ၏၊ နယထူးလည်၊ လင်းရောင်ကြည်၍၊ မြန်ပြည် သတင်း၊ ထိန်ထိန်လင်းခဲ့၊ မူရင်း ကြောင်းမှန်၊ သမုဒ္ဒာန်ကို၊ တုတ်ပြန်တင်ပြ၊ ဘော်ညွှန်းရမူ၊ ဘဝနတ်နန်း၊ ကြွချီမြန်းသည့်၊ သိန်းသန်း သံဃာ၊ တို့ဆရာတည်း၊ သိက္ခာကာမီ၊ ကျင့်ရိုး ညီသည့်၊ လဇ္ဇီမှိုရာ၊ ထေရ်မဟာကား၊ မဟာဝိသုဒ္ဓါ၊ ဂုဏ်ကြွယ်ဝလျက်၊ ပိဋကပါရဂူ၊ သင်းပျံ့ကြူသည်.... သွင်မူသေက္ခာ ဇာတ်နွယ်တည်း။

၂။ ဝိသုဒ္ဓါရုံ၊ တိုက်ရွှေဘုံ၏၊ လုံးစုံသတ်မှတ်၊ ပိဋကတ်ဝယ်၊ သိတတ်စေငှာ၊ နည်းစုံစွာဖြင့်၊ ပညာနုရင့်၊ ထောက်မျှော်ချင့်၍၊ ဆင့်ဆင့်သဘင်၊ ကျင်းပဆင်လျက်၊ နတ်ခွင်ကြွသွား၊ တော်ဘုရား၏၊ မှတ်သား စိတ်စွဲ၊ ထိမ်းမှတ်ပွဲကို၊ အမြဲတန်းမြှင့်၊ နှစ်စဉ် ဖွင့်၏၊ မြတ်မြင့်သဒ္ဓါ၊ ကိုယ်စီပါလျက်၊ ပညာရေးမှီ၊ သုတေသီတို့၊ တူညီစိတ်မှန်း၊ ပျော်ရွှင်လန်း၍၊ အောင်ပန်းဆွတ်ချူ၊ အောင်ဆုယူသည်.... မြင်သူခတ်မှာ မှတ်ဘွယ်တည်း။

၃။ ဝိသုဒ္ဓါရုံ၊ တိုက်ရွှေဘုံ၏၊ ဖူးငုံညွန့်လွင်၊ မြင့်ရေးပြင်သည့်၊ စာသင်ယော်များ၊ စည်ကြီးပွားဘို့၊ တရားစာတ်ရှိ၊ စွမ်းသတ္တိဖြင့်၊ ပါဠိဇောတက၊ ဘွဲ့မည် သ, သည့်၊ ဓမ္မသင်းဝင်၊ ရဟန်းရှင်တို့၊ သဘင်စာပွဲ၊ အောင်ပန်းဘွဲ့လျက်၊ ဆင့်ကဲသတ်မှတ်၊ အောင်မြင် လတ်၍၊ နာဂတ်ပြတ်လူ၊ တက်လိမ့်သူကို၊ ကြည်ဖြူမြတ်နိုး၊ မျှော်အားကိုးလျက်၊ သီးမျိုးစုံစွာ၊ ပဒေသာဖြင့်၊ သဒ္ဓါညီတူ၊ ချီးမြှင့်လှူသည် .... စင်ဖြူမေတ္တာ ဓာတ်သွယ်တည်း။

အမှာ။ ။၁၂၇၃-ခု၊ နှစ်လောက်မှစ၍၊ ၁၃၀၃ - ခုအထိ ဒုတိယ ကမ္ဘာစစ်ဆီ အရောက် နှစ်စဉ် သိတင်းကျွတ် လပြည့်ကျော် ၁-ရက်မှစ ၅-ရက်တိုင်တိုင် ' ဝိသုဒ္ဓါရုံ အထိမ်းအမှတ် စာပေးပွဲ'' ကို ဝိသုဒ္ဓါရုံနာယက ဆရာတော်များ ကြပ်မတ်ပြုလုပ်ခဲ့ကြ၏။

၁၂၉၇-ခု၊ ယင်း စာပွဲအောင် ချီးကျူးဂုဏ်ပြုပွဲ အခမ်းအနား ကျင်းပရာ နတ်တော်လဆန်း ၅-ရက်၌ ရေးသား စပ်ဆိုပေးခဲ့သည်။

(၁၂၉၇-ခု၊ နတ်တော်ဆလန်း ၅-ရက်)

---

၁၃၀၀-ခုနှစ် တပေါင်းလတွင် စံကင်းရွာ ရှင်ပြုမင်္ဂလာအလှူပွဲကြီး တခု၌ ဘတ်ကြားရန် ရေးသားပေးခဲ့သော

'' ဩဘာစာ ''

ရတနာမကုဋ၊ မဟာအတုလ၊ လောကိဿရ၊ ဓမ္မိဿရ၊ အနန္တဂုဏ် အရှင်.... ဉာဏ်မြင်ကဲလွန်၊ သူမွန်သုခမိန်၊ ပညိန္ဒြေလျှံဖြာ၊ မဟာပဏ္ဍိတ်၊ ဇာနည်ဝိဇ္ဇတို့၊ မဆိတ်အမြဲ၊ မှီဝဲဆည်းကပ်ရာအရှင်.... သုံးခွင်ရာဇင်း လူမင်း, နတ်မင်း, ဗြဟ္မာမင်းတို့ ဝပ်စင်းလျှိုးငိုက် ဥူးဖြင့်တိုက်၍ ညွှတ်ခိုက်ပူဇော်ရာဘုရင် လောကဓာတ်ဘုံ အပြင်ဝယ် အရှင်, သခင်, ဘုရင်အချုပ် အနုတ္တရ, ရာဇိန္ဒရာဇာ, သမ္မာသမ္ဗုဒ္ဓ, သကျမုနိ, မာရဇိတ္တွတ်ဖျား၊ ဘုရားမြတ်စွာ၊ စိန္တေယျာသည်....သချာသင်္ချေ, တွက်ရေမရ, ကမ္ဘာ့ကမ္ဘာ, များပြားစွာ၌၊ အို,နာ,သေ,ဘေး၊ ရစ်ထွေးယှက်သန်း၊ လွန်ပင်ပန်း၍၊ ညှိုးနွမ်းဆင်းရဲစွာ၊ သံသရာဝဋ်ထောင်ဝယ်၊ ဖွဲ့နှောင်လှောင်သွင်း,အကျဉ်းခံနေရသော ဒုက္ခိတသတ္တဝါ ဝေနေယျာအများ အကျဉ်းသားတို့ကို သနားကြင်နာတော်မူလှသော မဟာကရုဏာတော်ဖြင့်....

၁။ ငါသော်မချွတ်, သံသာဝဋ်က, လွတ်ကင်းရမူ, နတ်လူကိုလဲ, ငါနှင့်မသွေ, လွတ်ကင်းစေမည်။

၂။ ငါသော်တယောက်, သံသာချောက်မှ, ကူးမြောက်ရမူ, နတ်လူကိုလဲ, ငါနှင့်ထွင်းဖေါက်, သံသရာချောက်မှ, ကူးမြောက်စေမည်။

၃။ နိဗ္ဗာန်ရိက္ခာ, အရရှာ၍, သစ္စာပန်းခိုင်, ငါလျှင်ပိုင်က, သုံးခရိုင်သူ, နတ်နှင့်လူကို, ငါ့တူမသွေ, ပန်ဆင်စေမည်။

တည်ကြည်မြဲမြံစွာ ရင့်ရဲသော ဆုပတ္ထနာဖြင့် ဆယ်ဖြာ ပါရမီ, ငါးလီစာဂ, စရိယသုံး, ကျင့်ထုံးမွေ, သမ္ဘာရကို ငယ်စ အဆုံး၊ ငှက်ငုံး, ယုန်မြတ် တိရစ္ဆာန်ဇာတ်တို့၌ပင် လောကဓာတ်အလုံးချို၍ ကပ္ပဋ္ဌိ မှတ်တမ်း ပြုရအောင် ဒါနမှု သစ္စာခန်းတို့ဖြင့် ဥဒါန်းတော် တွင်မည်သူ့ပဲ၊ တင့်တိုး ပွင့်လင်း စေတော်မူခဲ့လေသည်။

ကိုယ်တော် ကျိုးမဖက်၊ သတ္တဝါတို့ အတွက်ဖြင့်၊ အဆက်ဆက် ကမ္ဘာ၊ များလှစွာသော ယုတ်မြတ်ဘဝတို့က သမ္ဘာရဗောဓိမျိုးကို စိုက်ပျိုးတော်မူပြီး၍၊ အံ့ချီးဘွယ်စုံ၊ ဘုန်းဂုဏ်ပိုင်းနှင်း၊ ရဟန်းမင်းအစစ်၊ ဘုံသုံးပါးမှာ ဘုရားဖြစ်က၊ ဝဋ်မြစ်နှစ်မြွာ၊ အဝိဇ္ဇာနှင့်၊ တဏှာရစ်းတည်၊ မပြတ်လည်သည့်၊ ဖွဲ့ချည်ထွေးယှက်၊ ရဟတ်စက်ကို၊ ပယ်ဖျယ်နိုင်ငြား၊ နှစ်သားပြည့်ကြွယ်၊ သုံးသွယ်ပိဋကတ်၊ ဓမ္မဝိနယာ၊ ဒေသနာမြတ်တရားကို ဟောကြားတော်မူပြီးခါ, နောင်လာ နောက်သား အကျိုးများဘို့၊ ပိုင်းခြားသေချာ၊ နိယျာနိက၊ ဗုဒ္ဓအာဏာ၊ သာသနာကို၊ ကောင်းစွာ တည်ထားတော်မူလေသည်။

ယင်းသို့ထင်ရှား၊ တည်ထားတော်မူရာ သာသနာကို၊ သဒ္ဓါဓာတ်ညီ၊ ခိုမှီကိုးစား၊ တရားအသင့်, ချီးမြှင့်ပြုစုလိုကြသော (**စံကင်း**) သူကြီးမင်း**ဦးဘခင်**နှင့်၊ ဉာန်မြင်တူညီ ပါရမီဖြည့်ကျမ်းတော် သူကြီးကတော် **ဒေါ်ငြိမ်းမယ်**တို့သည်၊ ရှစ်သွယ်အံ့ရာ၊ သာသနာကို၊ ရှည်ကြာတည်ကြောင်း၊ စိတ်ကြံကောင်းဖြင့်၊ မြင့်ညောင်းရွေးခါ၊ ဆုထူးပါ၍၊ သမ္ဘာပြည့်စုံ၊ ကံဟုန်ကဲသာ၊ သားရတနာချစ်မည်း၊ **မောင်မောင်ကြီး, မောင်တင်ဟန်** တို့ကို လူ့ထံကိစ္စ၊ မကြောင့်ကြဘဲ၊ ဗုဒ္ဓရင်နှစ်၊သားချစ်ပြီစေ၊ သာမဏေဟု၊ကောင်းမွေယူထား၊ မဟိန္ဒမင်းသားသို့၊ မြောက်စားပို့တင် သာသနာဝင် ရှင်ပဗ္ဗဇ္ဇာ၊ ဒုလ္လဘကို၊ အရယူစေကာ မင်္ဂလာအလှူပွဲကြီးဖြင့်၊ ပြော၍မပြီး၊ အံ့ချီးသံဟုန်၊ သိမ့်သိမ့်တုန်မျှ၊ ဂုဏ်နှင့်ဒြပ်၊ ညီညာစပ်အောင်၊ မဏ္ဍပ်ကြီး အလယ်မှာ၊ တင့်တယ်ဖွယ်ရာ၊ သာသနာပြု၊ ကောင်းမှုတရားပွားများ ဖြည့်ကျင့်ကြလေသည်။

## သာသနာပြု ကောင်းမှုပွဲရာ
## မင်္ဂလာ အခမ်းအနားဌ်

၁။ ဘုရား, တရား, သံဃာအားဖြင့် သုံးပါးသော ရတနာကို သဒ္ဓါစွမ်း အလျောက် ချီးမြှောက်ပူဇော် အလှူတော်အရပ်ရပ်ကို ဆက်ကပ် လှူဒါန်းကြခြင်း။

၂။ သားချစ် သည်းချာ ရတနာတို့ကို ဖန်ဝါဆင်မြန်း ဝတ်သက်န်းဖြင့် တင့်ဆန်းဘွယ်ရာ သာကီယဇာတ် မြင့်မြတ်သော သာမဏေအဖြစ်သို့ ပို့တင်ကာ ဓမ္မာနုဂ္ဂဟ သာသနဒါယာဒကုသိုလ်ထူးကို ဆည်းပူး ပွားများ ကြခြင်း။

၃။ ကလျာဏမိတ္တ ဉာတိသင်္ဂဟ များလှ စုပေါင်း မိတ်ဆွေချစ် သူတော် ကောင်းတို့ကို ကောင်းမြတ်သော အာဟာရ, ပဏီတခဲဘွယ် ဘောဇဉ် တို့ဖြင့် ပြုပြင်မြတ်လေး ကျွေးမွေး ဧည့်ခံခြင်း။

၄။ အရိယာနွယ်ဝင် ထေရ် အရှင်တို့၏ စီစဉ် ဟောပြ ဩဝါဒကထာ, ဒေသနာမိန့်တရားကို နာကြားခံယူ ကြည်ဖြူရှင်ပျ မှတ်သား ကျင့်ကြံ ကြခြင်း....ဤသို့ စသဖြင့် နယ်ပျာနိက ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး နှင့် ဆက်သွယ်၍ ကြီးကျယ်မြင့်မြတ်လှ‌သော ဓမ္မာနုဂ္ဂဟ, သာသနာ နုဂ္ဂဟ ကုသိုလ်ထူးကို ဆည်းပူးဖြည့်ကျင့်ရာ မြန်မာတို့နှစ် သကရာဇ် ကောဇာမှာ—

(က) ထောင့်သုံးရာမှို၊ မိန်ရာသီ၊ တိထိ နှစ်ရက်စွန်း၊
(ခ) ရှင်ပြုသဘင်၊ ကျင်းပဆင်၊ စည်ပင် ခြိမ့်ခြိမ့်မွှန်း။
(ဂ) ရပ်ဆယ်မျက်နှာ။ သတင်းဖြာ၊ ရောင်ဝါ နေသို့ထွန်း။
(ဃ) အားရဲပျော်ရှင်၊ ဥဒါန်းတင်၊ အစဉ် နောင်မေ့ကွန်း။
(င) အလှူပွဲကြီး၊ လုံးစုံပြီး၊ ကောင်းချီး ဆော်စည်ယွန်း၊

နှုတ်ခွန်းအဆင့်ဆင့်၊ ကျူးရင့်ညီးည၊ အသံဂရက်၊ ပျံ့နှံ့တက်၍၊ ဘဝဂ်ကျ အောင်၊ သဗ္ဗသတ္တာ၊ ဝေနေယျာတို့၊ ထောမနာစကား, မြွက်ကြားရှင်ပျော်၊ သာဓုအနုမောဒနာ ခေါ်ယူကြရသဖြင့်၊ ကာလ, ဒေသ, ဌာနရွေးစစ်၊ ယခုခေတ် ၌၊ ဖြစ်နိုင်ခဲဘွယ်၊ ဆန်းကြယ်ကြီးမြတ်သော အ,သဒိသ, ဓမ္မဒါန, ပဗ္ဗဇ္ဇမင်္ဂလာ, မဟာအလှူပွဲသဘင် ကြီးသည်၊ လုံးစုံပြီးစီး သြဘာသံဟီး၍၊ အောင်စည်တော် ခတ်တီး, အုံ့မပြီးအောင်—အောင်ကြီးအောင်မြင်ခဲ့လေသတည်း။

## ရဟန်းခံ အနုမောဒနာပြုစာတမ်း

(၁၃၀၃–ခု၊ တပို့တွဲလ ဟေန်းခံပွဲတခု၊ ကံဆောင်ရက်နေ့ သိမ်အတွင်းမှာပင် အမြန်ရေးလျက် ဆောင်စာအဖြစ်ဖြင့် ဖတ်ခစေတော်မူခဲ့သည်)။

စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဒိဝါကရောဝ ဒိဗ္ဗတု၊
ဒေတု သော သီတလံ မာဝ၊ ဇနာ ဂဏှန္တု တဒ္ဒယံ။

သဒ္ဓမ္မော– သခေျာကမ္ဘာ, ရှည်မြင့် ကြာမှ, ပေါ်လာ ထင်ရှား, မြတ်ဘုရား၏, ရှစ်ပါးအံ့ရာ, ဗုဒ္ဓဘာသာ, သာသနာတော်ကြီးသည်။ စိရံ–နေ့–ရက်, လ–နှစ် လှည့်ရစ်များစွာ ရှည်မြင့်ကြာအောင်။ တိဋ္ဌတု– သီလ, သမာ, ဓိပညာကို ကောင်းစွာပြပေ ထင်ရှား တည်နေတော် မူပါစေသတည်း။ သော သဒ္ဓမ္မော– သိက္ခာသုံးဆင့် စဉ်တိုင်းမြင့်၍ မဂ်နှင့်ဖိုလ်ပေါက် နိဗ္ဗာန်ရောက်အောင် ချီးမြှောက်ပို့ဆောင်တော်မူတတ်သော ထိုသာသနာတော်မြတ်ကြီးသည် ဒိဝါကရောဝ– တကမ္ဘာ လုံးကို အရောင် လင်းနိုင်သော လေးကျွန်းစကြာ, မဟာ ရှင်နေမင်းကဲ့သို့။ ဒိဗ္ဗတု– မိစ္ဆာမှောင်ကို ပယ်ခွင်း၍ ထွန်းလင်းတောက်ပပါစေသတည်း။ မာဝ–ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးမစွန်း ရောင်လျှံထွန်းသောလပြည့်ဝန်းကြီးကဲ့သို့။ သီတလံ– ဣဋ္ဌာရုံငွေ့, ဇောကြုံတွေ့၍, ကြည်မွေ့သာယာ, ကိုယ်စိတ်၏ အေးမြ ချမ်းသာခြင်းကို။ ဒေတု–လက်ငင်းဒိဋ္ဌ ကိုယ်စီ ရအောင် ဝေငှပေးကမ်းတော် မူပါစေသတည်း။ ဇနာ–ကြီးငယ်မဟူ ရှာသူရှာသား လူအများတို့သည်။ တဒ္ဒယံ–ထိုနှစ်ပါးသော သာသနာတော်၏ အရောင်အဝါ သာသနာတော်၏ အေးမြချမ်းသာခြင်းကို။ ဂဏှန္တု–သတိပညာ သဒ္ဓါထက်သန် မလေးကန့်ဘဲ မြန်မြန်ကြီး ယူကြပါစေကုန်သတည်း။

သာသနာရောင်၊ နေ ရာထောင်သို့၊ လင်းပြောင် စေကြောင်း၊ ဉာန်ရည်လောင်း၍၊ ကြံကောင်းရရှိ၊မြဲသတိနှင့်၊ ဝီရိမကင်း၊ ဦးဘိုးမင်းသည်၊ သားရင်းနှမြစ်၊ ပုလဲနှစ်ကို၊ ရှင်ချစ်မြတ်စွာ၊ သာသနာသို့၊ မင်္ဂလာတိတ်၊ အောင်နိမိတ်ဖြင့်၊ သိသိက်မြှောက်ဆင်၊ ပို့သွင်းတင်ပျက်၊ မဂ္ဂင်ဓမ္မ၊ ဒါယာဒကို၊ အရယူမှီး၊ လှူကြီးပြီးက၊ အံ့ချီးလောက်စွာ၊ စေတနာဖြင့်၊ နိယျာနိက၊ ကြုံခဲလှသည့်၊ ပထမကျော်၊ မြေးအမော်တွင်၊ နောင်သော်အကျိုး၊ သီးနှံတိုးဘို့၊ အောင်မျိုးဗီဇ၊ ကုသလကို၊ ကြဲချမသွေ၊ စိုက်ပျိုးပေအံ့၊ ရှာလေ ရှားဘွယ်၊ သဒ္ဓါကြွယ်၍၊ ရှစ်သွယ်အံ့ရာ၊ သာသနာသို့၊ သိက္ခာလွှမ်းတင်၊ ကိုယ်တိုင်ဝင်လျက်၊ ကျင့်စဉ်ဓမ္မ၊ ဖြည့်လိုလှ၍၊ သကရာဇ်၊ ထောင့်သုံးရာနှင့်၊ သချ်ာနှစ်ကဲ၊ တပို့တွဲ၏၊ ဆန်းဆဲလ တက်၊ ဆယ့်လေးရက်၌၊ ချိန်စက်ဃဍီ (၉) ကိုးနာရီဝယ်၊ ပြည့်ညီအင်္ဂါ၊

ကမ္ဘဝါကို၊ သေချာသတ်မှတ်၊ (၁၀) ဆယ်ကြိမ်ဖတ်၍၊ နှယ်ဇာတ်သကျ၊ သာကီယဟု၊ ဗုဒ္ဓသားချစ်၊ ရဟန်းဖြစ်လျှင်၊ ရှေးနှစ်များစွာ၊ ကြာကြီးကြာက၊ သမ္မာဉာဏ်ရည်၊ ဆောင်ဦးတည်၍၊ ကြံစည်မျှ၊ စုံပြည့်ဝသဖြင့်၊ ပညာစုံ၊ ဤကောင်းမှုကို၊ သာဓုခေါ်စေ၊ အမျှဝေသည်–မျိုးဆွေအပေါင်း– ခြိမ့်ညောင်းဝမ်းသာ–အနုမောဒနာ ပြုကြပါစေကုန်သတည်း။

၁၃၀၃–ခုနှစ် ဝါဆိုလ စံကင်းဓမ္မာရုံကျောင်း
ဝိသုဒ္ဓါရုံ အထိမ်းအမှတ်ပွဲတွင်
ရွတ်ဆို ပူဇော်ကြသော ရတုပိုဒ်စုံ။
(အချီ–အချည်စကြာလည် ၄၅–ပဒ်စီ)

၁။ ဥဒါန်းတွင်စေ၊ ပျက်မကျေတည့်၊ သက်သေတပါး၊ နောင်ထင်ရှားလျက်၊ မှတ်သားပိုင်ပိုင်၊ မမေ့နိုင်ဘို့၊ ကျောက်တိုင်စံကင်း၊ ရွာအတွင်းဝယ်၊ ရည်ချင်းပြည့်စုံ၊ ဂုဏ်လေးကလုံ၍၊ စွဲထုံမမှ၊ မြင့်မြတ်လှသည့်၊ ပညာကာရီ၊ သင်းလဇ္ဇီ၊ ကာငါးလီကျင့်ခန်း၊ ရည်ရွယ်မှန်းလျက်၊ ကြွမြန်းနတ်ခွင်၊ မြတ်အရှင်ကို စိတ်တွင်တွေးဆ၊ သတိရလျက်၊ မိန့်ပြဟောဘူး၊ တရားထူးနှင့်၊ ချီးကျူးအံ့ဘွယ်၊ ဂုဏ်သွယ်သွယ်ကို၊ ဆန်းကြယ်ဝေဟင်၊ မိုးဘောင်းကင်၌၊ တိမ်စင်သန့်ရှင်း၊ ကြယ်များမင်းသို့၊ ထင်လင်းဒိဋ္ဌ၊ ကြည်ညိုကြ၍၊ ဘဝနက်ကျယ်၊ ဝဋ်ပင်လယ်မှ၊ မြန်လွယ်လျင်ဆော၊ မဂ်သင်္ဘောဖြင့်၊ ရှင်မောလွင့်လူ၊ ဖိုလ်ထီးဖြူကို၊ စိုက်ထူဖွင့်ဆောင်၊ ဘေးမဲ့သောင်သို့၊ ရောက်အောင်စိတ်ထား၊ ကျင့်သောအားဖြင့်၊ အများယှဉ်တွဲ၊ ထိမ်းမှတ်ပွဲကို၊ ဆင့်ကဲထူးဆန်း၊ ဆောင်ကြိုးပမ်းသည်.... ဥဒါန်းတွင်စေရန်ပါဘုရား။

၂။ ရှုမှန်းမြင်ခြေ၊ ဉာန်ကဝေတည်း၊ ဤမြေစံဆုံး၊ တိုက်အလုံးကို၊ အုပ်ဖုံးဂုဏ်ရောင်၊ နေ့တန်ဆောင်းသို့၊ လက်ပြောင်ပဝင်း၊ ထိန်ထိန်လင်းလိမ့်၊ လူမင်းမြတ်စွာ၊ သာသနာ၌၊ သိက္ခာသုံးဆင့်၊ လမ်းမှန်ကျင့်၍၊ မျှော်လင့်အားထား၊ လွန်ကိုးစားသည့်၊ များပြားသောင်းသောင်း၊ ရှင်လူပေါင်းကို၊ ရှစ်သောင်းသချာ၊ လေးထောင်သာသည့်၊ ကျမ်းလာသတ်မှတ်၊ တရားမြတ်ကို၊ သိတတ်စေအံ့၊ မေတ္တာဖြန့်လျက်၊ ပြန့်နှံ့ရေးသား၊ မိန့်ဟောကြား၍၊ တရားသဘင်၊ မြဲစွာဆင်ခဲ့၊ ရွှေကျင်ဂိုဏ်းမှူး၊ မြတ်ကျေးဇူးကို၊ ချီးကျူးပိုင်ပိုင်၊ မဆိုနိုင်တည့်၊ ကျောက်တိုင်စံကင်း၊ နယ်အတွင်းဝယ်၊ ကင်းရှင်းရှေးမူ၊ ဉာန်သစ်ထူ၍၊ စင်ဖြူသဘောတွင်းပြင်ချောလျက်၊ အံ့သြဘွယ်ရာ၊ ကျင့်သိက္ခာနှင့်၊ လိမ္မာဘို့ရေး၊ မြတ်လေးကြရာ၊ အရှင်သာလျှင်၊ စံစွာတိုက်တွင်း၊ လမ်းမှန်ညွှန်းသည်.... ရှုမှန်းမြင်ခြေမှန်ပါဘုရား။

၃။ နုပန်းဇင်ခွေ၊ ဆင်မြန်းလေဟု၊ သရေတင့်ဆုံး၊ နှတ်ပန်းကုံးကို၊ ပန်သုံးစေချင်၊ နတ်ဘုရင်က၊ ကြည်လင်ချမ်းမြ၊ ပေးစောင်မ,မူ၊ ဆင်ရ,သသူ၊ ကံကောင်းလူမှာ၊ နူမှုဘေးဘျမ်း၊ ရန်,မလွှမ်းပဲ၊ ကိုယ်ချမ်းစိတ်အေး၊ လောကီရေးဝယ်၊ ထင်တွေးအပြီး၊ ဘုန်းရှိန်ကြီးသို့၊ အံ့ချီးဘွယ်ဂုဏ်၊ ဘုန်းတော်ဟုန်ကို၊ ခိုလှုံကိုးစား၊ တပည့်များအား၊ သနားထောက်ညှာ၊ မန္တလာမှ၊ ဝေးစွာခရီး၊ ကြွရောက်ပြီး၍၊ ငယ်,ကြီး,ရှယ်လတ်၊ ပရိသတ်တို့၊ ဝန်းပတ်ခြိမ့်အုံး၊ ရွာနယ်လုံးပင်၊ စုရုံးဆင့်ထပ်၊ ညွတ်ဆည်းကပ်သော်၊ သိအပ်သိရာ၊ ဒေသနာကို၊ သေချာပိုင်းခြား၊ ပေးသနားရ၍၊ ပေါက်ဖွားမျိုးနွယ်၊ စဉ်ဆက်သွယ်မှာ၊ နုနယ်ရုပ်သွေး၊ ငယ်,ကလေးပင်၊ ညစ်ကြေး မှားမိုက်၊ ဒုစရိုက်ကို၊ မလိုက် ပယ်ခွါ၊ တင့်တယ်ပါ၏၊ မိစ္ဆာ မသန်း၊ ကြည်ရွှင်လန်းသည်....နုပန်းဇင်ခွေ ဟန်ပါဘုရား။

ဤပိုဒ်စုံ ရတုကို **စံကင်းပုညကာရီ အသင်း** သား, အသင်းသူတို့ (သဘောကျသလို အထိမ်းအမှတ်ပွဲ၌ ဘတ်ကြားရန်) လျှောက်ထား တောင်းဆိုသဖြင့် ရေးပေးတော်မူသည်၊ဝိသုဒ္ဓါရုံ ဆရာတော်ကြီး ပျံလွန်တော်မူသော ဝါဆိုလဆန်း ၈-ရက်နေ့၊ မန္တလေး ဝိသုဒ္ဓါရုံတိုက်၌ရင်း၊ **စံကင်းရွာဓမ္မာရုံကျောင်း၌ရင်း "အဲထိမ်းအမှတ် သတိရပွဲ"** ပြုလုပ်ကြ၏၊ ယနေ့ ယခု နှစ်တိုင်ကျင်းပလျက်ရှိ၏။

(၁၃၃၂-ခု)

---

## ငယ်ငယ်ရေး ဆုတောင်းများ။

၁။ သာဓု သာဓု။ ဒါယခု ရက်မင်္ဂလာတွင်, တက်ရွှင်သဒ္ဓါ စေတနာ မညှိုးဘဲ, ဒေသနာအရိုး လှမ်းမှန်သဖြင့်, ကျမ်းဂန် အသင့် ကလျာမိတ္တ အများတို့က, ချွတ်ယွင်းမမှားသတိမူ၍, ဘြိမူ ကုသိုလ်ဟိတ်ကို, ဥဒဟိုမျှ စိတ်ပြဋ္ဌာန်း ဆောင်သဖြင့်, အမတ နန်းဘောင် ဓိဋ္ဌာန်မှန်း၍မို့, နိဗ္ဗာန်လမ်း ညွှန်ပြ ဖော်မြှက်ခဲ့ပါမည်....။

အဲ....အထက်က သိကြားပြဟ္မာတို့၏, အနန္တ ပတ္တမြားရတနာကဲ့သို့, အချက်ကျအသားပါသော, ဓမ္မစက်ပြတရားအလာဖြင့်, အသွားအလာ အရပ်အနားမှာတွင်, စကားအရာအမြတ်ထား၍, မှတ်သားနာခံတော်မူကြပါ....။

အဲ.... ရှေးရှေးကာလ ကမ္ဘာအတွင်း၊ သမ္ဘာ လင်းသည့် မင်းဝေဿန်၊ စိတ်ကြံဆန္ဒ အသက်အရွယ် လွန်နုနယ် ယယ်စဉ်ကပင်၊ ဒါနကျင့်သုံး ဘယ်သူမဆို ကယ်ယူလို၍၊ တကိုယ်လုံးအဆုံး လတ်လတ်၊ မပျက်မကွာ ထက်သဒ္ဓါနှင့် အသက်ပါအပ်မည်ဟု၊ နန်းရပ်လယ်မိုး ဓိဋ္ဌာန်ပန်သ နိဗ္ဗာန်ရစေဘို့ စိတ်ကြံက ကြီးသောကြောင့်၊ ဒီး—ဒီး—ဒိန်းဒိန်း မဟာပထဝီ ခါခါလည် မြည်ကာ ဟိန်းလျက်၊ အိုးထိန်းဒလက် စကြာအလား၊ ပမာထား ချာရဟတ်ကဲ့သို့၊ သွက်သွက် ခါ ဟီးတော်လည်း လျောင်ဆော်ပဲ့တင် သွင်းကာတီးလျက်၊ ကောင်းချီးနုမော် မပြေမပြီး အသရေမိုး မြေကြီးက ခေါ်ရသည်၊ နောင်သောကာလ ကနက်နွယ်ပွင့် သက်ရှယ်ရင့် ကြီးမြင့်ကလည်း၊ မြို့လည်မြို့ပတ်၊ အဝဝလုပအောင် စီရင်၍၊ လိုလျှင်မနှေး ဆိုးကောင်း ယုတ်မြတ် အရပ်ရပ် မှတ်သ၍ဘဲ ပေးလှူတော်မူတဲ့ပြင်၊ တိုင်းခွင်ပြည်လုံး ဘယာမဖြစ် ရတနာစစ်မို့ ပြစ်မဆိုး ပြည်လုံးချစ်ခင်၊ ငွေရောင်အပြီး ရှုမငြီး စီးတော်ဆင်နှင့်၊ ရွှေရင်တော်သွေး နုနဲ့နယ်နယ် ရှုစဖွယ် ငယ်ခလေးတို့ကို၊ တပြေးပြေး လှူဒါန်း၍ ဆုံးခန်းနောင် ခါ မဒ္ဒီမြောက်သား မိဖုရား သားတောင်ညာတို့ကို၊ မညာမရှိ၊ သဗ္ဗညုဉာဏ် ရကြောင်းမှန်၊ အမှန်စွန့်၍ မတွန့်မယုတ်၊ အရာမက သဒ္ဓါကြွ၍ ဒါနထုပ်ကို၊ လက်ဆုပ်ကိုင်ယူ၊ ပါရမီရင့် မကြာမှီပွင့်စေဘို့၊ အဆင့်ဆင့် လှူခဲ့သည်။

အဲ....ရပ်သူရွာသား မှတ်သားစရာ ဇာတ်တော်က လာတာဖြင့်၊ အခါခါ ကြားဘူးကြလိမ့် သို့ဖြစ်သည့် အကြောင်း သခေ်ပ အမြွက်ဖြင့်၊ ယခုရက်၊ ခါအကြုံတွင်၊ သဒ္ဓါဟုန် ကောင်းစေရန်ဟု၊ လောင်းဝေဿန် ဇာတ်တော် လင်းခဲ့ပ၊ ရပ်ဖော်ချင်း ဆွေပမာကဲ့သို့၊ သွေမကွာ မစ္ဆေမနှောဘဲ၊ အသစ်ငွေ သဘော ဖြူသဒ္ဓါနှင့်၊ နမူနာ ဝေဿန်ထုံးလို၊ အလုံးစုံ သွင်မမျှသော်လည်း၊ တဒင်္ဂအတုလိုက်ပြီးလျှင်၊ ပြုထိုက်သော ဒါနဝတ်၊ ထာဝရမချွတ် အနလးမူ၍ မို့၊ ပေးလှူသူ ကောင်းမှုရှင်တို့မှာ၊ သောင်းဇမ္ဗူအပြင် ဘက်စရာ ကင်းပါ လိမ့်၊ စကြာမင်း ဓမ္မရာဇ်သခင်ကဲ့သို့ ကသစ်ဘုရင် ဘုံဝတီ သိကြားတို့လို၊ ဂုဏ်အရှိန်မနား အမျိုးမျိုးပေါ်၍၊ ဟိုးဟိုးကျော် ခံစံစားပြီးလျှင်၊ တဆံမမှား အထွဋ်မြတ် မှန်သည့်၊ မချွတ်ဓာတ်သန် ကုသိုလ်တရားတို့ကို၊ အဲ....ယခုလိုများ ထပ်ခါပြုမှုဖြင့်၊ ပတ္တာနု မာရ်ကိလေကင်းလျက်၊ ပဏ္ဍိတေခပင်း အရဟံနှင့်၊ ပရမံအရှင် အတုလ တို့လို သုသုခ မှန်းစိတ်ယူ၍၊ နန်းနိဗ္ဗူပြေနဂရသို့၊ မရှည်မကြာ ဝေဿန် တန္ခုန်းကဲ့သို့၊ အမြန်ဆုံး ကူးမြောက်တော်မူကြပါစေဗျား။

၂။ သာဓု၊ သာဓု။ ခါယခု ရက်မင်္ဂလာအကျတွင်၊ ထက်ယခင် တခါက နှစ်နယ် ဆိုင်၍၊ တကယ်ခရိုင် တိုက်မှခ်အစပ်ဟု၊ သမိုက် ဥက္ကဌ ဌာနတခွင်၌၊ ပါကဌအမြင် ဇာတ်လုံး ပြောင်သည့်၊ ကပ်ဆုံးအောင်တည်စေရာဟု၊ ရည်စေတနာ ရ ထိုက်တန်သည့်၊ မြကျိုက်ပြန် စေတီအထူး၊ ရေနဒီနဖူး ကမ်းအခြေက၊ စခန်း အနေ သင့်အောင်ရှာသဖြင့်၊ ပင့်ဆောင်ကာတမျိုးခြယ်၍၊ ကိုးကွယ်သည့် နေ့ အခါ၊ ရွှေမကွာ အဉုးထားလျက်၊ အထူးအခြား ကွာပျက်မသွေဘဲ၊ ရှာ ကြက်သရေဆင့်ကာတိုးလျက်၊ မြင့်သမ္ဘာမညီး ဂုဏ်သတင်း ပျံ့သည့်၊ ထုံသင်း ရနံ့ သွယ်စီဖြာသည့်ပြင်၊ ဆယ်ဒိသာ ရနံ့မွှေးသည်ကို၊မတုံမနှေး သရုပ်သကောင် နှင့်၊ ထုတ်ဆောင်ကာ မကြာမပြာ၍ အများသဘောဘဲ သတိရ သိကြပြီး ဖြစ်ပါသည်....

အဲ.... သိပြီးအမှန်၊ သူတော်တပိုက် ပူဇော်ထိုက်သည့် မြကျိုက်ပြန်၊ နာမံ ထင်ပေါ်၊ ခာတ်မွေသရီ ယပ်နေမို့၍၊ စေတီတော်အား၊ ရည်ရော်စိတ်တွင် သဒ္ဓါမဆုံး၊ ရတနာကုံး နှလုံးသွင်းလျက်၊ ကျင့်မှုစာဂီ ပါရမီ ယာယီတန္ထုန်း၊ ပတ္တမြားအသွင် အလားယင် ဆင်ကာကုံးလျက်၊ နှလုံးစင်ဖြူ နိဗ္ဗာန်စခန်း၊ စိတ်ကြံမှန်း ရှင်လန်းစွာ လှူပေသော လူသူတော်စင် ဒါနအရာ ဝါဒပါတဲ့ သဒ္ဓါရှင်တို့မှာ၊ အာကာသနှင့် ပုံအဆင်းအရေးနှင့်၊ အဇ္ဈာပြင် ထုံသင်းအေး သဖြင့်၊ သံသရာဘေး ခရီးအစပ်၌၊ ပြန်မကြာမနေး အပြီးဖြတ်၍၊ ရန်ဘဟာ ဝေးလှသော ပြည်ကြီးရပ်သို့.... မြီး ခ ခိုလှုံတော်မူနိုင်ကြပါစေဗျား။

၃။ သာဓု၊သာဓု။ **“အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ”** နာမ်ခန္ဓာ ဒွေး နှစ်ဝ၊ ရန်ဘယာ ဘေးပ၍ အမြန်မကြာ တွေးဆလျက် မနှေးလှလှ စိတ်နှလုံး သဒ္ဓါဖြင့်၊ ပိတ်ဖုံးမ ကာ မောဟ၊မဖက်ဘဲ လောဘထွက်၍ ဒေါသမပါ ရအောင်၊ အတ္တောမှာ ရတနာတရားအရင်းနှင့်၊ အမှားမကင်းဘဲ ကိလေသာ တွေဖြစ်ပြီး၊ တိစေတနာ အမြတ်သုံးတန် ထားပြီးလျှင်၊ တလုံး တပန်းကန် မချား၊ ဗြဟ္မာ့မကိုဋ် သန္တာန်ဖြင့်၊ မြကျိုက်ပြန် ဘဂဝါပုံဘုရား၊အာရုံမမှား တင် ဆွမ်း ကပ်ရန်ဘို့၊ ရှင်လန်းအမှတ် ယနေ့ အခါတွင်၊ မွေသဒ္ဓါ စိတ် ဇောအဟုန် ကြောင့်၊ပြောမကုန်ပီတိ ဖျန်းလျက် ဆီထိဂွမ်းပမာအသွင်နှင့်၊ မကြာခင်သမုဒယ ဖြတ်ပြီးလျှင်၊ တဏှာ စင်၍ တခုမှမတပ်ဘဲ၊ဘဂဝါသခင် အတုလ အမြတ်၏၊ ဓမ္မာအစဉ် ကုသလဇာတ်ကြောင့် ဆုပတ္ထနာသ၍ နိဗ္ဗိန္ဒသို့၊ မြီးခ- ခိုလှုံတော်မူ နိုင်ကြပါစေဗျား။

၄။ သာဓု၊သာဓု။ အတုလ ဘဂဝါ ဓမ္မရာဇ်က၊ သမုဒယတဏှာ အပြစ် ရသည်ဟု၊ နှစ်ဖြာအမြစ် အဝိဇ္ဇာတရားဟာ ဘယာဖြစ်တဲ့ အနိဋ္ဌာပါတကားဟု၊

စိတ်သာမမှား အာရုံတင်ပြီးလျှင်, သဒ္ဒါဟုန်အမြင် ဇောပိတိကြောင့်, တဏှာကုန်စင်၍ လောကီမကြည့်ဘဲ,ပမာပုံအသွင် အကြောအဆီ ထိသကဲ့သို့, ကာမဂုဏ်မခင် သဘောအညီညှိပြီးလျှင်, ယောမနသိ,တည် နှစ်လုံးကောင်း ထားပြီးလျှင်, ထုံးဟောင်းမမှား တရားဓမ္မအလာကို, အများတကွသဟာ သူတော်ကောင်းအပေါင်းတို့က,၊ ယူမြော် ငြှောင်း၍ စိတ်ယူဆပြီးလျှင် တူပျော်အောင်း၍ ရိပ်ငူတဝနှင့်, သူတော်ကောင်းဓလေ့ နိဗ္ဗူအမတသို့, တဆိတ် မတူသပ အဆုံးအပြီးဖြင့်, တလုံးတည်း ရောက်တော်မူနိုင်ကြပါစေဗျား။

၅။ သာဓု,သာဓု။ 'တေးဘုမ္မကံ ဝဋ္ဋံ ဒုက္ခံ သမုဒယော' တဏှာ သမုဒယအမှားအမှောက်ကို ကြိုက်ခြင်းကြောင့်, ဘဂဝါ အတုလ ဘုရားနောက်သို့မလိုက်ရသေးသော ဒါယကာ ဒါယိကာမ, အများတို့သည်၊ သံသာရဝဋ္ဋဒုက္ခတော– သံသရာတည်းဟူသော ဝဋ္ဋဒုက္ခမှ အမြန်မကြာ လွတ်ချင်တဲ့သဘောကြောင့်, အဟောဝတ သြော်– ကောင်းလေစွဟု 'ဝိဓေယျ ဒါန် ဒါတဗ္ဗံ'ဟူ၍လမ်းမှန်သမျှ ဟုတ်အမှန်, ကျမ်းဂန်အရ သုတ်ဓမ္မက္ခန်ဖြင့်, ဗုဒ္ဓံဓမ္မ အတုလသန်လျက်ရတနာနှင့်, သမုဒယ ရန်စက်ခွါပြီးလျှင်, မာန်အမျက်မပါ ကောဓမဖက်ဘဲ, လောဘ စနက် မီးအေးရာ အမတသို့၊ ခရီးဝေး မကွာ အမြန်ရောက်တော်မူနိုင်ကြပါစေဗျား။

၆။ သာဓု, သာဓု။ ယခု လှူဒါန်းရသော ကံ သဒ္ဓါ တရား အစဉ်ဟာ, အရဟံဘဂဝါ ဘုရားသခင် မာရ်ငုတ်ချေ၍, သမ္ဗုဒ္ဓေ အတုလ ပရမံ ဟောခဲ့သော, ပြုသမျှ ဓမ္မက္ခန်သဘော မှန် လမ်း အကုတ်အစဉ်ဖြင့်, ဉာန်သမ္ပယုတ်အမြင် တခ္ခါ ရိပ်မိကြတော့,သမ္မာဒိဋ္ဌိ ပညာတဝနှင့်, သခ်ါရဓမ္မ အနိစ္စသဘောဘဲသို့, ဣဋ္ဌ, ဗလ, မနောဘဲ ဝိပဿနာတင်ပြီးလျှင်, သိမှတ်စရာ အစဉ်ဘေးစုံပ,၍ တေးဘုမ္မက သံသရာမလည်ရအောင်, နာမ်ခန္ဓာအညီ ရုပ်ပါဖြတ်ပြီး, ဗုဒ္ဓါအမြတ်သေဌ်နင်း ရတနာ၏ အရင်းဓမ္မ တရားရပြီး အမှားမကူဘဲ ရက်အတိုဖြင့်, မင်္ဂဖိုလ် စိတ် အကြံမှန်း၍မို့,နိဗ္ဗာန်နန်း ပေါက်တော်မူနိုင်ကြပါစေဗျား။

၇။ သာဓု,သာဓု။ ယခု လှူဒါန်းရသော ပြုစေတနာကြောင့်, သုမေဓာအရှင်ဘုရားကဲ့သို့, တသွင်မမှား တောင်းဆုမြတ် ပတ္တနာနှင့်, အလောင်းသုဒဿနသခ် စကြာဝတေးငံ့ပြင်,ဘဝင်ဟဒယအေး၍ ဘေးရှိသမျှ မလာဘဲ, သူဌေးဝိသယှပမာ ဂေါဝိန္ဒကဲ့သို့, စောနရိန်အလှ နန္ဒရာဇာသခင် မင်းတို့ကို, ကြံဆကာ ထင်အလင်း, နတ်ပြေတခွင်၌,မြ,ပဒေသာပင် မြေက ပေါက်သကဲ့သို့, နေ လ ပေါက်၍ ထီးဘုရားဘုရင်တို့လို အပြီးမခြားခင် လှူဒါန်း၍ မကုန်နိုင်

ဘဲ ဇမ္ဗူချမ်းတို့၍ နတ်ပြေ လျှောက်ပြီးလျှင်, မှတ်အခြေ ကောက်လိုက်တော့, အထက် ပြဟ္မာနှံ၍, စက္ကဝါ တတန့် တောင်လကျာတွင်, နောင်ဆက်ခါ စည်းစိမ် များပြီးလျှင်, အပြီးအရှိန်ကြား၍ ခံစားပြီးမှ, အမြန်မခြား မိတေးရှင်သည်, ကံ့ကော်ပင် ပလ္လင်အထက် ရတနာ တက်သောအခါ, သခင် ဓမ္မစကြာ မြွက်၍‌_အာသဝကင်းပြီးလျှင်,ဒါနအရင်း ကံကြောင့် ဆိတ်မည်းဘဲ နိဗ္ဗာန်တိုင် ပေါက်တော်မူနိုင်ကြပါစေဗျား။

စံကင်းရွာကြီးသည် အိမ်ခြေ ၆၀၀–ကျော်၊ ၇၀၀–ခန့် ရှိရာ၊ လေးပိုင်း လေးရပ်ခွဲ၍ ဆွမ်းကြီးခံ ထွက်ကြ၏တဲ့၊ သာသနာရေး ဆုတောင်းများ ရေးသနားပေးပါရန် လျှောက်သဖြင့် ကျေးဇူးရှင် စံကင်းဆရာတော်ကြီးသည် ဝါ ၂၀–ကျော် ၁၂၇၅–ခု နှစ်ဆီလောက်၌ ရေးပေးတော်မူခဲ့သည်။ (၁၃၃၀–ခု၌ စံကင်းရွာ, ကျောက်တိုင်ပိုင်း မောင်ကျော်ပု, ဒကာကြီး ဦးကျော်ပု စသည်ထံမှ နှုတ်လွှတ် ဆိုပြစေ ကာ ရေးကူးလာခဲ့ရပါသည်။) စံကင်း, ကျောက်တိုင် နယ်ဘုရား မြကျိုက်ပြန်စေတီတော်ကြီး ပရိဝုဏ် မဟာရာမ် တံတိုင်းနှင့် စိန်ဖူးတင် ထီးတော်မြတ် မကျန် အုဋ္ဌသမံသလင်းတို့ဖြင့် သာယာ တင့်တယ် ခြင်းသည်၊ ယင်း ဒကာအဖွဲ့ဘို့ပင် ခေါင်းဆောင်ခဲ့ကြသည်။

## (၁) သုံးဆဲ့နှစ်ကောဋ္ဌာသ အမှန်း

ထေ တုမှေ ဘိက္ခဝေ ဣမမေဝ ကာယံ ဥဒ္ဓံ ပါဒတလာ အခေါကေသ မတ္ထကာ တစပရိယန္တံ၊ ပူရံ နာနပ္ပကာရဿ,အ,သုစိနော ပစ္စဝေက္ခထ။

သာမုက္ကံသိက၊ သဋ္ဌာယတန၊ သံယုတ္တဒေသနာ၊ မိန့်မှာ ဟောမြွက်၊ ဓမ္မစက်၏၊ အနက်မြန်မာ၊ မှတ်ဘွယ်ရာဖြင့်၊ သိသာရှုသွယ်၊ အစိပ္ပါယ်အရမှာ၊ နာမ ရူပ၊ ငါးဝ ခန္ဓာ၊ ပေါင်းစု ကာဖြင့်၊ တဏှာမောဟ၊ ဒိဋ္ဌိမူလဟု၊ စ,အရင်းခံ၊ ရှေးကြောင်းကံတို့၊ စီမံပြုပြင်၊ နာမ်ရုပ် ပင်ကို၊ အထင် မှတ်မှား၊ ပြောင်လှည့်စားက၊ ဤကားသတ္တ၊ မနုဿနှင့်၊ ဒေဝ,ပြဟ္မာ၊ ငါ,ငါ, သူသူ၊ အသင့်မူကို၊ ရှင်လူပုဂ္ဂိုလ်၊ သမုတ်ဆိုလျက်၊ အလိုပိုင်းခြား၊ ယောကျ်ား မိန်းမ၊ သိမြင်ကြ၍၊ အ,သုဘခေတ်၊ မူရင်းဇာတ်မှာ၊ ပညတ်ဖုံးကွယ်၊ ရှုံ့ရှာဘွယ်ကို၊ တင့်တယ်လှပ၊ မြဲသုခဟု၊ အ,သုတဝန်၊ ပုထုဇန်တို့၊ ဘောက်ပြန်တွေးတော၊ အတ္တဘော ကို၊ အခေါ,ဥဒ္ဓံ၊ တံ့ခေါက်ပြန်လျက်၊ ခြေ,ဆံ ဖျားဆုံး၊ တကိုယ်လုံးဝယ်၊ အသုံးမဝင်၊ ညစ်ကြေးထင်သည်၊ ဆံပင်က,စ၊ ကျင်ငယ် ကျအောင်၊ သုဘ မနှော၊ ဟုတ်သဘောကို၊ နစ်နော၊တွင်းပြင်၊ ရှုဆင်ခြင်လော့၊ မျက်မြင်ကိုယ်တွေ့၊

ဖြစ်သ၍မှာ၊ စေ့စေ့ထင်ထင်၊ ကိုယ်ရုပ်သွင်ကို၊ ကိုယ်ပင်ကျိုးကြောင်း၊ မြင်မကောင်းတည်း။ ။ညစ်ဟောင်းပုပ်နံ့၊ ကိုယ်လုံးပျံ့လျက်၊ အနံ့တွင်းပြင်၊ မြဲသုမ်သင်၍၊ ရေစင် ဆေးလျှော်၊ ဖုံးဖိ သော်လည်း၊ နံစော် မပြယ်၊ စက်ဆုပ်ဖွယ်နှင့်၊ ထွီဘွယ် မျိုးမျိုး၊မစင်အိုးသို့၊ ညှီသိုးစီးစို၊ မပြတ် ယိုလျက်၊ ကိုယ့်ကိုယ်အပုပ်၊ ခန္ဓာရုပ်ကို၊ နမ်းရှုပ်သင့်ပင်၊ ကိုယ်မထင်တည်း။ ။ဉာဏ်မြင်ဝေးကွာ၊ အဝိဇ္ဇာနှင့်၊ တဏှာ နောက်လိုက်၊ ချီလှူမိုက်တို့၊ နတ်တိုက်ပူးမှို၊ ဇော်ဂနိုစ၊ ရွာသူမနှင့်၊ လင်းတပမာ၊ ရှုံဘွယ်ရာကို၊ အာသာငမ်းငမ်း၊ တပ်စွဲလမ်းလျက်၊ စည်းကမ်းမသတ်၊ တိုးတက်တော်၍၊ ရဟတ်စကြာ၊ သံသရာမှာ၊ ခါခါ ခေါက်ခေါက်၊ ပါယ်ဘုံရောက်လည်း၊ မဖျောက်မဖျက်၊ မက်မြဲမက်၏၊ ရှုံဗွက်ညွှန်တွင်း၊ ရွာဝက်ဆင်း၍၊ ဘင်တွင်းဗွီသော်၊ ပိုးလောက်ပျော်သို့၊ အဟော်ဝတာ၊ ပြော်သုခဟု၊ နိစ္စသုဘာ၊ မှတ်ထင်ခါလျှင်၊ သက္ကာယဒိဋ္ဌိ၊ စွဲဒိဋ္ဌိဖြင့်၊ မသိလိုက်စား၊ မှားကြီးမှားခဲ့၊ တရားကင်းကွာ၊ ယခုခါကား၊ အာကာပတ်ဝိုက်၊ မိုးတိမ်တိုက်နှင့်၊ ညဥ့်မိုက်လကွယ်၊ တောအုပ်လယ်မှာ၊ လျှပ်နွယ်တလက်၊ တခါပျက်မျှ၊ အချက်ကျကျ၊ အလင်းရဘို့၊ ဗုဒ္ဓဘာသာ၊ သာသနာ၏၊ ရောင်ဝါခေတ်မြတ်၊ အလင်းခေတ်ကို၊ သမ္ပတ်စက်လှည့်၊ လေးချက် ပြည့်အောင်၊ ရမည့်အရေး၊ ဝေးကြီး ဝေး၏၊ ယဉ်ကျေးလိမ္မာ၊ ခွင့်ညီညာ၍၊ ဆရာမိဘ၊ သင်္ဂဟတို့၊ မိန့်ပြဩဝါ၊ လိုက်ယူနာလျက်၊ ညီညာပေါင်းဆုံ၊ ဓမ္မာရုံဝယ်၊ စွဲထုံ သဒ္ဓါ၊ ဝါသနာနှင့်၊ သမ္မာစရိုက်၊ ကောင်းကြုံကြိုက်၍၊ ညဥ့်မိုက် မိုးမှောင်၊ ကွင်းမရှောင်ဘဲ၊ လူ့ဘောင်ကိစ္စ၊ အဝဝကို၊ ပယ်ချနားဖျက်၊ ရက်မပျက်အောင်၊ နေ့ဆက် လများ၊ မြတ်ဘုရားကို၊ ခစားရှိခိုး၊ လွန်မြတ်နိုး၍၊ မျိုးမျိုးပန်းစုံ၊ ဂန္ဓာရုံနှင့်၊ မြူမှုံကင်းဝေး၊ ရေကြည်အေးကို၊ မြတ်လေးလှူပြီး၊ ရောင်စုံမီးမှာ၊ ထိန်ညီးထွန်းလက်၊ ပြိုးပြိုးပြက်နှင့်၊ နှစ်သက်စရာ၊ ပူဇော်ပါ၍၊ ဒေဝါနတ်များ၊ ခံစားသည့်၊ ထူးခြားရသာ၊ နတ်သုဒ္ဓါသို့၊ အရိယာသခင်၊ မြတ်အရှင်တို့၊ အစဉ်မုချ၊ သုံးဆောင်ကြသည့်၊ အမတပါန၊ ကာယဂတာ၊ လေ့လာရသ၊ ဩဇပြည့်တည်၊ အမြိုက်ရည်ကို၊ ရှင်ကြည် ဝမ်းမြောက်၊ ကိုယ်စီသောက်သို့၊ ရွေးကောက်ခြယ်လှယ်၊ သုံးဆယ်နှင့်နှစ်၊ နိမိတ်စစ် ဟု၊ မိန့်လှစ်ညွှန်ပြ၊ ကောဋ္ဌာသ၏၊ ပဒ ညီညာ၊ ကေသာ့လောမ၊ မုတ္တံ့ကျအောင်၊ သုဘာ့မဘက်၊ ဓိပ္ပါယ်နက်ကို၊ အချက်ကျကျ၊ သိမြင်ကြလျက်၊ မြွက်ဟညီညာ၊ နှုတ်သံသာဖြင့်၊ သဇ္ဈာနွယ်ဝင် အို....သူတော်စင် အပေါင်းတို့.... နှစ်ထောင်းရှင်ပျ ရွှတ်ဖတ် သရဇ္ဈာယ် တော် မူကြပါကုန်အံ့။

(၁၂၉၄-ခု ပြာသိုလရေး)

## ပဋိစ္စသမုပ္ပါဒ် အမွန်း

အစိန္တေယျ၊ အပ္ပမေယျ၊ ကြံစည် တွေးဆ၍ မပိုင်၊ မနိုင်းယှဉ်နိုင်သော ကျေးဇူးတော်အဟုန်၊ ဂုဏ်တော်အနန္တ တန်ခိုးတော် အသင်္ချေယျ တို့၏သခင်၊ လူ, နတ် ဗြဟ္မာ သတ္တဝါအများတို့၏ ညွှတ်တွား ဦးတင်ရာ၊ မဟာအတုလ၊ ဘဂဝါ သုဂတ၊ မကုဋ္ဌမုနိန်၊ ဒေဝဒေဝိန်၊ ဗြဟ္မာ့ဗြဟ္မိန်၊ သုံးလောက ရာဇိန်သည်၊ ဂိမ္ဟာသမယ၊ နွယ်ကာလ၏၊ မဇ္ဈိမခါကြုံ၊ လ,ကဆုန်၌၊ ပုဏ္ဏမီနှစ်ကျော်လွန်တက်၍၊ အထွက်တရက်ရောက်သောနေ့ အခါဝယ်၊ အ,သာဓာရဏ၊ သဗ္ဗညုတ ဉာဏ်ရွှေသွားလျက်၊ ဦးဖျားလက်မှန်၊ ကဲလွန် သောမနသ်၊ ဉာဏ်တော်မြတ်ဖြင့်၊ ပိုင်းဖြတ် ခွဲဝေ၊ ဥဒါန်းချွေလျက်၊ စေ့ရေထင်ရှား၊ ဝဋ်သုံးပါးဟုရှည်လျားသံသရာ၊ ပစ္စယာကာရ၊ ပဋိစ္စသမုပ္ပါဒ်၊ စက်ရဟတ်ကို၊ မပြတ် မြှော်ချင့်၊ အကြောင်းသင့်၍၊ အခွင့်ဆိုက်ရာ ဟောပြ မိန့်မြွက်ဘော်မူသည်မှာ....

အဟုတ်အမှန်ကို မသိတတ်သော မောဟ ဟူသော **အဝိဇ္ဇာ**၊ ဘဝခန္ဓာပင်အသစ်ကို ပေါက်ရောက် ပေါ်ဖြစ်ခစေတတ်ကုန်သော **သင်္ခါရ**၊ အသစ်သစ်ဖြစ်ပေါ် ပေါက်ရောက်လာသော ပဋိသန္ဓေ ဟူသော **ဝိညာဏ်**၊ ဝိညာဏ် ဖြစ်ရာ အတူပါသော ဝေဒနာ, သညာ, သင်္ခါရ, ကမ္မဇရုပ် ဟူသော **နာမ်ရုပ်**၊ ပသာဒ ငါးဝနှင့် ဘဝင်, မန ဟူသော **သဠာယတန**၊ အာရုံခြောက်ပါးကို တွေ့ထိတတ်သော **ဖဿ**၊ အာရုံ၏အရသာကို ခံစားတတ်သော **ဝေဒနာ**၊ နှစ်သက်မက်မောတတ်သော **တဏှာ**၊ အာသာငန်းငန်း စွဲလန်း မှားယူတတ်သော **ဥပါဒါန်**၊ သုစရိုက်, ဒုစရိုက်နှင့်တကွ ကြုံကြိုက် ရရှိသော ဗုဒ္ဓကျိုး အနိဋ္ဌကျိုး ဟူသော **ဘဝ**၊ မြင့်မြတ် ယုတ်နိမ့်သော ဘဝ၌ အသစ်အသစ် အစ,ဖြစ်ရခြင်း ဟူသော **ဇာတိ**၊ အိုမင်း, ဆွေးမြေ့ ပြောင်းရွှေ့ သေဆုံးရခြင်းဟူသော **ဇရာ, မရဏ**—

ဤ တဆယ့် နှစ်ဌာနသောအင်္ဂါ သုံးဖြာကာလ၊ သုံးဝအစပ်၊ လေးရပ်အလွှာ၊ ခြင်းရာနှစ်ဆယ်၊သုံးသွယ်ဝဋ္ဋ၊ မူလနှစ်ပါး၊ တရားသဘာဝ၊သတ္တပုဂ္ဂလာ၊ ဗြဟ္မာ, နတ်, လူ၊ ငါသူမရှိ၊ ဆင်းရဲဓာတ်၊ ဆိုသိ သာသာ၊ အဝိဇ္ဇာကြောင့် သင်္ခါရ၊ သင်္ခါရကြောင့် ဝိညာဉ် ပစ္စည်းပစ္စယုပ္ပန် ဆက်စပ်ဟန်ကို၊ ရွှေဉာဏ်တော်ဖြင့် ပိုင်းခြား၍၊ ဟောကြား မိန့်မြွက်တော် မူပေသည်၊ ဤသို့လျှင် သမုဒ္ဒြာ အလယ် ယုန်သူငယ်တို့ ထောက်တွယ်ရာမရ ပမာပြသို့၊ သက္ကဗြဟ္မာ၊ ကဝိန္ဒာနှင့်၊ လူပါမကျန်၊ မျိုးသာမန်တို့၊ ဟောရန်ကိုကား၊ မဆိုထားနှင့်၊ နံ့ကြားဘိုရာ၊ ခွင့်အခါကို၊ သေချာမလွယ်၊ လွန်ဆန်းကြယ်သည့်၊ ခိပ္ပါယ်ခက်ခဲ၊ နက်နဲစွာလျှ၊ ပဋိစ္စသမုပ္ပါဒ်၊ ဒေသနာတရားမြတ်ကို၊ သိမှတ်သင်ခြင်း၊ ထင်မြင်စိတ်

တွင်း နှလုံး သွင်းနိုင်ပါသမျှ၊ ကြည်ညို မြတ်နိုးသော စိတ်ဆန္ဒဖြင့်၊ သဇ္ဈာနူ နွယ်ဝင်၊ အို-သူတော်စင် အပေါင်းတို့.... နှစ်တောင်းအားရ၊ ရှင်ပျံသာယာ၊ ညီအညာဖြင့်၊ ကောင်းစွာပိုင်းဖြတ်၊ ရွတ်ဖတ်သာရဇ္ဈာယ်ကြပါကုန် အံ့။

(၁၂၉၃-ခု၊ ပြာသိုလရေး)

စံကင်းမှ ပေးသောစာ

လင်းယဉ် ၅-ရွာ ဉာတိဒါယကာများသို့

သမ္မာဒိ တရားများကို သိသမျှ, တတ်သမျှ, ဟော, ပြော, ပြသပေးပါမူ ကား၊ လိုက်နာသူတို့ ကျေးဇူးများမည်၊ သမ္မာဒိတရားနှင့် ညီညွတ်စွာနေပါက ပစ္စုပ္ပန်သံသရာ နှစ်ဖြာသောအပြစ်က ကင်းစင်စစ် လောကရေး – ဓမ္မရေး လုံလောက်၍ ဂုဏ်သိရ်ကြီးမြင့် တင့်တယ် ချမ်းသာမည်၊ မျက်မြင်ဒိဋ္ဌ တွေ့မြင် ရသော ဘယ်သူ့ကိုမဆို စစ်ဆေး၍ကြည့်ပါ၊ သမ္မာဒိ တရားကင်းသူ ဆင်းရဲ မည်၊ မကင်းသူ ချမ်းသာမည်၊ မြန်မာ လူမျိုးတို့မှာ ဘုရားဟော ဒေသနာရှိနေ ပါလျက် မသိကြ၊ မဟောကြ၊ သိသောသူများကလည်း နည်းလမ်းကျနစွာ မလိုက်နာကြသဖြင့် တနိုင်ငံလုံး အောက်တန်း ကျလျက်၊ လူမျိုးတိုင်းကို အား ကိုး ရှုမျှော် သခင်ခေါ်လျက် မော်၍ ကြည့်နေရ၏။

ဣန္ဒိယ၌ ကွန်ဂရက်က ငင်း၊ ခန္ဓရှင်တို့က ငင်း၊ မဟာရာဇာ မင်းသားများ ကငင်း ( မြန်မာပြည်ကို ပေးအပ်မည့် ညံ့ဖျင်းသော အုပ်ချုပ်ရေးထက် ပိုမို ညံ့ဖျင်းသော)ပြည်ထောင်စု အုပ်ချုပ်ရေးကို မကြိုက် မနှစ်သက် ကန့်ကွက်ပယ် လှန် လက်မခံ ရှိနေသေးသည်ကိုပင် ဣန္ဒိယပြည်ထောင်စုသို့ ပါဝင်လိုကြသော ဒိဗ္ဗမာတို့ ရှိနေကြသေး၏၊ သမ္မာဒိတရားလက်ကိုင် ခံခိုင်တင့်ကြွား အထက်တန်း စားထဲက ဒိဗ္ဗမာတို့ ဖြစ်နေပါမူကား ဘယ်သူ့ကိုမှ အမှုထားရမည် မဟုတ် ချေ။ " နိုင်ငံရေးကို မပြောချင်, မရေးချင်သော်လဲ" စားသင့်သမျှစား၊ ဝတ် သင့်သမျှဝတ်, ပေးသင့်သမျှပေး, အရေးအရာ ထင်ထင် လူရာဝင်နိုင်ဘို့ သမ္မာဒိ ချို့ယွင်းက ကြည့်မျှော်လို့ မြင်နိုင်မည် မဟုတ်၊ သမ္မာဒိရှိနေသော လူမျိုး ခြားများကို ကြည့်ပါ၊ သမ္မာဒိနှင့် ပြည့်စုံသော အိမ်နီးချင်းကို အားကျပါ၊

ဒို့အိမ်၌ ရှော်ကလေး တပင် မငှဲ့လျှင် သမ္မာဒိ လစ်လပ်လို့ဟု မှတ်ပါ၊သမ္မာဒိ ရှိလျှင် ရွှေ, ငွေ မရှားနိုင်ပါ။ 'တပြား, နှစ်ပြား စု၍ထား၊ ကုလားတိုက်ကြီး တယ်' လို့ ဒိဗ္ဗမာတို့ ဆိုကြ၏၊ ဒိဗ္ဗမာပြည်က မန်ကျည်းသီးကိုပင် တနှစ်လျှင် ခြောက်သိန်း မဒရပ်သို့ ပေးရ၏၊ ဒိဗ္ဗမာပြည်မှာ ပိုက်ဆံရှားလှပြီး ကြီးကြီး, ငယ်ငယ် သမ္မာဒိတရားနှင့် ညီညာစွာ တရွာလုံး, တမျိုးလုံး, တပြည်လုံး,

ကျင့်နေကြည့်ပါ၊ သိသိသာသာ ရပ်, ရွာ, တိုင်းပြည် စည်ပင် ဝပြော-ပစ္စည်းပေါမည်။

(က) ထကြွ, သိမ်းဆဲ၊ မျှသုံးစွဲ၊ ပေါင်းမြဲ မိတ်ဆွေကောင်း၊

(ခ) သဒ္ဓါ, သီလ၊ ကျင့်စာဂ၊ ဉာဏ, ဆင့်ကာ လောင်း၊

(ဂ) ရှေ့လေးပါးမှာ၊ ရှိဘိုရာ၊ နောက်မှာ နောက် ကောင်း ကြောင်း။

(အဋ္ဌက အင်္ဂုတ္တရ၌ အကျယ်ပါ၏)။

---

မိုးသောက်ရွာဇာတိ

ရွှေအင်ပင်ဆရာတော်ကို အားရ နှစ်သက်သဖြင့်

**ရေးသောစာ (လက်ာ)**

ဗုဒ္ဓမြတ်စွာ၊ စိန္တေယျာ၏၊ သာသနာရောင်ရှိန်၊ ထွန်းလင်းထိန်လျက်၊ သူရိန်ထောင်သောင်း။ ပြိုင်စုပေါင်းသို့၊ ခေတ်ကောင်းကြုံလာ၊ ဤအခါကား၊ သဒ္ဓါသန့်စင်၊ ရွာလင်းယဉ် နှင့်၊ တူယှဉ်ဂုဏ်မောက်၊ **ရွာမိုးသောက်** ဟု၊ ထွန်းပေါက်နယ်ပေါ်၊ ဟိုးဟိုးကျော်လျက်၊ သူတော်စိတ်ဝင်၊ ဉာန်ကြီးရှင်တို့၊ နှုတ်တွင်မဆန့်၊ အံ့ကြီး အံ့၍၊ ရနံ့ဂုဏ်ရည်၊ မွှေးပျံ့လည်ဘို့၊ ဇာနည်တပါး၊ မေတ္တာအားကြောင့်၊ ထင်ရှား သတင်း၊ လင်းကြီး လင်းခဲ့၊ လူမင်း နတ်မင်း၊ ပြဟ္မာမင်းနှင့်၊ မင်းမင်း သခင်၊ သုံးလူ့ရှင်၏၊ ထက်ခွင် နတ်ရွာ၊ ဝတိံသာ၌၊ မာတာမိနတ်၊ ကျေးဇူး ဆပ်သည့်၊ မြင့်မြတ်လှစွာ၊ ဘိဓမ္မာကို၊ ဤရွာနေသူ၊ များဗိုလ်လူတို့၊ ကြည်ဖူးဆန္ဒ၊ လေ့လာကြ၍၊ ကာလချိန်ခါ၊ မြင့်မကြာပင်၊ ရပ်ရွာအလုံး၊ ခြိမ့်ခြိမ့်အုံးမျှ၊ စ, ဆုံး-ကုန်အောင်၊ နှုတ်တိုင်း ဆောင်လိမ့်၊ တိမ်းရှောင်လွှဲဖဲ့၊ ကံ, ဥာန်မဲ့၍၊ နှံနဲ့ခွန်အား၊ မရှိငြားက၊ စိတ်ထားသဒ္ဓါ၊ ကူညီပါလော့၊ ရှေးခါ ဆည်းပူး၊ ကောင်းမှု ထူးကြောင့်၊ ချီးကျူးပိုင်ပိုင်၊ မကုန်နိုင်သည့်၊ ခန့်ခိုင် ကုသိုလ်၊ ရ,ယူလိုမူ၊ ပင်ကိုယ် စိတ်ဓာတ်၊ လွန်မြင့် မြတ်လျက်၊ မိန့်မှတ်သေချာ၊ ထေရ်မဟာ၏၊ ဩ ဝါ နက်လေး၊ အမြိုက်ဆေးကို၊ တိုက် ကျွေးသမျှ၊ သုံးဆောင်ကြလော့၊ ခွင့်ရကြုံလာ၊ ပွဲတော် ခါ၌၊ ဩဘာစကား၊ ဆိုမြွက်ကြား၍၊ တရားသေတ္တာ၊ ဆင်မြန်းရှုဘို့၊ ကက္ကရူပမာ၊ ပန်းရွှေစာကို၊ ကြော်ငြာဖြန့်ဝေ၊ ရယူစေသည်....ကျက်သရေမြင့်ထွား ဆင့်ဆင့်ပွား။

စာပြန်ပွဲတိုင်း ရွတ်ဆိုကြသည်။ (၁၂၉၇-ခုရေး)

# ရှမ်းကုန်းရွာ

## ဝိနည်းပြန်ပွဲ အခမ်းအနားဖွင့် စာတန်း

ဘဝန္တော သပ္ပုရိသာ-ဗုဒ္ဓဘာသာ သမ္မာန္တယ်ဝင် ကျင့်ရိုးစင်လျက်၊ ခင်မင်တရား ·လွန်ကိုးစားဘို့ ပွားများကြည်ဖြူ နည်းမှန်ယူသည့်၊ ညီတူစုပေါင်း အို-သူတော်ကောင်းတို့။ ဝိဝိဓဝိသေသနယတ္တာစ- များပြားထူးဆန်း၊ သချာမှန်း၍ ဂဏန်းစေ့စုံ ရေတွက်၍ မကုန်သည့် အဖုံဖုံသော နည်းရှိသောကြောင့်ငှင်း။ ကာယဝါစာနံ- ဘာရှည်ကြာ ဝါသနာကို။ ဝိနယတောစ- မဂ်မြင်ဖိုလ်ထိ၊ နိဗ္ဗာန်သိလျက်၊ ဝိရိအမှု၊ မြင်ကြားသူတို့၊ ကြည်ဖြူစိတ်အေး၊ လွန်မြတ်လေးဘို့၊ ယဉ်ကျေး လိမ္မာအောင် ဆုံးမတတ်သောကြောင့်ငှင်း။ ဝိနယံနာမ- သုံးဖြာပိုင်းဖြတ်, ပိဋကတ်တွင် သိမှတ်စရာ ဘိက္ခုနီသျှည်း၊ ပေါင်းဖွဲ့စည်းသည့် ဝိနည်းတရားတော် မည်သည်ကို။ဣဒါနိ- ဝင်္ဂသံသရာ ရှည်ကြာရစ်ဝဲ ဩဃဘဲ၌ ကြုံခဲကြုံတောင်း ခါကောင်းပင်လာ ဤအခါ၌။ သဇ္ဈာယန္တိ-ပဒ်အက္ခရာ, သေချာမှန်ကန်၊ပြန်ဆိုဘော်မူကြကုန်၏။ ကုမ္ဘေ- စိတ်ထားကြည်ဖြူ နည်းမှန်ယူသည့် သင်သူတော်ကောင်းတို့သည်။ အနုမောဒထ- ကောင်းချီးကြွေးကြော်၊ သာဓုခေါ်လျက်၊ ရွှင်ပျော်စိတ်ဝပ်း ပီတိလွှမ်း၍၊ စိမ်ချမ်းကိုယ်လုံး၊ သက်ဆုံးမပျောက် ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ပြုကြပါကုန်လော့။

---

## ဝိသုဒ္ဓါရုံ ရှင်အဂ္ဂိယပဏ္ဍိတ ရဟန်းခံ ဩဘာစာ။

၁။ မြန်ပြည် ကြက်သရေ၊ ပွင့်ဖြိုးဝေသား၊ အောင်မြေပူရ၊ မြို့ဇေယျ၏၊ သာစွ အခြေ၊ မြောက်ရပ် မြေဝယ်၊ ညာကျေ သဘင်း၊ မွှေးပျံ့သင်း၍၊ ခံတွင်းနှုတ်လျာ၊ မြိန်ရှက်စွာဖြင့်၊ ဩဘာဂရက်၊ သိမ့်သိမ့် တက်အောင်၊ ဆိုမြွက်ဘွယ်သာ၊ ရွှေယဉ်ရွာ၌၊ စဉ်လာမျိုးရိုး၊ ဂုဏ်သိရ်တိုးလျက်၊ ဘေးဘိုးမှစ၊ ခုတိုင်ကျအောင်၊ ရှင်အဂ္ဂိယပဏ္ဍိတ၊ သာကီယဇာတ်၊ မြင့်မြတ်လှပေ၊ သာမဏေ၏၊ မျိုးဆွေစပ်ရာ၊ ပေါင်းများစွာနှင့်၊ ရပ်ရွာသုံးပင်၊ ပြုသန့်စင်၍၊ ချစ်ရှင်မြဘ်စွာ၊ သာသနာကို၊' သဒ္ဒါပိုမို၊ လွန်ကြည်ညိုခဲ့၊ နောင်ကိုမျိုးမျိုး၊ ဆင့်ဆင့်တိုး၍၊ မြတ်နိုးဉာဏ်ရောင်၊ ပြောင်ထက် ပြောင်လျက်၊ မိုက်မှောင်ပိတ်ကာ၊ အဝိဇ္ဇာကို၊ ပယ်ခွါစွန့်ထား၊ ကျင့်တရားဖြင့်၊ ရှည်လျားဝက်ဘာ၊ ဝဋ်သံသရာမှ၊ ခေမာဌာန၊ မြန်ရောက်ကြဘို့၊ ရှင်အဂ္ဂိယပဏ္ဍိတ၊ သာကီယဇာတ်၊ မြင့်မြတ် လှပေ၊

သမာဏေကောင်း၊ ရဟန်းလောင်းကား၊ အကြောင်းညီညာ၊ ထွန်းလာပေါ်သည်.... ပြည်ရွာကျိုးရောက် မြင့်စေသောဝ်။

၂။ ဥာန်ရည်ပွက်ဝေ၊ ဂရက်ရေနှင့်၊ တက်နေ့ပမည်၊ စိန်ရောင်ခြည်သို့၊ ထိန်ကြည်ဝင်းပ၊ ထက်တန်းကျသည့်၊ ရှင်အဂ္ဂိယပဏ္ဍိတ၊ သာကီယဝင်၊ တပါးရှင်ကား၊ သန့်စင်ဆက်သွယ်၊ လွန်တင့်တယ်သည့်၊ အနွယ်အရိုး၊ ရဟန်းမျိုးတည်း၊ တန်ခိုးဂုဏ်သိရ်၊ ညှိုးမမှိန်သည့်၊ ရောင်ရှိန်ထွန်းလင်း၊ သုံးလူ့မင်း၏၊ ထံရင်းမဟော်၊ အနွယ်တော်ကို၊ ရှုမျှော်တင်သိ၊ မြင်လိုဘိမူ၊ ဒက္ခိဏေယျာ၊ များသံဃာတွင်၊ တေဇာ ထက်မျက်၊ ဝိနည်းဘက်၌၊ တေဒဂ် ရာထူး၊ ခွန်းမိန့်ကျူး၍၊ တဦးအမှတ်၊ ထင်ထား အပ်သည့်၊ အမြတ်ဓိပတိ၊ ဥပါလိမှ၊ အာဒိစတွင်၊ ထေရ်ရာဝင်မှာ၊ ဖြူစင် နိကာယ်၊ ပေါင်းဆက်သွယ်၍၊ မြန်နယ် မဆန့်၊ သတင်းပြန့်သည့်၊ သီးသန့် ကျော်ထင်၊ ဂိုဏ်းရွေကျင်တည့်၊ လူတွင် တင့်တယ်၊ ရဟန်းဝယ်မြတ်၊ မျိုးရိုးမတ်၍၊ နွယ်ဇာတ်သုဒ္ဓ၊ စုံပြည့်ဝသည့်၊ ရှင်အဂ္ဂိယပဏ္ဍိတ ပုဂ္ဂလဝိသေဌ်၊ ရဟန်းဖြစ်၍၊ ဓမ္မရာဇ်မြတ်စွာ သာသနာသည်.... ရှည်ကြာဖြိုးမောက် တင့်စေသောဝ်။

၃။ မှန်တည် ခက်မွေ၊ နက်နဲပေသား၊ သုံးထွေ သတ်မှတ်၊ ပိဋကတ်၌၊ သိတတ်ေစရာ၊ အခြေစာ့ဟု၊ သဒ္ဒါ့သင်္ဂြိုဟ်၊ ဇာနည်မိုရ်တို့၊ ထုတ်ဆိုသမျှ၊ များပြားလှသည့်၊ ကျမ်းမ့ကျမ်းငယ်၊ အသွယ်သွယ်တည်း၊ အံ့ဘွယ် ရောပြွမ်း၊ တကျမ်းကျမ်း၌၊ နည်းလမ်းစေ့စုံ၊ ရေ မကုန်မျှ၊ ဖုံဖုံ ဆန်းကြယ်၊ သမုဒ်လယ်တွင်၊ ယူဆယ်ကြရာ၊ ရတနာသို့၊ သဒ္ဒါလုံးပန်း၊ ဥာန်ကုန်လှမ်း၍၊ အစွမ်းထက်စွာ၊ သင်ယူပါလည်း၊ ယူရာထင်ထင်၊ ကြွင်းလျက်ပင်တည့်၊ သို့စဉ်များစွာ၊ အခြေစာကို၊ လေ့လာမပျက်၊ ရှည်ကြာဆက်၍၊ နှုတ်တက်ရအောင်၊ အာဂုမ်ဆောင်လျက်၊ စာစောင်သင်ရိုး၊ အမျိုးမျိုးဝယ်၊ ဇယ့်ဒိုး့ပုံဟန်၊ ချက်တိုင်းမှန်သား၊ ကံ့ဥာန်ထူးလှ၊ (ရှင်အဂ္ဂိယ ပဏ္ဍိတ) သာကီယဇာတ်၊ မြင့်မြတ် အခြေ၊ သာမဏေကား၊ ငါးထွေ အင်္ဂါ၊ စုံညီစွာသား၊ သိက္ခာယူတင်၊ ရဟန်းသွင်ဖြင့်၊ လူရှင်တဝေး၊ ကိုယ်စိတ် အေးဘို့၊ မြိုက်ဆေး ရသာ၊ ဝေငှပါသည်....ကြည်သာချိုးသောက်, ကျင့်စေသောဝ်။

(၁၂၉၇-ခု၊ ဝါခေါင်လဆန်း ၁၂-ရက်၊ ရဟန်းဘိသိက်ခံပွဲ၌ ကျောင်းသား **"မောင်အောင်ငြိမ်း"** ဖတ်ရန်ရေးပေးသည်။ ယခုအခါ ဆရာတော်ကြီး၏ စောင့်ရှောက် အုပ်ချုပ်မှုကြောင့် **(ဝိသုဒ္ဓါရုံ—ဝန်ဆောင်ဆရာတော်)** **"ဦးအဂ္ဂိယ"**ဟု ထင်ရှားကျော်စောလျက် သိက္ခာဝါ ၄၀-ရနေပြီ။)

## မန္တလေးမှ စံကင်းသို့ပေးစာ

မဂ္ဂဗိမ္ဗာ အပါယေသု၊ နိမုဂ္ဂေါ သမယေ ဂတေ၊
ဥမ္မုဇ္ဇိတွာန ဗုဒ္ဓါနံ၊ မဂ္ဂံ လဘေယျ သန္တိကေ။

မင်္ဂမျိုးစေ့ ရှိသူသည် အပါယ်ဘုံတို့၌ နစ်မြုပ် ငုပ်နေရသော်လည်း မင်္ဂပင်ပေါက်ချိန် အခါတန်လျှင် ဘုရားရှင်တို့၏ အထံတွင် အပါယ်ဘုံမှ ပေါ်တက်၍ မင်္ဂဉာဏ်ကို ရမြဲဖြစ်၏။ အပါယ်ဆင်းရဲကင်းလွတ်ခါ ဘဝသံသရာမှာ သုဂတိဘုံ၌သာ ဖြစ်နေရပါမူကား ပြောဆိုဘို့မရှိ ဘုရားရှင်များကို ဖူးမြင်တွေ့ကြုံရ၍ တောင်းတတိုင်းသောဆုဖြင့် မင်္ဂဖိုလ်နိဗ္ဗာန်ကို ရစေမည်တည်း။

(နောက်စာရွက်များ ပျောက်နေ၏)

## ၁၂၉၈-ခု၊ ရှမ်းကုန်းရွာ ဝိနည်းစာပြန်ပွဲ
## ရွတ်ဖတ်သည့်-စာ

သမ္ဘာသမ္ဘာဘိ ဗုဒ္ဓဿ၊ ဓမ္ဗာဓမ္ဗာဘိ သာသနံ၊
ဟန္ဒာဟန္ဒာဘိ မောဟန္တံ၊ ထိရံထိရံဝ တိဋ္ဌတိ၊
တာဝ တိဋ္ဌတု သောပိ၊ အမှာကံ ဝိနယုဿဝေ ါ။

သမ္ဘာသမ္ဘာဘိဗုဒ္ဓဿ-မှန်ရာကန်ရာ ဉာဏ်မဟာဖြင့်၊ ဓမ္ဗာတည့်တည့်၊ မြန်စွာသိသော၊ ကဝိအပေါင်း၊ ပစ္စေကဗုဒ္ဓါအရှင်ကောင်းတို့ထက်၊ ထောင်သောင်းမက၊ သာလွန်လှသည့်၊ ဂေါတမနွယ်ဘွား၊ သမ္ဗာသမ္ဗုဒ္ဓ မြတ်ဘုရား၏။ ဓမ္ဗာဓမ္ဗာဘိသာသနံ- ကြံမိကြံရာ ကြံဘန်ကာဖြင့်၊ ဖော့ရှာဟောကြား၊ ကာမသုခလ္လိကာနုယောဂ, အတ္တကိလမထာနုယောဂ တည်းဟူသော အယုတ်တရားနှစ်ပါးတို့ထက် ဆ,ထက်လွန်ကြူး၊ အထူးကဲသာ၊ မဇ္ဈိမ ပဋိပဒါ တည်းဟူသော သာသနာတော် မြတ်ကြီးသည်။ အဘိမောဟန္တံ- မိုက်မှောင်တကာများပြားစွာထက် အရာမက သာလွန်လှသည့် မောဟလွှမ်းဖုံး အဝိဇ္ဇာတည်းဟူသော အမိုက်တုံးကို။ ဟန္ဒာ ဟန္ဒာ- နဘာန် အဇဋာ ဌာန် အာကာဝယ် ရောင်ဝါထိန်လင်း၊ ရှင်နေမင်းသို့၊ ပယ်ရှင်းနှင်းဘောက်၊ ဖျက်ခွင်းဖျောက်၍။ ထိရံထိရံ- တည်တည်တံ့တံ့ ရှည်ရှည် ခံ့ခံ့သာလျှင်။ တာဝတိဋ္ဌတု အကြင်မျှလောက် မပ,ပျောက်ပဲ၊ လျှမ်းတောက် ရှိန်ပြင်း၊ ထိန်ထိန်ဝင်းလျက်၊ ထွန်းလင်းပျံ့မွှေး၊ ရန့်ပြေး၍၊ ' တည်သေးပေ၏။ တာဝ- အံ့သြဘွယ်ရာ သာသနာ၏

ရှိန်ဝါမပျောက် တည်ထွန်းတောက်သည့် ထိုမျှလောက်သော အခါပတ်လုံး။ အမှာကံ– သဒ္ဓါတရား တိုးပွားဖွံ့ဖြိုး ကုသိုလ်မျိုးကို၊ စိုက်မျိုးလေ့ရှိကြပါသော ရှမ်းကုန်းရွာ သာသနာ့ဒါယကာ ရွာသူရွာသား အများသော အကျွန်ုပ်တို့၏။ ဧသောပိ,ဝိနယုဿဝေါ– သာသနာတော်အရေး၊မြတ်လေးမပျက်၊ နှစ်ဆက်စီစဉ် ကျင်းပဆင်သည့်၊ သဘင်ကျော်ဟီး၊ ဤ ဝိနည်းစာပြန်ပွဲတော်ကြီးသည်လည်း။ တိဋ္ဌတု–ပြန်သံ,ဆိုသံ,သာဓုသံဖြင့်၊ ဆူညံ ကျယ်ပြန့် နယ်တိုင်းနှံ့အောင် ရန့်မစဲ တသဲသဲနှင့် အမြဲကြည်သန့် အရှည်ခံ့၍ တည်တံ့ပါစေသတည်း။

(သံဃာတော်များ စာပြန် တဖွဲ့ဘဖွဲ့အပြီးတွင် တဦးဦးက ဘတ်ဆိုရ၏။)

---

( ရှမ်းကုန်းရွာကျောင်း )
ဇင်းဘိ ဆရာတော် ဗျာပန ရတုပိုဒ်စုံ။

၁။ ဆင့်ခြောက် နတ်ဘုံ၊ မွေးပုံ့ထုံ၍၊ အုပ်ခိုကုန်နိူး၊ ရှင့်ဂုဏ်ထူးကို၊ ချီးကျူးကြောင်ငြာ၊ နတ်များစွာဟို၊ သဒ္ဓါတိုးပွား၊ ရှင့်တရားကို၊ နာကြား လိုကြောင်း၊ ခွင့်ပန်တောင်းငယ်၊ နိမ့်စောင်း ကြမ္မာ၊ တောင့်နှစ်ရာနှင့်၊ သချာ ဆင့်တိုး၊ ကိုးဆဲ့ကိုးဟု၊ နှစ်သိုးကြုံရ၊ ဝါဆိုလ၏၊ ပက္ခစန်းသက်၊ ဆဲ့တရက်ဝယ်၊ ယာဉ်စက်ဝေဟင်၊ ထောင်မြင်း နှင်၍၊ အရှင်ဆရာ၊ နတ်တို့ ရွာသို့၊ စကြာ ဖြန့်သန်း၊ ကြွချီမြန်းခဲ့၊ ရှင်လန်း မြူးပျော်၊ သောင်းထိုက်ကျော်အောင်၊ ရွှေ ဘော်နတ်ပေါင်း၊ ခြိမ့်ခြိမ့်ညာင်းမျှ၊ ညွှတ်ပြောင်း ခ,ယ၊ ဖူးမျှော်ကြလိမ့်၊ ဌာန လူ့ရွာ၊ ဤနယ်မှာကား၊ မိုရာကွာကင်း၊ တပည့်ရင်းတို့၊ ရင်တွင်းပူဆာ၊ ရေဝေးကြသို့၊ မျက်နှာမလှ၊ ညိုးနွမ်းကြ၍၊ တ, သ မြည်တမ်း၊ ထင်ယောင် ယမ်းဖြင့်၊ စိမ့်ချမ်းဘဝင်၊ ဟိုယခင်က၊ သွန်သင် ပြလည်း၊ ဓမ္မမဓ္မေ၊ တရား မေ့လျက်၊ လွမ်းငွေပိုက၊ လွမ်းဟုန် သဲသည်.... ကြည်ကဲ့မဆုံး နိုင်ရပါဘုရား။

၂။ သင့်လျောက်ပတ်ရှုံ၊ ဖြစ်ရေးပုံကို၊ ပဒုံဆယ်လက်၊ ဖူးမြင် ထက်ဝယ်၊ တင်ယှက် ညွှတ်ကာ၊ လျှောက်ထား ပါအံ့၊ သိက္ခာ သုံးပါး၊ မြတ်တရားကို၊ ပွားများ ဆင်ခြင်၊ ရညကင်နှင့်၊ ဓုတင် မွေလျော်၊ တောမှာ ပျော်လျက်၊ လောင်းတော် ဆုကြီး၊ ပွင့်လုနီးသို့၊ အံ့ချီးလောက်ပေ၊ ရှင့်အနေကို၊ စေ့ရေး လက်ချီး၊ လွမ်းရှိန်တိုး၏၊ကောင်းကျိုးနှစ်တန်၊ ခံစားရန်ဟု၊ လမ်းမှန်စစ်ဆေး၊ နည်းကောင်းပေး၍၊ ယဉ်ကျေး ကျင့်ဖြူ၊ ရွာနေလူကို၊ ကိုယ်တူညီမျှ၊ တရား ရဘို့၊ နေ့ည များစွာ၊ မိန့်ဩဝါဖြင့်၊ သာယာလှစ်ချွေ၊ ညွှန်ပြပေ၏၊ ဗိုလ်ခြေ များလျှင်း၊ ရှင်သေမင်းနှင့်၊ လူချင်း လိုလူ၊ ဖြစ်ပါ မူကား၊ ရွာသူ ရွာသား၊ တပည့်များတို့၊ ဒုတ်, ဒါး, စွဲကိုင်၊ စစ်ရေးပြိုင်လျက်၊ အနိုင်မာန်မူ၊ ရှင့်ကိုယူအံ့၊

မတူအားပြေ၊ ကိုယ်စိတ်ရှော့၍၊ ငေးမော့ခွေယိုင်၊ စုရုံးဆိုင်လျက်၊ ကြံမှိုင်လှိုက်လှဲ၊ မျက်ရည်ဝဲသည်....သည်ပွဲအရှုံးတိုင်ရာပါဘုရား။

၁။ မြင့်အောင်လတ်ကြုံ၊ သုံးပါးဘုံ၌၊ ဆန်းစုန်သွားလာ၊ သတ္တဝါတို့၊ ဖြစ်ရာဌာန၊ ဘုံဘဝ,ဝယ်၊ အစသန္ဓေ၊ အိုနာသေနှင့်၊ ထွေထွေဒုက္ခ၊ တုတ်ဖော်ပြသည့်၊ ဓမ္မစကြာ၊ မိန့်ခွန်းလာကို၊ သူငါအများ၊ မဆိုထားနှင့်၊ ဘုရားသော်မှ၊ မလွန်ရတည်း၊ ကာလစစ်တွက်၊ လျှပ်,တပြက်ဝယ်၊ ဖြစ်ပျက်များစွာ၊ ဓမ္မတာကို၊ ပညာနှစ်လုံး၊ ဆင်ခြင်သုံး၍၊ ရှုံမှုန်းပြစ်မြင်၊ သံဝေထင်လျက်၊ ငါပင်,ငါစွဲ၊ ငါကပဲ,ဟု၊ ငါ့ဟန်လုံး၊ အားရှိကြုံးက၊ လှောင်ပြုံးပျက်ပြယ်၊ သေမင်းရယ်လိမ့်၊ မဖွယ်မသင့်၊ မာန်စုံဖွင့်၍၊ မဝင့်ထိုက်ပေ၊ ဆီးနှင်းကြွေသို့၊ ပျက်ခြေကြွ လွင့်ခြောက်၊ ကုန်ဆုံးပျောက်မည့်၊ လေအောက်တိမ်တူ၊ နာမ်ချုပ်မှုကို၊ နည်းယူလမ်းကျ၊ အရှင်ပြလို့၊ သောက ထွေလည်၊ ဝေမစည်အောင်၊ ဖြေဆည်နှိပ်ထား၊ သင့်သောအားဖြင့်၊ တရားယှဉ်တွဲ၊ သံဝေစွဲသည်....တည်မြဲနှလုံး စိုင်မှာပါဘုရား။

---

## ဓမ္မစကြာပွဲတော် ပိုဒ်စုံရတု။

၁။ လောင်းမင်းပရမေ၊ မြတ်စိန္တေကား၊ သခ်ျများစွာ၊ ကပ်ကမ္ဘာ၌၊ ဆယ်ဖြာပါရမီ၊ ငါးစာဂီနှင့်၊ သုံးလီစရိယ၊ သမ္ဘာရ,ဟု၊ ဓမ္မကျင့်သုံး၊ နည်းအားလုံးကို၊ ယူသုံးဖြောင့်တည်၊ ကွန့်မလည်ပဲ၊ တည်ကြည်စိတ်သန်၊ အဓိဋ္ဌာန်ဖြင့်၊ နိဗ္ဗာန်ရည်စူး၊ ဖြည့်ဆည်းပူး၍၊ ဆုထူးပြည့်စုံ၊ သုံးပါးဘုံဝယ်၊ လွှမ်းခြုံကြော်ကြား၊ ငြေ,ယျငါးကို၊ ပိုင်းခြားထင်ထင်၊ ကိုယ်တိုင်မြင်လျက်၊ လေးအင်သစ္စာ၊ မြိုက်သြဇာကို၊ စိတ်ဖြာဟောပြ၊ ပေးဝေငှဖို့၊ ပြည်မ,ဗာရာ၊ မိဂဒါ,သို့၊ စကြာဖြန့်ချီ၊ ငါးဝဂ္ဂီဟု၊ ကျင့်ညီသူများ၊ အဉုးထား၍၊ တရားလေးနက်၊ ဓမ္မစက်ကို၊ ဟောမြွက်သံသာ၊ မိန့်ခွန်းဖြာသည်.... တေဇာ မြင့်မိုးထင်ပေါ်တည်း။

၂။ ကြောင်းရင်းအခြေ၊ ကျိုးဖြစ်လေတည်း၊ လေးထွေသစ္စာ၊ ဒေသနာ တွင်၊ ဦးစွာဖော်ပြ၊ ထင်ရှားလှသည့်၊ ဒုက္ခသစ္စာ၊ ယင်းသစ္စာ၏၊ ဖြစ်ရာမူလ၊ သမုဒယနှင့်၊ ဒုက္ခ သမုဒယာ၊ ချုပ်ငြိမ်းရာကား၊ နိရောဓာမှန်၊ မြတ်နိဗ္ဗာန်တည့်၊ နိဗ္ဗာန်သစ္စာ၊ နိရောဓာသို့၊ ရောက်ရာကျင့်စဉ်၊ ရှစ်မဂ္ဂင်ကား၊ ခေါ်တွင်သချာ၊ မဂ္ဂသာတည်း၊ သစ္စာလေးချက်၊ သဘောခက်ကို၊ ထိမ်နက်မချန်၊ လောကီဉာန်ဖြင့်၊ နည်းမှန်တိတိ၊ လျော်စွာသိက၊ ဒိဋ္ဌိမျိုးမျိုး၊ အမှောင့်ဆိုးကို၊

နှိမ်ချိုးဖျက်ချေ၊ ဆုတ်နှစ်စေလျက်၊ မဗျောပဋိပါဒ်၊ အကျင့်မြတ်ဖြင့်၊ ဖြောင့်မတ်ကေန်၊ နန်းနိဗ္ဗာန်သို့၊ လျင်မြန်ရောက်ရာ၊ တက်လမ်းသာသည်.... သေချာကျင့်ရိုး မြင်မြော်တည်း။

၃။ **ကောင်းခြင်းအသရေ**၊ ပွင့်လင်းပေသား၊ ပုဗ္ဗေကတ၊ မြတ်ပုညကြောင့်၊ မိဘဆရာ၊ ဉာတကာနှင့်၊ သဟာမိခင်၊ သူတော်စင်တို့၊ သွန်သင်နားချ။ တရားပြ၍၊ လောကရေးရာ၊ ဓမ္မတာနှင့်၊ ကျမ်းလာအသင့်၊ သိမ္မာခွင့်ကို၊ ထောက်ချင့် ဆက်သွယ်၊ ဖျက်မပယ်ဘဲ၊ သက်ရှယ်နုထွား၊ သူငယ်များပင်၊ တရားမှတ်ဘိ၊ လမ်းမှန်သိလျက်၊ ပတိရူပ၊ ဤရပ်ရွာကား၊ ခေတ်ခါသဘော၊ စာတတ်ပေ၍၊ စိတ်ဇောဖြူစင်၊ စာပွဲဝင်ကြ၊ လုလင်ယောကျ်ား၊ ကာလသားတို့၊ ထူးခြားပျော်ရှင်၊ လေ့ကျက်သင်၍၊ မဂ္ဂင်ဖောင်ကြီး၊ တူပြိုင်စီးလျက်၊ ဖိုလ်ထီးအမတ ပိုင်းစိုးရဘို့၊ ဓမ္မစကြာ၊ ပြန်ဆိုပါသည်.... ခေမာဆင့်ကျိုး စဉ်မြော်တည်း၊ ကြေညာဆင့်တိုး ရှင်ပျော်တည်း။

ဓမ္မစကြာပွဲများ၌ ရှမ်းကုန်းရွာ **မောင်ညွန့်ဖေ** ရွတ်ဆိုရန် ရေးပေးတော်မူသည်။

---

## ရှမ်းကုန်း ဇင်းဘိတော ဇင်းဘိကျောင်း

## ဇင်းဘိဆရာတော်ဘုရား

၁။ လွမ်းဘွယ်စုံညီ၊ **တောဇင်းဘိကား**၊ နှစ်ဆီရသာ၊ မြေဩဇာနှင့်၊ သီတာရေအေး၊ ညွှင်းလေသွေး၍၊ တောခရေးမိုမို၊ စိမ်းညိုညိုနှင့်၊ ချောင်ရှိမှိုင်းရည်၊ ရစ်ဝိုင်းတည်လျက်၊ လှည့်လည်မလပ်၊ ပင်ချင်းစပ်အောင်၊ ထူထပ်ပေါက်ပွား၊ လွန်စည်ကားခဲ့၊ ပိုင်းခြားနယ်သန့်၊ အကန့်ကန့်နှင့်၊ ကျယ်ပြန့်မြေတာ၊ လယ်နှင့်ယာမှာ၊ နှမ်းဝါဂျုံပဲ၊ စိုက်ပျိုးကြ၍၊ လုပ်မြဲစပါး၊ သီးနှံပွားလျက်၊ တရားမကွာ၊ သာဇီဝါဖြင့်၊ ဝမ်းစာရှာယူ၊ သက်မွေးမှုသည့်၊ တောင်သူများစွာ၊ မှီခိုရာတည်း၊ ချိန်ခါသုံးထွေ၊ မိုးဆောင်းနွေဝယ်၊ စားရေရိပ်လုံ၊ ပေါပြည့်စုံ၍၊ ခိုလှုံပျော်ပါး၊ ငှက်မျိုးများနှင့်၊ တောသားထွေထွေ၊ ဘေးမဲ့နေကြ၊ မှိုင်ခြေသာယာ၊ မိဂဒါသို့၊ပမာတူညီ၊ တောဇင်းဘိသည်....စုံညီလွမ်းဘွယ် မဆုံးတည်း။

၂။ လွမ်းဘွယ်စုံညီ၊ **ကျောင်းဇင်းဘိကား**၊ ရာသီမလင့်၊ ဖူးငုံဆင့်၍၊ သီးပွင့်ညွန့်လူ၊ တာဝန်ယူလျက်၊ သွင်မူယှက်ဆိုင်၊ ပင်ချင်းပြိုင်သို့၊ အနိုင်အားကျူ၊ ကြီးပွားကြသည့်၊ ပန်းလှသီးဆင့်၊ ရိပ်ရိတင့်အောင်၊ နိမ့်မြင့်သိုင်းရံ၊ ပင်မျိုးစုံခဲ့၊

နတ်ဘုံနတ်ရွာ၊ ဝတိံသာဌ၊ပျော်ရာကဲ့ချွန်၊ နန္ဒဝန်တည်း၊ရေးလွန်အပို၊ရာဇဂြိုဟ် ဝယ်၊ စာဆိုပြည့်နှံ၊ ဝေဠုဝန်တည်း၊ ကောင်းမွန်ဖက်ရှား၊ ဥယျာဉ်များ၏၊ မျက်ဝါးထင်ထင်၊ ရှိအသွင်ကို၊ မမြင်ပါရ၊ ကျမ်းဂန်ပြဖြင့်၊ သိကြရပေ၊ ဤ ကျောင်းမြေကား၊ ရှုလေတင့်ဆုံး၊ အရှင်ဘုန်းကြောင့်၊ မြင်တုံး မြင်ချင်၊ စိတ်မှူးရှင်အောင်၊ စည်ပင်လွှမ်းခြုံ၊ ပင်ချင်းရုံ၍၊ နတ်ဘုံနန္ဒဝန်၊ ဝေဠုဝန်နှင့်၊ ပြည့်နှံတူမို့၊ ကျောင်းဇင်းဘိသည်.... စုံညီလွှမ်းဘွယ်မဆုံးတည်း။

၃။ လွမ်းဘွယ်စုံညီ၊ ထေရ်ဇင်းဘိကား၊ ယောဂီ ကျင့်ခန်း၊ ကမ္မဋ္ဌာန်းနှင့်၊ ရှင်လန်းချမ်းမွေ့၊ ဗောဓိလေ့ဖြင့်၊ ညဉ့်နေ့ မလစ်၊ ကြိုးအားသစ်၍၊ မှုညစ် သုတ်သင်၊ ဆောင်စုတင်နှင့်၊ တပင်ထွက်သွား၊ တပင်နားသည့်၊ တရားရှာယူ၊ ဗုဒ္ဓကဲ့သို့၊ စင်ဖြူသိက္ခာ၊ ကျင့်သမ္မာဖြင့်၊ဒကာ့တပည့်၊ ကောင်းမှုပြည့်ဘို့၊ရှုကြည့် ပြသင်၊ မဂ်လမ်းထွင်၏၊ ယခင်ရှေးခါ၊ နှစ်များစွာက၊ ရှည်ကြာ လွန်ကြူး၊ မကြားဘူးသည့်၊ ဆန်းထူးဖြစ်ခဲ၊ ဝိနည်းပွဲကို၊ စိတ်ဇွဲထက်သန်၊ စီရင်ဖန်လျက်၊ သုံးတန်သာသနာ၊ ပွင့်လင်းဖြာအောင်၊ သဒ္ဓါများပြား၊ လှူကြီးစားခဲ့၊ ရှေ့သွား ခေါင်းတည်၊ ကောင်းကြံစည်၍၊ တည်ကြည်မိန့်ကြား၊ လူအများသို့၊ တရား ခေတ်ရင့်၊ တိုးပွားဆင့်၍၊ ကြီးမြင့်စေပြီ၊ ထေရ်ဇင်းဘိသည်.... စုံညီ လွမ်းဘွယ် မဆုံးတည်း။

ဇင်းဘိ၊၊ ါထာ (မြန်မာ)

၁။ အံ့ဘွယ်စုံပေါ် မြိုင်တောဇင်းဘိ၊
ကျောင်းရိပ်သင်္ကာ အေးချမ်းမြေညီ၊
လဇ္ဇီနွယ်ဇာတ် ထေရ်မြတ်ခိုမှီ၊
ကြံအောက်မေ့ လွမ်းငွေ့မဆုံးပြီ။

၂။ ဝတိံနတ်နန်း ကြွမြန်းထေရ်ရှင်၊
ဘုန်းဂုဏ်တန်ခိုး လွှမ်းမိုးလိမ့်ထင်၊
လှူပြည်ပြန်လှည့် ရှုကြည့်စေချင်၊
သံကုန်ကြွေး မြတ်လေးခွင့်ပန်ဆင်။

၃။ ဝိနည်းတော်ပွဲ ဆင်နွဲကြမှာ၊
စေတီတော်ရေး မြတ်လေးသည်သာ၊
ဓမ္မကျင့်ထုံး ရွာလုံးမကွာ၊
ပျော်ဝမ်းမြောက်၊ ကြွရောက်ကူပါဘုရား။

(၁၂၉၉-ခု)

## ဩဝါဒမွကထာ

### ဒကာကြီး ဆရာခင်၏ ဥပသမ္ပဒမင်္ဂလာ
### ဩဘာစာ ရတုပိုဒ်စုံ

၁။ **ဝင့်ခန်းသွယ်ရှည်**၊ ဂယက်လည်သို့၊ အတည်မမြဲ၊ သံသာဝဲ၌၊ ထပ်လဲ့ခထွေထွေ၊ မလွတ်ပေသည်၊ သန္တေစ္ဆသား၊ ဘေးရန်များကို၊ မျက်ဝါးထင်ထင်၊ ကြုံတွေ့မြင်၍၊ သို့စင်ဆင်းရဲ၊ သမုဒ်ဝဲဝယ်၊ တည်မြဲကြာရှည်၊ နစ်မွန်းမည်ကို၊ မကြည်နှလုံး၊ ရှုံကြောက်မုန်း၍၊ ကျင့်သုံးမဂ္ဂါ၊ ဗောဓိလျာတို့၊ သွားရာလမ်းစ၊ နိက္ခမဖြင့်၊ မဂ္ဂဖလာ၊ နိဗ္ဗုတာသို့၊ မကြာရောက်စေ၊ ဉာန်သံဝေဖြင့်၊ ထွေထွေများလှ၊ လှုကိစ္စကို၊ ပယ်ချရပ်နား၊ ပစ်ခါထားလျက်၊ တရားမဂ္ဂါ၊ ကျင်သိက္ခာဖြင့်၊ ရိယာဇာတ်စင်၊ နွယ်တော်ဝင်သည်....နီလွင်ဖလ်ဝါ ဆင်မြန်းတည်း။

၂။ **ဆွဲတတ်ဖျန်းစင်ကြည်**၊မေတ္တာမည်သား၊လှုပြည်နတ်ရပ်၊ ဗြဟ္မာ စပ်အောင်၊ ပွားထပ် စေ့စုံ၊ ကြိုင်မွေးထုံသည့်၊ အာရုံနတ်ဆေး၊ မြိုက်ရေအေးဖြင့်၊ ကင်းဝေးရန်စွယ်၊ အန္တရာယ်တို့၊ ကိုယ်ဝယ် တွင်းပ၊ လွတ်ငြိမ်းကြ၍၊ သုခပွားများ၊ ကျင့်တရားနှင့်၊ ရှည်လျားလှစွာ၊ သံသရာမှ၊ ခေမာ နတ်ပြည်၊ ရောက်ကြောင်းရည်လျက်၊ ဇာနည်ဉာန်ရှင်၊ ဆရာခင် ဟု၊ ကြည်ရှင် သဒ္ဓါ၊ ဆုထူးပါသည့်၊ သမ္မာရင့်ညောင်း၊ ရဟန်းလောင်းကို၊ ခါကောင်းဖွေရှာ၊ ထေရ်သံဃာနှင့်၊ ဆွေညာ ခြိမ့်အုံး၊ ပေါင်းစုရုံး၍၊ ရှင်ပြုံးအားရ၊ သင်္ဂဟဖြင့်၊ ဇယသဘင်၊ အောင်ပွဲဆင်သည်.... စီစဉ်ဖန်လာ ယင်ဆန်းတည်း။

၃။ **ကျွတ်တန်းဝင်မည်**၊ ကောင်းစိတ်ရည်၍၊ နေပြည်ကြငှန်း၊ မြို့တော်မန်း၌၊ ထူးဆန်းပေါင်းဆုံ၊ ပျော်မျိုးစုံကို၊ အာရုံမဖက်၊ ပယ်စွန့်ဖျက်၍၊ ကိုယ့်တွက် ကိုယ့်တာ၊ သံသရာဝယ်၊ ရိက္ခာ တမျိုး၊ ရှည်အားကိုးဘို့၊ ကျင့်ရိုးသမ္မာ၊ ဒုလ္လဘာဟု၊ ဖလ်ဝါနီမြန်း၊ ဝတ်သင်္ကန်းဖြင့်၊ရဟန်းတော်သွင်၊ ထက်တန်းဝင်ခဲ့၊ မျက်မြင်ထင်ရှား၊ မျိုးဆွေများနှင့်၊ ကြွသွားနတ်ရွာ၊ ဘဝကွာသည့်၊ မာတာ့မိခင်၊ ကျေးဇူးရှင်နှင့်၊ ဖခင်သူကောင်း၊ ဆွေကြီး ဟောင်းတို့၊ စုပေါင်းညီညာ၊ ယခုခါ၌၊ ဩဘာနုမော်၊ သာဓုခေါ်၍၊ ရှင်ပျော်စေချင်၊ ကြော်ငြာဆင်သည်.... ပီပြင်သံသာ ရှင်လန်းတည်း။ (၁၂၉၉–ခု၊ပြာသိုလရေး)

---

### ဥပသမ္ပဒါဘိသေက ဩဘာစာ

(မင်္ဂလာရတုပိုဒ်စုံ တြင်းကျေ နဝင်းကျေ သတ္တဗိသ ၂၇–ပဒစီ)

၁။ **တေဇတေဇာ–** သာသနာ၏၊ ကောင်းစွာမြင့်ရှည်၊ ခိုင်ခံ့တည်ဘို့၊ ရှင်ကြည်သဒ္ဓါ၊ ဘုန်းသမ္ဘာနှင့်၊ ပညာဆုကောင်း၊ ရဟန်းလောင်းကို၊ ညွှတ်

ပြောင်းရှင်ပျော်၊ ခမည်းတော်နှင့်၊ မယ်တော် မျိုးဘွေ၊ ပူဇော်ပေ၍၊ သရေစုပေါင်း၊သိမ်တန်ဆောင်း၌၊ ခါကောင်းမင်္ဂလာ၊ နေ့ာနဝါနှင့်၊ ဒွေကာနှစ်ကျ၊ လ,မာဃ၏၊ ဆန်းစ,တိထိ၊ သုံးရက်ချိ၍၊ နာရီဒသ၊ နေ့ဗုဒ္ဓဝါ၊ အရိယန္တယ်ဝင်၊ ရဟန်းခွင်သို့ပို့တင်ကြပါ၊သာသနာသည် ... တေဇာရောင်ချည်လွှမ်းစေသော်။

၂။ ခေပ,ခေမာ- ဘေးရန်ကွာ၍၊ သိက္ခာသုံးဆင့်၊ ပြည့်ကြောင်းကျင့်လျက်၊ မြတ်မြင့်သန့်စင်၊ဂိုဏ်းရွှေကျင်ဝယ် သွန်သင်သိမ်းတတ်၊ နယ်လုံးချုပ်၍၊ ထိန်းအုပ်ဦးစီး၊ ထေရ်မြတ်ကြီးကို၊ ကျောက်ထီးပမာ၊ လေးပြုကာဖြင့်၊ ထေရာ, နဝ၊ မဇ္ဈိမ,ဟု၊ သုဒ္ဓန္တယ်ဝင်၊ မြတ်အရှင်တို့၊ ပီပြင်သေချာ၊ ကမ္မဝါကို၊ ကျမ်းလာညီညွတ်၊ ကြိမ်ကြိမ်ရွတ်၍၊ မြတ်ထွဋ်တင်ရာ၊ ပွဲတော်ခါ၌၊ သဒ္ဓါပြုစင်၊ ကောင်းမှုရှင်တို့၊ မဂ္ဂင်ရိက္ခာ၊ ကိုယ်စီရှာသည်.... ခေမာဘောင်ပြည် လှမ်းစေသော်။

၃။ ဇေယဇေယာ- ရတနာဟု၊ သုံးဖြာ ကြောင်းဟိတ်၊ ကောင်းနိမိတ်ကြောင့်၊ ဘိသိက်ဆင်နွဲ၊ သိမ်ဝင်ပွဲ၌၊ မာရ်ရဲဘက်စစ်၊ ကိလေညစ်ကို၊ တားမြစ်တွန်းနှင်၊ အောင်လံတင်၍၊ ဥာန်မြင်လွှမ်းခြုံ၊ ကောင်းမှုစုံကို၊ ပေါင်းဆုံစုရုံး၊ ခြိမ့်ခြိမ့်အုံးဖြင့်၊ ရွာလုံးကြည်ဖြူ၊ အပြိုင်ယူကြ၊ နိဗ္ဗူရောက်လို၊ မြတ်ကုသိုလ်ကို ပုဂ္ဂိုလ်ဟူသမျှ၊ ညီညာရ၍၊ တွင်းပရန်ဘေး၊ ဝေးကြီးဝေးလျက်၊ စိတ်တွေးကြံဆ၊ လိုတိုင်းရဘို့၊ ညွှန်သ,မေတ္တာ၊ ဖြန့်ကြဲ၍သည်....ဇေယျာအောင်စည် ရွှမ်းစေသော်။

(၁၂၉၉-ခု၊ တပို့တွဲလရေးသည်)

## မင်္ဂလာစာပြန်ပွဲ အငယ်တန်း အဖွဲ့လိုက်ဆိုရန်

ဗုဒ္ဓမြတ်စွာ၊ စိန္တေယျာ၏၊ တေဇာမြင့်ကြွား၊ တည်ထောင်ထားသည့်၊ရှစ်ပါးအံ့ရာ၊ သာသနာကို၊ ရပ်ရွာအလိုက်၊ ခွင့်သာခိုက်မှာ၊ စောင့်ထိုက်ပေသည်၊ မှန်းစိတ်ရည်၍၊ ရှင်ကြည်စိတ်ထား၊ သံဃာများနှင့်၊ ရွာသားရွာသူ၊ ပင့်ထောက်ကူလျက်၊ ငယ်မူသေးသွယ်၊ ကျောင်းသူမယ်နှင့်၊ သက်ရွယ်နုထွား၊ ကျောင်းတော်သားကို၊ ဉာန်အားချင့်ရှု၊ ပေါင်းတွဲစု၍၊ ဓမ္မပဒေ၊ကျမ်းထွေထွေတို့၊ ပြန့်စေခဲ့ရာ၊ မင်္ဂလာနှင့်၊ မဟာပရိတ်၊ နှုတ်မဆိတ်ဘဲ၊ ဂုဏ်ဟိတ်ကြီးမား၊ မြတ်ဘုရားနှင့်၊ တရားသံဃာ၊ ဂုဏ်ဩဘာကို၊ သိက္ခာရင့်နု၊ ဥ ဥကျေးမှုပါ၊ ပေါင်းစု ပျော်ရွှင်၊ စာပွဲဆင်သည်....ဖြူစင်ဓိဌာန် မြောက်ကြောင်းတည်း။

---

## ရွှေဘုံသာ မဟာထေရ ဂုဏဝန္ဒနာ

## ထုတိဝေဒလ္လ ဂါထာများ

၁။ သီလေန ယော မဟာထေရော၊ သဒါ သောဘတိ သာသနေ၊
သမာဓိနာ စ ပညာယ၊ နမေ တံ စန္ဒနာဂမံ။

ယော မဟာထေရော-သက်ရှယ်သိက္ခာ သချ်ာအထက်တန်း များလှစွာသော လူရှင်ရဟန်းတို့၏ ရှင်လန်းကြည်သာ အလေးဂရု ပြုအပ်ရာ ရွှေဘုံသာ ကျောင်းတော်သခင် အကြင်မဟာထေရ်အရှင်မြတ်ကြီးသည်။ သီလေနစ-ဖြူစင် ရှင်းသန့် မွှေးပျံ့ကြိုင်လှိုင်သော စတုပါရိသုဒ္ဓိ သီလတော်ဖြင့်၎င်း။သမာဓိနာစ-လှုပ်ရှားမယိုင်, တောင်မဏ္ဍိုင်သို့ ခံ့ခိုင်တည်ကြည်သော သမာဓိတော်ဖြင့်၎င်း၊ ပညာယစ၊ ကောင်းဆိုးယုတ်မြတ် သဘောခတ်ကို ဆတ်ဆတ်မြင်မျှော် ပညာ တော်ဖြင့်၎င်း။ သဒါ- နေ့ ရက်- လ-နှစ်၊ တွက်စစ်များစွာ အခါခပ်သိမ်း။ သာသနေ- အံ့ဘွယ်စုံလင် ဘုရားရှင် သာသနာတော်မြတ်ကြီး၌။ သောဘတိ-ခေတ်ခါအလိုက် သူတော်နွယ် စရိုက်ကြောင့် သိုက်မြိုက် တင့်တယ်တော်မူပေ၏။ စန္ဒနာဂမံ- စန္ဒကူးတမျှ အေးမြ ကြိုင်လှိုင်သော သီလတော်, တောင်မဏ္ဍိုင် တရထည်,တည်ကြည်ခံ့ခိုင်သောသမာဓိတော်, ရှုဘွယ်ရောင်ဆင်း, လမင်းပမာဏ ထွန်းလင်းတောက်ပသော ပညာတော်အရှင် ဖြစ်တော်မူသော။ တံမဟာထေရံ-သက်ရှယ်သိက္ခာ သချ်ာအထက်တန်း များလှစွာသော လူရှင်ရဟန်းတို့၏ ရှင်လန်း ကြည်သာ အလေးဂရုပြုအပ်ရာ ရွှေဘုံသာကျောင်းတော်သခင် ထိုမထေရ်အရှင် မြတ်ကြီးကို။နမေ-မြတ်နိုးစေတနာ ဦးနှိမ်ကာဖြင့် သဒ္ဒါညွှတ်ပြေ့ ကန်တော့ ရှိခိုးပါ၏· အရှင်ဘုရား။

၂။ ဒယာယ ယော မဟာထေရော၊ သဒါ ဘာဝေတိ ဂါမိကေ၊
မေတ္တာယ စ တထာယေ၀၊ နမေ တံ ပိတုဌာနိကံ။

ယော မဟာထေရော-သက်ရှယ်သိက္ခာ သချ်ာအထက်တန်း များလှစွာသော လူ,ရှင်ရဟန်းတို့၏။ ရှင်လန်းကြည်သာ အလေးဂရု ပြုအပ်ရာ ရွှေဘုံသာ ကျောင်းတော်သခင်အကြင် မဟာထေရ် အရှင်မြတ်ဘုရားကြီးသည်။ဂါမိကေ- ဂါမိကေသု- သားသမီးအတူ ရှုသူရှာသား လူအများတို့၌။ သဒါ-နေ့,ရက်, လ, နှစ် တွက်စစ်များစွာ အခါခပ်သိမ်း။ ဒယာယ-လောကဓမ္မ နှစ်ဝ အရေး မျှော်တွေးလွန်မင်း သနားခြင်း ကရုဏာတော်ဖြင့်။ ဘာဝေတိ-တရားလက်ကိုင် မှားမယိုင်ဘဲ ပိုင်နိုင်သေချာ လေ့လာ ပွားများတော်မူပေ၏။ တထာယေဝ- ထိုနှယ်မခြား၊ ပူ, မပွားဘဲ အလားပုံတူသာလျှင်။ မေတ္တာယစ-အန္တရာယ်

ဘေးဘျမ်း မသန်းကြစေ.... ရေတွေပန်းသို့ ပွင့်လန်းကြစေ.... သီတာစမ်းသို့ ချေမ်းကြစေ.... မိုးကြီးစွေသို့ ထွေထွေစီးဆင်း ချစ်ခင်ခြင်း မေတ္တာတော်ဖြင့်လည်း။ ဘာဝေတိ- တရား လက်ကိုင် မှားမယိုင်ဘဲ ပိုင်နိုင်သေချာ လေ့လာပွားများတော်မူပါပေ၏။ ပိတုဌာနိကံ- ရပ်ကုန်ရွာကုန် နယ်လုံးခြုံ၍ အလုံးစုံသော လူရှင်ရဟန်းတို့၏ မိုဌြမ်းပမာ မိဘအရာ၌ တည်နေတော်မူပေသော။ တံမဟာထေရံ- သက်ရှယ်သိက္ခာ သချၤာအထက်တန်း များလှစွာသော လူ့ရှင် ရဟန်းတို့၏ ရှင်လန်းကြည်သာ အလေးပြုအပ်ရာ ရွှေဘုံသာသခင် ထိုမဟာထေရ် အရှင်မြတ်ဘုရားကြီးကို။ နမေ-မြတ်နိုးစေတနာ ဥူးနှိမ်ကာဖြင့် သဒ္ဓါညွှတ်ပြော့ကန်တော့ ရှိခိုးပါ၏ အရှင်ဘုရား။

၃။ သရတံ ယော မဟာထေရော၊ ပုညံ ဝဍ္ဎေတိ ပဿတံ၊
အနုပ္ပကံ သုဏန္တာနံ၊ နမေ တံ ပုညသမ္ဘဝံ။

ယော မဟာထေရော- သက်ရှယ် သိက္ခာ သချၤာ အထက်တန်း များလှစွာသော လူ့ရှင်ရဟန်းတို့၏ ရှင်လန်းကြည်သာ အလေးဂရု ပြုအပ်ရာ ရွှေဘုံသာကျောင်းတော်သခင် အကြင်မဟာထေရ် အရှင်မြတ်ဘုရားကြီးသည်။ သရတံ- သရန္တာနံ- ကိုယ်တော်မြတ်ကို သိမှတ်တွေးဆ သတိရသော သူတို့အားရင်း။ ပဿတံ-ပဿန္တာနံ-ရွှေရှုမျက်မှောက် ထံတော်အောက်သို့ လာရောက်ထင်ထင် တွေ့မြင် ဖူးမျှော် ရသူတို့အားရင်း၊ သုဏန္တာနံ- တရားဆက်ဆံ မိန့်တော်သံကို နာခံမှတ်သား တဆင့်အားဖြင့် နာကြားရသူ တို့အားရင်း။ အနုပ္ပကံ၊ ပိုင်းခြားစရာ ပမာမရ များပြားလှစွာသော။ ပုညံ- အားထားလောက်ဘွယ် ကြီးကျယ်ကောင်းမှု ကုသိုလ်စုကို။ ဝဍ္ဎေတိ- ခုနောင်ကိုးစား အကျိုးများဘို့ တိုးပွားစေတော်မူပေ၏။ ပုညသမ္ဘဝံ၊ ကုသိုလ်အစုကောင်းမှုတရား ဖြစ်ပွားရန် ဧကန်စင်စစ်ဟုတ်မှန်လှပါသော။ တံမဟာထေရံ- သက်ရှယ်သိက္ခာ သချၤာ အထက်တန်း များလှစွာသော လူ့ ရှင် ရဟန်းတို့၏ ရှင်လန်း ကြည်သာ အလေးဂရု ပြုအပ်ရာ ရွှေဘုံသာ ကျောင်းတော်သခင် ထိုမဟာထေရ် အရှင်မြတ် ဘုရားကြီးကို။ နမေ၊ မြတ်နိုး စေတနာ ဥူးနှိမ်ကာဖြင့် သဒ္ဓါညွှတ်ပျော့ကန်တော့ ရှိခိုးပါ၏အရှင်ဘုရား။

၄။ နာနာဂုဏ သမ္ပေတော၊ ထေရော နော ဝန္ဒနာကရော၊
အဝေရော, သုခိတော, ဟောတု၊ ဒီဃာယုကော သတာဓိကံ။

နာနာဂုဏ သမ္ပေတော- များပြားထွေထူး ဂုဏ်ကျေးဇူးနှင့် ပြန့်ပြူးကုံလုံ ပြည့်စုံတော်မူသော။ နောအမှာကံ- ထံတော်ပါး၌။ ညွှတ်တွားပျဝပ် ဆည်းကပ်

ခစား တပည့်တော်များတို့၏။ ဝန္ဒနာကရော- ကန်တော့ညွတ်ကျိုး ဦးနှိမ့်ကျိုး၍ ရှိခိုးခြင်း၏တည်ရာ ဖြစ်တော်မူသော။ ထေရော၊ ကျေးဇူးတော်သခင် မဟာထေရ်အရှင်မြတ်ဘုရားကြီးသည်။အဝေရော-ကိုယ်တွင်းကိုယ်ပ၊ နှစ်ဝသော သန္တာန်ဝယ် ဘေးရန်ခပင်း အလုံးစုံ ကင်းရှင်းတော်မူသည်။ ဟောတု၊ စင်စစ် မသွေ ဖြစ်ပါစေသတည်း။ သုခိတော ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ အေးမြခြင်း ရှိတော်မူသည်။ ဟောတု- စင်စစ်မသွေ ဖြစ်ပါစေသတည်း။ သတာဓိကံ- ဘုန်းတော် ကံဟုန် လောက်လုံထွန်းသစ် အနှစ်တရာထက် ကျော်လွန် ပိုမိုအောင်။ ဒီဃာယုကော- အများတောင့်တ ဆုပြည့်ဝလျက် အားရရွှင်ပျော် ရှည်မြင့်သော အသက်တော် ရှိသည်။ ဟောတု-စင်စစ်မသွေ ဖြစ်ပါစေသတည်း။

(၁၂၉၁-ခု၊ လင်းယဉ် ၅-ရွာ ရွှေဘုံသာ ကျောင်းတိုက်၌ ပြုလုပ်သော ဝါဆိုလပြည့် ဓမ္မစကြာ စာပြန်ပွဲ၌ ရွတ်ဆိုအပ်သော **မဟာထေရ ဝန္ဒနာဂါထာများ** ဖြစ်ပါသည်။

ယခု လင်းယဉ်ရွာသစ် ဆရာဦးအေးမောင် (ရှေး ကဗျာ့ဘာရတီ အဆိုကောင်း အရေးကောင်း ဦးမေဓာဝီ ထံမှ ဂါထာများ ပိုဒ်စုံ များ ရခဲ့ပါသည်)။

**တေးထပ် တပုဒ်**

ထောင့်နှစ်ရာ ရှစ်ဆယ့်ငါး
မြန်မာများ ကောဇာ

ဖန်လာညား ပြောစရာဃယ်
တဩဘာ ဂုဏ်ချိုး

ကျောင်းတော်ကြီး တရားသဘင်ဝယ်
များလူရှင် ပြွမ်းခြိမ့်ခြိမ့်အုံး

ဘုန်းဘုရာ့အလှူတော်မှာ
တူပျော်ပျော်စုရုံး

ချိုမျက်နှာ ရွှင်ပြုံးနှင့်
စိတ်နှလုံး ကြည်လင်

နတ်ရွာကို ဝိုင်ယာ…သွင်းပါလို့
စာသတင်း ပေးပို့လိုက်ချင်

ဘိုးသိကြား နတ်သခင်ရယ်
(ရပ်ရွှေယဉ်) နယ်က ပြောင်းသူတို့
ကျိုးအကြောင်း ခြင်းမချန်၊
လင်းပါ အမြန်

ဝဋ်ကင်းကြောင်း ရည်စိတ်သန်သည်
ပြည်နိဗ္ဗာန် တူကူးရန်ဘိုလေး....

(လင်းယဉ်ရွာ ကျောင်းကြီးနေ ကျောင်းထိုင် ဘုန်းကြီး၏ ရှင်သုံးဆယ် မင်္ဂလာ အလှူပွဲအတွက် ၁၂၇၅-ခု၊ ရေးပို့ လိုက်သော ဩဘာတေးထပ် ဖြစ်သည်ဟု သိရပါသည်)။

(သဖြူးမှတ်စုမှ ရသည်)။

## အဘိဓမ္မာ ကေပိုဒ်ရတု

၁။ ဗောဓိညောင်ရွှေ၊ ရောင်ရှန်းဝေသည့်၊ အောင်မြေကြင့်နှံး၊ ပလ္လင်နှမ်းကို၊ သိမ်းမြန်းစိုးပိုင်၊ ငါးမာရ်နိုင်၍၊ လေးခိုးသစ္စာ၊ ပဒုံကြာကို၊ ဆရာမကူ၊ သယမ္ဘူဖြင့်၊ ဆူဆူကြွသွား၊ ရှေးဘုရားသို့ ပိုင်းခြားခွဲခိုင်၊ ဉာဏ်လက်ကိုင်လျက်၊ ကိုယ်တိုင်ရစေ၊ ဆွတ်ခူးချွေသော်၊ မိုးမြေတုန်ဟီး၊ ပွဲတင်ညီး၍၊ တိုက်ကြီးစကြာဝဠါ၊ သွက်သွက်ခါအောင်၊ကျေညာရိုက်ကြွေး၊ ကောင်းချီးပေးလျက်၊ဟိုရှေးအခါ၊ သုမေဓာဟု၊ တာပသာစစ်၊ ရသေ့ဖြစ်က၊ အားသစ် ပန်သ၊ ဆုပြည့်ဝသဖြင့်၊ သမ္ဗုဒ္ဓစစ်၊ ဘုရားဖြစ်၍၊ ခြောက်နှစ်လွန်ရာ၊ ခုနစ်ဝါတွင်၊ မာတာမိနတ်၊ ကျေးဇူးဆပ်ဘို့၊ ထက်နတ်ပြည်နန်း၊ ကြွချီမြန်း၍၊ တင့်ဆန်း ထွေထူး ဝတီမှူး၏၊ ပျော်ကျူးနေရာ၊ မြကျောက်ဖျာ၌၊ ကြည်သာနှလုံး၊ သီတင်းသုံးလျက်၊ စုရုံးရောက်လာ၊ နတ်ဗြဟ္မာနှင့်၊ ဒေဝါများပြား၊ အပ်တဖျားမျှ၊ ခစား လောက်ဘွယ်၊ နေရာ ငယ်တွင်၊ နှစ်ဆယ် သုံးကျိပ်၊ လေးကျိပ် ငါးဆယ်။ အိုးခွက်လယ်မှာ၊ ဖိနယ်ထားနှိပ်၊ မုန့်ညက်သိပ်သို့၊ ဘုန်းရိပ်ခိုကိုး၊ စွမ်းတန်ခိုးဖြင့်၊ တမျိုးသဏ္ဌာန်၊ ငယ်အောင် ဖန်လျက်၊ ကိုးတန် ဂုဏ်ရှင်၊ မြတ် သခင်အား၊ ဖူးမြင်ညွတ်တွား၊ ဟောတရားကို၊ နာကြား လိုလတ်၊ ပရိသတ်အား၊ သိမှတ်စရာ၊ ဘိဓမ္မာဟု၊ နေ့ခါမကင်း၊ ညဥ့်ဝါတွင်းဝယ်၊ သန့်ရှင်းသာယာ၊ ရှစ်အင်္ဂါနှင့်၊ ညီညာသံတော်၊ ဟောမြွက်ဖော်က၊ ဉာဏ်တော်မဆုံး၊ နည်းမဆုံးပဲ၊ ယူသုံးနာမှတ်၊ ပရိသတ်၌၊ စိတ်ဓာတ်စင်ဖြူ၊ ကျွတ်ထိုက်သူကို၊ ကယ်ယူပိုင်းခြား၊ တန့်ရပ်နားခဲ့၊ နတ်များတူစွာ၊ လူတို့ရွာဝယ်၊ ပညာ

တေဒဂ်၊ ထေရ်မှဆက်၍၊ ဟောမြွက်ပြန့်သွယ်၊ ကျဉ်းအကျယ်နှင့်၊ အလယ်သုံးချက်၊ တပြိုင်နက်ပင်၊ အောက်ထက်တည်ရှိ၊ သုဂတိဟု၊ ဘုမ္မိရပ်ပျော်၊ များသူတော်တို့၊အဟော်ဝတ၊ဩြော်....ကောင်းစွဟု၊ရှင်ပျံနှဲ့မော်၊သာဓုခေါ်၍၊ ကြွေးကြော်တုန်ရိုက်၊ တသောင်း တိုက်ဝယ်၊ အမိုက် မောဟာ၊ အဝိဇ္ဇာဟု၊ မိစ္ဆာမှောင်ကင်း၊ လင်းကြီးလင်း၏၊ လူမင်းမြတ်စွာ၊ စိန္တေယျာနှင့်၊ မဟာသာဝက၊ ထက်တန်းကျသည့်၊ အရိယသခင်၊ မြတ်အရှင်တို့၊ ပါရဂ်တ၊ နိဗ္ဗာန်ကြွ၍၊ ကာလဆုတ်နှစ်၊ ယခုခေတ်ဝယ်၊ လှည့်ရစ်မိုးမှောင်၊ ညဉ့်သန်းခေါင်မှ၊ လျှပ်ရောင် အဆင်း၊ ခဏ ဝင်းသို့၊ မလင်းမဘောက်၊ ဆိုစလောက်ပင်၊ ပျက်ပျောက်ချုပ်ကွယ်၊ ဥမ်းနည်းဘွယ်တည်း၊ ဤနယ် ဤရွာ၊ ဤအခါဝယ်၊ ဆရာတော်ကြီး၊ အုပ်ချုပ်စီး၍၊ ထိန်ညီး ဝင်းပြောင်၊ နေရာထောင်ကို၊ ယူဆောင်အပ်ထား၊ ပေးသနားသို့၊ ရွာသားရွာသူ၊ အများလူကို၊ ကြည်ဖြူသဒ္ဓါ၊ ဘိဓမ္မာဟု၊ မဟာသဘင်၊ ပွဲကြီးဆင်လျက်၊ ဉာဏ်မြင်ဝိဇ္ဇာ၊ ထိန်လင်းဖြာအောင်၊ ပညာအရေး၊ ဆုကြီးပေး၏၊ ရှည်ဝေးနှောင်ခါ၊ များလိုက်နာ၍၊ ပညာရောင်သေး၊ မှိန်မမှေးဘို့ ကြည်အေးချမ်းသာ၊ ရေမေတ္တာဖြင့်၊ ပဏာမာန်လျှော့၊ ပန်ကန်တော့လျက်၊ ဖွားကျော့အစဉ်၊ **တင်, မေ** ယှဉ်သည့်၊ ရွှေယဉ်ရွာမှီ၊ ကုမာရီတို့၊ တူညီစိတ်ကောင်း၊ ဆုယူတောင်းသည်.... နှစ်ပေါင်းရှည်ကြာလင်းစေသောဝ်။

**ရှစ်လုံးဘွဲ့။**

(က) ဘိဓမ္မာ **ကျော့** ဆိုတော့သင့်ပေ၊
ပရမတ်ဖွား မှတ်သားထိုက်ချေ၊
မေ့တင်ဉာဏ်စွမ်း စာကျမ်းထွေထွေ၊
သဘောသိ ရမိညက်ညက်ကျေ။

(ခ) လက်ာ့စာပိုဒ် ဘိုးထိုက်လှချေ၊
ဓိပ္ပါယ်သဘော ချောမောဆင်ပြေ၊
နာခံမညီး အံ့ချီးကြစေ၊
သက်ပန်လုံး စောင့်သုံးတင်နှင့်မေ။

ဘိဓမ္မာကျော့ဆိုသည်မှာ လင်းယဉ်ရွာ **"ဒေါ်ကျော့မေ"** ဖြစ်သည်၊ တူမဝမ်းကွဲ တော်စပ်၍ ထိုစဉ်က ၁၂–နှစ်သမီးဖြစ်သည်၊ ယခု ၅၈–နှစ်ရှိပြီ၊ မကြာခဏ ငယ်ကစာတွေ ကျေးဇူးရှင်ထံ လာလာရွတ်ပြဖော်ရသည်။ (၁၃၃၁–ခု)

၂။ ဗေဒမိညောင်ရွှေ၊ ရောင်ရွှန်းဝေသည့်၊ အောင်မြေသာနှင့်စင်၊ ရွှေပလ္လင်မှ၊ စ,တင် ပထမ၊ ရေတွက်ပြမူ၊ သတ္တဌာန၊ ခုနစ်ဖြာတွင်၊ ရတနာဃရ၊ စတုတ္ထဝယ်၊ ဓမ္မသင်္ဂဏီ၊ စဉ်းချီသား၊ နှစ်ဆိပြည့်စွာ၊ ဘိဓမ္မာကို၊ မြတ်စွာရှင်ပင်၊ ကြံဆင်ခြင်က၊ ဆယ်ခွင်ရပ်လုံး၊ ရောင်တော်ဖုံး၍၊ မဆုံးနိုင်လတ်၊ လောကခတ်သို့၊ ယုတ်မြတ်သတ္တဝါ၊ ကြည်ညိုရာဖြင့်၊ ခြောက်ဖြာရောင်ခိုင်၊ ယခုတိုင်ပင်၊ အပြိုင်ကွန့်မြူး၊ ယှက်သန်းကူး၍၊ မြင်ဖူးသမျှ၊ အားမရအောင်၊ မြန်းကြွ သွယ်သွယ်၊ အံ့ဩဘွယ်တည်း၊ နောင်ဝယ်အခါ၊ နှစ်သချာဖြင့်၊ မှန်စွာရေဘွက်၊ ငါးထောင်ဝက်၌၊ ထွန်းစက်ရောင်ခြည်၊ ပုံ့လှည့်လည်၍၊ လှူပြည်နတ်ရွာ၊ များဗြဟ္မာ၏၊ သဒ္ဒါထက်သုံ၊ ပူဇော်ခံလျက်၊ ဆူညံဟစ်ကြွေး၊ ကောင်းချီးပေး၍၊ ရှည်ဝေးနှစ်ရွှေ၊ ငါးထောင်စေ့က၊ မြေ့ပရမေ၊ လယ်ချက်ဗွေတွင်၊ ခတ်မွေ့တော်စုံ၊ ပေါင်းစုဆုံ၍၊ ရုပ်ပုံနိမ္မိ၊ ဝိညာဏ်ရှိသည့်၊ မုနိသခင်၊ ဘုရားသွင်ဖြင့်၊ ဉာဏ်မြင်ကိစ္စ၊ မပြီးကြသည့်၊ သေက္ခကြွင်းကျန်၊ ပုထုဇန်ကို၊ နိဗ္ဗာန်ပြည်မော်၊ အပါခေါ်ဘို့၊ ရောင်တော်ပြန်ပွဲ၊ နွဲ့ကြိုးနွဲ့လိမ့်၊ အားခဲကြနော်၊ မျိုးသူတော်တို့၊ မြင်မြော်တွေးချင့်၊ ဉာန်ကြီးရင့်ဘို့၊ အခွင့်ကြုံလာ၊ ဘိဓမ္မာဟု၊ ရွှေစာသဘင်၊ ပွဲကြီးဆင်လျက်၊ သွန်သင်နှိုးဆော်၊ ဆရာတော်၏၊ အာဘော်မေတ္တာ၊ ကရုဏာကို၊ ရပ်ရွာအလုံး၊ ပန်ဆင်သုံး၍၊ ပိုက်ကြုံးနာယူ၊ လေ့လာမှုကား၊ စင်ဖြူစိတ်ခတ်၊ လွန်မြင့်မြတ်၍၊ ပညတ်တရား၊ ထင်မှတ်မှားမည့်၊ အသားမပါ၊ လူဝေါဟာကို၊ ငါ,ငါ,သူ,သူ၊ စွဲ,မယူပဲ၊ လေးဆူသတ်မှတ်၊ ပရမတ်နှင့်၊ ရုပ်ခတ်နာမ်သာ၊ ငါးခန္ဓာနှင့်၊ ဒွါဒသာယတန၊ အဋ္ဌာရသဓာတု၊ သိမှုဘွယ်ရာ၊ နိဿတ္တနိဇ္ဇီဝ၊ ဓမ္မသေတ္တာ၊ မှန်တိုင်းရှု၍၊ အနုမြူမျှ၊ သင်္ခါရဝယ်၊ အစဇာတိ၊ ဥပါဒ်ရှိက၊ ဌီတိ,ဘင်္ဂါ၊ နောက်ဆက်လာ၍၊ ရှည်ကြာရပ်ဝဲ၊ သံသာထဲ၌၊ ဆင်းရဲ ဆက်သွယ်၊ ကြောက်လန့်ဘွယ်ကို၊ ဉာန်နယ်ခွဲထွင်၊ ဘေးရန်ပင်ဟု၊ သိမြင်ရှုံမုန်း၊ ကိုယ်လွတ်ရုန်းဘို့၊ ကျင့်ထုံးသေချာ၊ ဘိဓမ္မာကို၊ လေ့လာသင်ကျက်၊ နှုတ်မှာတက်၍၊ အနက်ပဋ္ဌိ၊ စောင်းကြိုးညှိသို့၊ သုတိ မင်္ဂလာ၊ သံ,သြဇာဖြင့်၊ သာယာနှုတ်ချို၊ ပြန်ရွတ်ဆိုသည်....ကုသိုလ်မှီရာ ပွားစေသောဝ်။

ရွတ်ဖတ်သူ မလှရွှေ၊ မလှခင်၊

(ရှမ်းကုန်းရွာ–ညီအမ)

## ၁၂၉၃-ခု၊ တန်ဆောင်မုန်းလ ရှာနန်းရွာ၊ ရွာထောင်တောရကျောင်း ဓမ္မစကြာ စာပြန်ပွဲတွင် ရွတ်ဖတ်ကြသည်။

၁။ မြန်ပြည့်တခွန်၊ ကျော်မိုးလွှန်သား၊ တိမ်စွန်စန်းဣန်၊ သမ္မာထိန်သို့၊ ကွာပိန္နရာဇ်၊ နေနွယ်စစ်ဟု၊ ဘုန်းသစ်ပွင့်လင်း၊ အလောင်းမင်းသည်၊ တည်ရင်းနဂို၊ မြို့ရွှေ၏၊ နုပျိုသာယာ၊ တောင်မျက်နှာ၌၊ ကျေညာသတင်း၊ ဂုဏ်ပျံ့သင်းသည့်၊ ထင်လင်းယှက်သန်း၊ နွတ်နတ်ပန်းသို့၊ **ရှာနန်းမည်သီး**၊ ထိုရွာကြီးဝယ်၊ အဲ့ချီးဘွယ်ရာ၊ သာသနာ၏၊ တည်ရာအရေး၊ မြှော်ထောက်တွေးလျက်၊ မြတ်လေးသဒ္ဓါ၊ ဆက်တိုင်းပါသည့်၊ ပညာဓာတ်သန်၊ အသိဉာန်ကြောင့်၊ ဖြောင့်မှန်တရား၊ နေ့စဉ် ပွားလျက်၊ နှစ်ပါး ကိုယ်နှုတ်၊ ကြိုးအားထုတ်သည့်၊ **ဒေါ်ရှုတ်မည်တွင်**၊ သူတော်စင်နှင့်၊ အိမ်တွင် တူကွ၊ ဇာ,မာတဟု၊ သားမျှခြံရံ၊ ဥုးထွန်း**ဇံ တသီး**၊ **ဇနီးမဝန်မိ**၊ ဇမ္ပူတိပြင်၊ မည်ရှိ ခေါ်သုံး၊ **သမီးမအုံးဆို**၊ ပင်ကိုဝါသနာ၊ သဒ္ဓါမတွန့်၊ **မောင်အုန်းညွန့်**၊ **မောင်ကံရ**၊ ဘွားမ သားမြေး၊ အရေးသိမြင်၊ ကုသိုလ်ရှင်တို့၊ ပြည်ခွင်ခေမာ၊ ရောက်စေငှာဟု၊ မဟာသဘင်၊ ပွဲကြီးယင်လျက်၊ ပျော်ရွှင်အားရ၊ နှိုးဆော် ကြ၍၊ ဓမ္မစကြာ၊ ပွဲခြိမ့်ငြာသည်....သမ္မာကျင့်ဝတ် တရားတည်း။

၂။ မှန်**တည်**မလွှန်၊ ဟုတ်တိုင်းညွှန်အံ့၊ သီလဝန်ဇာတ်၊ နွယ်ဥက္ကဋ္ဌ၊ စွဲမှတ်ထင်ပေါ်၊ တိုင်းလုံးကျော်၍၊ ဂုဏ်တော်ထင်ထင်၊ ခုတိုင်မြင်သား၊ **ရွှေကျင်ဝံသ**၊ **နိကာယ**၏၊ ဂဏာဥုးစီး၊ ဂိုဏ်းလုံးထီး၏၊ ထံနီးမှီသုံး၊ ယာလက်ရုံးသို့၊ နှလုံးကြည်သာ၊ အားထားရာဂ ား၊ ရှေးခါကသော်၊ ဤကျောင်းတော်၌၊ ရှင်ပျော်နေမှီး၊ ဘုန်းမြတ်ကြီးတည်း တသီးဌာန၊ နတ်ထံကြွက၊ ဆိဿများစွာ၊ ဒါယကာတို့၊ ဒိဋ္ဌာနုဂတိ၊ နည်းစုံသိ၍၊ ဇာတိစွဲသန်၊ နည်းလမ်း မှန်လျက်၊ ကျမ်းဂန်အရ၊ သွန်သင်ပြမည့်၊ ပုဂ္ဂလဇာနည်၊ မျိုးမျိုးထေရ်ကို၊ လှည့်လည်ခ,ယ၊ ကိုးကွယ်ကြ၍၊ ကာလခုခေတ်၊ ပေါ်လာဖြစ်သည့်၊ အသစ်ဝတ္တမာန်၊ ပစ္စုပ္ပန်ဝယ်၊ နည်းလမ်းမှန်ရိုး၊ ဆင့်ဆင့်တိုး၍၊ အကျိုးလိုသူ၊ လိုက်နာယူဘို့၊ လေးဆူသမုဒ်၊ ရေမှုတ်ထုတ်၍၊ ပေါင်းချုပ်ဥစ္စာ၊ ဘိုးထိုက်စွာကို၊ လွယ်ကာမနှေး၊ ယူဆောင်ပေးသို့၊ ကြံရှေးယွင်းယို၊ ဉာန်လက်တိုသည့်၊ လူဗိုလ်အများ၊ ရပ်ရွာသားကို၊ တရားပဏ္ဏာ၊ ဝေငှပါသည်....သမ္မာ မြင့်မြတ်တပါးတည်း။

၃။ ညာန်ရေအာပွန်၊ သဒ္ဓါချွန်၍၊ ကဲလွန်လို့လ၊ စိတ်စွမ်းပြလျက်၊ ဓမ္မစကြာ၊ ဒေသနာကို၊ နှုတ်မှာရွရွ၊စောင်စုံရ၍၊ နေ့ညပြန်ဆို၊ လွန်ကြည်ညိုလျက်၊ စိတ်ကိုညီညာ၊ ပေါင်းစုကာဖြင့်၊ ရပ်ရွာအလုံး၊ ရှင်ကြည်ပြုံး၍၊ ခြိမ်အုံးအုံ့ဘွယ်၊ သရဇ္ဈာယ်သည့်၊ ကြီးကျယ် ကုသိုလ်၊ ကောင်းမှုကိုသျှင်၊ နိုင်းဆိုတူရာ၊ ဖွေထုတ်ရှာလို့၊ ပမာမရ၊ ယုံကြည်ကြလော့၊ ဒုက္ခသစ္စာ၊ သမုဒယာနှင့်၊ နိရောဓာ့မဂ္ဂ၊ လေးဝမှန်ကန်၊ ဓမ္မကွန်ကို၊ ထုတ်ပြန်ထင်လင်း၊ မိန့်မြွက်ခြင်းဖြင့်၊ အရင်းမူလ၊ သခေ်ပဟု၊ ဓမ္မစကြာ၊ ဒေသနာဝယ်၊သုံးသွယ်ပိဋကါ၊နိကာယငါး၊ကိုးပါးအင်္ဂါ၊ ဓမ္မခန္ဓာ့ပေါင်း၊ ရှစ်သောင်း လေးထောင်၊ များမြောင်အထု၊ ကုန်လုံးစု၏၊ သမယဉ်၊ ယခုနှစ်လ၊ ဌာနဤရွာ၊ ကျောင်းတော်သာဝယ်၊ သဒ္ဓါရင့်ညောင်း၊ သူတော်ကောင်းတို့၊ စုပေါင်းသတ်မှတ်၊ သောမနဿဖြင့်၊ ပိဋကတ်ကုန်ဆုံး၊ သုံးပုံလုံးကို၊ ကျဉ်းရုံးရှင်ကြည်၊ ပြန်သည်မည်၏၊ လှူပြည်နတ်ရွာ၊ ကောင်းချီးညာသည်.... ကမ္ဘာဆင့်လတ် မနားတည်း။

(၁၂၉၃-ခု၊ တန်ဆောင်မုန်းလ)

---

စစ်ကိုင်းမြို့ လင်းယဉ်ရွာ
ရွှေဘုံသာ ဆရာတော် ဘုရားကြီး၏
ဘုန်းတော်ဖွံ့ သံဝေဂ ရတု။

(၁၂၉၃-ခု)

။ ဥဒေါန်းလျှံဝေ၊ ပြောင်ခဲ့ပေသား၊ ထောင်ခနလောင်ညီး၊ တောင်ထွဋ်ကြီးသို့၊ ဘုန်းမီး တန်ဆောင်၊ သမ္ဘာ ပြောင်လျက်၊ တထောင် မ့များ၊ တကောင်ဘွားဟု၊ ယောကျ်ားဇာနည်၊ ပြီကြီး ပြီသည့်၊ မထေရ်ဘုံသာ၊ ဒိုဆရာကား၊ သံဃာသမ္မတ၊ ဥက္ကဋ္ဌဟု၊ နာမပံ့စီ၊ ဘွဲထူးချီလျက်၊ စက်ဤသာသနာ၊ ဝန်ပါပါဖြင့်၊ သိက္ခာပုဒ်တော်၊ ကိုးထောင်ကျော်ကို၊ ညှိုးလျှော်စေဘဲ၊ ကြိုးအံခဲ၍၊ ယင်နွဲကူညီ၊ ထမ်းခဲ့ပြီလည်း၊ ကုသိနာရုံ၊ မြိုင်ရဂုံဝယ်၊ ကင်းသုဉ်ဇီဝေ၊ ပျက်သေးချေသည့်၊ ပရမေရှင်စော၊ မြတ်သဘောကို၊ လိုက်လျောတူစွာ၊ ပြုအံ့ငှာဟု၊ ကောဇာသကရာဇ်၊ ထောင်ရာခေတ်မှ၊ စွန်းလှစ်ကိုးဆယ်၊ သုံးခုဆွယ်တွင်၊ လ့ဝယ် ဝါနှောင်း၊ အခါကောင်းသည့်၊ ဆုတ်နှောင်းစုဒ္ဒသ်၊ ချိန်တော်မြတ်ဌ်၊ ထက်နတ်ကြငှန်း၊ ကိုယ်တော်မြန်း၍၊ လွမ်းခန်းဆင်ကာ၊ စွန့်ခွဲခွါသည်....ဤခါဇာတ်သိမ်းသည် တကား။

၂။ **တုမှန်းစံဖွေ**၊ ရှာ, ပချေလည်း၊ ရေမြေဆုံးအောင်၊ မသွံ့ရှောင်တည့်၊ ဘုန်းခေါင်တုလွန်၊ သာသနာ့ဝန်ကို၊အားသွန်ကြိုတ်ခဲ၊ သည့်ဆောင်ဆဲတွင်၊မမြဲ အနိစ္စ၊ မျက်မြင်ပြလျက်၊ သာသနာ့ တံခွန်၊ လက်စ, ဝန်ကို၊ ဆုံးစွန်မပြီး၊ တင်းသင်းကြီးနှင့်၊ ဖျက်ဆီးလစ်လျူ၊ ရှုတော်မူသည့်၊ တဆူဆရာ၊ ဘုန်းမှော် မှာကား၊ ခန္ဓာထု, ထည်၊ ပြိုခဲ့သည်ကြောင့်၊ ဇာနည်နှင်နှင်၊ ထွဋ်ဆုံးတင်လျက်၊ ဒို့ရှင်ဘုန်းမို၊ ဒို့ဗဟိုဟု၊ တရိုတသေ၊ ကိုးခဲ့ပေလည်း၊ သံဝေစေ့ငု၊ ခုခါရှုလျှင်၊ အားပြုဘွယ်ရာ၊ ဂုဏ်ဖြာဖြာနှင့်၊သညာခေါ်ဘိ၊ မည်သာရှိခဲ့၊ ကဝိ နယ်ကျော်၊ ဖြစ်ခဲ့သော်ကြောင့်၊ ဩော်,ဩော်–တ,ကာ၊ ဒို့သူငါသည်.... မှီရာလာဘ်တိမ်း သည် တကား။

၃။ **ရှုခမ်းသံဝေ**၊ ထင်ရစ်စေဟု၊ နှစ်ထွေ ထုတ်ပြန်၊ ရုပ်နှင့်နာမ်တို့၊ ပျက် ဟန် မျက်မြင်၊ ပြခကြောင်း တွင်လျက်၊ ဒို့ရှင်သံဃ၊ ဥက္ကဋ္ဌဟု၊ သီလ အာဒိ၊ ၁်သုဒ္ဓိကား၊ သက်ရှိ ရှိန်စော်၊ ကင်းမဲ့သော်ကြောင့်၊ ဩော်.... ဩော်–ခုခါ၊ ဒို့ သူငါဝယ်၊ မှီရာတပါး၊ ပြို၍သွားပြီ၊ အများ သူငါ၊ ကြည့်စမ်း ပါလော့၊ လက်ျာတန်ဆောင်၊ ဇမ္ဗူဘောင်တွင်၊ တထောင်မ–များ၊ တကောင်ဘွား သည့်၊ ပေါက်သားဘုန်းမော်၊ မထေရ်သော်လည်း၊ သူခေါ်ပင့်ရာ၊ ကြွလိုက် ပါ၍၊ သည်းချာကဝေ၊ တပည့်တွေကို၊ ရှောင်သွေယခု၊ စွန့်ခွါပြုပြီ၊ ပုပ္ပ,နုပ်နုပ်၊ နာမ်နှင့်ရုပ်,ဟု၊ ဂုဏ်စုတ် သေးငယ်၊ ငါတို့ ဝယ်ကား၊ ဆိုဘွယ်ကင်းကွာ၊ ပျက်မည်သာတည်း၊ ရာဇာအကျော်၊ သေမင်း ခေါ်က၊ ဩော်....ဩော်–မကြာ၊ ဒို့ သူငါသည်....ဇီဝါပြတ်ငြိမ်း မည်တကား။

လင်းယဉ်ရွာသစ် မြန်မာပညာရှိ ဒကာကြီး ဦးအေးမောင် ထံမှ ကူးယူခဲ့ကြသည်၊ ဆိုစဉ် ပုံရိုက်ဝေ၍ ဒကာကြီးက သူ ဘတ်ခဲ့သည်ဟု ဆိုသည်။

(၁၃၃၁–ခု)

### ၁၂၉၃–ခု၊ ရွှေဘုံသာ ဆရာတော်ဈာပန၊ သံဝေဂပိုဒ်စုံကဗျာ။

၁။ **ကျောင်းရွှေဘုံသာ**၊ ရိပ်ခန်းဝါဩ၊ ရှည်ကြာကာလ၊ ယာပထ,ဖြင့်၊ မျှ,တ မွှေလျော်၊ ဆရာတော်၏၊ ထင်ပေါ်ကျော်နှံ့၊ ဂုဏ်ရနံ့ကြောင့်၊ သင်းဖျံ့ ချိုအေး၊ ကြိုင်လှိုင်မွှေး၍၊ မြိုက်ဆေး ရသာ၊ ဒေသနာဟု၊ သာယာ စကား၊ ဟောတရားကို၊ မှတ်သားနာလို ထေရ်မြတ်ကိုလည်း၊ ကြည်ညို အားရ၊ ဖူးမြင် ကြ,ဘို့၊ ဒေဝသေဌ်နှင်း၊ သိကြားမင်းက၊ ရှင်ရင်းထံမှောက်၊ ကိုယ်တိုင်ရောက်

၍၊ ပင့်လျှောက်ဆောင်ယူ၊ သဘောတူလျက်၊ ကြည်ဖြူ ရှင်လန်း၊ ဝတိ နန်းသို့၊ ကြွမြန်းသည့်ရေး၊ ချင့်မြော်တွေးက၊ ရေဝေးနေသန်း၊ ပဒုံပန်းသို့၊ ရဟန်းနုနယ်၊ မောင့်ရှင်ငယ်နှင့်၊ သွယ်သွယ်များစွာ၊ ဒါယကာတို့၊ စိတ်မှာ မျိုးမျိုး၊ ခွေပျော့ညှိုးသည်.... ခေတ်ဆိုးအမြန် ကြုံရပါသည် ဘုရား။

၂။ ကျောင်းရွှေဘုံသာ၊ ရိပ်ခန်းဝါ၌၊ နတ်ရွာ ပျော်ပိုး၊ လှူပြည့်ငြိုးသည့် ထေရ်ကြီးသခင်၊ မြတ်အရှင်၏၊ သန့်စင်သီလ၊ ကျင့်ဓမ္မကြောင့်၊ ဗြဟ္မစာရီ၊ တရားညီသည့်၊ လဇ္ဇီနွယ်ရင်း၊ သံဃာချင်းနှင့် အတွင်းနေငြား၊ တပည့်များတို့၊ စိတ်ထားရဟန္တာ၊ ကဲ့ပမာသို့၊ သဒ္ဓါပိုမို၊ လွန်ကြည်ညို၏၊ ဗြဟ္မစိုရ်လေး၊ ရှုတိုင်း မွေ့သည့်၊ ချစ်ဆေး ကိုယ်မှာ၊ မြဲမကွာ၍၊ ဒကာ ဒကာမ၊ ရှိသမျှတို့၊ နှစ်စွသဒ္ဓါ၊ ရှိသေစွာဖြင့်၊ မိန့်မှာဟောပြ၊ ဓမ္မောဇ ကို၊ ရှင်ပျလိုက်နာ၊ ပူဇော် ပါ၏၊ ပမာလူ့နန်း၊ ပေါင်းစုရုံး၍၊ ကန်လုံးညီညာ၊ ပဒုံကြာတို့၊ ဝေဆာရှိခိုး၊ ပွင့်လန်းဖြိုးသည်....ဖြစ်မျိုးအမှန် စုံရပါသည်ဘုရား။

၃။ ကျောင်းရွှေဘုံသာ၊ ရိပ်ခန်းဝါ၌၊ မဟာထေရ်တော်၊ ရှင်လန်း ပျော်လျက်၊ ပင့်ခေါ်နတ်ရွာ၊ ဝတိသာသို့၊ ဓမ္မာရသ၊ ပေးဝေငှဘို့၊ မြန်းကြွ သည်မှာ၊ ငါးလကြာခဲ့၊ ကြွလာလိမ့်လား၊ ထင်ကိုးစားလဲ၊ မျက်ဝါးဆင်ထင်၊ ဖူးမမြင်ရ၊ အရှင်ဂုဏ်ထူး၊ မှတ်ရည်စူး၍၊ ကြည်နူးသဒ္ဓါ၊ ဒါယကာတို့၊ မဟာ သဘင်၊ ပွဲကြီးယင်လျက်၊ အရှင်ရုပ်ဇာတ်၊ လေးပါးဓာတ်ကို၊ မြတ်ရဟန္တာ၊ ကဲ့ပမာသို့၊ ရတနာစံကျောင်း၊ ပင့်ရွှေ့ပြောင်း၍၊ စိတ်ကောင်း ဖြောင့်မှန်၊ တိဟိတ်ဉာဏ်ဖြင့်၊ ထက်သန်အားရ ပူဇော်ကြ၏၊ ကာလနောင်ခါ၊ တနှစ်ကြာ၊ သဒ္ဓါမြတ်မြင့်၊ ရာထောင်ဆင့်၍၊ အသင့်ထပ်တိုး၊ ပူဇော်မျိုးသည်.... သစ်ဖြိုး တဖန် ဆုံရပါမည်ဘုရား။

လင်းယဉ်– ကုန်းကြီး, ရွှေဘုံသာဆရာတော်ကြီး ပျံလွန်သော

ရက်အတွင်း အုဋ္ဌစီ လေးတောင့် ရေကန်ကြီးအတွင်း ကြာပွင့်,

ကြာဖူးများ ထူးဆန်းတင့်တယ်စွာ ရှိခိုးနေသဖွယ် တွေ့ကြရ၏။

(ပုံ) ဘုန်းကြီးဦးမေဃိန္ဒ။

## လင်းယဉ် ကုန်းကြီးရွာ
## ရေလည်ကျောင်း, ရေလည်ဆရာတော်

၁။ **အာဒိကပ္ပ၊** ပေါ်စကမ္ဘာ၊ တည်ဦးခါက၊ သယံဇာမည်၊ **ကုန်းရေလည်ကား၊** ပွားစည်အုပ်ခြုံ၊ ပင်ပေါင်းစုံ၍၊ ရိပ်ရုံဆင့်ဆင့်၊ ရာသီသင့်ဝယ်၊ ဖူးပွင့်ညွန့်ဖြာ၊ ချိုရသာနှင့်၊ဩဇာပြည့်နှော၊သီးစုံပေါ၍၊အံ့ဩလောက်အောင်၊ ကောင်းကျိုးဆောင်ခဲ့၊ ရွှေတောင်နောက်မြောက်၊ ဝန်းရံလျှောက်၍၊ဖြိုးမောက်ရေပြင်၊ ကျုံးတော်သွင်နှင့်၊ ရှုမြင်မျှော်ခင်း၊ ကန်'ကျင်းကင်း'တွင်၊ ဖော်ချင်းခေါ်ဝေါ်၊ သံကြွေးကြော်လျက်၊ မှူးပျော်ငှက်များ၊ ရေ ကစားသော်၊ မြင်ကြားရသူ၊ အပေါင်းလူတို့၊ သည်းအူရှင်မြူး၊ လွန်ကြည်နူး၍၊ ဖြစ်ထူးသတ်မှတ်၊ ကုန်းတော်မြတ်ကို၊ ရင်ခတ်လက်တီး၊ အံ့မပြီးချေ၊ ချီးမွမ်းပေ၏၊ ဆောင်း, နွေ, မိုးပင်၊ ကုန်းတော်ပြင်၌၊ ဓုတင်သီလ၊ သမထနှင့်၊ ဗြဟ္မစာရီ၊ မြတ်ယောဂီတို့၊ ဝသီသန့်စင်၊ မဂ်လမ်းထွင်လျက်၊ ပျော်ရှင် မွေ့ကြည်၊ ကုန်းရေလည်သည်.... နန်းပြည်ခေမာ ဆိပ်ဦးတည်း။

၂။ **ပါဠိသဒ္ဒ၊** ဖော်ပြအင်္ဂါ၊ ကောင်းညီညာသည့်၊ သာယာ ပြန့်စည်၊ **ကျောင်းရေလည်ကား၊** မရှည်ခရီး၊ ရပ်ရွာကြီးနှင့်၊ မနီးလမ်းတာ၊ ဆိတ်ငြိမ်ရာဝယ်၊ သွားလာသင့်လျော်၊ရှေးကံမြောက်၍၊ ပေါ်ပေါက်ထင်ရှား၊ အံ့တပါးတည်း၊ ရွှေဖျားဦးတင်၊ သုံးလူရှင်၏၊ ရုပ်သွင်ကိုယ်စား၊ စေတီများကို၊ တည်ထားသဖြင့်၊ ကျောင်းဂုဏ် မြင့်၏၊ ကျောင်းနှင့်ဘုရား၊ စေတီများကြောင့်၊ ရွှာဖျားတင့်တယ်၊ ဂုဏ်ယူဘွယ်တည်း၊ ဤနယ်ဤရွာ၊ လူများစွာတို့၊ သဒ္ဓါစိတ်ဇော၊ ဖန်ဖန်စော၍၊ မနေ့ခေါတ်ရည်၊ ဖိတ်ဖိတ်စည်အောင်၊ ရေလည်ဝိဟာ၊ ကြောင်းရင်းသာဟု၊ ပဌာန်နည်း၊ တပ်ပစ္စည်းဖြင့်၊ သိမ်းဆည်းအာရုံ၊ စွဲမြဲထုံက၊ ရွှေဘုံသိဝ၊ နိဗ္ဗာန်ကျအောင်၊ သုခတရား၊ ဆင့်ဆင့်ပွားလိမ့်၊ ရှုစားကြပါ၊ မျက်မြင်မှာပင်၊ လောကာမိသ၊ ကျိုးဖလကို၊ ယူရစေသည်၊ ကျောင်းရေလည်သည်.... လန်းစည် ဝေဖြာ ရိပ်ထူးတည်း

၃။ **ဇာတိဒဗ္ဗ၊** ဂုဏသညာ၊ ကျင့်သိက္ခာဖြင့်၊ မဟာဇာနည်၊ **ထေရ်ရေလည်ကား၊** အရှည်မြင်ရှု၊ ခပ်သိမ်းမှုဝယ်၊ ရင့်နုခွဲဝေ၊ သိတတ်ပေ၍၊ တူနေ ပေါင်းသင်း၊ တပည့်ရင်းနှင့်၊ သီတင်းသုံးသူ၊ အများလူကို၊ နည်းယူစေသား၊ မိန့်မြွက်ကြား၍၊ တရားသဘော၊ များစွာဟောခဲ့၊ အပြောနှင့်မူ၊ အလုပ်တူလျက်၊ အယူဘာသာ၊ ယထာဝါနှင့်၊ တထာကာရီ၊ နုဗုဒ္ဓိမို့၊ လဇ္ဇီဂုဏ်ရိပ်၊ ထက်တန်းစိတ်ဖြင့်၊ ကောင်းဟိတ်မူရင်း နှလုံးသွင်းဝယ်၊ ဖြောင့်စင်း ကြည်လင်၊ ပင်ကိုစင်တည်း၊ သေနင်ဗျူဟာ၊ ချီတက်လာ၍၊ ကရုဏာကင်း၊ ရှင်သေမင်း၏၊

ကိုယ်ချင်းမစာ၊ ထေရ်မဟာကို၊ မညာ ရက်စက်၊ တိုက်ဖြိုဖျက်လျက်၊ နိုင်ထက်မူရေး၊ ကြံစိတ်တွေးက၊ စိတ်ဆေးကိုယ်နွမ်း၊ ကြာနေလှမ်းသို့၊ အလှမ်းမဝေးဆူ လိုက်လှဲပူကြ၊ နတ်လူ ချစ်ကြည်၊ ထေရ်ရေလည်သည်.... မှန်းရည် တေဇာ ထိပ်ဖူးတည်း။

(၁၃၀၂-ခု၊ တပေါင်းလ ရေး)။

## ရေလည်ကျောင်း ဆရာတော် ဈာပန
## ဖတ်ဆိုကြရန်

၁။ လွမ်းဘွယ်တွေ့ကြုံ၊ ဖြစ်ရေးပုံကို၊ လုံးစုံမပြ၊ အကျဉ်းမျှဖြင့်၊ သိကြစေလို၊ ခွင့်ပန်ဆိုအံ့၊ ပင်ကိုစိတ်ဓာတ်၊ လွန် မြင့်မြတ်၍၊ လူနတ် ချစ်ကြည်၊ မဟာထေရ်ကို၊ လူ့ပြည် တလှည့်၊ နတ် တလှည့်ဖြင့်၊ အလှည့်ယူကာ၊ ပူဇော်ရာဘို့၊ ဒေဝါနိတ်ပေါင်း၊ ကြွလာကြောင်းဖြင့်၊ခွင့်တောင်းပန်ထွာ၊ ပင့်လျှောက်ပါသို့၊ သမ္မာ ကျင့်ညီ၊ တရားမှီသည့်၊ လဇ္ဇီဂိုဏ်းဝင်၊ သူတော်စင်နှင့်၊ ချစ်ခင်ကိုးစား၊ တပည့်များကို၊ စွန့်ထားပယ်ခွါ၊ ထောင့်သုံးရာနှင့်၊ သချ်ာစွန်းနှစ်၊ သကရာဇ်၌၊ ခါခေတ်သရဒ၊ တန်ဆောင်လ၏၊ ပက္ခဆန်းတက်၊နှေငါးရက်ဝယ်၊ ဘုံထက် နတ်နန်း၊ အရှင်မြန်းသည်.... လွမ်းခန်းဖြေမဆည်နိုင်ပါဘုရား။

၂။ နွမ်းနယ်ဝေမှုံ၊ ရင်ညွန့်အုံကို၊ လက်စုံခတ်တီး၊ သောကကြီး၍၊ ပူမီးစွဲဝင်၊ များလူရှင်ကို၊ သခင်ပြန်လှည့်၊ ကြွလာကြည့်လော့၊ ရေပြည့်ဝိုင်းစိုကုန်း မိုမိုဝယ်၊ စိမ်းစိုပင်မျိုး၊ မြတ်ပုထိုး နှင့်၊ ခါမိုးတဖုံ၊ ဆောင်း,နွေ, ကြုံလည်း၊ ရိပ်စုံထပ်ထင့်၊ ရှုဘွယ်တင့်၏၊ နိမ့်မြင့်ကျောင်းခွင်၊ စေတီယင်မှာ၊ ဖူးစင်ဓာတ်ပွင့်၊ ကျောက်တန်းမြင့်၍၊ သျှင်နှင့်ကုန်းမြေ၊ကြက်သရေကို၊ တွေးလေသမျှ၊ ဩော်-ဩော် တ,၍၊ လွမ်းစ, မပြေ၊ ထင်မြင်စေခဲ့၊ သဗ္ဗေသင်္ခါရာ၊ အနိစ္စာ,ဟု၊ စိတ်မှာတင်ပြ၊ တရားချလည်း၊ သောကလွှမ်းဆူ၊ ပူမြဲပူလျက်၊ ရှင်လူရဟန်း၊ လွန်ပင်ပန်းသည်....နွမ်းခန်း ပြေမလည်နိုင်ပါဘုရား။

၃။ လွမ်းချယ်စေ့စုံ၊ ဇာတ္ထာရုံကို၊ စုပုံစီရင်၊ ဖန်ပြုပြင်၍၊ ဘဘင်တင့်ဆန်း၊ သင်္ဂြိုဟ်ခန်းကို၊ ရဟန်းရှင်သူ၊အများသူတို့၊ကြည်ဖြူစိတ်တွင်း၊ ဆင်ယင်ကျင်းပေါ့၊ ကြောင်းရင်းထွေထွေ၊ ရှင့်အခြေကို၊ စေ့ရေတွေးဆ၊ သတိရလျက်၊ လွမ်းစဖြေဆည်၊ ပြေမလည်ပဲ၊ မျက်ရည်ကြည်ဥ၊ ကိုယ်စီစု၍၊ ဆွေးမှုရာရာ၊ ဖြစ်ပေါ်

လာခဲ့၊ ရပ်ရွာလူများ၊ တပည့်သားနှင့်၊ ရင်းဖျားဆွေကြီး၊ ပူ,မပြီးတို့၊ ဖန်တီး လေခြင်း၊ ရှင်သေမင်းကို၊ ထန်ပြင်း မာန်ဝင့်၊ ပြစ်တင်သင့်လဲ၊ ထောက်ချင့် နိုင်းစာ၊ ရဟန္တာပင်၊ ခန္ဓာခေါ်တယ်မိမ်း၊ ဝဋ်ဇာတ်သိမ်း၍၊ ချမ်းငြိမ်းပြည်နန်း၊ စိုးစံမြန်းသည်.... တမ်းမှန်း ခြေမတည်နိုင်ပါဘုရား။

၁၃၀၂-ခု၊ တပေါင်းလ ဘုန်းကြီးပျံစျာပနဌ
ဘုန်းကြီး ဦးမေဃိန္ဒနှင့် တပည့်များက ရိုက်နှိပ်ဝေငှကြသည်။

---

## ဆန်စက်ဖွင့် မင်္ဂလာရတုပိုဒ်စုံ

(တြင်း-နဝင်းကျေ-သတ္တနဝင်းကျေ-သတ္တမီသ ၂၇-ပဒ အချီအချည်)

၁။ **ဣန္ဒိတေဇာ**၊ ပွင့်လင်းဖြာသား၊ ကမ္ဘာဘဒ္ဒ၊ ဥုး,အစဝယ်၊ ဖြာ့ဟုန် သွင်၊ ကိုယ်ရောင်ထင်လျက်၊ ကောင်းကင်ဖျံသွား၊ ကပ်ဦးသားတို့၊ တရားဆုတ် ပြယ်၊ ရောင် ပျောက်ကွယ်သော်၊ ကြီးငယ်ဆူကြူ၊ နေနှင့်လကို၊ တောင့်တပုံဘူ၊ ဤနယ်မူလည်း၊ မျိုးလူများစွာ၊ သာသနာနှင့်၊ ပညာတာဝ၊ လေးဌာနအား၊ ကောင်းကျိုး ပွားဘို့၊ စပါး ဆန်စက်၊ ထွန်းပေါ်ထွက်က၊ နှစ်သက်အံ့ဌာ၊ တောင့်တ,ခါတွင်၊ ရတနာသိရိန်၊ ဂုဏ်သိန် ရောင်ဝါ၊ ထွန်းလင်း ဖြာသည်.... တေဇာဣန္ဒိ တိုးစေသောဝ်။

၂။ **ကိတ္တိကျော်ညာ**၊ အံ့ဩရာတည်း။ သမ္မာမျိုးဇာတ်၊ ဤရွာမြတ်၌၊ သမ္မတ် လေးလီ၊ စုံပြည့်ညီ၍၊ယှဉ်မှီစက်လေး၊ ပြည့်စုံရေးကြောင့်၊ ကျိုးပေး တင့်တယ်၊ စန်းယှဉ် ကြယ်သို့၊ မျိုးနွယ် သန့်စင်၊ စက်ပိုင်ရှင်ဟု၊ ဖခင်ထံရင်း၊ ဉာဏ်ရောင် လင်း၍၊ ရည်ချင်းဆိုင်တူ၊ အပြိုင်ယှူလျက်၊ သွင်မူညီမျှ၊ နဇာတ,ဟု၊ အဘတူ သား၊ ကျော်ထင်ရှားသည့်၊ အများ ကျိုးလို၊ **ကိုမောင်ညို** နှင့်၊ စိတ်ကိုယ် ညီလစ်၊ **မငွေသစ်**တို့၊ ရင်းမြစ်သဒ္ဓါ၊ ဂုဏ်ညွှန့်ဖြာသည်.... ကျော်ညာ ကိတ္တိ မိုးစေသောဝ်။

၃။ **သိဒ္ဓိဇေယျာ**၊ မင်္ဂလာတို့၊ လိုရာပွားစီး၊ ဆောင်တိုင်း ပြီးမျှ၊ ဝေးနီး ဆွေညာ၊ များချမ်းသာတို့၊ ရတနာသိရိန်၊ မည်ဂုဏ်သိရိန်နှင့်၊ ပုဏ္ဏိန္ဒုလက် ပေါ်ထွန်းထွက်သို့၊ ဆန်စက်တည်ထောင်၊ များကျိုး ဆောင်သည့်၊ ဉာဏ်ရောင် လွှမ်းမို **ကိုမောင်ညို** ကို ညီကိုယ်တမျှ၊ ချစ်ခင်ကြ၍၊ ပုညကာရီ၊ သင်္ဂလုံးချီ လျက်၊ ကူညီယှဉ်တွဲ၊ စက်ဖွင့်ပွဲဝယ်၊ ဆင်နွဲဝင်ပါ၊ ပျော်ရွှင်စွာဖြင့်၊ လိုရာ အောင်ကြောင်း၊ ဆုပန်တောင်းလျက်၊ သွန်းလောင်းမေတ္တာ၊ ဆွတ်ဖျန်းပါ သည်....ဇေယျာသိဒ္ဓိ ဖြိုးစေသောဝ်။

မန္တလေးမြို့နယ်၊ စံကင်းရွာကြီး၌ ပုညကာရီ အသင်းဝင် ဦးမောင်ညို ဒေါ်ငွေသစ် တို့၏ ဆန်စက်ကြီး ဖွင့်လှစ်ရာ မင်္ဂလာ အခမ်းအနား၌ ဖတ်ဆိုရန် ပုညကာရီ အသင်းသား တပည့်များက တောင်းပန် အသနားခံသဖြင့် အမျိုး, ဘာသာ, သာသနာ, ပညာ ကြီးပွားရေး အတွက် ရေးသနားတော်မူခဲ့သည်။ (၁၂၉၀-ခု၊ တပေါင်းလ)

## ပရိတ်စာအုပ်

၃-နှစ် တကြိမ်၊ ၄-နှစ်တကြိမ် ပေါက် ပရိတ်ကြီး ပါဠိအနက် စာအုပ်များ လှူဒါန်း၍ ဒကာ, ဒကာမ လှူပေါင်းများစွာ ကျက်စေ, ရွတ်စေလျက် ဤသို့ တိုက်တွန်းခဲ့သည်။ စာပြန်ပွဲ ပြုလုပ်သေးသည်။ ပရိတ်အဖွဲ့ ရှိစေသည်။

ဘေးရှောင်ကွာကင်း လက်ငင်းကျိုးဆောင်၊
စာသဘင်ပွဲ ဝင်နွဲဂုဏ်ရောင်၊
ကုသိုလ်စိတ်ဓာတ် မြင့်မြတ် ထိပ်ခေါင်၊
အောင်နိမိတ် ပရိတ် ဤစာစောင်။

ကြည်ညိုအတုယူဘွယ်။ ။ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ခပ်ငယ်ငယ် ရဟန်းဦးပဉ္စင်း ဘဝကစ၍ ဓမ္မဒါနစာအုပ် အလှူများကို အထုံဝသီ ပါတော်မူခဲ့သည့် အတိုင်း စာအုပ်ပေါင်းများစွာ လှူခဲ့ရာ ဆဋ္ဌနေတ်, ဆဋ္ဌမူ ပိဋကစာအုပ်များကိုလည်း အစုံအလင် သံဃိက လှူဒါန်းပြီး ဖြစ်သည်၊ မြန်မာပြန် ပိဋကများကို လင်းယဉ် မိုးသောက် ၅-ရွာ ဒကာများကြည့်ရန် လှူခဲ့ရုံမက မင်္ဂလာဘာသာပြန် စာအုပ်များ နှင့် အပြစ်ကင်းသော လောကီ ကြီးပွားကြောင်း စာပေများကိုလည်း ရှမ်းကုန်း, လင်းယဉ် အကျိုးဆောင် စာကြည့်သင်းအတွက် စာအုပ် များစွာ လှူဒါန်းပြီး လှူဒါန်းဆဲဖြစ်ကြောင်း။

(၁၃၃၁-ခု၊ တပေါင်းလ)

ကျောင်းသား, ကျောင်းသူများအား ဆရာတော်သင်ပေး၍
အမြဲမပြတ် ရွတ်ဆိုစေအပ်သော ၃၂-ကောဋ္ဌာသ

**ကမ္မဋ္ဌာန်းပွားနည်း။**

၁။ ဆံပင်သည်....ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ မဟုတ်၊
မြေမဟာဘုတ် လွန်ကဲသော ခေတ်ခဲ ရုပ်စုသာတည်း။

၂။ မွေးညှင်းသည်.... ။
၃။ လက်သည်း, ခြေသည်းသည်.... ။
၄။ သွားသည်.... ။
၅။ အရေသည်.... ။
၂၀။ ဦးနှောက်သည်.... ။

(ပထဝီကာယ ၂၀-နည်းတူ)

၂၁။ သည်းခြေသည်....ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး ယောကျ်ား မိန်းမမဟုတ်၊
ရေမဟာဘုတ် လွန်ကဲသော ခေတ်ခဲရုပ်စုသာတည်း။

၃၂။ ကျင်ငယ်သည်.... ။

(အာပေါကာယ ၁၂-နည်းတူ)

**စာတတ်,မတတ် အကျိုးကဗျာ**

၁။ လုံးစုံအကျိုး ဆင့်တိုးမြဲရှည်၊
လောကီ,လောကုတ် မယုတ်ပွားစည်၊
ကိုယ်နှုတ်စိတ်တွင်း ထင်လင်းဉာန်ရည်၊
စာက,ပေး မြတ်လေးစွဲယုံကြည်။

၂။ စာအကျိုးကား များပြားလှပေ၊
နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းအခြေ၊
အမျိုးကောင်းသား မှတ်သားမိစေ၊
စာသင်ခြင်း လက်ငင်းဂုဏ်သရေ။

၃။ ကျောင်းတော်သားများ စိတ်အားပျော်ရွှင်၊
ပညာ စာပွဲ ဆင်နွှဲသဘင်၊
ဒိဋ္ဌမျက်မှောက် ကျိုးရောက်ဂုဏ်ထင်၊
ညှန် ရှုစား တရားဖြောင့်မှန်မြင်။

၄။ ယုတ်မြတ်နှစ်ပါး ကွဲပြားတန်တန်၊
ဆိုးကောင်းသတိမှတ် ဆုံးဖြတ်ဝေဘန်၊
စာဆိုသမျှ သိရ ကျေနပ်၊
စာမူကင်း မှားရင်းလွဲဖောက်ပြန်။

၅။ တရားလမ်းကြောင်း မှားစောင်းမပူ၊
မကောင်းပယ်ဖျက် ကောင်းဘက်ကိုယူ၊
ထင်ရာစွတ်ရမ်း စည်းကမ်းမဲ့သူ၊
စာကိုလွှတ် ကျင့်ဝတ်မစင်ပြူ။

၁၃၀၅-ခု၊ တပေါင်းလဆန်း ၈-ရက်နေ့၊
စာပြန်ကျောင်းသား ကျောင်းသူ (၇၀) ကျော် ရွတ်ကြသည်။

**အဆိပ်ရေနှင့် လူ့ရန်သူ။**

ဒုစရိုက်ဆယ်ခု၊ ပွါးကြောင်းမှုကို၊ မည်သူ့ကြောင့်နည်း၊ ဖြစ်သနည်း, ဟု၊ စိတ်ထည်းဉာဏ်နှင့်၊ အမှန် ချင့်သော်၊ အဂုင် မသိ၊ သတိကင်းပ၊ ဟဒယ မကြည်၊ မတည်ဣန္ဒြေ၊ တွေဝေထိုင်းမှိုင်း၊စိတ်ခေတ် ရိုင်းအောင်၊ အတိုင်းမသိ၊ စွမ်းနိုင်ဘိသား၊ လူ၏ရန်ဘေး၊ အရူးဆေးဟု၊ ယောက်တွေး ချင့်တွက်၊ **သေအရက်တည်း**၊ လူပျက် လူနှမ်း၊ လူသံရမ်းတို့၊ သေ့သွမ်း သည်ပင်၊ အကောင်းထင်၍၊ **မစင်ကိုခွေး၊ နှစ်သက်ရေးသို့၊** မအေး ပူဆာ၊ ချမ်းသာ မရောက်၊ မျက်မှောက် တမလွန်၊ နှစ်တန်စီးပွား၊ ပျက်ပြားသုတ်ယုတ်၊ အမှန်ဟုတ်၍၊ လူရုပ်မပြို၊ **အဆိပ်ရည်သည်**....လှူပြည် ဖျက်ဆီး ရန် သူကြီး။

---

**အပျဝေလကာ**

**" သိဗ္ဗန္တု သမ္မာသက်ပွါ "**

ကမ္ဘာ့တန်းဆာ၊ ရှေးစဉ်လာက၊ ပညာပဏ္ဍိတ်၊ ဇာနည်ဝိဇ်တို့၊ ဖိုလ်ဟိတ်နိုင်းဆ၊ သင်္ကေတဖြင့်၊ ညွှန်ပြကောဇာ၊ ဒွိနဝါနှင်၊ ဒွေးကာ တွက်ရေ၊ လှည့်ရောက်လေ၍၊နှစ်ထွေရာဘု၊ပိုင်ဆိုင်လုသည့်၊ဥတုခါကောင်း၊ လတပေါင်း၌၊ ဖြစ်ဟောင်းနှင့်ကွာ၊ ရွှေယဉ်ရှာ၏၊ သာယာ ဘိတောင်း၊ ရှာဥုးကျောင်းဝယ်၊ ပျော်ကြောင်းနွဲ့ယဉ်၊ စာပွဲဆင်၍၊ သဘင်ဓမ္မ၊ ကျင်းပကြ၏၊ ရှင်းပျပြုံးရယ် စာပြန်မယ်တို့၊ အရွယ်ညီနု၊ တူယှဉ်စု၍၊ ဆိုမှုကိုယ်ရေး၊ နှုတ်မလေးဘဲ၊ ချိုအေးသံငြိမ့်၊ ဘဝင်စိမ့်အောင်၊ နှစ်သိမ့်ကြစေ၊ ပြန်ဆိုပေ၏၊ မျိုးဆွေ တသင်း၊

မိဘရင်းနှင့်၊ ချစ်ခြင်းပွားတိုး၊ ဖွား အဘိုးတို့၊ လက်ညှိုး ညွှန်ပြီး၊ ဒို့သမီးဟု၊ အံ့ချီးခါခါ၊ ဝမ်းမြောက်ပါသိမ့်၊ သဒ္ဓါအစွမ်း၊ ကိုယ်လုံးလွှမ်းလျက်၊ ဆွမ်း, ကွမ်း, စားဘွယ်၊ အမယ်မယ်ကို၊ ယူသယ်ကြကာ၊ ပဒေသာမှ၊ ဘာသာဘာဝ၊ လိုတိုင်းရသို့၊ ဆန္ဒလွှန်ကဲ၊ ပညာပွဲမှာ၊ ရဲရဲရင့်ရင့်၊ ချီးမြှောက်ပင့်သည့်၊ ခေတ်နှင့်မတန်၊ စိတ်ဇောသန်ခဲ့၊ စာပြန်ကုသိုလ်၊ လှူကုသိုလ်နှင့်၊ ကြည်ညိုအားရ၊ သောမန လျှင်၊ ဉာနတိဟိတ်၊ ဥက္ကဋ္ဌစိတ်ဘု၊ ယိုဖိတ်ဒီးဒီး၊ ရေလျှင်စီး, သို့၊ ဖြစ်ပြီးထပ်ပွား၊ ရပ်မနားဘဲ၊ အများဆည်းစု၊ ဤကောင်းမှုကို၊ မေရုဗဟို၊ တောင့်မြင့်မိုရ်ထက်၊ ဂုဏ်ပိုကြီးမား၊ မိဘများကို၊ စ, ထားပြီးခါ၊ ဝေနေယျာ အား၊ လူပါနတ်စုံ၊ ပြဟ္မာ့ဘုံကို၊ အုပ်ခြုံထွင်းဖေါက်၊၊ အန္တိရောက်အောင်၊ ညွှန်းထောက်မတွန့်၊ (**သိန်းအညွန့်**) က၊ အဒွန့်ရှည်ကြာ၊ ကောင်းကြီးဖြာဘို့၊ မေတ္တာပြန့်စေ၊ အမျှဝေသည်....မိုးမြေတုန်ဟီး ပွဲ့စေသောဝ်။

( မိုးသီးသောက်ရွာ ကျောင်းသူ မသိန်းညွန့်က စာပြန်ပွဲ အပြီးသတ်၌ ဤလင်္ကာဖြင့် အမျှဝေရ၏။ (၁၂၉၂-ခုရေး၏။)

---

နာမ်နှင့် ဉာန်

(သို့မဟုတ်) နာမ်မှ ဉာန်သို့

(က) ရုပ်ကိုသာ, ပြင်၊ နာမ်,မပြင်၊
ရုပ်သွင်မလှ, နာမ်မလှ။

(ခ) နာမ်ကိုသာ, ပြင်၊ ရုပ်, မပြင်၊
နာမ်စဉ်လဲလှ, ရုပ်လဲလှ၊

(ဂ) နာမ်ခေတ်ပေါ်တွင်၊ ဉာန်ခေတ်ယှဉ်၊
လိုလျှင် ခဏ, မဂ်, ဖိုလ်ရ။

( ဆရာတော်ကြီး အာဘော်ကျ တပည့်များ ဲဆက်ကြရ၏။ ( ၁၃၂၉-ခု၊ စာစုအဖွဲ့ )

## ရွှေကျင်ဂိုဏ်းဝင် သံဃာများအား မိန့်ကြားသည့်

## (ဩဝါဒ-မိန့်ခွန်းတော်)

## ၁၃၂၉-ခု ဝါဆိုလ

သီဟိုဠ်, ယိုးဒယား နိုင်ငံခြားနှင့်တကွ ထက်အောက်မြန်မာနိုင်ငံတော် အနှံ့အပြား ခရိုင်,မြို့, ရွာ အများ၌ သီတင်းသုံး နေထိုင်ကြသော ရွှေကျင်ဂိုဏ်းဝင် သံဃာတော်တို့ ရွှေကျင်ဂိုဏ်း စည်းမျဉ်းဥပဒေနှင့်အညီ ကျင့်သုံးနေထိုင်ကြရန် ဩဝါဒ ပေးလိုက်သည်။

ရွှေကျင်ဂိုဏ်းကြီးကို ဂိုဏ်းသီး ဂိုဏ်းခြားအဖြစ် စ၍ တည်ထောင်တော်မူသော ပထမ ဂဏသမုဋ္ဌာပက ရွှေကျင် ဆရာတော်ဘုရားကြီးသည် ...

> "တတြ ဘိက္ခဝေ ယွာယံ ပုဂ္ဂလော အတ္တဟိတာယစေဝ ပဋိပန္နော ပရဟိတာယ စ၊ အယံ ဣမေသံ စတုန္နံ ပုဂ္ဂလာနံ အဂ္ဂေါ စ သေဋ္ဌော စ ပါမောက္ခော စ ဥတ္တမော စ ပဝရော စ"

ဟူသော အင်္ဂုတ္တိုရ် ပါဠိတော် အရ– စတုတ္ထမြောက် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည် အားလျော်စွာ ကိုယ်တော်တပါးတည်း သီလ, သမာဓိ, ပညာ ပြည့်စုံရုံမျှဖြင့် အားရတင်းတိမ် ရောင့်ရဲတော် မမူနိုင်ဘဲ ကိုယ်ဘော်မြတ်အား ယုံကြည်ကိုးစား အားထားကြည်ညို မှီခိုလာကြသော တပည့်ပရိသတ် အပေါင်းတို့အားလည်း....

> "အတ္တနာ စ သီလသမ္ပန္နော သီလသမ္ပဒ ကထဥ္စ ဘိက္ခုနံ ကတ္တာ"

အစရှိသော ဒေသနာတော်အရ ရွှေကျင်ဂိုဏ်း စည်းမျဉ်းဥပဒေ အဝဝတို့ဖြင့် ယဉ်ကျေးသိမ်မွေ့ တရားပြည့်ညောင်း ရဟန်း,သာမဏေကောင်းတို့ ဖြစ်အောင် နေ့ညဉ့်မလပ် အထပ်ထပ်အဆုံးအမ ဩဝါဒပေး၍ ထိန်းသိမ်း စောင့်ရှောက်တော်မူခဲ့ပေသည်။

ဤကဲ့သို့ နေ့ညဉ့်မလပ် အထပ်ထပ် အဆုံးအမ ဩဝါဒပေး၍ ယဉ်ကျေးလိမ္မာအောင် ထိန်းသိမ်းစောင့်ရှောက်တော်မူသည့်အလျောက်....

> "ဓာတုသော ဘိက္ခဝေ သတ္တာ သံသန္ဒန္တိ သမေန္တိ၊သေယျထာပိ ဘိက္ခဝေ ခီရံ ခီရေန သံသန္ဒတိ သမေတိ"

ဟူသော သံယုတ် ပါဠိတော်နှင့် အညီ ရွှေကျင် ဆရာတော် ဘုရားကြီးကို

ယုံကြည် ကိုးစား ရွှေကျင်ဆရာတော်ဘုရားကြီး၏ အဆုံးအမ ဩဝါဒ စည်းမျဉ်းဥပဒေတော်များကို လိုက်နာကျင့်သုံးလျက် ရွှေကျင်ဂိုဏ်း စည်းမျဉ်း ဥပဒေအတွင်းဝယ် သီတင်းသုံး နေထိုင်လိုကြ၍ ရွှေကျင်ဂိုဏ်းသားအဖြစ် စာရင်း ပေးသွင်းခါ ရွှေကျင်ဂိုဏ်းသား စာရင်းဝင်ဖြစ်ကြကုန်သော ရဟန်း,သာမဏေ တို့သည် ရွှေကျင်ဂိုဏ်းသားဟူသော အမည်ဗျုပ္ပတ်နှင့် ကိုက်ညီအောင် ရွှေကျင် ဂိုဏ်း စည်းမျဉ်းဥပဒေတော်နှင့်အညီ ကျင့်သုံးနေထိုင်ကြရမည်။

ဂိုဏ်းစောင့် မထေရ်ကြီးတို့ကလည်း မိမိတို့ နယ်ပယ်ဒေသအတွင်း၌ ရွှေကျင် ဂိုဏ်း စည်းမျဉ်း ဥပဒေတို့ကို ကျော်နင်း ဘောက်ပြန်သော ရဟန်း,သာမဏေ တို့အား လစ်လျူရှုပစ်မထားဘဲ ရွှေကျင်ဂိုဏ်း စည်းမျဉ်း ဥပဒေနှင့် အညီ အဆုံးအမ ဩဝါဒပေးလျက် ယဉ်ကျေးသိမ်မွေ့အောင် တင်းကြပ်စွာ စောင့် ရှောက် ထိန်းသိမ်းကြရမည်။

ဂိုဏ်းစောင့်မထေရ်ကြီးတို့၏အဆုံးအမ ဩဝါဒကို ဆင်ခြေမကန် မတော်လှန် ဘဲ ရိုသေကျိုးနွံစွာ စိတ်ကောင်း စေတနာကောင်းဖြင့် ရွှေကျင် ဂိုဏ်းဝင် ရဟန်း,သာမဏေတို့ လိုက်နာကျင့်သုံး နေထိုင်ကြရမည်။

ရွှေကျင်ဂိုဏ်း စည်းမျဉ်း ဥပဒေပါရှိသော 'ရွှေကျင်ဂိုဏ်း ကျင့်ထုံးကြီး' စာအုပ်သည် ရွှေကျင်ဂိုဏ်းဝင် ကျောင်းတိုင်း၌ ရှိကြပြီး ဖြစ်ပေမည်။

**စံကင်းဆရာတော်။ မဟာဝိသုဒ္ဓါရုံတိုက်သစ်။မန္တလေးမြို့။**

---

## ရာပြည့်အကြို– စစ်ကိုင်းကန်တော့ပွဲတရား

(ကျေးဇူးရှင်ဆရာတော်ကြီး သက်တော် ၉၉–နှစ်ပြည့်ခါနီး တုပ်ကွေး ခေါ် ဖျားနာဝေဒနာ ပျောက်စကာလ ဩဝါဒတရားရေးရာ ဓမ္မသာကစ္ဆာ မှတ်တမ်း ဖြစ်သည်။)

စစ်ကိုင်းတောင် ရွှေကျင်နိကာယ ရတနာ ဓူဝံဆရာတော်နှင့် တကွ မဟာမြိုင်ဆရာတော်၊ မိဂဒါဝုန်ဆရာတော်၊ အောင်မြေသာစည်ဆရာ တော်၊ အနီးစခန်းဆရာတော်၊ အနောက်ဣန္ဒသာသယ၊ ရန်အောင်မြင်၊ သစ္စဝါဒီ၊ ထိန်ငူ၊ ပဋ္ဌာန်းသိပ္ပံ၊ ပါဠိကာရီ၊ မှန်ကျောင်း ၂၊ ဇေတဝန် ၃၊ မင်းလှ၊ မဟာသီဝ၊ ဝိဇ္ဇာဒပ္ပဏ၊ ပထမ ဂန္ဓာရုံ၊ မဟာဂန္ဓာရုံ၊ သေလာဂီရိ၊ ဟံသာဂီရိစသော ချောင်ပေါင်း (ကျောင်းတိုက်ပေါင်း)

၆၀-ခန့်တို့မှ ဆရာတော်များသည် သက်တော် (၁၀၀) ရောက်လုနီးဖြစ်သော ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယက သံဃာရာဇာ သာသနာပိုင် စံကင်း ဆရာတော် ဘုရားကြီးအား သက်န်း စသော ဒါနဝတ္ထုမျိုးစုံဖြင့် ၁၃၃၁-ခု၊ သီတင်းကျွတ် လပြည့်ကျော် ၈-ရက်နေ့လည် ၂-နာရီအချိန် ညီညွတ်စုရုံးလျက် လာရောက်ကန်တော့ကြသည်။

လှူဘွယ်ပစ္စည်းများကို အသေးစိတ် ဖတ်ကြားလျှောက်ထား၍ သာဟတ္ထိကမြောက် လက်ရောက်ကပ်လှူကြပြီး အသံထွက်၍ ကန်တော့တော် မူကြသည်။ ဆရာတော်ဘုရားကြီးက နှုတ်မြွက်ဆုပေး၍ ဩဝါဒတရား ဆက်လက်ဟောကြားတော်မူသည်။

ဆရာတော်ကြီး– နေ့စဉ်နေ့စဉ် မေတ္တာပို့ရတာ များလွန်းလို့ တရက်ထဲနဲ့မပြီးဘူး ၄-ရက်ခွဲပြီး ပို့ရတယ်၊ အဲဒီ ၄-ရက်ထဲ တရက်သန့်သန့် စစ်ကိုင်းအကုန်းလုံး မေတ္တာပို့ရက်ပဲ၊

မိဂဒါဝုန်ဆရာတော်–ဩဒိဿပို့ပါသလား ဘုရား။

ဆရာတော်ကြီး–ဩဒိဿ မေတ္တာဟုတ်တယ်၊ ဘုန်းကြီးဘွဲ့မည်တပ်ပီး မေတ္တာပို့တာလဲရှိရဲ့၊ တချို့ဘုန်းကြီး ဘွဲ့မည်မသိဘူး၊ ချောင်နာမယ် ကျောင်းနာမယ်တပ်ပို့ရတယ်၊ တချို့ဘုန်းကြီးကျတော့နကိုယ်ကကို ဘွဲ့မည်မသိခဲ့ဘူး၊ တချို့ကျတော့ နောက်ကျမှ ပြန်မေ့နေတယ်၊ တခါတချို့တော့ ချောင်လဲမသိ ဘွဲ့လဲမသိ၊ အဲဒီပုဂ္ဂိုလ်တွေတော့ အနောဒိဿ၊ စစ်ကိုင်းတခုလုံး တောင်ရိုးတခုလုံး ခြုံခြုံပီး အမြဲပို့ပါတယ်၊ မန္တလေးအတွက် တရက်လောက် ကုန်သွားရော၊ စစ်ကိုင်းဖက် တရက်၊ ရန်ကုန်- ပဲခူး-ပုသိမ် စသည် သူတို့ဆီတရက်၊ စံကင်းတရက် ဆိုတော့ ၄-ရက်ကြာတယ်၊ ၄-ရက်ခွဲပီး ဩဒိဿအဖြစ် ရည်မှန်းပို့ပါတယ်။

မိဂဒါဝုန်ဆရာတော်– စစ်ကိုင်းကလဲ ဆရာတော်ကြီးကို အထူးမေတ္တာပို့ကြပါတယ်၊ ကျန်းမာရေးသတင်းလဲ အမြဲမေးလျက်ပါဘုရား။

အောင်မြေသာစည်ဆရာတော်–မေတ္တာပို့တော့ တု–လေးချက်အစုံပို့ပါသလား၊ တိုတို လိုရင်းပဲ ပို့ပါသလား ဘုရား။

ဆရာတော်ကြီး– ကျန်းမာပါစေ- ချမ်းသာပါစေ ဒါပါပဲ၊ မင်းလှချောင်ဘုန်းကြီးက လာလျှောက်တယ်၊ စစ်ကိုင်းမှစုဝေးပီး တညီတညွတ်တည်း

နေ့ချင်းပြန် လာရောက်ကန်တော့ကြပါမယ်လို့လျှောက်သွားတဲ့အချိန်က စပြီး အခုအထူးပဲ နေ့စဉ်ပို့တဲ့အထဲ စစ်ကိုင်းပါလျက်ပါပဲ။

မေတ္တာပို့တာဟာ အလွန်ကောင်းမြတ်တဲ့ အလုပ်ပါပဲ၊ ပို့တဲ့သူဟာ ချက်ချင်းပဲ ကုသိုလ်ရပြီး ဖြစ်နေတယ်၊ အပို့ခံရတဲ့သူမတော့ ဒီကပို့တဲ့ အတိုင်း ဖြစ်ချင်မှဖြစ်မှာပေါ့၊ မေတ္တာအာနိသင်ဆိုတာလဲ ရောက်ချင် ရောက်သွားနိုင်တာပဲ၊ ကံကရှိသေးတာကိုး၊ သူ့ကံဟောင်းကရှိနေတော့ ကံဟောင်း ကောင်းနေခိုက် သူ့ကံဟောင်းနဲ့ပို့တဲ့သူရဲ့ မေတ္တာအာနိသင် အရှိန်နဲ့စပ်ပြီး ဒီလိုအကျိုး ပေးနိုင်တာလဲ ရှိမှာပဲ၊ အချို့အချို့ပုဂ္ဂိုလ် ကံညံ့နေလို့ မေတ္တာပို့လို့ မရနိုင်ဘူး။

ကနေ့ ဒီကိုလာပြီး ကန်တော့ကြတဲ့ သံဃာများ ကိုယ်တော်များ အားလုံး ငယ်ငယ်ကစ မရဘူးတဲ့မေတ္တာ ကနေ့ရသွားကြမှာပဲ၊ ကိုယ် လဲ ဘယ်တုန်းကမှ မရဘူးတဲ့မေတ္တာ အခုရနေတာဟာ မေတ္တာကုသိုလ် အသစ်ပေါ့၊ နှစ်ဦးနှစ်ဖက် မေတ္တာ ကုသိုလ်တွေ ရနေကြတာဟာ– ဒီလိုအခြေကျအောင် ဆောင်ရွက်နိုင်တဲ့ ကုသိုလ်ကံတွေကလဲ မနဲခဲ့ ကြဘူးထင်တယ်။

ကုသိုလ်ဆိုတာ လိုချင်ပေမဲ့ လွယ်လွယ်နဲ့ရတာမဟုတ်ဘူး ၊ ကံကောင်း သူမှရတာလို့ ပြောချင်တယ်၊ ကုသိုလ်လိုချင်တိုင်း မရနိုင်ဘူး၊ ပြောသံ ဟောသံ အတိအကျတော့ မကြားဘူးဘူး၊မသိဘူးပါဘူး၊ ကံကောင်းတဲ့ သူမှ ကုသိုလ်ရတယ်ဆိုတာ၊ မမှားနိုင်ဘူးထင်တာပဲ၊၊ စစ်ကိုင်းက အခုလို စုပေါင်းကန်တော့လို့ လာရောက်ကန်တော့မယ် လာကြမယ် အသံကြား ကထဲက မေတ္တာ ပို့နေရတယ်၊ အဲဒီ မေတ္တာမျိုး ဒီဘဝ ဒီတကြိမ်ပဲ ရဘူးတာ အမှန်ပဲ၊ ကုသိုလ်ရတာဟာ အရေးအကြီးဆုံး ကိစ္စတခုဖြစ်နေ တော့ အခုရနေတဲ့ ကုသိုလ်ဟာ ဒီဘဝ အစလက်ဦးပါပဲ၊ ဒီက အသက် ရှည်နေသမျှနောက်နှစ်တိုင်း လာကြမှာပဲ ဟု (ရယ်မောမိန့်တော်မူ၏)

စစ်ကိုင်းဆရာတော်များ–ဒီအတိုင်းစိတ်ရှိကြပါဘုရား။

ဓူဝံဆရာတော်–အသက်ရှည်အောင် နေ့စဉ် ဆုတောင်းနေကြပါတယ်ဘုရား။

ဆရာတော်ကြီး–အင်း–ဇရာဘေးနှင့် နှိပ်စက်လို့ လူကြီးဟာ တခုခုဖြစ်ရင် သူများ ထက် ပိုခံရတယ်၊ ခု ၉၉–နှစ်ထဲမယ် တုပ်ကွေးက လာဖြစ်ရသေး၊ ပျောက်ပြီးတဲ့နောက် တော်တော်နဲ့ မထနိုင်သေးဘူး ပျောက်ပြီးလို့ ကျန် ရစ်တဲ့ အကိုက်အခဲ စတဲ့ ဝေဒနာတွေက တခုပြီးတခု ခံလိုက်ရတာ လမ်း

မရောက်ပံ့သေးသူ၊ လဲများ သွားမလားလို့ ကြောက်နေရသေးတယ်၊ အများ မေတ္တာနဲ့ အများက ပြုစုကြ ဝိုင်းစောင့်ရှောက်ကြလို့ ကျန်းမာရေးနဲ့ ပတ်သက်လို့ ကံတမျိုးကောင်းတယ်လို့ ဘိုရပါရဲ့၊ ရှေတော်ပြေးဒီ–လာရောက်ဘဲ့ မင်းလှချောင်ဘုန်းကြီးနဲ့ စကားစပ် ပြောကြတော့ လာမယ်ဆိုတဲ့နေ့လဲ လာကြပေါ့၊ နတ်တော်လ ကျတော့လဲ လာကြအုံးမှပေါ့-လို့ ပြောမိသေး၊ ဟိုကျတော့လူစရာမပါရပါဘူး၊ ဆွမ်းကျွေးနိုင်ပါတယ်၊ အဲဒီ နတ်တော်လကျတော့ မင်းလှချောင် ဘုန်းကြီးကို မှာလိုက်တယ်၊ အနီးစခန်းဆရာတော်ကိုလဲ လျှောက်ထားစမ်းပါ၊အသက်အရှေ့ဆုံးဖြစ်တဲ့ ရှင်ဗာကုလသုတ္တန်တရား ဟောပေးစမ်းပါလို့ ဇဝံ မေသုတ်က စပြီး နာချင်တယ်၊ သူများလဲ နာရ ကြားရ၊ မင်းလှချောင်ဘုန်းကြီးကို မှာလိုက်တယ်၊ နာချင်တဲ့ တရားတွေကတော့ အရှင်မဟာကဿပမထေရ်ကြီးရဲ့ အကြောင်းတို့....၊ အရှင် အာနန္ဒာတို့.... တရားပွဲရက် ဆက်နေပြန်ရင်လဲ မအားမလပ် အခြားကိစ္စတွေ ငဲ့ရအုံးမှာ၊ အနီးစခန်းကလဲ သိပ်မငယ်ဘူး၊ ဆန်လှူအသင်း ဟောတဲ့တရားသူတို့ လာဖွင့်ပြကြတယ်၊ အသက် ၇၀–ကျော် ငါ့ အိုနေဘီ–စသည်ပြောသံကြားလိုက်ရတယ်၊ ဒါပေမဲ့ အသံ နားထောင်ရတာ မအိုသေးပါဘူး၊ အနီးစခန်း–လူက အိုပေမဲ့ အသံကတော့ မအိုသေးပါကလားလို့ကြားရတာ။

အနီးစခန်း ဆရာတော်– ဆရာတော်. စိတ်ကူး ရှိတဲ့အတိုင်း ဟောပေးပါမယ်ဘုရား၊ ဘယ်သုတ္တန် ဟောရမယ်၊ ဘယ်နှစ်ရက် ဟောရမယ် ဆိုတာသင့်မြတ်သလို အမိန့်ရှိပါဘုရား၊ နာခံရန် အသင့်ပါဘုရား၊ ဆရာတော်သဘောကျသလောက် ဟောနိုင်ပါတယ်ဘုရား။

ဆရာတော်ကြီး– ရှင်ဗာကုလသုတ္တန်တညာဲပဲ တော်ထင်ပါရဲ့၊ဒီတပွဲ နာကြရရင်တော်သင့်လောက်ပါပြီ၊ တပည့်တော်များဟာ နကိုယ်ကလဲ တရားခင်မင်သူများဖြစ်လို့ တရားနာကြရ ဟောကြရတာဟာလဲဘဲ အသစ်အသစ် ကုသိုလ်တွေထောက်ပံ့ပီး အသက်ရှေကြောင်း စတဲ့ အကျိုးတွေဖြစ်နိုင်တာပဲ၊ အသက်ရှေပါစေ–ရာကျော်ပါစေ–လို့ ဆုတောင်းမေတ္တာပို့ကြတဲ့ပုဂ္ဂိုလ်တွေကလဲ ကိုယ့်အပေါ် များကြပါပေတယ်၊ တခါတလေပြောရသေး၊ အသက်ရှေပါစေလို့တင် ဆုမတောင်းကြနဲ့၊ ကျန်းမာပါစေလို့လဲ ထည့်ပြီး ဆုတောင်းပေးကြပါအုံးလို့။

အင်း– မေတ္တာပွားတာနဲ့စပ်ပြီး အထူးခမေတ္တာပွားတဲ့အထဲက အခုမှ သတိရလာလို့ စစ်ကိုင်းတောင်ရိုး မေတ္တာ ပွားမယ် ဆိုရင် မေတ္တာမပွားခင် စစ်ကိုင်းတောင် တတောင်လုံးကို ဂုဏ်တော်ရွတ်ပြီး ပုတီးတပတ်လောက် တောင်ရိုးပေါ် လှမ်းထားတာ၊ ပြီးတော့မှ မေတ္တာပွားတယ်၊ ဒီလို အကျင့်လုပ်ထားတယ်၊ဂုဏ်တော်အောက် ခိုလှုံတဲ့ပုဂ္ဂိုလ်တွေ ဖြစ်အောင်လို့ ဂုဏ်တော် ရေဖျန်းသလို ပေါ့လေ။

ခုလို နေမကောင်းမှ ပိုပြီး သံသရာ အပြစ်တွေမြင်တယ်၊ ကြောက်တော့ မကြောက်လှဘူး၊ ဆင်းတော့ ဆင်းရဲတယ်၊ ဘာ့ကြောင့် မကြောက်လဲ ဆိုတော့ သံသရာကြီးထဲမှာ ဒီထက် ဆိုးတာတွေ အပုံကြီး ရှိတယ်၊ ငရဲဆိုရင် ဒို့လူ့ပြည် ဝေဒနာ ခံစားနေရတာထက် အများကြီး ပိုဆိုးရမယ်၊ ဒီလို စဉ်းစားမိပြီး ကိုယ်ခံစားရတဲ့ ဝေဒနာ ဗျာဓိတရားကို ကြောက်စိတ်မဖြစ်ပဲ သံဝေဂဖက်ရောက်အောင် သတိပြုမိပါရဲ့၊ အပါယ်လေးဘုံဆိုရင် အတူတူပါပဲ၊ သူတို့နဲ့လဲ စာနာကြည့်ပေါ့၊ သံဝေဂလဲ ဖြစ်အောင် ကြိုးစားပေါ့။

နှစ်နာတာကတော့ဒီ လူ့ပြည် ရောက်ပြီး ပုဂ္ဂိုလ်တယောက် အခန့်မသင့်လို့ အပါယ် ကျသွားမယ် ဆိုရင် တော်တော် ဝမ်းနဲစရာ ကောင်းတယ်၊ ဒါ့ကြောင့် အပါယ် မရောက်အောင် ကိုယ့်ကိုယ်ကိုလဲသတိထားဖို့ စပ်ရာစပ်ရာလဲ ဟောပြောပေးကြဖို့ တိုက်တွန်းချင်ပါတယ်၊ တိုက်တွန်းလိုက်ပါတယ်-ဟု အဆုံးသတ်တော်မူလိုက်၏။

စစ်ကိုင်း တောင်ရိုး ဆရာတော်များကလည်း အလျှော် စကားများ, ဝန်ခံချက်စကားများ ပြန်လျှောက်တော်မူကြသည်၊ ရန်ကုန်မှ ပွဲဆက်သော သက်တော်ရှည်ပွဲ ဂါထာများကို ဦးပဉ္စင်းများက ဖတ်ကြားပြလျက် ဆရာတော်ကြီး၏ ဝိပဿနာချောင် ကန်တော့ပွဲ တရားတပုဒ်ကို အသံသွင်းစက်မှ ဖွင့်ပြသည်ကို နာယူကြ၍ တောင်ရိုးဆရာတော် အားလုံး ပြန်ကြွတော်မူကြပါသည်။

## ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်

## ဝိနည်းစာပြန်ပွဲ အနှစ်တရာပြည့် အထိမ်းအမှတ် ပူဇော်ပွဲကြီး

## မိန့်ကြားတော်မူသော ပဲခူးရာပြည့် ဩဝါဒမိန့်ခွန်းတော်

ပဲခူးမြို့ နှစ်တရာပြည့် ဝိနည်း စာပြန်ပွဲတော်ကြီးကို ကိုယ်တိုင် လိုက်မယ်လို့ ကြံစည် စိတ်ကူးထားရာမှ ဇရာဒုဗ္ဗလကြောင့် မလိုက်တော့ဘူးလို့ စာပြန်စေခဲ့

တယ်၊ အဲဒီနောက်မှ တခါ မန္တလေးကနေပြီး ဩဝါဒ ပေးပါ၊ တရားစကား နဲ့နဲ့ဖြစ်ဖြစ် ချီးမြှင့်ပါ ဟောပါဆိုပီး ပဲခူးကလဲ စာပေးလျှောက်ထားတယ်၊အနီး အနားရှိ တပည့်ရဟန်းတော်များကလဲ တောင်းပန် လျှောက်ထား နေကြတယ်း ဒါကြောင့်မို့ ခုလိုပြောခွင့်ရတာလဲ ဝမ်းမြောက်ပါရဲ့။

ဒို့က ၁၂၇၂-ခုနှစ်မှာ ဖွားမြင်တယ်၊ ဒီ စာပြန်ပွဲကြီးက ၁၂၇၃-ခုနှစ်မှာ စတင် ပြုလုပ်ခဲ့ကြတယ်၊ ယနေ့ ရဟန်းတော်ထဲမယ် ကိုယ်တပါး သက်ရှယ်တရာ ဆိုတော့ ဒီ စာပြန်ပွဲကြီး ရာပြည့်ချိန်မှာ ကိုယ်နဲ့ ဟပ်မိနေတယ်တဲ့၊ တိုက်ဆိုင်ကြုံ တွေ့ နေတယ်လို့ ခုလို ဘေးက ပြောကြ ဆိုကြနဲ့ ပဲခူး သံဃာကရော လူ ဒကာ ဒကာမတွေကရော သိပ်ကြွစေချင်ကြတယ်လို့ ကြားရတယ်၊ ကိုယ်ကလဲ အလွန် ထူးခြားတဲ့ ပွဲကြီးဆိုတာ သိရလို့ သိပ်လိုက်ချင်ပါတယ်၊ ကိုယ်တိုင် တာဝန်တခု ယူပီး ထမ်းချင်ပါတယ်၊ သံဃာ့အလယ် ဝင်ချင်ပါတယ် သံဃာအများစု အပေါင်းကိုလဲ စိတ်က အားကိုးပါတယ်၊ ခုတော့မလိုက်နိုင်ပဲ ဖြစ်ခဲ့ရလို့ မန္တလေး က နေပီး မေတ္တာပို့လို့ တွေးပီး အာရုံပြုပီး နေပါတယ်။

ဒီလို ဟိုတွေး ဒီတွေး တွေးရာကနေ စိတ်ထဲပေါ်လာတယ်၊ ခုလို စာပြန် ပွဲကြီးနဲ့ ပဲခူး သံဃာ့စည်းလုံးမှုကြီး ညီညွတ်အောင် စတင် ဦးဆောင်၍ စီစဉ်ပြုလုပ်ခဲ့ကြတဲ့ ရှေးရှေးဆရာတော်များ ဘုန်းတော်ကြီးများကို မျှော်မှန်းပီး လွမ်းမိတယ်၊ သတိရ အောက်မေ့မိတယ် ဂုဏ်ကျေးဇူးတွေ ဒို့စိတ်ထဲမယ် ပေါ် နေတယ်၊ အလွန် ကျေးဇူး ကြီးမားတဲ့ ဆရာတော်တွေပဲလို့ရာပြည့် ပူဇော်ပွဲကြီး လုပ်မယ်ဆိုမှ ပိုသတိရ ပိုအောက်မေ့ ဖြစ်ရတယ်။

ဘုန်းတော်ကြီး ဦးစန္ဒာလင်္ကာရ၊ဘုန်းတော်ကြီး ဦးသုမန၊ ဘုန်းတော်ကြီး ဦးသီလ၊ ဘုန်းတော်ကြီး ဦးဝဏ္ဏ-တဲ့၊ အဆက်ဆက်ပေါ့လေ၊ ကနေ့အထိ ခေါင်းဆောင် ပါဝင်နေတဲ့ မထေရ်ကြီးတွေရော စာပြန်ဆိုတဲ့ အငယ်ဆုံး သာမဏေကလေးအထိပေါ့၊ ကျေးဇူးတင်လို့ မဆုံးနိုင်ပါလားလို့ ကျေးဇူးတင်ပီး ဝမ်းသာအားတက်မိတယ်၊ ဘုန်းတော်ကြီး ဦးသီလဆိုရင် မြန်မာပြည်တွင်သာ မက ဇမ္ဗူတခွင်မှာ ဝိနည်းဖက် အကျွံဖက် ပရိယတ် ပဋိပတ် ဘယ်ဖက် ကမှ မလိုပဲ အတ္တဟိတ ပရဟိတ အများလူချင် ဒကာ ဒကာမ သဒ္ဓါဝါများ အပေါ် မေတ္တာတရားတော် ကရုဏာတရားတော်များကို ဖြန့်မိုးကာ ဒီပဲခူး ဌာနကြီးကနေပီးသာသနာ့အကျိုးကိုအများဆုံးရှယ်ဆောင်တော်မူသွားခဲ့တယ်။

ဒါ့ကြောင့် ပဲခူးနယ်တခုလုံးရော နယ်တကာလုံးမှာရှိတဲ့ ဆရာတော် သံဃာ တော်တွေရော အားလုံးပါပဲလေ၊ အထက်ပိုင်းမှာဆိုရင် ပထမ ရွှေကျင်ဆရာ တော်၊ ပထမ မဟာဝိသုဒ္ဓါရုံဆရာတော်-ခု ဒီနှစ် ဒီလ ဒီရက်ရောက်မှ ဆရာတော် တွေ အားလုံးကို ပိုပီးသတိရနေတယ်။

ယခု ပဲခူးမှာကျင်းပတဲ့ ရာပြည့်ဝိနည်းစာပြန်ပွဲကြီးဆိုရင် ဧရှးဆရာတော်တွေ အဆက်ဆက် ပြုလုပ်ခဲ့ကြလို့ ဤပွဲကြီး ကျင်းပနိုင်တယ်ဆိုပီး ရှေးဆရာတော်တွေရဲ့ ကျေးဇူးကို အမှတ်ရ သတိရစေချင်တယ်၊ ဒါ့ကြောင့် ယနေ့ ယခု ဝိနည်း စာပြန် ရာပြည့်ပွဲ ဝိနည်း ပူဇော်ပွဲကြီးမှာ ဒို့က အကြီးဆုံး မထေရ်ကြီးအဖြစ်နဲ့ အများကိုယ်စား ဆိုပါတော့– ရှေး သံဃာ ခုသံဃာ ရှေးဒကာ ခုဒကာတွေ အပေါ် ကျေးဇူးတင်စကားကို လူသိနတ်ကြား ပြောဆိုလိုက်ပါတယ်၊ နှစ်ထောင်းအားရ ပြောကြားလိုက်ပါတယ်၊ သူတော်ကောင်းတို့ရဲ့ အမှုကိစ္စ အလုပ်တာဝန်ကို နှစ်တရာတိုင်တိုင် ရှက်ဆောင်ပြုလုပ်နိုင်ကြပါပေတယ်လို့ ဝမ်းမြောက်စကား ပြောကြားလိုက်ရပါတယ်။

ဘာလို့လဲဆိုတော့– သူတော်ကောင်းတရားကို နှလုံးသွင်းပီးဖြစ်လို့ သူတော်ကောင်းအလုပ်ကို လုပ်ဆောင်နိုင်တယ်၊ သူတော်ကောင်းအမှုကိစ္စကို ဆောင်ရွက်ကြလို့ ဒို့က သံဃာတော်များက အားလုံး ဗုဒ္ဓဘာသာမှန်သမျှ ချီးကျူးကြရတယ်။

ဝိနည်းပြန်ပွဲ ဝိနည်းပွဲဆိုတာ သူတော်ကောင်းမှ လုပ်နိုင်တယ်၊ ဝိနည်းပြန်ပွဲသာ ဆိုရ၊ ညဉ့်စဉ် တရား ဟောကြ နာကြ ပြောကြ ဆိုကြနဲ့ သုတ္တန်လဲ ပါသွားတာပဲ၊ အဘိဓမ္မာကလဲ အဆက်မပြတ် ပါနေတာပဲ၊ ပိဋကသုံးသွယ် နိကာယ် ငါးရပ် အထွဋ် အမြတ်ပွဲကြီး ဖြစ်နေတာပေါ့၊ ပါဝင်ကြည်ညိုကြသူ အားလုံး သူတော်ကောင်း သဘောတရား သက်ဝင်ပီး ဖြစ်နေလို့ ဒီအဓိပ္ပါယ်ကို သိကြပေလိမ့်မယ်လို့....အင်း။

သူတော်ကောင်းတို့ရဲ့ သဘောနဲ့ သူယုတ်မာတို့ရဲ့ တရားသဘောဆိုတာ "ကောင်းကင်သည် မြေကြီးနဲ့ ဝေးသလို မြေကြီးသည်လည်း ကောင်းကင်နဲ့ ဝေး၏"လို့ ဟို–သုတသောမဇာတ် ပါဠိတော်မှာ "နဘဉ္စ ဒူရေ ပထဝီ စ ဒူရေ" စသည်ဖြင့် ဟောထားတာရှိတယ်။

အဲဒီ အမျိုးမျိုး လောကရဲ့ မျက်မြင်ကိုယ်တွေ့တွေ ဝေးပီးနေတာထက် "တတော ဟဝေ ဒူရတရံ ဝဒန္တိ၊ သတဉ္စ ဓမ္မော အသတဉ္စ ရာဇ"လို့ ဟောတော်မူတဲ့အတိုင်း သူတော်ကောင်းတို့ရဲ့တရားနဲ့ သူယုတ်မာတို့ရဲ့ တရားဟာ ဒူရတရ– အလွန်ဝေး အလွန်ကွာခြားနေတယ်ဆိုတာ, ဒို့အခုလုပ်ဆောင်နေကြတဲ့ ဝိနည်း အရေးတော်ပွဲကြီး ပိဋက ပူဇော်ပွဲကြီးဟာ သူတော်ကောင်းတို့ရဲ့ အမှုကိစ္စဆိုတာ သိကြတဲ့အတိုင်းပေါ့လေ။

သဗ္ဘိရေဝ သမာသေထ–တဲ့၊ အဲဒီ သုတသောမ မင်းကြီးကို ကဿပဘုရားရှင် ဟောတဲ့ ဂါထာကို တဆင့် ရွတ်ပြလို့ နန္ဒပုဏ္ဏားက **သတာရဟဂါထာ ငွေတရာ**

တန်ပါတယ်လို့ သံတော်ဥူးတင်တာကို မင်းကြီးက သဟာဿရဟဂါထာ ဖြစ်စေ ရမယ်တဲ့၊ ငွေတထောင်တန်ဂါထာ ဖြစ်စေရမယ်၊ ဂါထာတပုဒ် တထောင်တန် စေ- စသဖြင့် ဇာတ်ဝတ္ထုမှာ လာတာတွေထောက်ရင် သူတော်ကောင်းတရား တွေ.... သူတော်ကောင်းနဲ့ ပေါင်းသင်းဖို့ သူတော်ကောင်းတို့ရဲ့ နိဗ္ဗာန်တရား အားရုံပြုဖို့ သိဖို့ နိဗ္ဗာန် ရောက်ကြောင်း အလုပ်တွေ လုပ်ဆောင်ဖို့ စသည် ဟောကြားဆုံးမထားတဲ့ တရားတွေအားလုံး သိကြတဲ့အတိုင်း သူတော်ကောင်း တရားကိုသာ အမြဲမသွေ အားထုတ်စေချင်တယ်၊ သူတော်ကောင်း စိတ်ဓာတ် မွေးမြူဖို့ သူတော်ကောင်းများနဲ့သာ မကွဲမလပ် ဆည်းကပ် ပေါင်းသင်းဖို့ သတိပြုစေချင်တယ်။

သူတော်ကောင်း ပုဂ္ဂိုလ်များနဲ့ ပေါင်းသင်းပီး ကိုယ်တိုင်ကလဲ သူတော် ကောင်းတရားကို တိုးတက်ကျင့်သုံးကာ သူတော်ကောင်းတို့သာ ပိုင်သောနိဗ္ဗာန် တရားကို ကိုယ်စီကိုယ်င လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ တရားစကားကို
လက်ရေးဖြင့် ကူးယူပေးပို့သူ
ဥူးအဂ္ဂိယ (မန္တလေး) မဟာဝိသုဒ္ဓါရုံတိုက်သစ်၊
၁၃၃၂-ခု၊ တန်ဆောင်မုန်း လပြည့်ကျော် ၂-ရက်။
ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက် ရာပြည့် ဝိနည်းပူဇော်ပွဲကြီး၌ ရိုက်နှိပ် ဝေငှပြီးဖြစ်သည်။

---

၁၃၃၃- ခုနှစ်၊ ဝါဆိုဥူး ၁၅-ရက်နေ့၌
မိန့်ကြားတော်မူသော
ဝါဆိုဥူး အထူး ဩဝါဒ တရားတော်

**ပဥ္စဝိသတိ ဝတ္တာနိ၊ ဒသတ္ထဝသကာမိနော။**
**သဒ္ဓါပုဗ္ဗကစိတ္တေန၊ သာဓု စရန္တု သုဗ္ဗတာ၊**

ပဥ္စဝိသတိ- နှစ်ဆဲ့ငါးပါးသော။ ဝတ္တာနိ-ကျင့်ဝတ်တို့ကို။ ဒသတ္ထဝသကာ မိနော- အကျိုးထူးတရား ဆယ်ပါးကို အလိုရှိကုန်သော။ သုဗ္ဗတာ၊ ဆိုလွယ် ဆုံးမလွယ်သော သောဝစဿတာဂုဏ် ရှိကုန်သော။ သာဓု-သူတော်ကောင်း အပေါင်းတို့သည်။ သဒ္ဓါပုဗ္ဗကစိတ္တေန-သဒ္ဓါရှေ့ပြေး စိတ်ကောင်း မွေးသဖြင့်။ စရန္တု-ကျင့်ဆောင်ကြိုးကုတ် အားထုတ်နိုင်ကြစေကုန်သတည်း။

သံဃပရိသတ် တရားပွဲတွေမှာ ဒီဂါထာနဲ့ သတိပေးပီး ဟောခဲ့ ပြောခဲ့တာ များပါပီ၊ ဒီဂါထာဟာ ဝိသုဒ္ဓါရုံ ရှင်ကျင့်ဝတ်ထဲမှာ ပါပီးပါပဲ၊ "မဟာ

ဝိသုဒ္ဓါရာမိကထေရာနံ ဩဝါဒကထာ”တဲ့၊ စည်းကမ်း ဥပဒေ ၂၅-ချက် ပြဆို အပြီးမှာ နိဂုမ်းအုပ်ထားတဲ့ ဂါထာ၊တိုက်တွန်း နှိုးဆော်မှုဆိုတဲ့ “ထေရာဘာသိတ ဥယျောဇန ဒေသနာ”လို့ ဆိုနိုင်တာပေါ့။

“အကျိုးထူးတရားဆယ်ပါးကို အလိုရှိကုန်သော”လို့ ဆိုရမယ် အကျိုးထူး တရားဆယ်ပါးကို သိအောင်လုပ်ဖို့ ပထမ အရေးကြီးတယ်၊အလိုရှိသူ စာရင်းထဲ ပါအောင်လဲ ကြိုးစားကြရမယ်၊ ဒီ ဆယ်ပါးကို သိအောင်လုပ်ပြီး အကျိုးထူး တရား-တဲ့ ဆိုတာကို သာမဏေငယ်ကလေးများက စ မပြတ်အောက်မေ့လျက်မသိ သေးရင် သိအောင် မေးထားကြ၊ ဆရာများက သင်ပေးထားကြရမယ်၊ ဝတ် ၂၅-ပါးကိုလဲ စာအုပ်ထဲမှာ ပါတာကို ကိုရင်ငယ်သာ မက ဦးပဉ္ဇင်းများဘုန်း ကြီးများအထိ သူများဖတ်လို့ နားထောင်၊ ကိုယ်တိုင်ကလဲ နာနာဖတ်ပြီး မှတ်ပြီး လိုက်နာကြရမယ်။

မိမိရဲ့ပတ်ဝန်းကျင် ကျောင်းသံဃာ တိုက်သံဃာများ မိမိကို အကြောင်ပြုပြီး စိတ်ချမ်းသာရေး အစထားပြီး ကိုယ်တိုင်က သီလချစ်ခင်သူ ဖြစ်ဖို့အရေး၊အများ နဲ့အတူ နေကြတာဖြစ်တော့ မိမိ စိတ်ထင်တိုင်း ဘာမျှမလုပ်ပဲ အချင်းချင်း ညှာ တာထောက်ထား မေတ္တာတရား ထားပြီး နေတတ်ဖို့အရေး၊ မကြည်ညိုသေးတဲ့ ပုဂ္ဂိုလ် ဒကာ ဒကာမတွေ ကြည်ညိုလေးစားဖို့, ကြည်ညိုပြီးပုဂ္ဂိုလ် ဒကာဒကာမ တွေအားရနှစ်သက် ကျေနပ်ချက် အပြည့်အဝ ရှိဖို့အရေးတွေ ဒီဆယ်ပါးထဲမှာ ပါတယ်၊ လိုရင်းတော့ကို သူတော်ကောင်းတရား ကိုယ့်သန္တာန်တွင်း တည်နေဖို့ ဆိုတဲ့ တရားကောင်းတွေဟာ ရဟန်းသာမဏေ သူတော်ကောင်းမှန်သမျှ ရှိနေရ မယ်—တဲ့၊ သာဓုဆိုတာ သူတော်ကောင်း ခေါ်တာပဲဟာကိုး။

သာဓူ—သူတော်ကောင်း အပေါင်းတို့သည်— ဒီမှာ ဒီလိုပဲ အနက် ဆိုလိုက် တယ်၊ စာအုပ်မှာတော့ သာဓူ—ရွှေကျင်ဂိုဏ်း တောဂိုဏ်း ဝိသုဒ္ဓါရုံဂိုဏ်း၌ကိုင်း ရှိုင်းခိုအောင်း သူတော်ကောင်းတို့သည်-လို့ ရွတ်ဆိုကြရတယ်၊ ဒီ သာဓူ ဆိုတဲ့ သူတော်ကောင်းထဲမယ် ရဟန်းသာမဏေများသာ မကပါဘူး၊ လူဒကာ ဒကာမ တွေလဲ ပါနိုင်တာပါပဲ၊လူဒကာ ဒကာမတွေလဲ မိမိဆိုင်ရာ ဝတ်တရားတွေ ရှိကြ တာပါပဲ၊ လောကဝတ် ဓမ္မဝတ်က နေပြီး အပြစ်ကင်း၍ မပြုလုပ်ရင် မဖြစ်တဲ့ ဝတ်တရားတွေ၊ အိမ်ရှင်မိဖနှစ်ပါးဆိုပါတော့၊ဘားသမီးအပေါ် ကျင့်ရတဲ့ဝတ်, ဆွေမျိုးအပေါ် ရဟန်းသာမဏေတို့အပေါ် စသည် ပြုကျင့် လုပ်ဆောင်ရတဲ့ ဝတ်တရားတွေ အများကြီးပဲ။

ဒီဝတ်တရားတွေ ပြုကျင့်လိုက်နာသမျှ အရင်းခံကတော့ သဒ္ဓါတရားပဲ-တဲ့၊ သဒ္ဓါတရားမရှိရင် ဘာမှမလုပ်နိုင်ဘူး၊ လုပ်ကြမှာလဲ မဟုတ်ဖူး၊ လင်က မယား

အပေါ် စောင့်ရှောက်မယားက လင့်အပေါ် ပြုစုလုပ်ကျွေးဆိုတာတွေ ဝတ်ဖြည့် ဝတ်ကျင့်နေကြတာဖြစ်တော့ ယုံကြည်မှုတခုခု ရှိနေကြလို့ပဲ၊ ဒါကို လွယ်လွယ် ပြောရရင်သဒ္ဓါတရားပဲ၊ ဒီသဒ္ဓါတရားအရင်းခံရှိလို့သာ အားရီးသိး ကိုယ့်တာဝန် ကိုယ့်ဝတ်တရားကို မနားမနေ ပြုကျင့်နေကြတာပဲ-လို့ သဘောကျစရာ ကောင်းတယ်၊ ဒါ့ကြောင့် သူတော်ကောင်းဆိုတာ သဒ္ဓါတရား မပျက်မကွက် ရှိရတယ်၊ ပြောလို့လွယ် ဆုံးမလို့ လွယ်တဲ့ ဆိုကောင်း ပြောကောင်း သဘော ကောင်း စိတ်ကောင်း ရှိသူအဖြစ်နဲ့ သောဝစဿတာဂုဏ်ကို ယူထားရတယ်၊ ဒီပြောရလွယ် ဆုံးမလွယ်တဲ့ပုဂ္ဂိုလ်မျိုးဟာ ဒီကဲ့သို့ဂုဏ် ရသည်ဆိုတော့ ဒီပုဂ္ဂိုလ် သဒ္ဓါတရား ကောင်းလို့ဆိုတာ အပြန်အလှန် စပ်ဟပ်နေတဲ့ တရားတွေပဲ။

ဝါတွင်း ဝါပ အချိန်ကာလ မရွေး သီလတရား သမာဓိတရား ပညာ တရား တိုးပွားအောင် ကြိုးစား ဆောင်ရွက်နေသူ၊ ပရိယတ္တိတရား ပဋိပတ္တိ တရား လေးစား သင်ယူ ကျင့်ဆောင် အားထုတ်နေသူ အားလုံးဟာပေါ့လေ၊ ဥပဒေစည်းကမ်း ဝတ်တရားနဲ့ ပြည့်စုံပြီးသား ပုဂ္ဂိုလ်တွေ ဖြစ်ရမှာချည်းပဲ။

ဒို့ အခု အသက်ကြီး ရင့်လာလိုက်တာ တရာကျော်လာပီ၊ ဒီလို သတိထားပီး အပြစ်ကင်းတဲ့စကား ပြောနိုင်တာ သတိကောင်းနေတယ်ဆိုတာဟာ ဒီပရိယတ္တိ သာသနာ ဒီသီလတရား သမာဓိတရားတို့ရဲ့ ကျေးဇူးပဲ၊ သိပ် ကျေးဇူးများတဲ့ သာသနာကြီးပဲလို့ သတိပြုမိပါတယ်၊ ပရိယတ္တိကျေးဇူး ပဋိပတ္တိ ကျေးဇူးက စပြီး ဆရာသမား သမဂ္ဂသံဃာများရဲ့ ကျေးဇူးတွေပေါ့ ဒီလိုပဲ တဦးနဲ့တဦး တယောက်နဲ့ တယောက် စောင့်ရှောက်ပေးရ ပြုပြင်ပေးရဆိုတာ ကျေးဇူးခံ ကျေးဇူးစား တရားကောင်းတွေပေါ့။

တရက်၊ တနေ့က ကိုရင်တွေချည်း အနားမှာရှိနေတယ်၊ ကိုရင်တို့ သူအို၊ သူနာ၊ သူသေ၊ ရဟန်းဆိုတဲ့ နိမိတ်ကြီး လေးပါး တွေ့ရလို့ ဒို့ဘုရားအလောင်း ဟာ တောထွက်သွားပီး ဘယ်သူနဲ့မှ စကားမပြောပဲ တရားအားထုတ်တော် မူတယ်ဆိုတာ ကြားဘူးကြလားကွဲ့လို့ မေးတော့။ "ကြားဘူးပါတယ်ဘုရား" တဲ့၊ ဒါဖြစ်ရင် သူအိုဆိုတာ ဘယ်လိုဟာလဲလို့ မေးကြည့်တယ်၊ ကိုရင်တွေက မြန်မြန်မချော့လျှောက်တာနဲ့ "သူအိုဆိုတာ ဒီဘုန်းကြီးအိုကြီးပေါ့၊ ဒို့လို သူအိုကြီး မြင်သွားရလို့ ဘုရားအလောင်းဟာ တောထွက်သွားတာ၊ ကိုရင်တို့လဲ ဘုန်းကြီး အိုကြီး ကြည့်ပြီး ကြောက်လန့်တဲ့စိတ် မဖြစ်ဘူးလား၊ တောမထွက်ချင်ဘူး လား၊ ကြောက်လန့်တဲ့စိတ် ဖြစ်တာကို သံဝေဂ တရား ခေါ်တယ်ကွဲ့"လို့ ကိုရင်တွေ နဲ့ သတိရရဆိုပီး ပြောမိသေးတယ်။

ဒါ့ကြောင့်သူအိုနားရောက်တဲ့ ပုဂ္ဂိုလ်တိုင်းပေါ့လေခန္ဓာကိုယ်ကြီးရဲ့ အပြစ်ကို မြင်ပီးကြောက်လန့်တဲ့သံဝေဂစိတ်ဖြစ်ဖို့ကောင်းတယ်၊တရားသိနဲ့သိစေချင်တယ်။

နှ ဟိ နော သင်္ကရံ တေန၊ မဟာသေနေန မစ္စုနာ။

ဘုရားရှင် ဟောတော်မူထားတာရှိတယ်၊ သေမင်းနဲ့ ချိန်းထားတဲ့ ရက် အတိအကျ မရှိဘူး၊ ဘယ်နေ့ဘယ်ရက် သေရမယ်ဆိုတာ မသိဘူးတဲ့။ သူ့အို သူနာဆိုတာ အိပ်ရာထဲမှာနေပြီး သေမယ့်ရက် သေမယ့်အချိန်ကို စောင့်နေရတာ။

အမျိုးမျိုးပေါ့လေ၊ သေမယ့်အချိန်ကာလကို အိပ်ယင်းနဲ့ ထိုင်ယင်းနဲ့ထယင်းနဲ့ သွားယင်းနဲ့ စောင့်နေကြတာပါပဲ၊ လူ့ပြေ လူဖြစ်လာရတာ မရဏာပွဲလ–သေကျိုး ခံစားရတာပါပဲတဲ့၊ နဋ္ဌ–ပျက်စီးရမှာချည်းပဲ–တဲ့၊ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စဆိုတာတွေလဲ ဒီသဘောပဲ။

ဒို့ဟာ ပရိယတ္တိကျေးဇူး ဆရာသမားတွေရဲ့ ကျေးဇူးကြောင့် 'သေရမယ်ဆိုတာ ဉာဏ်ထဲမှာကိုက သိနေတော့ သတိထားပြီး ဗုဒ္ဓါနုဿတိ ဘာဝနာ စတဲ့ သမထဝိပဿနာ ဘာဝနာ အလုပ်တရားတွေ ဒီနှစ် ရာကျော်လာမှပိုပြီးလုပ်ရမှာပဲလို့ ကိုယ့်ကိုယ်ကို အမြဲနှိုးဆော်နေရတယ်၊ အများကလဲ ဝိုင်းဝန်းစောင့်ရှောက်နေကြတော့ ကိုယ့်ကိုယ်ကိုလဲ အသက်ရှည်ကျိုးနပ်အောင် ခုနေတော့ ဘာဝနာ ဓမ္မကို ပိုပြီး အားကိုးနေမိတယ်၊ လွယ်လွယ်နဲ့ မှတ်မိအောင်ဆိုပြီး ပုတီးစိပ်နေတာက အချိန်များတယ်။

သတ္တဝါတွေ သွားနေတဲ့လမ်းဟာ နှစ်လမ်းထဲရှိတယ်၊ တလမ်းက နိဗ္ဗာန် မြန်မြန် ရောက်တဲ့လမ်း၊ အဲဒီလမ်းက လမ်းမှန်ပဲ့၊ တလမ်းက နိဗ္ဗာန် မရောက်တဲ့လမ်း၊ ဒီလမ်းကတော့ လမ်းမှားပေါ့။

အင်း–ဒီလမ်းမှားလိုက်မိလို့ ဒို့ အခုလို အိုဘေးနာဘေးတွေနဲ့ တွေ့နေရရှာ၊ တခါတခါ ခါးထဲကနာ, ခြေထောက်က မသယ်နိုင်၊ ဘာမဟုတ်တဲ့ အသားကလေးက စပ်နေ, နာနေတာ တော်တော်နဲ့ မပျောက်နိုင်တော့ ဒီတရားတွေဟာ နာဘေးတရားတွေပဲလို့ တွေးတောမိပြီး တတ်စွမ်းသမျှ ဘာဝနာ ကုသိုလ်တွေ ရဖို့ သတိပြုရတယ်၊ ဒီနာ းလာတဲ့ ပုဂ္ဂိုလ်တွေ ရဟန်းသာမဏေတွေပါ လူတွေ အားလုံးပေါ့၊ သတိတရား ကြပ်ကြပ် ထားစေချင်တယ်၊ လမ်းမှန်ကိုပဲ ရောက်စေချင်တယ်။

ဒါ့ကြောင့် နိဗ္ဗာန်မြန်မြန်ရောက်မယ့် လမ်းမှန်ကိုသာ သတိထားပြီး လိုက်သွားမယ်၊ နိဗ္ဗာန်လမ်းမှတပါး တခြားလမ်းဟာ ခန္ဓာဒုက္ခဆိုတဲ့အိုဒုက္ခ, နာဒုက္ခ, သေဒုက္ခနဲ့သာ ရင်ဆိုင် တွေ့ကြရလိမ့်မယ်–လို့ တော်တော်လဲ ရိပ်မိသောက်ကြပါပြီ။ အဲဒီ ရိပ်မိသိရှိကြတဲ့အတိုင်း အားလုံးဘုရားရှင်သားတော် သမီးတော်မှန်သမျှ ဆရာကောင်းတပည့် ဖြစ်ကြသည်အားလျော်စွာ ကျင့်ကြံ ပွားများ, ဘုရား သာသနာတော်ကြီးကို အာကိုးယုံကြည်ပြီး သူတော်ကောင်း တရားကို ပွားများအားထုတ်နိုင်ကြစေကုန်သတည်း။

## ပဌာန်းပူဇော်ပွဲတရား

(မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်'အဘိဓ္ဓဇမဟာရဋ္ဌဂုရု'သာသနာပိုင် ရာကျော် ဆရာတော်ဘုရားကြီးနှင့် သံဃာများအား ပူဇော်ချီးမြှောက်လိုသော သမ္မာဆန္ဒစေတနာဖြင့် မတ္တရာမြို့နယ် မိုးကြိုးရွာ ပဌာန်း အမျိုးသမီး အဖွဲ့ဝင် ၁၂-ယောက်တို့ လာရောက် ဆည်းကပ်ကြလျက် ဓမ္မစကြာ, ပဌာန်းတို့ဖြင့် ရွတ်ဘတ်ပူဇော်အပြီးတွင် ဤသို့ သက်တော်ရှည် ရာကျော် ဆရာတော်ကြီးက ဓမ္မောသဓဖြစ်ပုံ အားပေးစကား မိန့်ကြားတော်မူသည်,။

သူတို့ ရွတ်သွားလိုက်ကြတာ ပီပီသသနဲ့ အနက်အဓိပ္ပါယ် သိနေသလိုပဲ နာလို့ မငြီးပါဘူး၊ ကောင်းပါရဲ့၊ ဘုရားရှင် ဟောတော်မူထားတဲ့ ပါဠိဒေသနာတွေ ကလဲ များစွာ ကျယ်ဝန်းလေတော့ ဒီ့ထက် ရှေ့တိုးပြီး ကျက်နိုင် ရွတ်နိုင်ရင် သိပ် ကောင်းမှာလို့ စိတ်ထဲ အောက်မေ့မိဘယ်။

ပဌာန်းဒေသနာ, ဓမ္မစကြာဒေသနာ နေ့စဉ် ရွတ်နေတဲ့ပုဂ္ဂိုလ်ဟာ ဘေးကင်း ရန်ကင်း အန္တရာယ်ကင်းတာ အမှန်ပဲ၊ ပစ္စည်း ဥစ္စာလဲ ပေါများနိုင်တာပဲ၊ သူတပါး ရွတ်တာ နာယူရုံမက ကိုယ်တိုင်လဲ အိမ်မှာ တယောက်ထဲ ရွတ်နေနေ အများနဲ့ ပေါင်းစပ်ပီးရွတ်ရွတ် အမြဲတန်း ရွတ်နေဘို့ သတိပြု ထားကြဘို့ ကောင်းတယ်။ နိဗ္ဗာန် တိုင်ထိ အကျိုးပေးနိုင်တဲ့ "သာတ္ထကဒေသနာ" ခေါ်တယ်။

ဇာတိရဲ့ အနိဋ္ဌာရုံ ကောင်း-မကောင်း အာရုံကတော့ သတ္တဝါ မှန်သမျှ တွေ့နေကြရတာပဲ၊သို့သော်လဲ ဘုရားဟောပါဠိတွေ ရွတ်ဘတ်နေတဲ့သူကျတော့ အဆိုးနည်းတာပေါ့၊ အကောင်းဘက် များများ တွေ့ရမှာပေါ့၊ နိဗ္ဗာန်မရသေး လို့ရှိရင် ဇာတိဘေးနဲ့ သတ္တဝါတိုင်း တွေ့ရမှာပဲ၊ တရားဓမ္မ လေ့လာ ဆည်းပူး ရွတ်ဘတ်သရဇ္ဈာယ်ထားတဲ့ ပုဂ္ဂိုလ်ကျတော့ ပဋိသန္ဓေနေရာ မွေးဘွားရာမှာ သက်သာမှု ချမ်းသာမှု ရတယ်၊ လွယ်ကူတယ်ပေါ့၊ ဇရာဆိုတဲ့ အိုဘေးနဲ့ တွေ့ရာမှာလဲ အသက်တမ်းလိုက်ပီးတော့ မာမာကျန်းကျန်းနဲ့ အသက်ကြီးပီးတော့ သက်တမ်းစေ့မှ သေရတယ်၊သေပြန်လဲပဲ သက်တမ်းစေ့ရောက်မှ သေတယ်ဆိုတော့ ကောင်းကျိုးချမ်းသာ ခံစားရတယ် ခေါ်တာပေါ့။

ဗျာဓိနဲ့ စပ်ပြန်တော့လဲ ခန္ဓာကိုယ် ရလာလို့ ဒီ သခ်ံတနယ်ထဲမှာ နာခြင်း တရား ဘယ်ကင်းနိုင်ပါ့မလဲ၊ မကင်းနိုင်သော်လဲ မသွားနိုင် မလာနိုင် မထနိုင် မထိုင်နိုင် ဖြစ်ရတာဟာ ဆိုးကျိုးခေါ်တယ်၊ ရောဂါ ဝေဒနာကင်းပီး သွားလိုက် လာလိုက် စားလိုက် သောက်လိုက်နဲ့ အသက်ရှည်ရတာ ကောင်းကျိုး

ခေါ်တယ်၊ တချို့ရောဂါသယ်တွေ အော်နေရတာရှိသေး၊ အဲဒါ ဗျာဓိဘေး ဆိုက်တာပဲ။

ဒီလို မပြတ်ထိတွေ့ဆိုက်ရောက်နေတဲ့ ဇာတိ၊ဇရာ၊ဗျာဓိဆိုတဲ့ ဘေးတွေ သက် သာအောင် တယောက်ထဲလဲ ဘုရားပါဠိတွေ ရွတ်နေကြ၊ အများနဲ့လဲရွတ်နေကြ-လို့ ဒိုက ခုလို ကြုံတုန်းပြောရတာ၊ စေတနာရှိရှိ စိတ်ပါလက်ပါ ယုံယုံကြည်ကြည် ရွတ်ဘတ်ကြရမယ်၊ နားလယ်ကြရမယ်၊ နားလယ်ကြရဲ့လား....အမြဲရွတ်ဘတ်မယ် မဟုတ်လား....ဟု အပြီးသတ် ဆုံးမတော်မူသည်။

အမျိုးသမီး (တပည့်) ကုမာရီတို့က "မှန်ပါ့ဘုရား၊ ရွတ်ပါ့မယ်ဘုရား" ဟု ဝန်ခံလျှောက်ထားပြီးလျှင် နေ့ ၂-နာရီမှ စတင်ကျင်းပသော ဓမ္မပူဇာပွဲကြီးကို ညနေ ၄-နာရီ ၁၀-မိနစ်၌ သာဓုအကြိမ်ကြိမ် ခေါ်လျက် ရုပ်သိမ်းလိုက်သည်။

(၁၃၃၃-ခု၊ သီတင်းကျွတ်လဆန်း ၁၀-ရက်)

## သက်တော် တရာ ပြည့်သည့်နေ့တွင် မိန့်ကြားခဲ့သည့် ရာပြည့် ဩဝါဒ မိန့်ခွန်းတော်

ဒို ဒီနှစ် နေကောင်းပါတယ်၊ ဒီကနေ့ နေကောင်းပါတယ်၊ စားလို့လဲ ကနေ့ ကောင်းပါတယ်၊ ဒါပေမယ့် အိုခြင်းတရား နှိပ်စက်လို့ ထိုင်တော့ မနေချင်ဘူး၊ ထနေဘို့ ဆိုတာ အဝေးကြီးပဲ၊ စကားလဲ သိပ် မပြောချင်လှဘူး၊ မပြောချင် သော်လဲ အများကုသိုလ်ရဘို့ဖြစ်လေတော့ နဲနဲပါးပါးပြောပရစေအုံးတော့။

မနှစ်က ဒီလိုဘဲပြောရင်း ဖြုံးကနဲသတိရလို့ ပြောခဲ့တဲ့ "**အတ္တာသမံ ပေမံ နတ္ထိ**" ချစ်စရာ လိုက်ရှာရင် ကိုယ့်ကိုယ်ကို အချစ်ဆုံးလို့ ဆိုတယ်၊ လူတိုင်း လူတိုင်း၊ သတ္တဝါတိုင်း သတ္တဝါတိုင်း၊ ကိုယ့်ကိုယ်ကို ချစ်ကြတယ်၊ချစ်လို့ရှိရင် ကိုယ်လုပ် ရမယ့်အလုပ်ဟာ ၂-မျိုးရှိတယ်၊ "ဓမ္မ"တဲ့၊ "အဓမ္မ"တဲ့၊ဓမ္မဆိုတာ ကုသလဓမ္မ၊ အဓမ္မဆိုတာ အကုသလဓမ္မ။

ကုသိုလ်နဲ့ အကုသိုလ်ဟာ တခုခု ဖြစ်ရမှာချည်းပဲ၊ အခု ကနေ့ တနေလုံး အားထုတ်နေကြတာတွေ ကုသိုလ်ကို ချစ်လို့ အားထုတ်နေကြတဲ့ ကုသလဓမ္မ-ကုသိုလ် တရားတွေပါပဲ။

**န ဟိ ဓမ္မော အဓမ္မော စ၊ ဥဘော သမဝိပါကိနော။**
**အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂ္ဂတိံ။**

ကုသိုလ်တရားက သုဂတိ ဘဝ ကောင်းရာ ပို့နေတယ်၊ အကုသိုလ် တရားက အပါယ် လေးဘုံ ဂတိဘဝ မကောင်းရာ ပို့နေတယ်၊ ဒါတင် မကသေးဘူး၊ ကုသိုလ်ရှိမှ နိဗ္ဗာန်ရောက်နိုင်တယ်။

ကုသိုလ် မရှိတဲ့သူ နိဗ္ဗာန် မရောက်နိုင်ဘူး၊ ရှိပေတယ်လို့ နဲနဲပါးပါး ရှိရင်ကိုပဲ နိဗ္ဗာန် မရောက်နိုင်သေးဘူး၊ အခုလို နေ့ပျိုးပယ် ရတဲ့ ကုသိုလ်က နိဗ္ဗာန်ပေါက် အကျိုးပေးလောက်တဲ့ ကုသိုလ်တွေ ဖြစ်ကြလိမ့်မယ်-လို့ စိတ်ထဲက ယုံကြည်အားကိုးမိတယ်၊ ရှေးပိုင်းက စာတွေ ဂါထာတွေ ဖတ်၊ မေတ္တာထိက ဆရာတော်များက တရားတွေဟော သာဓု ခေါ်လိုက်ကြတာ မြိုင်လို့ (သာဓု.... သာဓု.... သာဓု....) သာဓု ခေါ်ခိုင်းတာ မဟုတ်ဘူး၊ ခုတင်က သာဓုခေါ်လိုက်ကြတာ မြိုင်လို့ အားရပါးရ ရှိတာကို ပြောတာ၊ ဝမ်းမြောက်လွန်းလို့၊ ဝမ်းသာလွန်းလို့ သာဓုခေါ်ကြတာ၊ ဒီလောက်ဝမ်းမြောက်ဝမ်းသာ ပြုတဲ့ ကုသိုလ်ဟာ နိဗ္ဗာန်ပေါက် အကျိုး ပေးမှာဘဲလို့ စိတ်ထဲက အားကိုးတယ်၊ ယုံကြည်တယ်။

ဒါဖြစ်လေတော့ကို- တသံသရာလုံး ခရီးသွားနေကြတာ နိဗ္ဗာန်ကျမှလမ်းဆုံးမှာဖြစ်တော့ ဓမ္မနဲ့ အဓမ္မကို ခွဲခြားသိကြပါလို့ ကနေ့ ခပ်တိုတိုဘဲ ပြောချင်တယ်၊ ဓမ္မနဲ့ အဓမ္မကို ခွဲခြား သိပြီးတဲ့နောက်၊ ဓမ္မဘက်က လိုက်လို့ အဓမ္မဆိုတဲ့ အကုသိုလ်အမှုကို ရှောင်လို့ ကိုယ့်ကိုယ်ကို ချစ်သည့်အားလျော်စွာ သူတော်ကောင်းတရား ကုသလဓမ္မကိုသာ ကြိုးစား ပွားများ အားထုတ်နိုင်ကြပါစေ ကုန်သတည်း။ သာဓု.... သာဓု.... သာဓု....။

**မှတ်ချက်။** ။သံယုတ်ပါဠိ ၅၂၇-ပါး၊

သီလရှင် ယောဂီ ပရိသတ် ၂၉၀-ပါး၊

လူဒကာ-ဒကာမများ ၂၀၀၀-ခန့် တက်ရောက်သည့် သက်တော် တရာပြည့် မွေးနေ့ပူဇော်ပွဲ အခမ်းအနား (၁၃၃၂-ခုနတ်တော်လပြည့်ကျော် ၆-ရက်) ၌ မိန့်ကြားခဲ့သည် တရားဖြစ်ပါသည်။

## သံဃာ့အလယ်၌ နောက်ဆုံးအနေ မိန့်ကြားတော်မူခဲ့သည့်

## ဩဝါဒ မိန့်ခွန်းတော်

နေကောင်းလိုက်မကောင်းလိုက်၊ သီတင်းကျွတ်, တန်ဆောင်မုန်း,နတ်တော်၊ သီတင်းကျွတ်လဆန်း ၁၃-ရက်နေ့ကစပြီးတော့ နေမကောင်းတော့ ဘယ်တုန်းကမှ မဖြစ်ဖူးတဲ့ လေနာက ပေါ်လာ၊ ဘယ်တုန်းကမှ မဖြစ်ဖူးတဲ့ သက်သက်ညောင်းချင် ညောင်းတာ၊ နင်းလို့လဲမရ နှိပ်လို့လဲမရ ဘယ်လိုလုပ်လို့မှ မပြေဘူး၊ သူပြေချင်ရင် ဘာမှမလုပ်ပဲနဲ့ ပြေသွားပြန်ရော၊ လေနာကလဲ ဘယ်လိုမှ နေမဖြစ်အောင် ရေတောင် သောက်မဖြစ်အောင် လေတွေက ဆို့ပြီးတော့ ရောဂါကြီး ဖြစ်နေတာ၊ ဟိုဖိလိုက် ဒီဖိလိုက်နဲ့ လွယ်လွယ်လေးနဲ့ ဆရာမခေါ်ရပဲ ပျောက်ချင် ပျောက်သွားပြန်ရော၊ ဒီလိုနဲ့ နေလိုက်ရတာ အများကြီး အကြာကြီးပဲ၊ နောက်ဆုံးကျမှ နတ်တော်လဆန်း ၄-၅ ရက်လောက်ကျမှ ဒီဟာတွေ လုံးလုံးပျောက်ပြီးတော့ တဖြေးဖြေး နေကောင်းလာတယ်၊ မွေးနေ့ရက်ကျတော့ စကားလေးဘာလေး ပြောလာနိုင်တယ်။

အခုလို ဟိုတုန်းက ဒီလို ထိုင်မနေနိုင်ဘူး၊ ယခုအကြာကြီး ထိုင်နေနိုင်တယ်၊ ကျန်းမာရေး များများကြီး ရတယ်၊ အဆွေခင်ပွန်း သီတင်းသုံးဖော်တွေ ဒီလို ကျန်းမာရေးရတာ သိပြီး ဝမ်းမြောက်ကြပါစေ၊ နောင်လဲပဲ ဒီလို ကျန်းမာရေး အမြဲရလို့ ရောဂါဝေဒနာ ကင်းရှင်းအောင် မေတ္တာလဲ များများပို့ကြ၊ ဒီကပို့တဲ့ မေတ္တာကို ခံယူပြီး တတိုက်လုံး ချမ်းသာကြပါစေ၊ **တတိုက်လုံး သံဃာကို နှုတ်ဆက်တ**ရား ဆိုပါတော့ နှုတ်ဆက်တရား သတိပေးစကား၊ သတိပေးတရား သံဝေဂယူဖို့၊ ရောဂါတွေကြောက်ဖို့, ထိတ်လန့်ဖို့၊ အမှတ်တမဲ့ ငါစာချပုဂ္ဂိုလ် စာချရတဲ့ကုသိုလ်တွေရ တော်ရောပေါ့၊ ဒီလို တင်းတိမ်မနေပဲ အားရမနေပဲ ဘုရားဝတ်တက်ရော မှန်မှန်လိုက်နိုင်အောင် တရားနာဆို မှန်မှန်လိုက်နိုင်အောင် ဂရုစိုက်ကြရမယ်၊ ကုသိုလ်လုပ်ဖို့ဆိုရင် ဘယ်သူပါပါ မပါပါ ကိုယ်တယောက်ထဲ ပေမယ့် ကုသိုလ်ရရင်ပြီးရော၊ဒီဘဝအတွက်. ကုသိုလ်ရဖို့ လူဖြစ်လာတာ၊ ကုသိုလ်များများရရင် ပြီးရော၊ ဒီလို ကုသိုလ်များများ ကိုယ်စီကိုယ်စီရအောင် လုပ်ကြမယ်ဆိုရင် ကိုယ်လဲ ကောင်း၊အဆွေခင်ပွန်း သီတင်းသုံးဖော်တွေလဲကောင်း၊ ကိုယ်နဲ့စပ်ရာစပ်ရာ မိဖဆွေမျိုး လူဒကာဒကာမတွေ အတွက်လဲကောင်း၊ ကြည်ညိုကြ ဝမ်းမြောက်ကြ၊ ဝမ်းသာကြ၊ ကုသိုလ်များကြ၊ တကျောင်းလုံးကောင်း တမြို့လုံးကောင်း တနိုင်ငံလုံးကောင်း၊ ဒီနိုင်ငံတင်မကဘူး၊ လူ့ပြေဆိုင်ရာ ဗုဒ္ဓ

ဘာသာဘက်က လူ့ပြေက တပြည်လုံးကဲ ကောင်း၊ နတ်ပြည် ဗြဟ္မာ့ပြည်လဲပဲ ဗုဒ္ဓဘာသာ သာသနာတော် ရှိနေပြီး ဖြစ်နေတော့ ဗြဟ္မာ့ပြည်တိုင်အောင် ဝမ်းမြောက် ဝမ်းသာ သာဓု ခေါ်ကြရ၊ ဗြဟ္မာတွေက မေတ္တာပြန့်ပို့၊ နတ်တွေက မေတ္တာပြန့်ပို့၊ အချင်းချင်း သီတင်းသုံးဖော် ရဟန်းသာမဏေတွေက မေတ္တာပြန့်ပို့ လူတွေက မေတ္တာပြန့်ပို့၊ ပြန့်ပို့-ဆိုတာ.... အစိမ့်ပွါယ် ဒီတိုက် အာရုံပြုတယ်ဆိုရင် ဒီတိုက် မေတ္တာပြန့်ပို့၊ ဒီပုဂ္ဂိုလ် ကြည်ညိုတယ်ဆိုရင် ဒီပုဂ္ဂိုလ် မေတ္တာပြန့်ပို့၊ သူတို့မေတ္တာကို ခံစားပြီး ဒီဘဝမယ် ကျန်းမာဖို့၊ ကျန်းမာလို့ရှိရင် ဘုရားတော်ကောင်းတရားကို ပိုပြီး အားထုတ်နိုင်ဖို့ ယခုနေ့ကစပြီး သတိထားဖို့၊ ကုသိုလ်များများရအောင် သတိပြုဖို့ အရေးကြီးတယ်။

လပြည့်ကျော် ၆-ရက်နေ့က ဟောတဲ့ တရားအတိုင်း ဓမ္မ-အဓမ္မ တရား ၂-မျိုးကို သိလို့၊ အဓမ္မကို ကြဉ်ရှောင်ပြီးတော့ ဓမ္မဆိုတဲ့ ကုသိုလ်ဓမ္မ၊ ဓမ္မ များများကို ရအောင် ယူကြမယ်ဆိုရင် တပည့်တော်တို့ ဘုန်းကြီးများလောက် များများယူနိုင်တဲ့သူ ဒီလူ့ပြည်မှာ မရှိပါဘူး၊ ဘုန်းကြီးက အရယူနိုင်ဆုံးပါပဲ၊ ဓမ္မလွှတ်ပြီးတော့ အဓမ္မကို ကျင့်ကြမယ်ဆိုရင် ဘုန်းကြီးတွေက အောက်ဆုံးက နေရမှာပဲ၊ ဒေဝဒတ်တို့ စတဲ့ အပါယ်ကျတဲ့ ဘုန်းကြီးတွေရှိတယ်၊ မကောင်းမှု လုပ်ကြမယ်ဆိုရင် လူ့ထက်ဆိုးသေး။

သစ်ပင်မြင့် တက်တဲ့သူဟာ နိမ့်နိမ့်ကကျရင် သိပ် မနာဘူး၊ အမြင့်က ကျပြီ ဆိုရင် သေရော၊ မသေဘူး ဆိုရင် သေမယ့်နီးနီး ဖြစ်သွားတာ၊ ဘုန်းကြီးတွေ အထက်တန်းက၊ ကိုရင်တွေ အထက်တန်းက၊ အထက်တန်း နေတော့ကို သစ်ပင် တက်တဲ့အခါ အထက်တန်း ရောက်တဲ့သူဟာ အထက်တန်းက အသီးတွေ အပွင့် တွေ လိုချင်တာတွေ သူများထက် ပိုရတယ်၊ ကောင်းကောင်း နှလုံးမသွင်းရင် အထက်တန်းက ကျသေ၊ သူများထက် နာ၊ သေအောင် နာ၊ အဲဒါ ဖြစ်လေ တော့ကို အထက်တန်းစားဖြစ်တဲ့ ငါသာမဏေကိုရင်, အထက်တန်းစားဖြစ်တဲ့ ငါ စာချပုဂ္ဂိုလ်, အထက်တန်းစား ဖြစ်တဲ့ ငါ တိုက်အုပ် တိုက်ကြပ် အကြီးအကဲ သူများထက်ပိုပြီး ဓမ္မသိပြီးတော့ ထိုဓမ္မဆိုတဲ့ ကုသိုလ် သူများထက်ပိုပြီး ရအောင် အားထုတ်မယ်၊ တောတောင်ထဲ အရိယာလုပ်ပြီး ကျင့်မယ်ဆိုရင် ကောင်းတော့ ကောင်းပါရဲ့၊ လူတွေကို ငဲ့ညှာတဲ့ မေတ္တာစိတ် ဖြတ်ရလိမ့်မယ်၊ လူတွေကို ငဲ့ညှာ တဲ့ မေတ္တာ ဓာတ်နဲ့ စာပေ ကျမ်းဂန် ချပို့နေမယ်၊ ဆိုရင် အောက်တန်း တော့ မကျပါဘူး။

ဒါဖြစ်လေတော့ကို ကိုယ့်ဉာဏ် မှီသလောက် ဓမ္မ အဓမ္မ နှစ်မျိုးကို သိပီး ဓမ္မဆိုတဲ့ ကုသိုလ်တရား ရှေးကထက် ပိုပြီး များများရအောင် နေ့စဉ်သတိထား ပီးတော့ ကုသိုလ်ပါရမီတရား အားထုတ်မယ်လို့ ကိုယ်စီကိုယ်စီ နှလုံးသွင်းမီး တော့ သူတော်ကောင်းတရားကို ပွားများ အားထုတ်နိုင်ကြပါစေကုန်သတည်း။

၁၃၃၂-ခု သီတင်းကျွတ်လဆန်းမှ စ၍ နေထိုင်မကောင်းဖြစ် သည်၊ နတ်တော်လဆန်းတွင် ရောဂါဝေဒနာမှ သက်သာတော် မူ၍ သက်တော် တရာပြည့်သည့် နတ်တော်လပြည့်ကျော် ၆-ရက် နေ့တွင် သံဃာ့အလယ်၌ သြဝါဒ စကား မိန့်ကြားတော်မူ ပြီးနောက် ဆက်လက် ကျန်းမာတော်မူသဖြင့် ပြာသို လဆန်း ၁၄-ရက်နေ့ ညဥ့်တွင် သံဃာအများ ဘုရား ဝတ် ပြုရာ မဟာ ဝိသုဒ္ဓါရုံ အလယ် တိုက်ကြီးသို့ ကြွရောက်၍ သံဃာများအား မိန့်ကြား ဆုံးမတော်မူခဲ့သည့် **နှုတ်မြွက်တရား** ဖြစ်ပါသည်။

၁၃၃၄-ခု ပထမ ဝါဆို လပြည့်ကျော် ၁၀-ရက် ၁၀၂-နှစ် အတွင်း လွန်တော်မူပါသည်။

စံကင်းဆရာတော် တရားစာပြီးပြီ။



သာသနာပိုင်, သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီး
သက်ရှယ်တရာ ရာပြည့် ပူဇော်ပွဲအခမ်းအနား၌
အနုမောဒနာ သတိပေး ဩဝါဒ တရားများ
ကိုယ်တော်တိုင် ဟောကြားတော်မူနေပုံ

---

စာစုံ အဲဖွဲ့ဝင် တပည့်များ၏

## နိဂုမ်းဂါထာ

သုဓညာနုသိဿာ ဟောမ၊
ထေရော ဝါဒ ပဋိဂ္ဂဟာ၊
နုသိဿတ္တံ သုလဒ္ဓံ နော၊
ဇီဝိတံ နော မဟပ္ဖလံ။

နော–ဆရာတော်ဘုရား၏ အနီးထံပါး မြဲဝပ်တွားလျက် လေးစား ကော်ရော် တပည့်တော်တို့သည်။ ထေရောဝါဒ ပဋိဂ္ဂဟာ၊ အဘိဓဇ, မဟာရဋ္ဌဂုရု မင်းဂုဏ်ပြု မဟာထေရ် သက်တော်ရှည် စံကင်း ဆရာတော် ဘုရားကြီး၏ ဟောကြား ဆုံးမ ဩဝါဒ မြတ်တရားတို့ကို မှတ်သား နာယူကြရကုန်သည် ဖြစ်၍။ သုဓညာ– ဘုန်းကံ ထူးချွန် အလွန့်အလွန် ကံကောင်းကြကုန်သော၊

အနုသိဿာ-လွယ်ကူဆုံးမ သောဝစဿတာဂုဏ် ပြည့်စုံဘိတောင်း ဆရာကောင်း တပည့်တို့သည်။ ဟောမ၊ ရှေးကုသိုလ်ကံ အသင့်ဖန်၍ အမှန်မသွေ ဖြစ်ကြရပါပေကုန်၏။နေ-တပည့်ကျင့်ဝတ် မချွတ်စုံညီ ဂုဏ်ရည်ထင်ပေါ်တပည့်တော်တို့သည်။ အနုသိဿတ္တံ-ရွှေကျင် ဉူးကိုင် သာသနာပိုင်ဟု ကမ္ဘာတိုင် ကျော်ကြား ထိုဆရာတော်ဘုရားကြီး၏ တပည့်သားအဖြစ်ကို။ သုလဒ္ဓံ-ဘုန်းမြင့်ကံမြင့် သမ္ဘာတင့်၍ ခါခွင့်ကြည်သာ ကောင်းစွာ ရအပ်ပါပေပြီ။ နေ-ဘုန်းကံ ထူးချွန် အလွန့်အလွန် ကံကောင်းကြသည့် ဂုဏ်ပေါင်းထင်ပေါ် တပည့်တော်တို့၏။ ဇီဝိတံ-ထေရ်ရှင်ဟောပြ ဩဝါဒ မြတ်တရားတို့ကို မှတ်သားကြည်ညို သဒ္ဓါပိုလျက် ယခုလို အသက်ရှည်နေရခြင်းသည်။ မဟပ္ဖလံ-လောကုတ် လောကီ ဘက်စုံညီ၍ နှစ်ဆီ တိုးပွား အလွန်ပင် အကျိုးများသည်။ ဟောတိ-ဘဝ တသက်လုံး ဂုဏ်ယူလို့ မဆုံးနိုင်အောင် ရှင်ပြုံးဝမ်းသာ မှန်စွာမသွေ ဖြစ်ပါပေသတည်း။

ထေရေန နုသိဋ္ဌောဝါဒ၊
ကထာ သာသနဝုဍ္ဍိယာ၊
အနုသိဋ္ဌံ နုသိက္ခန္တု၊
နုဝိန္ဒန္တု သုခံ ဝရံ။

ထေရေန- သက်တော်တရာ ပြည့်ရောက်လာလည်း ကျန်းမာ ကြည်လင် ဖိုးရွှေလ အသွင်သို့ ကမ္ဘာတွင် ကျော်ကြား သက်တော်ရှည် ဆရာတော်ဘုရားကြီးသည်။ သာသနဝုဍ္ဍိယာ- ဗုဒ္ဓမြတ်စွာ သာသနာ၏ ရောင်ဝါ ဖြိုးလက် တိုးတက်ကြီးပွားဘို့ရန် အလို့ငှာ။ ဩဝါဒကထာ- ကရုဏာထား မေတ္တာပွားလျက် ညွှန်ကြားဟောပြ ဩဝါဒမဂ္ဂကထာ စံကင်းတရားစာကို။ အနုသိဋ္ဌာ- ဘုရားဟော္ဘဖော် ပါဠိတော်မှ လျော်ရာ ထုံးပြု၍ ဆုံးမတော်မူအပ်လေပြီ။ တံအနုသိဋ္ဌံ- ကိုယ်တိုင်ဟောကြား မြတ်တရားနှင့် ရေးသားပို့စေ ဆုံးမလေသည့် ထွေထွေညွှန်ပြထိုဩဝါဒမဂ္ဂကထာစံကင်းတရားစာကို။အနုသိက္ခန္တု-ရွှေခွက်သိင်္ဂီ ခြင်္သေ့ဆီသို့ တည်ကြည်နှလုံး ကျင့်သုံး လိုက်နာ နိုင်ကြပါစေကုန်သတည်း။ အနုသိက္ခိတွာ- သိက္ခာသုံးဆင့် ကိုယ်လုံးတင့်အောင် ကျင့်သုံး လိုက်နာကြကုန်ပြီး၍။ ဝရံ-ချမ်းသာတွင်မှာ မယှဉ်သာအောင် မဂ်လာတင့်အပ် အမြင့်မြတ်ဆုံး ဖြစ်ပေသော။ သုခံ-ဒုက္ခ ကင်းဝေး ငြိမ်းအေးရာမှန် အမြိုက်နိဗ္ဗာန် ချမ်းသာကို။ အနုဝိန္ဒန္တု-မဂ်ဖိုလ်လှေ့းဆင့် ဉာဏ်ရောင် ပွင့်၍ အသင့်ကိုယ်ပိုင် ရယူနိုင်ကြပါစေကုန်သတည်း။

☆ ပထမအကြိမ် — ၁၃၃၁ (၁၉၇၀) ခုနှစ်တွင် အုပ်ရေ ၃၀၀၀-ရိုက်နှိပ် လှူဒါန်းခဲ့သည်။

☆ ဒုတိယအကြိမ်— ၁၃၃၈ (၁၉၇၆) ခုနှစ်တွင် ဓမ္မဒါန ရန်ပုံငွေဖြင့် အုပ်ရေ ၂၅၀၀-ရိုက်နှိပ်သည်။

ဦးသုမနာဘိဝံသ
ကျောင်းတော်ရာ သုံးထပ်ကျောင်း
ဗဟန်း၊ ရန်ကုန်မြို့-နှင့်
ဦးသြဒါတသိရီဘိဝံသ
ဝိသုဒ္ဓါရုံ ဇေယမေဒနီ ဝါဆိုကျောင်း
ဒေးဝန်း မန္တလေးမြို့။

# ဩဝါဒဓမ္မကထာ

# စံကောင်းဆရာတော်

# တရားစာ

ပြည်ကြီးမဏ္ဍိုင် ပိဋကတ်ပုံနှိပ်တိုက်
အမှတ် ၅၂ ၊ ၂၉ လမ်း
တာဆိုထမ်း ၊ ရန်ကုန်မြို့